http://www.dhammadownload.com

ဂုဏဝါဘိလင်္ကာရ သဒ္ဒမဉဇ မဟာဓမ္မရာဇဂုရု

လုံးတော်ဆရာတော်

ပဂိဏ္ဏက ဝိသဇ္ဇနာကျမ်း

ပထမတွဲ

၁၃၇၂ ၂၀၁၀

လုံးတော်ဆရာတော် ပဂိဏ္ဏကဝိသဇ္ဇနာကျမ်း ပထမတွဲ ၁၃၇၂-ခု

http://www.dhammadownload.com

ဤပကိဏ္ဏကဝိသဇ္ဇနာ(ပထမတွဲ)ကျမ်းကြီးကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယကို
အမှူးထား၍

ဒေါက်တာထွန်းအောင်ကျော်

ဇနီး ဒေါ်ချိုချိုဝိုင်

သား - ကိုထွန်းကျော်ကျော်

ကိုအဲလွှစ်(စ်) + သမီး - မယဉ်မေသန်း

၁၆-ရပ်ကွက် (ဘောက်ထော်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

မိသားစု ကောင်းမှု

http://www.dhammadownload.com

http://www.dhammadownload.com

ဤပကိဏ္ဏကဝိသဇ္ဇနာ(ပထမတွဲ)ကျမ်းကြီးကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယကို
အမှူးထား၍

ဒေါက်တာထွန်းဒေါင်ကျော်

ဇနီး ဒေါ်ချိုချိုဝိုင်


သား - ကိုထွန်းကျော်ကျော်

ကိုအဲလွှစ်(စ်) + သမီး - မယဉ်မေသန်း

၁၆-ရပ်ကွက် (ဘောက်ထော်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

မိသားစု ကောင်းမှု

http://www.dhammadownload.com



http://www.dhammadownload.com

ဂုဏာဝါဘိလင်္ကာရ သဒ္ဒမ္ဗဓေ မဟာဓမ္မရာဇဂုရု

လုံးတော်ဆရာတော်

ပကိဏ္ဏက

ဝိသဇ္ဇနာကျမ်း

ပထမတွဲ

၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

အုပ်ရေ (၁,၀၀၀)
၁၃၇၂-ခုနှစ်၊ (၂၀၁၀-ခုနှစ်)

ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှုဒါန်းသည်။
ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြိုးကြုပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ဝ၂၄၀၅) က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ပကိဏ္ဏကဝိသဇ္ဇနာ (ပထမတွဲ)

လုံးတော်ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

ပကိဏ္ဏကဝိသဇ္ဇနာ (လုံးတော်၊ ၁၊)

ပထမတွဲ၊ မာတိကာ

[ပုဒ်မ]အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
က။	အမှာစာ	၁၇
ခ။	(ပုံနှိပ်လုပ်ဆောင်) နိဒါန်း၊ ၁၂၆၃-ခု၊ ကဝိန္ဒာသီရိ ပုံနှိပ်တိုက်	၁၉

(ပထမတွဲ၊ ပထမပိုင်း)၊ မာတိကာ

၁။	(၁) သာသနာ ၅,၀၀၀-နှင့် စပ်သည့်အမေးကို ဖြေဆို၍ပြရာ	၂၁
	(၂) သာသနာတော် ၅,၀၀၀-နှင့် စပ်လျဉ်း၍ ထပ်မံလျှောက်ချက်	၂၃
၂၅။	(၁) ဘုရားသခင်သည် နောက်ကျသောရေကို သုံးဆောင်တော်မူရခြင်း	၃၃
	(၂) ပဋိသန္ဓေနေစဉ် စေတီတိုက်နှင့်တူသော အဓိဝမ်းကို မြင်၍ ခမည်းတော်ရှိခိုးကြောင်း	၃၅
	(၃) မောဂ္ဂလ္လာန်ထေရ်ကို ငရဲမီးလိုက်ကြောင်းနှင့် စပ်သော အမေး ၃-ပါး အဖြေ	၃၇
၃။	ဂရုဓမ္မတရား ၅-ပါး၊ ဌင်းတရား ၈-ပါး အမေး,အဖြေ	၃၉
၄။	ဝိဓုရဇာတ်လာ သိန္ဓဝနတ်မြင်းပျံသည် လူစိတ်ထက် မြန်,မမြန် အမေး, အဖြေ	၄၀
၅။	"မနော မနုဿဿ ယထာပိ ဂဒ္ဓေ"ဟူသောပါဠိ၏ သဒ္ဒနယ,အတ္ထနယကို ဝေဖန်၍ ပြရာ	၄၄
၆။	ကိုးခန်းပျို့တွင် 'သကျရူပ်'အစချီသော အရာသည် ကျမ်းဂန်၌ လာ,မလာဟူသော အမေး, အဖြေ	၄၉
၇။	ဘုရားရှင် ပရိနိဗ္ဗာန် စံယူခါနီး အာယုသင်္ခါရ လွှတ်တော်မူသည်မှာ အဘယ်ဌာနတွင် ဖြစ်မည်-ဟူသော အမေးကို ဖြေဆို၍ ပြရာ	၅၂
၈။	နိယတဗျာဒိတ် ခံယူပြီးနောက် ဘုရားအလောင်းသည် ယုတ်နိမ့်သော အမျိုး၌ ဖြစ်သင့်, မဖြစ်သင့်-ဟူသော အမေး,အဖြေ	၅၅

http://www.dhammadownload.com

[ပုဒ်မ]အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၉။	ယခုဘဝ မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို ရလို၍ တရားကို အားထုတ်သောသူတို့မှာ ဒါနအရင်း, သီလအရင်းဖြစ်မည်-ဟူသော အမေး,အဖြေ	၅၇
၁၀။	(၁) ရွှေနားတော်သွင်းတွင် 'တတောင်နိမ့်,မြင့်'စပ်ရာ တ-အက္ခရာနှင့် ဖြစ်မည်, ထ-အက္ခရာနှင့် ဖြစ်မည်၊	၆၀
	(၂) "တလီနှစ်ခန်း၊ သုံးမည်ကျွန်းကို"ဟူရာ၌ တလီ-ဟူသည်, နှစ်ခန်း-ဟူသည် အဘယ်ကို ရည်၍ စပ်သနည်း-ဟူသော အမေး,အဖြေ	၆၁
၁၁။	"အဇ္ဈေဝ ကိစ္စံ"ဂါထာတွင် "အဇ္ဈေဝ ကိစ္စံ ကာတဗ္ဗံ"ဖြစ်မည်, "အဇ္ဈေဝ ကိစ္စံ အာတပံ"ဖြစ်မည်-ဟူသော အမေး,အဖြေ	၆၃
၁၂။	သဗ္ဗညုတဉာဏ်တော်ကို မုချဘုရား, ဗြဟ္မတော်ကို မုချဘုရားဖြစ်မည် ဟူသော အမေး, အဖြေ	၆၆
၁၃။	ရာ,ထောင်,သိန်း,သန်း-စသော တိုင်းစဉ်,လူ,သစ်ပင်,ကောင်းကင်,နက္ခတ်တို့ကို မြင်သောစိတ်သည် တပြိုင်နက်ဖြစ်မည်, အသီးအသီးဖြစ်မည် အမေး, အဖြေ	၆၉
၁၄။	(၁) မေတ္တာမပို့မီ ရှေးဦး ပြည့်စုံရာသော တရား ၁၅-ပါး၊	၇၅
	(၂) မေတ္တာပို့ရာသော ပုဂ္ဂိုလ် ၁၇-ယောက်ကို ပြရာ၊	၈၃
၁၅။	ဝိပဿနာကမ္မဋ္ဌာန်း ၄၀-ကို လက္ခဏာရေး ၃-ပါးတို့ဖြင့် ဝေဖန်၍ပြရာ	၈၇
၁၆။	(၁) အဝိဇ္ဇာသည် ကုသိုလ်,အကုသိုလ်အား ဖြစ်စေဟန်၊ ပဋိစ္စသမုပ္ပါဒ်တရားတို့၏ ဖြစ်ဟန်၊	၉၁
	(၂) ၎င်းတရား၌ နည်း ၄-ပါး အမေး,အဖြေ	၉၉
၁၇။	အရိပ်ထဲသို့ လူဝင်လျှင် အထက်က အရိပ် ရှိမည်, အောက်က ရှိမည် အမေး, အဖြေ	၁၀၁
၁၈။	(၁) မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို ရောက်စေတတ်သော တရား၊ မင်္ဂ,ဖိုလ်,နိဗ္ဗာန် တိုင်အောင် အစဉ် အားထုတ်ရာသော တရား၊	၁၀၅
	(၂) အနိစ္စ,ဒုက္ခ,အနတ္တလက္ခဏာတို့၏ ကွဲပြားထူးခြားသည် အမေး,အဖြေ	၁၀၉
၁၉။	"အဇ္ဈေဝ ကိစ္စံ"ဂါထာတွင်-	
	(၁) မဟာသေနေနအရ ၉၆-ပါးသော ဝေဒနာ-စသည်တို့၏ သရုပ်၊	၁၁၂

http://www.dhammadownload.com

[ပုဒ်မ]အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

(၂) *[၁]၃၂-ပါးသောကဲကြမွာ၊ *[၂] ၁၆-ပါးသော ဥပဒ္ဒဝေါ၊ *[၃]၁၀-ပါးသောဒဏ်၊ *[၄] ၈-ပါးသောအပြစ် အမေး,အဖြေ ၁၁၃

၂၀။ ကာရက၊ ဒူရန္တိသုတ်၌လာသော ဆနဝုတိပါသဏ္ဍာတို့ သရုပ်အဓိပ္ပါယ် အမေး,အဖြေ ၁၂၂

၂၁။ သိကြားမင်း လူပြည်သို့ ရှိခိုးကြောင်း အမေး,အဖြေ ၁၂၉

၂၂။ သိက္ခာ ၃-ပါးတို့၏ အထူးကွဲပြားသည့် အမေး,အဖြေ ၁၃၁

၂၃။ ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့မှာ တိဟိတ်တဒါရုံကို ရသင့်, မရသင့် အမေး,အဖြေ ၁၃၂

----- × -----

(ပထမတွဲ၊ ဒုတိယပိုင်း)၊ မာတိကာ

၂၄။ အာဇီဝဋ္ဌသဖြင့် ဒုစရိုက် ၇-ပါးကို ပြု၍ရသော ပစ္စည်းများစွာ ရှိလျက် မပြုပြီ-ဟု ဝန်ချပြီးလျှင် ထိုဒုစရိုက် ၇-ပါးဖြင့် ရသောပစ္စည်းကို တဖန် သုံးဆောင်လျှင် မိစ္ဆာဇီဝ ဖြစ်သင့်,မဖြစ်သင့် အမေး,အဖြေ ၁၃၈

၂၅။ ဘုရားရှင်၏ အဆင်းတော်, အသံတော်, တရားတော်တို့ကို ကြည်ညိုသူ မည်မျှ, မကြည်ညိုသူ မည်မျှရှိကြောင်း အမေး,အဖြေ ၁၄၆

၂၆။ ကမ္ဘာပျက်ခြင်း ၃-ပါးတွင် မီးဖျက်သော ကမ္ဘာ၌ မီး စ၍ လောင်မည် ဟူသော အမေး,အဖြေ ၁၅၃

၂၇။ (၁) စတုပါရိသုဒ္ဓိသီလ ၄-ပါးကို လူတို့ ကျင့်အပ်,မကျင့်အပ်၊ ၁၆၇

(၂) ၎င်းသီလ ၄-ပါး၏ သရုပ်အဓိပ္ပါယ် အမေး,အဖြေ ၁၇၃

၂၈။ (၁) ဒုဋ္ဌဂါမဏိမင်းကြီး, ညီ-သဒ္ဓါတိဿမင်းတို့သည် မေတ္တာယျဘုရား၏ လက်ယာရံ, လက်ဝဲရံ ဖြစ်လတ္တံ့၊ ၁၇၆

(၂) ရှင်မောဂ္ဂလာန်လည်း မာရ်နတ်ဖြစ်ဖူးကြောင်း၊ ၁၇၈

(၃) ယခု မာရ်နတ်လည်း ဒုဿီမာရ်နတ်၏ နှမ, ကာဠီ၏သား ဖြစ်ဖူးမည်-ဟူသော အမေးပုစ္ဆာ ၃-ရပ် အမေး,အဖြေ ၁၇၉

၂၉။ ကံ ၄-ပါးတွင် အဟောသိကံသည် အကျိုးမပေး, ဖြစ်ပြီးသာလျှင် ကံ မည်၏၊ မပေးသည် မဟုတ်-ဟူသော အမေး,အဖြေ ၁၈၃

http://www.dhammadownload.com

[ပုဒ်မ]အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၀။	ဒုဿီလ-ဟု သိလျက် လှူဒါန်းလျှင် အကျိုး ရှိမည်, မရှိမည်-ဟူသော အမေး, အဖြေ	၁၈၈
၃၁။	မေထုန် ၇-ပါး ဖြစ်ဟန်ကို ပိုင်းခြားဝေဖန်၍ ပြရာ	၂၁၂
၃၂။	ဒုစရိုက် ၄၀-ပြားကြောင်း အမေး,အဖြေ	၂၂၆
၃၃။	ပါပဂရဟိတဖြစ်သည်၊ မကောင်းမှုကို ကဲ့ရဲ့အပ်သည်-ဟူသောအမေး,အဖြေ	၂၃၆
၃၄။	ဉာဏ်တော်, ခန္ဓာတော်တို့၏ အထူး အမေး,အဖြေ	၂၄၂
၃၅။	စား၍ ကြွင်းသော ဝတ္ထုကို လှူအပ်,မလှူအပ် အမေး,အဖြေ	၂၄၉
၃၆။	အပြစ်သိသူ, မသိသူ ၂-ယောက်တို့ အကုသိုလ်ပြုကြရာ အဘယ်သူက အပြစ်ကြီးမည်-ဟူသော အမေး,အဖြေ	၂၅၄
–	၎င်းဒုတိယပိုင်း၌ ပုစ္ဆာတို့၏ အစဉ်	၂၅၇

----- × -----

(ပထမတွဲ၊ တတိယပိုင်း)၊ မာတိကာ

၃၇။	ကိုယ်တော်စား ရုပ်ပွါးဆင်းတု, ပိဋကတ်ဓမ္မစေတီ ကိုးကွယ်ခြင်းသည် ဓမ္မဒါန ဖြစ်မည်၊ အာမိသဒါနဖြစ်မည် အမေး,အဖြေ	၂၅၉
၃၈။	ကိုယ်တော်စား ရုပ်ပွါးဆင်းတု, ပိဋကတ်စာပေကို ကိုးကွယ်တည်ထားခြင်း အမေး, တနည်း အဖြေ	၂၆၄
၃၉။	အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေး ၃-ပါးတို့တွင် ဓမ္မသင်္ဂါ၏ အထူး အမေး,အဖြေ	၂၇၅
၄၀။	"သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူသောပုဒ်၌ ဓမ္မသင်္ဂါ၏ အနက်အထူးကို အမေး,အဖြေ	၂၇၈
၄၁။	ကထိန်ခံခြင်းနှင့် စပ်သော အမေး,အဖြေ	၂၈၁
၄၂။	ရထား, ဆင်, မြင်း, ဝေါဃာဉ်, ဖိနပ်တို့ကို စီးလျက်သာ သံဃာတို့ကို တို့ကို ရှိခိုးအပ်, ရှိမခိုးအပ် အမေး,အဖြေ	၂၈၄
၄၃။	နိယတမိစ္ဆာဒိဋ္ဌိ ယူသောသူတို့ အဘယ်မျှလောက် ငရဲ၌ ခံ၍ အဘယ် အဘယ်ကာလမှ လွတ်မည်-ဟူသော အမေး,အဖြေ	၂၉၁

http://www.dhammadownload.com

[ပုဒ်မ]အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၄။	နိယတမိစ္ဆာဒိဋ္ဌိယူသော ပုဂ္ဂိုလ်တို့သည် အကျွတ်တရားကို ရသင့်,မရသင့်ဟူသော အမေး, အဖြေ	၂၉၃
၄၅။	ခင်ပွန်းကြီး ၁၀-ပါး အမေး,အဖြေ	၂၉၃
၄၆။	ဝဠုန-အပြား အမေး,အဖြေ	၃၀၇
၄၇။	ပုဂ္ဂလိကဒါန ၁၄-ပါး, ၇-ပါးသော သံယိကတို့တွင် အဘယ်ဒါန သာလွန်၍ အကျိုးကြီးသနည်း-ဟူသော အမေး,အဖြေ	၃၁၆
၄၈။	နေ,လတို့၏ ထွက်ရာ,ဝင်ရာ မွန်းတည့်ရာ အချိန်ကာလဖြင့် မိုး,မြေ, စကြဝဠာ, အရံကျွန်းကြီး၏ အချင်းယူဇနာ အကွာအဝေးနှင့် စပ်သော အမေး,အဖြေ	၃၂၇
၄၉။	"ဒွိအဟေကုဿေရ"ကဗျာ၏ အမေး, အဖြေ	၃၄၃
၅၀။	ဝိဓုရဇာတ် နတ်မြင်းပျံ၏အကြောင်း, "ယထာပိ ဘိက္ခဝေ"စသော ဂါထာနှင့် စပ်သော အမေး,အဖြေ	၃၄၇
၅၁။	ဂရုက်, အာသန္နက်, အာစိဏ္ဏက်, ကဋ္ဌတ္ထာက်-စသော ပါကဒါနက် ၄-ပါး တို့၏ အမေး,အဖြေ	၃၄၇
၅၂။	အလျှုရှင်နှင့် စေခိုင်းခံရသူ ၂-ဦးသားတို့တွင် အဘယ်သူက သာလွန်၍ အကျိုးကြီးသနည်း-ဟူသော အမေး,အဖြေ	၃၅၄
၅၃။	သီလဂုဏ် ၈-ပါး, စာဂဂုဏ် ၆-ပါးတို့၏ အမေး, အဖြေ	၃၆၄
၅၄။	ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ ပါရမီဖြည့်ရသည့် ကာလအပိုင်းအခြား အမေး, အဖြေ	၃၇၁
၅၅။	(၁) အဘယ်သို့ သီလဆောက်တည်ရမည်၊ မိမိအလိုလိုဆောက်တည်ရာ၌ သမာဒါနဖြစ်, မဖြစ်၊	၃၈၃
	(၂) ယာဝကာလိကမှ တပါးသော ကာလိကတို့ကို နေလွဲသောအခါ သုံးဆောင်လျှင် ဝိကာလသိက္ခာပုဒ် ပျက်,မပျက် အမေး,အဖြေ	၃၈၉
	– ၎င်းတတိယပိုင်း၌ လာရှိသော ပုစ္ဆာဝိသဇ္ဇနာတို့ အစဉ်	၃၉၃

----- × -----

http://www.dhammadownload.com

[ပုဒ်မ]အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

(ပထမတွဲ၊ စတုတ္ထပိုင်း)၊ မာတိကာ

၅၆။ (၁) စေတီ, ဆင်းတုနှင့် ဝေးသောအရပ်က လှူဒါန်းက ဒါနဖြစ်,မဖြစ် ၃၉၆

(၂) အာရာမ်ကျောင်းပြုလို၍ စေတီကို ရွှေ့ပြောင်းသင့်,မပြောင်းသင့် ၄၀၀

(၃) သူရာမေရယနှင့် မုသာဝါဒအပြစ် အဘယ်ကံ ကြီးသနည်း ၄၀၂

(၄) သူရာမေရယကို လျှာဖျားဌိ ထိရုံမျှနှင့် သူရာမေရယသိက္ခာပုဒ် ပျက်,မပျက် အမေး,အဖြေ ၄၀၃

၅၇။ ကေသရရာဇာခြင်္သေ့မင်းအကြောင်း အမေး, အဖြေ ၄၀၃

၅၈။ ငရဲကြီး ၈-ထပ်, ငရဲငယ်အရပ်ရပ်တွင် ငရဲထိန်း၊ ငရဲသား-စသည် ရှိ,မရှိ အမေး,အဖြေ ၄၀၉

၅၉။ စေတီတွင် ပူဇော်သော မီးကို အဆောက်အဦးကို လောင်မည် စိုးရိမ်၍ ငြိမ်းအေးသော် အပြစ်ရှိ,မရှိ အမေး,အဖြေ ၄၁၈

၆၀။ (၁) ပကိဏ္ဏကဝိသဇ္ဇနာတွင်ပါသော ဒါန, သီလ,ဘာဝနာ ဝေးသော အကြောင်းဖြစ်ဟန် အမေး,အဖြေ ၄၂၄

(၂) ယခုလှူကြသော ဒါနသည် ဒိဋ္ဌဓမ္မ အကျိုးပေး,မပေး အမေး,အဖြေ ၄၄၁

(၃) လှူဒါန်းသော ဒါယကာ မအားမလပ်၍ အခြားသူကို စေခိုင်းရာ၌ မုဆွေတနာ ဖြစ်,မဖြစ် အမေး,အဖြေ ၄၄၈

(၄) အလှူခိုင်းသော ဒါယကာနှင့် စေခိုင်း၍ သွားရောက် လှူဒါန်းသူ ၂-ဦးတွင် အဘယ်သူ သာ၍ အကျိုးကြီးမည် အမေး,အဖြေ ၄၅၂

(၅) သူရာမေရယကို ၁-ကြိမ် သောက်မှားရုံမျှနှင့် ကံထိုက်,မထိုက် အပါယ်ပဋိသန္ဓေပေး, မပေးဟူသော အမေး,အဖြေ ၄၅၂

၆၁။ (၁) သီချင်းသံကြား၍ စျာန်ရကြောင်း ဟုတ်,မဟုတ် အမေး,အဖြေ ၄၅၅

(၂) ရေကို ခိုး၍ သောက်သောကြောင့် ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း ဟုတ်, မဟုတ် အမေး,အဖြေ ၄၆၀

၆၂။ (၁) နောင်ပွင့်လတ္တံ့သော မေတ္တေယျဘုရားကို ရည်၍ ကိုယ်တော်စား ထုလုပ်ကိုးကွယ်လျှင် အကျိုးရှိ,မရှိ အမေး, အဖြေ ၄၆၃

http://www.dhammadownload.com

[ပုဒ်မ]အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	(၂) သေ ၄-ပါး, ရှင် ၄-ပါးတို့၏အကြောင်း အမေး,အဖြေ	၄၆၆
	(၃) ဝတ္ထုပရိတ္တတာယ-စသော စကား မှန်,မမှန် အမေး,အဖြေ	၄၆၆
၆၃။	တိရစ္ဆာန်တို့မှာ ဒုစရိုက် ၁၀-ပါး ဖြစ်,မဖြစ် အမေး,အဖြေ	၄၆၇
၆၄။	သူတော်ကောင်းတို့ အသက်ထက်ဆုံး နှလုံးသွင်းရန် နည်းဥပဒေ အမေး, အဖြေ	၄၇၂
၆၅။	ဓနဥယသူဌေးကြီးက သမီး-ဝိသာခါကို မှာထားလိုက်သော ဩဝါဒ ၁၀-ခွန်း အမေး,အဖြေ	၅၀၁
–	၎င်းပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ စတုတ္ထပိုင်း၌ ပါရှိသော ပဉ္စာကထနအစဉ်	၅၀၄

----- × -----

(ပထမတွဲ၊ ပဉ္စမပိုင်း)၊ မာတိကာ

၆၆။	(၁) ၁၀-ပါးသီလ ဆောက်တည်ပုံနှင့်တကွ	၅၀၇
	(၂) ၎င်းသီလတို့၏ ပျက်ရာ,မပျက်ရာသော အမေး,အဖြေ	၅၂၅
၆၇။	ပတ္တိဒါန၊ ပတ္တာနုမောဒနကုသိုလ်၏ အကျိုးပေးဟန် အမေး, အဖြေ	၅၃၂
၆၈။	တာဝတိံသာနတ်ပြည်ဝယ် အဘိဓမ္မာဒေသနာမှတပါး သုတ္တန်ဒေသနာကို ဟော, မဟော အမေး,အဖြေ	၅၄၀
၆၉။	ဘုရား, ရဟန္တာတို့ ပရိနိဗ္ဗာန်ယူသောအခါ မနောဒွါရာဝဇ္ဇန်း စုတိစိတ်တို့သည် ဘယ်ကို အာရုံပြုသနည်း-ဟူသော အမေး,အဖြေ	၅၄၅
၇၀။	မေတ္တာပို့ရာ အဘယ်သို့ အရပ်ကို မှတ်၍ ပို့ရမည် အမေး,အဖြေ	၅၅၀
၇၁။	ဘုရားရှင်သဏ္ဌာန်တော်မှ ဖြစ်သော ကျင်ကြီး, ကျင်ငယ်တို့သည် ဒုဂန္ဓဖြစ်မည်, သုဂန္ဓဖြစ်မည် အမေး, အဖြေ	၅၅၃
၇၂။	(၁) စတုတ္ထရတနာယရတွင် ပဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ထွက်သော ရောင်ခြည်တော်တို့သည် ယခုတိုင် သွား,မသွား အမေး,အဖြေ	၅၅၃
	(၂)*ထိုရောင်ခြည်တော်တို့သည် သက်တော်ထင်ရှားဘုရားကဲ့သို့ တန်ခိုးပြာဋိဟာ ပြ,မပြ၊ *လူ,နတ်တို့ ကျွတ်,မကျွတ် အမေး,အဖြေ	၅၅၈

http://www.dhammadownload.com

[ပုဒ်မ]အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၂။	(၃) ရဟန္တာမတို့ ပရိနိဗ္ဗာန်ပြုသောအခါ ပူရိသလိင် ပြန်,မပြန် အမေး, အဖြေ	၅၆၅
	(၄) ၈-ပါးသော အခဏတို့ကို အဘယ်ကြောင့် ရပ်ပြစ် ၈-ပါး-ဟု ခေါ်သနည်း၊ အမေး,အဖြေ	၅၃၄
	(၅) အရူပဘုံကို အဘယ်ကြောင့် ရပ်ပြစ် ၈-ပါး၌ သွင်းသနည်း အမေး, အဖြေ	၅၉၀
၇၃။	"ဣဿန္တော သာသပဂ္ဘေ"-စသော ဂါထာ၏အနက် အမေး,အဖြေ	၅၉၂
၇၄။	ပဋိသိလ-စသည်ကို ဥပေါသထ မခေါ်ဘဲ အဋ္ဌင်္သီလကိုသာ ဥပေါသထ အမည်ရသည့် အမေး,အဖြေ	၅၉၃
၇၅။	ယုဂ် ၄-ပါးတို့၏ အမည်ကာလ, အပိုင်းအခြားဖြစ်ဟန် အမေး,အဖြေ	၆၀၃
၇၆။	"တစ်ကျိပ်ကိုးယောက်အပျိုစင်"ဟူသော ကဗျာ၏အဓိပ္ပါယ် အမေး,အဖြေ	၆၀၅
၇၇။	တောသား, တိရစ္ဆာန်-စသည်တို့ကို ရှာကြံလုံ့လ ဥဿာဟပြု၍ ရသော အရာသည် ကုသိုလ်ဖြစ်မည်, အကုသိုလ်ဖြစ်မည် အမေး,အဖြေ	၆၀၈
၇၈။	ဖားကို မြွေကိုက်လျှင် ဖြန်အပ်,မဖြန်အပ် အမေး,အဖြေ	၆၁၁
၇၉။	ဆု ၄-ပါး-ဟူ၍ ကျမ်းဂန် လာ,မလာ အမေး,အဖြေ	၆၁၉

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ ပထမတွဲ မာတိကာ ပြီးပြီ။

----- x -----

http://www.dhammadownload.com

အမှာစာ

ပုဒ္ဓစာပေအဖွဲ့သည် ပုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွါးပါစေရန် ရည်သန်သော အားဖြင့် ပညာတန်ဖိုးများ၍ ရှားပါးတိမ်မြုပ်နေသော ဓမ္မကျမ်းစာများကို ရှာဖွေစုဆောင်းကာ ပုံနှိပ်ထုတ်ဝေလျက် ရှိပါသည်။ ယင်းရှားပါးတိမ်မြုပ်နေသော ဓမ္မကျမ်းစာများတွင်–

၁။ (က) **သင်ရိုးဝါစနာမဂ္ဂကျမ်းများ** (သုတ်နက်ကြီး၊ ပရမတ္ထသရူပဆိုရိုး- စသည်)

(ခ) **စာမေးပွဲသုံးကျမ်းများ** (ပုဒ်စစ်ဂဏ္ဌိ၊ ကစ္စာယနသာရသရူပတ္ထဒီပနီ-စသည်)

၂။ (က) **ဝိသဇ္ဇနာကျမ်းများ** (ပုစ္ဆာနယပကာသနီ- စသည်)

(ခ) **ဝိနိစ္ဆယကျမ်းများ** (ပိဋကတ္တယာနုလောမဒသသီလဝိနိစ္ဆယ၊ ဝိသုဒ္ဓါရုံအဆုံးအဖြတ်- စသည်)

၃။ **သုတပဒေသာကျမ်းများ** (တထာဂတဥဒါနဒီပနီ၊ ပုဒ္ဓနိုင်ငံတော်၊ သာသနာ-လင်္ကာရစာတမ်း-စသည်) – ဟူ၍

၃-ပိုင်း ခွဲခြားကာ ကွန်ပျူတာစာလုံးတင်ပြီးလျှင် စက္ကူကောင်း, မင်ကောင်း, ချုပ်ရိုးကောင်းများဖြင့် စာဒါယကာများ၏ ပစ္စယာနုဂ္ဂဟအကူအညီကို ယူ၍ ကျမ်း၊ အတွဲ၊ အပိုင်း၊ အခန်း၊ ပုဒ်မ၊ အပိုဒ်-နှင့် ပိုဒ်ခွဲ- စသည်များ ထိုးကာ ပုံနှိပ်ထုတ်ဝေ သာသနာပြုလျက် ရှိပါသည်။

ဝိနိစ္ဆယကျမ်းများတွင် "များသောအားဖြင့် အမေးရှင်ပုစ္ဆာ၏ ပုစ္ဆာအလိုက် ဝိသဇ္ဇနာဆရာတော်များက ဝိနိစ္ဆယချထား ဖြေဆိုတော်မူခဲ့ကြသည်"ကို တွေ့ရှိရပါသည်။ နောက်ကာလမှ တပည့်များက ဤအဖြေများကို စုဆောင်းကာ စုပေါင်း၍ ကျမ်းစာအဖြစ် ပုံနှိပ်ထားလေ့ ရှိခဲ့ကြပါသည်။ ဝိနည်း, သုတ္တန်, အဘိဓမ္မာ၊ ပိဋကတ် ၃-ဖြာကို တသန့်စီခွဲခြား၍ ရိုက်နှိပ်ခဲ့ကြသည် မဟုတ်ကြပါ။ သို့ဖြစ်ရာ ပိဋကတ် ၃-ဖြာ အကြောင်းအရာအလိုက် အမြန်သိရှိရန် ဆိုင်ရာဆိုင်ရာ အညွှန်း သီးသန့်မရှိခဲ့၍ အမြန်သိရှိရန်အတွက် အခက်အခဲ ရှိနိုင်ရာပါသည်။ ထို့ကြောင့် **အဖြေ, ဝိနိစ္ဆယများအကျဉ်းနှင့် အညွှန်းများကို** ပုဒ္ဓစာပေအဖွဲ့က ပြုစုလျက်ရှိပါသည်။

ဘဒ္ဒန္တသဒ္ဓိယ

(၂၇-၅-၂၀၁၀)

http://www.dhammadownload.com

ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး
၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံသဂြိဟ်နိဿယ
၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုး
၇။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿယ
၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိဒီပနီပါဠိ
၉။ သိရိမဟာမာယာဒေဝီဝတ္ထုနိဿျ
၁၀။ ဓာတုတ္ထသင်္ဂဟပါဠိ+နိဿျ
၁၁။ ဆိဒ္ဓပိဓာနနိကျမ်း
၁၂။ ဝိစိတြဝန္ဓနာ-စသည် (ပ, ဒု-ကြိမ်)
၁၃။ မနောဒိဋ္ဌဝန္ဓနာ
၁၄။ သတိသမ္ပဇညနိဂ္ဂဟစာတမ်(ဦးနာရဒ)
၁၅။ မဟာဇောဒ္ဓါဒီမဂ္ဂဒီပနီ
၁၆။ အမေးတော်ဖြေ
၁၇။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ
၁၈။ ဝိမိဿမဓုရရစနာ (ပ, ဒု-ကြိမ်) (အရှင်စန္ဒဇောတိ)
၁၉။ မင်္ဂလာအမြုတေ
၂၀။ လူနှင့်တူသောလူ
၂၁။ တထာဂတဥဒါနဒီပနီ(ပ-တွဲ)
၂၂။ တထာဂတဥဒါနဒီပနီ(ဒု-တွဲ)
၂၃။ ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ)
၂၄။ ဗုဒ္ဓနိုင်ငံတော်(ဒု-တွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော် (တ-တွဲ)
၂၆။ ဝိမတိစ္ဆေဒနီ (ကျီးသဲ)
၂၇။ သမ္မာဒိဋ္ဌိကထာကျမ်း
၂၈။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၂၉။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၃၀။ မဟာဇောဓုပ္ပတ္တိကထာကျမ်း
၃၁။ သီလက္ခန်ဓဋ္ဌကထာ မြန်မာပြန်
၃၂။ ဘူမိစာလနိဒါန်းကျမ်း (ဒု-ကြိမ်)
၃၃။ ဘူမိစာလနိဒါန်းကျမ်း (တ-ကြိမ်)
၃၄။ ချောင်းဦး၊ ရွှေတောင်ဆရာတော်ဝိနိစ္ဆယ
၃၅။ တွံတေး၊ပရိတ်ကြီးပါဠိနိဿယ
၃၆။ ကစ္စာယနသာရသရူပတ္ထဒီပနီ (ပြည်)
၃၇။ ဝင် ၉-ဝင်ဝတ္ထု (ပထမတွဲ)
၃၈။ ဝင် ၉-ဝင်ဝတ္ထု (ဒုတိယတွဲ)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (တတိယတွဲ)
၄၀။ မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ (ဟရိဗလ၊ ကုသိနာရုံ)
၄၁။ စေတီယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း (ထိမ်တော)
၄၂။ **ပကိဏ္ဏကဝိသဇ္ဇနာကျမ်း** (ပထမတွဲ)

ဆက်လက်ထွက်မည် -

- The Way to Nobility *(English, မြန်မာ)* ဘဒ္ဒန္တစန္ဒဇောတိ(မလျှိုင်)

http://www.dhammadownload.com

နိဒါန်း

သီရိန္ဓဇ မုနိန္ဒ-ဟု၊ အရဟာတာ၊ အစဖြာသည်၊ ဘဂဝါအဆုံး ပြုိင်မဆွယ်၊ ကိုးသွ
ဂုဏ၊ စံမမျှသည်၊ အနန္တရှင်၊ လွင်လွင်စိန်ရောင်၊ မှန်ပြောင်သန်လျက်၊ မဂ်အရဟာ
မြတ်ခဂ္ဂဖြင့်၊ ကာမ,ရူပေ၊ အရူပေကို၊ စုတေ, ပဋိသန်၊ နှစ်တန်ဖြစ်ပါး၊ မီးကိလေယုတ်တ
ကို၊ ခုတ်လွှားခွါဖြတ်၊ နတ်ဝိသုဒ္ဓိ၊ သီရိပဝရ၊ အတုလသခင်၊ တိထွင်ရှေးဦး၊ ပကတူး
ကောဏ္ဍညပုဏ္ဏား၊ နောက်ဖျားမှန်စွ၊ သုဘဒ္ဒအဆုံး၊ ပေါင်းရုံးစုစည်း၊ ဗောဓည်းမျှား
ဝေနေယျာကို၊ ဒေသနာဓမ္မ၊ မြတ်ဆုဌ၍၊ ဆုံးမတော်မူပြီးကာ၊ အနုပါဒိသေသ၊ နိရော
ဝိမာန်၊ ဝင်တော်မူမည့်အခါ။

ပဉ္စာသဟသ်၊ ပိုင်းဖြတ်ခြားဆောင်၊ ငါးထောင်သာသနာ၊ ရိုက်ရာကိုယ်စား၊ ချန်ထ
တော်မူခဲ့သော သာသနာတော်၊ ထင်ပေါ်နေလ၊ မာယာကွော(၂၄၄၅)၊ ပတ္တောအတိ
ဝေါဟာဟိတ်မှာ၊ လစ္စာဖက္ကေ(၁၂၆၃)၊ မာသေ ဇေဋ္ဌ၊ ခါသမယတွင်၊ တိုင်းခွင်ရဋ္ဌ၊ ရာဇဋ္ဌ
ရွှေပြည်တော်ကြီးကို၊ လက်မွန်အာဒိ၊ ကမ္မိကိဿရာ၊ ရတနာပုံ၊ နရုံမကုဋ္ဌ၊ ပထမ နေဝ
ထွန်းတော်မူသော ပဉ္စမသေလက္ခရ သင်္ကိယနာတင်၊ လောကမာရဇိန်စေတီတော်မြတ်
ဒါယကာတော်၊ ဒသမာနုသိန်၊ နရိန်ထွတ်ထား၊ မင်းတရားကြီး၊ မြောက်ခိုးကြည်ညိုး၊ ရိုင
ရွှင်လန်း၊ လျှုဒါန်းအပ်သော –

ဂုဏဝါဘိလက်္ခာရသဒ္ဒမွဓဇ မဟာဓမ္မရာဇဂုရု၊ အတုမရှိ၊ သမ္မုတိနတ်၊ မင်းမြ
ခတ်နိုပ်၊ တံဆိပ်လည်ရွှဲ၊ ပညတ္တိဖြင့်၊ နှံ့သိထင်ပေါ်၊ ကျွန်းလုံးကျော်တော်မူသော၊ လုံးဝေ
ဆရာတော်ဘုရားကြီးသည် အသီးသီးသော မင်း,မိဖုရား၊ မင်းသား, မင်းသမီး၊ မှူးဝ
မတ်ရာ၊ သေနာပတိ၊ ဂိဟိ, သမဏ၊ သပ္ပုရိသအပေါင်း၊ ဝပ်ညောင်းလျှောက်ထား၊ ပုစ္ဆာ
စကားများကို၊ တရားမေဒနီ၊ သွေမဖီရ၊ တခဏချင်း၊ ဉာဏ်အလင်းရောက်၊ မှန်ထွင်းဖော
စေ၊ မိန့်ဖြေဆုံးဖြတ်၊ ဝိသဇ္ဇနာအရပ်ရပ်ကို၊

သိမှတ်ပညာ၊ များစွာသမှု၊ ဗဟုသုတ၊ ဟဒယ၌၊ သွင်းပိုက်သင်ယူကြစေခြင်း
ကောင်းစွာပြုပြင်၊ ထက်ခွင်ဘုံဖျား၊ ယုန်ရထားသို့၊ ပုံသားအက္ခရာ၊ တစ်လွှာအထူ၊ သေ
မကျ၊ ဝေရခယံ၊ နဂရံတွင်း၊ သတင်းထောက်ထိန်၊ ကျောက်စိန်ဝေဘူ၊ ရေတူဘက်ဂ
ကဝိန္ဒာ-ဟု၊ နိမ္မာတည်ရှိ၊ တိုက်သီရိက၊ ပီတိညွတ်ဟိတ်၊ ဝိဝဋ္ဋစိတ်ဖြင့်၊ ပုံနှိပ်စက်ဝ
ပါသတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

လုံးတော်ဆရာတော်

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

ပထမတွဲ၊ ၁။ (ပထမပိုင်း၊ ၁။)



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာသနာတော် ၅,၀၀၀-နှင့် စပ်လျဉ်း၍ လျှောက်ထားချက်

[၁](က) "ဘုရားတပည့်တော် မလွန်စေးနေ ဒါယကာတစ်စုတို့ လျှောက်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

ကျမ်းဂန်၌ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်-၁,၀၀၀၊ သုက္ခဝိပဿကရဟန္တာခေတ် ၁,၀၀၀၊ အနာဂါမ်ခေတ်-၁,၀၀၀၊ သဒါဂါမ်ခေတ်-၁,၀၀၀၊ သောတာပန်ခေတ် ၁,၀၀၀-အားဖြင့် သာသနာတော် ၅,၀၀၀-ရှိကြောင်းကို လာပါသည်။ ကျမ်းဂန်တို့မှာ အထူးထူး အခြားခြား ကွဲပြား၍ ၅,၀၀၀-သော သာသနာကို ၅-ဌာနအသီးသီး နည်းအထွေထွေ ဆိုကြသဖြင့် ယူဆနက်နဲ ခဲခက်လှို့ဝှက်သောကြောင့် သိခက်သောအရာဖြစ်၍ မယူ,မဆနိုင်ကြသဖြင့် ဝါဒအသီးသီး ပြောဆိုကြပါသည်။ သာသနာတော် ၅,၀၀၀-ဟူ၍လည်း ဘုရားဟောကေန် ကျမ်းဂန်အလာကို မတွေ့,မသိရဖူး ဖြစ်ပါသည်။

http://www.dhammadownload.com

ပကိဏ္ဏကဝိသဇ္ဇနာ (လုံးတော်၊၁၊၁။)

တစ်ကြောင်းလည်း အောက်၌ ပူးတွဲပါရှိသော အမရပူရမြို့၊ မဟာသက္ကသီဟ တိုက်နေ၊ ဦးဝဏ္ဏာစာရ အမည်ရှိသော ပုဂ္ဂိုလ်သူမြတ်က နေတ္ထိကျမ်းကို ထုတ် ဆောင်၍ သာသနာတော် ၅,၀၀၀-ရှိကြောင်းကို ဖြေဆိုပါသည်။ သို့ဖြစ်ပါ၍ သာသနာတော် ၅,၀၀၀-ဟု ဘုရားဟော ပါဠိ,ပိဋကတ်တော်မှာ လာရှိသည်, မရှိသည်၊ ၎င်းဦးဝဏ္ဏာစာရ ဖြေဆိုချက် မှန်မည်, မမှန်မည်များကို ကွဲပြားစွာ သိမှတ်ပါရအောင် ဖြေဆိုအဓိန်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား"။

ဦးဝဏ္ဏာစာရ ဆုံးဖြတ်ချက်

"သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟော ပိဋကတ်ပါဠိတော်မှာ မလာ ကြောင်းနှင့် အချို့ မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်, မိစ္ဆာဝိုလ်ကြီးများက သတ္တဝါများကို မှောက်မှားလေအောင် ကြံဆောင်၍ ပြောဆိုကြလေသည်။ ထိုစကားသည် ဘုရားဟော ကျမ်းဂန်လာသည်ကို မတွေ့, မသိသောကြောင့်သာ ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသူတို့၏ စကားကို မယုံ,မကြည်ရာ။ သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟော ပါဠိပိဋကတ်တော်မှာ လာသည်။ လာကြောင်းကား နေတ္တိကျမ်း၊ ၁၆-ပါးသော ဟာရတို့တွင် သာသနာဟာရ၌—

အနုဇာနာမိ ဘိက္ခဝေ မမ ပရိနိဗ္ဗာနတော ပစ္ဆာ ပဉ္စဝဿသတာယံ သာသနံ ပတိဋ္ဌာတုံ– ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ မမ ပရိနိဗ္ဗာနတော၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ။ ပစ္ဆာ၊ နောက်၌။ ပဉ္စဝဿသတာယံ၊ အနှစ်-၅,၀၀၀။ သာသနံ၊ ငါဘုရား သာသနာတော်ကို။ ပတိဋ္ဌာတုံ၊ တည်စိမ့်သောငှာ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

ဤသို့ နေတ္တိကျမ်း၊ ၁၆-ပါးသော ဟာရတို့တွင် သာသနာဟာရ၌ ဘုရားဟော တော်မူသောကြောင့် သာသနာ ၅,၀၀၀-ဟူ၍ ဘုရားဟော ပါဠိပိဋကတ်တော်မှာ လာရှိကြောင်းကို သိရမည်။ ကျမ်းဂန်အရာကို မတွေ့,မသိ၊ သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟော ပါဠိရှိကြောင်းကို မသိကြ၍ အချို့သူတို့က ပြောဆိုဆုံးမသော စကားကို အများပင် ကြားသိကြ၍ သတ္တဝါအများ အယူမှောက်မှားလျက် ဘုရား ဟောကျမ်းလာ သာသနာ-၅,၀၀၀ မရှိလေဟန်များနှင့် အဟုတ်အဟတ် ထင်မှတ် ပြောဆိုမိကြသူတို့လည်း အယူမှောက်မှား အပါယ်လား၍ များစွာသော မကောင်းမှု အကုသိုလ်တရား ပွါးများကြလျက်ရှိသည်။

http://www.dhammadownload.com

သို့အရာကို အချို့သူ လူပညာရှိပုဂ္ဂိုလ်တို့က မနှစ်သက်နိုင်ရှိကြ၍ သာသနာ ၅,၀၀၀-ဟု ဘုရားဟောပါဦ မရှိဘဲ သာသနာတော် ၅,၀၀၀-မရှိတန်ရာ-ဟု ပြောဆိုကြသဖြင့် သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟောပါဦ ကျမ်းဂန်တွင် ရှိ,မရှိကို သိမှတ်ပါရအောင် အဓိန့်ရှိတော်မူပါမည့်အကြောင်းနှင့်–

မလွန်ဈေးနေ ဒါယကာတို့ လျှောက်ထားသည်ကို အကြောင်းပြု၍ အယူမှောက်မှားကြကုန်သူတို့အား သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟောပါဦ ရှိကြောင်းကို သိကြစေခြင်းငှာ နေတွင်ကျမ်းမှ ထုတ်ဆောင်၍ အမရပူရမြို့၊ မဟာသကျသီဟတိုက်နေ၊ ဦးဝဏ္ဏာစာရ မိန့်ဆိုဆုံးဖြတ်လိုက်သည်။"

မလွန်ဈေးနေ ဒါယကာတစ်စုတို့ လျှောက်ထားချက်အရ–

[၁](က) သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟော ပါဦပဋ္ဌကတ်တော်မှာ မလာ, မရှိ၊ အမရပူရမြို့၊ မဟာသကျသီဟတိုက်နေ၊ ဦးဝဏ္ဏာစာရ ဆုံးဖြတ်ချက်တွင် ကိုးကားထောက်ထားသော **နေတွင်ကျမ်း**လည်း ဘုရားဟော မဟုတ်၊ နေတွင်ကျမ်း၌ 'အနုဇာနာမိ ဘိက္ခဝေ' ဟူသော ဤပါဦသည် မရှိသင့်-ဟူ၍ အကျဉ်းသခ်ေပအားဖြင့် ဖြေကြား မိန့်ဆိုတော်မူသည်။

၁၂၃၁-ခု၊ နယုန်လဆန်း၊ စ-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်ီမြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

သာသနာတော် ၅,၀၀၀-နှင့် စပ်လျဉ်း၍ ထပ်မံလျှောက်ထားချက်

[၁](ခ) "ဘုရားတပည့်တော် မန္တလေးမြို့မြောက်ပြင်၊ မြကျွန်းမြေဌရပ်၊ အင်းဝပန်းပဲတန်းနေ၊ ဒကာ **ဦးပေါ်စ** လျှောက်ပါသည် အရှင်သူမြတ်ဘုရား။

'သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟောပါဦ, ပဋ္ဌကတ်တော်မှာ မလာ,မရှိကြောင်းနှင့် ဆရာတော်ဘုရား ဟောကြားဖြေဆိုတော်မူလိုက်သော ၁၂၃၁-ခု၊ နယုန်လဆန်း၊ စ-ရက် နေ့စွဲနှင့် စာတမ်းတွင် အထင်အရှား ကြားသိရ၍ ရှိကြပါသည်။ သို့ရှိရာတွင် သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟောပါဦ ပဋ္ဌကတ်တော်မှာ မလာ,မရှိပါက သာသနာတော် ၅,၀၀၀-ဟူသော စကားကို မကွဲ,မပြား ရှိကြပါ

http://www.dhammadownload.com

သည်။ သာသနာတော် ၅,၀၀၀-၏ ဖြစ်ရင်းမူလ၊ နေရာကျစကားကို ခွဲခြား၍ သိမှတ်ပါရအောင် ပါဠို, အဋ္ဌကထာ, ဋီကာ-စသော ကျမ်းဂန်များနှင့်အညီ အဓိန့် ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်အရှင်မြတ်ဘုရား"။

[၁](ခ) သာသနာတော် ၅,၀၀၀-ဟူ၍ ဘုရားဟောပါဠို ပိဋကတ်တော်အရ ပဏ္ဏာရသပုဘေဒ၊ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတ-ဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတ်၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါ၊ ဗုဒ္ဓဝံသ၊ အပဒါန်၊ စရိယာ-ပိဋကတ်တည်း-ဟူသော ခုဒ္ဒကနိကာယ် ၁၅-ကျမ်းနှင့်တကွ သုတ္တန်ပိဋကတ်-ဟု ဆိုအပ်သော ပိဋကတ်တော်ကျမ်းတွင် မလာ,မရှိရကား–

သာသနာတော် ၅,၀၀၀-ပါဠိကို ပိဋကတ်တော်မှာ "မရှာသင့်က(ရာ) သဖန်းပွင့်ကို ရှာ"သကဲ့သို့ တွေ့မြင်ရာသော သဘောပင် မဟုတ်၊ ယင်းသို့ ဖြစ်လျက် အနက်သဘာဝ ဒေသနာတော်၏ အရအကျကို မထောက်ဆ,မဆင်ခြင် မမြော်မြင်,မစဉ်းစားနိုင်ကြသဖြင့် ပညာနုလှသော တလသောတုဇန အပွသုတပုဂ္ဂိုလ်ငယ်များက မစဉ်းစား,မဆင်ခြင်၊ မြင်မြင်ဝါးဝါး ၁၈-ပါးသော ဘေဒကရဝတ္ထုကိုမျှ မထောက်၊ မကြောက်မလန့် ဝံ့ဝံ့စားစား ဘုရားဟောကျမ်းဂန် တွေ့လေပြန်သော-ဟု သဘောယူတို့ ရှိ, မရှိ၊ မှန်,မမှန်ကို ဉာဏ်နည်းသူ ဖြစ်၍လည်း မမြင်၊ အမုန်ယစ်သော ဆင်ကို ခွန်းမတင်လွှတ်သကဲ့သို့ ကယောင်ချောက်ချား မာန်ထောင်လွှားလျက် '၅,၀၀၀-သာသနာ အဓိန့်တော်ဒေသနာ သည်မှာရှိ၏'-ဟု ဆိုမိဆိုရာ ဆိုရှာကြလေသည်။ ၅,၀၀၀-သာသနာ ကျမ်းလာစကား မဟုတ်သောကြောင့် ယုတို့သဘောကို မစဉ်းစားဘဲ ဆိုမှားရှိပြန်ခဲ့က **အဖိုးအနဂ္ဃရတနာ** စကြာမင်း၏ ပတ္ထမြားကို ခိုးမှား၍ ဒွန်းစဏ္ဍားလက်မှာ တွေ့လေလျှင် အမွေဥစ္စာ-ဟု ကွယ်ဝှက်သော်လည်း အရှက်ပြေမျှသာ ဆိုသကဲ့သို့ ရှိမည်။ အဖိုးအနဂ္ဃရတနာ စကြာမင်းတို့သာ ကိုးစားထိုက်သော ပတ္ထမြားရတနာမှန်က သင်္ကာရကူဋဘူမိပဋတ၊ တံမြက်ခြေစု-စသော ဌာနအရပ်တွင် မနေအပ်, မနေရာ။

ဝေဿဝဏ္ဏ-နတ်မင်း၏တမန် ကုမ္ဘန် ၁,၀၀၀-တို့သည် ဝန်းမြောင်ရံခံ စောင့်ရှောက်ရသော ဝေပုလ္လပဋတဋ္ဌာသာ နေအပ်,နေရာသကဲ့သို့လည်းကောင်း

ဟိမဝန္တာဝယ် သားတကာတို့သနင်း ခြင်္သေ့မင်းမှန်က သုသာန်မြေအရပ်တွင် မနေအပ်, မနေရာ၊ ဟိမဝန္တာ ရတနာရွှေဂူတွင်းမှာသာ နေအပ်ရာသကဲ့သို့လည်းကောင်း

ယူဇနာ ၁၅၀-အချင်း ဂဠုန်မင်းမှန်လျက် ကြက်ဆူပင်တောမှာ မပျော်ရာ၊ သိနေရုပဋတ, ဒုတိယအာလိန္ဒ, ဟိမဝန္တာနာဂဒီပ-စသော ကျွန်းခွင် သမုဒ္ဒရာအပြင်ဝယ် ပေါက်

http://www.dhammadownload.com

ရောက်သဖြင့် အမြင့်ယူဇနာ ၁၀၀-ခန့်လောက် ကြီးသော လက်ပံတောကြီးမှာသာ ပျော်ရာသကဲ့သို့လည်းကောင်း

ဓတရဋ္ဌသုဝဏ္ဏရာဇာ ရွှေဟင်္သာမင်းမျိုးမှန်က ရွာတံခါး၀၊ စန္ဒနိကဩလိဂလ္လ-စသော ဒေသ အရပ်တို့မှာ မနေရာ၊ ရွှေဟင်္သာပေါင်း ၉-သောင်းလောက်မျှ ဝန်းရံခလျက် စိတ္တ-ကူဋပဗ္ဗတ-ဟု ဟိမဝန္တာအဝင်၊ တောင်ထိပ်ပြင်၌သာ နေရာသကဲ့သို့လည်းကောင်း

ယူဇနာ ၁,၀၀၀-ရှိသော အာနန္ဒာ, တိမိနန္ဒာ, အဇ္ဈာရောဟ, မဟာတိမိ-စသော ငါးကြီးမှန်က ထုံးအိုင်, မြစ်,ချောင်းတို့မှာ မနေရာ၊ ယူဇနာပေါင်း ၈၄,၀၀၀၊ နက်ချောင်အစုတ်၊ ရစ်ဝုစ်စီးသွယ်၊ အပြောကျယ်သော၊ ပင်လယ်မြစ်ကြီး၌သာ နေရာသကဲ့သို့လည်း ကောင်း

မြတ်စွာဘုရား ဟောကြားတော်မူသော ပါဠိတော်မြတ်၊ ပါဠိတော်မှန်က ပဏ္ဏာရ-သပွဘေဒ-စသော တိပိဋကနယသာဂရ၌သာ ရှိရာသောကြောင့် ကျမ်းလာ မဟုတ်၊ ပါဠိ တော်လုပ်၍ ထုတ်ဆိုကြလေသည့်အရာမှာ ရတနာပြောင်မွန်၊ ဆဒ္ဒန်မျိုးပင် မှန်သော်လည်း ကြန်အင်လက္ခဏာ မစုံက ဂုဏ်ရောင်ညှိုးနွမ်း၍ မင်းခမ်းပွဲသဘင်ဝယ် မင်္ဂလာဆင်ဖြူတော်-ဟု ခေါ်ဝေါ်သမိုက် မဆိုထိုက်, မဆိုရာသကဲ့သို့ ကျမ်းလာပင် မှန်သော်လည်း သဏ္ဌာန်လက္ခဏာ ဌာနာဌာနကို ထောက်ဆဆင်ခြင်လျှင် "ပြောင်ပင် ပြောင်သော်လည်း အရောင်ချင်း မမျှ၊ ထုံးပင် မှန်သော်လည်း စံ-မရ"ဆိုသကဲ့သို့ ရှိသည်။ သာသနာတော်၏ အကြောင်းနှင့် စပ်၍ ဟောတော်မူသည့်အရာ ဝိနည်းစူဠဝါပါဠိတော်၊ ဘိက္ခုနီခန္ဓက(၀ိ၊၄၊၄၄၆)တွင်-

သစေ အာနန္ဒ နာလဘိဿ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ၊ စီရဋ္ဌိတိကံ အာနန္ဒ ဗြဟ္မစရိယံ အဘဝိဿ၊ ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ၊ ယတော စ ခေါ အာနန္ဒ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော၊ န ဒါနိ အာနန္ဒ ဗြဟ္မစရိယံ စီရဋ္ဌိတိကံ ဘဝိဿတိ၊ ပဉ္စေဝ ဒါနိ အာနန္ဒ ဝဿသတာနိ သဒ္ဓမ္မော ဋ္ဌဿတိ။

ဟူ၍ ဘုရားဟောတော်မူသော ပါဠိတော်မြတ် ပါဠိတော် အထင်အရှား ရှိပါသည်ကိုပင် ဆင်ကောင်ကို တွေ့ရှိလျက်နှင့် ဆင်၏ခြေရာကို ရှာပြန်ဘိသကဲ့သို့ ဘုရားဟောပါဠိ ပိဋကတ်တော်၌ လာရှိရာသေးသည်-ဟု တွေးမိကြ, ကြံမိကြသဖြင့် အရာဌာနကို မစဉ်းစား မြင်မြင်ဝါးဝါးကို ဘုရားဟောပါဠိ မှတ်သောကြောင့် ပရိသတ်ထဲမှာ ပွဲခင်းပြုလုပ်၍ အဟုတ် အဟတ် ဖတ်ရွတ်ပြောဆိုကြသည်များသည် တရားကို မှောက်လှန်၍ "ဥဒကံ မညေ အာဒိတ္တံ"ဟူသကဲ့သို့ ရှိသည်။

http://www.dhammadownload.com

ထိုသာသနာ ၅,၀၀၀-ဟူသော စကားမှာ ဘုရားဟော ပါဠို ရှိ, မရှိကိုသာ သိလို၍ လျှောက်ထားကြသောကြောင့် ၅,၀၀၀-သာသနာ ကျမ်းလာပါဠို မရှိကြောင်းကိုသာ ငါ-ဖြေဆို၍ သာသနာ ၅,၀၀၀-၏ ဖြစ်ရင်းမူလ သာဓကအမှန်ကို ထပ်မံ၍ မလျှောက်, မထားကြ၊ ယခုမှ တဖန် ထပ်မံ၍ လျှောက်ထားပြန်သဖြင့် သာသနာတော် ၅,၀၀၀-၏ ဖြစ်ရာဌာန မူချကောန်ကို ကျမ်းဂန်လာတိုင်း ဖြေဆိုလိုက်ဘုံ။

အစိန္တေယျ သုံးလှသေဋ္ဌနင်း တရားမင်းမြတ်သည် ကဗီလဝတ်ပြည်ကို အမှီပြု၍ နိဂြောဓာရုံကျောင်းကြီး၌ သီတင်းသုံးနေတော်မူသောအခါ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးပြီးလျှင် "မာတုဂါမသည် မြတ်စွာ ဘုရား၏ အဆုံးအမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ပြုရပါမည့် အကြောင်းနှင့်-

သာဓု ဘန္တေ လဘေယျ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ-

ဟု လျှောက်တောင်းပန်လျှင် မြတ်စွာဘုရားသည်-

"ဂေါတမီ၊ သင်သည် မာတုဂါမအား ငါဘုရား အဆုံးအမတော်တည်းဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို မနှစ်သက်လင့်"ဟု-

အလံ ဂေါတမိ, မာ တေ ရုစ္စိ မာတုဂါမဿ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ-

စသည်ဖြင့် ပယ်တော်မူသည်။

ခပ်သိမ်းသော ဘုရားရှင်တို့အား ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသကီ-ဟူ၍ ပရိသတ် ၄-ပါး ရှိသည် မဟုတ်ပါလော။ အဘယ်ကြောင့် မာတုဂါမအား ဘုရား အဆုံးအမ တော်တည်းဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ပယ်တော်မူသနည်းဟူမူကား- အခွင့်မရ၍ ငြိုငြင်ပင်ပန်း ဆင်းရဲခြင်းဖြစ်သဖြင့် အကြိမ်များစွာ တောင်းပန်မှ အခွင့်ပြုရသော်ကား "ငါတို့အား ဤရဟန်းအဖြစ်ကို အလွယ်တကူရသည် မဟုတ်၊ ဆင်းရဲငြိုငြင် ပင်ပန်းစွာ ရသည်တကား"ဟု အရိုအသေ စောင့်ရှောက်လတ္တံ့သည်ကို သိတော်မူသဖြင့် ကောင်းစွာ အလေးအမြတ် ခွင့်ပြုတော်မူလိုသောကြောင့် ပယ်တော်မူလိုက်သတည်း။

မဟာပဇာပတိဂေါတမီလည်း ၂-ကြိမ်, ၃-ကြိမ်တိုင် မာတုဂါမသည် ဘုရား အဆုံး အမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ရပါမည့်အကြောင်းနှင့်-

http://www.dhammadownload.com

သာဓု ဘန္တေ လဘေယျ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ-

ဟု လျှောက်ထားတောင်းပန်လေ၏။ မြတ်စွာဘုရားလည်း-

"ဂေါတမီ၊ သင်သည် မာတုဂါမအား ငါဘုရား အဆုံးအမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်း၏အဖြစ်ကို မနှစ်သက်လင့်"ဟု-

အလံ ဂေါတမိ, မာ တေ ရုစ္စိ မာတုဂါမဿ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာ-

စသည်ဖြင့် ၂-ကြိမ်, ၃-ကြိမ်တိုင် ပယ်တော်မူသည်။

ထိုအခါ မဟာပဇာပတိဂေါတမီလည်း မြတ်စွာဘုရား အဆုံးအမတော်တည်း ဟူသော ဓမ္မဝိနယ၌ "မာတုဂါမအား ရဟန်းအဖြစ်ကို ခွင့်ပြုတော် မမူတကား"ဟု ဆင်းရဲဒြိုင်ငပ်ပန်းခြင်း, နှလုံး မသာမယာခြင်းဖြင့် ငိုကြွေးမြည်တမ်းလျက် လက်ယာရစ် ၃-ကြိမ်တိုင် ရှိခိုးပူဇော်ခြင်းကို ပြုလျက် ဖယ်လေသည်။

ထိုအခါ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်မှ ဝေသာလီပြည်သို့ ဒေသစာရီလှည့်လည်ကြွသွားတော်မူ၍ ဝေသာလီပြည်၊ မဟာဝုန်တောကြီးတွင် စုလစ်မွန်းခွန်တပ်သော ဇရပ်တန်ဆောင်း၌ ကိန်းအောင်းမွေလျော်စံပျော်တော်မူလတ်သတည်း။

ထိုအခါ မဟာပဇာပတိဂေါတမီသည် ဆံ-တို့ကို ပယ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်လျက် များစွာသော သာကီဝင်မင်းသမီးအပေါင်းတို့နှင့်တကွ ဝေသာလီပြည်သို့ ရောက်လေ၍ မြူအလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် ဆင်းရဲဒြိုင်ငပ်ပန်းစွာ ငိုကြွေးမြည်တမ်းလျက် ယိုထွက်သော မျက်ရည်ဖြင့် တံခါးရွက်ပြင်ပ၌ ရပ်၏။ ထိုသို့ ရပ်သည်ကို ရှင်အာနန္ဒာ မြင်လေလျှင် "ဂေါတမီ၊ သင်သည် အဘယ့်ကြောင့် မြူအလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် ဆင်းရဲဒြိုင်ငပ်ပန်းစွာ ငိုမြည်တမ်းလျက် ယိုထွက်သော မျက်ရည်ဖြင့် နေသနည်း"ဟု မေးလတ်၍-

"အရှင်အာနန္ဒာ၊ မြတ်စွာဘုရားသည် မာတုဂါမအား ဘုရားအဆုံးအမတော်တည်း ဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ခွင့်ပြုတော် မမူသောကြောင့် နှလုံးမသာယာ ခြင်းပြင်းစွာဖြစ်သတည်း"ဟု လျှောက်လေလျှင် "ဂေါတမီ၊ အကြင်မျှလောက် ငါသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ မာတုဂါမသည် မြတ်စွာဘုရား၏ အဆုံးအမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ရပါမည့်အကြောင်းနှင့် လျှောက်ထား

http://www.dhammadownload.com

တောင်းပန်အံ့၊ ထိုမျှလောက် ဤအရပ်တွင်ပင် တခဏမျှ နေဦးလော့"ဟု ဆို၍ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ပြီးလျှင် "မြတ်စွာဘုရား၊ မဟာပဇာပတိဂေါတမီသည် မြူအလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် ဆင်းရဲဒုက္ခဉပဒ်ပန်းစွာ ငိုကြွေးမြည်တမ်းလျက် ယိုထွက်သော မျက်ရည်ဖြင့် 'မာတုဂါမသည် မြတ်စွာဘုရား၏ အဆုံးအမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို မရခဲ့တကား'ဟု တံခါးမုခ်၌ တည်ခဲ့၏။ ထို့ကြောင့် မာတုဂါမသည် ဘုရားအဆုံးအမတော်တည်းဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ရပါမည့် အကြောင်း"နှင့်-

သာဓု ဘန္တေ လဘေယျ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ-

ဟု လျှောက်တောင်းပန်လေလျှင်-

"အာနန္ဒာ၊ မာတုဂါမအား ငါဘုရား အဆုံးအမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို မနှစ်သက်လင့်"ဟု-

အလံ အာနန္ဒ မာ တေ ရုစ္စိ မာတုဂါမဿ တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာ-

ဟု ၂-ကြိမ်, ၃-ကြိမ်တိုင် ပယ်တော်မူရကား "တပါးသော အကြောင်းပရိယာယ်ဖြင့် မာတုဂါမအား ဘုရားအဆုံးအမတော်တည်းဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ရပါမည့် အကြောင်းနှင့် လျှောက်တောင်းပန်ဦးအံ့"ဟု ကြံလေသည်။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ "မြတ်စွာဘုရား၊ မာတုဂါမသည် ဘုရားအဆုံးအမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ရောက်သဖြင့် သောတာပတ္တိမဂ်, ၎င်းဖိုလ်၊ သကဒါဂါမိမဂ်, ၎င်းဖိုလ်၊ အနာဂါမိမဂ်, ၎င်းဖိုလ်၊ အရဟတ္တမဂ်, ၎င်းဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်ပါအံ့လော"ဟု မေးလျှောက်လေလျှင် "အာနန္ဒာ၊ မာတုဂါမသည် ငါဘုရား အဆုံးအမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ရသည်ရှိသော် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်၏"ဟု မိန့်တော်မူသဖြင့် "မြတ်စွာဘုရား၊ မာတုဂါမသည် ဘုရားအဆုံးအမတော်တည်း-ဟူသော ဓမ္မဝိနယ၌ ရဟန်းပြုသဖြင့် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ကို အကယ်၍ မျက်မှောက်ပြုရသည် ဖြစ်အံ့၊ မိထွေးတော်ဖြစ်သော မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားအား ကျေးဇူးများ၏။ မယ်တော်သည် သေလွန်ခဲ့သဖြင့် မိထွေးတော်ပင် ကိုယ်တော်ကို နို့ရည်တိုက်ကျွေး မွေးမြူ

http://www.dhammadownload.com

စောင့်ရှောက်ရ၏။ ထို့ကြောင့် မာတုဂါမသည် ဘုရားအဆုံးအမတော်တည်းဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ရပါမည့်အကြောင်း"နှင့်-

သာဓု ဘန္တေ လဘေယျ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ-

ဟု တောင်းပန်လျှင်-

၁။ "အာနန္ဒာ၊ ရဟန်းမိန်းမသည် အဝါ ၁၀၀-ရသည်ဖြစ်စေ ထိုနေ့ ရဟန်းပြုသော ရဟန်းယောကျ်ားအား ရိုသေမြတ်နိုး ရှိခိုးပူဇော်ရခြင်း၊

၂။ ရဟန်းမိန်းမသည် ရဟန်း မရှိသောကျောင်း၌ ဝါ-သို့ မကပ်ရခြင်း၊

၃။ လခွဲ ၁-ကြိမ်၊ ရဟန်းမိန်းမသည် ရဟန်းယောကျ်ား သံဃာအထံမှ ဥပုသ်မေးခြင်း, အဆုံးအမကို ခံခြင်း-ဟု ဆိုအပ်သော တရား ၂-ပါးတို့ကို တောင့်တခြင်း၊

၄။ ဝါကျွတ်ပြီးသော ရဟန်းမိန်းမသည် ဥဘတောသံဃာ၌ ဒိဋ္ဌသုတပရိသံကိတ-ဟု ဆိုအပ်သော အကြောင်း ၃-ပါးတို့ဖြင့် ဖိတ်ကြားခြင်း၊

၅။ ဂရုကအာပတ်သို့ ရောက်သော ရဟန်းမိန်းမသည် လခွဲပတ်လုံး ဥဘတောသံဃာ၌ ပက္ခမာနတ်ကို ကျင့်ခြင်း၊

၆။ ၂-နှစ်ပတ်လုံး ဝိကာလတိုင် ၆-ခုသော သိက္ခာပုဒ်တို့၌ မဖောက်မပြန် ကျင့်ပြီးသော သိက္ခမာန်သည် ဥဘတောသံဃာ၌ ရဟန်းအဖြစ်ကို ယူခြင်း၊

၇။ ရဟန်းမိန်းမသည် တစ်စုံတစ်ခုသောအကြောင်းဖြင့် ရဟန်းယောကျ်ားကို မဆဲရေး, မပြောဆိုခြင်း၊

၈။ ယနေ့ကို အစပြု၍ ရဟန်းမိန်းမတို့သည် ရဟန်းယောကျ်ားတို့၌ စကားအစဉ်ကို မမြစ်, မပယ်ခြင်း၊ ရဟန်းယောကျ်ားတို့ကား ရဟန်းမိန်းမတို့၌သာ စကားအစဉ်ကို မြစ်ပယ်ခြင်း၊

မဟာပဇာပတိဂေါတမီသည် အကယ်၍ ဤဂရုဓမ္မတရား ၈-ပါးတို့ကို အသက်ထက်ဆုံး ဝန်ခံ၍ ကျင့်နိုင်သည်ဖြစ်အံ့။ ထိုဂရုဓမ္မတရား ၈-ပါးကို အသက်ထက်ဆုံး ဝန်ခံ၍ ကျင့်ခြင်းသည်ပင်လျှင် မဟာပဇာပတိဂေါတမီအား ရဟန်းပြုခြင်းတည်း"ဟု မိန့်တော်မူပေ၏။

ထိုအခါ အရှင်အာနန္ဒာလည်း မဟာပဇာပတိဂေါတမီအား ဘုရားမိန့်တော်မူသောစကားကို ပြန်ကြားလေလျှင် "အရှင်ဘုရားအာနန္ဒာ၊ တန်ဆာဆင်လိုသဖြင့် ဆေးလျှော်

http://www.dhammadownload.com

အပ်ပြီးသော ဦးခေါင်းရှိသော ပျို့ရွယ်ငယ်နုသော ယောကျ်ား, မိန်းမတို့သည် ကြာပန်း, မိုးစွေပန်း, လန်သွယ်ပန်းကို ရလျှင် လက် ၂-ဖက်ဖြင့် ကောင်းစွာယူ၍ ဦးခေါင်း၌ တင်ထား ဘိသကဲ့သို့ ထို့အတူ အကျွန်ုပ်သည်လည်း ဘုရားမိန့်တော်မူသော ဂရုဓမ္မတရား ၈-ပါး တို့ကို အသက်ထက်ဆုံး ဝန်ခံ၍ ကျင့်ပါအံ့"ဟု လျှောက်၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်လေ၍ "အရှင်ဘုရား၊ မဟာပဇာပတိဂေါတမီသည် ဂရုဓမ္မတရား ၈-ပါးတို့ကို ဝန်ခံလတ်ပြီးဖြစ်၍ မြတ်စွာဘုရား၏ မိထွေးတော်သည် ရဟန်းအဖြစ်သို့ ရောက်ပြီ"ဟု လျှောက်လေလျှင် "အာနန္ဒာ၊ မာတုဂါမသည် ငါဘုရား အဆုံးအမတော်တည်းဟူသော ဓမ္မဝိနယ၌ အကယ်၍ ရဟန်းအဖြစ်ကို မရခဲ့သည်ဖြစ်မူကား ငါဘုရား၏ အဆုံးအမတော်တည်းဟူသော ဗြဟ္မစရိယ သဒ္ဓမ္မဝိနယသည် အနှစ် ၁,၀၀၀-ကာလပတ်လုံး တည်သည်ဖြစ်ရာ၏။ အာနန္ဒာ၊ မာတုဂါမအား ငါဘုရား၏ အဆုံးအမတော်တည်းဟူသော ဗြဟ္မစရိယသဒ္ဓမ္မ၌ ရဟန်းအဖြစ်ကို ရခြင်းကြောင့် ငါဘုရား၏ အဆုံးအမတော်တည်းဟူသော ဗြဟ္မစရိယသဒ္ဓမ္မသည် အနှစ် ၅၀၀-သာ တည်လတ္တံ့သည်"ကို-

> **သစေ အာနန္ဒ နာလဘိဿ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ၊ စိရဋ္ဌိတိကံ အာနန္ဒ ဗြဟ္မစရိယံ အဘဝိဿ၊ ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ။ ယတော စ ခေါ အာနန္ဒ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော၊ န ဒါနိ အာနန္ဒ ဗြဟ္မစရိယံ စိရဋ္ဌိတိကံ ဘဝိဿတိ၊ ပဉ္စေဝ ဒါနိ အာနန္ဒ ဝဿသတာနိ သဒ္ဓမ္မော ဋ္ဌဿတိ။**

(ဝိ၊၄။၄၄၆)ဟု မိန့်တော်မူပြီးမှ ဥပမာဖြင့် ပြတော်မူလိုသည်ဖြစ်၍-

"အာနန္ဒာ၊ အကြင်အမျိုး၌ မိန်းမများသဖြင့် ယောကျ်ားတို့သည် နည်းကုန်၏။ ထိုအမျိုး၌ အိုးဖြင့် မီးတောက်ကို ထည့်၍ ပစ္စည်းဥစ္စာကို ရှာဖွေခိုးယူကုန်သော သူခိုးတို့သည် နှိပ်စက်ဖျက်ဆီးနိုင်ရာသကဲ့သို့လည်းကောင်း သလေးခင်း, ကြံခင်းတို့၌ ပိုးတို့သည် ကိုက်ခဲခြင်းကြောင့် သေတင္ဆိုက, မဋ္ဌေဋ္ဌိက-မည်သော အနာတို့ နှိပ်စက်လတ်သော် ရှည်မြင့်စွာ မသုံးဆောင်, မခံစားရ တခဏချင်း ယိုယွင်းပျက်စီးလေသကဲ့သို့လည်းကောင်း ထို့အတူ မာတုဂါမသည် ငါဘုရား အဆုံးအမတော်တည်းဟူသော ဓမ္မဝိနယ၌ ရဟန်းအဖြစ်ကို ရခြင်းကြောင့် ငါဘုရား၏ အဆုံးအမတော်တည်းဟူသော ဗြဟ္မစရိယသဒ္ဓမ္မသည် အနှစ် ၅၀၀-သာ တည်လတ္တံ့။ အာနန္ဒာ၊ အကြင် လယ်လုပ်ယောကျ်ားသည် ကြီးစွာသော တဖက်

http://www.dhammadownload.com

ဆည်ကန်၌ ကန်သင်း, ကန်ဘောင်တို့ကို မဖို့မဆည်ခဲ့သော် ရေတို့သည် တစ်ပေါက်တစ်စက်မျှ မကျန်မကြွင်း စီးဆင်းယိုထွက်လေရာ၏။ ရေမလွန်မီ နှေးဖို့ကာလက ကြီးစွာသော ကန်သင်း,ကန်ပေါင်ကို ဆည်ဖို့တက်သက်(လျက်) ဖွဲ့ယှက်ခိုင်လုံစွာ ရှိခဲ့မူကား ရေတို့သည် မဆင်း,မသက် မထွက်,မယို အလိုရှိတိုင်းသာ ရှည်ကြာကာလ သုံးဆောင်ရသကဲ့သို့ ထို့အတူ အာနန္ဒာ၊ ငါဘုရားသည် မဆွကပင် ဘိက္ခုနီမတို့အား ဂရုဓမ္မတရား ၈-ပါးကို အသက်ထက်ဆုံး စောင့်ရှောက်စေခြင်းဌာ ပညတ်တော်မူရကား ငါဘုရား၏ ပညတ်တော်တည်းဟူသော ဓမ္မဝိနယဗြဟ္မစရိယသဒ္ဓမ္မသည် အနှစ် ၁,၀၀၀-တည်ပြန်လတ္တံ့"ဟု-

> သေယျထာပိ အာနန္ဒ ပုရိသော မဟတော တဠာကဿ ပဋိကစ္စေဝ အာဠိဗန္ဓေယျ ယာဝဒေဝ ဥဒကဿ အနတိက္ကမနာယ၊ ဧဝမေဝ ခေါ အာနန္ဒ မယာ ပဋိကစ္စေဝ ဘိက္ခုနိန် အဒ္ဓ ဂရုဓမ္မာ ပညတ္တာ ယာဝဇီဝံ အနတိက္ကမနီယာ။-

ဟူ၍ အာနန္ဒာအား ဟောကြားတော်မူသော မြတ်စွာဘုရား၏ အလိုတော် အာဘော်ကို သိတော်မူသော အဋ္ဌကထာဆရာသည် ခုဒ္ဒကနိကာယ်၊ ဝိနည်းစူဠဝါ၊ ဘိက္ခုနီခန္ဓကအဋ္ဌကထာ၌ အနှစ် ၁,၀၀၀-ဟူသည် ပဋိသမ္ဘိဒါပဘေဒပတ္တရဟန္တာခေတ်ကိုသာ ရည်၍ ဟောတော်မူသတည်း။

ထို့ထက်အလွန် သုက္ခဝိပဿကရဟန္တာခေတ်-၁,၀၀၀၊ အနာဂါမ်ခေတ်-၁,၀၀၀၊ သကဒါဂါမ်ခေတ်-၁,၀၀၀၊ သောတာပန်ခေတ် ၁,၀၀၀-အားဖြင့် သာသနာတော် ၅,၀၀၀-တည်လတ္တံ့-ဟု-

> ဝဿသဟဿန္တိ စေတံ ပဋိသမ္ဘိဒါပဘေဒပတ္တခီဏာသဝဝသေနေဝ ဝုတ္တံ၊ တတော ပန ဥတ္တရိပိ သုက္ခဝိပဿကခီဏာသဝဝသေန ဝဿသဟဿံ၊ အနာဂါမိဝသေန ဝဿသဟဿံ၊ သကဒါဂါမိဝသေန ဝဿသဟဿံ၊ သောတာပန္နဝသေန ဝဿသဟဿန္တိ ဧဝံ ပဉ္စဝဿသဟဿာနိ ပဋိဝေဓသဒ္ဓမ္မော ဌဿတိ-

ဟူသောပါဠိ(ဝိ၊ဋ္ဌ၊၄။၁၂၇) ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒီဃနိကာယ်၊ သုပ္ပါထေယျ၊ သမ္မသာဒနိယသုတ်အဋ္ဌကထာ၊ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာဆရာတို့၏ အလိုအားဖြင့် နှေးဦးစွာ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်-၁,၀၀၀၊ ဆဠဘိညရဟန္တာခေတ်-၁,၀၀၀၊ တေဝိဇ္ဇရဟန္တာခေတ်-၁,၀၀၀၊ သုက္ခဝိပဿကရဟန္တာခေတ်-၁,၀၀၀၊ ပါတိမောက္ခသံဝရခေတ် ၁,၀၀၀-အားဖြင့် သာသနာတော် ၅,၀၀၀-တည်လတ္တံ့-ဟု-

http://www.dhammadownload.com

ပဋိသန္ဓိဒါပတ္ထေဟိ ဝဿသဟဿံ၊ ဆဋ္ဌဘိညေဟိ ဝဿသဟဿံ၊ တေဝိဇ္ဇေဟိ ဝဿသဟဿံ၊ သုက္ခဝိပဿကေဟိ ဝဿသဟဿံ၊ ပါတိမောက္ခေဟိ ဝဿသဟဿံ အဋ္ဌာသိ-

ဟူသော ပါဠိ(ဒီ၊ဋ္ဌ၊၃။၈၃)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဂ်ုတ္တရနိကာယ်အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ်၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ ဆရာတို့၏ အလိုအားဖြင့် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူသည့်နောက် ပဋိသန္ဓိဒါပတ္တရဟန္တာခေတ်-၁,၀၀၀၊ ဆဋ္ဌဘိညရဟန္တာခေတ်-၁,၀၀၀၊ တေဝိဇ္ဇာရဟန္တာခေတ်-၁,၀၀၀၊ သုက္ခဝိပဿကရဟန္တာခေတ်-၁,၀၀၀၊ အနာဂါမ်, သကဒါဂါမ်, သောတာပန် ၁,၀၀၀-အားဖြင့် သာသနာတော် ၅,၀၀၀-ဖြစ်လတ္တံ့-ဟု-

ဗုဒ္ဓါနံ ဟိ ပရိနိဗ္ဗာနတော ဝဿသဟဿမေဝ ပဋိသန္ဓိဒါ နိပ္ပတ္တေတုံ သက္ကောန္တိ၊ တတော ပရံ ဆဋ္ဌအဘိညာ၊ တတော တာဝိ နိပ္ပတ္တေတုံ အသက္ကောန္တာ တိဿော ဝိဇ္ဇာ နိပ္ပတ္တေန္တိ၊ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ တာဝိ နိပ္ပတ္တေတုံ အသက္ကောန္တာ သုက္ခဝိပဿကာ ဟောန္တိ။ ဧတေနေဝ ဥပါယေန အနာဂါမိနော သကဒါဂါမိနော သောတာပန္နာတိ။ -

ဟူသော ပါဠိ(အံ၊ဋ္ဌ၊၁။၆၇)ကို မိန့်ဆိုဖွင့်လှစ်တော်မူပြန်သတည်း။

ထို့ကြောင့် မြတ်စွာဘုရား၏ အလိုတော် အာဘော်ကို သိတော်မူသော ဗုဒ္ဓမတည်ူ အဋ္ဌကထာဆရာတို့ ဝါဒအားဖြင့် ၅,၀၀၀-သာသနာ ရှည်ကြာသမျှကာလ ဓမ္မဝိနယ-ဟု ဆိုအပ်သော ဘုရားအဆုံးအမ ပြဟ္မစရိယသဒ္ဒမ္မတည်းဟူသော ပရိယတ်, ပဋိပတ် ၂-ပါး တရားတော်ဒေသနာပြာဋိဟာသည် ယူဇနာပေါင်း ၄၂,၀၀၀-အမြင့်ဆောင်သော ယုဂန်တောင်စွန်း နေလဝန်းကဲ့သို့ ထွန်းလင်းတောက်ပစေလျက် ဝေနေယျသတ္တဝါအများကို ၄-ပါးသော ကန္တာရမှ လေးဩဃအဏ္ဏဝါ၊ သံသရာကမ်းထိပ်၊ နိဗ္ဗုတသာခေါင်၊ ခေမာသောင်သို့၊ ပို့ဆောင်ကယ်တင်တော်မူသတည်း။ ထို့ကြောင့် အရှင်အာနန္ဒာအား ဘုရားဟောတော်မူသော-

သစေ အာနန္ဒ နာလဘိဿ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ၊ စိရဋ္ဌိတိကံ အာနန္ဒ ဗြဟ္မစရိယံ အဘဝိဿ၊ ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ။ ယတော စ ခေါ အာနန္ဒ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော၊ န ဒါနိ အာနန္ဒ ဗြဟ္မစရိယံ စိရဋ္ဌိတိကံ ဘဝိဿတိ၊ ပဉ္စေဝ ဒါနိ အာနန္ဒ ဝဿသတာနိ သဒ္ဓမ္မော ဋ္ဌဿတိ-

http://www.dhammadownload.com

အစရှိသော ပါဠိတော်မြတ် ပါဠိတော်ကို စွဲ၍ ဗုဒ္ဓမတည္ဉ အဋ္ဌကထာဆရာတို့ ဖွင့်ဆိုသည့် အတိုင်း သာသနာတော် ၅,၀၀၀-၏ ဖြစ်ရင်းမူလ နေရာကျကို သိမှတ်ရမည်။

အင်းဝပန်းပဲတန်းရပ်နေ၊ ဒါယကာ မောင်ပေါ်စ လျှောက်ထားချက်အရ ၁၂၃၁-ခု၊ နယုန်လဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

*မြတ်စွာဘုရားသည် နောက်ကျသောရေကို သုံးဆောင်တော်မူရကြောင်း, *ပဋိသန္ဓေယူစဉ် စေတီတိုက်နှင့်တူသော အဓိဝမ်းကို ခမည်းတော်သည် မြင်၍ ရှိခိုးပူဇော်ကြောင်း, *မောဂ္ဂလ္လာန်ထေရ်ကို ငရဲမီး လိုက်ကြောင်းများကို မေးလျှောက်ချက်

[၂] "ဘုရားတပည့်တော် မန္တလေးမြို့၊ မြောက်ပြင် အမရဋ္ဌာနီရပ်နေ၊ **သူရဲတပ်မှူး** သွောက်ကြီးတို့နှင့် ဒုတ်ရဲတပ် ဒါယကာကြီး,ငယ်တစ်စုတို့ လျှောက်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

(၁) မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူရန် **ပါဝါပြည်မှ** ကုသိန္နာရုံပြည်သို့ ကြွသွားတော်မူရာ ကကုဒါမြစ်သို့ ရောက်တော်မူ၍ 'အာနန္ဒာ၊ ငါ-ရေသိပ်တော်မူသည်'-ဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာ ရေကြည်ကို ရှာ၍ မရသောကြောင့် ရေနောက်ကို သောက်တော်မူရကြောင်း, ရှေး နွားငယ်ဖြစ်စဉ်ကာလက ဝင့်တော်ပါကြောင်းများနှင့် အများပင် ပြောဆိုကြပါသည်။

(၂) တစ်ရပ်မှာလည်း ဘုရားအလောင်းတော် ပဋိသန္ဓေနေစဉ်ကပင် စေတီတိုက်နှင့်တူသော အဓိဝမ်းကို ခမည်းတော် သုဒ္ဓါဒနမင်းကြီး မြင်၍ ရှိခိုးပူဇော်ကြောင်းနှင့် စာစောင်ငယ်များမှာ ရေးထား၍ မှတ်သားပြောဆိုကြပါသည်။

(၃) တစ်ရပ်မှာလည်း မဟာမောဂ္ဂလ္လာန်ထေရ်သခင် အရှင်ရဟန္တာကြီးကို ငရဲမီး လိုက်ကြောင်း, မိခင်ရင်သား၊ သမြတ်ဖျားတွင်၊ စွန်းငြားအရက်၊ မိခင်နို့ကို စို့သည့် တွက်ကြောင့် ဝိပါက်တော် ပါကြောင်းများနှင့် အများတကာ၊ သူ့ငါက-စ၊ ပြောဆိုကြသည့်အရာများကို ဉာဏ်မျက်စိ မရှိပါသောကြောင့် မုချဧကန် အမှန်ကို မသိနိုင်

http://www.dhammadownload.com

ကြဖြစ်ပါ၍ မုချကေန် အမှန်ကို သိမှတ်ပါရအောင် တရားကျမ်းဂန်နှင့်အညီ အမိန့်ရှိပါတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်အရှင်မြတ်ဘုရား"။

သူရဲတပ်မှူး၊ သွေးသောက်ကြီးတို့နှင့် ဒါယကာတစ်စုတို့လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ-

[၂](၁) မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံယူတော်မူအံ့သောဌာ ပါဝါပြည်မှ ကုသိန္နာရုံပြည်သို့ ကြွတော်မူရာ ကကုဒါမြစ်သို့ ရောက်၍ "အာနန္ဒာ၊ ငါရေသိပ်တော်မူသည်"ဟု မိန့်တော်မူလျှင် အရှင်အာနန္ဒာ ရေကြည်ကို ရှာ၍ မရသောကြောင့် ရေနောက်ကို သောက်တော်မူရကြောင်း, ရှေး နွားငယ်ဖြစ်စဉ်ကာလက ဝိပါက်တော်ပါကြောင်းများနှင့် ပြောဆိုကြသည်မှာ-

၁။ **ဒုက္ကရစရိယာ ၆-နှစ်** ကျင့်တော်မူရခြင်း၊

၂။ **စိဉ္စ(မာန)**မည်သော မိန်းမ၏ စွပ်စွဲခဲသည်ကို ခံတော်မူရခြင်း၊

၃။ **သုန္ဒ်ဒြီ**မည်သော ပရိဗိုဇ်မ၏ စွပ်စွဲခဲသည်ကို ခံတော်မူရခြင်း၊

၄။ သုန္ဒ်ဒြီပရိဗိုဇ်မကို သတ်၍ တိတ္ထိတို့ စွပ်စွဲခဲသည်ကို ခံတော်မူရခြင်း၊

၅။ နာဠာဂိရိဆင်တိုက်ကို ခံတော်မူရခြင်း၊

၆။ ဒေဝဒတ်၏ ကျောက်ပစ်ချကို ခံတော်မူရခြင်း၊

၇။ သွေးစိမ်းတည်တော်မူရခြင်း၊ ၈။ ဇီဝက၏ ဓားခွဲကို ခံတော်မူရခြင်း၊

၉။ ခေါင်းခဲတော်မူရခြင်း၊ ၁၀။ **ခါးနာ**တော်မူရခြင်း၊

၁၁။ မုယောဆွမ်း ဘုဉ်းပေးတော်မူရခြင်း၊ ၁၂။ **ဝမ်းတော်လွှားရခြင်း** –

ဟူ၍ **ဝဋ်**တော် ၁၂-ပါး သာရှိကြောင်းကို အပဒါန်ကျမ်းတွင် ဟောတော်မူသည်ဖြစ်၍ ဝဋ်တော် ၁၃-ပါး မဖြစ်သင့်ရကား နွားသားငယ်ဖြစ်စဉ်ကာလ ဝိပါက်တော်ပါသည်ဆိုသော စကား မဟုတ်။ ပရိနိဗ္ဗာန် စံယူတော်မူအံ့သောနေ့ ကုသိန္နာရုံပြည်သို့ ကြွရောက်တော်မူရာ ကကုဒါမြစ်သို့ ရောက်လျှင် သစ်ပင်ရင်း၌ သီတင်းသုံးနေတော်မူ၍ "အာနန္ဒာ၊ ငါ ရေသိပ်တော်မူသည်"ဟု မိန့်တော်မူလျှင် "ယခုပင် ပဏ္ဏာသာတိမင်းကြီး လှည်း ၅၀၀-နှင့် ကူးသွားခါဖြစ်၍ ရေအလွန်နောက်ပါသည်။ ဤကကုဒါမြစ်သည် ရှေ့တွင် မနီး,မဝေးသောအရပ်၌ အလွန်ကြည်လင်သန့်ရှင်းသော ဆိပ်ရှိသည်ဖြစ်၍ ရှေ့စခန်းတွင်မှ ရေကောင်းစွာ သောက်

http://www.dhammadownload.com

တော်မူရပါအံ့"ဟု လျှောက်သောကြောင့် ၂-ကြိမ်, ၃-ကြိမ်မြောက် "အာနန္ဒာ၊ ငါ ရောသိပ်တော်မူသည်"ဟု မိန့်တော်မူရာတွင် အာနန္ဒာအရှင် သပိတ်ကို ယူဆောင်၍ ကကုဒါမြစ်ဆိပ်သို့ ကပ်သောခဏ၌ အလွန်ကြည်လင်စင်ကြယ်သန့်ရှင်းသော ရေကို မြင်၍ ခပ်ယူပြီးလျှင် အံ့ဩချီးမွမ်း၍ ရေကို ကပ်သဖြင့် ဘုရားသုံးဆောင်တော်မူကြောင်းကို-

> **"အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ တထာဂတဿ မဟိဒ္ဓိကတာ မဟာနုဘာဝတာ။ ဣဒါနိ သာ ဘန္တေ နဒီကာ စက္ခုစ္ဆိန္နာ ပရိတ္တာ လုဇ္ဇိတာ အာဝိလာ သန္ဒမာနာ မယိ ဥပသင်္ကမန္တေ အစ္ဆာ ဝိပ္ပသန္နာ အနာဝိလာ သန္ဒိတ္ထာ။ ပိဝတု ဘဂဝါ ပါနိယံ ပိဝတု သုဂတော ပါနိယ"န္တိ။ အထ ခေါ ဘဂဝါ ပါနိယံ အပါယိ-**

ဟူ၍ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်တွင် လာသည်။

ဘန္တေ၊ ဘုန်းတော်ကြီးလှသော ဘုရား။ အစ္ဆရိယံ၊ အံ့ဖွယ်ရှိစွတကား။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား။ အဗ္ဘုတံ၊ မဖြစ်ဖူးမြဲ ဖြစ်ခဲ့၏တကား။ တထာဂတဿ၊ မြတ်စွာဘုရား၏။ မဟိဒ္ဓိကတာ၊ ကြီးမြတ်သော အာနုဘော်ရှိသည်၏ အဖြစ်သည်။ အစ္ဆရိယံ၊ အံ့ဖွယ်ရှိစွတကား။ အဗ္ဘုတံ၊ မဖြစ်ဖူးမြဲ ဖြစ်ခဲ့၏တကား။ ဘန္တေ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဣဒါနိ၊ ယခု။ သာ နဒီကာ၊ ထိုမြစ်သည်။ စက္ခုစ္ဆိန္နာ၊ လှည်းဘီးစက် ဖြတ်ခါမျှ ဖြစ်၏။ ပရိတ္တာ၊ နည်းသော ရေရှိသည်ဖြစ်၍။ လုဇ္ဇိတာ၊ လှုပ်ရှားသော ရေရှိသည်ဖြစ်၍။ အာဝိလာ၊ နောက်သည်ဖြစ်၍။ သန္ဒမာနာ၊ စီး၏။ မယိ၊ အကျွန်ုပ် အာနန္ဒာသည်။ ဥပသင်္ကမန္တေ၊ ကပ်သော ခဏ၌။ အစ္ဆာ၊ ကြည်လင်သည်ဖြစ်၍။ ဝိပ္ပသန္နာ၊ သန့်ရှင်းသည်ဖြစ်၍။ အနာဝိလာ၊ မနောက်သည်ဖြစ်၍။ သန္ဒိတ္ထာ၊ စီးခဲ့ကုန်၏။ ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား။ ပါနိယံ၊ ရေကို။ ပိဝတု၊ သောက်တော်မူလော့။ သုဂတော၊ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရား။ ပါနိယံ၊ ရေကို။ ပိဝတု၊ သောက်တော်မူလော့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ပါနိယံ၊ ရေကို။ ဥပနာမေသိ၊ ကပ်လေ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပါနိယံ၊ ရေကို။ အပါယိ၊ သောက်တော်မူ၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ကုသိန္နာရုံပြည်သို့ ကြွတော်မူရာ ကကုဒါမြစ်ဆိပ်သို့ ရောက်လျှင် ရေနောက်ကိုလည်း သောက်တော်မမူရ၊ ရှေ့ဝိပါက်တော်လည်း မပါ၊ ရေကြည်ကိုသာ သုံးဆောင်တော်မူရကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

(၂) ဘုရားအလောင်းတော် ပဋိသန္ဓေနေစဉ်ကပင် စေတီတိုက်နှင့်တူသော အမိဝမ်းကို မြင်၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ရှိခိုးကြောင်းနှင့် အချို့သော စာစောင်ငယ်များမှာ

http://www.dhammadownload.com

ရေးထား၍ မှတ်သားပြောဆိုကြသည်။ ထိုစကားသည် ကျမ်းဂန်၌ မလာ။ ကျမ်းဂန်လာသည်မှာ-

ကာလုဒါယိထေရ် ပင့်ဆောင်၍ ကပိလဝတ်ပြည်သို့ ရောက်လျှင် "သိဒ္ဓတ္ထမင်းသားသည် ငါတို့ တူ,သား,ညီမျှသာ ဖြစ်သည်။ ငါတို့ ရှိမခိုးပြီ"ဟု နေကြသည်တွင် ဆွေတော်, မျိုးတော်တို့၏ အစည်းအဝေး၌ သာဝတ္ထိပြည်တွင် ပြသော တန်ခိုးပြာဋိဟာန့်တူသော တန်ခိုးပြာဋိဟာကို ပြတော်မူရာတွင်မှ ဆွေတော်,မျိုးတော်တို့ ပူဇော်ရှိခိုးကြ၍ ဤမျှလောက်သော မဖြစ်ဖူးမြဲ အံ့ဖွယ်သရဲကို မြင်လျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ရိုသေစွာ ရှိခိုးလျက် အရှင်ဘုရား ဖွားတော်မူသည့်နေ့ 'ဒေဝိလရသေ့ကို ရှိခိုးစေအံ့'ဟု ဆောင်ယူရာ အရှင်ဘုရား၏ ခြေတော်သည် ရသေ့ဦးခေါင်းပေါ်၌ တည်သည်ကို မြင်၍ ရှေးဦးစွာ ရှိခိုးကြောင်းကို-

ဘန္တေ တုမှာကံ ဇာတဒိဝသေ ကာလဒေဝိလဿ ဝန္ဒနတ္ထံ ဥပနီတာနံ ဝေါ ပါဒေ ပရိဝတ္တေတွာ ဗြာဟ္မဏဿ မတ္ထကေ ပတိဋ္ဌိတေ ဒိဿာပိ၊ အဟံ တုမှာကံ ပါဒေ ဝန္ဒိံ၊ အယံ မေ ပဌမဝန္ဒနာ။ -

ဟူ၍ လာ၏။

နောက် မင်္ဂလာလယ်ထွန်သောနေ့ သပြေပင်ရိပ်၌ အိပ်၍နေသော အရှင်ဘုရားအား သပြေပင်ရိပ်သည် မပြောင်းမရွေ့သည်ကို မြင်၍ ၂-ကြိမ်မြောက်သော ရှိခိုးခြင်းဖြင့် ရှိခိုးကြောင်းကို-

ဝပ္ပမင်္ဂလဒိဝသေစ ဇမ္ဗုဆာယာယ သိရိသယနေ နိပန္နာနံ ဝေါ ဇမ္ဗုဆာယာယ အပရိဝတ္တနံ ဒိဿာပိ ပါဒေ ဝန္ဒိံ၊ အယံ မေ ဒုတိယဝန္ဒနာ-

ဟူ၍ လာသည်။

ယခုအခါ ဤကဲ့သို့ မမြင်စဖူးသော အဒ္ဓိဋ္ဌပုဗ္ဗပါဋိဟာရိယကို မြင်၍ အရှင်ဘုရား ခြေတော်ကို ၃-ကြိမ်မြောက်သော ရှိခိုးခြင်းဖြင့် ရှိခိုးကြောင်းကို-

ဣဒါနိ ပန ဣမံ အဒ္ဓိဋ္ဌပုဗ္ဗံ ပါဋိဟာရိယံ ဒိဿာပိ အဟံ တုမှာကံ ပါဒေ ဝန္ဒာမိ၊ အယံ မေ တတိယဝန္ဒနာ - (အပ၊၅၊၁။၁၀၄)

ဟူ၍ အပဒါန်အဋ္ဌကထာ, ဝိနည်းမဟာဝါအဋ္ဌကထာ၊ ဇိနာလင်္ကာရ-စသောကျမ်းတို့၌ လာသည်ကို ထောက်လျှင် ဘုရားအလောင်း ပဋိသန္ဓေနေစဉ်ကပင် သုဒ္ဓေါဒနမင်းကြီး ရှိခိုးသည်-ဟု စာစောင်ငယ်များတွင် ရေးထား၍ မှတ်သားကြသော စကားကို စကားပို, စကားလွန်-ဟု မှတ်ရာသည်။

http://www.dhammadownload.com

(၃) မဟာမောဂ္ဂလ္လာန်ထေရ်သခင် အရှင်ရဟန္တာပုဂ္ဂိုလ်ကြီးကို ငရဲမီးလိုက်ကြောင်း, မိခင်ရင်သား၊ သမြတ်ဖျားတွင်၊ စွန်းငြားအရက်၊ မိခင်နို့ကို စို့သည်တွက်ကြောင့် ဝိပါက်တော်ပါကြောင်းများနှင့် အများလူရှင် အမြင်မှောက်မှား စကားကို ရှာကြံ၍ ပြောပြန်ကြသည်မှာ ကျမ်းဂန်တွင် မပါ,မလာသော စကားဖြစ်၍ မဟုတ်မမှန် ဖောက်ပြန်ချွတ်လွဲသော စကား-ဟု မှတ်ရာ၏။

ကျမ်းဂန် မလာသည်သာ မဟုတ်သေး။ တရားသဘောကို နှိုးနှောင်၍ နေရာကကို ထောက်ဆပြန်လျှင် အရှင်မြတ်သည် ငယ်ရွယ်သူပကတိ မသိသောကာလ မိခင်ရင်သား၊ သမြတ်ဖျားတွင်၊ စွန်းငြားအရက်၊ မိခင်နို့ကို စို့မိသည့်အတွက်နှင့် ဝိပါက်တော်ပါသည် ဆိုရမည်လည်း ပုထုဇဉ်ကာလ ပြုခဲ့ကြသော မကောင်းမှုအကုသိုလ်ကံ-ဟူသမျှကို အရိယာမဂ်ရေဖြင့် စင်အောင် ဆေးလျှော်ပယ်စွန့်တော်မူပြီးရကား မောဂ္ဂလ္လာန်ထေရ်သခင် အရှင်ရဟန္တာကြီးကို အကုသိုလ်တရားသည် အပါးသို့ ချဉ်းကပ်နိုင်မည် မဟုတ်။ ဤကဲ့သို့သော အရာကို အရိယာ-ဟူသမျှမှာပင် တူကြလေသည် မှတ်ရမည်။

အကယ်၍ကား ရဟန္တာသခင် အရှင်မောဂ္ဂလ္လာန်ကို ငရဲမီးလိုက်သည့်အရာကို ထားဘိဦး။ အရက်သေစာ များစွာသောက်စားလျက် အရက်ရည်နှင့်တကွ ငရဲခွင်သို့ ရောက်ငြားသော်လည်း ၅-ပါးသော ဂတိတွင် နိရယပဋိသန္ဓေနေသည်သူ မဟုတ်ခဲ့က ငရဲမီးသည် အချည်းနှီးပင်၊ လောင်ချင်တိုင်း လောင်တော့မည် မဟုတ်။ ယင်းသို့ဖြစ်လျက် အနက်သဘာဝ ပရမတ္ထဓမ္မ မုချဆတ်ဆတ်ကို အတတ်မသိကြသူတို့က မတွေးမထောက်, မကြောက်မလန့်၊ ဝံ့ဝံ့စားစား၊ မဟာမောဂ္ဂလ္လာန်ထေရ်သခင် အရှင်ရဟန္တာပုဂ္ဂိုလ်ကြီးကို ငရဲမီး လိုက်ပြန်ခဲ့သည်-ဟု တုတုပပ ပြောဆိုကြသော စကားကို ပယ်ရှားတွန်းလှန်၍ ကျမ်းဂန်လာတိုင်းကို မှတ်ရာသည်။

ကျမ်းဂန်လာသည်မှာ "အကြင်အခါ မဟာထေရ်မြတ်သည် ငရဲပြည်သို့ ဒေသစာရီလှည့်လည်ကြွသွားတော်မူပြီးလျှင် လှည်းဘီးစက်ပမာ ပဒုမာကို ကောင်းစွာ ဖန်ဆင်းလျက် သီတင်းသုံးနေတော်မူ၍ ငရဲသူသတ္တဝါတို့အား တရားကောင်းကြီး ချီးမြှင့်တော်မူသဖြင့် မိုးကြီး သည်းစွာရွာစေတော်မူပြီးမှ ငရဲမီး ငြိမ်းစေ၍ ရေကို သောက်ချိုးလျက် တန်ခိုးတော်၏ အာနိသံ ခံရကြောင်းကို-

ယဒါ ဟိ မဟာမောဂ္ဂလ္လာနတ္ထေရော နိရယေ ပဒုမံ မာပေတွာ ပဒုမကဏ္ဏိ-ကာယ နိသိန္နော နေရယိကာနံ ဓမ္မံ ကထေတိ။ တဒါ တေသံ ထေရံ ပဿန္တာနံ ကုသလဝိပါကံ စက္ခုဝိညာဏံ ဥပ္ပဇ္ဇတိ၊ သဒ္ဒံ သုဏန္တာနံ သောတဝိညာဏံ၊ စန္ဒနဝနေ ဒိဝါဝိဟာရံ နိသိဒိတွာ ဂတာသစိဂရဂန္ဓယာယနကာလေ ယာန-

http://www.dhammadownload.com

ဝိညာဏံ၊ နေရယဂ္ဂိ နိဗ္ဗာပေတုံ ဒေဝံ ဝဿာပေတွာ ပါနီယဒါနကာလေ ဇိဝှါ-
ဝိညာဏံ၊ မန္ဒမန္ဒဝါတသမုဋ္ဌာပနကာလေ ကာယဝိညာဏန္တိ(အဘိ၊၄၊၁။၃၁၆) –

ဟု ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ၁၀-ကြောင်းရှေး၊ ၄-အင်္ဂါ, ၄င်း-ချပ်တွင် ဗုဒ္ဓယောသမဟာထေရ် ဗုဒ္ဓမတညုပုဂ္ဂိုလ် မိန့်ဆိုဖွင့်လှစ်တော်မူသောအရာ မြန်မာ့ဘာသာ အတ္ထယောဇနာကား-

ယဒါ၊ အကြင်အခါ၌။ မောဂ္ဂလ္လာနထေရော၊ အရှင်မောဂ္ဂလ္လာန်ထေရ်သည်။ နိရယေ၊ ငရဲ၌။ ပဒုမံ၊ ပဒုမာကို။ မာပေတွာ၊ ဖန်ဆင်းတော်မူလတ်၍။ ပဒုမကဏ္ဏိကာယ၊ ပဒုမာ၏အချက်၌။ နိသိန္နော၊ နေတော်မူလျက်။ နေရယိကာနံ၊ ငရဲသူသတ္တဝါတို့အား။ ဓမ္မံ၊ တရားကို။ ကထေတိ၊ ဟောတော်မူပေ၏။ တဒါ၊ ထိုအခါ၌။ ထေရံ၊ အရှင်မောဂ္ဂလ္လာန်ထေရ်ကို။ ပဿန္တွာန၊ မြင်ကြ, ရှုကြကုန်သော။ တေသံ၊ ထိုငရဲသူသတ္တဝါတို့အား။ ကုသလ-ဝိပါကံ၊ ကုသိုလ်၏အကျိုးဖြစ်သော။ **စက္ခုဝိညာဏံ၊** စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

သဒ္ဒံ၊ တရားတော်သံကို။ သုဏန္တွာန၊ နာကြကုန်သော။ တေသံ၊ ထိုငရဲသူသတ္တဝါတို့အား။ ကုသလဝိပါကံ၊ ကုသိုလ်၏ အကျိုးဖြစ်သော။ **သောတဝိညာဏံ၊** သောတဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

စန္ဒနဝနေ၊ စန္ဒကူးတော၌။ ဒိဝါဝိဟာရံ၊ နေ့နေတော်မူခြင်းကို။ နိသိဒိတွာ၊ နေတော်မူ၍။ အာဂတတ္တာ၊ ကြွတော်မူလာလေသည်၏ အဖြစ်ကြောင့်။ သုဂတစီဝရဂန္ဓံ၊ မြတ်စွာဘုရား သင်္ကန်းတော်နံ့ကို။ ဃာယနကာလေ၊ နမ်းကြသောအခါ၌။ ကုသလဝိပါကံ၊ ကုသိုလ်၏အကျိုးဖြစ်သော။ **ဃာနဝိညာဏံ၊** ဃာနဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

နေရယဂ္ဂိ၊ ငရဲမီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ ဒေဝံ၊ မိုးကို။ ဝဿာပေတွာ၊ ရွာစေတော်မူလတ်၍။ ပါနီယဒါနကာလေ၊ ရေကို ပေးသောအခါ၌။ ကုသလဝိပါကံ၊ ကုသိုလ်၏အကျိုးဖြစ်သော။ **ဇိဝှါဝိညာဏံ၊** ဇိဝှါဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

မန္ဒမန္ဒဝါတသမုဋ္ဌာပနကာလေ၊ ညင်းညင်းသော လေကို လာစေသောအခါ၌။ ကုသလဝိပါကံ၊ ကုသိုလ်၏ အကျိုးဖြစ်သော။ **ကာယဝိညာဏံ၊** ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ရှင်မောဂ္ဂလ္လာန်သည် ငရဲသို့ ကြွတော်မူသောကာလ ဣဒ္ဓိပါဋိဟာရိယ တန်ခိုးတော်အာနုဘာဝကြောင့် ငရဲမီး ငြိမ်းရကြောင်းကိုသာ ကျမ်းဂန်လာသော အနက်သဘာဝ ပရမတ္ထမမှ မုချဆတ်ဆတ်ကို အတပ်မသိကြသူတို့က မတွေးမထောက်၊ မကြောက်မလန့်၊ ဝံ့ဝံ့စားစား မဟာမောဂ္ဂလ္လာန်ထေရ်သခင် ရဟန္တာပုဂ္ဂိုလ်ကြီးကို ငရဲမီးလိုက်ပြန်ခဲ့သည်ဟု တုတ့,ပပ၊ သူ,ငါက စ၊ ပြောဆိုသောစကားကို အပိုအမှား အလကား-ဟူ၍ မှတ်ရမည်။

http://www.dhammadownload.com

ယင်းသို့ ဖြစ်၍ အယူဖောက်ပြန်လျက် အမှန်ကို မသိနိုင်ကြသောကြောင့် ဝိစိကိစ္ဆာတည်းဟူသော သလာဖြင့် ဖုံးလွှမ်းကြကုန်သော အမျိုးသားတို့အား အဝိဇ္ဇန္ဓကာရတည်းဟူသော အမိုက်မှ အလင်းကို ရ၍ မုချဇကန် အမှန်ကို သိကြစေခြင်းငှာ ၅-ဖြာရန်ဒိမ်မာရဇိန်၏ နှိုင်းချိန်မြွက်ဟော် တရားတော်တည်းဟူသော ရတနာတန်ဆောင်ကို ညှိထောင်၍ လင်းအောင် ပြလိုက်သည်။

၁၂၃၁-ခု၊ နယုန်လပြည့်ကျော်၊ ၁-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

ရတနာပူရ အင်းဝပန်းပဲတန်းနေ ဒါယကာမောင်ကြာညို-က ဂရုဓမ္မတရား ၅-ပါး, ၈-ပါးကို ကွဲပြားသေချာ သိလိုပါကြောင်းနှင့် မေးလျှောက်ချက်

[၃] "ဘုရားတပည့်တော် ရတနာပူရ အင်းဝပန်းပဲတန်းနေ ဒကာကြီးကြောညို လျှောက်ပါသည် ဆရာတော်ဘုရား။

'ဂရုဓမ္မတရား ၅-ပါးဟူ၍ ဆရာသခင် အရှင်ဘုရားတို့ ဟောကြားပြသသည်များကို မှတ်သားနာခံခဲ့ဖူးပါသည်။ ဆရာတော်ဘုရား ဖြေဆိုအမိန့်ရှိတော်မူလိုက်သော သာသနာ ၅,၀၀၀-စကားရပ်တွင် **ဂရုဓမ္မတရား ၈-ပါး**-ဟူ၍ ပါရှိပြန်သောကြောင့် ဂရုဓမ္မတရား ၅-ပါးဆိုသည် ဟုတ်မည်, ၈-ပါးဆိုသည် ဟုတ်မည်ကို အသေအချာ သိမှတ်ပါရအောင် ပါဠိ,အဋ္ဌကထာ ကျမ်းဂန်လာတိုင်း အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

ရတနာပူရ အင်းဝပန်းပဲတန်းနေ ဒါယကာမောင်ကြာညို လျှောက်ထားချက်အရ-

[၃] ဂရုဓမ္မတရား ၅-ပါး၊ ဂရုဓမ္မတရား ၈-ပါးတို့၏ အကွဲအပြား အထူးအခြား ရှိ,မရှိ ဆိုရာ၌ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ ဟသ်ာကို သတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူသော ၅၅၀-တိကနိပါတ်၊ ၂၆-ခုမြောက်သော **ဂရုဓမ္မဇာတ်**၌ ကုရုရာဇ်တိုင်း၊ ကွန္ဒပတ္ထနဂိုရ်ပြည်တွင်

http://www.dhammadownload.com

ဓနဥ္ဇယကောရဗျမင်းသား ဘုရားအလောင်းတော် မင်းပြုသောအခါ မင်းကျင့်တရား ၁၀-ပါး, ၅-ပါးသော ဂရုဓမ္မတို့နှင့် ပြည့်စုံကြောင်းကို-

ဒသရာဇဓမ္မေ အကောပေတွာ ဂရုဓမ္မေ ပတိဋ္ဌာတိ၊ ဂရုဓမ္မော နာမ ပဉ္စသီလာနိ ရက္ခိတာနိ၊ ဗောဓိသတ္တော ပရိသုဒ္ဓါနိ ကတွာ ရက္ခတိ။

ဟူ၍ လာသောကြောင့် ဂရုဓမ္မတရား ၅-ပါးဆိုရာ၌ ၅-ပါးသီလကို မှတ်ရာ၏။

ဒသရာဇဓမ္မေ၊ ၁၀-ပါးသော မင်းကျင့်တရားတို့ကို။ အကောပေတွာ၊ မပျက်စေမူ၍။ ဂရုဓမ္မေ၊ ဂရုဓမ္မတရား ၅-ပါး၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ဂရုဓမ္မော နာမ၊ ဂရုဓမ္မတရား ၅-ပါးမည်သည်ကား။ ပဉ္စသီလာနိ၊ ၅-ပါးသော သီလတို့ကို။ ရက္ခိတာနိ၊ စောင့်ရှောက်အပ်ကုန်၏။ ဗောဓိသတ္တော၊ ဘုရားအလောင်းတော်သည်။ ပရိသုဒ္ဓါနိ၊ စင်ကြယ်သည်တို့ကို။ ကတွာ၊ ပြု၍။ ရက္ခတိ၊ စောင့်၏။ ဤသို့ အနက်ပေး။

ဂရုဓမ္မတရား ၈-ပါးဆိုသည်မှာ သာသနာ ၅၀၀၀-ခန်းတွင်ပါသော မိထွေးတော် ဂေါတမီကို အကြောင်းပြု၍ ဘိက္ခုနီမတို့အား ပညတ်တော်မူအပ်သော ဂရုဓမ္မတရား ၈-ပါးတည်း။ ထို့ကြောင့် လူတို့မှာ ဂရုဓမ္မတရား ၅-ပါး၊ ရဟန်းမိန်းမတို့မှာ ဂရုဓမ္မတရား ၈-ပါး၊ ဤသို့ ဂရုဓမ္မတရား ၂-ထွေ ၂-ပါး ကွဲပြားသည်ကို ခြားနား၍ မှတ်ရာ၏။

သက္ကရာဇ် ၁၂၃၁-ခု၊ နယုန်လပြည့်ကျော်၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

မန္တလေးမြို့၊ အနောက်ပြင်အပိုင်၊ အမရဋ္ဌာနီရပ်နေ သူရဲတပ်မှူးသွေးသောက်ကြီးတို့နှင့် ဒုတ်ရဲတပ်နေ ဒါယကာတို့က ပုဏ္ဏကဘီလူး စီးနင်းသော မြင်းသည် စိတ်ထက် မြန်သည်, မမြန်သည်-ဟူသော စကားကို လျှောက်ထားချက်

[၄] "ဘုရားတပည့်တော် သူရဲတပ်မှူးသွေးကြီးတို့နှင့် ဒုတ်ရဲတပ်နေ ဒါယကာကြီး,ငယ်တစ်စုတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

ဝိဓုရဇာတ်တော်တွင် ပုဏ္ဏကနတ်ဘီလူး စီးနင်းသော နတ်မြင်းပျံသည် လူတို့ စိတ်ထက် မြန်သည်, မမြန်သည်-ဟု ၂-ထွေစကား ကွဲပြားပြောဆိုကြပါသည်။

http://www.dhammadownload.com

ထိုစကားကို ကျမ်းဂန်အသေအချာနှင့် နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

တပ်မှူးသွေဒံကြီးဒါယကာတို့က လျှောက်ထားချက်အရ-

[၄] တပ်မှူးသွေးသောက်ကြီး ဒါယကာတို့ လျှောက်ချက်အရ ကျမ်းဂန်လာသောအရာကို မတွေ့,မသိက ဆိုမိချို့မှ်မည်။ စိတ္တုပ္ပါဒ်ထက်ပင် နတ်မြင်းပျံက မြန်နိုင်တော့မည်လား-ဟု ကျမ်းဂန်လိမ္မာ စာသိပေမြင် အရှင်ဘုရား အချို့က ဆိုမှားရှိတော်မူကြသည်။ ဆိုမှားရှိတော်မူကြသော်လည်း ဝိဓုရဇာတ်တော်တွင်-

မနော မနုဿဿ ယထာပိ ဂစ္ဆေ၊ တတောပိ'ဿ ခိပ္ပတရံ အဟောသိ။
သော ပုဏ္ဏကော ကုရုနံ ကတ္တုသေဋ္ဌံ၊ ဥပါနယိ နဂရံ ဣန္ဒပတ္ထံ။ ။

ဟူ၍ ဟောတော်မူသည်။

မနုဿဿ၊ လူ၏။ မနော၊ စိတ်သည်။ ယထာပိ၊ အကြင်အခြင်းဖြင့်လည်း။ ဂစ္ဆေ၊ သွားရာ၏။ တတောပိ၊ ထိုလူတို့စိတ် သွားသောထက်လည်း။ အဿ၊ ထိုမနောမယ သိန္ဓဝမြင်း၏။ ဂမနံ၊ သွားခြင်းသည်။ ခိပ္ပတရံ၊ လျင်မြန်သည်။ အဟောသိ၊ ဖြစ်၏။ သော ပုဏ္ဏကော၊ ထိုပုဏ္ဏကနတ်ဘီလူးသည်။ ကုရူနံ၊ ကုရုတိုင်းသူတို့၏။ ကတ္တုသေဋ္ဌံ၊ အမတ်မြတ်ကို။ ဝါ၊ အမတ်ဖြစ်သော ဝိဓုရသုခမိန်ကို။ ဣန္ဒပတ္ထံ၊ ဣန္ဒပတ္ထမည်သော။ နဂရံ၊ မြို့သို့။ ဥပနယိ၊ ဆောင်လေ၏။

ထိုပါဠိတော်၏အရကို ထင်စွာ ပြတော်မူလိုသော ဗုဒ္ဓမတညုအဋ္ဌကထာဆရာသည်-

တတ္ထ ယထာပိ ဂစ္ဆေတိ မနော နာမ ကိဉ္စာပိ န ဂစ္ဆတိ၊ ဒူရေ အာရမ္မဏံ ဂဏှန္တော ပန ဂတောတိ ဝုစ္စတိ၊ တသ္မာ မနသာ အာရမ္မဏဂ္ဂဟဏတောပိ ခိပ္ပတရံ တဿ မနောမယသိန္ဓဝဿ ဂမနံ အဟောသီ'တိ ဧဝံ'မေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော-

ဟူသော ပါဠို(ဇာ၊၄၊၇။၂၃၄)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ တိသဲ့ ပါဠိယဲ့၊ ထို"မနော မနုဿဿ ယထာပိ ဂစ္ဆေ"အစရှိသော ပါဠိတော်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့ ဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ မနော နာမ၊ စိတ်မည်သည်ကား။ ကိဉ္စာပိ န ဂစ္ဆတိ၊ အကယ်၍ကား မသွားဘူးရှင့်။ ပန တထာပိ၊ ထိုသို့ မသွားသော်လည်း။ ဒူရေ၊ ဝေးသောအရပ်၌။ ဌိတံ၊ တည်သော။ အာရမ္မဏံ၊ အာရုံကို။ ဂဏှန္တော ပန၊ ယူသည်ကိုကား။ ဂတောတိ၊ သွားသည်ဟူ၍။ ယသ္မာ၊ အကြင်

http://www.dhammadownload.com

ကြောင့်။ ဝုစ္စတိ၊ ဆိုရ၏။ တသ္မာ၊ ထို့ကြောင့်။ မနသ၊ စိတ်၏။ အာရမ္မဏာဂ္ဂဟဏတောပိ၊ အာရုံကို ယူသည်နှင့်တကွ။ ဝါ၊ အာရုံကိုယူသည်ထက်လည်း။ ဝါ၊ အာရုံကို သိသည်ထက်လည်း။ တဿ မနောမယသိန္ဓဝဿ၊ ထိုမနောမယမည်သော သိန္ဓဝမြင်း၏။ ဂမနံ၊ သွားခြင်းသည်။ ခိပတရံ၊ လျင်မြန်သည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ ဧတ္ထ၊ ဤပါဠိတော်၌။ ဧဝံ အယမေဝ အတ္ထော၊ ဤသို့သော အနက်ကိုသာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဤဝိဓုရဇာတ်တော်၌သာ လူစိတ်ထက် နတ်စိတ်မြန်ကြောင်းကို ဘုရားဟောတော်မူသည် မဟုတ်သေး။ သိက္ခာပစ္စက္ခာတကို ပြရာ ဝိနည်းပါဠိတော်၌လည်း “ဒေဝတာယ သန္တိကေ သိက္ခံ ပစ္စက္ခာတိ၊ အပ္ပစ္စက္ခာတာ ဟောတိ သိက္ခာ”ဟု လူစိတ်ထက်, နတ်စိတ်မြန်သောကြောင့် နတ်တို့ထံ သိက္ခာချခြင်းကို ပယ်တော်မူသောအားဖြင့် ဘုရားဟောတော်မူသေး၏။ *(ဒေဝတာယ၊ နတ်၏။ သန္တိကေ၊ အထံ၌။ သိက္ခံ၊ သိက္ခာကို။ ပစ္စက္ခာတိ၊ ချအံ့။ သိက္ခာ၊ သိက္ခာသည်။ အပ္ပစ္စက္ခာတာ၊ မချသည်မည်သည်။ ဟောတိ၊ ဖြစ်၏။)*

ဤပါဠိတော် အဓိပ္ပါယတ္ထကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်–

> ဒေဝတာယ သန္တိကေတိ ဘုမ္မဒေဝတံ အာဒိံ ကတ္တာ ယာဝ အကနိဋ္ဌဒေဝတာယ သန္တိကေ ပစ္စက္ခာတာပိ အပ္ပစ္စက္ခာတာဝ ဟောတိ– ဒေဝတာယ သန္တိကေ အတိဓိပ္ပံ ဇာနနဘာဝေန။ ဒေဝတာ နာမ မဟာပညာ တိဟေတုကပဋိသန္ဓိကာ အတိဓိပ္ပံ ဇာနန္တိ၊ စိတ္တဉ္စ နာမေ'တံ လဟုပရိဝတ္တံ၊ တသ္မာ စိတ္တလဟုကဿ ပုဂ္ဂလဿ စိတ္တဝသေနေဝ မာ အတိဓိပ္ပံ ဝိနာသော အဟောသီ'တိ ဒေဝတာယ သန္တိကေ သိက္ခာပစ္စက္ခာနံ ပဋိက္ခိပိ–

ဟူသောပါဠိ(ဝိ၊၆။၂၂၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသည်။

ဒေဝတာယ သန္တိကေတိ၊ ‘ဒေဝတာယ သန္တိကေ’-ဟူသည်ကား။ ဘုမ္မဒေဝတံ၊ ဘုမ္မစိုးနတ်ကို။ အာဒိံ ကတ္တာ၊ အစပြု၍။ ယာဝ အကနိဋ္ဌဒေဝတာယ၊ အကနိဋ္ဌတိုင်အောင် သောနတ်၏။ သန္တိကေ၊ အထံ၌။ သိက္ခာ၊ သိက္ခာကို။ ပစ္စက္ခာတာပိ၊ သိက္ခာချသော်လည်း။ အပ္ပစ္စက္ခာတာဝ၊ သိက္ခာချသည် မမည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဒေဝတာယ၊ နတ်၏။ သန္တိကေ၊ အထံ၌။ သိက္ခာပစ္စက္ခာနံ၊ သိက္ခာချခြင်းသည်။ အတိဓိပ္ပံ၊ အလွန်လျင်စွာ။ ဇာနနဘာဝေန၊ သိသည်၏ အဖြစ်ကြောင့်တည်း။ ဒေဝတာ နာမ၊ နတ်တို့မည်သည်ကား။ မဟာပညာ၊ ပညာကြီးကုန်၏။ တိဟေတုကပဋိသန္ဓိကာ၊ တိဟိတ်ပဋိသန္ဓေ နေကုန်၏။ အတိဓိပ္ပံ၊ အလွန်လျင်စွာ။ ဇာနန္တိ၊ သိကုန်၏။ ဧတံ စိတ္တံ နာမ၊ ဤစိတ်မည်သည်ကား။ လဟုပရိဝတ္တံ၊ လျင်သောဖြစ်ခြင်း ရှိ၏။ တသ္မာ၊

http://www.dhammadownload.com

ထို့ကြောင့်။ စိတ္တလဟုကဿ၊ စိတ်လျင်မြန်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ စိတ္တဝသေနေဝ၊ စိတ်၏အစွမ်းဖြင့်သာလျှင်။ အတိခိပ္ပံ၊ အလွန်လျင်စွာ။ ဝိနာသော၊ ပျက်စီးခြင်းသည်။ မာ အဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့ နှလုံးသွင်းတော်မူ၍။ ဒေဝတာယ၊ နတ်၏။ သန္တိကေ၊ အထံ၌။ သိက္ခာပစ္စက္ခာနံ၊ သိက္ခာချခြင်းကို။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။

ပုဏ္ဏကနတ်ဘီလူးစီးသော မြင်းသည် နတ်မြင်းဖြစ်၍ ၁-ဝိထိ, ၁-ဝိထိအကြား၌ ဘွင်(ဘဝင်) အနည်းငယ်မျှသာ ခြား၏။ ဝိထိဇောဝါရသို့ သက်ခြင်းကြောင့် ဝိညတ် လျင်စွာဖြစ်သည်။ ဝိညတ် လျင်စွာဖြစ်ခြင်းကြောင့် ဝိညတ်၏အကျိုးဖြစ်သော ပြေးခြင်းကိရိယာ လျင်မြန်သည်။ ထိုစကား မှန်၏။ ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း-အစရှိသော အမူအရာ-ဟူသမျှသည် ဝိညတ်ကြောင့်သာ ဖြစ်၏။ ဝိညတ်၏အကျိုးသာတည်း။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌-

အဘိက္ကမာဒယော ဟိ ဝိညတ္တိဝသေန <u>ပဝတ္တတ္တာ</u> ဝိညတ္တိဖလံ နာမ-

ဟူသော ပါဠို(အဘိ၊ဋ္ဌ၊၁။၃၆၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသည်။

ဟိ သစ္စံ၊ မှန်၏။ အဘိက္ကမာဒယော၊ ရှေ့သို့တက်ခြင်း အစရှိသည်တို့သည်။ ဝိညတ္တိဝသေန၊ ဝိညတ်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိညတ္တိဖလံ နာမ၊ ဝိညတ်၏ အကျိုးမည်၏။

ဤပါဠိအဋ္ဌကထာတို့၏အရ အဓိပ္ပါယ်အကျယ်ကား **ဝိမလာမည်သော နဂါးမကို** တရားဟောပြီး၍ **ကောရပွမြို့**သို့ ပို့လိုက်အံ့သောဌာ **ဝိဓုရသုခမိန်**ကို မြင်းပေါ်၌ စီးစေ၍ **ဣရန္ဓတီ**ကိုလည်း အသင့်နေစေပြီးမှ နဂါးမင်းကြီးကို နှုတ်ခွန်းအဆက် မြင်းပေါ်သို့လည်း အတက် ကောရပွသို့ အထွက်မှာ တစ်ချက်တည်းကဲ့သို့ ကျသည် ယူရမည်။

သည်ကို ရည်၍ ဝိဓူရကဗျာ၊ **သာဓုနရခန်း**တွင်-

"တိုင်းဆမယုတ်၊ ၃-ဂါဝုတ်တည့်၊ သုတ်သုတ်လျင်ထန်၊ စိတ်ထက်မြန်သည်၊ ကြောက်ကန်ပြင်းပြင်း၊ သိန္ဓင်းမြင်းကို၊ စီးနင်းမိုးပြင်၊ စိုင်းကာနှင်သည်၊ ငါ့တွင် ပြစ်မဲ့၊ အညှိုးဖွဲ့၍၊ ငရဲသက်နှံ၊ ကျင့်စိတ်ဆွဲသည်၊ ကျော်သံမစဲ၊ နတ်သူရဲ"ဟူ၍လည်းကောင်း

ကောရပွပြည်-ပြန်ခန်းတွင်-

"ယင်းသို့ ချီသာ၊ နှုတ်ဝါစာနှင့်၊ ပတ္ထနာသွေးငင်၊ ကောင်းချီးတင်၍၊ လူခွင်ရပ်ဌာန်၊ ပြန်ပိမ့်ဟူသော်၊ အိမ်သူကျင်တန်၊ ဣရန်ကိုကား၊ နောက်က ထားမှ၊ လေးပါးသစ္စာ၊

http://www.dhammadownload.com

ပွင့်လျှက်ကိုလျှင်၊ ရှေ့ကတင်၍၊ လျင်လျင်မနေ၊ နှင်တုံလေသော်၊ ဝေဝေသားသား၊ မှင်ဖားဖားနှင့်၊ အသွားကုန်စင်၊ စိတ်ထက်လျင်သည်၊ ယာဉ်ညင်မြင်းလှ၊ အာဇညထက်၊ တက်စီးမိကာ၊ ပြည်သာအတွင်း၊ ရောက်လေလျင်းသော်၊ နတ်မင်းရွယ်ဗျို့၊ ဤသို့ ဆိုဇ၏"-ဟူ၍ လည်းကောင်း စပ်ဆိုလေသည်။

ထို့ကြောင့် **မနောမယသိန္ဓဝနတ်မြင်းပျံကို "စိတ်ထက်ပင် မြန်ရမည်လား"**ဟု မစဉ်း မစား ပြောဆိုကြသည်များသည် ကျမ်းဂန်ပါဠို ရှိသည်များကို မတွေ့မသိ မရိပ်မိ၍သာ ဆိုရှာပလေသည် မှတ်ရမည်။

သက္ကရာဇ် ၁၂၃၁-ခု၊ နယုန်လပြည့်ကျော်၊ ၆-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

ဒီပဲယင်းမြို့၊ တူမောင်းရွာဇာတိ၊ ပဝတ္တိရတနာပုံရွှေမြို့တော်၊ နောက်မျက်နှာအပိုင်၊ အမရဋ္ဌာနီရပ်၊ သူရဲစွေးနေ ဒကာမောင်ထင်-က ဝိဓုရဇာတ်လာ သိန္ဓဝအကြောင်းကို လျှောက်ထားချက်

[၅] "ဘုရားတပည့်တော် ဒီပဲယင်းမြို့၊ တူမောင်းရွာဇာတိ၊ ပဝတ္တိရတနာပုံရွှေမြို့တော်၊ သူရဲစွေးနေ ဒကာထင် ခြေတော်ဦးခိုက် လျှောက်ပါသည်ဆရာတော် ဘုရား။

'မနော မနုဿသ ယထာပိ ဂစ္ဆေ'-အစရှိသည်ဖြင့် ဟောတော်မူသော ဝိဓုရဇာတ်ပါဠိတော်၌ မနောမယမည်သော သိန္ဓဝနတ်မြင်းပျံသည် လူစိတ်ထက်ပင် လျင်မြန်ကြောင်းနှင့် ဆရာတော်ဘုရား ဟောကြားဖြေဆိုတော်မူရာ အချို့သောသူတို့က လူစိတ်ထက်ပင် နတ်မြင်းပျံက လျင်မြန်သည်ဆိုသော စကားကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ မှတ်သားပါရအောင် သဒ္ဒနယ, အတ္ထနယကို သိသာခြားနား ကွဲပြား၍ အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒါယကာမောင်ထင် လျှောက်ထားချက်အရ-

http://www.dhammadownload.com

[၅] 'မနော မနုဿဿ ယထာပိ ဂန္ဓော'-အစရှိသော ဝိဓုရဇာတ်ပါဠိတော်၏အရသဒ္ဒနယ, အတ္ထနယကို မေးလျှောက်သည်မှာ လူတို့၏စိတ်ထက် မနောမယသိန္ဓဝနတ်မြင်းပုံ လျင်မြန်ကြောင်းကို 'ခိပ္ပတရံ'ဟု ဝိသေသနအနက်၌ တရ-ပစ္စည်းသက်၍ ဟောတော်မူသည်။ ရှေ့ပုဒ်၌လည်း 'တတောပိ'ဟု ပဋမီအနက်၌ တော-ပစ္စည်းသက်၍ ဟောတော်မူသည်။ တတောပိ၊ ထိုသို့ လူ၏စိတ်သည် လျင်မြန်သည်ထက်လည်း-ဟု အနက်ယောဇနာရ၏။

"ထူးလွန်သောအရာ၌ တရ-ပစ္စည်း, တမ-ပစ္စည်း, ဣသိက-ပစ္စည်း, ဣယ-ပစ္စည်း, ဣဋ္ဌ-ပစ္စည်း, သက်ရာ၏"ဟု ရှင်မဟာကစ္စည်းဆရာ မဟာထေရ်မြတ်သည် "ဝိသေသေ တရတမိသိကိယိဋ္ဌာ"ဟု သုတ်ကို တည်တော်မူသတည်း။

ဝိသေသေ၊ ဝိသေသဖြစ်သော ထူးလွန်သောအနက်၌။ တရတမိသိကိယိဋ္ဌာ၊ တရ-ပစ္စည်း, တမ-ပစ္စည်း, ဣသိက-ပစ္စည်း, ဣယ-ပစ္စည်း, ဣဋ္ဌ-ပစ္စည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ အနက်ပေး။

ထို ၅-ပစ္စည်းတို့၏ သက်ရာ ပြယုဂ်ကို ပြတော်မူလိုသဖြင့် "**ပါပတရော၊ ပါပတမော၊ ပါဝိသိကော၊ ပါဝိယော၊ ပါဝိဋ္ဌော**"ဟု အစဉ်ကို မိန့်တော်မူသတည်း။ "**ပါပါနံ ဝိသေသေန ပါပေါတိ ပါပတရော**"ဟု ဝစနတ်ပြု။

ပါပါနံ၊ ယုတ်မာကုန်သော သူတို့အောက်။ ဝိသေသေန၊ အထူးသဖြင့်။ ပါပေါ၊ ယုတ်မာသည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါပတရော၊ ပါပတရ မည်၏။

နောက်ဝိကပ်တို့၌ နည်းတူ၊ ပစ္စည်းသာ ကွဲသည်။

> **ပါပါနံ ဝိသေသေန ပါပေါတိ ပါပတမော။ ပါပါနံ ဝိသေသေန ပါပေါတိ ပါဝိသိကော။ ပါပါနံ ဝိသေသေန ပါပေါတိ ပါဝိယော။ ပါပါနံ ဝိသေသေန ပါပေါတိ ပါဝိဋ္ဌော**-

ဟု ပြုလေ။ အနက်လည်း နည်းတူပေး။

ဤကဲ့သို့-

- ပညာရှိသောသူတို့ထက် ပညာရှိသောသူကို **ပဏ္ဍိတတရ**
- ရဲရင့်သော သူတို့ထက် ရဲရင့်သောသူကို **သူရတမ**
- လျင်မြန်သောသူတို့ထက် လျင်မြန်သောသူကို **သိယ်တမ**

http://www.dhammadownload.com

- မြန်မြတ်သော နို့ရည်ရှိသည်တို့ထက် မြိန်မြတ်သော နို့ရည်ရှိသော နွားမကို သမ္မန္နဒီရတမ
- ရှုကြည့်ချင်ဖွယ်ရှိသောသူတို့ထက် ရှုကြည့်ချင်ဖွယ်ရှိသောသူတို့ကို ဒဿနီယတမ-

ဤသို့ အစရှိသည်ဖြစ်သကဲ့သို့ ဝိသေသအနက်၌ တရ-ပစ္စည်းသက်၍ ခိပ္ပတရံ-ဟု ဟောတော်မူသည်။

"ခိပ္ပါနံ ဝိသေသေန ခိပ္ပန္တိ ခိပ္ပတရံ"ဟု ဝစနတ် ပြု။ ခိပ္ပါနံ၊ လျင်မြန်သောသူတို့၏ စိတ်ထက်။ ဝိသေသေန၊ အထူးသဖြင့်။ ခိပ်၊ လျင်မြန်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခိပ္ပတရံ၊ ခိပ္ပတရမည်၏။ ဤသို့ အနက်ပေး။

ပါပတရ၌ အောက်-ဟု အနက်ပေးသည်မှာ အယုတ်ဖြစ်၍ ပေးသည်။ သာလွန်၍ ယုတ်မာသသူကို ယူရမည်။ မြန်မာဘာသာ အခေါ်အဝေါ်များ၌ "မဟုတ်တရုတ် ပြောသည်။ မတော်တရော် လုပ်သည်။ မတော်တရော် ပြုသည်။ မတူတရူ မြင်သည်။ မထစ်တရစ် ပြောသည်"ဟု ဝိသေသအနက်၌ တရ-ပစ္စည်းသက်သော အရာကို လိုက်၍ ကာရန်မျက် ပြောဆိုကြသည်။ "မဟုတ်သည်ထက် မဟုတ်သည်ကို မဟုတ်တရုတ်, မကောင်းသည်ထက် မကောင်းသည်ကို မကောင်းတရောင်း, မတော်သည်ထက် မတော်သည်ကို မတော်တရော်, မတူသည်ထက် မတူသည်ကို မတူတရူ, နေရာမကျသည်ထက် နေရာမကျအောင် ပြော သည်, ပြုသည်ကို မထစ်တရစ် ပြောသည်"ဟု မှတ်ရမည်။

ထို့ကြောင့် "ခိပ္ပတရံ"ဟု ဝိသေသအနက်၌ တရ-ပစ္စည်းသက်၍ ဟောတော်မူသော ကြောင့် သဒ္ဒနယအားဖြင့်လည်း လူတို့စိတ်ထက် နတ်စိတ် သာလွန်၍ လျင်မြန်ကြောင်းကို သိအပ်၏။ မနောမယ ဆိုသဖြင့် နတ်တို့မှာ စိတ်အလိုနှင့် ကိုယ်အမူအရာ ကွဲပြားခြားနား သည် မရှိ၊ စိတ်-သွားရာ ကိုယ်-ပါသည်။ ထို့ကြောင့် မနောမယ မည်၏။ **မနသာ ပကတံ မနောမယံ**-ဟု ဝစနတ်ပြု။ မနသာ၊ စိတ်ဖြင့်။ ပကတံ၊ ပြီးသည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မနောမယံ၊ မနောမယ မည်၏။ မနောမယံ၊ စိတ်ဖြင့် ပြီးသည်။ ပညာနုံသသူ၊ အချို့လူတို့က ပရမတ္ထဓမ္မ-၏ သဘာဝဖြစ်အင်္ဂကို မဆင်ခြင်,မထောက်ဆ မြင်ကာမျှဖြင့် တိရစ္ဆာန်မြင်းကဲ့သို့ ထင်၍ ဉာဏ်အမြင်သေးသောကြောင့် မတွေးမဆဘဲ အလွဲချွတ်ချော်၍ တော်တော်ငြားငြား ပြောမှားမိကြလေသည်။

ပရမတ္ထဓမ္မစိတ္တုပ္ပါဒ်။ ။ဥပါဒ်, ဌီ, ဘင်ချင်း-တူသော်လည်း ဘုန်းပညာ, ပါရမီ,ဉာဏ်, ကုသိုလ်ကံ သာလွန်သောကြောင့် အဖြစ်,အချုပ် စိတ္တုပ္ပါဒ် လျင်မြန်ကြောင်းကိုလည်း အထက် သိက္ခာပစ္စက္ခတ္ထကို ပြရာ "**ဒေဝတာ နာမ မဟာပညာ တိဟေတုကာ၊ စိတ္တံ လဟုပရိဝတ္တံ**"ဟု မိန့်အပ်ပြီ။

http://www.dhammadownload.com

ပုဏ္ဏကစီးသော မြင်းသည် စတုမဟာရာဇ်နတ်တည်း။ အထက် တာဝတိံသာ-စသော နတ်ဖြစ်လျှင် အဆင့်ဆင့်တက်၍ သည့်ထက်ပင် သာလွန်ရာသေး၏။ "လူ ၁-ခွန်းလျှင် အာနန္ဒာထေရ် ၈-ခွန်း၊ အာနန္ဒာထေရ် ၁-ခွန်းလျှင် မြတ်စွာဘုရား ၁၆-ခွန်း၊ လူ ၁-ခွန်းလျှင် မြတ်စွာဘုရား ၁၂၈-ခွန်း ဆိုတော်မူနိုင်၏"ဟု ပြတော်မူရာ၌ နှုတ်တော်၏ လျင်မြန်ခြင်းသည် စိတ္တပုပ္ပါဒ် လျင်မြန်သောကြောင့်သာ လျင်မြန်၏။ ဝစီဝိညတ်သဒ္ဒရုပ်သည် စိတ္တဇရုပ်သာတည်း။

ဤသို့ ဘုန်း,ပညာ,ပါရမီကံ သာလွန်သောကြောင့် စိတ္တပုပ္ပါဒ်အစွမ်းဖြင့်သာလျှင် ထူးမြတ်သည်ကို ခပ်သိမ်းသော အရာဌာနတို့၌ပင် အသိညာဏ် ဖြစ်ရာ၏။

[လျင်မြန်သည့် အရာသည် ဝိညတ်၏ သတ္တိကြောင့်သာတည်း။ မြတ်စွာဘုရား အား ဘဝင် ၂-ကြိမ်သာ ဖြစ်၏။ သာရိပုတ္တရာမထေရ်အား ၁၆-ကြိမ် ဖြစ်၏။ ဤမှ တပါး သောသူတို့အား များစွာပင် ဖြစ်သည်။

ထို့ကြောင့် မဏိဒီပကျမ်း၌-

ဒွေ ဘဝဂ်ါနိ ဗုဒ္ဓဿ၊ သာရိပုတ္တဿ သောဠသ။
အညေသံ ပန သတ္တာနံ၊ ဘဝဂ်ါနိ ဗဟူနိပိ။ ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒွေ ဘဝဂ်ါနိ၊ ၂-ကြိမ်သော ဘဝင်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သာရိပုတ္တဿ၊ သာရိပုတ္တရာအား။ သောဠသ၊ ၁၆-ပါးကုန်သော။ ဘဝဂ်ါနိ၊ ဘဝင်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညေသံ ပန သတ္တာနံ၊ ဤမှတပါးသော သတ္တဝါတို့ အားကား။ ဗဟူနိပိ ဘဝဂ်ါနိ၊ များစွာကုန်သော ဘဝင်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

စိတ္တက္ခဏ လျင်မြန်သည်-ဆိုသည့်အရာသည် တစ်ဝိထိနှင့် တစ်ဝိထိအကြားတွင် ဘဝင်အနည်းငယ်မျှသာ ခြား၍ ဝီထိဇောဝါရသို့ ကပ်သောကြောင့် လျင်မြန်လေသည်။ ထိုစကား မှန်၏။ "လူ ၁-ခွန်းလျှင် အာနန္ဒာမထေရ် ၈-ခွန်း၊ အာနန္ဒာမထေရ် ၁-ခွန်းလျှင် မြတ်စွာဘုရား ၁၆-ခွန်း၊ လူ ၁-ခွန်းလျှင် မြတ်စွာဘုရား ၁၂၈-ခွန်း ဆိုတော်မူနိုင်၏"ဟု ပြသောအရာမှာ နှုတ်တော်၏ လျင်မြန်ခြင်းသည် စိတ္တက္ခဏလျင်မြန်သော ကြောင့်သာ လျင်မြန်၏။ ဝိညတ်, ဒွေတို့သည် စိတ္တဇ ဧကန်သာတည်း။ ဤသို့ ဘုန်း, ပညာ, ပါရမီကံ သာလွန်သောကြောင့် စိတ္တပုပ္ပါဒ်၏ အစွမ်းအားဖြင့် သာလွန်ထူးမြတ်သည်ကို ခပ်သိမ်းသော အရာဌာနတို့၌ပင် အသိညာဏ် ဖြစ်ရာ၏။

http://www.dhammadownload.com

ထို့ကြောင့် မူလပဏ္ဏာသ၊ ၂-ခု မြောက်သော သီဟနာဒဝဂ်-အစ၊ ၂-ခုမြောက်သော မဟာသီဟနာဒသုတ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ ဇိနာလင်္ကာရဋီကာကျမ်းတို့၌-

ယာဝတာ ဟိ လောကိယမဟာဇနာ ဧကံ ပဒံ ကထေန္တိ၊ တာဝတာ အာနန္ဒ-ထ္ထေရော အဋ္ဌ ပဒါနိ ကထေတိ၊ အာနန္ဒထ္ထေရေ ပန ဧကံ ပဒံ ကထေန္တေယေဝ ဘဂဝါ သောဠသ ပဒါနိ ကထေတိ၊ ဣမိနာ နယေန လောကိယမဟာဇနဿ ဧကပဒုဒ္ဓာရဏကဿေဝ ဘဂဝါ အဋ္ဌဝိသသတ ပဒါနိ ကထေတိ-

ဟူသောပါဠိ(မ၊၃၊၁၃၅)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယာဝတာ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ လောကိယမဟာဇနာ၊ လောကီလူတို့သည်။ ဧကံ ပဒံ၊ ၁-ခုသော ပုဒ်ကို။ ကထေန္တိ၊ ဆိုကုန်၏။ တာဝတာ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အာနန္ဒထ္ထေရော၊ အာနန္ဒာမထေရ်သည်။ အဋ္ဌ ပဒါနိ၊ ၈-ပုဒ်တို့ကို။ ကထေတိ၊ ရွတ်ဆိုတော်မူနိုင်၏။ အာနန္ဒထ္ထေရေ ပန၊ အာနန္ဒာမထေရ်သည်ကား။ ဧကံ ပဒံ၊ ၁-ခုသောပုဒ်ကို။ ကထေန္တေ ယေဝ၊ ဆိုစဉ်ပင်လျှင်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သောဠသ ပဒါနိ၊ ၁၆-ပုဒ်တို့ကို။ ကထေတိ၊ ရွတ်ဆိုတော်မူနိုင်၏။ ဣမိနာ နယေန၊ ဤသို့သော နည်းဖြင့်။ လောကိယမဟာဇနဿ၊ ပြကတ်သော လောကီလူတို့၏။ ဧကပဒုဒ္ဓာရဏကဿေဝ၊ ၁-ပုဒ်ကို ရွတ်ဆိုသော ခဏ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဋ္ဌဝိသသတ ပဒါနိ၊ ၂၈-ပုဒ်တို့ကို။ ကထေတိ၊ ရွတ်ဆိုတော်မူနိုင်၏။ (၁၆-ခုကို တည်း၊ ၈-ခုနှင့် မြောက်၊ ၂၈-ဖြစ်၏။ ဤသို့ မှတ်လေ။) |

ဤသို့ သဒ္ဒနယ,အတ္ထနယ၏ အစွမ်းဖြင့် လူတို့ စိတ်ထက် မနောမယသိန္ဓဝမြင်းလျင်မြန်ကြောင်းကို ကောင်းကောင်းသန္နိဋ္ဌာန ချမှတ်ရမည်။ ဝန်ကို မနိုင်သောသူတို့ ဆောင်ယူချီကြွလျှင် ကွဲရှုပျက်စီးတတ်သကဲ့သို့ ဇာလသောတုဇန အပွသုတပုဂ္ဂိုလ်တို့ ကြံစည်ယူဆလျှင် နေရာမကျဘဲ ချွတ်လွဲဖောက်ပြန်၍ အလွန်အယုတ်၊ မဟုတ်မမှန် ဖြစ်တတ်သည့် အရာကို ပညာရှိတို့ သတိနှလုံးသွင်းရာသည်။

ဒါယကာမောင်ထင် လျှောက်ချက်ကို ၁၂၃၁-ခု၊ နယုန်လပြည့်ကျော်၊ ၆-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** အဖြေ။

(ပုဒ်မ-၅၀တွင် ဤအတိုင်းပင် ထပ်မံ၍ ပါနေသည်။ | ကြိုးအတွင်း စာသားများ မပါ။ နောက်တွင် ပါမြဲဖြစ်သော ရက်စွဲမှာကား နယုန်လပြည့်ကျော် ၁၂-ရက်ဖြစ်နေသည်။)

★★★★★★★

http://www.dhammadownload.com

အမရဋ္ဌာနီရပ်၊ သူရဲစျေးနေ၊ ဒုတ်ရဲတပ်၊ ဒါယကာ မောင်ရွှေတုတ်-က စတုဓမ္မသာရပျို့လာ "သကျရူပံ"ဟု ချီသော စကားကို ခြားနား သိသာရန် ဖြေဆိုပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၆] "ဘုရားတပည့်တော် ဒုတ်ရဲတပ် ဒါယကာ မောင်ရွှေတုတ် လျှောက်ပါသည် ဆရာတော် အရှင်မြတ်ဘုရား။

အရှင်ရဋ္ဌသာရ ဆရာမဟာထေရ်မြတ်သည် စပ်ဆိုတော်မူသော စတုဓမ္မသာရကဗျာ ဩဝါဒကထာတွင်–

'သကျရူပံ၊ ကြဲကြဲသမျှ၊ တောင့်တရာရာ၊ တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူကိစ္စကို၊ ငယ်ကမသင်၊ ပျော်ပါးလွင်မူ'-စသဖြင့် စပ်ဆိုသော လင်္ကာဝယ် ရှေးဦးစွာ 'သကျရူပံ'-ဟု ချီသောအရာသည် အဘယ်ပါဠိထွက်၊ အနက်သဒ္ဒါ၊ ဂါထာပုဒ်ပါဠိ၊ ပရမတ်နှင့်၊ ပညတ်ဝေါဟာ၊ မြန်မာထုံးတမ်း၊ ကျမ်းဂန်အလာ၊ ဒေသနာနယ ဖြစ်မည်-ဟု သိမ်မွေခက်ခဲ၊ နက်နဲသောအရာကို ယူဇနာပေါင်း-၈၄,၀၀၀၊ အစောက် ဆောင်သော၊ ရွှေတောင်အလုံး၊ မြင်းမိုရ်ဖုံးသည့်၊ သဲလုံးငယ်လှ၊ သာသပကို၊ ဉာဏ နှိုက်နဲ၊ မြင်နိုင်ခဲသည်ထက်၊ လျှို့ဝှက်ခက်ခဲ၊ နက်နဲသိမ်မွေသောအရာဖြစ်ပါ၍ ကဗျာ၏ အဓိပ္ပါယ်ကို မကျယ်,မကျဉ်း၊ နှလုံးသွင်းထား၊ မှတ်သားရအောင်၊ ယူဇနာ ပေါင်း-၄,၂၀၀၊ အမြင့်ဆောင်သည့်၊ ယုဂန်တောင်စွန်း၊ နေ,လဝန်းကို၊ ဖော်ညွှန်း ထုတ်ယူ၊ ကျွန်းဇမ္ဗူတွင်၊ ဝိုလ်လူတထွေ၊ မြင်ပစေဟု၊ နဘော-မည်တွင်၊ ထက် ကောင်းကင်က၊ ထင်ထင်မကွယ်၊ ပြသောနှယ်သို့၊ နည်းသွယ်နယ၊ ဂမ္ဘီရကို၊ ညွှန်ပြ ထုတ်ဖော်၍ မိန့်တော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒါယကာမောင်ရွှေတုတ် လျှောက်ချက်–

[၆] ကိုးခန်းကဗျာလင်္ကာ-အစ "သကျရူပံ"၏ အရမှာ ၅၅၀-ဒွါဒသနိပါတ်၊ ၅-ခု မြောက်သော မဟာဇနသန္ဓဇာတ်တော်တွင် ဘုရားလောင်းတော် ဇနသန္ဓမင်းကြီးသည် ခြွေရံ, မှူးမတ်, ပရိသတ်, ဝိုလ်ပါနှင့်တကွ ဇမ္ဗူကျွန်းသူ လူဟူသမျှ သတ္တဝါအပေါင်းတို့အား ဟောကြားညွှန်ပြ ဆုံးမတော်မူသည်ကား နောင်တပူပန်ခြင်း ဖြစ်စေတတ်သော တရား ၁၀-ပါး ရှိသည်။

http://www.dhammadownload.com

၁၀-ဟူသော်ကား—

၁။ ယော်ရွယ်စဉ်ကာလက စွမ်းနိုင်သောသတ္တိ ရှိသည်ဖြစ်ပါလျက် အတတ်ပညာကို မသင်မကြားမိပါလေ။ အတတ်ပညာ မရှိသောသူအား ဥစ္စာရှာရခြင်းသည် ငြိုငြင်ပင်ပန်း ဆင်းရဲ၏-ဟု စိုးရိမ်ကြောင့်ကြ နောင်ကာလမှ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

၂။ စွမ်းပကားအားနှင့် ပြည့်စုံသောကာလ ဥစ္စာကို မရှာမီး, မဆည်းပူးမိပါလေ။ ဥစ္စာမရှိသောသူအား အသက်မွေးရခြင်းသည် အလွန်ဆင်းရဲပင်ပန်း၏-ဟု စိုးရိမ်ကြောင့်ကြ နောက်ကာလမှ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

၃။ သူနှစ်ဦးတို့၊ အထူးကျွမ်းဝင်၊ ချစ်ခင်နှစ်သက်၊ စုံမက်ကြသည့်အရာကို၊ မေတ္တာဖျက်ယွင်း၊ ကွေကွင်းကွဲပြားကြစေလို၍ ပြောဆိုကုန်းတိုက်မိသဖြင့် စိုးရိမ်ကြောင့်ကြ နောက်ကာလမှ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

၄။ သူတပါးတို့၏ အသက်ဇီဝိတိန္ဒြေကို သေအောင် သတ်ပုတ်၍ ကြမ်းကြုတ်သောအမှုကို ပြုမိလေရကား- ဝန်လေးစွာလျှ၊ ပါဏာတိပါတကို ဤကာလ, ဤအခါတွင် ငါပြုမိ၏-ဟု စိုးရိမ်ကြောင့်ကြ နောက်ကာလမှ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

၅။ သူတပါးသား,မယား၌ ပြစ်မှားကျူးလွန်မိပါက နောက်ကာလမှာ စိုးရိမ်ကြောင့်ကြ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

၆။ ပစ္စည်းဥစ္စာ၊ များစွာကြွယ်ဝ၊ လောက်ငကုံလုံ၊ ပြည့်စုံပေါများစဉ် စားသောက်သုံးစွဲကာ သူတော်တကာတို့ ထုံးတမ်း၊ လမ်းကောင်းလမ်းမှန် မကျ၊ ကုသိုလ်ကို သတိမရ၍၊ ဒါနကို စိတ်မကြဲ၊ အလျှူခံအပေါင်း၊ ဖုန်းတောင်းယာစကာ၊ တောင်းခံလာသည်ကို မကြည်မဖြူ၊ မလှူမဒါန်း၊ မပေးမကမ်းရက်၍၊ ပျောက်ပျက်ကုန်ခန်းသဖြင့် စံထားဖွေရှာ၊ မရခါမှ၊ သဒ္ဓါကြီးပေါက်၊ ဤမျှလောက် ဥစ္စာရှိစဉ်ခါက၊ ငါ-မလှူဒါန်း မပေးကမ်းဘဲ ဗရမ်းဗတာ၊ များစွာ ရွေ့ငွေ၊ ကုန်ခဲ့လေပြီ-ဟု စိုးရိမ်ကြောင့်ကြ နောက်ကာလမှ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

၇။ မြင်းမိုရ်တောင်-ဟု၊ နှိုင်းတုမရ၊ ဝိသေသဖြင့်၊ ဂုဏ်အထူး၊ တင်ပေဖူးသည်၊ ကျေးဇူးကြီးစွာ၊ မာတာ,ပိတာ၊ မိဘ ၂-ပါး၊ ထင်ရှားရှိစဉ်၊ ဝတ်ဆင်သုံးစားနိုင်သောကာလ၊ ဓနဥစ္စာ၊ ပြည့်စုံပါလျက်၊ ကောင်းစွာကြည့်ရှု၊ ပြုစုလုပ်ကျွေး၊ မွေးမြူခြင်းကို၊ မပြုခဲ့မိ၊ မိဘဥစ္စာ၊ မရှိခါမှ၊ သတိရ၍၊ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

http://www.dhammadownload.com

၈။ လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပိတာဖခင်၊ ကျေးဇူးရှင်၏၊ သွန်သင်ဆုံးမ၊ ဩဝါဒ စကားသံကို၊ မနာမခံဘဲ၊ ချွတ်လွဲကျင့်ကြံ၍၊ ပေါ့တန်ပျင်းသွပ်လျက်၊ အတတ်ပညာ၊ ဥစ္စာမရ၊ ဒါနငြင်ငြိုး၊ ကုသိုလ်သိမ်ဖျင်း၍၊ အချည်းနှီးမောယ၊ နိရတ္တက အဖြစ်ကို၊ စင်စစ်အောက်မေ့မိ၍၊ သတိရမှ၊ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

၉။ သီလဝန္တ၊ ဗဟုသုတ၊ သမဏ ဗြာဟ္မဏာ၊ ပညာရှိအပေါင်း၊ သူတော်ကောင်းတို့ကို၊ ပေါင်းဖော်ယှဉ်တွဲ၊ မှီဝဲချည်းကပ်ခြင်း မရှိ၊ မသိ,မလိမ္မာ၊ ပညာမဲ့မှန်းကို ရိပ်မိ၍၊ သတိရမှ၊ သီလဝန္တ၊ ဗဟုသုတ၊ ဥပနိဿယ၊ အမှီကောင်းတို့ကို၊ မပေါင်းဖော်, မဆက်ဆံဘဲ၊ ပြင်းထန်ပေါ့လျော့ခဲ့ချေသည်-ဟု၊ တွေးတွေးဆဆ၊ နောက်ကာလမှ၊ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

၁၀။ သုစရိတမမ္မ၊ သီလဝိသုဒ္ဓိ၊ တပစရိယကို၊ ကာလချိန်သင့်၊ အခွင့်အခါ၊ သာသည့် အခိုက်က၊ မပြုလိုက်မိဘဲ၊ ချွတ်လွဲကျင့်ကြံ ပေါ့တန်သဖြင့် အသင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရ၊ သတိသမ္မဇညနှင့် ကင်းလျက် အကျင့်ပျက်သဖြင့် သက်ရွယ်လွန်ပြီး သေခါနီးမှ သတိရ၍ နောင်တပူပန်ခြင်း ဖြစ်တတ်သည်။

ဤသို့ အခါလွန်မှ နောင်တပူပန်ခြင်း ဖြစ်တတ်သော တရား ယင်း ၁၀-ပါးကို ဟောကြားညွှန်ပြ ဆုံးမတော်မူရာ ၁၀-ဂါထာတွင် ငယ်ရွယ်စဉ်ကာလ-က စွမ်းနိုင်သော သတ္တိရှိသည်ဖြစ်ပါလျက် အတတ်ပညာကို မသင်ကြားမိပါလေ။ အတတ်ပညာ မရှိသော သူအား ဥစ္စာရှာရခြင်းသည် ငြိုငြင်ပင်ပန်း ဆင်းရဲ၏-ဟု စိုးရိမ်ကြောင့်ကြ နောက်ကာလမှ နောင်တပူပန်ခြင်း ဖြစ်တတ်သည့်အရာကို–

သက္ကရူပ် ပုရေ သန္တ၊ မယာ သိပ္ပံ န သိက္ခိတံ။
ကိစ္ဆာ ဝုတ္တိ အသိပ္ပဿ၊ ဣတိ ပစ္ဆာ'နုတပ္ပတိ။ ။

(ဇာ၊၁။၂၄၇)ဟူ၍ ဟောတော်မူသည်။

ပုရေ၊ ရှေးအခါ၌။ မယာ၊ ငါသည်။ သက္ကရူပ်၊ စွမ်းနိုင်သော သဘောသည်။ သန္တ၊ ထင်ရှားရှိလျက်။ သိပ္ပံ၊ အတတ်ကို။ န သိက္ခိတံ၊ မသင်ကြားမိပါလေ။ အသိပ္ပဿ၊ အတတ်မရှိသောသူအား။ *(ဝုတ္တိ၊ အသက်မွေးရခြင်းသည်။)* ဝိတ္တိ၊ စည်းစိမ်ဥစ္စာသည်။ ကိစ္ဆာ၊ ငြိုငြင်ပင်ပန်း၏။ ဣတိ၊ ဤသို့။ ပစ္ဆာ၊ နောက်မှ။ အနုတပ္ပတိ၊ ပူပန်တတ်၏။ သည်ကို ရည်၍–

ဉာဏဇ၊ သံသာရသို့၊ နယလေးသွယ်၊ သမုဒ်ကျယ်တွင်၊ နည်းသွယ်နယ၊ ဂမ္ဘီရကို၊ ဉာဏန္ဒိုက်နဲ့၊ ခွဲခြမ်းနှံ့စပ်၊ သိမြင်တတ်သည်၊ ရဋ္ဌသာရ၊ ပဏ္ဍိတ-ဟု၊ နာမတွင်ခေါ်၊

http://www.dhammadownload.com

ထေရ်မြတ်ကျော်ကား၊ မိန့်တော်ဒေသနာ၊ ၅၀-သာသည်၊ ၅၀၀-တွင်ထ၊ ဒွါဒသဝယ်၊ ပဉ္စမမြောက်၊ ၅-ဆင့်ရောက်၌၊ ခြီးမြှောက်ကြူးသံ၊ သုံးစောင်လှိုသည်၊ ဓမ္မသာမိ၊ မာရဇိ၏၊ နှံ့သိထင်ပေါ်၊ ပညာတော်ကို၊ ချီငေါ်သောင်းသောင်း၊ ရဟန်းပေါင်းတို့၊ အကြောင်းပြုလတ်၊ အတ္ထုပ္ပါဒ်ကြောင့်၊ ဟောမှတ် ဒေသနာ၊ မိန့်ခဲ့မှာသည်၊ မဟာဇန သန္ဓဇာတ်လာ၊ ပါဠိဂါထာ၏၊ ဥတ္တာနတ္ထ၊ မိပ္ပါယကို၊ ကြံဆသေချာ၊ သိစိမ့်ဉာဟု၊ နောင်လာထောက်ရှု၊ မြော်ထားပြု၍၊ စတုဓမ္မ၊ သာရခေါ်မှန်း၊ ကိုးခန်းမည်ရ၊ ဩဝါဒကထာ၊ ကျမ်းရွှေစာ၏၊ ကဗျာဗန္ဓ၊ အာဒိစ္စ၌၊ သကျရွှပ်-ဟု ချီတော်မူသည်။

သက္ကရာဇ် ၁၂၄၁-ခု၊ နယုန်လပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်ီမြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

ရတနာပုံရွှေမြို့တော်မြောက်ပြင်၊ မြကျွန်းမြေဋ္ဌရပ်၊ အင်းဝပန်းပဲတန်းနေ ဒကာမောင်ပေါ်စ-က မြတ်စွာဘုရားသခင် အာယုသခ်ီရလွတ်တော်မူသည်မှာ အဘယ်အရပ်ဌာနတွင် ဖြစ်မည်ကို ဖြေဆိုပါမည့် အကြောင်းနှင့် လျှောက်ထားချက်

[၇] "ဘုရားတပည့်တော် အင်းဝပန်းပဲတန်းရပ်နေ ဒကာကြီး ဦးပေါ်စ လျှောက်ပါသည် ဆရာတော် အရှင်မြတ်ဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူမည့်အခါ အာယုသခ်ီရ လွတ်တော်မူသည်မှာ အဘယ်အရပ်ဌာနတွင် ဖြစ်မည်ကို အသေအချာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ ဖြေဆိုအမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည်ဘုရား"။

မောင်ပေါ်စ လျှောက်ချက်အရ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်မှာ–

[၇] ပရိနိဗ္ဗာန်ပြုတော်မူမည့်အခါ အာယုသခ်ီရ လွတ်တော်မူသောအကြောင်းမှာ-ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးနေတော်မူ၍ ဝေဿကာရပုဏ္ဏား၊ ရာဇဂြိုဟ်ရဟန်းတို့အား အပရိဟာနိယတရား ၇-ပါးကို ဟောတော်မူပြီး၍ ဂိဇ္ဈကူဋ်တောင်မှ

http://www.dhammadownload.com

ကြွတော်မူပြီးလျှင် အမွှလဋ္ဌိကဥယျာဉ်သို့ ရောက်တော်မူ၏။ အမွှလဋ္ဌိကဥယျာဉ်မှသည် နာလန္ဒမြို့သို့ ကြွတော်မူ၍ ပါဝါရိကသူဋ္ဌေး၏ဥယျာဉ်၌ နေတော်မူ၏။ နာလန္ဒမြို့မှသည် ပါဋလိပုတ်ပြည်သို့ ကြွတော်မူ၍ သီလာနိသံသသုတ်, သီလာဒိနဝသုတ်ကို ဟောတော်မူပြီး၍ ကောဋိဂါမသို့ ကြွတော်မူ၍ အနုမတဂ္ဂသုတ်ကို ဟောတော်မူပြီးမှ နာဒိကရွာသို့ ရောက်တော်မူ၍ ဓမ္မာဒါသသုတ္တန်ကို ဟောတော်မူပြီးလျှင် ဝေသာလီပြည်၊ အမွှပါလိကာပြည့်တန်ဆာမ ဥယျာဉ်သို့ ကြွတော်မူ၏။ ထိုဥယျာဉ်မှသည် ၎င်းဝေသာလီပြည် စီရင်စု၊ ဗေလုဝရွာ၌ သီတင်းသုံးနေတော်မူ၏။ တစ်နေ့သ၌ ဆွမ်းခံရွာမှ ဖဲပြီးလျှင် အာနန္ဒာကို ခေါ်၍ စာပါလနတ်မင်းနေရာ နေ့သန့်ရာအရပ်၌ စမွခဏ်အခင်း၌ နေတော်မူပြီးလျှင်-

"အာနန္ဒာ၊ ဣဒ္ဓိပါဒ် တရား ၄-ပါးကို ပွါးသောသူတို့အား အလိုရှိသဖြင့် အာယုကပ်ပတ်လုံးလည်းကောင်း အနှစ် ၁၀၀-ထက်အလွန်လည်းကောင်း နေရ၏"ဟု အမြွက်မိန့်တော်မူသည်ကို မရိပ်မိသဖြင့် "အာနန္ဒာ၊ သင့်ရာအရပ်၌ နေလေဦး"ဟု မိန့်တော်မူသောကြောင့် တစ်ခုသောသစ်ပင်ရင်းသို့ ရောက်၍ မကြာမြင့်မီ မာရ်နတ်သားသည် ဘုရားအထံတော်သို့ ချဉ်းကပ်၍ "ပရိနိဗ္ဗာန်ပြုတော်မူပါ"ဟု တောင်းပန်လျှင် "ဤလမှ ၃-လ လွန်လျှင် ငါ-ဘုရား ပရိနိဗ္ဗာန်ပြုတော်မူအံ့"ဟု အာယုသခ်ိဳရ လွှတ်တော်မူသောခဏ၌ မဟာပထဝီမြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်၏။ ထိုအခါ အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ထားလေရကား မြေလှုပ်ခြင်း၏အကြောင်း ၈-ပါးကို ဟောတော်မူ၏။

ဝေသာလီပြည်ကို နာဂပလောကိတ ပစ္စိမဒဿနဖြင့် ကြည့်တော်မူပြီးမှ ဘဏ္ဍဂါမ၌နေသော ရဟန်းတို့အား အနုမတဂ္ဂသုတ္တန်ကို ဟောတော်မူပြီး၍ ဟတ္ထိဂါမသို့ ကြွတော်မူ၏။ ဟတ္ထိဂါမမှသည် အစဉ်အတိုင်း အမွှဂါမ, ဇမ္ဗုဂါမ, ဘောဂဂါမသို့ရောက်၍ သာနန္ဒရနတ်မင်း၏နေရာ၌ နေတော်မူ၍ မဟာပဒေသ ၄-ပါးကို ဟောတော်မူပြီးမှ ပါဝါပြည်သို့ ကြွတော်မူ၍ စုန္ဒမည်သော ပန်းထိမ်သည်သား၏ဥယျာဉ်၌ နေတော်မူကြောင်းကို ပန်းထိမ်သည်သား စုန္ဒကြား၍ ဝက်သားပြွမ်းကို စီရင်ပြီးမှ ဘုရားနှင့်တကွ သံဃာတော်တို့ကို ပင့်ဖိတ်၍ လုပ်ကျွေး၏။ ထိုအခါ မြတ်စွာဘုရားသည် ပန်းထိမ်သည်သား စုန္ဒကို ခေါ်တော်မူ၍ "ငါဘုရားကို ဝက်သားပြွမ်းဖြင့် လုပ်ကျွေးရာ၏။ တပါးသော ခဲဖွယ်ဘောဇဉ်ဖြင့် သံဃာကို လုပ်ကျွေးလော့"ဟု မိန့်တော်မူရကား မြတ်စွာဘုရားကို ဝက်သားပြွမ်းဖြင့် လုပ်ကျွေး၏။ ကြွင်းသော ဝက်သားပြွမ်းကို မြေ၌ တူး၍ မြှုပ်စေ၏။

မြတ်စွာဘုရားလည်း စုန္ဒ ပန်းထိမ်သည်သား၏ ဝက်သားပြွမ်းကို ဘုဉ်းတော်မူသည်၏ အခြားမဲ့၌ ဝမ်းသွန်သောဝေဒနာ ပြင်းစွာ ရောက်လေ၍ ကုသိနာရုံပြည်သို့ ကြွတော်မူ

http://www.dhammadownload.com

၏။ လမ်းခရီးတွင် တစ်ခုသောသစ်ပင်ရင်း၌ "အာနန္ဒာ၊ ငါ-ဘုရား ပင်ပန်းတော်မူသည်။ ဒုကုဋ္ဌသင်္ကန်းကို ၄-ထပ် ခင်းလော့"ဟု မိန့်တော်မူ၍ သင်္ကန်းအခင်း၌ နေတော်မူလျှင် "အာနန္ဒာ၊ ငါဘုရား ရေသိပ်တော်မူသည်။ ရေဆောင်ချေ"စေတော်မူလျှင် "မြတ်စွာဘုရား၊ ယခုပင် လှည်းသား ၅၀၀-တို့ ကူးသွားခါမျှဖြစ်၍, အလွန်နောက်ကျပါသည်။ ရှေ့တွင် မနီး,မဝေးသောအရပ်၌ ကကုဒမြစ်သည် အလွန်ကြည်သောရေ ရှိ၏။ ထိုမြစ်သို့ ကြွတော်မူရသဖြင့် သင့်တင့်ပါအံ့"ဟု လျှောက်လေလျှင် "အာနန္ဒာ၊ ငါသည် အလွန်ရေသိပ်သည်" ၂-ကြိမ်, ၃-ကြိမ်ဆင့်၍ မိန့်တော်မူလျှင် အာနန္ဒာသည် သပိတ်ကို ယူ၍ မြစ်နားသို့ ရောက်လျှင် အလွန်ကြည်လင်သန့်ရှင်းစွာဖြစ်၍ ရေကို ခပ်ယူပြီးလျှင် "မြတ်စွာဘုရား၏ ဘုန်းတန်ခိုးအာနုဘော်သည် အလွန်အံ့ဖွယ်ရှိစွ၊ မဖြစ်ဖူးမြဲ ဖြစ်ခဲ့၏တကား"ဟု ချီးမွမ်းလျက် ရေကပ်လေ၍ သုံးဆောင်တော်မူပြီးမှ **ပဏ္ဏုသမင်းကြီး**သည် လှူအပ်သော သင်္ကန်းကို ဝတ်ရုံသဖြင့် အလွန်တင့်တယ်သော ဘုရားအဆင်းတော်ကို မြင်၍ ရှင်အာနန္ဒာ လျှောက်လျှင်-

"အာနန္ဒာ၊ ငါ ဘုရားဖြစ်တော်မူအံ့သောနေ့, ပရိနိဗ္ဗာန်ပြုအံ့သောနေ့တို့၌ အထူးသဖြင့် တင့်တယ်၏။ တင့်တယ်သော **အရေအဆင်း ရှိ**၏။ ငါဘုရားသည် ကုသိနာရုံပြည်၊ မလ္လာမင်းတို့ အင်ကြင်းဥယျာဉ် ၂-ပင်သော **အင်ကြင်းပင်**တို့၏အကြား၌ ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့"ဟု မိန့်တော်မူပြီးမှ ကကုဒမြစ်သို့ ကြွတော်မူ၍ ရေသုံးသပ်တော်မူ၏။

သရက်တော ဥယျာဉ်တွင် စုန္ဒရဟန်းကို ခေါ်၍ သင်္ကန်းတော်ကို ၄-ထပ် ခင်းစေ၍ နားနေတော်မူပြီးမှ ဘုရားဖြစ်အံ့သောနေ့, ပရိနိဗ္ဗာန်ပြုအံ့သောနေ့တို့၌ လှူအပ်သော ဆွမ်းသည် ထူးမြတ်၍ အကျိုးကြီးမြတ်ကြောင်းကို ဟောတော်မူ၍ **ဟိရညဝတီမြစ်**၏ ထိုမှာဘက်တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်လည်း ရှိ၏။ **ပါဝါပြည်နှင့် ၃-ဂါဝုတ်** ကွာဝေးသည်ကို ၁၅-ကြိမ်တိုင် နား၍ ရောက်တော်မူ၏။

"အင်ကြင်းဥယျာဉ်တွင် ၂-ပင်သော အင်ကြင်းပျိုတို့၏အကြား၌ မြောက်သို့ ဦးခေါင်းပြုသော ညောင်စောင်းကို ခင်းဘိလော့"ဟု အာနန္ဒာကို မိန့်တော်မူသဖြင့် ထိုညောင်စောင်း၌ လျောင်းတော်မူပြီးလျှင် ၁-ကုဋေ, ၂-သန်း, ၄-သိန်းသော ဖလသမာပတ်ကို ဝင်စားတော်မူ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။

★★★★★★★

http://www.dhammadownload.com

အင်းဝပန်းပဲတန်းနေ ဒကာမောင်ပို-က မြတ်စွာဘုရား အလောင်းတော် နိယတဗျာဒိတ်ကို ရပြီးနောက် ယုတ်မာသော အမျိုးဌ် ဖြစ်,မဖြစ် အကြောင်း လျှောက်ထားချက်

[၈] "ဘုရားတပည့်တော် မန္တလေးမြို့,မြောက်ပြင်၊ မြကျွန်းမြေဌရပ်၊ အင်းဝပန်းပဲတန်းနေ ဒကာငပို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရားအလောင်းတော် နိယတဗျာဒိတ်ကို ခံတော်မူပြီးသည့်နောက် ယုတ်မာသောအမျိုးဌ် မဖြစ်-ဟူ၍ ဆိုကြပါသည်။ **မာတင်္ဂဇာတ်, သမ္ဘဝဇာတ်, စိတ္တသမ္ဘူတဇာတ်, သတဓမ္မဇာတ်, ဥစ္ဆိဋ္ဌဘတ္တဇာတ်**များဌ် ဘုရားအလောင်းတော် ဒွန်းစဏ္ဍား, သူဖုန်းစားဖြစ်ရကြောင်း၊ တစ်ရပ် **သတပတ္တဇာတ်, ဆဝကဇာတ်, ကဏဝေရဇာတ်**များဌ် ဘုရားအလောင်းတော် ခိုးသူဖြစ်ရကြောင်းကို ပြောဆိုကြားသိရဖူးသည်ဖြစ်၍ ဘုရားအလောင်း ယုတ်မာသောအမျိုးဌ် မဖြစ်-ဆိုသောစကားကို သိန္နိဋ္ဌာန်ချ ယူရမည်, မယူရမည်ကို အသေအချာ သိမှတ်ပါရအောင် လျှောက်ပါသည် ဆရာကော်ဘုရား"။

အင်းဝပန်းပဲတန်းရပ်နေ ဒါယကာမောင်ပို လျှောက်ထားချက်အရ–

[၈] ဘုရားအလောင်းတော် နိယတဗျာဒိတ်ကို ခံတော်မူပြီးနောက် ခိုးသူ, ဒွန်းစဏ္ဍား စသော ယုတ်ညစ်သော အမျိုးတို့ဌ် မဖြစ်ရကြောင်းကို ကျမ်းဂန်မလာ။ သူခိုး, ဒွန်းစဏ္ဍား စသော ယုတ်ညံ့သော အမျိုးတို့ဌ် ဖြစ်ရကြောင်းကို မေးလျှောက်ရာ စာတမ်းတွင် ပါရှိသည့်အတိုင်း သိသာထင်ရှားပြီးဖြစ်၍ တဖန် ဖြေဆိုရာ မရှိ။ နိယတဗျာဒိတ်ကို ခံတော်မူပြီးသောနောက် ၁၈-ပါးသောအရပ်ဌ် မဖြစ်သင့်ကြောင်းကိုသာ သုတ္တန်ပါတ်၊ ခဂ္ဂဝိသာဏသုတ်၊ အဋ္ဌကထာ၊ ဓမ္မသင်္ဂဏီအဋ္ဌကထာတို့ဌ်–

သမိဒ္ဓါဘိနီဟာရော ဗောဓိသတ္တော ဣမာနိ အဋ္ဌာဟသာ အဘဗ္ဗဌာနာနိ နဉပေတိ။ သော ဟိ တတာ ပဘုတိ နဇ္ဈန္ဒေါ ဟောတိ၊ နဇ္ဈဗဓိရော၊ နဉမ္ဗတ္တကော၊ နဇဋမူဂေါ၊ နပီဌသပ္ပီ၊ နမိလက္ခူသု ဥပ္ပဇ္ဇတိ၊ နဒါသိကုစ္ဆိယံ ပဝတ္တတိ၊ နနိယတမိစ္ဆာဒိဋ္ဌိကော ဟောတိ၊ နာ'ဿ လိင်္ဂံ ပရိဝတ္တတိ၊ နပဏ္ဍာနဏ္ဍရိယကမ္မာနိ ကရောတိ၊ နကုဋ္ဌီ ဟောတိ၊ နတိရစ္ဆာနယောနိယံ ဥဋ္ဌကတော ပစ္ဆိမ'တ္တဘာဝေါ ဟောတိ၊ နခုပ္ပိပါသိကနိဏ္ဍာမတဏှိကပေတေသု ဥပ္ပဇ္ဇတိ

http://www.dhammadownload.com

နာ ကာလကဋ္ဌိကာသုရေသု၊ နာ အဝိစိနိရယေ၊ နာ လောကန္တရိကေသု၊ ကာမာဝစရေသု နာ မာရော ဟောတိ၊ ရူပါဝစရေသု နာ အသညီဘဝေ, နာ သုဒ္ဓါဝါသဘဝေသု ဥပပဇ္ဇတိ၊ နာ အရူပဘဝေသု၊ အညံ နာ စက္ကဝါဠံ သက်မတိ။ (သုတ္တနိ၊၄၊၁။၄၅)

ဟူ၍ လာသည်။

အဓိပ္ပါယ်ကား– နိယတဗျာဒိတ်ကို ခံယူတော်မူပြီးသော ဘုရားအလောင်းသည်–

- အမိဝမ်း၌ ကန်းသောသူ မဖြစ်,
- အမိဝမ်းတွင်းက နားပင်းသောသူ မဖြစ်,
- ရူးသောသူ မဖြစ်,
- အ-သောသူ မဖြစ်,
- ဆွံ့သောသူ မဖြစ်,
- ချင်းမျိုး, ကရင်မျိုး, မြဲ့အမျိုးကဲ့သို့သော တောဖျား တောင်ခြေနေသော မိလက္ခ အမျိုး မဖြစ်,
- ကျွန်မ ဝမ်း၌ ပဋိသန္ဓေ မနေ,
- နိယတမိစ္ဆာဒိဋ္ဌိတို့ကို မယူ,
- ပုရိသအဖြစ်မှ မပြောင်း,
- ပဉ္စာနန္တရိယကံကို မပြု,
- နူသောသူ မဖြစ်,
- တိရစ္ဆာန်မျိုး၌ နှံစုတ်ငှက်အောက် ငယ်သောကိုယ်ရှိသော တိရစ္ဆာန် မဖြစ်,
- ခုပ္ပိပါသ, နိဇ္ဈာမတဏှိကပြိတ္တာ, ကာလကဉ္စိကအသုရာတို့၌ မဖြစ်,
- အဝီစိငရဲ, လောကန္တရိက်ငရဲတို့၌ မဖြစ်,
- ကာမာဝစရဘုံတွင် မာရ်နတ် မဖြစ်,
- ရူပါဝစရဘုံတွင် အသညသတ်ဘုံ၊ သုဒ္ဓါဝါသဘုံတို့၌ မဖြစ်,
- အရူပဘုံတို့၌ မဖြစ်,
- တပါးသော စကြဝဠာ၌ မဖြစ်–

ဤ ၁၈-ပါးသော အရပ်တို့၌ မဖြစ်-ဟူ၍ မှတ်ရာ၏။ သည်ကို ရည်၍ ပါရမီတော် ခဏ်း၌ အရှင်သီလဝံသဆရာသည်–

"သန္ဓေစင်နေ၊ ဗျာဒိတ်ရဖြင့်၊ ပျောက်ချေမဲ့ကပ်၊ ၁၈-ရပ်သား၊ မကပ်ချေနည်း၊ မြူအထည်းကို၊ သုတ်လှည်းလျှော်ဖြူ"-ဟု စပ်တော်မူသည်။ ဤကဗျာ၌ "သန္ဓေစင်နေ" ဟူသည်ကား- ပေါရာဏစကားတည်း။ အစင်ဆေးသည် ယူရမည်။

သတ္တရာဇ် ၁၂၃၁-ခု၊ ဝါဆိုလဆန်း၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

မန္တလေးမြို့၊ လက်ဝဲတော် လမိုင်းတော်အပိုင်၊ ကန်ကြီးကန်ပြင်ရွာနေ ဒကာမောင်ရွှေလှ-က ဒါန, သီလ ၂-ရပ်ကို မည်သည်က အရင်းမူလ ဖြစ်သည်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၉] "ဘုရားတပည့်တော် ကန်ကြီးကန်ပြင်ရွာနေ ဒကာငရွှေလှ လျှောက်ပါသည် ဆရာတော်ဘုရား။

ယခု မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ကုသိုလ်တရားကို အားထုတ်ကြသော အမျိုးသားတို့မှာ ဒါနအရင်း ဖြစ်သည်, သီလအရင်း ဖြစ်သည်-ဟု အယူဝါဒကွဲပြား ပြောဆိုကြပါသည်။ ထိုစကားကို အသေအချာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"

ဒါယကာ မောင်ရွှေလှ လျှောက်ထားချက်-

[၉] ဒါနအရင်း ဖြစ်သည်၊ သီလအရင်း ဖြစ်သည်ဆိုသည်မှာ-

သော ဓမ္မံ ဒေသေတိ အာဒိကလ္လာဏံ မဇ္ဈေကလ္လာဏံ ပရိယောသာနကလ္လာဏံ

အစရှိသည်ဖြင့် ကျမ်းဂန်လာသည်။

သော၊ ထိုမြတ်စွာဘုရားသည်။ အာဒိကလ္လာဏံ၊ အစ၏ ကောင်းခြင်းနှင့် ပြည့်စုံသော။ မဇ္ဈေကလ္လာဏံ၊ အလယ်၏ကောင်းခြင်းနှင့် ပြည့်စုံသော။ ပရိယောသာနကလ္လာဏံ၊ အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံသော။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ ဤသို့ အနက်ပေး။

ၵင်းပါဠိတော်၏အဖွင့် အဋ္ဌကထာတွင်-

"သီလံ အာဒိ၊ သမာဓိ မဇ္ဈေ၊ ဝိပဿနာ ပရိယောသာနံ" - ဟု လာသည်။

သီလံ၊ သီလသည်။ အာဒိ၊ အစမည်၏။ သမာဓိ၊ သမာဓိသည်။ မဇ္ဈေ၊ အလယ်မည်၏။ ဝိပဿနာ၊ ဝိပဿနာသည်။ ပရိယောသာနံ၊ အဆုံးမည်၏။ ဤသို့ အနက်ပေး။

မင်္ဂ,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ကြကုန်သော ပုဂ္ဂိုလ်တို့ အစဉ်မပျက် ပြည့်စုံကြသော တရားကား-

http://www.dhammadownload.com

သပ္ပုရိသူပနိဿယ သဒ္ဓမ္မဿဝန ယောနိသော မနသိကာရ
အတ္တသမ္မာပဏိဓိ အာတာပီအာရဒ္ဓဝီရိယ ပါဋိဟာရိယပညာ
သမထ ဝိပဿနာ မဂ်
ဖိုလ် နိဗ္ဗာန်၊

ဤ ၁၁-ပါးတို့တွင်–

- သူတော်ကောင်းကို မှီဝဲခြင်းသည် **သပ္ပုရိသူပနိဿယ** မည်၏၊
- သူတော်ကောင်းတရားကို ကြားနာရခြင်းသည် **သဒ္ဓမ္မဿဝန** မည်၏၊
- အသင့်နှလုံးသွင်းခြင်းသည် **ယောနိသော မနသိကာရ** မည်၏၊
- စတုပါရိသုဒ္ဓိသီလသည် **အတ္တသမ္မာပဏိဓိ** မည်၏၊
- ကိလေသာကို ပူပန်စေတတ်သော လုံ့လသည် **အာတာပီအာရဒ္ဓဝီရိယ** မည်၏၊
- သမထ, ဝိပဿနာနှင့်ယှဉ်သော ပညာသည် **ပါဋိဟာရိယပညာ** မည်၏။

အာကာသကသိုဏ်း, အာလောကကသိုဏ်း ၂-ပါးသည် ကြဉ်အပ်သော သမထကမ္မဋ္ဌာန်း ၃၈-ပါးသည် **သမထ** မည်၏၊

- ဝိပဿနာကမ္မဋ္ဌာန်း ၄၀-သည် **ဝိပဿနာ** မည်၏၊
- **မဂ်** ၄-ပါးသည် **မဂ်** မည်၏၊
- **ဖိုလ်** ၄-ပါးသည် **ဖိုလ်** မည်၏၊
- အသင်္ခတဓာတ်သည် **နိဗ္ဗာန်** မည်၏။

မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်သော အရှင်မြတ်တို့သည် ဤ ၁၁-ပါးကို အစဉ်မချွတ် ပြု၍ ရကြကုန်၏။ ထို ၁၁-ပါးတို့တွင်–

- သပ္ပုရိသူပနိဿယသည် သဒ္ဓမ္မဿဝန၏အကြောင်း မည်၏၊
- သဒ္ဓမ္မဿဝနသည် ယောနိသော မနသိကာရ၏အကြောင်း မည်၏၊
- ယောနိသော မနသိကာရသည် အတ္တသမ္မာပဏိဓိ၏အကြောင်း မည်၏၊

အထက်ကို ဤနည်းမှတ်လေ။ ဤကား မဂ်,ဖိုလ်,နိဗ္ဗာန်၏ **နီးသောအကြောင်း**တည်း။

http://www.dhammadownload.com

ဝေးသောအကြောင်းကား-

- သင့်တင့်သောအရပ်၌ ဖြစ်ခြင်း **ပဋိရူပဒေသဝါသ၊**
- ရှေး၌ ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း **ပုဗ္ဗေကတပုညတာ။**

ဤကား ဝေးသောအကြောင်းတည်း။

ထို ၂-ပါးတို့တွ င် ပုဗ္ဗေ ကတပုညတာ-မှာ **ပုတိဂတ္တတိဿမထေရ်၏**ဝတ္ထု၌ ရှေး ဘုရားတို့လက်ထက် ဆွမ်းလှူဖူးသော ကောင်းမှုကြောင့် မဂ်,ဖိုလ်ရကြောင်းကို ဟောတော်မူသည်။

ပဉ္စသီလသမာဒါနထေရ်၏ဝတ္ထုမှာ ရှေးဘုရားတို့လက်ထက် ၅-ပါးသီလ ဆောက်တည်ဖူးသော ကုသိုလ်ကြောင့် မဂ်,ဖိုလ်ရကြောင်းကို ဟောတော်မူသည်။

ယသထေရ်၏ဝတ္ထုမှာ သူကောင်ဖုတ်သော အမျိုးဖြစ်၍ သူကောင်ဖုတ်ရာ ပုဗ္ဗဝက အသုဘဘာဝနာကို နှလုံးသွင်းဖူးသောကြောင့် မဂ်,ဖိုလ်ရကြောင်းကို ဟောတော်မူသည်။ ဤသို့ စသည်ဖြင့် ဝတ္ထုသာဓကမှာ များစွာပင်ရှိ၏။

ဤကား ဝေးသော ပုဗ္ဗေ ကတပုညတာ အကြောင်းတည်း။ ဤသို့ ဒါန, သီလ, ဘာဝနာပင် ဝေးသောအကြောင်း ဖြစ်သည်။

နီးသောအကြောင်း-မှာ ရှေးပြဆိုခဲ့သော ဒေသနာအတိုင်း မှတ်လေ။

သားကောင်ကို သေအောင် ပြုသည်ကား စဉ်းသွားတည်း။ စဉ်းသွားသည် လေး-ဟူသော အကြောင်းနှင့် မကင်း၊ လေး-သည် မုဆိုး-ဟူသောအကြောင်းနှင့် မကင်း၊ ၃-ပါးလုံးပင် သားကောင်သို့ ညွတ်၏။

သက္ကရာဇ် ၁၂၃၁-ခု၊ ဝါဆိုလဆန်း၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ဘိကြပ်အဆောင်တော်မြို၊ ပလိုင်းလက်စွဲ၊ သူရဲအစု ဒုတ်ရဲတပ်မှူး နေမျိုးမင်းလှသူရိန်-က မင်္ဂလာချက်ပွေ-ချီ ချေငြးတွင် "တစ်ထောင်နိမ့်,မြင့်"ဟူသောစကား ဖြေကြားတော်မူပါမည့် အကြောင်းနှင့် လျှောက်ထားချက်

[၁၀] "ဘုရားတပည့်တော် ဘိကြပ်အဆောင်တော်မြို၊ ပလိုင်းလက်စွဲ၊ ဒုတ်ရဲတပ်မှူး နေမျိုးမင်းလှသူရိန် လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) မင်္ဂလာချက်ပွေလက််တွင် 'တစ်ထောင်နိမ့်,မြင့်၊ တစ်ဆယ့်နှစ်ဆင့်ဝယ်၊ အသင့်စဉ်စီ၊ စက်ဝန်းချီသို့၊ တစ်လီနှစ်ခန်း၊ သုံးမည်ကျွန်းကို၊ ပယ်ထွန်းမိုက်မှောင်၊ ခြည်တစ်ထောင်ဖြင့်၊ ပြောင်ပြောင်လင်းထိန်၊ စက်ရဝိန်သို့'-ဟု စပ်ဆိုသော အရာသည် 'တစ်ထောင်နိမ့်,မြင့်'ဟူရာ၌ တ-အက္ခရာနှင့် တတောင်နိမ့်,မြင့် ဆိုသည်ဖြစ်မည်။ ထ-အက္ခရာနှင့် တစ်ထောင်နိမ့်,မြင့် ဆိုသည်ဖြစ်မည်ကို အသေအချာမသိနိုင်ပါ။

(၂) 'တစ်လီ နှစ်ခန်း၊ သုံးမည်ကျွန်းကို၊ ပယ်ထွန်းမိုက်မှောင်'-ဟူရာ၌လည်း တစ်လီ-ဟူသည်၊ နှစ်ခန်း-ဟူသည်၊ သုံးမည်-ဟူသည် အဘယ်ကို ရည်၍ဆိုသည်-ဟု မသိနိုင်ကြဖြစ်၍ အသေအချာ နေရာကျကျ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ ဖြေဆိုအမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား"။

နေမျိုးမင်းလှသူရိန် လျှောက်ချက်အရ-

[၁၀](၁) သမန္တပါသာဒိကာ၊ ဇိနာလင်္ကာရဋီကာ၊ လောကဒီပနီ-စသောကျမ်းတို့နှင့်အညီ အမိန့်ရှိလိုက်သည်။ ဤအရာတွင် ကဗျာဆရာသည် တောင်ကို ရည်၍ စပ်ဆိုသည် မဟုတ်။ နေ၏သွားရာ ခရီးအကွာ ယူဇနာကို ရည်၍ စပ်ဆိုသော စကားတည်း။

ဘာဏုရာဇာမည်သော နေမင်းသည် ကြကဋ္ဌရာသီ-ဟုဆိုအပ်သော ဝါဆိုလဆွဲ အန္တောဝိထိ၏အဆုံး ဥတ္တရာယာဉ်အတွင်းခရီးသို့ သွားသောကာလ ယူဇနာ ၈၄,၀၀၀-မြင့်သော မြင်းမိုရ်တောင် အလတ်တွင် သွား၏။ ထို့ကြောင့် လူတို့နေရာ အရပ်မှ ယူဇနာ ၄,၂၀၀၀-ကွာ၏။

http://www.dhammadownload.com

မကာရရာသီ-ဟု ဆိုအပ်သော ပြာသိုလ၌ ဗာဟိရဝိထိ၏ အဆုံး ဒက္ခိဏာယာဉ် အပခရိုးသို့ သွားသောကာလ ယူဇနာ ၈၂,၀၀၀-မြင့်သော စကြဝဠာတောင်၏ အလတ်တွင် သွား၏။ ထို့ကြောင့် လူတို့နေရာအရပ်မှ ယူဇနာ ၄၁,၀၀၀-ကွာ၏။ ဥတ္တရာယာဉ်, ဒက္ခိဏာယာဉ် ၂-ပါးကို နှိုင်းယှဉ်သော် ဒက္ခိဏာယာဉ်ထက် ဥတ္တရာယာဉ်က ယူဇနာ ၁၀၀၀-မြင့်၏။ ဥတ္တရာယာဉ်ထက် ဒက္ခိဏာယာဉ်က ယူဇနာ ၁၀၀၀-နိမ့်၏။

ဥတ္တရာယာဉ်-ဟူသည် **မြင်းမိုရ်တောင်၏အနီး မြောက်မျက်နှာခရိုးတည်း**။

ဒက္ခိဏာယာဉ်-ဟူသည် **စကြဝဠာ၏အနီး တောင်မျက်နှာခရိုးတည်း**။

ဥတ္တရာယာဉ်, ဒက္ခိဏာယာဉ် ၂-ပါးတို့၏အတွင်း ယူဇနာ ၁၈၆,၅၇၅-ယူဇနာကို ၆-စုပြု၍-

ဝါဆိုလပြည့် အစ၊ ပြာသိုလပြည့် အဆုံး၊
ပြာသိုလပြည့်ကျော် အစ၊ ဝါဆိုလပြည့်ကျော် အဆုံး၊

ဤ ၁၂-လတို့၌ အစဉ်အတိုင်း အနိမ့်,အမြင့် ယူဇနာ အကွာအဝေးကို သိရာ၏။

သည်ကို ရည်၍ ၎င်းလင်္ကာတွင် "ရစ်ခွေလက်ျာ၊ တံ့ကာမြောက်,တောင်၊ တစ်ထောင်နိမ့်,မြင့်၊ ဆယ့်နှစ်ဆင့်ဝယ်၊ အသင့်စဉ်စီ၊ စက်ဝန်းချီသို့"ဟု စပ်ဆိုလေသည်။

(၂) "**တလီ နှစ်ခန်း၊ သုံးမည်ကျွန်းကို၊ ပယ်ထွန်းမိုက်မှောင်**"ဟူရာ၌ ဘာဇုရာဇာမည်သော နေမင်းသည်-

ဗြိစ္ဆာရာသီ-ဟု ဆိုအပ်သော တန်ဆောင်မုန်းလ, တပေါင်းလတို့၌ အရှေ့ကျွန်း၌ မွန်းတည့်သောအခါ မြောက်ကျွန်း၌ နေဝင်၏။ အရှေ့ကျွန်း၌ မွန်းလွဲ၍ ၁-နာရီတိုင်မှ တောင်ကျွန်း၌ နေထွက်၏။ ထို့ကြောင့် ၁-ကျွန်းကိုသာ ထွန်း၍ ၃-ကျွန်းကို မိုက်စေ၏။

ဓနုရာသီ, ကုံရာသီ-ဟုဆိုအပ်သော နတ်တော်လ, တပို့တွဲလတို့၌ အရှေ့ကျွန်း၌ မွန်းတည့်သောအခါ မြောက်ကျွန်း၌ နေဝင်၏။ အရှေ့ကျွန်း၌ မွန်းလွဲ၍ ၂-နာရီတိုင်မှ တောင်ကျွန်း၌ နေထွက်၏။ ထို့ကြောင့် ၁-ကျွန်းကိုသာ ထွန်း၍ ၃-ကျွန်းကို မိုက်စေ၏။

http://www.dhammadownload.com

မကာရရာသီ-ဟု ဆိုအပ်သော ပြာသိုလ၌ အရှေ့ကျွန်း၌ မွန်းတည့်သောအခါ မြောက်ကျွန်း၌ နေဝင်၏။ အရှေ့ကျွန်း၌ မွန်းလွဲ၍ ၃-နာရီတိုင်မှ တောင်ကျွန်း၌ နေထွက်၏။ ထို့ကြောင့် ၁-ကျွန်းကိုသာ ထွန်း၍ ၃-ကျွန်းကို မိုက်စေ၏။

မိဿရာသီ, တူရာသီ-ဟုဆိုအပ်သော တန်ခူးလ, သီတင်းကျွတ်လတို့၌ အရှေ့ကျွန်း၌ မွန်းတည့်သောအခါ တောင်ကျွန်း၌ နေထွက်၏။ ထို့ကြောင့် ၂-ကျွန်းကိုသာ ထွန်း၍ ၂-ကျွန်းကို မိုက်စေ၏။

ပြိဿရာသီ, ကန်ရာသီ-ဟုဆိုအပ်သော ကဆုန်လ, တော်သလင်းလတို့၌ အရှေ့ကျွန်း၌ မွန်းမတည့်မီ ၁-နာရီကပင် တောင်ကျွန်း၌ နေထွက်၏။ ထို့ကြောင့် ၃-ကျွန်းလုံးကို ထွန်း၍ ၁-ကျွန်းကိုသာ မိုက်စေ၏။

မေထုန်ရာသီ, သိဟ်ရာသီ-ဟု ဆိုအပ်သော နယုန်လ, ဝါခေါင်လတို့၌ အရှေ့ကျွန်း၌ မွန်းမတည့်မီ ၂-နာရီကပင် တောင်ကျွန်း၌ နေထွက်၏။ ထို့ကြောင့် ၃-ကျွန်းကို ထွန်း၍ ၁-ကျွန်းကိုသာ မိုက်စေ၏။

ကရကဋ်ရာသီ-ဟုဆိုအပ်သော ဝါဆိုလ၌ အရှေ့ကျွန်း၌ မွန်းမတည့်မီ ၃-နာရီကပင် တောင်ကျွန်းမှာ နေထွက်၏။ ထို့ကြောင့် ၃-ကျွန်းကို ထွန်း၍ ၁-ကျွန်းကိုသာ မိုက်စေ၏။

ထို့ကြောင့်-

၁-ကျွန်းကိုသာ ထွန်း၍ ၃-ကျွန်းကို မိုက်စေသည့် ၅-လ၊
၂-ကျွန်းကိုသာ ထွန်း၍ ၂-ကျွန်းကို မိုက်စေသည့် ၂-လ၊
၃-ကျွန်းကိုသာ ထွန်း၍ ၁-ကျွန်းကို မိုက်စေသည့် ၅-လ-

ဤသို့ ၁၂-လ ဖြစ်၏။

သည်ကိုရည်၍ ၎င်းလက်ာတွင် "တလီနှစ်ခန်း၊ သုံးမည်ကျွန်းကို၊ ပယ်ထွန်းမိုက်မှောင်၊ ခြည်တစ်ထောင်ဖြင့်၊ ပြောင်ပြောင်လင်းထိန်၊ စက်ရဝိန်"ဟု စပ်ဆိုလေသည်။

သက္ကရာဇ် ၁၂၃၁-ခု၊ ဝါဆိုလပြည့်ကျော်၊ ၃-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

မန္တလေးမြို့မြောက်ပြင်၊ အမရစံခေါင်ရပ်အနီး၊ မှန်ကင်းတိုက်နေ ရဟန်းတော်ဦးကဝိ-က အချို့ "အဇ္ဈေဝ ကိစ္စံ ကာတဗ္ဗံ"၊ အချို့ "အဇ္ဈေဝ ကိစ္စံ အာတပံ"ဟူ၍ ဒွိဟရှိသည်ကို သိလိုပါကြောင်းနှင့် လျှောက်ထားချက်

[၁၁] "ဘုရားတပည့်တော် မှန်ကင်းကျောင်းတိုက်နေ ရဟန်း ရှင်ကဝိ လျှောက်ပါသည် ဆရာတော်ဘုရား။

အဇ္ဈေဝ ကိစ္စံ-ဂါထာတွင် အချို့လည်း 'အဇ္ဈေဝ ကိစ္စံ အာတပံ'-သင့်သည် ဆိုကြပါသည်။ အချို့လည်း 'အဇ္ဈေဝ ကိစ္စံ ကာတဗ္ဗံ'-ရှိသင့်သည် ဆိုကြပါသည်။ ထိုသို့ ၂-ထွေ, ၂-ပါး ကွဲပြားပြောဆိုကြသော အရာကို ပညာမျက်စိ မရှိကြသောကြောင့် အဟုတ်အမှန်ကို မသိနိုင်ကြဖြစ်ပါ၍ အဟုတ်အမှန် နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ရဟန်းရှင်ကဝိ လျှောက်ထားချက်အရ-

[၁၁] **အဇ္ဈေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။**
န ဟိ နော သင်္ရံ တေန၊ မဟာသေနေန မစ္စုနာ။ ။

(ဥပရိပဏ္ဏာသ၊ ဘဒ္ဒေကရတ္တသုတ်ပါဠိတော်)

အဇ္ဈေဝ၊ သာလျှင်။ အာတပံ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လကို။ ကိစ္စံ ကာတဗ္ဗံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်အံ့နည်း။ ဟိ သစ္စံ၊ မှန်၏။ မဟာသေနေန၊ ဧဖ-ဖြာ၊ ဝေဒနာ-စသော စစ်သည်အပေါင်းလည်း ရှိထသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ရံ၊ ချိန်းချက်ခြင်းသည်။ နတ္ထိ၊ မရှိ။

ဤပါဠိ၌ အချို့လည်း 'အဇ္ဈေဝ ကိစ္စံ ကာတဗ္ဗံ'-ဟု ရွတ်ကြ၏။ အချို့စာစောင်ငယ်များ၌ ရေးထားကြသည်လည်း ရှိ၏။ ထိုသို့ရှိသော်လည်း မသင့်။ အဘယ်ကြောင့်နည်း ဟူမူကား အာတပံ-ကား ကံ၊ ကိစ္စံ-ကား ကြိယာ ဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာ၌-

အာတပ္ပန္တိ ကိလေသာနံ အာတာပနပရိတာပနေန အာတပ္ပန္တိ လဒ္ဓနာမံ ဝီရိယံ။
ကိစ္စန္တိ ကာတဗ္ဗံ။ (မ၊ဋ္ဌ၊၁၇၀) – ဟု ဖွင့်သည်။

http://www.dhammadownload.com

အချို့လည်း ကာတဋ္ဌ-ပုဒ်နေ မှတ်၍ ကိစ္စကို ကဲ-ပြု၍ "ကိစ္စ၊ ဒါန,သီလ စသော ကုသိုလ်ကောင်းမှုကို။ ကာတဋ္ဌ၊ ပြုအပ်၏"ဟု အနက်ပေးကြကုန်၏။

အချို့လည်း အာတပ်-ပုဒ်နေနှင့်ပင် "ကိစ္စ၊ အသုဘသညာ မရဏာနုဿတိ-စသော ကုသိုလ်ကို။ အာတပ်၊ အဆောတလျင် ပြုအပ်၏"ဟု အနက်ပေးကြကုန်၏။ ထိုသို့ ပေးခြင်းသည်လည်း မသင့်။

ဤဘဒ္ဒေကရတ္တသုတ်၌ "**အဇ္ဇေဝ ကိစ္စ မာတပ္ပံ**"ဟူသော ဂါထာသည် ၃-ခု မြောက်သော ဂါထာတည်း။ ထိုဂါထာတို့၏ ရှေးဦးစွာ-

အတီတံ နာ'န္နာ'ဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယ'ဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဒါ မနုဗြူဟယေ။ ။ -

ဟူသော ၂-ဂါထာတို့ကို ဟောတော်မူသတည်း။

ယံ၊ အကြောင် ခန္ဓာ ၅-ပါး၊ ရုပ်,နာမ်တရားသည်။ အတီတံ၊ အတိတ်ကာလ၌ ဖြစ်၏။ တံ၊ ထိုအတိတ်ကာလ၌ဖြစ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားကို။ ပဟီနံ၊ စွန့်အပ်ပြီ။ ယံ၊ အကြောင် ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ အနာဂတံ၊ အနာဂတ်ကာလ၌ ဖြစ်၏။ တံ၊ ထိုအနာဂတ်ကာလ၌ဖြစ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ အပ္ပတ္တံ၊ မလာ,မရောက်သေး။ တသ္မာ၊ ထို့ကြောင့်။ အတီတံ၊ အတိတ်ကာလ၌ ဖြစ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားကို။ နာ'န္နာ'ဂမေယျ၊ တဏှာ,ဒိဋ္ဌိဖြင့် အလိုသို့ မလိုက်ရာ။ အနာဂတံ၊ အနာဂတ်ကာလ၌ ဖြစ်သော ခန္ဓာ ၅-ပါး၊ ရုပ်,နာမ်တရားကို။ နာ ပဋိကင်္ခေ၊ တဏှာဒိဋ္ဌိဖြင့် မတောင့်တရာ။

ယော ဝိဒ္ဒါ၊ အကြောင် ပညာရှိသည်။ ပစ္စုပ္ပန္နံ၊ ဖြစ်ဆဲ,ဖြစ်သော။ ဓမ္မံ၊ ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားကို။ တတ္ထ တတ္ထ၊ ထိုထိုသို့သော တော-အစရှိသောအရပ်, ထိုထိုသို့သော ကာလခဏတွယ်၌။ ဝိပဿတိ၊ အနိစ္စာနုပဿနာ-စသော ၇-ပါးသော အနုပဿနာဖြင့် ရှု၏။ အသံဟီရံ၊ ရာဂ-အစရှိသည်တို့သည် မဆွဲ,မငင်နိုင်သော။ အသံကုပ္ပံ၊ ရာဂ-အစရှိသည်တို့သည် မဖျက်ဆီးနိုင်သော။ တံ၊ ထိုဝိပဿနာဉာဏ်ကို။ ဝိဒ္ဒါ၊ ပညာရှိသည်။ အနုဗြူဟယေ၊ ပွါးရာ၏။

အဓိပ္ပါယ်ကား။ ။အတိတ်, အနာဂတ်ကာလတို့၌ ဖြစ်သော ရုပ်,နာမ်တရားတို့ကို တဏှာ,ဒိဋ္ဌိအလိုသို့ မလိုက်ရာ။ တဏှာ,ဒိဋ္ဌိဖြင့် မတောင့်တရာ။

http://www.dhammadownload.com

အဘယ်ကြောင့်နည်းဟူမူကား အတိတ်ကာလ၌ ဖြစ်သော ရုပ်,နာမ်တရားတို့သည်လည်း ချုပ်လေပြီးဖြစ်၍ ပယ်အပ်,စွန့်အပ်ပြီ။ အနာဂတ်ကာလ၌ဖြစ်သော ရုပ်,နာမ်တရားတို့သည်လည်း မလာ,မရောက်သေး ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ပစ္စုပ္ပန္နကာလ၌ ဖြစ်ဆဲသော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားတို့ကို ထိုထိုသို့သော တော-အစရှိသော အရပ်၌ ထိုထိုသို့သော ကာလခဏတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ-အစရှိသည်တို့၏ အစွမ်းအားဖြင့် ဝိပဿနာဉာဏ်ဖြင့် ရှု၏။ ထိုသို့ ရှုအပ်သည်ဖြစ်၍ မချွတ်မယွင်း, မပျက်မစီးသော ဝိပဿနာဉာဏ်ကို ပညာရှိတို့သည် အဖန်တလဲလဲ ပွါးရာ၏-ဟူလိုသည်။ ထိုသို့ ပစ္စုပ္ပန်ဖြစ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားတို့၌ ရှုဆင်ခြင်ခြင်း, အားထုတ်ခြင်းကို ပြတော်မူပြီးမှ **"အဇ္ဈေဝ ကိစ္စ မာတပ္ပံ"**ဂါထာကို ဟောတော်မူသတည်း။

ဤဂါထာဖြင့် ဆိုအပ်ခဲ့ပြီးသော ဝိပဿနာဉာဏ်ဖြင့် ကိလေသာကို ပူပန်စေတတ်သော အားကြီးစွာသော အာတာပီ အာရဒ္ဓဝီရိယပြု၍ ယခုနေ့, ယခုညဉ့်အတွင်း ဆောလျင်စွာ ပါဠိဟာရိယပညာဖြင့် မင်္ဂ,ဖိုလ်ကိစ္စကို ပြီးစေသည်တိုင်အောင် အားထုတ်ရာ၏။ ထိုသို့ အားထုတ်သည်ဖြစ်၍ ကိလေသာကို ပူပန်စေတတ်သော အာတာပီ အာရဒ္ဓဝီရိယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ချီးမွမ်းတော်မူလို၍ –

၎ဝံ ဝိဟာရီ အာတာပီ၊ အဟောရတ္တ'မတန္ဒိတံ။
တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။ ။–

ဟူသော စတုတ္ထဂါထာကို ဟောတော်မူသတည်း။

၎ဝံ၊ ဤသို့။ အာတာပီ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ ဝိဟာရီ၊ နေလေ့ရှိသော။ အဟောရတ္တံ၊ နေ့,ညဉ့်ပတ်လုံး။ အတန္ဒိတံ၊ ပျင်းရိခြင်း မရှိသော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ ဘဒ္ဒေကရတ္တောတိ၊ ကောင်းသော ညဉ့်ရှိသော ပုဂ္ဂိုလ်-ဟူ၍။ သန္တော၊ ငြိမ်သက်သော ဣန္ဒြေရှိတော်မူသော။ မုနိ၊ မြတ်စွာဘုရားသည်။ အာစိက္ခ-တေ၊ ဟောကြားတော်မူ၏။

ထိုဂါထာတို့တွင် တတိယဂါထာ၏အစ၌ **'အဇ္ဈေဝ ကိစ္စ မာတပ္ပံ'**-ဟူ၍လည်းကောင်း စတုတ္ထဂါထာ၏အစ၌ **'၎ဝံ ဝိဟာရီ အာတာပီ'**-ဟူ၍လည်းကောင်း အာတာပီ အာရဒ္ဓဝီရိယနှင့် ပြည့်စုံစေရာသည်ကို ရှေးဦးစွာ ပြတော်မူပြီးမှ အာတာပီ အာရဒ္ဓဝီရိယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ချီးမွမ်းတော်မူလိုသဖြင့် စတုတ္ထဂါထာကို ဟောတော်မူသတည်း။

အာတာပီ အာရဒ္ဓဝီရိယအားလျော်စွာ ဝိပဿနာအရာသို့ ရောက်၍လည်း အတိတ်,အနာဂတ် ရုပ်,နာမ်တရားတို့ကို ပယ်၍ ပစ္စုပ္ပန်ဖြစ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရား

http://www.dhammadownload.com

တို့၌ ဆင်ခြင်ရာသည်ကို ပြတော်မူရကား ဒေသနာတော်မြတ်၏ ရှေ့နောက်ဖြစ်သော သဒ္ဒနယယုတ္တိ သဘောကို နှီးနှောကြံဆ၊ ရရှုမိမိ၊ သတိမကင်း၊ နှလုံးသွင်းမှသာ အရာဌာနကို နေရာကျကျ သိနိုင်ရာသည်။ ထို့ကြောင့် အက္ခရကောသလ္လ, အတ္ထကောသလ္လဉာဏ်ဖြင့် ကြံဆစဉ်းစား၍ ထောက်ထားဆင်ခြင်ရာ၏။

သက္ကရာဇ် ၁၂၃၁-ခု၊ ဝါဆိုလပြည့်ကျော်၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

မန္တလေးမြို့၊ အရှေ့ပြင်၊ မဂ်လာရာမ-မည်သော မောင်းထောင်တိုက်နေ ရဟန်းတော် ဦးနန္ဒ-က မုချဘုရား၊ ဒြပ်တော်ဘုရား-စသည်ကို ခွဲခြားဖြေဆိုတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၁၂] "ဘုရားတပည့်တော် မဂ်လာရာမတိုက်နေ **ရှင်နန္ဒ** လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့လည်း သပ္ပညုတညာဏ်ကို မုချဘုရား-ဟု ဆိုကြပါသည်။ အချို့လည်း ဘုရား-ဟု ဆိုကြပါသည်။ ဤသို့ အယူဝါဒ ကွဲပြား၍ ဘုရားမုချ နေရာကျကို မသိနိုင်ပါသောကြောင့် ဘုရားမုချ နေရာကျကို သိမှတ်ပါရအောင် သဒ္ဒနယ၊ အတ္ထနယ၊ မုချဆတ်ဆတ် ပရမတ်နှင့် ပညတ်တရား ဤ ၂-ပါးကို ကွဲပြား၍ မိန့်တော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်အရှင်မြတ်ဘုရား"။

ရဟန်းတော်**ရှင်နန္ဒ** လျှောက်ထားချက်အရ-

[၁၂]

- **ပုဗ္ဗတီ'တိ ပုဒ္ဓေါ်**၊ ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ပုဗ္ဗတိ၊ သိတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပုဒ္ဓေါ်၊ ပုဒ္ဓ မည်တော်မူ၏။

- ပုဗ္ဗတိတိ ပုဒ္ဓေါ်ကား သပဒဝိဂ္ဂဟ၊ ဓာတုဝိဂ္ဂဟ၊ ဗုဓ-ဓာတ်၊ တ-ပစ္စည်း။

http://www.dhammadownload.com

- **ဗုဓောတ်အရ (ဝစ္ဆဂ္ဂ)ကား** သဗ္ဗညုတညာဏ်တော်သည် **မုချ**အားဖြင့် ရ၏။

ပါရမီညာဏ်၊ ဝိပဿနာညာဏ်၊ မဂ်ညာဏ်၊ ဖိုလ်ညာဏ်တို့သည် **ဖလူပစာရတ္ထ** အားဖြင့် ရ၏။

အာသယာနုသယညာဏ်, ဣန္ဒြိယပရောပရိယတ္တညာဏ်, မဟာကရုဏာသမာပတ္တိညာဏ်၊ ဒေသနာညာဏ်အစရှိသော နောက်နောက်သော ညာဏ်တော်တို့သည် **ကာရကူပစာရတ္ထ** အားဖြင့် ရ၏။

- **တ-ပစ္စည်း၏အရ (ဝစ္ဆဂ္ဂ)ကား** ထိုမုချ, ဖလူ, ကာရကူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ဘုရား-ဟု သမုတ်အပ်သော သတ္တသန္တာနပညတ် ဒြပ်ဝိသေသသည် အပဋ္ဌာန အားဖြင့် ရ၏။

ဗုဇ္ဈတီတိ ဗုဒ္ဓေါ-ဟူသော ဝစနတ္ထ၌ သဒ္ဒသဘာဝအားဖြင့် **ဝစန, ဝစနတ္ထ, ဝစနဟေတု, ဝစနဟေတုဇောတက, ဝစနီယ, ဝစနီယတ္ထ**-ဟူ၍ ၆-ပါးကုန်သော သဒ္ဒနယတို့သည် ဖြစ်ကုန်၏။

ထို ၆-ပါးတို့တွင်–

- ဗုဒ္ဓေါဟူသော နိပ္ပန္နပုဒ်သည် **ဝစန** မည်၏၊
- ဗုဇ္ဈတီဟူသော အာချတ်ပုဒ်သည် **ဝစနတ္ထ** မည်၏၊
- သိခြင်းကြိယာသည် **ဝစနဟေတု** မည်၏၊
- ဣတိသဒ္ဒါသည် **ဝစနဟေတုဇောတက** မည်၏၊
- တ-ပစ္စည်းသည် **ဝစနီယ** မည်၏၊
- တ-ပစ္စည်း၏ အနက်ဖြစ်သော သတ္တသန္တာနပညတ်သည် **ဝစနီယတ္ထ** မည်၏။

ဗုဒ္ဓေါ-ဟူသော နိပ္ပန္နပုဒ်၏ အရဏ္ဍ သကတ်, ဒြပ်, လိင်, သခ္ခ်ာ, ကာရကအားဖြင့် ၅-ပါးကုန်သော သဒ္ဒသဘာဝ အနက်ဝိသေသတို့သည် ဖြစ်ကုန်၏။

ထို ၅-ပါးတို့တွင်–

- သဗ္ဗညုတညာဏ်တော်သည် **သကတ်** မည်၏။
- ဘုရားဟု သမုတ်အပ်သော သတ္တသန္တာနပညတ်သည် **ဒြပ်** မည်၏။
- သန့်ရှင်းသော အခြင်းအရာ-ဟု ဆိုအပ်သော ဝိသဒါကာရသည် **ပုလ္လိင်** မည်၏။

http://www.dhammadownload.com

- ဖြပ်၌ မှီသော တစ်ခုတည်းအဖြစ်ဟု ဆိုအပ်သော ဧကတ္တဘာဝသည် သန္ဓိ မည်၏။
- သိခြင်းကြိယာကို ပြီးစေတတ်သော သဗ္ဗညုတဉာဏ်တော်၏ ကြိယာနိပ္ဖါဒနသတ္တိသည် ကာရက မည်၏။

ဗုဒ္ဓေါ-ဟူသော ဝစနတ္ထ၌ တ-ပစ္စည်း-ဟု ဆိုအပ်သော ဝါစကသည် သန္ဓိ,ကာရက ဟူသော အနက် ၂-ပါးကို ဟော၏။ တ-ပစ္စည်း-ဟု ဆိုအပ်သော ဝါစကသည် သန္ဓိ, ကာရက ဟူသော အနက် ၂-ပါးကို ဟောလေရကား သကတ်, ဖြပ်, လိင်-ဟူသော အနက် ၃-ပါး၏ အပေါင်းကို ဟောခြင်းငှာ ပဌမာဝိဘတ် သက်ရာ၏။

ဗုဇ္ဈတိ'တိ ဗုဒ္ဓေါ၏အရ၌ အန္တ, အန္တတ္ထ, ဗဟု, ဗဟုတ္ထ-အားဖြင့် ၄-ပါးကုန်သော သဒ္ဒနယတို့သည် ဖြစ်ကုန်၏။

ထို ၄-ပါးတို့တွင်–

- ဗုဓဓာတ်သည် **အန္တ**မည်၏။ ဗုဓဓာတ်၏အရ သဗ္ဗညုတဉာဏ်တော်သည် **အန္တတ္ထ** မည်၏။
- တ-ပစ္စည်းသည် **ဝါစက** မည်၏။ တ-ပစ္စည်း၏ အရဖြစ်သော ဘုရားဟု သမုတ်အပ်သော သတ္တသန္တာနပညတ် ဖြပ်ဝိသေသသည် **ဝစ္ဈ** မည်၏။
- ထိုဝစ္ဈဖြစ်သော ဘုရားဟု သမုတ်အပ်သော သတ္တသန္တာနပညတ် ဖြပ်ဝိသေသသည် ဗုဒ္ဓေါဟူသောပုဒ်၏ အနက်အထူး-ဟု ဆိုအပ်သော **အဘိဓေယျတ္ထ** မည်၏။

ထို့ကြောင့် ဗုဇ္ဈတိတိ ဗုဒ္ဓေါ၊ ဘဂဝါ-ဟု **အဘိဓေယျတ္ထ**ကို ကြားရာ၏။ ယော ဘဂဝါ-ဟူသော ကတ္တားကိုလည်း ဗုဇ္ဈတိတိ ဗုဒ္ဓေါ-ဟူသောပုဒ်၌ ဗုဓဓာတ်၏ အနက်ဟု ဆိုအပ်သော သဗ္ဗညုတဉာဏ်တော်၏ သတ္တိဖြစ်သော သိခြင်းကြိယာနှင့် ကြိယာကာရက အဖြစ်ဖြင့် စပ်ရာ၏။ ထို့ကြောင့် ဗုဒ္ဓေါ-ဟူသောပုဒ်၏ အရ၌ သိတတ်၏ဟူရာ၌ သဗ္ဗညုတဉာဏ်တော်သည်သာ သိခြင်းကိစ္စ ဗုဇ္ဈနသတ္တိကို ပြီးစေတတ်သောကြောင့် **မုချဘုရား**-ဟု မှတ်ရာ၏။

သက္ကရာဇ် ၁၂၃၁-ခု၊ ဝါခေါင်လဆန်း ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိန်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

၎င်းမင်္ဂလာရာမ-မည်သော မောင်းထောင်တိုက်နေ ၎င်းဦးနန္ဒ-က အရာ,အထောင် မကသော ဝတ္ထုကို မြင်သောအခါ စိတ်ဖြစ်ပုံ,ချုပ်ပုံကို ခွဲခြားဖြေဆိုတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၁၃] "ဘုရားတပည့်တော် မင်္ဂလာရာမတိုက်နေ ရဟန်းခွင်နန္ဒ လျှောက်ပါသည် ဆရာတော်ဘုရား။

အရာ,အထောင်-စသော တိုင်စဉ်, လူ, သစ်ပင်, ကောင်းကင်, နက္ခတ်တို့ကို မြင်သော ကာလ၊ တစ်ခု,တစ်ခုသော တိုင်စဉ်, လူ, သစ်ပင်, ကောင်းကင်, နက္ခတ်တို့၌ ဖြစ်သော စိတ်သည် တပြိုင်နက်ပင် ဖြစ်မည်။ အသီးအသီး တစ်ခု ချုပ်မှ, တစ်ခုချုပ်၍ ဖြစ်မည်-ဟု ပရမတ္ထသဘာဝကို ရှမ်းဆသေချာ မသိပါသောကြောင့် မိန့်မှာဟောကြား၊ ဘုရားဒေသနာ၊ ကျမ်းလာပါဠိ၊ ရှိသည့်အတိုင်း၊ ဆုတ်ဆိုင်းမဟူ၊ ဖြေဆိုတော်မူမှ၊ နည်းယူကြံဆ၊ သုတဗုဒ္ဓိ၊ ကဝိတစ်ဆူ၊ ဤအယူတွင်၊ မှေးမြူမရှိ၊ ဝိစိကိစ္ဆာ၊ ကင်းကွာလွင့်ပျောက်၊ စောကြောထောက်လည်း၊ မလှောက်ရပြန်၊ ခွင်းခြင်းမှန်လျက်၊ သမန္တစက်၊ ကျေးဇူးနက်တို့၊ မိန့်မြွက်သံတော်၊စကားသော်ကား၊ မလျော်လေဘဲ၊ ဆိုချွတ်လွဲလျက်၊ ၂-ကွဲမရှိ၊ ဟုတ်တိုင်းသိ၍၊ ကေစိ စောဒက၊ ကင်းလွတ်ပါရအောင်၊ ကျမ်းစာစောင်ဖြင့်၊ ဉာဏ်ရောင်ဝင်းဝင်း၊ မိုက်မှောင်ကင်းအောင်၊ ထွန်းလင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်အရှင်မြတ်ဘုရား"။

၎င်းဦးနန္ဒလျှောက်ထားချက် စိတ္တုပ္ပါဒ်တို့၏ တပြိုင်နက် ဖြစ်သင့်ကြောင်းကို မေးလျှောက်သည်မှာ-

[၁၃] အစိန္တေယျ၊ သုံးလူသေင့်နင်း၊ တရားမင်းမြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် ကိန်းအောင်းမွေလျော် နေတော်မူသောအခါ သာဝတ္ထိပြည်တွင်းမှ အမျိုးသား ၁-ယောက်သည် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၍ သံဃရတ္နီတ နာမမည်တွင် ထိုအရှင်ဘုရား၏ နှမရင်းချာတွင် ဖွားမြင်သော သားအကြီးကို ဦးရီးတော် အမည်ရ၍ သံဃရတ္နီတ-ဟု တွင်သတည်း။

http://www.dhammadownload.com

ထိုသံယရကို်တလုလင်သည် ရှင်ပြုရသဖြင့် မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်လတ်၍ အညတြရွာ ၁-ခုတွင် ပြုစုထောက်ပင့် ခိုးမြှင့်သော ဒါယကာတို့ သဒ္ဓါ၍ လှူအပ်သောကြောင့် နေရပ်ရင်းတိုင်အောင် သာဝတ္ထိပြည်သို့ ဆောင်ခဲ့သည့် ၇-တောင် ဖျင်ပိုင်း ၁-ထည်, ၈-တောင်ဖျင်ပိုင်း ၁-ခု, ဤ ၂-ခုတွင် ၈-တောင်ဖျင်ကို သံယရကို်တခေါ် ဦးရီးတော်မထေရ်မြတ်အား လှူကပ်မည်-အကြံနှင့် ရပ်ဌာန်သို့ ရောက်လေလျှင် ၈-တောင်ဖျင်ကို ရှေ့တွင်ချထား၍ 'အရှင်ဘုရား၊ လိုရာ သုံးဆောင်တော်မူပါ'-ဟု လျှောက်ရာ ဦးရီးတော်ဆရာက အခါခါပယ်သောကြောင့် 'ဥပဇ္ဈာယ်ဆရာ၊ ငါ့ဥစ္စာကို စွန့်ခွါပယ်ရှားခဲ့သည်'-ဟု စိတ်ထားညှိကွက် မျက်နှာပျက်ဖြင့် လူထွက်တော်မူမည် ကြံစည်လေလျှင် ၎င်းဖျင်ကို ဈေးမှာ ရောင်းချ၍ ရသမျှဥစ္စာစုနှင့် တစ်ခုသော ဆီတ်မကို ဝယ်ယူသော် တခဏချင်း ကြွယ်ဝပြည့်စုံ၊ ကုံလုံဥစ္စာ၊ များစွာပေါယယ်၊ ပြည့်စုံလွယ်မည်ဟု ဥပဇ္ဈာယ် ဆရာမြတ်ကို ယပ်ခတ်ရင်း ကြံသည်တွင် ၎င်းဖျင်က ရသမျှနှင့် ဆီတ်မကို ဝယ်၍ ဆီတ်ငယ်အပေါင်း ပေါ်လာတိုင်း ရောင်းရသဖြင့် ထောင်,သောင်းဥစ္စာ ပြည်စုံလာသောကြောင့် မေတ္တာနှစ်သက်၊ ချစ်စုံမက်သည်၊ အဖက်ကညာ၊ ရသောခါ၌၊ ကြင်နာဆပွါး၊ တစ်ယောက်သားကို၊ ဖွားမြင်လတ်သော်၊ ဦးရီးတော်ကို၊ ပူဇော်မြတ်နိုး၊ ရှိခိုးအံ့-ဟု၊ လှည်းတစ်ခုတွင်၊ သားငယ်ကို တင်၍၊ ထိုလင်, မယား၊ ကျောင်းသို့ သွားလေလျှင်၊ ကျောင်းပါးအနီး၊ လမ်းခရီးတွင်၊ သားငယ်ကို ခြိုချင်သောကြောင့်၊ အိမ်ရှင်မကို ဆိုပြန်သည်ကား၊ "ငါ့သားကို ငါပင်၊ ဆောင်ယူချင်သည်၊ လှည်းနှင့်၍ သွားပါလေ"ဟု၊ ခြင်းရာစေ့စုံ၊ ဆိုလတ်တုံက၊ ယမ်းပုံမီးကျ၊ သူမယားကလည်း၊ "ငါ့သားနှင့် မောင်မင်း၊ အခင်းမလျော်၊ ဤလှည်းပေါ်ကသာ၊ လှည်းနှင်ပါတော့၊ ငါပင် ငါ့သား၊ ဆောင်ယူသွားမည်"ဟု စကားထော်ထော်၊ သားကို ခေါ်၍၊ လှည်းပေါ်က အဆင်းမှာ၊ လှည်းရင်းတွင် လွတ်ကျ၍၊ အနီစွသို့ ရောက်လေရာငြား၊ "ငါ၏သားသည်၊ ဆုံးပါးခဲ့ပြီ၊ သေခဲ့ပြီ"ဟု၊ ဦးချိုလက်မြှောက်၊ နှင်တံကို ကောက်၍၊ "ကျောပေါက်အောင် နှက်လိုက်မည်"ဟု ကြံစည်လိုက်သည်တွင်၊ ဦးရီးရှင်-ဟု၊ သခင်ဘုရား၊ ထံတော်ပါးဝယ်၊ ခစားမပြတ်၊ ယပ်လေခတ်ဆဲမို့၊ ဟန်နွဲ၍ ပေါက်၊ ခေါင်းတော်ကို ခေါက်လေလျှင်၊ ဆရာရှင်က၊ ပဉ္စမစျာန်၊ အဘိညာဏ်နှင့်၊ ဖြစ်ဟန်ကိုရှုသော်၊ ပြုသည်အခင်း၊ မူလရင်းကို၊ ကွင်းကွင်းကြီးမြင်၍၊ "ငါ့ရှင်၏သား၊ အကြောင်းအားကြောင့်၊ မယားကိုသာ၊ ရိုက်ရပါမည်ကို၊ ငါ့မှာ ခင်းဆိုက်၊ ယပ်တောင်နှင့် ရိုက်သည်"ဟု၊ ဆိုလိုက်လေလျှင်၊ ဆရာရှင်သည်၊ ကုန်စင်အခင်း၊ သိခဲ့လျင်းပြီ-ဟု၊ ရှက်ကြီးရှက်စွာ၊ ဖြစ်လေရာသောကြောင့်၊ ဆရာရှေ့မှ၊ ယပ်ကိုချပြီးလျှင်၊ ထ၍ပြေးမည်၊ အားထုတ်သည်တွင်၊ သိမြင်တထွေ၊ သာမဏေငယ်၊ ရဟန်းငယ်တို့၊ ပေါ်ယယ်များစွာ၊ အုတ်အာသောင်းသဲ၊ ငင်ဆွဲခေါ်သွား၊ အစိန္တေယျော်၊ မြတ်ဇိနော်၏၊ ထံတော်ပါးသို့၊ ရောက်ငြားလတ်သော်၊ အာလုပ်တော်ဖြင့်၊ ခေါ်တော်မူငြား၊ "ငါ့ချစ်သားတို့မှာ၊ ဘယ်ကြောင်းရာကြောင့်၊

http://www.dhammadownload.com

သံယာတစ်ပါး၊ ဖမ်းခဲ့ငြားသည်"ဟု၊ ဘုရားမြတ်စွာ၊ မေးသောခါ၌၊ ဝဿာဝါသိက၊ သာဌက ကို၊ ရသည့်နေ့မှ၊ အာဒီစ၍၊ ကိစ္စခြင်းရာ၊ လျှောက်ပန်ထွာသော်၊ သံသရာစက်ဝဲ၊ ဩဃထဲမှ၊ ခွါရှဲလွတ်ရှောင်၊ နိဗ္ဗူသောင်သို့၊ ရောက်အောင်ကူးခပ်၊ ပို့ပေတတ်သော၊ လူ,နတ်မျက်ရှူ၊ သဗ္ဗညုကား၊ သုံးပါးဘဝ၊ ဝဋ်ဒုက္ခတွင်၊ ရာဂ,ဒေါသ၊ မောဟဖွဲ့နှောင်၊ အမိုက်မှောင်မှ၊ ခွါရှောင်ကင်းစင်၊ လွတ်ကြောင်းမြင်သဖြင့်၊ သံယရက္ခိတရဟန်းအား၊ တရားအမြိုက်၊ တိုက်ကျွေးတော်မူလို၍–

ဒူရင်္မံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမိဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။ ။ (ဓမ္မ။၁၈)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ဘိက္ခု၊ ရဟန်း။ စိတ္တံ နာမ၊ စိတ်မည်သည်ကား။ ဒူရင်္မံ၊ အဝေးသို့လည်း ရောက်တတ်၏။ ဧကစရံ၊ တစ်ခုတည်းသာ ဖြစ်တတ်၏။ အသရီရံ၊ ကိုယ်သဏ္ဌာန်လည်း မရှိ။ ဂုဟာသယံ၊ ဂူ၌လည်း ကိန်းတတ်၏။ ယေ၊ အကြင်ယောဂီများ, မိန်းမ, လူ,ရဟန်း-စသော ပညာရှိပုဂ္ဂိုလ်တို့သည်။ စိတ္တံ၊ စိတ်ကို။ သံယမိဿန္တိ၊ စောင့်ရှောက်ကုန်လတ္တံ့။ တေ၊ ထိုယောဂီများ, မိန်းမ, လူ,ရဟန်း-စသော ပညာရှိပုဂ္ဂိုလ်တို့သည်။ မာရဗန္ဓနာ၊ မာရ်တည်းဟူသော နှောင်ဖွဲ့ခြင်းမှ။ မောက္ခန္တိ၊ လွတ်ကုန်လတ္တံ့။

ထိုပါဠိတော်၌ "ဒူရင်္မံ"ဟူသော ပုဒ်၏အရကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်–

> တတ္ထ ဒူရင်္မန္တိ စိတ္တဿ ဟိ မက္ကဋသုတ္တမတ္တကမ္ပိ ပုရတ္ထိမာဒိသာဘာဂေန ဂမနာဂမနံ နာမ နတ္ထိ၊ ဒူရေ သန္တမ္ပိ ပန အာရမ္မဏံ သမ္ပဋိစ္ဆတိတိ ဒူရင်္မံ နာမ ဇာတံ။ –

ဟူသော ပါဠိ(ဓမ္မ၊ဋ္ဌ၊၁။၁၉၃)ကို မိန့်ဆိုလျှစ်ဖွင့်တော်မူသတည်း။

တတ္ထ ပါဠိယံ၊ ထိုပါဠိတော်၌။ ဒူရင်္မန္တိ၊ ဒူရင်္မံဟူသည်ကား။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ စိတ္တဿ၊ စိတ်၏။ မက္ကဋသုတ္တမတ္တကမ္ပိ၊ မျောက်မျဉ်းသော ကာလမျှလည်း။ ပုရတ္ထိမာဒိသာဘာဂေန၊ အရှေ့မျက်နှာ-အစရှိသောအရပ်ဖြင့်။ ဂမနာဂမနံ နာမ၊ သွားခြင်း, ပြန်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဒူရေ၊ ဝေးသောအရပ်၌။ သန္တမ္ပိ၊ ထင်ရှားရှိသည်လည်းဖြစ်သော။ အာရမ္မဏံ၊ အာရုံကို။ သမ္ပဋိစ္ဆတိ၊ ခံလင့်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒူရင်္မံ နာမ၊ ဒူရင်္မ မည်သည်။ ဇာတံ၊ ဖြစ်၏။

http://www.dhammadownload.com

စိတ်မည်သည် မျောက်မျှင်းကာမျှဖြင့် အရပ်တပါးသို့ သွားခြင်း, လာခြင်းမည်သည် မရှိ၊ ဝေးသောအရပ်၌ အာရုံကို ယူတတ်,ခံလင့်တတ်၏၏-ဟူလိုသည်။ အရပ်တပါးသို့ သွားခြင်း, ပြန်ခြင်းကို မပြုတတ်သည်သာ မဟုတ်သေး။ စိတ်မည်သည် တစ်ခုတည်းသာ ဖြစ်တတ်၏။ ၂-ခု, ၃-ခု-စသည် ဖြစ်ခြင်းမရှိ၊ ထို့ကြောင့် **ဧကစရံ**-ဟူသော ပုဒ်၏ အရကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်-

> သတ္တ'ဋ္ဌစိတ္တာနိ ပန ဧကတော ကဏ္ဏိကဝဒ္ဓါနိ ဝိယ ဧကက္ခဏေ ဥပ္ပဇ္ဇိတုံ သမတ္ထာနိ နာမ နတ္ထိ၊ ဥပ္ပတ္တိကာလေ ဧကေကမေဝ စိတ္တံ ဥပ္ပဇ္ဇတိ၊ တသ္မိံ နိရုဒ္ဓေ ပုန ဧကေ'ကမေဝ ဥပ္ပဇ္ဇတီတိ **ဧကစရံ** နာမ ဇာတံ။ -

ဟူသော ပါဠိ(ဓမ္မ၊ဋ္ဌ၊၁။၁၉၃)ကို မိန့်ဆိုဖွင့်လှစ်တော်မူသည်။

သတ္တ'ဋ္ဌစိတ္တာနိ၊ ၇-ခု, ၈-ခုသော စိတ်တို့သည်။ ဧကတော၊ တပြိုင်နက်။ ကဏ္ဏိက-ဝဒ္ဓါနိ ဝိယ၊ အချက်၌ ဖွဲ့သကဲ့သို့။ ဧကက္ခဏေ၊ တစ်ခုသော ခဏ၌။ ဥပ္ပဇ္ဇိတုံ၊ ဖြစ်ခြင်းငှာ။ သမတ္ထာနိ နာမ၊ စွမ်းနိုင်ကုန်သည် မည်သည်။ နတ္ထိ၊ မရှိ။ ဥပ္ပတ္တိကာလေ၊ ဖြစ်သောအခါ၌။ ဧကေကမေဝ စိတ္တံ၊ တစ်ခု,တစ်ခုသော စိတ်သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုစိတ်သည်။ နိရုဒ္ဓေ၊ ချုပ်သည်ရှိသော်။ ပုန၊ တဖန်။ ဧကေ'ကမေဝ စိတ္တံ၊ တစ်ခုတစ်ခုသော စိတ်သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ **ဧကစရံ** နာမ၊ **ဧကစရ** မည်သည်။ ဇာတံ၊ ဖြစ်၏။

စိတ်မည်သည် တစ်ခု ချုပ်မှသာ တစ်ခု ဖြစ်၏။ ၂-ခု, ၃-ခု-စသည် ပြိုင်၍ မဖြစ်။ ဤသည်လျှင် မိမိသဘောပင်တည်း။ ဤစိတ်မည်သည် သဏ္ဌာန် မရှိ၊ အညို, အရွှေ-စသော အဆင်း မရှိ။ ထို့ကြောင့် **အသရီရံ**-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်-

> စိတ္တဿ သရီရသဏ္ဌာနံ ဝါ နီလာဒိပဘာရော ဝဏ္ဏဘေဒေါ ဝါ နတ္ထိ'တိ **အသရီရံ** နာမ ဇာတံ-

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စိတ္တဿ၊ စိတ်၏။ သရီရသဏ္ဌာနံ ဝါ၊ သရီရသဏ္ဌာန်သည်လည်းကောင်း။ နီလာ-ဒိပဘာရော ဝဏ္ဏဘေဒေါ ဝါ၊ အညို, အရွှေ, အနီ, အဖြူ-စသော အဆင်း၏ အပြားသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အသရီရံ နာမ၊ **အသရီရ** မည်သည်။ ဇာတံ၊ ဖြစ်၏။

http://www.dhammadownload.com

စိတ်-မည်သည် ကိုယ်သဏ္ဌာန်ကဲ့သို့ မရှိရကား ဟဒယဝတ္ထု-ဟု ဆိုအပ်သော ဂူဌ်၌ ကိန်းအောင်းတတ်၏။ ထို့ကြောင့် ဂုဟာသယ်-ဟူသောပါဠိ၏ အဓိပ္ပါယ်ကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် –

> ဂုဟာ နာမ စတုမဟာဘူတာ ဂုဟာ။ ဣဒဉ္စ ဟဒယရူပံ နိဿာယ ပဝတ္တတိတိ ဂုဟာသယံ နာမ ဇာတံ (ဓမ္မ၊ဋ္ဌ၊၁။၁၉၃) –

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဂုဟာ နာမ၊ ဂုဟာ-မည်သည်ကား။ စတုမဟာဘူတာ၊ ၄-ပါးသော မဟာဘူတ် ရုပ်တို့သည်။ ဂုဟာ၊ ဂုဟ မည်ကုန်၏။ ဣဒဉ္စ စိတ္တံ၊ ဤစိတ်သည်ကား။ ဟဒယရူပံ၊ ဟဒယ ရုပ်ကို။ နိဿာယ၊ မှီ၍။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဂုဟာသယံ နာမ၊ ဂုဟာသယ မည်သည်။ ဇာတံ၊ ဖြစ်၏။

စိတ်မည်သည် အဝေးသို့ ရောက်တတ်သော ဝတ္ထုလည်း မဟုတ်၊ ၂-ခု, ၃-ခု စသည် ပြိုင်၍ ဖြစ်တတ်သော ဝတ္ထုလည်း မဟုတ်၊ ကိုယ်သဏ္ဌာန်ကဲ့သို့လည်း မရှိ၊ အဖြူ, အနီ-စသော အဆင်းလည်း မရှိ၊ ဟဒယဝတ္ထု-ဟု ဆိုအပ်သော ဂူဌ်လည်း ကိန်းတတ်၏။ ထို့ကြောင့် စိတ်ကို ကောင်းစွာစောင့်ရှောက်သဖြင့် ဝဋ်တရားမှ ထွက်မြောက်ရာ၏-ဟု ဟောတော်မူအပ်သော "**ယေ စိတ္တံ သံယမိဿန္တိ, မောက္ခန္တိ, မာရဗန္ဓနာ**"ဟူသောပါဠိ၏ အဓိပ္ပါယ်ကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်–

> **ယေ စိတ္တန္တိ** ယေကေစိ ပုရိသာ ဝါ ဣတ္ထိယော ဝါ ဂဟဋ္ဌာ ဝါ ပဗ္ဗဇိတာ ဝါ အနုပုဗ္ဗနကကိလေသဿ ဥပ္ပဇ္ဇိတုံ အဒေန္တာ သတိသမ္မောသေန ဥပ္ပန္နကိလေသံ ပဇဟန္တာ၊ **စိတ္တံ သံယမိဿန္တိ** သံယတံ အဝိက္ခိတ္တံ ကရိဿန္တိ။ **မောက္ခန္တိ မာရဗန္ဓ-နာတိ** သဗ္ဗေ တေ ကိလေသဗန္ဓနာ'ဘာဝေန မာရဗန္ဓနသင်္ခါတာ တေဘူမကဝဋ္ဋာ မုစ္စိဿန္တိ –

ဟူသော ပါဠိ(ဓမ္မ၊ဋ္ဌ၊၁။၁၉၄)ကို မိန့်ဆိုဖွင့်လှစ်တော်မူပြန်သတည်း။

ယေ စိတ္တန္တိ၊ **ယေ စိတ္တံ**-ဟူသည်ကား။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ပုရိသာ ဝါ၊ ယောကျ်ားတို့သည်လည်းကောင်း။ ဣတ္ထိယော ဝါ၊ မိန်းမတို့သည်လည်းကောင်း။ ဂဟဋ္ဌာ ဝါ၊ လူတို့သည်လည်းကောင်း။ ပဗ္ဗဇိတာ ဝါ၊ ရဟန်းတို့သည်လည်းကောင်း။ အနုပုဗ္ဗနက-ကိလေသဿ၊ မဖြစ်သေးသော ကိလေသာကို။ ဥပ္ပဇ္ဇိတုံ၊ ဖြစ်ခြင်းငှာ။ အဒေန္တာ၊ အခွင့်မပေး ကုန်သည်ဖြစ်၍။ သတိသမ္မောသေန၊ သတိ ချွတ်ယွင်းသဖြင့်။ ဥပ္ပန္နကိလေသံ၊ ဖြစ်သော ကိလေသာကို။ ပဇဟန္တာ၊ ပယ်ကုန်သည်ဖြစ်၍။ စိတ္တံ၊ စိတ်ကို။ သံယမိဿန္တိ၊ စောင့်ရှောက်

http://www.dhammadownload.com

ကုန်လတ္တံ့။ သံယတံ၊ စောင့်ရှောက်ခြင်းကို။ အဝိကိွတ္တံ၊ မပျံ့လွင့်သည်ကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ မောက္ခန္တိ မာရဗန္ဓနာတိ၊ **မောက္ခန္တိ မာရဗန္ဓနာ**-ဟူသည်ကား။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဧတေ၊ ထိုပညာရှိတို့သည်။ ကိလေသဗန္ဓနာ'ဘာဝေန၊ ကိလေသာတည်းဟူသော အနှောင်အဖွဲ့ မရှိသဖြင့်။ မာရဗန္ဓနသခီါတာ၊ မာရ်တည်းဟူသော အနှောင်အဖွဲ့-ဟု ဆိုအပ်သော။ တေဘူမကဝဋ္ဋာ၊ ဘုံ ၃-ပါး၌ ဖြစ်သော ဝဋ်ဆင်းရဲမှ။ မုစ္စိဿန္တိ၊ လွတ်ကုန်လတ္တံ့။

ဤသို့ ပါဠိအဋ္ဌကထာ လာသောကြောင့် စိတ်-မည်သည် ၂-ခု, ၃-ခု-စသည် တပြိုင်နက် ဖြစ်တတ်သောသဘော မရှိ။ ၁-ခု ချုပ်မှသာ ၁-ခု အသစ်ဖြစ်ရကား ရာ,ထောင်, သိန်း,သောင်း-စသော တိုင်စဉ်, လူ, သစ်ပင်, ကောင်းကင်, နက္ခတ်-စသည်ကို မြင်သော ကာလ များစွာသော စိတ်တို့သည် တပြိုင်နက်ဖြစ်၍ မြင်သည် မဟုတ်။ စိတ္တက္ခဏ၏ အလွန်လျင်မြန်သော သဘောရှိသောကြောင့် တပြိုင်နက် ဖြစ်သကဲ့သို့ ထင်မိသည်။ တစ်ခုသော ဝတ္ထုကို မြင်သော စိတ်သည် ချုပ်ပြီးမှ အသစ်အသစ်ဖြစ်၍ ချုပ်လေသည် မှတ်ရာသည်။

သက္ကရာဇ် ၁၂၃၁-ခု၊ ဝါခေါင်လဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

ဘိကြုပ်အဆောင်တော်မြို၊ ပလိုင်းလက်စွဲ၊ သူရဲအစု၊ ဒုတ်ရဲတပ်မှူး၊ မင်းလှသူရိန်-က မေတ္တာဘာဝနာပွါးရန်ကို အကျယ်သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၄] "ဘုရားတပည့်တော် ဘိကြုပ်အဆောင်တော်မြို၊ ပလိုင်းလက်စွဲ၊ ဒုတ်ရဲတပ်မှူး၊ မင်းလှသူရိန် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) မေတ္တာမပို့မီ ရှေးအဖို့၌ ပြည့်စုံစေရာသော မေတ္တာပုဗ္ဗဂ်မ သမာစာရတရား ၁၅-ပါး၊

(၂) မေတ္တာပွါးရာသော ပုဂ္ဂိုလ် ၁၂-ယောက်ကိုလည်း သရုပ်အကျယ်နှင့်တကွ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်အရှင် သူမြတ်ဘုရား"။

http://www.dhammadownload.com

မင်းလှသူရိန်လျှောက်ချက်–

[၁၄](၁) မေတ္တာမပို့မီ ရှေ့အဖို့၌ ပြည့်စုံစေရာသော မေတ္တာပုဗ္ဗင်္ဂမ သမာစာရတရား ၁၅-ပါးဟူသော်ကား မေတ္တာသုတ်ပါဠိတော်တွင် လာသော–

၁။ သက္ကော	၂။ ဥဇု	၃။ သုဟုဇု
၄။ သုဝစ	၅။ မုဒု	၆။ အနတိမာနီ
၇။ သန္တုဿက	၈။ သုဘရ	၉။ အပ္ပကိစ္စ
၁၀။ သလ္လဟုကဝုတ္တိ	၁၁။ သန္တိန္ဒြိယ	၁၂။ နိပက
၁၃။ အပ္ပဂဗ္ဘ	၁၄။ ကုလေသု အနနုဂိဒ္ဓ	၁၅။ န စ ခုဒ္ဒမာစရ၊

ဤ ၁၅-ပါးတည်း။ ထို ၁၅-ပါးတို့တွင်–

သက္ကော-ဟူသည်ကား။ ။ဒုတိယ, စတုတ္ထ, ပဓာနိယအင်္ဂါနှင့် ပြည့်စုံသဖြင့် ကိုယ့်အသက်ကို ငဲ့ကွက်ခြင်း မရှိ၊ သစ္စာ ၄-ပါးကို သိခြင်းငှာ စွမ်းနိုင်သည်လည်းကောင်း ထို့အတူ ကသိဏ်း, ပရိကမ်တို့၌လည်းကောင်း ဝတ်ကို ဆောက်တည်ခြင်း၌လည်းကောင်း မိမိ၏ သပိတ်,သင်္ကန်းခေါက်ခြင်း၊ သိမ်းဆည်းခြင်း-စသည်တို့၌လည်းကောင်း အကြင် အမှတ်မရှိသော သီတင်းသုံးဖော်တို့၏ ကြီးကြီး,ငယ်ငယ် ပြုဖွယ်ကိစ္စတို့၌လည်းကောင်း တပါးကုန်သော ဤသို့ သဘောရှိသည်တို့၌လည်းကောင်း စွမ်းနိုင်သည်, လိမ္မာသည်, မပျင်းမရိသည်ဖြစ်၍ စွမ်းနိုင်ခြင်းသည် သက္ကော-မည်၏။

ဥဇု-ဟူသည်ကား။ ။တတိယ ပဓာနိယအင်္ဂါနှင့် ပြည့်စုံသည်ဖြစ်၍ ရှေးဦးစွာ ပြောင်းခြင်း, ငယ်ရွယ်စဉ်ကာလက ပြောင်းခြင်းသည်လည်းကောင်း မစဉ်းလဲခြင်းသည်လည်းကောင်း စဉ်းလဲသည်-ဆိုသည်မှာ အာယတန-မည်သော ငါး-ကဲ့သို့တည်း။ အာယတန-မည်သော ငါးသည် ဦးခေါင်းကား မြွေနှင့် တူ၏။ အမြီးကား ငါးနှင့် တူ၏။ မြွေကို မြင်လျှင် ဦးခေါင်းကို ပြ၏။ ငါးကို မြင်လျှင် အမြီးကို ပြ၏။ ထိုသို့ ပြခြင်းသည် "သင်တို့နှင့်ငါ သဘောတူ၏"ဟု မှတ်စေလိုသတည်း။ ထို့အတူ စဉ်းလဲတတ်သော ပုဂ္ဂိုလ်သည် အကြင်သူတွန်တတ်သောသူတို့ထံ ချဉ်းကပ်၍ ဤသို့ဆို၏။ "ငါသည် အရှင်ဘုရားတို့နှင့် သဘောတူသောသူတည်း။ အရှင်ဘုရားတို့သည် အကျွန်ုပ်ကို အစဉ်သနားခြင်း ရှိကြပါကုန်။ အကျွန်ုပ်သည် အရှင်မြတ်တို့ကို မလွတ်ပါကုန်အံ့"ဟု ဆို၏။ ထိုသို့ ဆိုခြင်းသည် "ဤသူသည် ငါတို့ကို ရိုသေတုပ်ဝပ်ခြင်းရှိ၏"ဟု သိစေလိုသတည်း။

http://www.dhammadownload.com

ဤသို့ စဉ်းလဲခြင်း မရှိဘဲ ဖြောင့်မတ်ခြင်းသည်လည်းကောင်း ကိုယ်၏ ကောက်ခြင်း, နှုတ်၏ ကောက်ခြင်း ၂-ပါး မရှိခြင်းသည်လည်းကောင်း မိမိ၌ ထင်ရှားမရှိသော ဂုဏ်ကို မပြခြင်းသည်လည်းကောင်း ၈-ပါးသော သမာပတ်-ဟု ဆိုအပ်သော အာရမ္မဏူပနိဇ္ဈာန စ္ဆာန်ဖြင့်လည်းကောင်း အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာတို့ဖြင့်လည်းကောင်း ပယောဂ-သုဒ္ဓိ အစွမ်းအားဖြင့်လည်းကောင်း ဖြောင့်ခြင်း ဥဇု-မည်၏။

သုဟုဇု-ဟူသည်ကား။ ။အဖန်တလဲလဲ ဖြောင့်သော အဖြစ်ကို မလျော့,မယုတ်စေမူ၍ ကောင်းစွာဖြောင့်ခြင်း, လှည့်ပတ်ခြင်း မရှိခြင်း၊ စိတ်၏ ကောက်ခြင်း မရှိခြင်းသည်လည်းကောင်း မိမိ၌ ထင်ရှားမရှိသောဂုဏ်ကို ပြ၍ရသော ပစ္စည်းကို မသာယာခြင်း, မနှစ်သက်ခြင်းသည်လည်းကောင်း သမထ,ဝိပဿနာ,မဂ်,ဖိုလ်-ဟု ဆိုအပ်သော လက္ခဏူပနိဇ္ဈာနစ္ဆာန်ဖြင့်လည်းကောင်း အဓိပညာသိက္ခာ၏ အစွမ်းဖြင့် လည်းကောင်း အာသယသုဒ္ဓိ၏ အစွမ်းဖြင့်လည်းကောင်း ကောင်းစွာဖြောင့်ခြင်း သုဟုဇု မည်၏။

သုဝစ-ဟူသည်ကား။ ။ဆိုဆုံးမသဖြင့် နာလွယ်သည် ဖြစ်ရာ၏။ အကြင်သူသည် ဤအမှုကို မပြုအပ်-ဟု ဆုံးမသည်ရှိသော် "သင် အဘယ်ကို မြင်သနည်း။ သင် အဘယ်ကို ကြားသနည်း။ ငါ့ကို အဘယ်ထင်၍ ဆိုသနည်း။ အဘယ်သူ ဆရာဥပဇ္ဈာယ်နည်း။ အဘယ်သူ သံဒိဋ္ဌနည်း, သမ္ဘတ္တနည်း"ဟု ဆို၏။ ဆိတ်ဆိတ်နေသဖြင့် နှိပ်စက်၏။ 'ကောင်းပါပြီ'ဟု ဝန်ခံ၍ ခံတိုင်း မပြု။ ထိုသူသည် မဂ်,ဖိုလ်နှင့် ဝေးသောသူ မည်၏။ အကြင်သူသည်ကား ဆိုဆုံးမသည်ရှိသော် "ကောင်းပါပြီ၊ ကောင်းစွာ ဆိုဆုံးမပေသည်။ မိမိအပြစ်ကို အလွန် မြင်နိုင်ခဲ၏။ နောင်အခါလည်း ဤကဲ့သို့ မသင့်မလျော်သည်ကို မြင်လျှင် ဆိုဆုံးမပါ။ အရှင်တို့၏အထံမှ အကျွန်ုပ် အဆုံးအမကို ရပေသည်"ဟု ဆို၏။ ဆိုဆုံးမသည်ကိုလည်း လိုက်နာ၍ ကျင့်၏။ ထိုသို့ ဆိုဆုံးမလွယ်ခြင်း, ဆိုဆုံးမသည်ကို လိုက်နာ၍ ကျင့်ခြင်းသည် မဂ်,ဖိုလ်ကို ရခြင်းငှာ လွယ်သည် ဖြစ်၏။ ထို့ကြောင့် ဆိုဆုံးမလွယ်ခြင်း၊ ဆိုဆုံးမသဖြင့် လိုက်နာ၍ ကျင့်ခြင်းသည် သုဝစ မည်၏။

မုဒု-ဟူသည်ကား။ ။အကြင်အခြင်းဖြင့် ဆိုလျှင် နာလွယ်၏။ ထို့အတူ နူးညံ့သည် ဖြစ်ရာ၏။ လူတို့၏ အစေအပါးကို ခံ၍ တစ်အိမ်မှ တစ်အိမ်သို့ သွားခြင်း, အပသို့ သွားခြင်း-စသည်တို့၌ မယှဉ်စေဘဲ နူးညံ့သောအဖြစ်ကို မပြုမူ၍ ခက်ထန်သော သဘောရှိသဖြင့် ဝင့်,ပဋိပတ်နှင့် ပြည့်စုံလျက် အလုံးစုံသော ဌပတ္တစရိယဖြင့် ကောင်းစွာပြုပြင်၍ ထားအပ်သော ရွှေသည် အလိုရှိတိုင်း လုပ်ဆောင်ခြင်းငှာ ခံသကဲ့သို့ ထို့အတူ နူးညံ့စွာသော ထိုထိုအရာဌာနတို့၌ ခံခြင်း၊ မျက်မှောင်တကြုတ်ကြုတ် မရှိ၊ ပေါ်သော ရွှင်လန်းသော မျက်နှာရှိသဖြင့် ချမ်းသာစွာ ပြောဆိုလျက် သန့်ရှင်းကောင်းမွန် အလွန်

http://www.dhammadownload.com

သာယာသော ဆိပ်ကမ်းကဲ့သို့ စေ့စပ်ခြင်း၊ ပဋိသန္ဓာရနှင့် ကောင်းစွာ ပြည့်စုံခြင်းသည် **မုဒု** မည်၏။

အနတိမာနီ-ဟူသည်ကား။ ။ဇာတိဂေါတ္တ-ဟု ဆိုအပ်သော အမျိုး,အနွယ်-စသည်တို့ဖြင့် မာန်မတက်ခြင်း၊ တပါးသော သူတို့ကို မထီမဲ့မြင် မပြုခြင်း၊ သာရိပုတ္တရာမထေရ်မြတ်ကဲ့သို့ ခြေသုတ်ပုဆိုး, မြွေစွယ်ကျိုးနှင့် ချိုကျိုးသောနွား, ဒွန်းစကွား သားနှင့်တူစွာ နေခြင်းသည် **အနတိမာနီ** မည်၏။

သန္ဆုဿက-ဟူသည်ကား။ ။၁၂-ပါးသော သန္တောသဖြင့် ရောင့်ရဲခြင်းသည် **သန္ဆုဿက** မည်၏။ **တစ်နည်းကား** မိမိဥစ္စာဖြင့် ရောင့်ရဲခြင်းသည်လည်း **သန္ဆုဿက**မည်၏။ ထင်ရှားရှိသော ဝတ္ထုဖြင့် ရောင့်ရဲခြင်းသည်လည်း သန္ဆုဿက မည်၏။ ငြိမ်သက်သဖြင့် ရောင့်ရဲခြင်းသည်လည်း သန္ဆုဿက မည်၏။

မိမိဥစ္စာမည်သည်ကား "ပိဏ္ဍိယာလောပဘောဇနံ နိဿာယ"ဟူ၍ ရဟန်းပြုစဉ် သိမ်အပြင်၌ ခံဝန်အပ်သော သလုံးမြင်းခေါင်းဖြင့် နှီးရင်း၍ ရှိသေခြင်းရှိသည် ဖြစ်၍လည်း ကောင်း ရှိသေခြင်းရှိသည် မဖြစ်၍လည်းကောင်း လှူအပ်သော ဆိုး,ကောင်း ယုတ်,မြတ် ဖြစ်သော ပစ္စည်းကို ခံခြင်း, သုံးဆောင်ခြင်းတို့၌ ဖောက်ပြန်ခြင်းကို မပြုမူ၍ မျှခြင်းသည် **မိမိဥစ္စာဖြင့် ရောင့်ရဲသည်** မည်၏။

ထင်ရှားရှိသော ဝတ္ထု-ဟူသည်ကား အကြင် အမှတ်မရှိ၊ ရအပ်သော မိမိအား ထင်ရှားရှိသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းတို့ထက် လွန်စွာမတောင့်တခြင်း၊ အလွန်အလို မကြီးခြင်းသည် **ထင်ရှားရှိသော ဝတ္ထုဖြင့် ရောင့်ရဲသည်** မည်၏။

ငြိမ်သက်သဖြင့် ရောင့်ရဲခြင်း-ဟူသည်ကား အလိုရှိအပ်သော ဣဋ္ဌာရုံ၊ အလိုမရှိအပ်သော အနိဋ္ဌာရုံတို့၌ ရာဂ, ဒေါသကို ပယ်၍ ငြိမ်သက်သော ဣန္ဒြေဖြင့် အလုံးစုံသော အာရုံတို့၌ ရောင့်ရဲခြင်းသည် ငြိမ်သက်သဖြင့် ရောင့်ရဲသည် မည်၏။

၁၂-ပါးသော သန္တောသ-ဟူသည်ကား-

ယထာလာဘသန္တောသ, ယထာဗလသန္တောသ, ယထာသာရုပ္ပသန္တောသ-ဟူ၍ ဆွမ်း၌ ၃-ပါး၊ သင်္ကန်း၌ ၃-ပါး၊ ကျောင်း၌ ၃-ပါးတို့နှင့် ဆေး၌ ၃-ပါးစီ ဖြစ်၍ ၁၂-ပါး ဖြစ်၏။ ၃-ပါး, ၃-ပါးတို့တွင်-

- **ရရာသမျှဖြင့်** ရောင့်ရဲခြင်းသည် **ယထာလာဘသန္တောသ** မည်၏။

http://www.dhammadownload.com

- ရရာတိုင်းသော ပစ္စည်းတို့တွင် မိမိအားနှင့် လျော်စွာ သုံးဆောင်ခြင်းသည် ယထာဗလသန္တောသ မည်၏။

- ရရာတိုင်းသော ပစ္စည်းတို့တွင် အယုတ်ကိုသာ သုံးဆောင်ခြင်းသည် ယထာသာရုပ္ပသန္တောသ မည်၏။

ဤသို့ အကျဉ်းမှတ်။ ဤသို့ ရောင့်ရဲခြင်းသည် သန္တုဿကမည်၏။

သုဘရ-ဟူသည်ကား။ ။ကောင်းမွန်စွာ မွေးမြူလွယ်ခြင်း၊ အကြင်ရဟန်းသည် သား ပြွမ်းနှင့်ရောသော သလေးဆွမ်းကို သပိတ်ပြည့်အောင် ထည့်၍ပင် လှူသော်လည်း မျက်နှာ မသာယာသေးသော အမူအရာကိုသာ ပြ၏။ လှူသော ဒါယကာတို့၏ မျက်မှောက်တွင်ပင် "အဘယ်ကဲ့သို့ လှူဘိသနည်း"ဟု ခြိမ်းခြောက်ပြောဆို၍ လူ,သာမဏေတို့ကို ပေးစွန့်လိုက်လေ၏။ ထိုရဟန်းသည် မွေးမြူနိုင်ခဲသော ဒုဿရ-ရဟန်း မည်၏။ ထိုရဟန်းကို မြင်လျှင် လူတို့ အဝေးမှ ဖဲကြဉ်ကြကုန်၏။

အကြင်ရဟန်းသည် ကောင်းမွန်မြိန်မြတ်သည် ဖြစ်စေ, ယုတ်ညံ့သည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ ဘုဉ်းပေးသုံးဆောင်ခံယူ၏။ ထိုရဟန်းသည် မွေးမြူလွယ်သော သုဘရ-ရဟန်း မည်၏။

အပ္ပကိစ္စ-ဟူသည်ကား။ ။ဒါယကာမကြီး တစ်ယောက်သည် "သား ဦးပဉ္စင်းကို အတိုင်းအရှည်ကို သိသည်ဖြစ်မူ ဤဝါတွင်းပတ်လုံး မုန့်ဝတ်မပြတ် လှူဒါန်းမည်" ကြံ၍ ရှေးဦးစွာ မုန့်ကို လှူလေလျှင် ချက်,ကြော်၍ ရတိုင်း, ရတိုင်းကိုပင် ကုန်အောင် စားသဖြင့် "မောင်ပဉ္စင်းမှာ ၁-ဝါတွင်းလုံးစာပင် စားသည်"ဆို၍ "နောက်ကို မလှူပြီ" ဤကဲ့သို့ မပြုရာ၊ အတိုင်းအရှည်ကို သိရာ၏။ ထိုသို့ အတိုင်းအရှည်ကို သိသော ရဟန်းကို ဝမ်းမြောက်,ဝမ်းသာ "ငါ-ကျွေးမည်, သူ-ကျွေးမည်၊ ငါတို့သခင် ဤအရှင်မှာ ဆင်ခြင်တိုင်းထွာ လျော်စွာပြုလေ့ရှိပေသည် ဖြစ်၏။ အမှုကြီး,ငယ်၌ မွေ့လျော်ခြင်း, စကားပြောဟောခြင်း၌ မွေ့လျော်ခြင်း, အိပ်ခြင်း၌ မွေ့လျော်ခြင်း, အပေါင်းအဖော်၌ မွေ့လျော်ခြင်း-အစရှိသော များစွာသော အရေးကိစ္စတို့၌ ကြောင့်ကြမရှိခြင်း၊ တစ်နည်းကား ကျောင်း,အာရာမ်အတွင်း ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာ, အာရာမ်စောင့် လူ,သာမဏေ အမှုကြီး, ငယ်ကိစ္စမှ ကင်း၍ မိမိ၏ ဆံရိတ်ခြင်း၊ ခြေသည်း,လက်သည်း ဖြတ်ခြင်း၊ သပိတ်ဖုတ်ခြင်း၊ သင်္ကန်းချုပ်ခြင်း-စသော ကြောင့်ကြငယ်မျှနှင့် ရဟန်းတရားကို အားထုတ်လုံ့လပြုခြင်း သည် အပ္ပကိစ္စ မည်၏။

http://www.dhammadownload.com

သလ္လဟုကဝုတ္ထိ-ဟူသည်ကား။ ။ပေါ့သော အသက်မွေးခြင်းတည်း။ အရပ်တပါး ပြောင်းသည်ရှိသော် ခေါင်းရွက်, ပခုံးထမ်း၊ လှည်း, လှေများနှင့် များစွာသော ဘဏ္ဍာ, ပရိက္ခရာတို့ကို ဆောင်ယူသဖြင့် သွားသော ရဟန်းသည် သလ္လဟုကဝုတ္ထိ မမည်။ ထိုသို့မဟုတ် တစ်ခုသော တော, တောင်, သစ်ပင်မှ တစ်ခုသော တော, တောင်, သစ်ပင်သို့ ပြန်သွား၍ ပြောင်းသော ငှက်သည် မိမိ အတောင်သာလျှင် ဝန်ရှိသူသကဲ့သို့ ပရိက္ခရာ ၈-ပါးသာလျှင် ဝန်ရှိသော ရဟန်းသည် သလ္လဟုကဝုတ္ထိ မည်၏။

ပရိက္ခရာ ၉-ပါးဆောင်သော ရဟန်းအား အိပ်ရာခင်းသည်လည်းကောင်း သံကောက်သည်လည်းကောင်း အပ်၏။ ပရိက္ခရာ ၁၀-ပါးဆောင်သော ရဟန်းအား နိသီဒိုင်သည်လည်းကောင်း သားရေပိုင်း စမွှခဏ်သည်လည်းကောင်း အပ်၏။ ပရိက္ခရာ ၁၁-ပါး ဆောင်သော ရဟန်းအား တောင်ဝှေးသည်လည်းကောင်း ဆီကျည်တောက်သည်လည်း ကောင်း အပ်၏။ ပရိက္ခရာ ၁၂-ပါးဆောင်သော ရဟန်းအား ထီးသည်လည်းကောင်း ဖိနပ် သည်လည်းကောင်း အပ်၏။ ထိုရဟန်းသည်လည်း သလ္လဟုကဝုတ္ထိပင် မည်၏။

သန္ထိန္ဒြိယ-ဟူသည်ကား။ ။ကျွဲဌာရံ, အနိဋ္ဌာရံ ၂-ပါးတို့၌ မတုန်လှုပ်သော ကျွန်ဖြစ်ရှိသည်ဖြစ်၍ ရာဂ-အစရှိသော ကိလေသာတို့ကို အဓိဝါသနပဟာတဗ္ဗ၏ အစွမ်းအားဖြင့် သည်းခံနိုင်ခြင်းသည် သန္ထိန္ဒြိယ မည်၏။

နိပက-ဟူသည်ကား။ ။သိ, ကြား, လိမ္မာ၊ ကောင်းစွာဝေဖန် ခွဲခြမ်းနိုင်သော ပညာ၊ သိလစောင့်ခြင်း၌ လိမ္မာသောပညာ၊ သင်္ကန်း ချုပ်ခြင်း, သပိတ်ဖုတ်ခြင်း အစရှိသော ကိစ္စကြီး,ငယ်တို့၌ သိကျွမ်းမြော်မြင်၊ ဆင်ခြင်စဉ်းစား ပိုင်းခြား ဝေဖန်နိုင်သော ပညာ၊ အာဝါသသပ္ပါယ, ဂေါစရသပ္ပါယ, ဘဿသပ္ပါယ, ပုဂ္ဂလသပ္ပါယ, ဘောဇနသပ္ပါယ, ဥတုသပ္ပါယ, ဣရိယာပထသပ္ပါယ-တည်းဟူသော ၇-ပါး သော သပ္ပါယတို့၌ သိသော ပညာသည် နိပက မည်၏။

အပ္ပဂဗ္ဘ-ဟူသည်ကား။ ။ ၈-ပါးသော ကာယပါဂဗ္ဘိယ၊ ၄-ပါးသော ဝစီပါဂဗ္ဘိယ၊ များစွာ သော မနောပါဂဗ္ဘိယဖြင့် မာန်တက်ခြင်းမှ ကင်းခြင်းတည်း။

၈-ပါးသော ကာယပါဂဗ္ဘိယဟူသော်ကား။ ။သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, ဆွမ်းစားဇရပ်, ဇရုံးအိမ်, ရေချိုးဆိပ်, ဆွမ်းခံရာလမ်း ခရီး, ဆွမ်းခံရွာဝင်၊ ဤဌာနတို့၌ မာန်တက်ခြင်းတို့ဖြင့် မလျော်ပတ်သည်ကို ပြုခြင်းတည်း။

- သံဃာ၏အလယ်၌ လက်အာယောဂပတ်ဖွဲ့၍ နေခြင်း၊ ခြေကို ခြေ၌ တင်၍ နေခြင်း၊

http://www.dhammadownload.com

- ပရိသတ် ၄-ပါးတို့၏အလယ် ဂိုဏ်း၌ ထို့အတူ ပြုခြင်း၊
- သီတင်းကြီးပုဂ္ဂိုလ်၌ ထို့အတူ ပြုခြင်း၊
- ဆွမ်းစားဇရပ်၌ သီတင်းကြီးတို့အား နေရာမပေးဘဲ သီတင်းငယ်တို့အား နေရာကို မြစ်ခြင်း၊
- ဇရုံးအိမ်၌ သီတင်းကြီးတို့ကို မပန်ကြားဘဲ မိုးညှိခြင်း-စသည်ကို ပြုခြင်း၊
- ရေချိုးဆိပ်၌ သီတင်းကြီး, သီတင်းငယ်-ဟူ၍ ပမာဏ မပြုဘဲ လာရောက်သော အစဉ်ဖြင့် ရေချိုးအပ်၏-ဟု ဘုရားခွင့်ပြုတော်မူသည်ကို မနာယူဘဲ နောက်မှ လာပြီးလျှင် ရေသို့ သက်၍ သီတင်းကြီး, သီတင်းငယ်တို့ကို တားမြစ်ခြင်း၊
- ဆွမ်းခံရာ၌ နေရာဦးကို ယူခြင်းငှာ သီတင်းကြီးတို့၏ ရှေ့မှ သွားခြင်း၊
- ဆွမ်းခံရွာဝင်၌ လက်ရုံးချင်း တိုးခိုက်၍ သီတင်းကြီးတို့၏ ရှေးဦးစွာ ဝင်ခြင်း၊ သီတင်းငယ်တို့နှင့် ကိုယ်ဖြင့် ကစားခြင်း-

ဤကား ၈-ပါးသော ကာယပါဂတ္တိယတည်း။

၄-ပါးသော ဝစီပါဂတ္တိယ-ဟူသော်ကား။ ။သံဃာ,ဂိုဏ်း, ပုဂ္ဂိုလ်,ရွာတွင်း၌ မလျော်က် ပတ်သော စကားကို ဆိုခြင်းတည်း။

- သံဃာ၏ အလယ်၌ သံဃာကို မပန်ကြားဘဲ တရားဟောခြင်း၊ လူတို့ မေးသော ပြဿနာကို ဖြေခြင်း၊
- ဂိုဏ်း, ပုဂ္ဂိုလ်၌လည်း နည်းတူပြုခြင်း၊
- ရွာတွင်း၌ "ဤအိမ်မှာ ယာဂု, ခဲဖွယ်, ဘောဇဉ်ရှိ၏လော၊ ငါ့အား အဘယ်ကို လှူအံ့နည်း၊ အဘယ်ကို စားရ, သောက်ရ, ခဲရအံ့နည်း"ဟု ဆိုခြင်း-

ဤကား ၄-ပါးသော ဝစီပါဂတ္တိယတည်း။

များစွာသော မနောပါဂတ္တိယ-ဟူသော်ကား-

ထိုထို ဆိုအပ်ခဲ့ပြီးသော အရာဌာနတို့၌ ကိုယ်, နှုတ်တို့ဖြင့် လွန်ကျူးခြင်းသို့ မရောက်သော်လည်း စိတ်ဖြင့် ကာမဝိတက် စသည်ကို ကြံစည်ခြင်းသည် မနောပါဂတ္တိယ မည်၏။ ထိုဆိုအပ်ခဲ့ပြီးသော ကာယပါဂတ္တိယ၊ ဝစီပါဂတ္တိယ၊ မနောပါဂတ္တိယ မရှိခြင်းသည် အပွဂတ္တ မည်၏။

http://www.dhammadownload.com

ကုလအနနုဂိဒ္ဓ-ဟူသော်ကား။ ။အကြင် အမှတ်မရှိသော အမျိုးသို့ ချည်းကပ်၏။ ထိုအမျိုးဌ ပစ္စယတရာဖြင့် လူတို့နှင့် မရောယှက်သဖြင့် တပ်ခြင်း မရှိခြင်း၊ တကွစိုးရိမ်ခြင်း မရှိခြင်း၊ တကွနှစ်သက်ခြင်း၊ ချမ်းသာသဖြင့် ချမ်းသာခြင်း၊ ဆင်းရဲသဖြင့် ဆင်းရဲခြင်း မရှိခြင်း၊ ဒါယကာတို့ ပြုဖွယ်ကိစ္စဌ ကိုယ်တိုင်လုံ့လ မပြုခြင်းသည် **ကုလအနနုဂိဒ္ဓ** မည်၏။

နစ ခုဒ္ဒမာစရ-ဟူသော်ကား။ ။ပညာရှိတို့ ကဲ့ရဲ့အပ်သော အနည်းငယ် အဏုမြူ ခန့်မျှ အပွသာဝဇ္ဇဖြစ်သော ယုတ်မာသော အမှုကို မပြုရာ။ ထိုစကားဌ ပညာမရှိသူတို့ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းသည် ပမာဏ မဟုတ်။ အဘယ်ကြောင့်နည်းဟူမူကား ပညာမရှိသူတို့သည် အပွသာဝဇ္ဇကိုပင် မဟာသာဝဇ္ဇ၊ မဟာသာဝဇ္ဇကိုပင် အပွသာဝဇ္ဇ၊ အနဝဇ္ဇကိုပင် သာဝဇ္ဇ၊ သာဝဇ္ဇကိုပင် အနဝဇ္ဇ-ဟု မှတ်ထင်တတ်၏။ ထို့ကြောင့် ပညာမရှိသူတို့ ကဲ့ရဲ့ခြင်းသည် ပမာဏ မဟုတ်၊ ပညာရှိသူတို့ ကဲ့ရဲ့, ချီးမွမ်းခြင်းသည်သာ ပမာဏတည်း။

အဘယ်ကြောင့်နည်းဟူမူကား ပညာရှိတို့သည် စိစစ်နှိုင်းချိန်၍ ဉာဏ်ဖြင့် သက်ဝင်၍ မချီးမွမ်းထိုက်သောသူ၏ ဂုဏ်ကျေးဇူးမဲ့ကို ပြုပြုထင်ထင် ဆိုတတ်၏။ ချီးမွမ်းထိုက်သောသူ၏ ကျေးဇူးဂုဏ်ကို ယုံကြည်လေးမြတ် ပြောပေတတ်၏။ ထို့ကြောင့် ပညာရှိတို့ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းသည်သာ ပမာဏတည်း။ ပညာမရှိသူတို့ အရာ,အထောင်ပင် ကဲ့ရဲ့သော်လည်း ပညာရှိတစ်ယောက် ချီးမွမ်းလျှင် အနဝဇ္ဇ ဖြစ်၏။ ပညာမရှိသူတို့ အရာ,အထောင်ပင် ချီးမွမ်းသော်လည်း ပညာရှိတစ်ယောက် ကဲ့ရဲ့လျှင် သာဝဇ္ဇ ဖြစ်၏။ ဤသို့ ပညာရှိ ကဲ့ရဲ့လျှင် သာဝဇ္ဇ ဖြစ်၏။ ဤသို့ ပညာရှိ ကဲ့ရဲ့အပ်သော အနည်းငယ် အဏုမြူခန့်မျှ အပွသာဝဇ္ဇ ဖြစ်သော ယုတ်မာသော အမှုကို မပြုခြင်းသည် **နစ ခုဒ္ဒမာစရ** မည်၏။

ရှေးဦးစွာပြအပ်သော သင်္ကော-ဟူသော ပုဒ်၌ ဒုတိယ, စတုတ္ထ ပဓာနိယအင်္ဂါ-ဟူသည်ကား-

စတ္တာရိ ဝီရိယင်္ဂါနိ၊ တစသ တစနဟာရုနော။
အဝသိဿန'မဋ္ဌဿ၊ မံသလောဟိတသုဿနံ။ ။ (ဓာန်။၁၅၇)

ဟူသော ဂါထာနှင့်အညီ **အရေ** ကြွင်းစေ၊ **အကြော** ကြွင်းစေ၊ **အရိုး** ကြွင်းစေ၊ **အသွေး, အသား** ခန်းခြောက်စေ-ဟူ၍ ပဓာနိယအင်္ဂါ ၄-ပါးရှိသည်တွင် **အကြော** ကြွင်းစေ၊ **အသွေး, အသား** ခန်းခြောက်စေ၊ ဤဒုတိယ, စတုတ္ထအင်္ဂါနှင့် ပြည့်စုံစွာ ကိုယ်,အသက်ကို ငဲ့ကွက်ခြင်း မရှိ၊ သစ္စာ ၄-ပါးကို သိခြင်းငှာ အားထုတ်သည်-ဟူလိုသည်။

http://www.dhammadownload.com

ဥစ္စ-ဟူသော ပုဒ်၌ တတိယအဂ်ီ-ဟူသည်ကား အရိုး ကြွင်းစေ၊ ကိုယ်,နှူတ်ဖြင့် ကောက်ကျစ်စဉ်းလဲခြင်းကို ငါ မပြုပြီ-ဟူလို။ ဥစ္စ, သုဟုဒ္ဒ-ဟူသော ၂-ပုဒ်တို့၏ အရ၌ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ ဟူသော်ကား–

- ပါတိမောက္ခသံဝရသီလသည် **အဓိသီလသိက္ခာ** မည်၏။
- ဝိပဿနာ၏ အခြေဖြစ်သော သမာပတ် ၈-ပါးသည် **အဓိစိတ္တသိက္ခာ** မည်၏။
- လက္ခဏာရေး ၃-ပါးတို့ကို ပိုင်းခြားထိုးထွင်း၍ သိသော ဝိပဿနာဉာဏ်သည် **အဓိပညာသိက္ခာ** မည်၏။ ဤကား ဝိနည်းအဋ္ဌကထာ အလိုတည်း။

၅-ပါးသီလကို ထောက်၍ ၁၀-ပါးသီလသည် အဓိသီလသိက္ခာ မည်၏။ လောကီသီလကို ထောက်၍ လောကုတ္တရာသီလသည် **အဓိသီလသိက္ခာ** မည်၏။ ကာမာဝစရစိတ်ကို ထောက်၍ ရူပါဝစရစိတ်သည် အဓိစိတ္တသိက္ခာ မည်၏။ ရူပါဝစရစိတ်ကို ထောက်၍ အရူပါဝစရစိတ်သည် အဓိစိတ္တသိက္ခာ မည်၏။ လောကီစိတ်ကို ထောက်၍ လောကုတ္တရာစိတ်သည် **အဓိစိတ္တသိက္ခာ** မည်၏။ ကာမာဝစရပညာကို ထောက်၍ ရူပါဝစရပညာသည် အဓိပညာသိက္ခာ မည်၏။ ရူပါဝစရပညာကို ထောက်၍ အရူပါဝစရပညာသည် အဓိပညာသိက္ခာ မည်၏။ လောကီပညာကို ထောက်၍ လောကုတ္တရာပညာသည် အဓိပညာသိက္ခာ မည်၏။ ဤကား **အဂ်ုတ္တရအဋ္ဌကထာ၊ သုပ္ပါထေယျအဋ္ဌကထာတို့** အလိုတည်း။

ပါတိမောက္ခသံဝရသီလသည် အဓိသီလသိက္ခာ မည်၏။ တစ်နည်းလည်း နိဒ္ဒာန်ကို တောင့်တ၍ ဆောက်တည်အပ်သော ၅-ပါးသီလ, ၁၀-ပါးသီလသည်ပင် အဓိသီလသိက္ခာ မည်၏။ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာတို့မှာ နှေးနည်းတူ။ ဤကား **သံယုတ်အဋ္ဌကထာ** အလို။

မဂ္ဂင် ၈-ပါးတို့တွင်–

- သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ၊ ဤ ၃-ပါးသည် **အဓိသီလသိက္ခာ** မည်၏။
- သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဤ ၃-ပါးသည် **အဓိစိတ္တသိက္ခာ** မည်၏။
- သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ၊ ဤ ၂-ပါးသည် **အဓိပညာသိက္ခာ** မည်၏။

ဤကား **မူလပဏ္ဏာသ၊ စူဠဝေဒလ္လသုတ်ပါဠိတော်၊ ပုဂ္ဂလပညတ်အဋ္ဌကထာတို့** အလို။
အပ္ပိစ္ဆကထာ စသော ဗြဟ္မစရိယကထာ ၁၀-ပါးတို့တွင်–

- အပ္ပိစ္ဆကထာ, သန္တောသကထာ, အသံသဂ္ဂကထာ, သီလကထာ၊ ဤ ၄-ပါးသည် **အဓိသီလသိက္ခာ** မည်၏။

http://www.dhammadownload.com

- ပဝိဝေကကထာ, ဝီရိယာရမ္ဘကထာ, သမာဓိကထာ၊ ဤ ၃-ပါးသည် **အဓိစိတ္တ-သိက္ခာ** မည်၏။
- ပညာကထာ, ဝိမုတ္တိကထာ, ဝိမုတ္တိဉာဏဒဿနကထာ၊ ဤ ၃-ပါးသည် **အဓိပညာ-သိက္ခာ** မည်၏။

ဤကား **မူလပဏ္ဏာသ၊ ဓမ္မဒါယာဒသုတ်အဋ္ဌကထာ**၏အလို။

ဤတွင်ရွေ့ကား "သက္ကော"အစ နှ စ "ခဒ္ဒမာစရေ ကိဉ္စိ"အဆုံးရှိသော မေတ္တာပုဗ္ဗင်္ဂမ သမာစာရတရား ၁၀-ပါးတို့၏ အဓိပ္ပါယ်ကို ပြဆိုသော အကျဉ်းသင်္ခေပနယ ပြီး၏။

ဤဆိုအပ်ခဲ့ပြီးသော စကားရပ်တို့၏ အဓိပ္ပါယ်ကို အကျယ်သိလိုလျှင် **မူလပဏ္ဏာ-သ၊ ဓမ္မဒါယာဒသုတ်၊ ဝတ္ထုသုတ်၊ သလ္လေခသုတ်၊ ရထဝိနီတသုတ်၊ သတိပဋ္ဌာနသုတ်၊ ပါဠိတော်** အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ခုဒ္ဒကပါဋ္ဌ၊ **မေတ္တာသုတ်အဋ္ဌကထာ**၊ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ်အဋ္ဌအထာ၊ သုတ်ပါထေယျ၊ သင်္ဂီတိကသုတ်အဋ္ဌကထာ၊ ပုဂ္ဂလပညတ အဋ္ဌကထာတို့မှာ ကြည့်လေ။

(၂) **မေတ္တာပို့ရာသော ပုဂ္ဂိုလ် ၁-ကျိပ်,၇-ယောက် ဟူသော်ကား**–

- တသ, ထာဝရ ။ ဒုက၊ ဒိဋ္ဌာ'ဒိဋ္ဌ ။ ဒုက၊
- ဒူရ, သန္တိက ။ ဒုက၊ ဘူတ, သမ္ဘဝေသိက ။ ဒုက-ဟူ၍ **ဒုက ၄-ဝါရ**၊
- ဒီဃ,ရဿ,မဇ္ဈိမ ။ တိက၊ မဟန္တ, အဏုက, မဇ္ဈိမ ။ တိက၊
- ထူလ, အဏုက, မဇ္ဈိမ ။ တိက-ဟူ၍ **တိက ၃-ဝါရ** အားဖြင့် ပုဂ္ဂိုလ် ၁-ကျိပ်, ၇-ယောက်တည်း။

ထို ပုဂ္ဂလဝါရတို့တွင်–

တသ, ထာဝရ ဟူသော်ကား တဏှာနှင့်တကွသော ပုထုဇဉ် ၄-ယောက်, သေက္ခဟု ဆိုအပ်သော အရိယာ ၇-ယောက်တို့သည် **တသ** မည်၏။ ရဟန္တာပုဂ္ဂိုလ်သည် **ထာဝရ** မည်၏။

ဒိဋ္ဌာ'ဒိဋ္ဌဟူသော်ကား မိမိ၏ မျက်စိဖြင့် မြင်ဖူး, မြင်အပ်သော ပုဂ္ဂိုလ်သည် **ဒိဋ္ဌ** မည်၏။ သမုဒ္ဒရာတဘက်၊ တောင်တဘက်၊ စကြဝဠာ တပါးမှာ တည်သော မိမိမျက်စိဖြင့် ကြည့်၍ မမြင်ဖူးသော, မမြင်အပ်သော ပုဂ္ဂိုလ်သည် **အဒိဋ္ဌ** မည်၏။

ဒူရ, သန္တိကဟူသော်ကား မိမိကိုယ်၌ တည်သောပုဂ္ဂိုလ်သည် **သန္တိက** မည်၏။ မိမိကိုယ်မှ အပဖြစ်သော ပုဂ္ဂိုလ်သည် **ဒူရ** မည်၏။

http://www.dhammadownload.com

တစ်နည်းကား မိမိ၏ အာရာမ်ဥပစာတွင်း၌နေသော ပုဂ္ဂိုလ်သည် သန္တိက မည်၏။ မိမိ၏အာရာမ်ဥပစာမှ အပဖြစ်သော ပုဂ္ဂိုလ်သည် ဒူရ မည်၏။ **တစ်နည်းလည်း** ကျောင်း၏အတွင်း, ရွာ၏အတွင်း, ဇနပုဒ်၏အတွင်း, ကျွန်း၏အတွင်း, စကြဝဠာ၏အတွင်း၌နေသော ပုဂ္ဂိုလ်သည် သန္တိက မည်၏။ တပါးသော ကျောင်း, ရွာ, ဇနပုဒ်အတွင်း, ကျွန်း, စကြဝဠာ၌နေသော ပုဂ္ဂိုလ်သည် ဒူရ မည်၏။ ဤဝါရ၌ အနီးကို ပဌာနပြု၍ သိမှတ်လွယ်စေခြင်းငှာ သန္တိကပုဒ်မှ စ၍ ပြသည်။

ဘူတ, သမ္ဘဝေသိကဒုက ဟူသော်ကား ဖြစ်ပြီး,ဖြစ်၍ တဖန် ပဋိသန္ဓေနေခြင်း မရှိသော ရဟန္တာပုဂ္ဂိုလ်သည် **ဘူတ** မည်၏။ တဖန် ပဋိသန္ဓေနေခြင်း မကင်းသေးသော ပုထုဇန် ၄-ယောက်, သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့သည် **သမ္ဘဝေသိက** မည်၏။

တစ်နည်းလည်း ၄-ပါးသော ပဋိသန္ဓေတို့တွင် အဏ္ဏဇ, ဇလာဗုဇပုဂ္ဂိုလ်တို့သည် ဥခွံတွင်း, အမိဝမ်းတွင်းမှ ထွက်ပြီး-ဟူသမျှသည် **ဘူတ** မည်၏။ ဥခွံတွင်း, အမိဝမ်းမှ မထွက်ရသေးသမျှသည် **သမ္ဘဝေသိက** မည်၏။

သံသေဒဇ, ဩပပါတိကပုဂ္ဂိုလ်သည် ဒုတိယစိတ္တက္ခဏမှစ၍ **ဘူတ** မည်၏။ ပဌမစိတ္တက္ခဏ၌ကား **သမ္ဘဝေသိက** မည်၏။ ရှေးဦးစွာဖြစ်သော ဣရိယာပုထ်မှ တပါးသောကာလသည် **ဘူတ**မည်၏။ ရှေးဦးစွာဖြစ်သော ဣရိယာပုထ်မှ မရွှေ့, မပြောင်းသေးသမျှ ကာလပတ်လုံး **သမ္ဘဝေသိက** မည်၏။ ဤသို့ အထူးမှတ်။ ဒုက ပြီး၏။

ဒီဃ, ရဿ, မဇ္ဈိမတိက-ဟူသော်ကား အလံ-၁၀၀၊ အလံ ၁,၀၀၀၊ ယူဇနာ ၁,၀၀၀-ရှိသော မြေ, နဂါး, ငါး, ဖွတ်-အစရှိသော ရှည်သောပုဂ္ဂိုလ်သည် **ဒီဃ** မည်၏။ ထိုထို အမျိုးတို့၌ ပုကွတိသောပုဂ္ဂိုလ်သည် **ရဿ** မည်၏။ မြင်း, နွား, ကျွဲ, ဝက်-စသော အလတ်သော ကိုယ်ရှိသော ပုဂ္ဂိုလ်သည် **မဇ္ဈိမ** မည်၏။

မဟန္တ, အဏုက, မဇ္ဈိမတိက-ဟူသည်ကား ရေ, ကြည်း, နတ်ပြည်တို့၌ ကြီးသောကိုယ်ရှိသော ဆင်,နဂါး, ရာဟု, အသုရိန်-စသော ပုဂ္ဂိုလ်သည် **မဟန္တ** မည်၏။ ထိုစကား၌ ရာဟုအသုရိန်သည် အရပ် ယူဇနာ ၄,၈၀၀-ရှိ၏။ ဦးခေါင်း ယူဇနာ ၉၀၀-ရှိ၏။ ခံတွင်း ယူဇနာ ၃၀၀-ရှိ၏။ လက်ရုံး ယူဇနာ ၁,၂၀၀-ရှိ၏။ လက်ပြင် ယူဇနာ ၂၀၀-ရှိ၏။ မျက်မှောင် ၂-ဖက်အကြား ယူဇနာ ၅၀-ရှိ၏။

မဇ္ဈိမမှာ ရှေးနည်းတူ။ မံသစက္ခုဖြင့် ရှု၍ မမြင်စကောင်း၊ ဒိဗ္ဗစက္ခုဖြင့်သာ ရှု၍ မြင်စကောင်းသော ရေ-စသည်တို့၌ ဖြစ်သော သိမ်မွေ့သောကိုယ်ရှိသော ပုဂ္ဂိုလ်သည် **အဏုက** မည်၏။

http://www.dhammadownload.com

ထူလ, အဏုက, မဇ္ဈိမတိက-ဟူသည်ကား ဝန်းသော ကိုယ်ရှိသော ငါး, လိပ်, ယောက်သွား အစရှိသော ပုဂ္ဂိုလ်သည် **ထူလ** မည်၏။ **မဇ္ဈိမ**၊ **အဏုက**ပုဂ္ဂိုလ်တို့မှာ ရှေးနည်းတူ။

ဤပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဒုက ၄-ဝါရ၊ တိက ၃-ဝါရဖြစ်၍ ပုဂ္ဂိုလ်ပေါင်း ၁၇-ယောက် ဖြစ်၏။ ထို ၁၇-ယောက်သော ပုဂ္ဂိုလ်တို့တွင် ရှေးဦးစွာ တသ, ထာဝရ ဒုက၌ **"တသာ ဝါ ထာဝရာ ဝါ အနဝသေသာ သတ္တသတ္တာ ဘဝန္တု သုခိတတ္တာ"**ဟု ပို့ရာ၏။ ထို့နောက် **"ဥဒ္ဓံ အဓော စ တိရိယဉ္စ"**ဟု ဟောတော်မူသောကြောင့် အရပ် ၁၀-မျက်နှာကို အစဉ်အတိုင်း မှတ်၍–

- **ပုရတ္ထိမာယ** ဒိသာယ တသာ ဝါ ထာဝရာ ဝါ အနဝသေသာ သတ္တသတ္တာ ဘဝန္တု သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ပစ္ဆိမာယ** ဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ဥတ္တရာယ** ဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ဒက္ခိဏာယ** ဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ပုရတ္ထိမာယ** အနုဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ပစ္ဆိမာယ** အနုဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ဥတ္တရာယ** အနုဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ဒက္ခိဏာယ** အနုဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ဟေဋ္ဌိမာယ** ဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း
- **ဥပရိမာယ** ဒိသာယ တသာ ဝါ ။လ။ သုခိတတ္တာ-ဟူ၍လည်းကောင်း–

ပို့ရာ၏။ ဤသို့ ပို့ရာ **"တသာ ဝါ ထာဝရာ ဝါ အနဝသေသာ သတ္တသတ္တာ"**ဖြင့် ပုဂ္ဂိုလ် ၁-ကျိပ်, ၂-ယောက်ကို မှတ်ရာ၏။ **"သုခိတတ္တာ"**ဖြင့် အဝေရာ၊ အဗျာပဇ္ဈာ၊ အနီဃာ၊ သုခိ-အတ္တာနံ ပရိဟရန္တု-ဟူသော **မေတ္တာ ၄-ပါး**ကို မှတ်ရာ၏။ **"ဥဒ္ဓံ အဓော စ တိရိယဉ္စ"**ဖြင့် အရပ် ၁၀-မျက်နှာကို မှတ်ရာ၏။ ဤသို့ ဖြစ်၍ အရပ်ကို မရည်ဘဲ မေတ္တာ-၄၈, အရပ်ကို ရည်၍ ၄၈၀-ရှိရကား တသာ ဝါ ထာဝရာ ဝါ ဒုက၌ မေတ္တာ ၅၂၈-ဖြစ်၏။ နောက် ဒုက, တိကတို့၌လည်း နည်းတူမှတ်လေ။

ဒိဋ္ဌာ'ဒိဋ္ဌဒုက၌ "ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ အနဝသေသာ သတ္တသတ္တာ ဘဝန္တု သုခိတတ္တာ"ဟု ပို့ရာ၏။ ၁၀-မျက်နှာတို့၌လည်း ပုရတ္ထိမာယ ဒိသာယ-စသည်ဖြင့် မှတ်၍

http://www.dhammadownload.com

ရှေးနည်းတူ ပို့ရာ၏။ ပုဂ္ဂိုလ်,မေတ္တာယူဟန်ကိုလည်း ရှေးနည်းတူမှတ်။ ဤ၌လည်း မေတ္တာ ၅၂၈-ဖြစ်၏။

ဒူရ, သန္တိကဒုကဒ္ဒ "ဒူရေ ဝါ သန္တိကေ ဝါ အနုဝေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ" ဟု ပို့ရာ၏။ ၁၀-မျက်နှာတို့၌လည်း ပုရတ္ထိမာယ ဒိသာယ-စသည်ဖြင့် ရှေးနည်းတူ မှတ်၍ ပို့ရာ၏။ ပုဂ္ဂိုလ်, မေတ္တာယူဟန်ကိုလည်း ရှေးနည်းတူမှတ်။ ဤ၌လည်း မေတ္တာ ၅၂၈-ဖြစ်၏။

ဘူတ,သမ္ဘဝေသိကဒုကဒ္ဒ "ဘူတာ ဝါ သမ္ဘဝေသီ ဝါ အနုဝေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"ဟု ပို့ရာ၏။ ၁၀-မျက်နှာတို့၌လည်း ပုရတ္ထိမာယ ဒိသာယ-စသည်ဖြင့် မှတ်၍ ပို့ရာ၏။ ပုဂ္ဂိုလ်, မေတ္တာယူဟန်ကိုလည်း ရှေးနည်းတူ မှတ်။ ဤ၌ မေတ္တာ ၅၂၈-ဖြစ်၏။ တိက ၃-ဝါရတို့တွင်–

ဒီဃ, ရဿ, မဇ္ဈိမတိကဒ္ဒ "ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ အနုဝေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"ဟု ပို့ရာ၏။ ၁၀-မျက်နှာတို့၌လည်း ပုရတ္ထိမာယ ဒိသာယ-စသည်ဖြင့် မှတ်၍ ရှေးနည်းတူ ပို့ရာ၏။ ပုဂ္ဂိုလ်, မေတ္တာယူဟန်ကိုလည်း ရှေးနည်းတူ မှတ်။ ဤ၌လည်း မေတ္တာ ၅၂၈-ဖြစ်၏။

မဟန္တ, အဏုက, မဇ္ဈိမတိကဒ္ဒ "မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနုဝေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"ဟု ပို့ရာ၏။ ၁၀-မျက်နှာတို့၌လည်း ပုရတ္ထိမာယ ဒိသာယ စသည်မှတ်၍ ရှေးနည်းတူ ပို့ရာ၏။ ပုဂ္ဂိုလ်, မေတ္တာယူဟန်ကိုလည်း ရှေးနည်းတူ မှတ်။ ဤ၌လည်း မေတ္တာ ၅၂၈-ဖြစ်၏။

ထူလ, အဏုက, မဇ္ဈိမတိကဒ္ဒ "ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနုဝေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"ဟု ပို့ရာ၏။ ၁၀-မျက်နှာတို့၌လည်း ပုရတ္ထိမာယ ဒိသာယ စသည်ဖြင့် အရပ်ကို မှတ်၍ ရှေးနည်းတူ ပို့ရာ၏။ ပုဂ္ဂိုလ်, မေတ္တာယူဟန်ကိုလည်း ရှေးနည်းတူ မှတ်။ ဤ၌လည်း မေတ္တာ ၅၂၈-ဖြစ်၏။ တိက ၃-ဝါရ ပြီး၏။

ဤသို့ ဒုက ၄-ဝါရ, တိက ၃-ဝါရဖြစ်၍ ဝါရအားဖြင့် ၇-ပါး၊ ပုဂ္ဂိုလ်အားဖြင့် ၁၂-ယောက်၊ မေတ္တာအားဖြင့် ၅၂၈- ၇-ကြိမ်ဖြစ်၍ ၃,၆၉၆-ဖြစ်၏။ ဤတွင်ရွေ့ **"သဏ္ဌော စ-အစ၊ ဘူတာ ဝ သမ္ဘဝေသီ ဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"** အဆုံးရှိသော မေတ္တာသုတ်**၏** အကျဉ်းသဘော်ပနယ ပြီး၏။

----- × -----

http://www.dhammadownload.com

အထက်ပါလျှောက်ချက်နှင့် စပ်လျဉ်း၍ ဝိပဿနာကမ္မဋ္ဌာန်း-၄၀ ပါဠိကို လက္ခဏာရေး ၃-ပါးတို့ဖြင့်ဝေဖန်ခြင်း

[၁၅] "ဝိပဿနာကမ္မဋ္ဌာန်း ၄၀-ကိုလည်း အသီးအသီး လက္ခဏာနှင့် ဝေဖန်၍ အနက်, ပါဠိအစုံ အသေအချာ သိမှတ်လေ့ကျက် ဆောင်ရွက်ပါရအောင် ကယ်မသနား တော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

အနိစ္စတော၊ ဒုက္ခတော၊ ရောဂတော၊
ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊
အာဗာဓတော၊ ပရတော၊ ပလောကတော၊
ဣတိတော။ (၁၀)

ဥပဒ္ဒဝတော၊ ဘယတော၊ ဥပသဂ္ဂတော၊
စလတော၊ ပဘင်္ဂုတော၊ အဒ္ဓုဝတော၊
အတာဏတော၊ အလေဏတော၊ အသရဏတော၊
ရိတ္တတော။ (၂၀)

တုစ္ဆတော၊ သုညတော၊ အနတ္တတော၊
အာဒီနဝတော၊ ဝိပရိဏာမဓမ္မတော၊ အသာရကတော၊
အဃမူလတော၊ ဝဓကတော၊ ဝိဘဝတော၊
သာသဝတော၊ (၃၀)

သဒ်တတော၊ မာရာမိသတော၊ ဇာတိဓမ္မတော၊
ဇရာဓမ္မတော၊ ဗျာဓိဓမ္မတော၊ မရဏဓမ္မတော၊
သောကဓမ္မတော၊ ပရိဒေဝဓမ္မတော၊ ဥပါယာသဓမ္မတော၊
သံကိလေသဓမ္မတော။ (၄၀)

အနိစ္စတော၊ အမြဲ မရှိသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။
ဒုက္ခတော၊ ဆင်းရဲသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

http://www.dhammadownload.com

ရောဂတော၊ များသောအနာတို့နှင့် ဆက်ဆံသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဂဏ္ဍတော၊ ယိုသော ပြည်ရှိသော အိုင်းအမာနှင့် တူသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

သလ္လတော၊ ငြောင့်တံသင်းနှင့် တူသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အဃတော၊ အစီးအပွါးကို မဆောင်တတ်သောအားဖြင့်။ ဝါ၊ မကောင်းမှု ဒုစရိုက်တို့၏ အကြောင်းအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အာဗာဓတော၊ နှိပ်စက်တတ်သည်ဖြစ်၍ များစွာ အနာနှင့် တူသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ပရတော၊ သူစိမ်းပြင်ပနှင့် တူသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ပလောကတော၊ ဇရာ, ဗျာဓိ, မရဏတို့သည် ဖျက်ဆီးတတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဥ၌တိတော၊ များစွာပျက်စီးခြင်း၏ အကြောင်းကို ဆောင်တတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဥပဒ္ဒဝတော၊ နှိပ်စက်ခြင်း၏ အကြောင်းအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဘယတော၊ ခပ်သိမ်းသော ဘေးတို့၏ တည်ရာအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဥပသဂ္ဂတော၊ များစွာသော အကျိုးမဲ့တို့သည် အစဉ်လိုက်အပ်သည်၏အဖြစ်၊ ရာဂ, ဒေါသ, မောဟ-အစရှိသော အကုသိုလ်တရားတို့နှင့် ပြည့်စုံသည်၏ အဖြစ်အားဖြင့် သုံးသပ်ရာ, ရှုရာ၏။

စလတော၊ တုန်လှုပ်တတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ပဘင်္ဂုတော၊ ပျက်စီးခြင်းသဘောသို့ ရောက်တတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အဒ္ဓုဝတော၊ မမြဲသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အတာဏတော၊ ဘေးရန်အပေါင်းကို မစောင့်ရှောက်တတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အလေဏတော၊ မှီခိုပုန်းအောင်းရာ မဟုတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အသရဏတော၊ ကိုးကွယ်ရာ မဟုတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ရိတ္တတော၊ ကုန်တတ်, ပျက်တတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

http://www.dhammadownload.com

တုစ္ဆတော၊ အချည်းနှီးသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

သုညတော၊ အစိုးရခြင်း-အစရှိသည်မှ ဆိတ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အနတ္တတော၊ အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်၍ အလိုသို့ မလိုက်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အာဒီနဝတော၊ ကြီးစွာသော အပြစ်အားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဝိပရိဏာမဓမ္မတော၊ ဖောက်ပြန်တတ်သော သဘောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အသာရကတော၊ အနှစ်မရှိ အကာအတိသာ ဖြစ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

အဃမူလတော၊ မကောင်းမှုအကုသိုလ်တရား၏ မူလဖြစ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဝဓကတော၊ သူသတ်လက်မခွံ့နှင့် တူသောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဝိဘဝတော၊ ကြီးပွါးမှုမှ ကင်းသောအားဖြင့်လည်းကောင်း ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာ၏ အကြောင်းအားဖြင့်လည်းကောင်း သုံးသပ်ရာ, ရှုရာ၏။

သာသဝတော၊ အာသဝေါတရား ၄-ပါးတို့နှင့် တကွဖြစ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

သခ်ိတတော၊ ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် ပြုပြင်အပ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

မာရာမိသတော၊ မစ္စုမာရ်တို့သည် စွဲလမ်းအပ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဇာတိဓမ္မတော၊ ဖြစ်တတ်သော သဘောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဇရာဓမ္မတော၊ ရင့်တတ်သော သဘောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဗျာဓိဓမ္မတော၊ နှိပ်စက်တတ်သော သဘောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

မရဏဓမ္မတော၊ သေတတ်သော သဘောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

သောကဓမ္မတော၊ စိုးရိမ်ခြင်း၏ အကြောင်းအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ပရိဒေဝဓမ္မတော၊ ငိုမြည်တမ်းခြင်း၏ အကြောင်းအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဥပါယာသဓမ္မတော၊ သက်ကြီးရွိုက်တငင်၏ အကြောင်းအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

သံကိလေသဓမ္မတော၊ ညစ်ညူးသော ကိလေသာနှင့် ယှဉ်သောအားဖြင့် သုံးသပ်ရာ, ရှုရာ၏။

ဝိပဿနာကမ္မဋ္ဌာန်းအနက် ပြီး၏။

http://www.dhammadownload.com

ထိုဝိပဿနာကမ္မဋ္ဌာန်း ၄၀-တို့တွင်—

- အနိစ္စတော - ပလောကတော - စလတော
- ပဘင်္ဂုတော - အခုဝတော - ဝိပရိဏာမဓမ္မတော
- ဝိဘဝတော - သဒ်္ဓတော - မရဏဓမ္မတော —

ဤ ၉-ပါးတို့ကို **အနိစ္စာနုပဿနာ**ဖြင့် ရှုရာ၏။

- ပရတော - ရိတ္တတော - တုစ္ဆတော
- သုညတော - အနတ္တတော - အသာရကတော —

ဤ ၆-ပါးတို့ကို **အနတ္တာနုပဿနာ**ဖြင့် ရှုရာ၏။

ကြွင်းသော ၂၅-ပါးကို **ဒုက္ခာနုပဿနာ**ဖြင့် ရှုရာ၏။ ဤသို့ အထူးမှတ်။ **ပဋိသမ္ဘိဒါမဂ်ပါဠိတော်**(၄၁၁-၄၁၅)။

သက္ကရာဇ် ၁၂၃၁-ခု၊ ဝါခေါင်လဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

ကြံကင်းမြို့၊ လှေသူကြီး ဒကာမောင်ကျော်ထွေး-က အဝိဇ္ဇာ-စသော တရားတို့သည် အဘယ်သို့ ဖြစ်သည်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၆] “ဘုရားတပည့်တော် ကြံကင်းမြို့၊ လှေသူကြီး ဒကာ မောင်ကျော်ထွေး ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ-အစရှိသည်ဖြင့် ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ် တရားတို့၌ အဝိဇ္ဇာ-အစရှိသော တရားတို့သည် အဘယ်သို့ ဖြစ်သည်, အဘယ်သို့ အကြောင်းပြု၍ ဖြစ်သည်-ဟု

(၂) ပဋိစ္စသမုပ္ပါဒ်တို့၏ ဖြစ်ဟန်ကို မကျယ်,မကျဉ်း နှလုံးသွင်းမှတ်သား လေ့ကျင့် ဆောင်ရွက်ပါရအောင် ကယ်မရေးသား၍ သနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား”။

http://www.dhammadownload.com

ဂင်းမောင်ကျော်ထွေး လျှောက်ချက်–

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှိဘာဝေ သမ္မဇာန-ကာရီ ဟောတိ–

ဟူသော ပါဠိတော်မြတ် ပါဌ်အပေါင်းတို့တွင်–

[၁၆] (၁) ဘာသိတေ-ဟူသော ပါဠိတော်, ပါဌ်၏ အကျဉ်းအဓိပ္ပါယ်ကား စကားပြောဆို တတ်သော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, နတ်,သိကြား, ဗြဟ္မာ-ဟူ၍ မရှိ။ စကားဆိုလိုသော**စိတ်** ဖြစ်လျှင် စိတ်ကြောင့်ဖြစ်သော **ဝါယောဓာတ်** ပျံ့သောကြောင့် ဆိုခြင်း ကိရိယာ သဝိညတ္တိက **ဝစီဘေဒသဒ္ဒသည်** ဖြစ်၏။ ဤသို့ ပရမတ္ထအားဖြင့် စကားပြောဆိုတတ်သောသူ မရှိ။ ပရမတ္ထအားဖြင့်ကား အကျိုး သဝိညတ္တိက, ဝစီဘေဒသဒ္ဒ၊ အကြောင်း စိတ်,စေတသိက်အားဖြင့် ပရမတ္ထတရားသာတည်း။

ထိုပရမတ္ထတရားသည်လည်း ဥပါဒ်, ဌိ, ဘင်အားဖြင့် မမြဲသည်ဖြစ်၍ **အနိစ္စသဘော** သာတည်း။ ဥပါဒ်, ဌိ, ဘင်အားဖြင့် နှိပ်စက်သည်ဖြစ်၍ **ဒုက္ခသဘောသာတည်း**။ ဥပါဒ်, ဌိ,ဘင်အားဖြင့် မဖြစ်ပါစေလင့်-ဟု တောင့်တ၍ မရအပ်သောကြောင့် **အနတ္တသဘော**သာ တည်းဟူ၍ ဆင်ခြင်ခြင်းသည် **မတွေဝေသော အသမ္မောဟအားဖြင့်** ဆင်ခြင်သည် မည်၏။

တစ်နည်းကား- စကားပြောဆိုလိုသော စိတ်ရှိလျှင် စိတ်အကြောင်းဖြစ်သော စိတ္တဇဝါယောဓာတ် ကဲ့လွန်သော စိတ္တဇအဋ္ဌကလာပ်ရုပ်သည် ဖြစ်၍ ထိုအဋ္ဌကလာပ်ရုပ်၌ ပါသော စိတ္တဇပထဝီနှင့် ဌာန် ၅-ပါး၌ရှိသော ကမ္မဇပထဝီဓာတ်၏ အချင်းချင်း ထိခိုက်ခြင်းကြောင့် သဝိညတ္တိက, ဝစီဘေဒသဒ္ဒသည် ဖြစ်၏။ ထိုသို့ ဖြစ်သည်ကို စကားပြောသည်-ဟု ဆိုကြကုန်၏။ ထိုသဝိညတ္တိကသဒ္ဒါတို့တွင် ဝိညတ်သည် **ဝစီဝိညတ်** မည်၏။ သဒ္ဒသည် **သဒ္ဒါရုံ** မည်၏။ ထိုဝစီဝိညတ်, သဒ္ဒါရုံ ၂-ပါးတို့သည် ဖြစ်သည်ရှိသော် မိမိတို့ချည်း မဖြစ်သင့်ကောင်း။ စိတ္တပစ္စယ, အဋ္ဌကလာပ်ရုပ်နှင့်တကွ ဖြစ်၏။ ထိုရုပ်အပေါင်းသည် သဝိညတ္တိက, သဒ္ဒဒသကကလာပ် မည်၏။

- ထိုသဝိညတ္တိကဒသကကလာပ်သည် **ရူပက္ခန္ဓာ**မည်၏။ အကြောင်းစိတ္တဇပါဌ်တို့တွင်-
- ဝေဒနာစေတသိက်သည် **ဝေဒနာက္ခန္ဓာ** မည်၏။
- သညာစေတသိက်သည် **သညာက္ခန္ဓာ** မည်၏။
- ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် အပေါင်းသည် **သင်္ခါရက္ခန္ဓာ** မည်၏။
- စိတ်သည် **ဝိညာဏက္ခန္ဓာ** မည်၏။

http://www.dhammadownload.com

ထိုခန္ဓာ ၅-ပါးတို့တွင်–

- ရူပကွန္ဒာဌ် အကျုံးဝင်သော ရူပါရုံသည် **ရူပါယတန** မည်၏။
- သဒ္ဒါရုံသည် **သဒ္ဒါယတန** မည်၏။
- ဂန္ဓာရုံသည် **ဂန္ဓာယတန** မည်၏။
- ပထဝီ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် **ဖောဋ္ဌဗ္ဗာယတန** မည်၏။
- ဝိညာဏကွန္ဓာ-ဟု ဆိုအပ်သော စိတ်သည် **မနာယတန** မည်၏။
- စေတသိက် နာမကွန္ဓာ ၃-ပါးသည်လည်းကောင်း၊ အာပေါ, ဩဇာ, ဝစီဝိညတ်ဤတရားအပေါင်းသည်လည်းကောင်း **ဓမ္မာယတန** မည်၏။

ထို**အာယတန**တို့တွင်–

- ရူပါယတနသည် **ရူပဓာတ်** မည်၏။
- သဒ္ဒါယတနသည် **သဒ္ဒဓာတ်** မည်၏။
- ဂန္ဓာယတနသည် **ဂန္ဓဓာတ်** မည်၏။
- ရသာယတနသည် **ရသဓာတ်** မည်၏။
- ဖောဋ္ဌဗ္ဗာယတနသည် **ဖောဋ္ဌဗ္ဗဓာတ်** မည်၏။
- မနာယတနသည် **မနောဝိညာဏဓာတ်** မည်၏။
- ဓမ္မာယတနသည် **ဓမ္မဓာတ်** မည်၏။

ထို**အာယတန**တို့တွင်–

- အကြောင်းစိတ္တုပ္ပါဒ်သည် လောဘမူစိတ်ဖြစ်အံ့၊ လောဘစေတသိက်သည် **သမုဒယသစ္စာ** မည်၏။
- လောဘမူစိတ် ၈-ခု၊ စေတသိက် ၎ကဝိသ, သဝိညတ္တိကဝစီဘေဒသဒ္ဒဒသကကလာပ်သည် **ဒုက္ခသစ္စာ** မည်၏။
- လောဘမူမှတပါးသော အကြောင်းစိတ် ဖြစ်အံ့၊ ထိုစိတ်, စေတသိက်-ဟု ဆိုအပ်သော စိတ္တုပ္ပါဒ်သည်လည်းကောင်း သဝိညတ္တိကဝစီဘေဒသဒ္ဒဒသက ကလာပ်သည်လည်းကောင်း ဒုက္ခသစ္စာ ၁-ပါးသာ မည်၏။
- အလုံးစုံသော နာမ်,ရုပ်တရားတို့သည် မောဟ-ဟူသော အကြောင်းကြောင့်သာ ဖြစ်ကုန်၏။ ထိုမောဟသည် **အဝိဇ္ဇာ** မည်၏။

http://www.dhammadownload.com

- ထိုအဝိဇ္ဇာကြောင့်ဖြစ်သော နာမ်,ရုပ်တရားတို့တွင် အကြောင်းစိတ္တုပ္ပါဒ်၌ရှိသော စေတနာသည် သခါရ မည်၏။
- စိတ်သည် ဝိညာဉ် မည်၏။
- စေတနာမှကြွင်းသော စေတသိက်, ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်သည် နာမ်,ရုပ် မည်၏။
- ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန ၆-ခုမြောက်သော ဆဠာယတနသည် သဠာယတနဥ္စ, သဠာယတနံ-ဟူသည်နှင့် အညီ သဠာယတန မည်၏။
  - ဖဿစေတသိက်သည် ဖဿ မည်၏။
  - ဝေဒနာ စေတသိက်သည် ဝေဒနာ မည်၏။
  - လောဘစေတသိက်သည် တဏှာ မည်၏။ ဥပါဒါန်လည်း မည်၏။
  - စေတနာ-ဟု ဆိုအပ်သော အဝသေသသခါရသည် ဘဝ မည်၏။
  - ထို ရုပ်,နာမ်တရားတို့၏ ဥပ္ပါဒက္ခဏသည် ဇာတိ မည်၏။
  - ဌိတိက္ခဏသည် ဇရာ မည်၏။
  - ဘင်္ဂက္ခဏသည် မရဏ မည်၏။

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်၌ ပစ္စည်း, ပစ္စယုပ္ပန် အဆက်အဆက်တို့သည် ဖြစ်ကုန်၏။ ဖြစ်သည်ရှိသော် နိစ္စ, ဓုဝ, သုခ, အတ္တ, သုဘ-သဘောတရားတို့နှင့် မရောကုန်သည် ဖြစ်၍သာလျှင် အနိစ္စ, အဓုဝ, ဒုက္ခ, အနတ္တ, အသုတ-သဘောအားဖြင့်သာ ဖြစ်ကုန်၏။ ထို့အကြောင်းစိတ္တုပ္ပါဒ်, အကျိုးသဝိညတ္တိက, ဝစီဘေဒသဒ္ဒဒသကကလာပ်-ဟု ဆိုအပ်သော နာမ်,ရုပ်အပေါင်းတို့တွင် အကြောင်းစိတ္တုပ္ပါဒ်၌ရှိသော ဝေဒနာ-အစရှိသော ၁-ပါး,၁-ပါးသော နာမက္ခန္ဓာသည်လည်းကောင်း ၃-ပါး, ၃-ပါးသော နာမက္ခန္ဓာသည်လည်းကောင်း ၂-ပါး, ၂-ပါးသော နာမက္ခန္ဓာသည်လည်းကောင်း ၄-ပါး, ၄-ပါးသော နာမက္ခန္ဓာသည်လည်းကောင်း သဟဇာတ-စသော ပစ္စည်း မည်၏။

ထို ၁-ပါး ၁-ပါးသော နာမက္ခန္ဓာသည် ကျေးဇူးပြုအပ်သော သဝိညတ္တိက ဝစီဘေဒသဒ္ဒဒသကကလာပ်-ဟု ဆိုအပ်သော စိတ္တဇရုပ်သည်လည်းကောင်း ၃-ပါး, ၃-ပါးသော နာမက္ခန္ဓာသည် ကျေးဇူးပြုအပ်သော သဝိညတ္တိက ဝစီဘေဒသဒ္ဒဒသကကလာပ်-ဟု

http://www.dhammadownload.com

ဆိုအပ်သော စိတ္တဇရုပ်သည်လည်းကောင်း ၂-ပါး, ၂-ပါးသော နာမက္ခန္ဓာသည် ကျေးဇူးပြု အပ်သော သဝိညတ္တိက ဝစီဘေဒသဒ္ဒ ဒသကကလာပ်-ဟု ဆိုအပ်သော စိတ္တဇရုပ်သည် လည်းကောင်း နာမက္ခန္ဓာတို့နှင့် မရော၊ သက်သက်သော သဝိညတ္တိကဝစီဘေဒသဒ္ဒဒ-သကကလာပ်-ဟု ဆိုအပ်သော စိတ္တဇရုပ်သည်လည်းကောင်း သဟဇာတ-စသော ပဋ္ဌာန်း ပစ္စည်း၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။

ဤသို့လျှင် ဧကက ၄-ဝါရ၊ တိက ၄-ဝါရ၊ ဒုက ၆-ဝါရ၊ စတုက္က ၁-ဝါရ-အားဖြင့် ၁၅-ဝါရ ဖြစ်၏။

ဧကက ၄-ဝါရဟူသော်ကား။ ။ဝေဒနာ-သည် သဝိညတ္တိက ဝစီဘေဒသဒ္ဒဒသက ကလာပ်အား, သညာသည် သဝိညတ္တိက ဝစီဘေဒ-သဒ္ဒဒသကကလာပ်အား, သင်္ခါရသည် သဝိညတ္တိကဝစီဘေဒသဒ္ဒဒသကကလာပ်အား, ဝိညာဏ်သည် သဝိညတ္တိက ဝစီဘေဒသဒ္ဒဒသကကလာပ်အား သဟဇာတ-စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဤသို့ **ဧကက ၄-ဝါရ** ဖြစ်၏။

တိက ၄-ဝါရဟူသော်ကား။ ။ဝေဒနာ, သညာ, သင်္ခါရတို့သည် သဝိညတ္တိက ဝစီ-ဘေဒသဒ္ဒဒသကကလာပ်အား၊ ဝေဒနာ, သညာ, ဝိညာဏ်တို့သည် သဝိညတ္တိကဝစီဘေဒသဒ္ဒကကလာပ်အား၊ သညာ, သင်္ခါရ, ဝိညာဏ်တို့သည် သဝိညတ္တိကဝစီဘေဒသဒ္ဒကကလာပ်အား၊ ဝေဒနာ, သင်္ခါရ, ဝိညာဉ်တို့သည် သဝိညတ္တိကဝစီဘေဒသဒ္ဒဒသကကလာပ်အား သဟဇာတ-စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဤသို့ **တိက ၄-ဝါရ** ဖြစ်၏။

ဒုက ၆-ဝါရဟူသော်ကား။ ။ဝေဒနာ, သညာတို့သည် သဝိညတ္တိကဝစီဘေဒသဒ္ဒ-ဒသကကလာပ်အား၊ ဝေဒနာ, သင်္ခါရတို့သည် သဝိ-ညတ္တိကဝစီဘေဒသဒ္ဒဒသကကလာပ်အား၊ ဝေဒနာ, ဝိညာဏ်တို့သည် သဝိညတ္တိက-ဝစီဘေဒသဒ္ဒဒသကကလာပ်အား၊ သညာ, သင်္ခါရတို့သည် သဝိညတ္တိကဝစီဘေဒ-သဒ္ဒဒသကကလာပ်အား၊ သညာ, ဝိညာဏ်တို့သည် သဝိညတ္တိကဝစီဘေဒသဒ္ဒဒ-သကကလာပ်အား၊ သင်္ခါရ,ဝိညာဏ်တို့သည် သဝိညတ္တိကဝစီဘေဒသဒ္ဒဒသကကလာပ် အား, သဟဇာတ-စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဤသို့လျှင် ဒုက **၆-ဝါရ** ဖြစ်၏။

စတုက္က ၁-ဝါရဟူသော်ကား။ ။ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်တို့သည် သဝိညတ္တိက ဝစီဘေဒသဒ္ဒဒသကကလာပ်အား သဟဇာတ-စသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဤသို့ **စတုက္က ၁-ဝါရ** ဖြစ်၏။ ဤသို့ ၁၅-ဝါရ ဖြစ်၏။

http://www.dhammadownload.com

ဤသို့ ဖြစ်သည်ရှိသော် ထိုပစ္စည်း, ပစ္စယုပ္ပန်တရားတို့သည် နိစ္စ, ဓုဝ, သုခ, အတ္တ, သုဘတရားတို့နှင့် မရောကုန်သည်ဖြစ်၍သာလျှင် အနိစ္စ, အဓုဝ, ဒုက္ခ, အနတ္တ, အသုဘ သဘောသာဖြစ်၍ ချုပ်လေကုန်၏။ ထိုသို့ ဖြစ်၍ ချုပ်ခြင်းသည်လည်း ၁-ကြိမ် စကားပြောဆိုသောကာလ၌ ကုဋေ ၁-သိန်းမကသော ရုပ်,နာမ် ခန္ဓာတို့သည် အကြောင်း,အကျိုး၊ ပစ္စည်း, ပစ္စယုပ္ပန်အဖြစ်ဖြင့် ဖြစ်ကုန်၍ ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်လေကုန်၏။

ဤသို့လျှင် ရုပ်,နာမ်တို့၏ အကြောင်း,အကျိုး၏ အဖြစ်ဖြင့် စကားပြောဆိုခြင်း ဖြစ်သည်ကို ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတပါး၊ ယောကျ်ား, မိန်းမ၊ နတ်,သိကြား, ဗြဟ္မာတို့သည် စကားပြောဆို၏-ဟု သညာ, ဒိဋ္ဌိ, စိတ္တ-ဟု ဆိုအပ်သော ဝိပလ္လာသ ၃-ပါးတို့ဖြင့် မမှတ်မူ၍ ပရမတ္ထအားဖြင့် အကြောင်းကြောင့်ဖြစ်သော အကျိုးတရားသာတည်း။ အနိစ္စ, အဓုဝ, ဒုက္ခ, အနတ္တ, အသုဘ သဘောတည်း-ဟု မှတ်ယူစွဲလမ်းခြင်း, ဆင်ခြင်ခြင်းသည် ယောနိသော မနသိကာရ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း မည်၏။ အသမ္မောဟ မတွေမဝေ ဆင်ခြင်သည်လည်း မည်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်-

"ယောနိသော မနသိကရောတော သိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတိ"

ဟူ၍လည်းကောင်း

> **မယှံ ခေါ ဘိက္ခဝေ ယောနိသော မနသိကာရာ ယောနိသော သမ္မပ္ပဓာနာ အနုတ္တရာ ဝိမုတ္တိ သစ္ဆိကတာ၊ အနုတ္တရာ ဝိမုတ္တိ အနုပ္ပတ္တာ။ တုမှေပိ ဘိက္ခဝေ ယောနိသော မနသိကာရာ ယောနိသော သမ္မပ္ပဓာနာ အနုတ္တရံ ဝိမုတ္တိ သစ္ဆိ-ကရောထ၊ အနုတ္တရံ ဝိမုတ္တိ အနုပါပုဏာထ**(သံ၊၁။၁၀၆) —

ဟူ၍လည်းကောင်း ဟောတော်မူပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောနိသော၊ အသင့်အားဖြင့်။ ဝါ၊ အရာဌာနကျသော အားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသောသူအား။ မဟတော၊ များစွာ။ အတ္ထာယ၊ အကျိုးငှာ။ သံဝတ္တတိ၊ ၏။ ဘိက္ခဝေ၊ တို့။ မယှံ ခေါ မယှံ ဧ၀၊ ငါဘုရားသည်သာလျှင်။ ယောနိသော၊ ဖြင့်။ ဝါ၊ ဖြင့်။ မနသိကာရာ၊ နှလုံးသွင်းခြင်းကြောင့်။ ယောနိသော၊ ဖြင့်။ ဝါ၊ ဖြင့်။ သမ္မပ္ပဓာနာ၊ အားထုတ်ခြင်းကြောင့်။ အနုတ္တရာ၊ အတုမရှိသော။ ဝိမုတ္တိ၊ အရဟတ္တ-ဖိုလ်ကို။ သစ္ဆိကတာ၊ မျက်မှောက်ပြုတော်မူရပြီ။ အနုတ္တရာ၊ သော။ ဝိမုတ္တိ၊ အရဟတ္တဖိုလ်သို့။ အနုပ္ပတ္တာ၊ ရောက်တော်မူပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေပိ ခေါ၊ သင်တို့သည်လည်း။ ယောနိသော၊ ဖြင့်။ ဝါ၊ ဖြင့်။ မနသိကာရာ၊ နှလုံးသွင်းကုန်သည်ဖြစ်၍။ ယောနိသော၊

http://www.dhammadownload.com

ဖြင့်။ ဝါ၊ ဖြင့်။ သမ္မပ္ပဓာနာ၊ အားထုတ်ကုန်သည်ဖြစ်၍။ အနုတ္တရံ၊ သော။ ဝိမုတ္တိ၊ ကို။ သစ္ဆိကရောထ၊ မျက်မှောက်ပြုကုန်လော့။ အနုတ္တရံ၊ သော။ ဝိမုတ္တိ၊ သို့။ အနုပါပုဏာထ၊ ရောက်ကြကုန်လော့။

ဆိုအပ်ခဲ့ပြီးသောအားဖြင့် စကားပြောဆိုသောကာလ ပရမတ္ထ ရုပ်,နာမ်ခန္ဓာ တရား အပေါင်းတို့ကို ၃-ပါးသော ဝိပလ္လာသတို့ဖြင့် ပုဂ္ဂိုလ်, သတ္တဝါ၊ ငါ, သူတပါး၊ ယောကျ်ား, မိန်းမ၊ နတ်, သိကြား, ဗြဟ္မာ၊ ခုဝ, သုခ, သုဘ, အတ္တအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်သည် အယောနိသော မနသိကာရ မသင့်တင့်သောအားဖြင့် နှလုံးသွင်းခြင်း မည်၏။ သံမောဟ တွေဝေသောအားဖြင့် နှလုံးသွင်းသည် မည်၏။ ဤသို့ တွေဝေသောအားဖြင့် မသင့်သော အားဖြင့် နှလုံးသွင်းသောသူအား သံသရာ၌ ပဗ္ဗတရား ၃-ပါးကို အကြောင်းပြု၍ များလှစွာသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ ဖြစ်သည်ရှိသော် ဇာတိ, ဇရာ, ဗျာဓိ, မရဏ-စသော ဒုက္ခအပေါင်းတို့သည်လည်းကောင်း အပါယ်ဘေး, ဝဋ်ဆင်းရဲဘေး-စသော ဘေးဘယ ဒုက္ခအပေါင်းတို့သည်လည်းကောင်း ဖြစ်ကုန်၍ များလှစွာသော အကျိုးမဲ့တို့သည် ဖြစ်ကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် **"အယောနိသော မနသိကရောတော ဘိက္ခဝေ မဟတော အနတ္ထာယ သံဝတ္တတိ"** ဟူ၍ ဟောတော်မူအပ်ပြီ။

ဘိက္ခဝေ၊ တို့။ အယောနိသော၊ ဖြင့်။ ဝါ၊ ဖြင့်။ မနသိကရောတော၊ အား။ မဟတော၊ များစွာ။ အနတ္ထာယ၊ အကျိုးစီးပွါး မရှိခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။

စကားပြောဆိုသောကာလ ဖြစ်သောစိတ်သည် ပုထုဇန်, သေက္ခဖြစ်အံ့၊ အကုသိုလ် ဒွါဒသ၊ မဟာကုသိုလ်စိတ် ၈-ခုတွင် ၁-ခုခု ဖြစ်၏။ ရဟန္တာ ဖြစ်အံ့၊ မဟာကြိယာစိတ် ၈-ခု, ဟသိတုပ္ပါဒ်စိတ်တို့တွင် ၁-ခုခု ဖြစ်၏။ စျာန်ရဖြစ်အံ့၊ အဘိညာဏ်ဒွေး ရှေး၌ ဆိုအပ်ခဲ့ပြီးသော စိတ်တို့တွင် ရသင့်သည် အားလျော်စွာ ၁-ခုခုသော စိတ်သည် ဖြစ်၏။ ဤကား **အကြောင်းစိတ္တုပ္ပါဒ်တည်း**။

ထိုအဝိဇ္ဇာ-အစရှိသော တစ်ခုခုသောတရား၌ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အားဖြင့် ၄-ပါး, ၄-ပါးသော အနက်သဘောတို့ကို ထုတ်၍ သိအပ်၏။ အဘယ်သို့ သိအပ်သနည်း-ဟူမူကား **အဝိဇ္ဇာဟူသော** မောဟသည် မသိခြင်းလက္ခဏာ ရှိ၏၊ တွေဝေခြင်းကိစ္စ ရှိ၏။ ဖုံးလွှမ်းသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ **တစ်နည်းကား**- သခ်ါရ-ဟူသော အကျိုးရှိ၏။ အာသဝေါတရား ၄-ပါးလျှင် နီးစွာသော အကြောင်း ရှိ၏။

http://www.dhammadownload.com

ကုသိုလ်, အကုသိုလ်စေတနာ-ဟူသော သခီါရတို့သည် ပြုပြင်ခြင်းလက္ခဏာ ရှိ၏။ အားထုတ်ခြင်းကိစ္စ ရှိ၏။ သမ္မယုတ်တရားတို့ကို စေ့ဆော်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏။ ဝါ၊ ဝိညာဏ်-ဟူသော အကျိုးရှိ၏။ အဝိဇ္ဇာလျှင် နီးစွာသောအကြောင်း ရှိ၏။

ဝိညာဏ်သည် အာရုံ၏ သဘောကို အထူးသဖြင့် သိခြင်းလက္ခဏာ ရှိ၏။ ကြွင်းသော နာမက္ခန္ဓာတို့အား ပြဋ္ဌာန်းခြင်းကိစ္စ ရှိ၏။ ဝါ၊ အကျိုး, အပြစ်ကို ပြုခြင်းကိစ္စ ရှိ၏။ ဝါ၊ ရှေ့သွားခြင်းကို ပြုခြင်းကိစ္စ ရှိ၏။ ဝါ၊ ရှေ့သွားကဲ့သို့ ဖြစ်ခြင်းကိစ္စ ရှိ၏။ ရှေ့,နောက်ဖြစ်သော ဘဝကို တစပ်တည်းကဲ့သို့ စပ်တတ်သည်၏ အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်၏။ ဝါ၊ နာမ်,ရုပ်-ဟူသော အကျိုးရှိ၏။ သခီါရလျှင် နီးစွာသော အကြောင်းရှိ၏။ ဝါ၊ ၆-ပါးသော ဝတ္ထု, ၆-ပါးသော အာရုံလျှင် နီးစွာသောအကြောင်း ရှိ၏။

နာမ်,ရုပ် ၂-ပါးတို့တွင် နာမ်သည် ကြီးစွာသော အာရုံသို့ ညွတ်ခြင်းလက္ခဏာ ရှိ၏။ တကွယှဉ်ခြင်းကိစ္စ ရှိ၏။ အသီးအသီး မခွဲခြမ်းအပ်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်၏။ ဝိညာဏ်လျှင် နီးစွာသော အကြောင်း ရှိ၏။

ရုပ်သည် အချမ်း, အပူ-စသော ဝိရောဓိပစ္စည်းတို့ကြောင့် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဖရိုဖရဲ ကြဲသကဲ့သို့ ဖြစ်ခြင်းကိစ္စ ရှိ၏။ ကုသိုလ်, အကုသိုလ်မှတပါး ရုပ်၏ အဖြစ်အားဖြင့် ကြားအပ်သည်၏အဖြစ်ကြောင့် အဗျာကတအခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်၏။ ဝိညာဏ်လျှင် နီးစွာသော အကြောင်း ရှိ၏။

တစ်နည်းလည်း ထို ရုပ်,နာမ် ၂-ပါးတို့သည် သဉ္ဇာယတန-ဟူသော အကျိုး ရှိ၏။ သဉ္ဇာယတနသည် ဝိညာဏ်စသည်တို့၏ တည်ရာ,မှီရာ-ဟူသော လက္ခဏာရှိ၏။ ဝါ၊ အလျဉ်ရှည်စွာသော ဝဋ်ဆင်းရဲသို့ ဆောင်ခြင်း လက္ခဏာရှိ၏။ ဝါ၊ အလျဉ်ရှည်စွာသော ဝဋ်ဆင်းရဲကို ခဲ့ခြင်းလက္ခဏာ ရှိ၏။

- စက္ခာယတနသည် ရူပါရုံကို မြင်ခြင်း ကိစ္စ ရှိ၏။
- သောတာယတနသည် သဒ္ဒါရုံကို ကြားခြင်း ကိစ္စ ရှိ၏။
- ဃာနာယတနသည် ဂန္ဓာရုံကို နမ်းခြင်း ကိစ္စ ရှိ၏။
- ဇိဝှါယတနသည် ရသာရုံကို လျက်ခြင်း ကိစ္စ ရှိ၏။
- ကာယာယတနသည် ဖောဋ္ဌဗ္ဗာရုံကို တွေ့ခြင်း ကိစ္စ ရှိ၏။
- မနာယတနသည် ဓမ္မာရုံကို သိခြင်း ကိစ္စ ရှိ၏။ ဝါ၊ အာရုံ ၆-ပါးကို ယထာရဟ သိခြင်းကိစ္စ ရှိ၏။

http://www.dhammadownload.com

ဝတ္ထု၏အဖြစ်, ဒွါရ၏အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်၏။ ဝါ၊ ဖဿ-ဟူသော အကျိုးရှိ၏။ နာမ်,ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဖဿသည်ကား အာရုံ၏သဘောကို တွေ့ခြင်းလက္ခဏာ ရှိ၏။ ထိပါးခြင်း ကိစ္စရှိ၏။ ပေါင်းစည်းခြင်းတည်းဟူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ ဝါ၊ ဝေဒနာ-ဟူသောအကျိုး ရှိ၏။ သင်္ဃာယတနလျှင် နီးစွာသောအကြောင်း ရှိ၏။

ဝေဒနာသည် အာရုံ၏ သဘောကို ခံစားခြင်းလက္ခဏာ ရှိ၏။ အာရုံ၏ အရသာကို သုံးဆောင်ခြင်းကိစ္စ ရှိ၏။ သုခ,ဒုက္ခဟူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်၏။ ဝါ၊ တဏှာ-ဟူသော အကျိုးရှိ၏။ ဖဿလျှင် နီးစွာသောအကြောင်း ရှိ၏။

တဏှာသည် ဝဋ်ဆင်းရဲ၏ အကြောင်းရင်း-ဟူသော လက္ခဏာ ရှိ၏။ အာရုံကို နှစ်သက်ခြင်းကိစ္စ ရှိ၏။ နှစ်သက်အပ်သော အာရုံ, ကာမဂုဏ်တို့၌ မရောင့်ရဲခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏။ ဥပါဒါန်-ဟူသော အကျိုးရှိ၏။ ဝေဒနာလျှင် နီးစွာသော အကြောင်း ရှိ၏။

ဥပါဒါန်သည် အာရုံကို ပြင်းစွာယူခြင်း လက္ခဏာ ရှိ၏။ မလွှတ်နိုင်ခြင်း ကိစ္စရှိ၏။ တဏှာ၏ မြဲမြံသည်အဖြစ်, ဖောက်ပြန်သော အမြင်ကို ဖြစ်ခြင်း-ဟု ဆိုအပ်သော အခြင်း အရာအားဖြင့် ရှေးရှုထင်၏။ ဝါ၊ ဘဝ-ဟူသော အကျိုးရှိ၏။ တဏှာလျှင် နီးစွာသော အကြောင်း ရှိ၏။

ဘဝသည် ဆောင်ခြင်း-ဟူသော လက္ခဏာ, ကံအကျိုး-ဟူသောလက္ခဏာ ရှိ၏။ ကမ္မဘဝသည် ဖြစ်စေခြင်း ကိစ္စရှိ၏။ ဥပပတ္တိဘဝသည် ဖြစ်ခြင်း ကိစ္စရှိ၏။ ကုသိုလ်, အကုသိုလ်, အဗျာကတ အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်၏။ ဝါ၊ ဇာတိ-ဟူသောအကျိုး ရှိ၏။ ဥပါဒါန်လျှင် နီးစွာသောအကြောင်း ရှိ၏။

ဇာတိသည် ပစ္စုပ္ပန်ဘဝ၌ ရှေးဦးစွာဖြစ်ခြင်း လက္ခဏာရှိ၏၊ ဆောင်ခြင်း ကိစ္စရှိ၏။ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရုပ်,နာမ် ခန္ဓာတို့ကို ဤ ဘဝ, ဂတိ, သတ္တဝိညာဏဋ္ဌိတိ, သတ္တာဝါသ တို့၌ ဖြစ်ရမည်-ဟု ဆောင်နှင်းသကဲ့သို့ ဖြစ်သည်ဟူလို။ အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝ၌ ပေါင်းသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ ဝါ၊ ဒုက္ခ၏ ဆန့်ကျင်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်၏။ ဝါ၊ ဇရာ-မရဏ ဟူသော အကျိုး ရှိ၏။ ကမ္မဘဝလျှင် နီးစွာသောအကြောင်း ရှိ၏။

ဇရာသည် ခန္ဓာတို့၏ ရင့်ခြင်း, ပေါင်းခြင်း လက္ခဏာရှိ၏။ ပျက်ခြင်း, သေခြင်း ဘင်ခဏသို့ဆောင်ခြင်း ကိစ္စ ရှိ၏။ အရွယ်၏ပျက်စီးခြင်းဟူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေ့ရှု ထင်၏။ ဇာတိလျှင် နီးစွာသောအကြောင်း ရှိ၏။

http://www.dhammadownload.com

မရဏာသည် ပစ္စုပ္ပန်မှ ရွှေ့ခြင်းလက္ခဏာ ရှိ၏။ ဘဝခန္ဓာတို့မှ ကင်းခြင်းကိစ္စရှိ၏။ ဘဝ ၂-ပါးတို့တွင် တစ်ပါးပါးမှ ကွေကွင်းခြင်းတည်း-ဟူသော အခြင်းအရာဖြင့် ဉာဏ်အား ရှေ့ရှု ထင်၏။ ဇာတိလျှင် နီးစွာသောအကြောင်း ရှိ၏။ ဝါ၊ သေခြင်း၏ အကြောင်းတို့သည် နီးစွာသောအကြောင်း ရှိ၏။

အနက်သဘောအားဖြင့် ဒေါမနဿဝေဒနာ ဖြစ်လေငြားသော သောကသည် အတွင်း၌ လောင်ခြင်းလက္ခဏာ ရှိ၏။ စိတ်ကို ထက်ဝန်းကျင်မှ ပူပန်စေခြင်း ကိစ္စ ရှိ၏။ ဆွေမျိုး-စသည်တို့၏ ပျက်စီးခြင်းအားလျော်စွာ စိုးရိမ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်၏။ ဆွေမျိုး-စသည်တို့၏ ပျက်စီးခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

ပရိဒေဝသည် မြည်တမ်းခြင်း လက္ခဏာရှိ၏။ အကျိုး,အပြစ်ကို ကြားခြင်းကိစ္စ ရှိ၏။ အမြဲမတည် ကျင်လည်ခြင်းတည်းဟူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှု ထင်၏။ ဆွေမျိုး-စသည်တို့၏ ပျက်စီးခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

ကာယိကဒုက္ခသည် ကိုယ်ကို နှိပ်စက်ခြင်းလက္ခဏာ ရှိ၏။ ဝါ၊ စေတသိက်တို့၏ ပင်ပန်းခြင်း လက္ခဏာရှိ၏။ ပညာနုံ့သော သူတို့အား ဒေါမနဿ၏အဖြစ်ကို ပြုခြင်းကိစ္စ ရှိ၏။ ကိုယ်၏ ကျင်နာခြင်းတည်းဟူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ အလိုမရှိအပ်သော အာရုံ၏ ထိပါးခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။

ဒေါမနဿသည် စိတ်၏ နှိပ်စက်ခြင်း လက္ခဏာ ရှိ၏။ စိတ်၏ ပင်ပန်းခြင်းကိစ္စ ရှိ၏။ စိတ်၏ ကျင်နာခြင်းတည်းဟူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ အလိုမရှိအပ်သော အာရုံ၏ ထိပါးခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။

ဥပါယာသသည် စိတ်၏ ထက်ဝန်းကျင်မှ လောင်ခြင်း လက္ခဏာရှိ၏။ ဝါ၊ စိတ်၏ ဖောက်ပြန်ခြင်း လက္ခဏာ ရှိ၏။ ကျင်လည်ခြင်း ကိစ္စ ရှိ၏။ အထူးသဖြင့် ဆုတ်နစ်ခြင်း တည်းဟူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ ဆွေးမျိုး-စသည်တို့၏ ပျက်စီးခြင်းလျှင် နီးစွာသော အကြောင်း ရှိ၏။

ထိုပဋိစ္စသမုပ္ပါဒ်တရား ၁၂-ပါးတို့၏ ၄-ပါးသော နည်းတို့ဖြင့် ဖြစ်ဟန်ကို ဤသို့ မှတ်အပ်၏။

(၂) **ဧကတ္တနည်း, နာနတ္တနည်း, အဗျာပါရနည်း, ဧဝံမဓုတာနည်း**-အားဖြင့် ၄-ပါးတို့တွင်–

ဧကတ္တနည်း ဟူသော်ကား။ ။အဝိဇ္ဇာ-ဟူသော အကြောင်းကြောင့် သင်္ခါရအကျိုး ဖြစ်၏။ သင်္ခါရ-ဟူသော အကြောင်းကြောင့် ဝိညာဏ်

http://www.dhammadownload.com

ဟူသော အကျိုး ဖြစ်၏။ အဘယ်သို့နည်းဟူမူကား မျိုးစေ့၏ အညွှန့်-အစရှိသော အဖြစ်ကြောင့် သစ်ပင်၏အဖြစ်သို့ ရောက်သကဲ့သို့ သန္တာန်အစဉ်၏ မပြတ်ဖြစ်ခြင်းသည် ဧကတ္တနည်း မည်၏။ ထိုဧကတ္တနည်းကို ကောင်းစွာ ရှုမြင်သော ပုဂ္ဂိုလ်သည် အကြောင်း,အကျိုး စပ်သဖြင့်ဖြစ်သော သန္တာန်အစဉ်၏ မပြတ်ဖြစ်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်,စွန့်နိုင်၏။ ထိုဧကတ္တနည်းကို ချွတ်ယွင်းဖောက်ပြန်၊ မမှန်သောအားဖြင့် ရှုသောပုဂ္ဂိုလ်သည် အကြောင်း,အကျိုး စပ်သဖြင့်ဖြစ်သော သန္တာန်အစဉ်၏ မပြတ်ဖြစ်ခြင်းကို တစ်ခုသောသန္တာန်အစဉ်၏ အဖြစ်ကို ယူခြင်းကြောင့်, ဝါ။ တပေါင်းတည်း ယူခြင်းကြောင့် သဿတဒိဋ္ဌိ ဖြစ်၏။ ။ **ဧကတ္တနည်း ပြီး၏။**

နာနတ္တနည်းဟူသော်ကား။ ။အဝိဇ္ဇာ-အစရှိသည်တို့၏ မိမိ ဥစ္စာအားလျော်စွာ လက္ခဏာကို ပိုင်းခြားမှတ်သားခြင်းသည် နာနတ္တနည်း မည်၏။ ထိုနာနတ္တနည်းကို ကောင်းစွာရှုမြင်သော ပုဂ္ဂိုလ်သည် အသစ်အသစ်သော သခါရတရားတို့၏ ဖြစ်ခြင်းကို မြင်ခြင်းကြောင့် သဿတဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ ထိုနာနတ္တနည်းကို ချွတ်ယွင်းဖောက်ပြန်သောအားဖြင့် ရှုမြင်သော ပုဂ္ဂိုလ်သည် တစ်ခုသော သန္တာန်အစဉ်၌ ကျသော များသောသန္တာန် ရှိ၏-ဟု အသီးအသီး ဖြစ်ခြင်းကို ယူခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏။ ။ **နာနတ္တနည်း ပြီး၏။**

အဗျာပါဒနည်းဟူသော်ကား။ ။အဝိဇ္ဇာသည် "ငါသည် သခါရတရားတို့ကို ဖြစ်စေအပ်၏"၊ သခါရတို့သည် "ငါတို့သည် ဝိညာဏ်ကို ဖြစ်စေအပ်၏"။ ဤသို့ အစရှိသော အားထုတ်ခြင်း၏ မရှိသောအဖြစ်သည် အဗျာပါဒနည်း မည်၏။ ထိုအဗျာပါဒနည်းကို ကောင်းစွာရှုမြင်သော ပုဂ္ဂိုလ်သည် ပြုပြင်တတ်သော ပုဂ္ဂိုလ်၏ မရှိသည်၏အဖြစ်ကို ထိုးထွင်း၍ သိခြင်းကြောင့် အတ္တဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ ထိုအဗျာပါဒနည်းကို ချွတ်ယွင်းဖောက်ပြန် မမှန်သောအားဖြင့် ရှုမြင်သောပုဂ္ဂိုလ်သည် အကယ်၍ ကြောင့်ကြခြင်းမရှိသည် ဖြစ်လင့်ကစား အဝိဇ္ဇာ-အစရှိသည်တို့၏ မြဲသောဖြစ်ခြင်း သဘောရှိသော အကြင်အကြောင်း၏ အဖြစ်သည် ရှိ၏။ ထိုအကြောင်းနှင့် ကင်း၍ ဖြစ်၏-ဟု ယူခြင်းကြောင့်, ဝါ။ အကြောင်း၏အကျိုး မယူခြင်းကြောင့် အကိရိယဒိဋ္ဌိ မည်၏။ ။ **အဗျာပါဒနည်း ပြီး၏။**

ဧဝံဓမ္မတာနည်း ဟူသော်ကား။ ။အဝိဇ္ဇာ-အစရှိသော အကြောင်းတို့ကြောင့် သခါရစသော အကျိုးတို့၏သာလျှင် ဖြစ်ခြင်း မြဲ၏။ သခါရအစရှိသော အကျိုးမှ တပါးသော တရားတို့၏ ဖြစ်ခြင်း မရှိ။ အဘယ်ကဲ့သို့နည်းဟူမူကား-

http://www.dhammadownload.com

နို့ရည်-စသည်တို့ကြောင့် နို့ဓမ်း-အစရှိသည်တို့၏ ဖြစ်ခြင်း မြဲသကဲ့သို့ အကြောင်း,အကျိုး တို့၏ မြဲသော မဖောက်မပြန်သောအဖြစ်သည် ဧဝံဓမ္မတာနည်း မည်၏။ ထိုဧဝံဓမ္မတာနည်းကို ကောင်းစွာ ရှုမြင်သော ပုဂ္ဂိုလ်သည် အဝိဇ္ဇာ-အစရှိသော အကြောင်းအားလျော်စွာ သင်္ခါရ-အစရှိသော အကျိုးတို့၏အဖြစ်ကို မယူမူ၍ တစ်စုံတစ်ခုသော အကြောင်းကြောင့် တစ်စုံတစ်ခုသောအကျိုး မဖြစ်-ဟု ယူခြင်းကြောင့် **အဟေတုကဒိဋ္ဌိ** နိယတဝါဒကို ဖြစ်စေ၏။ ။ **ဧဝံဓမ္မတာနည်း ပြီး၏**။

ဤနည်း ၄-ပါးတို့တွင် ဧကတ္တနည်း, နာနတ္တနည်း, ဧဝံဓမ္မတာနည်းတို့ဖြင့် **အနိစ္စ-လက္ခဏာ**သည် ထင်ရှား၏။ အဗျာပါရနည်းဖြင့် **အနတ္တလက္ခဏာ**သည် ထင်ရှား၏။ နည်း ၄-ပါးတို့ဖြင့် ဒုက္ခလက္ခဏာသည် ထင်ရှား၏။ ဝါ အနိစ္စလက္ခဏာ, အနတ္တလက္ခဏာ ထင်ရှားသည်ရှိသော် ဖြစ်ခြင်း,ပျက်ခြင်းတို့ဖြင့် မပြတ် နှိပ်စက်အပ်သည်၏အဖြစ်ကို ထိုးထွင်း၍ သိသဖြင့် ဒုက္ခလက္ခဏာသည် ထင်ရှား၏။ ဝိဘူတာရုံ, အဝိဘူတာရုံ-အစရှိသော ပဉ္စဒ္ဒါရဝီထိသန္တာန်အစဉ် အစရှိသည်တို့၌လည်း ဤနည်းမှတ်လေ။

၁၂၃၁-ခု၊ ကဆုန်လဆန်း၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

လုံးတော်ရွာ၊ ၁၀-အိမ်ခေါင်း မောင်ရေး-က နေရိပ်ထဲသို့ ဝင်သောသူမှာ အရိပ်သည် မည်သည်က နေမည်ကို လျှောက်ထားချက်

[၁၇] "ဘုရားတပည့်တော် လုံးတော်ရွာ၊ ၁၀-အိမ်ခေါင်း **မောင်ရေး** ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

အရိပ်ထဲသို့ လူဝင်လျှင် လူ့အောက်ကပင် အရိပ် ရှိမည်။ အထက်ကပင် ရှိမည်။ တပည့်တော်မှာ အောက်ကပင် ရှိမည် ထင်ပါသည်။ အချို့သူတို့က အထက်က ရှိသည် ဆိုပါသည်။ ထိုစကားကို ကိုယ်တော်အရှင်တို့သာ သိနိုင်ရာသော အကြောင်းဖြစ်ပါ၍ အထက်ကပင် ရှိမည်, အောက်ကပင် ရှိမည်ကို နောက်လာ,နောင်သားတို့ သိသာခြားနား မှတ်သားပါရအောင် ပါဠို, အဋ္ဌကထာ, ဋီကာ, ကျမ်းဂန်နှင့်အညီ ဉာဏ်ရောင်ဝင်းဝင်း ညှိထွန်းလင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား"။

http://www.dhammadownload.com

ဌင်း ၁၀-အိမ်ခေါင်း၊ မောင်ရေး လျှောက်ချက်အရ–

[၁၇] လုံးတော်ရှာအုပ်, ၁၀-အိမ်ခေါင်းအကြီး, ရွာလူကြီးတို့၊ လုံးတော်ရွာ, ဒကာ ငရေးက အရိပ်ထဲသို့ လူဝင်လျှင် လူအောက်က အရိပ်ရှိမည်, အထက်ကပင် ရှိမည်ကို သိသာခြားနား၊ နောက်လာ,နောင်သား၊ သတ္တဝါအများ၊ ကြားကြားသမျှ၊ သိပါရအောင်၊ တောင်မေရုထိပ်၊ ၃-ကျိပ်, ၃-ပါး၊ နတ်များသခင်၊ ဘုရင်ရာဇာ၊ အာကာမြင့်ချိန်၊ တာဝတိံ ဝယ်၊ ပုရိန္ဒဒ၊ ဒေဝရာဇာ၊ ဝဇိရာဝုဓ၊ သိကြားလက်နက်၊ မိုးကြိုးစက်ပမာ၊ ပညာအခေါင်၊ ကျမ်းစာစောင်ဖြင့်၊ ဉာဏ်ရောင်ဝင်းဝင်း၊ ထွန်းလင်းတော်မူပါမည့်အကြောင်းနှင့် ၂-သောင်း ကျော် ခရီးကွာ၊ ဝေးမြေတာကပင်၊ လျှောက်လာပေသည်-ဟု နှလုံးသွင်းပိုက်လျက် အဖိုး အနှုပ်၊ ဝေပုလ္လပတ္တမြားကို လက်ဝါးပြင်တွင် တင်၍ ပြဘိသကဲ့သို့ ရှေးပညာရှိ၊ ကဝိစံနှုန်း၊ ထုံးအတန္တ၊ ပုံဥပမာ၊ သိသာခြားနား၊ ယုံမှားကင်းပျောက်၊ တောင်,မြောက်မထင်၊ မြစ်, ပင်လယ်ကူး၊ မာလိန်မှူးတို့ကို၊ ကျေးဇူးရွှက်ဆောင်၊ အိမ်မြောင်ပမာ၊ ဤစာနည်းသစ်၊ ကျမ်းဆီညှစ်၍၊ အပြစ်တင်ဖွယ် မရှိ၊ ဤမျှဖြင့် မရိပ်မိ၍၊ မသိပါသေး ဆိုသူလူ၊ နောက် ပိတ်ခွေး, လူ ချန်ခြွင်း၍၊ လူစာရင်းတော်၊ တော်ဝင်သူ၊ လူခေါ် စလောက်၊ စံမြောက်ကဝိ၊ ပညာရှိနား၊ ကြားတိုင်းသိလွယ်သော ဤသခ်ေပနယဝိနိစ္ဆယကို ဖြေဆိုအမိန့်ရှိလိုက်သည်။

စာရောက်လျှင် မေးလျှောက်သူ ဒကာငရေးနှင့် ကျေးရွာနေ လူတို့ကို ဆင့်ဆို၍ စကားလုံးအက္ခရာ ပီပြင်စွာ နေရာကျ၊ ဖတ်တတ်သူတို့နှင့် ဖတ်ရွတ်နာခံကြရမည်။ **ဆရာတော်အမိန့်စာ။**

အရိပ်ထဲသို့ လူဝင်လျှင် လူအောက်ကပင် အရိပ် ရှိမည်, အထက်ကပင် ရှိမည်ကို မေးလျှောက်သည့်အရာသည် "ပြင်မှာ လဲ၍၊ ပွဲမှာ ပြသည်"ဆိုဘိ သကဲ့သို့ လူသိရှင်ကြား သို့စဉ်ကလောက်မျှစကား၊ မြစ်ခြားချောင်းကူး၊ ထူးထူးချွန်ချွန်၊ စားကျက်လွန်၍၊ ဂုဏ်တံခွန် စိုက်၊ သမိုက်သညာ၊ ရွှေလုံးတော်ရွာက၊ ဒကာငရေး၊ မတွေး မထောက်၊ မကြောက်,မရှက်၊ မနက်မနဲ၊ မခဲမခက်၊ မလျှို့ဝှက်တည့်၊ ပြက်ပြက်ကွင်းကွင်း၊ ထင်လင်းသိသာ၊ စာလောက် သည့်အမှု၊ ပကတိစကျဖြင့်ပင် ရှုမြင်ကောင်းသည့်အရာ ဖြစ်ပါလျက် ပညာမျက်စိ၊ နှိုင်းညှိ ဆင်ခြင်၊ ကျမ်းတွင်အလာ၊ အဋ္ဌကထာမြတ်၊ ဋီကာရပ်များနှင့်၊ စကားချပ်, စကားအောက်၊ နောက်သား,နောင်လာ၊ မှတ်စရာသော၊ ပဟာသောနှင့်၊ စကားကြော ရှည်၍၊ **လူပြည်သို့ တစ်ခါတစ်ခေါက်၊ ကံ-ကော်၍ ရောက်လာပါသည်။**

သို့ကလောက် အရာကိုမျှ မရိပ်မိရပလေသည်။ နေရမည့်ရက်နှင့် သေရမည့်ရက် အသက်ကို လက်ချိုး၍ ရေလိုက်လျှင် သေရက်သို့ နီး၍ ကြီးလေ ကြာလေသမျှမှာ ဗဟုသုတ

http://www.dhammadownload.com

နည်းပါး၍ စားလေသမျှအစာ, သွားသမျှနေရာမှာ ပညာပင် မကြီးပွါး၊ မစင်သာ များသောကြောင့် စကားလုံးသာ ကုန်၍ ပြောပဆိုနည်းကို မတတ်၊ ပရိသတ်ပွဲဘောင်တွင် မတင့်တယ်၊ အစွယ်မဲ့ ဆင်, အရှင်မဲ့ ကျွန်, တံခွန်မဲ့ ရထား, အရောင်မဲ့ ပတ္တမြား၊ ဦးချိုမဲ့ နွားကဲ့သို့ ပြောအား မတတ်သာ ရှိချေသည်။

အမည်နာမ ဖော်ထုတ်လျက် ပုဂ္ဂိုလ် ၁-ဆူ၊ လူ ၁-ယောက် အခေါ်ခံ၍ ကျမ်းဂန် ပါဠိပိဋကတ် မရှိချေက၊ ယုဂန္ဓရ, ဣသိန္ဓရ, ကရဝိက ။လ။ တောင်မြ အသကဏ်၊ ပတ်ခြံဝန်းရစ်၊ နတ်စစ်ပျော်ရာ၊ ဝတီသာလျင်၊ ပမာတမျှ၊ နာမတစ်ဆူ၊ ယူဇနာပေါင်း ၄၂,၀၀၀ အစောက်ပင် ဆောင်သော်လည်း၊ တောင်ရံမျှသာ၊ ဖြစ်ချေသကဲ့သို့ ရှိသည်။ ဥပမည်းပုံကတ် ပမာနှင့်ဟပ်လိုက်လျှင် လူ, နတ်, နိဗ္ဗာန် ၃-တန်ကို ရည်မှတ်၍ ရတတ်သည် ဒါယကာတို့က စေတနာသုံးတန် ပြတ်၍ ကပ်လှူသည့် ရွှေသေတ္တာ ရာ,ထောင်တန် စာတိုက်ကြီးသည် ပျက်ရခါနီးချေလျှင် ကျောင်းခင်ကြီး ထမင်းခြောက် လှောင်၍ ပုပ်ဟောင်ခပ်ညှီ ထွီဖွယ်စရာ ဖြစ်လာသည်။

အတန္တ ဥပမာပြုသည်မှာ ရွှေစာတိုက်သေတ္တာသည် ကြာလေ ဆုတ်လေ၊ အဖိုးယုတ်လေ၊ ဂုဏ်အသရေ ကင်း၍ မိမိ ကိုယ်တွင်းမှာ ထမင်းခြောက်သာ များသကဲ့သို့ ဉာဏ်နုသူ သန္တာန်မှာ ကျမ်းဂန်, ပါဠို, ပိဋကတ် မရှိသောကြောင့် ရိပ်မိစလောက် သိစလောက်လျက်နှင့် စိတ်နောက်ကို ဉာဏ်မပါသောကြောင့် ဆရာရှာရထုံး ရှိချေသည်။ လူကလေကဝ၊ လူစကောစက၊ လူမတွာ-ဟု ခေါ်ကြရန် ရောက်ပေသည်။

"တစ္ဆေတို့ဘာသာ ခေါစာကို လိုရှိ ဖမ်းတတ်သည်။"

"လူလေတို့ဘာသာ၊ ပြောကာဆိုကာမျှနှင့် ရမ်းတတ်သည်"ဟူ၍လည်းကောင်း

"တောင်းစုတ်လျှင် အမှိုက်ကျုံး၊ ခေါင်းကုပ်လျှင် အမိုက်ဆုံး"ဆိုထုံး ရှိချေ၏။ သတိပြု။

ယခု မေးလျှောက်သည့်အချက်ကို စာထွက်နှင့် ပြရန်မှာ–

ရုက္ခစ္ဆာယာ ပန္ထမသော၊ တံနိဗ္ဗတ္ထံ နံ ကပ္ပတိ။ (ဝိနယသင်္ဂဟပါဠိ) ပါဠိအရ ယင်းသည် ဆာယာကို ဝစနတ္ထပြုရန်မှာ ဆာဒတိတိ ဆာယာ။ သဒ္ဒါကျမ်းအလို ဝိဂြိဟ် ဝစနတ်၊ ဖုံးလွှမ်းတတ်သော သဒ္ဒတ္ထ၊ မြန်မာတို့ ဝေါဟာရကြောင့် ဆာယာ-ဟု တွင်ချေသည်။ ဤပါဠိအနက် ဒေသနာတော်အထွက်နှင့် အထက်,အောက်နေဟန်ကို မှောက်လှန်၍ယူ၊ ဉာဏ်ကူနှိုင်းချင့်၊ သုတနုဇာတ်တော်ကို၊ ထောက်မြော်သဖြင့်၊ ကျမ်းလာနှင့် လျော်သင့်အောင်၊ အဆင့်ဆင့်စိုက်သော ဝါးသည်တိုင်များမှာ အမြင်သားဖြစ်၍ အသစ်ကြံဖွယ် မရှိပြီ။

http://www.dhammadownload.com

ဤပါဠိအနက် ဖုံးလွှမ်းသည့် အချက်မှာလည်း အထက်က ဖုံးသည်, အောက်က ဖုံးသည်ကို ထုံးစံရှိရာ ယူလေ။ သုတနုဇာတ်တော်ကို ထောက်မြော်သဖြင့် ယူရာ၌ ၅၅၀၊ သတ္တကနိပါတ်၊ ၃-ခုမြောက်သော သုတနုဇာတ်တော်တွင် ဘုရားလောင်း သုတနုလုလင်သည် မင်းကြီးပေးလိုက်သော သန်လျက်, ထီး, ခြေနင်းတို့ကို ယူ၍ ပညောင်ပင်စောင့်ဘီလူးထံ ရောက်လျှင် "ဘီလူးက ငါ၏ ပိုင်မြေကို သင်နင်းရကား ငါ၏အစာ မှန်သည်"ဟု ဆိုသောကာလ "သင့်မြေကို ငါ-မနင်း၊ မင်းကြီး ခြေနင်းတော်ကိုသာ ငါနင်းသည်"။ "ငါ၏ ပညောင်ပင်ရိပ်ကို သင်ခိုသည်"ဆိုပြန်သည့်ကာလ "သင်၏ ပညောင်ပင်ရိပ်ကို ငါ-မခို၊ မင်းကြီး ထီးရိပ်ကိုသာ ငါခိုသည်"ဟု ဆိုလျှင် သုတနုလုလင်ကို ဆင်ခြေမပြိုင် မတတ်နိုင်သောကြောင့် ဘီလူးက အနှုံးပေးရ၍ ဝန်ချကြောင်းကို ၎င်းဇာတ်တွင် လာသည်။ အကယ်၍တည်း လူအောက်က အရိပ်ရှိခဲ့အံ့။ မြေကိုပင် မနင်းသော်လည်း အရိပ်တွင်းမှာ လူနေချလျှင် လုလင်မှာ ဆင်ခြေမရ၍ ဘီလူးက နိုင်ကြောင်းများနှင့် ၎င်းဇာတ်တော်တွင် လာသည်။ ယင်းသို့မဟုတ် ဘီလူးက ရှုံး၍ ခွင်လုံးပိုင်ပိုင် လုလင်က နိုင်ပေရကား အရိပ်အထက်က နေကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

၁၂၃၁-ခု၊ နယုန်လပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

မန္တလေးမြို့၊ အမရဋ္ဌာနီရပ်၊ သူရဲကြီးအောက်ကင်း ဗျည်းတပ်နေ မောင်ရွှေအောင် မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို ရောက်ကြောင်းဖြစ်သောတရား အားထုတ်ရာသော တရားများကို မေးလျှောက်ခြင်း

[၁၈] "ဘုရားတပည့်တော် သူရဲကြီးအောက်ကင်း ဗျည်းတပ်နေ ဒကာငရွှေ-အောင် လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) မင်္ဂ,ဖိုလ်, နိဗ္ဗာန်သို့ ရောက်စေတတ်သည် ဖြစ်၍ မပြတ် မှီဝဲအပ်သော တရား၊ မင်္ဂ,ဖိုလ်နိဗ္ဗာန်တိုင်အောင် အားထုတ်ရာသော တရားကိုလည်း မှတ်သားသိသာလိုပါသည်။

(၂) သင်္ခေ သခ်ိရာ အနိစ္စာ-အစရှိသည်ဖြင့် ဟောတော်မူသော ဒေသနာတော်ဝယ် အနိစ္စ, အနိစ္စလက္ခဏာ၊ ဒုက္ခ, ဒုက္ခလက္ခဏာ၊ အနတ္တ, အနတ္တလက္ခဏာတို့၏

http://www.dhammadownload.com

သရုပ်သဘောနှင့်တကွ လက္ခဏာရေး ၃-ပါးတို့၏ ဖြစ်ဟန်ကို အသေအချာ မသိစွမ်းနိုင်သည်ဖြစ်၍ အသေအချာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အဓိန္ဒ ရှိတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

ဂင်းဗျည်းတပ်နေ မောင်ရွှေအောင် လျှောက်ထားချက်–

သူရဲကြီးအောက်ကင်း ဗျည်းတပ်နေ ဒကာငရွှေအောင်က မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ရောက်စေတတ်သည်ဖြစ်၍ မပြတ် မှီဝဲအပ်သောတရား၊ အနိစ္စ, အနိစ္စလက္ခဏာ၊ ဒုက္ခ, ဒုက္ခလက္ခဏာ၊ အနတ္တ, အနတ္တလက္ခဏာတို့ အကွဲအပြား လက္ခဏာရေး ၃-ပါးတို့၏ ဖြစ်ဟန်ကို အသေအချာ သိမှတ်ပါရမည့်အကြောင်းနှင့် လျှောက်ချက်အရ အဓိန္ဒရှိလိုက်ဦးအံ့။

[၁၈] (၁) အဇ္ဈာတိတသဟာယဿ၊ အတီတဂတသတ္ထုနော။
နတ္ထိ ဇောဒိသံ မိတ္တံ၊ ယထာ ကာယဂတာသတိ။ ။ (ထေရဂါထာ)

အတီတဂတသတ္ထုနော၊ ပရိနိဗ္ဗာန်စံတော်မူသည်ဖြစ်၍ လွန်လေပြီးသော ဘုရား ရှိထသော။ အဇ္ဈာတိတသဟာယဿ၊ ပေါင်းဖော်စရာ ကလျာဏမိတ် မရှိသောပုဂ္ဂိုလ်အား။ ကာယဂတာသတိ၊ ကာယဂတာသတိကမ္မဋ္ဌာန်းသည်။ မိတ္တံ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန်ကောင်းသော ကလျာဏမိတ်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဇောဒိသံ၊ ထိုကာယ-ဂတာသတိကမ္မဋ္ဌာန်းနှင့်တူသော။ မိတ္တံ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန်ကောင်းသော ကလျာဏမိတ် မည်သည်။ နတ္ထိ၊ မရှိ။

မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ။ ဘုရားတပည့်သား သာဝကတို့လည်း ပရိနိဗ္ဗာန် စံတော်မူကြပြီ။ ငါတို့ အဘယ်သို့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါအံ့နည်း-ဟု စိုးရိမ်ကြောင့်ကြ မရှိကြကုန်လင့်။ ကာယဂတာသတိကမ္မဋ္ဌာန်းနှင့် တူသော နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန်ကောင်းသော ကလျာဏမိတ်မည်သည် မရှိပြီ-ဟူ၍ ဟောတော်မူသည်။ မဂ်,ဖိုလ်,နိဗ္ဗာန်တိုင်အောင် အားထုတ်ရာသော တရားကား ၁၁-ပါးတည်း။

၁၁-ပါးဟူသော်ကား–

သပ္ပုရိသူပနိဿယ	သဒ္ဓမ္မဿဝန	ယောနိသော မနသိကာရ
အတ္တသမ္မာပဏိဓိ	အာတာပီ အာရဒ္ဓဝီရိယ	ပါဠိဟာရိယပညာ
သမထ	ဝိပဿနာ	မဂ်
ဖိုလ်	နိဗ္ဗာန်	တို့ ၁၁-ပါးတည်း။

http://www.dhammadownload.com

ထို၁၁-ပါးတို့တွင်–

သူတော်ကောင်းတို့ကို မှီဝဲခြင်းသည် သပ္ပုရိသူပနိဿယမည်၏။ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် သဒ္ဓမ္မဿဝန မည်၏။ အသင့်နှလုံးသွင်းခြင်းသည် ယောနိသောမနသိကာရ မည်၏။ မိမိစိတ်ကို ကောင်းစွာစောင့်ရှောက်ခြင်းသည်။ ဝါ၊ စတုပါရိသုဒ္ဓိသီလသည် အတ္တသမ္မာပဏိဓိ မည်၏။

ကိလေသာကို ပူပန်စေတတ်သော လှုံ့လသည် အာတာပီ အာရဒ္ဓဝီရိယ မည်၏။ သမထဝိပဿနာနှင့်ယှဉ်သော ပညာသည် ပါဋိဟာရိယပညာ မည်၏။ အာကာသကသိုဏ်း, အာလောကကသိုဏ်း ၂-ပါးသည် ကြဉ်အပ်သော ကမ္မဋ္ဌာန်း ၃၈-ပါးသည် သမထ မည်၏။ ဝိပဿနာကမ္မဋ္ဌာန်း ၄၀-သည် ဝိပဿနာ မည်၏။

မဂ် ၄-ပါးသည် မဂ် မည်၏။ ဖိုလ် ၄-ပါးသည် ဖိုလ် မည်၏။ အသခ်တဓာတ်သည် နိဗ္ဗာန် မည်၏။ မနုဿတ္တဘုလ္လာဘကို ရ၍ သဒ္ဓါသမ္ပတ္တိရှိကြသော တိဟိတ်ပဋိသန္ဓေ ပညာနှင့်ပြည့်စုံသော အမျိုးသားတို့သည် ဤ ၁၁-ပါးသောတရားကို အစဉ်မချွတ် ပြု၍ ရကြကုန်သည်။ လက္ခဏာရေး ၃-ပါးကို ထင်ခြင်းသည် မဖောက်မပြန် အရိယာမဂ်ဉာဏ်သို့ ရောက်မှ ထင်နိုင်သည်။

ဝိပလ္လာသ ၁၂-ပါး ရှိသည်။ ၁၂-ပါးဟူသော်ကား–

- အနိစ္စကို နိစ္စ-ဟု မှတ်ထင်သည်၊ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ ၃-ပါး၊
- ဒုက္ခကို သုခ-ဟု မှတ်ထင်သည်၊ သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသ ၃-ပါး၊
- အနတ္တကို အတ္တ-ဟု မှတ်ထင်သည်၊ သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသ ၃-ပါး၊
- အသုဘကို သုဘ-ဟု မှတ်ထင်သည်၊ သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသ ၃-ပါး–

ဤ ၁၂-ပါး။ ထို ၁၂-ပါးတို့တွင် အနိစ္စကို နိစ္စ-ဟု မှတ်ထင်သည်၊ သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသ ၃-ပါး, အနတ္တကို အတ္တ-ဟု မှတ်ထင်သည်၊ သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသ ၃-ပါး၊ ဒုက္ခကို သုခ-ဟု မှတ်ထင်သည်၊ ဒိဋ္ဌိဝိပလ္လာသ, အသုဘကို သုဘ-ဟု မှတ်ထင်သည်၊ ဒိဋ္ဌိဝိပလ္လာသ, ဤ ၈-ပါးကို သောတာပန် ပယ်သည်။

အသုဘကို သုဘ-ဟု မှတ်ထင်သည်၊ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ ၂-ပါးကို အနာဂါမ် ပယ်သည်။ ဒုက္ခကို သုခ-ဟု မှတ်ထင်သည်၊ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ ၂-ပါးကို ရဟန္တာ ပယ်သည်။

http://www.dhammadownload.com

ပုထုဇန်တို့မှာ သပ္ပုရိသူပနိဿယ, သဒ္ဓမ္မဿဝန, ယောနိသော မနသိကာရ, သုတမယဉာဏ်, ဘာဝနာမယဉာဏ် အစွမ်းအားဖြင့် တဒင်္ဂပ္ပသာ ပယ်နိုင်သည်။ တဒင်္ဂ-ဟူသည် ထိုထိုသမထ, ဝိပဿနာအစွမ်းအားဖြင့် ထိုထိုဆန့်ကျင်ဘက် တရားတို့ကို ပယ်ခြင်း တည်း။

ပယ်ဟန်ကား နာမ်,ရုပ်တရားတို့၏ ပျက်ခြင်းကို မြင်သဖြင့် သဿတဒိဋ္ဌိကို ပယ်ခြင်း၊ နာမ်,ရုပ်တရားတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို မြင်သဖြင့် ယုံမှား မရှိခြင်း၊ ရုပ်ကလာပ်တို့၏ အစုကို သုံးသပ်သဖြင့် ငါ, ငါ၏ကိုယ်-ဟူသော အမှတ်သညာမှ ကင်းခြင်း၊ ဝဋ်တရားကို ဘေး-ဟု ရှုသဖြင့် အဘယသညာကို ပယ်ခြင်း၊ အာဒီနဝကို ရှုသဖြင့် အာဘာဝကို ပယ်ခြင်း၊ နိဗ္ဗိန္ဒကို ရှုသဖြင့် အဘိရတိသညာကိုပယ်ခြင်း အစရှိသည်သည် ဆီမီးရောင်ဖြင့် အမိုက်ကို ဖျက်သကဲ့သို့သာ ဖြစ်၏။ လက္ခဏာရေး ၃-ပါးကို ရှုဆင်ခြင်ရာ၌ အဟုတ်,အဟတ် ထိုးထွင်း၍ မသိ,မမြင်နိုင်ခြင်းသည် မြက်, သစ်ရွက်-စသည် ဖုံးလွှမ်းသော ဝတ္ထုကို ရှု၍ မမြင်နိုင်သကဲ့သို့ မိမိတို့ သဘာဝကို ဖုံးလွှမ်းတတ်သော တရားသည် ဖုံလွှမ်းသည်၏အဖြစ်ကြောင့် အဟုတ်အဟတ် ထိုးထွင်း၍ မသိမမြင်နိုင်လေသည်။

အဘယ်သို့ ဖုံးလွှမ်းသနည်းဟူမူကား-

အနိစ္စကို သန္ဋတိ ဖုံးလွှမ်းသည်။ ဒုက္ခကို ဣရိယာပထ ဖုံးလွှမ်းသည်။
အနတ္တကို ဃန ဖုံးလွှမ်းသည်။

သန္ဋတိ-ဟူသည် အစဉ်မပြတ် ဖြစ်ခြင်းတည်း။
ဣရိယာပထ-ဟူသည် သွားခြင်း, ရပ်ခြင်း-အစရှိသော ဣရိယာပုထ်တည်း။
ဃန-ဟူသည် တခဲနက် အစုအခဲတည်း။

ဤ တရား ၃-ပါးတို့သည် အသီးအသီး ဖုံးလွှမ်းအပ်၏။

ဖုံးလွှမ်းဟန်ကား။ ။ရုပ်, နာမ်တရားတို့၏ အစဉ်မပြတ် ဖြစ်ခြင်းတည်း-ဟူသော သန္ဋတိတရားကြောင့် တစပ်တည်းကဲ့သို့ဖြစ်၍ ထိုသို့ဖြစ်ခြင်း, ပျက်ခြင်းကို မမြင်နိုင်သောကြောင့် နိစ္စ ဓုဝ, သဿတ, အဝိပရိဏာမဓမ္မကဲ့သို့ ထင်မှတ်လေရကား အနိစ္စကို မမြင်နိုင်သတည်း။ ဥပမာကား များစွာသော သဲစုကို မြင်သော သူအား သဲပြင်သည် ၁-ဥသဘ ကြိယာစိတ် ၈-ခု, ဟသိတုပ္ပါဒ်စိတ်တို့တွင် တစ်ခုခု ဖြစ်၏။ ဈာန်ရဖြစ်အံ့ အဘိညာဏ်ဒွေး ရှေး၌ဆိုအပ်ခဲ့ပြီးသော စိတ်တို့တွင် ၇-ဥသဘ ရှိသည်၊ ၁-ဂါဝုတ် ရှိသည်၊ ၁-ယူဇနာ, ၂-ယူဇနာရှိသည်-ဟု ထင်မှတ်သကဲ့သို့တည်း။

http://www.dhammadownload.com

စင်စစ်မူကား ငယ်စွာသော တစ်ခု,တစ်ခုသော သဲပြင်သည် များစွာသော မရေတွက်နိုင်အောင် စပ်၍ တည်သည်သာတည်း။ ခြပုန်းတို့သည် အစေးဖြင့်စပ်၍ စေ့အပ်သော ခြတန်းတောင်ပို့ကို မြင်သောသူအား ခြတန်း ရှည်သည်၊ တောင်ပို့ ကြီးသည်၊ မြင့်သည် ထင်မှတ်သကဲ့သို့ ဖြစ်၏။

စင်စစ်မှာမူကား ငယ်စွာသော တစ်ခု, တစ်ခုသော သဲမြေတို့ကို အစေးဖြင့် စပ်၍ တည်သည်သာတည်း။ မြစ်၏ကမ်းထိပ်၌ ရပ်၍ ကြည့်သောသူသည် မြစ်၌ ရေကို ပကတိ အတိုင်းကဲ့သို့ ထင်မှတ်၏။

စင်စစ်မူကား ကြည့်စဉ်ခဏတွင်ပင် စီးသောရေသည် မျက်စိတမှိတ်ခန့်မျှ မတည်၊ အောက်သို့ အစဉ်မပြတ် စီးသည်သာတည်း။ ထို့အတူ ရုပ်, နာမ်တရားတို့၏ အစဉ်မပြတ် စပ်၍ ဖြစ်သောကြောင့် အသက် ၁၀၀-ရှည်သည်, ၅၀-ရှည်သည်ဟု ထင်မှတ်၏။

စင်စစ်မူကား မျက်စိတမှိတ်ခန့်မျှ တခဏ၌ မရေတွက်နိုင်အောင် ဖြစ်၍ ချုပ်၏။ အကြင်သူသည် ရှည်မြင့်စွာ အသက်ရှည်၏။ ထိုသူသည် စိတ္တက္ခဏ ၁-ခုမျှသာတည်း။ ၂-ခု မရှိ။ ထို့ကြောင့် မြတ်စွာဘုရားသည်–

ယော ဘိက္ခဝေ စိရံ ဇီဝတိ၊ သော ဧကစိတ္တက္ခဏမေဝ၊ ဒုတိယံ န ဥပ္ပဇ္ဇတီ-

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ စိရံ၊ မြင့်ရှည်စွာ။ ဇီဝတိ၊ အသက်ရှည်၏။ သော၊ ထိုသူသည်။ ဧကစိတ္တက္ခဏမေဝ၊ တစ်ခုသော စိတ္တက္ခဏမျှသာတည်း။ ဒုတိယံ၊ နှစ်ခုမြောက်သော စိတ္တက္ခဏသည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။

ဤသို့ ရုပ်,နာမ်တရားတို့၏ အစဉ်မပြတ်ဖြစ်ခြင်း-ဟု ဆိုအပ်သော **သန္ဋတိတရား** ဖုံးလွှမ်းသောကြောင့် အနိစ္စကို မထင်,မမြင်နိုင်သတည်း။

အဘယ်သို့ ဒုက္ခကို ဣရိယာပထ ဖုံးလွှမ်းသနည်း-ဟူမူကား သွားခြင်းဣရိယာပုထ်၌ဖြစ်သော ဒုက္ခကို ရပ်ခြင်းဣရိယာပုထ်ဖြင့် ဖျောက်သည်။ ရပ်ခြင်းဣရိယာပုထ်၌ဖြစ်သော ဒုက္ခကို ထိုင်ခြင်း ဣရိယာပုတ်ဖြင့် ဖျောက်သည်။ ထို့ကြောင့် ဖြစ်တိုင်း,ဖြစ်တိုင်းသော ဒုက္ခကို ဣရိယာပထ ဖုံးလွှမ်းလေရကား ဒုက္ခကို မထင်,မမြင်နိုင်သတည်း။

အဘယ်သို့ အနတ္တကို ဃန ဖုံးလွှမ်းသနည်းဟူမူကား- ဆံ, အမွေး, ခြေသည်း, လက်သည်း-စသော ၃၂-ပါးသော အခြင်းအရာတို့သည် အသီးအသီး အစုအစုဖြစ်၍ တစ်ခု,တစ်ခုစီ ကောင္ဒာသကို တပေါင်းတည်း အစိုင်အခဲကဲ့သို့ဖြစ်၍ ထင်မှတ်၏။ ထို့ကြောင့်

http://www.dhammadownload.com

အနတ္တကို မထင်မြင်နိုင်သတည်း။ စင်စစ်မူကား အသီးအသီး, အစုအစု တစ်ခုစီသော ကောဋ္ဌာသ ပါဋိယေက္ကာ၊ နိဿတ္တ, နိဇ္ဇီဝ, အဗျာကတ, သုည, အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ, ဇေဂုစ္ဆ, ပဋိကူလ ဓာတုမတ္တက-မျှသာတည်း။

(၂) ဤသို့ အစိုင်အခဲ တစ်ခဲနက်အစု ပုဂ္ဂိုလ်တစ်ခုကဲ့သို့ ထင်မှတ်ခြင်း ဃန-ဖုံးလွှမ်း သောကြောင့် အနတ္တကို မထင်,မမြင်နိုင်သတည်း။ ထိုလက္ခဏာရေး ၃-ပါးတို့ကို ရှုဆင်ခြင်ရာ၌ ရှေးဦးစွာ အနိစ္စ, အနိစ္စလက္ခဏာ၊ ဒုက္ခ, ဒုက္ခလက္ခဏာ၊ အနတ္တ, အနတ္တလက္ခဏာ ကို သိရာ၏။

အဘယ်ကဲ့သို့ သိရာသနည်းဟူမူကား- ရုပ်, နာမ်တရား ဖြစ်သည် အနိစ္စ မည်၏။ ရုပ်, နာမ်တရားတို့၏ ဥပါဒ်, ဌိ, ဘင် ၃-ခုသည် ရုပ်, နာမ်တရား ဖြစ်ကို မှတ်ကြောင်း ဖြစ်သောကြောင့် အနိစ္စလက္ခဏာ မည်၏။ ထို ရုပ်,နာမ်တရားတို့၏ ဥပါဒ်, ဌိ, ဘင်ကို မြင်မှ ရုပ်, နာမ်တရားဖြစ်၌ ငြီးငွေ့ခြင်း ဖြစ်၏။

ဥပမာကား-ပုဆိုးသည် အစ၌လည်းကောင်း အလယ်၌လည်းကောင်း အဆုံး၌ လည်းကောင်း ကြီးစွာသော အပေါက် ၁-ခု ရှိ၏။ ထိုပုဆိုးကို ကောင်းမွန်စွာ ထုပ်၍ ထားသဖြင့် တစ်စုံတစ်ယောက်သောသူသည် မြင်ခြင်းငှာ မတတ်ကောင်း၊ ပုဆိုးကို ဝယ်လို သောသူသည် ပုဆိုးဆိုင်သို့ ချဉ်း၍ အဆင်းသန္ဌာန်ကို မြင်လျှင် အသပြာ များစွာပေး၍ ဝယ်လိုသောစိတ် ဖြစ်လာ၏။ ထိုပုဆိုးကို ဖြန့်၍ ကြည့်လတ်သော် အစ,အလယ်,အဆုံး၌ ၃-ခုသော အပေါက်ကို မြင်သဖြင့် တစ်ချင်းခွေးမျှ ပေး၍ ယူလိုသောစိတ် မရှိ၊ ပုဆိုး၌ မနှစ်သက်ခြင်း, ငြီးငွေ့ခြင်း ဖြစ်သကဲ့သို့ ထို့အတူ ရုပ်,နာမ်တရားတို့၏ ဥပါဒ်,ဌိ,ဘင် လက္ခဏာကို မြင်မှ ရုပ်,နာမ်တရား ဖြစ်၌ ငြီးငွေ့ခြင်း နိဗ္ဗိန္ဒသည် ဖြစ်၏။ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့၌လည်း ဤနည်းတူ မှတ်ရာ၏။

လက္ခဏာရေး ၃-ပါးကို ဆင်ခြင်ရာ၌ အရိယာပုဂ္ဂိုလ်တို့အား မဂ်၏ရှေး၌ ဝိပဿနာ ၏ အစွမ်းအားဖြင့် အနိစ္စလက္ခဏာ ထင်သည်ရှိသော် ဒုက္ခ, အနတ္တ လက္ခဏာတို့သည် ထင်ကုန်၏။ ထင်ဟန်ကား- သာဝတ္ထိပြည်တွင် ရွှေပန်းထိမ်သည်သားကို ဘုရား ဆုံးမတော်မူသောအခါ ရေပေါက်ကျလျက် စိုစွတ်သော ပဒုမာပန်းကို သဲစု၌ ထား၍ လောဟိတ ကသိုဏ်းကို ဆင်ခြင်ရာ အစဉ်အတိုင်းသော ဈာန်ရ၍ တန်ခိုးတော်ဖြင့် တစ်ခဏချင်း ညှိုးနွမ်းစေအပ်သော ပဒုမာပန်းကို မြင်လျှင် အနုပါဒိဏ္ဏာဝတ္ထု၌ပင် ယိုယွင်းပျက်စီးခြင်း ဇရာဓမ္မသည် နှိပ်စက်ရကား ဥပါဒိဏ္ဏကဖြစ်သော ဝတ္ထု၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဇရာဓမ္မသည် ဧကန်မချွတ် ဖြစ်လတ္တံ့သည်သာတည်း-ဟု အနိစ္စလက္ခဏာကို မြင်လေလျှင်

http://www.dhammadownload.com

ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကိုလည်း မြင်ကုန်၏။ ထိုအခါ ဘဝ ၃-ပါးကို အလျှံပြောင်ပြောင် တောက်သကဲ့သို့, လည်၌ အကောင်ပုပ်ကို ဆွဲဘိသကဲ့သို့ ထင်၏။

ရူပနန္ဒာထေရီ၏ ဝတ္ထု၌လည်း ရူပနန္ဒာသည် အဆင်း၌ အလွန်တပ်ခြင်းရှိသည်ကို သိတော် မူ၍ ရှေ့တော်သို့ ချဉ်းကပ်လာသောအခါ ဤဝတ္ထု၌ ယပ်လေခပ်လျက်နေသော အလွန် တင့်တယ်သော အဆင်းနှင့် ပြည့်စုံသော သောဠသဝဿုဒ္ဒေသိက ကြွေမြဖွယ် အဘိသင်္ခတ နိမ္မိတ ကုမာရိကကို ဖန်ဆင်းတော်မူ၏။ ရူပနန္ဒာသည် ထိုမိန်းမကို မြင်၍ မိမိအဆင်းနှင့် နှိုင်းယှဉ်လေသော် **ဒွေဟသ်ာမ၏ရှေ့၌ ကျီးမကဲ့သို့** မိမိကိုယ်ကို ထင်၏။ ကြွေမြဖွယ်ရူပကို မြင်သည်မှ စ၍ ထိုအဆင်း၌သာ လွန်စွာ တပ်မက်ခြင်း ဖြစ်၏။

ထိုအခါ ၁၆-နှစ်အရွယ်ကို လွန်၍ ၂၀-ရွယ်အဆင်းကဲ့သို့ ပြုတော်မူပြန်လျှင် အနည်းငယ် တပ်ခြင်းကင်းသောစိတ် ရှိ၏။ ထိုအခါ ၂၀-ရွယ် ပကတိအဆင်းကို ဖျက်၍ ၁-ကြိမ် သားဖွားပြီးသော အရွယ်, မဇ္ဈိမအရွယ်, မိန်းမကြီးအရွယ်, မိန်းမအိုအရွယ်ကို ပြုတော်မူ၏။ ထို၌လည်း နှေးနှင့် မတူပါပြီတကား-ဟု အားနည်းသော ဆန္ဒရာဂ ဖြစ်လာ၏။ ထိုအခါ အိုမင်း၍ သွားကျိုး, ဆံဖြူ, အရေတွန့်လိမ်, ကုန်းကွကိုင်းညွတ်၍ တောင်ဝှေးစွဲလျက် တုန်လှုပ်သော ကိုယ်ရှိသည်ကို ပြ၍ မြင်လေလျှင် ထိုထက်လွန်စွာ တပ်ခြင်းကင်းပြန်၏။ ထိုအခါ အနာဖြင့် နှိပ်စက်၍ ယပ်ကိုလည်းကောင်း တောင်ဝှေးကိုလည်းကောင်း ပြင်းစွာ မြည်တမ်းလျက် လဲလေ၍ ကျင်ကြီး,ကျင်ငယ်တို့ဖြင့် လိမ်းကျံလျက် ထိုမှ, ဤမှ လူးလဲသည်ကို မြင်ပြန်လျှင် ထို့ထက်လွန်စွာ တပ်ခြင်း ကင်းလတ်၍ သေသော အကောင် ဖူးဖူးယောင်လျက် ၉-ခုသော ဒွါရမှ ထွက်သော ပိုးလောက်အတိရှိသဖြင့် ကျီးတို့သည် လုယက်ကိုက်စားကြသည်ကို မြင်ရာတွင် "ဤမိန်းမသည် ဤနေရာဌာန ဤခဏပင် အိုခြင်း, နာခြင်း, သေခြင်းတို့သည် ဆောလျှင်စွာ ဖြစ်လာ၏။ ဤငါ၏ကိုယ်သည်လည်း မချွတ်မယွင်း အိုခြင်း, နာခြင်း, သေခြင်းတို့သည် ဖြစ်လတ္တံ့"ဟု အနိစ္စသညာကို မြင်လေလျှင် ဒုက္ခသညာ, အနတ္တသညာကိုလည်း မြင်လေ၏။ ထိုသို့ မြင်ရာ၌လည်း အရိယာပုဂ္ဂိုလ်တို့မှာ တဖန် ဖောက်ပြန်ခြင်း မရှိ၊ မိမိတို့ မင်္ဂအားလျော်စွာ ပဟာတဗ္ဗဓမ္မကို သမုစ္ဆေဒပဟာန သတ္တိဖြင့် အမြစ်အရင်းနှင့်တကွ အကြွင်းမဲ့ ပယ်လေသည်။

ပုထုဇဉ်တို့မှာကား တဒင်္ဂပဟာနသတ္တိဖြင့်သာ ပယ်နိုင်သည်။ တဒင်္ဂပဟာန်မှ စ၍ နိဿရဏပဟာန်တိုင်အောင် ပယ်ရသည် မှတ်လေ။ သမ္မာဆန္ဒရှိသောသူတို့၌ အနုပ္ပဒ္ဓိ-ပါဒကို ကိုယ် *(အနုပ္ပဒ္ဓိပဒါကို)*လိမ္မာအောင် ကြိုးစား၍ ကြည့်ရှုလေ့ကျက် ဆောင်ရွက်မှတ်သား အားထုတ်ကြကုန်။ သဗ္ဗေ သခါရာ အနိစ္စာ-အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ် ပါဠ်အပေါင်းတို့တွင် "သဗ္ဗေ သခါရာ အနိစ္စာ"ဟူသော ပါဠ်၌ အလုံးစုံသော

http://www.dhammadownload.com

တေဘုမ္မက သခ်ီရတို့သည် အနိစ္စ မည်၏။ ထိုတေဘုမ္မကသခ်ီရသည်ပင် ဒုက္ခ မည်၏။ တေဘုမ္မက မဟုတ်သော နိဗ္ဗာန်, နာမပညတ်သည် အနိစ္စ, ဒုက္ခ မမည်။ နိဗ္ဗာန်, နာမပညတ် နှင့်တကွသော တေဘုမ္မကသခ်ီရသည် အနတ္တ မည်၏။ ထို့ကြောင့် အနတ္တလက္ခဏာပုဒ်၌ သတ္တေ ဓမ္မာ အနတ္တာ-ဟူ၍ ဟောတော်မူသည်။

ဤသို့ ဟောတော်မူသောကြောင့် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့ကို ဆင်ခြင်ရာ၌ သတ္တေ သခ်ီရာ အနိစ္စာ, သတ္တေ သခ်ီရာ ဒုက္ခာ-ဟု ဆင်ခြင်ရာ၏။ အနတ္တလက္ခဏာကို ဆင်ခြင်ရာ၌လည်း သတ္တေ သခ်ီရာ အနတ္တာ-ဟု ဆင်ခြင်ရာ၏။ သတ္တေ ဓမ္မာ အနတ္တာ-ဟူ၍ပင် သုံးသပ်ဆင်ခြင်သော်လည်း တေဘုမ္မကသခ်ီရကိုသာ နှလုံးသွင်းရာ၏။ အဘယ်ကြောင့်နည်းဟူမူ တေဘုမ္မကဖြစ်သော ခန္ဓာပဉ္စက ရူပ်,နာမ်တရားတို့သည်သာ ဝိပဿနာ၏အာရုံ ဖြစ်၏။ နိဗ္ဗာန်, နာမပညတ်သည် ဝိပဿနာ၏အာရုံ မဟုတ်။ ထို့ကြောင့် တေဘုမ္မက ဖြစ်သော ခန္ဓာ ၅-ပါး ရူပ်,နာမ်တရားတို့ကိုသာ လက္ခဏာရေးသို့ တင်၍ ရှုရာ၏။

၁၂၃၁-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၁၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

ကျောက်ဆောက်မြို့နေ၊ ရဟန်းတော်ရှင်ပညာ-က ဝေဒနာ၊ ကံကြမ္မာ၊ ဘေး၊ ဥပဒ္ဒဝေါတို့ကို သရုပ်သခ်္ခာနှင့် သိလိုပါကြောင်း လျှောက်ထားချက်

[၁၉] "ဘုရားတပည့်တော် ကျောက်ဆောက်မြို့၊ ရှင်ပညာ လျှောက်ပါသည် ဆရာတော်ဘုရား။

အဖွေ့ဝ ကိစ္စ ဂါထာတွင်—

(၁) မဟာသေနေနကို ဧဒ၆-ပါးသော ဝေဒနာ၊

(၂) ၃၂-ပါးသော ကံကြမ္မာ၊ ၂၅-ပါးသော ဘေး၊ *ဏ၁၆-ပါးသော ဥပဒ္ဒဝေါ၊ *ဒ၁၀-ပါး သော ဒဏ်၊ *ဓ၈-ပါးသော အပြစ်-ဟူ၍ အနက်ပေးရာ ဧဒ၆-ပါးသော ဝေဒနာ, ၃၂-ပါးသော ကံကြမ္မာ, ၂၅-ပါးသော ဘေး, ၁၆-ပါးသော ဥပဒ္ဒဝေါ, ၁၀-ပါးသော ဒဏ်, ၈-ပါးသော အပြစ်တို့၏ သရုပ်သခ်္ခာကို အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

http://www.dhammadownload.com

ကျောက်ဆောက်မြို့၊ ရှင်ပညာ-က ဝေဒနာ, ကံကြမ္မာ-စသော ၉၆-ပါးကို ကွဲပြားသိသာရန် လျှောက်ထားချက်အရ-၁၂၃၁-ခု၊ တော်သလင်းလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်ိမြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်မှာ–

| ၁၉ |(၁) အဇ္ဇေဝ ကိစ္စ မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂံ တေန၊ မဟာသေနေန မစ္စုနာ။

(မူဂပက္ခတေမိဇာတ်၊ ဘဒ္ဒေကရတ္တသုတ်ပါဠိတော်)

အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ အာတပ္ပံ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လကို။ ကိစ္စံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်အံ့နည်း။ မဟာသေနေန၊ ၉၆-ပါးသော အနာ, ၃၂-ပါးသော ကံကြမ္မာ, ၂၅-ပါးသော ဘေး, ၁၆-ပါးသော ဥပဒ္ဒဝေါ, ၁၀-ပါးသော ဒဏ်, ၈-ပါးသော အပြစ်-အစရှိသောအားဖြင့် များသော စစ်သည်အပေါင်းလည်း ရှိထသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ဂံရံ၊ အဆွေခင်ပွန်းဖွဲ့ခြင်း, တံစိုးပေးခြင်း, စစ်ထိုးခြင်း, လင့်စိမ့်သောဌာ ချိန်းချက်ဆုံးဖြတ်ခြင်းသည်။ န သိယာ၊ မဖြစ်ရာ။

"မဟာသေနေနာတိ ပဋ္ဌဝိသတိဘယ ဗာတ္တိံသကမ္မကရဏာဆန္နဝုတိရောဂပဗုမုခါဒိ-ဝသေန"ဟု အာဒိသဒ္ဒါနှင့်တကွ အဋ္ဌကထာရှိသည်နှင့်အညီ ယောဇနာသည်။ ထိုသို့ ယောဇနာအပ်သော အနက်တို့တွင် *၉၆-ပါးသောအနာ-ဟူသည်ကား–

စက္ခုရောဂေါ၊ မျက်စိနာ။	သောတရောဂေါ၊ နားတွင်းနာ။
ဃာနရောဂေါ၊ နှာခေါင်းနာ။	ဇိဝှါရောဂေါ၊ လျှာနာ။
ကာယရောဂေါ၊ ကိုယ်လုံးနာ။	သီသရောဂေါ၊ ဦးခေါင်းနာ။
ကဏ္ဏရောဂေါ၊ နားပဲ့နာ။	မုခရောဂေါ၊ ခံတွင်းနာ။
ဒန္တရောဂေါ၊ သွားကျင်နာ။	ကာသော၊ ချောင်းဆိုးနာ။ ၁၀။
သာသော၊ ကုတ်ဟီးနာ။	ပိနာသော၊ ဆောင်းမေးခါးနာ။
ဘဂေါ ဇရော၊ ကိုယ်တွင်းပူသောဖျားနာ။	ကုစ္ဆိရောဂေါ၊ ဝမ်းနာ။
မုစ္ဆာ၊ မူးဝေသောအနာ။	ပက္ခန္ဒိကာ၊ ဝမ်းသွေးထွက်နာ။
သူလာ၊ ထုံကျင်ကိုက်ခဲသော အနာ။	ဝိသူစိကာ၊ ဝမ်းနာ။
ကုဋ္ဌံ၊ နူနာ။	ဂဏ္ဍော၊ ထွတ်မြင်းနာ။ ၂၀။

http://www.dhammadownload.com

၃၂-ပါးသော ကံကြမ္မာ

ကိလာသော၊ ညှင်းကြီးနာ။ သောသော၊ ခယရုပ်နာ။
အပမာရော၊ ရူးနာ။ ဒဒ္ဒု၊ ဝဲနာ။
ကဏ္ဍု၊ ယားနာ။ ကစ္ဆု၊ ပွေးနာ။
ရခသာ၊ ယဉ်းနာ။ ဝိတစ္ဆိကာ၊ ဆင်ပွေးကြီးနာ။
လောဟိတပိတ္တံ၊ အနီ,အရွှေကျသောအနာ။ မဓုမေဟော၊ ဒူလာသရောနာ။ ၃၀။
အံသာပိဋကာ၊ ဖောသောအဖိုရှိသောအနာ။ ဘဂန္ဒလာ၊ မြင်းသရိုက်နာ။ ပေါင်း-၃၂။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ၃၂-ပါးသည်—

သည်းခြေပျက်ခြင်းလျှင် အကြောင်းရင်းရှိသော ဝိတ္ထသမုဋ္ဌာနအနာ၊
သလိပ်ပျက်ခြင်းလျှင် အကြောင်းရင်းရှိသော သေမှသမုဋ္ဌာနအနာ၊
လေပျက်ခြင်းလျှင် အကြောင်းရင်းရှိသော ဝါတသမုဋ္ဌာနအနာ-

ဟူ၍ ၎င်းအနာ ၃-ပါးတွင် တစ်ပါး,တစ်ပါး၌ ၃၂-ပါးစီပြု၍ ၃-ခုနှင့် မြှောက်သော် ၉၆-ပါး ဖြစ်သည်။ ဤကား အဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ ဂိရိမာနန္ဒသုတ်၊ မဟာနိဒ္ဒေသ ပါဠိတော်၊ ကာမသုတ္တနိဒ္ဒေသ-စသည်တို့၌လာသော နည်းတည်း။

ဝိတ္တံ သေမှဉ္စ ဝါတော စ၊ သန္နိပါတာ ဥတူနိ စ။
ဝိသမံ ဩပက္ကမိကံ၊ ကမ္မဝိပါကေန အဋ္ဌမိ။ ။ (သံ၊၂။ ၄၂၉)-

ဟူသော သည်းခြေ, သလိပ်, လေ, အကြောင်း ၃-ပါးတို့၏အညီ ပျက်စီးခြင်း, ဥတုပျက်ခြင်း ဆိုအပ်သော အကြောင်း ၈-ပါးကို ဟောတော်မူလျက် သည်းခြေ, သလိပ်, လေ-ဟူသော အကြောင်းရှိသည့် အနာ ၃-ပါးတို့ဖြင့်သာ မြှောက်ရလေသည်ကား- သရုပ်အစေ့အစုံနှင့် လောကီအလျောက် ဆိုလေသည်။

(၂)*[၈] ၃၂-ပါးသော ကြမ္မာဟူရာ၌ **ကမ္မကရဏ**-ဟု ဆိုအပ်သော အပြစ်အလျောက် စီရင်ခြင်းကို ကြမ္မာ-ဟူ၍ ဆိုအပ်၏။ ၃၂-ပါးဟူသည်ကား—

၁။ ကာသာဟိ ပိ၊ အဆူးရှိသော ကြိမ်တို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်ခတ်ကုန်၏။
၂။ ဝတ္တေဟိ ပိ၊ အဆူးမရှိသော ကြိမ်နွယ်တို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်ခတ်ကုန်၏။
၃။ အဒ္ဓဒဏ္ဍကေဟိ ပိ၊ ဆောက်ပုတ်တို့ဖြင့်လည်း။ ဝါ၊ ၂-တောင်မျှလောက်သော တုတ်တို့ဖြင့်လည်း။ တာဠေန္တိ၊ ကုန်၏။

http://www.dhammadownload.com

၄။ ဟတ္ထံ ပိ၊ လက်ကိုလည်း။ ဆိန္နန္တိ၊ ကုန်၏။

၅။ ပါဒံ ပိ၊ ခြေကိုလည်း။ ဆိန္နန္တိ၊ ကုန်၏။

၆။ ဟတ္ထပါဒမ်ပိ၊ လက်, ခြေကိုလည်း။ ဆိန္နန္တိ၊ ဖြတ်ကုန်၏။

၇။ ကဏ္ဏံ ပိ၊ နားကိုမူလည်း။ ဆိန္နန္တိ၊ ကုန်၏။

၈။ နာသံ ပိ၊ နှာခေါင်းကိုမူလည်း။ ဆိန္နန္တိ၊ ကုန်၏။

၉။ ကဏ္ဏနာသံ ပိ၊ နား, နှာခေါင်းကိုလည်း။ ဆိန္နန္တိ၊ ၏။

၁၀။ ဗိလင်္ဃထာလိကမ်ပိ၊ ဗိလင်္ဃထာလိက အမည်ရှိသော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုဗိလင်္ဃထာလိကကမ္မကရဏသည် ဦးခေါင်းခွံကို ခွါ၍ လောလောပူသော သံတွေကို ညှပ်ဖြင့်ယူ၍ ထိုအရာ၌ ထည့်သဖြင့် ကြိုက်ကြိုက်ဆူသော ပအုံးရည်သဖွယ်ရှိသည်ကို ဖြစ်စေ၍ ပြုကုန်၏။) (၁၀)

၁၁။ သခ်မုက္ခိကမ်ပိ၊ သခ်မုက္ခိကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား နားပန်းအပိုင်းအခြားဖြင့် အရေကိုပြု၍ တပေါင်းတည်း ဆံကိုဆုတ်၍ လှံတံဖြင့် ရစ်၍ အရေနှင့်တကွ နှုတ်ပြီးသော် ဦးခေါင်းခွံကို ကြမ်းတမ်းသော ကျောက်ဖြင့် ပွတ်၍ ခရုသင်းသဖွယ် ဦးခေါင်းရှိသည်ကို ဖြစ်စေ၍ ပြုကုန်၏။)

၁၂။ ရာဟုမုခံ ပိ၊ ရာဟုမုခမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏသည်ကား သံတံကျင်ဖြင့် ခံတွင်းကို ဖွင့်စေ၍ ခံတွင်းထဲ၌ ဆီမီးညှိသဖြင့်လည်းကောင်း နားပန်းမှစ၍ မျက်နှာကို ဆောက်ဖြင့် ရွေ၍ ပြည့်အောင် သွေးဆင်းစေသဖြင့်လည်းကောင်း နေကို ငုံသော ရာဟုသဖွယ် ဖြစ်စေ၍ ပြုကုန်၏။)

၁၃။ ဇောတိမာလိကံ ပိ၊ ဇောတိမာလိက မည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား ကိုယ်အလုံးကို ဆီပုဆိုးဖြင့် ရစ်၍ မီးညှိသဖြင့် အလှိုအစဉ်ကို ဖြစ်စေ၍ ပြုကုန်၏။)

၁၄။ ဟတ္ထပဇ္ဇောတိကမ်ပိ၊ ဟတ္ထပဇ္ဇောတိကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား လက်၌ ဆီသုတ်ပုဆိုးရစ်၍ မီးညှိသဖြင့် ဆီမီးတောက်သဖွယ် ပြုကုန်၍ ဖြစ်စေ၏။)

၁၅။ ဧရကဝတ္တိကမ်ပိ၊ ဧရကဝတ္တိကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား ရေမျိုအောက်မှစ၍ အရေအလွှာကို ခွါ၍ ဖမျက်၌ ကျစေပြီးမှ ကြိုးဖြင့် ဖွဲ့၍ ငင်ကုန်လတ်သော် မိမိအရေ၌ နင်းစေသဖြင့် ပြိတ်မြက်ခွက်သဖွယ် အရေကွာခြင်းကို ဖြစ်စေ၍ ပြုကုန်၏။)

http://www.dhammadownload.com

၁၆။ စီရကဝါသိကမ္မိ၊ စီရကဝါသိက မည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား လည်မှ စ၍ အရေကို ချွတ်သဖြင့် ခါး၌ ထားခြင်း၊ ခါးမှ စ၍ အရေကို ခွါသဖြင့် ဖမျက်၌ ထားခြင်းတို့ဖြင့် လျှော်တေဝတ်သဖွယ် ဖြစ်စေ၍ ပြုကုန်၏)

၁၇။ ဧဏေယျကံ ပိ၊ ဧဏေယျကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား တတောင် ၂-ဖက်၌ သံခြေချင်း သံကွင်းခတ်လျှို၍ သံချောင်းနှက်ပြီးသော် ထက်ဝန်းကျင် မီးထည့်၍ ဧဏီမည်သော သားသဖွယ် လေးဘက်တွား လျက် ရှိသည်ကို ဖြစ်စေ၍ ပြုကုန်၏။)

၁၈။ ပဋိသမံသိကံ ပိ၊ ပဋိသမံသိကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား ၂-ဖက်အသွားရှိသော ငါးမျှားချိတ်ဖြင့် ခတ်၍ အရေ, အသား, အကြောတို့ကို ကွာစေသဖြင့် အရေ, အသား, အကြောတို့ကို လျှောကျစေ၍ အရိုးကျဲကျဲသာ တည်စေလျက် ပြုကုန်၏။)

၁၉။ ကဟာပဏိကမ္မိ၊ ကဟာပဏိကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား ခါးမှ စ၍ ထက်လှစွာသော ပဲခွပ်ဖြင့် ရွေ၍ ၁-သပြာမျှလောက်သော အသားတစ်ကို ကျစေ၍ ပြုကုန်၏။)

၂၀။ ခါရာပဋိစ္ဆကံ ပိ၊ ခါရာပဋိစ္ဆကမည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား ထိုထို ကိုယ်အစိတ်၌ လုံ့-စသော လက်နက်ဖြင့် ခတ်၍ ဝက်မှင်ဘီးဖြင့် ဆားငံရေ-စသည်ကို ပွတ်၍ အရေ, အသား, အကြောတို့ကို လျှောကျစေ၍ အရိုးကျဲကျဲသာ တည်စေလျက် ပြုကုန်၏။) (၂၀)

၂၁။ ပလိဃပရိဝတ္တိကံ ပိ၊ ပလိဃပရိဝတ္တိက-မည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား နံပါးတဖက် စောင်းအိပ်စေ၍ နား၌ သံတံကျင် မြေဝယ် စပ်အောင် နှက်ပြီးမှ ခြေကို ကိုင်၍ တံခါးကျင်ကို လည်သကဲ့သို့ ပြုကုန်၏။)

၂၂။ ပလာလပီဌကံ ပိ၊ ပလာလပီဌက-မည်သော ကမ္မကရဏကိုလည်း။ ကရောန္တိ၊ ကုန်၏။ (ထိုကမ္မကရဏကိုကား အပေါ်ရေ, အသားတို့ကို မစုတ်,မပဲ့စေဘဲ ကျောက်သားဖြင့် အရိုးတို့ကို ထုပြီးသော် ဆံဖြင့် ရစ်၍ ကောက်ရိုးကို ခွေသကဲ့သို့ ပြုကုန်၏။)

၂၃။ တတ္ထေန၊ လောလောပူသော။ တေလေနပိ၊ ဆီဖြင့်လည်း။ ဩသိဉ္စန္တိ၊ သွန်းလောင်းကုန်၏။

၂၄။ သုနက္ခေန ပိ၊ ၂-ရက်, ၃-ရက် အစာမပေးဘဲ ထားသော ခွေးငတ်တို့ကိုလည်း။ ခါဒါပေန္တိ၊ ခဲစေကုန်၏။

http://www.dhammadownload.com

၂၅။ ဇီဝန်၌ အသက်ရှင်လျက်ကို။ သူလေ ပိ၊ တဲ့ကျင်၌လည်း။ ဥတ္တာသေန်၌ လျှို့ကုန်၏။

၂၆။ အသိနာ ပိ၊ သန်လျက်ဖြင့်မူလည်း။ သီသဲ၊ ကို။ ဆန္ဒန်၌ ဖြတ်ကုန်၏။

၂၇။ တတ္တဲ့၊ ပူသော။ အယောခိလဲ၊ သံတဲ့ကျင်ကို။ ဟတ္ထေ၊ လက်ဝဲလက်၌။ ဂမေန်၌ နှက်စိုက်ကုန်၏။

၂၈။ တတ္တဲ့၊ ပူသော။ အယောခိလဲ၊ သံတဲ့ကျင်ကို။ ဒုတိယေ ဟတ္ထေ၊ လက်ယာလက်၌။ ဂမေန်၌ ကုန်၏။

၂၉။ တတ္တဲ့၊ ပူသော။ အယောခိလဲ၊ သံတဲ့ကျင်ကို။ ပါဒေ၊ လက်ဝဲခြေ၌။ ဂမေန်၌ ကုန်၏။

၃၀။ တတ္တဲ့၊ ပူသော။ အယောခိလဲ၊ ကို။ ဒုတိယေ ပါဒေ၊ လက်ယာခြေ၌။ ဂမေန်၌ နှက်စိုက်ကုန်၏။ (၃၀)

၃၁။ တတ္တဲ့၊ သော။ အယောခိလဲ၊ ကို။ မဗ္ဗေ ဥရသ်ဳိ၊ ရင်ဝ၌။ ဂမေန်၌ ကုန်၏။

၃၂။ ကုဓာရီဟိ ပိ၊ ဓားမတို့ဖြင့်လည်းကောင်း။ ဝါသိဟိ ပိ၊ ပဲကွပ်တို့ဖြင့်လည်းကောင်း။ တစ္ဆန်၌ ရွေ့ကုန်၏။ ပေါင်း-၃၂။

ဤကား အဂ်ုတ္တရဒုကနိပါတ်၊ ပဌမသုတ်။ တိကနိပါတ်၊ ဒေဝဒူတသုတ်။ ဥပရိ-ပဏ္ဏာသ၊ ဒေဝဒူတသုတ်။ မဟာနိဒ္ဒေသ၊ မိလိန္ဒပဉ္ဟာ-အစရှိသော ကျမ်းတို့၌ လာသော ကြမ္မာ ၃၂-ပါးတည်း။

*(၁)ဘေး ၂၅-ပါးဟူသော်ကား–

ဉာတိဘျသန်၊ အဆွေအမျိုး ပြုန်းတီးခြင်းဘေး။ ရောဂဘျသန်၊ အနာနှိပ်စက်ခြင်းဘေး။
ဘောဂဘျသန်၊ ဥစ္စာ ပြုန်းတီးခြင်းဘေး။ သီလဘျသန်၊ သီလ ပြုန်းတီးခြင်းဘေး။
ဒိဋ္ဌိဘျသန်၊ အယူဖျက်ခြင်းဘေး။ ရာဇဘယ်၊ မင်းဘေး။
စောရဘယ်၊ ခိုးသူဘေး။ ဝေရီဘယ်၊ ရန်သူဘေး။
ဒုဿ်ကွဘယ်၊ ငတ်မွတ်သောဘေး။ အဂ္ဂိဘယ်၊ မီးဘေး။ (၁၀)

ဥဒကဘယ်၊ ရေဘေး။ ဥမိဘယ်၊ လှိုင်းတံပိုးထခြင်းဘေး။
အာဝဋ္ဋဘယ်၊ ဝဲဘေး။ ကုမ္ဘီလဘယ်၊ မိကျောင်းဘေး။
သုသုကာဘယ်၊ မကန်းဘေး။ ဝါ၊ သားရဲဘေး။
အတ္တာနုဝါဒဘယ်၊ မိမိကိုယ်ကို နောင်တပူပန်ခြင်းဘေး။

http://www.dhammadownload.com

ပရာနုဝါဒဘယ်၊ သူတထူး စွပ်စွဲခြင်းဘေး။
ဒဏ္ဍာဘယ်၊ နှုတ်ဒဏ်, လက်ဒဏ်, ကြေးဒဏ် သင့်သောဘေး။
ဒုဂ္ဂတိဘယ်၊ မကောင်းသောအဖြစ်သို့ လားရခြင်းဘေး။
ပရိသာယ သာရဇ္ဇဘယ်၊ ပရိသတ်ဘောင်၌ ရှက်ရွံ့သောဘေး။ (၂၀)

အာဇီဝိကဘယ်၊ သူတပါးတို့ကို ယှဉ်မှီ၍ အသက်မွေးရခြင်းဘေး။
ဇာတိဘယ်၊ ပဋိသန္ဓေနေရခြင်းဘေး။ ဇရာဘယ်၊ အိုရခြင်းဘေး။
ဗျာဓိဘယ်၊ နာရခြင်းဘေး။ မရဏဘယ်၊ သေရခြင်းဘေး။
ပေါင်း ၂၅-ပါး။

ဤကား မိလိန္ဒပဉှာ, မဟာနိဒ္ဒေသကျမ်း(၁၄၊၂၈၉)တို့၌လာသော ၂၅-ပါးသော ဘေးတည်း။

ရာဇဘယ်၊ ဘေး။ စောရဘယ်၊ ဘေး။ အမနုဿဘယ်၊ နတ်မိစ္ဆာဘေး။
အဂ္ဂိဘယ်၊ ဘေး။ ဥဒကဘယ်၊ ဘေး။ ပိသာစဘယ်၊ မြေဘုတ်ဘေး။
ခါဏုကဘယ်၊ သစ်ငုတ်, တံသင်းဘေး။ ကဏ္ဋကဘယ်၊ ဆူးငြောင့်ဘေး။
နက္ခတ္တဘယ်၊ မကောင်းသော နက္ခတ်ဘေး။
ဇနပဒရောဂဘယ်၊ ဇနပုဒ်၌ ရံခါ စွဲရောက်လာသောဘေး။ (၁၀)

အသဒ္ဓမ္မဘယ်၊ သူတော်မဟုတ်, သူယုတ်ဘေး။
အသပ္ပုရိသဘယ်၊ သူယုတ်မာတို့ကြောင့် ဖြစ်သောဘေး။
ဟတ္ထိဘယ်၊ ဆင်ဘေး။ အဿဘယ်၊ မြင်းဘေး။
စက္ကာမိဂဘယ်၊ ကြမ်းကြုတ်သော သားသာမန်မှ ဖြစ်သောဘေး။
ဂေါဏဘယ်၊ နွားဘေး။ ကုက္ကုရဘယ်၊ ခွေးဘေး။ အဟိဘယ်၊ မြွေဘေး။
ဝိစ္ဆိကဘယ်၊ ကင်းဘေး။ ဒီပိဘယ်၊ သစ်ဘေး။ (၂၀)

အစ္ဆဘယ်၊ ဝံဘေး။ တရစ္ဆဘယ်၊ အောင်းဘေး။ သူကရဘယ်၊ ဝက်ဘေး။
မဟိသဘယ်၊ ကျွဲဘေး။ ယက္ခဘယ်၊ ဘီလူးသာမန်တို့မှ ဖြစ်သောဘေး။
ပေါင်း(၂၅)ပါး။

http://www.dhammadownload.com

ဤကား ပရိတ်ကြီး၌ လာသော ဘေးတွင် သွင်း၍ ပါရိသေသနည်းအားဖြင့် ယူအပ်သောဘေး။ ဆေးကျမ်းတို့မှာကား လောကီအရာနှင့်လျော်အောင် သရုပ်အသီး ဆိုလေသည်။

*[၈] ဥပဒ္ဒဝေါ ၁၆-ပါးဟူသော်ကား–

- ပရိဘာသတိ၊ ရေရွတ်ဆဲရေး၏။
- အန္ဓပန္ဓနေန ဝါ၊ ထိပ်, ပင်းတကား အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ နှောင်ဖွဲ့စေ၏။
- ရဂ္ဂပန္ဓနေန ဝါ၊ ကြိုးအနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။
- သခ်လိကပန္ဓနေန ဝါ၊ ခြေချင်းအနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။
- ဝေတ္တပန္ဓနေန ဝါ၊ ကြိမ်အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ နှောင်ဖွဲ့စေ၏။
- လတာပန္ဓနေန ဝါ၊ နွယ်အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ နှောင်ဖွဲ့စေ၏။
- ပက္ခေပပန္ဓနေန ဝါ၊ တိုက်တွင်းအလှောင် အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။
- ပရိက္ခေပပန္ဓနေန ဝါ၊ အရံ,အဆီး အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။
- ဂါမပန္ဓနေန ဝါ၊ ရွာအနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။
- နိဂမပန္ဓနေန ဝါ၊ နိဂုံးအနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။ (၁၀)
- နဂရပန္ဓနေန ဝါ၊ မြို့အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။
- ရဋ္ဌပန္ဓနေန ဝါ၊ တိုင်းအနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။
- ဇနပဒပန္ဓနေန ဝါ၊ ဇနပုဒ်အနှောင်အဖွဲ့ဖြင့်မူလည်း။ ပန္ဓာပေတိ၊ ၏။
- သဝစနီယမ္ပိ၊ 'ဤအရုပ်မှ သင်-မရွေ့,မသွားလင့်'-ဟူ၍ ဆိုခြင်းရှိသည်ကိုမူလည်း။ ကရောတိ၊ ၏။
- တဿ၊ ထိုသူ၏။ ဓနံ၊ ဥစ္စာကို။ သတံ ဝါ၊ အရာကိုသော်လည်းကောင်း။ သဟဿံ ဝါ၊ အသောင်းကိုသော်လည်းကောင်း။ သတသဟဿံ ဝါ၊ အသိန်းကိုသော်လည်းကောင်း။ အာဟရာပေတိ၊ ဆောင်ယူစေ၏။
- တပ္ပစ္စယာ ဝါ၊ ရေရွတ်ခြင်း-စသော အကြောင်းကြောင့်မူလည်း။ ဒုက္ခံ ဒေါမနဿံ၊ ဆင်းရဲခြင်း, နှလုံး မသာယာခြင်းကို။ ပဋိသံဝေဒေတိ၊ ၏။ ၆။

ဤကား မဟာနိဒ္ဒေသ(၃၁၅-၆)၌ လာသော ဥပဒ္ဒဝေါ ၁၆-ပါးတည်း။

http://www.dhammadownload.com

အချို့စာငယ် အမှတ်အသားမှာ အရောအယှက် သရုပ်သကန် ဖော်ပြလျက် ရှိသည်။ ဤကား ရောဂါအနာ, ကြမ္မာ, ဘေးတို့နှင့် မရောမယှက် သက်သက် ဖြစ်သည်။

*ဃ ဒဏ် ၁၀-ပါးဟူသော်ကား—

၁။ ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နံ'မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။

၂။ ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပံ စ ပါပုဏေ။ ။

၃။ ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနံ စ ဒါရုဏံ။
ပရိက္ခယ္ဟ ဉာတီနံ၊ ဘောဂါနံ စ ပဘင်္ဂုံ။ ။

၄။ အထ ဝါ'ဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သော'ပပဇ္ဇတိ။ ။

၁။ ယော၊ အကြင်သူသည်။ အဒဏ္ဍေသု၊ ဒဏ်ကင်းကုန်သော။ အပ္ပဒုဋ္ဌေသု၊ အပြစ်မရှိကုန်သောသူတို့၌။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ ဒုဿတိ၊ ပြစ်မှား၏။ သော၊ ထိုသူသည်။ ခိပ္ပမေဝ၊ ရှောင်တခင်လျှင်။ ဒသန္နံ၊ ၁၀-ပါးသော ဒဏ်တို့တွင်။ အညတရံ ဌာနံ၊ တစ်ပါးပါး သော ဒဏ်သို့။ နိဂစ္ဆတိ၊ ရောက်စေ၏။

၂။ ဖရုသံ ဝေဒနဉ္စ၊ ကြမ်းတမ်းစွာသော သီသရောဂ-အစရှိသော ဝေဒနာသို့ လည်းကောင်း။ ဇာနိဉ္စ၊ ဥစ္စာရုံးခြင်းသို့လည်းကောင်း။ သရီရဿ၊ ကိုယ်၏။ ဘေဒနဉ္စ၊ လက်ပြတ်ခြင်း-စသည့် ပျက်စီးခြင်းသို့လည်းကောင်း။ ဂရုကံ ဝါပိ အာဗာဓံ၊ မှင်စာမှတ်ခြင်း, မျက်စိကန်းခြင်း, ဆွံ့ခြင်း, ကောက်ခြင်း, နူးခြင်း-စသော လေးစွာသော အနာသို့လည်း ကောင်း။ စိတ္တက္ခေပဉ္စ၊ လည်းကောင်း။ ပါပုဏေ၊ ရောက်ရာ၏။

၃။ ရာဇတော ဝါ၊ မင်းဘေးလည်းကောင်း။ ဥပသဂ္ဂံ ဝါ၊ သေနာပတိအရာမှ လျှောက်ချခြင်းသို့လည်းကောင်း။ ဒါရုဏံ၊ ပြင်းစွာသော။ အဗ္ဘက္ခာနဉ္စ၊ သူစွပ်စွဲခြင်းသို့ လည်းကောင်း။ ဉာတီနံ၊ အမျိုး,အဆွေတို့၏။ ပရိက္ခယ္ဟ၊ ပြုန်းတီးခြင်းသို့လည်းကောင်း။ ဘောဂါနံ၊ ရပြီးသော စည်းစိမ်တို့၏။ ပဘင်္ဂုံရဉ္စ၊ စပါး ဆွေးခြင်း, ရွှေသည် မီးသွေးဖြစ်ခြင်း, ပုလဲတို့သည် ဝါစေ့ဖြစ်ခြင်း, သပြာတို့၏ အိုးခြမ်းပဲ့ဖြစ်ခြင်း, အခြေ ၂-ချောင်း, အခြေ ၄-ချောင်းရှိသော ဥစ္စာတို့လည်း ခြေခွင်ခြင်း, ကန်းခြင်း-စသည်ဖြစ်ခြင်း၊ ဤသို့ အစရှိသဖြင့် ပျက်စီးခြင်းသို့လည်းကောင်း။ ပါပုဏေ၊ ရောက်ရာ၏။

http://www.dhammadownload.com

၄။ အထ စ၊ ထိုမှတပါးလည်း။ အဿ၊ ထိုသူ၏။ အဂါရာနိ၊ အိမ်, ကျိုကြတို့ကို။ အဂ္ဂိ ဝါ၊ လောင်မီးသည်လည်းကောင်း။ ပါဝကော ဝါ၊ ပြကတော့မီးသည်လည်းကောင်း။ ဥဟတိ၊ လောင်၏။ ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်ကျစုတေသည်မှ။ ပရံ၊ နောက်၌။ သော ဒုပ္ပညော၊ ထိုပညာနည်းသောသူသည်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

ဤကား ဓမ္မပဒ၊ မောဂ္ဂလာနဝတ္ထု(၆။၄၄)၌ ဟောတော်မူသော ဒဏ် ၁၀-ပါး တည်း။ ငရဲ၌ ဖြစ်ရသည်ကို ဘဝခြားမှာ ဖြစ်၍ ပစ္စုပ္ပန်သို့ မသွင်းရ၊ ထိုဒဏ်ကို ချန်၍ ရွေးလေ။ ဆေးကျမ်းတို့မှာကား လောကီအရာနှင့် လျော်အောင် ဆိုလေသည်။

*[c]အပြစ် ၈-ပါး-ဟူသောကား–

အဋ္ဌ ခေါ ဂါမဏိ ဟေတူ အဋ္ဌ ပစ္စယာ ကုလာနံ ဥပယာတာယ–

ရာဇတော ဝါ ကုလာနိ ဥပယာတံ ဂစ္ဆန္တိ၊ စောရတော ဝါ ကုလာနိ ဥပယာတံ ဂစ္ဆန္တိ၊ အဂ္ဂိတော ဝါ ကုလာနိ ဥပယာတံ ဂစ္ဆန္တိ၊ ဥဒကတော ဝါ ကုလာနိ ဥပယာတံ ဂစ္ဆန္တိ၊ နိဟိတံ ဝါ ဌာနာ ဝိဂစ္ဆတိ၊ ဒုပ္ပယုတ္တာ ဝါ ကမ္မန္တာ ဝိပဇ္ဇန္တိ၊ ကုလေ ဝါ ကုလင်္ဂါရောတိ ဥပ္ပဇ္ဇတိ၊ ယော တေ ဘောဂေ ဝိကိရတိ၊ ဝိဓမတိ ဝိဒ္ဓံသေတိ၊ အနိစ္စတာယေဝ အဋ္ဌမီ။

ဣမေ ခေါ ဂါမဏိ အဋ္ဌ ဟေတူ အဋ္ဌ ပစ္စယာ ကုလာနံ ဥပယာတာယ။ (သံ၊ ၊၅၀၈)

ဂါမဏိ၊ **အသီဗန္ဓကမည်သောသူ၏ သားဖြစ်သော ဂါမဏိ**။ ကုလာနံ၊ အမျိုးတို့၏။ ဥပယာတာယ၊ ပျက်စီးခြင်းငှာ။ အဋ္ဌ ခေါ၊ ၈-ပါးသာလျှင် ဖြစ်ကုန်သော။ ဟေတူ၊ အကြောင်းတို့သည်။ အဋ္ဌ၊ ၈-ပါးကုန်သော။ ပစ္စယာ၊ တို့သည်။ ဟောန္တိ၊ ၏။

၁။ ရာဇတော ဝါ၊ မင်းတို့ပေးသော အပြစ်တို့ကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပယာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

၂။ စောရတော ဝါ၊ ခိုးသူမှဖြစ်သော အပြစ်ကြောင့်လည်း။ ကုလာနိ၊ သည်။ ဥပယာတံ၊ သို့။ ဂစ္ဆန္တိ၊ ၏။

၃။ အဂ္ဂိတော ဝါ၊ လည်း။ ကုလာနိ၊ သည်။ ဥပယာတံ၊ သို့။ ဂစ္ဆန္တိ၊ ၏။

၄။ ဥဒကတော ဝါ၊ လည်း။ ကုလာနိ၊ သည်။ ဥပယာတံ၊ သို့။ ဂစ္ဆန္တိ၊ ၏။

၅။ နိဟိတံ ဝါ၊ မြှုပ်သိုသိမ်းဆည်း၍ ထားသော ဥစ္စာပစ္စည်းသည်မူလည်း။ ဌာနာ၊ နေရာမှ။ ဝိဂစ္ဆတိ၊ ပြောင်း၍ ပျက်လေ၏။

http://www.dhammadownload.com

၆။ ဒုပ္ပယုတ္တာ ဝါ၊ မကောင်းသဖြင့် ယှဉ်မိ, စီရင်မိကုန်သည်ဖြစ်၍လည်း။ ကမ္မန္တာ၊ အမှုအလုပ်အဆောင်တို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်စီးကုန်၏။

၇။ ကုလေ ဝါ၊ အမျိုးဌ်လည်း။ ယော၊ အကြင်သူသည်။ တေသံ၊ ထိုအမျိုးတို့၏။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။ ဝိကိရတိ၊ ဖရိုဖရဲ ကြဲ၏။ ဝိဓမတိ၊ ဆုံးပါးစေ၏။ ဝိဒ္ဓံသေတိ၊ ပျက်စီးစေ၏။ သော ကုလဂ်ိရော၊ ထိုသို့ နှောင့်ယှက်ခြင်းကို ပြုလုပ်သောသူသည်။ ဥပ္ပဇ္ဇတိ၊ ၏။ (သား,မြေး မကောင်း-ရပါသည်ကို ဆိုလိုသည်။)

၈။ အနိစ္စတာယေဝ၊ ထိုပစ္စည်းတို့ ဆွေးမြေ့ဟောင်းနွမ်းခြင်းသည်သာလျှင်။ အဌမီ၊ ၈-ခုမြောက်သော အပြစ်တည်း။

ဂါမဏီ၊ အသိဗန္ဓက၏သားဖြစ်သော ဂါမဏီ။ ကုလာနံ၊ အမျိုးတို့၏။ ဥပယာ-တာယ၊ ပျက်စီးခြင်းငှာ။ အဌ၊ သော။ ဣမေ ခေါ ဟေတူ၊ ဤအကြောင်းတို့သည်သာလျှင်။ အဌ၊ သော။ ဣမေ ခေါ ပစ္စယာ၊ ဤပစ္စည်းတို့သည်သာလျှင်။ ဟောန္တိ၊ ၏။

ဤအပြစ် ၈-ပါးကို နာဠန္ဒာတွင် ပါဝါရိကဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် **အသိဗန္ဓကသား ဂါမဏီမည်သော** ဥပါသကာအား ဟောတော်မူသောအကြောင်းကို သံယုတ်၌ လာသည်။ လောကဆရာတို့မှာမူကား—

ပထဝီ သံသုမာရော စ၊ ယက္ခော နာဝါ စ အသနီ။
ဗျဂ္ဃော လောဟိတု'မ္ဘတ္တကော၊ ဣမေ အဌ ဒေါသာ မတာ။ – ဟု ဆိုကုန်၏။

အတ္ထကား- ပထဝီ၊ မြေမျိုခြင်းလည်းကောင်း။ သံသုမာရော စ၊ မိကျောင်းခဲခြင်းလည်းကောင်း။ ယက္ခော၊ ဘီလူးဖမ်းခြင်းလည်းကောင်း။ နာဝါ စ၊ လှေပျက်ခြင်းလည်းကောင်း။ အသနိ စ၊ လောင်မီးမိုးကြိုး ကျခြင်းလည်းကောင်း။ ဗျဂ္ဃော စ၊ ကျားခဲခြင်းလည်းကောင်း။ လောဟိတော စ၊ သွေးအန်ခြင်းလည်းကောင်း။ ဥမ္မတ္တကော စ၊ ရူးခြင်းလည်းကောင်း။ ဣမေ၊ ဤသည်တို့ကို။ အဌ ဒေါသာ၊ ၈-ပါးသော အပြစ်တို့-ဟူ၍။ မတာ၊ သိအပ်ကုန်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ၉၆-ပါးသော အနာ, ၃၂-ပါးသော ကံကြမ္မာ, ၂၅-ပါးသောဘေး, ၁၀-ပါးသော ဒဏ်, ၈-ပါးသော အပြစ်တို့ကို ဆင်ခြင်အောက်မေ့သဖြင့် လက္ခဏာရေး ၃-ပါးကို အာရုံပြု၍ဖြစ်သော ဘာဝနာမယဉာဏ်ကို ပွါးစေလို၍ ဆောင်ရွက်သရဏ္ဂါယ်ရန် မူဂပက္ခတေမိဇာတ်၊ ဘဒ္ဒေကရတ္တသုတ်၌လာသော **"အဇ္ဇေဝ ကိစ္စံ အာတပ်"** ဟူသော ဂါထာကို အရင်းမူ၍ သရုပ်သဏ္ဌာန်ကို ကျမ်းဂန်အမြင်အတိုင်း ထုတ်နုတ်ရေးသားဖြေဆိုလိုက်သည်။

http://www.dhammadownload.com

သရေခေတ္တရာမြို့၊ လှေသူကြီး၊ မောင်ရှမ်းကလေး-က ဆန္ဒဝုတိအကြောင်းနှင့် စပ်လျဉ်း၍ လျှောက်ထားချက်

[၂၀] "ဘုရားတပည့်တော် သရေခေတ္တရာမြို့၊ လှေသူကြီး၊ ဒကာရှမ်းကလေး လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ကစ္စည်းကျမ်း ကာရကဒုရန္တိသုတ်၌လာသည့် 'ဆန္ဒဝုတိနံ ပါသဏ္ဍာနံ ဓမ္မာနံ ပဝရံ ယဒိဒံ သုဂတဝိနယံ'-ဟူသော ပါဠိ၏ သရုပ်အဓိပ္ပါယ်ကို ပြရာဖြစ်သော မူလပဏ္ဏာသ၊ စူဠသီဟနာဒသုတ်ဦးကတွင် လာသော ပါဠိသည် ပုဒ်ပါဠိအက္ခရာ ချုတ်ယွင်းဖောက်ပြန် မမှန်တိမ်းယိမ်းသည်ဖြစ်၍ ဆန္ဒဝုတိအရကို အသေအချာ၊ နေရာကျကျ၊ ရရှုမိမိရှိအောင် မယူမဆနိုင်သဖြင့် အဓိပ္ပါယ်စာသွား စကားသားကို ယုံမှားမကင်း၊ မရှင်း,မလင်း ရှိပါသောကြောင့် ဆန္ဒဝုတိပါသဏ္ဍအရကို အသေအချာ၊ နေရာကျကျ၊ ရရှုမိမိ၊ သိမှတ်ပါရအောင် အမိန့်ရှိပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

သရေခေတ္တရာမြို့၊ လှေသူကြီး၊ မောင်ရှမ်းကလေး လျှောက်ချက်–

[၂၀] တတ္ထ ဟောတိက ကုဋိသမ္မာဓ ဗဟုတာရ ဟံသပရမ ဟံသကာဇက တိဒဏ္ဍဟရ နေဝပါရုပက ပဥ္စမရတ္တိက သောမကာရ (သူရိယတာရ) ဝါမဟာရ ကရတာပသ နိဂဏ္ဌာ'ဇီဝက ဣသိ ပါရာယနိက ပဥ္စာတပ ကဏ္ဏကာပဿယိက ကဏ္ဍာဒ သံသာရမောစက အဂ္ဂိဘတ္တိက ဗကဝတိက ဂေါတိက ဟတ္ထိဝတိက အဿဝတိက ကုက္ကုရဝတိက ကာကဝတိက ကမဏ္ဍလုဝတိက ဝဂ္ဂုလိဝတိက၊ ဧကသာဋက ဩဒကသုဒ္ဓိက သရီရသန္တာပက သီလသုဒ္ဓိက စျာနသုဒ္ဓိက စတုဒ္ဓိမသဿတဝါဒါဒယော ဆန္ဒဝုတိ ပါသဏ္ဍပါသေ၊ ပါသနတော အရိယဓမ္မဿ ဝါ ဝိဇာဟနတော ပါသဏ္ဍံ။ (မူလပဏ္ဏာသ စူဠသီဟနာဒသုတ်၊ မေးရင်းပါဠိ။)

တတ္ထ ဟောတိက၊ ကုဋိသမ္မာဓ၊ ဗဟုံတာရက၊ ဟံသပရမ၊ ဟံသကာဇက၊ တိဒဏ္ဍဟရ၊ နေဝပါရုပက၊ ပဥ္စမရတ္တိက၊ သောမကာရ၊ သူရိယကာရ၊ ဝါမဟာရ၊ ကရတာပသ၊ နိဂန္ထ၊ အာဇီဝက၊ ဣသိ၊ ပါရာယနိက၊ ပဥ္စာတပ၊ ကဏ္ဍကာ ပဿယိက၊ ကဏ္ဍာဒ၊ သံသာရမောစက၊ အဂ္ဂိဘတ္တိက၊ ဗကဝတိက၊ ဂေါတိက၊ ဟတ္ထိဝတိက၊ အဿဝတိက၊ ကုက္ကုရဝတိက၊ ကာကဝတိက၊ ကမဏ္ဍလုက၊ ဝဂ္ဂုလိ-

http://www.dhammadownload.com

ဝတိက၊ ဧဝံတိက၊ ဩဒကသုဒ္ဓိက၊ သရီရသန္ဆာပက၊ သီလသုဒ္ဓိက၊ စျာနသုဒ္ဓိက၊ စတုဝိဓသေဿတဝါဒါဒယော ဆန္ဒဝုတိ တဏ္ဍာပါသေန စ ဍုယ္ဟနတော (ဒုံသန-တော)၊ အရိယဓမ္မသ ဝါ ဝိဇာနနတော ပါသဏ္ဍာ။ (မ၊ဋီ၊၂။၁၂။ ထောက် ဝိသဒိသံ)

ထိုပါဠိအနက်ကား။ ။တတ္ထ၊ ထိုမိစ္ဆာဒိဋ္ဌိအယူရှိသော တက္ကတွန်းတို့၏အကျင့်၌–

၁။ ဟောတိက၊ အထူးထူး အပြားပြားအားဖြင့် ထောပတ်, ပျားသကာတို့ကို စိရင်အပ်သော အကျင့်၊ နေ့တိုင်း,နေ့တိုင်း ပြုအပ်,စိရင်အပ်သော မီးပူဇော်သောအကျင့်။ (ဤ၌ ဟောတိက-ဟုရှိသော ပါဠ်အလို ဟုံးပူဇော်သောအကျင့် ဟူလို။)

၂။ ကုဋ္ဌိသမ္မာဓ(ကုဋ္ဌိစက)၊ ကုဋ္ဌိအတွင်း၌ ကျဉ်းမြောင်းစွာနေ၍ စားသောက်သော အကျင့်ရှိသော တက္ကတွန်းတို့အကျင့်။ (ဤတွင် အချို့စာ၌ ကုဋ္ဌသမ္မာဓ ရှိ၏။ အကောက် အကျစ်ပြု၍ စဉ်းလဲစဉ်းစား ကျဉ်းမြောင်းစွာ ကျင့်သောအကျင့်ရှိသော တက္ကတွန်း၏ အကျင့်ဟူလို။)

၃။ ဗဟုတာရက(ဗဟူဒက)၊ ကောင်းကင်၌ရှိသော ဂြိုဟ်, နက္ခတ်,တာရာ အပေါင်းတို့ကို ရှိခိုးသော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌ ဗဟုဘာရက-ဟု ရှိသည်ကား ပါဠိပျက်။)

၄။ ဟံသပရမ၊ ဟင်္သာငှက်ကို အမြတ်တနိုး ကိုးကွယ်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌ ဟံသပရမ ရှိရမည်ကို မ-အက္ခရာ ကျသည်။)

၅။ ဟံသကာဇာ၊ ဟင်္သာငှက်ကို ထမ်းပိုးဖြင့် ထမ်းဆောင်၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၆။ တိဒဏ္ဍဟရ၊ ခရင်း ၃-မြှောက်သော အမြဲစွဲကိုင်၍ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌ ဝသေန-ရှိသည်ကား ပါဠ်လွန်။)

၇။ နေဝပါရုပက၊ ခါးဝတ်မပါ, ခြုံထည် တစ်ခုတည်းဖြင့်သာလျှင် ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏အကျင့်။ (ဤတွင် အချို့စာ၌ 'ဆမာနိကိဏ္ဏ'-ဟု ရှိ၏။ မြေ၌ အမြဲအိပ်နေ၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏အကျင့်-ဟူလို။)

၈။ ပဉ္စမရတ္တိက၊ ၅-ရက်မှ ၁၀-ကြိမ်သာ စား၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤတွင် အချို့စာ၌ 'ပဉ္စမဘတ္တိက'ရှိ၏။ အနက်သဘော နည်းတူ မှတ်လေ)

၉။ သောမကာရ၊ လ-ကို ရှိခိုး၍ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏အကျင့်။ (ဤ၌ သောမကာရ-ဟု အာဒီယနှင့် ရှိရမည်။)

http://www.dhammadownload.com

၁၀။ သူရိယကာရ၊ နေ-ကို ရှိခိုး၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌ သူရိယကာရ *(မူရင်းပါဠိ၌)* ကျသည်။)

၁၁။ ဝါမဟာရ၊ လက်ဝဲဘက်သို့ ရောက်သော အစာကိုသာ စား၍ ကျင့်သော အကျင့် ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌ 'ဘာမဟာဝစရ'-ဟုရှိသည်ကား ပါဠိပျက်)

၁၂။ ကရတာပသ၊ လက် ၁-ဖက်ကို မြှောက်၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်း၏ အကျင့်။

၁၃။ နိဂန္ဌ၊ ၄-ပါးသော ဂန္ထတို့မှ ထုံးဖွဲ့ခြင်းမရှိ-ဟု ထင်မှတ်၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (နိဂန္ထ, နိကန္ထ, နိဂဏ္ဌ၊ သဒ္ဒါ ၃-ချက်အနက်တူ။ ဤတွင် အချို့စာ၌ အာမဂန္ဓ-ဟု ရှိ၏။ သား,ငါးတို့ကို မစားမူ၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်-ဟူလို။)

၁၄။ အာဇီဝက၊ အဝတ်မဝတ်ဘဲကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌ အာဇီဝက-ဟု ရှိရမည်။)

၁၅။ ဣသိ၊ အကုသိုလ်ကို ရှာမှီးလေ့ကျက်ခြင်းရှိသော ယဇ်ပူဇော်သော ရသေ့တို့ အကျင့်။

၁၆။ ပါရာယနိက၊ ပါရာယန နတ်ကွန်း၌ နေ၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏အကျင့်။ (ဤတွင် အချို့စာ၌ 'ဟတ္ထာပလေခန'-ရှိ၏။ လက်၌ ထမင်းရှိသော် လျှာဖြင့် လက်ကို လျက်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ **တစ်နည်း-** ကျင်ကြီး စွန့်ပြီးသည်ရှိသော် တုတ်ကို သတ္တဝါ-ဟု ထင်မှတ်သောကြောင့် တုတ်ဖြင့် မသုတ်ဘဲ လက်ဖြင့် သုတ်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်-ဟူလို။)

၁၇။ ပဏ္ဍာ'တပ၊ အရပ် ၄-မျက်နှာတို့၌ မီးဖို (၄-ခု)အလယ်၌ ထိုင်နေလျက် နေ-ကို ကြည့်ကာ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌ ပဏ္ဍာကပိုက-ဟု ရှိသည်ကား ပါဠိပျက်။)

၁၈။ ကဏ္ဍကာပဿယိက၊ သံဆူး, ပကတိဆူးကို မြေ၌ နှက်၍ သားရေခင်းပြီးလျက် သားရေပေါ်၌ ထိုင်၍နေသော အကျင့်ရှိသော တက္ကတွန်းတို့၏အကျင့်။ (ဤ၌ 'ကာပိလ'-ရှိသည်ကား ပါဠိပျက်။)

၁၉။ ကဏာဒ၊ ဆန်ကွဲထမင်းကိုသာ စား၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ကဏ + အဒ-ဟူလို။)

၂၀။ သံသာရမောစက၊ မဟာကမ္မာ ၄-သောင်းရှိလျှင် သံသရာမှ ထွက်၏-ဟူသော မက္ခလိ-ဂေါသာလအာဇီဝက-စသောသူတို့၏ အကျင့်ကဲ့သို့သော တက္ကတွန်းတို့၏အကျင့်။

http://www.dhammadownload.com

၂၁။ အဂ္ဂိဘတ္တိက၊ မီးကို အမြတ်တနိုးပြု၍ ဆည်းကပ်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤတွင် အချို့စာၦ 'အဂ္ဂိပရိစရိယ'-ရှိ၏။ မီးပူဇော်လျှင် သံသရာမှ ထွက်မြောက်၏-ဟု ယူသောအကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။)

၂၂။ ဗကဝတိက၊ ဗျိုင်းအကျင့်နှင့်တူသော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (အောက်သို့ မျက်နှာချ၍ ကျင့်သော အကျင့်-ဟူလို။)

၂၃။ ဂေါဝတိက၊ နွားအကျင့်နှင့် တူသော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၂၄။ ဟတ္ထိဝတိက၊ ဆင်အကျင့်နှင့် တူသော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၂၅။ အဿဝတိက၊ မြင်းအကျင့်နှင့် တူသော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၂၆။ ကုက္ကုရဝတိက၊ ခွေးအကျင့်နှင့် တူသော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၂၇။ ကာကဝတိက၊ ကျီးအကျင့်နှင့် တူသော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌လည်း 'ကာဏဝတိက'-ရှိကြသည်။)

၂၈။ ကာမဏ္ဍလုက၊ ရေကရားကို အမြဲကိုင်၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏အကျင့်။ (ဤ၌ ကမဏ္ဍလုက-ဟု အ-ရသနှင့် ရှိရန်။)

၂၉။ ဝဂ္ဂလိဝတိက၊ လင်းပို့ကဲ့သို့ တွဲရွဲ့ ဆွဲ၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၃၀။ ဝေဝတိက၊ မစင်ကိုသာ စား၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။ (ဤ၌ ဧကသာဋက-ရှိ၏။ နေဝပါရုပက-နှင့် တူရကား မရှိသင့်။)

၃၁။ သြဒကသုဒ္ဓိက၊ ရေချိုးလျှင် ကိလေသာ ကုန်၏-ဟု ထင်မှတ်၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၃၂။ သရီရသန္တာပက၊ ကိုယ်ကို နှိပ်စက်ပင်ပန်းစေလျက် ကိလေသာကုန်၏-ဟု ထင်မှတ်၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၃၃။ သီလသုဒ္ဓိက၊ ပဉ္စင်္သီလကို ဆောက်တည်ရုံမျှနှင့်ပင် ယခုပစ္စုပ္ပန်ဘဝ၌ မင်္ဂ,ဖိုလ်ကို ရ၏-ဟု ထင်မှတ်၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

၃၄။ စျာနသုဒ္ဓိက၊ လောကီစျာန်ရလျှင်ပင် မင်္ဂ,ဖိုလ်ကို ရ၏-ဟု ထင်မှတ်၍ ကျင့်သော အကျင့်ရှိသော တက္ကတွန်းတို့၏ အကျင့်။

http://www.dhammadownload.com

၃၅-၉၆။ စတုဋ္ဌဓသဿတဝါဒါဒယော၊ ၄-ပါးသော သဿတဝါဒ-အစရှိကုန်သော။ ဆန္နဝုတိ၊ ၉၆-ပါးကုန်သော အယူတို့သည်။ တဏှာပါသေန စ၊ တဏှာတည်းဟူသော ကျော့ကွင်းဖြင့်လည်း။ ဒုယှနတော၊ လောင်တတ်သောကြောင့်။ (ဤ၌ ပါသဏ္ဍာ-ပါသေန ပါသနတေ-ဟု ရှိသည်ကား ပါဠိပျက်။) ဝါ၊ **တစ်နည်းကား-** အရိယဓမ္မဿ၊ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက ရဟန္တာအရှင်မြတ်တို့၏ ကျင့်စဉ်တရားကို။ ဝိဇာဓနတော၊ တားမြစ်ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်။ ပါသဏ္ဍာ၊ ပါသဏ္ဍ မည်၏။

စတုဋ္ဌဓသဿတဝါဒ-အရမှာ သုတ်သီလက္ခန်၊ ပြဟ္မဇာလသုတ်၌ လာသည့် အတိုင်း သိလေ။ ၆၂-ပါးသော ဒိဋ္ဌတို့၏ သရုပ်ကို ထုတ်ဖော်၍ ပြလျှင် ကျယ်လွန်းအံ့။

ဂင်းပါသဏ္ဍခမွတို့၏ သရုပ်အဓိပ္ပာယ်ကို အကျယ်သိလိုလျှင် သဂါထာဝဂ္ဂသံယုတ်၊ အဋ္ဌမသုတ်၊ မာရသံယုတ် ပါဠိ,အဋ္ဌကထာ။ သာရတ္ထပ္ပကာသနီအဋ္ဌကထာ(သံဋ္ဌ၊၁။၁၅၇)၊ ထေရီဂါထာပါဠိတော်၊ သတ္တကနိပါတ်၊ စာလာထေရီဂါထာ။ ပရမတ္ထဒီပနီအဋ္ဌကထာ(ထေရီဋ္ဌ။၁၇၀-၁၇၁)၊ နေတ္တိပါဠိတော်၊ နိယုတ္တနယသမုဋ္ဌာန်(နေတ္တိ။၉၁-၁၀၆)။ မာဂဓအဘိဓာန်၊ စတုဗ္ဗဏ္ဏဝဂ်။ ဝေဿဝဂ်။ ဥဒါန်းပါဠိတော်(ဂါထာ-၄၄၁။ဂင်းဋီကာဂါထာ-၄၄၁။နှာ-၃၀၃)၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မဟာကရုဏာဉာဏနိဒ္ဒေသအဖွင့်။ သဒ္ဓမ္မပ္ပကာသနီအဋ္ဌကထာ(ပဋိသံဋ္ဌ၊၂။၃၅)၊ သာရတ္ထဒီပနီဋီကာ၊ တတိယသင်္ဂီတိဝဏ္ဏနာ(နှာ-၁၄၃)။ မူလပဏ္ဏာသ၊ ဒုတိယဝဂ်၊ စူဠသီဟနာဒသုတ်အဖွင့်။ ပပဉ္စသူဒနီအဋ္ဌကထာ,ဋီကာ(မ၊ဋ္ဌ၊၁။မ၊ဋီ၊၂။၁၂)၊ ဝိနည်းမဟာဝါပါဠိတော်၊ ဥရုဝေဠကထာ၊ ဂင်းအဋ္ဌကထာ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ,ဋီကာ၊ သုတ်သီလက္ခန်အဋ္ဌကထာ,ဋီကာ၊ သုပ္ပါထေယျ ပါဠို,အဋ္ဌကထာ,ဋီကာ၊ သုတ္တနိပါတ်၊ အာမဂန္ဓသုတ်ပါဠို,အဋ္ဌကထာ,ဋီကာ(သုတ္တနိ၊၃၁၆-၇။သုတ္တနိ၊ဋ္ဌ၊၁။၃၀၂-၃၀၉)၊ ဝိနည်းစူဠဝါအဋ္ဌကထာ,ဋီကာ၊ ပါဋိဇာတ်၊ ဒုကနိပါတ်၊ ကူဋဝါဏိဇာတ်(ဇာ၊၁။၅၉)၊ ဧကနိပါတ်၊ နဂ်ုဋ္ဌဇာတ်၊ ပကိဏ္ဏကနိပါတ်၊ ဥဒ္ဒါလဇာတ်အဋ္ဌကထာ(ဇာ၊ဋ္ဌ၊၄။၂၉၉-၃၀၁)၊ ပေဋကောပဒေသ(နှာ-၃၂၈-၃၃၀)၊ သုတ်ပါထေယျ၊ ဒသုတ္တရသုတ်၊ ပါဠို,အဋ္ဌကထာ,ဋီကာ၊ မဟာနိဒ္ဒေသပါဠို,အဋ္ဌကထာ၊ သဒ္ဓမ္မပဇ္ဇောတိကအဋ္ဌကထာ၊ ခန္ဓဝဂ္ဂသံယုတ်၊ အဋ္ဌကထာ,ဋီကာတို့မှာ ကြည့်လေ။

၁၂၃၁-ခု၊ နယုန်လပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနဒါသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

http://www.dhammadownload.com

၊ "ပခုက္ကူအဘိဓာန်နိဿယသစ်၊ နှာ ၂၉၉-၃၀၀-မှ"

ပါသက္ကာအယူ ၉၆-ပါး

၁။ ဟောတိက၊ ယဇ်ပူဇော်ရေးအယူ။

၂။ ကုဋ္ဌိစ(သ)က၊ ကျောင်းငယ်၌သာ တရားအားထုတ်သောအယူ။

၃။ ဗဟူဒက၊ ဂယာ-အစရှိသော ရေဆိပ်များသို့ လှည့်လည်၍ ရေချိုး, မကောင်းမှု ဆေးရေး, မျှောရေးအယူ။

၄။ ဟံသ၊ တရားယဇ်ပူဇော်ခြင်းဖြင့် သေပြီးနောက် ငြဟ္မာပြည်ရောက်, ငင်းနောက် လွတ်မြောက်မှု ရရှိရေးအယူ။

၅။ ပရမဟံသ၊ ဤဘဝ၌ပင် လွတ်မြောက်မှု ရရှိရေးအယူ။

၆။ တာဇက၊ ရသေ့ပရိက္ခရာကို ထမ်းပိုးဖြင့် လှည့်လည်ဆောင်ယူရေးအယူ။

၇။ တိဒဏ္ဍ၊ ကာယဒဏ်, ဝစီဒဏ်, မနောဒဏ် ၃-ပါးကို အထိမ်းအမှတ်ပြု၍ ခက်ရင်း ၃-ခွကို ဆောင်သူတို့၏ အယူ။

၈။ မောနဝတ၊ စကားမပြော တုဏှီဘောနေသော အကျင့်။

၉။ သေဝ(သီဝ)၊ ရှိဝနတ်ဘုရားကို ကိုးကွယ်ရေးအယူ။

၁၀။ ပါသုပတိက၊ တိရစ္ဆာန်တို့ကို စိုးပိုင်သော ရုဒ္ဒြနတ်ကို ကိုးကွယ်ရေးဝါဒ။ (ပါရှုပက။ မဇ္ဈိ၊ ၂။၁၂၅)

၁၁။ ပဉ္စမရ(ဒ)တ္တိက၊ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ-ဟူသော ဓာတ်ကြီး ၅-ပါး၌၏-ဟု ယုံကြည်ရေးအယူ။ (ပဉ္စပရတ္တိက။ မဇ္ဈိ၊ ၂။၁၂၅)

၁၂။ သောမတာရက၊ သောမအရက်ကို ပိုင်စိုးသော နတ်အား ကိုးကွယ်ရေးအယူ။

၁၃။ မူဝဠှတ၊ လူအ-ကဲ့သို့ မလှုပ်ဘဲ တရားကျင့်ရေးဝါဒ။

၁၄။ စာရဝါတ၊ စရဝါက လောကာယတကျမ်းဆရာ၏ ရှုပ်ခြင်ဝါဒ။

၁၅။ တာပသ၊ တပ-ခေါ်သောအယူ။

၁၆။ နိဝဏ္ဏ၊ ကျိန်းအယူ။

၁၇။ အာဇီဝက၊ ဝတ်လစ်စလစ်နေထိုင်ရေးအယူ။

၁၈။ ဂ္ဂသီ၊ ဇနီးမောင်နှံ ရသေ့ပြု၍ တောင်၌ နေရေးအယူ။

http://www.dhammadownload.com

၁၉။ *ပါရာယနိတ၊ သံသရာတဖက်ကမ်းသို့ ကူးမြောက်ပေါက်ရောက်ရေး အယူ။*

၂၀။ *ပဠာတဝိတ၊ နေမွန်းတည့်ချိန်၌ နေကို ရှိခိုး၍ နေပူခံခြင်းနှင့် ၄-ဘက်၌ မီးဖို၍ မီးပူခံ၍ ကျင့်ရေးအယူ။*

၂၁။ *ကာဝိလ၊ ကဝိလရသေ့၏ သန္ဓာအယူ။*

၂၂။ *ကာဏာဒ၊ ကဏာဒရသေ့၏ ဝိသေသိကအယူ။*

၂၃။ *သံသာရမောစတ၊ သံသရာမှ ကျွတ်လွတ်ရေးအယူ။*

၂၄။ *အဂ္ဂိဘတ္တိက၊ မီးကိုးကွယ်ရေးအယူ။*

၂၅။ *မဂဝတိက၊ သားသမင်တို့ကဲ့သို့ တောင်၌ နေရေးအယူ။*

၂၆။ *ဂေါဝတိက၊ နွားကျင့်-ကျင့်ရေးအယူ။*

၂၇။ *ကုက္ကုရဝတိတ၊ ခွေးကျင့်-ကျင့်ရေးအယူ။*

၂၈။ *ကာမဏ္ဍလုက၊ သစ်သားရေကရားကို ထာဝစဉ် လူတွေ့လျှင် ဆုပေးကျိန်ဆဲသော အယူ။*

၂၉။ *ဝဂ္ဂုလိဝတိက၊ လင်းနို့ကဲ့သို့ တွဲရခွဲဆွဲ၍ နေရေးအယူ။*

၃၀။ *ဧကသာဋက၊ အဝတ်တစ်ထည်တည်းဖြင့် ဝတ်၍ ပင်ပန်းစွာ ကျင့်ရေးအယူ။*

၃၁။ *ဩဒတသုဒ္ဓိက၊ ဂင်္ဂါမြစ်, ပယာဂမြစ်-စသည်၌ တစ်နေ့ ရေ ၃-ကြိမ်ချိုး၍ ကိလေသာ စင်ကြယ်ရေးအယူ။*

၃၂။ *သရီရသန္ဓာပက၊ မီးကင်ခြင်း, ဆူးပေါ် အိပ်ခြင်း-စသည်ဖြင့် ကိုယ်ကို ပူလောင် ပင်ပန်းစေသောအယူ။*

၃၃။ *သီလသုဒ္ဓိက၊ သီလစင်ကြယ်စေရုံမျှဖြင့် နိဗ္ဗာန်ရောက်၏-ဟူသောအယူ။*

၃၄။ *ဈာနသုဒ္ဓိက၊ လောကီဈာန်အဘိညာဉ်ဖြင့် ကိလေသာ စင်ကြယ်၏-ဟု ယူသော အယူ။*

၃၅–၉၆။ *ဒိဋ္ဌိ ၆၂-ပါးနှင့် ပေါင်းလျှင် ပါသဏ္ဍအယူ ၉၆-ပါးဖြစ်၏။*

ယင်း ၉၆-ပါးသည် တဏှာပါသေန ဆုံသနတော, အရိယဓမ္မသာ ဝါ ဝိဟာဓနတော ပါသဏ္ဍာ၊ တဏှာကျော့ကွင်းဖြင့် ထောင်တတ်, အရိယဓမ္မကို တားမြစ်တတ်ရကား ပါသဏ္ဍ မည်၏-ဟူလို။ (မ၊ ဋီ၊ ၂။ ၁၂- ကြည့်)

★★★★★★★

http://www.dhammadownload.com

ကြံကင်းမြို့၊ လှေသူကြီး မောင်ကြာညို-က သိကြားမင်း လူပြည်သို့ ညွှတ်၍ ရှိခိုးကြောင်း ဟုတ်, မဟုတ်ကို သိလိုပါကြောင်းနှင့် လျှောက်ထားချက်

[၂၁] "ဘုရားတပည့်တော် ကြံကင်းမြို့၊ လှေသူကြီး ဒကာမောင်ကြာညို လျှောက်ပါသည် ဆရာတော်ဘုရား။

သိကြားနတ်မင်းသည် လူပြည်သို့ ညွှတ်၍ လူတို့အား ရှိခိုးကြောင်းကို ကြားဖူးရသည်ဖြစ်ပါ၍ ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်ရှိသည့်အတိုင်းကို အသေအချာသိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

ကြံကင်းမြို့၊ ဒါယကာမောင်ကြာညို လျှောက်ထားချက်–

[၂၁] တာဝတိံသာ၊ နတ်ရွာသနင်း၊ သိကြားမင်းကြီးသည် မာတလိနတ်သားကို ခေါ်၍ "အချင်းမာတလိ၊ သိန္ဓောမြင်း ၁-ထောင်ဖြင့် ယှဉ်သော ဝေဇယန္တာရထားကို ကလော့။ ဥယျာဉ်မြေသို့ ရှုကြကုန်အံ့"ဟု ဆို၍ ဝေဇယန္တာ ရထားထက် တက်စီးပြီးလျှင် ဥယျာဉ်သို့ လှည့်လည်လတ်သော် ဝေဇယန္တာရထားမှ သက်၍ ထိုထိုအရပ်မျက်နှာတို့ကို ရှိခိုး၏။ ထိုအခါ မာတလိနတ်သားက "သိကြားမင်း၊ ခပ်သိမ်းကုန်သော ဘုမ္မစိုး, ရုက္ခစိုး-စသော နတ်၊ စတုမဟာရာဇ်, တာဝတိံသာနတ်သားတို့သည် သင့်အား ရှိခိုးကြကုန်၏။ ထိုသို့လျှက် "သင်သည် အဘယ်သူတို့ကို ရည်၍ ရှိခိုးသနည်း"ဟု မေးလတ်၍ မာတလိအား ဖြေကြားပေလိုရကား–

အဟဉ္စ သီလသမ္ပန္နေ၊ စိရရတ္တသမာဟိတေ။
သမ္မာပဋိဇီတေ ဝန္ဒေ၊ ဗြဟ္မစရိယပရာယနေ။

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တီ၊ တေ နမဿာမိ မာတလိ။ (သံ၊၁။၂၃၆) –

ဟူသော ဂါထာကို ရွတ်၏။

မာတလိ၊ အချင်းမာတလိ။ အဟဉ္စ၊ ငါသည်ကား။ သီလသမ္ပန္နေ၊ သီလနှင့် ပြည့်စုံကုန်သော။ စိရရတ္တသမာဟိတေ၊ ရှည်မြင့်စွာ နေ့ညဉ့်တို့ပတ်လုံး တည်ကြည်သော စိတ်ရှိ

http://www.dhammadownload.com

ကုန်သော။ သမ္မာပဋိတော၊ ကောင်းစွာ ရဟန်းအဖြစ်သို့ ရောက်ကုန်သော။ ဗြဟ္မစရိယ-ပရာယနေ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်သော အရှင်မြတ်တို့ကို။ ဝန္ဒေ၊ ရှိခိုး၏။

ယေ ဂဟဋ္ဌာ၊ အကြင်လူတို့သည်။ ပုညကာရာ၊ ကုသိုလ်ကောင်းမှုတရားကို အားထုတ်ကြကုန်၏။ သီလဝန္တော၊ သီလဆောက်တည်ကြကုန်၏။ ဥပါသကာ၊ ရတနာ ၃-ပါး အထံသို့ ခွဉ်းကပ်ကြကုန်၏။ ဓမ္မေန၊ တရားတော်နှင့်။ သမေန၊ ညီသဖြင့်။ ဒါရံ၊ သား, မယားကို။ ပေါသေန္တိ၊ မွေးမြူကြကုန်၏။ တေ ဂဟဋ္ဌေ၊ ထိုလူတို့ကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုး၏။

ထိုအခါ မာတလိနတ်သားက–

သေဋ္ဌာ ဟိ ကိရ လောကသ္မိံ၊ ယေ တွံ သက္က နမဿသိ။
အဟံပိ တေ နမဿာမိ၊ ယေ နမဿသိ ဝါသဝ။ ။ (သံ၊၁။၂၃၆) –

ဟူ၍ ဂါထာကို ရွတ်၏။

သက္က၊ သိကြားမင်း။ ယေ၊ အကြင်သူတို့သည်။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ လောကသ္မိံ၊ လောကဌ်။ သေဋ္ဌာ၊ မြတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသူတို့ကို။ တွံ၊ သင်သည်။ နမဿသိ ကိရ၊ ရှိခိုးပေသတတ်။ ဝါသဝ၊ သိကြားမင်း။ ယေ၊ အကြင်သူတို့ကို။ တွံ၊ သင်သည်။ နမဿသိ၊ ရှိခိုး၏။ အဟံပိ၊ ငါသည်လည်း။ တေ၊ ထိုသူတို့ကို။ နမဿာမိ၊ ရှိခိုး၏။

ထိုအကြောင်းကို သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ **"ဘူတပုဗ္ဗံ ဘိက္ခဝေ သက္ကော ဒေဝါန'မိန္ဒော မာတလိ သင်္ဂါဟကံ အာမန္တေသိ"** စသည်ဖြင့် ရဟန်းတို့အား ဟောကြားတော်မူသည်။ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ၊ သက္ကသံယုတ်ပါဠိတော် ၁၀-ကြောင်းရေးဆုအင်္ဂါတွင် လာသောကြောင့် သိကြားမင်း ရှိခိုးကြောင်းကို သိရမည်။

၁၂၃၁-ခု၊ နယုန်လပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ကင်းစာရေးကြီး၊ နေမျိုးရွှေတောင်သီရိသူ-က သိက္ခာ ၃-ပါးကို ခွဲခွဲခြမ်းခြမ်း သိရှိပါရမည့်အကြောင်းနှင့် လျှောက်ထားချက်

[၂၂] "ဘုရားတပည့်တော် ဒကာ ကင်းစာရေးကြီး၊ နေမျိုးရွှေတောင်သီရိသူ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်အရှင်မြတ်ဘုရား။

အဓိစိတ္တသိက္ခာ, အဓိသီလသိက္ခာ, အဓိပညာသိက္ခာ ၃-ပါးတို့၏ အကွဲအပြား အထူးအခြားကို ကျွမ်းဂန်ပါဠိ လာရှိသည့်အတိုင်း သိမှတ်ပါရအောင် ကယ်မသနား တော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်အရှင်မြတ်ဘုရား"။

ဒါယကာ ကင်းစာရေးကြီး၊ နေမျိုးရွှေတောင်သီရိသူ လျှောက်ချက်–

[၂၂] အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ ၃-ပါးတို့တွင် ပါတိမောက္ခ-သံဝရသီလသည် အဓိသီလသိက္ခာ မည်၏။ ဝိပဿနာ၏ အခြေဖြစ်သော သမာပတ် ၈-ပါး သည် အဓိစိတ္တသိက္ခာ မည်၏။ လက္ခဏာရေး ၃-ပါးတို့ကို ပိုင်းခြားထိုးထွင်း၍ သိသော ဝိပဿနာပညာသည် အဓိပညာ မည်၏။ ဤကား ဝိနည်းအဋ္ဌကထာ အလို။

၅-ပါးသီလကို ထောက်၍ ၁၀-ပါးသီလသည် အဓိသီလ မည်၏။ ၁၀-ပါးသီလကို ထောက်၍ ပါတိမောက္ခသံဝရသီလသည် အဓိသီလသိက္ခာ မည်၏။ လောကီသီလကို ထောက်၍ လောကုတ္တရာသီလသည် အဓိသီလသိက္ခာ မည်၏။ ကာမာဝစရစိတ်ကို ထောက်၍ ရူပါဝစရစိတ်သည် အဓိစိတ္တသိက္ခာ မည်၏။ ရူပါဝစရစိတ်ကို ထောက်၍ အရူပါဝစရစိတ်သည် အဓိစိတ္တသိက္ခာ မည်၏။ လောကီစိတ်ကို ထောက်၍ လောကုတ္တရာ စိတ်သည် အဓိစိတ္တသိက္ခာ မည်၏။ ကာမာဝစရပညာကို ထောက်၍ ရူပါဝစရပညာသည် အဓိပညာသိက္ခာ မည်၏။ လောကီပညာကို ထောက်၍ လောကုတ္တရာပညာသည် အဓိပညာ-သိက္ခာ မည်၏။ ဤကား အဋ္ဌကထာ, သုတ်ပါဌေယျအဋ္ဌကထာတို့ အလို။

ပါတိမောက္ခသံဝရသီလသည် အဓိသီလသိက္ခာ မည်၏။ ဝိပဿနာ၏ အခြေဖြစ်သော သမာပတ် ၈-ပါးသည် အဓိစိတ္တသိက္ခာ မည်၏။ ဝိပဿနာပညာသည် အဓိပညာ-သိက္ခာ မည်၏။

တစ်နည်းလည်း နိဗ္ဗာန်ကို တောင့်တ၍ ဆောက်တည်အပ်သော ၅-ပါးသီလ, ၁၀-ပါးသီလသည်လည်း အဓိသီလသိက္ခာ မည်၏။ အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ တို့မှာ ရှေးနည်းတူ။ ဤကား ဒီဃနိကာယ် သံဂီတိသုတ်အဋ္ဌကထာ, သံယုတ်အဋ္ဌကထာ အလို။

http://www.dhammadownload.com

မဂ္ဂင် ၈-ပါးတို့တွင်–

- သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ၊ ဤ ၃-ပါးသည် အဓိသီလသိက္ခာ မည်၏။
- သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဤ ၃-ပါးသည် အဓိစိတ္တသိက္ခာ မည်၏။
- သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ၊ ဤ ၂-ပါးသည် အဓိပညာသိက္ခာ မည်၏။

ဤကား မူလပဏ္ဏာသ၊ စူဠဝေဒလ္လသုတ်ပါဠိတော်၊ မဟာနိဒ္ဒေသပါဠိတော်၊ မမ္မသင်္ဂီအဋ္ဌကထာ၊ ပုဂ္ဂလပညတ် အဋ္ဌကထာတို့အလို။

အပ္ပိစ္ဆကထာ-စသော ပြဟ္မစရိယကထာ ၁၀-ပါးတို့တွင်–

- အပ္ပိစ္ဆကထာ, သန္တုဋ္ဌိကထာ, အသံသဂ္ဂကထာ, သီလကထာ ၄-ပါးသည် အဓိသီလသိက္ခာ မည်၏။
- ဝိဝေက ကထာ, ဝီရိယာရမ္ဘကထာ, သမာဓိကထာ၊ ဤ ၃-ပါးသည် အဓိစိတ္တသိက္ခာ မည်၏။
- ပညာကထာ, ဝိမုတ္တိကထာ, ဝိမုတ္တိဉာဏဒဿနကထာ၊ ဤ ၃-ပါးသည် အဓိပညာသိက္ခာ မည်၏။

ဤကား **မူလပဏ္ဏာသ၊ ဓမ္မဒါယာဒသုတ်အဋ္ဌကထာ** အလို။

★★★★★★★

ရတနာပုံရွှေမြို့တော်၊ နန္ဒမူတံခါးတွင်း(ခေါ်) ရန်နည်းတံခါးတော်တွင်းနေ ဒါယကာတို့က ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်အကြောင်းနှင့် စပ်လျဉ်း၍ သိသာထင်ရှား မှတ်သားပါရမည့်အကြောင်းနှင့် လျှောက်ထားချက်

[၂၃] “ဘုရားတပည့်တော် **နန္ဒမူတံခါးတွင်းနေ ဒါယကာတို့** လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ဒုဟေတုကာန'မဟေတုကာနဉ္စ-အစရှိသော အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းတွင် လာသောပါဠိ၏ အရဋ္ဌ ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့မှာ တိဟိတ်တဒါရုံကို ရသင့်သည် အချို့ ပြောဆိုကြပါသည်။ ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့မှာ တိဟိတ်တဒါရုံကို ရသင့်လျှင်လည်း ပဝတ္တိအခါ စိတ်ရ ၄၁-ခု အရေအတွက် ဖြစ်သင့်ရကား ဒွိဟိတ်,

http://www.dhammadownload.com

တိဟိတ် မကွဲမပြား စိတ်ရအတူ ဖြစ်သင့်ပါသည်။ ထိုသို့မဟုတ် ဒွိဟိတ်, တိဟိတ် စိတ်ရ အခြားစီ စိတ်ဖြစ်ပါ၍ ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့မှာ တိဟိတ်တဒါရုံ ရသင့်, မရသင့်သောအရာကို အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

ဌင်း နန္ဒမူတံခါးတွင်းနေ ဒါယကာတို့ လျှောက်ချက်–

[၂၃] ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့၌ တိဟိတ် တဒါရုံ ရသင့်, မရသင့်ကို မေးလျှောက်သည်မှာ "**ဒုဟေတုကာန'မဟေတုကာနဉ္စ ပနေတ္ထ ကြိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ**"ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာပါဠိ၌ ဝိပါကာဝရဏကြောင့် ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အား အပ္ပနာဇော, ကြိယာဇောတို့ကို မရသင့်ကြောင်းကို "**ဝိပါကာဝရဏသဘ္ဘာဝတော၊ ဒွိဟေတု'ကာဟေတုကပဋိသန္ဓိ ဟိ 'ဝိပါကာဝရဏ'န္တိ ဝုစ္စတိ**"ဟူသောပါဠိကို အရှင်ဋီကာဆရာ မိန့်အပ်ပြီ။ "ဉာဏသမ္မယုတ်၊ ဝိပါက်စိတ်တို့ကိုကား ဒုဟိတ်,အဟိတ်ပုဂ္ဂိုလ်အား အဘယ့်ကြောင့် မရလေသနည်း"-အမေးရှိ၍ ထိုအမေးကို ဖြေအံ့သောငှာ-

> '**သဟေတုကံ ဘဝင်ီ အဟေတုကဿ ဘဝင်ဿ အနန္တရပစ္စယေန ပစ္စယော'တိ ပါဠတော အဟေတုကာနမ်ပိ နာနာကမ္မေန ဒွိဟေတုကတဒါလမ္ဗဏံ သမ္ပဇ္ဇတိ၊ ဒွိဟေတုကာနံ ဝတ္ထုဗ္ဗမေဝ နတ္ထိ**။ –

ဟူသော ပါဠိကို မိန့်သော်–

သဟေတုကံ ဘဝင်ီ အဟေတုကဿ ဘဝင်ဿ အနန္တရပစ္စယေန ပစ္စယောတိ၊ သဟေတုကံ ဘဝင်ီ အဟေတုကဿ ဘဝင်ဿ အနန္တရပစ္စယေန ပစ္စယော-ဟူ၍။ ပါဠိတော၊ ပဌာန်းပါဠိတော်အားဖြင့်။ အဟေတုကာနမ်ပိ၊ အဟိတ်ပုဂ္ဂိုလ်တို့အားလည်း။ နာနာကမ္မေန၊ ပဋိသန္ဓေကို ပေးသောကံမှ တပါးသောကံကြောင့်။ ဒွိဟေတုကတဒါလမ္ဗဏံ၊ ဒွိဟိတ်တဒါရုံသည်။ သမ္ပဇ္ဇတိ၊ ဖြစ်သင့်၏။ ဒွိဟေတုကာနံ၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့အား။ ဝတ္ထုဗ္ဗမေဝ၊ ဆိုဖွယ်သည်သာလျှင်။ နတ္ထိ၊ မရှိ။

"အရှင်ဋီကာဆရာ၊ သဟေတုကံ ဘဝင်ီ အဟေတုကဿ ဘဝင်ဿ အနန္တရပစ္စယေန ပစ္စယော-ပဌာန်းပါဠိတော်အားဖြင့် အဟိတ်ပုဂ္ဂိုလ်တို့အားလည်း ပဋိသန္ဓေကို ပေးသော ကံမှ တပါးသောကံကြောင့် ဒွိဟိတ်တဒါရုံ ဖြစ်သင့်ကြောင်း ဆို၏။ အကယ်၍ ပဋိသန္ဓေကို ပေးသော ကံမှ တပါးသောကံကြောင့် အဟိတ်ပုဂ္ဂိုလ်တို့အား ဒွိဟိတ် တဒါရုံ ဖြစ်သင့်ရကား ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အား တိဟိတ်တဒါရုံကိုလည်း ရသင့်ကောင်း၏။

http://www.dhammadownload.com

အဘယ့်ကြောင့် ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အား တိဟိတ်တဒါရုံကို မရလေသနည်း" အမေးရှိ၍ ထိုအမေးကို ဖြေအံ့သောငှာ-

မူလသန္ဓိယာ ပန ဇဋ္ဌဘာဝတော ဥဘိန္နမ္ပိ နတ္ထိ တိဟေတုကတဒါလမ္ဗဏန္တိ အာဟ "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စာ"တိ-

ဟူသောပါဠ်ကို မိန့်သော်-

ပန တထာပိ၊ ထိုသို့ပင် မရှိသော်လည်း။ ဝါ၊ ထိုသို့ ရသင့်သော်လည်း။ မူလသန္ဓိယာ၊ မူလပဋိသန္ဓေ၏။ ဇဋ္ဌဘာဝတော၊ ယုတ်သည်၏အဖြစ်ကြောင့်။ ဥဘိန္နမ္ပိ၊ ၂-ပါး ကုန်သော ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အားလည်း။ တိဟေတုကတဒါလမ္ဗဏ၊ တိဟိတ်တဒါရုံသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စာတိ၊ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ-ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာ ဆိုပြီ။ ဤသို့ မူလသန္ဓိယာ ဇဋ္ဌဘာဝတော-စသောပါဠ်ဖြင့် အာစရိယဝါဒကို ပြပြီး၍ ဝါဒတပါးကို ပြအံ့သောငှာ-

အာစရိယဇေတိပါလတ္ထေရေန ပန "သဟေတုကံ ဘဝင်"န္တိ အဝိသေသေန ဝုတ္ထတ္တာ အဟေတုကာနမ္ပိ တိဟေတုကတဒါလမ္ဗဏံ ဝတ္တွာ ဣဓ ဉာဏသမ္ပယုတ္တဝိပါကာ'ဘာဝဝစနဿ ပရိဟာသဝသေန "သော ဧဝ ပုစ္ဆိတဗ္ဗော၊ ယော တဿ ကတ္တာ"တိ ဝုတ္တံ-

ဟူသော ပါဠ်ကို မိန့်သော်-

အာစရိယဇေတိပါလတ္ထေရေန ပန၊ ဆရာဇေတိပါလထေရ်သည်ကား။ သဟေတုကံ ဘဝင်္ဂန္တိ၊ သဟေတုကံ ဘဝင်-ဟူ၍။ အဝိသေသေန၊ သာမညအားဖြင့်။ ဝုတ္တတ္တာ၊ ဘုရားဟောတော်မူသောကြောင့်။ အဟေတုကာနမ္ပိ၊ အဟိတ်ပုဂ္ဂိုလ်တို့အားလည်း။ တိဟေတုကတဒါလမ္ဗဏံ၊ တိဟိတ်တဒါရုံကို။ ဝတ္တွာ၊ ဆို၍။ ဣဓ၊ ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌။ ဝုတ္တဿ၊ သော။ ဉာဏသမ္ပယုတ္တဝိပါကာ'ဘာဝဝစနဿ၊ ဉာဏသမ္ပယုတ်ဝိပါက် မရှိ-ဟူသော စကားကို။ ပရိဟာသဝသေန၊ ပြက်ရယ်ပြုသည်၏ အစွမ်းအားဖြင့်။ ယော အာစရိယော၊ အကြင်အနုရုဒ္ဓါဆရာသည်။ တဿ၊ ထိုအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို။ ကတ္တာ၊ ပြုတတ်၏။ သော ဧဝ၊ ထိုရှင်အနုရုဒ္ဓါဆရာကိုပင်လျှင်။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

အရှင်ဇေတိပါလမထေရ်၏ ဝါဒ၌ ဒုဟေတုကံ, တိဟေတုကံ-ဟု ဝိသေသဟောတော်မမူ။ သဟေတုကံ ဘဝင်္ဂ-ဟု သာမညသာ ဟောတော်မူသောကြောင့် ဒုဟိတ်,

http://www.dhammadownload.com

အဟိတ်ပုဂ္ဂိုလ်တို့အားလည်း တိဟိတ်တဒါရုံကို ရကောင်း၏-ဟု နှလုံးသွင်း၍ အဟိတ်ပုဂ္ဂိုလ်တို့အား တိဟိတ်တဒါရုံ ရလေသည်။ တိဟိတ်တဒါရုံ မရကြောင်းဆိုသော အနုရုဒ္ဓါဆရာကိုပင် "သော ဧဝ ပုစ္ဆိတဗ္ဗော၊ ယော တဿ ကတ္တာ" ဟု အရှင်အနုရုဒ္ဓါဆရာကိုပင် ပြက်ရယ်ကဲ့သို့ ဆိုလေရကား "အရှင်ဇောတိပါလမထေရ်၏ စကားများကို ကောန် မှတ်ရမည်လော၊ အရှင်အနုရုဒ္ဓါဆရာ၏ စကားကို ပယ်အပ်,စွန့်အပ်လေသလော"-အမေးရှိ၍ ထိုအမေးကို ဖြေအံ့သောငှာ–

တံ ပန ပရိဟာသဝသေန ဝုတ္ထမ္ပိ အာစရိယံ ပုစ္ဆိတွာဝ ဝိဇာနနတ္ထံ ဝုတ္တဝစနံ ဝိယ ဌိတံ–

ဟူသော ပါဠိကို မိန့်သော်–

တံ ပန ဝစနံ၊ "သော ဧဝ ပုစ္ဆိတဗ္ဗော၊ ယော တဿ ကတ္တာ"ဟူသော စကားကို။ ပရိဟာသဝသေန၊ ပြက်ရယ်ပြုသည်၏ အစွမ်းအားဖြင့်။ ဝုတ္ထမ္ပိ၊ ဆိုအပ်သော်လည်း။ အာစရိယံ၊ အရှင်အနုရုဒ္ဓါဆရာကို။ ပုစ္ဆိတွာဝ၊ မေး၍သာလျှင်။ ဝိဇာနနတ္ထံ၊ သိခြင်းငှာ။ ဝုတ္တဝစနံ ဝိယ၊ ဆိုအပ်သော စကားကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ဌိတံ၊ တည်၏။

အရှင်ဋီကာဆရာ "သော ဧဝ ပုစ္ဆိတဗ္ဗော၊ ယော တဿ ကတ္တာ"ဟု ပြက်ရယ်ကဲ့သို့ပင် ဆိုလေငြားသော်လည်း ဒုဟိတ်ပုဂ္ဂိုလ်အား ဉာဏသမ္ပယုတ်ဝိပါက် မရှိသော အဖြစ်ကို အနုရုဒ္ဓါဆရာကို မေး၍သိအပ်သကဲ့သို့ ဖြစ်၏-ဟု ဆို၏။ ထိုစကားကို အဘယ်သို့ ယုံကြည်လေးမြတ် သိအပ်သနည်း-ဟု အမေးရှိ၍ ထိုအမေးကို ဖြေအံ့သောငှာ–

တထာ ဟိ အာစရိယေနေဝ ဧတ္ထ ကာရဏံ ပရမတ္ထဝိနိစ္ဆယေ ဝုတ္တံ–
"ဉာဏပါကာ န ဝတ္ထန္တိ၊ ဇဠတ္တာ မူလသန္ဓိယာ"တိ–

ဟူသောပါဠိကို မိန့်သော်–

တထာ ဟိ တတော ဧဝ၊ ထို့ကြောင့်သာလျှင်။ အာစရိယေနေဝ၊ အရှင်အနုရုဒ္ဓါဆရာသည်ပင်လျှင်။ ဧတ္ထ၊ ဤဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အား ဉာဏသမ္ပယုတ် တဒါရုံဝိပါက်ကို မရရာ၌။ ကာရဏံ၊ အကြောင်းကို။ ပရမတ္ထဝိနိစ္ဆယေ၊ ပရမတ္ထဝိနိစ္ဆယကျမ်း၌။ ဉာဏပါကာ န ဝတ္ထန္တိ၊ ဇဠတ္တာ မူလသန္ဓိယာ'တိ၊ "ဉာဏပါကာ န ဝတ္ထန္တိ၊ ဇဠတ္တာ မူလသန္ဓိယာ"ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ မူလသန္ဓိယာ၊ မူလပဋိသန္ဓေ၏။ ဇဠတ္တာ၊ ယုတ်သည်၏ အဖြစ်ကြောင့်။ ဒုဟေတုကာ'ဟေတုကာနံ၊ ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အားလည်း။ ဉာဏပါကာ၊ ဉာဏသမ္ပယုတ်ဝိပါက်စိတ်တို့သည်။ န ဝတ္ထန္တိ၊ မဖြစ်ကုန်။

http://www.dhammadownload.com

အာစရိယဝါဒ တပါးကို ပြပြီး၍ (ဝါ) အရှင်ဇောတိပါလဆရာ၏ ဝါဒကို ပြပြီး၍, အပရေဝါဒကို ပြပြန်လိုရကား-

တစ်နည်း။ ။အရှင်ဦးကာဆရာ၊ အရှင်ဇောတိပါလမထေရ်သည် ဟောတော်မူတိုင်းသော ပါဠိတော် အားလျော်သော အနက်ကို ဖွင့်၏။ အပရေဆရာတို့သည် အဘယ်သို့ ဖွင့်ကုန်သနည်း။ အမေးရှိ၍ ထိုအမေးကို ဖြေအံ့သောငှာ-

အပရေ ပန "ယထာ အဟေတုကာနံ သဟေတုကတဒါလမ္ဗဏံ ဟောတိ၊ ဧဝံ ဒွိဟေတုကာနံ တိဟေတုကတဒါလမ္ဗဏမ္မိ"တိ ဝတ္ထွန္တိ-

ဟူသော ပါဠိကို မိန့်သော်-

အပရေ ပန၊ တပါးသောဆရာတို့သည်ကား။ အဟေတုကာနံ၊ အဟိတ်ပုဂ္ဂိုလ်တို့အား။ သဟေတုကတဒါလမ္ဗဏံ၊ သဟိတ်တဒါရုံသည်။ ဝါ၊ ဒွိဟိတ်-ဟု ဆိုအပ်သော သဟိတ်တဒါရုံသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဒွိဟေတုကာနံ၊ ဒုဟိတ်ပုဂ္ဂိုလ်တို့အား။ တိဟေတုကတဒါလမ္ဗဏမ္မိ၊ တိဟိတ် တဒါရုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ ဣဒံ အတ္ထံ၊ ဤသို့သော အနက်ကို။ ဝတ္ထွန္တိ၊ ဖွင့်ကုန်၏။

အရှင်ဦးကာဆရာ၊ အပရေဆရာတို့သည် ဟောတော်မူတိုင်းသော ပါဠိတော် အားလျော်စွာ အနက်ကို ဖွင့်ကုန်၏။ ထိုအပရေဆရာတို့၏အလိုနှင့် မဆန့်ကျင်သဖြင့် ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌။ ဝါ၊ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ-ဟူသော ပါဠိ၌ ဆရာတို့ အဘယ်သို့ ဖွင့်သနည်း- အမေးရှိ၍ ထိုအမေးကို ဖြေအံ့သောငှာ-

တေသံ မတာနုရောဓေန ဣဓာဝိ ဉာဏသမ္ပယုတ္တဝိပါကပဋိက္ခေပေါ အဟေ-တုကေယေဝ သန္ဓာယာတိ ဝဒန္တိ-

ဟူသောပါဠိကို မိန့်သော်-

တေသံ၊ ထိုအပရေဆရာတို့၏။ မတာနုရောဓေန၊ အလိုနှင့် မဆန့်ကျင်သဖြင့်။ ဣဓာဝိ၊ ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌လည်း။ ဝါ၊ ဤ "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ"ဟူသော ပါဠိ၌လည်း။ ဉာဏသမ္ပယုတ္တဝိပါကပဋိက္ခေပေါ၊ ဉာဏသမ္ပယုတ်-ဝိပါက်ကို ပယ်ခြင်းကို။ အဟေတုကေယေဝ၊ အဟိတ်ပုဂ္ဂိုလ်တို့ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တော၊ မိန့်အပ်ပြီ။ ဣဓ၊ ဤသို့သော စကားကို။ ဝဒန္တိ၊ ဆိုကုန်၏။

"သဟေတုကံ ဘဝဂ်ိ အဟေတုကဿ ဘဝဂ်ဿ အနန္တရပစ္စယေန ပစ္စယော" ဟူသော ပါဠိတော်၌ ဒုဟိတ်ပုဂ္ဂိုလ်တို့အား ဉာဏသမ္ပယုတ်ဝိပါက်စိတ်ကို ပယ်တော်မမူ။

http://www.dhammadownload.com

အဟိတ် ပုဂ္ဂိုလ်တို့အားသာ ဉာဏသမ္ပယုတ်ဝိပါက်စိတ်ကို ပယ်ခြင်းကို ဟောတော်မူသကဲ့သို့ "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ"ဟူသော ဤအဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌လည်း ဒုဟိတ်ပုဂ္ဂိုလ်တို့အား ဉာဏသမ္ပယုတ်ဝိပါက်စိတ်ကို ပယ်ခြင်းကို အရှင်အနုရုဒ္ဓါဆရာ ဆိုတော် မမူ။ အဟိတ်ပုဂ္ဂိုလ်တို့အားသာ ဉာဏသမ္ပယုတ်ဝိပါက်ကို ပယ်ခြင်းကို အရှင်အနုရုဒ္ဓါဆရာ ဆိုတော်မူသည်။ ဆရာတို့ အယူရှိကုန်၏-ဟူလို။

အရှင်ဋီကာဆရာတို့ စကားကိုပင် ဧကန်မုချ မှတ်ရတော့မည်လော" အမေးရှိ၍ ထိုအမေးကို ဖြေအံ့သောငှာ–

> **တတ္ထ ပန ပမာဏပါဌာဘာဝတော အာစရိယေန ဥဘိန္နမ္ပိ သာဓာရဏဝသေန ဉာဏသမ္ပယုတ္တဝိပါကာ'ဘာဝေ ကာရဏံ ဝတ္ဝာ သမကမေဝ စိတ္တပရိစ္ဆေဒဿ ဒဿိတတ္တာ တေသံ ဝစနံ ဝိမံသိတ္ဝာ သမ္ပဋိစ္ဆိတဗ္ဗံ။** –ဟူသောပါဠ်ကို မိန့်သော်-

တတ္ထ၊ ထိုဒုဟိတ်ပုဂ္ဂိုလ်တို့အား တိဟိတ်တဒါရုံ ဖြစ်သင့်ရာ၌။ ပမာဏပါဌာဘာဝတော၊ ပမာဏပြုအပ်သော "တိဟေတုကဘဝင်ံ ဒုဟေတုကဘဝင်ံဿ အနန္တရပစ္စယေန ပစ္စယော"ဟူသော ပါဠ်ပါဠိတော်၏ မရှိသောကြောင့်။ အာစရိယေန စ၊ အရှင်အနုရုဒ္ဓါဆရာသည်လည်း။ ဥဘိန္နမ္ပိ၊ ၂-ပါးကုန်သော ဒုဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အားလည်း။ သာဓာရဏဝသေန၊ ဖြင့်။ ဉာဏသမ္ပယုတ္တဝိပါကာ'ဘာဝေ၊ ၌။ ကာရဏံ၊ ဉာဏသမ္ပယုတ်ဝိပါက်စိတ်မသင့်ကြောင်းကို။ ဝတ္ဝာ၊ "ဉာဏပါကာ နု ဝတ္တန္တိ၊ ဇဠတ္တာ မူလသန္ဓိယာ"ဟု ဆိုတော်မူ၍။ သမကမေဝ၊ အမြဲသာလျှင်။ ဝါ၊ ၄၁-ပါးသည်သာလျှင်။ စိတ္တပရိစ္ဆေဒဿ၊ စိတ်၏အပိုင်းအခြားကို။ ဒဿိတတ္တာ၊ ပရမတ္ထဝိနိစ္ဆယ၌ ပြအပ်သည်၏အဖြစ်ကြောင့်။ တေသံ၊ ထိုဆရာတို့၏။ ဝစနံ၊ "ယထာ အဟေတုကာနံ သဟေတုကတဒါလမ္ဗဏံ ဟောတိ၊ ဧဝံ ဒ္ဝိဟေတုကာနံ တိဟေတုကတဒါလမ္ဗဏမ္ပိ၊ ဣတိ ဉာဏသမ္ပယုတ္တဝိပါကပဋိက္ခေပေါ အဟေတုကေ ယေဝ သန္ဓာယ-ဟူသော စကားကို။ ဝါ၊ အဟိတ်ပုဂ္ဂိုလ်တို့အား ဒွိဟိတ်တဒါရုံကို ရသကဲ့သို့ ဒွိဟိတ်ပုဂ္ဂိုလ်တို့အား တိဟိတ်တဒါရုံကို ရသင့်၏-ဟူသောစကား, ဤအဘိဓမ္မတ္ထသင်္ဂြိဟ်၌ ဉာဏသမ္ပယုတ်ဝိပါက်စိတ်ကို ပယ်ခြင်းကို အဟိတ်ပုဂ္ဂိုလ်တို့ကိုသာလျှင် ရည်၍ အရှင်အနုရုဒ္ဓါဆရာ ဆိုတော်မူ၏-ဟူသော စကားကို။ ဝိမံသိတ္ဝာ၊ စူးစမ်းဆင်ခြင်၍။ သမ္ပဋိစ္ဆိတဗ္ဗံ၊ ဝန်ခံအပ်၏။

ဤတွင်ရွေ့ ဒုဟိတ်,အဟိတ်ပုဂ္ဂိုလ်တို့၌ ဉာဏသမ္ပယုတ်ဝိပါက်စိတ်ကို ရသင့်, မရသင့်ကို ပရိယာယ်ဝေဝုစ် စုတ်စောဒနာနှင့်တကွ ပြဆိုသောစကားရပ် အပြီးသတ်တည်း။


★★★★★★★

http://www.dhammadownload.com

လုံးတော်ဆရာတော်

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

ပထမတွဲ၊ ၁။ (ဒုတိယပိုင်း၊ ၂။)



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒကာမောင်သာဦး-က အာဇီဝ, မိစ္ဆာဇီဝနှင့် စပ်လျဉ်း၍ လျှောက်ထားချက်

[၂၄] "ဘုရားတပည့်တော် ရတနာပုံမြို့၊ စဉ်ရှည်တံခါးတော်တွင်းနေ ဒကာမောင်သာဦး ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

အာဇီဝကို ငဲ့သဖြင့် ဒုစရိုက် ၇-ပါးတို့ကို ပြု၍ရသော ပစ္စည်းများစွာရှိလျက် မိစ္ဆာဇီဝအမှုကို မပြုပြီ-ဟု ဝန်ချ၍ ထိုအာဇီဝကို ငဲ့သဖြင့် ဒုစရိုက် ၇-ပါးတို့ကို ပြု၍ ရသော ပစ္စည်းကို တဖန် သုံးဆောင်ပြန်လျှင် မိစ္ဆာဇီဝ ဖြစ်သင့်, မဖြစ်သင့်-ဟု အယူ ၂-ပါး ကွဲပြားပြောဆိုကြပါသည်။ ထိုစကားကို ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်နှင့်အညီ အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

ဒါယကာမောင်သာဦး လျှောက်ချက်–

[၂၄] အာဇီဝကို ငဲ့သဖြင့် ဒုစရိုက် ၇-ပါးကို ပြု၍ရသော ပစ္စည်းများစွာရှိလျက် မိစ္ဆာဇီဝအမှုကို မပြုပါပြီ-ဟု ဝန်ချ၍ ထိုအာဇီဝကို ငဲ့သဖြင့် ဒုစရိုက် ၇-ပါးကို ပြု၍ရသော

http://www.dhammadownload.com

ပစ္စည်းများကို တဖန် သုံးဆောင်ပြန်သော် မိစ္ဆာဇီဝ ဖြစ်သင့်, မဖြစ်သင့်သည့်အရာကို မေးလျှောက်သည်မှာ ဓမ္မသင်္ဂဏီအဋ္ဌကထာ, ဝိဘင်းအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ လာသော အဆုံးအဖြတ်မှတပါး ဒသကနိပါတ်၊ အင်္ဂုတ္တိရ်ပါဠိတော်၌ ဟောတော်မူသော နည်းကို အကျဉ်းအမြွက်မျှ ပြလိုက်အံ့။

တရံရောအခါ *(မြတ်စွာဘုရားသည်)* သာဝတ္ထိပြည်ကြီးကို ဆွမ်းခံရာ အမှီပြု၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်။ ထိုသို့ နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် ဘုရားသခင်အထံတော်သို့ ချဉ်းကပ်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍ နေလေ၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကြီးကို အကြောင်းပြု၍–

ဒသ ဟိ'မေ ဂဟပတိ ကာမဘောဂီ သန္တော သံဝိဇ္ဇမာနာ လောကသ္မိ–

အစရှိသော ဒေသနာတော်မြတ်(အံ၊၃။၃၉၈)ကို ဟောတော်မူသည်။

ဂဟပတိ၊ သူဌေးကြီး။ ဣမေ ဒသ ကာမဘောဂီ၊ ဤ ၁-ကျိပ်သော ကာမဂုဏ်ကို ခံစားကုန်သော လူတို့သည်။ လောကသ္မိ၊ လူပြည်၌။ သန္တော သံဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်၏။

ထိုဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပါယ်သော်ကား အနာထပိဏ်သူဌေးကြီး အကြင် ကာမဂုဏ်ကို ခံစားကုန်သော ၁-ကျိပ်သော လူတို့သည် ဤလူပြည်၌ ထင်ရှားရှိကုန်၏။

ထို ၁-ကျိပ်သော ကာမဂုဏ်ကို ခံစားကုန်သော လူတို့သည် အဘယ်နည်းဟူမူကား–

၁။ အနာထပိဏ်သူဌေးကြီး၊ ဤလောက၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက်ပြု၍ မတရားသဖြင့် စည်းစိမ်ဥစ္စာကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိချမ်းသာကို ခံစား၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု၊ ကုသိုလ်ကောင်းမှုကိုလည်း မပြု။

၂။ သူဌေးကြီး၊ ဤလောက၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက်ပြု၍ မတရားသဖြင့် စည်းစိမ်ဥစ္စာကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု။

၃။ သူဌေးကြီး၊ ဤလူပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက်ပြု၍ မတရားသဖြင့် စည်းစိမ်ဥစ္စာကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို

http://www.dhammadownload.com

ချမ်းသာခြင်း, နှစ်သက်စေခြင်းကို ဖြစ်စေ၏။ သူတပါးတို့အားလည်း ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။

၄။ သူဌေးကြီး၊ ဤလောက၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း မနှိပ်စက်မူ၍လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်းခြင်းကို မပြု၊ ကုသိုလ်ကောင်းမှုကိုလည်း မပြု။

၅။ သူဌေးကြီး၊ ဤလောက၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် နှိပ်စက်သဖြင့်လည်းကောင်း အနိုင်အထက် မနှိပ်စက်သဖြင့်လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်စေခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု။

၆။ သူဌေးကြီး၊ ဤလူပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် နှိပ်စက်သဖြင့်လည်းကောင်း အနိုင်အထက် မနှိပ်စက်သဖြင့်လည်းကောင်း တရား သဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထို စည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်းပေးကမ်းခြင်းကို ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။

၇။ သူဌေးကြီး၊ ဤလူပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် နှိပ်စက်ခြင်းကို မပြု။ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေတတ်၏။ သူတပါးတို့အား ဝေဖန် ခွဲခြမ်း ပေးကမ်းခြင်းကို မပြု၊ ကုသိုလ်ကောင်းမှုကိုလည်း မပြု။

၈။ သူဌေးကြီး၊ ဤလူပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် နှိပ်စက်ခြင်းကို မပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးအား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု။

၉။ သူဌေးကြီး၊ ဤလူပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင် အထက် နှိပ်စက်ခြင်းကို မပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာကို ရှာမှီး၍ ထိုစည်းစိမ်

http://www.dhammadownload.com

ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကိုလည်း ပြု၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုသူသည် ထိုစည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေဝေခြင်းသို့ ရောက်၏။ သူတပါးတို့အား လွှမ်းမိုးခြင်းကိုလည်း ပြု၏။ ထိုစည်းစိမ်ဥစ္စာ၌ အပြစ်ကို မရှုမူ၍ ဝင့်ဆင်းရဲမှ ထွက်မြောက်ကြောင်း ပညာမှ ကင်းသည်ဖြစ်၍ သုံးဆောင်ခံစားလေ့ရှိ၏။

၁၀။ သူဌေးကြီး၊ ဤလူပြည်၌ အချို့သော ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် နှိပ်စက်ခြင်းကို မပြုမူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၏ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုသူသည် စည်းစိမ်ဥစ္စာဖြင့် တွေဝေမိန်းမောခြင်းသို့လည်း မရောက်၊ သူတပါးတို့အား လွှမ်းမိုးနှိပ်စက်ခြင်းကိုလည်း မပြု။ ထိုစည်းစိမ်ဥစ္စာတို့၌ အပြစ်ကို ရှုလေ့ရှိသည်ဖြစ်၍ ဝင့်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ပညာရှိသည်ဖြစ်၍ သုံးဆောင်ခံစားလေ့ရှိ၏။

ဤသို့လျှင် ကာမဂုဏ်ကို ခံစားကုန်သော လူတို့၏ ၁၀-ပါး အပြားရှိသော အပြစ်ကို ဟောကြားညွှန်ပြ ဆုံးမတော်မူသည်။ ထို ၁၀-ပါးသော ကာမဂုဏ်ကို ခံစားကုန်သော လူတို့တွင် အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၏။ ထိုစည်းစိမ်ဥစ္စာတို့ဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု၊ ကုသိုလ်ကောင်းမှုကိုလည်း မပြု။ ထိုကာမဂုဏ်ကို ခံစားသော လူကို ၃-ပါးသော အကြောင်းတရားတို့ဖြင့် ကဲ့ရဲ့အပ်သည်၏အဖြစ်သို့ ရောက်၏။

အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၏။ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကို မပြု။ ဤကာမဂုဏ်ခံစားသော ပုဂ္ဂိုလ်ကို အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာပစ္စည်းတို့ကို ရှာမှီးခြင်း, ကုသိုလ်ကောင်းမှုကို မပြုခြင်း ဤအကြောင်းတရား ၂-ပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

အကြင်ကာမဂုဏ်ကိုခံစားသော လူသည် အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို

http://www.dhammadownload.com

ဖြစ်စေ၍ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုကာမဂုဏ်ကို ခံစားသော လူကို အနိုင်အထက် နှိပ်စက်၍ စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း-ဟူသော အကြောင်းတရား ၁-ပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

အနာထပိဏ်သူဌေးကြီး၊ ထိုကာမဂုဏ်ကို ခံစားကုန်သော လူတို့တွင် အကြင် ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း မနှိပ်စက်၍ လည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု၊ ကုသိုလ်ကောင်းမှုကိုလည်း မပြု။ ထိုကာမဂုဏ် ခံစားသော လူကို အနိုင်အထက်နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း, သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု၊ ကုသိုလ်ကောင်းမှုကိုလည်း မပြုခြင်း၊ ဤ ၃-ပါးသော အကြောင်းတရားတို့ဖြင့် ကဲ့ရဲ့အပ်သော အဖြစ်သို့ ရောက်၏။ အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် ပစ္စည်းဥစ္စာတို့ကို ရှာမှီးခြင်းဟူသော ၁-ခုသော အကြောင်းတရားဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

အကြင် ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း အနိုင်အထက် မနှိပ်စက်ဘဲလည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်း ကောင်း စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့ကို ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု။ ထိုကာမဂုဏ်ကို ခံစားသောလူကို အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း, ကုသိုလ်ကောင်းမှု မပြုခြင်း-ဟူသော အကြောင်းတရား ၂-ပါးတို့ဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။ အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း, သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်း-ဟူသော အကြောင်းတရား ၂-ပါးတို့ဖြင့် ချီးမွမ်းအပ်သော အဖြစ်သို့ ရောက်၏။

အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် နှိပ်စက်၍လည်းကောင်း မနှိပ်စက်ဘဲလည်းကောင်း တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ကို ရှာမှီး၍ ထိုစည်းစိမ်ဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုကာမဂုဏ်ကို ခံစားသောလူကို အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးခြင်း, သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်း, ကုသိုလ်ကောင်းမှုကို ပြုခြင်း၊ ဤအကြောင်းတရား ၃-ပါးတို့ဖြင့် ချီးမွမ်းအပ်သော အဖြစ်သို့ ရောက်၏။ အနိုင်

http://www.dhammadownload.com

အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးခြင်း-ဟူသော အကြောင်းတရား ၁-ပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

အနာထပိဏ်သူဌေးကြီး၊ ထိုကာမဂုဏ်ကို ခံစားသော လူတို့တွင် အကြင်ကာမဂုဏ်ကို ခံစားသောလူသည် အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၏။ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြု၊ ကုသိုလ်ကောင်းမှုတို့ကိုလည်း မပြု၊ ထိုကာမဂုဏ်ကို ခံစားသောသူကို သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို မပြုခြင်း, ကုသိုလ်ကောင်းမှုကို မပြုခြင်း၊ ဤအကြောင်းတရား ၂-ပါးတို့ဖြင့် ကဲ့ရဲ့အပ်သော အဖြစ်သို့ ရောက်၏။ အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီးခြင်းဟူသော အကြောင်းတရား ၁-ပါးဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။

အကြင် ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် မနှိပ်စက်မူ၍ စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကိုလည်း ပြု၏။ ကုသိုလ်ကောင်းမှုကိုကား မပြု။ ထိုကာမဂုဏ်ကို ခံစားသောလူကို အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း, သူတပါးတို့အား ဝေဖန်ခွဲခြမ်း ပေးကမ်းခြင်းကို ပြုခြင်း၊ ဤအကြောင်းတရား ၂-ပါးဖြင့် ချီးမွမ်းအပ်သော အဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှုတို့ကို မပြုခြင်းဟူသော အကြောင်းတရား ၁-ပါးဖြင့် ကဲ့ရဲ့အပ်သော အဖြစ်သို့ ရောက်၏။

အကြင် ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာမှီး၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာခြင်း, နှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း, ပေးကမ်းခြင်းကို ပြု၏။ ကုသိုလ်ကောင်းမှုကိုလည်း ပြု၏။ ထိုကာမဂုဏ်ကို ခံစားသောလူကို ၃-ပါးသော အကြောင်းတရားတို့ဖြင့် ချီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏။ ထိုသို့ ရောက်သော်လည်း ထိုမိမိဥစ္စာတို့ကို မိန်းမောတွေဝေသည်ဖြစ်၍, ထိုစည်းစိမ်ဥစ္စာ၌ အပြစ်ကို မရှုမူ၍ ဝင့်မှ ထွက်မြောက်ကြောင်း ပညာမရှိသည်ဖြစ်၍ သုံးဆောင်ခံစားသည် ဖြစ်အံ့၊ ထိုအကြောင်းတရား ၁-ပါးဖြင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်၏။

အကြင် ကာမဂုဏ်ကို ခံစားသော လူသည် အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေ၍ ထိုစည်းစိမ်ဥစ္စာဖြင့် မိမိကိုယ်ကို ချမ်းသာနှစ်သက်ခြင်းကို ဖြစ်စေ၏။ သူတပါးတို့အား ဝေဖန်ခွဲခြမ်း, ပေးကမ်းခြင်းကို ပြု၏။ ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြု၏။ ထိုကာမဂုဏ်ကို ခံစားသောလူကို အကြောင်းတရား ၃-ပါးတို့ဖြင့်လည်း

http://www.dhammadownload.com

ခြီးမွမ်းအပ်သော အဖြစ်သို့ ရောက်၏။ ထိုစည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေဝေခြင်းသို့ မရောက်မူ၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်ခံစားခြင်းကို ပြု၏။ ဤအကြောင်းတရားတို့ဖြင့်လည်း ခြီးမွမ်းအပ်သော အဖြစ်သို့ ရောက်၏။

ထို ၁-ကျိပ်သော လူတို့ကို ပြု၍ ဆုံးမတော်မူရာ ၁၀-ရပ်သော ဒေသနာတို့တွင် စတုတ္ထ, ပဉ္စမ, ဆဋ္ဌမပုဂ္ဂိုလ်တို့၏ အရာကို ပြတော်မူရာ၌ ထိုကာမဂုဏ်ကို ခံစားသောလူကို အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ဖြစ်စေခြင်း, ကုသိုလ်ကောင်းမှုကို မပြုခြင်း အကြောင်းတရား ၂-ပါးတို့ဖြင့် ခြီးမွမ်းအပ်သောအဖြစ်သို့ ရောက်၏-ဟု ဟောတော်မူသဖြင့် အနိုင်အထက် နှိပ်စက်၍ မတရားသဖြင့် စည်းစိမ်ဥစ္စာကို ဖြစ်စေခြင်း၌ မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်းသို့ ရောက်သော ပုဂ္ဂိုလ်၏အဖြစ်ကို သိအပ်၏။ အနိုင်အထက် မနှိပ်စက်မူ၍ တရားသဖြင့် စည်းစိမ်ဥစ္စာကို ဖြစ်စေခြင်း၌ သမ္မာဇီဝအဖြစ်ကို သိအပ်၏။ မိစ္ဆာဇီဝအမှုကို မပြုပြီ-ဟု ဝန်ချ၍ တရားသဖြင့်ရသော ပစ္စည်းဖြင့် အသက်မွေးသည်ကို သမ္မာဇီဝ ဆိုသည်။ အကယ်၍ မိစ္ဆာဇီဝအမှုကို မပြုပါပြီ-ဟု ဝန်ချသည်မှနောက်၌ ထို မိစ္ဆာဇီဝပစ္စည်းကို သုံးဆောင်သဖြင့် အပြစ်မရှိခဲ့လျှင် ပုဂ္ဂိုလ်တစ်ယောက်တည်း၌ သာဝဇ္ဇ, အနဝဇ္ဇ ၂-ပါးကို မဟောရာ။ အနဝဇ္ဇကိုသာ ဟောတော်မူရာ၏။

ဤသို့ ပုဂ္ဂိုလ်တစ်ယောက်တည်း၌ပင် မိစ္ဆာဇီဝ, သမ္မာဇီဝ ၂-ပါးကို ဘုရားဟောတော်မူချေရကား **အာဇီဝကို ငဲ့သဖြင့် ဒုစရိုက် ၇-ပါးဖြင့်ရသော ပစ္စည်းများကို သုံးဆောင်ရာ၌ မိစ္ဆာဇီဝ ဖြစ်သင့်ကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ကျ မှတ်ရာ၏။**

ဤစကားကို အကျယ်သိလိုလျှင် ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒသကနိပါတ်အင်္ဂုတ္တိရ်ပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

ပဌမပုဂ္ဂိုလ်၌ - အကောင်းမရှိ။ **မိစ္ဆာဇီဝ,အသံဝိဘာဂ,အပုညဟူ၍** မကောင်း ၃-ပါး၊

ဒုတိယ၌ - **သံဝိဘာဂဟူ၍** အကောင်း ၁-ပါး၊ **မိစ္ဆာဇီဝ, အပုညဟူ၍** မကောင်း ၂-ပါး၊

တတိယ၌ - **သံဝိဘာဂ,ပုညဟူ၍** အကောင်း ၂-ပါး၊ **မိစ္ဆာအာဇီဝဟူ၍** မကောင်း ၁-ပါး၊

စတုတ္ထ၌ - **သမ္မာဇီဝဟူ၍** အကောင်း ၁-ပါး၊ **မိစ္ဆာဇီဝ, အသံဝိဘာဂ, အပုညဟူ၍** မကောင်း ၃-ပါး၊

ပဉ္စမ၌ - **သမ္မာဇီဝ, သံဝိဘာဂဟူ၍** အကောင်း ၂-ပါး၊ **မိစ္ဆာဇီဝ, အပုညဟူ၍** မကောင်း ၂-ပါး၊

http://www.dhammadownload.com

ဆဋ္ဌမပုဂ္ဂိုလ်၌- သမ္မာဇီဝ, သံဝိဘာဂ, ပုည-ဟူ၍ အကောင်း ၃-ပါး၊ မိစ္ဆာဇီဝ-ဟူ၍ မကောင်း ၁-ပါး၊

သတ္တမ၌ - သမ္မာဇီဝ-ဟူ၍ အကောင်း ၁-ပါး၊ အသံဝိဘာဂ, အပုည-ဟူ၍မကောင်း ၂-ပါး၊

အဋ္ဌမ၌ - သမ္မာဇီဝ,သံဝိဘာဂ-ဟူ၍ အကောင်း ၂-ပါး၊ အပုည-ဟူ၍ မကောင်း ၁-ပါး၊

နဝမ၌ - သမ္မာဇီဝ,သံဝိဘာဂ,ပုည-ဟူ၍အကောင်း ၃-ပါး၊ သမ္မောဟ-ဟူ၍ မကောင်း ၁-ပါး၊

ဒသမပုဂ္ဂိုလ်၌- သမ္မာဇီဝ, သံဝိဘာဂ, ပုည, အသမ္မောဟ-ဟူ၍ အကောင်း ၄-ပါး၊ မကောင်း မရှိ။

အတိုကောက် ပါဠိအနက် အကျဉ်းမှတ်ရန်–

ကာမဂုဏ်ကို ခံစားသည်ကို ကာမဘောဂီဆိုသည်။

မတရားသဖြင့် ရှာမှီး၍ အသက်မွေးသည်ကို မိစ္ဆာဇီဝဆိုသည်။

တရားသဖြင့် ရှာမှီး၍ အသက်မွေးသည်ကို သမ္မာဇီဝဆိုသည်။

ဝေဖန်ပေးကမ်းသည်ကို သံဝိဘာဂဆိုသည်။

မဝေဖန်, မပေးကမ်းသည်ကို အသံဝိဘာဂဆိုသည်။

ကုသိုလ်ကောင်းမှု ပြုသည်ကို ပုညဆိုသည်။

ကုသိုလ်ကောင်းမှု မပြုသည်ကို အပုညဆိုသည်။

သံသရာမှ ထွက်မြောက်ကြောင်း ပညာရှိသည်ကို အသမ္မောဟဆိုသည်။

သံသရာမှ ထွက်မြောက်ကြောင်း ပညာ မရှိသည်ကို သမ္မောဟ ဆိုသည်။

ဤစကားစဉ်ကို ရှေးဦးစွာ သိအောင်ပြုလေဦး။

မိစ္ဆာအာဇီဝ, အသံဝိဘာဂ, အပုည, သမ္မောဟ မကောင်း ၄-ပါး။
သမ္မာဇီဝ, သံဝိဘာဂ, ပုည, အသမ္မောဟ အကောင်း ၄-ပါး။

စာတစ်ပိုဒ်၏ အရကို ပုဂ္ဂိုလ်တစ်ယောက် မှတ်၊ အကောင်းရှိသည်, မကောင်းရှိသည်ကို ဤစကားကြည့်၍ သိလေ။

★★★★★★★

http://www.dhammadownload.com

ကြဲကင်းမြို့၊ လှေသူကြီး ဒကာမောင်ရှမ်းကလေး, မောင်မြတ်စံ-တို့က ပမာဏ ၄-ပါးကို အမြွက်မျှသာ ကြားဖူးပါ၍ သေချာစွာ မှတ်သားပါရအောင် မ,စ မိန့်ဆိုတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၂၅] "ဘုရားတပည့်တော် ကြဲကင်းမြို့၊ လှေသူကြီး ဒကာငရှမ်းကလေး, ငမြတ်စံ တို့ လျှောက်ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရားအဆင်းတော်ကို ကြည်ညိုသူ မည်မျှ, အသံတော်ကို ကြည်ညိုသူ မည်မျှ, အကျင့်ပဋိပတ်တော်ကို ကြည်ညိုသူ မည်မျှ, တရားတော်ကို ကြည်ညိုသူ မည်မျှရှိကြောင်း၊ မကြည်ညိုသူ မည်မျှရှိကြောင်းများနှင့် ပမာဏ ၄-ပါးကို ဆရာတော်ဘုရား ဟောကြားတော်မူချက်ကို အမြွက်စကား ကြားသိရပါသော်လည်း တပည့်တော်တို့သန္တာန်ဝယ် ဉာဏ်နည်းသူဖြစ်ကြ၍ အနှစ်သာရ, သုဂတိရ, သုဒ္ဒသ, ဓမ္မဒေသနာကို အဇ္ဈာကောင်းကင် ဟင်းလင်းပြင်ဝယ်၊ အကြင်အကွာရာ၊ ဂါထာဗန္ဓ၊ ပုဒ်ပါဒအပေါင်းသည်၊ ရေးကြောင်းမထင်၊ ကြည့်မမြင်သည့်နှယ်၊ ဆင်ခြင်အောက်မေ့၍ မရ။ ဘီလူးယက္ခ၊ အာဠဝကဏ်၊ ကိသူဓ အကွာရာ၊ ဂါထာအဖြေ၊ ကွယ်ပျောက်လေသကဲ့သို့၊ လေးဆူသော ပမာဏ၊ ဓမ္မဒေသနာ၊ မိန့်မှာဟောကြား၊ ဤတရားသည်၊ စမ်းထားဖွေရှာ၊ မရပါသောကြောင့်၊ နေရာကျကျ၊ ပမာဏ ၄-ပါး၊ တရားဒေသနာ၊ မိန့်တော်လာသည်ကို၊ ဂါထာပါဠိ၊ ကျမ်းဂန်ရှိတိုင်း၊ ဇီဝိတိန္ဒြေ၊ ပျက်ကြွေကုန်ဆုံး၍၊ တစ်သက်လုံး စွဲမှတ်ပါရအောင်၊ ပြသဟောကြား၊ သနားကယ်မတော်မူပါမည့်အကြောင်းကို ညွတ်ပျောင်းကော်ရော်၊ ရှိုပူဇော်လျက်၊ ထိပ်ပေါ်ဟတ္ထ၊ ပဏာမဖြင့်၊ ပါဒနှစ်ဖြာ၊ စက်နှစ်ပွါကို၊ ဘမရာပိတုန်း၊ ကားကားပွင့်အာ၊ ပဒုမာကို၊ စုကာ ခုံးသကဲ့သို့၊ သုံးလီသော ဒွါရဖြင့်၊ ကာယ,ဝစီ၊ မနောညီ၍ –

> အဠလိ ပဂ္ဂဟေတွာတိ ဒသနခသမောဓာနသမုဇ္ဇလိ ဥက္ခိပိတွာ၊ ဂါရဝေန အဉ္ဇလိတိ ပူဇေတိ အနေနာတိ အဉ္ဇလိ။

မြွက်ချီသံချို၊ မိန့်ဆိုထူးဆန်း၊ ရွှေကျမ်းဋီကာ၊ ပါဠိတော်လာသောကြောင့်၊ ပဏာမေတိ၊ ပူဇေမိဖြင့်၊ ဇောဝိထိ အခါခါ၊ တဒါရုံ အတင်တင်၊ ဘဝင်အကြိမ်ကြိမ်၊

http://www.dhammadownload.com

မနိန္ဒြေညွတ်ပျော်ငြားလျက်၊ ၁၀-ချောင်းဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွေကော်ရော်၊ ကျေးဇူးတော်ကို၊ ထိပ်ပေါ်ပန်ဆင်၍၊ ကြည်လင်ဝပ်တွား၊ သနားရိုကျိုး၊ ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား”။

ဒါယကာ လေ့သူကြီးမောင်ခွန်းကလေးတို့က လျှောက်ထားချက်–

[၂၅] ပမာဏ ၄-ပါးကို မေးလျှောက်သည်မှာ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ၄-ပါးသော ပမာဏတို့ဖြင့် ဘုရားကို ကြည်ညိုကုန်သော သတ္တဝါတို့သည်သာ များကုန်၏။ မကြည်ညိုကုန်သော သတ္တဝါကား နည်းပါး၏။ ထို့ကြောင့် ပုဂ္ဂလပညတ်အဋ္ဌကထာ၌–

စတုပ္ပမာဏော လောကသန္နိဝါသေ ဗုဒ္ဓေ အပ္ပသန္နာ အပ္ပကာ၊ ပသန္နာဝ ဗဟုကာ-

ဟူသော ပါဠိ(အဘိ၊ဋ္ဌ၊၃။၈၀)ကို မိန့်ဆို ဖွင့်လှစ်တော်မူသတည်း။

လောကသန္နိဝါသေ၊ လောကဒ္ဓ နေသောသူတို့ကို။ စတုပ္ပမာဏော၊ ၄-ပါးသော ပမာဏနှင့်တကွ ပြု၍။ ဗုဒ္ဓေ၊ ဘုရား၌။ အပ္ပသန္နာ၊ မကြည်ညိုကုန်သော သူတို့သည်။ အပ္ပကာ၊ နည်းကုန်၏။ ပသန္နာဝ၊ ကြည်ညိုသော သူတို့သာလျှင်။ ဗဟုကာ၊ များကုန်၏။

ထိုစကား၌ ပမာဏ ၄-ပါး-ဟူသော်ကား ရူပပမာဏ, ယောသပမာဏ, လူခ-ပမာဏ, ဓမ္မပမာဏ-ဟူ၍ ၄-ပါးတည်း။ ထို ၄-ပါးတို့တွင်–

- အဆင်းတော်၌ အတိုင်းအရှည်ယူ၍ ကြည်ညိုခြင်းသည် **ရူပပမာဏမည်၏**။
- အသံတော်၌ အတိုင်းအရှည်ကို ယူ၍ ကြည်ညိုခြင်းသည် **ယောသပမာဏမည်၏**။
- သင်္ကန်း,သပိတ်တို့ကို သုံးဆောင်တော်မူခြင်းဟူသော ခေါင်းပါးသော ပဋိပတ်၌ အတိုင်းအရှည်ကို ယူ၍ ကြည်ညိုခြင်းသည် **လူခပမာဏ** မည်၏။
- တရားတော်၌ အတိုင်းအရှည်ကို ယူ၍ ကြည်ညိုခြင်းသည် **ဓမ္မပမာဏမည်၏**။

ထို့ကြောင့် ပုဂ္ဂလပညတ်အဋ္ဌကထာ၌–

တတ္ထ - ရူပေ ပမာဏံ ဂဟေတွာ ပသန္နော ရူပပွမာဏော နာမ။

- ယောသေ ပမာဏံ ဂဟေတွာ ပသန္နော ယောသပွမာဏော နာမ။

- စီဝရလူခပတ္တလူခေသု ပမာဏံ ဂဟေတွာ ပသန္နော လူခပွမာဏော နာမ။

- ဓမ္မေ ပမာဏံ ဂဟေတွာ ပသန္နော ဓမ္မပွမာဏော နာမ။

ဟူသော ပါဠိ(အဘိ၊ဋ္ဌ၊၃။၈၀)ကို မိန့်ဆိုဖွင့်လှစ်သတည်း။

http://www.dhammadownload.com

တတ္ထ ဝစနေ၊ ထိုစကား၌။ ရူပေ၊ လှူဘုံလှူရပ်၊ လောကဓာတ်မှ၊ အာဒိ စ၍။ ဒေဝဗြဟ္မာ၊ သတ္တဝါတို့၊ သမ္ဘာကြီးထု၊ ပုဂ္ဂိုလ်စုတွင်၊ နှိုင်းတုမမြော်၊ အဆင်းတော်၌။ ပမာဏံ၊ နှိုင်းယှဉ်ခြင်းကို။ ဂဟေတွာ၊ ယူ၍။ ပသန္နော၊ ကြည်ညိုခြင်းသည်။ ရူပပွမာဏော နာမ၊ ရူပပမာဏမည်၏။

ယောသေ၊ ခြားနားသိသာ၊ ချိုသာယာလျက်၊ နာဖွယ်လည်းရှိ၊ စွန်းမငြိဘဲ၊ နက်နဲဂုဏ်အင်၊ ပဲ့တင်ထပ်မျှ၊ လုံးစွာတိတိ၊ မရှိတုံဘဲ၊ ဖရဲဖရိ၊ ထိုထိုဝါစာ၊ မိန့်မြွက်ရာဝယ်၊ ဓ-ဖြာစုံအင်၊ သုံးခွင်လှုရပ်၊ လောကဓာတ်တွင်၊ နှိုင်းအပ်မလော်၊ အသံတော်၌။ ဝါ၊ ကိတ္တိသဒ္ဒ၊ သုံးလောကတွင်၊ နှံ့မျှကျော်စော၊ အံ့ဩချီးငေါ်၊ အသံတော်၌။ ပမာဏံ၊ နှိုင်းယှဉ်ခြင်းကို။ ဂဟေတွာ၊ ယူ၍။ ပသန္နော၊ ကြည်ညိုခြင်းသည်။ ယောသပွမာဏော နာမ၊ ယောသပမာဏ မည်၏။

စီဝရလူဒပတ္တလူဒေ၊ သင်္ကန်း,သပိတ်၊ ပရိက္ခရာ၊ ယုတ်ညံ့ရာကို၊ ကောင်းစွာဆောင်သွား၊ ခေါင်းပါးကျင့်မြတ်၊ ပဋိပတ်၌။ ပမာဏံ၊ နှိုင်းယှဉ်ခြင်းကို။ ဂဟေတွာ၊ ယူ၍။ ပသန္နော၊ ကြည်ညိုခြင်းသည်။ လူဒပွမာဏော နာမ၊ လူဒပမာဏ မည်၏။ ဓမ္မေ၊ သာရဂန္ဓ၊ စန္ဒနသို့၊ အစ,အလယ်,အဆုံး၊ ၃-ပါးလုံးတွင်၊ သိမ်းကျုံးနက်နဲ၊ လွန်ခက်ခဲလျက်၊ အနက်သဒ္ဒါ၊ ပြည့်စုံစွာဖြင့်၊ ကောင်းစွာဟောဖော်၊ တရားတော်၌။ ဝါ၊ သီလက္ခန္ဓ၊ စသည်ကျေးဇူး၊ ဂုဏ်အထူးဖြင့်၊ ၂-ဦး မတန်၊ နှိုင်းစံ မရ၊ မြတ်ဓမ္မ၌။ ပမာဏံ၊ နှိုင်းယှဉ်ခြင်းကို။ ဂဟေတွာ၊ ယူ၍။ ပသန္နော၊ ကြည်ညိုခြင်းသည်။ ဓမ္မပွမာဏော နာမ၊ ဓမ္မပမာဏမည်၏။

သန့်ရှင်းသည်, သာယာသည်, ခြားနားသိသာသည်, နာဖျော်ဖွယ် ရှိသည်, ဖရိုဖရဲမရှိသည်, မကွဲမပျက် လုံးသည်, နက်လေးသည်, ပဲ့တင်သံထပ်သည်၊ ဤကား အသံတော် ၈-ပါးတည်း။ ထို့ကြောင့် အဘိဓာနပ္ပဒီပိကာကျမ်း၌–

ဝိဿဋ္ဌ မဂ္ဂ၊ ဝိညေယျာ၊ သဝနီယာ'ဝိသာရိနော။
ဗိန္ဒု ဂမ္ဘီရ နိန္နာဒီ- တေျဝ'မဋ္ဌဂီကော သရော။ ။ (၁၂၉-ဂါထာ)

ဟူသော ပါဠိကို မိန့်သည်။ ထို ၄-ပါးကုန်သော ပမာဏတို့တွင် ရူပပမာဏ-ဟူသော်ကား-

အလုံးစုံသော သတ္တဝါတို့ကို ၃-စုပြု၍ ၂-စုသော သတ္တဝါတို့သည် မြတ်စွာဘုရား၏ အဆင်းတော်၌ ကြည်ညိုကုန်၏။ ၁-စုသော သတ္တဝါတို့သည် အဆင်း၌ မကြည်ညိုကုန်။

အလုံးစုံသော သတ္တဝါတို့ကို ၅-စုပြု၍ ၄-စုသော သတ္တဝါတို့သည် မြတ်စွာဘုရား၏ အသံတော်၌ ကြည်ညိုကုန်၏၊ ၁-စုသော သတ္တဝါတို့သည် အသံ၌ မကြည်ညိုကုန်။

http://www.dhammadownload.com

အလုံးစုံသော သတ္တဝါတို့ကို ၁၀-စုပြု၍ ၉-စုသော သတ္တဝါတို့သည် အကျင့်တော်၌ ကြည်ညိုကုန်၏၊ ၁-စုသော သတ္တဝါတို့သည် အကျင့်၌ မကြည်ညိုကုန်။

အလုံးစုံသောသတ္တဝါတို့ကို ၁-ထောင်စု၍ ၁-စုသော သတ္တဝါတို့သာ တရားတော်၌ ကြည်ညို၏။ ၉၉၉-စုသော သတ္တဝါတို့သည် တရားတော်၌ မကြည်ညိုကုန်။

ထို့ကြောင့် ပုဂ္ဂလပညတ်အဋ္ဌကထာ၌–

> **သတ္ထသတ္ထေ တယော ကောဋ္ဌာသေ ကတ္ဝာ ဒွေ ကောဋ္ဌာသာ ရူပပမာဏာ။ ဧကော နရူပပမာဏော။ ပဉ္စ ကောဋ္ဌာသေ ကတ္ဝာ စတ္တာရော ကောဋ္ဌာသာ ယောသပမာဏာ၊ ဧကော နယောသပမာဏော။ ဒသ ကောဋ္ဌာသေ ကတ္ဝာ နဝ ကောဋ္ဌာသာ လူခပမာဏာ၊ ဧကော နလူခပမာဏော။ သဟဿကောဋ္ဌာသေ (သတသဟဿံ-ဆဋ္ဌမူ) ကတ္ဝာ ဧကော ကောဋ္ဌာသော ဓမ္မပမာဏော၊ သေသာ နဓမ္မပမာဏာ။ (အဘိ၊ဋ္ဌ၊၃။၈၀)–**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူပြန်သတည်း။

သတ္ထသတ္ထေ၊ အလုံးစုံသော သတ္တဝါတို့ကို။ တယော ကောဋ္ဌာသေ၊ ၃-စုတို့ကို။ ကတ္ဝာ၊ ပြု၍။ ဒွေ ကောဋ္ဌာသာ၊ ၂-စုတို့သည်။ ရူပပမာဏာ၊ ရူပပမာဏာတို့ မည်ကုန်၏။ ဝါ၊ အဆင်းတော်၌ နှိုင်းယှဉ်ခြင်းကို ပြု၍ ကြည်ညိုကြသူ မည်ကုန်၏။ ဧကော၊ ၁-စုသည်။ နရူပပမာဏော၊ ရူပပမာဏ မမည်။ ဝါ၊ အဆင်းတော်၌ နှိုင်းယှဉ်ခြင်းကို ပြု၍ ကြည်ညိုကြသောသူတို့ မမည်ကုန်။

သတ္ထသတ္ထေ၊ အလုံးစုံသော သတ္တဝါတို့ကို။ ပဉ္စ ကောဋ္ဌာသေ၊ ၅-စုတို့ကို။ ကတ္ဝာ၊ ပြု၍။ စတ္တာရော ကောဋ္ဌာသာ၊ ၄-စုတို့သည်။ ယောသပမာဏာ၊ ယောသပမာဏာတို့ မည်ကုန်၏။ ဝါ၊ အသံတော်၌ နှိုင်းယှဉ်ခြင်းကို ပြု၍ ကြည်ညိုကြသောသူတို့ မည်ကုန်၏။ ဧကော၊ ၁-စုသည်။ နယောသပမာဏော၊ ယောသပမာဏ မမည်။ ဝါ၊ အသံတော်၌ အတိုင်းအရှည်ကို ပြု၍ ကြည်ညိုကြသောသူ မမည်ကုန်။

သတ္ထသတ္ထေ၊ အလုံးစုံသော သတ္တဝါတို့ကို။ ဒသ ကောဋ္ဌာသေ၊ ၁၀-စုတို့ကို။ ကတ္ဝာ၊ ပြု၍။ နဝ ကောဋ္ဌာသာ၊ ၉-စုတို့သည်။ လူခပမာဏာ၊ လူခပမာဏာတို့ မည်ကုန်၏။ ဝါ၊ ခေါင်းပါးကျင့်မြတ် ပဋိပတ်၌ နှိုင်းယှဉ်ခြင်းကို ပြု၍ ကြည်ညိုကြသူတို့ မည်ကုန်၏။ ဧကော၊ ၁-စုသည်။ နလူခပမာဏော၊ လူခပမာဏ မမည်။ ဝါ၊ ခေါင်းပါးကျင့်မြတ် ပဋိပတ်၌ နှိုင်းယှဉ်ခြင်းကို ပြု၍ ကြည်ညိုကြသောသူ မမည်ကုန်။

http://www.dhammadownload.com

သဗ္ဗသတ္တော၊ ခပ်သိမ်းကုန်သော သတ္တဝါတို့ကို။ သဟဿကောဋ္ဌာသေ၊ ၁-ထောင်သောအစုတို့ကို။ ကတ္တာ၊ ပြု၍။ ဧကော ကောဋ္ဌာသော၊ ၁-စုသည်။ ဓမ္မပွမာဏော၊ ဓမ္မ-ပမာဏ မည်၏။ ဝါ၊ တရားတော်၌ နှိုင်းယှဉ်ခြင်းကို ပြု၍ ကြည်ညိုကြသူ မည်၏။ သေသာ၊ ဆိုအပ်ပြီးမှ ကြွင်းကုန်သော ၉၉၉-စုကုန်သော သတ္တဝါတို့သည်။ န ဓမ္မပွမာဏော၊ ဓမ္မပမာဏ မမည်ကုန်။ ဝါ၊ တရားတော်၌ နှိုင်းယှဉ်ခြင်းကို ပြု၍ ကြည်ညိုကြသောသူတို့ မမည်ကုန်။

ဤသို့ ပြဆိုအပ်ပြီးသောနည်းဖြင့် ဤအလုံးစုံသော လောကဓာတ်၌ နေသောသူ၌ အဆင်းဖြင့် နှိုင်းယှဉ်သောသူအား မြတ်စွာဘုရားတို့၏ အဆင်းတော်ထက် ကဲလွန်၍ ကြည်ညိုခြင်းကို ဆောင်နိုင်သောသူ မည်သည် မရှိ။

အသံတော်ကို နှိုင်းယှဉ်သသူအား မြတ်စွာဘုရားတို့၏ ကျော်စောသံထက် ကဲလွန် ကြည်ညိုခြင်းကို ဆောင်နိုင်သောသူမည်သည် မရှိ။ အသံတော်ကို နှိုင်းယှဉ်သောသူအား မြတ်စွာဘုရားတို့၏ ကျော်စောသံထက် ကဲလွန်၍ ကြည်ညိုခြင်းကို ဆောင်နိုင်သောအသံ မည်သည် မရှိ။

ခေါင်းပါးကျင့်မြတ် ပဋိပတ်ကို နှိုင်းယှဉ်သောသူအား ကာသိကတိုင်း၌ ဖြစ်သော အဝတ်ကိုလည်းကောင်း အဖိုးများစွာ ထိုက်တန်သော ရွှေငွေခွက်တို့ကိုလည်းကောင်း ဥတု ၃-ပါးတို့အား လျော်ကန်သော, အလုံးစုံသော စည်းစိမ်ချမ်းသာနှင့်ယှဉ်သော မြတ်သော ပြာသာဒ်တို့ကိုလည်းကောင်း ပယ်စွန့်၍ ပုံသကူသင်္ကန်း, ကျောက်ဖြင့် ပြီးသော သပိတ်, သစ်ပင်ရင်းတည်း-ဟူသော ကျောင်းကို မှီဝဲသုံးဆောင်တော်မူသော မြတ်စွာဘုရား၏ ခေါင်းပါးကျင့်မြတ် ပဋိပတ်ထက် ကဲလွန်၍ ကြည်ညိုခြင်းကို ဆောင်နိုင်သော တပါးသော ခေါင်းပါးကျင့်မြတ် ပဋိပတ်မည်သည် မရှိ။

တရားတော်၌ နှိုင်းယှဉ်ခြင်းကို ပြုသောသူအား နတ်နှင့်တကွသော လူ၌ သူတပါးတို့နှင့် မဆက်ဆံသော, သီလ-အစရှိသော ဂုဏ်ရှိတော်မူသော မြတ်စွာဘုရား၏ သီလအစရှိသော ဂုဏ်ထက် ကဲလွန်သော, တပါးသော သီလအစရှိသော ဂုဏ်မည်သည် မရှိ။

ထို့ကြောင့် ပုဂ္ဂလပညတ်အဋ္ဌကထာ၌–

ဧဝမိ'မသ္မိ စတုပွမာဏော လောကသန္နိဝါသေ ခူပပွမာဏဿ ဗုဒ္ဓါနံ ခူပတော ဥတ္တရိ ပသာဒါ'ဝဟံ ခူပံ နာမ နတ္ထိ။ ယောသပွမာဏဿ ဗုဒ္ဓါနံ ကိတ္တိယောသ-တော ဥတ္တရိ ပသာဒါ'ဝဟော ယောသော နာမ နတ္ထိ။ လူခပွမာဏဿ ကာသိ-ကာနိ ဝတ္ထာနိ မဟာရဟာနိ ကဉ္စနဘာဇနာနိ တိဏ္ဏံ ဥတူနံ အနုစ္ဆဝိကေ သဗ္ဗသမ္ပတ္တိယုတ္တပါသာဒဝရေ ပဟာယ ပံသုကူလစီဝရ သေလမယပတ္တ ခူက္ခ-

http://www.dhammadownload.com

မူလာဒိသေနာသနသေဝိနော ဗုဒ္ဓဿ ဘဂဝတော လူဒတော ဥတ္တရိ ပသာဒါ'ဝဟံ အညံ လူခံ နာမ နတ္ထိ။ ဓမ္မပ္ပမာဏဿ စ သဒေဝကေ လောကေ အသာမာရဏာ-သီလာဒိဂုဏဿ တထာဂတဿ သီလာဒိဂုဏတော ဥတ္တရိ ပသာဒါဝဟော အညော သီလာဒိဂုဏော နာမ နတ္ထိ။ (အဘိ၊၄၊၃။စာ။ကိ၌ ဝိသဒိသံ)။

ဟူသောပါဠ်ကို မိန့်ဆို ဖွင့်လှစ်တော်မူပြန်သတည်း။

၈၀ ကျမိနာ ဝုတ္တနယေန၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ စတုပ္ပမာဏော၊ ၄-ပါးသော နှိုင်းယှဉ်ခြင်းဖြင့် နှိုင်းယှဉ်အပ်သော။ ကျမသို့ လောကသန္နိဝါသေ၊ ဤအလုံးစုံသော လောကဌ် နေသောလူဌ်။ **ရူပပ္ပမာဏဿ**၊ အဆင်းကို နှိုင်းယှဉ်သောသူအား။ ဗုဒ္ဓါန်၊ မြတ်စွာဘုရားတို့၏။ ရူပတော၊ အဆင်းတော်ထက်။ ဥတ္တရိ၊ အလွန်။ ပသာဒါ'ဝဟံ၊ ကြည်ညိုခြင်းကို ဆောင်နိုင်သော။ ရူပံ နာမ၊ အဆင်းမည်သည်။ နတ္ထိ၊ မရှိ။ **ယောသပ္ပမာဏဿ**၊ ကျော်စောသံကို နှိုင်းယှဉ်သူအား။ ဗုဒ္ဓါန်၊ မြတ်စွာဘုရားတို့၏။ ကိတ္တိယောသတော၊ ကျော်စောသံထက်။ ဥတ္တရိ၊ အလွန်။ ပသာဒါ'ဝဟော၊ ကြည်ညိုခြင်းကို ဆောင်နိုင်သော။ ယောသော နာမ၊ အသံမည်သည်။ နတ္ထိ၊ မရှိ။ **လူခပ္ပမာဏဿ**၊ ခေါင်းပါးကျင့်မြတ် ပဋိပတ်ကို နှိုင်းယှဉ်သောသူအား။ ကာသိကာနိ၊ ကာသိကတိုင်ဌ် ဖြစ်ကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကိုလည်းကောင်း။ မဟာရဟာနိ၊ အဖိုးများစွာ ထိုက်ကုန်သော။ ကဉ္စနဘာဇနာနိ၊ ရွှေခွက်တို့ကိုလည်းကောင်း။ တိဏ္ဏံ ဥတူနံ၊ ဥတု ၃-ပါးတို့အား။ အနုစ္ဆဝိကော၊ လျောက်ပတ်ကုန်သော။ သပ္ပသမ္ပတ္တိယုတ္တပါသာဒဝရေ၊ အလုံးစုံသော စည်းစိမ်နှင့် ယှဉ်သော, မြတ်သောပြာသာဒ်တို့ကိုလည်းကောင်း။ ပဟာယ၊ ပယ်စွန့်၍။ ပံသုကူလစီဝရ သေလမယပတ္တ ရုက္ခမူလာဒိ-သေနာသနသေဝိနော၊ ပံသကူသက်နှံး, ကျောက်ဖြင့် ပြီးသော သပိတ်, သစ်ပင်ရင်း-စသော ကျောင်းတို့ကို မှီဝဲတော်မူသော။ ဘဂဝတော၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ လူခတော၊ ခေါင်းပါးကျင့်မြတ် ပဋိပတ်ထက်။ ဥတ္တရိ၊ အလွန်။ ပသာဒါ'ဝဟံ၊ ကြည်ညိုခြင်းကို ဆောင်နိုင်သော။ အညံ၊ တပါးသော။ လူခံနာမ၊ ခေါင်းပါးကျင့်မြတ် ပဋိပတ်သည်။ နတ္ထိ၊ မရှိ။ **ဓမ္မပ္ပမာဏဿ** စ၊ တရားတော်ကို နှိုင်းယှဉ်သောသူအားလည်း။ သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ လူဌ်။ အသာမာရဏာသီလာဒိ-ဂုဏဿ၊ သူတပါးတို့နှင့် မဆက်ဆံသော သီလ-အစရှိသော ဂုဏ်ရှိတော်မူသော။ တထာ-ဂတဿ၊ မြတ်စွာဘုရား၏။ သီလာဒိဂုဏတော၊ သီလ-အစရှိသော ဂုဏ်ထက်။ ဥတ္တရိ၊ အလွန်။ ပသာဒါ'ဝဟော၊ ကြည်ညိုခြင်းကို ဆောင်နိုင်သော။ အညော၊ တပါးသော။ သီလာဒိဂုဏော နာမ၊ သီလ-အစရှိသော ဂုဏ်မည်သည်။ နတ္ထိ၊ မရှိ။

http://www.dhammadownload.com

ဤသို့လျှင် မြတ်စွာဘုရားသည် ၄-ပါးသော နှိုင်းယှဉ်ခြင်းဖြင့် နှိုင်းယှဉ်အပ်သော လောကဌေးသော လူအပေါင်းကို လက်ဆုပ်ဖြင့် သိမ်းကျုံး၍ ယူဘိသကဲ့သို့ အလုံးစုံသော အရာဌာနကို တဝတည်း သိမ်းရုံး၍ ဖြေနိုင်၏။ ထို့ကြောင့် ပုဂ္ဂလပညတ်အဋ္ဌကထာ၌–

ကတိ ဘဂဝါ စတုပ္ပမာဏိကံ လောကသန္ဓိဝါသံ မုဋ္ဌိနာ ဂဟေတ္ဝာ ဝိယ ဋ္ဌိတော။

ဟူသောပါဠိ(အဘိ၊၅၊၃။စ၁)ကို မိန့်ဆိုဖွင့်လှစ်တော်မူပြန်သတည်း။

ကတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စတုပ္ပမာဏိကံ၊ ၄-ပါးသော နှိုင်းယှဉ်အပ်သော။ ကမံ လောကသန္ဓိဝါသံ၊ ဤလောကဌေးသော လူအပေါင်းကို။ မုဋ္ဌိနာ၊ လက်ဆုပ်ဖြင့်။ ဂဟေတ္ဝာ၊ ယူ၍။ ဋ္ဌိတော ဝိယ၊ တည်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။

တိ ပဉ္စ ဒသ ကာသျံသေ၊ ဒွေ စတ္တာရော နဝေ'ကံသာ။
ရူပေ ယောသေ လူဓေ ဓမ္မေ၊ ပသန္နာ ယေ စ တေ သတ္တာ။ –

သတ္တေ၊ ခပ်သိမ်းကုန်သော။ ယေ စ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေ သတ္တေ၊ ထိုသတ္တဝါတို့ကို။ တိ ပဉ္စ ဒသ ကာသျံသေ၊ ၃-စု, ၅-စု, ၁၀-စု, အစု ၁,၀၀၀-တို့ကို။ ကတွာ၊ ပြု၍။ ဒွေ စတ္တာရော နဝေ'ကံသာ၊ ၂-စု, ၄-စု, ၉-စု, ၁-စုတို့သည်။ ရူပေ၊ အဆင်း၌လည်းကောင်း။ ယောသေ၊ ကျော်စောသံ၌လည်းကောင်း။ လူဓေ၊ ခေါင်းပါးကျင့်မြတ် ပဋိပတ်၌လည်းကောင်း။ ဓမ္မေ၊ တရားတော်၌လည်းကောင်း။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဤကား အကျဉ်းမှတ်ရန်ဂါထာ။

ဤစကားကို အကျယ်သိလိုလျှင် ပုဂ္ဂလပညတ် အဋ္ဌကထာမှာ ကြည့်လေ။ ဤသို့ ကျမ်းဂန်အရာကို ညွှန်ပြရခြင်းသည် အဘယ်အကျိုးရှိသနည်းဟူမူကား မြတ်စွာဘုရားသည် သာလျှင် ပိဋကတ် ၃-ပုံတို့၌ အနက်၏ဖွင့်ခြင်း အစဉ်ကို ဟောတော်မူ၏။ ထိုထိုသို့သော အရာတို့၌ မြတ်စွာဘုရားသည်သာလျှင် ဖြစ်စေတော်မူ၏။ ထိုစကား မှန်၏။ ပြိုးပြွမ်းသော ပကိဏ္ဏကဒေသနာသည်သာလျှင် အဋ္ဌကထာ မည်၏။ များသောအားဖြင့် တပါးကုန်သော အဋ္ဌကထာ, ဋီကာတို့သည်လည်း ရှိကုန်ရကား ပညာရှိသောသူတို့သည် ကောင်းစွာ မှတ်ယူ လွယ်ခြင်း အကျိုးရှိ၏။ ထို့ကြောင့် ကျမ်းဂန်အရာကို အသေအချာ ညွှန်ပြထုတ်ဆောင် အပ်သတည်း။

၁၂၃၇-ခု၊ သီတင်းကျွတ်လဆန်း၊ ၁၁-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ကျောက်ဆောက်မြို့၊ ရဟန်းတော် ဦးပညာ-က ကမ္ဘာပျက်ခြင်း ၃-ပါးကို ကွဲကွဲပြားပြား မှတ်သားပါရအောင် ဖြေမိန့်ကြားပါမည့် အကြောင်းနှင့် လျှောက်ထားချက်

[၂၆] "ဘုရားတပည့်တော် ကျောက်ဆောက်မြို့နေ၊ ရဟန်း ဓမ္မဝင်ပညာ လျှောက်ပါသည် ဆရာတော်ဘုရား။

ကမ္ဘာပျက်ခြင်း အပြား ၃-ပါးတို့တွင် မီးဖျက်သောကမ္ဘာ၌ မီး-စ၍ လောင်သည်။ ရေဖျက်သော ကမ္ဘာ, လေဖျက်သော ကမ္ဘာတို့၌ ရေပင် စ၍ ဖျက်သည်ကို ကွဲပြားခြားနား၍ မသိပါသောကြောင့် ကွဲပြားခြားနား၍ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ ဖြေဆိုအမိန့်ရှိပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ကျောက်ဆောက်မြို့၊ ရဟန်းတော် ဓမ္မဝင်ပညာက ကမ္ဘာပျက်ဟန် ၃-ပါးကို ကွဲပြားသိသာ မှတ်သားပါရအောင်-ဟု လျှောက်ထားချက်–

[၂၆] ကမ္ဘာပျက်ခြင်း၏အကြောင်း မေးလျှောက်သည်မှာ ရှေးဦးစွာ **ကမ္ဘာဖျက်မီး** သည် စကြဝဠာ ကုဋေ ၁-သိန်းလုံးကို နှံ့စေ၍ လွှာလတ်၏။ ထိုအခါ လူတို့သည် ဝမ်းမြောက်ဝမ်းသာ အလုံးစုံသော မျိုးစေ့တို့ကို စိုက်ပျိုးကြဖြန့်ကုန်၏။ ကောက်ပင်ကို နွားစားလောက် ရုံမျှ ကြီးပွါးကြလျှင် မြည်းဟီသံကဲ့သို့ ပြင်းထန်စွာ မြည်ချုန်းလျက် တစ်စက်, တစ်ပေါက်မျှ မကျဘဲ ပျက်ခဲ့၍ ကာလရှည်ကြာ မိုးမရွာသဖြင့် မိုးကို မှီ၍ အသက်ရှည်ကြရသမျှ သတ္တဝါတို့သည် သေ၍ ပရိတ္တာဘာ-အစရှိသော ငြဟ္မာဘုံတို့၌ ဖြစ်ကြလေကုန်၏။

ဤနည်းဖြင့် ထိုထိုဘုံဘဝ ဌာနအရပ်တို့၌ စွဲကပ်တည်နေကြကုန်သော သတ္တဝါအပေါင်းတို့သည် တစ်ဆင့်, တစ်ဆင့်တက်၍ အထက်မီးလွှတ်ရာ ငြဟ္မာဘုံတို့၌ ဖြစ်ကြကုန်၏။ ထိုအခါ လောကဗျူဟာမည်သော ကာမာဝစရနတ်သည် အရပ်ထက်ဝန်းကျင် လှည့်လည်၍ ယိုထွက်သော မျက်ရည်ဖြင့် ငိုကြွေးလျက် "**အနှစ် ၁-သိန်းထက်၌** ဤကမ္ဘာ၏ ပျက်ခြင်းသည် ဖြစ်လတ္တံ့။ ၄-ပါးသော ငြဟ္မစိုရိတရားကို ပွါးများကြကုန်။ မိခင်,ဖခင်တို့ကို အရိုအသေ လုပ်ကျွေးကြကုန်"ဟု ကြွေးကြော်မြည်တမ်းလာသည်ကို မြင်,ကြား,သိရသဖြင့် ထိတ်လန့်ကြောက်ရွံ့ကြ၍ ခပ်သိမ်းကုန်သော လူ, ဘုမ္မစိုးနတ်-စသည်တို့သည် မေတ္တာ, ဘာဝနာ-စသော ကုသိုလ်တရားကို အားထုတ်ကြ၍ နတ်ပြည်၌ ဖြစ်ကြလေကုန်၏။

http://www.dhammadownload.com

နတ်ပြည်မှ ဝါယောကသိုက်းကို စီးဖြန်းကြ၍ ပြဟ္မာဘုံသို့ ရောက်ကုန်၏။ ပြဟ္မာဘုံသို့ မရောက်ထိုက်သော နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသော ဇရဲသူသတ္တဝါတို့သည် မီးလွတ်ရာ စကြဝဠာတပါးသို့ ကူးသွားရွှေ့ပြောင်းကြလေကုန်၏။

ထို့နောင် ကမ္ဘာပျက်မိုး ရွာသည်မှ စ၍ ကာလရှည်ကြာလတ်သော် ၂-ခုမြောက်သော နေသည် ထွက်ခဲ့၏။ ရှေးကမ္ဘာဦးမှဖြစ်သော နေ၌ နေနတ်သားတို့ ရှိသကဲ့သို့ ကမ္ဘာပျက်နေ၌ နတ်သားတို့သည် မရှိကုန်။

- ရှေးကမ္ဘာဦး၌ဖြစ်သော နေသည်လည်း ရှေးထက် လွန်စွာ အရောင်အဝါ တောက်ပ၍ နေ့,ည အပိုင်းအခြား မရှိ။ တိမ်တောင်မြူခိုး ကင်းသဖြင့် အလင်းအတိသာဖြစ်၏။
- ထိုဒုတိယနေ ထွက်လျှင် မြစ်ငယ်, အိုင်ငယ်တို့သည် ခန်းခြောက်လေကုန်၏။
- ထို့နောင် ကာလရှည်ကြာမှ တတိယနေ ထွက်၍ မြစ်ကြီးတို့သည် ခန်းခြောက်လေကုန်၏။
- ထို့နောင် ကာလရှည်ကြာမှ စတုတ္ထနေ ထွက်၍ အိုင်ကြီးတို့သည် ခန်းခြောက်လေကုန်၏။
- ထို့နောင် ကာလရှည်ကြာမှ ပဉ္စမနေ ထွက်၍ သမုဒ္ဒရာရေတို့သည် ခန်းခြောက်လေကုန်၏။
- ထို့နောင် ကာလရှည်ကြာမှ ဆဋ္ဌမနေ ထွက်၍ အလုံးစုံသော စကြဝဠာသည် အခိုးအလျှံအတိ ဖြစ်၏။ ဤစကြဝဠာကဲ့သို့ စကြဝဠာ ကုဋေ ၁-သိန်း၌ပင် ဖြစ်၏။
- ထို့နောင် ကာလရှည်ကြာမှ သတ္တမနေ ထွက်လတ်၍ တစပ်တည်းစပ်သဖြင့် စကြဝဠာကုဋေ ၁-သိန်းလုံး၌ တပြိုင်နက် မီးထ၍ စာတုမဟာရာဇ်-စသော နတ်ဘုံမှ ပြဟ္မာဘုံတိုင်အောင် လောင်၏။ စကြဝဠာ ကုဋေ ၁-သိန်းအတွင်း၌ အဏုမြူခန့်မျှသော သခါရကို မကြွင်းမကျန်စေဘဲ လောင်ကျွမ်း၍ မီးငြိမ်း၏။

ထိုအခါ တခဲနက် မှောင်အတိဖြစ်၍ ကာလရှည်ကြာလတ်သော် တပို့တွဲလ, တပေါင်းလတို့၏ အကြားဖြစ်သော ၈-ရက်အတွင်း 'အန္ဆရဋ္ဌကဋ္ဌကျသော ဆီးနှင်းကဲ့သို့ သေးဖွဲသော မိုးမှ စ၍ ကြာရိုးပမာဏ, ကျည်ပွေပမာဏမှ စ၍ ကြီးစွာသော မိုးရေအလျဉ်သည် စကြဝဠာ ကုဋေ ၁-သိန်းလုံးကို ပြည့်စေ၍ ရွာလတ်သဖြင့် မီးဖျက်ရာ အရပ်တိုင်အောင် ပြည့်လျက် ပဒုမ္မာကြာဖက်ပေါ်တွင် တင်သော ရေပေါက်ကဲ့သို့ အောက်၌ ခံသော ဥဒကသန္ဓာရကလေ၏အထက်၌ တည်၏။ ထိုရေသည် တရွေ့ရွေ့ ကုန်ခန်းသဖြင့် ပဌမ-ဈာန်ပြဟ္မာဘုံမှ စ၍ ပရနိမ္မိတဝသဝတ္တီ, နိမ္မာနရတိ-စသော နတ်ပြည်တို့သည် ပဋိလောမ

http://www.dhammadownload.com

အားဖြင့် အစဉ်အတိုင်း တည်ခဲ့ဖြစ်ခဲ့၍ ရေပေါက်၌ ပဒုမ္မာကြာဖက်ကဲ့သို့ စကြဝဠာ ကုဋေ ၁-သိန်းတွင် ရှေးကမ္ဘာက စကြဝဠာတည်ရာ ဌာနတို့၌ အသီးအသီး မြင်းမိုရ်, စကြဝဠာ, သီတာ, သတ္တရဘန်, တောင်ရံ, ကျွန်းတို့နှင့်တကွ တည်၏။

ထိုအခါ မဟာလှေကားပန်း၏ အဆင်းကဲ့သို့ အဆင်းရှိသော, ကောင်းသော ပန်းဝတ်၏ အနံ့နှင့်တူသော အနံ့ရှိသော, ထည့်အပ်သော နတ်သုဓာကဲ့သို့ အရသာနှင့် ပြည့်စုံသော မြေအပြင်သည် ရေ-မရောသော နို့ယနာ၏ အထက်အပြင်ကဲ့သို့ တည်၏။ သို့ မဟာပထဝီ၌ ဗောဓိပင်ပေါက်ရောက်ရာ မြေအပြင်သည် ပျက်သောအခါ နောက်မှ ပျက်၏၊ တည်သောအခါ ရှေးဦးစွာ တည်၏။ ထိုဗောဓိပင်ရာ၌ ပဋ္ဌနိမိတ်ဖြစ်သော တစ်ခုသော ကြာပင်သည် ပေါက်၏။ ထိုကမ္ဘာ၌ ဘုရားဖြစ်သည်ရှိသော် ကြာပင်သည် ပွင့်၏၊ မဖြစ်သည်ရှိသော် မပွင့်။ ထိုသို့ ပွင့်ရာ၌လည်း–

- ဘုရား ၁-ဆူ ဖြစ်တော်မူအံ့သော ကမ္ဘာ၌ ၁-ပွင့်သာ ပွင့်၏။
- ၂-ဆူ ဖြစ်တော်မူအံ့သော ကမ္ဘာ၌ ၂-ပွင့် ပွင့်၏။
- ၃-ဆူ ဖြစ်တော်မူအံ့သော ကမ္ဘာ၌ ၃-ပွင့် ပွင့်၏။
- ၄-ဆူ ဖြစ်တော်မူအံ့သော ကမ္ဘာ၌ ၄-ပွင့် ပွင့်၏။
- ၅-ဆူ ဖြစ်တော်မူအံ့သော ကမ္ဘာ၌ ၅-ပွင့် ပွင့်၏။

ထိုသို့ ပွင့်ရာ၌လည်း ၁-ခုသော ကြာရိုး၌ပင် ၁-ခု, ၂-ခု-စသော အချက်တို့သည် ဖြစ်ကုန်၏။

- ၁-ဆူ ပွင့်သော ကပ်သည် သာရကပ် မည်၏။
- ၂-ဆူ ပွင့်သော ကပ်သည် မဏ္ဍကပ် မည်၏။
- ၃-ဆူ ပွင့်သော ကပ်သည် ဝရကပ် မည်၏။
- ၄-ဆူ ပွင့်သော ကပ်သည် သာရမဏ္ဍကပ် မည်၏။
- ၅-ဆူ ပွင့်သော ကပ်သည် ဘဒ္ဒကပ် မည်၏။

"ရွှေအိမ် ရွှေစိ၊ အိမ်ကို စိ၊ အိမ်ကျိ၊ အိမ်ကျပ်တင်" ဤကား ဘုရားနှင့် ကပ်ကို စပ်၍ အကျဉ်းမှတ်ရန်။

ထိုအခါ အာဘဿရာပြဟ္မာဘုံ၌ ရှေးဦးစွာ ဖြစ်ကုန်သော ပြဟ္မာတို့သည် အသက်ကုန်သဖြင့်လည်းကောင်း ကုသိုလ်ကုန်သဖြင့်လည်းကောင်း ထိုပြဟ္မာဘုံမှ စုတေ၍ လူ့ဘုံ၌ ဥပပတ်ပဋိသန္ဓေဖြင့် ဖြစ်လာကုန်၏။ ထိုကမ္ဘာဦးသူတို့သည် ကိုယ်အရောင် တောက်ပ

http://www.dhammadownload.com

ကုန်၏။ ကောင်းကင်၌ သွားနိုင်ကုန်၏။ ထိုကမ္ဘာဦးသူတို့သည် ရသပထဝီကို သုံးဆောင်မိသဖြင့် တပ်ခြင်း တဏှာရာဂဖြစ်လေလျှင် ကိုယ်အရောင်အဝါ ကွယ်ပျောက်၍ အမိုက်အတိရှိသောကြောင့် ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ခဲ့ရကား ထိုသူတို့အား ရဲရင့်ခြင်းကို ဖြစ်စိမ့်သောငှာ ယူဇနာ ၅၀-ရှိသော နေဇိမာန်သည် ပေါ်ထွက်လာ၏။ ထိုအခါ ဝမ်းမြောက်ဝမ်းသာ ငါတို့အား ရဲရင့်ခြင်းကို ဖြစ်စေလျက် ပေါ်ထွက်လာ၏။ ထိုအခါ ဝမ်းမြောက်ဝမ်းသာ ငါတို့အား ရဲရင့်ခြင်းကို ဖြစ်စေလျက် ပေါ်ထွက်လာသတည်း-ဟု **သူရိယ**-ဟူသော ပညတ်နာမ ဝေါဟာရကို မှည့်ကြကုန်၏။

နေ့အခါ အလင်းဖြစ်၍ နေဝင်ခဲ့သော် အမိုက်အတိရှိပြန်ရကား ထိတ်လန့်ကြောက်ရွံ့ခြင်း အသစ်ဖြစ်ပြန်၍ ငါတို့အား တပါးသော အလင်းကို ရပါမူကား ကောင်းလေစွ-ဟု တောင့်တသည့် အားလျော်စွာ ၄၉-ယူဇနာရှိသော **လဇိမာန်**သည် ပေါ်ထွက်လာပြန်သဖြင့် လူတို့၏ ဆန္ဒအာသာကို ကောင်းစွာ သိဘိသကဲ့သို့ ဖြစ်သည်-ဟူသော သဉ္ဇာ-အနွတ္ထ၊ ဝေါဟာရကြောင့် **ဆန္ဒ**-ဟု တွင်ပြန်သတည်း။ ဆန္ဒပုဒ်နေတွင် ဆ-ကို စ-ပြု၍ **စန္ဒ**-ဟု လို၏။

ထိုနေ, လတို့ ပေါ်ထွက်သည်နှင့် တပြိုင်နက် နက္ခတ်, တာရာ, မြင်းမိုရ်, စကြဝဠာသီတာ, သတ္တရဘန်, တောင်ရံ, ကျွန်း, သမုဒ္ဒရာ, ဟိမဝန္တာ-စသည်တို့သည် ထင်ရှားဖြစ်ကုန်၏။ ထိုနေ,လ ပေါ်သည့်နေ့မှ စ၍ နေ့, လ, နှစ်, ဥတု, ရတု, ရာသီ, အခါကာလ, နေ့, ည၌တို့သည် ဖြစ်ကုန်၏။ ဆန်ထမင်းချက်သောကာလ အပွက်ထသည်ရှိသော် ညီညွတ်သောအရာ, နိမ့်ရာ, မြင့်ရာ ဖြစ်သကဲ့သို့ ထို့အတူ မြင့်ရာ,မြင့်ရာအရပ်တို့၌ **တော**, **တောင်**တို့သည် ဖြစ်ကုန်၏။ နိမ့်ရာ, နိမ့်ရာအရပ်တို့၌ သမုဒ္ဒရာတို့သည် ဖြစ်ကုန်၏။ ညီညွတ်ရာအရပ်၌ ကျွန်းတို့သည် ဖြစ်ကုန်၏။ ထိုအခါ ရသပထဝီကို သုံးဆောင်ကုန်သော လူတို့တွင် အချို့ အဆင်းလှကုန်သည်၊ အချို့ အဆင်းမလှကုန်။ အဆင်းလှသောသူတို့သည် အဆင်းမလှသောသူတို့ကို ကဲ့ရဲ့ရှုတ်ချ မာန်မာန တက်ကြွလေ၍ မထီမဲ့မြင် ပြုကြသောကြောင့် ရသပထဝီ ကွယ်ပျောက်လျှင် ထို့နောင်မှ **မြေဆီ**,**မြေလွှာ** အရသာပေါ်ထွက်၍ နှစ်သက်စွာ သုံးဆောင်ကြ၏။

ဆိုအပ်ခဲ့ပြီးသော ဥပမာဖြင့် **မြေဆီ**,**မြေလွှာ** ကွယ်ပျောက်ပြန်က **ပဒါလတာ** မည်သော **အဆင်းအနံ့နှင့် ပြည့်စုံသော အရသာနွယ်**သည် ဖြစ်လာ၍ ထိုအရသာ တဖန် ကွယ်ပျောက်ပြန်က ဖွဲအခွံမပါ ကောင်းစွာဖြူစင်သော **သလေးကောက်ဆန်**သည် ဖြစ်လာ၍ အိုး၌ ထည့်ပြီးသော် ပတ္တမြားခဲ့လောက်ဖြင့် ချက်ပြုတ်၍ လက်သုပ်ဟင်းလျာ မရှာရဘဲ လိုရာ,လိုရာ အရသာကို အလိုရှိသမျှ ကောင်းစွာ ခံစားသုံးဆောင်ကြ၍ ကြိမ်းတမ်းသော

http://www.dhammadownload.com

အာဟာရကြောင့် မုတ္တ, ကရီသဖြစ်လာ၍ ထွက်ရာ, စွန့်ရာ ပဿာဝမဂ်, ဝစ္စမဂ်တို့သည် ရှေးအထက်ကာလ ရှေးဘဝက ဣတ္ထိ,ပုရိသဖြစ်ကြဖူးသည့်အားလျော်စွာ ဖြစ်လာကြကုန်၏။

ထိုအခါ အချင်းချင်း ၁-ယောက်သည် ၁-ယောက်အား မျက်ဝါးတည့်တည့် စိမ်းစိမ်းကြည့်ရှုကြသဖြင့် ရာဂပြင်းစွာ ပူလောင်နှိပ်စက်ကြကုန်သောကြောင့် မေထုန်မှီဝဲကြ၍ အသဒ္ဓမ္မပဋိသေဝနကို ကျင့်ကြလေကုန်၏။ လုံခြုံစေခြင်းအကျိုးငှာ အိမ်ရာဆောက်လုပ်နေထိုင်ကြကုန်၏။ ယူငင်စားသောက်ကြသော သလေးဆန်သည်လည်း ရှေးအခါကဲ့သို့ ဆန်ချည်းသာ မသီးဘဲ ဖွဲအခွံနှင့်တကွ ဖြစ်လာ၍ သူ့ဟာ, ငှါဟာ နေရာခွဲခြား သားနားကွက်ကန့် သီးသန့်ပိုင်းခြား မှတ်သားသိမ်းဆည်း သိုမှီးစောင့်ရှောက်ကြ၍ သကသကသညာ၊ လယ်ယာ, စည်းခြံ၊ ဥယျာဉ်, စောင်းတန်း၊ အရံအတား မှတ်သားပြုလုပ်ကြလေသည်။

ထိုအခါ ယုတ်မာသောသူ အချို့လူတို့က မိမိဥစ္စာ ကုန်ခန်းလေလျှင် သူတပါး ဥစ္စာကို ခိုးယူကဲ့ဝှက်ပြန်သဖြင့် တုတ်, လုံ့, သံ, ကျောက်, အုတ်ခဲတို့ဖြင့် ခြိမ်းခြောက်ပြောဆို၍ လွှတ်လိုက်၏။ ထိုကာလမှ စ၍ သူဥစ္စာကို ခိုးယူသော **အဒိန္နာဒါန** ဖြစ်လာ၏။ ထိုအခါ အနှစ် ၈-သောင်းတမ်း-ဟူ၏။

ထို့နောက်မှ ကုန်းတိုက်, ကုန်းချောင်၍ ပြောဆိုသော **ဝိသုဏာဝါစာ**သည် အနှစ် ၂-သောင်းတမ်းက စ၍ ဖြစ်လာ၏။ ထို့နောင်မှ သူတပါးတို့ သားမယားတို့ကို မှားယွင်းကျင့်ကြံသော **ကာမေသုမိစ္ဆာစာရ**သည် အနှစ် ၁-သောင်းတမ်း က စ၍ ဖြစ်လာ၏။

ထို့နောင်မှ ကြမ်းတမ်းစွာ ဆဲရေးသော **ဖရုသဝါစာ**, အကျိုးမရှိ၊ နိရတ္ထကကို ပြောသော **သမ္ဖပ္ပလာပ**တို့သည် အနှစ် ၅-ထောင်တမ်းက စ၍ ဖြစ်လာ၏။

ထို့နောင်မှ သူတပါးအသက်ကို သေစေလိုသဖြင့် ကြံသော **ဗျာပါဒ**, သူတပါးဥစ္စာကို မိမိဥစ္စာဖြစ်စေခြင်းငှာ ရှေးရှုကြံသော **အဘိဇ္ဈာ**တို့သည် အနှစ် ၂,၅၀၀-တမ်းက စ၍ ဖြစ်လာ၏။

ထို့နောင်မှ မှားသော အယူကို ယူသော **မိစ္ဆာဒိဋ္ဌိ**သည် အနှစ် ၁-ထောင်တမ်းက စ၍ ဖြစ်လာ၏။

ထို့နောင်မှ အမိ, မိကြီး, မိထွေး, နှမ, သမီး, အဘ, ဘကြီး, ဘထွေး, မောင်, သားတို့၌ တပ်သော **အဓမ္မရာဂ**,

မိမိသား,မယား၌ပင် ပြင်းစွာ အလွန်အကြူး တပ်စွန်းသော **ဝိသမရာဂ**၊

http://www.dhammadownload.com

ယောကျ်ားကို ယောကျ်ားချင်း, မိန်းမကို မိန်းမချင်း တပ်သော မိစ္ဆာဓမ္မ ဤတရား ၃-ပါးတို့သည် အနှစ် ၅၀၀-တမ်းက စ၍ ဖြစ်လာ၏။ ထို့နောက်မှ–

- ရဟန်း, ပုဏ္ဏားတို့ကို မရိုမသေ မထေမဲ့မြင်ပြုသော အသာမည,
- ဘုရား, ပစ္စေကဗုဒ္ဓါတို့ကို မရိုမသေ မထေမဲ့မြင်ပြုသော အဗြဟ္မဉ,
- အမိကို မရိုမသေ မထေမဲ့မြင်ပြုသော အမတ္တေယျ,
- အဘကို မရိုမသေ မထေမဲ့မြင်ပြုသော အပေတ္တေယျ,
- အမျိုး၌ အသက်အရွယ်ဂုဏ်ဖြင့် ကြီးသောသူတို့ကို မရိုမသေ မထေမဲ့မြင်ပြုသော နကုလေဇေဋ္ဌာပစာယီ၊

ဤတရား ၅-ပါးတို့သည် အနှစ် ၂၅၀-တမ်းက စ၍ ဖြစ်၏ (ဒီ၃။၅၈)။

သူတပါးတို့ ဥစ္စာကို ခိုးယူသော အဒိန္နာဒါနဖြစ်သောအခါ သတ္တဝါတို့သည် ဤသို့ ကြံအောက်မေ့ကြ၏။ "ငါတို့တွင် အကြီးအကဲဖြစ်သော သူ ၁-ယောက်ကို မဟာသမ္မတမင်း မြှောက်၍ ခြိမ်းခြောက်ပြောဆိုသင့်သူကို ပြောဆိုခြိမ်းခြောက်, ငေါက်မေးဆုံးမ ရှုတ်ချကဲ့ရဲ့ ပြက်ပြက်ထင်ထင် ပြစ်ဒဏ်တင်၍ စီရင်နှိပ်ကွပ်စေရန်ဖြင့် ငါတို့ကလည်း ဒသမဘာဂ ဖြစ်သော ၁၀-ဖို့, ၁-ဖို့ကို နှစ်လိုသာကြည် ပေးအံ့သည်"ဟု ကြံစည်ကြလေကုန်၏။

ထိုအခါ ငါတို့ ဂေါတမဘုရားအလောင်းတော်သည် ထိုသူတို့တွင် အဆင်အခြင် ပညာ, ခွန်အားစွမ်းပကားဖြင့် သူတပါးတို့ကို အလိုက္ခကာ ဆုံးမတားမြစ်ခြင်းငှာ စွမ်းနိုင်ခြင်း, အဆင်းသဏ္ဌာန်, ကြွန်အင်လက္ခဏာ, တင့်တယ်စွာသော ယောကျ်ား ၁-ဦး အထူးဖြစ်လာ၏။ ထိုသူကို တောင်းပန်ကြ၍ မဟာသမ္မတ, ခတ္တိယ, ရာဇ-ဟူသော အမည်တူ ၃-ပါး ဖြင့် တရားနှင့်အညီ စောင်မ၍ ရာဇဓမ္မသင်္ဂဟဖြင့် မဟာသမ္မတမင်း မြှောက်၏။

ထိုအခါ အချို့သောသူတို့သည် ဤသို့ ကြံအောက်မေ့ကြကုန်၏။ "အချင်းတို့၊ သတ္တဝါတို့၌ ရိုက်ပုတ်ညှဉ်းဆဲ ခိုးယူခြင်း, မဟုတ်မမှန် ပြောဆိုခြင်း, ကဲ့ရဲ့ရှုတ်ချခြင်းတို့သည် ဖြစ်ကုန်၏။ ငါတို့သည် မကောင်းမှုမှ ကင်းခြင်းငှာ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်နေထိုင်ကြအံ့"ဟု အစုအသင်းအပင်း ဖွဲ့စည်းကြ၍ ပဏ္ဏကုဋိ-စသော အရိပ်သခင်မဲ့၌ နေလျက် မြို့,ရွာ,နိုင်ုံးအရပ်တို့၌ ရပ်ခံတောင်းစား၍ တရားနှင့်အညီ နေကြသောကြောင့် ဗြာဟ္မဏမျိုး-ဟု တွင်လေသည်။

အချို့ကုန်သောသူတို့သည် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း-စသော အမှုကို ပြုလုပ်၍ အသက်မွေးကြကုန်သောကြောင့် ဝေဿ-ဟု တွင်လေသည်။

http://www.dhammadownload.com

အချို့ကုန်သောသူတို့သည် သူတပါးတို့ကို နှိပ်စက်ညှဉ်းဆဲခြင်းဖြင့် ဆင်းရဲပြိုင်စွာ အသက်မွေးကြကုန်သောကြောင့် သုဒ္ဓ-ဟု တွင်လေသည်။

ဤသို့ မင်း, ပုဏ္ဏား, ကုန်သည်, သူဆင်းရဲ-ဟူသော အမျိုး ၄-ပါးတို့သည် ဖြစ်ကုန်၏။

ထို့ကြောင့် အဋ္ဌကထာ၌–

> **အာဒိတောဝ ကပ္ပဝိနာသကမဟာမေဃော ဝုဋ္ဌတိတ္တာ ကောဋိသတ-သဟဿစက္ကဝါဠေ ဧကံ မဟာဝဿံ ဝဿတိ၊ မနုဿာ တုဋ္ဌာ သပ္ပဗီဇာနိ နီဟရိတ္တာ ဝပ္ပန္တိ ။လ။ ယေ ပန တသ္မိံ သမယေ ပရဝိဇေနာဒိလုဒ္ဓါစာရာ အဟေသုံ၊ တေ သုဒ္ဓါတိ ဝုစ္စန္တိ။** (ဒီသုဒ္ဓိ၂။၄၄)–

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ထိုသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ရှေးဦးစွာသော ကမ္ဘာဖျက်မိုး ရွာသည်မှ စ၍ မီးလျှံ စဲသည်တိုင်အောင် သံဝဋ္ဋ-မည်သော ရှေးဦးစွာသော အသင်္ချေယျကပ် မည်၏။

ကမ္ဘာပျက်မီးလျှံ စဲသည်မှ စ၍ စကြဝဠာ ကုဋေ ၁-သိန်းလုံးကို ပြည့်သည့် ကမ္ဘာပြုမိုး ရွာသည်တိုင်အောင် သံဝဋ္ဋဋ္ဌာယီမည်သော ၂-ခုမြောက်သော အသင်္ချေယျကပ် မည်၏။

ကမ္ဘာပြုမိုးရွာသည်မှ စ၍ နေ,လ ပေါ်သည့်တိုင်အောင် ဝိဝဋ္ဋ-မည်သော ၃-ခုမြောက်သော အသင်္ချေယျကပ် မည်၏။

နေ,လ ပေါ်သည်မှ စ၍ တဖန် ကမ္ဘာပျက်မိုး ရွာပြန်သည့်တိုင်အောင် ဝိဝဋ္ဋဋ္ဌာယီ မည်သော ၄-ခုမြောက်သော အသင်္ချေယျကပ် မည်၏။

ထိုအသင်္ချေယျကပ် ၄-ကပ်တို့တွင် ၁-ခု ၁-ခုသော အသင်္ချေယျကပ်သည် အန္တရကပ် ၆၄-ကပ် အတိုင်းအရှည် ရှိ၏။ **အန္တရကပ်**-ဟူသည် လူတို့အသက် ၁၀-နှစ်တမ်းမှ အသင်္ချေယျတမ်းတိုင်အောင် တက်ခဲ့၍ တဖန် ဆုတ်ခဲ့ပြန်သဖြင့် ၁၀-နှစ်တမ်းတိုင်အောင် ရောက်ပြန်လျှင် ၁-ခုသော အန္တရကပ် မည်၏။

ထို့ကြောင့် အဋ္ဌကထာ၌–

> **ကပ္ပဝိနာသကမဟာမေဃတော ယာဝ ဇာလုပစ္ဆေဒေါ၊ ဣဒံ ပဌမံ အသင်္ချေယျံ သံဝဋ္ဋောတိ ဝုစ္စတိ။ ကပ္ပဝိနာသကဇာလုပစ္ဆေဒတော ယာဝ ကောဋိသတ-သဟဿစက္ကဝါဠပရိပူရကော သမ္ပတ္တိမဟာမေဃော၊ ဣဒံ ဒုတိယံ အသင်္ချေယျံ သံဝဋ္ဋဋ္ဌာယီတိ ဝုစ္စတိ။ သမ္ပတ္တိမဟာမေဃတော ယာဝ စန္ဒိမသူရိယပါတု-**

http://www.dhammadownload.com

ဘာဝေါ၊ ဣဒံ တတိယံ အသင်္ခေယ္ယံ ဝိဝဋ္ဋောတိ ဝုစ္စတိ။ စန္ဒိမသူရိယပါတု-ဘာဝတော ယာဝ ပုန ကပ္ပဝိနာသကမဟာမေဃော၊ ဣဒံ စတုတ္ထံ အသင်္ခေယ္ယံ ဝိဝဋ္ဋဌာယိတိ ဝုစ္စတိ၊ ဝိဝဋ္ဋဌာယိ အသင်္ခေယ္ယံ စတုသင်္ခိအန္တရကပ္ပသံဂဟံ။

ဟူသော ပါဠိ(ဝိသုဒ္ဓိ၊၂။၄၉၊၅၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဤတွင် မီးဖျက်သောကမ္ဘာ၌ မီးဖျက်သော အခြင်းအရာကို ဆိုသောစကားရပ် အပြီးသတ်တည်း။

အကြင်အခါ ကမ္ဘာသည် ရေဖြင့် ပျက်၏။ ထိုရေဖျက်သော ကမ္ဘာ၌ ရှေးဦးစွာ ကမ္ဘာဖျက်မိုး ရွာသည်မှ စ၍ ကမ္ဘာဖျက်မိုး စဲသည်တိုင်အောင်သော စကားရပ်ကို မီးဖျက်သောကမ္ဘာနှင့် တူစွာ မှတ်ရာ၏။ အထူးကား မီးဖျက်သော ကမ္ဘာ၌ ၂-ခုမြောက်သော နေ-ပေါ်ထွက်လာသကဲ့သို့ ကမ္ဘာဖျက်သော ခါရုဒကမည်သော ဆားငန်မိုးသည် သိမ်မွေ့သေးဖွဲစွာ ရွာသည်မှ စ၍ ကြီးလှစွာသော ရေအလျဉ်သည် စကြဝဠာကုဋေ ၁-သိန်းလုံး ပြည့်စေလျက် ရွာ၏။

ခါရုဒကမည်သော ဆားငန်ရေ ထိသမျှ မြေ,တောင်တို့သည် ကြေမွပျောက်ပျက်လေ၍ မြေကို ခံသောရေနှင့် တစပ်တည်း ဖြစ်၏။ လူပြည်, နတ်ပြည်မှ အထက်ဒုတိယ ဈာန်ဘုံတိုင်အောင် ကြေမွပျောက်ပျက်၍ အဏုမြူခန့်မျှ သခီရ မကြွင်းမကျန်စေရ၊ မိမိနှင့်တကွ ပျောက်ပျက်၍ အထက်,အောက် ဟင်လင်းအပြင် ဖြစ်၏။

မီးဖျက်သော ကမ္ဘာ၌ကား မဟာပြဟ္မဘုံမှ စ၍ ပဋိလောမအားဖြင့် တည်၏။ ရေဖျက်သော ကမ္ဘာ၌ကား အာဘဿရဘုံမှ စ၍ ပဋိလောမအားဖြင့် တည်၏။ သုဘကိဏ္ဏာဘုံမှ ပြဟ္မာတို့သည် အသက်ကုန်သဖြင့်လည်းကောင်း အာဘဿရဘုံ-စသည်တို့၌ ဖြစ်ကုန်၏။ ဤမှ ကြွင်းသမျှ စကားရပ်တို့သည် မီးဖျက်သော ကမ္ဘာ၌ ဆိုအပ်ပြီးသော အတိုင်းပင်တည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

ယသ္မိ ပန သမယေ ကပ္ပေါ ဥဒကေန ဝိနဿတိ၊ အာဒိတောဝ ကပ္ပဝိနာသကမဟာမေဃော ဥဋ္ဌဟိတ္ဝာ ပုဗ္ဗေ ဝုတ္ထနယေနေဝ ဝေဒိတဗ္ဗော ။လ။ ကေဝလံ ပနိဓ အာဘဿရပြဟ္မလောကံ အာဒိံ ကတ္ဝာ လောကော ပါတုဘဝတိ၊ သုဘကိဏ္ဏတော စ စဝိတ္ဝာ အာဘဿရဋ္ဌာနာဒီသု သတ္တာ နိဗ္ဗတ္တန္တိ-

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း(ဝိသုဒ္ဓိ၊၂။၅၀)။

http://www.dhammadownload.com

ထိုသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ရေဖျက်သော ကမ္ဘာ၌ ကမ္ဘာပျက်မိုးရွာသည်မှ စ၍ ကမ္ဘာပျက်သော ခါရုဒကမည်သော ဆားငန်မိုးကြီး စဲသည်တိုင်အောင် သံဝဋ္ဋ-မည်သော ရှေးဦးစွာသော အသင်္ခ်ေယျကပ် မည်၏။

ကမ္ဘာပျက်မိုးကြီး စဲသည်မှ ကမ္ဘာပြုမိုးကြီး ရွာသည်တိုင်အောင် သံဝဋ္ဋဌာယီ-မည်သော ၂-ခုမြောက်သော အသင်္ခ်ေယျကပ် မည်၏။

ကမ္ဘာပြုမိုးကြီး ရွာသည်မှ နေ, လ-ပေါ်သည်တိုင်အောင် ဝိဝဋ္ဋ-မည်သော ၃-ခု မြောက်သော အသင်္ခ်ေယျကပ် မည်၏။

နေ, လ ပေါ်သည်မှ စ၍ တဖန် ကမ္ဘာပျက်မိုး ရွာပြန်သည်တိုင်အောင် ဝိဝဋ္ဋဌာယီ-မည်သော ၄-ခုမြောက်သော အသင်္ခ်ေယျကပ် မည်၏။

ထို့ကြောင့် အဋ္ဌကထာ၌–

> **ကပ္ပဝိနာသကမဟာမေဃတော ယာဝ ကပ္ပဝိနာသကခါရုဒကပစ္ဆေဒေါ၊ ဣဒံ ပဌမအသင်္ခ်ေယျံ။ ဥဒကပစ္ဆေဒတော ယာဝ သမ္ပတ္တိမဟာမေဃော၊ ဣဒံ ဒုတိယ အသင်္ခ်ေယျံ။ သမ္ပတ္တိမဟာမေဃတော ယာဝ စန္ဒိမသူရိယပါတုဘာဝေါ၊ ဣဒမေက'မသင်္ခ်ေယျံ။ စန္ဒိမသူရိယပါတုဘာဝတော ယာဝ ကပ္ပဝိနာသက-မဟာမေဃော၊ ဣဒမေက'မသင်္ခ်ေယျံ နာမ၊ ဣမာနိ စတ္တာရိ အသင်္ခ်ေယျာနိ ဧကော မဟာကပ္ပေါ ဟောတိ–**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဤတွင် ရေဖျက်သောကမ္ဘာ၌ ရေဖျက်သော အခြင်းအရာကို ဆိုသောစကားရပ် အပြီးသတ်တည်း။

အကြင်အခါ ကမ္ဘာသည် လေဖြင့် ပျက်၏။ ထိုလေဖြင့် ပျက်သောကမ္ဘာ၌ ရှေးဦးစွာ ကမ္ဘာပျက်မိုး ရွာသည်မှ စ၍ ကမ္ဘာပျက်မိုး စဲသည်တိုင်အောင်သော စကားရပ်တို့ကို မီးဖျက်သော ကမ္ဘာ၌ ဆိုအပ်ပြီးသောအတိုင်း မှတ်ရာ၏။ အထူးကား မီးဖျက်သော ကမ္ဘာ၌ ၂-ခုမြောက်သောနေ ပေါ်ထွက်လာသကဲ့သို့ ထို့အတူ ကမ္ဘာကို ဖျက်သော လေသည် ရှေးဦးစွာ သိမ်မွေ့သောမြူကို ထစေ၏။ ထို့နောင် ကြမ်းသော မြူ, သိမ်မွေ့သော သဲ, ကြမ်းသော သဲ, အိုးခြမ်း, ကျောက်ဆစ်မှ စ၍ တောင်ထွတ်ပမာဏရှိသော ကျောက်တို့ကို လည်းကောင်း မညီမညွတ်သောအရပ်၌ တည်သော သဲ, ကြီးစွာသော သစ်ပင်တို့ကိုလည်း ကောင်း ထိစေ၏။ ထို သဲ, သစ်ပင်တို့သည် ကောင်းကင်သို့ ပျံတက်၍ မှုန့်မှုန့်ညက်ညက် ပျောက်ပျက်ကုန်ခန်းခြင်းသို့ ရောက်၏။

http://www.dhammadownload.com

ဤနည်းဖြင့် တစ်ဆင့်ထက် တစ်ဆင့် ကြီးပွါးခြင်းသို့ ရောက်၍ မြင်းမိုရ်, စကြဝဠာ, သီတာ, သတ္တရဿန် စသည်တို့ကို ကောင်းကင်သို့ချည်း မြှောက်လွှင့်ပစ်၍ ယူဇနာ-၁၀၀, ယူဇနာ ၂၀၀-စသည်ဖြင့် အစိတ်အဖြာ များစွာကြောကွဲစေလျက် အထက်ကောင်းကင်မှ မကျစေဘဲ စကြဝဠာ ကုဋေ ၁-သိန်းအတွင်း မြင်းမိုရ်တောင်ကို မြင်းမိုရ်တောင်ချင်း, စကြဝဠာကို စကြဝဠာတောင်ချင်း, ဟိမဝန္တာကို ဟိမဝန္တာတောင်ချင်း-စသည်ဖြင့် အချင်းချင်း ထိခတ်ရိုက်ချေလျက် မှုန့်မှုန့်ညက်ညက် ပျက်စေ၍ အထက်ဖြစ်သော နတ်ဘုံ, ဗြဟ္မာဘုံတို့ကို တတိယစျာန်တိုင်အောင် ဖျက်၍ ပျက်စီးကုန်ခန်းသဖြင့် အဏုမြူခန့်မျှ သခါရကို မကြွင်းမကျန်စေရ၊ မိမိနှင့်တကွ ဥဒကသန္ဓာရက လေကို ကုန်စေ, ပျောက်စေ၍ အောက်, အထက် ဟင်းလင်းအပြင် ဖြစ်၏။ ရေဖျက်သော ကမ္ဘာ၌ အာဘဿရဘုံမှ စ၍ ပဋိလောမ အားဖြင့် တည်၏။ လေဖျက်သော ကမ္ဘာ၌ကား သုဘကိဏှာဘုံမှ စ၍ ပဋိလောမအားဖြင့် တည်၏။ ဝေဟပ္ဖိုလ်ဘုံမှ အသက်ကုန်သဖြင့်လည်းကောင်း ကုသိုလ်ကုန်သဖြင့်လည်းကောင်း ဗြဟ္မာတို့သည် စုတေ၍ သုဘကိဏှာဘုံ-စသည်တို့၌ ဖြစ်ကြကုန်၏။

ထို့ကြောင့် အဋ္ဌကထာ၌ –

> **ယသ္မိ ပန သမယေ ကပ္ပေါ ဝါတေန ဝိနဿတိ၊ အာဒိတောဝ ကပ္ပဝိနာသက-**
> **မဟာမေဃော ဥဋ္ဌဟိတ္ဝာတိ ပုဗ္ဗေ ဝုတ္ထနယေနေဝ ဝိတ္ထာရေတဗ္ဗံ ။လ။ ဣဒ**
> **ပန သုဘကိဏှဗြဟ္မလောကံ အာဒိံ ကတ္ဝာ လောကော ပါတုဘဝတိ၊ ဝေဟပ္ဖ-**
> **လတော စ စဝိတ္ဝာ သုဘကိဏှာဒဂ္ဂနာဒီသု သတ္တာ နိဗ္ဗတ္တန္တိ–**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း(ဝိသုဒ္ဓိ၊၂။၅၁)။

ထိုသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် လေဖျက်သောကမ္ဘာ၌ ကမ္ဘာပျက်မိုးရွာသည်မှ စ၍ ကမ္ဘာပျက်လေ ပြတ်စဲသည်တိုင်အောင် သံဝဋ္ဋမည်သော ရှေးဦးစွာသော အသင်္ခ်ေယျကပ် မည်၏။

ကမ္ဘာပျက်လေ စဲသည်မှ စ၍ ကမ္ဘာပြုမိုးကြီး ရွာသည်တိုင်အောင် သံဝဋ္ဋဌာယီ မည်သော ၂-ခုမြောက်သော အသင်္ခ်ေယျကပ် မည်၏။

ကမ္ဘာပြုမိုးကြီးရွာသည်မှ စ၍ နေ,လ ပေါ်သည်တိုင်အောင် ဝိဝဋ္ဋမည်သော ၃-ခု မြောက်သော အသင်္ခ်ေယျကပ် မည်၏။

တဖန် နေ, လ ပေါ်သည်မှ စ၍ ကမ္ဘာပျက်မိုး ရွာသည်တိုင်အောင် ဝိဝဋ္ဋဌာယီ-မည်သော ၄-ခုမြောက်သော အသင်္ခ်ေယျကပ် မည်၏။

http://www.dhammadownload.com

ထို့ကြောင့် အဋ္ဌကထာ၌-

တတ္ထ ကပ္ပဝိနာသကမဟာမေဃတော ယာဝ ကပ္ပဝိနာသကဝါတုပစ္ဆေဒေါ၊ ဣဒ'မေက'မသင်္ခ္ယေယျံ၊ ဝါတုပစ္ဆေဒတော ယာဝ သမ္ပတ္တိမဟာမေဃော၊ ဣဒံ ဒုတိယ'မသင်္ခ္ယေယျန္တိ အာဒိ ဝုတ္တနယမေဝ ။လ။ ဧဝံ ဝါတေန ဝိနာသော စ သဏ္ဌာဟနဉ္စ ဝေဒိတဗ္ဗံ။-

ဟူသော ပါဠိကို ပုဒ္ဓမတညုပုဂ္ဂိုလ် မိန့်ဆိုဖွင့်လှစ်တော်မူပြန်သတည်း(ဝိသုဒ္ဓိ၂။၅၁)။

ဤတွင်ရွေ့ လေဖျက်သော ကမ္ဘာ၌ လေဖျက်သော အခြင်းအရာကို ဆိုသော စကားရပ် အပြီးသတ်သတည်း။

အဘယ့်ကြောင့် ဤလောကမှာတ်သည် ဤကဲ့သို့ မီး, ရေ, လေ တို့၏ အစဉ်ဖြင့် ဖျက်ခြင်း ဖြစ်လေသနည်းဟူမူကား ဝိဝဋ္ဋဌာယီအသင်္ခ္ယေယျကပ်၌-

- ရာဂစရိုက် ပြောသောအခါ ရောဂန္တရကပ် ဖြစ်သည်။
- ဒေါသစရိုက် ပြောသောအခါ သတ္ထန္တရကပ် ဖြစ်သည်။
- မောဟစရိုက် ပြောသောအခါ ဒုဋ္ဌိက္ခန္တရကပ် ဖြစ်သည်။

ထိုကဲ့သို့-

- ရာဂ ပြောသောကမ္ဘာ၌ မီးဖျက်သည်။
- ဒေါသ ပြောသောကမ္ဘာ၌ ရေဖျက်သည်။
- မောဟ ပြောသောကမ္ဘာ၌ လေဖျက်သည်။

ထိုသို့ ဖျက်ရာ၌လည်း မီးဖျက်သော ကမ္ဘာ ၇-ကြိမ်စေ့မှ , ၈-ကြိမ်မြောက်သော ကမ္ဘာ၌ ရေဖျက်သည်။

ဤနည်းဖြင့် မီး ၇-ကြိမ်, ၇-လီ၊ ပေါင်း ၄၉-ကြိမ်၊ ရေ ၇-ကြိမ်, ပေါင်း ၅၆-ကြိမ်၊ နောက် မီး ၇-ကြိမ် ဖျက်၍ ၆၄-ကြိမ်စေ့အံ့သောအခါ၌ ရေမဖျက်ဘဲ လေ ၁-ကြိမ် ဖျက်လေသည်။ ဤသို့ မီး ၅၆-ကြိမ်၊ ရေ ၇-ကြိမ်၊ လေ ၁-ကြိမ် ဖြစ်သည်။

ထို့ကြောင့် အဋ္ဌကထာ၌ –

ကိကာရဏာ ဧဝံ လောကော ဝိနဿတီတိ၊ ယထာ ဟိ ရာဂဒေါသမောဟာနံ အဓိကဘာဝေန ယထာက္ကမံ ရောဂန္တရကပ္ပေါ သတ္ထန္တရကပ္ပေါ ဒုဋ္ဌိက္ခန္တရကပ္ပေါတိ ဣမေ တိဝိဓာ အန္တရကပ္ပါ ဝိဝဋ္ဋဌာယိမှိ အသင်္ခ္ယေယျကပ္ပေ ဇာယန္တိ။

http://www.dhammadownload.com

ဧဝံ'မေ'တေ ယထာဝုတ္တာ တယော သံဝဏ္ဏာ ရာဂါဒီနံ အဓိကဘာဝေနေဝ ဟောန္တိ။ တတ္ထ ရာဂေ ဉဿန္ဒတရေ အဂ်ိနာ ဝိနဿတိ။ ဒေါသေ ဉဿန္ဒတရေ ဥဒကေန ဝိနဿတိ၊ မောဟေ ဉဿန္ဒတရေ ဝါတေန ဝိနဿတိ။ ဧဝံ ဝိနဿန္တော စ နိရန္တရမေဝ၊ သတ္တဝါရေ အဂ်ိနာ ဝိနဿတိ၊ အဋ္ဌမေ ဝါရေ ဥဒကေန၊ ပုန သတ္တဝါရေ အဂ်ိနာ၊ အဋ္ဌမေ ဝါရေ ဥဒကေနာတိ ဧဝံ အဋ္ဌမေ အဋ္ဌမေ ဝါရေ ဝိနဿန္တော၊ သတ္တက္ခတ္တုံ ဥဒကေန ဝိနသိတွာ ပုန သတ္တဝါရေ အဂ်ိနာ ဝိနဿတိ။ ဧတ္တာဝတာ တေသဋ္ဌိ တပါ အတီတာ ဟောန္တိ။ ဧတ္ထန္တရေ ဥဒကေန နဿန-ဝါရံ သမ္ပတ္တမ္ပိ ပဋိဗာဟိတွာ လဒ္ဓေါကာသော ဝါတော ပရိပုဏ္ဏစတုသဋ္ဌိကပါ-ယုကေ သုဘကိဏ္ဏေ ဝိဒ္ဓံသေန္တော လောကံ ဝိနာသေတိ။ ဧတ္ထ ပန ရာဂေါ သတ္တာနံ ဗဟုလံ ပဝတ္တတိတိ ရာဂဝသေန *(အဂ်ိဝသေန)* ဗဟုသော လောက-ဝိနာသော ဝေဒိတဗ္ဗော။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူပြန်သတည်း(ဝိသုဒ္ဓိ၊၂။၅၂။သာရတ္ထ၊၁။၂၈၇)။

ကိကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဧဝံ၊ ဤသို့။ လောကော၊ လောက သည်။ ဝိနဿတိ၊ ပျက်သနည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသည်။ သတိ၊ ရှိသော်။ ဟိ ဝိတ္ထာရေမိ၊ အကျယ်ကို ဆိုဦးအံ့။

ရာဂဒေါသမောဟာနံ၊ ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်တို့၏။ အဓိက-ဘာဝေန၊ ကဲလွန်သည်၏ အဖြစ်ဖြင့်။ ယထာဣစ္ဆံ၊ အစဉ်အတိုင်း။ ရောဂန္တရကပ္ပေါ၊ ရောဂန္တရကပ်လည်းကောင်း။ သတ္ထန္တရကပ္ပေါ၊ လည်းကောင်း။ ဒုဇ္ဇီဝန္တရကပ္ပေါ၊ လည်း ကောင်း။ ဣတိ၊ ဤသို့။ ဣမေ တိဝိဓာ အန္တရကပ္ပါ၊ ဤ ၃-ခုသော အန္တရကပ်တို့သည်။ ဝိဝဋ္ဋဂ္ဂာယိမ္ပိ အသင်္ခေယျကပ္ပေ၊ ဝိဝဋ္ဋဂ္ဂာယိအသင်္ခေယျကပ်၌။ ဇာယန္တိ ယထာ၊ ဖြစ်ကုန် သကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်းလျှင်။ ယထာဝုတ္တာ၊ အကြောင်အကြောင် ဆိုအပ်ခဲ့ပြီး ကုန်သော။ တေ တယော သံဝဏ္ဏာ၊ ထို ၃-ပါးကုန်သော သံဝဏ္ဏကပ်တို့သည်။ ဝါ၊ ထို ၃-ပါး ကုန်သော ပျက်ခြင်းတို့သည်။ ရာဂါဒီနံ၊ ရာဂ-အစရှိသည်တို့၏။ အဓိကဘာဝေန၊ ကဲလွန် သည်၏အဖြစ်ဖြင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုသို့ ပျက်ရာ၌။

- ရာဂေ၊ ရာဂသည်။ ဉဿန္ဒတရေ၊ ပြောသောကမ္ဟာ၌။ အဂ်ိနာ၊ မီးဖြင့်။ ဝိနဿတိ၊ ပျက်၏။။
- ဒေါသေ၊ ဒေါသသည်။ ဉဿန္ဒတရေ၊ ပြောသောကမ္ဟာ၌။ ဥဒကေန၊ ရေဖြင့်။ ဝိနဿတိ၊ ပျက်၏။။
- မောဟေ၊ မောဟသည်။ ဉဿန္ဒတရေ၊ ပြောသောကမ္ဟာ၌။ ဝါတေန၊ လေဖြင့်။ ဝိနဿတိ၊ ပျက်၏။။

http://www.dhammadownload.com

ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဝိနသဿ္သောပိ စ၊ ပျက်သော်လည်း။ နိရန္တရ-မေဝ၊ အခြားမရှိသည် ဖြစ်၍သာလျှင်။

- သတ္တ ဝါရေ၊ ၇-ကြိမ်။ အဂ္ဂိနာ၊ မီးဖြင့်။ ဝိနသတိ၊ ပျက်၏။
- အဋ္ဌမေ ဝါရေ၊ ၈-ကြိမ်မြောက်၌။ ဥဒကေန၊ ရေဖြင့်။ ဝိနသတိ၊ ပျက်၏။
- ပုန၊ တဖန်။ သတ္တ ဝါရေ၊ ၇-ကြိမ်။ အဂ္ဂိနာ၊ မီးဖြင့်။ ဝိနသတိ၊ ပျက်၏။
- အဋ္ဌမေ ဝါရေ၊ ၈-ကြိမ်မြောက်၌။ ဥဒကေန၊ ရေဖြင့်။ ဝိနသတိ၊ ပျက်၏။

ဧဝံ၊ ဤသို့။ အဋ္ဌမေ အဋ္ဌမေ ဝါရေ၊ ၈-ကြိမ်, ၈-ကြိမ်မြောက်၌။ ဝိနသဿ္သော၊ ပျက်သောကြောင့်။

သတ္တက္ခတ္တုံ၊ ၇-ကြိမ်။ ဥဒကေန၊ ရေဖြင့်။ ဝိနသိတ္ထာ၊ ပျက်၍။

ပုန၊ တဖန်။ သတ္တ ဝါရေ၊ ၇-နစ်ကြိမ်မြောက်၌။ အဂ္ဂိနာ၊ မီးဖြင့်။ ဝိနသတိ၊ ပျက်၏။

ဧတ္တာဝတာ၊ ဤသို့သော နည်းဖြင့်။ တေသဋ္ဌိကပ္ပါ၊ ၆၃-ကပ်တို့သည်။ အတီတာ၊ လွန်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတ္ထန္တရေ၊ ဤအတွင်း၌။

ဥဒကေန၊ ရေဖြင့်။ နသနဝါရံ သမ္ပတ္တမ္ပိ၊ ပျက်လှည့်ရောက်သော်လည်း။ ပဋိ-ဗာဟိတ္ထာ၊ တားမြစ်၍။ လဒ္ဓါကာသော၊ ရအပ်သော အခွင့်ရှိသော။ ဝါတော၊ လေသည်။ ပရိပုဏ္ဏစတုသဋ္ဌိကပ္ပါယုကော၊ ၆၄-ကမ္ဘာပြည့်အောင် အသက်ရှည်သော။ သုဘကိဏ္ဏော၊ သုဘကိဏ္ဏဘုံ၌။ ဝိဒ္ဓံသေန္တော၊ ဖျက်ဆီးလျက်။ လောကံ၊ လောကကို။ ဝိနာသေတိ၊ ပျက်၏။ ဧတ္ထ၊ ဤသို့ ပျက်ရာ၌။ ဝါ၊ ရာဂ, ဒေါသ, မောဟ ၃-ပါးတို့တွင်။ ရာဂေါ၊ ရာဂသည်။ သတ္တာနံ၊ သတ္တဝါတို့အား။ ဗဟုလံ၊ များစွာ။ ပဝတ္တတိ၊ ဖြစ်၏။ ရာဂဝသေန၊ ရာဂ၏ အစွမ်းအားဖြင့်။ ဗဟု၊ များစွာသော။ လောကဝိနာသော၊ လောကပျက်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ထိုသို့ မီး, ရေ, လေ ၃-ပါးတို့၏ ယထာက္ကမ ဖြစ်ဟန်ကို ဤသို့ မှတ်ရာ၏။ ရှေးဦးစွာ မီးဖျက်သော ကမ္ဘာ၌ အာဘဿရပြဟ္မာဘုံမှ ပြဟ္မာတို့ စုတေ၍ ပဌမစျာန် မဟာပြဟ္မာဘုံ၌ ဖြစ်သော ပြဟ္မာတို့၏ အသက်သည် အသင်္ချေယျကပ် ၁-ကပ်ပြည့်လတ်သော် တဖန် **မီးဖျက်သောကမ္ဘာ** ဖြစ်၏။ ဤနည်းဖြင့် မီး ၇-ကြိမ်စေ့လျှင် သုဘကိဏ်ဘုံမှ ပြဟ္မာတို့ စုတေ၍ ဒုတိယစျာန် အာဘဿရဘုံ၌ဖြစ်သော ပြဟ္မာတို့၏အသက်သည် မဟာကပ် ၈-ကပ် ပြည့်လတ်သော် ဒုတိယစျာန်ဘုံတိုင်အောင် **ရေဖျက်သောကမ္ဘာ** ၁-ကြိမ် ဖြစ်၏။

http://www.dhammadownload.com

ဤနည်းဖြင့် မီး ၇-ကြိမ်, ၇-ကြိမ်၊ ရေ ၁-ကြိမ်, ၁-ကြိမ် ချန်၍ ပျက်သဖြင့် မီး ၄၉-ကြိမ်၊ ရေ ၇-ကြိမ်အားဖြင့် ပေါင်း ၅၆-ကြိမ်။ နောက် ရေ ၇-ကြိမ် ဖျက်ပြီးလျှင် ဝေဟပ္ဖိုလ်ဘုံမှ စုတေ၍ တတိယစျာန်သုဘကိဏ္ဏဘုံမှ ဖြစ်သော ပြဟ္မာတို့အသက်သည် မဟာကပ် ၆၄-ကပ် ပြည့်လတ်သော် တတိယစျာန်ဘုံတိုင်အောင် လေဖျက်သော ကမ္ဘာ ၁-ကြိမ် ဖြစ်၏။ ဤသို့ ၆၄-ကြိမ် ဖြစ်၏။ နောက်ကိုလည်း ဤနည်းအတူသာ မှတ်ရာ၏။

ထို့ကြောင့် အဋ္ဌကထာ(ပဋိသံ၊၌၊၁။၃၃၃။ဝိသုဒ္ဓိ။၂။၅၂)၌–

သတ္တသတ္တ'ဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ'ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝရော သိယာ။ ။

အဂ္ဂိနာ'ဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏ္ဏတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိတိ။ ။-

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူပြန်သတည်း (ဋီကာကျော်။ဂါထာ-၁၆၇)။

သတ္တသတ္တ ဝါရာ၊ ၇-ကြိမ်, ၇-ကြိမ်။ အဂ္ဂိနာ၊ မီးဖြင့်။ ဝိနဿတိ၊ ပျက်၏။ အဋ္ဌမေ အဋ္ဌမေ ဝါရေ၊ ၈-ကြိမ်, ၈-ကြိမ်မြောက်၌။ ဥဒကာ ဥဒကေန၊ ရေဖြင့်။ ဝိနဿတိ၊ ပျက်၏။ ယဒါ၊ အကြင်အခါ၌။ စတုသဋ္ဌိ၊ ၆၄-ကြိမ်သည်။ ပုဏ္ဏာ၊ ပြည့်၏။ တဒါ၊ ထိုအခါ၌။ ဧကော၊ ၁-ခုသော။ ဝါယုဝါရော၊ လေဖျက်သော ကမ္ဘာသည်။ သိယာ၊ ဖြစ်ရာ၏။

အာဘဿရာ၊ အာဘဿရဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အဂ္ဂိနာ၊ မီးဖြင့်။ ဝိနဿတိ၊ ပျက်၏။ သုဘကိဏ္ဏတော၊ သုဘကိဏ္ဏဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အာပေန၊ ရေဖြင့်။ ဝိနဿတိ၊ ပျက်၏။ ဝေဟပ္ဖလတော၊ ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ ဝါတေန၊ လေဖြင့်။ ဝိနဿတိ၊ ပျက်၏။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ လောကော၊ လောကသည်။ ဝိနဿတိ၊ ပျက်၏။ ကွတိ၊ ဤတွင်ရွေ့, ကမ္ဘာပျက်သော အခြင်းအရာကို ဆိုသော စကားရပ် အပြီးသတ်တည်း။

ထိုစကားကို အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ သတ္တကနိပါတ်၊ အင်္ဂုတ္တိရိပါဠိ အဋ္ဌကထာ။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ဝိနည်းအဋ္ဌကထာ,ဋီကာ။ ဒီဃနိကာယ်၊ သုပ္ပါ-ထေယျ၊ အဂ္ဂညသုတ်အဋ္ဌကထာ။ သုတ်မဟာဝါ၊ မဟာပဒါနသုတ်၊ အဋ္ဌကထာ, ဋီကာကျမ်း တို့မှာ ကြည့်လေ။

★ ★ ★ ★ ★ ★ ★

http://www.dhammadownload.com

ဇစဉ်ကူးမြို့၊ ဝဲကြီးရွာနေ ဒကာမောင်စံ-က ၄-ပါးသော စတုပါရိသုဒ္ဓိသီလတို့ကို သရုပ်စိတ်ဖြာ သိပါရကြောင်းနှင့် လျှောက်ထားချက်

[၂၇] "ဘုရားတပည့်တော် ဇစဉ်ကူးမြို့စီရင်စု၊ ဝဲကြီးရွာနေ ဒကာမောင်စံ လျှောက်ပါသည် ဆရာတော်ဘုရား။

၄-ပါးသော စတုပါရိသုဒ္ဓိသီလတို့၏ သရုပ်အဓိပ္ပါယ်ကို အသေအချာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အဓိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒါယကာမောင်စံ လျှောက်ထားချက် –

[၂၇](၁) ၄-ပါးသော စတုပါရိသုဒ္ဓိသီလတို့ကို လူတို့ကျင့်အပ်သည်, မကျင့်အပ်သည်ကို မေးလျှောက်သည်မှာ သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်ပါဠိတော်တွင်–

အန္တောဇဋာ ဗဟိဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဇဋံ ဝိဇဋယေ ဇဋံ။ ။ (သံ၊၁။၁၃)–

ဟု "အတွင်း, အပတို့၌ မှေးယှက်တတ်သော တဏှာတည်း-ဟူသော အမှေးအယှက်ကို အဘယ်သူသည် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်းအောင် ပြုနိုင်သနည်း"ဟု နတ်သားမေးလျှောက်သော ပြဿနာကို–

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဇဋံ ဝိဇဋယေ ဇဋံ။ ။ (သံ၊၁။၁၃)–

ဟူ၍ "ဤစတုပါရိသုဒ္ဓိသီလ၌ တည်သည်ဖြစ်၍ တိဟိတ်ပဋိသန္ဓေပညာ, ဝိပဿနာပညာ, ပါဋိဟာရိယပညာနှင့် ပြည့်စုံသောသူသည် တဏှာတည်း-ဟူသော အမြေးအယှက်ကို ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်း သန့်ရှင်းအောင် ပြုနိုင်၏"ဟု ဖြေဆိုတော်မူသော အရာတွင် ၄-ပါးသော စတုပါရိသုဒ္ဓိသီလ-ဟူသော်ကား–

ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ
အာဇီဝပါရိသုဒ္ဓိသီလ ပစ္စဝေက္ခဏာသုဒ္ဓိသီလ-

ဟူ၍ ၄-ပါးတည်း။

http://www.dhammadownload.com

ထို ၄-ပါးတို့တွင်–

- ရဟန်းတို့မှာ ပါတိမောက်၌ လာသော သိက္ခာပုဒ်အပေါင်းသည် **ပါတိမောက္ခ-သံဝရသီလ** မည်၏။
- စက္ခု-စသော ဣန္ဒြေတို့ကို ကောင်းစွာ လုံခြုံအောင် စောင့်ရှောက်ခြင်းသည် **ဣန္ဒြိယသံဝရသီလ** မည်၏။
- ကုလဒူသန, အနေသန, ကုဟန, လပန-အစရှိသော သမ္မာဇီဝပဋိကုဋ္ဌ မိစ္ဆာဇီဝ အမှုဖြင့် ရသောပစ္စည်းတို့ကို ကြဉ်၍ တရားသဖြင့်ရသော ကပ္ပိယပစ္စည်းတို့ကိုသာ မှီဝဲသုံးဆောင်၍ အသက်ကို မွေးခြင်းသည် **အာဇီဝပါရိသုဒ္ဓိသီလ** မည်၏။
- တရားသဖြင့်ရသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး၊ ပစ္စည်း ၄-ပါးတို့ကို ပစ္စ-ဝေက္ခဏာဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းသည် **ပစ္စဝေက္ခဏသုဒ္ဓိသီလ** မည်၏။

လူတို့မှာသော်ကား ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလ, သုစရိတသီလတို့ကို ကောင်းစွာ လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းခြင်းသည် ပါတိမောက္ခသံဝရသီလ မည်၏။ **ဣန္ဒြိယသံဝရသီလမှာ ရဟန်းတို့နှင့် တူ၏။**

အထူးကား ရဟန်းတို့မှာ အန္ဓရာယ်-စသော အကြောင်းမရှိဘဲ ရထားထမ်းပိုး တပြန်ဖြင့် ပိုင်းခြားအပ်သော ယုဂမတ္တပမာဏထက် လွန်၍ မိန်းမ, ယောကျ်ား, ရထား, မြင်း, ဆင်-အစရှိသော ရူပါရုံအစု ဝတ္ထုတို့ကို ကြည့်ရာ၌ သြက္ခိတ္တစက္ခုသိက္ခာပုဒ် ပညတ်တော်ကို လွန်ကျူးခြင်းကြောင့် စက္ခုန္ဒြိယသံဝရသီလ ပျက်၏။ စက္ခုန္ဒြိယသံဝရသီလပျက်ခြင်း သည် အာစာရဝိပတ္တိဖြစ်၍ ဒေသနာဂါမိအာပတ်သို့ ရောက်လေရကား ပါတိမောက္ခ-သံဝရသီလ ပျက်၏။ ထို့ကြောင့် ဣန္ဒြိယသံဝရသီလကို ကောင်းစွာ စောင့်ရှောက်ခြင်း သည် ပါတိမောက္ခသံဝရသီလ ပြည့်စုံခြင်း၏အကြောင်း မည်၏။

လူတို့မှာသော်ကား စက္ခုအစရှိသော ဒွါရ ၆-ပါးတို့၌ ရူပါရုံ-အစရှိသော အာရုံ ၆-ပါးကို စွဲ၍ အဘိဇ္ဈာ-အစရှိသော အကုသိလ်တရား မဖြစ်မူ ဣန္ဒြိယသံဝရသီလ မပျက်။ ထို့ကြောင့် ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော ခုဒ္ဒကပါဌသိက္ခာပဒသုတ်၊ သီလဝိသုဒ္ဓိအဖွင့် အဋ္ဌကထာ၌–

> **ဆဒ္ဒါရေ ယဒိုတာရမ္မဏေသု အဘိဇ္ဈာဒီနံ အနုပ္ပတ္တိဝသေန ဣန္ဒြိယသံဝရံ ဟောတိ။** –

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ဆဒ္ဒါရေ၊ ၆-ပါးသောဒွါရ၌။ ယဉ်ိတာရမ္မဏောသု၊ ထိခိုက်သော အာရုံတို့၌။ အဘိဇ္ဈာ-ဒီနံ၊ အဘိဇ္ဈာ-အစရှိသော အကုသိုလ်တရားတို့၏။ အနုပ္ပတ္တိဝသေန၊ မဖြစ်သည်၏ အစွမ်း အားဖြင့်။ ဣန္ဒြိယသံဝရံ၊ ဣန္ဒြိယသံဝရသီလသည်။ ဟောတိ၊ ဖြစ်၏။

တဖန် ဤကဲ့သို့ မပြုအံ့-ဟု စိတ်ကို စောင့်ရှောက်သဖြင့်သာလျှင် စင်ကြယ်သည်၏ အဖြစ်ကြောင့် ဣန္ဒြိယသံဝရသီလကို သံဝရသုဒ္ဓိ-ဟု မှတ်ရာ၏။ ထို့ကြောင့် သတိပြဋ္ဌာန်း သော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် အဘိဇ္ဈာ, ဒေါမနဿ-အစရှိသော အကုသိုလ်တရား မဖြစ်စေ ရအောင် လုံခြုံစွာ စောင့်ထိန်းအပ်၏။ ပါဏာတိပါတ-အစရှိသော ဒုစရိုက် ၇-ပါးတို့ဖြင့် ရသော ပစ္စည်း၊ ခိုန်စဉ်းလဲ, တင်းစဉ်းလဲ, အသပြာစဉ်းလဲ-စသည်တို့ကို ပြု၍ ရသောပစ္စည်း၊ ကုဟန, လပန-စသော မိစ္ဆာဇီဝအမှုဖြင့်ရသော ပစ္စည်းတို့ကို ကြဉ်၍ တရားသဖြင့်ရသော ပစ္စည်းတို့ကိုသာ သုံးဆောင်မှီဝဲ၍ အသက်မွေးခြင်းသည် **အာဇီဝပါရိသုဒ္ဓိသီလ** မည်၏။

တရားသဖြင့်ရသော အဝတ်,ပုဆိုး, အစာအာဟာရတို့ကို ပဋိကူလသညာ စတု-ဓာတုဝဝတ္ထာန်တို့ဖြင့် အောက်မေ့ဆင်ခြင် နှလုံးသွင်းခြင်း၊ စည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေ ဝေခြင်းသို့ မရောက်စေဘဲ ဝဋ်မှ ထွက်မြောက်ကြောင်း ပညာရှိသည်ဖြစ်၍ သုံးဆောင်ခံစား မှီဝဲခြင်းသည်ပင် **ပစ္စဝေက္ခဏာသုဒ္ဓိသီလ** မည်၏။ ပဋိကူလသညာဖြင့် ဆင်ခြင်ဟန်ကား-

> **ကွမံ ဘတ္တံ ဝဏ္ဏဂန္ဓရသသမ္ပန္နံ အဇိဂုစ္ဆနိယံ၊ ကွမံ ပူတိကာယံ ပတ္တာ ပန အတိဝိယ ဇိဂုစ္ဆနိယဘာဝံ ပါပုဏိဿတိ။ –**

ဟု ဆင်ခြင်ရာ၏။

ကွမံ ဘတ္တံ၊ ဤထမင်းသည်။ ဝဏ္ဏဂန္ဓရသသမ္ပန္နံ၊ အဆင်း, အနံ့, အရသာနှင့် ပြည့်စုံ၏။ အဇိဂုစ္ဆနိယံ၊ စက်ဆုတ်ရွံရှာဖွယ် မရှိ။ ကွမံ ပူတိကာယံ၊ ဤကိုယ်သမုတ်၊ အကောင်ပုပ်သို့။ ပတ္တာ ပန၊ ရောက်ဘိမူကား။ အတိဝိယ၊ အလွန်လျှင်။ ဇိဂုစ္ဆနိယဘာဝံ၊ စက်ဆုတ်ရွံရှာဖွယ်သော အဖြစ်သို့။ ပါပုဏိဿတိ၊ ရောက်လတ္တံ့။

စတုဓာတုဝဝတ္ထာန်ဖြင့် ဆင်ခြင်ဟန်ကား–

> **ဓာတုမတ္တက'မေဝ ကွမံ ဘတ္တံ၊ တထေဝ ပရိဘုတ္တော ပုဂ္ဂလောပိ ဓာတု-မတ္တက'မေဝ။ –**

ဟု ဆင်ခြင်ရာ၏။

ကွမံ ဘတ္တံ၊ ဤထမင်းသည်။ ဓာတုမတ္တက'မေဝ၊ ပထဝီ, အာပေါ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဓာတ် ၄-ပါး၏ အပေါင်းမျှသာတည်း။ တထေဝ၊ ထိုထမင်းသည်

http://www.dhammadownload.com

ဓာတ် ၄-ပါး၏ အပေါင်းမျှသာ ဖြစ်သကဲ့သို့လျှင်။ ပရိဘုတ္တော၊ ထိုထမင်းကို သုံးဆောင်စား သောက်မှီဝဲသော။ ပုဂ္ဂလောပိ၊ ယောက်ျား, မိန်းမ-စသော ပုဂ္ဂိုလ်သည်လည်း။ ဓာတုမတ္တက-မေဝ၊ ပထဝီ, အာပေါ, တေဇော, ဝါယော-ဟု ဆိုအပ်သော ဓာတ် ၄-ပါး၏ အပေါင်းမျှသာတည်း။

အဝတ်၌ကား- ဣမံ ဝတ္ထံ-ဟု ဆို။ ဤအဝတ်သည် အနက်ပေး။ ရသသမ္ပန္နံ၌ သုံးဆောင်သောကာလ နှစ်သက်မြတ်နိုးခြင်း-ဟူသော ပရိဘောဂရသကို ယူ။ အဝတ်အစား, အာဟာရတို့ကို အကြောင်းပြု၍ တဏှာရာဂမဖြစ်စေခြင်းငှာ အသင့်နှလုံးသွင်းခြင်း, အဆင်အခြင်ပညာနှင့် ပြည့်စုံခြင်းဖြင့် စင်ကြယ်သည်ကို ပစ္စဝေက္ခဏာသုဒ္ဓိ ဆိုသည်။ ထိုပစ္စဝေက္ခဏာသုဒ္ဓိသည်ပင် ပဟာတဗ္ဗ ၇-ပါးတွင် ပဋိသေဝနာပဟာတဗ္ဗ မည်၏။ သုံးဆောင်မှီဝဲခြင်း၌ အသင့်နှလုံးသွင်းသော ပညာဖြင့် ဖြစ်ပြီးသော အာသဝေါတရားတို့ကို ပယ်သည် မည်၏။ မဖြစ်သေးသော အာသဝေါတရားတို့ကို မဖြစ်စေသည် မည်၏။

ထို့ကြောင့် မူလပဏ္ဏာသ၊ သဗ္ဗာသဝသံဝရသုတ်(နှာ-၉၊၁၂)၌-

> **ယောနိသော စ ခေါ ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ အာသဝါ န ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အာသဝါ ပဟီယန္တိ-** ဟူ၍လည်းကောင်း
>
> **ကတမေ စ ဘိက္ခဝေ အာသဝါ ပဋိသေဝနာ ပဟာတဗ္ဗာ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ-**

အစရှိသည်ဖြင့်လည်းကောင်း ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောနိသော၊ အသင့်အားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသောသူအား။ အနုပ္ပန္နာ စေဝ၊ မဖြစ်သေးသည်သာလျှင် ဖြစ်ကုန်သော။ အာသဝါ၊ အာသဝေါတရားတို့သည်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ဥပ္ပန္နာ၊ ဖြစ်ကုန်ပြီးသော။ အာသဝါ စ၊ အာသဝေါတရားတို့ကိုလည်း။ ပဟီယန္တိ၊ ပယ်စွန့်အပ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဋိသေဝနာပဟာတဗ္ဗာ၊ မှီဝဲသောအားဖြင့် ပယ်အပ်ကုန်သော။ အာသဝါ၊ အာသဝေါတရားတို့သည်။ ကတမေ စ၊ အဘယ်သည်တို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤဘုရားအဆုံးအမတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့် အသင့်အတင့် ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝတိ၊ မှီဝဲ၏။

ပဟာတဗ္ဗ ၂-ပါးတို့၏ သရုပ်, အဓိပ္ပါယ်ကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ ၄-ပါးကုန်သော စတုပါရိသုဒ္ဓိသီလတို့တွင်-

http://www.dhammadownload.com

- သဒ္ဓါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပါတိမောက္ခသံဝရသီလ ပြည့်စုံသည်။
- သတိပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ဣန္ဒြိယသံဝရသီလ ပြည့်စုံသည်။
- ဝီရိယပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် အာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံသည်။
- ပညာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပစ္စဝေက္ခဏာသုဒ္ဓိသီလ ပြည့်စုံသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ္ဂ၊ သီလနိဒ္ဒေသအဋ္ဌကထာ၌–

၈၀'မေတသ္မိ စတုဋ္ဌေ သီလေ သဒ္ဓါယ ပါတိမောက္ခသံဝရော သမ္ပာဒေတဗ္ဗော။ သဒ္ဓါသာဓနော ဟိ သော၊ သာဝကဝိသယာတီတတ္တာ သိက္ခာပဒပညတ္တိယာ။ သိက္ခာပဒပညတ္တိယာစနပဋိက္ခေပေါ စေတ္ထ နိဒဿနံ။ တသ္မာ ယထာပညတ္တံ သိက္ခာပဒံ အနဝသေသံ သဒ္ဓါယ သမာဒိယိတ္ဝာ ဇီဝိတေပိ အပေက္ခံ် အကရောန္တေန သာဓုကံ သမ္ပာဒေတဗ္ဗံ။

ယထာ စ ပါတိမောက္ခသံဝရော သဒ္ဓါယ၊ ဧဝံ သတိယာ ဣန္ဒြိယသံဝရော သမ္ပာဒေတဗ္ဗော။ သတိသာဓနော ဟိ သော၊ သတိယာ အဓိဋ္ဌာနံ် ဣန္ဒြိယာနံ် အဘိဇ္ဈာဒီဟိ အနန္ဝာဿဝနီယတော၊

ယထာ ပန ဣန္ဒြိယသံဝရော သတိယာ။ တထာ ဝီရိယေန အာဇီဝ ပါရိသုဒ္ဓိ သမ္ပာဒေတဗ္ဗာ။ ဝီရိယသာဓနာ ဟိ သာ၊ သမ္မာရဒ္ဓဝီရိယဿ မိစ္ဆာဇီဝပ္ပဟာန-သမ္ဘဝတော။

ယထာ စ ဝီရိယေန အာဇီဝ ပါရိသုဒ္ဓိ၊ တထာ ပစ္စယသန္နိဿိတသီလံ ပညာယ သမ္ပာဒေတဗ္ဗံ၊ ပညာသာဓနံ် ဟိ တံ၊ ပညဝတော ပစ္စယေသု အာဒီနဝါ-နိသံသဒဿနသမတ္ထဘာဝတော။ တသ္မာ ပဟာယ ပစ္စယဂေဓံ ဓမ္မေန သမေန ဥပ္ပန္နေ ပစ္စယေ ယထာဝုတ္တေန ဝိဓိနာ ပညာယ ပစ္စဝေက္ခိတ္ဝာ ပရိဘုဉ္ဇိတ္တေန တံ သမ္ပာဒေတဗ္ဗံ–

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း(ဝိသုဒ္ဓိ၊၁။၃၄-၄၁)။

၈၀၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ စတုဋ္ဌမေ၊ ၄-ပါးအပြားရှိသော။ ၈တသ္မိ သီလေ၊ ထိုသီလ၌။ ဝါ၊ ထိုသီလတွင်။ ပါတိမောက္ခသံဝရော၊ **ပါတိမောက္ခသံဝရသီလကို**။ သဒ္ဓါယ၊ **သဒ္ဓါတရားဖြင့်**။ ဝါ၊ ယုံကြည်လေးမြတ်သဖြင့်။ သမ္ပာဒေတဗ္ဗော၊ ပြည့်စုံစေအပ်၏။ ဟိသစ္ဒံ၊ မှန်၏။ သော၊ ထိုပါတိမောက္ခသံဝရသီလသည်။ သဒ္ဓါသာဓနော၊ သဒ္ဓါတရားလျှင် ပြီးကြောင်းရှိ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ သိက္ခာပဒပညတ္တိယာ၊ သိက္ခာပုဒ်ကို ပညတ်ခြင်း၏။ သာဝကဝိသယာတီတတ္တာ၊ သာဝကတို့၏အရာကို လွန်သည်

http://www.dhammadownload.com

၏အဖြစ်ကြောင့်တည်း။ ဧတ္ထ၊ ဤသာဝကတို့၏ အရာကို လွန်၏-ဟူသော စကားဌ။ သိက္ခာပဒပညတ္တိယာစနပဋိက္ခေပေါဝ၊ သိက္ခာပုဒ်ကို ပညတ်တော်မူပါ-ဟု အရှင်သာရိပုတ္တရာ တောင်းပန်ခြင်းကို ပယ်တော်မူခြင်းသည်သာလျှင်။ နိဒဿနံ၊ သက်သေတည်း။

(ဝိရိယ,သတိ,ပညာတို့နှင့် ကင်း၍ ပါတိမောက္ခသံဝရသီလသည် မပြီးငြားသော်လည်း သဒ္ဓါတရားသာလျှင် ထိုပါတိမောက္ခသံဝရသီလ၏ အကြောင်းဟူလိုသတည်း။ ဘုရားတို့သာလျှင် ပညတ်တော်မူပေသည်-ဟု ယုံကြည်မှ ထိုသီလ ပြီး၏-ဟူလိုသည်။)

တသ္မာ၊ ထို့ကြောင့်။ ယထာပညတ္တံ၊ ပညတ်တော်မူတိုင်းသော။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ အနဝသေသံ၊ အကြွင်းမဲ့။ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ သမာဒိယိတ္ထာ၊ ကောင်းစွာ ဆောက်တည်၍။ ဇီဝိတမ္ပိ၊ အသက်ကိုလည်း။ အနပေက္ခံ၊ ငဲ့ကွက်ခြင်း မရှိသည်၏ အဖြစ်ကို။ ကရောန္တေန၊ ပြုသဖြင့်။ သမ္မာဒေတဗ္ဗော၊ ပြည့်စုံစေအပ်၏။

ပါတိမောက္ခသံဝရော၊ ပါတိမောက္ခသံဝရသီလကို။ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ ဝါ၊ ယုံကြည်လေးမြတ်သဖြင့်။ သမ္မာဒေတဗ္ဗော ယထာ စ၊ ပြည့်စုံစေအပ်သကဲ့သို့လည်း။ ဧဝံ တထာ၊ ထို့အတူ။ သတိယာ၊ သတိတရားသည်။ ဝါ၊ သတိတရားဖြင့်။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရသီလကို။ သမ္မာဒေတဗ္ဗော၊ ပြည့်စုံစေအပ်၏။ ဟိ သစ္စံ၊ မှန်၏။ သော၊ ထိုဣန္ဒြိယသံဝရသီလသည်။ သတိသာဓနော၊ သတိတရားလျှင် ပြီးကြောင်း ရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သတိယာ၊ သတိတရားဖြင့်။ ဝါ၊ သတိ-ဟူသော စောင့်ရှောက်ခြင်းဖြင့်။ အဓိဋ္ဌာနံ၊ ကောင်းစွာ တည်ကုန်သော။ ဣန္ဒြိယာနံ၊ ၆-ပါးကုန်သော ဣန္ဒြေတို့၏။ အဘိဇ္ဈာဒီဟိ၊ အဘိဇ္ဈာ-အစရှိသည်တို့သည်။ အနန္တရာသဝနိယတော၊ မနှိပ်စက်နိုင်သည်၏ အဖြစ်ကြောင့်တည်း။

ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရသီလကို။ သတိယာ၊ သတိတရားဖြင့်။ ဝါ၊ သတိဟူသော စောင့်ရှောက်ခြင်းဖြင့်။ သမ္မာဒေတဗ္ဗော ယထာ စ၊ ပြည့်စုံစေအပ်သကဲ့သို့လည်း။ တထာ၊ ထို့အတူ။ ဝိရိယေန၊ ဝီရိယတရားသည်။ ဝါ၊ ဝီရိယတရားဖြင့်။ အာဇီဝပါရိသုဒ္ဓိ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ သမ္မာဒေတဗ္ဗာ၊ ပြည့်စုံစေအပ်၏။ ဟိ သစ္စံ၊ မှန်၏။ သာ၊ ထိုအာဇီဝပါရိသုဒ္ဓိသီလသည်။ ဝီရိယသာဓနာ၊ ဝီရိယတရားလျှင် ပြီးကြောင်းရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ သမ္မာအာရဒ္ဓဿ၊ ကောင်းစွာ အားထုတ်အပ်သော ဝီရိယရှိသော သူအား။ မိစ္ဆာဇီဝပဟာနသမ္ဘဝတော၊ မိစ္ဆာဇီဝကို ပယ်ခြင်း၏ ဖြစ်သင့်သောကြောင့်တည်း။

ဝိရိယေန၊ ဝီရိယတရားသည်။ ဝါ၊ ဝီရိယတရားဖြင့်။ အာဇီဝပါရိသုဒ္ဓိ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ သမ္မာဒေတဗ္ဗာ ယထာ၊ ပြည့်စုံစေအပ်သကဲ့သို့လည်း။ တထာ၊ ထို့အတူ။ ပညာယ၊ ပညာသည်။ ဝါ၊ ပညာဖြင့်။ ပစ္စယသန္နိဿိတသီလံ၊ ပစ္စယသန္နိဿိတသီလကို။

http://www.dhammadownload.com

သမ္မာဒေတပ္ပဲ၊ ပြည့်စုံစေအပ်၏။ ဟိသစ္စံ၊ မှန်၏။ တံ၊ ထိုပစ္စယသန္နိဿိတသီလသည်။ ပညာသာဓနံ၊ ပညာတရားလျှင် ပြီးကြောင်းရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပညဝတော၊ ပညာရှိသောသူအား။ ပစ္စယေသု၊ ပစ္စည်း ၄-ပါးတို့၌။ ဝါ၊ ပစ္စည်း ၄-ပါးတို့၏။ အာဒိနဝါနိသံသဒဿနသမတ္ထသမ္ဘဝတော၊ အပြစ်,အကျိုးကို မြင်ခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထို့ကြောင့်။ ပစ္စယဂေဓံ၊ ပစ္စည်း၌ တပ်မက်မောသော လောဘကို။ ပဟာယ၊ စွန့်၍။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီသဖြင့်။ ဥပ္ပန္နေ၊ ဖြစ်ကုန်သော။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ယထာ ဝုတ္တေန ဝိဓိနာ၊ အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော အစီအရင်ရှိသော။ ပညာယ၊ ပညာတရားဖြင့်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပရိဘုဉ္ဇန္တေန၊ သုံးဆောင်မှီဝဲသဖြင့်။ တံ၊ ထိုပစ္စယသန္နိဿိတသီလကို။ သမ္မာဒေတပ္ပဲ၊ ပြည့်စုံစေအပ်၏။ (ပစ္စယသန္နိဿိတသီလ-ဆိုသည်နှင့် ပစ္စဝေက္ခဏာသုဒ္ဓိသီလ-ဟူသည် အတူမှတ်။)

အစဉ် ပြဆိုခဲ့သော ဒေဝပုတ္တသံယုတ်, ပုဏ္ဏာဝိသဇ္ဇနာဂါထာတို့၏အနက်ကား–

ဂေါတမ၊ ဂေါတမအနွယ်ဖြစ်တော်မူသော မြတ်စွာဘုရား။ ယာ ဇဋာ၊ အကြင် တဏှာကို။ အန္တောဇဋာ၊ အဖျတ္တိကာယတန ၆-ပါးတို့၌ မြေးယှက်တတ်၏-ဟူ၍လည်း ကောင်း။ ဗဟိဇဋာ၊ ဗာဟိရာယတန ၆-ပါးတို့၌ မြေးယှက်တတ်၏-ဟူ၍လည်းကောင်း။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ တာယ ဇဋာယ၊ ထိုတဏှာသည်။ ပဇာ၊ သတ္တဝါအပေါင်းကို။ ယသ္မာ၊ အကြင်ကြောင့်။ ဇဋိတာ၊ မြေးယှက်အပ်၏။ တံ တသ္မာ၊ ထို့ကြောင့်။ ပုဏ္ဏာမိ၊ မေးလျှောက်ပါ၏။ ကော၊ အဘယ်မည်သောသူသည်။ ဣမံ ဇဋံ၊ ဤတဏှာတည်း-ဟူသော အမြွေအယှက်ကို။ ဝိဇဋယေ၊ ပယ်ဖျက်ခုတ်ထွင်၊ သုတ်သင်ရှင်းလင်း၊ သန့်ရှင်းအောင် ပြုနိုင်သနည်း။

ဒေဝပုတ္တ၊ နတ်သား။ သပညော၊ တိဟိတ်ကံကြောင့်ဖြစ်သော တိဟိတ်ပဋိသန္ဓေပညာရှိထသော။ အာတာပီ၊ ကိလေသာတို့ကို ပူပန်စေတတ်သောလုံ့လ ရှိထသော။ နိပကော၊ အလုံးစုံသောကိစ္စကို ပိုင်းခြားတတ်သော ကမ္မဋ္ဌာန်းကို ဆောင်ခြင်း၌ ယှဉ်သော ပါဋိဟာရိယပညာရှိထသော။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော။ နရော၊ နရ-ဟု ဆိုအပ်သော ယောဂီပုဂ္ဂိုလ်သည်။ သီလေ၊ စတုပါရိသုဒ္ဓိသီလ၌။ ပတိဋ္ဌာယ၊ တည်၍။

(၂) တစ်နည်း သီလေ ပတိဋ္ဌာယ၊ စတုပါရိသုဒ္ဓိသီလကို ဖြည့်၍။ စိတ္တဉ္စ၊ စိတ်ကို ပဋ္ဌာနပြု၍ ဟောတော်မူအပ်သော သမာဓိတရားကိုလည်းကောင်း။ ပညဉ္စ၊ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူသော လက္ခဏာရေး ၃-ပါးကို ရအပ်သော ဝိပဿနာပညာကိုလည်းကောင်း။ ဘာဝယံ ဘာဝယန္တော၊ ပွါးစေသည်။ ဟောတိ၊ ဖြစ်၏။ သော နရော၊ ထိုနရ-ဟု ဆိုအပ်သော ယောဂီပုဂ္ဂိုလ်သည်။ ဣမံ ဇဋံ၊ ဤတဏှာတည်းဟူသော အမြွေအယှက်ကို၊ ဝိဇဋယေ၊ ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်း သန့်ရှင်းအောင် ပြုနိုင်၏။

http://www.dhammadownload.com

ပါတိမောက္ခသဒ္ဒါ၏ အရကို ဤသို့ သိရာ၏။

ပါတိ ရက္ခတီတိ ပါတိ။ ပါတိ ရက္ခတိ၊ စောင့်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါတိ၊ မည်၏။ ပုဂ္ဂိုလ် ရစေ။

ပါတိ မောက္ခေတိ မောစေတီတိ ပါတိမောက္ခံ။ ပါတိ၊ အပါယ် ၄-ပါး၌ ကျတတ်သော ပုထုဇဉ်သတ္တဝါကို။ မောက္ခေတိ မောစေတိ၊ လွတ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါတိမောက္ခံ၊ ပါတိမောက္ခမည်၏။ ပါတိမောက္ခသီလ ရစေ။

ပတန္တိ ဌာတီ ပါတိ။ ဌာ၊ ဤသံသရာဝဋ်ဆင်းရဲ၌။ ပတန္တိ၊ ကျတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါတိ၊ မည်၏။ သံသရာဝဋ်ဒုက္ခ ရစေ။

ပါတိတော သံသာရဒုက္ခတော မောက္ခေတိ မောစေတီတိ ပါတိမောက္ခံ။ ပါတိတော သံသာရဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောက္ခေတိ မောစေတိ၊ လွတ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါတိမောက္ခံ၊ ပါတိမောက္ခမည်၏။ ပါတိမောက္ခသီလ ရစေ။

အဝိဇ္ဇာဒိဟေတုနာ သံသာရေ ပတတီတိ ပါတိ။ အဝိဇ္ဇာဒိဟေတုနာ၊ အဝိဇ္ဇာ-အစရှိသော အကြောင်းကြောင့်။ သံသာရေ၊ သံသရာ၌။ ပတတိ၊ ကျတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါတိ၊ ပါတိမည်၏။ သတ္တဝါ ရစေ။

ပါတိ မောက္ခေတိ မောစေတီတိ ပါတိမောက္ခံ။ ပါတိ၊ သံသရာ၌ ကျတတ်သော သတ္တဝါ အပေါင်းကို။ မောက္ခေတိ မောစေတိ၊ လွတ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါတိမောက္ခံ၊ ပါတိမောက္ခ မည်၏။ ပါတိမောက္ခသီလ ရစေ။

ဒုက္ခေ ပါတေတီတိ ပါတိ။ ဒုက္ခေ၊ ဝဋ်ဆင်းရဲ၌။ ပါတေတိ၊ ကျစေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါတိ၊ ပါတိမည်၏။ အကုသိလ်စိတ် ရစေ။ တဏှာသံကိလေသ ရစေ။

ပါတိတော အကုသလစိတ္တတော တဏှာသံကိလေသတော ဝါ မောက္ခေတိ မောစေတီတိ ပါတိမောက္ခံ။ ပါတိတော အကုသလစိတ္တတော၊ အကုသိလ်စိတ်မှ။ ဝါ၊ တစ်နည်းကား။ တဏှာသံကိလေသတော ၊ တဏှာ-တည်းဟူသော ညစ်ညူးပူပန်ခြင်းမှ။ မောက္ခေတိ မောစေတိ၊ လွတ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပါတိမောက္ခံ၊ ပါတိမောက္ခ မည်၏။ ပါတိမောက္ခသီလ ရစေ။

http://www.dhammadownload.com

သဗ္ဗလောကာဓိပတိဘာဝတော ဘဂဝါ ပတိတိ ဝုစ္စတိ။ သဗ္ဗလောကာဓိပတိဘာဝတော၊ အလုံးစုံသော လောကတို့၏ အကြီးအမှူး ဖြစ်တော်မူသောကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားကို။ ပတိတိ၊ ပတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

မုစ္စတိ ဧတေနာတိ မောက္ခံ။ ဧတေန၊ ထိုသီလဖြင့်။ ဝဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ မုစ္စတိ၊ လွတ်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မောက္ခံ၊ မောက္ခမည်၏။ သီလ ရစေ။

ပတိနာ ဘဂဝတာ ပညတ္တံ မောက္ခံ ပတိမောက္ခံ။ ပတိနာ ဘဂဝတာ၊ မြတ်စွာဘုရား သည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ မောက္ခံ၊ သီလတည်း။ ပတိမောက္ခံ၊ ပညတ်တော်မူသော သီလ။ ပါတိမောက္ခသီလ ရစေ။

ပတိမောက္ခ မေဝ ပါတိမောက္ခံ။ ပတိမောက္ခမေဝ၊ ပတိမောက္ခသည်ပင်လျှင်။ ပါတိမောက္ခံ၊ ပါတိမောက္ခ မည်၏။ ပါတိမောက္ခသီလ ရစေ။

မောက္ခံ ဝုစ္စတိ နိဗ္ဗာနံ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ မောက္ခံ၊ မောက္ခ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိဗ္ဗာန် ရစေ။

မောက္ခဿ ပဋိဘာဂဘူတန္တိ ပတိမောက္ခံ။ မောက္ခဿ၊ နိဗ္ဗာန်၏။ ပဋိဘာဂဘူတံ၊ အဖို့ဖြစ်၍ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပတိမောက္ခံ၊ ပတိမောက္ခ မည်၏။ ပါတိမောက္ခသီလ ရစေ။

ပတိမောက္ခ မေဝ ပါတိမောက္ခံ။ ပတိမောက္ခမေဝ၊ ပတိမောက္ခသည်ပင်လျှင်။ ပါတိမောက္ခံ၊ ပါတိမောက္ခ မည်၏။ ပါတိမောက္ခသီလပင် ရစေ။

ဤသို့ ပြအပ်ခဲ့ပြီးသော ပါဠို,အဋ္ဌကထာ စကားရပ်တို့ကို ထောက်ထားနှိုင်းညှိ ဆင်ခြင်သဖြင့် ၄-ပါးသော စတုပါရိသုဒ္ဓိသီလကို ယထာရဟဖြင့် လူတို့ ကျင့်ဆောက်တည် သင့်ကြောင်းကို မှတ်ရာ၏။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်အဋ္ဌကထာ။ မူလပဏ္ဏာသ၊ သဗ္ဗာသဝသံဝရသုတ်ပါဠိ, အဋ္ဌကထာ။ ဝိသုဒ္ဓိမဂ္ဂ၊ သီလနိဒ္ဒေသအဋ္ဌကထာ။ ခုဒ္ဒကပါဌအဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာကျမ်းတို့၌ ကြည့်လေ။

၁၂၃၅-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

တောင်တော်ပန်းပဲတန်းနေ ဒကာမောင်ဝိုင်း-က "မေတ္တေယျဘုရားလက်ထက် ဒုဋ္ဌဂါမဏိမင်းကြီး, ညီတော် တိဿမင်းတို့ ဝဲ, ယာရံ ဖြစ်လတ္တံ့" ဟူသောစကား, "ရှင်မောဂ္ဂလ္လာန် မာရ်နတ်ဖြစ်ဖူးကြောင်း"စသည်နှင့် စပ်လျဉ်း၍ မှတ်သားပါရအောင် မိန့်ဆိုပါမည့်အကြောင်း မေးလျှောက်ချက်

[၂၈] "ဘုရားတပည့်တော် တောင်တော်ပန်းပဲတန်းနေ ဒကာမောင်ဝိုင်း လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) 'ဒုဋ္ဌဂါမဏိမင်းကြီးသည် မေတ္တေယျမြတ်စွာဘုရား၏ လက်ယာရံ ဖြစ်လတ္တံ့'-ဟူ၍ ကြားသိဖူးပါသည်။

(၂) 'အရှင်မဟာမောဂ္ဂလ္လာန်သည် မာရ်နတ် ဖြစ်ဖူးကြောင်း'-ကို ပြောဆိုကြားသိရဖူးပါသည်။

(၃) 'ယခု မာရ်နတ်သည်လည်း ဒူသီမာရ်နတ်၏ ကာဠီမည်သော နှမ၏သား ဖြစ်ဖူးသည်'-ဆိုသော စကားကို ကြားသိရပါသည် ဖြစ်၍ ၎င်းစကားရပ်တို့ကို ကျမ်းဂန်နှင့်အညီ အသေအချာ သိမှတ်ပါရအောင် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

တောင်တော်ပန်းပဲတန်းနေ ဒကာမောင်ဝိုင်းက ဒုဋ္ဌဂါမဏိမင်းကြီး, ညီတော် တိဿမင်းကြီးတို့ မေတ္တေယျဘုရား၏အထံ ဝဲ,ယာရံအဖြစ်၊ အရှင်မောဂ္ဂလ္လာန် မာရ်နတ် ဖြစ်ဖူးကြောင်းများနှင့် မေးလျှောက်သည်။

မေးလျှောက်သည့်စကားရပ်တို့တွင် ဒုဋ္ဌဂါမဏိမင်းကြီး, ညီတော်-သဒ္ဓါတိဿမင်းကြီးတို့၏ အကြောင်းမှာ-

[၂၈] (၁) ဒုဋ္ဌဂါမဏိမင်းကြီး၏ မယ်တော်, ခမည်းတော်တို့သည် မေတ္တေယျဘုရား၏ မယ်တော်, ခမည်းတော်ဖြစ်လတ္တံ့။ ဒုဋ္ဌဂါမဏိမင်းကြီးကား အဂ္ဂသာဝကလက်ယာရံတည်း။ ညီတော်သဒ္ဓါတိဿမင်းကြီးကား အဂ္ဂသာဝကလက်ဝဲရံတည်း။ ဒုဋ္ဌဂါမဏိမင်းကြီး၏ မိထွေးတော်ဖြစ်သော အနုလာဒေဝီမိဖုရားကား မေတ္တေယျဘုရား၏ မိဖုရားကြီးပင်တည်း။

http://www.dhammadownload.com

သားတော် သာလိကရာဇကုမာရမင်းသားကား မေတ္တေယျဘုရား၏ သားတော်ပင်တည်း။ ဘဏ္ဍာစိုးဖြစ်သော သံယအမတ်ကား အလုပ်အကျွေး ယောကျ်ားပင်တည်း။ ၎င်းအမတ်၏ သမီးကား အလုပ်အကျွေး မိန်းမပင်တည်း။

ထို့ကြောင့် အနာဂတဝင်ကျမ်း၊ မဟာဝင်ကျမ်းတို့၌–

> ဒုဋ္ဌဂါမဏိရညော ပိတာ အနာဂတေ မေတ္တေယျဿ ဘဂဝတော ပိတာ ဘဝိဿတိ။ တထာ မာတာ ဘဝိဿတိ။ ဒုဋ္ဌဂါမဏိရာဇာ ပန တဿ ပဌမအဂ္ဂ-သာဝကော ဘဝိဿတိ။ ကနိဋ္ဌော သဒ္ဓါတိဿမဟာရာဇာ ဒုတိယအဂ္ဂသာဝကော ဘဝိဿတိ။ ရညော မာတုစ္ဆာ အနုလာဒေဝီ မေတ္တေယျဿ ဗောဓိသတ္တဿ အဂ္ဂမဟေသီ ဘဝိဿတိ။ ဒုဋ္ဌဂါမဏိရညော ပုတ္တော သာလိကရာဇကုမာရော မေတ္တေယျဿ ပုတ္တော ဘဝိဿတိ။ ရညော ဘဏ္ဍာဂါရိကသံယအမစ္စော အဂ္ဂု-ပဋ္ဌာကော ဘဝိဿတိ။ တဿ အမစ္စဿ ဓီတာ အဂ္ဂုပဋ္ဌာယိကာ ဘဝိဿတိ။

ဟု လာသည်။

ဒုဋ္ဌဂါမဏိရညော၊ ဒုဋ္ဌဂါမဏိမင်းကြီး၏။ ပိတာ၊ ခမည်းတော်သည်။ မေတ္တေယျဿ ဘဂဝတော၊ မေတ္တေယျမြတ်စွာဘုရား၏။ ပိတာ၊ ခမည်းတော်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တထာ၊ ထို့အတူ။ မာတာ၊ မယ်တော်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဒုဋ္ဌဂါမဏိရာဇာ ပန၊ ဒုဋ္ဌဂါမဏိမင်းကြီးသည်ကား။ တဿ၊ ထိုမေတ္တေယျဘုရား၏။ ပဌမအဂ္ဂသာဝကော၊ လက်ယာရံ အဂ္ဂသာဝကသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ကနိဋ္ဌော၊ ဒုဋ္ဌဂါမဏိမင်းကြီး၏ ညီဖြစ်သော။ သဒ္ဓါတိဿမဟာရာဇာ၊ သဒ္ဓါတိဿမင်းကြီးသည်။ ဒုတိယအဂ္ဂသာဝကော၊ လက်ဝဲရံအဂ္ဂသာဝကသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဒုဋ္ဌဂါမဏိရညော၊ ဒုဋ္ဌဂါမဏိမင်းကြီး၏။ မာတုစ္ဆာ၊ မိထွေးတော်ဖြစ်သော။ အနုလာဒေဝီ၊ အနုလာဒေဝီမိဖုရားသည်။ မေတ္တေယျ-ဿ ဗောဓိသတ္တဿ၊ မေတ္တေယျဘုရားလောင်း၏။ အဂ္ဂမဟေသီ၊ မိဖုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဒုဋ္ဌဂါမဏိရညော၊ ဒုဋ္ဌဂါမဏိမင်းကြီး၏။ ပုတ္တော၊ သားဖြစ်သော။ သာလိက-ရာဇကုမာရော၊ သာလိကမင်းသားသည်။ မေတ္တေယျဿ၊ မေတ္တေယျမြတ်စွာဘုရား၏။ ပုတ္တော၊ သားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ရညော၊ ဒုဋ္ဌဂါမဏိမင်းကြီး၏။ ဘဏ္ဍာဂါရိက-သံယအမစ္စော၊ ဘဏ္ဍာစိုးဖြစ်သော သံယအမတ်သည်။ အဂ္ဂုပဋ္ဌာကော၊ ယောကျ်ားအလုပ် အကျွေးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တဿ အမစ္စဿ၊ ထိုသံယအမတ်၏။ ဓီတာ၊ သမီးသည်။ အဂ္ဂုပဋ္ဌာယိကာ၊ မိန်းမအလုပ်အကျွေးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

http://www.dhammadownload.com

(၂) အရှင်မောဂ္ဂလ္လာန်၏အကြောင်းမှာ တရံရောအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်သည် ဘဂ္ဂတိုင်း၊ သံသုမာဂိရိပြည်တွင် သားတို့ကို ဘေးမဲ့ပေးရာဖြစ်သော ပဲစင်းငုံတောခွ် သီတင်းသုံးနေတော်မူ၍ ကျောင်းအပြင် လွင်တီးခေါင်အရပ်၌ စင်္ကြံကြွသွားတော်မူသတည်း။ ထိုအခါ မာရ်နတ်သည် အရှင်မောဂ္ဂလ္လာန်၏ ဝမ်းသို့ဝင်၍ အူမ၏အတွင်း အစာဟောင်းအိမ်ရှိရာအရပ်၌ နေလတ်၏။ ထိုအခါ ပဲဖြင့်ချက်သော ထမင်းကို စားသောဝမ်းကဲ့သို့, ပဲဖြင့် ပြည့်သော ပခြုပ်ကဲ့သို့ ဝမ်းသည် ပြည့်လတ်၍ ကျောက်ညောင်စောင်းကဲ့သို့ ခိုင်ခဲ့လေးလံစွာဖြစ်၍ 'စင်္ကြံကြွသွားခြင်းငှာ မလျောက်ပတ်ပြီ'ဟု ကျောင်းတွင်းသို့ ဝင်၍ ခင်းထားအပ်သော ညောင်စောင်းထက်၌ နေပြီးမှ "အဘယ့်ကြောင့် ငါ၏ဝမ်းသည် ပဲဖြင့်ချက်သော ထမင်းကို စားသော ဝမ်းကဲ့သို့ လေးလံခိုင်ခဲ့လေသနည်း"ဟု ဆင်ခြင်လတ်သော် မာရ်နတ်ကို မြင်၍ "ဟယ် မာရ်နတ်ယုတ်၊ ထွက်လော့။ အဘယ့်ကြောင့် မြတ်စွာဘုရားကို နှိပ်စက်သနည်း။ မြတ်စွာဘုရား၏ တပည့်သားကို နှိပ်စက်ဘိသနည်း။ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး ဆင်းရဲခြင်းငှာ မဖြစ်စေလင့်"ဟု–

နိက္ခမ ပါဝိမ၊ မာ တထာဂတံ ဝိဟေသေသိ၊ မာ တထာဂတသာဝကံ၊ မာ တေ အဟောသိ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ–

အစရှိသည်ဖြင့် ဆိုတော်မူသည်။

အကယ်၍ ယမန်နေ့-စသော ရက်တို့၌ စားအပ်သော အစာအာဟာရတို့ကြောင့် ဖြစ်သော အစာမကြေခြင်းသည်လည်းကောင်း တပါးသော ဆန့်ကျင်ဘက် ဖြစ်သော အပြစ်ဒေါသသည်လည်းကောင်း ရှိခဲ့အံ့၊ "အလုံးစုံသော ရောဂါဘေးရန်တို့သည် ကြေပျက်ပျောက်လွင့်စေသတည်း"ဟု လက်ဖြင့် သုံးသပ်သည်ရှိသော် မာရ်နတ်သည် ကြေမွပျောက်ပျက်ခြင်းသို့ ရောက်ရာ၏။ ထိုသို့ ပြုတော်မမူဘဲ, အကြောင်းကို ဆင်ခြင်တော်မူသည်။

ပါဠိတော်၏ အနက်ကား–

ပါဝိမ၊ မာရ်ယုတ်။ တထာဂတံ၊ မြတ်စွာဘုရားကို။ မာ ဝိဟေသေသိ၊ မနှိပ်စက်လင့်။ တထာဂတသာဝကံ၊ မြတ်စွာဘုရား တပည့်သားကို။ မာ ဝိဟေသေသိ၊ မနှိပ်စက်လင့်။ တေ၊ သင့်အား။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ အဟိတာယ၊ အစီးအပွါးမရှိခြင်းငှာ။ ဒုက္ခာယ၊ ဆင်းရဲခြင်းငှာ။ မာ အဟောသိ၊ မဖြစ်စေလင့်။

"တထာဂတံ မာ ဝိဟေသေသိ"အစရှိသော ပါဠိတော်၏ အဓိပ္ပါယ်ကား သားကို နှိပ်စက်လျှင် မိဘကို နှိပ်စက်သည် မည်၏။ ထို့အတူ ဘုရားတပည့်သား သာဝကတို့ကို နှိပ်စက်လျှင် ဘုရားကို နှိပ်စက်သည် မည်၏။ ထို့ကြောင့် "မာ တထာဂတံ ဝိဟေသေသိ"

http://www.dhammadownload.com

ဟု ဆိုတော်မူသတည်း။ ထိုအခါ မာရ်နတ်သည် ဤသို့ ကြံပြန်၏။ "ဤရဟန်းသည် ငါ့ကို မသိမမြင်ဘဲ သိယောင်ကဲ့သို့ 'ပါပိမ နိက္ခမ'-ဟု ဆိုဘိသည်။ ဤရဟန်းကို ထား၍ ဤရဟန်း၏ ဆရာဖြစ်သော သဗ္ဗညုတဉာဏ်တော်ကြီးရှင် သခင်ဘုရားသော်မှလည်း ငါ့ကို အဆောတလျင် မသိမမြင်နိုင်ရာ။ အဘယ်မှာ ဤရဟန်း သိနိုင်ရာအံ့"ဟု ကြံအောက်မေ့သည်ကို အဂ္ဂဉ်မောဂ္ဂလ္လာန် သိတော်မူပြန်လျှင် "ဟယ် မာရ်ယုတ် ပါပိမ၊ ငါ့ကို ဤသို့ သင်အောက်မေ့ပြန်သည်။ 'ဤရဟန်းသည် ငါ့ကို မသိမမြင်ဘဲ သိလေယောင်ကဲ့သို့ 'ပါပိမ နိက္ခမ'စသည်ကို ဆိုဘိသည်။ ဤရဟန်းကို ထား၍ ဤရဟန်း၏ ဆရာဖြစ်သော သဗ္ဗညုမြတ်စွာဘုရားသော်မှလည်း ငါ့ကို အဆောတလျင် မမြင်, မသိနိုင်ရာ။ အဘယ်မှာ ဤရဟန်း သိမြင်နိုင်အံ့နည်း'-ဟု သင်ကြံအောက်မေ့သည်"ဟု ဆိုတော်မူလျှင် "ဤရဟန်းသည် ငါ့ကို သိ၍ပင် ဆိုဘိ၏"ဟု ခံတွင်းမှ ပျံတက်ပြီးလျှင် ကျောင်းပြင်သို့ ထွက်၍ တံခါးရွက်ကို မှီလျက် နေပြန်၏။ ထိုသို့ နေသည်ကိုလည်း သိမြင်တော်မူပြန်၍ "ယခုအခါလည်း ငါသိ၏။ အူမအတွင်းမှ ထွက်၍ တံခါးရွက်ကို မှီလျက် နေပြန်သတည်း"ဟု –

ဧတ္ထာပိ ခေါ တာ'ဟံ ပါပိမ ပဿာမိ၊ မာ တွံ မညိတ္ထော နံ မံ ပဿတီ'တိ၊
ဧသော တွံ ပါပိမ ပစ္စဂ္ဂဥ္ဇေ ဌိတော (မ၊၁။၄၀၇) –

ဟု ဆိုတော်မူပြန်၏။

ပါပိမ၊ ဟယ် မာရ်နတ်ယုတ်။ ဧတ္ထာပိ၊ ဤသို့ နေရာ၌လည်း။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ ပဿာမိ၊ မြင်၏။ မံ၊ ငါ့ကို။ နံ ပဿတီတိ၊ မမြင်ဟူ၍။ မာ မညိတ္ထော၊ မအောက်မေ့လင့်။ ပါပိမ၊ ဟယ် မာရ်ယုတ်။ ဧသော တွံ၊ ထိုသင်သည်။ ပစ္စဂ္ဂဥ္ဇေ၊ တံခါးရွက်၌။ ဌိတော၊ တည်၏။

(၃) ထိုအခါ အဂ္ဂဉ်မောဂ္ဂလ္လာန်သည် ဤသို့ ကြံအောက်မေ့တော်မူပြန်၏။ "နတ်တို့သည် လူတို့၏ မကောင်းသော အနှံကို ယူဇနာ ၁၀၀-အရပ်ကပင် မစင်တွင်းကို ဆင်းအံ့သကဲ့သို့ စက်ဆုတ်ရွံရှာ လွန်စွာဆင်းရဲခြင်း ဖြစ်ဘိသည်။ ဤမာရ်နတ်သည်ကား ကြီးမားသော အာနုဘော်နှင့် ပြည့်စုံသောနတ်ဖြစ်လျက် အူတွင်းဝယ် ဝင်အောင်း၍ အစာဟောင်းအရပ်မှာ နေသည်ကို ထောက်လျှင် အလွန်ပင် ပြစ်မှားခြင်း အားကြီးစွာ ဖြစ်ခဲ့ရာ၏။ ဤလောက၌ 'မိဘဆွေဝါး, သားချင်းပေါက်ဖော် စပ်တော်၏'ဟူသော စကားကို ကြားသိလေက တစ်စုံတစ်ယောက်မျှ မေတ္တာနှင့် ကွေကွင်း၍ စိတ်၏နှုးညံ့ခြင်း မဖြစ်သောသူမည်သည် မရှိရာ။ ငါလည်း ဆွေမျိုးစဉ်ဆက် မပျက်သော စကားအတိတ်ဖြင့် စိတ်ကို နှုးညံ့စေပြီးမှ လွတ်ရသော်ကောင်း၏"ဟု အောက်မေ့ပြန်၍ –

http://www.dhammadownload.com

ဘူတပုဗ္ဗာ'ဟံ ပါဝိမ ဒုဿီ နာမ မာရော အဟောသိ၊ တဿ မေ ကာဠီ နာမ ဘဂိနီ၊ တဿာ တွံ ပုတ္တော မေ ဘာဂိနေယျော အဟောသိ၊ တေန ခေါ ပန သမယေန ကကုသန္ဓော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဟောတိ။

(မ၊ ၁။ ၄၀၈)အစရှိသည်ကို ဆိုတော်မူသတည်း။

ပါဝိမ၊ ဟယ် မာရ်ယုတ်။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကား။ အဟံ၊ ငါသည်။ ဒုဿီ နာမ၊ ဒုဿီ အမည်ရှိသော။ မာရော၊ မာရ်နတ်သည်။ အဟောသိ၊ ဖြစ်ဖူး၏။ တဿ မေ၊ ထို ငါ၏။ ကာဠီ နာမ၊ ကာဠီဟူသော အမည်ရှိသော။ ဘဂိနီ၊ နှမသည်။ အတ္ထိ၊ ရှိ၏။ တွံ၊ သင်ကား။ တဿာ၊ ထိုကာဠီမည်သော နှမ၏။ ပုတ္တော၊ သားဖြစ်သော။ ဘာဂိနေယျော၊ ငါ၏တူသည်။ အဟောသိ၊ ဖြစ်၏။ တေန ခေါ ပန သမယေန၊ ထိုဒုဿီမည်သော မာရ်နတ် ဖြစ်သောအခါ၌။ ကကုသန္ဓော၊ ကကုသန် အမည်တော်ရှိသော။ အရဟံ၊ လူ,နတ်တို့၏ ပူဇော်ကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ အဟောသိ၊ ဖြစ်ပြီ။

ထိုကကုသန်မြတ်စွာဘုရားအား ဝိဓုရ, သဠိဝ-ဟူ၍ လက်ယာရံ, လက်ဝဲရံ အရှင် ၂-ပါး ရှိတော်မူ၏။ ထို ၂-ပါးတို့တွင် **သဠိဝမထေရ်**သည် တောအရပ်၌ သစ်ပင်ရင်းသို့ ကပ်ပြီးလျှင် သစ်ပင်ကို မှီလျက် **သညာဝေဒယိတနိရောဓသမာပတ်**ကို ဝင်စားတော်မူ၏။ ထိုအခါ အရပ်ထက်ဝန်းကျင်မှ ရောက်လာကြကုန်သော နွားကျောင်းသား, ဆိတ်ကျောင်းသား, ခရီးသွားလှည်းသမား, ကုန်သည်, ဧည့်သည် အပေါင်းတို့သည် သဠိဝမထေရ်ကို မြင်လေလျှင် "အလွန်ပင် အံ့ဖွယ်သရဲ ရှိပေ၏။ ထိုင်၍ နေလျက်ပင် ဤအရှင်ဘုရားသည်ကား ဘဝတပါး သို့ ပြောင်းသွားပုံလွန်တော်မူခဲ့၏"ဟု နိရောဓသမာပတ်သို့ ဝင်သည်ကို သေသည်ပင် ထင်ကြသောကြောင့် တိဏကဋ္ဌ-စသော မြက်, သစ်ရွက်, ထင်းခြောက်တို့ကို ရုံးစုကြ၍ သဠိဝမထေရ်၏ အထက်တွင် တင်ထားစုပုံပြီးမှ မီးတိုက်၍ ပြန်သွားကြလေသည်။ အရှင်ဘုရားမှာမူကား ရွှေဂူလိုဏ်ခေါင်း၌ ကိန်းအောင်းနေရသကဲ့သို့ သညာဝေဒယိတ နိရောဓသမာပတ်ဖြင့် ထိုညဉ့်ကို လွန်လတ်သော် သမာပတ်မှ ထပြီးလျှင် မီးကျီးစုအထက်၌ နင်းလျက် ကြွသွားတော်မူ၍ သင်္ကန်း, သပိတ်, ပရိက္ခရာ ကောင်းစွာ ဝတ်ရုံလျက် နံနက်အခါ ဆွမ်းခံရွာသို့ ကောင်းစွာဝင်တော်မူပေ၏။

ထိုအခါ နွားကျောင်းသား, ဆိတ်ကျောင်းသား, လှည်းသမား, ကုန်သည်, ဧည့်သည် လူအများတို့ ထင်ရှားတွေ့မြင်ကြပြန်လျှင် "အလွန်ပင် အံ့ဖွယ်ရှိစွ။ ထိုင်လျက်, သေလျက်ပင် ဤအရှင်သည် ရှင်၍ ကြွလာပြန်ခဲ့သည်"ဟု သူထက်ငါ အားပါးတက်၍ အုတ်ကျွက်ငြာသံ မြို့လုံးညံမျှ ပြောပြန်ကြသည်။

http://www.dhammadownload.com

ထိုအခါ ဒုဿီမည်သော မာရ်နတ်သည် မြို့တွင်းသို့ ရောက်လာသော ရဟန်းတို့အား လူအပေါင်းတို့ကို ပူးကပ်၍ ဆဲရေးပုတ်ခတ်ကြလေကုန်ရကား ကကုသန်ဘုရားကြားသိတော်မူရာတွင် မေတ္တာ-စသော ဗြဟ္မဝိဟာရတရားကို ပွါးများခြင်း စသည်ဖြင့် ရှိသေစွာ လှူဒါန်းပေးကမ်း ပူဇော်ကြစေခြင်းငှာ တဖန် ထပ်၍ ပူးကပ်စီရင်ပြန်သတည်း။ ထိုအခါ အသုဘပဋိကူလအနိစ္စ အနဘိရတိသညာကို ကောင်းစွာ ပွါးများအားထုတ်ကြ-ဟု ဆုံးမတော်မူပြန်၏။

ကကုသန်မြတ်စွာဘုရားသည် ဝိဓုရမည်သော ရဟန္တာလက်ယာရံ မထေရ်မြတ်နှင့် ဆွမ်းခံဝင်တော်မူလတ်သည်ကို ဒုဿီမည်သော မာရ်နတ်သည် အညတြကုမာရဖြစ်သူ လူငယ်ကို ပူးကပ်၍ ဝိဓုရအရှင်မြတ်ကို ပုတ်ခတ်ညှဉ်းဆဲ ကျောက်,အုတ်ခဲဖြင့် ခေါင်းတော်ကို ပေါက်ခွဲ၍ ကျောက်,အုတ်ခဲပစ်သံကို ကကုသန်ဘုရား ကြားတော်မူလေက နာဂပ-လောကိတဖြင့် ဝိဓုရအရှင်ကို မြင်တော်မူ၍ "ဒုဿီမည်သော မာရ်နတ်သည် အတိုင်းအရှည်ကို မသိ"ဟု ကြည့်တော်မူသောအခါ ထိုအရာမှ စုတိ၍ အဝီစိနိရယ၌ ဝိဓုရမထေရ်ကို ပုတ်ခတ်သော အကုသိုလ်ကံကြောင့် ခံရလေသည်။

ထိုအဝီစိ၌ ခံရသော ငရဲ၏ အမည်သည်-

- ၆-ပါးသော သမ္မာသ၏အစွမ်းဖြင့် အသီးသီးဖြစ်၍ ခံရသော **ဆဖဿာယတနိကငရဲ**
- သံတံကျင်တို့ဖြင့် ထိမှ,ဤမှ ရိုက်နှက်သည်ကို ခံရသော **သက်္ကံသမာဟတငရဲ**
- မိမိအလိုလိုပင် ဆင်းရဲဒုက္ခ ဝေဒနာကို ဖြစ်စေ၍ ခံရသော **ပစ္စတ္တဝေဒနိယငရဲ** -

ဟူ၍ ၃-ပါးရှိသည်။

ထို ၃-ပါးတို့တွင် သက်္ကံသမာဟတငရဲ၌ ခံရဟန်ကား ထိုငရဲ၌ ခံရကြသော ငရဲသူသတ္တဝါတို့၏ ခန္ဓာကိုယ်သည် ၃-ဂါဝုတ် ပမာဏ ရှိ၏။ ဒုဿီမာရ်နတ်၏ ခန္ဓာကိုယ်သည်လည်း ထို့အတူ ၃-ဂါဝုတ် ပမာဏရှိ၏။ ထိုအခါ ငရဲထိန်းတို့သည်လည်း ထန်းပင်ပမာဏ ရှိသော အလျှံတပြောင်ပြောင် တောက်လောင်သော သံတံကျင်တို့ကို ယူဆောင်ခဲ့၍ ၅-ကျိပ်သော ငရဲထိန်းတို့သည် ရင်ဝမှ စ၍ ခြေဖျားတိုင်အောင် နှက်၍ စည်း၏။ ၅-ကျိပ်သော ငရဲထိန်းတို့သည်လည်း ရင်ဝမှ စ၍ ခေါင်းဖျားတိုင်အောင် နှက်၍ စည်း၏။ ထိုသို့ နှက်ကြလေသဖြင့် အနှစ် ၅၀၀-တိုင်လျှင် ခြေဖျား,ခေါင်းဖျား ရောက်ကြလေကုန်၏။

တဖန် ခြေဖျား,ခေါင်းဖျားမှ ပြန်၍ နှက်ပြန်သည်ရှိသော် အနှစ် ၅၀၀-တိုင် ရောက်လျှင် ရင်ဝသို့ ဆိုက်ရောက်ကြလေကုန်၏။ ဤသို့သောနည်းဖြင့် အကြိမ် ၂၀၀-စေ့လျှင် အနှစ် ၁-သိန်းပြည့်၏။ အနှစ် ၁-သိန်းပတ်လုံး ကြီးစွာသော ဆင်းရဲဒုက္ခဝေဒနာကို ခံရ၍

http://www.dhammadownload.com

ထိုငရဲသူ၏သဏ္ဌာန်သည် ကိုယ်ကား လူနှင့်တူ၏။ ခေါင်းကား ငါးနှင့် တူ၏။အဘယ့်ကြောင့် နည်းဟူမူကား လူ၏ခေါင်းသည် လုံးသောကြောင့် သဲတံကျင်ဖြင့် အရိုက်အနှက် ခက်၏။ ထို့ကြောင့် သဲတံကျင် ရိုက်နှက်လွယ်စေခြင်းငှာ ငါးခေါင်းကဲ့သို့ ရှည်ရှည်ပြားပြား ငါးနှင့် တူစွာ ဖြစ်ရသတည်း။ ဤကား ဒုဿီမာရိန်တ်၏ အကြောင်းတည်း။

ထိုသို့ အရှင်မောဂ္ဂလာန်သည် ကကုသန်ဘုရား၏ လက်ထက်၌ ဒုဿီမာရိန်တ် ဖြစ်၍ ဝိဓုရမထေရ်ကို ပုတ်ခတ်ပြစ်မှားသော မကောင်းမှုကြောင့် အဝီစိငရဲ၌ ခံရသော အာဒီနဝအပြစ်ကို ပြ၍ ဆုံးမခြိမ်းခြောက်လေလျှင် မာရ်နတ်မင်းသည် နှလုံးမသာမယာ လွန်စွာ ထိတ်လန့်သောကြောင့် ထိုအရပ်၌နတ္တင်ပင် ကွယ်ပျောက်လေ၏။ ထိုစကားရပ်တို့တွင် "ကာဠိမည်သော နှမ၏သားပင် သင်ဖြစ်ခဲ့ဖူး၏"ဆိုရာ၌–

တေန ခေါ် ပန သမယေန ကကုသန္ဓော ဘဂဝါ လောကေ ဥပ္ပန္နော ဟောတိ-

ဟု ပါဠိတော်လာသောကြောင့်–

ဤဘဒ္ဒကမ္ပာတွင် ၈-ခုမြောက်သော အဋ္ဌမအန္တရကပ်၏ အထက်၌ ကကုသန် ဘုရား ပွင့်တော်မူရကား မြေကြီး ၄-ယူဇနာနှင့် ၃-ဂါဝုတ် တက်သဖြင့် နတ်သက်နှင့် နှိုင်းဆလျှင် အသခ်္ချေမကအောင် ကာလခွန်တာ၊ ရှည်ကြာကွာဝေးသောကြောင့် ရှေး အတိတ်ကာလက နှမဖြစ်ဖူးကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ကျ မှတ်ရမည်။

မြေကြီး ၄-ယူဇနာနှင့် ၃-ဂါဝုတ် တက်သည်ဆိုသော စကားမှာ–

ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ ပါစီနဝံသော တေ'ဝ သမညာ ဥဒပါဒိ ။လ။ တဒါ ကကုသန္ဓော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဟောတိ-(သံ၊၁။၃၉၆)

အစရှိသော နိဒါနဝဂ္ဂ၊ အနမတဂ္ဂသံယုတ်ပါဠိတော်ကို ထောက်မြော်၍ သိရာ၏။

ဤစကားရပ်တို့ကို အကျယ်သိလိုလျှင် ဒသဗုဒ္ဓါနာဂတဝင်ပါဠိတော်, အဋ္ဌကထာ၊ မဟာဝင်ကျမ်း၊ မူလပဏ္ဏာသ၊ အဆုံးစွန်သော စူဠယမကဝဂ်ဝယ် ၁၀-ခုမြောက်သော မာရုတဇနီယသုတ် ပါဠိ, အဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ, နိဒါနဝဂ္ဂ အနမတဂ္ဂသံယုတ် ပါဠိ, ဝေပုလ္လပဗ္ဗတသုတ် အဋ္ဌကထာတို့မှာ ကြည့်လေ။

၁၂၃၅-ခု၊ နတ်တော်လပြည့်ကျော်၊ ၈-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် အမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ရတနာပူရအင်းဝမြို့၊ ပန်းပဲတန်းနေ ဒကာမောင်မိုး-က ဒိဋ္ဌဓမ္မ ဝေဒနီယက်-စသော ၄-ပါးသော ကံတို့၏ အကျိုးပေးဟန်ကို သိလိုလှ ပါကြောင်းနှင့် လျှောက်ထားချက်

[၂၉] "ဘုရားတပည့်တော် ရတနာပူရအဝမြို့၊ ပန်းပဲတန်းနေ ဒကာမောင်မိုး လျှောက်ပါသည် ဆရာတော်ဘုရား။

'ဒိဋ္ဌဓမ္မဝေဒနီယက်, ဥပပဇ္ဇဝေဒနီယက်, အပရာပရိယဝေဒနီယက်, အဟောသိက်'-ဟူ၍ ပါကကာလက် ၄-ပါးတို့တွင် အဟောသိက်သည် အကျိုး မပေးပြီး-ဟူ၍ အချို့ ပြောကြပါသည်။ အချို့လည်း အဟောသိက်ဟူသည် ဖြစ်ပြီးသည်သာ လျှင် ကံမည်၏။ အကျိုးမပေးသည် မဟုတ်ဟူ၍ ပြောဆိုကြပါသည်။ သို့ ၂-ထွေ, ၂-ပါး ကွဲပြားကြ၍ ဝါဒအသီးသီး နည်းအထွေထွေ ဆိုကြသဖြင့် ဧကန်မုချ နေရာကျကို မယူမဆနိုင်ကြရှိသည် ဖြစ်ပါ၍ ဧကန်မုချ နေရာကျကို သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒါယကာ ပန်းပဲဆရာ မောင်မိုးက ဒိဋ္ဌဓမ္မဝေဒနီယ-စသော ကံတို့၏ အကျိုးပေးဟန်များကို သိလိုကြောင်းနှင့် လျှောက်ထားချက်အရ–

[၂၉] အဟောသိက်၏ အကြောင်းကို မေးလျှောက်သည်မှာ–

ခုဒ္ဒကနိကာယ်အဝင် ပဋိသမ္ဘိဒါမဂ်ပါဠိတော် ကမ္မကထာတွင်(၂၇၁)-

၁။ အဟောသိ ကမ္မံ အဟောသိ ကမ္မဝိပါကော။

၂။ အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော။

၃။ အဟောသိ ကမ္မံ အတ္ထိ ကမ္မဝိပါကော။

၄။ အဟောသိ ကမ္မံ နတ္ထိ ကမ္မဝိပါကော။

၅။ အဟောသိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော။

၆။ အဟောသိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော။ (အတီတကမ္မံ)။

http://www.dhammadownload.com

၇။ အတ္ထိ ကမ္မံ အတ္ထိ ကမ္မ ဝိပါကော။

၈။ အတ္ထိ ကမ္မံ နတ္ထိ ကမ္မဝိပါကော။

၉။ အတ္ထိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော။

၁၀။ အတ္ထိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော။ (ပစ္ဆိပ္ပန္နကမ္မံ)

၁၁။ ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော။

၁၂။ ဘဝိဿတိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော။ (အနာဂတကမ္မံ) –

ဟူ၍ ၁၂-ပါး အပြားအားဖြင့် ကံကို သာမည ပိုင်းခြား၍ ဟောတော်မူသည်။

ဝိသေသအားဖြင့်ကား–

- ကုသိုလ်၌ ၁၂-ပါး, အကုသိုလ်၌ ၁၂-ပါး,
- သာဝဇ္ဇ၌ ၁၂-ပါး, အနဝဇ္ဇ၌ ၁၂-ပါး,
- ကဏှ၌ ၁၂-ပါး, သုက္က၌ ၁၂-ပါး,
- သုခါန္ဒြိယ၌ ၁၂-ပါး, ဒုက္ခိန္ဒြိယ၌ ၁၂-ပါး,
- သုခဝိပါက၌ ၁၂-ပါး, ဒုက္ခဝိပါက၌ ၁၂-ပါး –

တို့ကို ဟောတော်မူသည်-ဟု မှတ်ရာ၏။

၁။ ထို ၁၂-ပါးကုန်သော ကံတို့တွင်(အနက်) အတိတ်၌ပြုအပ်သော ကံတို့တွင် အကြင်ကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်လျှင် ဒိဋ္ဌဓမ္မဝေဒနီယကံအလျောက်, ဥပပဇ္ဇဝေဒနီယကံဖြစ်လျှင် ဥပပဇ္ဇဝေဒနီယကံအလျောက်, အပရာပရိယဝေဒနီယကံဖြစ်လျှင် အပရာပရိယဝေဒနီယကံအလျောက် အတိတ်ကာလ၌ အကျိုးကို ပေးလေ၏။ ထိုကံတို့ကို ရည်၍ "အဟောသိ ကမ္မံ၊ အဟောသိ ကမ္မဝိပါကော ။ ကံဖြစ်လေပြီ၊ ကံ၏အကျိုးလည်း ဖြစ်လေပြီ"ဟု ဆိုလိုသည်။

၂။ ဒိဋ္ဌဓမ္မဝေဒနီယကံကို များစွာပြုသော်လည်း ဒိဋ္ဌဓမ္မဝေဒနီယကံ ၁-ခုသာလျှင် အကျိုးပေး၏။ ကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့သည် အကျိုးမပေးကုန်။ များစွာသော ဥပပဇ္ဇဝေဒနီယ်ကံကို ပြုသော်လည်း ၁-ခုသော ဥပပဇ္ဇဝေဒနီယကံသည်သာ အနန္တရဘဝ၌ ပဋိသန္ဓေ-ဟူသော အကျိုးကို ပေး၏။ ကြွင်းသော ဥပပဇ္ဇဝေဒနီယကံတို့သည် အကျိုးကို မပေးကုန်။ များစွာသော အာနန္တရိယကံကို ပြုသော်လည်း အားကြီးသော

http://www.dhammadownload.com

အာနန္တရိယက် ၁-ခုသာလျှင် ပဋိသန္ဓေ-ဟူသော အကျိုးကို ပေး၏။ ကြွင်းသော အာနန္တရိယကံသည် ပဋိသန္ဓေ-ဟူသော အကျိုးကို မပေးကုန်။ သမာပတ် ၈-ပါးကို ရခြားသော်လည်း ၁-ခုသော သမာပတ်စေတနာသာလျှင် ပြဟ္မာဘုံ၌ ဖြစ်၏။ ကြွင်းသော သမာပတ်စေတနာတို့သည် အကျိုးကို မပေးကုန်။ ထိုသို့ အတိတ်ကာလ၌ အကျိုးမပေးသော ကံတစ်ခုကို ရည်၍လည်းကောင်း

အကြင်သူသည် များစွာသော ကုသိုလ်ကို ပြု၍ အဆွေခင်ပွန်းကောင်းကို မှီ၍ ထိုကုသိုလ်သည် အကျိုးမပေးမီ အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအရဟတ္တဖိုလ်ကို လည်း ရည်၍လည်းကောင်း "အဟောသိ ကမ္မံ၊ နာဟောသိ ကမ္မဝိပါကော ။ ကံဖြစ်လေပြီ၊ ကံ၏ အကျိုးကား မဖြစ်လေ"ဟူလိုသည်။

၃။ အတိတ်၌ ပြုအပ်သော ကံသည် အတိတ်အကျိုးကို မပေးမူ၍ ပစ္စုပ္ပန်ဘဝ၌ အကျိုးပေး၏။ ထိုကံကို ရည်၍ "အဟောသိ ကမ္မံ၊ အတ္ထိ ကမ္မဝိပါကော ။ ကံဖြစ်လေပြီ၊ ကံ၏အကျိုးလည်း ရှိ၏"ဟူလိုသည်။

၄။ အတိတ်၌ ပြုအပ်သော ကံသည် အတိတ်၌လည်းကောင်း ပစ္စုပ္ပန်၌လည်းကောင်း အကျိုးပေးခွင့်ကို မရသောကြောင့် အကျိုးမပေးမူ၍ အဟောသိကံဖြစ်သော်လည်းကောင်း ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ ရောက်သော်လည်းကောင်း "အဟောသိ ကမ္မံ၊ နတ္ထိ ကမ္မဝိပါကော ။ ကံကား ဖြစ်လေပြီ၊ ကံ၏ အကျိုးကား မရှိ"ဟူလိုသည်။

၅။ အတိတ်၌ ပြုအပ်သော ကံသည် အတိတ်၌လည်းကောင်း ပစ္စုပ္ပန်၌လည်းကောင်း အကျိုးမပေးမူ၍ အနာဂတ်ကာလ၌ အကျိုးပေးလတ္တံ့။ ထိုကံကို ရည်၍ "အဟောသိ ကမ္မံ၊ ဘဝိဿတိ ကမ္မဝိပါကော ။ ကံဖြစ်လေပြီ၊ ကံ၏အကျိုးကား ဖြစ်လတ္တံ့" ဟူလိုသည်။

၆။ အတိတ်၌ ပြုအပ်သောကံသည် ကာလလွန်၍လည်းကောင်း အနာဂတ်ဘဝ၌ အကျိုးမပေးမီ ပရိနိဗ္ဗာန် ပြုရလတ္တံ့။ ထိုကံကို ရည်၍ "အဟောသိ ကမ္မံ၊ န ဘဝိဿတိ ကမ္မဝိပါကော ။ ကံ-ကား ဖြစ်လေပြီ၊ အကျိုးကား မဖြစ်လတ္တံ့"ဟူလိုသည်။ (၅)သို့ အတိတ်၌ ကံအကျိုးပေးသည်, မပေးသည် ၂-ပါး၊ အနာဂတ်၌ အကျိုးပေးသည်, မပေးသည် ၂-ပါးအားဖြင့် ပေါင်း ၆-ပါး။)

၇။ ပစ္စုပ္ပန်၌ ပြုအပ်သောကံသည် ပစ္စုပ္ပန်တွင် အကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံသည် "အတ္ထိ ကမ္မံ၊ အတ္ထိ ကမ္မဝိပါကော ။ ကံ-လည်း ရှိ၏၊ ကံ၏ အကျိုးလည်း ရှိ၏"။

http://www.dhammadownload.com

၈။ ပစ္စုပ္ပန်တွင် ပြုအပ်သော ဒိဋ္ဌမမွဝေဒနီယကံမှ တပါးသော ကံသည် "အတ္ထိ ကမ္မံ၊ နတ္ထိ ကမ္မဝိပါကော - ပစ္စုပ္ပန်တွင် ကံကား ရှိ၏၊ ပစ္စုပ္ပန်တွင် ကံ၏အကျိုးကား မရှိ"။

၉။ ပစ္စုပ္ပန်တွင် ပြုအပ်သော အနာဂတ်မှ အကျိုးပေးလတ္တံ့သော ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံသည် "အတ္ထိ ကမ္မံ၊ ဘဝိဿတိ ကမ္မဝိပါကော - ကံ-ကား ပြီး၏၊ အကျိုးလည်း ဖြစ်လတ္တံ့"။

၁၀။ ပစ္စုပ္ပန်တွင် ပြုအပ်သော ဥပပဇ္ဇဝေဒနီယကံသည် အခွင့်ကိုမရ၍ အကျိုးမပေးသော်လည်းကောင်း အပရာပရိယကံသည် အကျိုးမပေးမီ ပရိနိဗ္ဗာန်ပြုသော်လည်းကောင်း "အတ္ထိ ကမ္မံ၊ န ဘဝိဿတိ ကမ္မဝိပါကော - ကံ-ကား ပြီး၏။ အကျိုးကား မဖြစ်လတ္တံ့" (ဤသို့ ပစ္စုပ္ပန်၌ ဖြစ်သောကံသည် ပစ္စုပ္ပန်၌ အကျိုးပေးသည်, မပေးသည်၊ အနာဂတ်၌ အကျိုးပေးလတ္တံ့သည်, မပေးလတ္တံ့သည်အားဖြင့် ၄-ပါး။)

၁၁။ အနာဂတ်၌ ပြုလတ္တံ့သော အကျိုးပေးလတ္တံ့သော ကံသည် "ဘဝိဿတိ ကမ္မံ၊ ဘဝိဿတိ ကမ္မဝိပါကော - ကံသည် ဖြစ်လတ္တံ့၊ အကျိုးလည်း ဖြစ်လတ္တံ့"။

၁၂။ အနာဂတ်ဘဝ၌ ပြုလတ္တံ့သော အကြောင်းခြား၍လည်းကောင်း အကျိုးပေးအံ့သောကာလကို လွန်၍လည်းကောင်း ပရိနိဗ္ဗာန်ပြု၍လည်းကောင်း အကျိုးမပေးလတ္တံ့သော ကံသည် "ဘဝိဿတိ ကမ္မံ၊ န ဘဝိဿတိ ကမ္မဝိပါကော - ကံ-ကား ဖြစ်လတ္တံ့၊ အကျိုးကား မပေးလတ္တံ့"။

ဤသို့ ဖြစ်လတ္တံ့သော ကံသည် အကျိုးပေးလတ္တံ့, မပေးလတ္တံ့သောအားဖြင့် ပေါင်း ၂-ပါးရှိ၏။ ဤသို့–

- အတိတ်၌ဖြစ်သော ကံသည် အတိတ်, ပစ္စုပ္ပန်, အနာဂတ်၌ အကျိုးပေး, မပေးသော အားဖြင့် ၆-ပါး၊
- ပစ္စုပ္ပန်၌ဖြစ်သော ကံသည် ပစ္စုပ္ပန်, အနာဂတ်၌ အကျိုးပေး, မပေးအားဖြင့် ၄-ပါး၊
- အနာဂတ်၌ဖြစ်သော ကံသည် အနာဂတ်၌ အကျိုးပေး, မပေးသောအားဖြင့် ၂-ပါး၊

ဤသို့လျှင် ကံသည် သာမညအားဖြင့် ၁၂-ပါး ပြား၏။

ဤသို့ ပြဆိုခဲ့ပြီးသော ကမ္မကထာ ပဋိသမ္ဘိဒါမဂ်ပါဠိတော် လာသည်ကို ထောက်လျှင် "အဟောသိကံ"ဟူသည်–

http://www.dhammadownload.com

- ကံဖြစ်ပြီး၍ ကံ၏အကျိုးလည်း ဖြစ်ပြီးသော အဟောသိကံ၊
- ကံဖြစ်ပြီး၍ ကံ၏အကျိုးကား မဖြစ်သော အဟောသိကံ၊
- ကံဖြစ်ပြီး၍ ကံ၏အကျိုးကား ထင်ရှားရှိသေးသော အဟောသိကံ၊
- ကံဖြစ်ပြီး၍ ကံ၏အကျိုးလည်း ထင်ရှားမရှိသော အဟောသိကံ၊
- ကံဖြစ်ပြီး၍ ကံ၏အကျိုးလည်း ဖြစ်လတ္တံ့သော အဟောသိကံ၊
- ကံဖြစ်ပြီး၍ ကံ၏အကျိုးကား မဖြစ်လတ္တံ့သော အဟောသိကံ-

ဟူ၍ အတိတ်၏အစွမ်းအားဖြင့် ၆-ပါးရှိသည် ဖြစ်၍ **အဟောသိကံ-ဟူသည် အကျိုးပေးပြီး, ပေးလတ္တံ့သော အဟောသိကံလည်း ရှိ၏**-ဟု သိရာ၏။

အရှင်အနုရုဒ္ဓါဆရာမှာမူကား- ဒိဋ္ဌဓမ္မဝေဒနီယကံသည် မှက်မှောက် အကျိုးမပေးလျှင် အဟောသိကံ ဖြစ်၏။ ဥပပဇ္ဇဝေဒနီယကံသည် ဒုတိယဘဝ၌ အကျိုးမပေးလျှင် အဟောသိကံ ဖြစ်၏။ အပရာပရိယဝေဒနီယကံသည် နိဗ္ဗာန်ကို ရ၍ အကျိုးပေးရာ ကာလမရှိလျှင် အဟောသိကံ ဖြစ်သည်ကိုရည်၍ ပါကကာလ၏ အစွမ်းအားဖြင့် ကံ ၄-ပါးကို ပြတော်မူသည်။

ယင်းသို့ ပြတော်မူသည့်အရာကို ကမ္မကထာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်အရနှင့် နှိုင်းဆဆင်ခြင်သော်-

> **အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော။ အဟောသိ ကမ္မံ နတ္ထိ ကမ္မ-ဝိပါကော။ အဟောသိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော-**

ဟူသော ပါဠိအရ ၃-ဝါရနှင့် မဆန့်ကျင်သည်သာဖြစ်၍ လျော်သော စကားမည်၏-ဟူ၍ မှတ်ရာ၏။

၁၂၃၅-ခု၊ သီတင်းကျွတ်လဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် မိန့်ဖြေကြားလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ကြံကင်းမြို့၊ လှေသူကြီး ဒကာမောင်လှိုင်းနှင့် ၇-ဦး, မြန်အောင်မြို့ လှေသူကြီး မောင်နက်ကြီး၊ ပေါင်း ၈-ဦးတို့က အလဇ္ဇီဒုဿီလတို့ကို သိလျက်နှင့် လှူဒါန်းလျှင် အကျိုးရှိ, မရှိအရာ အမိန့်တော်ဖြေကြားစာ သနားတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၃၀] "ဘုရားတပည့်တော် ကြံကင်းမြို့၊ လှေသူကြီး ဒကာမောင်လှိုင်း, မောင်သောင်, မောင်ရှမ်းကလေး, မောင်ပေ, မောင်ရွှေပင်, မောင်ပို , မောင်မြတ်စံ, မြန်အောင်မြို့ လှေသူကြီး ကျောင်းဒကာ မောင်နက်ကြီးတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သော သူတို့က အလဇ္ဇီ, ဒုဿီလ ရဟန်းတို့ကို သိလျက် လှူဒါန်းသော် အကျိုးမရှိ-ဟု အယူရှိကြပါသည်။ အချို့သောသူတို့က အလဇ္ဇီ, ဒုဿီလတို့ကို အားပေးခြီးမြှင့် ပြုသော်သာ အပြစ်ရှိသည်။ လှူဒါန်း, ပူဇော်ခြင်း၌ကား အကျိုးမရှိသည် မဟုတ်၊ အကျိုးရှိသည်သာတည်းဟု ပြောဆိုကြပါသည်။ ထိုစကားကို သိသာခြားနား မှတ်သားပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ကြံကင်းမြို့နေ၊ လှေသူကြီး မောင်လှိုင်းနှင့် ၈-ဦးသားတို့က ဒုဿီလပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်း၌ အကျိုးရှိ, မရှိကို မေးလျှောက်ချက်–

[၃၀] (၁) ဒုဿီလ အလဇ္ဇီ-ဟူသော စကားမှာ ဒုဿီလ-ဟူ၍လည်းကောင်း အလဇ္ဇီ-ဟူ၍လည်းကောင်း တခြားစီ ရှိပြန်သည်။

ဒုဿီလဿ ပါပဓမ္မဿ အသုစိ သင်္ကဿရသမာစာရဿ ။လ။ ကသမ္ဗု-ဇာတဿ–

အစရှိသည်ဖြင့် ဟောတော်မူသော (အင်္ဂုတ္တရောပမသုတ်) (အံ၊၂။၄၉၅) –

သေယျော အယောဂုဇ္ဇော ဘုတ္တော၊ တတ္တော အင်္ဂီသိခူပမော။
ယဿ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။

ဟူ၍ဟောတော်မူသော စတုတ္ထပါရာဇိကဏ်(၁၁၆)၊ ဓမ္မပဒဝဏ္ဏမုဒါတီရိယဘိက္ခု(၂၇)၊

http://www.dhammadownload.com

ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာ'ဟံ ဇီဝိတံ သေယ္ယော၊ သီလဝန္တဿ ဈာယိနော။

ဟူ၍ဟောတော်မူသော ဓမ္မပဒ၊သံကိစ္စသာမဏေရဝတ္ထုပါဠိတော်(၂၉)၊

ဘဝိဿန္တိ ခေါ ပနာ'နန္ဒ အနာဂတမဒ္ဓါနံ၊ ဂေါတြဘုနော ကာသာဝကဏ္ဍာ ဒုဿီလာ ပါပဓမ္မာ–

အစရှိသည်ဖြင့် ဟောတော်မူသော ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္သုတ်ပါဠိတော်(၂၉၉)၊

ဒသ အတ္ထဝသေ ပဋိစ္စ သံဃသုဋ္ဌုတာယ သံဃဖာသုတာယ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ —

အစရှိသည်ဖြင့် ဟောတော်မူသော ပါရာဇိကဏ်ပါဠိတော်(၂၄)။

ဤသို့စသည်ဖြင့် ထိုထို ပါဠိတော်တို့၌ အသီးသီး ဟောတော်မူသော ဒုဿီလော-ဟူသော ပုဒ်အရသည် 'ဒုဿီလော, နိဿီလော'ဟု ဖွင့်လှစ် ပြဆိုသည်နှင့်အညီ သီလမရှိသောရဟန်းသည် ဒုဿီလပုဂ္ဂိုလ် မည်၏။

အလဇ္ဇီ ကီဒိသော ဟောတိ၊ ပဋိညာ ယဿ န ရူဟတိ။
ဧတာဒွ တာဟံ ပုစ္ဆာမိ၊ ကီဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။ ။

သဉ္ဇီစ္စ အာပတ္တိ အာပဇ္ဇတိ၊ အာပတ္တိ ပရိဂူဟတိ။
အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။ (၂၇၉)–

ဟူ၍ ဟောတော်မူသော ပရိဝါပါဠိတော်တွင် လာသော ဝိတိက္ကမစေတနာရှိလျက် အာပတ်သင့်သော် သင့်ပြီးသောအာပတ်ကို စေတနာရှိလျက် လျှို့ဝှက်ဖုံးကွယ်သော, ၄-ပါးသော အဂတိတို့သို့ လိုက်နာကျင့်ကြံသော ရဟန်းသည် **အလဇ္ဇီ** မည်၏။

သီလဝိပတ္တိ, အာစာရဝိပတ္တိ ၂-ပါးတို့တွင် ပါရာဇိက, သံဃာဒိသိသ် အာပတ်သင့်သော ရဟန်းသည် သီလဝိပတ္တိ မည်၏။ သီလပျက်သည် မည်၏။ ကြွင်းသော အာပတ် ၅-ပုံသင့်သော ရဟန်းသည် အာစာရဝိပတ္တိ မည်၏။ အကျင့်ပျက်သည် မည်၏။ ထို ၂-ပါးတို့တွင် သီလဝိပတ္တိ၌ ပါရာဇိကအာပတ်သို့ ရောက်သောရဟန်းကို သီလဝန္တ ဖြစ်စေခြင်းငှာ မတတ်နိုင်ရာ။ ဆေးကုခြင်းငှာ မတတ်ကောင်းသော **အတေကိစ္ဆပုဂ္ဂိုလ်** မည်၏။

ထန်းလည်ဆစ်ပြတ်၊ ဥခေါင်းပြတ်သတ္တဝါ၊ ၂-စိတ်ကွဲသော ကျောက်ဖျာ၊ အညှာမှ လွတ်သော သစ်ရွက်နှင့်တူသော မထွကစ္ဆိန္နတာလ, သီသစ္ဆိန္နသတ္တ, ဒွိဓာဘိန္နသေလ, ဗန္ဓနာပဓုတ္တသဒိသပုဂ္ဂိုလ် မည်၏။

http://www.dhammadownload.com

သံယာဒိသိသ် အာပတ်သင့်သော ရဟန်းမှာ ဘုရားဒေသနာ ဝုဋ္ဌာနကံတည်း ဟူသော ဆေးတော် သုသံယုတ္တ ဩသဓဖြင့် ကုသလွတ်ငြိမ်းသည့်ကာလ သီလဝန္တ အစစ် ဖြစ်၏။ သီလဝန္တအစစ် ဖြစ်ရကား ဆေးကုခြင်းငှာ တတ်ကောင်းသော **သတေကိစ္ဆပုဂ္ဂိုလ်** မည်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် ရံခါ ဒုဿီလ၊ ရံခါ သုသီလ မည်၏။

အာစာရဝိပတ္တိ၊ အဂတိဂမနသို့ ရောက်သော ပုဂ္ဂိုလ်တို့မှာကား မိမိ၌ရှိသော အပြစ်ကို အာယတိ သံဝရဖြင့် ကုသ၍ စင်ကြယ်သန့်ရှင်းသောကာလ လဇ္ဇီသီလဝန္တပုဂ္ဂိုလ် အစစ်ဖြစ်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် ရံခါ အလဇ္ဇီ၊ ရံခါ လဇ္ဇီဖြစ်၏။

အစရှေးဦး၊ ပကတူးက၊ အဓမ္မဝါဒီ၊ အလဇ္ဇီဒုဿီလ-ဟူ၍ မရှိ။ ကာလရှည်ကြာမှ သဒ္ဓါ,သတိ,ဝိရိယ ဆုတ်ယုတ်၍ ယုတ်မာကျင့်ကြံ ပေါ့တန်ဖျင်းသွပ်သဖြင့် အကပ္ပိယဝိတိက္ကမ စေတနာနှင့် အာဏာတိက္ကမကို လွန်ကျူးသည့်ကာလမှ ဒုဿီလ,အလဇ္ဇီ ဖြစ်ကြလေသည်။

ဥပမာကား ဝန်ကို ရွက်ဆောင်သော ယောကျ်ားသည် ရှေးဦးအစ ပဌမက လေးလံလှသည် မထင်၊ မပြိုမပြင်၊ မပင်မပန်း၊ ထမ်းပိုးရွက်ဆောင်နိုင်လေ၏။ ခရီး ယူဇနာ ဝေးကွာ၍ ရှည်ကြာကာလ ရွက်ဆောင်ရမှ ကာယဗလ ဝီရိယခွန်အား လျော့ပါးဆုတ်ယုတ်သဖြင့် အသင့်လွယ်ကူ ယူဆောင်ထမ်းပိုးခဲ့သော ထိုဝန်ကို အလွန်လေးလံလှသောကြောင့် စွန့်ထား ပစ်ချ၍ ခဏလွယ်ကူ မယူမကြွနိုင်လေသကဲ့သို့ မှတ်ရာ၏။

ဤတွင်ရွေ့ ဒုဿီလ, အလဇ္ဇီပုဂ္ဂိုလ်တို့၏ လက္ခဏာကို သိသာခြားနား ကွဲပြားအောင် ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၂) "အလဇ္ဇီပုဂ္ဂိုလ်တို့ကို မလျှုဒါန်းအပ်၊ လျှုဒါန်းသော် အကျိုးမရှိ"ဟူသော စကား၌ ၅၅၀-ဝိသတိနိပါတ်၊ ရှေးဦးစွာသော **မာတင်္ဂဇာတ်၌ မာတင်္ဂရသေ့**သည် ဒိဗ္ဗစက္ခုအဘိ-ညာဏ်ဖြင့် သားဖြစ်သော **မဏ္ဍဗျ**သတို့သားသည် မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဏ္ဏားတို့ကို ကိုးကွယ်လျှုဒါန်း၍ နေကြောင်းကို သိလေလျှင် ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူ၍ မဏ္ဍဗျသတို့သား၏ ရှေ့တွင် ရပ်သောခဏ၌ "ငါကား အလျှုခံပုဂ္ဂိုလ် သူမြတ်တို့ကို ဆည်းကပ်လျှုဒါန်း၍ ဝမ်းမြောက်ဝမ်းသာ ရှိနေစဉ် အဝတ်ညစ်စုတ် ယုတ်ယုတ်မာမာ ဒွန်းစက္ကားဖွယ်ရာဖြင့် ရောက်လာရပြန်သနည်း"ဟု မေးလေလျှင် "ငါလည်း ဤလောက မာတ် ဤအရပ်တွင် မြတ်သောအလျှုကို ခံလိုသော ပုဂ္ဂိုလ် ၁-ဦးပင် ဖြစ်သည်"ဟု ဆိုသဖြင့် "ငါ့အား မဟာပြာဟ္မဏ မျှားလှစွာသော အလျှုခံတို့သည်ကား ပေါများပြည့်စုံ၏"ဟု ပယ်ချားသောကာလ "ဒါယကာ၊ စပါးသီးနှံ၏ ပြည့်စုံခြင်းကို အလိုရှိသော လယ်လုပ် ယောကျ်ားသည် ၃-ရပ်, ၃-ဌာန မျှားသောလယ်တိုက်ဝယ် ကြဲစိုက်လုပ်ဆောင်သဖြင့်

http://www.dhammadownload.com

အသင့်လျော်စွာ ရရာသကဲ့သို့ ထို့အတူပင် အလျှုခံ ၃-ရပ်တည်း-ဟူသော ပုညခေတ္တာဒ်၌ ဒါနတည်း-ဟူသော မျိုးကို စိုက်ပျိုး ကြဖျန်းရာ၏"ဟု ဆုံးမကြောင်းကို –

ထလေ စ နိန္နေစ ဝပန္တိ ဗီဇံ၊ အနူပခေတ္တေ ဖလ'မာသမာနာ၊
ဧတာယ သဒ္ဓါယ ဒဒါဟိ ဒါနံ၊ အပ္ပေဝ အာရာဓယေ ဒက္ခိဏေယျေ။ –

ဟု ဟောတော်မူသည်(ဇာ၊၁။၃၀၉)။

ကုမာရ၊ မဏ္ဍာဗျသတို့သား။ ဖလံ၊ အသီးကို။ အာသီသမာနာ၊ တောင့်တကုန်သော သူတို့သည်။ ထလေ စ၊ ကြည်းကုန်းမြင့်ရာအရပ်၌လည်းကောင်း။ နိန္နေစ၊ ချိုင့်ဝှမ်းနိမ့်ရာ အရပ်၌လည်းကောင်း။ အနူပခေတ္တေ၊ မြစ်, တစ်ဖက်ဆည်ကန် နိမ့်ရာအရပ်၌လည်း ကောင်း။ ဗီဇံ၊ မျိုးကို။ ဝပန္တိ ယထာ၊ စိုက်ပျိုးကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဧတာယ၊ ထိုဒါနစေတနာ၏။ ဖလံ၊ အကျိုးကို။ သဒ္ဓါယ၊ ယုံကြည်လေးမြတ်သဖြင့်။ ဒက္ခိဏေယျေ၊ ရောက်ဆဲ, ရောက်ပြီး, ရောက်လတ္တံ့သော အယုတ်,အလတ်,အမြတ်ဖြစ်သော အလျှုခံ ၃-မျိုး၌။ ဒါနံ၊ အလျှုကို။ ဒဒါဟိ၊ လျှူလော့။ ဧဝံ၊ ဤသို့ လျှူသည်ရှိသော်။ အပ္ပေဝ နာမ အာရာဓယေ၊ နှစ်သက်မြတ်နိုး အကျိုးရရာသလျှင်ကတည်း။

ထိုပါဠိတော်၏ အဋ္ဌကထာဆရာသည်–

တဿတ္ထော– ကုမာရ သဿဖလံ အာသီသမာနာ တီသုပိ ခေတ္တေသု ဗီဇံ ဝပန္တိ။ တတ္ထ အဘိဝုဋ္ဌကာလေ ထလေ သဿံ သမ္ပဇ္ဇတိ၊ နိန္နေ ပူတိကံ ဟောတိ။ အနူပခေတ္တေ နဒီဇွ တဉ္စာကဇွ နိဿာယ ကတံ ဩယေန ဝုယ္ဟတိ။ မန္ဒဝုဋ္ဌိကာလေ ထလေ ခေတ္တေ ဝိပဇ္ဇတိ၊ နိန္နေ ထောကံ သမ္ပဇ္ဇတိ၊ အနူပခေတ္တေ သမ္ပဇ္ဇတေဝ။ သမဝုဋ္ဌိကာလေ ထလေ ခေတ္တေ ထောကံ သမ္ပဇ္ဇတိ၊ ဣတရေသု သမ္ပဇ္ဇတေဝ။ တသ္မာ ယထာ ဖလမာသီသမာနာ တီသုပိ ခေတ္တေသု ဝပန္တိ၊ တထာ တွံပိ ဧတာယ ဖလသဒ္ဓါယ အာဂတာနာဂတာနံ သတ္ထေသံ ယေဝ ဒါနံ ဒေဟိ၊ အပ္ပေဝ နာမ ဧဝံ ဒဒန္တော ဒက္ခိဏေယျေ၊ အာရာဓေယျာသိ လဘေယျာသီတိ (ဇာ၊၅၊၄။၃၈၁)-

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တဿ၊ ထိုပါဠိတော်၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ကုမာရ၊ မဏ္ဍာဗျသတို့သား။ သဿဖလံ၊ ကောက်ပင်၏အသီးကို။ အာသီသမာနာ၊ တောင့်တကုန်သောသူတို့သည်။ တီသုပိ ခေတ္တေသု၊ ၃-ခုသော လယ်တို့၌။ ဗီဇံ၊ မျိုးစေ့ကို။ ဝပ္ပန္တိ၊ စိုက်ပျိုးကုန်၏။ တတ္ထ၊ ထိုစိုက်ပျိုးရာ၌။ ဝါ၊ ၃-ခုသော လယ်တို့တွင်။ အဘိဝုဋ္ဌိကာလေ၊ အလွန်မိုးကောင်းသောအခါ၌။ ထလေ၊ ကြည်းကုန်းမြင့်ရာအရပ်၌။ သဿံ၊ ကောက်သည်။

http://www.dhammadownload.com

သမ္မဇ္ဇတိ၊ ပြည့်စုံ၏။ နိန္နေ၊ ချိုင့်ဝှမ်းနိမ့်ရာအရပ်၌။ ပူတိကံ၊ ပုပ်သည်။ ဟောတိ၊ ဖြစ်၏။ အနုပခေတ္တေ၊ မြစ်, တစ်ဖက်ဆည်ကန် နီးသော လယ်၌။ နဒီ စ၊ မြစ်ကိုလည်းကောင်း။ တဋာကဉ္စ၊ တစ်ဖက်ဆည်ကန်ကိုလည်းကောင်း။ နိဿယ၊ မှီ၍။ ကတံ၊ ပြုအပ်သော။ သဿံ၊ ကောက်သည်။ သြယေန၊ ရေ၏အဟုန်ဖြင့်။ ဝုယ္ဘတိ၊ မျောစေ၏။ မန္ဒဝုဋ္ဌိကာလေ၊ မိုးနည်းသော ကာလ၌။ ထလေ၊ ကြည်းကုန်းမြင့်ရာအရပ်၌။ ခေတ္တေ၊ လယ်၌။ သဿံ၊ ကောက်သည်။ န သမ္မဇ္ဇတိ၊ မပြည့်စုံ။ နိန္နေ၊ ချိုမှ်ဝှမ်းနိမ့်ရာအရပ်၌။ သဿံ၊ ကောက်သည်။ ထောကံ၊ အတန်ငယ်။ သမ္မဇ္ဇတိ၊ ပြည့်စုံ၏။ အနုပခေတ္တေ၊ မြစ်, တစ်ဖက်ဆည်ကန် နီးသော လယ်၌။ သဿံ၊ ကောက်သည်။ သမ္မဇ္ဇတေဝ၊ ပြည့်စုံသလျင်ကတည်း။ သမဝုဋ္ဌိကာလေ၊ အသင့်အတင့် မိုးရွာသောအခါ၌။ ဝါ၊ မိုးအလတ်ရွာသောအခါ၌။ ထလေ၊ ကြည်းကုန်းမြင့်ရာ အရပ်၌။ ခေတ္တေ၊ လယ်၌။ ထောကံ၊ အတန်ငယ်။ သဿံ၊ ကောက်သည်။ သမ္မဇ္ဇတိ၊ ပြည့်စုံ၏။ ဣတရေသု၊ ချိုင့်ဝှမ်းနိမ့်ရာအရပ်, မြစ်, တစ်ဖက်ဆည်ကန် နီးရာအရပ်တို့၌။ သဿံ၊ ကောက်သည်။ သမ္မဇ္ဇတေဝ၊ ပြည့်စုံသည်သာလျင်။ ယသ္မာ၊ အကြောင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဖလံ၊ ကောက်သီး, ကောက်နှံကို။ အာသီသမာနာ၊ တောင့်တကုန်သော သူတို့သည်။ တီသုပိ ခေတ္တေသု၊ ၃-ရပ်သော လယ်တို့၌။ ဝပန္တိ ယထာ၊ စိုက်ပျိုးကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ တွံပိ၊ သင်သည်လည်း။ ဧတာယ၊ ထိုကုသိုလ် စေတနာ၏။ ဖလံ၊ အကျိုးကို။ သဒ္ဓါယ၊ ယုံကြည်လေးမြတ်သဖြင့်။ အာဂတာနာဂတာနံ၊ ရောက်ဆဲ, ရောက်ပြီး, ရောက်လတ္တံ့ကုန်သော။ သဗ္ဗေသံ ယေဝ၊ အလုံးစုံသော အလှူခံ ပုဂ္ဂိုလ်တို့အားသာလျင်။ ဒေဟိ၊ လှူလော့။ ဧဝံ၊ ဤသို့။ ဒေန္တော၊ လှူသည်ရှိသော်။ ဒက္ခိဏေ-ယျေ၊ အလှူခံပုဂ္ဂိုလ်၌။ အာရာဓေယျာသိ၊ နှစ်သက်ရာ၏။ လဘေယျာသိ၊ ရရာ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ထိုအခါ **မဏ္ဍာဗျသတို့**သားက "ငါ့အား လယ်မြေကောင်းတို့သည် ရှိကုန်၏။ ထို လယ်မြေကောင်းတို့၌ မျိုးကို ကြဲအပ်ကုန်၏။ အမျိုးဟူသော ဇာတိဂုဏ်, ဗေဒင်ကျမ်းတို့ကို သိကျွမ်းလိမ္မာသော မန္တဂုဏ်နှင့် ပြည့်စုံသော ပုဏ္ဏားတို့သည် ရှိကုန်၏။ ထိုပုဏ္ဏားတို့သည် ငါ့အား သီလသီတင်းနှင့် ပြည့်စုံသော လယ်မြေကောင်းတို့ပင်တည်း"ဟု ဆိုသဖြင့် "ငါသာ လျှင် မြတ်၏-ဟု ဇာတိမာန်ဖြင့် မာန်တက်ခြင်း၊ ငါနှင့်တူသော အမျိုးအားဖြင့် မြတ်သောသူ မရှိ-ဟု ဇာတိမာန် တက်ကြွထောင်လွှားခြင်း၊ လောဘ,ဒေါသ, မောဟ, မာနတို့ဖြင့် တက်ကြွ ထောင်လွှားသောသူတို့သည် သီလကိုချစ်သော သုပေသလ, လယ်မြေကောင်း၏သဖွယ် ဖြစ်သော သုခေတ္တ မဟုတ်။ ထိုပုဂ္ဂိုလ်တို့သည် အဆိပ်ဖြင့်ပြည့်သော မြွေဟောက်ကဲ့သို့ ကြောက်မက်ထိတ်လန့်ဖွယ် ဖြစ်ခဲ့၏။ ထိုပုဂ္ဂိုလ်တို့၌ လှူအပ်သောအကျိုးသည် မဖွံ့ဖြိုးကုန်။

http://www.dhammadownload.com

ဆိုအပ်ခဲ့ပြီးသော ဇာတိမဒ မာန်မာန တက်ကြွထောင်လွှားခြင်း-စသည်တို့မှ ကင်းသော ပုဂ္ဂိုလ်တို့သည်သာ သီလကို ချစ်သော သုပေသလ, လယ်မြေကောင်း၏ သဖွယ်ဖြစ်သော သုခေတ္တပုဂ္ဂိုလ် မည်၏။

ထိုပုဂ္ဂိုလ်၌ လျှအပ်သော အကျိုးသည်သာလျှင် ဖွံ့ဖြိုးကြီးမား၏"ဟု ဆုံးမကြောင်း နှင့် ၎င်းဇာတ်တော်တွင် လာသည်။ မလျှဒါန်း, မပေးကမ်းအပ်သော အရာကို မလာ။

(၃) ဓမ္မပဒ၊ ၂၄-ခုမြောက်သော စတုဝိသတိမတဏှာဝဂ္ဂဝယ်၊ ဒွါဒသမအကုံရဝတ္ထု တွင်လည်း သာသနာပဝယ် ၁-ယူဇနာမျှလောက်သော အရပ်၌ ခုံလောက်ချင်း ထိစပ်အောင် မပြတ်ချက်ပြုတ်၍ လျှဒါန်းသော အကုံရနတ်သားထက် သာသနာတွင်းဝယ် သီလဝန္တ, အရိယပုဂ္ဂလာ, အနုရုဒ္ဓါထေရ်ကို ၁-ယောက်ချို့, ၁-ဇွန်းမျှ လျှဒါန်းသော ဣန္ဒက နတ်က ကြီးမြတ်သော အကျိုးသည် ၁၀-ထမ်းပိုးမက နှိုင်းမမျှအောင် အာနိသံသဖလ၏ အဆထူးခွန် ကဲလွန်လေသည်ကို အကြောင်းပြု၍–

၁။ တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၂။ တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၃။ တိဏဒေါသာနိ ခေတ္တာနိ၊ မောဟဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၄။ တိဏဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

၅။ တိဏဒေါသာနိ ခေတ္တာနိ၊ တဏှာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိတတဏှေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။

ဟူ၍ ဟောတော်မူသည်(ဓမ္မ။၆၄-၅)။

၁။ အကုံရ၊ အကုံရနတ်သား။ ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်-ဟူသော အပြစ်ရှိကုန်၏။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းသည်။ ရာဂဒေါသာ၊ ရာဂ-ဟူသော အပြစ်ရှိ၏။ တသ္မာ ဟိ၊ ထို့ကြောင့်လျှင်။ ဝိတရာဂေသု၊ ရာဂကင်းသော သူတို့၌။ ဒိန္နံ၊ ပေးလျှအပ်သော ဒါနသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com

၂။ ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်-ဟူသော အပြစ်ရှိကုန်၏။ အယံ ပဇာ၊ ဤသတ္တဝါ အပေါင်းသည်။ ဒေါသဒေါသာ၊ ဒေါသ-ဟူသော အပြစ်ရှိ၏။ တသ္မာ ဟိ၊ ထို့ကြောင့်လျှင်။ ဝိတဒေါသေသု၊ ဒေါသကင်းသော သူတို့၌။ ဒိန္နံ၊ လျှူအပ်သော အလျှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ ဟောတိ၊ ဖြစ်၏။

၃။ ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်-ဟူသော အပြစ်ရှိကုန်၏။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းသည်။ မောဟဒေါသာ၊ မောဟ-ဟူသော အပြစ်ရှိ၏။ တသ္မာ ဟိ၊ ထို့ကြောင့်လျှင်။ ဝိတမောဟေသု၊ မောဟကင်းသော သူတို့၌။ ဒိန္နံ၊ လျှူအပ်သော အလျှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ ဟောတိ၊ ဖြစ်၏။

၄။ ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်-ဟူသော အပြစ်ရှိကုန်၏။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းသည်။ ဣစ္ဆာဒေါသာ၊ ဣစ္ဆာ-ဟူသော အပြစ်ရှိ၏။ ဝါ၊ လိုချင်ခြင်း-ဟူသော အပြစ်ရှိ၏။ တသ္မာ ဟိ၊ ထို့ကြောင့်လျှင်။ ဝိဂတိစ္ဆေသု၊ ကင်းသော ဣစ္ဆာ ရှိကုန်သောသူတို့၌။ ဝါ၊ ကင်းသော လိုချင်ခြင်း ရှိကုန်သောသူတို့၌။ ဒိန္နံ၊ လျှူအပ်သော ဒါနသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ ဟောတိ၊ ဖြစ်၏။

၅။ ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်-ဟူသော အပြစ်ရှိကုန်၏။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းသည်။ တဏှာဒေါသာ၊ တဏှာ-ဟူသော အပြစ်ရှိ၏။ တသ္မာ ဟိ၊ ထို့ကြောင့်လျှင်။ ဝိတတဏှေသု၊ တဏှာ ကင်းကုန်သောသူတို့၌။ ဒိန္နံ၊ လျှူအပ်သော အလျှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လာသော အဋ္ဌကထာတို့၌ အလျှူခံ ယုတ်ညံ့သောကြောင့် အကျိုးယုတ်ညံ့သည်ကိုသာ ဟောတော်မူသည်။ မလျှူအပ်-ဟု ဟောတော်မူသောအရာ မပါ,မလာ, မရှိ။

(၄) တိကနိပါတ်၊ အင်္ဂုတ္တရ၊ ဒုတိယပဏ္ဏာသ၊ ရှေးဦးစွာသော ဗြာဟ္မဏဝဂ်၊ သတ္တမဝတ္ထု၌လည်း "ဝစ္ဆဂေါတ္တ-မည်သော ပရိဗိုဇ်က အရှင်ဂေါတမသည် သူတပါးတို့အား မလျှူအပ်ဟု ဟောတော်မူသည် မှန်မည်လော"ဟု မေးလျှောက်သည်တွင် သူတပါးတို့အား ပေးကမ်းလျှူဒါန်းသော အရာကို မတားမြစ်သင့်ကြောင်းကို ပြတော်မူလိုသည်ဖြစ်၍–

> **ယော ခေါ ဝစ္ဆ ပရံ ဒါနံ ဒဒန္တံ ဝါရေတိ၊ သော ဣမေသံ တိဏ္ဏံ အန္တရာယကရော ဟောတိ၊ တိဏ္ဏံ ပါရိပန္ထိကော။ ကတမေသံ တိဏ္ဏံ? ဒါယကဿ ပုညန္တရာယကရော ဟောတိ၊ ပဋိဂ္ဂါဟကာနံ လာဘန္တရာယကရော ဟောတိ၊ ပုဗ္ဗေဝ ခေါ ပန'ဿ အတ္ထာ ခတော ဓ ဟောတိ ဥပဟတော စ၊ ယော ခေါ ဝစ္ဆ ပရံ ဒါနံ ဒဒန္တံ ဝါရေတိ၊ သော ဣမေသံ တိဏ္ဏံ အန္တရာယကရော ဟောတိ၊ ပါရိပန္ထိကော။**

http://www.dhammadownload.com

အဟံ ခေါ ပန ဝစ္ဆ ဧဝံ ဝဒါမိ- ယေဟိ တေ စန္ဒနိကာယ ဝါ ဩလိဂလ္လေ ဝါ ပါဏာ၊ တတြပိ ယော ထာလိဓောဝနံ ဝါ သရာဝဓောဝနံ ဝါ ဆဋ္ဌေတိ "ယေ တတ္ထ ပါဏာ၊ တေ တေန ယာပေန္တူ"တိ၊ တတောနိဒါနမ္ပာ'ဟံ ဝစ္ဆ ပုဉ္ဉသ အာဂမံ ဝဒါမိ၊ တော ပန ဝါဒေါ မနုဿဘူတေ၊ –

ဟူ၍ဟောတော်မူသည်(အံ၊၁။၁၆၁)။

ဝစ္ဆ၊ ဝစ္ဆအမည်ရှိသော ပရိဗိုဇ်။ ယော၊ အကြင်သူသည်။ ပရံ၊ သူတပါးကို။ ဒါနံ၊ အလှူကို။ ဒဒန်၊ လှူသည်ကို။ ဝါရေတိ၊ မြစ်၏။ သော၊ ထိုသူသည်။ ဣမေသံ တိဏ္ဏံ၊ ဤ ၃-ယောက်ကုန်သော သူတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ တိဏ္ဏံ၊ ၃-ယောက်ကုန်သော သူတို့၏။ ပါရိပန္ထိကော၊ နတ်ရွာ, နိဗ္ဗာန်ခရီးကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။ ကတမေသံ တိဏ္ဏံ၊ အဘယ် ၃-ယောက်ကုန်သော သူတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြုသနည်း။ ကတမေသံ တိဏ္ဏံ၊ အဘယ် ၃-ယောက်ကုန်သော သူတို့၏။ ပါရိပန္ထိကော၊ နတ်ရွာ, နိဗ္ဗာန်ခရီးကို ဖျက်သည်။ ဟောတိ၊ ဖြစ်သနည်း။

- ဒါယကဿ၊ အလှူဒါယကာ၏။ ပုဉ္ဉက္ခယကရော၊ ကောင်းမှု၏ အန္တရာယ်ကို ပြုသည်။ ဟောတိ၊ ဖြစ်၏။
- ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့၏။ လာဘန္တရာယကရော၊ လာဘ်၏ အန္တရာယ်ကို ပြုသည်။ ဟောတိ၊ ဖြစ်၏။
- ပုဗ္ဗေဝ၊ မဆွကပင်လျှင်။ အဿ၊ ထိုတားမြစ်သော သူသည်။ အတ္တာ၊ မိမိကိုယ်ကို။ ခတော၊ တူးဖြိုသည်။ ဥပဟတော၊ ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။

ဝစ္ဆ၊ ဝစ္ဆအမည်ရှိသော ပရိဗိုဇ်။ ယော၊ အကြင်သူသည်။ ပရံ၊ သူတပါးကို။ ဒါနံ၊ အလှူကို။ ဒဒန်၊ လှူသည်ကို။ ဝါရေတိ၊ မြစ်၏။ သော၊ ထိုသူသည်။ ဣမေသံ တိဏ္ဏံ၊ ဤ ၃-ယောက်ကုန်သော သူတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ပါရိပန္ထိကော၊ နတ်ရွာ, နိဗ္ဗာန်ခရီးကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။ ဝစ္ဆ၊ ဝစ္ဆဂေါတ္တ အမည်ရှိသော ပရိဗိုဇ်။ အဟံ ခေါ ပန၊ ငါဘုရားသည်ကား။ ဧဝံ ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။–

ဝစ္ဆ၊ ဝစ္ဆဂေါတ္တမည်သော ပရိဗိုဇ်။ စန္ဒနိကာယ ဝါ၊ တစည်းအိုင်၌လည်းကောင်း။ ဩလိဂလ္လေ ဝါ၊ ညွန်အိုင်၌လည်းကောင်း။ ယေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ တတြ၊ ထိုတစည်းအိုင်, ညွန်အိုင်၌။ ယော မနုဿော၊ အကြင်သူတို့သည်။ ထာလိဓောဝနံ ဝါ၊ အိုးဆေးရေကိုလည်းကောင်း။ သရာဝဓောဝနံ ဝါ၊ ခွက်ဆေးရေကိုလည်းကောင်း။ ဆဋ္ဌေတိ၊ စွန့်၏။ တတ္ထ၊ ထိုတစည်းအိုင်၌။ ယေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။

http://www.dhammadownload.com

သန္တိ၊ ရှိကုန်၏။ တေ ပါဏာ၊ ထိုသတ္တဝါတို့သည်။ တေန၊ ထိုအိုးဆေးရေ, ခွက်ဆေးရေဖြင့်။ ဇိဝိတံ၊ အသက်ကို။ ယာပေန္တိ၊ မျှကုန်၏။ ဝါ၊ မွေးကုန်၏။ တတောနိဒါနမ္ပိ၊ ထိုသို့ မျှခြင်း-ဟူသော အကြောင်းကြောင့်။ ပုညဿ၊ ကောင်းမှု၏။ အာဂမံ၊ ပြည့်စုံခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ မနုဿဘူတေ၊ လူဖြစ်သောသူ၌။ ကောပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

"တစည်းအိုင်, ညွှန်အိုင်၌ရှိသော သတ္တဝါတို့ သုံးဆောင်မှီဝဲကြပါစေ"ဟု အိုးဆေးရေ, ခွက်ဆေးရေကိုမျှ စေတနာနှင့် စွန့်ပစ်လိုက်သည်ကို ကုသိုလ်ကောင်းမှု၏ ကြီးပွါးမြင့်မြတ်သော အရာကိုသာ ဟောတော်မူသည်။ အာဇီဝက, တက္ကတွန်းတို့ကို လျှု၍ အကျိုးမရ-ဟု ဟောတော်မူသော အရာ မပါ,မလာ,မရှိ။

ဤတွင်ရွေ့ အယုတ်,အလတ်,အမြတ်ဖြစ်သော အလှူခံပုဂ္ဂိုလ် ၃-ဦးတို့၌ပင် လှူဒါန်းရာသည်ကို လယ်လုပ်ယောက်ျား ၃-ဦး, လယ် ၃-ရပ် ဥပမာဖြင့် ဟောတော်မူသောအရာကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

(၅) သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်၊ သတ္တလွယကာယိကဝဂ်၌ အစိန္တေယျ သုံးလှု. သနင်း တရားမင်းမြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် ကျိန်းအောင်းမွေလျော် စံပျော်တော်မူစဉ် သဘော်သား ၇၀၀-တို့ စုတိခါနီးကာလ၌ သရဏဂုံသီလကို အဆောတလျင် ဆောက်တည်ကြသဖြင့် တာဝတိံသာ၌ တပြိုင်နက်ဖြစ်ကြလေလျှင် မိမိတို့ပြုသော သီလကို ဝမ်းမြောက်ကြသောကြောင့် ဘုရားရှင့် ရှေ့တော်မှောက်သို့ လာရောက်၍ အသီးအသီး လျှောက်ထားကြသောအရာတွင်–

ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထော်၊ ယေ ဒက္ခိဏေယျာ လ္ဂ္ဂဓ ဇိဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဇိဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေသု။–

ဟူ၍ လာသည်(သံ၊၁။၂၀)။

ဝိစေယျ၊ ရွေးချယ်၍။ ဒါနံ၊ လှူအပ်သော အလှူကို။ သုဂတပ္ပသတ္ထော်၊ မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်၏။ လ္ဂ္ဂဓ ဇိဝလောကေ၊ အသက်ရှည်သော ဤလောက၌။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ဒက္ခိဏေယျာ၊ မြတ်သောအလှူကို ခံထိုက်ကုန်၏။ ဧတေသု၊ ထိုမြတ်သော အလှူခံပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ၊ လှူအပ်သော အလှူတို့သည်။ သုခေတ္တေ၊ ကောင်းသော လယ်မြေတို့၌။ ဝုတ္တာနိ၊ ပျိုးအပ်ကုန်သော။ ဇိဇာနိ ဝိယ၊ မျိုးစေ့တို့ကဲ့သို့။ မဟပ္ဖလာနိ၊ အကျိုးကြီးမြတ်ကုန်၏။

http://www.dhammadownload.com

ထိုပါဠိတို့တွင် ဝိစေယျ-ဟူသော ပါဠိ၌ အလျှဝတ္ထုကို ရွေးချယ်ခြင်း, အလျှခံပုဂ္ဂိုလ်ကို ရွေးချယ်ခြင်း ၂-ပါးရှိသည်။ ထို ၂-ပါးတို့တွင် ယုတ်ညံ့သော အလျှဝတ္ထုတို့ကို ပယ်၍ မွန်မြတ်သော အလျှဝတ္ထုတို့ကိုသာ လျှဒါန်းခြင်းသည် **အလျှဝတ္ထုကို ရွေးချယ်ခြင်း ဒက္ခိဏာဝိစိနန** မည်၏။

၉၆-ပါးကုန်သော ဆနဝုတိ ပါသဏ္ဍပုဂ္ဂိုလ်တည်း-ဟူသော အလျှခံတို့ကို ပယ်ရှား၍ သာသနာတွင်းဝယ် သီလနှင့် ပြည့်စုံသော တပည့်သား အလျှခံပုဂ္ဂိုလ်တို့ကို လျှဒါန်းခြင်းသည် **အလျှခံပုဂ္ဂိုလ်တို့ကို ရွေးချယ်ခြင်း ဒက္ခိဏေယျဝိစိနန** မည်၏။ ဤ ၂-ပါးသော အခြင်းအရာတို့ဖြင့် ရွေးချယ်၍ လျှဒါန်းသော အလျှကို ဘုရား ချီးမွမ်းတော်မူအပ်၏။

ထိုပါဠိ၌ ဒက္ခိဏေယျ-ဟူသော ပါဠိဖြင့် အလျှခံပုဂ္ဂိုလ်ကို ရွေးချယ်ခြင်း ဒက္ခိဏေယျဝိစိနနကို ပြသည်။ ဒီဇာနိ ဝုတ္တာနိ ယထာ-ဟူသော ပါဠိဖြင့် အလျှဝတ္ထုကို ရွေးချယ်ခြင်း ဒက္ခိဏာဝိစိနနကို ပြသည်။

ထို့ကြောင့် အဋ္ဌကထာ၌-

> **ဝိစေယျ ဒါနန္တိ** ဝိစိနိတ္တာ ဒိန္နဒါနံ။ တတ္ထ ဒွေ ဝိစိနနာ ဒက္ခိဏာဝိစိနနံ ဒက္ခိဏေယျဝိစိနနဉ္စ။ တေသု လာမကလာမကပစ္စယေ အပနေတ္တာ ပဏီတပဏီတေ ဝိစိနိတ္တာ တေသံ ဒိန္နံ ဒက္ခိဏာဝိစိနနံ နာမ။ ဝိပန္နသီလေ ကျတော ဗဟိဒ္ဓါ ပဉ္စနဝုတိပါသဏ္ဍဘေဒေ ဝါ ဒက္ခိဏေယျေ ပဟာယ သီလာဒိဂုဏသမ္ပန္နာနံ သာသနေ ပဋိတာနံ ဒါနံ ဒက္ခိဏေယျဝိစိနနံ နာမ။ ဧဝံ ဒွိဟာ'ကာရေဟိ ဝိစေယျ ဒါနံ။ သုဂတပဗ္ဗသတ္ထန္တိ သုဂတေန ဝဏ္ဏိတံ။ တတ္ထ ဒက္ခိဏေယျဝိစိနနံ ဒသ္သေန္တော "**ယေ ဒက္ခိဏေယျာ**"တိ အာဒိ'မာဟ။ ဒီဇာနိ ဝုတ္တာနိ ယထာတိ ဣမိနာ ပန ဒက္ခိဏာဝိစိနနံ အာဟ။ အဝိပန္နဒီဇသဒိသာ ဟိ ဝိစိနိတ္တာ ဂဟိတာ ဒေယျဓမ္မာတိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း(သံ၊၄၊၁။၅၉)။

ဝိစေယျ ဒါနန္တိ၊ **ဝိစေယျ ဒါနံ**-ဟူသည်ကား။ ဝိစိနိတ္တာ၊ ရွေးချယ်၍။ ဒိန္နဒါနံ၊ လျှအပ်သော ဒါနတည်း။ တတ္ထ၊ ထိုဝိစိနိတ္တာ-ဟူသော ပါဠိ၌။ ဝိစိနနာ၊ ရွေးချယ်ခြင်းတို့သည်။ ဒွေ၊ ၂-ပါးတို့တည်း။ **ဒက္ခိဏာဝိစိနနဉ္စ**၊ အလျှဝတ္ထုကို ရွေးချယ်စိစစ်ခြင်းလည်းကောင်း။ **ဒက္ခိဏေယျဝိစိနနဉ္စ**၊ အလျှခံပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်ခြင်းလည်းကောင်း(တည်း)။ တေသု၊ ထို ၂-ပါးသော ရွေးချယ်စိစစ်ခြင်းတို့တွင်။ လာမကလာမကပစ္စယေ၊ ယုတ်ညံ့သော ပစ္စည်းတို့ကို။ အပနေတ္တာ၊ ပယ်၍။ ပဏီတပဏီတေ၊ ကောင်းမွန်မြိန်မြတ်သော ပစ္စည်း

http://www.dhammadownload.com

တို့ကို။ ဝိစိနိတွာ၊ ရွေးချယ်စိစစ်၍။ တေသံ၊ ထိုအလှူခံပုဂ္ဂိုလ်တို့အား။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ ဒက္ခိဏာဝိစိနနံ နာမ၊ အလှူဝတ္ထုကို ရွေးချယ်စိစစ်ခြင်းမည်၏။

ဝိပန္နသီလေ၊ ပျက်သောသီလရှိကုန်သော။ ဣတောဒါ၊ ဤသာသနာတော်မှ။ ဗဟိဒ္ဓါ၊ အပဖြစ်ကုန်သော။ ပဋိနဂုတိပါသဏ္ဍာဒိဘေဒေ၊ ပဋိနဝုတိပါသဏ္ဍ-အစရှိကုန်သော။ ဒက္ခိဏေယျေ ဝါ၊ အလှူခံပုဂ္ဂိုလ်တို့ကိုလည်း။ ပဟာယ၊ ပယ်၍။ သီလာဒိဂုဏသမ္ပန္နာနံ၊ သီလ-အစရှိသော ဂုဏ်နှင့် ပြည့်စုံကုန်သော။ သာသနေ၊ သာသနာတော်၌။ ပဋိဇီတာနံ၊ ရဟန်းပြုကုန်သော သူတို့အား။ ဒါနံ၊ လှူအပ်သော အလှူသည်။ ဒက္ခိဏေယျဝိစိနနံ နာမ၊ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်ခြင်း မည်ပေ၏။

၉၀၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဒီဟိ ကာရဏေဟိ၊ ၂-ပါးသော အကြောင်းတို့ဖြင့်။ ဝိစေယျ၊ ရွေးချယ်၍။ ဒါနံ၊ လှူအပ်သော အလှူကို။

သုဂတပွသတ္ထန္တိ၊ သုဂတပွသတ္ထံ-ဟူသည်ကား။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဝဏ္ဏိတံ၊ ချီးမွမ်းတော်မူအပ်၏။ တတ္ထ၊ ထို ၂-ပါးသော ရွေးချယ်ခြင်းတို့တွင်။ ဒက္ခိဏေယျ-ဝိစိနနံ၊ အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ခြင်းကို။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ ယေ ဒက္ခိဏေ-ယျာတိအာဒိ၊ ယေ ဒက္ခိနေယျာ-အစရှိသည်ကို။ အာဟ၊ ဟောတော်မူပြီ။ ဗီဇာနိ ဝုတ္တာနိ ယထာတိ ဣမိနာ ပန၊ ဗီဇာနိ ဝုတ္တာနိ ယထာ-ဟူသော ဤပါဠိဖြင့်ကား။ ဒက္ခိဏာဝိစိနနံ၊ အလှူဝတ္ထုကို ရွေးချယ်ခြင်းကို။ အာဟ၊ ဟောတော်မူပြီ။ ဟိ သစ္စံ၊ မှန်၏။ ဝိစိနိတွာ၊ ရွေးချယ်၍။ ဂဟိတာ၊ ယူအပ်ကုန်သော။ ပဏီတာ၊ မွန်မြတ်ကုန်သော။ ဒေယျဓမ္မာ၊ အလှူဝတ္ထုတို့သည်။ အဝိပန္နဗီဇသဒိသာ၊ မပျက်သော မျိုးစေ့နှင့် တူကုန်၏။

ဤသဂါထာဝဂ္ဂ၊ သတုလ္လပကာယိကဝဂ် ပါဠိတော်၌လည်း အလဇ္ဇီဒုဿီလတို့ကို မလှူဒါန်း၍ လှူဒါန်းသော် အကျိုးမရ-ဟု ဟောတော်မူသော အရာ မပါ, မလာ, မရှိ။ ၎င်းသဂါထာဝဂ္ဂ၊ ကောသလသံယုတ်(ဣဿတ္ထသုတ်။၉၉)၌လည်း–

ပသေနဒိကောသလမင်းကြီးသည် အဘယ်ပုဂ္ဂိုလ်၌ အလှူကို လှူအပ်သနည်း-ဟု **"ကတ္ထ နု ခေါ ဘန္တေ ဒါနံ ဒါတဗ္ဗံ"**စသည်ဖြင့် မြတ်စွာဘုရားကို မေးလျှောက်လေလျှင်-

"အကြင်ပုဂ္ဂိုလ်၌ ကြည်ညိုလေးမြတ်၏။ ထိုပုဂ္ဂိုလ်၌ လှူအပ်၏"ဟု **"ယတ္ထ ခေါ မဟာရာဇ စိတ္တံ ပသီဒတိ၊ တတ္ထ ဒါတဗ္ဗံ"**စသည်ဖြင့် ဖြေတော်မူ၏။

ထိုအခါ ပသေနဒိကောသလမင်းကြီးက "အဘယ်ပုဂ္ဂိုလ်၌ လှူအပ်သနည်း"ဟု **"ကတ္ထ ပန ဘန္တေ ဒိန္နံ မဟပ္ဖလံ"**စသည်ဖြင့် ထပ်မံ မေးလျှောက်ပြန်လေလျှင်–

http://www.dhammadownload.com

"ဒကာမင်းကြီး၊ နှေးဦးစွာ မေးအပ်သော အရာလည်း တခြား၊ ယခု မေးအပ်သော အရာလည်း တပါး-ဟု ထင်မှတ်သလော"ဟု မေးတော်မူသောအားဖြင့် "ပြဿနာဖြေခြင်းသည်ကား ငါဘုရားဝန်တည်း"ဟု နှလုံးသွင်းပိုက်တော်မူ၍-

အည် ခေါ ဧတံ မဟာရာဇ ကတ္ထ ဒါနံ ဒါတဗ္ဗံ၊ အည် ပန တံ ကတ္ထ ဒိန္နံ မဟပ္ဖလံ-

ဟု မိန့်တော်မူပြီးလျှင်-

သီလဝတော ခေါ မဟာရာဇ ဒိန္နံ မဟပ္ဖလံ၊ နော တထာ ဒုဿီလေ -

ဟူ၍ ဟောတော်မူသည်။

မဟာရာဇ၊ ကောသလမင်းကြီး။ သီလဝတော၊ သီလရှိသော ပုဂ္ဂိုလ်အား။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ ကြီးမြတ်သော အကျိုးရှိ၏။ သီလဝတော၊ သီလရှိသော ပုဂ္ဂိုလ်အား။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ ကြီးမြတ်သော အကျိုးရှိသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဒုဿီလေ၊ သီလမရှိသော ပုဂ္ဂိုလ်၌။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ န ဟောတိ၊ မဖြစ်။

ကောသလမင်းကြီးအား သိသာခြားနား ကွဲပြားစေလိုရကား ဥပမာဖြင့် ဆောင်၍ ပြတော်မူခြင်းငှာ "တံ ကိံမညသိ၊ မဟာရာဇ"အစရှိသည်ကို မိန့်တော်မူသတည်း။

"ဒကာ ကောသလမင်းကြီး၊ သင်မင်းကြီးအား စစ်သည်တစ်ဖက် တက်လတ်သော် လေးအတတ်၌ မသင်အပ်သော၊ လက်ဆုပ်ဖွဲခြင်း-စသည်ဖြင့် မပြည့်စုံသော အတတ်ရှိသော၊ မြက်ပုံ, မြေစု-စသည်တို့၌ ပစ်ခတ်၍ အတတ်ကို မသင်ဖူးသော၊ မင်း, မင်း၏အမတ်စသည်တို့၌ အတတ်ကို မပြဖူးသေးသော၊ ပြေးလွှားထိတ်လန့် ကြောက်ရွံ့တတ်သော မင်းသား, ပုဏ္ဏား, ကုန်သည်, လူဆင်းရဲတို့သည် ဒကာမင်းကြီး ရှေ့မှောက်သို့ လာရောက်ခဲ့ရာ၏။ ထိုအခါ ထိုသူတို့ကို ကောင်းစွာ လုပ်ကျွေးပြုစု၊ ကြည့်ရှုပေးကမ်း၊ ဝမ်းမြောက်နှစ်သက်၊ စုံမက်မြတ်နိုးနှိုင်အံ့လော"ဟု မေးတော်မူလျှင် "ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ကောင်းစွာလုပ်ကျွေး၊ မွေးမြူပြုစု၊ ကြည့်ရှုပေးကမ်း၊ ဝမ်းမြောက်နှစ်သက်၊ စုံမက်မြတ်နိုးခြင်းကို မဖြစ်နိုင်ပါ"ဟု-

နာ'ဟံ ဘန္တေ ဘရေဃျံ တံ ပုရိသံ၊ န စ မေ အတ္ထော တာဒိသေန ပုရိသေန-

ဟု လျှောက်လေလျှင် -

http://www.dhammadownload.com

"ဒကာ ကောသလမင်းကြီး၊ သင်မင်းကြီးအား စစ်သည်တစ်ဖက်သည် တက်လတ်သော် သင်အပ်ပြီးသော လေးအတတ်ရှိသော၊ လက်ဆုပ်ဖွဲခြင်း စသည်ဖြင့် ပြည့်စုံသော အတတ်ရှိသော၊ မြက်ပုံ, မြေစု-စသည်တို့၌ ပစ်ခတ်၍ အတတ်ကို သင်ပြီးသော၊ မင်း, မင်း၏အမတ်-စသည်တို့၌ အတတ်ကို ပြအပ်ပြီးသော၊ ပြေးလွှားထိတ်လန့် ကြောက်ရွံခြင်း မရှိသော မင်းသား, ပုဏ္ဏား, ကုန်သည်, သူဆင်းရဲတို့သည် ဒကာ ကောသလမင်းကြီး၏ ရှေ့မှောက်သို့ လာရောက်ခဲ့ရာ၏။ ထိုအခါ ထိုသူတို့ကို ကောင်းစွာလုပ်ကျွေး၊ မွေးမြူပြုစု၊ ကြည့်ရှုပေးကမ်း၊ ဝမ်းမြောက်နှစ်သက်၊ စုံမက်မြတ်နိုးနိုင်ပါအံ့လော"ဟု မေးတော်မူလျှင် "ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ကောင်းစွာလုပ်ကျွေး၊ မွေးမြူပြုစု၊ ကြည့်ရှုပေးကမ်း၊ ဝမ်းမြောက်နှစ်သက်၊ စုံမက်မြတ်နိုးနိုင်ပါ၏"ဟု–

ဘရေဃျာ'ဟံ ဘန္တေ တံ ပုရိသံ၊ အတ္ထော စ မေ တာဒိသေန ပုရိသေန–

ဟု လျှောက်လေလျှင်–

"ဒကာကောသလမင်းကြီး၊ ဤအတူလည်းကောင်းလျှင် လိမ္မာကုန်သော အမျိုးသားတို့သည် အိမ်ရာထောင်သော လူဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြုကုန်သည်ဖြစ်၍ ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ-ဟူသော တရား ၅-ပါးတို့ကို ပယ်ရှားစွန့်ပစ်အပ်ကုန်၏။ အသေခ-ဟု ဆိုအပ်သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန-ဟူသော တရား ၅-ပါးတို့နှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်တို့၌ လှူအပ်သော အကျိုးသည် အလွန်ကြီးမြတ်၏"ဟု မိန့်တော်မူသတည်း။

"**ကတ္ထ ပန ဘန္တေ ဒိန္နံ မဟပ္ဖလံ**"အစရှိသော စကားကို အဘယ့်ကြောင့် ပသေနဒိကောသလမင်းကြီး လျှောက်ထားလေသနည်းဟူမူကား–

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည်မှ ပဌမဗောဓိ၌ များစွာသော လာဘ်သက္ကာရတို့သည် တပည့်သံဃာတို့နှင့်တကွ အလွန်လျှင် ပြည့်စုံပေါများ ထင်ရှားကျော်စော လေသဖြင့် တိတ္ထိတို့သည် လာဘ်ပူဇာသက္ကာရမှ ဆုတ်ယုတ်ကြလေသောကြောင့် "အရှင်ဂေါတမသည် ငါဘုရားအားသာလျှင် လှူအပ်၏၊ သူတပါးတို့အား မလှူအပ်။ ငါဘုရားအားလည်းကောင်း, ငါဘုရား၏တပည့်သား သံဃာတို့အားသာလျှင်လည်းကောင်း လှူအပ်၏၊ သူတပါးတို့အား မလှူအပ်။ ငါဘုရားအားလည်းကောင်း ငါဘုရား၏ တပည့်သား သံဃာတို့အားသာလျှင်လည်းကောင်း လှူအပ်သောအလှူသည် အကျိုးကြီးမြတ်၏။ သူတပါးတို့အား လှူအပ်သော အလှူသည် အကျိုးကြီးမြတ်သည် မဟုတ်-ဆိုဘိသည်။ ထိုသို့ ဆိုခြင်းသည် သင့်မြတ်ပါအံ့လော။ မိမိသည်လည်းကောင်း မိမိ၏တပည့်သား

http://www.dhammadownload.com

သာဝကတို့သည်လည်းကောင်း ဆွမ်းခံရပ်၍ အသက်မွေးရကုန်၏။ မသင့်မလျော်ပတ်သည်ကို ပြုဘိ၏တကား"ဟု-

မယ္ဘမေဝ ဒါန် ဒါတဗ္ဗံ၊ န အညေသံ။ မယ္ဘမေဝ ဒိန္နံ မဟပ္ဖလံ၊ န အညေသံ။ မယ္ဘမေဝ သာဝကာနံ ဒိန္နံ မဟပ္ဖလံ၊ န အညေသံ သာဝကာနံ ဒိန္နံ မဟပ္ဖလန္တိ၊ ယုတ္တံ နု ခေါ သယံဝိ ဘိက္ခာစာရနိသိတေန အညေသံ ဘိက္ခာစာရနိသိတာနံ ပစ္စယာနံ အန္တရာယံ ကာတုံ၊ အယုတ္တံ ကရောတိ အနုစ္ဆဝိကံ-

စသည်ဖြင့် ထိုထိုအရပ်တို့၌ ကြွေးကြော်လျက် လှည့်ပတ်သွားလာကြကုန်၏။ တိတ္ထိတို့ကို ကြည်ညိုလေးမြတ်ကုန်သော သူတို့သည်လည်း ထိုစကားကို အဆင့်ဆင့် ပြောကြားကြကုန်၏။

တိတ္ထိတို့ဆိုသော ပါဠိ၏ အနက်ကား-

မယ္ဘမေဝ၊ ငါဘုရားအားသာလျှင်။ ဒါနံ၊ အလျှူကို။ ဒါတဗ္ဗံ၊ လျှူအပ်၏၊ အညေသံ၊ သူတပါးတို့အား။ န ဒါတဗ္ဗံ၊ မလျှူအပ်။ မယ္ဘမေဝ၊ ငါဘုရား၏သာလျှင်။ သာဝကာနံ၊ တပည့်သားတို့အား။ ဒါနံ၊ အလျှူကို။ ဒါတဗ္ဗံ၊ လျှူအပ်၏။ အညေသံ၊ သူတပါးတို့၏။ သာဝကာနံ၊ တပည့်သားတို့အား။ န ဒါတဗ္ဗံ၊ မလျှူအပ်။ မယ္ဘမေဝ၊ ငါဘုရားအားသာလျှင်။ ဒိန္နံ၊ လျှူအပ်သော အလျှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်၏။ အညေသံ၊ သူတပါးတို့အား။ ဒိန္နံ၊ လျှူအပ်သော အလျှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ န ဟောတိ၊ မဖြစ်။ မယ္ဘမေဝ၊ ငါဘုရား၏သာလျှင်။ သာဝကာနံ၊ တပည့်သားတို့အား။ ဒိန္နံ၊ လျှူအပ်သော အလျှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်၏။ အညေသံ၊ သူတပါးတို့၏။ သာဝကာနံ၊ တပည့်သားတို့အား။ ဒိန္နံ၊ လျှူအပ်သော အလျှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ န၊ မဟုတ်။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

သယမ္ပိ၊ မိမိသည်လည်း။ ဘိက္ခာစာရနိသိတေန၊ ဆွမ်းခံဝတ်ကို မှီ၍ အသက်မွေးရသည် ဖြစ်လျက်။ အညေသံ၊ သူတပါးတို့၏။ ဘိက္ခာစာရနိသိတာနံ၊ ဆွမ်းခံဝတ်ကို မှီ၍ ရအပ်ကုန်သော။ ပစ္စယာနံ၊ ပစ္စည်းတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ယုတ္တံ နု ခေါ၊ သင့်မည်လော။ အယုတ္တံ၊ မသင့်သည်ကို။ အနုစ္ဆဝိကံ၊ မလျောက်ပတ်သည်ကို။ ကရောတိ၊ ပြုဘိ၏။

ထိုစကားကို မင်းကြီး ကြားသိလေလျှင် "မြတ်စွာဘုရားသည် သူတပါးတို့ လာဘ်အန္တရာယ်ကို ပြု၏-ဟူသည်ကား အရာပင် မဟုတ်။ တိတ္ထိတို့သည် မြတ်စွာဘုရားအား လာဘ်ကို မရစေခြင်းငှာလည်းကောင်း မြတ်စွာဘုရား၏ အရှိန်အစော်မဲ့ကို ဖြစ်စေခြင်း

http://www.dhammadownload.com

ဌာလည်းကောင်း လုံ့လပြုကုန်၏။ ငါသည် ကြောင့်ကြမဲ့နေခဲ့သည်ရှိသော် မြတ်စွာဘုရားလည်း ထင်ရှားအောင် မပြုပေရာ။ ထိုစကားလည်း မပြီးမဆုံးနိုင်ရာ။ ထိုသူတို့၏ စည်းဝေးကြသောအခါ ထိုစကား၏ အပြီးအဆုံးကို ရရာ၏"ဟု နှလုံးသွင်းပိုက်၍ တစ်ခုသော သီတင်းနေ့အခါသို့ ရောက်လတ်သော် "သဒ္ဓါတရားရှိသည် ဖြစ်စေ, သဒ္ဓါတရား မရှိသည် ဖြစ်စေ၊ မိစ္ဆာဒိဋ္ဌိအယူရှိသည် ဖြစ်စေ, သမ္မာဒိဋ္ဌိအယူရှိသည် ဖြစ်စေ သူငယ်တို့ကိုလည်းကောင်း မိန်းမတို့ကိုလည်းကောင်း အိမ်စောင့်ချန်၍ ကြွင်းကျန်သောလူတို့သည် ကျောင်းသို့ မလာမရောက်ကြကုန်အံ့၊ အသပြာ ၅၀-ဒဏ်သင့်စေ"ဟု အမိန့်တော်ထုတ်ပြန် ကြေးဒဏ်ထားပြီးမှ မင်းကြီးလည်း စစ်သည်,ဗိုလ်ပါ များစွာခြံရံ၍ နံနက်စာ စားပြီးနောက် ကျောင်းတော်သို့ ရောက်လေလျှင် သွားစဉ်ကာလကပင် "အရှင်ဘုရားသည် 'သူတပါးတို့အား လှူခြင်းသည် အကျိုးမရှိ၊ ငါဘုရားကိုသာ လှူအပ်၏။ သူတပါးတို့၏ တပည့်သားတို့အား လှူခြင်းသည် အကျိုးမရှိ၊ ငါဘုရား၏တပည့်သားတို့ကို လှူခြင်းသည်သာလျှင် အကျိုးရှိ၏' ဟု ဆိုတော်မူသည် မှန်မည်လော"ဟု လျှောက်ထားခြင်းငှာ မသင့်။

အမေးပစ္စာပြဿနာကို ကောင်းစွာ မေးသောအားဖြင့် ဖြေဆိုတော်မူသော အဆုံး၌ အလုံးစုံသော တိတ္ထိတို့၏ စကားကို ကွဲပြားခြားနားသိရလတ္တံ့-ဟု နှလုံးသွင်းပိုက်၍ "**ကတ္ထ နု ခေါ ဘန္တေ ဒါနံ ဒါတဗ္ဗံ**" အစရှိသော စကားကို နားတော်လျှောက်လေလျှင် "**ယတ္ထ ခေါ မဟာရာဇ စိတ္တံ ပသီဒတိ၊ တတ္ထ ဒါတဗ္ဗံ**"ဟု ဖြေတော်မူသော် မင်းကြီးသည် အကြင် သူတို့သည် တိတ္ထိတို့စကား ပြောကြားကြကုန်၏။ ထိုသူတို့ကို ကြည့်လတ်၍ ထိုသူတို့သည်လည်း မင်းကြီး ကြည့်သောခဏ၌ နှလုံးမသာမယာ အောက်သို့ချသော မျက်နှာရှိသည်ဖြစ်၍ ခြေဖြင့် မြေ၌ ရေးခြစ်၍ နေကြကုန်၏။

မင်းကြီးလည်း ၁-ကြိမ်ဖြေတော်မူလျှင် မြတ်စွာဘုရားအား အချို့ကုန်သောသူတို့သည်လည်း နိဂဏ္ဌတက္ကတွန်း, အဝတ် မဝတ်သော အစေလကတက္ကတွန်း, ပရိဗိုဇ်-စသည်တို့ကို ကြည်ညိုကြကုန်၏။ ထို့ကြောင့် "**ကတ္ထ ပန ဘန္တေ ဒိန္နံ မဟပ္ဖလံ**"ဟု ထပ်မံလျှောက်ထားပြန်သတည်း။

ထို့ကြောင့် မြတ်စွာဘုရားသည် လေးတတ်သော သူတို့၏ ဥပမာကို ဆောင်၍ ကွဲပြားအောင် ဖြေတော်မူသတည်း။

ဤသဂါထာဝဂ္ဂ၊ ကောသလ၊ သံယုတ်ပါဠိတော်၌လည်း သီလဝန္တ ပဗ္ဗဇိတပုဂ္ဂိုလ်တို့အား ပေးလှူခြင်း၌ အကျိုးကြီးမြတ်၏။ တပါးသော တိတ္ထိတက္ကတွန်းအား ပေးလှူခြင်းသည် အကျိုးကြီးမြတ်သည် မဟုတ်-ဟူ၍သာ ဟောတော်မူသည်။ 'အလဇ္ဇီ, ဒုဿီလတို့ကို မပေး,မလှူအပ်'ဟု ဟောတော်မူအပ်သောအရာ မပါ,မရှိ။

http://www.dhammadownload.com

ဤတွင်ရွေ့ အကြင်ပုဂ္ဂိုလ်၌ ကြည်ညိုု၏၊ ထိုပုဂ္ဂိုလ်အား လျှဒါန်းအပ်၏။ သီလဝန္တ-ပဋိတပုဂ္ဂိုလ်တို့အား ပေးလှူခြင်းသည် အကျိုးကြီးမြတ်၏။ တပါးသော တိတ္ထိတကွတွန်း စသော သူတို့အား ပေးလှူခြင်းသည် အကျိုးကြီးမြတ်သည် မဟုတ်-ဟု ဟောတော်မူသော အရာကို ပြဆိုသော စကားတရပ် အပြီးသတ်တည်း။

(၆) ဥပရိပဏ္ဏာသ၊ ၄-ခုမြောက်သော ဝိဘင်ဝဂ်၊ ဒက္ခိဏာဝိဘင်္သုတ်၌လည်း–

- အလှူဒါယကာ သီလစင်ကြယ်၍ အလှူခံပုဂ္ဂိုလ် သီလမစင်ကြယ်သော **ဒါယကဝိသုဒ္ဓိ, နော ပဋိဂ္ဂါဟကဝိသုဒ္ဓိဒါန,**
- အလှူခံပုဂ္ဂိုလ် သီလစင်ကြယ်၍ အလှူဒါယကာ သီလမစင်ကြယ်သော **ပဋိဂ္ဂါဟက-ဝိသုဒ္ဓိ, နော ဒါယကဝိသုဒ္ဓိဒါန,**
- အလှူဒါယကာလည်း သီလမစင်ကြယ်၊ အလှူခံပုဂ္ဂိုလ်လည်း သီလမစင်ကြယ်သော **ဥဘယအဝိသုဒ္ဓိဒါန,**
- အလှူဒါယကာ၊ အလှူခံပုဂ္ဂိုလ် ၂-ပါးလုံး သီလစင်ကြယ်သော ဥဘယဝိသုဒ္ဓိဒါန-

ဟူ၍ **ဝိသုဒ္ဓိဒါန ၄-ပါး** ရှိကြောင်းကို **"စတသော ခေါ ဂ္ဂမာ အာနန္ဒ ဒက္ခိဏာဝိသုဒ္ဓိ-ယော"** (မဂ္ဂ။၂၉၉) အစရှိသည်ဖြင့် ဟောတော်မူသည်။

အာနန္ဒ၊ အာနန္ဒာ။ ဒက္ခိဏာဝိသုဒ္ဓိယော၊ အလှူ၏စင်ကြယ်ခြင်းတို့သည်။ ဂ္ဂမာ စတသော၊ ဤ ၄-ပါးတို့တည်း။ ထို ၄-ပါးကုန်သော ဒက္ခိဏာဝိသုဒ္ဓိတို့တွင် အလှူဒါယကာ သီလစင်ကြယ်၍ အလှူခံပုဂ္ဂိုလ် သီလမစင်ကြယ်သော ဒါယကဝိသုဒ္ဓိ နောပဋိဂ္ဂါဟက ဝိသုဒ္ဓိဒါန၌ သီလမရှိသော ဒုဿီလ ဇူစကာပုဏ္ဏားကို ဝေဿန္တရာမင်းကြီး လှူသော ဝတ္ထုဖြင့် သိရာ၏။

အလှူခံပုဂ္ဂိုလ် သီလစင်ကြယ်၍ အလှူဒါယကာ သီလမစင်ကြယ်သော ပဋိဂ္ဂါဟ-ကဝိသုဒ္ဓိဒါန၌ ကလျာဏီမြစ်ဝတွင် နေသော တံငါသည် ဒီဃသုမ(နှ)ထေရ်ကို ၃-ကြိမ်တိုင် ဆွမ်းလှူ၍ သေခါနီးသောကာလ၌ **"အရှင်ဒီဃသုမထေရ်အား ဆွမ်းလှူသော အကျိုး** သည် ငါ့ကို အပါယ်ဘေးမှ ထုတ်ဆောင်လတ္တံ့"ဟု ဆိုသော ဝတ္ထုဖြင့် သိရာ၏။

အလှူဒါယကာလည်း သီလမစင်ကြယ်, အလှူခံပုဂ္ဂိုလ်လည်း သီလမစင်ကြယ် သော ဥဘယအဝိသုဒ္ဓိဒါန၌ ဝမ္ဘာမာဟအရှဝ်၌နေသော မုဆိုးသည် သူသေအား ရည်၍ ၃-ကြိမ်တိုင် ဆွမ်းလှူရာ ၁-ယောက်သော ပုဂ္ဂိုလ်အား ပေးလှူ၍ ရေစက်သွန်းချ အမျှပေး ဝေသည်ကို ပြိတ္တာတို့ သာဓု ခေါ်ပါသော်လည်း အလှူ၏အကျိုးကို မရသောကြောင့်

http://www.dhammadownload.com

"၁-ယောက်သော ဒုဿီလပုဂ္ဂိုလ်သည် ငါတို့၏အဖို့အရာကို အနှိုင်အထက် လုယက်စားသောက်၍ နေသည်"ဟု ပြိတ္တာတို့ ဟစ်ကြော်မြည်တမ်းသည်ကို ကြားလေလျှင် ၁-ယောက်သော သီလဝန္တပုဂ္ဂိုလ်ကို ပေးလှူ၍ ရေစက်သွန်းချ အမျှပေးဝေသော ကာလမှ အလှူ၏အကျိုးကို ရသောဝတ္ထုဖြင့် သိရာ၏။ အလှူဒါယကာ၊ အလှူခံပုဂ္ဂိုလ် ၂-ဦးပင် စင်ကြယ်သော ဥဘယဝိသုဒ္ဓိဒါနဉ် အသဒိသဒါန ဝတ္ထုဖြင့် သိရာ၏။

ဤ ၄-ပါးကုန်သော ဒက္ခိဏာဝိသုဒ္ဓိတို့တွင် အလှူဒါယကာ, အလှူခံပုဂ္ဂိုလ် ၂-ဦး မစင်ကြယ်သောကြောင့် လယ်လုပ်အရာ၌ မလိမ္မာသော ယောကျ်ားသည် မြေ၏ အစီးအပွါးမရှိသော လယ်ညံ့၌ မသန့်သော မျိုးကို ကြဲချသဖြင့် အရ-နည်းပါးလေသကဲ့သို့ ဥဘယအဝိသုဒ္ဓိကြောင့် တောင့်တတိုင်း မပြီး၊ အကျိုးနည်း၏-ဟု မှတ်ရာ၏။

ဤဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်၌လည်း အလဇ္ဇီ,ဒုဿီလပုဂ္ဂိုလ်တို့ကို လှူခြင်းကြောင့် လိုတိုင်းမပြီး၊ အကျိုးနည်းပါးသည်ကိုသာ ဟောတော်မူသည်။ အလဇ္ဇီ, ဒုဿီလ ပုဂ္ဂိုလ်တို့(အား)မလှူအပ်-ဟူ၍ ဟောတော်မူသောအရာ မပါ, မလာ, မရှိ။

ဤတွင်ရွေ့, အလှူဒါယကာ၊ အလှူခံပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ပြားသော ၄-ပါးသော ဒက္ခိဏာဝိသုဒ္ဓိကို ပြဆိုသော စကားရပ် အပြီးသတ်သတည်း။

(၇) "ပဋိမာ ဘိက္ခဝေ ဝဏိဇ္ဇာဏာ၊ ဥပါသကေန အကရဏီယာ"အစရှိသည်ဖြင့် ဟောအပ်သော–

- ဓား, လက်နက်တို့ကို ကိုယ်တိုင်ပြုလုပ်၍လည်းကောင်း အလိုအလျောက်ရ၍လည်းကောင်း ရောင်းစားခြင်း **သတ္ထဝါဏိဇ္ဇ,**
- လူကို ရောင်းစားခြင်း **သတ္တဝါဏိဇ္ဇ,**
- ကြက်, ဝက်-အစရှိသော သတ္တဝါတို့ကို အရေ,အသား တိုးပွါးအောင်ပြု၍ ရောင်းစားခြင်း **မံသဝါဏိဇ္ဇ,**
- သေမျိုးတို့ကို ရောင်းစားခြင်း **မဇ္ဇဝါဏိဇ္ဇ,**
- အဆိပ်ကို ရောင်းစားခြင်း **ဝိသဝါဏိဇ္ဇ၊**

ဤကုန် ၅-ပါးတို့ကို မရောင်းစားအပ်-ဟု ပညတ်တော်မူသည်မှာလည်း သူတပါးတို့ကို သတ်၍ သေစေခြင်း၊ မတော်လှန်သော အပြစ်ကို ပြုခြင်း၊ သတ်၍ သေစေခြင်း၊ မူယစ်မေ့လျော့စေခြင်း၊ သတ္တဝါတို့ကို သေစေခြင်း အကြောင်းဖြစ်၍ အကုသိုလ်တရားတို့ကို

http://www.dhammadownload.com

ပွါးစေတတ်သောကြောင့် ယင်းအကုသိုလ်စေတနာကို ပယ်တော်မူသည်။ အကုသိုလ် အကြောင်းရင်းမရှိသော ဆိတ်, ဝက်, ကြွေ, နွား-အစရှိသည်တို့ကို ရောင်းစားရာ၌ အပြစ်မရှိ။

အကယ်၍ အလင်္ဂဇုဿီလပုဂ္ဂိုလ်မှန်းသိလျက် ဖုန်းတောင်းယာစကာ တောင်းခံလာသည်ကို သဒ္ဓါဖြောင့်မတ် လေးမြတ်ကြည်ညိုသော ကုသိုလ်စိတ်ဖြင့် ပေးကမ်းလှူဒါန်း စွန့်ကြဲသည်ကို အကုသိုလ်ဖြစ်သည်-ဟု မှတ်၍ ဆုံးဖြတ်ရမည်မှာလည်း အရာပင် မဟုတ်။

ထို့ကြောင့် မြတ်စွာဘုရားသည်–

အဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကုသလဿ ကမ္မဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော နိဗ္ဗတ္တေယျတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ။

ဟူ၍ အဌာနသုတ်၊ အင်္ဂုတ္တရ ဧကကနိပါတ်တွင် ဟောတော်မူသည်(အံ၊၁။၃၀)။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ၊ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ဥပပဇ္ဇေယျ၊ အကြောင်ကြောင့် ဖြစ်ရာ၏။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ အဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ၊ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ဥပပဇ္ဇေယျ၊ အကြောင်ကြောင့် ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဤသို့ ဘုရားဟောတော်မူသောကြောင့် ကုသိုလ်စိတ်တို့၏ သဘောသည် အပြစ်မရှိ။ ကောင်းသောအကျိုးကို ပေးခြင်း အနဝဇ္ဇ, သုခဝိပါက လက္ခဏာရှိရကား ကုသိုလ် ဧကန် ဖြစ်၏။ အပြစ်မရှိ-ဟု မှတ်ရာ၏။

ဤတွင် အကုသိုလ်စေတနာမှသာ အကုသိုလ် ဖြစ်ရာသည်။ ကုသိုလ်စေတနာမှန်က အကုသိုလ် မဖြစ်ရာ၊ ကုသိုလ်သာ ဖြစ်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၈) အလင်္ဂဇုပုဂ္ဂိုလ်တို့အား အားပေးချီးမြှင့်ခြင်းကို မပြုအပ်-ဟူသောစကား၌ ဓမ္မပဒ အဋ္ဌကထာ၊ ၂၄-ခုမြောက်သော တဏှာဝဂ္ဂ၊ ကပိလမစ္ဆဝတ္ထု။ သုတ္တနိပါတ်၊ ကပိလသုတ် အဋ္ဌကထာ၌ ကဿပမြတ်စွာဘုရားသာသနာတော်၌ သာဝတရဟန်း, ကပိလရဟန်း ၂-ဦးတို့တွင် ကပိလရဟန်းသည် ဗဟုသုတ အကြားအမြင်ပညာနှင့် ပြည့်စုံသည်ကို အကြောင်းပြု၍ ပရိသတ် အခြွေအရံတို့နှင့် ပြည့်စုံလေရကား မာန်မာနတက်ကြွထောင်

http://www.dhammadownload.com

လွှားသည်ဖြစ်၍ "ကပ္ပိယကို အကပ္ပိယ၊ သာဝဇ္ဇကို အနဝဇ္ဇ၊ အနဝဇ္ဇကို သာဝဇ္ဇ" အစရှိသည်ဖြင့် ဝိနည်းတော်ကို မှောက်လှန်၍ ဖောက်ပြန်ဖြေကြားလေလျှင် လဇ္ဇီသီလဝန္တသခင် အရှင်ရဟန်းကောင်းတို့က ပြောဆိုဆုံးမပါသော်လည်း မနာမယူသောကြောင့် လဇ္ဇီသီလဝန္တသခင် ဖဲကြဉ်စွန့်ပစ်ကြလေကုန်၏။

ထိုကပိလရဟန်းသည်လည်း ကဿပမြတ်စွာဘုရား၏ သာသနာတော်ကို ရွှေ့လျောဆုတ်ယုတ်စေ၍ စုတေသော် နောက်ကာလ၌ အဝီစိမဟာနိရယသို့ ရောက်ရလေသည်။ ထိုကပိလရဟန်း၏ အမိ,နှမတို့သည်လည်း ဘိက္ခုနီရဟန်းပြုကြသဖြင့် ကပိလရဟန်း၏ အပင်းအသင်းပြု၍ သီလဝန္တသခင် အရှင်ရဟန်းကောင်းတို့ကို ဆဲရေးပြောဆိုကြသောကြောင့် ထိုကပိလရဟန်း၏ဖြစ်ရာ မဟာအဝီစိနိရယသို့ ရောက်ကြရကြောင်းကို-

> **ကပိလောပိ အာယုပရိယောသာနေ အဝီစိမှိ မဟာနိရယေ နိဗ္ဗတ္တိ၊ သာ'ပိဿ မာတာ စ ဘဂိနီ စ တဿေဝ ဒိဋ္ဌာနုဂတိ အာပဇ္ဇိတွာ ပေသလေ ဘိက္ခူ အက္ကောသိတွာ ပရိဘာသိတွာ တတ္ထေဝ နိရယေ နိဗ္ဗတ္တိသု–**

ဟု လာသည်(ဓမ္မ၊၄၊၂။၃၂၈)။

ကပိလောပိ၊ ကပိလရဟန်းသည်လည်း။ အတ္တနော၊ မိမိ၏။ အာယုပရိယောသာနေ၊ အသက်၏ အဆုံး၌။ အဝီစိမှိ၊ အဝီစိငရဲကြီး၌။ နိဗ္ဗတ္တိ၊ ဖြစ်ရလေ၏။ တဿ၊ ထိုကပိလရဟန်း၏။ သာပိ မာတာ၊ ထိုအမိသည်လည်းကောင်း။ သာပိ ဘဂိနီ၊ ထိုနှမသည်လည်းကောင်း။ တဿေဝ၊ ထိုကပိလရဟန်း၏သာလျှင်။ ဒိဋ္ဌာနုဂတိ၊ မြင်သည်, ကြားသည်သို့ အတုလိုက်ခြင်းသို့။ အာပဇ္ဇိတွာ၊ ရောက်၍။ ပေသလေ ဘိက္ခူ သီလရှိသော ပုဂ္ဂိုလ်သခင် အရှင်ရဟန်းကောင်းတို့ကို။ အက္ကောသိတွာ၊ ဆဲရေး၍။ ပရိဘာသိတွာ၊ မြည်တွန်တောက်တီး၍။ တတ္ထေဝ နိရယေ၊ ထိုမဟာအဝီစိငရဲကြီး၌ပင်လျှင်။ နိဗ္ဗတ္တိသု၊ ဖြစ်လေကုန်၏။

ပါရာဇိကဏ်အဋ္ဌကထာ၊ ရူပိယဆဋ္ဌကသိက္ခာပုဒ်၌ အလဇ္ဇီရဟန်းသည် လဇ္ဇီရဟန်းတို့၏ ပစ္စည်းကို သုံးဆောင်ခြင်း၌ အပြစ်မရှိ။ လဇ္ဇီရဟန်းတို့သည် အလဇ္ဇီရဟန်းတို့၏ပစ္စည်းကို သုံးဆောင်ခြင်း၌ကား အကြင်မျှလောက် အလဇ္ဇီရဟန်း-ဟူ၍ မသိ။ ထိုမျှလောက် အပြစ်မရှိ၊ အကြင်အခါ အလဇ္ဇီရဟန်း-ဟူ၍ သိ၏။ ထိုအခါ ဤသို့ ဆိုအပ်၏-

"အရှင်တို့သည် ကာယဒွါရ၌လည်းကောင်း, ဝစီဒွါရ၌လည်းကောင်း လွန်ကျူးခြင်းကို ပြုကြကုန်၏။ ထိုသို့ ပြုကြခြင်းသည် မသင့်မလျော်ပတ်။ ဤသို့ မပြုကြကုန်လင့်"ဟု ဆိုအပ်၏။ ထိုသို့ ဆိုသည်ကို မနာမယူမူ၍ ပြုကျင့် လွန်ကျူးကုန်၏။ ထိုအလဇ္ဇီရဟန်းတို့နှင့် အတူတကွ သုံးဆောင်ခြင်း ပစ္စယသမ္ဘောဂကို ပြုသည်ဖြစ်အံ့။ ထိုလဇ္ဇီရဟန်းသည်

http://www.dhammadownload.com

လည်း အလဇ္ဇိဖြစ်၏။ ထို့ကြောင့် အလဇ္ဇိရဟန်းသည် လဇ္ဇိရဟန်းကို ချီးမြှင့်ခြင်းငှာ အပ်၏။ လဇ္ဇိရဟန်းသည် အလဇ္ဇိရဟန်းကို ချီးမြှင့်ခြင်းငှာ မအပ်။ အကယ်၍ လဇ္ဇိရဟန်းသည် အလဇ္ဇိရဟန်းကို ချီးမြှင့်သည် ဖြစ်အံ့၊ အနုမောဒနာပြုစေခြင်းငှာလည်းကောင်း တရားဟောစေခြင်းငှာလည်းကောင်း တိုက်တွန်းသည်ဖြစ်အံ့၊ ဒါယကာတို့၌ ထောက်ပံ့စေသည် ဖြစ်အံ့၊ ဒါယကာတို့သည်လည်း ထိုအလဇ္ဇိရဟန်းကို ငါတို့၏အရှင်ဘုရားသည် ဤသို့ စာပေကျမ်းဂန်တတ်၏၊ ဤသို့ တရားဟောတတ်၏-စသည်ဖြင့် ပရိသတ် ၄-ပါးတို့၏ အလယ်၌ ထိုအလဇ္ဇိရဟန်း၏ ဂုဏ်ကျေးဇူးကို ဆိုတတ်၏။ ထိုသို့ ဆိုခြင်းသည်ပင် သာသနာတော်ကို ဆုတ်ယုတ်ကွယ်ပျောက်စေသည် မည်ကြောင်းကို-

> **သစေ ပန လဇ္ဇီ အလဇ္ဇီ ပဂ္ဂဏှာတိ၊ အနုမောဒနာယ အဗ္ဗေသတိ၊ ဓမ္မကထာယ အဗ္ဗေသတိ၊ ကုလေသု ဥပဋ္ဌမ္ဘေတိ၊ ဣတရောပိ "အမှာကံ အာစရိယော ဤဒိသော စ ဤဒိသောစာ'တိ တဿ ပရိသတိ ဝဏ္ဏံ ဘာသတိ၊ အယံ သာသနံ ဩသက္ကာပေတိ အန္တရဓာပေတီတိ ဝေဒိတဗ္ဗော။-**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း(ဝိ၊၄၊၂။၂၇၄)။

လဇ္ဇီ၊ လဇ္ဇိရဟန်းသည်။ အလဇ္ဇီ၊ အလဇ္ဇိရဟန်းကို။ သစေ ပဂ္ဂဏှာတိ၊ အကယ်၍ ချီးမြှင့်အံ့။ အနုမောဒနာယ၊ အနုမောဒနာပြုစေခြင်းငှာ။ သစေ အဗ္ဗေသတိ၊ အကယ်၍ တိုက်တွန်းသည်ဖြစ်အံ့။ ဓမ္မကထာယ၊ တရားဟောစေခြင်းငှာ။ သစေ အဗ္ဗေသတိ၊ အကယ်၍ တိုက်တွန်းသည် ဖြစ်အံ့။ ကုလေသု၊ ဒါယကာတို့၌။ သစေ ဥပဋ္ဌမ္ဘေတိ၊ အကယ်၍ ထောက်ပံ့ခိုင်းစေသည် ဖြစ်အံ့။ ဣတရောပိ၊ ဒါယကာသည်လည်း။ အမှာကံ၊ ငါတို့၏။ အာစရိယော၊ ဆရာသည်။ ဤဒိသော၊ ဤသို့ ကျမ်းဂန်တတ်၏။ ဤဒိသော၊ ဤသို့ တရားဟောတတ်၏။ ဣတိ၊ ဤသို့။ ပရိသတိ၊ ပရိသတ် ၄-ပါးတို့၏အလယ်၌။ တဿ၊ ထိုအလဇ္ဇိရဟန်း၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ဆို၏။ အယံ၊ ဤသို့ အလဇ္ဇိရဟန်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်းသည်။ သာသနံ၊ သာသနာတော်ကို။ ဩသက္ကာပေတိ၊ ဆုတ်ယုတ်စေသည် မည်၏။ အန္တရဓာပေတိ၊ ကွယ်ပျောက်စေသည် မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အစိန္တေယျ၊ သုံးလူ့သေဉ်နင်း၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောကာလ ကိဉ္စာဂိရိဇနပုဒ်၌နေကုန်သော အဿဇိပုနဗ္ဗသုက အမည်ရှိသော ဆဗ္ဗဂ္ဂိရဟန်းတို့သည်-

- ပန်းပင်ငယ်တို့ကို ကိုယ်တိုင်စိုက်ပျိုးခြင်း, သူတပါးတို့ကို စိုက်ပျိုးစေခြင်း၊

http://www.dhammadownload.com

- ကိုယ်တိုင်ရေသွန်းခြင်း, သူတပါးတို့ကို ရေသွန်းစေခြင်း၊
- ပန်းတို့ကို ကိုယ်တိုင်ဆွတ်ခူးခြင်း, သူတပါးတို့ကို ဆွတ်ခူးစေခြင်း၊
- ကိုယ်တိုင်ကုံးသီခြင်း, သူတပါးတို့ကို ကုံးသီစေခြင်း —

အစရှိသဖြင့် ရွာသူတို့နှင့် တရောတယှက် တစ်ခွက်,တစ်နေရာတည်း စားသောက်အိပ်နေ၍ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ပြုလျက် အနေကဝိဓ ပါပသမာစာရ ကုလဒူသန မိစ္ဆာဇီဝအမှုကို ပြုကျင့်နေထိုင်သည်အတွင်း ကာသိတိုင်းမှ အာဂန္တုကရဟန်း ၁-ပါးသည် ဘုရားကို ပူဇော်ခြင်းငှာ သာဝတ္ထိပြည်သို့ သွားလေ၍ ကီဋာဂိရိဇနပုဒ်သို့ ရောက်လျှင် နံနက်အခါ ကောင်းစွာဝတ်ရုံလျက် ငြိမ်သက်တည်ကြည်သော ကျန်ဖြိုယသံဝရ သြကိ္ခတ္တစက္ခု ယုဂမတ္တ လေးတောင်မျှသာ ကောင်းစွာကြည့်ရှုလျက် ရှေ့တက်,နောက်ဆုတ် မယုတ်မလွန် အလွန်နူးညံ့ ကွေးဆန့်လက်,ခြေ အနေလျောက်ပတ်သဖြင့် ဆွမ်းရပ်ခံတော်မူသတည်း။

ကီဋာဂိရိဇနပုဒ်သား လူအများမြင်လေလျှင် "ဤအရှင်မှာ စိတ်ဆိုး၍ လာသကဲ့သို့ မျက်နှာအောက်ချလျက် သူအ, သူဆွဲကဲ့သို့ပင် ဤအရှင်ကို အဘယ်သူ လျှောင်လေအံ့နည်း။ ငါတို့သခင် အရှင်အဿဇိပုနဗ္ဗသုကတို့မှာ ပြုံးကာရယ်ကာ သာယာသံချို ခေါ်ဆိုမေးမြန်းလျက် ရွှင်လန်းသော မျက်နှာဖြင့် ကြွလာကြပေ၏"ဟု ဆိုကြကုန်၏။

ထိုအခါ သဒ္ဓါလေးမြတ် ကြည်ညိုအပ်သည်ကို သိတတ်သော ဥပါသကာ ဒါယကာ ကြီး ၁-ယောက်သည် လျောက်ပတ်သော ဣန္ဒြေ၌ ကြည်ညို၍ ထိုအာဂန္တုကရဟန်းကို ဆွမ်း,ပန်းလုပ်ကျွေး မေးမြန်းလျှောက်ထား၍ ဘုရားရှိရာ သာဝတ္ထိပြည်သို့ ကြွမည့် အကြောင်းကို သိလေလျှင် "အရှင်ဘုရား အကျွန်ုပ်၏စကားဖြင့် မြတ်စွာဘုရားကို လျှောက်ထားပါလေ"ဟု မှာလိုက်ကြောင်းကို—

> ဒုဋ္ဌော ဘန္တေ ကီဋာဂိရိသ္မိံ အာဝါသော၊ အဿဇိပုနဗ္ဗသုကာ နာမ ကီဋာဂိရိသ္မိံ အာဝါသိကာ အလဒ္ဓိနော ပါပဘိက္ခူ။ တေ ဧဝရူပံ အနာစာရံ အာစရန္တိ၊ မာလာဝစ္ဆံ ရောပေန္တိပိ ရောပါပေန္တိပိ၊ သိဉ္စန္တိပိ သိဉ္စာပေန္တိပိ ။လ။ ဝိဝိဓမ္ပိ အနာစာရံ အာစရန္တိ၊ ယေပိ တေ ဘန္တေ မနုဿာ ပုဗ္ဗေ သဒ္ဓါ အဟေသုံ ပသန္နာ၊ တေပိ တေရဟိ အဿဒ္ဓါ အပ္ပသန္နာ၊ ယာနိပိ တာနိ သံယဿ ပုဗ္ဗေ ဒါနပထာနိ၊ တာနိပိ တေရဟိ ဥပစ္ဆိန္နာနိ၊ ရိဉ္စန္တိ ပေသလာ ဘိက္ခူ။ နိဝသန္တိ ပါပဘိက္ခူ။ သာဓု ဘန္တေ ဘဂဝါ ကီဋာဂိရိံ ဘိက္ခူ ပဟိဏေယျ၊ ယထာယံ ကီဋာဂိရိသ္မိံ အာဝါသော သဏ္ဌာဟေယျာတိ—

ဟူ၍ ပါရာဇိကဏ်၊ တေရသကဏ္ဍ၊ ကုလဒူသကသိက္ခာပုဒ်(၀ိ၊၁။ ၂၇၆)တွင် လာသည်။

http://www.dhammadownload.com

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ကိဉ္စာဂိရိသို့၊ ကိဉ္စာဂိရိဇနပုဒ်၌။ အာဝါသော၊ ကျောင်းသည်။ ဒုဋ္ဌော၊ ပျက်ခဲ့ပြီ။ အဿဇိပုနဗ္ဗသုကာ နာမ၊ အဿဇိပုနဗ္ဗသုက အမည်ရှိကုန်သော။ အလဇ္ဇိနော၊ မကောင်းမှုကို မရှက်ကုန်သော။ ပါပဘိက္ခူ၊ ယုတ်မာသော ရဟန်းတို့သည်။ အာဝါသိကာ၊ ကျောင်းနေရဟန်း ဖြစ်ကြကုန်၏။ တေ ဘိက္ခူ၊ ထိုအဿဇိ-ပုနဗ္ဗသုက ရဟန်းတို့သည်။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ အနာစာရံ၊ ယုတ်မာသော အကျင့်ကို။ ဝါ၊ ရဟန်းတို့နှင့် မလျော်,မသင့် မကျင့်အပ်သော အကျင့်ကို။ အာစရန္တိ၊ ကျင့်ကြကုန်၏။ မာလာဝစ္ဆံ၊ ပန်းပင်ငယ်ကို။ ရောပေန္တိပိ၊ ကိုယ်တိုင်လည်း ပျိုးကုန်၏။ ရောပါပေန္တိပိ၊ သူတပါးတို့ကိုလည်း စိုက်ပျိုးစေကုန်၏။ သိဉ္စန္တိပိ၊ ကိုယ်တိုင်လည်း ရေသွန်းကုန်၏။ သိဉ္စာပေန္တိပိ၊ သူတပါးတို့ကိုလည်း ရေသွန်းစေကုန်၏ ။လ။ ဝိဝိဓမ္မိ၊ အထူးထူး အပြားပြား ရှိသည်လည်းဖြစ်သော။ အနာစာရံ၊ ယုတ်မာသောအကျင့်ကို။ အာစရန္တိ၊ ကျင့်ကြကုန်၏။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ယေပိ တေ မနုဿာ၊ အကြင်လူတို့သည်။ ပုဗ္ဗေ၊ ရှေး၌။ သဒ္ဓါ၊ သဒ္ဓါတရား ရှိကုန်သည်။ ပသန္နာ၊ ကြည်ညိုကြကုန်သည်။ အဟေသုံ၊ ဖြစ်ကြကုန်၏။ တေပိ၊ ထိုသဒ္ဓါကြည်ညိုကြကုန်သော သူတို့သည်လည်း။ ဧတရ-ဟိ၊ ယခုအခါ၌။ အဿဒ္ဓါ၊ မသဒ္ဓါကုန်သည်။ အပ္ပသန္နာ၊ မကြည်ညိုကုန်သည်။ အဟေသုံ၊ ဖြစ်ကြကုန်၏။ သံဃဿ၊ သံဃာ၏။ ပုဗ္ဗေ၊ ရှေးအခါ၌။ ယာနိပိ ဒါနပထာနိ၊ အကြင်အလှူဝတ်တို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တာနိပိ ဒါနပထာနိ၊ ထိုအလှူဝတ်တို့သည်လည်း။ ဧတရဟိ၊ ယခုအခါ၌။ ဥပစ္ဆိန္နာနိ၊ ပြတ်ခဲ့ကုန်၏။ ပေသလာ ဘိက္ခူ၊ သီလရှိကုန်သော ရဟန်းတို့သည်။ ရိဉ္စန္တိ၊ ဖဲကြကုန်၏။ ပါပဘိက္ခူ၊ ယုတ်မာသော ရဟန်းတို့သည်။ နိဝသန္တိ၊ နေကြကုန်၏။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ကိဉ္စာဂိရိသို့၊ ကိဉ္စာဂိရိဇနပုဒ်၌။ ယထာ၊ အကြင်အခြင်းဖြင့်။ အာဝါသော၊ ကျောင်းသည်။ သဇ္ဇာဟေယျ၊ ကောင်းစွာ တည်ရာ၏။ တထာ၊ ထိုအခြင်းဖြင့်။ ဘဂဝါ၊ သည်။ ကိဉ္စာဂိရိ၊ ကိဉ္စာဂိရိဇနပုဒ်သို့။ ဘိက္ခူ၊ သီလရှိသောရဟန်းတို့ကို။ ပဟိဏေယျ၊ စေလွှတ်တော်မူသည် ဖြစ်ပါမူကား။ သာဓု၊ အော်ကောင်းပါလိမ့်မည်ထင်၏။ ဣတိ၊ ဤသို့။ ဝဒေဟိ၊ လျှောက်ဆိုပါလေလော့။

ဤသို့ အရာဌာနကို သိ၍ အဟုတ်အမှန်ကို ပြောဆိုရာ၌ အပြစ်မရှိ-ဟု မှတ်ရာ၏။ အချို့ကုန်သော ဒါယကာ, ဒါယိကာမ, လူ,ရဟန်းတို့သည် ကျမ်းဂန်အရာ ဒေသနာကို မလိမ္မာ, မသိကျွမ်းသောကြောင့် အဘယ်ကဲ့သို့သောပုဂ္ဂိုလ်ကို ကြည်ညိုမြတ်နိုး ကိုးကွယ်ဆည်းကပ် လေးမြတ်လျှဒါန်း မချီးမွမ်း, မအံ့သြရမည်ကို မသိ၍ ပြုမိပြုရာ ပြုကြလေသည်မှာသာ အလွန်ဝမ်းသာလှစွာ၏။

http://www.dhammadownload.com

အဘယ့်ကြောင့်နည်းဟူမူကား မချီးမွမ်းသင့်သောသူကို ချီးမွမ်းလျှင် အပြစ်ရှိသည်။ အထက် ရှုပိယဆဋ္ဌကသိက္ခာပုဒ်တွင် ပြဆိုသည့်အတိုင်း မချီးမွမ်းသင့်သောသူကို ချီးမွမ်းလျှင် အလင်္ကာရဟန်းတို့ ကြီးပွါး၍ သာသနာတော် အားနည်းဆုတ်ယုတ်ခြင်း ဖြစ်သည်။ မချီးမွမ်းသင့်သောသူကို ချီးမွမ်းခြင်း, ချီးမွမ်းသင့်သောသူကို မချီးမွမ်းခြင်း, မကြည်ညိုသင့်သောသူကို ကြည်ညိုခြင်း, ကြည်ညိုသင့်သောသူကို မကြည်ညိုခြင်းကြောင့် ထိုသူတို့သာ အပါယ်လားကြောင်း မကောင်းမှု ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် စတုကမနိပါတ်၊ အင်္ဂုတ္တရနိကာယ်ကျမ်း, ပုဂ္ဂလပညတ်ကျမ်းတို့၌–

> **စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ စတူဟိ? အနနုဝိစ္စ၊ အပရိယောဂါဟေတွာ အဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ၊ အနနုဝိစ္စ အပရိယောဂါဟေတွာ ဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ၊ အနနုဝိစ္စ အပရိယောဂါဟေတွာ အပသာဒနီယေ ဌာနေ ပသာဒံ ဥပဒံသေတိ အနနုဝိစ္စ အပရိယောဂါဟေတွာ ပသာဒနီယေ ဌာနေ အပ္ပသာဒံ ဥပဒံသေတိ။ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။** (အံ၊၁။၃၉၆)

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ ၄-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ ယထာဘတံ၊ ထမ်းပိုးချက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါးကုန်သော အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ ယထာဘတံ၊ ထမ်းပိုးချက်ဆောင်သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေသနည်း။ အနနုဝိစ္စ၊ မနှိုင်းယှဉ်မူ၍။ အပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် မသက်မူ၍။ အဝဏ္ဏာရဟဿ၊ မချီးမွမ်းထိုက်သောသူ၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ဆို၏။ အနနုဝိစ္စ၊ မစူးစမ်းမူ၍။ အပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် မသက်ဝင်မူ၍။ ဝဏ္ဏာရဟဿ၊ ချီးမွမ်းထိုက်သောသူ၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသတိ၊ ဆို၏။ အနနုဝိစ္စ၊ မဆင်ခြင်မူ၍။ အပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် မသက်ဝင်မူ၍။ အပ္ပသာဒနီယေ၊ မကြည်ညိုထိုက်သောသူ၌။ ပသာဒံ၊ ကြည်ညိုခြင်းကို။ ဇနေတိ၊ ဖြစ်စေ၏။ အနနုဝိစ္စ၊ မမြော်မြင်မူ၍။ အပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် မသက်ဝင်မူ၍။ ပသာဒနီယေ၊ ကြည်ညိုထိုက်သောသူ၌။ အပ္ပသာဒံ၊ မကြည်ညိုခြင်းကို။ ဇနေတိ၊

http://www.dhammadownload.com

ဖြစ်စေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ ၄-ပါးကုန်သော။ ဣမေဟိ အင်္ဂေါဟိ၊ ဤအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ ယထာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချဘိသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယော၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဤတွင်ရွေ့ ဤဒုဿီလ, သုသီလ လဇ္ဇီရဟန်းတို့၏ အကွဲအပြား၊ အလဇ္ဇီ, ဒုဿီလ ရဟန်းတို့ကို လျှုအပ်သည်, မလျှုအပ်သည်၊ အလဇ္ဇီ, ဒုဿီလ ရဟန်းတို့၏ အပင်းအသင်း ပြု၍ ချီးမြှင့်ကောင်းသည်, မချီးမြှင့်ကောင်းသည် အကျိုးအပြစ်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ထိုစကားကို အကျယ်သိလိုလျှင် သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ်ပါဠိတော်၊ အဋ္ဌကထာ, ဋီကာ။ ၎င်းကောသလသံယုတ်၊ အဋ္ဌကထာ,ဋီကာ။ ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိ, အဋ္ဌကထာ, ဋီကာ။ ဓမ္မပဒအဋ္ဌကထာ။ ဝိသတိနိပါတ်၊ မာတင်္ဂဇာတ်။ ပါရာဇိကဏ် ပါဠိ, အဋ္ဌကထာ။ ဧကနိပါတ်၊ တိကနိပါတ်၊ အင်္ဂုတ္တရနိကာယ် ပါဠိ, အဋ္ဌကထာ။ စတုက္ကနိပါတ်၊ အင်္ဂုတ္တရနိကာယ် ပါဠိ, အဋ္ဌကထာ။ ပဉ္စကနိပါတ်၊ အင်္ဂုတ္တရနိကာယ် ပါဠိ, အဋ္ဌကထာ။ အပဒါန် ပါဠိ, အဋ္ဌကထာ။ ပုဂ္ဂလပညတ် ပါဠိ, အဋ္ဌကထာ။ ဝိနည်း ပရိဝါပါဠိ, အဋ္ဌကထာ။ မူလပဏ္ဏာသ၊ သမ္မာဒိဋ္ဌိသုတ်၊ စူဠဝေဒလ္လသုတ် ပါဠိ, အဋ္ဌကထာ။ ဥပရိပဏ္ဏာသ၊ သာမညသုတ် ပါဠိ, အဋ္ဌကထာ။ သုတ္တနိပါတ် ပါဠိ, အဋ္ဌကထာ။ ဓမ္မသင်္ဂဏီ အဋ္ဌကထာကျမ်းတို့မှာ ကြည့်လေ။

၁၂၃၅-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၃-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** အမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ကြဲကင်းမြို့၊ လှေသူကြီး မောင်ရှမ်းကလေး, မောင်လူတေတို့-က မေထုန် ၇-ပါးကို သိမှတ်ပါရမည့်အကြောင်းနှင့် လျှောက်ထားချက်

[၃၁] "ဘုရားတပည့်တော် ကြဲကင်းမြို့၊ လှေသူကြီး ရှမ်းကလေး, လူတေတို့ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

သီလ၏ သံကိလေသ, ဝေဒါန ၂-ပါးတို့တွင် မကျိုးသော အခဏ္ဍဂုဏ်, မပေါက်သော အဆိဒ္ဒဂုဏ်, မပြောက်သော အသဗလဂုဏ်, မကျားသော အကမ္မာသဂုဏ်, ကိလေသာ တော်လှန်သော ဘုဇိဿဂုဏ်, ဘုရား-စသော သူတော်ကောင်းတို့ ချီးမွမ်းသော ဝိညူပသဋ္ဌဂုဏ်, တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းသော အပရာမဋ္ဌဂုဏ်၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးတို့ကို ဖြစ်စေတတ်သော သမာဓိသံဝတ္တနိကဂုဏ်။ ဤဂုဏ် ၈-ပါးတို့ကြောင့်-

- ဖြူစင်သန့်ရှင်းသော ဝေဒါနသီလဖြစ်ကြောင်း
- ထိုဂုဏ် ၈-ပါး ကျိုး, ပေါက်ခြင်း ခဏ္ဍ, ဆိဒ္ဒ-စသည်တို့ကြောင့် သီလ၏ ညစ်နွမ်းခြင်း သံကိလေသဖြစ်ကြောင်း

ထို ၂-ပါးတို့တွင် ညစ်နွမ်းခြင်း သံကိလေသအရာ၌ လာဘ်, အကျော်အစော, အခြံအရံ-စသည်တို့ကြောင့် ကျိုး,ပေါက်ခြင်း ခဏ္ဍ, ဆိဒ္ဒ-စသည် ဖြစ်သကဲ့သို့ ထို့အတူ မေထုန် ၇-ပါးတရားတို့ကြောင့်လည်း သီလ၏ ညစ်နွမ်းခြင်း သံကိလေသဖြစ်သင့်ကြောင်းကို ဆရာတော်ဘုရား ဟောကြားတော်မူရာ မှတ်နာကြားသိရဖူးသည်ဖြစ်ပါ၍ မေထုန် ၇-ပါးကို ကျမ်းဂန်ပါဠိ ရှိသည့်အတိုင်း သိမှတ်ပါရမေအောင် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းလှေသူကြီးတို့ လျှောက်ထားချက်-

[၃၁] မေထုန် ၇-ပါးကို မေးလျှောက်သည်မှာ စင်ကြယ်သော ဝိသုဒ္ဓပြဟ္မစရိယကို ကျင့်လိုသောပုဂ္ဂိုလ်သည် အကယ်၍ကား-

- မာတုဂါမနှင့် မေထုနရာဂဖြင့် ဒွယ်ဒွယသမာပတ္တိအမှုကို မပြု၊ ထိုသို့ မပြုသော်လည်း မာတုဂါမတို့ ကသယ်မှုန့်-စသည်ဖြင့် ပွတ်ခြင်းကို သာယာခြင်း၊

http://www.dhammadownload.com

- ပြုံးရယ်ကစား ပျော်ပါးမြူးထူးခြင်း၊
- မျက်ဝါးတည့်တည့် တစိမ့်စိမ့်ကြည့်ခြင်း၊
- အသံကို သာယာခြင်း၊
- ရှေးဌ် ကျင့်ကြံခဲ့ဖူးသော မေထုန်ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း၊
- သူတပါးတို့ ပြုကျင့်သော မေထုန်ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း၊
- ဤသီလကြောင့် နတ်ရွာသုဂတိ ဘုံဘဝကို ရပါလို၏-ဟု တောင့်တခြင်း၊

ဤ ၇-ပါးတို့သည် မေထုနဓမ္မကို ကျင့်သည် မည်သောကြောင့် သီလ၏ ခဏ္ဍ,ဆိဒ္ဒ စသောအဖြစ်သို့ ရောက်၍ စင်ကြယ်သော ဝိသုဒ္ဓဗြဟ္မစရိယ မဖြစ်။

ထို့ကြောင့် မြတ်စွာဘုရားသည်-

၁။ ဣဓ ဗြာဟ္မဏ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော နံ ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒ္ဝယံဒ္ဝယသမာပတ္တိံ သမာပဇ္ဇတိ၊ အပိ စ ခေါ မာတုဂါမဿ ဥဒ္ဓာဒနံ ပရိမဒ္ဒနံ နှာပနံ သမ္ဗာဟနံ သာဒိယတိ၊ သော တံ'ဒဿာဒေတိ၊ တန္နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ။ ဣဒမ္ပိ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍာယ ဆိဒ္ဒာယ သဗလာယ ကမ္မာသာယ။ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ နံ ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာ-သေဟိ၊ နံ ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၂။ ပုန စ ပရံ ဗြာဟ္မဏ ဣဓေ'ကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော နံ ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒ္ဝယံဒ္ဝယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥဒ္ဓာဒနံ ပရိမဒ္ဒနံ နှာပနံ သမ္ဗာဟနံ သာဒိယတိ၊ အပိ စ ခေါ မာတုဂါမေန သဒ္ဓိံ သဉ္ဇဂ္ဃတိ သံကီဠတိ သင်္ကေဠာယတိ၊ သော တံ'ဒဿာဒေတိ၊ တန္နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ။ ဣဒံပိ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍာယ ဆိဒ္ဒာယ သဗလာယ ကမ္မာသာယ။ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ နံ ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာ-သေဟိ၊ နံ ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

http://www.dhammadownload.com

၃။ ပုန စ ပရံ ပြာဟ္မဏာ ဣဓေ'ကစ္စော သမဏော ဝါ ပြာဟ္မဏော ဝါ သမ္မာ ပြဟ္မစာရီ ပဋိဇာနမာနော နု ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒန ပရိမဒ္ဒန နှာပန သမ္မာဟနံ သာဒိယတိ၊ နု ပိ မာတုဂါမေန သဒ္ဓိံ သဉ္ဇဂ္ဃတိ သံကီဠတိ သင်္ကေဠာယတိ။ အပိ စ ခေါ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ ပေက္ခတိ၊ သော တ'ဒဿာဒေတိ၊ တန္နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ။ ဣဒမ္ပိ ခေါ ပြာဟ္မဏ ပြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ၊ အယံ ဝုစ္စတိ ပြာဟ္မဏ အပရိသုဒ္ဓံ ပြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ နု ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ နု ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၄။ ပုန စ ပရံ ပြာဟ္မဏာ ဣဓေ'ကစ္စော သမဏော ဝါ ပြာဟ္မဏော ဝါ သမ္မာ ပြဟ္မစာရီ ပဋိဇာနမာနော နု ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒန ပရိမဒ္ဒန နှာပန သမ္မာဟနံ သာဒိယတိ၊ နပိ မာတုဂါမေန သဒ္ဓိံ သဉ္ဇဂ္ဃတိ သံကီဠတိ သင်္ကေဠာယတိ၊ နပိ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ ပေက္ခတိ၊ အပိ စ ခေါ မာတုဂါမဿ သဒ္ဒံ သုဏာတိ တိရောကုဋ္ဋံ ဝါ တိရောပါကာရံ ဝါ ဟသန္တိယာ ဝါ ဘဏန္တိယာ ဝါ ဂါယန္တိယာ ဝါ ရောဒန္တိယာ ဝါ သော တ'ဒဿာဒေတိ၊ တန္နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ။ ဣဒမ္ပိ ခေါ ပြာဟ္မဏ ပြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ၊ အယံ ဝုစ္စတိ ပြာဟ္မဏ ပရိသုဒ္ဓံ ပြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ နု ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ နု ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၅။ ပုန စ ပရံ ပြာဟ္မဏာ ဣဓေ'ကစ္စော သမဏော ဝါ ပြာဟ္မဏော ဝါ သမ္မာ ပြဟ္မစာရီ ပဋိဇာနမာနော နု ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နု ပိ မာတုဂါမဿ ဥစ္ဆာဒန ပရိမဒ္ဒန နှာပန သမ္မာဟနံ သာဒိယတိ၊ နပိ မာတုဂါမေန သဒ္ဓိံ သံဇဂ္ဃတိ သံကီဠတိ သင်္ကေဠာယတိ၊ နပိ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ၊ နပိ မာတုဂါမဿ သဒ္ဒံ သုဏာတိ တိရောကုဋ္ဋံ ဝါ တိရောပါကာရံ ဝါ ဟသန္တိယာ ဝါ ဘဏန္တိယာ ဝါ ဂါယန္တိယာ ဝါ ရောဒန္တိယာ ဝါ၊ အပိ စ ခေါ ယာနိဿ တာနိ ပုဗ္ဗေ မာတုဂါမေန သဒ္ဓိံ ဟသိတ လပိတ ကီဠိတာနိ၊ တာနိ အနုဿရတိ၊ သော တ'ဒဿာဒေတိ၊ တန္နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ။ ဣဒမ္ပိ ခေါ ပြာဟ္မဏ ပြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ၊ အယံ

http://www.dhammadownload.com

ဝုစ္စတိ ပြာဟ္မဏာ အပရိသုဒ္ဓံ ပြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ န ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ၊

၆။ ပုန စ ပရံ ပြာဟ္မဏာ ဂ္ဂဓေ'ကစ္စော သမဏော ဝါ ပြာဟ္မဏော ဝါ သမ္မာ ပြဟ္မစာရီ ပဋိဇာနမာနော န ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒန ပရိမဒ္ဒန နှာပန သမ္ဗာဟနံ သာဒိယတိ၊ နပိ မာတုဂါမေန သဒ္ဓိံ သံဇဂ္ဃတိ သံကီဠတိ သင်္ကေဠာယတိ၊ နပိ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ ပေက္ခတိ၊ နပိ မာတုဂါမဿ သဒ္ဒံ သုဏာတိ တိရောကုဋ္ဋံ ဝါ တိရောပါကာရံ ဝါ ဟသန္တိယာ ဝါ ဘဏန္တိယာ ဝါ ဂါယန္တိယာ ဝါ ရောဒန္တိယာ ဝါ၊ နပိ ယာနိဿ တာနိ ပုဗ္ဗေ မာတုဂါမေန သဒ္ဓိံ ဟသိတ လပိတ ကီဠိတာနိ၊ တာနိ အနုဿရတိ၊ အပိစ ခေါ ပဿတိ ဂဟပတိ ဝါ ဂဟပတိပုတ္တံ ဝါ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတံ၊ သမ္မောဒိတာ ပရိစာရယမာနံ။ သော တ'ဒဿာဒေတိ၊ တန္နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ။ ဣဒမ္ပိ ခေါ ပြဟ္မဏာ ပြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္ဗာသမ္ပိ၊ အယံ ဝုစ္စတိ ပြဟ္မဏာ အပရိသုဒ္ဓံ ပြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ န ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၇။ ပုန စ ပရံ ပြာဟ္မဏာ ဂ္ဂဓေ'ကစ္စော သမဏော ဝါ ပြာဟ္မဏော ဝါ သမ္မာ ပြဟ္မစာရီ ပဋိဇာနမာနော န ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒန ပရိမဒ္ဒန နှာပန သမ္ဗာဟနံ သာဒိယတိ၊ နပိ မာတုဂါမေန သဒ္ဓိံ သံဇဂ္ဃတိ သံကီဠတိ သံကေဠာယတိ၊ နပိ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ၊ နပိ မာတုဂါမဿ သဒ္ဒံ သုဏာတိ တိရောကုဋ္ဋံ ဝါ တိရောပါကာရံ ဝါ ဟသန္တိယာ ဝါ ဘဏန္တိယာ ဝါ ဂါယန္တိယာ ဝါ ရောဒန္တိယာ ဝါ၊ နပိ ယာနိဿ တာနိ ပုဗ္ဗေ မာတုဂါမေန သဒ္ဓိံ ဟသိတ လပိတ ကီဠိတာနိ၊ တာနိ အနုဿရတိ၊ နပိ ပဿတိ ဂဟပတိ ဝါ ဂဟပတိပုတ္တံ ဝါ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတံ သမ္မောဒိတာ ပရိစာရယမာနံ၊ အပိ စ ခေါ အညတရံ ဒေဝနိကာယံ ပဏိဓာယ ပြဟ္မစရိယံ စရတိ "ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ပြဟ္မစရိယေန ဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရော ဝါ"တိ။ သော တ'ဒဿာဒေတိ၊ တန္နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ။ ဣဒမ္ပိ ခေါ ပြာဟ္မဏာ ပြဟ္မစရိယဿ

http://www.dhammadownload.com

ခဏ္ဍမို့ ဆိဒ္ဓမို့ သဗလမို့ ကမ္မာသမို့၊ အယံ ဝုစ္စတိ ပြာဟွဏာ အပရိသုဒ္ဓံ ပြဟွစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ နု ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ နု ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ –

(အံ၊၂။မေထုနသုတ္တ၊၄၃၈-၉)ဟူ၍ ဟောတော်မူသည်။

၁။ ပြာဟွဏာ၊ ပုဏ္ဏား။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊ အချို့သော။ သမဏော ဝါ၊ ရဟန်းသည်လည်းကောင်း။ ပြာဟွဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ ပြဟွစာရီ၊ မြတ်သောအကျင့်ကို ကျင့်၏-ဟူ။ ပဋိဇာနမာနော၊ ဝန်ခံလျက်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိံ၊ တကွ။ ဒွယံဒွယသမာပတ္တိံ၊ ၂-ယောက် အစုံရောက်ခြင်း-ဟု ဆိုအပ်သော မေထုန်အကျင့်သို့။ နု သမာပဇ္ဇတိ၊ ရောက်ကား မရောက်။ အပိ စ ခေါ၊ စင်စစ်သော်ကား။ မာတုဂါမဿ၊ ၏။ ဥစ္ဆာဒနံ၊ ကသယ်မှုန့်-စသည်ဖြင့် ပွတ်ခြင်းကို။ ပရိမဒ္ဒနံ၊ ဆုပ်နယ်ခြင်းကို။ နှာပနံ၊ ရေချိုးခြင်းကို။ သမ္မာဟနံ၊ ကောင်းစွာ ဆုပ်နယ်ခြင်းကို။ သာဒိယတိ၊ သာယာ၏။ သော သမဏပြာဟွဏော၊ ထိုရဟန်း, ပုဏ္ဏားသည်။ တံ၊ ထိုဆုပ်နယ်ခြင်း-အစရှိသည်ကို။ အဿာဒေတိ၊ သာယာ၏။ တံ၊ ထိုဆုပ်နယ်ခြင်း-အစရှိသည်ကို။ နိကာမေတိ၊ တောင့်တ၏။ တေန စ၊ ထိုဆုပ်နယ်ခြင်း-စသည်ဖြင့်လည်း။ ဝိတ္တိံ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ပြာဟွဏာ၊ ပုဏ္ဏား။ ဣဒမ်ပိ၊ ဤဆုပ်နယ်ခြင်း-အစရှိသည်ကို သာယာခြင်းသည်လည်း။ ပြဟွစရိယသ၊ သီလ၏။ ခဏ္ဍမို့၊ ကျိုးခြင်းသည်လည်းကောင်း။ ဆိဒ္ဓမို့၊ ပေါက်ခြင်းသည်လည်းကောင်း။ သဗလမို့၊ ပြောက်ခြင်းသည်လည်းကောင်း။ ကမ္မာသမို့၊ ကျားခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။

ပြာဟွဏာ၊ ပုဏ္ဏား။ အယံ၊ ဤရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်ကြယ်သည်ဖြစ်၍။ ပြဟွစရိယံ၊ မြတ်သော အကျင့်ကို။ စရတိ၊ ကျင့်သောရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မေထုနေန သံယောဂေန၊ မေထုနသံယောဂနှင့်။ သံယုတ္တော၊ ယှဉ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ နု ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇရာယ၊ အိုခြင်းမှ။ နု ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မရဏေန၊ သေခြင်း သဘောမှ။ နု ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သောကေဟိ၊ စိုးရိမ်ခြင်းတို့မှ။ နု ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့မှ။ နု ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုက္ခေဟိ၊ ဆင်းရဲတို့မှ။ နု ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့မှ။ နု ပရိမုစ္စတိ၊

http://www.dhammadownload.com

မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဥပါယာသေဟိ၊ သက်ကြီးရွှိက်တင် ပင်ပန်းခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဒုက္ခသွာ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

၂။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ပုန စ၊ တဖန်လည်း။ ပရံ၊ တပါးတံု။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊ အချို့သော။ သမဏော ဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏား သည်လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်၏-ဟု။ ပဋိဇာနမာနော၊ ဝန်ခံလျက်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိံ၊ တကွ။ ဒွယံဒွယသမာပတ္တိံ၊ နှစ်ယောက် အစုံ,အစုံ ရောက်ခြင်း-ဟု ဆိုအပ်သော မေထုန်အကျင့်သို့။ နှ သမာပဇ္ဇတိ၊ ရောက်ကား မရောက်။ မာတုဂါမဿ၊ မာတုဂါမ၏။ ဥဒ္ဓာဒနံ၊ ကသယ်မှုန့်-စသည်ဖြင့် ပွတ်ခြင်းကို။ ပရိမဒ္ဒနံ၊ ဆုပ်နယ်ခြင်းကို။ နှာပနံ၊ ရေချိုးခြင်းကို။ သမ္မာဟနံ၊ ကောင်းစွာ ဆုပ်နယ်ခြင်းကို။ နပိ သာဒိယတိ၊ မသာယာ။ အပိ စ ခေါ၊ စင်စစ်သော်ကား။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိံ၊ တကွ။ သံဇ္ဇတိ၊ ပြင်းစွာ ရယ်မြူး၏။ သံကီဠတိ၊ ကစား၏။ သံကေဠာယတိ၊ မြတ်နိုးလျက်နေ၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ၊ ထိုမာတုဂါမနှင့် ရယ်မြူးခြင်း-စသည်ကို။ အဿာဒေတိ၊ သာယာ၏။ တံ၊ ထိုမာတုဂါမနှင့် ရယ်မြူးခြင်း-စသည်ကို။ နိကာမေတိ၊ တောင့်တ၏။ တေန စ၊ ထိုမာတုဂါမနှင့် မြူးခြင်း-စသည်ဖြင့်။ ဝိတ္တိံ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣဒမ်ပိ၊ ဤမာတုဂါမနှင့် ပြုံးရယ်ခြင်း-စသည်ကို သာယာခြင်းသည်လည်း။ ဗြဟ္မစရိယဿ၊ သီလ၏။ ခဏ္ဍမ်ပိ၊ ကျိုးခြင်းသည်လည်းကောင်း။ ဆိဒ္ဒမ်ပိ၊ ပေါက်ခြင်းသည်လည်းကောင်း။ သဗလမ်ပိ၊ ပြောက်ခြင်းသည်လည်းကောင်း။ ကမ္မာသမ်ပိ၊ ကျားခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံ၊ ဤရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်ကြယ်သည်ဖြစ်၍။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရတိ၊ ကျင့်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ မေထုန သံယောဂေန၊ မေထုနသံယောဂနှင့်။ သံယုတ္တော၊ ယှဉ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇရာယ၊ အိုခြင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မရဏေန၊ သေခြင်းသဘောမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သောကေဟိ၊ စိုးရိမ်ခြင်းသဘောတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော

http://www.dhammadownload.com

ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဥပါယာသေဟိ၊ သက်ကြီးရှိုက်တငင် ပင်ပန်းခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုက္ခသွ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

၃။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ပုန၊ တဖန်။ ပရံ၊ တပါးတံ့။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော။ သမဏော ဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ ပြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်၏-ဟူ၍။ ပဋိဇာနမာနော၊ ဝန်ခံလျက်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ ဒွယံဒွယသမာပတ္တိ၊ ၂-ယောက် အစုံ,အစုံရောက်ခြင်း-ဟု ဆိုအပ်သော မေထုန်အကျင့်သို့။ နှ သမာပဇ္ဇတိ၊ ရောက်ကား မရောက်။ မာတုဂါမဿ၊ မာတုဂါမ၏။ ဥဒ္ဓာဒနံ၊ ကသယ်မှုန့်-စသည်ဖြင့် ပွတ်ခြင်းကို။ ပရိမဒ္ဒနံ၊ ဆုပ်နယ်ခြင်းကို။ နှာပနံ၊ ရေချိုးခြင်းကို။ သမ္မာဟနံ၊ ကောင်းစွာ ဆုပ်နယ်ခြင်းကို။ နပိ သာဒိယတိ၊ မသာယာ။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ နပိ သံဇ္ဈတိ၊ ပြင်းစွာ မရယ်။ နပိ သံကီဠတိ၊ မကစား။ နပိ သင်္ကေဠာယတိ၊ မြတ်နိုးလျက် မနေ။ အပိ စ ခေါ၊ စင်စစ်သော်ကား။ စက္ခုနှာ၊ မိမိ၏ မျက်စိဖြင့်။ မာတုဂါမဿ၊ မာတုဂါမ၏။ စက္ခုံ၊ မျက်စိကို။ ဥပနိဇ္ဈာယတိ၊ တစိမ့်စိမ့်ကြည့်၏။ ပေက္ခတိ၊ ရှု၏။ သော၊ သည်။ တံ၊ ထိုမာတုဂါမအား ကြည့်ခြင်း,ရှုခြင်းကို။ အဿာဒေတိ၊ သာယာ၏။ တံ၊ ကို။ နိကာမေတိ၊ ၏။ တေန စ၊ ထိုမာတုဂါမအား ကြည့်ခြင်း, ရှုခြင်းဖြင့်လည်း။ ဝိတ္တိ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣဒမ္ပိ၊ ဤမာတုဂါမကို ကြည့်ခြင်း, ရှုခြင်းသည်လည်း။ ဗြဟ္မစရိယဿ၊ သီလ၏။ ခဏ္ဍာယ၊ ကျိုးခြင်းသည်လည်းကောင်း။ ဆိဒ္ဒာယ၊ ပေါက်ခြင်းသည်လည်းကောင်း။ သဗလာယ၊ ပြောက်ခြင်းသည်လည်းကောင်း။ ကမ္မာသာယ၊ ကျားခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံ၊ ဤရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်ကြယ်သည်ဖြစ်၍။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရတိ၊ ကျင့်သောရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မေထုနသံယောဂေန၊ မေထုနသံယောဂနှင့်။ သံယုတ္တော၊ ယှဉ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇရာယ၊ အိုခြင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ မရဏေန၊ သေခြင်းသဘောမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ သောကေဟိ၊ စိုးရိမ်ခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သောရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

http://www.dhammadownload.com

ဒုက္ခေဟိ၊ ဆင်းရဲခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ၏။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ၏။ ဥပါယာသေဟိ၊ သက်ကြီးရွိုက်တငင် ပင်ပန်းခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ၏။ ဒုက္ခသ္မာ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ၏။

၄။ ပြာဟ္မဏ၊ ပုဏ္ဏား။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊ အချို့သော။ သမဏော ဝါ၊ ရဟန်းသည်လည်းကောင်း။ ပြာဟ္မဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ ပြဟ္မစာရီ၊ မြတ်သော အကျင့်ကို ကျင့်၏-ဟု။ ပဋိဇာနမာနော၊ ဝန်ခံလျက်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ ဒ္ဝယံဒ္ဝယသမာပတ္တိ၊ နှစ်ယောက်အစုံအစုံ ရောက်ခြင်းဟု ဆိုအပ်သော မေထုန်အကျင့်သို့။ နှ သမာပဇ္ဇတိ၊ ရောက်ကား မရောက်။ မာတုဂါမဿ၊ မာတုဂါမ၏။ ဥဒ္ဓာဒနံ၊ ကသည်မှုန့်စသည်ဖြင့် ပွတ်ခြင်းကို။ ပရိမဒ္ဒနံ၊ ကို။ နှာပနံ၊ ရေချိုးခြင်းကို။ သမ္မာဟနံ၊ ကောင်းစွာဆုပ်နယ်ခြင်းကို။ နပိ သာဒိယတိ၊ မသာယာ။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ နပိ သံဇဂ္ဃတိ၊ ပြင်းစွာ မရယ်။ နပိ သံကီဠတိ၊ မကစား။ နပိ သံကေဠာယတိ၊ မြတ်နိုးလျက် မနေ။ စက္ခုနာ၊ မိမိမျက်စိဖြင့်။ မာတုဂါမဿ၊ မာတုဂါမ၏။ စက္ခုံ၊ မျက်စိကို။ နပိ ဥပနိဇ္ဈာယတိ၊ တစိမ့်စိမ့် မကြည့်။ နပိ ပေက္ခတိ၊ မရှု။ အပိ စ ခေါ၊ စင်စစ်သော်ကား။ တိရောကုဋ္ဋာ ဝါ၊ နံရံတစ်ဖက်မှလည်းကောင်း။ တိရောပါကာရာ ဝါ၊ တံတိုင်းတစ်ဖက်မှလည်းကောင်း။ ဟသန္တိယာ၊ ရယ်ရွှင်သော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ဘဏန္တိယာ၊ စကားဆိုသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ဂါယန္တိယာ၊ သီသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ရောဒန္တိယာ၊ ငိုကြွေးသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ သဒ္ဒံ၊ အသံကို။ သုဏာတိ၊ ကြား၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ သဒ္ဒံ၊ ထိုအသံကို။ အဿာဒေတိ၊ သာယာ၏။ တံ သဒ္ဒံ၊ ထိုအသံကို။ နိကာမေတိ၊ တောင့်တ၏။ တေန စ၊ ထိုအသံဖြင့်လည်း။ ဝိတ္တိ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ပြာဟ္မဏ၊ ပုဏ္ဏား။ ဣဒမ္ပိ၊ ဤသို့ မာတုဂါမ၏အသံကို သာယာခြင်းသည်လည်း။ ပြဟ္မစရိယဿ၊ သီလ၏။ ခဏ္ဍာယ၊ ကျိုးခြင်းသည်လည်းကောင်း။ ဆိဒ္ဒာယ၊ ပေါက်ခြင်းသည်လည်းကောင်း။ သဗလာယ၊ ပြောက်ခြင်းသည်လည်းကောင်း။ ကမ္မာသာယ၊ ကြားခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။

ပြာဟ္မဏ၊ ပုဏ္ဏား။ အယံ၊ ဤရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်ကြယ်သည်ဖြစ်၍။ ပြဟ္မစရိယံ၊ သီလကို။ ဝါ၊ မြတ်သော အကျင့်ကို။ စရတိ၊ ကျင့်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မေထုနသံယောဂေန၊ မေထုနသံယောဂနှင့်။ သံယုတ္တော၊ ယှဉ်သော ရဟန်းဟူ

http://www.dhammadownload.com

၍။ ဝုစ္စတိ၊ ၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဇရာယ၊ အိုခြင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ မရဏေန၊ သေခြင်းသဘောမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ သောကေဟိ၊ စိုးရိမ်ခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ပရိဒေဝေဟိ၊ ငိုကြွေးမြည်တမ်းခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဒုက္ခေဟိ၊ ဆင်းရဲခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဥပါယာသေဟိ၊ သက်ကြီးရွယ်တင် ပင်ပန်းခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်းဟူ၍။ ဝုစ္စတိ၊ ၏။ ဒုက္ခသ္မာ၊ ဆင်းရဲအပေါင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

၅။ ပြာဟွဏ၊ ပုဏ္ဏား။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊ အချို့သော။ သမဏော ဝါ၊ ရဟန်းသည်လည်းကောင်း။ ပြာဟွဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ ပြဟွဓရီ၊ မြတ်သော အကျင့်ကို ကျင့်၏-ဟု။ ပဋိဇာနမာနော၊ ဝန်ခံလျက်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ ဒွယံဒွယသမာပတ္တိ၊ ၂-ယောက် အစုံ,အစုံ ရောက်ခြင်း-ဟု ဆိုအပ်သော မေထုန်အကျင့်သို့။ နှ သမာပဇ္ဇတိ၊ ရောက်ကား မရောက်။ မာတုဂါမဿ၊ မာတုဂါမ၏။ ဥဒ္ဓာဒနံ၊ ကသယ်မှုန့်-စသည်ဖြင့် ပွတ်ခြင်းကို။ ပရိမဒ္ဒနံ၊ ဆုပ်နယ်ခြင်းကို။ နှာပနံ၊ ရေချိုးခြင်းကို။ သမ္မာဟနံ၊ ကောင်းစွာ ဆုပ်နယ်ခြင်းကို။ နပိ သာဒိယတိ၊ မသာယာ။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ နပိ သံဇ္ဈတိ၊ ပြင်းစွာ မရယ်။ နပိ သံကီဠတိ၊ မကစား။ နပိ သံကေဠာယတိ၊ မြတ်နိုးလျက် မနေ။ စက္ခုနှာ၊ မိမိ၏မျက်စိဖြင့်။ မာတုဂါမဿ၊ မာတုဂါမ၏။ စက္ခုံ၊ မျက်စိကို။ နပိ ဥပနိဇ္ဈာယတိ၊ တစိမ့်စိမ့် မကြည့်။ နပိ ပေက္ခတိ၊ မရှု။ တိရောကုဋ္ဋာ ဝါ၊ နံရံတစ်ဖက်မှလည်းကောင်း။ တိရောပါကာရာ ဝါ၊ တံတိုင်းတစ်ဖက်မှ လည်းကောင်း။ ဟသန္တိယာ၊ ရယ်ရွှင်သော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ဘဏန္တိယာ၊ စကားဆိုသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ဂါယန္တိယာ၊ သီသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ရောဒန္တိယာ၊ ငိုကြွေးသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ သဒ္ဒံ၊ အသံကို။ နှ သုဏာတိ၊ မကြား။ အပိ စ ခေါ၊ စင်စစ်သော်ကား။ အဿ၊ ထိုမြတ်သောအကျင့်ကို ကျင့်၏-ဟု ဝန်ခံသော ရဟန်း အား။ ပုဗ္ဗေ၊ အကျင့်ကို ဆောက်တည်သည်မှ ရှေးကာလ၌။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ ယာနိ တာနိ ဟသိတ လပိတ ကီဠိတာနိ၊ အကြင် ရယ်ရွှင်ပျော်ပါး ကစားမြူးထူး ခဲ့ဖူးသော အမူအရာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ ဟသိတ လပိတ ကီဠိတာနိ၊ ထိုရယ်ရွှင် ပျော်ပါး ကစားမြူးထူးခဲ့ဖူးသော အမူအရာတို့ကို။ အနုဿရတိ၊ အောက်မေ့၏။ သော

http://www.dhammadownload.com

ဘိက္ခု။ ထိုရဟန်းသည်။ တံ၊ ထိုရယ်ရွှင်ပျော်ပါး ကစားမြူးထူးခဲ့ဖူးသော အမူအရာကို။ အဿာဒေတိ၊ သာယာ၏။ တံ၊ ထိုရယ်ရွှင်ပျော်ပါး ကစားမြူးထူးခဲ့ဖူးသော အမူအရာကို။ နိကာမေတိ၊ တောင့်တ၏။ တေန စ၊ ထိုရယ်ရွှင်ပျော်ပါး ကစားမြူးထူးခဲ့ဖူးသော အမူအရာ ဖြင့်လည်း။ ဝိတ္တိ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ၏။ ငြာဟ္မဏ၊ ပုဏ္ဏား။ ဣဒမ္ပိ၊ ဤရယ်ရွှင် ပျော်ပါး ကစားမြူးထူးခဲ့ဖူးသော အမူအရာကို သာယာနှစ်သက်ခြင်းသည်လည်း။ ငြဟ္မစရိ-ယဿ၊ သီလ၏။ ခဏ္ဍမ္ပိ၊ ကျိုးခြင်းသည်လည်းကောင်း။ ဆိဒ္ဒမ္ပိ၊ ပေါက်ခြင်းသည်လည်း ကောင်း။ သဗလမ္ပိ၊ ပြောက်ခြင်းသည်လည်းကောင်း။ ကမ္မာသမ္ပိ၊ ကျားခြင်းသည်လည်း ကောင်း။ ဟောတိ၊ ဖြစ်၏။

ငြာဟ္မဏ၊ ပုဏ္ဏား။ အယံ၊ ဤရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်ကြယ်သည်ဖြစ်၍။ ငြဟ္မစရိယံ၊ သီလကို။ ဝါ၊ မြတ်သော အကျင့်ကို။ စရတိ၊ ကျင့်သောရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မေထုနသံယောဂေန၊ မေထုနသံယောဂနှင့်။ သံယုတ္တော၊ ယှဉ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဇရာယ၊ အိုခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မရဏေန၊ သေခြင်းသဘောမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သောကေဟိ၊ စိုးရိမ်ခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုက္ခေဟိ၊ ဆင်းရဲခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဥပါယာသေဟိ၊ သက်ကြီးရွိုက်တငင် ပင်ပန်းခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုက္ခသ္မာ၊ ဆင်းရဲအပေါင်းမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

၆။　ငြာဟ္မဏ၊ ပုဏ္ဏား။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊ အချို့သော။ သမဏော ဝါ၊ ရဟန်းသည်လည်းကောင်း။ ငြာဟ္မဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ ငြဟ္မစာ့ရိ၊ မြတ်သော အကျင့်ကို ကျင့်၏-ဟု။ ပဋိဇာနမာနော၊ ဝန်ခံလျက်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိံ၊ တကွ။ ဒ္ဝယံဒ္ဝယသမာပတ္တိံ၊ ၂-ယောက် အစုံအစုံ ရောက်ခြင်း-ဟု ဆိုအပ်သော မေထုန်အကျင့်သို့။ န သမာပဇ္ဇတိ၊ မရောက်။ မာတုဂါမဿ၊ မာတုဂါမ၏။ ဥစ္ဆာဒနံ၊ ကသယ်မှုန့်-စသည်ဖြင့် ပွတ်ခြင်းကို။ ပရိမဒ္ဒနံ၊ ဆုပ်နယ်ခြင်းကို။ နှာပနံ၊ ရေချိုးခြင်းကို။ သမ္မာဟနံ၊ ကောင်းစွာ ဆုပ်နယ်ခြင်းကို။ နပိ သာဒိယတိ၊ မသာယာ။ မာတုဂါမေန၊

http://www.dhammadownload.com

မာတုဂါမနှင့်။ သဒ္ဓိ၊ တက္ကဝ။ နပိ သံဇ္ဈတိ၊ ပြင်းစွာ မရယ်။ နပိ သံကီဠတိ၊ မကစား။ နပိ သံကေဠာယတိ၊ မြတ်နိုးလျက် မနေ။ စက္ခုနာ၊ မိမိ၏ မျက်စိဖြင့်။ မာတုဂါမဿ၊ မာတုဂါမ၏။ စက္ခုံ၊ မျက်စိကို။ နပိ ဥပနိဇ္ဈာယတိ၊ တစိမ့်စိမ့် မကြည့်။ နပိ ပေက္ခတိ၊ မရှု။ တိရောကုဋ္ဋာ ဝါ၊ နံရံတစ်ဖက်မှလည်းကောင်း။ တိရောပါကာရာ ဝါ၊ တံတိုင်းတစ်ဖက်မှလည်းကောင်း။ ဟသန္တိယာ၊ ရယ်ရွှင်သော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ဘဏန္တိယာ၊ စကားဆိုသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ဂါယန္တိယာ၊ သီသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ရောဒန္တိယာ၊ ငိုကြွေးသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ သဒ္ဒံ၊ အသံကို။ န သုဏာတိ၊ မကြား။ အဿ၊ ထိုမြတ်သော အကျင့်ကို ကျင့်၏-ဟု ဝန်ခံသော ရဟန်းအား။ ပုဗ္ဗေ၊ နှေး၌။ ယာနိ တာနိ ဟသိတ လပိတ ကီဠိတာနိ၊ အကြင်ရယ်ရွှင်ပျော်ပါး ကစားမြူးထူးခြင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ ဟသိတ လပိတ ကီဠိတာနိ၊ ထိုရယ်ရွှင်ပျော်ပါး ကစားမြူးထူးခဲ့သော အမူအရာတို့ကို။ န အနုဿရတိ၊ မအောက်မေ့။ အပိ စ၊ စင်စစ်သော်ကား။ ပဗ္ဗဟိ ကာမဂုဏေဟိ၊ ၅-ပါးသော ကာမဂုဏ်တို့နှင့်။ သမပ္ပိတံ၊ တကွဖြစ်၍။ သမင်္ဂီဘူတံ၊ ပြည့်စုံသည်ဖြစ်၍။ ပရိစာရယမာနံ၊ စံပယ်သော။ ဂဟပတိ ဝါ၊ သူကြွယ်ကိုလည်းကောင်း။ ဂဟပတိပုတ္တံ ဝါ၊ သူကြွယ်၏သားကို လည်းကောင်း။ ပဿတိ၊ မြင်၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ တံ၊ ထိုကာမဂုဏ်ကို။ အဿာဒေတိ၊ ၏။ တံ၊ ထိုကာမဂုဏ်ကို။ နိကာမေတိ၊ တောင့်တ၏။ တေန စ၊ ထိုကာမ-ဂုဏ်ဖြင့်လည်း။ ဝိတ္တိ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ပြာဟွဏ၊ ပုဏ္ဏား။ ဣဒမ္ပိ၊ ဤသူတပါးတို့ ကာမဂုဏ်ကို သာယာခြင်း, နှစ်သက်ခြင်းသည်လည်း။ ပြဟွစရိယဿ၊ သီလ၏။ ခဏ္ဍာမ်ိ၊ ကျိုးခြင်းသည်လည်းကောင်း။ ဆိဒ္ဒမ်ိ၊ ပေါက်ခြင်းသည်လည်းကောင်း။ သဗလမ်ိ၊ ပြောက်ခြင်းသည်လည်းကောင်း။ ကမ္မာသမ်ိ၊ ကျားခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။

ပြာဟွဏ၊ ပုဏ္ဏား။ အယံ၊ ဤရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်ကြယ်သည်ဖြစ်၍။ ပြဟွစရိယံ၊ မြတ်သောအကျင့်ကို။ စရတိ၊ ကျင့်သောရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ မေထုန-သံယောဂေန၊ မေထုနသံယောဂနှင့်။ သံယုတ္တော၊ ယှဉ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဇရာယ၊ အိုခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ မရဏေန၊ သေခြင်းသဘောမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ သောကေဟိ၊ စိုးရိမ်ခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဒုက္ခေဟိ၊ ဆင်းရဲခြင်း တို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဒေါမနဿေဟိ၊ နှလုံးမသာ

http://www.dhammadownload.com

ယာခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဥပါယာသေဟိ၊ သက်ကြီးရှိုက်တင် ပင်ပန်းခြင်းတို့မှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဒုက္ခသ္မာ၊ ဆင်းရဲအပေါင်းမှ။ နှ ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

၇။ ပြာဟွဏာ၊ ပုဏ္ဏား။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊ အချို့သော။ သမဏော ဝါ၊ ရဟန်းသည်လည်းကောင်း။ ပြာဟွဏော ဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ ပြဟွစာရီ၊ မြတ်သော အကျင့်ကို ကျင့်၏-ဟု။ ပဋိဇာနမာနော၊ ဝန်ခံလျက်။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ ဒွယံဒွယသမာပတ္တိ၊ ၂-ယောက် အစုံ,အစုံ ရောက်ခြင်း-ဟု ဆိုအပ်သော မေထုန်အကျင့်သို့။ နှ သမာပဇ္ဇတိ၊ မရောက်။ မာတုဂါမဿ၊ မာတုဂါမ၏။ ဥဒ္ဓာဒနံ၊ ကသယ်မှုန့်-စသည်ဖြင့် ပွတ်ခြင်းကို။ ပရိမဒ္ဒနံ၊ ဆုပ်နယ်ခြင်းကို။ နှာပနံ၊ ရေချိုးခြင်းကို။ သမ္မာဟနံ၊ ကောင်းစွာ ဆုပ်နယ်ခြင်းကို။ နပိ သာဒိယတိ၊ မသာယာ။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဒ္ဓိ၊ တကွ။ နပိ သံဇ္ဈတိ၊ ပြင်းစွာ မရယ်။ နပိ သံကီဠတိ၊ မကစား။ နပိ သံကေဠာယတိ၊ မြတ်နိုးလျက် မနေ။ စက္ခုနာ၊ မိမိ၏မျက်စိဖြင့်။ မာတုဂါမဿ၊ မာတုဂါမ၏။ စက္ခုံ၊ မျက်စိကို။ နပိ ဥပနိဇ္ဈာယတိ၊ တစိမ့်စိမ့်ကြည့်၍ မနေ။ နှ ပေက္ခတိ၊ မရှု။ တိရောကုဋ္ဋာ ဝါ၊ နံရံတစ်ဖက်မှလည်းကောင်း။ တိရောပါကာရာ ဝါ၊ တံတိုင်းတစ်ဖက်မှလည်းကောင်း။ ဟသန္တိယာ၊ ရယ်သွင်သော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ဘဏန္တိယာ၊ စကားဆိုသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ဂါယန္တိယာ၊ သီသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ ရောဒန္တိယာ၊ ငိုကြွေးသော။ မာတုဂါမဿ ဝါ၊ မာတုဂါမ၏လည်းကောင်း။ သဒ္ဒံ၊ အသံကို။ နှ သုဏာတိ၊ မကြား။ အဿ၊ ထိုမြတ်သော အကျင့်ကို ကျင့်၏-ဟု ဝန်ခံလျက်နေသော ရဟန်းအား။ ယာနိ တာနိ ဟသိတ လပိတ ကီဠိတာနိ၊ အကြင် ရယ်သွင်ပျော်ပါး ကစားမြူးထူးခြင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ ဟသိတ လပိတ ကီဠိတာနိ၊ ထိုရယ်သွင်ပျော်ပါး ကစားမြူးထူးခြင်းတို့ကို။ နှ အနုဿရတိ၊ မအောက်မေ့။ ပဗ္ဗဇိ ကာမဂုဏေဟိ၊ ၅-ပါးသော ကာမဂုဏ်တို့နှင့်။ သမပ္ပိတံ၊ တကွဖြစ်၍။ သမင်္ဂီဘူတံ၊ ပြည့်စုံသည်ဖြစ်၍။ ပရိစာရယမာနံ၊ စံပယ်သော။ ဂဟပတိ ဝါ၊ သူကြွယ်ကိုလည်းကောင်း။ ဂဟပတိပုတ္တံ ဝါ၊ သူကြွယ်သားကိုလည်းကောင်း။ နှ ပဿတိ၊ မမြင်။ အပိ စ ခေါ၊ စင်စစ်သော်ကား။ အဟံ၊ ငါသည်။ ဂွမိနာ သီလေန ဝါ၊ ဤသီလဖြင့်လည်းကောင်း။ ဂွမိနာ ဝတေန ဝါ၊ ဤအကျင့်ဖြင့်လည်းကောင်း။ ဂွမိနာ ပြဟွစရိယေန ဝါ၊ ဤမြတ်သော အကျင့်ဖြင့်လည်းကောင်း။ ဒေဝေါ ဝါ၊ ဘုန်းကြီးသော နတ်သည်လည်းကောင်း။ ဒေဝညတရော ဝါ၊ မထင်ရှားသော နတ်သည်လည်းကောင်း။ ဘဝိဿာမိ၊ ဖြစ်ရပါလို၏။ ဣတိ၊ ဤသို့။ အညတရံ၊ အမှတ်မရှိသော။ ဒေဝနိကာယံ၊

http://www.dhammadownload.com

နတ်ပြည်ကို။ ပဏီဓာယ၊ ဆောက်တည်၍။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရတိ၊ ကျင့်၏။ သော ဘိက္ခု၊ ထိုရဟန်း သည်။ တံ၊ ထိုနတ်ပြည်ကို။ အဿာဒေတိ၊ သာယာ၏။ တံ၊ ထိုနတ်ပြည်ကို။ နိကာမေတိ၊ တောင့်တ၏။ တေနေဝ၊ ထိုနတ်ပြည်ဖြင့်လျှင်။ ဝိတ္တိ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣဒမ်ပိ၊ ဤသို့ နတ်ပြည်ကို သာယာနှစ်သက် စုံမက်မြတ်နိုးခြင်းသည်လည်း။ ဗြဟ္မစရိယဿ၊ သီလ၏။ ခဏ္ဍာမ်ပိ၊ ကျိုးခြင်းသည်လည်းကောင်း။ ဆိဒ္ဒမ်ပိ၊ ပေါက်ခြင်းသည်လည်းကောင်း။ သဗလမ်ပိ၊ ပြောက်ခြင်းသည်လည်းကောင်း။ ကမ္မာသမ်ပိ၊ ကျားခြင်းသည်လည်းကောင်း။ ဟောတိ၊ ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံ၊ ဤရဟန်းကို။ အပရိသုဒ္ဓံ၊ မစင်ကြယ်သည်ဖြစ်၍။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ ဝါ၊ သီလကို။ စရတိ၊ ကျင့်သောရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မေထုနသံယောဂေန၊ မေထုနသံယောဂနှင့်။ သံယုတ္တော၊ ယှဉ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇရာယ၊ အိုခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မရဏေန၊ သေခြင်းသဘောမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သောကေဟိ၊ စိုးရိမ်ခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုက္ခေဟိ၊ ဆင်းရဲခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒေါမနဿေဟိ၊ နှလုံးမသာယာခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဥပါယာသေဟိ၊ သက်ကြီးရွယ်တင် ပင်ပန်းခြင်းတို့မှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုက္ခသ္မာ၊ ဆင်းရဲအပေါင်းမှ။ န ပရိမုစ္စတိ၊ မလွတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ သို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

မသနဉ္စာပိ ဟသိတံ၊ အဿာဒံ သဒ္ဒ'မိက္ခနံ။
အဿာဒံ ကတ'ညဲ သင်္ဂံ၊ သတ္ထာ မေထုနသေဝနာ။ ။

မသနံ၊ လွင်မှုန့်ကသယ်ဖြင့် နှိပ်နယ်သည်ကို သာယာခြင်း။ ဟသိတံ၊ ရယ်ရွှင်ပျော်ပါး ကစားမြူထူးခြင်း။ သဒ္ဒံ အဿာဒံ၊ ပြောဆိုရွတ်အံ့ ငိုကြွေးသံကို နာခံနှစ်သက် စုံမက်သာယာခြင်း။ ကက္ခနံ၊ မျက်ဝါးတည့်တည့် တစိမ့်စိမ့်ကြည့်ခြင်း။ ကတံ အဿာဒံ၊ မိမိပြုခဲ့ဖူးသော မေထုန်ကာမဂုဏ်ကို အာရုံပြုလျက် စုံမက်သာယာခြင်း။ အညဲ အဿာဒံ၊ သူတပါးတို့ ခံစားပြည့်စုံ ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း။ သင်္ဂံ အဿာဒံ၊ ဤအာစာရသီလကျင့်မြတ် ပဋိပတ်ကြောင့် ၆-ထပ်နတ်ရွာ နတ်ချမ်းသာကို သာယာတောင့်တခြင်း။

http://www.dhammadownload.com

ကြတိ၊ ဤသို့။ မေထုနသေဝနာ၊ မေထုန်တရား ခံစားမှီဝဲခြင်းတို့သည်။ သတ္တ၊ ၇-ပါးတို့တည်း။ **ဤကား အကျဉ်းမှတ်ရန် ဂါထာ။**

ဇာဏုဿောဏိမည်သော ပုဏ္ဏားသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ ဤသို့ နားတော်လျှောက်၏။ "အရှင်ဂေါတမသည် မြတ်သော ဝိသုဒ္ဓဖြဟ္မစရိယကို ကျင့်၏-ဟု ဝန်ခံ၏။ အဘယ်သို့ မြတ်သော ဝိသုဒ္ဓဖြဟ္မစရိယကို ကျင့်သနည်း။" ဤသို့ နားတော်လျှောက်၏။ ဇာဏုဿောဏိပုဏ္ဏားအား ဤသို့သော အကြံဖြစ်၏ "ပုဏ္ဏားတို့သည် ဗေဒင်ကျမ်းကို သိကျွမ်းလိမ္မာ ကောင်းစွာသင်ကြားပြီးမှ ၄၈-နှစ်ပတ်လုံး ဖြဟ္မစရိယကို ကျင့်၏။ အရှင်ဂေါတမရဟန်းမှာမူကား လူ၏ဘောင်တွင် ပြာသာဒ် ၃-ဆောင်တို့၌ ပျော်ပိုက်မွေလျော်စွာ ချမ်းသာခံစားပြီးမှ ဝိသုဒ္ဓဖြဟ္မစရိယကို ကျင့်၏-ဟု ဝန်ခံ၏။ ယခုအခါ အဘယ်သို့သော စကားဖြင့် ပြောကြားဖြေဆိုလတ္တံ့နည်း"။

ဤသို့သော အကြံဖြစ်လတ်၍ "**ဘဝမွိ နော ဂေါတမော ဖြဟ္မစာရီ ပဋိဇာနာတိ**" ဟု လျှောက်လေလျှင် အဆိပ်ရှိသော မြွေဟောက်ကို ကြောက်ရွံ့ဘနန်း မန္တန်ဖြင့် မန်း၍ ဖမ်းယူသကဲ့သို့လည်းကောင်း ရန်သူ၏ လည်ကို ခြေဖြင့် နင်းနှစ်ဘိသကဲ့သို့လည်းကောင်း ၆-နှစ်ပတ်လုံး လွန်စွာအားထုတ်သော ပဓာနစရိယကို ကျင့်သမျှကာလ ရဇ္ဇသုခပါသာဒ၌ နာဋကိတ္တိ၊ သိရိဝိဘဝ၊ သောဘဂ္ဂပတ္တာ၊ မင်းချမ်းသာကို၊ ကြံကာမတ္တာ၊ ဝိတက္ကဖြင့်၊ စိတ်ကမရွက်၊ ရက်စက်စိမ်းကား၊ တရားကိုသာ၊ လွန်စွာလုံ့လ၊ ဥဿာဟနှင့်၊ ဝိသုဒ္ဓဖြဟ္မစရိယကိုသာ ပြင်းစွာအားထုတ်၊ ကြိုးကုတ်တော်မူဟန် ခြသွေ့မင်းအသဲကဲ့သို့ တဖန် ကျူးရင့်တော်မူလို၍ "ယံ ဟိ တံ ဗြာဟ္မဏာ"စသော စကားကို ဟောကြားဖြေဆိုတော်မူလျှင် "အရှင်ဂေါတမ၊ အဘယ်သို့ ကျင့်မှ စင်ကြယ်သော ဝိသုဒ္ဓဖြဟ္မစရိယ မည်လေသနည်း"ဟု တဖန်ထပ်မံ၍ မေးလျှောက်ပြန်သောကြောင့်-

> **ကဉ္စ ဗြာဟ္မဏာ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ ။ပ။ နု ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ-**

တိုင်အောင်သော ဒေသနာကို ကောင်းစွာ ပြသဆုံးမတော်မူသတည်း။

"ဇာဏုဿောဏိပုဏ္ဏား၊ ငါဘုရားသည် သစ္စာ ၄-ပါး တရားတို့ကို ပိုင်းခြားသိစဉ် ရတနာပလ္လင်ကပင် အကြင်မျှလောက် ဤမေထုန်တရား ၇-ပါးတွင် ၁-ပါးကိုမျှ မပယ်ရသေး။ ထိုမျှလောက်သောကာလ နတ်နှင့်တကွသောလောက သဒေဝကၠ သမ္မာသမ္ဗုဒ္ဓ အစစ်ဖြစ်ပြီ-ဟု ဝန်မခံသေး၊ အကြင်အခါ မေထုန် ၇-ပါး တရားတွင် ၁-ပါးနှင့်မယှဉ် စင်ကြယ်သန့်ရှင်း၏။ ထိုအခါမှ 'သမ္မာသမ္ဗုဒ္ဓအစစ် ငါဖြစ်ပြီ'ဟု ဝန်ခံတော်မူသတည်း"ဟု

http://www.dhammadownload.com

မိန့်တော်မူလေလျှင် ဇာဏုသောဏိပုဏ္ဏားသည် လွန်စွာ ဝမ်းမြောက်နှစ်သက်သည်ဖြစ်၍ 'အဘိက္ကန္တံ ဘော ဂေါတမ' အစရှိသော ဥဒါန်းဖြင့် ချီးမွမ်းအံ့သြလေသည်။

ထိုစကားကို အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သီလနိဒ္ဒေသ။ အဂုံတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ၅-ဆင့်မြောက်သော မဟာယညဝဂ်အစုတွင် ၇-ခုမြောက်သော ဇာဏုသောဏိပုဏ္ဏား၏ ဝတ္ထုတွင် ကြည့်လေ။

၁၂၃၅-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★

ကြုံကင်းမြို့၊ လှေသူကြီး မောင်လူတေက ဒုစရိုက် ၄၀-အပြား ရှိသည်ဆိုသောအရာကို မှတ်နာလေ့ကျက်ဆောင်ရွက်ရန် မိန့်ဆိုဖြေကြားတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၃၂] "ဘုရားတပည့်တော် ကြုံကင်းမြို့၊ လှေသူကြီး လူတေ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

ဒုစရိုက် ၁၀-ပါး-ဟူ၍သာ ကြားသိရဖူးပါသည်ကို ဒုစရိုက် ၄၀-အပြားရှိကြောင်းနှင့် ဆရာတော်ဘုရား ဟောကြားတော်မူရာ အမြွက်စကား ကြားသိရဖူးသည်ဖြစ်ပါ၍ ဒုစရိုက်-၄၀ ဖြစ်ဟန်ကို ကျမ်းဂန်နှင့်အညီ သိမှတ်ပါရအောင် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

လှေသူကြီး မောင်လူတေ လျှောက်ထားချက်–

[၃၂] ဒုစရိုက် ၄၀-ဖြစ်ဟန်ကို မေးလျှောက်သည်မှာ–

- မိမိကိုယ်တိုင် ပါဏာတိပါတ-စသည်ကို ပြုရာ၌ သာဟတ္ထိကအားဖြင့် ဒုစရိုက် ၁၀-ပါး,
- သူတပါးတို့ကို ပြုစေခြင်းငှာ တိုက်တွန်းရာ၌ အာဏတ္တိကအားဖြင့် ၁၀-ပါး,
- သူတပါးတို့ပြုသော ဒုစရိုက်ကို အာရုံပြု၍ ဝမ်းမြောက်ရာ၌ သမနုညအားဖြင့် ၁၀-ပါး,

http://www.dhammadownload.com

- သူတပါးတို့ပြုသော ဒုစရိုက်ကို ခီးမွမ်းရာ၌ ဝဏ္ဏဘာသနအားဖြင့် ၁၀-ပါး၊

ဤသို့လျှင် ဒုစရိုက်-၄၀ ဖြစ်၏။ ထိုသို့ ဖြစ်ရာ၌-

- မိမိသာ ပြုသောသူအား ဒုစရိုက် ၁၀-ပါးသာ ဖြစ်၏။
- မိမိလည်းပြု, သူတပါးကိုလည်း တိုက်တွန်းသောသူအား ဒုစရိုက် ၂၀-ဖြစ်၏။
- မိမိလည်းပြု, သူတပါးကိုလည်း တိုက်တွန်း, သူတပါးပြုသော ဒုစရိုက်ကိုလည်း ဝမ်းမြောက်သောသူအား ဒုစရိုက် ၃၀-ဖြစ်၏။
- မိမိလည်းပြု, သူတပါးကိုလည်း တိုက်တွန်း, သူတပါးပြုသော ဒုစရိုက်ကိုလည်း ဝမ်းမြောက်, သူတပါးတို့ပြုသော ဒုစရိုက်ကိုလည်း ခီးမွမ်းသောသူအား ဒုစရိုက်-၄၀ ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်–

ဒသဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ ဒသဟိ? ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ ကာမေသု မိစ္ဆာစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ ပိသုဏဝါစော ဟောတိ၊ ဖရုသဝါစော ဟောတိ၊ သမ္ဖပ္ပလာပီ ဟောတိ၊ အဘိဇ္ဈာလု ဟောတိ၊ ဗျာပန္နစိတ္တော ဟောတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ ဒသဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

ဝီသတိယာ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ ဝီသတိယာ? အတ္တနာ စ ပါဏာတိပါတီ ဟောတိ၊ ပရဉ္စ ပါဏာတိပါတေ သမာဒပေတိ။ အတ္တနာ စ အဒိန္နာဒါယီ ဟောတိ၊ ပရဉ္စ အဒိန္နာဒါနေ သမာဒပေတိ။ အတ္တနာ စ ကာမေသု မိစ္ဆာစာရီ ဟောတိ၊ ပရဉ္စ ကာမေသု မိစ္ဆာစာရေ သမာဒပေတိ။ အတ္တနာ စ မုသာဝါဒီ ဟောတိ၊ ပရဉ္စ မုသာဝါဒေ သမာဒပေတိ။ အတ္တနာ စ ပိသုဏဝါစော ဟောတိ၊ ပရဉ္စ ပိသုဏာယ ဝါစာယ သမာဒပေတိ။ အတ္တနာ စ ဖရုသဝါစော ဟောတိ၊ ပရဉ္စ ဖရုသာ ဝါစာယ သမာဒပေတိ။ အတ္တနာ စ သမ္ဖပ္ပလာပီ ဟောတိ၊ ပရဉ္စ သမ္ဖပ္ပလာပေ သမာဒပေတိ။ အတ္တနာ စ အဘိဇ္ဈာလု ဟောတိ။ ပရဉ္စ အဘိဇ္ဈာယ သမာဒပေတိ။ အတ္တနာ စ ဗျာပန္နစိတ္တော ဟောတိ ပရဉ္စ ဗျာပါဒေ သမာဒပေတိ။ အတ္တနာ စ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ပရဉ္စ မိစ္ဆာဒိဋ္ဌိယာ သမာဒပေတိ။ ဣမေဟိ ခေါ ဘိက္ခဝေ ဝီသတိယာ ဓမ္မေဟိ သမန္နာဂတော ယထာ'ဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

http://www.dhammadownload.com

တိ်သာယ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာ'ဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ တိ်သာယ? အတ္တနာ စ ပါဏာတိပါတီ ဟောတိ၊ ပရဉ္စ ပါဏာတိ ပါတေ သမာဒပေတိ၊ ပါဏာတိပါတေ စ သမနုညော ဟောတိ။ အတ္တနာ စ အဒိန္နာဒါယီ ဟောတိ၊ ပရဉ္စ အဒိန္နာဒါနေ သမာဒပေတိ၊ အဒိန္နာဒါနေ စ သမနုညော ဟောတိ။ အတ္တနာ စ ကာမေသု မိစ္ဆာစာရီ ဟောတိ၊ ပရဉ္စ ကာမေသု မိစ္ဆာစာရေ သမာဒပေတိ၊ ကာမေသု မိစ္ဆာစာရေ စ သမနုညော ဟောတိ။ အတ္တနာ စ မုသာဝါဒီ ဟောတိ၊ ပရဉ္စ မုသာဝါဒေ သမာဒပေတိ၊ မုသာဝါဒေ စ သမနုညော ဟောတိ။ အတ္တနာ စ ပိသုဏဝါစော ဟောတိ၊ ပရဉ္စ ပိသုဏာယ ဝါစာယ သမာ-ဒပေတိ၊ ပိသုဏာယ ဝါစာယ စ သမနုညော ဟောတိ။ အတ္တနာ စ ဖရုသဝါစော ဟောတိ၊ ပရဉ္စ ဖရုသာယ ဝါစာယ သမာဒပေတိ၊ ဖရုသာယ ဝါစာယ စ သမနုညော ဟောတိ။ အတ္တနာ စ သမ္ဖပ္ပလာပီ ဟောတိ၊ ပရဉ္စ သမ္ဖပ္ပလာပေ သမာဒပေတိ၊ သမ္ဖပ္ပလာပေ စ သမနုညော ဟောတိ။ အတ္တနာ စ အဘိဇ္ဈာလု ဟောတိ၊ ပရဉ္စ အဘိဇ္ဈာယ သမာဒပေတိ၊ အဘိဇ္ဈာယ စ သမနုညော ဟောတိ။ အတ္တနာ စ ဗျာပန္န-စိတ္တော ဟောတိ၊ ပရဉ္စ ဗျာပါဒေ သမာဒပေတိ၊ ဗျာပါဒေ စ သမနုညော ဟောတိ။ အတ္တနာ စ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ပရဉ္စ မိစ္ဆာဒိဋ္ဌိယာ သမာဒပေတိ၊ မိစ္ဆာဒိဋ္ဌိယာ စ သမနုညော ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ တိ်သာယ ဓမ္မေဟိ သမန္နာဂတော ယထာ'ဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

စတ္တာရီသာယ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာ'ဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ စတ္တာရီသာယ? အတ္တနာ စ ပါဏာတိပါတီ ဟောတိ၊ ပရဉ္စ ပါဏာတိပါတေ သမာဒပေတိ၊ ပါဏာတိပါတေ စ သမနုညော ဟောတိ၊ ပါဏာတိပါတဿ စ ဝဏ္ဏံ ဘာသတိ။ အတ္တနာ စ အဒိန္နာဒါယီ ဟောတိ၊ ပရဉ္စ အဒိန္နာဒါနေ သမာဒပေတိ၊ အဒိန္နာဒါနေ စ သမနုညော ဟောတိ၊ အဒိန္နာဒါနဿ စ ဝဏ္ဏံ ဘာသတိ။ အတ္တနာ စ ကာမေသု မိစ္ဆာစာရီ ဟောတိ၊ ပရဉ္စ ကာမေသု မိစ္ဆာစာရေ သမာဒပေတိ၊ ကာမေသု မိစ္ဆာစာရေ စ သမနုညော ဟောတိ၊ ကာမေသု မိစ္ဆာစာရဿ စ ဝဏ္ဏံ ဘာသတိ။ အတ္တနာ စ မုသာဝါဒီ ဟောတိ၊ ပရဉ္စ မုသာဝါဒေ သမာဒပေတိ၊ မုသာဝါဒေ စ သမနုညော ဟောတိ၊ မုသာဝါဒဿ စ ဝဏ္ဏံ ဘာသတိ။ အတ္တနာ စ ပိသုဏဝါစော ဟောတိ၊ ပရဉ္စ ပိသုဏာယ ဝါစာယ သမာဒပေတိ၊ ပိသုဏာယ ဝါစာယ စ သမနုညော ဟောတိ၊ ပိသုဏာယ ဝါစာယ စ ဝဏ္ဏံ ဘာသတိ။ အတ္တနာ စ ဖရုသဝါစော ဟောတိ၊ ပရဉ္စ ဖရုသာယ ဝါစာယ သမာဒပေတိ၊ ဖရုသာယ ဝါစာယ စ သမနုညော ဟောတိ၊ ဖရုသာယ ဝါစာယ စ ဝဏ္ဏံ ဘာသတိ။ အတ္တနာ

http://www.dhammadownload.com

စ သမ္မပ္ပလာပီ ဟောတိ၊ ပရဿ သမ္မပ္ပလာပေ သမာဒပေတိ၊ သပ္ပပ္ပလာပေ စ သမနုညော ဟောတိ၊ သမ္မပ္ပလာပဿ ဝဏ္ဏံ ဘာသတိ။ အတ္တနာ စ အဘိဇ္ဈာလု ဟောတိ၊ ပရဿ အဘိဇ္ဈာယ သမာဒပေတိ၊ အဘိဇ္ဈာယ စ သမနုညော ဟောတိ၊ အဘိဇ္ဈာယ စ ဝဏ္ဏံ ဘာသတိ၊ အတ္တနာ စ ဗျာပန္နစိတ္တော ဟောတိ၊ ပရဿ ဗျာပါဒေ သမာဒပေတိ၊ ဗျာပါဒေ စ သမနုညော ဟောတိ၊ ဗျာပါဒဿ စ ဝဏ္ဏံ ဘာသတိ။ အတ္တနာ စ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ပရဿ မိစ္ဆာဒိဋ္ဌိယာ သမာဒပေတိ၊ မိစ္ဆာဒိဋ္ဌိယာ စ သမနုညော ဟောတိ၊ မိစ္ဆာဒိဋ္ဌိယာ စ ဝဏ္ဏံ ဘာသတိ။ ဣမေဟိ ခေါ ဘိက္ခဝေ စတ္တာရီသာယ ဓမ္မေဟိ သမန္နာဂတော ယထာ'ဘတံ နိက္ခိတ္တော ဧဝံ နိရယေ-

(အံ၊၃။သာမညဝဂ္ဂ။၅၀၇-၅၁၀)ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ တို့။ ဒသဟိ၊ ၁၀-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ ဒသဟိ၊ အဘယ် ၁၀-ပါးကုန်သော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေသနည်း။

၁။ **ပါဏာတိပါတီ**၊ သူ၏အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ၏။

၂။ **အဒိန္နာဒါယီ**၊ အရှင်မပေးသော သူ၏ဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ၏။

၃။ **ကာမေသု မိစ္ဆာစာရီ**၊ သူတပါးတို့၏ သား, မယား၌ မှားသောအကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ၏။

၄။ **မုသာဝါဒီ**၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ (**သုရာမေရယမဇ္ဇပမာဒဋ္ဌာယီ**၊ သေအရက်ကို သောက်စားလေ့ရှိသည်။ ဟောတိ၊ ၏။)

၅။ **ပိသုဏဝါစော**၊ ကုန်းတိုက်သော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ၏။

၆။ **ဖရုသဝါစော**၊ ကြမ်းတမ်းသော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ၏။

၇။ သမ္မပ္ပလာပီ၊ အကျိုးမရှိသော စကားကို ဆိုသည်။ ဟောတိ၊ ၏။

၈။ **အဘိဇ္ဈာလု**၊ သူတပါးဥစ္စာကို မိမိဥစ္စာဖြစ်စိမ့်သောငှာ ကြံသည်။ ဟောတိ၊ ၏။

၉။ **ဗျာပန္နစိတ္တော**၊ သူတပါး အသက်ကို သေစေလိုသော စိတ်ရှိသည်။ ဟောတိ၊ ၏။

၁၀။ **မိစ္ဆာဒိဋ္ဌိကော**၊ မှားသောအယူရှိသည်။ ဟောတိ၊ ၏။

http://www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ ဒသဟိ ဓမ္မေဟိ၊ ဤ ၁၀-ပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိသတိယာ၊ ၂၀-သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာ-ဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ ဝိသတိယာ၊ အဘယ် ၂၀-သော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော သူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက် သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေသနည်း။

၁၁။ အတ္တနာ စ၊ မိမိသည်လည်း။ **ပါဏာတိပါတီ**၊ သူ၏အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ပါဏာတိပါတေ၊ သူ၏အသက်ကို သတ်ခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏**။

၁၂။ အတ္တနာ စ၊ မိမိသည်လည်း။ **အဒိန္နာဒါယီ**၊ သူတပါး ဥစ္စာကို ခိုးလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ အဒိန္နာဒါနေ၊ သူတပါးဥစ္စာကို ခိုးယူခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏**။

၁၃။ အတ္တနာ စ၊ မိမိသည်လည်း။ **ကာမေသု မိစ္ဆာစာရီ**၊ သူတပါး သား,မယားတို့၌ မှားသောအကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ကာမေသု မိစ္ဆာစာရေ၊ သူတပါး၏ သား,မယားတို့၌ မှားသော အကျင့်ကို ကျင့်ခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏**။

၁၄။ အတ္တနာ စ၊ မိမိသည်လည်း။ **မုသာဝါဒီ**၊ မဟုတ်မမှန်သော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ မုသာဝါဒေ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။

၁၅။ အတ္တနာ စ၊ မိမိသည်လည်း။ **ပိသုဏဝါစော**၊ ကုန်းတိုက်သော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ပိသုဏာယဝါစာယ၊ ကုန်းတိုက်သော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏**။

၁၆။ အတ္တနာ စ၊ မိမိသည်လည်း။ **ဖရုသဝါစော**၊ ကြမ်းတမ်းသောစကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ဖရုသာယဝါစာယ၊ ကြမ်းတမ်းသော စကားကို ဆိုခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။

http://www.dhammadownload.com

၁၇။ အတ္တနာ စ၊ မိမိသည်လည်း။ သမ္မပ္ပလာပီ၊ အကျိုးမရှိသော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဏ္ဍ၊ သူတပါးကိုလည်း။ သမ္မပ္ပလာပေ၊ အကျိုးမရှိသော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။**

၁၈။ အတ္တနာ စ၊ မိမိသည်လည်း။ **အဘိဇ္ဈာလု**၊ သူတပါး ဥစ္စာကို မိမိဥစ္စာဖြစ်စိမ့်သောငှာ ကြံသည်။ ဟောတိ၊ ဖြစ်၏။ ပရဏ္ဍ၊ သူတပါးကိုလည်း။ အဘိဇ္ဈာယ၊ သူတပါးဥစ္စာကို မိမိဥစ္စာဖြစ်စိမ့်သောငှာ ကြံခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။**

၁၉။ အတ္တနာ စ၊ မိမိသည်လည်း။ **ဗျာပန္နစိတ္တော**၊ သူတပါးအသက်ကို သေစေလိုသော စိတ်ရှိသည်။ ဟောတိ၊ ၏။ ပရဏ္ဍ၊ သူတပါးကိုလည်း။ ဗျာပါဒေ၊ သူတပါး၏အသက်ကို သေစေလိုသော စိတ်ရှိခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။**

၂၀။ အတ္တနာ စ၊ မိမိသည်လည်း။ **မိစ္ဆာဒိဋ္ဌိကော**၊ မှားသောအယူကို ယူသည်။ ဟောတိ၊ ၏။ ပရဏ္ဍ၊ သူတပါးကိုလည်း။ မိစ္ဆာဒိဋ္ဌိယာ၊ မှားသောအယူကို ယူခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။**

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိသတိယာ၊ ၂၀-သော။ ဣမေဟိ၊ ဤမေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိ-တ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တီသာယ၊ ၃၀-သော။ ဧမေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ တီသာယ၊ အဘယ် ၃၀-သော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော ပုဂ္ဂိုလ်သည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေသနည်း။

၂၁။ အတ္တနာ စ၊ မိမိသည်လည်း။ **ပါဏာတိပါတီ**၊ သူ၏အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပရဏ္ဍ၊ သူတပါးကိုလည်း။ ပါဏာတိပါတေ၊ သူတပါးအသက်ကို သတ်ခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** ပါဏာတိပါတေ စ၊ သူ၏ အသက်ကို သတ်ခြင်း၌လည်း။ **သမနုညော**၊ ဝမ်းမြောက်သည်။ ဟောတိ၊ ၏။

၂၂။ အတ္တနာ စ၊ မိမိသည်လည်း။ **အဒိန္နာဒါယီ**၊ သူတပါးဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဏ္ဍ၊ သူတပါးကိုလည်း။ အဒိန္နာဒါနေ၊ သူတပါးဥစ္စာကို ခိုးယူခြင်း၌။ သမာ-

http://www.dhammadownload.com

ဒပေတိ၊ ဆောက်တည်စေ၏။ အဒိန္နာဒါနေ စ၊ သူတပါးဥစ္စာကို ခိုးယူခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ၏။

၂၃။ အတ္တနာ စ၊ မိမိသည်လည်း။ **ကာမေသု မိစ္ဆာစာရီ၊** သူတပါး၏ သား,မယားတို့၌ မှားသော အကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ကာမေသု မိစ္ဆာစာရေ၊ သူတပါးတို့ သား,မယား၌ မှားသောအကျင့်ကို ကျင့်ခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** ကာမေသု မိစ္ဆာစာရေ စ၊ သူတပါးတို့ သား,မယားတို့၌ မှားသော အကျင့်ကို ကျင့်ခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ၏။

၂၄။ အတ္တနာ စ၊ မိမိသည်လည်း။ **မုသာဝါဒီ၊** မဟုတ်မမှန်သော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ မုသာဝါဒေ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** မုသာဝါဒေစ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ၏။

၂၅။ အတ္တနာ စ၊ မိမိသည်လည်း။ **ပိသုဏဝါစော၊** ကုန်းတိုက်သောစကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ပိသုဏာယဝါစာယ၊ ကုန်းတိုက်သော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** ပိသုဏာယဝါစာယ စ၊ ကုန်းတိုက်သောစကားကို ဆိုခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ၏။

၂၆။ အတ္တနာ စ၊ မိမိသည်လည်း။ **ဖရုသဝါစော၊** ကြမ်းတမ်းသော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ဖရုသဝါစာယ၊ ကြမ်းတမ်းသော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** ဖရုသာယဝါစာယ စ၊ ကြမ်းတမ်းသောစကားကို ဆိုခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ၏။

၂၇။ အတ္တနာ စ၊ မိမိသည်လည်း။ **သမ္ဖပ္ပလာပီ၊** အကျိုးမရှိသော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။သမ္ဖပ္ပလာပေ၊ အကျိုးမရှိသော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** သမ္ဖပ္ပလာပေ စ၊ အကျိုးမရှိသော စကားကို ဆိုခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ၏။

၂၈။ အတ္တနာ စ၊ မိမိသည်လည်း။ **အဘိဇ္ဈာလု၊** သူတပါးဥစ္စာကို မိမိ၏ဥစ္စာ ဖြစ်စိမ့်သောငှာ ကြံသည်။ ဟောတိ၊ ၏။ ပရဉ္စ၊ သူတပါးကိုလည်း။ အဘိဇ္ဈာယ၊ သူတပါးဥစ္စာကို မိမိဥစ္စာ ဖြစ်စိမ့်သောငှာ ကြံခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** အဘိဇ္ဈာယ စ၊ သူ့ဥစ္စာကို မိမိဥစ္စာ ဖြစ်စိမ့်သောငှာ ကြံခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ၏။

http://www.dhammadownload.com

၂၉။ အတ္တနာ စ၊ မိမိသည်လည်း။ ဗျာပန္နစိတ္တော၊ သူတပါး၏အသက်ကို သေစေလိုသော စိတ်ရှိသည်။ ဟောတိ၊ ၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ ဗျာပါဒေ၊ သူတပါးတို့၏အသက်ကို သေစေလိုသော စိတ်ရှိခြင်း၌။ သမာဒပေတိ၊ **ဆောက်တည်စေ၏**။ ဗျာပါဒေ စ၊ သူတပါးတို့၏ အသက်ကို သေစေလိုသော စိတ်ရှိခြင်း၌လည်း။ **သမန္နညော၊ ဝမ်းမြောက်**သည်။ ဟောတိ၊ ၏။

၃၀။ အတ္တနာ စ၊ မိမိသည်လည်း။ **မိစ္ဆာဒိဋ္ဌိကော**၊ မှားသော အယူရှိသည်။ ဟောတိ၊ ၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ မိစ္ဆာဒိဋ္ဌိယာ၊ မှားသောအယူကို ယူခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏**။ မိစ္ဆာဒိဋ္ဌိယာ စ၊ မှားသောအယူကို ယူခြင်း၌လည်း။ **သမန္နညော၊ ဝမ်းမြောက်**သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တီသာယ၊ ၃၀-သော။ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရီသာယ၊ ၄၀-သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ စတ္တာရီသာယ၊ အာဘယ် ၄၀-သော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော သူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေသနည်း။

၃၁။ အတ္တနာ စ၊ မိမိသည်လည်း။ **ပါဏာတိပါတီ**၊ သူ၏အသက်ကို သတ်လေ့ရှိသည်။ ဟောတိ၊ ၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ ပါဏာတိပါတေ၊ သူ၏အသက်ကို သတ်ခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏**။ ပါဏာတိပါတေ စ၊ သူတပါး၏ အသက်ကို သတ်ခြင်း၌လည်း။ **သမန္နညော၊ ဝမ်းမြောက်**သည်။ ဟောတိ၊ ၏။ ပါဏာတိပါတဿ စ၊ သူတပါး၏ အသက်ကို သတ်ခြင်း၏လည်း။ **ဝဏ္ဏ၊ ကျေးဇူးကို**။ ဘာသတိ၊ **ဆို၏**။

၃၂။ အတ္တနာ စ၊ မိမိသည်လည်း။ **အဒိန္နာဒါယီ**၊ သူတပါးဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ အဒိန္နာဒါနေ၊ သူတပါးဥစ္စာကို ခိုးယူခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏**။ အဒိန္နာဒါနေ စ၊ သူတပါးဥစ္စာကို ခိုးယူခြင်း၌လည်း။ **သမန္နညော၊ ဝမ်းမြောက်**သည်။ ဟောတိ၊ ၏။ အဒိန္နာဒါနဿ စ၊ သူတပါးဥစ္စာကို ခိုးခြင်း၏လည်း။ **ဝဏ္ဏ၊ ကျေးဇူးကို**။ ဘာသတိ၊ **ဆို၏**။

http://www.dhammadownload.com

၃၃။ အတ္ထနာ စ၊ မိမိသည်လည်း။ **ကာမေသု မိစ္ဆာစာရီ၊** သူတပါး၏ သားမယားတို့၌ မှားသော အကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ ကာမေသု မိစ္ဆာစာရေ၊ သူတပါး၏ သားမယားတို့၌ မှားသောအကျင့်ကို ကျင့်ခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** ကာမေသု မိစ္ဆာစာရေ စ၊ သူတပါး၏ သားမယားတို့၌ မှားသော အကျင့်ကို ကျင့်ခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ၏။ ကာမေသု မိစ္ဆာစာရဿစ၊ သူတပါးတို့၏ သားမယားတို့၌ မှားသောအကျင့်ကို ကျင့်ခြင်း၏လည်း။ **ဝဏ္ဏံ၊ ကျေးဇူးကို။** ဘာသတိ၊ **ဆို၏။**

၃၄။ အတ္ထနာ စ၊ မိမိသည်လည်း။ **မုသာဝါဒီ၊** မဟုတ်မမှန်သော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ မုသာဝါဒေ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** မုသာဝါဒေ စ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ဖြစ်၏။ မုသာဝါဒဿ စ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်း၏လည်း။ **ဝဏ္ဏံ၊ ကျေးဇူးကို။** ဘာသတိ၊ **ဆို၏။**

၃၅။ အတ္ထနာ စ၊ မိမိသည်လည်း။ **ပိသုဏဝါစော၊** ကုန်းတိုက်သော စကားကို ဆိုသည်။ ဟောတိ၊ ဖြစ်၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ ပိသုဏာယဝါစာယ၊ ကုန်းတိုက်သော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** ပိသုဏာယဝါစာယစ၊ ကုန်းတိုက်သော စကားကို ဆိုခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ဖြစ်၏။ ပိသုဏာယဝါစာယ စ၊ ဂုန်းတိုက်သော စကားကို ဆိုခြင်း၏လည်း။ **ဝဏ္ဏံ၊ ကျေးဇူးကို။** ဘာသတိ၊ **ဆို၏။**

၃၆။ အတ္ထနာ စ၊ မိမိသည်လည်း။ **ဖရုသဝါစော၊** ကြမ်းတမ်းသော စကားကို ဆိုသည်။ ဟောတိ၊ ဖြစ်၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ ဖရုသာယဝါစာယ၊ ကြမ်းတမ်းသော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** ဖရုသာယဝါစာယ စ၊ ကြမ်းတမ်းသော စကားကို ဆိုခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ဖြစ်၏။ ဖရုသာယဝါစာယ စ၊ ကြမ်းတမ်းသော စကားကို ဆိုခြင်း၏လည်း။ **ဝဏ္ဏံ၊ ကျေးဇူးကို။** ဘာသတိ၊ **ဆို၏။**

၃၇။ အတ္ထနာ စ၊ မိမိသည်လည်း။ **သမ္ဖပ္ပလာပီ၊** အကျိုးမရှိသော စကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပရဋ္ဌ၊ သူတပါးကိုလည်း။ သမ္ဖပ္ပလာပေ၊ အကျိုးမရှိသော စကားကို ဆိုခြင်း၌။ **သမာဒပေတိ၊ ဆောက်တည်စေ၏။** သမ္ဖပ္ပလာပေ စ၊ အကျိုးမရှိသော စကားကို ဆိုခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်။** ဟောတိ၊ ဖြစ်၏။ သမ္ဖပ္ပလာပဿ စ၊ အကျိုးမရှိသော စကားကို ဆိုခြင်း၏လည်း။ **ဝဏ္ဏံ၊ ကျေးဇူးကို။** ဘာသတိ၊ **ဆို၏။**

http://www.dhammadownload.com

၃၈။ အတ္တနာ စ၊ မိမိသည်လည်း။ **အဘိဇ္ဈာလု**၊ သူတပါးဥစ္စာကို မိမိဥစ္စာ ဖြစ်စိမ့်သောငှာ ကြံသည်။ ဟောတိ၊ ၏။ ပရဿ၊ သူတပါးကိုလည်း။ အဘိဇ္ဈာယ၊ သူတပါးဥစ္စာကို မိမိဥစ္စာဖြစ်စိမ့်သောငှာ ကြံခြင်း၌။ သမာဒပေတိ၊ **ဆောက်တည်စေ၏**။ အဘိဇ္ဈာယ စ၊ သူတပါးဥစ္စာကို မိမိဥစ္စာ ဖြစ်စိမ့်သောငှာ ကြံခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်**။ ဟောတိ၊ ၏။ အဘိဇ္ဈာယ စ၊ သူတပါးဥစ္စာကို မိမိဥစ္စာ ဖြစ်စိမ့်သောငှာ ကြံခြင်း၏လည်း။ **ဝဏ္ဏ၊ ကျေးဇူးကို**။ ဘာသတိ၊ **ဆို၏**။

၃၉။ အတ္တနာ စ၊ မိမိသည်လည်း။ **ဗျာပန္နစိတ္တော**၊ သူတပါး၏ အသက်ကို သေစေလိုသော စိတ်ရှိသည်။ ဟောတိ၊ ၏။ ပရဿ၊ သူတပါးကိုလည်း။ **ဗျာပါဒေ**၊ သူတပါး၏ အသက်ကို သေစေလိုသော စိတ်ရှိခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။ ဗျာပါဒေ စ၊ သူတပါးအသက်ကို သေစေလိုသော စိတ်ရှိခြင်း၌လည်း။ **သမနုညော၊ ဝမ်းမြောက်သည်**။ ဟောတိ၊ ၏။ ဗျာပါဒဿ စ၊ သူတပါးအသက်ကို သေစေလိုသော စိတ်ရှိခြင်း၏လည်း။ **ဝဏ္ဏ၊ ကျေးဇူးကို**။ ဘာသတိ၊ **ဆို၏**။

၄၀။ အတ္တနာ စ၊ မိမိသည်လည်း။ **မိစ္ဆာဒိဋ္ဌိကော**၊ မှားသောအယူ ရှိသည်။ ဟောတိ၊ ၏။ ပရဿ၊ သူတပါးကိုလည်း။ မိစ္ဆာဒိဋ္ဌိယာ၊ မှားသောအယူကို ယူခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။ မိစ္ဆာဒိဋ္ဌိယာ စ၊ မှားသောအယူကို ယူခြင်း၌လည်း။ သမနုညော၊ ဝမ်းမြောက်သည်။ ဟောတိ၊ ၏။ မိစ္ဆာဒိဋ္ဌိယာ စ၊ မှားသောအယူကို ယူခြင်း၏လည်း။ ဝဏ္ဏ၊ ကျေးဇူးကို။ ဘာသတိ၊ ဆို၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရီသာယ၊ ၄၀-သော။ ဣမေဟိ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ပစ်ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ထိုပါဠိတော်မြတ် ပါဌ်ဝယ် အဓိပ္ပါယ်သော်ကား-

- ၁၀-ပါးသော ဒုစရိုက်တရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ၁၀-စင်းသော တက်တို့ဖြင့် ပြင်းထန်စွာစီးသော ရေအလျဉ်၌ ဆောလျင်စွာ ပုတ်ခတ်၍ စုန်သော လေ့ကဲ့သို့ အဆောတလျင် ငရဲသို့ ရောက်ရာ၏။
- ၂၀-သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ၂၀-သော တက်တို့ဖြင့် ပြင်းထန်စွာစီးသော ရေအလျဉ်၌ ဆောလျင်စွာ ပုတ်ခတ်၍ စုန်သော လေ့ကဲ့သို့ ထို့ထက် လွန်စွာ အဆောတလျင် ငရဲသို့ ရောက်ရာ၏။

http://www.dhammadownload.com

- ၃၀-သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ၃၀-သော တက်တို့ဖြင့် ပြင်းထန်စွာ စီးသော ရေအလျဉ်၌ ဆောလျင်စွာ ခတ်ပုတ်၍ စုန်သော လှေကဲ့သို့ ထို့ထက် လွန်စွာ အဆောတလျင် ငရဲသို့ ရောက်ရာ၏။
- ၄၀-သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ၄၀-သော တက်တို့ဖြင့် ပြင်းထန်စွာ စီးသော ရေအလျဉ်၌ ဆောလျင်စွာ ပုတ်ခတ်၍ စုန်သော လှေကဲ့သို့ ထို့ထက် လွန်စွာ အဆောတလျင် ငရဲသို့ ရောက်ရာ၏-

ဟူ၍ ဟောတော်မူသည်။

ထိုစကားကို အကျယ်သိလိုလျှင် စတုက္ကနိပါတ်၊ အဂုံတ္တိရ် အဆုံးစွန်သော ကမ္မပထဝဂ်၊ ပါဠိ, အဋ္ဌကထာ။ ဒသကနိပါတ်၊ အင်္ဂုံတ္တိရ်ပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

၁၂၃၅-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၈-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

ကြံကင်းမြို့၊ လှေသူကြီးမောင်ရွှေပွင့်, မောင်လူဖေတို့-က ပါပဂရဟိ အရကို နာယူမှတ်သားပါရအောင် ဖြေကြားမိန့်ဆိုတော်မူပါမည့် အကြောင်းနှင့် လျှောက်ချက်

[၃၃] "ဘုရားတပည့်တော် ကြံကင်းမြို့၊ လှေသူကြီး ငရွှေပွင့်, ငလူဖေတို့ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

ပါပဂရဟိ-ဟူရာ၌ အဘယ်သို့ ပါပဂရဟိ ဖြစ်သည်၊ အဘယ်သို့ မကောင်းမှုကို ကဲ့ရဲ့ရမည်- အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

လှေသူကြီး ဒါယကာ မောင်ရွှေပွင့်တို့ လျှောက်ထားချက်အရ–

[၃၃] လောက၌ အကြင်သူသည် အကုသိုလ်ဓမ္မ ဒုစရိုက်တို့ကို ပြုကျင့်တတ်၏။ ထိုသူကို–

http://www.dhammadownload.com

- သူ၏ အသက်ကို သတ်တတ်သောသူ-ဟူ၍လည်းကောင်း
- သူဥစ္စာကို ခိုးယူတတ်သောသူ-ဟူ၍လည်းကောင်း
- သူသားအိမ်ရာကို ပြစ်မှားတတ်သောသူ-ဟူ၍လည်းကောင်း
- မဟုတ်မမှန်သောစကားကို ဆိုတတ်သောသူ-ဟူ၍လည်းကောင်း
- သေအရက်ကို သောက်စားတတ်သောသူ-ဟူ၍လည်းကောင်း
- ကုန်းတိုက်တတ်သောသူ-ဟူ၍လည်းကောင်း
- ကြမ်းတမ်းသောစကားကို ဆိုတတ်သောသူ-ဟူ၍လည်းကောင်း
- အကျိုးမရှိသော စကားကို ဆိုတတ်သောသူ-ဟူ၍လည်းကောင်း
- စောင်းမြောင်းတတ်သောသူ, ညှူစူတတ်သောသူ-ဟူ၍လည်းကောင်း
- အမျက်ထွက်တတ်သောသူ, ရန်ငြိုးဖွဲ့တတ်သောသူ,
- သူတပါးကျေးဇူးကို ချေတတ်သောသူ,
- စဉ်းလဲတတ်သောသူ, အလိုကြီးသောသူ -

ဤသို့ စသည်ဖြင့် ၁-ယောက်တည်း၌ပင် ၂-ခု, ၃-ခုသော အပြစ်၊ များစွာသော အပြစ်တို့ဖြင့် ကဲ့ရဲ့သရြိဟ် ဆိုရသကဲ့သို့ သံသရာဝဋ်ဒုက္ခ၌ ငြီးငွေ့၍ သံသရာမှ ထွက်မြောက်လိုသော ပုဂ္ဂိုလ်၊ နိရယပေတတိရစ္ဆာန-စသော အပါယ်ဝဋ်ဆင်းရဲတို့မှ ကြောက်လန့်တတ်သော ပုဂ္ဂိုလ်တို့သည် အကုသိုလ် မကောင်းမှုတရား၏ အပြစ်ကို ရှုရာ၏။ မကောင်းမှုအကုသိုလ်တရားတို့ကို ကဲ့ရဲ့အပ်၏။ အကုသိုလ်တရား ကဲ့ရဲ့ဟန်ကို ဤပြလတ္တံ့သော ဂါထာပါဠိဖြင့် သိရာ၏။

ဒုစ္စရိတံ ကဏ္ဍဓမ္မံ၊ အသဒ္ဓမ္မ'မနတ္ထကံ။
အဘဇိတံ နာသေဝိတံ၊ ကဏ္ဍမဂ္ဂ'မနာရိယံ။ ။

ဇိဂုစ္ဆိတဉ္စ ဒုမ္မဂ္ဂံ၊ ကုမ္မဂ္ဂ'မဂဝေသကံ။
ဗာလဓမ္မ'မဓမ္မဉ္စ၊ အနဟိတ'မဘာဝိတံ။ ။

အသောစေယျံ ပဟာတဗ္ဗ'-မနာသန္န'မနိစ္ဆိတံ။
သာဝဇ္ဇံ သပ္ပဋိဘယံ၊ ပတ္ထိတာ'ဗဟုလီကတံ။ ။

အသစ္ဆိကာတဗ္ဗံ ဒုရိ-ဘာဝံ ဒုက္ခဝိပါကဇံ။
ပါပက'မနုပ္ပါဒိတံ၊ အနုပစိတံ နိက္ခိတ္တံ။ ။

http://www.dhammadownload.com

အကိတ္တိသဒ္ဒ'မသပ္ပု-ရိသာ'နုသရိတဗ္ဗကံ။
အနေကံ ဝိဝိဓံ တဿာ- ဒိနဝံ ကဌကပ္ပလန္တိ။ ။—

- ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်အပ်သောကြောင့်, ငြိုငြင်ဆင်းရဲစွာ ကျင့်အပ်သောကြောင့် ဒုစ္စရိတလည်း မည်၏။
- ကဏှဓမ္မံ၊ မည်းညစ်သော သဘောရှိသောကြောင့် ကဏှဓမ္မလည်း မည်၏။
- အသဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏ တရားမဟုတ်သောကြောင့်။ ဝါ၊ သူတော်မဟုတ် သူယုတ်မာတို့၏ တရားဖြစ်သောကြောင့် အသဒ္ဓမ္မလည်း မည်၏။
- အနတ္ထကံ၊ ကောင်းကျိုး မရှိသောကြောင့် အနတ္ထကလည်း မည်၏။
- အဘဇ္ဇိတံ၊ မဆည်းပူးအပ်သောကြောင့် အဘဇ္ဇိတလည်း မည်၏။
- နာသေဝိတံ၊ အပါယ်ဘေး, ဝဋ်ဆင်းရဲဘေးကို ကြောက်သောသူတို့သည် မမှီဝဲအပ်သောကြောင့် နာသေဝိတလည်း မည်၏။
- ကဏှမဂ္ဂံ၊ မည်းညစ်သော ခရီးနှင့် တူသောကြောင့်။ ဝါ၊ မည်းညစ်သော သူတို့သာ သွားရာခရီးနှင့် တူသောကြောင့် ကဏှမဂ္ဂလည်း မည်၏။
- အနာရိယံ၊ ကင်းပြီးသော ကိလေသာရှိသော သူတို့၏ဥစ္စာ မဟုတ်သောကြောင့် အနာရိယလည်း မည်၏။
- ဇိဂုစ္ဆိတံ၊ စက်ဆုပ်ရွံရှာအပ်သော ဇိဂုစ္ဆိတဓမ္မလည်း မည်၏။
- ဒုမ္မဂ္ဂံ၊ မကောင်းသော သူတို့၏ သွားရာခရီးဖြစ်သောကြောင့်။ ဝါ၊ မကောင်းသော အပါယ်သို့ သွားရာ ခရီးဖြစ်သောကြောင့် ဝါ၊ မကောင်းသော သူတို့သည် ရှာမှီးအပ်သောကြောင့် ဒုမ္မဂ္ဂလည်း မည်၏။
- ကုမ္မဂ္ဂံ၊ မကောင်းသောခရီး ဖြစ်သောကြောင့် ကုမ္မဂ္ဂလည်း မည်၏။
- အဂဝေသကံ၊ တစိုးတစိမ့် မရှာမှီးအပ်သောကြောင့် အဂဝေသကလည်း မည်၏။
- ဗာလဓမ္မံ၊ မိုက်လွန်စွာသော သူတို့၏ တရားဖြစ်သောကြောင့် ဗာလဓမ္မလည်း မည်၏။
- အဓမ္မံ၊ တရားမဟုတ်သောကြောင့် အဓမ္မလည်း မည်၏။
- အနဟိတံ၊ ကောင်းမြတ်သော အစီးအပွါး မရှိသောကြောင့် အနဟိတလည်း မည်၏။
- အဘာဝိတံ၊ မပွါးများစေအပ်သောကြောင့် အဘာဝိတလည်း မည်၏။

http://www.dhammadownload.com

- အသောစေယျ၊ တစိုးတစိမျှ မစိုးရိမ်,မကြောင့်ကြအပ်သောကြောင့် အသောစေယျလည်း မည်၏။
- ပဟာတဗ္ဗ၊ လျင်စွာ ပယ်အပ်, စွန့်အပ်သော သဘောရှိသောကြောင့် ပဟာတဗ္ဗလည်း မည်၏။
- အနာသန္နံ၊ မနီးမစပ်, မကပ်စေအပ်သောကြောင့် အနာသန္နလည်း မည်၏။
- အနိစ္ဆိတံ၊ အလိုမရှိအပ်သောကြောင့် အနိစ္ဆိတလည်း မည်၏။
- သာဝဇ္ဇံ၊ အပြစ်နှင့်တကွဖြစ်သောကြောင့် သာဝဇ္ဇလည်း မည်၏။
- သပ္ပဋိဘယံ၊ ဘေးဘျမ်းနှင့်တကွဖြစ်သောကြောင့် သပ္ပဋိဘယလည်း မည်၏။
- အပတ္ထိတံ၊ 'ငါ-မပြုလိုက်ရပါလေ'-ဟု မတောင့်တအပ်သောကြောင့် အပတ္ထိတလည်း မည်၏။
- အဗဟုလီကတံ၊ အကြိမ်များစွာ မပြုအပ်သောကြောင့် အဗဟုလီကတလည်း မည်၏။
- အသစ္ဆိကာတဗ္ဗံ၊ မျက်မှောက် မပြုအပ်သောကြောင့် အသစ္ဆိကာတဗ္ဗလည်း မည်၏။
- ဒုရိဘာဝံ၊ ဝေးစွာကြဉ်ဖဲ့ ရှောင်လွှဲအပ်သောကြောင့် ဒုရိဘာဝလည်း မည်၏။
- ဒုက္ခဝိပါကဇ၊ မကောင်းသော, ဆင်းရဲငြိုငြင်သော အကျိုးကိုသာ ဖြစ်စေတတ်သောကြောင့် ဒုက္ခဝိပါကဇလည်း မည်၏။
- ပါပကံ၊ ယုတ်မာစွာ ဖြစ်တတ်သောကြောင့် ပါပကလည်း မည်၏။
- အနုပ္ပါဒိတံ၊ တဖန် မဖြစ်စေအပ်သောကြောင့် အနုပ္ပါဒိတလည်း မည်၏။
- အနုပစိတံ၊ အနည်းငယ်မျှ မဆည်းပူးအပ်သောကြောင့် အနုပစိတလည်း မည်၏။
- နိက္ခိတ္တံ၊ ဆောလျင်စွာ ပစ်စွန့်အပ်သောကြောင့် နိက္ခိတ္တလည်း မည်၏။
- အကိတ္တိသဒ္ဒံ၊ မကောင်းသော ကျော်စောသံကို ဖြစ်စေတတ်သောကြောင့် အကိတ္တိသဒ္ဒလည်း မည်၏။
- အသပ္ပုရိသံ၊ သူတော်မဟုတ် သူယုတ်တို့၏ တရားဖြစ်သောကြောင့် အသပ္ပုရိသလည်း မည်၏။
- အနုသရိတဗ္ဗကံ၊ တဖန် မအောက်မေ့အပ်သည်၏ အဖြစ်ကြောင့် အနုသရိတဗ္ဗကလည်း မည်၏။

http://www.dhammadownload.com

ဣတိ၊ ဤသို့။ တဿ၊ ထိုဒုစရိတ အကုသိုလ်မှု၏။ အနေကံ၊ တပါး မကသော။ ဝိဝိဓံ၊ အထူးထူးအပြားပြား များသော။ အာဒီနဝံ၊ အပြစ်သည်။ ကဋ္ဌကပ္ပလံ၊ ခါးစပ်ကျင်နာသော အကျိုးရှိ၏။

မကောင်းသော အကျင့်အကြံရှိသော ပုဂ္ဂိုလ်တို့အား ကဲ့ရဲ့သဖြိုဟ် ဆိုသင့်ကြောင်း ကိုကား စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ရှေးဦးစွာသော ဘဏ္ဍဂါမဝဂ်၌–

စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝိယတ္တော သပ္ပုရိသော အက္ခတံ အနုပဟတံ အတ္တာနံ ပရိဟရတိ၊ အနဝဇ္ဇော စ ဟောတိ အနနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဉ္စ ပုညံ ပသဝတိ။ ကတမေဟိ စတူဟိ? အနုဝိစ္စ ပရိယောဂါဟေတွာ အဝဏ္ဏာရဟဿ အဝဏ္ဏံ ဘာသတိ၊ အနုဝိစ္စ ပရိယောဂါဟေတွာ ဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတိ၊ အနုဝိစ္စ ပရိယောဂါဟေတွာ အပ္ပသာဒနီယေ ဌာနေ အပ္ပသာဒံ ဥပဒံသေတိ၊ အနုဝိစ္စ ပရိယောဂါဟေတွာ ပသာဒနီယေ ဌာနေ ပသာဒံ ဥပဒံသေတိ။ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝိယတ္တော သပ္ပုရိသော အက္ခတံ အနုပဟတံ အတ္တာနံ ပရိဟရတိ၊ အနဝဇ္ဇော စ ဟောတိ အနနုဝဇ္ဇော စ ဝိညူနံ၊ ဗဟုဉ္စ ပုညံ ပသဝတိ၊ –

ဟူ၍ဟောတော်မူသည်(အံ၊၁။၃၀၉)။

ဘိက္ခဝေ၊ တို့။ စတူဟိ၊ ၄-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပဏ္ဍိတော၊ ပညာရှိသော။ ဝိယတ္တော၊ ရဲရင့်သော။ သပ္ပုရိသော၊ သူတော်ကောင်းသည်။ အက္ခတံ၊ ဂုဏ်ကျေးဇူးကို မတူးဖြိုသည်ဖြစ်၍။ အနုပဟတံ၊ မဖျက်ဆီးသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတိ၊ ဆောင်၏။ အနဝဇ္ဇော စ၊ အပြစ်မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညူနံ၊ ပညာရှိတို့သည်။ အနနုဝဇ္ဇော စ၊ မစိစစ်အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဗဟုံ၊ များစွာသော။ ပုညဉ္စ၊ ကောင်းမှုသည်လည်း။ ပသဝတိ၊ ပွါး၏။

ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါး တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပဏ္ဍိတော၊ ပညာရှိသော။ ဝိယတ္တော၊ ရဲရင့်သော။ သပ္ပုရိသော၊ သူတော်ကောင်းသည်။ အက္ခတံ၊ ဂုဏ်ကျေးဇူးကို မတူးဖြိုသည်ဖြစ်၍။ အနုပဟတံ၊ မဖျက်ဆီးသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတိ၊ ဆောင်သနည်း။ အနဝဇ္ဇော စ၊ အပြစ်မရှိသည်လည်း။ ဟောတိ၊ ဖြစ်သနည်း။ ဝိညူနံ၊ ပညာရှိတို့သည်။ အနနုဝဇ္ဇော စ၊ မစိစစ်အပ်သည်လည်း။ ဟောတိ၊ ဖြစ်သနည်း။ ဗဟုံ၊ များစွာသော။ ပုညဉ္စ၊ ကောင်းမှုသည်လည်း။ ပသဝတိ၊ ပွါးသနည်း။

အနုဝိစ္စ၊ နှိုင်းချိန်၍။ ပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် သက်ဝင်၍။ အဝဏ္ဏာရဟဿ၊ မချီးမွမ်းထိုက်သော, မှားသော အကျင့်ရှိသော တိတ္ထိယ, တိတ္ထိယသာဝက-စသည်၏။

http://www.dhammadownload.com

အဝဏ္ဏံ၊ ဒုပ္ပဋိပန္နော ဧသ၊ မိစ္ဆာပဋိပန္နော ဧသ-စသည်ဖြင့် ကဲ့ရဲ့ခြင်းကို။ ဘာသတိ၊ ဆို၏။ အနုဝိဇ္ဇ၊ နှိုင်းချိန်၍။ ပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် သက်ဝင်၍။ ဝဏ္ဏာရဟာဿ၊ ချီးမွမ်းခြင်းငှာထိုက်သော, ဘုရား-စသော အမှတ်မရှိသော ကောင်းသော အကျင့်ကို ကျင့်လေ့ရှိသောသူ၏။ ဝဏ္ဏံ၊ သုပ္ပဋိပန္နော ဧသ၊ သမ္မာပဋိပန္နော ဧသ-စသည်ဖြင့် ချီးမွမ်းခြင်းကို။ ဘာသတိ၊ ဆို၏။ အနုဝိစ္စ၊ နှိုင်းချိန်၍။ ပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် သက်ဝင်၍။ အပ္ပသာဒနီယေ၊ မကြည်ညိုထိုက်သော မှားသောအကျင့်ရှိသော တိတ္ထိယ, တိတ္ထိယသာဝက-အစရှိသော။ ဌာနေ၊ အရာ၌။ အပ္ပသာဒံ၊ ဒုပ္ပဋိပဒါ အယံ၊ မိစ္ဆာပဋိပဒါ အယံ-စသည်ဖြင့် မကြည်ညိုခြင်းကို။ ဥပဒံသေတိ၊ ဖြစ်စေ၏။ အနုဝိစ္စ၊ နှိုင်းချိန်၍။ ပရိယောဂါဟေတွာ၊ ဉာဏ်ဖြင့် သက်ဝင်၍။ ပသာဒနီယေ၊ ကြည်ညိုထိုက်သော ဘုရား-စသော အမှတ်မရှိသော ကောင်းသော အကျင့်ကို ကျင့်လေ့ရှိသော။ ဌာနေ၊ အရာ၌။ ပသာဒံ၊ သုပ္ပဋိပန္နော အယံ၊ သမ္မာပဋိပန္နော အယံ-စသည်ဖြင့် ကြည်ညိုခြင်းကို။ ဥပဒံသေတိ၊ ဖြစ်စေ၏။

ဘိက္ခဝေ၊ တို့။ ဣမေဟိ စတူဟိ ဓမ္မေဟိ၊ ဤ ၄-ပါးသော တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပဏ္ဍိတော၊ ပညာရှိသော။ ဝိယတ္တော၊ ရဲရင့်သော။ သပ္ပုရိသော၊ သူတော်ကောင်းသည်။ အက္ခတံ၊ မတူးဖြိုသည်ဖြစ်၍။ အနုပဟတံ၊ မဖျက်ဆီးသည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရတိ၊ ဆောင်၏။ အနဝဇ္ဇော စ၊ အပြစ်မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝိညူနံ၊ ပညာရှိတို့သည်။ အနနုဝဇ္ဇော စ၊ မစိစစ်အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဗဟုံ၊ များစွာသော။ ပုညံ၊ ကောင်းမှုသည်လည်း။ ပသဝတိ၊ ပွါး၏။

ဤသို့ ဟောတော်မူသည် ဖြစ်၍ ချီးမွမ်းထိုက်သောသူကို ချီးမွမ်းခြင်း၊ ကဲ့ရဲ့ထိုက်သောသူကို ကဲ့ရဲ့ခြင်း၊ ကြည်ညိုထိုက်သောသူကို ကြည်ညိုခြင်း၊ မကြည်ညိုထိုက်သောသူကို မကြည်ညိုခြင်း၌ အပြစ်မရှိ၊ အကျိုးသာရှိသည်။ ချီးမွမ်းထိုက်သော သူကို မချီးမွမ်းခြင်း၊ မချီးမွမ်းထိုက်သောသူကို ချီးမွမ်းခြင်း၌ အကျိုးမဖြစ်၊ အပြစ်သာရှိသည်-ဟု မှတ်ရာ၏။ သုက္ကပက္ခဒေသနာကို ပြန်သောအားဖြင့် ကဏှပက္ခဒေသနာကိုလည်း သိရာ၏။

မြတ်စွာဘုရားလည်း ကဲ့ရဲ့ထိုက်သော ဒေဝဒတ္တ, ကောကာလိက, ကာဠုဒါယိ-စသော ပုဂ္ဂိုလ်တို့ကို–

> **ဒေဝဒတ္တော အပါယိကော နေရယိကော ကပ္ပဋ္ဌော၊ သာရိပုတ္တမောဂ္ဂလ္လာနေသု အာယာတော ကောကာလိကော မဟာပဒုမနိရယေ နိဗ္ဗတ္တော၊ ဗာလော အဗျတ္တော အယံ ကာဠုဒါယီ–**

စသည်ဖြင့်လည်းကောင်း သာရိပုတ္တရာ, မောဂ္ဂလ္လာန်, အာနန္ဒာ-စသော ပုဂ္ဂိုလ်တို့၌ –

http://www.dhammadownload.com

သာရိပုတ္တော မဟာပညော၊ မောဂ္ဂလ္လာနော မဟိဒ္ဓိကော မဟာနုဘာဝေါ၊ ပဏ္ဍိ-တော ဗျတ္တော အာနန္ဒော။ စတ္တာရောမေ ဘိက္ခဝေ အစ္ဆရိယာ အဗ္ဘုတာ ဓမ္မာ အာနန္ဒော–

စသည်ဖြင့်လည်းကောင်း ခြီးမွမ်းတော်မူကြောင်းကို ထိုထိုပါဠိ,အဋ္ဌကထာ၊ ထိုထိုသို့သော အရာတို့၌ များစွာပင် လာသည်။ ထိုသို့ လာသောကြောင့် သံသရာဘေးဘယ ဝဋ်ဒုက္ခကို ကြောက်လန့်ကြကုန်သော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ကဲ့ရဲ့ထိုက်, ခြီးမွမ်း ထိုက်, ကြည်ညိုထိုက်သော ပုဂ္ဂိုလ်၌ အရာဌာနကို သိသဖြင့် ကဲ့ရဲ့ခြီးမွမ်းခြင်း, ကြည်ညို လေးမြတ်ခြင်းတို့ကို ပြုရာ၏။

၁၂၃၅-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ ရတနာသိခ်ိမြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် အမိန့်ရှိလိုက်သည်။

★★★★★★★

ကြဲကင်းမြို့၊ လှေသူကြီး မောင်စံပြည့်-က ဉာဏ်, ခန္ဓာ ဒြပ်တို့တွင် မုချ အဘယ်တရားသည် ဘုရားစင်စစ် ဖြစ်မည်ကို မေးလျှောက်ချက်

[၃၄] "ဘုရားတပည့်တော် ကြဲကင်းမြို့၊ လှေသူကြီး ဇံပြည့် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

ဆုံးဖြတ်ဖြေဆိုတော်မူသော ဉာဏ်, ခန္ဓာဒြပ် ၂-ပါးတို့တွင် မုချအားဖြင့် အဘယ်တရားသည် ဘုရားစင်စစ် ဖြစ်မည်။ 'ဘုရား-ဟူသည် ပညတ်လော၊ ပရမတ်လော' အမေးဇ်၏အဖြေမှာ- 'သပ္ပညုတဉာဏ်သာ ဧကန်ဘုရား ဖြစ်သည်' ဟု ဖြေတော်မူပါသည်။ ထိုသို့ ဖြေတော်မူသင့်ကြောင်းကိုလည်း ဗုဓ္ဓဓောတ်အရ၌ သပ္ပညုတဉာဏ်တော်သည် ဧကန်မုချ ရ၏-ဆိုသောကြောင့် ဖြေဆိုတော်မူသည်-ဟု အဓိပ္ပါယ် လာပါသည်။ ဗုဓ္ဓဓောတ်အရ မုချ အဘယ်တရားကို ကောက်ယူရပါ မည်နည်းဟု မေးသောအရာမဟုတ်၊ မုချအားဖြင့် သပ္ပညုတဉာဏ်သာ ဘုရား ဖြစ်ချေက ရူပကာယ၊ ဖလသမ္ပဒါအဝင်၊ လက္ခဏာကြီးငယ် ၁၀၈-ကွက် စက် လက္ခဏာတော်များကို ရှိခိုးပူဇော်ခြင်း, လျှာဒါန်းခြင်းများလည်း ဘုရားအား ပြုအပ်သော ပဏာမ, ဒါန-မမည်တန်ရာသောကြောင့် ခိုင်မာသေချာစွာ မှတ်သားရန်

http://www.dhammadownload.com

ကျမ်းဂန်ပါဠို နှိုင်းညှိဝေဖန်၍ အဆုံးအဖြတ်ကို ထပ်မံကယ်မ သနားတော်မူပါ မည့်အကြောင်း၊ တော, တောင်-စသည်ကို မြင်သောအခါ တစ်ခုချုပ်မှ တစ်ခု ဖြစ်၍ မြင်သည်-ဟု ဆုံးဖြတ်တော်မူသည်မှာလည်း ရူပါရုံအများကို ရှေ့တူရူ အရပ်တွင် အဘိမုခီတယဉ္ဇနသဘောရှိက သိနိုင်မည်-အယူရှိပါ၍ ပါဠို,အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့ဖြင့် သံသယကင်းလောက်အောင် ဖြေကြားတော်မူပါမည့် အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

ကြံကင်းမြို့၊ လှေသူကြီး မောင်စံပြည့်လျှောက်ချက်-

| ၃၄ | ဝန်ကို မနိုင်သောသူတို့ ဆောင်ယူခြီကြွလျှင် ကွဲရှပျက်စီးတတ်သကဲ့သို့ အပွသုတဇာလသောတုဇနတို့ ကြံစည်ယူဆလျှင် နေရာမကျနိုင်ဘဲ ချွတ်လွဲဖောက်ပြန်၍ အလွန်အယုတ် မဟုတ်မမှန် ရှိတတ်သည်။ ဂမ္ဘီရ ၃-ပါးတွင် အဘိဓမ္မာဒေသနာသည် သဘာဝဂမ္ဘီရဖြစ်၍ အလွန်နက်နဲ ခက်ခဲသိမ်မွေ့၏။ သိဒ္ဓတ္ထမင်းသားဆိုသည်နှင့် ဂေါတမ ဘုရားဆိုသည် ကွဲပြားထူးခြား မရှိသကဲ့သို့ ဗုဓဓာတ်၏အရနှင့် သဗ္ဗညုတဉာဏ်တော်ကို မုချဘုရား-ဟု ဆိုသောအရာကို ကွဲပြားခြားနား မရှိပါသည်ကို ကြံမိကြံရာ နေရာရှာ၍ ပညာသတ္တိ ရှိပြန်လေဟန် ဂရဟိတအသံနှင့် တဖန် စောဒကတင်ပြန်သည်မှာ အရာဌာနကို နေရာကျကျ မကြံမိ၊ ပရမတ္ထသဘာဝကို နေရာကျ မသိသောကြောင့် ဆိုမိဆိုရာ ရှိရပါလေသည်။

၅၅၀-ဒုကနိပါတ်၊ ၈၈-ခုမြောက်သော **ကီသုကဇာတ်၌ ပေါက်ပင်ကို မမြင်ဖူးသော မင်း ၄-ယောက်တို့**သည် ပေါက်ပင်ကို သိလိုသောအားဖြင့် **ရထားထိန်း**ကို မေးကြလေလျှင် ပညာရှိယောကျ်ား ရထားထိန်းက ငုံကင်းစပေါက်ပင်ကို ယူဆောင်၍ ၁-ယောက်သော မင်းသားကို ပြရာ 'မီးလောင်ငုတ်ကဲ့သို့ ရှိသည်'-ဟု မှတ်လေသည်။ ထို့နောင်တဖန် အတန်ငယ်မျှ ကာလကို ဆိုင်းငံ့ပြီးမှ အငုံ,အဖူးပေါ်စကို ယူဆောင်၍ ၁-ယောက်သော မင်းသားကို ပြရာ 'ညောင်ချဉ်ဖူးကဲ့သို့ ရှိသည်'-ဟု မှတ်လေသည်။ ထို့နောင်တဖန် အတန်ငယ်မျှ ကာလကို ဆိုင်းငံ့ပြီး ပွင့်၍ နီမြန်းသော အဆင်းရှိသည်ကို ယူဆောင်၍ ၁-ယောက်သော မင်းသားကို ပြရာ 'သားတစ်ကဲ့သို့ ရှိသည်'-ဟု ထင်မှတ်လေသည်။ ထို့နောင်တဖန် အတန်ငယ် ကာလကို ဆိုင်းငံ့ပြီးမှ သီး၍ ဖတ်ဖတ်ရှိသည်ကို ယူဆောင်၍ ၁-ယောက်သော မင်းသားကို ပြပြန်ရာ 'ကုက္ကိုသီးကဲ့သို့ ရှိသည်'-ဟု မှတ်လေသည်။ ပေါက်ပင် ၁-ခုတည်းက ပင် ပွင့်သော ပေါက်ပွင့် ၁-ခုကိုပင် အထင်မှောက်မှား ကာလခြားသောကြောင့် ကွဲပြား၍ မှတ်ကြလေသကဲ့သို့ ရှိ၏။

http://www.dhammadownload.com

တစ်နည်း ဥပဒေသလောကတွင် ဒါယိကာမ ကြီး,ငယ် ၂-ယောက်တို့ ရှေ့နောက် စဉ်ကာ သွားကြပါသည်ကို မလိမ္မာသောသူတစ်ယောက် မြင်လျှင် "ရှင်မတို့သည် အဘယ်သို့ စပ်တော်ကြပေသနည်း" မေးရာ "ကျွန်တော်မ ဦးရီးကို သည်မိန်းမငယ်၏ ဦးရီးက ဦးဒီးပင် တော်ပါသည်"ဟု ပြောလျှင် ဆွေစဉ်မျိုးဆက်ကိုမျှ နေရာကျအောင် ဆင်၍ မသိ၊ "သားပါ, အမိပါကိုမျှ ညီအစ်မပင် တော်ကြပေသည်"ဆိုသကဲ့သို့ အကျိုးအကြောင်းကို ကောင်း ကောင်းမသိ, မရိပ်မိသူတို့က ဗုဓမောတ်၏အရနှင့် ဘုရားမုချ သဗ္ဗညုတဉာဏ်တော် တစ်ခု တည်းပါကို အသီးအခြား ကွဲပြားလေဟန် ကြံဆပြောဆိုကြသည်မှာ ကျမ်းလာမုချကို ဖော်သ သူ၌ အပြစ်ဆိုဖွယ် မရှိ၊ မသိသောသူ၏ အပြစ်သာလျှင် အပြစ်ရှိလေရကား "**တဝေ ဒေါသော နာ အညေသံ**"ဟု ဆိုရန် ရှိ၏။

ဗုဓမောတ်၏အရနှင့် မုချဘုရား မကွဲပြားကြသည်ကို ခြားနား၍ သိသာအောင် ပြဆိုအံ့။ နေတ္တုပဒေသ ၁၆-ပါးသော ဟာရတွင် ဒေသနာဟာရကို ပြရာ ဗုဓမောတ်၏အရကို ဘုရားမုချ သဗ္ဗညုတဉာဏ်ကို ယူအပ်၏။ ဘုရားမုချ သဗ္ဗညုတဉာဏ်ကိုယူက မဟာကြိယာ-ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်နာမက္ခန္ဓာကိုလည်း ယူအပ်၏။ မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်နာမက္ခန္ဓာကို ယူက ထိုသမ္ပယုတ်နာမက္ခန္ဓာ၏ မှီရာ နိဿယဘူတဟဒယဝတ္ထုကို လည်း ယူအပ်၏။ နိဿယဘူတဟဒယဝတ္ထုကို ယူက ထိုဟဒယဝတ္ထု၏ မှီရာ မဟာဘူတ ရုပ်ကိုလည်း ယူအပ်၏။ ဟဒယဝတ္ထု၏မှီရာ မဟာဘူတရုပ်ကို ယူက အဝိနိဘ္ဘောဂဘူတရုပ် ၏ ကလာပအစွမ်းအားဖြင့် ဖြစ်သော ဥပါဒါရုပ်ကိုလည်း ယူအပ်၏။ ဥပါဒါရုပ်ကို ယူက အဓိအာသန္နသဟဘူတ အဝသေသ ကမ္မဇရုပ်တို့ကိုလည်း ယူအပ်၏။

ထိုတရားအပေါင်းတို့တွင် ရုပ်သည် ရူပက္ခန္ဓာ မည်၏။ သမ္ပယုတ်နာမက္ခန္ဓာတို့တွင် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။ ကြွင်းသော စေတသိက်တို့သည် သင်္ခါရက္ခန္ဓာ မည်၏။ စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။ ဤသို့ ခန္ဓာ ၅-ပါး၊ ရုပ်,နာမ်တရားတို့ကို ရအပ်ကုန်၏။

အထက် ပကိဏ္ဏကဝိသဇ္ဇနာ၊ ပဌမပရိစ္ဆေဒ၊ စုဒ္ဒသမပုစ္ဆာ၏ ဝိသဇ္ဇနာတွင် အကြောင်းအကျိုး မုချအရကို ကောက်ယူပြဆိုခဲ့သည်မှာလည်း ခန္ဓာပဉ္စကကို ဘုရား မဟုတ်-ဟု မဆို။ သိတတ်သော သဗ္ဗညုတဉာဏ်တော်ကိုသာ ဗုဓမောတ်၏အရမှာ မုချ ဆိုသည်။ ပညတ်, ပရမတ် ၂-ပါးတို့တွင်–

- ဗုဒ္ဓ-ဟူသည် မာဂဓဘာသာ ပညတ်ပင်တည်း။
- ဘုရား-ဟူသည် မြန်မာဘာသာ ပညတ်ပင်တည်း။

http://www.dhammadownload.com

ဗုဓ္ဓောတ်အရ ပရမတ္ထအစစ်မှာ သဗ္ဗညုတဉာဏ်သာလျှင် မုချဘုရား မည်၏။ ခန္ဓာပဉ္စက သတ္တသန္တာနပညတ် ဖြင်္ပဝိသေသသည်လည်း သဗ္ဗညုတဉာဏ်တော်၏ တည်ရာဖြစ်၍ ဘုရားပင်မည်၏-ဟု ပြဆိုခဲ့သည့်အတိုင်း မုချ,အကြောင်း,အကျိုးကိုသာ နေရာကျကျ ယူဆသင့်သည်ကို ရှုပကာယခန္ဓာပဉ္စကကို ဘုရားမဟုတ်-ဟု ဆိုလေဟန်နှင့် ကြဲကြပလေသည်။ တစ်ခုသောတရား၌ မုချ, အကြောင်း,အကျိုးတို့ကို ရသင့်သည့်အားလျော်စွာ သဒ္ဒနယ, အလင်္ကာနယ, နေတ္တိနယတို့ကို ထုတ်ဆောင်၍ သိရာ၏။ ဒဿနတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ, ဝိဘာဝတ္ထ, အနုဘာဝတ္ထ-ဟူ၍ ကြိယာ ၅-တန်ရှိသည်တွင်–

- ဒဿေတိ-ရှိရာ၌ ၁-ချက်ကောက်၊ မုချ ရစေ။
- ဒီပေတိ-ရှိရာ၌ ၂-ချက်ကောက်၊ မုချ, အကြောင်း ရစေ။
- ပကာသေတိ-ရှိရာ၌ ၃-ချက်ကောက်၊ မုချ, အကြောင်း, အကျိုး ရစေ။
- ဝိဘာဝေတိ- ရှိရာ၌ ၄-ချက်ကောက်၊ မုချ, အကြောင်း, ပဌမအကျိုး, ဒုတိယအကျိုး ရစေ။
- အနုဘာဝေတိ- ရှိရာ၌ ၅-ချက်ကောက်၊ မုချ, အကြောင်း, ပဌမအကျိုး, ဒုတိယအကျိုး, တတိယအကျိုး ရစေ။

ထို ၅-ပါးတို့တွင် မုချအရသည် ဒဿနတ္ထ မည်၏။ အကြောင်းသည် ဒီပကတ္ထဖလူ မည်၏။ အကျိုးသည် ပကာသနတ္ထကာရဏူ မည်၏။ တဆင့်အကျိုးသည် ဝိဘာဝတ္ထ ဒုတိယကာရဏူ မည်၏။ တဆင့်အကျိုးသည် အနုဘာဝတ္ထ တတိယကာရဏူ မည်၏။ အကြောင်းကို ဖလူ ဆိုသည်။ အကျိုးကို ကာရဏူဆိုသည်။ ဒဿနတ္ထကို ရှေးဦးလည်းကောက်, အလယ်ကောက်လိုလျှင် ကောက်, နောက်ကောက်လို ကောက်၊ မုချ, အကြောင်း, အကျိုးသာ မှန်စေ။ ၁-ပါးရသင့်သော အရာလည်း ရှိ၏။ ၂-ပါး, ၃-ပါး-စသည် ရသင့်သော အရာလည်း ရှိ၏။

ဤ'ဗုဒ္ဓေါ'-ဟူသော ပုဒ်၌ကား ဒဿနတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ၊ ၃-ချက်ရသင့်သောကြောင့် မုချ, အကြောင်း, အကျိုးတို့ကို ယထာရဟ ကောက်သည်။ ပုဂ္ဂလာဓိဋ္ဌာန်ဖြစ်လျှင် ပုဂ္ဂိုလ်ကို အပဌာန, မုချကို ပဌာနကောက်။ ၅-ချက်ရသင့်သော အရာ၌ကား ၅-ချက်ပင် ကောက်ရာ၏။ ကောက်ဟန်ကား **"ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ"**ဟု ဆောက်တည်ရာ၌ သိက္ခာပဒံ-ဟူသော ပုဒ်အရသည် အနတ္ထာနုဂတသဘာဝတ္ထအားဖြင့် ဒဿနတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ, ဝိဘာဝတ္ထ, အနုဘာဝတ္ထ-ဟူ၍ မုချ, အကြောင်း, အကျိုး-အားဖြင့် ၅-ပါး ရှိသည်။

http://www.dhammadownload.com

ထို ၅-ပါးတို့တွင် သီလစေတနာသည် မုချ ဒဿနတ္ထ မည်၏။ ထိုသီလစေတနာနှင့် သဟဇာတစသော ပစ္စယသတ္တိရှိသော သမ္မယုတ်နာမက္ခန္ဓာ, စိတ္တသမုဋ္ဌာန်သည်လည်း ကောင်း ထိုသီလ၏ ပကတူပနိဿယ အနန္တရပစ္စယသတ္တိအစွမ်းဖြင့် ရကောင်းသော အကြောင်းဖြစ်သော ယောနိသောမနသိကာရ, ကရုဏာ ပြဋ္ဌာန်းသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည်လည်းကောင်း အကြောင်း ဒီပကတ္ထ ဖလူ မည်၏။ ထိုသီလကို အာရုံပြု၍ ဖြစ်သော ရွှင်လန်းခြင်း အဝိပ္ပဋိသာရ, ဝမ်းမြောက်ခြင်း ပါမောဇ္ဇ-အစရှိသော နောက် နောက်သော တရားအပေါင်းသည် အကျိုး ပကာသနတ္ထ ကာရဏူ မည်၏။

ထိုသီလကြောင့် ရအပ်သော စျာန်တရားသည်လည်းကောင်း မဂ်,ဖိုလ်တရားသည် လည်းကောင်း တဆင့်အကျိုး ဝိဘာဝတ္ထ ဒုတိယကာရဏူ မည်၏။ နိရောဓသစ္စာဖြင့် ရေတွက်အပ်သော, ပစ္စုပ္ပန်, အတိတ်, အနာဂတ်-အစရှိသော ၁၁-ပါးသော အပြား၏ မရှိခြင်းကြောင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော တိဟိတ်ကလျာဏ ပုထုဇ္ဇန်ပုဂ္ဂိုလ်သူမြတ်တို့သည် ဂေါတြဘူကိစ္စတပ်သော မဟာကုသိုလ်ဉာဏသမ္မယုတ် စိတ္တုပ္ပါဒ်တို့ဖြင့် မျက်မှောက်ပြုအပ်သော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည် မနောဒွါရာဝဇ္ဇန်း-အစရှိသော ၁၁-ပါးသောစိတ်, မဂ်စိတ်, ဖိုလ်စိတ်တို့ဖြင့် အာရုံပြုရာဖြစ်သော, တဇ္ဇာပညတ်, ဝိဇ္ဇမာန ပညတ်တို့ဖြင့် လောကုတ္တရာ-ဟု သမုတ်အပ်သော, ငြိမ်သက်ခြင်း သန္တိလက္ခဏာရှိသော ချမ်းသာတကာတို့ထက် လွန်မြတ်သော, ၁၁-ပါးသော မီးတို့၏ ကုန်ငြိမ်းရာ ဧကာဒသဂ္ဂိနိဗ္ဗာ-တဋ္ဌ-ဟု ဆိုအပ်သော အသခ်တမာတ် နိဗ္ဗာန်တရားမြတ်သည် တဆင့်အကျိုး အနုဘာဝတ္ထ တတိယကာရဏူ မည်၏။ (ကဏ္ဌပက္ခ၌လည်း ဤနည်းကို ယှဉ်မှီး ကြံဆ၍ ယထာရဟ ဓမ္မသဘာဝသတ္တိကို ပညာရှိတို့ ကောက်ယူရာ၏။)

ကြိယာ ၅-တန် ဖြစ်ဟန်လက္ခဏာ ဥပမာကား တောသားမုဆိုးလည်း ခါသံကို ကြားသည်ကား မုချဒဿနတ္ထ မည်၏။ ရှေးအဖို့က 'ဤတောအရပ်တွင် ခါနေ၏'-ဟု သိသည်ကား အကြောင်း ဒီပကတ္ထဖလူ မည်၏။ ဆန်ခွဲ, ဆန်ညှာ ချ၍ ပိုက်ကွန်, ညွှတ်ကွင်း ဖြင့် ထောင်ခြင်းသည် အကျိုးပကာသနတ္ထကာရဏူ မည်၏။ ခါကို မိ၍ သတ်ခြင်းသည် တဆင့်အကျိုး ဝိဘာဝတ္ထ ဒုတိယကာရဏူ မည်၏။ ခါသားကို စားခြင်း, ရောင်းချ၍ အသက်မွေးခြင်းသည် တဆင့်အကျိုး အနုဘာဝတ္ထ တတိယကာရဏူ မည်၏။ ဤနည်းဥပဒေသဖြင့် ကြံဆ၍ ကောက်ယူလေ။

တော, တောင်-စသည်ကို မြင်သောအခါ တစ်ခုချုပ်မှ တစ်ခုဖြစ်၍ တစ်ခုမြင်သည်-ဟု ဆုံးဖြတ်တော်မူသည်မှာလည်း ရူပါရုံအမျှားကို ရှေ့တူရူအရပ်တွင် အဘိမုခီဘူတယဋ္ဌန သဘောရှိက သိနိုင်မည်-အယူရှိပါ၍ ပါဠို,အဋ္ဌကထာ, ဋီကာကျမ်းဂန်ဖြင့် သံသယ ကင်း

http://www.dhammadownload.com

လောက်အောင် ဖြေကြားတော်မူပါ-ဟု လျှောက်သည်မှာလည်း ရူပါရုံ-ဟူသမျှကို အဘိမုခ်-ဘူတယဉ္စန သဘောမရှိက မသိနိုင်ရာ၊ ရာ,ထောင်,သိန်း,သန်း-စသော တိုင်စဉ်, လူ,သစ်ပင်, ကောင်းကင်, နက္ခတ်-စသည်တို့ကို မြင်ရာ တစ်ခုချုပ်မှ တစ်ခုဖြစ်သည်-ဟု ပြဆိုခဲ့သော အရာသည် အလွန်ပင် ထင်ရှား၏။ တစ်ခုချုပ်မှ တစ်ခုကို မြင်သည်-ဆိုလျှင်ပင် ပဋ္ဌဒ္ဓါရဝိထိ စိတ္တက္ခဏသည် ယထာရဟ ဝါရအစွမ်းအားဖြင့် ဖြစ်၍ ချုပ်သည်-ဟု မှတ်ရာ၏။ ပရမတ္ထ ဓမ္မသင်္ဂဟ စိတ္တက္ခဏ၏ အချုပ် အလွန်လျင်မြန်သောအရာကို မစဉ်းစားမိ။ သုတမယ ဉာဏ်အမြင် မရှိ၍သာ ကြဲမိကြဲရာ နေရာမကျဘဲ အလွဲချွတ်ချော်၍ မြင်အပ်သော ရူပါရုံကို အဘိမုခ်ဘူတယဉ္စန ရှေးရှုကျ၍ မြင်သည်,သိသည်ကိုပင် မြင်သည်,သိသည်-ဟု ဆိုပါသည့် အရာကို ရှေးရှုမထင်ဘဲနှင့်ပင် မြင်သည်-ဟု ဆိုလေသကဲ့သို့ အထင်မှောက်မှား စကားဖွေ ရှာ နေရာမကျဘဲ အလွဲကို ထပ်မံ၍ မေးမြန်းရလျက် ရှိသည်။ မိမိတို့ သဏ္ဌာန်တွင် ဉာဏ်အမြင် နည်းပါးကြောင်းကို ၎င်း(ငစဉ်ပြည့်က) ထပ်မံ၍ လျှောက်ရာ စာပါသည့်အချက်နှင့်ပင် ပြက်ပြက်ကွင်းကွင်း ထင်လင်းသိသာ၍ ပညာရှိတို့ ရိပ်မိကြရုံသာ ဖြစ်လေသည်။

စိတ္တက္ခဏ၏ အလွန်လျင်မြန်ကြောင်းကို အရှင် နာဂသိန်ကို မိလိန္ဒမင်း မေး၍ ဖြေဆိုသော ပုစ္ဆာပြဿနာဖြင့် သိရာ၏။ "အရှင်ဘုရား နာဂသိန်၊ စိတ္တက္ခဏသည် အလွန်လျင်မြန်သည်-ဟု ဆို၏။ အဘယ်သို့ လျင်မြန်လေသနည်း"ဟု မေးလျှောက်သည်တွင် "မိလိန္ဒမင်းကြီး၊ ဝါဟ ၁၀၀-နှင့် ၈-ဝါဟ, ၇-အမွေဏ, ၂-တုမ္ဗ အတိုင်းအရှည်ရှိသော စပါးလုံးရေသည် လက်ပစ် တတွက်ခန့်မျှ တခဏ၌ဖြစ်သော စိတ္တက္ခဏကို မမီရာသေး-ဟု ဖြေတော်မူသည်။

ထို့ကြောင့် နိဒါန၀ဂ္ဂသံယုတ်အဋ္ဌကထာ၌–

> **ဧကဿိ ဟိ အစ္ဆရာက္ခဏေ အနေကာနိ စိတ္တကောဋိသတသဟဿာနိ ဥပ္ပဇ္ဇန္တိ၊ ဝုတ္ထမွိ စေ'တံ မိလိန္ဒပဉ္ဉေ ဝါဟသတာနိ ခေါ မဟာရာဇ ဝီဟီနံ အမုစ္စဥ္ဆ ဝါဟာ, ဝီဟီနံ သတ္တမွဏာနိ, ဒွေ စ တုမ္ဗာ ဧကစ္ဆရာက္ခဏေ ပဝတ္တာ စိတ္တာ သိယ်မွိ နု ဥပေန္တိ၊ ကလမွိ နု ဥပေန္တိ၊ ကလဘာဂမွိ နု ဥပေန္တီတိ–**

ဟူသောပါဠိ(သံ၊၄၊၂၊၉၂၊မိလိန္ဒ၊၁၀၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧကသွိ် အစ္ဆရာက္ခဏေ၊ လက်ပစ် ၁-တွက်-ဟု ဆိုအပ်သော ၁-ခုသောခဏ၌။ အနေကာနိ စိတ္တကောဋိသတသဟဿာနိ၊ ကုဋေ ၁-သိန်း မကသော စိတ္တက္ခဏတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဧတံ ဝစနံ၊ ဤစကားကို။ မိလိန္ဒပဉ္ဉေ၊ မိလိန္ဒပဉ္ဟာ၌။ ဝါဟသတာနံ ခေါ ။လ။ နု ဥပေန္တီတိ၊ ဝါဟသတာနံ ခေါ ။လ။ နု ဥပေန္တိ၊ -ဟူ၍။ ထေရေန၊ အရှင်နာဂသိန်

http://www.dhammadownload.com

မထေရ်သည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ မဟာရာဇ၊ မိလိန္ဒမင်းကြီး။ ဝီဟီနံ၊ စပါးတို့၏။ ဝါဟသတာနိ၊ ဝါဟ ၁၀၀-တို့သည်လည်းကောင်း။ ဝီဟီနံ၊ ကောက်တို့၏။ အဌဂါဟော၊ ၈-ဝါဟသည်လည်းကောင်း။ သတ္တမ္မဏာနိ၊ ၇-အမွှဏာတို့သည်လည်းကောင်း။ ဒွေ တုမ္ဟာနိ၊ ၂-တုမ္ဟတို့သည်လည်းကောင်း။ ဧကော်ဆရာက္ခဏော၊ လက်ပစ် ၁-တွက်-ဟု ဆိုအပ်သော ခဏ၌။ ပဝတ္တာသ၊ ဖြစ်သော။ စိတ္တာသ၊ စိတ်၏။ သိယ်မို့၊ လျင်မြန်ခြင်းသို့လည်းကောင်း။ န ဥပေန္တိ၊ မရောက်ကုန်။ ကလမို့၊ အစိတ်သို့လည်းကောင်း။ န ဥပေန္တိ၊ မရောက်ကုန်။ ကလဘာဂမို့၊ ရေတွက်ခြင်းအဖို့သို့လည်းကောင်း။ န ဥပေန္တိ၊ မရောက်ကုန်။

ဝါဟ ၁၀၀-နှင့် ၈-ဝါဟ, ၇-အမွှဏာ, ၂-တုမ္ဟ စပါးလုံးရေသည် ကုဋေ ၃၃၃-ကုဋေနှင့် ၄-သန်း, ၄-သိန်း, ၄-သောင်း, ၄-ထောင်ခန့်သာ ရှိသည်။ လက်ပစ် ၁-တွက်-ဟု ဆိုအပ်သော ခဏကာလ၌ ဖြစ်သောစိတ်ကို ၁၆-စိတ် စိတ်၍ ၁-စိတ်သော အဖို့ကိုမျှ မမီ။ တနည်းလည်း ကုဋေ ၁-သိန်းကို ၁၆-စိတ် စိတ်၍ ၁-စိတ်ကိုမျှ မမီ-ဟူလိုသည်။ ကုဋေ ၁-သိန်းကို ၁၆-စိတ် စိတ်လျှင် ၁-စိတ်သည် ကုဋေ ၆,၂၅၀-ခန့် ရှိ၏။ ဝါဟ ၁၀၀-နှင့် ၈-ဝါဟ, ၇-အမွှဏာ, ၂-တုမ္ဟ စပါးလုံးရေထက် ကုဋေ ၂၆၈-ကုဋေနှင့် ၅-သန်း, ၆-သောင်း, ၆-ထောင် လွန်သေး၏။ ထို့ကြောင့် "ကလမို့ န ဥပေန္တိ"ဟု ဆိုတော်မူသည်။

ထို့သို ဂန္ထန္တရ, နည်းဥပဒေသတို့ကို ထောက်ဆနိုင်းညှိ ဆင်ခြင်၍ ဗုဓဓောတ်၏အရ ခန္ဓာပဉ္စက ရသင့်ကြောင်းကိုလည်းကောင်း ရူပါရုံ-ဟူသမျှကို အဘိမုခီဘူတယဇ္ဈနသဘော ရှိမှ သိနိုင်ရာသော အကြောင်းကိုလည်းကောင်း ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။ အချို့သောသူတို့က စာကို မန္ဒစ်သက်နိုင်ကြရှိသည်မှာ ကျမ်းဂန်ပါဠိ ရှိတိုင်းကို ဖော်ထုတ်၍ မယုတ်,မလွန်စေရ၊ သိသာအောင် ပြဆိုသည်ကိုမှ မယုံကြည်, မန္ဒစ်သက်နိုင်ကြလျှင် ပြဆိုသူ အပြစ် မဟုတ်။ မိမိတို့ သန္ဓာန်ဝယ် သံသရာဘဝက ပြုခဲ့ကြသော မကောင်းမှု အကုသိုလ်တရား အားကြီးစွာ နှိပ်စက်သောကြောင့်လည်းကောင်း စာသိပေမြင် အရှင်မြတ်တို့၏ နည်းကောင်းဥပဒေသကို မရသောကြောင့်လည်းကောင်း ကျမ်းဂန်အရာကို မလိမ္မာ,မကျွမ်းကျင် မသဇ်,မကြားဖူးသောကြောင့်လည်းကောင်း သူတပါးတို့ ကျေးဇူးဂုဏ်ကို ချေဖျက်ခြင်း မက္ခ, အပြိုင်အင်တူပြုခြင်း ပလာသ, သူတပါးတို့ ဂုဏ်၌ ဝန်တိုခြင်း ဂုဏမစ္ဆရိယ, ခက်ထန်ခြင်း ထမ္ဘ, ချုပ်ချယ်ခြင်း သာရမ္ဘ-တရားတို့သည် များစွာနှိပ်စက်သောကြောင့်လည်းကောင်း မန္ဒစ်သက်နိုင် ရှိရလေသည်။ ထိုသို့ ရှိသည်ကိုလည်း 'အဘယ်ကြောင့် မန္ဒစ်သက်နိုင်ဘဲ ရှိလေသနည်း'-ဟု ကြံလည်း မကြံရာ၊ ဒေါသ အမျက်လည်း မထွက်ရာ၊ ဤကဲ့သို့ ပညာမရှိ၊ မသိ,မလိမ္မာ ဟုတ်ရာမှန်တိုင်းကိုမျှ မန္ဒစ်သက်နိုင်၊ ဖက်ပြိုင်အင်တူ ငြူစူကဲ့သာယုတ်မာသော အကုသိုလ်တရားသည် မိမိသန္ဓာန်ဝယ် တရံတဆစ်မျှ မဖြစ်လာအောင်ကိုသာ

http://www.dhammadownload.com

ပညာရှိသည်သူတို့ နှလုံးသွင်းပိုက်၍ မိုက်လှသော သတ္တဝါ၏ သံသရာဝဋ်၌ မွန်းနစ်မည့်အရာကို ကြင်နာသနား ကရုဏာတရားကိုသာ ဖြစ်ပွါးကြစေရာသည်။

၁၂၃၅-ခု၊ တပေါင်းလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် မိန့်ဆိုဆုံးဖြတ်လိုက်သည်။

★★★★★★★

လွှစုရပ်နေ ဒကာမောင်ထွန်းလှ-က အကျန်အကြွင်းဖြစ်သော ဝတ္ထုကို လှူဒါန်း၍ အကျိုးရှိ, မရှိကို မှတ်နာပါရအောင် မိန့်ဆိုတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၃၅] "ဘုရားတပည့်တော် လွှစုရပ်နေ ဒကာထွန်းလှ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သောသူတို့က သုံးဆောင်စားသောက်ပြီးသော အကျန်အကြွင်းကို လှူ၍ အကျိုး မရှိဟု ဆိုကြပါသည်။ အကျန်အကြွင်းပင်ဖြစ်သော်လည်း စိတ်စေတနာသဒ္ဓါတရားနှင့် လှူသော် အကျိုးရှိစကောင်းသည် ထင်ပါသည်။ ထိုအထင်ကို အရှင်ဘုရား ပိုင်းခြားဝေဖန်၍ ဟောတော်မူပါမှ ဧကန်မုချကို သိနိုင်မည်ဖြစ်ပါ၍ ကျမ်းဂန်ပါဠိ ရှိသည့်အတိုင်း သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော် အရှင်မြတ်ဘုရား"။

ဒါယကာမောင်ထွန်းလှ လျှောက်ချက်—

[၃၅] သုံးဆောင်စားသောက်ပြီးသော အကျန်အကြွင်းကို လှူ၍ အကျိုးရှိ,မရှိ ဆိုရာမှာ အစိန္တေယျ၊ သုံးလူသေဋ္ဌနင်း၊ တရားမင်းမြတ်သည်၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ—

- လယ်ကို သုတ်သင်သောအခါ ၁-ကြိမ်,
- နို့ရည်ခဲသောအခါ ၁-ကြိမ်,
- ကောက်ရိတ်သောအခါ ၁-ကြိမ်,
- ထမင်းချက်သောအခါ ၁-ကြိမ်,
- ထမင်းခူးသောအခါ ၁-ကြိမ်၊

http://www.dhammadownload.com

ဤသို့ ၅-ကြိမ်သောအခါ၌ ရောက်လာသသူတို့အား မလျှူမပေးဘဲ မစား၊ ပေးလျှူရမှသာ စားသောက်လေ့ရှိသောကြောင့် ပဉ္စဂ္ဂဒါယကအမည်ရှိသော ပုဏ္ဏား၏ ဘောဇဉ်, ခဲဖွယ် သုံးဆောင်စားသောက်သောအခါကို ကြည့်၍ ပုဏ္ဏား, ပုဏ္ဏေးမတို့၏ အနာဂါမိဖိုလ် တိုင်အောင် တည်လတ္တံ့သည်ကို မြင်တော်မူသောကြောင့် ပုဏ္ဏားအိမ်သို့ ကြွတော်မူ၍ အိမ်တံခါးတွင် ရပ်လေ၏။

ပုဏ္ဏေးမလည်း အိမ်တံခါးကို မျက်နှာပြုလျက်နေရကား ဘုရားကို မြင်လေလျှင် ဤသို့ ကြံအောက်မေ့၏ "ပုဏ္ဏားသည် ၅-ကြိမ်မြောက် လျှူမှ စား၏။ ယခုအခါ အရှင်ဂေါတမဘုရားသည် အိမ်တံခါးဝ၌ ရပ်လာသည်ကို မြင်လျှင် မလျှူဘဲ နေတော့မည် မဟုတ်၊ လျှူပြန်သောအခါ ငါ-အသစ်ချက်၍ ကျွေးပြန်ရတော့မည်။" ဤသို့ ကြံလျက် အပြင်သို့ ထွက်လာ၏။ ယူဇနာပေါင်း ၄၂,၀၀၀၊ အမြင့်ဆောင်သည့်၊ ယုဂန်တောင်စွန်းဝယ်၊ လဝန်းတန်ဆောင်ကို၊ မမြင်အောင် လက်ဝါးဖြင့်၊ ဆီးတားကွယ်ကာသကဲ့သို့ မြတ်စွာဘုရားကို နောက်ထား၍ ပုဏ္ဏားမမြင်စိမ့်သောငှာ ကွယ်ကာတန်ရုပ်လျက် မျက်နှာတဝက်, မျက်စိတခြမ်းဖြင့်သာ မြတ်စွာဘုရား သွား,မသွားကို ကွဲပြားအောင် ကြည့်လေသည်။ မြတ်စွာဘုရားလည်း မကြွ,မသွားဘဲ ရပ်မြဲရပ်တော်မူ၏။ ပုဏ္ဏား ကြားမည်ကို စိုး၍ 'ကန်တော့ပါ၏'-ဟု မဆိုဝံ့သေးသဖြင့် ဖြေးဖြေးသာသာ တိုင်းထွာဆင်ခြင်ပြီးမှ အနီးသို့ ချဉ်းကပ်ပြန်၍ အသံ နည်းစွာ 'ကန်တော့ပါ၏'-ဟု ဆိုပေရကား "ငါဘုရားသည် ကြွသွားတော် မမူသည်သာတည်း"ဟု လူ ၃-ပါးတို့သည် ညွတ်တွားကော်ရော် ပူဇော်လေးမြတ် ကြည်ညိုအပ်သော ဦးခေါင်းတော်ကို လှုပ်တော်မူလျှင် ပုဏ္ဏေးမသည် တည်တံ့ခြင်းငှာ မတတ်နိုင်ရကား ကျယ်စွာသော အသံဖြင့် ပြင်းထန်စွာ ရယ်လေသည်။ ထိုခဏတွင် မြတ်စွာဘုရားလည်း အရောင်တော်ကို အိမ်တွင်းသို့ ရှေးရှုလွှတ်တော်မူ၏။

ပုဏ္ဏားလည်း ကျောပေး၍ ထိုင်နေလျက်ပင် ပုဏ္ဏေးမ၏ ရယ်သံကိုလည်း ကြား, မြတ်စွာဘုရား၏ ရောင်ခြည်တော်ကိုလည်း မြင်ရမှ မြတ်စွာဘုရားမှန်း သိလေသည်။ ဘုရားတို့မည်သည် ရွာ၌ ဖြစ်စေ, တော၌ ဖြစ်စေ မင်္ဂလာ,ဖိုလ်ရကြောင်း ပါရမီရှိသသူတို့ကို ကိုယ်တော်ကို ထင်ရှားမပြဘဲ ကြွသွားတော် မမူ။

ပုဏ္ဏားလည်း ဘုရားကို မြင်သောခဏ၌ "မြတ်စွာဘုရား အိမ်တံခါးတွင် ရပ်တော်မူပါသည်ကိုမျှ ငါ့ကို မကြား၊ သင်သည်ကား အလွန်ဝန်လေးစွာသော အမှုကို ပြုဘိ၏"ဟု ပုဏ္ဏေးမကို မြည်တွန်တောက်တီးလျက် စားပြီး တဝက်ကျန် ထမင်းကို ယူသွား၍ မြတ်စွာဘုရားအနီးသို့ ရောက်လေလျှင် "အရှင်ဘုရား၊ အကျွန်ုပ်ကား ၅-ကြိမ်လျှူပြီးမှ စားသော ပုဏ္ဏားဖြစ်ပါလျက် အရှင်ဘုရား ကြွတော်မူလာသည်ကိုမျှ မဆွကပင် မသိရ၍ စားဦး

http://www.dhammadownload.com

ဘောဇဉ်ကို အရှင်ဘုရားအား မလှူပါရ၊ စားပြီးစားကြွင်း ဤထမင်းကို ခံတော်မူပါ"ဟု လျှောက်လေလျှင် "ငါဘုရားသည် စားကြွင်းကို အလိုမရှိ"ဟု ပယ်တော်မမူဘဲ-

ဗြာဟ္မဏ ဘဂ္ဂမို့ မယှမေဝ အနုစ္ဆဝိကံ၊ မဏ္ဍော ဘိန္ဒိတွာ အမုဘုတ္တဘတ္တမို့, စရိမကဘတ္တပိဏ္ဍောပိ မယှမေဝ အနုစ္ဆဝိကော၊ မယံ ဟိ ဗြာဟ္မဏ ပရဒတ္တူပဇီဝီ ပေတသဒိသာ။ (ဓမ္မ။၄၊၂။၃၆၈)

ဗြာဟ္မဏ၊ ပုဏ္ဏား။ အဂ္ဂမို့၊ မစားသေးသော အဦးဖြစ်သော ထမင်းသည်လည်း။ မယှမေဝ၊ ငါဘုရားအားသာလျှင်။ အနုစ္ဆဝိကံ၊ လျောက်ပတ်၏။ မဏ္ဍော၊ အလယ်၌။ ဘိန္ဒိတွာ၊ ခွဲ၍။ အမုဘုတ္တမို့၊ ထက်ဝက်စားပြီး ထမင်းသည်လည်း။ မယှမေဝ၊ ငါဘုရားအားသာလျှင်။ အနုစ္ဆဝိကံ၊ လျောက်ပတ်၏။ စရိမကဘတ္တပိဏ္ဍောပိ၊ စားပြီး၍ မကုန်၊ ကြွင်းကျန်သော ထမင်းခဲသည်လည်း။ မယှမေဝ၊ ငါဘုရားသာလျှင်။ အနုစ္ဆဝိကော၊ လျောက်ပတ်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ မယံ၊ ငါဘုရားတို့သည်။ ပရဒတ္တူပဇီဝီ၊ သူတပါးတို့ ပေးကမ်းစွန့်ကြဲသော အစာအာဟာရကို မှီ၍ အသက်ရှည်ကုန်သော။ ပေတသဒိသာ၊ ပြိတ္တာနှင့် တူကုန်၏။

ဤသို့ မြတ်စွာဘုရား ဆိုတော်မူသော စကားကို ပုဏ္ဏား ကြားလေလျှင် အလွန်ကြည်ညိုမြတ်နိုးသော စိတ်ရှိသည်ဖြစ်၍ "အလွန်လျှင် အံ့ဖွယ်ရှိစွ။ လေးကျွန်းသနင်း၊ စကြာမင်း၏ သားကဲ့သို့သော မင်းသားအစစ်ဖြစ်လျက် သင်၏စားကြွင်းကို ငါ-အလိုမရှိ'ဟု ပယ်တော်မမူဘဲ စားကြွင်းထမင်းကိုမျှ လှူသင့်ကြောင်းနှင့် မိန့်တော်မူသည်"ဟု ဝမ်းမြောက်ဝမ်းသာ ပြဿနာ မေးလို၍ "အရှင်ဘုရားကိုယ်တော်မြတ်၏ တပည့်သားတို့ကို ဘိက္ခု-ဟု ခေါ်တော်မူသည်။ အဘယ်ကြောင့် ဘိက္ခုမည်သနည်း"ဟု လျှောက်လေလျှင် "ဤပုဏ္ဏား အား အဘယ်သို့သော ဒေသနာသည် လျောက်ပတ်သနည်း"ဟု ဆင်ခြင်တော်မူလျှင် "ဤပုဏ္ဏား လင်မယားတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်က 'နာမရူပံ နာမ-ရူပံ'-ဟု ရွတ်အံ့သည်ကို ကြားဖူး၏-ဟု သိမြင်တော်မူလျှင် နာမ်,ရုပ်နှင့် စပ်သော တရားမှ တပါး အခြားဒေသနာကို ဟောခြင်းငှာ မသင့်"ဟု နှလုံးသွင်းတော်မူ၍-

သဗ္ဗသော နာမရူပဿိ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။ ။ -

(ဓမ္မ။၆၆)ဟူ၍ ဟောတော်မူသည်။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယဿ၊ အကြင်သူအား။ သဗ္ဗသော၊ အခါခပ်သိမ်း။ နာမရူပဿိ၊ နာမ်,ရုပ်တရား ၂-ပါး၌။ မမာယိတံ၊ မြတ်နိုးခြင်းသည်။ နတ္ထိ၊ မရှိ။ အသတာ စ၊ ကုန်ခြင်း, ပျောက်ခြင်းကြောင့်လည်း။ န သောစတိ၊ မစိုးရိမ်။ သော၊ ထိုသူကို။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊

http://www.dhammadownload.com

ရဟန်း-ဟူ၍။ ဝါ၊ သံသရာဘေး၊ လာမည့်ရေးကို၊ မြော်တွေးဆင်ခြင်၊ ရှုမြင်တတ်သော ပုဂ္ဂိုလ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဒေသနာတော်ကို ဟောတော်မူသည်၏အဆုံး၌ ပုဏ္ဏား, ပုဏ္ဏေးမတို့သည် အနာဂါမိဖိုလ်၌ တည်လေကုန်၏။

တိကနိပါတ်၊ အင်္ဂုတ္တရ၊ ဒုတိယပဏ္ဏာသက၊ ရွေးဦးစွာသော ပြာဟ္မဏဝဂ်၊ သတ္တမ ဝတ္ထုဖြင့်လည်း ဝစ္ဆဂေါတ္တအမည်ရှိသော ပရိဗိုဇ်က "အရှင်ဂေါတမသည် သူတပါးတို့အား မလျူအပ်-ဟု ဟောတော်မူသည် မှန်မည်လော"ဟု မေးလျှောက်သည်တွင် သူတပါးတို့အား ပေးကမ်းလျူဒါန်းသော အရာကို မတားမြစ်သင့်ကြောင်းကို ပြတော်မူလိုသည်ဖြစ်၍–

> **ယော ခေါ ဝစ္ဆ ပရံ ဒါနံ ဒဒန္တံ ဝါရေတိ၊ သော တိဏ္ဏံ အန္တရာယကရော ဟောတိ တိဏ္ဏံ ပါရိပန္ထိကော။ ကတမေသံ တိဏ္ဏံ? ဒါယကဿ ပုဉ္ဉန္တရာယ-ကရော ဟောတိ၊ ပဋိဂ္ဂါဟကာနံ လာဘန္တရာယကရော ဟောတိ၊ ပုတ္တေဝ ခေါ ပနဿ အတ္ထာ ခတော စ ဟောတိ ဥပဟတော စ။ ယော ခေါ ဝစ္ဆ ပရံ ဒါနံ ဒဒန္တံ ဝါရေတိ၊ သော ဣမေသံ တိဏ္ဏံ အန္တရာယကရော ဟောတိ တိဏ္ဏံ ပါရိပန္ထိကော၊ အဟံ ခေါ ပန ဝစ္ဆ ဧဝံ ဝဒါမိ– ယေဟိ တေ စန္ဒနိကာယ ဝါ ဩလိဝလ္လေ ဝါ ပါဏာ၊ တတြပိ ယော ထာလိဓောဝနံ ဝါ သရာဝဓောဝနံ ဝါ ဆဋ္ဌေတိ "ယေ တတ္ထ ပါဏာ၊ တေ တေန ယာပေန္တူ"တိ။ တတောနိဒါနမ္ပာဟံ ဝစ္ဆ ပုဉ္ဉံ အာဂမံ ဝဒါမိ၊ ကော ပန ဝါဒေါ မနုဿဘူတေ–**

(အံ၊၁။၁၆၁)ဟူ၍ ဟောတော်မူသည်။

ဝစ္ဆ၊ ဝစ္ဆအမည်ရှိသော ပရိဗိုဇ်။ ယော၊ အကြင်သူသည်။ ပရံ၊ သူတပါးကို။ ဒါနံ၊ အလှူကို။ ဒဒန္တံ၊ လှူသည်ကို။ ဝါရေတိ၊ မြစ်၏။ သော၊ ထိုသူသည်။ ဣမေသံ တိဏ္ဏံ၊ ဤ ၃-ယောက်ကုန်သော သူတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ တိဏ္ဏံ၊ ၃-ယောက်ကုန်သော သူတို့၏။ ပါရိပန္ထိကော၊ နတ်ရွာ, နိဗ္ဗာန်ခရီးကို ဖျက်ဆီးသည်။ ဟောတိ၊ ၏။ ကတမေသံ တိဏ္ဏံ၊ အဘယ် ၃-ယောက်ကုန်သော သူတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြုသနည်း။ ကတမေသံ တိဏ္ဏံ၊ အဘယ် ၃-ယောက်ကုန်သော သူတို့၏။ ပါရိပန္ထိကော၊ နတ်ရွာ, နိဗ္ဗာန်ခရီးကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်သနည်း။

ဒါယကဿ၊ အလှူဒါယကာ၏။ ပုဉ္ဉန္တရာယကရော၊ ကောင်းမှု၏ အန္တရာယ်ကို ပြုသည်။ ဟောတိ၊ ၏။ ပဋိဂ္ဂဟာနံ၊ အလှူခံပုဂ္ဂိုလ်တို့၏။ လာဘန္တရာယကရော၊ လာဘ် အန္တရာယ်ကို ပြုသည်။ ဟောတိ၊ ၏။ ပုတ္တေဝ၊ မဆွကပင်လျှင်။ အဿ၊ ထိုတားမြစ်သော

http://www.dhammadownload.com

သူသည်။ အတ္တာ၊ မိမိကိုယ်ကို။ ခ...၊ တူးဖြိုသည်။ ဥပဟတော၊ ဖျက်ဆီးသည်။ ဟောတိ၊ ၏။ ဝစ္ဆ၊ ဝစ္ဆအမည်ရှိသော ပရိဗိုဇ်။ ယော၊ အကြင်သူသည်။ ပရံ၊ သူတပါးကို။ ဒါန်၊ အလှူကို။ ဒဒန္တံ၊ လှူသည်ကို။ ဝါရေတိ၊ မြစ်၏။ သော၊ ထိုသူသည်။ ဣမေသံ တိဏ္ဏံ၊ ဤ ၃-ယောက်ကုန်သော သူတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ပါရိပန္ထိကော၊ နတ်ရွာ, နိဗ္ဗာန်ခရီးကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။ ဝစ္ဆ၊ ဝစ္ဆဂေါတ္တအမည်ရှိသော ပရိဗိုဇ်။ အဟံ ခေါ ပန၊ ငါဘုရားသည်ကား။ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။ ဝစ္ဆ၊ ဝစ္ဆဂေါတ္တမည်သော ပရိဗိုဇ်။ စန္ဒနိကာယ ဝါ၊ တစည်းအိုင်၌လည်းကောင်း။ ဩလိဂလ္လေ ဝါ၊ ညွန်အိုင်၌လည်းကောင်း။ ယေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ တတြပိ၊ ထိုတစည်းအိုင်၌လည်း။ ယော၊ အကြင်သူသည်။ ထာလဓောဝနံ ဝါ၊ အိုးဆေးရေကို လည်းကောင်း။ သရာဝဓောဝနံ ဝါ၊ ခွက်ဆေးရေကိုလည်းကောင်း။ ဆဋ္ဌေတိ၊ စွန့်၏။ တတ္ထ၊ ထိုတစည်းအိုင်, ညွန်အိုင်၌။ ယေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ပါဏာ၊ ထိုသတ္တဝါတို့သည်။ တေန၊ ထိုအိုးဆေးရေဖြင့်။ ဇီဝိတာ၊ အသက်ကို။ ယာပေန္တိ၊ မှီကုန်၏။ ဝါ၊ မွေးကုန်၏။ တတော၊ ထိုသို့မှုခြင်း-ဟူသော အကြောင်းကြောင့်။ ပုညဿ၊ ကောင်းမှု၏။ အာဂမမ်ဟိ၊ ပြည့်စုံခြင်းကိုလည်း။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ မနုဿဘူတော၊ လူဖြစ်သော သူ၌။ ကော ပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

"တစည်းအိုင်, ညွန်အိုင်၌ရှိသော သတ္တဝါတို့ သုံးဆောင်မှီဝဲကြပါစေ"ဟု အိုးဆေးရေ, ခွက်ဆေးရေကိုမှု စေတနာနှင့် စွန့်လိုက်သည်ကို ကုသိုလ်ကောင်းမှု၏ ကြီးမားသော အဖြစ်ကိုလည်းကောင်း စားဦး, စားဆဲ, စားကြွင်းကို လှူအပ်သောအဖြစ်ကိုလည်းကောင်း ဟောတော်မူသည်။

ဤသို့ ကျမ်းဂန်လာသောကြောင့် စားဆဲ, စားကြွင်းကိုပင် ပေးလှူအပ်ကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။ ထိုစကားကို အကျယ်သိလိုလျှင် ဓမ္မပဒ၊ ၂၅-ခုမြောက်သောဝဂ်၊ ၆-ခုမြောက်သော ပဥ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု။ ပါဠို, အဋ္ဌကထာ၊ တိကနိပါတ်အဂုံတ္တိရ် ပါဠို, အဋ္ဌကထာတို့မှာ ကြည့်လေ။

၁၂၃၄-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ဒကာမောင်လူစော-က အပြစ်ကို သိလျက်နှင့် မကောင်းမှုပြုသူ, မသိ၍ ပြုမိသူ ၂-ဦးတို့တွင် အဘယ်သူ သာ၍ ဝန်လေးသည်ကို မိန့်ဆိုပါမည့်အကြောင်း လျှောက်ထားချက်

[၃၆] "ဘုရားတပည့်တော် ငလူစော လျှောက်ပါသည် ဆရာတော်ဘုရား။

သူတစ်ယောက်သည် အပြစ်ကို သိလျက် အကုသိုလ်ကို ပြု၏၊ သူတစ်ယောက်သည် အပြစ်ကို မသိဘဲ အကုသိုလ်ကို ပြု၏။ ထို ၂-ယောက်တို့တွင် အဘယ်သူသာလွန်၍ အပြစ်ကြီးလေသနည်း။ ဤစကားကို မကွဲ,မပြား၊ မခြား,မနား၊ ဝိုးဝါးရှိကြ၊ ဝိဝါဒကြောင့်၊ သံသယမကင်း၊ မရှင်းလင်းသည်ကို၊ လမင်းတန်ဆောင်၊ ယုဂန်တောင်မှ၊ တိမ်တောင်မိုးခိုး၊ မြူမှိုးဆီးနှင်း၊ ပယ်ကင်းပျောက်ရှ၊ ထွန်းလင်းပသို့၊ အတ္ထဂမ္ဘီရ၊ ဓမ္မဒေသနာ၊ ကျမ်းဂန်လာဖြင့်၊ ရတနာတန်ဆောင်ကို၊ ထွန်းပြောင်ပဝင်း၊ ယုံမှားကင်းအောင်၊ ရှင်းလင်းထုတ်ဖော်၍ ညွှန်ပြတော်မူပါမှ၊ တရားဓမ္မ၊ နေရာကျကို၊ မဆမတွေး၊ မေးဖွယ်မရှိ၊ ဟုတ်တိုင်းသိ၍၊ ဝိစိကိစ္ဆာ၊ သင်္ကာပျောက်ကင်း၊ နှလုံးသွင်းပါရအောင်၊ ကယ်မတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒါယကာမောင်လူစော လျှောက်ချက်–

[၃၆] အပြစ်ကို သိသူ, မသိသူ ၂-ယောက်တို့ အကုသိုလ်တရားကို ပြုရာ အဘယ်သူသာလွန်၍ အပြစ်ကြီးသည်ကို မေးလျှောက်သည်မှာ **အပြစ်ကို မသိသောသူ သာလွန်၍ အပြစ်ကြီး၏။**

အဘယ်ကြောင့်နည်းဟူမူကား အပြစ်ကို မသိသောသူသည် အဆင်အခြင် မရှိ၊ စေတနာထက်သန်စွာ စွမ်းအားရှိသမျှ လုံ့လ,ပယောဂဖြင့် ပြု၏။ ထို့ကြောင့် အပြစ်ကို မသိဘဲ အကုသိုလ်တရားကို ပြုသောသူ သာလွန်၍ အပြစ်ကြီး၏။ ဆူး, ငြောင့်-စသည်ကို ရှိမှန်းမသိ၍ ပြင်းပြစွာ နင်းမိသကဲ့သို့ မှတ်ရာ၏။ ထိုစကားကို အရှင်နာဂသိန်မထေရ်ကို မိလိန်မင်း မေး၍ ဖြေသော ပုစ္ဆာ, ပြဿနာတို့ဖြင့် သိရာ၏။ "အရှင်နာဂသိန်၊ အကြင်သူသည် အပြစ်ကို သိလျက် မကောင်းမှုကို ပြု၏။ အကြင်သူကား အပြစ်ကို မသိသည်ဖြစ်၍ မကောင်းမှုကို ပြု၏။ အဘယ်သူအား သာလွန်၍ အပြစ်ကြီးသနည်း"ဟု–

http://www.dhammadownload.com

ကိ ဘန္တေ နာဂသေန ယော စ ဇာနန္တော ပါပကမ္မံ ကရောတိ၊ ယော စ အဇာနန္တော ပါပကမ္မံ ကရောတိ၊ ကတမဿ ဗဟုတရံ အပုညံ – (နှာ-၉၀)

ဟုမေးလျှောက်လေလျှင်–

ယော ခေါ မဟာရာဇ အဇာနန္တော ပါပကမ္မံ ကရောတိ၊ တဿ ဗဟုတရံ အပုညံ-

(မိလိန္ဒ။၉၀)ဟု ဖြေတော်မူသည်။

ဘန္တေ နာဂသေန၊ အရှင်နာဂသိန်။ ကိ၊ အသို့နည်း။ ယော စ၊ အကြင်သူသည်ကား။ ဇာနန္တော၊ အပြစ်ကို သိလျက်။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ကရောတိ၊ ပြု၏။ ယော စ၊ အကြင်သူသည်ကား။ အဇာနန္တော၊ အပြစ်ကို မသိသည်ဖြစ်၍။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ကရောတိ၊ ပြု၏။ ကတမဿ၊ အဘယ်သူအား။ အပုညံ၊ မကောင်းမှုသည်။ ဗဟုတရံ၊ ကြီးလေသနည်း။

မဟာရာဇ၊ မိလိန်မင်းကြီး။ ယော၊ အကြင်သူသည်။ အဇာနန္တော၊ အပြစ်ကို မသိသည်ဖြစ်၍။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ကရောတိ၊ ပြု၏။ တဿ၊ ထိုသူအား။ အပုညံ၊ မကောင်းမှုသည်။ ဗဟုတရံ၊ ကြီး၏။

တစ်ခုသော အကြောင်းပရိယာယ်ကို ရှာကြံ၍ မေးမြန်းလိုရကား–

ယော ခေါ ဘန္တေ နာဂသေန အမှာကံ ရာဇပုတ္တော ဝါ ရာဇမဟာမတ္တော ဝါ ဇာနန္တော ပါပကမ္မံ ကရောတိ၊ တံ မယံ ဒိဂုဏဒဏ္ဍံ ဒေမ။–

ဟု လျှောက်ပြန်၏။

ဘန္တေ နာဂသေန၊ အရှင်နာဂသိန်။ အမှာကံ၊ ငါတို့၏။ ယော ရာဇပုတ္တော ဝါ၊ အကြင်မင်းသားသည်လည်းကောင်း။ ယော ရာဇမဟာမတ္တော ဝါ၊ အကြင်မင်းအမတ်သည်လည်းကောင်း။ ဇာနန္တော၊ သိလျက်။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ကရောတိ၊ ပြု၏။ တံ၊ ထိုသိလျက်ပြုသော သူကို။ မယံ၊ ငါတို့သည်။ ဒိဂုဏဒဏ္ဍံ၊ ၂-ဆတက်သော ဒဏ်ကို။ ဒေမ၊ ပေးကုန်အံ့။

မင်းသား, မင်း မှူးမတ်-စသည်တို့သည် အပြစ်ကို သိလျက် ပြုခဲ့အံ့၊ အကျွန်ုပ်တို့မှာ မသိ၍ ပြုမိသည့်သူထက် အပြစ်ဒဏ်သာလွန်၍ ကြီးမားပါသည်။ အဘယ်ကြောင့် အပြစ်ကို မသိဘဲ ပြုသူ သာလွန်၍ မကောင်းမှု ကြီးမားလေသနည်း-ဟူလိုသည်။

ထိုအခါ မိလိန်မင်းကြီးအား ဥပမာဆောင်၍ ပြလိုရကား–

http://www.dhammadownload.com

တံ ကိ မညသိ မဟာရာဇ၊ တတ္ထ အယောဂုဠံ အာဒိတ္တံ သမ္ပဇ္ဇလိတံ သဇောတိဘူတံ ဧကော ဇာနန္တော ဂစ္ဆေယျ၊ ဧကော အဇာနန္တော ဂစ္ဆေယျ၊ ကတမော ဗလဝတရံ ဒုယ္ဟေယျ။

ဟူသောစကားကို မိန့်တော်မူသတည်း။

မဟာရာဇ၊ မိလိန်မင်းကြီး။ တံ၊ ထိုငါ-မေးလတ္တံ့သော စကားကို။ ကိ မညသိ၊ အသို့ အောက်မေ့ဘိသနည်း။ တတ္ထ၊ ပူသော။ သမ္ပဇ္ဇလိတံ၊ အလျှံပြောင်ပြောင် တောက်သော။ သဇောတိဘူတံ၊ မီးလျှံနှင့် တကွသော။ အယောဂုဠံ၊ သံတွေခဲကို။ ဧကော၊ တစ်ယောက်သောသူသည်။ ဇာနန္တော၊ သိလျက်။ ဂစ္ဆေယျ၊ ကိုင်ရာ၏။ ဧကော၊ တစ်ယောက်သောသူသည်။ အဇာနန္တော၊ မသိသည်ဖြစ်၍။ ဂစ္ဆေယျ၊ ကိုင်ရာ၏။ ကတမံ၊ အဘယ်သူကို။ တံ၊ ထိုသံတွေခဲသည်။ ဗလဝတရံ၊ ပြင်းထန်စွာ။ ဒယေယျ၊ လောင်ရာသနည်း။

ဤသို့ အရှင်နာဂသိန်မထေရ် မေးတော်မူလျှင်-

ယော အဇာနန္တော ဂစ္ဆေယျ၊ သော ဗလဝတရံ ဒုယ္ဟေယျ-

ဟု သဘောအထင်ဖြင့် သိမြင်သောအတိုင်း လျှောက်လေသည်။

ယော၊ အကြင်သူသည်။ အဇာနန္တော၊ မသိသည်ဖြစ်၍။ ဂစ္ဆေယျ၊ ကိုင်ရာ၏။ သော၊ ကို။ ဝါ၊ ကိုင်အံ့သော ထိုသူကို။ ဗလဝတရံ၊ ပြင်းထန်စွာ။ ဒယေယျ၊ လောင်ရာ၏။

ထိုသို့ မိလိန်မင်းကို အရှင်နာဂသိန်မေး၍ ဖြေဆိုသော ဥပမာအတိုင်းပင် ပြလိုရကား-

ဧဝမေဝ ခေါ မဟာရာဇ ယော အဇာနန္တော ပါပကမ္မံ ကရောတိ၊ တဿ ဗဟုတရံ အပုညံ။ -

(မိလိန္ဒ။၉၀)ဟု မိန့်တော်မူသည်။

မဟာရာဇ၊ မိလိန်မင်းကြီး။ ဧဝ မေဝ၊ ဤဥပမာ၏ အတူသာလျှင်။ ယော၊ အကြင်သူသည်။ အဇာနန္တော၊ အပြစ်ကို မသိသည်ဖြစ်၍။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ကရောတိ၊ ပြု၏။ တဿ၊ ထိုသူအား။ အပုညံ၊ မကောင်းမှုသည်။ ဗဟုတရံ၊ ကြီးမားစွာ ဖြစ်၏။

အလျှံပြောင်ပြောင် တောက်လောင်လော သံတွေခဲကို သိလျက်ကိုင်သောသူမှာ အဆင်အခြင် အတိုင်းအထွာရှိသောကြောင့် ပြင်းစွာမလောင်။ အလျှံပြောင်ပြောင်တောက်လောင်သော သံတွေခဲ-ဟု မသိ၍ ကိုင်မ-သသူအား အလွန်ပြင်းထန်စွာ လောင်ရာသကဲ့သို့ မကောင်းမှု၏ အပြစ်ကို မသိသောကြောင့် အပြစ်ပင်မရှိဟု ထင်မှတ်၍ စေတနာထက်သန်စွာ စွမ်းအားရှိသမျှ လုံ့လအားထုတ် ပြုလုပ်သည်မှာ သာလွန်၍ အပြစ်ကြီးသည် ဟူလို။

http://www.dhammadownload.com

ထိုအခါ မိလိန်မင်းက အရှင်နာဂသိန် ဖြေဆိုသောစကား အလွန်သင့်မြတ်ပေ၏ ဟု "ကလ္လောသိ ဘန္တေ နာဂသေန" စသည်ဖြင့် ချီးမွမ်းလေသည်။ ထိုသို့ မိလိန်မင်း မေးသည်ကို အရှင်နာဂသိန် ဖြေဆိုတော်မူသောကြောင့်လည်းကောင်း ပရမတ္ထသဘာဝကို ထောက်ဆနိုင်းချိန်သဖြင့် သင့်လျော်လျောက်ပတ်သောကြောင့်လည်းကောင်း အပြစ်ကို မသိဘဲ မကောင်းမှုကို ပြုရာ၌ သာလွန်၍ အပြစ်ကြီးမားကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။ ထိုစကားကို ကွဲပြားခြားနားအောင် သိလိုလျှင် မိလိန္ဒပဉ္ဉာကျမ်းမှာ ကြည့်လေ။

၁၂၃၆-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

၎င်းဒုတိယပိုင်း၌ ပုစ္ဆာတို့၏ အစဉ်

ပဌမပုစ္ဆာ၌ - အာဇီဝကို ငဲ့သဖြင့် ဒုစရိုက် ၇-ပါးတို့ကို ပြု၍ ရသောပစ္စည်း များစွာရှိလျက် မိစ္ဆာဇီဝအမှုကို မပြုပြီ-ဟု ဝန်ချ၍ ထိုအာဇီဝကို ငဲ့သဖြင့် ဒုစရိုက် ၇-ပါးတို့ကို ပြု၍ ရသောပစ္စည်းကို တဖန်သုံးဆောင်ပြန်လျှင် မိစ္ဆာဇီဝ ဖြစ်သင့်,မဖြစ်သင့်။

ဒုတိယပုစ္ဆာ၌- မြတ်စွာဘုရား အဆင်းတော်ကို ကြည်ညိုသူ မည်မျှ၊ အသံတော်ကို ကြည်ညိုသူ မည်မျှ၊ အကျင့်ပဋိပတ်တော်ကို ကြည်ညိုသူ မည်မျှ၊ တရားတော်ကို ကြည်ညိုသူ မည်မျှရှိကြောင်း, မကြည်ညိုသူ မည်မျှရှိကြောင်း။

တတိယပုစ္ဆာ၌- ကမ္ဘာပျက်ခြင်း ၃-ပါးတို့တွင် မီးဖျက်သော ကမ္ဘာ၌ မီး စ၍ လောင်သည်။ ရေဖျက်သော ကမ္ဘာ, လေဖျက်သော ကမ္ဘာတို့၌ ရေပင် စ၍ ဖျက်သည်၊ လေပင် စ၍ ဖျက်သည်။

စတုတ္ထပုစ္ဆာ၌- ၄-ပါးသော ပါရိသုဒ္ဓိသီလကို လူတို့ ကျင့်အပ်မည်, မကျင့်အပ်မည်။ ၄-ပါးသော ပါရိသုဒ္ဓိသီလ သရုပ်အဓိပ္ပါယ်။

ပဉ္စမပုစ္ဆာ၌ - ဒုဋ္ဌဂါမဏိမင်းကြီးသည် မေတ္တေယျမြတ်စွာဘုရား၏ လက်ယာရံ ဖြစ်လတ္တံ့၊ ညီတော် သဒ္ဓါတိဿမင်းကြီးလည်း လက်ဝဲရံ ဖြစ်လတ္တံ့-ဟု

http://www.dhammadownload.com

ကြားသိရဖူးပါသည်။ အရှင်မောဂ္ဂလာန်လည်း မာရ်နတ်ဖြစ်ဖူးကြောင်းကို ကြားသိရဖူးပါသည်။ ယခု မာရ်နတ်သည်လည်း ဒုဿီမည်သော မာရ်နတ်၏ ကာဠီမည်သော နှမ၏သားဖြစ်ဖူးသည် ဆိုသောစကားကို ကြားသိရဖူးပါသည်။

ဆဠဘိညာဏ် - ဒိဗ္ဗစက္ခုဝေဒနိယက်၊ ဥပပတ္တိဝေဒနိယက်၊ အပရာပရိယဝေဒနိယက်၊ အဟောသိကံ-ဟူ၍ ပါကကာလက် ၄-ပါးတို့တွင် အဟောသိကံသည် အကျိုးမပေးပြီ-ဟူ၍ အချို့ပြောဆိုကြပါသည်။ အချို့လည်း အဟောသိကံ-ဟူသည် ဖြစ်ပြီးသည်သာလျှင် ကံမည်၏။ အကျိုးမပေးသည် မဟုတ်-ဟု ပြောဆိုကြပါသည်။

သတ္တမပုစ္ဆာဌ် - အချို့သောသူတို့က အလဇ္ဇီ, ဒုဿီလကို အားပေးခြီးမြှင့်ပြုသော်သာ အပြစ်ရှိသည်။ လျှဒါန်းပူဇော်ခြင်းဌ်ကား အကျိုးမရှိသည် မဟုတ်၊ အကျိုးရှိသည်သာတည်း-ဟု ပြောဆိုကြပါသည်။

အဋ္ဌမပုစ္ဆာဌ် - မေထုန် ၇-ပါး ဖြစ်ဟန်။

နဝမပုစ္ဆာဌ် - ဒုစရိုက် ၄၀-အပြား။

ဒသမပုစ္ဆာဌ် - ပါပဂရဟိတ-ဟူရာဌ် အဘယ်သို့ ပါပဂရဟိ ဖြစ်သည်, အဘယ်သို့ မကောင်းမှုကို ကဲ့ရဲ့သည်။

ကောဒသမပုစ္ဆာဌ်- သဗ္ဗညုတဉာဏ် ခန္ဓာဒြပ်အထူး။

ဒွါဒသမပုစ္ဆာဌ် - စားကြွင်းကို လျှုအပ်, မလျှုအပ်။

တေရသမပုစ္ဆာဌ်- အပြစ်ကို သိသူ သာလွန်၍ အပြစ်ကြီးမည်။

ဤသို့ အရပ်ရပ် လူ,ရှင်ရဟန်းတို့ မေးလျှောက်ကြသည့်အတိုင်း ယုံမှားကင်းစင်သောဉာဏ် ဝုဏ္ဏာဘိလက်္ခာရ သဒ္ဒမ္မဓဇမဟာရာဇဂုရု အမည်တော်ရှိသော ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအပ်သော ပြီးပြည်မံသော ဝိသဇ္ဇနာရှိသည်၏အဖြစ်ကြောင့် **ပကိဏ္ဏကဝိသဇ္ဇနာ**မည်သောကျမ်းဌ် ၁၃-ပါးသော ဝိသဇ္ဇနာတို့နှင့် ပြည့်စုံသော ဒုတိယပရိစ္ဆေဒကား ဤတွင်ရွေ. ပြီး၏။

★★★★★★★

http://www.dhammadownload.com

လုံးတော်ဆရာတော်

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

ပထမတွဲ၊ ၁။ (တတိယပိုင်း၊ ၃။)



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဘော်ဆိပ်ကမ်း၊ စိန်ပန်းရွာနေ ဒါယကာတို့က ပစ္စယပူဇာ, ဓမ္မပူဇာ၊ ပစ္စယဒါန, ဓမ္မဒါန-စသည်များကို ကွဲကွဲပြားပြား သိမှတ်ပါရမည် အကြောင်းနှင့် လျှောက်ထားချက်

[၃၇] "ဘုရားတပည့်တော် သဘော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာနေ ဒါယကာကြီး,ငယ် တစ်စုတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

ပစ္စယပူဇာ, ဓမ္မပူဇာ၊ ပစ္စယဒါန, ဓမ္မဒါနတို့၏ အကွဲအပြား အထူးအခြားကိုလည်း အသေအချာ သိမှတ်လိုပါသည်။ ကိုယ်တော်စား ရုပ်ပွါးတော်မြတ် ပိဋကတ်စာပေ ရေးသား၍ တည်ထားကိုးကွယ်သည်ကိုလည်း ဓမ္မပူဇာ ဖြစ်မည်, ဓမ္မဒါနဖြစ်မည်။

အချို့လည်း ဓမ္မဒါနပင် ဖြစ်သည်-ဟု ဆိုကြပါသည်။ အချို့လည်း တရားဟောပြသည်ကိုသာ ဓမ္မဒါန, ဓမ္မပူဇာဖြစ်သည်-ဟု ဆိုကြသဖြင့် ဝါဒ အသီးအသီး ကွဲပြားရှိကြပါသောကြောင့် ခြားနားသိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမှ အများသတ္တဝါတို့ သက်ဘေးကင်း ယုံမှားရှင်းရှင်း၍ ဝမ်းတွင်းသိထားတရားကျမ်းလာ ဒေသနာကို မြဲစွာစွဲမှတ်ပါရမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

http://www.dhammadownload.com

သင်္ဘောဆိပ်ကမ်း၊ စိန်ပန်းကြိုးရွာနေ ဒါယကာကြီး,ငယ်တို့ လျှောက်ထားချက်–

[၃၇](၁) ပစ္စယပူဇာ, ဓမ္မပူဇာ၊ ပစ္စယဒါန, ဓမ္မဒါနတို့၏အရ အကျဉ်းဥဒ္ဒေသကား အရပ်ရပ် ပါဠို, အဋ္ဌကထာ, ဋီကာစကားတို့ကို ထောက်ထားနှိုင်းညှိ ဆင်ခြင်သော် တေရသကနိပါတ်၊ ၆-ခုမြောက် မဟာကာလိင်္ဂဇာတ်တွင် ဟောတော်မူသည်မှာ–

သရီရစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ–

ဟူ၍ စေတီ ၃-ပါး ပြားသည်။

ဝိနည်းအဋ္ဌကထာ၊ မဇ္ဈိမနိကာယ်၊ ပုဏ္ဏောဝါဒသုတ်အဋ္ဌကထာတို့၌–

ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပါဒစေတီ –

ဟူ၍ ၅-ပါးကို ပြသည်။

ထိုသို့ ပြရာ၌ **ဓမ္မစေတီ, ပါဒစေတီတို့**သည် **ဥဒ္ဒိဿစေတီနှင့်** တူကုန်၏။ **ဓာတုစေတီသည် သရီရစေတီနှင့်** တူ၏။

ဤသို့ မဟာကာလိင်္ဂဇာတ်၌ ဟောတော်မူရင်း စေတီ ၃-ပါးတို့၌ ဝင်၏။ ၎င်း ကာလိင်္ဂဇာတ်တော်တွင် စေတီ ၃-ဆူကို ပြရာ၌လည်း သရီရစေတီမှာ "ငါဘုရား ကိုယ်တော်တိုင် ရှိသည်"ဟု မိန့်တော်မူသည်။

ဤသို့ ပြဆိုခဲ့ပြီးသော စေတီ ၃-ပါး၊ စေတီ ၅-ပါးတို့ကို တည်ထားပြုလုပ် ကိုးကွယ်ကြသည်ကား ဘုရားကို ကိုးကွယ်သည် မည်၏။ "စေတီ ၃-ပါးတို့ကို ကိုးကွယ်လျှင် ငါဘုရားကို ကိုးကွယ်သည် မည်၏"ဟု ၎င်းကာလိင်္ဂဇာတ်တွင်ပင် အာနန္ဒာကို အကြောင်း ပြု၍ ဟောတော်မူရင်း မှန်သည်။

ထိုကြောင့် ထိုစေတီများကို–

- "လက္ခကံကျွေး ပေးဌားစိုက်ထုတ်၍ ပြုလုပ်ရေးသား တည်ထားကိုးကွယ်သည်ကား **ဓမ္မစေတီ** မည်၏။
- ထို**ဓမ္မစေတီ**တို့ကို ဆွမ်း, သင်္ကန်း-စသော ပစ္စည်းတို့ဖြင့် ပူဇော်ခြင်းသည် **ပစ္စယပူဇာ** မည်၏။
- ၅-ပါးသီလ, ၁၀-ပါးသီလ, ပါတိမောက္ခသံဝရသီလ-စသည်တို့ကို ကျင့်ခြင်းသည် **ဓမ္မပူဇာ**ဖြင့် ပူဇော်သည်မည်ကြောင်းကို –

http://www.dhammadownload.com

မူလပဏ္ဏာသ၊ မဟာဂေါသိင်္ဂသာလသုတ်။ ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ်တွင် လာသည်။

ပစ္စယဒါန, ဓမ္မဒါန ၂-ပါးတို့တွင် –

- ပစ္စည်း ၄-ပါးဖြင့် ပူဇော်ခြင်းကား **ပစ္စယဒါန** မည်၏။
- တရားတော်ကို ဟောကြားပြသဆုံးမခြင်းကား **ဓမ္မဒါန** မည်၏။

ထို ၂-ပါးတို့တွင် ပစ္စယဒါနထက် ဓမ္မဒါန သာလွန်ထူးမြတ်ကြောင်းကို သံယုတ်အဋ္ဌကထာ၊ ဓမ္မပဒ၊ သင်္ဂဟဥဉာဝတ္ထုအဋ္ဌကထာတို့တွင် '**ကလံ နဂ္ဃန္တိ သောဠသိ**'-စသည်ဖြင့် အကျယ်ဖွင့်ပြတော်မူသည်။ အဓိပ္ပါယ်အရည်စစ်ကား–

- သက်တော်ထင်ရှား ဘုရားရှိတော်မူသောကာလ-က ဘုရားကို ပစ္စည်း ၄-ပါးဖြင့် ပူဇော်သည်ကား ပစ္စယပူဇာ,
- ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်သည်ကား ဓမ္မပူဇာ,

သက်တော်ထင်ရှား ဘုရား မရှိသည့်နောက် ဘုရားဆင်းတုတော်, ဓာတ်တော်, စေတီ, ဗောဓိ-စသည်တို့ကို ပစ္စယ,ဓမ္မ ၂-ပါးတို့ဖြင့် ပူဇော်ရာ၌ ကွဲပြားထူးခြားတော့သည် မဟုတ်၊ နည်းတူပင် မှတ်ရာ၏။

ထိုကြောင့် မဟာကာလိင်္ဂဇာတ်။ သုတ်မဟာဝါ၊ ပရိနိဗ္ဗာနသုတ်။ မူလပဏ္ဏာသ၊ မဟာဂေါသိင်္ဂသာလသုတ်။ သံယုတ်ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့၌ လာသောနည်းတို့ကို ထောက်နှိုင်းညှိ ဆင်ခြင်ပြီးမှ သဘောယုတ္တိ ရှိ,မရှိကို သတိပညာဖြင့် နှလုံးသွင်းပိုက်၍ ယူရာ၏။ ဤကား အကျဉ်းအဓိပ္ပါယ်တည်း။

(၂) အကျယ်ကား သဗ္ဗညုဘုရားသခင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ တစ်ယောက်သော ပုဏ္ဏားသည် ဤသို့ကြံအောက်မေ့၏။ "ငါသည် ဘုရားရတနာကိုလည်းကောင်း သံဃာရတနာကိုလည်းကောင်း ပူဇော်မြတ်နိုး ကိုးကွယ်လျှုဒါန်းရပြီ။ အဘယ်သို့ တရားရတနာကို ပူဇော်မြတ်နိုး ကိုးကွယ်လျှုဒါန်းပါရအံ့နည်း။" ထိုပုဏ္ဏားသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်လေ၍ "အကျွန်ုပ်သည် တရားရတနာကို ပူဇော်မြတ်နိုး ကိုးကွယ်လျှုဒါန်းလိုပါသည်"ဟု လျှောက်လေလျှင် အစိန္တေယျ၊ သုံးလှည့်သေင့်နင်း၊ တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည် ထိုပုဏ္ဏားကို ဤသို့ မိန့်တော်မူ၏။

http://www.dhammadownload.com

"အကယ်၍ ဒကာပုဏ္ဏားသည် တရားတော်ရတနာကို ပူဇော်မြတ်နိုး ကိုးကွယ်လျှဒါန်းလိုသည် ဖြစ်အံ့။ တစ်ယောက်သော အကြားအမြင်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ပူဇော်မြတ်နိုး ကိုးကွယ်လျှဒါန်းလေလော့"ဟု "သစေပိ ဗြာဟ္မဏ ဓမ္မရတနံ ပူဇိတုကာမော ဧကံ ဗဟုဿုတံ ပူဇေဟိ"မိန့်တော်မူကြောင်းကို မူလပဏ္ဏာသ၊ စတုတ္ထဝဂ်၌ ၂-ခုမြောက်သော မဟာဂေါသိင်္ဂသာလသုတ်(မ၊၃၊၂။၁၅၃)တွင် လာသည်။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ဓမ္မရတနံ၊ တရားရတနာကို။ ပူဇိတုကာမော၊ ပူဇော်မြတ်နိုး ကိုးကွယ်လျှဒါန်းလိုသည်။ သစေပိ ဟောတိ၊ အကယ်၍လည်း ဖြစ်အံ့။ ဧကံ၊ တစ်ယောက်သော။ ဗဟုဿုတံ၊ အကြားအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို။ ပူဇေဟိ၊ ပူဇော်မြတ်နိုး ကိုးကွယ်လျှဒါန်းလေလော။

ထိုအခါ ပုဏ္ဏားက "ဗဟုဿုတပုဂ္ဂိုလ်ကို ညွှန်ပြတော်မူပါ"ဟု လျှောက်ပြန်သည်တွင် "ရဟန်းသံဃာတို့ကို မေးလျှောက်လေ"ဟု မိန့်တော်မူသဖြင့် ရဟန်းသံဃာထံသို့ ချဉ်းကပ်၍"ဗဟုဿုတံ ဘန္တေ အာစိက္ခထ"ဟု လျှောက်ထားတောင်းပန်လေလျှင် "အာနန္ဒတ္ထေရော ဗြာဟ္မဏ"ဟု ရဟန်းသံဃာက အာနန္ဒာထေရ်ကို ညွှန်းတော်မူသည်။ ထိုအခါ ပုဏ္ဏားသည် အာနန္ဒာမထေရ်မြတ်အား ၁-သိန်းထိုက်သော ကမ္မလာသင်္ကန်းဖြင့် လျှဒါန်းဆက်ကပ်လေသည်။ **ဤကား တရားတော်မြတ်ကို ပူဇော်ခြင်း ဓမ္မပူဇာတည်း။**

မြတ်စွာဘုရားသည် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် ၂-ပင်သော အင်ကြင်းပင်စုံတို့၏ အကြား၌ ခင်းထားအပ်သော ညောင်စောင်းဝယ် လျောင်းတော်မူ၍ အနုပါဒိသေသနိဗ္ဗာန် စံတော်မူခါနီးတွင် မြေအပြင်မှ စကြဝဠာတံတိုင်းနှင့်အမျှ ပြဟ္မာ့ဘုံရပ် ထုတ်ချင်းခပ်အောင် လောကဓာတ်တစ်သောင်းမှ ညွတ်ပျော်းကော်ရော် ပူဇော်အံ့ဌာ ရောက်ကြလာသော နတ်,ပြဟ္မာအပေါင်းတို့၏ နတ်စောင်းတူရိယာတို့ဖြင့် သာဓုကီဠနသဘင် စီရင်ကျင်းပလျက် အားထုတ်ကြသော အရာများစွာသော ပူဇာသက္ကာရကို မြင်တော်မူလျှင် အာနန္ဒာထေရ်မြတ်ကို ခေါ်တော်မူ၍–

> **နှ ခေါ အာနန္ဒ ဧတ္တာဝတာ တထာဂတံ သက္ကတော ဝါ ဟောတိ၊ ဂရုံ ကတော ဝါ မာနိတော ဝါ ပူဇိတော ဝါ အပစိတော ဝါ။ ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ၊ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ၊ ဂရုံ ကရောတိ၊ မာနေတိ၊ ပူဇေတိ *(အပဓိယတိ)* ပရမာယ ပူဇာယ။ တသ္မာတိဟ အာနန္ဒ ဓမ္မနုဓမ္မ-ပဋိပ္ပန္နော ဝိဟရိဿာမိ၊ သာမီစိပ္ပဋိပန္နော အနုဓမ္မာစာရိနောတိ၊ ဧဝံ ဟိ ဝေါ အာနန္ဒ သိက္ခိတဗ္ဗံ၊ –** (ဒီ၊၂။၁၁၄)ဟူ၍ ဟောတော်မူသည်။

http://www.dhammadownload.com

အာနန္ဒ၊ အာနန္ဒာ။ ဇော်တာဝတာ၊ ဤမျှ အတိုင်းအရှည်ဖြင့်။ ဝါ၊ မြေပြင်မှ စကြဝဠာတံတိုင်းနှင့်အမျှ ပြဟ္မာ့ဘုံရပ်၊ ထုတ်ချင်းခပ်အောင်၊ လောကဓာတ်တစ်သောင်းမှ ညွှတ်ပျောင်းကော်ရော်၊ ပူဇော်အံ့သောဌာ ရောက်ကြလာသော နတ်,ပြဟ္မာအပေါင်းတို့၏ နတ်စောင်းတူရိယာတို့ဖြင့် သာမုကိဠနသဘင် စီစဉ်ကျင်းပလျက် ဤမျှလောက် အားထုတ်ခြင်းဖြင့်။ တထာဂတံ၊ ငါဘုရားကို။ သက္ကာတော ဝါ၊ အရိုအသေပြုသည်လည်း။ နော ဟောတိ၊ မဖြစ်။ ဂရုံ ကတော ဝါ၊ အလေးအမြတ်ပြုသည်လည်း။ နော ဟောတိ၊ မဖြစ်။ မာနိတော ဝါ၊ မြတ်နိုးသည်လည်း။ နော ဟောတိ၊ မဖြစ်။ ပူဇိတော ဝါ၊ ပူဇော်သည်လည်း။ နော ဟောတိ၊ မဖြစ်။ အပစိတော ဝါ၊ ဆည်းပူးအပ်သည်လည်း။ နော ဟောတိ၊ မဖြစ်။ အာနန္ဒ၊ အာနန္ဒာ။ ယော ဘိက္ခု ဝါ၊ အကြင် ရဟန်းသည်လည်းကောင်း။ ယာ ဘိက္ခုနီ ဝါ၊ အကြင် ရဟန်းမိန်းမသည်လည်းကောင်း။ ယော ဥပါသကော ဝါ၊ အကြင် ဒါယကာယောကျ်ားသည်လည်းကောင်း။ ယာ ဥပါသိကာ ဝါ၊ အကြင် ဒါယကာမိန်းမသည်လည်းကောင်း။ ဓမ္မာနုဓမ္မ-ပ္ပဋိပန္နော၊ လောကုတ္တရာတရား ၉-ပါးအားလျော်သော အကျင့်မြတ်ပဋိပတ်ကို ကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သာမီစိပ္ပဋိပန္နော၊ အရိုအသေကျင့်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အနုဓမ္မစာရီ၊ ထိုလောကုတ္တရာတရား ၉-ပါး အားလျော်သော အကျင့်ကို ဖြည့်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သော၊ ထိုနေသော ပုဂ္ဂိုလ်သည်။ တထာဂတံ၊ ငါဘုရားကို။ ပရမာယ ပူဇာယ၊ မြတ်သော ပူဇော်ခြင်းဖြင့်။ သက္ကာရောတိ၊ အရိုအသေပြုသည် မည်၏။ ဂရုံ-ကရောတိ၊ အလေးအမြတ်ပြုသည် မည်၏။ မာနေတိ၊ မြတ်နိုးသည် မည်၏။ ပူဇေတိ၊ ပူဇော်သည် မည်၏။ *(အပဓိယတိ၊ ဆည်းပူးသည် မည်၏။)* အာနန္ဒ၊ အာနန္ဒာ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤငါဘုရား အဆုံးအမတော်၌။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ လောကုတ္တရာတရား ၉-ပါး အားလျော်သော အကျင့်ကို ကျင့်သည်ဖြစ်၍။ ဝိဟရိဿာမိ၊ နေအံ့။ သာမီစိပ္ပဋိပန္နော၊ အရိုအသေကျင့်သည်ဖြစ်၍။ ဝိဟရိဿာမိ၊ နေအံ့။ အနုဓမ္မစာရိနော၊ လောကုတ္တရာတရား ၉-ပါးအားလျော်သော အကျင့်ကို ဖြည့်သည်ဖြစ်၍။ ဝိဟရိဿာမိ၊ နေအံ့။ အာနန္ဒ၊ အာနန္ဒာ။ ဧဝံ ဟိ၊ ဤသို့ ငါ-ဟောတော်မူတိုင်းသာလျှင်။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဤပါဠိတော်၌ 'ဓမ္မာနုဓမ္မပ္ပဋိပန္နော'-ဟု ဆိုအပ်သော အကျင့်ပဋိပတ်-ဟူသည် 'အဘယ်တရား ဖြစ်လေသနည်း။' ဝါ၊ 'အဘယ်သို့သော အကျင့်ကို ကျင့်သော ပုဂ္ဂိုလ်သည် ဓမ္မာနုဓမ္မပ္ပဋိပန္နော-ကို ကျင့်သော ပုဂ္ဂိုလ်မည်သနည်း။'

ဤသို့ အပ္ပသုတပုဂ္ဂိုလ်တို့အား ယုံမှားခြင်း ဖြစ်ရာသောကြောင့် "ဓမ္မာနုဓမ္မပ္ပဋိ-ပန္နော"ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်-

http://www.dhammadownload.com

တတ္ထ ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ နဝဝိဓလောကုတ္တရဓမ္မသ အနုဓမ္မံ ပုဗ္ဗဘာဂ ပဋိပဒံ ပဋိပန္နော သာယေဝ ပန ပဋိပဒါ အနုစ္ဆဝိကတ္တာသာ"မိစ်"တိ ဝုစ္စတိ၊ တံ သာမိစိ် ပဋိပန္နောတိ သာမိစိပ္ပဋိပန္နော။ အနုဓမ္မစာရီတိ တမေဝ ပုဗ္ဗဘာဂဋိ-ပဒါသခီါတံ အနုဓမ္မံ စရတိ ပူရေတိတိ အနုဓမ္မစာရီ။

ပုဗ္ဗဘာဂပဋိပဒါတိ စ သီလံ အာစာရ ပဏ္ဏတ္တိ ခုတဂ််သမာဒါနေန *(သမာဒါန်)* ယာဝ ဂေါတြဘူ *(ဂေါတြဘုတော)* သမ္မာပဋိပဒါ ဝေဒိတဗ္ဗာ၊ တသ္မာ ယော ဘိက္ခု ဆသု အဂေါစရေသု *(အဂါရဝေသု)* ပတိဋ္ဌာယ အနေသနာယ ဇီဝိတံ *(ဇီဝိက်)* ကပ္ပေတိ၊ အယံ နု ဓမ္မာနုဓမ္မပ္ပဋိပန္နော။

ယော ပန သဗ္ဗံ အတ္ထနော ပညတ္တံ သိက္ခာပဒံ ဇီနဝေလံ ဇီနမရိယာဒံ ဇီနကာဠသုတ္တံ အဏုမတ္တမ္ပိ နု ဝီတိက္ကမတိ၊ အယံ ဓမ္မာနုဓမ္မပ္ပဋိပန္နော နာမ၊ ဘိက္ခုနိယာပိ ဧသေဝ နယော။

ယော ဥပါသကော ပဉ္စ ဝေရာနိ ဒသ အကုသလကမ္မပထေ သမာဒါယ သိက္ခတိ၊ အယံ နု ဓမ္မာနုဓမ္မပ္ပဋိပန္နော။ ယော ပန တီသု သရဏေသု ပဉ္စသု သီလေသု ဒသသု သီလေသု ပရိပူရကာရီ ဟောတိ၊ မာသဿ'ဋ္ဌင်ဥပေါသထံ *(အဋ္ဌ ဥပေါသထေ)* ကရောတိ၊ ဒါနံ ဒေတိ၊ ဂန္ဓပူဇံ မာလာပူဇံ ကရောတိ၊ မာတရံ ဥပဋ္ဌာတိ၊ ပိတရံ ဥပဋ္ဌာတိ၊ ဓမ္မိကေ သမဏဗြာဟ္မဏေ ဥပဋ္ဌာတိ၊ အယံ ဓမ္မနုဓမ္မပ္ပဋိပန္နော နာမ။ ဥပါသိကာယပိ ဧသေဝ နယော၊

ပရမာယ ပူဇာယာတိ ဥတ္တမာယ ပူဇာယ၊ နိရာမိသပူဇာ နာမ သက္ကောတိ မမ သာသနံ သန္ဓာရေတုံ၊ ယာဝ ဣမာ စတသ္သော ပရိသာ မံ ဣမာယ ပူဇာယ ပူဇေဿန္တိ၊ တာဝ မမ သာသနံ မလ္လေ နဘသ ပဏ္ဍာစန္ဒော ဝိယ ဝိရောစိဿတီတိ ဒသ္သေတိ။

(ဒီ၊၃၊၂။၁၆၉-၁၇၀)ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ တိဿံ ပါဠိယံ၊ "နု ခေါ အာနန္ဒ တ္ထောဝတာ တထာဂတံ သက္ကတော ဝါ ဟောတိ"-အစရှိသော ထိုပါဠိ၌။ ဓမ္မာနုဓမ္မပ္ပဋိပန္နောတိ၊ ဓမ္မာနုဓမ္မပ္ပဋိပန္န-ဟူသည်ကား။ နဝဝိဓ လောကုတ္တရဓမ္မသ၊ ၉-ပါးသော လောကုတ္တရာတရားတော်အား။ အနုဓမ္မံ၊ လျော်သော သဘောရှိသော။ ပုဗ္ဗဘာဝပဋိပဒံ၊ ရှေးအဖို့၌ ကျင့်အပ်သော အကျင့်ကို။ ပဋိပန္နော၊ ကျင့်ခြင်းတည်း။ သာယေဝ ပဋိပဒါ၊ ထိုအကျင့်ကိုပင်။ အနုစ္ဆဝိကတ္တာ၊ လောကုတ္တရာတရား အားလျော်သည်၏အဖြစ်ကြောင့်။ သာမိစိတိ၊ သာမိစိ-ဟူ၍။ ဝါ၊ အရိုအသေကျင့်ခြင်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ သာမိစိံ၊ ထိုအရိုအသေကျင့်ခြင်းကို။ ပဋိပန္နော၊

http://www.dhammadownload.com

ကျင့်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာမီစိပွဋိပန္နော၊ သာမီစိပွဋိပန္န-မည်၏။ အနုဓမ္မစာရီတိ၊ အနုဓမ္မစာရီ-ဟူသည်ကား။ ပုဗ္ဗဘာဂပဋိပဒါသဒ္ဒါတံ၊ ရှေးအဖို့၌ ကျင့်အပ်သောကြောင့် ပုဗ္ဗဘာဂပဋိပဒါ-ဟု ဆိုအပ်သော။ တမေဝ အနုဓမ္မံ၊ ထိုလောကုတ္တရာအားလျော်သော အကျင့်ကိုပင်လျှင်။ စရတိ ပူရေတိ၊ ပြည့်စေ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနုဓမ္မစာရီ၊ မည်၏။

ပုဗ္ဗဘာဂပဋိပဒါတိ စ၊ ပုဗ္ဗဘာဂပဋိပဒါ-ဟူသည်ကား။ ဝါ၊ ရှေ့အဖို့၌ ကျင့်အပ်သော လောကုတ္တရာအားလျော်သော အကျင့်ဟူသည်ကား။ သီလံ အာစာရ ပဏ္ဏတ္တိမုတဂ်-သမာဒါနေန၊ သီလအာစာရပဏ္ဏတ္တိ-ဟု ဆိုအပ်သော ပညတ်သိက္ခာပုဒ်တော်ကို ကျင့်ခြင်း, ဓုတင်ကို ကျင့်ခြင်းဖြင့်။ ယာဝ-ဂေါတြဘူ၊ ဂေါတြဘူတိုင်အောင်။ သမ္မာပဋိပဒါ၊ ကောင်းစွာကျင့်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

တသ္မာ၊ ထို့ကြောင့်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဆသု အဂေါစရေသု၊ မကျက်စားအပ်သော ၆-ပါးကုန်သော အဂေါစရတို့၌။ ပတိဋ္ဌာယ၊ တည်၍။ အနေသနာယ၊ မအပ်သော အကပ္ပိယ ရှာမှီးခြင်းဖြင့်။ ဇီဝိတံ၊ အသက်ကို။ ယာပေန္တို၊ မျှကုန်၏။ ဝါ၊ မွေးကုန်၏။ အယံ၊ ဤရဟန်းသည်။ န ဓမ္မာနုဓမ္မပွဋိပန္နော၊ လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်သည် မမည်။

ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်ကား။ အတ္တနော၊ မိမိသည်။ သဒ္ဓံ၊ အလုံးစုံသော။ ပညတ္တိသိက္ခာပဒံ၊ ပညတ်သိက္ခာပုဒ်-ဟု ဆိုအပ်သော။ ဇိနဝေလံ၊ မြတ်စွာဘုရား၏ အဆုံးအမတော်တည်း -ဟူသော ကမ်းကို။ ဇိနမရိယာဒံ၊ မြတ်စွာဘုရား၏ အဆုံးအမတော်တည်းဟူသော အပိုင်းအခြားကို။ ဇိနကာဠသုတ္တံ၊ မြတ်စွာဘုရား၏ အဆုံးအမတော်တည်းဟူသော တမျှင်းကြိုးကို။ အဇာဂုမတ္တမ္ပိ၊ အဇာမြူမျှလည်း။ န ဝီတိက္ကမတိ၊ မလွန်ကျူး။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ ဓမ္မာနုဓမ္မပွဋိပန္နော နာမ၊ လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်သည် မည်၏။ ဘိက္ခုနိယာပိ၊ ဘိက္ခုနီမ၌လည်း။ ဧသေဝ နယော၊ ဤနည်းသာတည်း။

ယော ဥပါသကော၊ အကြင် ဒါယကာယောကျ်ားသည်။ ပဉ္စ ဝေရာနိ၊ ၅-ပါးကုန်သော ဝေရတို့ကိုလည်းကောင်း။ ဝါ၊ ၅-ပါးကုန်သော ရန်တို့ကိုလည်းကောင်း။ ဒသ အကုသလကမ္မပထေ၊ ၁၀-ပါးကုန်သော အကုသလကမ္မပထတို့ကိုလည်းကောင်း။ သမာဒါယ၊ ဆောက်တည်၍။ သိက္ခတိ၊ ကျင့်၏။ အယံ၊ ဤဒါယကာသည်။ န ဓမ္မာနုဓမ္မပွဋိပန္နော၊ လောကုတ္တရာတရား အားလျော်သောအကျင့်ကို ကျင့်သည် မမည်။

http://www.dhammadownload.com

ယော ပန၊ အကြင်သူသည်ကား။ တီသု သရဏေသု၊ သရဏဂုံ ၃-ပါးတို့ကို လည်းကောင်း။ ပဉ္စသု၊ ၅-ပါးကုန်သော။ သီလေသု၊ သီလတို့ကိုလည်းကောင်း။ ပရိပူရကာရီ၊ ဖြည့်ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ မာသဿ၊ လတိုင်း။ အဌင်္ဂုပေါသထံ၊ အဂိ၊ ၈-ပါးနှင့် ပြည်စုံသော ဥပုသ်ကို။ ကရောတိ၊ ပြု၏။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ ဂန္ဓပူဇံ၊ အခိုး, အထုံ, အမှုန့်နံ့သာ ပူဇော်ခြင်းကို။ ကရောတိ၊ ပြု၏။ မာလာပူဇံ၊ ပန်းပူဇော်ခြင်းကို။ ကရောတိ၊ ပြု၏။ မာတရံ၊ အမိကို။ ဥပဋ္ဌာတိ၊ လုပ်ကျွေး၏။ ပိတရံ၊ အဘကို။ ဥပဋ္ဌာတိ၊ လုပ်ကျွေး၏။ ဓမ္မိကေ၊ တရားကို စောင့်ကုန်သော။ သမဏဗြာဟ္မဏေ၊ ရဟန်း, ပုဏ္ဏားတို့ကို။ ဥပဋ္ဌာတိ၊ လုပ်ကျွေး၏။ အယံ၊ ဤသူသည်။ ဓမ္မာနုဓမ္မပ္ပဋိပန္နော နာမ၊ လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သည် မည်၏။ ဥပါသိကာယပိ၊ ဒါယကာမိန်းမ၌လည်း။ ဧသေဝ နယော၊ ဤနည်းတူပင်တည်း။

ပရမာယ ပူဇာယာတိ၊ **ပရမာယ ပူဇာယ-ဟူသည်ကား**။ ဥတ္တမာယ၊ မြတ်သော။ ပူဇာယ၊ ပူဇော်ခြင်းဖြင့်။ နိရာမိသပူဇာ နာမ၊ ပစ္စည်းအာမိသနှင့် မစပ်သော နိရာမိသဓမ္မ-ပူဇာမည်သည်ကား။ မမ သာသနံ၊ ငါဘုရားသာသနာတော်ကို။ သန္ဓာရေတုံ၊ တည်စေခြင်းငှာ။ သက္ကောတိ၊ တတ်နိုင်၏။ ယာဝ၊ အကြင်မျှလောက်။ ဣမာ စတဿော ပရိသာ၊ ဤ ၄-ပါးကုန်သော ပရိသတ်တို့သည်။ မံ၊ ငါဘုရားကို။ ဣမာယ ပူဇာယ၊ ပစ္စည်းအာမိသနှင့် မစပ်သော ဤနိရာမိသဓမ္မဖြင့်။ ပူဇေဿန္တိ၊ ပူဇော်ကုန်လတ္တံ့။ တာဝ၊ ထိမျှလောက်။ မမ သာသနံ၊ ငါဘုရားသာသနာတော်သည်။ နဘဿ၊ ကောင်းကင်၏။ မဇ္ဈေ၊ အလယ်၌။ ပုဏ္ဏစန္ဒော ဝိယ၊ ပြည့်သောလကဲ့သို့။ ဝိရောစိဿတိ၊ တင့်တယ်လတ္တံ့။ ဣတိ၊ သို့။ ဒဿေ-တိ၊ ပြတော်မူ၏။

ထိုအဋ္ဌကထာပါဠိတွင် "ဆသု အဂေါစရေသု"ဟူသော ပါဠိ၌ မကျက်စားအပ်သော **အဂေါစရ ၆-ပါး** ဟူသည်ကား–

- ပါနာဂါရဂေါစရ၊ သေတင်းကုတ်၌ အကျွမ်းဝင်သဖြင့် အမြဲဆွမ်းရပ်ခံစားခြင်း။
- ပဏ္ဏကဂေါစရ၊ ပဏ္ဏာက်အိမ်၌ အကျွမ်းဝင်သဖြင့် အမြဲဆွမ်းရပ်ခံစားခြင်း။
- ဘိက္ခုနီဂေါစရ၊ ဘိက္ခုနီမတို့၌ အကျွမ်းဝင်သဖြင့် အမြဲဆွမ်းရပ်ခံစားခြင်း။
- ထုလ္လကုမာရီဂေါစရ၊ အပျိုဟိုင်းတို့ အိမ်၌ အကျွမ်းဝင်သဖြင့် အမြဲဆွမ်းရပ်ခံစားခြင်း။
- ဝေသိယဂေါစရ၊ ပြည့်တန်ဆာမတို့၌ အကျွမ်းဝင်သဖြင့် အမြဲဆွမ်းရပ်ခံစားခြင်း။
- ဝိဓဝါဂေါစရ၊ လင်သေသော မိန်းမ, လင်ကွာသော မုဆိုးမတို့၌ အကျွမ်းဝင်သဖြင့် အမြဲဆွမ်းရပ်ခံစားခြင်း။

http://www.dhammadownload.com

ဤကား မကျက်စားအပ်သော အဂေါစရ ၆-ပါးတည်း။

သုရာသောက်ထုတ်၊ သေတင်းကုတ်၊ ပဏ္ဏာက် ဘိက္ခုမ။
အပျိုဟိုင်းနှင့်၊ လူတိုင်း သွားလာ၊ ပြည့်တန်ဆာ၊ လင်ကွာ မုဆိုးမ။
ဆွမ်း ၆-ပါးမှာ၊ မစားရာ၊ ကျမ်းလာ မှန်မုချ။ ။

ဤကား အကျဉ်းမှတ်ရန်။ (ပဏ်၊ ပါ၊ ဘိ၊ ဝိ၊ ဝေ၊ ထုလ်)

တစ်နည်း အကျဉ်းမှတ်ရန်။ ပဏ်၊ ပဏ္ဏာကဂေါစရ။ ပါ၊ ပါနာဂါရဂေါစရ။ ဘိ၊ ဘိက္ခုနီဂေါစရ။ ဝိ၊ ဝိဓဝါဂေါစရ။ ဝေ၊ ဝေသိယဂေါစရ။ ထုလ်၊ ထုလ္လကုမာရီဂေါစရ။ ပေါင်း ၆-ပါး။ ဤကား တရားတော်ဖြင့် ပူဇော်ခြင်း ဓမ္မပူဇာတည်း။

ဓမ္မဒါနဟူသည်ကား။ ။တရားတော်ကို ဆုံးမပဲ့ပြင် သွန်သင်ခြင်းသည် ပစ္စည်းကို အလိုရှိကြ, တောင့်တကြကုန်သောသူတို့အား ပစ္စည်းကို ပေးကမ်းလှူဒါန်းသကဲ့သို့ တရားတော်ကို အလိုရှိကြ, တောင့်တကြကုန်သော သူတို့အား တရားတော်ကို ပေးလှူသည်-ဟူလိုသတည်း။

ထို့ကြောင့် ဣတိဝုတ္တကအဋ္ဌကထာ(နှာ-၂၉၄)၌–

ဣဓေ'ကစ္စော "ဣမေ ဓမ္မာ ကုသလာ၊ ဣမေ ဓမ္မာ အကုသလာ၊ ဣမေ သာဝဇ္ဇာ၊ ဣမေ အနဝဇ္ဇာ၊ ဣမေ ဝိညုဂရဟိတာ၊ ဣမေ ဝိညုပ္ပသဋ္ဌာ။ ဣမေ သမတ္ထာ သမာဒိန္နာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ၊ ဣမေ ဟိတာယ သုခါယ သံဝတ္တန္တိ"တိ ကုသလာ'ကုသလကမ္မပထေ ဝိဘဇန္တော ကမ္မဝိပါကေ(*ကမ္မကမ္မဝိပါကေ*) ဣဓလောကပရလောကေ စ ဒဿေန္တော ဝိယ ပါကဋေ(*ပါကဋံ*) ကရောန္တော အကုသလေဟိ ဓမ္မေဟိ နိဝတ္တာပေန္တော ကုသလေသု ဓမ္မေသု ပတိဋ္ဌာပေန္တော ဓမ္မံ ဒေသေတိ၊ ဣဒံ လောကိယဓမ္မဒါနံ (*ဓမ္မဒါနံ*) နာမ။

သော ပန "ဣမေ ဓမ္မာ အဘိညေယ္မာ၊ ဣမေ ဓမ္မာ ပရိညေယ္မာ၊ ဣမေ ဓမ္မာ ပဟာတဗ္ဗာ၊ ဣမေ သစ္ဆိကာတဗ္ဗာ၊ ဣမေ ဘာဝေတဗ္ဗာတိ သစ္စာနိ ဘာဝေန္တော အမတာဓိဂမံ ဓမ္မံ ဒေသေတိ၊ ဣဒံ သိခါပတ္တဓမ္မဒါနံ နာမ၊ တံ သေဋ္ဌံ ဥတ္တမံ ဝိဝဋ္ဋဂါမိဓမ္မဒါနံ ဟိ နိဿာယ သဗ္ဗာနတ္ထတော ပရိမုစ္စတိ၊ သကလဝဋ္ဋဒုက္ခံ အတိက္ကမတိ၊ လောကိယံ ပန ဓမ္မဒါနံ သဗ္ဗေသံ ဒါနာနံ သေဋ္ဌံ၊ (*နိဒါနံ*) သဗ္ဗသမ္ပတ္တီနံ မူလံ၊ တေနေဝါဟ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"တိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ကျွဲ၊ ဤလောကဌ်။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့သည်။ ကုသလာ၊ ကုသိုလ် မည်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့သည်။ အကုသလာ၊ အကုသိုလ် မည်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့သည်။ သာဝဇ္ဇာ၊ အပြစ်ရှိကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့သည်။ အနဝဇ္ဇာ၊ အပြစ်မရှိကုန်။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့သည်။ ဝိညုဂရဟိတာ၊ ပညာရှိတို့ ကဲ့ရဲ့အပ်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့သည်။ ဝိညုပ္ပသဋ္ဌာ၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့ကို။ သမတ္တာ၊ ပြည့်စုံစေအပ်ကုန်သည်ရှိသော်။ သမာဒိန္နာ၊ ဆောက်တည်အပ်ကုန်သည်ရှိသော်။ အဟိတာယ၊ အစီးအပွါးမရှိခြင်းငှာ။ ဒုက္ခာယ၊ ဆင်းရဲခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့ကို။ သမတ္တာ၊ ပြည့်စုံစေအပ်ကုန်သည်ရှိသော်။ သမာဒိန္နာ၊ ဆောက်တည်စေအပ်ကုန်သည်ရှိသော်။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကျွတိ၊ ဤသို့။ ကုသလာကုသလကမ္မပထေ၊ ကုသလကမ္မပထ, အကုသလကမ္မပထတို့ကို။ ဝိဘဇ္ဇ-နွော၊ ဝေဖန်သည်ဖြစ်၍။ ကမ္မဝိပါကေ၊ ကံ၏ အကြိုးတို့ကို။ ဝိဘဇ္ဇနွော၊ ဝေဖန်သည်ဖြစ်၍။ ကျွဲလောကပရလောကေ စ၊ ဤပစ္စုပ္ပန်လောက, တမလွန်လောကတို့ကိုလည်း။ ဒဿေန္တော ဝိယ၊ ပြသကဲ့သို့။ ပါကဋေ၊ ထင်ရှားသည်တို့ကို။ ကရောန္တော၊ ပြုလျက်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့မှ။ နိဝတ္တာပေန္တော၊ နှစ်စေလျက်။ ကုသလေသု၊ ကုသိုလ်ဖြစ်သော။ ဓမ္မေသု၊ တရားတို့၌။ ပတိဋ္ဌာပေန္တော၊ တည်စေလျက်။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ ကွဒံ၊ ဤသို့ ဟောခြင်းသည်။ လောကိယဓမ္မဒါနံ နာမ၊ လောကီဖြစ်သော ဒါနမည်၏။

ယော ပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့ကို။ အဘိညေယ္ယာ၊ ရှေးရှုသိအပ်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့ကို။ ပရိညေယ္ယာ၊ ပိုင်းခြား၍ သိအပ်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်ကုန်၏။ ကျွဲမေ ဓမ္မာ၊ ဤတရားတို့ကို။ ဘာဝေတဗ္ဗာ၊ ပွါးအပ်ကုန်၏။

- အဘိညေယ္ယာ-၏အရမှာ ဝိပဿနာကို ယူ၊
- ပရိညေယ္ယာ-၏အရမှာ ဒုက္ခသစ္စာကို ယူ၊
- ပဟာတဗ္ဗာ-၏အရမှာ သမုဒယသစ္စာကို ယူ၊
- သစ္ဆိကာတဗ္ဗာ-၏အရမှာ နိရောဓသစ္စာကို ယူ၊
- ဘာဝေတဗ္ဗာ-၏အရမှာ မဂ္ဂသစ္စာကို ယူ။

http://www.dhammadownload.com

ဣတိ၊ ဤသို့။ သစ္စာနိ၊ သစ္စာတို့ကို။ ဘာဝေန္တော၊ ပွါးစေလျက်။ အမတာဓိဂမံ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ ဣဒံ၊ ဤဓမ္မဒါနသည်။ သိခါပတ္တဓမ္မဒါနံ နာမ၊ အထွတ်အထိပ်သို့ ရောက်သော ဓမ္မဒါန မည်၏။ တံ၊ ထိုဓမ္မဒါနသည်။ သေဋ္ဌံ၊ ထူး၏။ ဥတ္တမံ၊ မြတ်၏။ ဟိ သစ္စံ၊ မှန်၏။ ဝိဝဋ္ဋဂါမိဓမ္မဒါနံ၊ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော ဓမ္မဒါနကို။ နိဿာယ၊ မှီ၍။ သတ္ထာနတ္ထတော၊ အလုံးစုံသော အကျိုးမဲ့မှ။ ပရိမုစ္စတိ၊ လွတ်၏။ သကလဝဋ္ဋဒုက္ခံ၊ အလုံးစုံသော ဝဋ်ဆင်းရဲကို။ အတိက္ကမတိ၊ လွန်နိုင်၏။ လောကိယံ၊ လောကီဖြစ်သော။ ဓမ္မဒါနံ ပန၊ ဓမ္မဒါနသည်ပင်လျှင်။ သတ္ထေသံ၊ ခပ်သိမ်းကုန်သော။ ဒါနာနံ၊ ပစ္စယဒါနတို့ထက်။ သေဋ္ဌံ၊ ထူး၏။ သတ္ထသမ္ပတ္တိနံ၊ ခပ်သိမ်းကုန်သော လောကီ, လောကုတ္တရာ စည်းစိမ်ချမ်းသာတို့၏။ မူလံ၊ အရင်း မည်၏။ တေနေဝ၊ ထို့ကြောင့်လျှင်။ သတ္ထဒါနံ ဓမ္မဒါနံ ဇိနာတိတိ၊ သတ္ထဒါနံ ဓမ္မဒါနံ ဇိနာတိ-ဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ မိန့်တော်မူလေပြီ။

အဂ်ုတ္တရဒုကနိပါတ်၊ တတိယပဏ္ဏာသ၊ ၃-ခုမြောက်သော ဒါနဝဂ်အစ ပဌမဒုကတွင် **"ဒွေ'မေ ဘိက္ခဝေ ဒါနာနိ။ ကတမာနိ ဒွေ၊ အာမိသဒါနဉ္စ ဓမ္မဒါနဉ္စ"**ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်၏အဖွင့် အဋ္ဌကထာ၌ အာမိသဒါန, ဓမ္မဒါန-အထူးကို ပြုရာ၌ လည်း-

အာမိသဒါနန္တိ စတ္တာရော ပစ္စယေ ဒိယျနကဝသေန အာမိသဒါနံ နာမ၊ ဓမ္မဒါနန္တိ ဣဓေ'ကစ္စော အမတပတ္တိပဋိပဒံ ကထေတွာ ဒေတိ၊ ဣဒံ ဓမ္မဒါနံ နာမ။ –

(အံ၊ဋ္ဌ၊၂။၆၀)ဟူ၍ လာသည်။

အာမိသဒါနန္တိ၊ **အာမိသဒါန**-ဟူသည်ကား။ စတ္တာရော ပစ္စယေ၊ ပစ္စည်း ၄-ပါးတို့ကို။ ဒိယျနကဝသေန၊ လှူသည်၏ အစွမ်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ဒါနံ၊ ဒါနသည်။ အာမိသဒါနံ နာမ၊ အာမိသဒါန မည်၏။

ဓမ္မဒါနန္တိ၊ **ဓမ္မ**-ဟူသည်ကား။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ အမတပတ္တိပဋိပဒံ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ကို။ ကထေတွာ၊ ဆို၍။ ဒေတိ၊ လှူ၏။ ဣဒံ၊ ဤသို့ လှူခြင်းသည်။ ဓမ္မဒါနံ နာမ၊ ဓမ္မဒါန မည်၏။

ဤသို့ လာသောကြောင့် တရားကို လှူခြင်းသည် ဓမ္မဒါန မည်၏။ အာမိသယာဂ, ဓမ္မယာဂ၊ အာမိသစာဂ, ဓမ္မစာဂ၊ အာမိသပရိစ္စာဂ, ဓမ္မပရိစ္စာဂ၊ အာမိသဘောဂ, ဓမ္မဘောဂ၊ အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂ၊ အာမိသသံဝိဘာဂ, ဓမ္မသံဝိဘာဂ၊ အာမိသာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ၊ အာမိသာနုကမ္ပ, ဓမ္မာနုကမ္ပ၊ အာမိသသင်္ဂဟ, ဓမ္မသင်္ဂဟ၊ အာမိသ-

http://www.dhammadownload.com

ပဋိသန္ဓာရ, ဓမ္မပဋိသန္ဓာရ၊ အာမိသပူဇာ, ဓမ္မပူဇာ၊ အာမိသပရိယေသနာ, ဓမ္မပရိယေသနာ-စသည်တို့၌လည်း ဤနည်းတူ မှတ်ရာ၏။

အစိန္တေယျ၊ သုံးလူ့သေဋ္ဌနင်း၊ တရားမင်းမြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ တာဝတိံသာ နတ်ရပ်ဝယ် နတ်များ စုရုံး၍ ၄-ခုသော ပုစ္ဆာပြဿနာတို့သည် ကောင်းစွာဖြစ်ကြကုန်၏။

- ဒါနတို့တွင် အဘယ်ဒါန မြတ်သနည်း?
- အရသာတို့တွင် အဘယ်အရသာ မြတ်သနည်း?
- မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်း မြတ်သနည်း?
- တဏှာ၏ ကုန်ခြင်းကို အဘယ်ကြောင့် ကြီးမြတ်သည်-ဟု ဆိုသနည်း?

ဤ ၄-ပါးကုန်သော ပုစ္ဆာပြဿနာတို့သည် ကောင်းစွာဖြစ်၍ ထိုပြဿနာတို့ကို တာဝတိံသာ နတ်ခပင်းဝယ် ထုတ်ချင်းခပ်သဖြင့် အဆင့်ဆင့် မေးရာတွင် စကြဝဠာ ရွှေ့ပြောင်း၍ တစ်သောင်းသော စကြဝဠာမှာ ပြဿနာဆင့်ဆင့်ဖြစ်၍ ၁၂-နှစ် ကြာလေသည်။ ထိုရောအခါ တစ်သောင်းသော စက္ကဝဠာမှ နတ်တကာပေါင်းစု၍ ၄-ခုသော ပြဿနာကို ငါတို့စကြဝဠာ စာတုမဟာရာဇ်နတ်မင်းတို့ထံ မေးမြန်းသည်ကို ဖြေဆိုခြင်းငှာ မစွမ်းနိုင်လေရကား နတ်အများနှင့်ပင် သိကြားမင်းထံမှောက်သို့ ရောက်ကြသောအခါ တာဝတိံသာ နတ်ရွာသနင်း သိကြားမင်းကြီးသည် စကြဝဠာတစ်သောင်းမှ နတ်အပေါင်း ခြံရံ၍ ညဉ့်ယံအခါတွင် ကိုယ်အရောင်အဆင်းဖြင့် ထွန်းလင်းတောက်ပလျက် ဧကမန္တဌာနအရပ် ရှေ့တော်တွင် ရပ်ပြီးမှ မေးအပ်သော ပုစ္ဆာပြဿနာကို ရှိသေစွာ ညွတ်တွား၍ လျှောက်ထားလေလျှင်–

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိ ဓမ္မရတိ ဇိနာတိ၊ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ ။–

(ဓမ္မပဒ။၆၄)ဟူ၍ ဟောတော်မူသည်။

ဒေဝါနမိန္ဒ၊ တာဝတိံသာ၊ နတ်ရွာသနင်း၊ သိကြားမင်း။ သဗ္ဗဒါနံ၊ ခပ်သိမ်းသော အလှူကို။ ဓမ္မဒါနံ၊ တရားတည်း-ဟူသော အလှူသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗရသံ၊ ခပ်သိမ်းသော အရသာကို။ ဓမ္မရသံ၊ တရားတည်းဟူသော အရသာသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗရတိ၊ ခပ်သိမ်းသော မွေ့လျော်ခြင်းကို။ ဓမ္မရတိ၊ တရားတည်းဟူသော မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ အောင်နိုင်၏။ တဏှက္ခယော၊ တဏှာ၏ ကုန်ခြင်းသည်။ သဗ္ဗဒုက္ခံ၊ ခပ်သိမ်းသော ဆင်းရဲကို။ ဇိနာတိ၊ အောင်နိုင်၏။

http://www.dhammadownload.com

ထိုပါဠိတော်မြတ်၌ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်–

> တတ္ထ သဗ္ဗဒါနံ ဓမ္မဒါနန္တိ သစေပိ ဟိ စတ္တာဝါဠဂဏ္ဍေ ယာဝ ဗြဟ္မလောကာ နိရန္တရံ ကတွာ သန္နိပတိတာနံ (သန္နိသိန္နာနံ) ပုဒ္ဓပစ္စေကပုဒ္ဓဓီဏာသဝါနံ ကဒလိ-ဂဉ္ဇသဒိသာနိ စီဝရာနိ ဒဒေယျ၊ တသ္မိံ သမာဂမေ စတုပ္ပဒိကာယ ဂါထာယ ကတာနုမောဒနာဝ သေဋ္ဌာ။ တံ ဟိ ဒါနံ တဿာ ဂါထာယ သောဠသိံ ကလံ နာ အဂ္ဃတိ၊ ဧဝံ ဓမ္မဿ ဒေသနာပိ ဝစနံပိ သဝနမ္ပိ မဟန္တံ၊ ယေန စ ပုဂ္ဂလေန တံ ဓမ္မဿဝနံ ကာရိတံ တဿေဝ အာနိသံသော မဟန္တော။

> တထာရူပါယ ဧဝ ပရိသာယ ပဏိတပိဏ္ဍပါတဿ ပတ္တေ ပူရေတွာ ဒိန္နဒါန-တောပိ သပ္ပိတေလာဒီနံ ပတ္တေ ပူရေတွာ ဒိန္နဘေသဇ္ဇဒါနတောပိ၊ မဟာဝိဟာရ-သဒိသာနံ ဝိဟာရာနံ စ လောဟပါသာဒသဒိသာနဥ္စ ပါသာဒါနံ အနေကာနိ ကောဋိသတသဟဿာနိ စဇိတွာ ကာရေတွာ ဒိန္နသေနာသနဒါနတောပိ အနာထ-ပိဏ္ဍိကာဒီဟိ ကာရိတံ ဝိဟာရံ(ဝိဟာရေ) အာရဗ္ဘ ကတပရိစ္စာဂတောပိ၊ အန္တမ-သော စတုပ္ပဒိကာယ ဂါထာယ အနုမောဒနဝသေနာပိ ပဝတ္တိတံ ဓမ္မဒါနမေဝ ဝရံ သေဋ္ဌံ။ ကိံကာရဏာ၊ ဧဝရူပါနိ ဟိ ပုညာနိ ကရောန္တာ ဓမ္မံ သုတွာဝ ကရောန္တိ, နော အသုတွာ။

> သစေ ဟိ ဣမေ သတ္တာ ဓမ္မံ န သုဏေယျုံ။ ဥဋ္ဌဂ််မတ္တံ ယာဂုံ ဝိ ကဒ္ဒမတ္တံ ဘတ္တမ္ပိ န ဒဒေယျုံ၊ ဣမိနာ ကာရဏေန သဗ္ဗဒါနေဟိ ဓမ္မဒါနမေဝ သေဋ္ဌံ။

> အပိ စ ဌပေတွာ ပုဒ္ဓေ ပစ္စေကပုဒ္ဓေ စ သကလကပ္ပံ ဒေဝေ ဝဿန္တေ ဥဒကဝိန္ဒုနိ ဂဏေတုံ သမတ္ထာယ ပညာယ သမန္နာဂတာ သာရိပုတ္တာဒယောပိ အတ္ထနော ဓမ္မတာယ သောတာပတ္တိဖလာဒီနိ အဓိဂန္တုံ နာသက္ခိသု၊ အဿဇိတ္ထေ-ရာဒီဟိ ကထိတံ ဓမ္မံ သုတွာဝ သောတာပတ္တိဖလာဒီနိ သစ္ဆိကရိသု၊ သတ္ထု ဒေသနာယ သာဝကပါရမီဉာဏံ သစ္ဆိကရိသု၊ ဣမိနာပိ ကာရဏေန မဟာရာဇ ဓမ္မဒါနမေဝ သေဋ္ဌံ။ တေန ဝုတ္တံ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"တိ။

ဟူသောပါဠိ(ဓမ္မ၊ဋ္ဌ၊၂။၃၅၂)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ တိဿဲ ပါဠိယံ၊ ထိုပါဠိတော်၌။ သဗ္ဗဒါနံ ဓမ္မဒါနန္တိ၊ သဗ္ဗဒါနံ ဓမ္မဒါနံ-ဟူသည်ကား။ ဟိ၊ အကျယ်ဆိုဦးအံ့။ စတ္တာဝါဠဂဏ္ဍေ၊ စကြဝဠာတိုက်၌။ ယာဝ ဗြဟ္မလောကာ၊ ဗြဟ္မာပြည်တိုင်အောင်။ နိရန္တရံ၊ အခြားမရှိသည်ကို။ ကတွာ၊ ပြု၍။ သန္နိပတိတာနံ၊ စည်းဝေးကုန်သော။ ပုဒ္ဓပစ္စေကပုဒ္ဓဓီဏာသဝါနံ၊ ဘုရား, ပစ္စေကပုဒ္ဓါ, ရဟန္တာတို့ကို။ ကဒလိဂ္ဃ

http://www.dhammadownload.com

သဒိသာနိ၊ ဌာက်ပျောပင်၏ အတွင်း၌တည်သော, ဌာက်ပျောညွှန့်အဆင်းနှင့် တူကုန်သော။ စီဝရာနိ၊ ခေါမ, ရောမတိုင်းတို့၌ဖြစ်သော သင်္ကန်းတို့ကို။ သစေ ဒဒေယျ၊ အကယ်၍ လှူငြားအံ့။ တသ္မိ သမာဂမေ၊ ထိုမျှလောက်သော အစည်းအဝေး၌။ စတုပ္ပဒိကာယ၊ ၄-ပါဒရှိသော။ ဂါထာယ၊ ဂါထာကို။ ကတာနုမောဒနာဝ၊ ပြုအပ်သော အနုမောဒနာသည်လျှင်။ သေဋ္ဌာ၊ မြတ်၏။ ဟိ၊ မှန်၏။ တံ ဒါနံ၊ ထိုမျှလောက်သော အစည်းအဝေး၌ လှူအပ်သော စီဝရဒါနသည်။ တဿာ ဂါထာယ၊ ထို ၄-ပါဒ အဆုံးရှိသောဂါထာကို ဟောသော ဓမ္မဒါန အကျိုးကို။ သောဠသိ ကလံ၊ ၂၅၆-စိတ်, စိတ်၌ ၁-စိတ်သော အဖို့ကိုမျှလည်း။ န အဂ္ဃတိ၊ မမှီ။

၉၀၊ ဤအတူ။ ဓမ္မဿ၊ တရားတော်ကို။ ဒေသနာပိ၊ ဟောခြင်းသည်လည်းကောင်း။ ဝစနမ္ပိ၊ သင်ခြင်းသည်လည်းကောင်း။ သဝနမ္ပိ၊ နာခြင်းသည်လည်းကောင်း။ မဟန္တံ၊ အကျိုးကြီးမြတ်၏။ ယေန စ ပုဂ္ဂလေန၊ အကြင်ပုဂ္ဂိုလ်သည်လည်း။ တံ ဓမ္မဿဝနံ၊ ထိုတရားနာခြင်းကို။ ကာရိတံ၊ ပြုအပ်၏။ တဿေဝ၊ ထိုသူ၏သာလျှင်။ အာနိသံသော၊ အကျိုးသည်။ တေသံ ဒါနာနံ၊ ထိုကဒလိဂ္ဃသဒိသစီဝရဒါနတို့ထက်။ မဟန္တော၊ ကြီးမြတ်၏။

တထာရူပါယ ၉၀၊ ထိုသို့ သဘောရှိသည်သာလျှင်ဖြစ်သော။ ပရိသာယ၊ ပရိသတ်၌။ ပဏီတပိဏ္ဍပါတဿ၊ မွန်မြတ်သော ဆွမ်းကို။ ပတ္တော၊ သပိတ်၌။ ပူရေတွာ၊ ပြည့်စေ၍။ ဒိန္နဒါနတောပိ၊ လှူအပ်သော ဒါနထက်လည်းကောင်း။ သပ္ပိတေလာဒီနိ၊ ထောပတ်ဆီစသည်တို့ကို။ ပတ္တော၊ သပိတ်၌။ ပူရေတွာ၊ ပြည့်စေ၍။ ဒိန္နဘေသဇ္ဇဒါနတောပိ၊ လှူအပ်သော ဆေးအလှူထက်လည်းကောင်း။ မဟာဝိဟာရသဒိသာနံ၊ မဟာဝိဟာရကျောင်းကြီးနှင့် တူကုန်သော။ ဝိဟာရာနံ၊ ကျောင်းတို့ထက်လည်းကောင်း။ လောဟပါသာဒသဒိသာနံ၊ လောဟပါသာဒမည်သော ပြာသာဒ်နှင့် တူကုန်သော။ ပါသာဒါနံ၊ ပြာသာဒ်တို့ထက်လည်းကောင်း။ အနေကာနိ ကောဋိသတသဟဿာနိ၊ ကုဋေ ၁-သိန်းမကသော ဥစ္စာတို့ကို။ စဇိတွာ၊ စွန့်၍။ ကာရေတွာ၊ ဆောက်လုပ်၍။ ဒိန္နသေနာသနဒါနတောပိ၊ လှူအပ်သော ကျောင်းအလှူထက်လည်းကောင်း။ အနာထပိဏ္ဍိကာဒီဟိ၊ အနာထပိဏ်သူဌေး-အစရှိကုန်သောသူတို့သည်။ ကာရိတံ၊ ဆောက်လုပ်အပ်သော။ ဝိဟာရံ၊ ကျောင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကတပရိစ္စာဂတောပိ၊ ပြုအပ်သော ပရိစ္စာဂထက်လည်းကောင်း။ အန္တမသော၊ အယုတ်သဖြင့်။ စတုပ္ပဒိကာယ၊ ၄-ပါဒရှိသော။ ဂါထာယ၊ ဂါထာကို။ အနုမောဒနဝသေန၊ အနုမောဒနာပြုသည်၏အစွမ်းဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ ဓမ္မဒါနမေဝ၊ ဓမ္မဒါနသည်သာလျှင်။ ဝရံ သေဋ္ဌံ၊ မြတ်၏။ တစ်နည်း။ ဝရံ၊ မြတ်၏။ သေဋ္ဌံ၊ ထူး၏။ ကိံ ကာရဏာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဟိ၊ ထင်စွာပြဦးအံ့။ ဧဝမ္ပါနိ၊ ဤသို့သဘော

http://www.dhammadownload.com

ရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောန္တာ၊ ပြုသောသူတို့သည်။ ဓမ္မံ၊ ကို။ သုတ္တာဝ၊ နာရ၍သာလျှင်။ ကရောန္တိ၊ ပြုကုန်၏။ အသုတ္တာ၊ မနာရဘဲ။ နော ကရောန္တိ၊ မပြုကုန်။ ဟိ၊ မှန်၏။

ကျွမေ သတ္ထာ၊ ဤသတ္ထဝါတို့သည်။ ဓမ္မံ၊ တရားတော်ကို။ သစေ နော သုဏေယ္ယုံ၊ အကယ်၍ မနာကုန်သည်ဖြစ်အံ့။ ဥဋ္ဌုဂ်မတ္ထံ၊ ၁-ယောက်ချို့မျှလောက်သော။ ယာဝုံပိ၊ ယာဂုကိုလည်းကောင်း။ ကဉ္ဇမတ္ထံ၊ ၁-ယောက်မ-မျှလောက်သော။ ဘတ္တမွိ၊ ဆွမ်းကိုလည်းကောင်း။ နော ဒဒေယ္ယုံ၊ မလှူကုန်ရာ။ ကျွမိနာ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်။ သဗ္ဗဒါနေဟိ၊ ခပ်သိမ်းသော အလှူဒါနတို့ထက်။ ဓမ္မဒါနမေဝ၊ ဓမ္မဒါနသည်သာလျှင်။ သေဋ္ဌံ၊ မြတ်၏။

အပိစ၊ မှတ်ဖွယ်တသီး၊ နည်းတပါးသော်ကား။ ဗုဒ္ဓေ စ၊ မြတ်စွာဘုရားတို့ကိုလည်းကောင်း။ ပစ္စေကဗုဒ္ဓေ စ၊ ပစ္စေကဗုဒ္ဓါဘုရားတို့ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ သကလကပ္ပံ၊ အလုံးစုံသော ကပ်ပတ်လုံး။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာလတ်သော်။ ဥဒကဝိန္ဒူနိ၊ ရေပေါက်တို့ကို။ ဂဏေတုံ၊ ရေတွက်ခြင်းငှာ။ သမတ္ထာယ၊ စွမ်းနိုင်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ သာရိပုတ္တာဒယောပိ၊ သာရိပုတ္တရာ-မထေရ်-အစရှိသည်တို့သည်လည်း။ အတ္တနော၊ မိမိ၏။ ဓမ္မတာယ၊ သဘောဖြင့်။ ဝါ၊ အတ္တနော ဓမ္မတာယ၊ မိမိအလိုလို။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်-အစရှိသည်တို့ကို။ အဓိဂန္တုံ၊ ရခြင်းငှာ။ န သက္ခိသု၊ မတတ်နိုင်ကုန်။ အဿဇိတ္ထေရာဒီဟိ၊ အဿဇိ မထေရ်-စသည်တို့သည်။ ကထိတံ၊ ဟောအပ်သော။ ဓမ္မံ၊ တရားကို။ သုတ္တာဝ၊ နာရ၍သာလျှင်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်-စသည်တို့ကို။ သစ္ဆိကရိသု၊ မျက်မှောက်ပြုကြကုန်၏။ သတ္ထုဒေသနာယ၊ မြတ်စွာဘုရား၏ ဒေသနာဖြင့်။ သာဝကပါရမီ-ဉာဏံ၊ သာဝကပါရမီဉာဏ်ကို။ သစ္ဆိကရိသု၊ မျက်မှောက်ပြုကြကုန်၏။ မဟာရာဇ၊ တာဝတိံသာ၊ နတ်ရွာသနင်း၊ သိကြားမင်းကြီး။ ကျွမိနာပိ ကာရဏေန၊ ဤသို့သော အကြောင်းဖြင့်လည်း။ ဓမ္မဒါနမေဝ၊ ဓမ္မဒါနသည်သာလျှင်။ သေဋ္ဌံ၊ မြတ်၏။ တေန၊ ထို့ကြောင့်။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိတိ၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ-ဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

သောဠသီ ကလဲ-ကို ၂၅၆-စိတ်-ဟူရာ၌ ၄-ပါဒရှိသော ဂါထာကို ဟောသော ကုသိုလ်ကို ၁၆-စိတ်, စိတ်၍ ၁-စိတ်ကို ၁၆-စိတ်၊ ၁၆-ကြိမ်တိုင် စိတ်သော် ၂၅၆-ကြိမ် ဖြစ်၏။ စိတ်ဟန်ကား ၄-ပါဒရှိသော ဂါထာကို ဟောသော ကုသိုလ်ကို ၁၆-စုပြု၍ ၁၆-ကို တည်၊ ၁၆-ခုဖြင့် မြှောက်။ မြှောက်ဟန်ကား- ၈က် ၈က ၈က်၊ သော ၈က သော၊

http://www.dhammadownload.com

ဧကွေသောသော၊ သော သော ဆတြိသ။ ဤသို့ မြွောက်ခြေရကို ပေါင်းစုလျှင် ၂၅၆-ဖြစ်၍ ၂၅၆-စိတ်တွင် ၁-စိတ်သော ဓမ္မဒါနကုသိုလ်၏ အကျိုးကိုမျှ ဆိုအပ်ခဲ့ပြီးသော "စီဝရဒါန၊ ပိဏ္ဍပါတဒါန၊ ဘေသဇ္ဇဒါန၊ ဝိဟာရဒါန"အကျိုးတို့သည် မမှီနိုင်ရာဟူလိုသည်။ ဤကား ဓမ္မဒါနတည်း။

ပစ္စယဒါန ပစ္စယပူဇိတတို့မှာ ပြဆိုခဲ့သော ပါဠို, အဋ္ဌကထာစကားဖြင့် ထင်ရှား၏။ ၎င်းစကားကို အကျယ်သိလိုလျှင် တေရသနိပါတ်၊ မဟာကာလိင်္ဂဇာတ်၊ ၎င်းစူဠနာရဒဇာတ်၊ အဂုံတ္တရနိကာယအဋ္ဌကထာ၊ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၊ ဣတိဝုတ္တကအဋ္ဌကထာ၊ သုတ်မဟာဝါပရိနိဗ္ဗာနသုတ် ပါဠို,အဋ္ဌကထာ၊ ဓမ္မပဒ၊ သင်္ဂဟဥာဝတ္ထုအဋ္ဌကထာ။ မူလ-ပဏ္ဏာသ၊ မဟာဂေါသိင်္ဂအဋ္ဌကထာတို့မှာ ကြည့်လေ။

★★★★★★★

အထက်လျှောက်ရင်း စိန်ပန်းရပ်နေ ဒါယကာတို့က ယခင် လျှောက်ထားဖြေဆိုချက်များကို အကျဉ်းသိမှတ်ပါမည့် အကြောင်းနှင့် ထပ်မံလျှောက်ထားချက်

[၃၈] "ဘုရားတပည့်တော် သင်္ဘော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာနေ ဒါယကာကြီး, ငယ် တစ်စုတို့ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

ဖြေဆိုအမိန့်ရှိတော်မူလိုက်သောအရာသည် အလွန်ကျယ်ဝန်း များပြားသည် ဖြစ်၍ သိသာခြားနား ကွဲပြားအောင် မှတ်သားခြင်းငှာ မစွမ်းနိုင်ပါသောကြောင့် ကိုယ်စားတော်စား ရုပ်ပွါးတော်မြတ် ပိဋကတ်စာပေရေးသား၍ တည်ထားကိုးကွယ်သည့်အရာကို အသေအချာ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ထပ်မံ၍ အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

စိန်ပန်းရပ် ဒါယကာတို့ ထပ်မံလျှောက်ထားချက်–

[၃၈] သားငယ်ကို မိခင်နို့ စို့စေသည့် မေတ္တာဘာဝနာ ကိုယ်စားတော်စား ရုပ်ပွါးတော်မြတ် ပိဋကတ်စာပေ ရေးသား၍ တည်ထားကိုးကွယ်သည်။ (ဒီဋ္ဌဓမ္မဘာဝနာ)

http://www.dhammadownload.com

၁၂၃၅-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၂-ရက်၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရဟန-သိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

မန္တလေးမြို့အနောက်ပြင်၊ အမရဋ္ဌာနီရပ်၊ သူရဲစျေးနေ ဒါယကာမောင်တော-က "သင္ဖေ ဓမ္မာ အနတ္တာ"ဟူသောပါဠိ၌ ဓမ္မသဒ္ဒါ၏အနက်ကို သန္ဓိဋ္ဌာန်ချ သိမှတ်ပါရအောင် မ,စ ဖြေဆိုပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၃၉] "ဘုရားတပည့်တော် သူရဲစျေးနေ ဒါယကာ ငတော ၃-ထွေသော ပဏာမ တို့ဖြင့် တုပ်ကွရိုကျိုးလျက် ရှိခိုးအသနားတော်ခံပါသည်။

'ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇိဝိတံ ဇဟေ'-အစဖွေလျက်၊ ရွှေအက္ခရာ၊ ရွှေပေလွှာနှင့်၊ ရွှေစာကမ္ပည်း၊ ရွှေလိပ်တော် တည်းခဲ့သည်၊ နည်းဝိတ္ထာရ၊ မြတ်ဆရာ ပြသည်နှင့်၊ ဆန်မျှမသွေ၊ တသဝေမလတ်၊ မပြတ်ဂရု၊ အလေးပြုလျက်၊ စက္ခုဒ္ဒါရ၊ စသည်အပြား၊ ၆-တံခါးကို၊ ဆီးတားပိတ်ဆို့၊ သတိမြို့ဖြင့်၊ ပိတ်ဆို့လေ့ ရှိတော်မူပေသော ဆရာတော်ဘုရား။

သမ္ဘန်,သကတ်၊ ရုပ်,ဓာတ်,ပစ္စည်း၊ နည်းအထွေထွေ၊ ပုဒ်နေ,လိင်ဝုစ်၊ ပဒုဒ္ဓါရ, ပဝေသန၊ အာဘောဂ အထင်၊ ဥယျောဇဉ် ပါဠိနှင့် စီရင်ရေးသားထားတော်မူအပ်သော **ပရမတ္ထမဉ္ဇူကျမ်း**၌ 'သင္ဖေ သခိါရာ အနိစ္စာ၊ သင္ဖေ သခိါရာ ဒုက္ခာ၊ သင္ဖေ ဓမ္မာ အနတ္တာ'-ဟု တွေ့ရှိပါသည်။ ၎င်းပါဠိတို့တွင် ဓမ္မာ၌ ဓမ္မပုဒ်အရ သတ္တလည်း မဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သင်္ဘောတရားတို့သည် အစိုးမရကုန်-ဟု အနွေဒေသက ဝိကလောကဲ့သို့ တွေးတောရမ်းဆလျက် အဏ္ဏဝမေရု၊ ပံသုသိ-လာ၊ သီတာရေဆုံး၊ နဝရာဇိအလုံးကိုပင်၊ ပြောထုံးပြုကြလျက်၊ ဓမ္မပုဒ်အရ-ဟု ရမ်းဆကြကုန်သည်။ ၎င်းပါဠိပါဋိသင်္ဘောကို၊ အတ္တနောမတိ မရှိ၊ အာစရိယဝါဒ လွတ်ကင်းကြပါ၍၊ နယောပဒေသ၊ စသဒ္ဒါ နိပါတ်ပုဒ်၊ သမုစ္စယ အလာ၊ အထဝါ လောင်းစွက်၍၊ ကျမ်းတက်သည် နုသန္ဓေကို၊ ဖွေဖွေရှာရှာ၊ သေသေချာချာ၊ နေရာ တကျ၊ သာဓိပ္ပါယ၊ အတ္ထနယ၊ လီနန္တရ၊ စောဒကအရာကို၊ တဒ္ဓမ္မူပစာ, ဧကဒေသူ-

http://www.dhammadownload.com

ပစာ၊ နည်းနာအဝဝ၊ ဇညနှင့် ဇနက၊ ဝိတ္ထာရယူဆောင်လျက်၊ ကြီးစွာသော အမိုက်မှောင်ကို၊ တန်ဆောင်ဆီမီးဖြင့်၊ တည်းညီးထွန်းပြပါလျက်၊ နာနာ ကဒါစိ၊ ပဝတ္တိ ဉာဏ်၊ ဋ္ဌိဘဂ်ကွဏ၊ ဥပါဒကွဏ၊ ဇဝန,တဒါရုံ၊ ဓမ္မရသဂုဏ်ဖြင့်၊ စိတ်အာရုံအပြားပြားကို၊ ခံစားပါရအောင်၊ ညွှန်ပြတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်လျှောက်ထားရင်း ဒါယကာမောင်တော လျှောက်ချက်–

[၃၉] သဗ္ဗေ သခ်ါရာ အနိစ္စာ၊ သဗ္ဗေ သခ်ါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ၏ အကွဲအပြား အထူးအားကို မေးလျှောက်သည်မှာ- နိဗ္ဗာန်,နာမပညတ်မှ တပါးသော အလုံးစုံသော သခ်ါရတရား-ဟူသမျှသည် **အနိစ္စ** မည်၏။ နိဗ္ဗာန်,နာမပညတ်တို့သည် အနိစ္စ မမည်။ ထိုအလုံးစုံသော သခ်ါရတရား-ဟူသမျှသည်ပင် **ဒုက္ခ** မည်၏။ နိဗ္ဗာန်,နာမပညတ်တို့သည် ဒုက္ခ မမည်။ နိဗ္ဗာန်,နာမပညတ်နှင့်တကွ အလုံးစုံသော သခ်ါရတရား-ဟူသမျှသည် **အနတ္တ** မည်၏။

ထို့ကြောင့် ဝိနည်းပရိဝါပါဠိတော်မြတ်၌–

> ၁။ **အနိစ္စာ သဗ္ဗေ သခ်ါရာ၊ ဒုက္ခာ'နတ္တာ စ သခ််တာ။**
> **နိဗ္ဗာနံ နာမပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။ ။**
>
> ၂။ **ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။**
> **တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ နု နာယတိ။ ။ –**

ဟူ၍ ဟောတော်မူသည်။

၁။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သခ်ါရာ၊ သခ်ါရတရားတို့သည်။ အနိစ္စာ၊ အမြဲ မရှိကုန်။ ဒုက္ခာ၊ ဆင်းရဲတတ်ကုန်၏။ အနတ္တာ၊ အစိုးမရ။ သခ််တာ၊ ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့လည်း ပြုပြင်အပ်ကုန်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုလည်းကောင်း။ နာမပညတ္တိ၊ နာမပညတ်ကိုလည်းကောင်း။ အနတ္တာ ဣတိ အနတ္တာ ဧဝ၊ အနတ္တ-ဟူ၍သာလျှင်။ နိစ္ဆယာ၊ ဆုံးဖြတ်အပ်ကုန်၏။

၂။ ဗုဒ္ဓစန္ဒေ၊ ဘုရားတည်း-ဟူသော လမင်းသည်။ အနုပ္ပန္နေ၊ ဖြစ်တော်မမူသည်ရှိသော်။ ဗုဒ္ဓါဒိစ္စေ၊ ဘုရားတည်း-ဟူသော နေမင်းသည်။ အနုဂ္ဂတေ၊ တက်၍ မထွန်းပတော်မူသည်ရှိသော်။ တေသံ သဘာဝဓမ္မာနံ၊ ထိုအနတ္တဖြစ်ကုန်သော သင်္ခေါတရားတို့၏။ နာမမတ္တံ၊ အမည်မျှကို။ နု နာယတိ၊ မသိ။ ဝါ၊ မထင်။

http://www.dhammadownload.com

ဤသို့ ဟောတော်မူသောကြောင့် နိဗ္ဗာန်, နာမပညတ်တို့သည် အနတ္တ-သာ မည်၏။ အနိစ္စ, ဒုက္ခ မမည်။ ထိုကြောင့် သခ်ိတ-ဟုတ်, မဟုတ်သော အလုံးစုံသော တရားတို့ကို ဓမ္မ၏အရ၌ အကုန်ကျုံး၍ ပြတော်မူလိုရကား "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူ၍ ဟောတော်မူသည်။

ထိုကြောင့် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာတို့ကို ဆင်ခြင်ရာ၌ သဗ္ဗေ သခ်ိရာ အနိစ္စာ၊ သဗ္ဗေ သခ်ိရာ ဒုက္ခာ-ဟု ဆင်ခြင်ရာ၏။ အနတ္တလက္ခဏာကို ဆင်ခြင်ရာ၌လည်း သဗ္ဗေ သခ်ိရာ အနတ္တာ-ဟု ဆင်ခြင်ရာ၏။ သဗ္ဗေ ဓမ္မာ အနတ္တာ-ဟူ၍ပင် သုံးသပ်ဆင်ခြင်သော်လည်း တေဘုမ္မကသခ်ိရကိုသာ နှလုံးသွင်းအပ်၏။ အဘယ်ကြောင့်နည်းဟူမူကား တေဘုမ္မကဖြစ်သော ခန္ဓာပဉ္စက ရုပ်, နာမ်တရားတို့သည်သာ ဝိပဿနာ၏ အာရုံ မဟုတ်၊ ထိုကြောင့် တေဘုမ္မကဖြစ်သော ရုပ်, နာမ်တရားတို့ကိုသာ လက္ခဏာရေးသို့တင်၍ ရှုရာ၏။ ဤ'သဗ္ဗေ ဓမ္မာ အနတ္တာ'-ဟူသောပုဒ်၏ အရ၌လည်း တေဘုမ္မကသခ်ိရ၌ အနတ္တလက္ခဏာကို တင်ဖူးသောရဟန်း ၅၀၀-ကို အကြောင်းပြု၍ ဟောတော်မူသော အရာဖြစ်သောကြောင့် ခန္ဓာ ၅-ပါးကိုသာ အလိုရှိအပ်၏။

ထို့ကြောင့် ဓမ္မပဒ၊ ၂၀-မြောက်သော မဂ္ဂဝဂ်၊ ၄-အနတ္တလက္ခဏဝတ္ထုအဋ္ဌကထာ၌–

တတ္ထ သဗ္ဗေ ဓမ္မာ အနတ္တာတိ ပဉ္စက္ခန္ဓေ အဓိပ္ပေတာ –

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ တိဿံ ပါဠိယံ၊
သဗ္ဗေ ဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ –

ဟူသော ဤပါဠိတော်၌–

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ သဗ္ဗေ ဓမ္မာ အနတ္တာ-ဟူသည်ကား။ ပဉ္စက္ခန္ဓာ ၉၀၊ ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားတို့ကိုသာလျှင်။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။

၁၂၄၅-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၆-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

အထက်လျှောက်ရင်း ဒါယကာမောင်တော-က ထပ်မံလျှောက်ထားချက်

[၄၀] "ဘုရားတပည့်တော် သူရဲစွေးနေ တကာငတော ခြေတော်ဦးခိုက် လျှောက်ပါသည်ဘုရား။

'သင်္ဃေ သခီါရာ အနိစ္စာ၊ သင်္ဃေ သခီါရာ ဒုက္ခာ၊ သင်္ဃေ ဓမ္မာ အနတ္တာ'-ဟူ၍ ဟောတော်မူသော ပါဠိတော်မြတ်ပါဠိ၏အရ အဓိပ္ပါယ်ထွက်ကို မှုချကွဲပြား ခြားနားသိမှတ်ရပါပြီ။ 'သင်္ဃေ ဓမ္မာ အနတ္တာ'-ဟူသောပုဒ်၌ ဓမ္မသဒ္ဒါကို အထူးထူးအခြားခြား ကွဲပြားကြ၍ နေရာမကျ သဘောရှိသမျှကို ရမ်းဆတွေးတော ပြောဆိုကြပါသော်လည်း ထုတ်ဖော်ဟောမှတ်၊ ပိဋကတ်တွင်၊ ကျမ်းမြတ်အလာ၊ ဒေသနာကို၊ နေရာမကျရှိပါ၍၊ နေရာကျ သိမှတ်ပါရအောင်၊ အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

ထက်လျှောက်ထားရင်း ဒါယကာမောင်တောလျှောက်ချက်—

[၄၀] သင်္ဃေ ဓမ္မာ အနတ္တာ-ဟူသောပုဒ်၌ ဓမ္မသဒ္ဒါကို အထူးထူးအခြားခြား ကွဲပြား ပြောဆိုကြသည်မှာ ဓမ္မသဒ္ဒါသည်—

[၁]ပရိယတ္တိ-ဟူသောအနက်, [၂]သစ္စာ ၄-ပါး-ဟူသောအနက်, [၃]သမာဓိတရား-ဟူသောအနက်, [၄]ပညာ-ဟူသောအနက်, [၅]ပကတိ-ဟူသောအနက်, [၆]ဥေ ယျဓံတရား ၅-ပါး-ဟူသောအနက်, [၇]ဆိတ်ခြင်း-ဟူသောအနက်, [၈]ကုသိုလ်ကောင်းမှု-ဟူသောအနက်, [၉]သိက္ခာအာပတ်-ဟူသောအနက်, [၁၀]သဘောတရား-ဟူသောအနက်၊ ဤ ၁၀-ပါးကုန်သော အနက်တို့ကို ဟော၏။ ထို ၁၀-ပါးတို့တွင် "**ကုသလာ ဓမ္မာ ပရိယာပုဏာတိ သုတ္တံ ဂေယျံ ဂါထံ ဥဒါနံ**"-အစရှိသော ပါဠိ၌ ဓမ္မဒ္ဒါသည် **ပရိယတ္တိ**-ဟူသော အနက်ကို ဟော၏။

ကုသလာ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဓမ္မံ၊ ပရိယတ္တိဓမ္မကို။ ပရိယာပုဏာတိ၊ သင်၏။ သုတ္တံ၊ သုတ်ကို။ ဂေယျံ၊ ဂေယျကို။ ဂါထံ၊ ဂါထာကို။ ဥဒါနံ၊ ဥဒါန်းကို။ ပရိယာပုဏာတိ၊ သင်၏။ (ဤသို့ အနက်ပေး။)

ဒိဋ္ဌဓမ္မော ဝိဒိတဓမ္မော-ဟူသော ပါဠိ၌ ဓမ္မသဒ္ဒါသည် သစ္စာ ၄-ပါးဟူသော အနက်ကို ဟော၏။ ဒိဋ္ဌဓမ္မော၊ မြင်အပ်သော သစ္စာ ၄-ပါးတရား ရှိတော်မူ၏။ ဝိဒိတဓမ္မော၊ သိအပ်သော သစ္စာ ၄-ပါးတရား ရှိတော်မူ၏။ (ဤသို့ အနက်ပေး။)

http://www.dhammadownload.com

"ဧဝံ ဓမ္မော တေ ဘဂဝန္တော"ဟူသောပါဠိ၌ ဓမ္မသဒ္ဒါသည် သမာဓိတရားဟူသော အနက်ကို ဟော၏။ ဘဂဝန္တော၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ တေ၊ အရှင် ဘုရားအား။ ဧဝံ ဓမ္မော၊ ဤသို့ တည်ကြည်ငြိမ်သက်သော သမာဓိ ရှိတော်မူပေ၏။
(ဤသို့အနက်ပေး။)

ယဿေ'တေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ရိဠ္ဍံ သော အတိတ္တမတိ။ ။

ဟူသော ပါဠိ၌ ဓမ္မသဒ္ဒါသည် ပညာ-ဟူသော အနက်ကို ဟော၏။

ဝါနရိန္ဒ၊ မျောက်တကာတို့ကို အစိုးရသော မျောက်မင်း။ ယဿ၊ အကြင်သူအား။ [၃]သစ္စံ၊ မှန်သောစကားကို ဆိုခြင်းလည်းကောင်း။ [၂]ဓမ္မော၊ ဝိစာရဏာပညာလည်းကောင်း။ [၄]ဓိတိ၊ လုံ့လဥဿာဟ ပြုခြင်းလည်းကောင်း။ [၅]စာဂေါ၊ အသက်ကို စွန့်ခြင်းလည်းကောင်း။ [၁]တေ စတ္တာရော ဓမ္မာ၊ ဤ ၄-ပါးကုန်သော တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သော၊ ထိုသူသည်။ ရိဠ္ဍံ၊ ရန်သူအပေါင်းကို။ အတိတ္တမတိ ယထာ၊ လွန်နိုင်သကဲ့သို့။ တထာ၊ ထို့အတူ။ တဝ၊ သင်-မျောက်မင်းအား။ စတ္တာရော၊ ၄-ပါးကုန်သော။ [၁]တေ ဓမ္မာ၊ ထိုတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တွမ်ပိ၊ သင်သည်လည်း။ ရိဠ္ဍံ၊ ရန်သူအပေါင်းကို။ အတိတ္တမတိ၊ လွန်နိုင်၏။ ဤသို့ အနက်ပေး။

"ဗျာဓိဓမ္မာ ဇရာဓမ္မာ၊ အထော မရဏဓမ္မိနော"ဟူသောပါဠိ၌ ဓမ္မသဒ္ဒါသည် ပကတိ-ဟူသောအနက်ကို ဟော၏။

ဗျာဓိဓမ္မာ၊ ဖျားနာခြင်းတို့သည်လည်းကောင်း။ ဇရာဓမ္မာ၊ အိုခြင်းတို့သည်လည်းကောင်း။ အထော၊ ထိုမှတပါး။ မရဏဓမ္မိနော၊ သေခြင်းတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ အနက်ပေး။

"သတ္ထေ ဓမ္မာ သတ္ထကာရေန ဗုဒ္ဓဿ ဘဂဝတော ဉာဏဓုဓေ အာပါဓံ အာဂစ္ဆတိ"
ဟူသောပါဠိ၌ ဓမ္မသဒ္ဒါသည် ဥ ယျဓံတရား ၅-ပါးတို့၌ ဖြစ်၏။

သတ္ထေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ဥ ယျဓံတရား ၅-ပါးတို့သည်။ သတ္ထကာရေန၊ ခပ်သိမ်းသော အခြင်းအရာဖြင့်။ ဘဂဝတော၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏမုခေ၊ ဉာဏ်တော်၏အဝင်၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဤသို့ အနက်ပေး။

"တသ္မိ ခေါ ပန သမယေ ဓမ္မာ ဟောန္တိ"ဟူသောပါဠိ၌ ဓမ္မသဒ္ဒါသည် ဆိတ်ခြင်း ဟူသောအနက်ကို ဟော၏။

http://www.dhammadownload.com

တသို့ ခေါ ပန သမယေ၊ ထိုအခါ၌။ ဓမ္မာ၊ တေဘုမ္မက သခ်ီရမ္မ ဆိတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤသို့ အနက်ပေး။

"ဓမ္မော သုစိဏ္ဏော သုခ'မာဝဟတိ" ဟူသောပါဠိ၌ ဓမ္မသဒ္ဒါသည် ကုသိုလ်ကောင်းမှုကို ဟော၏။

သုစိဏ္ဏော၊ ကောင်းစွာ လေ့ကျက်အပ်သော ဓမ္မကုသိုလ် ၁၀-ပါး တရားသည်။ သုခံ၊ လူ,နတ်,နိဗ္ဗာန် ၃-တန်သောချမ်းသာကို။ အာဝဟတိ၊ ဆောင်နိုင်၏။ ဤသို့ အနက်ပေး။

"ဣမေ ခေါ ပနာ'ယသ္မန္တော ဒွေ အနိယတာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ" ဟူသော ပါဠိ၌ ဓမ္မသဒ္ဒါသည် သိက္ခာပုဒ်အာပတ်-ဟူသောအနက်ကို ဟော၏။

အာယသ္မန္တော၊ အရှင်တို့။ ဒွေ၊ ၂-ပါးကုန်သော။ အနိယတာ၊ အနိယတ မည်ကုန်သော။ ဓမ္မာ၊ သိက္ခာပုဒ် တို့သည်။ ဥဒ္ဒေသံ၊ အကျဉ်းပြခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဤသို့ အနက်ပေး။

"ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" ဟူသောပုဒ်၌ ဓမ္မသဒ္ဒါသည် သဘောတရား-ဟူသော အနက်ကို ဟော၏။

ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ အဗျာကတာ ဓမ္မာ၊ ကုသိုလ်, အကုသိုလ်မှတပါး ဝိပါက်, ကြိယာ, ရုပ်, နိဗ္ဗာန်-ဟူသော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ ဤသို့ အနက်ပေး။

ဤ**"သဗ္ဗေ ဓမ္မာ အနတ္တာ"** ဟူသောပါဠိ၌ ဓမ္မသဒ္ဒါသည်လည်း သဘောတရား-ဟူသော အနက်၌ ဖြစ်၏။ ထို့ကြောင့်–

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ သင်္ခတ,အသင်္ခတ ဖြစ်ကုန်သော သဘောတရား တို့သည်။ အနတ္တာ၊ အနတ္တ မည်ကုန်၏။ ဝါ၊ အစိုး မရကုန်။ ဤသို့ အနက်ပေး။

ပရိယတ္တိသဒ္ဓါသမာ-ဓိပညာယ ပကတိသု စ၊
ဥ ယျသုညတပုညေသု၊ သဘာဝါ'ပတ္တိယံဝိ စ။
ဣတ္ထေသု အတ္ထေသု၊ ဓမ္မသဒ္ဒေါ ပဝတ္တတိ၊

ပရိယတ္တိသဒ္ဓါသမာဓိပညာယ ပကတိသု စ၊ ပရိယတ္တိ-ဟူသောအနက်, သဒ္ဓါ ၄-ပါး-ဟူသောအနက်, သမာဓိ-ဟူသော အနက်, ပညာ-ဟူသော အနက်တို့၌လည်းကောင်း။ ပကတိသု စ၊ ပကတိ-ဟူသော အနက်တို့၌လည်းကောင်း။ ဥ ယျသုညတပုညေသု၊

http://www.dhammadownload.com

ဥ ယျမံတရား ၅-ပါး-ဟူသော အနက်, ဆိတ်ခြင်း-ဟူသော အနက်, ကုသိုလ်ကောင်းမှု-ဟူသော အနက်တို့၌လည်းကောင်း။ သဘာဝ၊ သဘော-ဟူသော အနက်၌လည်းကောင်း။ အာပတ္တိယံပိ စ၊ အာပတ်-ဟူသော အနက်၌လည်းကောင်း။ ဣတိ ဧတေသု အထ္ထေသု၊ ဤ ၁၀-ပါးကုန်သော အနက်တို့၌။ ဓမ္မသဒ္ဒေါ၊ ဓမ္မသဒ္ဒါသည်။ ပဝတ္တတိ၊ ဖြစ်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ဓမ္မသဒ္ဒါ၌ အနက် ၁၀-ပါး ပြားကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန်ချ၍ မှတ်သားရမည်။

၁၂၃၆-ခု၊ နတ်တော်လဆန်း၊ ၆-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

ဧရာဝတီဆိပ်ကမ်း၊ စိန်ပန်းကြီးရွာကျောင်းနေ ရဟန်းတော် ရှင်ကိတ္တိ-က ကထိနစီဝရ၌ လှူခြင်း, ခံခြင်း-စသောအရာတို့ကို သေချာစွာ သိမှတ်ပါရအောင် မ,စတော်မူပါမည့် အကြောင်းနှင့် လျှောက်ထားချက်

[၄၁] "ဘုရားတပည့်တော် သင်္ကော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာကျောင်းတိုက်နေ ရှင်ကိတ္တိ လျှောက်ပါသည် ဆရာတော်ဘုရား။

အဘယ်ပုဂ္ဂိုလ်သည် ကထိန်ကို ခံအပ်သည်, အဘယ်မျှလောက်သော ပုဂ္ဂိုလ်တို့ ခံအပ်သည်, အဘယ်ပုဂ္ဂိုလ် ကထိန်ခင်းအပ်သည်, အဘယ်သူအား ကထိန်သင်္ကန်းကို ပေးအပ်သည်, အဘယ်ပုဂ္ဂိုလ်တို့ ကထိန်၏ အာနိသံသကို ခံအပ်သည်, အဘယ်သို့ ကထိန်ကို အနုမောဒနာပြုအပ်သည်ကို ကွဲပြား၍ ခြားနားစွာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ထားပါသည် ဆရာတော်ဘုရား"။

မေး◈ ကထိန်သင်္ကန်းကို အဘယ်မျှသော ပုဂ္ဂိုလ်တို့ ခံအပ်သနည်း?

ဖြေ❖ အယုတ်အားဖြင့် ၅-ယောက်သော ပုဂ္ဂိုလ်တို့ ခံအပ်၏၊ အလွန်အားဖြင့် အတိုင်းအရှည် မရှိ။

http://www.dhammadownload.com

◈ အဘယ်မျှသော ပုဂ္ဂိုလ်တို့ မခံအပ်သနည်း?

❖ ၅-ယောက်အောက် ယုတ်သောပုဂ္ဂိုလ်တို့ မခံအပ်။

◈ ဝါ-သို့ ကပ်သော ရဟန်းတို့တွင် အဘယ်ပုဂ္ဂိုလ်တို့ ခံအပ်သနည်း?

❖ ပုရိမဝါ-သို့ ကပ်၍ ပဌမပဝါရဏာပြုသော ရဟန်းတို့ ခံအပ်၏။

◈ အဘယ်သို့သော ပုဂ္ဂိုလ်တို့ မခံအပ်သနည်း?

❖ ဝါ-ပြတ်သော ရဟန်း, တိုက်တပါး၌ ဝါ-ကပ်သော ရဟန်းတို့ မခံအပ်။ ပစ္ဆိမဝါကပ်သော ရဟန်းတို့သည် ဂဏပူရဏာသာ ဖြစ်ကုန်၏။ ကထိန်အာနိသံသကို မရကုန်၊ ပုရိမဝါကပ်သော ရဟန်းတို့ ၁-ပါး, ၂-ပါး-စသည်ဖြစ်ခဲ့သော် တပါးသော ရဟန်းတို့ကို ဂဏပူရဏာပြု၍ ခင်းအပ်ကုန်၏။

ရဟန်း ၄-ပါး၊ သာမဏေ ၁-ပါး၊ ပုရိမဝါ-သို့ ကပ်ရာ သာမဏေကို ပုရိမဝါ၌ ရဟန်းပြုအံ့။ ၅-ပါးပြည့်၍ အပ်၏။ ရဟန်း ၃-ပါး၊ သာမဏေ ၂-ပါး။ ရဟန်း ၂-ပါး, သာမဏေ ၃-ပါး။ ရဟန်း ၁-ပါး, သာမဏေ ၄-ပါးရှိရာ၌လည်း နည်းတူ။ ပုရိမဝါ ကပ်သော ရဟန်းတို့သည် ကထိန်ခင်းခြင်း၌ မလိမ္မာခဲ့သော်, ကထိန်ခင်းခြင်း၌ လိမ္မာသော ပုဂ္ဂိုလ်ကို ရှာ၍ ခင်းအပ်၏။ ထိုပုဂ္ဂိုလ်ကား ဘောဇဉ်,ခဲဖွယ်တို့ကို သုံးဆောင်အပ်၏။ ကထိန်အာနိသံသကို မရအပ်။

◈ အဘယ်သူတို့ လျှူအပ်သော ကထိန်သင်္ကန်း အပ်သနည်း?

❖ လူဖြစ်စေ, နတ်ဖြစ်စေ, သီတင်းသုံးဖော် ၅-ယောက်တို့တွင် တစ်ယောက်ယောက် ဖြစ်စေ လျှူသော ကထိန်သင်္ကန်း အပ်၏။

◈ အဘယ်မျှလောက်သော ကထိန်သင်္ကန်းသည် အပ်သနည်း?

❖ ၃-ထည်သော သင်္ကန်းတို့တွင် တစ်ထည်ထည်၊ ပမာဏလောက်သောသင်္ကန်း အပ်၏။

◈ အဘယ်ပုဂ္ဂိုလ် ကထိန်ခင်းအပ်သနည်း?

❖ အကြင်ပုဂ္ဂိုလ်အား သံဃာသည် ကထိန်သင်္ကန်းကို ပေး၏၊ ထိုသူ ခင်းအပ်၏။

◈ သင်္ဃာသည် အဘယ်သူအား ကထိန်သင်္ကန်းကို ပေးအပ်သနည်း?

❖ အကြင်ပုဂ္ဂိုလ်သည် ဆိုးဝါးညစ်နွမ်းသော သင်္ကန်း ရှိ၏။ ထိုပုဂ္ဂိုလ်အား ပေးအပ်၏။

◈ ဆိုးဝါးညစ်နွမ်းသော သင်္ကန်းရှိသော ပုဂ္ဂိုလ်အများတို့တွင် အဘယ်သူအား ပေးအပ်သနည်း?

http://www.dhammadownload.com

❖ မထေရ်ကြီးဖြစ်သောပုဂ္ဂိုလ်အား ပေးအပ်၏။

◈ မထေရ်ကြီးပုဂ္ဂိုလ်အများတွင် အဘယ်သူအား ပေးအပ်သနည်း?

❖ အကြင်ပုဂ္ဂိုလ်သည် များသောပရိသတ် ရှိသည်ဖြစ်၍ ထိုနေ့ချင်း သင်္ကန်းကို ချုပ်, ဆိုး၍ ကထိန်ခင်းခြင်းငှာ စွမ်းနိုင်၏၊ ထိုပုဂ္ဂိုလ်အား ပေးအပ်၏။ မထေရ်ငယ်သည် စွမ်းနိုင်သည်ဖြစ်မူကား ၎င်းမထေရ်ငယ်အားလည်း ပေးအပ်၏။ တစ်နည်းလည်း သံဃာသည် မထေရ်ကြီးဖြစ်သော ပုဂ္ဂိုလ်အား ချီးမြှင့်ထောက်ပံ့ခြင်းကို ပြုအပ်၏။

ထို့ကြောင့် "အရှင်ဘုရား၊ ကထိန်သင်္ကန်းကို ခံတော်မူပါ။ အကျွန်ုပ်တို့ ချုပ်,ဆိုးခြင်းကိစ္စကို ညီညာရွက်ဆောင်ပါအံ့"ဟု ဆိုအပ်၏။ အကြင်ပုဂ္ဂိုလ်အား ကထိန်သင်္ကန်းကို ပေး၏။ ထိုပုဂ္ဂိုလ်အား ဥ တ္တိဒုတိယကမ္မဝါစာဖြင့် ပေးအပ်၏။ ဤသို့ ဥ တ္တိဒုတိယကမ္မဝါစာဖြင့်ပေးပြီးသော် ငါ မထေရ်ကြီး-ဟူ၍လည်းကောင်း ဝါ ဗဟုသုတပုဂ္ဂိုလ်-ဟူ၍လည်းကောင်း ပြီးဆုံးအောင် မပြု,မနေအပ်၊ ပြုအပ်သည်သာတည်း။ အလုံးစုံသော သံဃာတို့သည် စည်းဝေးပြီးသော် ချုပ်,ဆိုးခြင်း-အစရှိသောကိစ္စကို ရွက်ဆောင်၍ ကထိန်ပြုအပ်၏။

ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်၌ **လင်္ကာရသဏ္ဌာတမထေရ်** ကထိန်ခံသည်ကို ၈-သန်း, ၆-သိန်းသော သံဃာတို့နှင့်တကွ ပဒုမုတ္တရမြတ်စွာဘုရား ကထိန်ဝတ်ကို ပြုတော်မူသည်။ ဤစကားကို ကထိန်သင်္ကန်းမြောက်ရုံမျှ ချုပ်,ဆိုး၍ မပြီး,မဆုံးသေးသည်ကို သိအပ်၏။ ကထိန်သင်္ကန်းပြီးမြောက်လတ်သော် ကထိန်ကိုခံသော ရဟန်းသည် ၃-ထည်သော သင်္ကန်းတို့တွင် အကြင်သင်္ကန်းဖြင့် ကထိန်ကို ခံအပ်၏။ ရှေးဖြစ်သော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓါရ်ပြု၍ ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်အပ်၏။ ထိုကထိန်ခင်းသော ပုဂ္ဂိုလ်သည် သံဃာ၏အထံသို့ ချဉ်းကပ်၍ လက်ကတော့စမွယ်တင်ပြီးသော် လက်အုပ်ချီ၍ **"အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ"**ဟု ဆိုအပ်၏။

သံဃာဂိဏ်းပုဂ္ဂိုလ်တို့ကလည်း **"အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမ"**ဟု ဆိုအပ်၏။ ၎င်းစကားရပ်ကို အကျယ်သိလိုလျှင် ဝိနည်း-မဟာဝါ၊ ကထိနခန္ဓကပါဠိ, အဋ္ဌကထာ, ဋီကာ၊ ဝိနယသင်္ဂဟကျမ်းတို့မှာ ကြည့်လေ။

စိန်ပန်းကြီးရွာကျောင်းတိုက်နေ၊ ရဟန်းတော်ရှင်ကိတ္တိ လျှောက်ချက်အရ ၁၂၃၆-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် အမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

မန္တလေးမြို့မြောက်ပြင်၊ မြကျွန်းမြေဦးရပ်၊ အင်းဝပန်းပဲတန်းနေ တကာမောင်စံရေး-က ရထား,ဆင်,မြင်း,ဝေါယာဉ်,သန်လျင်း,ခြေနင်း,ဖိနပ် စသည်တို့ကို စီးနင်းလျက်နှင့် စေတီ,သံဃာတို့ကို ရှိခိုးပူဇော်ရာ အပြစ်ရှိ,မရှိကို သိပါရမည့်အကြောင်းနှင့် လျှောက်ထားချက်

[၄၂] "ဘုရားတပည့်တော် အင်းဝပန်းပဲတန်းနေ တကာ **မောင်စံရေး** လျှောက်ပါသည် ဆရာတော်ဘုရား။

ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်တို့ကို စီးလျက် စေတီ,သံဃာတို့ကို ရှိခိုးပူဇော်ရာ အချို့သူတို့က မပြုအပ်၊ အပြစ်ရှိသည်-ဟု ပြောဆိုပါသည်။ ထိုစကားကို ကွဲပြား၍ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်တို့ကို စီးလျက် စေတီ, သံဃာတို့ကို ရှိခိုးအပ်သည်, ရှိမခိုးအပ်သည်အရာကို မေးလျှောက်သည်မှာ-

[၄၂] ဗုဒ္ဓအဂါရဝ၊ သံဃအဂါရဝ-ဟူ၍ ရှိသည်။ အဂါရဝဖြစ်သင့်သော အရပ်ဌာနဌ် ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်တို့ကို စီးလျက် စေတီ,သံဃာတို့ကို ရှိခိုးရာဌ် အဂါရဝဖြစ်၍ အပြစ်လည်း ရှိ၏။ ပူဇော်မြတ်နိုး ရှိခိုးသော အကျိုးကိုလည်း ရ၏။ အဂါရဝ မဖြစ်သင့်သော အရပ်ဌာနဌ် ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်တို့ကို စီးလျက် စေတီ,သံဃာတို့ကို ရှိခိုးရာဌ် အကျိုးသာ ဖြစ်သည်, အပြစ်ဖြစ်သည်-ဟု မဆိုသင့်။ အဘယ်ကြောင့်နည်းဟူမူကား အဂါရဝ၊ သဂါရဝဌာန အခြားစီ ဖြစ်သောကြောင့်တည်း။ ထိုစကားဌ်–

ဗုဒ္ဓအဂါရဝ-ဟူသည်ကား။ ။ဘုရားပရိနိဗ္ဗာန် စံတော်မူသည့်နောက် စေတီ, ဗောဓိရှိရာသို့ မသွား၊ စေတီ, ဗောဓိကို ရှိမခိုး၊ စေတီပြင်ဌ် ထီး, ဖိနပ် စီးလျက် သွား၏။ ထိုသို့ ပြုခြင်းသည် ဗုဒ္ဓအဂါရဝ မည်၏။

တစ်နည်းလည်း စေတီပြင်ဌ် ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ စေတီမှ တပါးသော အရပ်ကို ကြည့်ခြင်း၊ ဘုရားဂုဏ်ကျေးဇူးနှင့် မစပ်သော စကားကို ပြောဆိုခြင်းသည် ဗုဒ္ဓ-အဂါရဝ မည်၏။

http://www.dhammadownload.com

တစ်နည်းလည်း စေတီတော်ကို ရှိခိုးခြင်း၊ စေတီတော်ကို မြင်လောက်သော အရပ်ဌာနဲ့ ပခုံး ၂-ဖက်ကို ခြုံရုံခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ ရေချိုးခြင်း၊ ကျင်ကြီး, ကျင်ငယ် စွန့်ခြင်းသည် ဗုဒ္ဓအဂါရဝ မည်၏။

တစ်နည်းလည်း စေတီပြင်၌ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ အကျိုးမရှိသော နိရတ္ထကစကားကို ပြောဆို၍ သွားခြင်းသည် ဗုဒ္ဓအဂါရဝ မည်၏။

ထို့ကြောင့် ပရိဝါအဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ ဒီဃနိကာယ် သဒ္ဓါတိသုတ် အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ် သစ္စကသုတ်အဋ္ဌကထာတို့၌–

> နိဗ္ဗုတေ ဘဂဝတိ စေတိယဋ္ဌာနံ ဗောဓိဋ္ဌာနံ နု ဂစ္ဆတိ၊ စေတိယံ ဝါ ဗောဓိယံ ဝါ နု ဝန္ဒတိ၊ စေတိယင်္ဂဏေ သဆတ္တော'ပဟနော စရတိ၊ နတ္ထိ တဿ ဗုဒ္ဓေါ ဂါရဝေါတိ ဝေဒိတဗ္ဗော။–

ဟူ၍လည်းကောင်း

> စေတိယင်္ဂဏံ အာရောဟေန္တော ဆတ္တံ ဓာရေတိ ဥပါဟနံ ဓာရေတိ အညံ ဩလောကေတွာ အညံ ကထံ ကထေန္တော ဂစ္ဆတိ၊ အယံ သတ္ထရိ အဂါရဝေါ နာမ။ –

ဟူ၍လည်းကောင်း

> ပရိနိဗ္ဗုတေ ပန စေတိယံ ဝန္ဒိတုံ နု ဂစ္ဆတိ၊ စေတိယဒဿနဋ္ဌာနေ ဥဘော အံသေ ပါရုပတိ၊ ဆတ္တံ ဓာရေတိ၊ ဥပါဟနံ ဓာရေတိ၊ နဟာယတိ၊ ဥစ္စံ ဝါ ပဿာဝံ ဝါ ကရောတိ၊ အယံ သတ္ထရိ အဂါရဝေါ နာမ။ –

ဟူ၍လည်းကောင်း

> စေတိယင်္ဂဏာဒီသု ဆတ္တံ ဓာရေတွာ ဥပါဟနံ အာရုယှ နာနပ္ပကာရဏ္ဍ နိရတ္ထ-ကကထံ ကထေန္တော သတ္ထရိ အဂါရဝေါပိ စရတိ နာမ။ –

ဟူ၍လည်းကောင်း မိန့်ဆို ဖွင့်လှစ်တော်မူသတည်း။

ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံယူတော်မူသည်ရှိသော်။ စေတိယဋ္ဌာနံ၊ စေတီရှိရာအရပ်သို့။ နု ဂစ္ဆတိ၊ မသွား။ ဗောဓိဋ္ဌာနံ၊ ဗောဓိပင်ရှိရာအရပ်သို့။ နု ဂစ္ဆတိ၊ မသွား။ စေတိယံ ဝါ၊ စေတီကိုလည်းကောင်း။ ဗောဓိယံ ဝါ၊ ဗောဓိပင်ကိုလည်း ကောင်း။ နု ဝန္ဒတိ၊ ရှိမခိုး။ စေတိယင်္ဂဏေ၊ စေတီပြင်၌။ သဆတ္တော၊ ထီးဆောင်းလျက်။ သဥပါဟနော၊ ဖိနပ်စီးလျက်။ စရတိ၊ သွား၏။ တဿ၊ ထိုသူအား။ ဗုဒ္ဓေ၊ ဘုရား၌။ ဂါရဝေါ၊ ရိုသေခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

http://www.dhammadownload.com

စေတိယင်္ဂဏ၊ စေတီပြင်သို့၊ အာရောဟေန္တော၊ တက်သည်ရှိသော်။ ဝါ၊ တက်သော သူသည်။ ဆတ္တံ၊ ထီးကို။ ဓာရေတိ၊ ဆောင်း၏။ ဥပါဟနံ၊ ဖိနပ်ကို။ ဓာရေတိ၊ စီး၏။ အည်၊ အရပ်တပါးကို။ သြလောကေတွာ၊ ကြည့်၍။ အည်၊ ဘုရားနှင့်စပ်သော စကားမှ တပါးသော။ ကထံ၊ စကားကို။ ကထေန္တော၊ ဆိုလျက်။ ဂစ္ဆတိ၊ သွား၏။ အယံ၊ ဤသို့ သွားခြင်းသည်။ သတ္ထုရိ၊ ဘုရား၌။ အဂါရဝေါ နာမ၊ မရိုသေသည် မည်၏။

ပရိနိဗ္ဗုတေ ပန ဘဂဝတိ၊ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခဲ့သော်ကား။ စေတိယံ၊ စေတီကို။ ဝန္ဒိတုံ၊ ရှိခိုးခြင်းငှာ။ န ဂစ္ဆတိ၊ မသွား။ စေတိယဒဿနဋ္ဌာနေ၊ စေတီတော်ကို မြင်ရာအရပ်၌။ ဥဘော အံသေ၊ ပခုံး ၂-ဖက်တို့ကို။ ပါရုပတိ၊ ရုံ၏။ ဆတ္တံ၊ ထီးကို။ ဓာရေတိ၊ ဆောင်း၏။ ဥပါဟနံ၊ ဖိနပ်ကို။ ဓာရေတိ၊ စီး၏။ နဟာယတိ၊ ရေချိုး၏။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ ကရောတိ၊ ပြု၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ သတ္ထရိ၊ ဘုရား၌။ အဂါရဝေါ နာမ၊ မရိုမသေသည် မည်၏။

စေတိယင်္ဂဏာဒီသု၊ စေတီရင်ပြင်-စသည်တို့၌။ ဆတ္တံ၊ ထီးကို။ ဓာရေတွာ၊ ဆောင်း၍။ ဥပါဟနံ၊ ဖိနပ်ကို။ အာရုံယ့၊ စီး၍။ နာနပ္ပကာရံ၊ သီတာဟရဏ, ဘာရတယုဒ္ဓ-စသော။ နိရတ္ထကကထံ၊ အကျိုးမရှိသော စကားကို။ ကထေန္တော၊ ဆိုလျက်။ ဂစ္ဆန္တော၊ သွားသော သူသည်။ သတ္ထရိ၊ ဘုရား၌။ အဂါရဝေါ၊ မရိုသေသည်ဖြစ်၍။ စရတိ နာမ၊ သွားသည် မည်၏။ (အဓိပ္ပါယ်စကားတရပ် ပါဠိတော်တစ်ရပ်ကို အဋ္ဌကထာတစ်ရပ်နှင့် စပ်၍ ယူ။)

သံယအဂါရဝ-ဟူသည်ကား။ ။မထေရ်ကြီး မတိုက်တွန်းဘဲ တရားဟောခြင်း၊ ပြဿနာ ဖြေခြင်း၊ မထေရ်ကြီးရဟန်းတို့ကို ထိခိုက်တိုးဝှေ့လျက် ရပ်ခြင်း၊ သွားခြင်း၊ နေခြင်း၊ ပုဆိုးအာယောဂပတ်၊ လက်အာယောဂပတ်တို့ကို ပြုခြင်း, ဖွဲ့ခြင်း၊ သံယာ၏အလယ်၌ ပခုံး ၂-ဖက်ကို ခြုံရုံ၍နေခြင်း၊ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ အဘယ်ကြောင့် ရဟန်းသံယာကို မရိုသေသနည်း-ဟု ဆိုသော်လည်း ဆိတ်ဆိတ်နေခြင်း၊ သံယာဟူသည် အဘယ်နည်း၊ ဆိတ် မြန်မာ၊ ဆိတ် ကုလားလော-စသည်ဖြင့် မထေရ်မဲ့မြင် ပြောဆိုခြင်းသည် သံယအဂါရဝ မည်၏။ တစ်ယောက်သော ရဟန်း၌ မရိုသေခြင်းကို ပြုသည်ရှိသော် သံယာ၌ မရိုသေခြင်းကို ပြုအပ်သည်မည်၏။

ထို့ကြောင့် ဂင်းသဂီတိသုတ်၊ အဋ္ဌကထာ၌–

ယော ပန ထေရေန ဘိက္ခုနာ အနဇ္ဈိဋ္ဌော ဓမ္မံ ဒေသေတိ၊ နိသီဒတိ၊ ပဉ္ဇံ ကထေတိ၊ ဝုမေ ဘိက္ခူ ယဋ္ဌေန္တော ဂစ္ဆတိ တိဋ္ဌတိ နိသီဒတိ၊ ဒုဿပလ္လတ္ထိကံ ဝါ ဟတ္ထပလ္လတ္ထိကံ ဝါ ကရောတိ၊ သံယမဗ္ဗေ ဥဘော အံသေ ပါရုပတိ၊ ဆတ္တု-

http://www.dhammadownload.com

ပါဟန် ဓာရေတိ၊ သံယဿ လဇ္ဈိတုံ ဝဋ္ဋတီတိ ဝုတ္တေပိ တုဏှီ ဟောတိ၊ သံယော သံယောတိ ဝဒတိ၊ ကိံ သံယော? အဇသံယောတိအာဒီနိ ဝဒတိ၊ အယံ သံယေ အဂါရဝေါ နာမ။ ဧကဘိက္ခုသ္မိံပိ ဟိ အဂါရဝေ ကတေ သံယေ အဂါရဝေါ ကတောယေဝ ဟောတိ။–

ဟူသောပါဠိ(ဒီ၊ဋ၊၃။၂၁၇)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယော ပန၊ အကြင်ရဟန်းသည်ကား။ ထေရေန၊ မထေရ်ဖြစ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ အနဇ္ဈိဋ္ဌော၊ မတိုက်တွန်းဘဲ။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟော၏။ နိသီဒတိ၊ နေ၏။ ပဉ်း၊ ပြဿနာကို။ ကထေတိ၊ ဖြေ၏။ ဝုမေ ဘိက္ခူ၊ သီတင်းကြီးရဟန်းတို့ကို။ ယဋ္ဌေန္တော၊ ထိခိုက်လျက်။ ဂစ္ဆတိ၊ သွား၏။ တိဋ္ဌတိ၊ ရပ်၏။ နိသီဒတိ၊ နေ၏။ ဒုဿ-ပလ္လတ္ထိကံ ဝါ၊ ပုဆိုးအာယောဂပတ် ဖွဲခြင်းကိုလည်းကောင်း။ ဟတ္ထပလ္လတ္ထိကံ ဝါ၊ လက်အာယောဂပတ်ဖွဲခြင်းကိုလည်းကောင်း။ ကရောတိ၊ ပြု၏။ သံယမဇ္ဈေ၊ သံယာ၏ အလယ်၌။ ဥဘော အံသေ၊ ပခုံး ၂-ဖက်တို့ကို။ ပါရုပတိ၊ ရုံ၏။ ဆတ္တုပါဟနံ၊ ထီး, ဖိနပ်ကို။ ဓာရေတိ၊ ဆောင်းစီး၏။ သံယဿ၊ သံယာကို။ လဇ္ဈိတုံ၊ ရှက်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တေပိ၊ ဆိုသော်လည်း။ တုဏှီ ဟောတိ၊ ဆိတ်ဆိတ်နေ၏။ သံယော-သံယောတိ၊ သံယာ,သံယာ-ဟူ၍။ ဝဒတိ၊ ဆို၏။ ကိံ သံယော၊ အဘယ်သံယာနည်း? အဇသံယော၊ ဆိတ်,မြွန်မာသံယာလော။ ဣတိ အာဒီနိ၊ ဤသို့ အစရှိသည်တို့ကို။ ဝဒတိ၊ ဆို၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ သံယေ၊ သံယာ၌။ အဂါရဝေါ နာမ၊ သံယာကို မရိုသေသည် မည်၏။ ဟိ သစ္စံ၊ မှန်၏။ ဧကဘိက္ခုသ္မိံပိ၊ တစ်ယောက်သော ရဟန်း၌လည်း။ အဂါရဝေ၊ မရိုသေခြင်းကို။ ကတေ၊ ပြုသည်ရှိသော်။ သံယေ၊ သံယာ၌။ အဂါရဝေါ၊ မရိုသေခြင်းကို။ ကတောယေဝ၊ ပြုသည်မည်သည်သာလျှင်။ ဟောတိ၊ ၏။ (မဇ္ဈိမနိကာယ်၊ သာမဂါမသုတ်အဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာတို့၌ ဒီဃနိကာယ်၊ သီဟိတသုတ် အဋ္ဌကထာတို့နှင့် တူ၏)

ပဏ္ဍုသာတိမင်းကြီးသည် မြတ်စွာဘုရား၏ ကျေးဇူးတော်အပုံ ဂုဏ်တော်အစုကို သာဓကပြု၍ တန္တမသွေ ရိုသေတုပ်ဝပ်လျက် တက္ကသီလတိုင်းမှ ရာဇဂြိုဟ်ပြည်သို့ ကျအောင် ၁၉၂-ယူဇနာ ခရီးကွာအတွင်း ရထား, ဆင်, မြင်း, သဲလျင်း, ထမ်းစင်, ဝေါ, ယာဉ် မစီး၊ ထီး, ဖိနပ် မပါ၊ ခြေကျင်ဖြင့်သာ လာကြောင်းကို မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ် အဋ္ဌကထာတို့၌–

သတ္ထာ ကိရ မေ ပဗ္ဗဇိတ္ဝာ ယာနံ နာရုဇ္ဎော အန္တမသော ဧကပဒုလိကမ္ပိ ဥပါဟနံ နာရုဟိ၊ ပဏ္ဍုစ္ဆတ္တကမ္ပိ န ဓာရေတိ၊ -

ဟူသောပါဠိ(မ၊ဋ၊၄။၂၀၂)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

မေ၊ ငါ၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပဗ္ဗဇိတ္တာ၊ ရဟန်း ပြုတော်မူ၍။ ယာနံ၊ ယာဉ်ကို။ အာရုဠ္ဟော၊ စီးတော်မူသည်။ နု ဟောတိ ကိရ၊ မဖြစ်သတတ်။ ဣတိ မနသိကတ္တာ၊ ဤသို့ နှလုံးသွင်းခြင်းကို ပြု၍။ အန္တမသော၊ အယုတ်သဖြင့်။ ဧကပဋ္ဌ-လိကမ္ပိ ဥပါဟနံ၊ ၁-ထပ်, ၁လွှာသော ဖိနပ်ကိုမျှလည်း။ နာရုဟိ၊ မစီး။ ပဏ္ဏာစ္ဆတ္တကမ္ပိ၊ သစ်ရွက်ထီးကိုမျှလည်း။ နု ဓာရေတိ၊ မဆောင်း။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် အိုးထိန်းသည်တို့နေရာသို့ ပဏ္ဍုသားတိမင်းကြီး သည် ရထား, ဆင်, မြင်း, သန်လျင်း, ထမ်းစင်, ဝေါ, ယာဉ် မစီး၊ ထီး,ဖိနပ် မပါ၊ ခြေလျင်ဖြင့် သာ လာရောက်ခဲ့၏တကား-ဟု ဉာဏ်တော်ဖြင့်သာ မြင်တော်မူလျှင် ခြေလျင်ဖြင့်သာ ကြွသွားတော်မူကြောင်းကို ၎င်းဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ်အဋ္ဌကထာတွင်–

> **"ကုလပုတ္တော မမ လဇ္ဇမာနော ဟတ္ထိအဿရထသုဝဏ္ဏသိဝိကာဒီသု ဧကယာနေပိ အနိသီဒိတ္တာ အန္တမသော ဧကပဋ္ဌလိကဥပါဟနမ္ပိ အနာရုယှ ပဏ္ဏာစ္ဆတ္တကမ္ပိ အဂ္ဂ-ဟေတ္တာ နိက္ခန္တော၊ မယာပိ ပဒသာဝ ဂန္ဆံ ဝဋ္ဋတီ"တိ ပန စိန္တေတ္တာ ပဒသာဝ အဂမာသိ။**

ဟူသောပါဠိ(မ၊၁၊၄၊၂၀၄)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကုလပုတ္တော၊ အမျိုးကောင်းသားသည်။ မမ၊ ငါဘုရားအား။ လဇ္ဇမာနော၊ ရှက်သည်ဖြစ်၍။ ဟတ္ထိအဿရထသုဝဏ္ဏသိဝိကာဒီသု၊ ဆင်,မြင်း, ရထား, ရွှေထမ်းစင်-စသည်တို့တွင်။ ဧကယာနေပိ၊ တစ်ခုသော ယာဉ်၌သော်လည်း။ အနိသီဒိတ္တာ၊ မနေမူ၍။ အန္တမ-သော၊ အယုတ်သဖြင့်။ ဧကပဋ္ဌလိကံ ဥပါဟနမ္ပိ၊ ၁-လွှာသော ဖိနပ်ကိုမျှလည်း။ အနာရုယှ၊ မစီးမူ၍။ ပဏ္ဏာစ္ဆတ္တကမ္ပိ၊ သစ်ရွက်ထီးကိုမျှလည်း။ အဂဟေတ္တာ၊ မယူမူ၍။ နိက္ခန္တော၊ လာလတ်၏။ မယာပိ၊ ငါဘုရားသည်လည်း။ ပဒသာဝ၊ ခြေလျင်ဖြင့်သာလျှင်။ ဂန္ဆံ၊ သွားခြင်း ငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ ပန၊ ဤသို့လျှင်။ စိန္တေတ္တာ၊ ကြံတော်မူ၍။ ပဒသာဝ၊ ခြေဖြင့် သာလျှင်။ အဂမာသိ၊ ကြွတော်မူ၏။

သာကေတပြည်သို့ မြတ်စွာဘုရား ကြွတော်မူသောအခါ အကြင်မျှလောက်သော ယာဉ်ဖြင့် သွားခြင်းငှာ လျောက်ပတ်သော မြေအရပ်သည် ရှိ၏။ ထိုမျှလောက်သော ယာဉ် ဖြင့် သွားပြီးလျှင် ခြေလျင်ဖြင့်သာ မြတ်စွာဘုရား ထံတော်ရင်းသို့ ဝိသာခါ ဒါယိကာမ ချဉ်းကပ်ပူဇော်ကြောင်းကို ဓမ္မပဒဝိသာခါဝတ္ထုအဋ္ဌကထာတွင်–

> **သာ ကာရဏာ'ကာရဏေသု ပန ကုသလတာယ ယာဝတိကာ ယာနသဿ ဘူမိ ဟောတိ၊ တာဝ ယာနေန ဂန္ဒှာ ယာနာ ပစ္စောရောဟိတွာ ပတ္တိကာဝ သတ္ထာရံ ဥပသင်္ကမိတွာ ဝန္ဒိ။** – ဟူ၍ လာ၏။

http://www.dhammadownload.com

သာ၊ ထိုဝိသာခါ ဒါယကာမသည်။ ကာရဏာ'ကာရဏေသု၊ အကြောင်းဟုတ်သည်, မဟုတ်သည်တို့၌။ ကုသလတာယ ပန၊ လိမ္မာသည်၏ အဖြစ်ကြောင့်သာလျှင်။ ယာဝတိကာ၊ အကြင်မျှလောက်။ ယာနသာ၊ ယာဉ်ဖြင့်။ ဂန္ဆု။ သွားခြင်းငှာ။ ယုတ္တာ၊ လျောက်ပတ်သော။ ဘူမိ၊ မြေအရပ်သည်။ ဟောတိ၊ ဖြစ်၏။ တာဝ၊ ထိုမျှလောက်။ ယာနေန၊ ယာဉ်ဖြင့်။ ဂန္ဓာ၊ သွား၍။ ယာနာ၊ ယာဉ်မှ။ ပစ္စောရောဟိတွာ၊ သက်၍။ ပတ္ထိကာဝ၊ ခြေလျင်ဖြင့်သာလျှင်။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိ၊ ရှိခိုး၏။

ပေါက္ခရသာတိပုဏ္ဏား၏ တပည့်ကြီးဖြစ်သော အမွှဋ္ဌလုလင်သည် ဣန္ဒာနင်္ဂလ အရပ်သို့ ဘုရား ကြွတော်မူသောအခါ ဘုရားအထံတော်သို့ ချဉ်းကပ်ရာ၌လည်း အကြင်မျှလောက်ယာဉ်ဖြင့် သွားခြင်းငှာ လျောက်ပတ်၏။ ထိုမျှလောက် ယာဉ်ဖြင့် သွား၍ ခြေကျင်ဖြင့်သာ အာရာမ်သို့ ဝင်ကြောင်းကို သုတ်သိလက္ခန်၊ အမွှဋ္ဌသုတ်၌–

ယာဝတိကာ ယာနသာ ဘူမိ၊ ယာနေန ဂန္ဓာ ယာနာ ပစ္စောရောဟိတွာ ပဒသာဝ *(ပတ္ထိကောဝ)* **အာရာမံ ပါဝိသိ။ –**

(ဒီ၊၁။၈၄)ဟု လာ၏။ ထိုစကားမှာ အံ့ဖွယ် မရှိ၊ အစွဆရိယ မဟုတ်။

ဤပဏ္ဍုသာတိ, ဝိသာခါဝတ္ထုတို့၌ကား အလွန်ရှိသေခြင်း အတိဂါရဝကိုသာ ပြသည်။ အပြစ်ရှိသည်ကို ပြသောအရာ မဟုတ်။ ပရိဝါအဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ အင်္ဂုတ္တိရအဋ္ဌကထာ၊ သာမဂါမသုတ် အဋ္ဌကထာ၊ ဝိဘင်္ဂအဋ္ဌကထာတို့၌ကား အပြစ်ရှိသော အဂါရဝကို ပြသောအရာဖြစ်သည်။ **ထို့ကြောင့် အာရာမ်ရှိသော စေတီ၌ အာရာမ်ထားခြင်းငှာ လျောက်ပတ်သောအရပ်၊ ယုတ်စွအဆုံး ၁၂-တောင်ထွာရှိသော အရပ်တွင်းသည် ဆိုအပ်ခဲ့ပြီးသော အဂါရဝအမှုကို မပြုအပ်သော အရပ်မည်၏။**

သံယာ၌ကား–

ဝုဗ္ဗေ ဘိက္ခူ ယဋ္ဌေန္တော ဂစ္ဆတိ တိဋ္ဌတိ နိသီဒတိ၊ သံယမဗ္ဗေ ဥဘောအံသေ ပါရုပတိ၊ ဆတ္တုပါဟနံ ဓာရေတိ။ –

(ဒီ၊၄၊၃။၂၁၇)ဟု လာသောကြောင့် သံယာအလယ် အနီးအပါး၊ ယုတ်သော အပိုင်းအခြားဖြင့် ၂-တောင့်ထွာအရပ်၊ ၁၂-တောင့်ထွာအရပ်သည် ဆိုအပ်ခဲ့ပြီးသော အဂါရဝအမှုကို မပြုအပ်သောအရပ် မည်၏။

စေတီ, သံယာတို့၌ပင် ဆိုအပ်ပြီးသော အရပ်၌ အဂါရဝအမှုကို မပြုအပ်လေရကား ထိုအဂါရဝအမှုကို မပြုအပ်သောအရပ်၌ ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း,

http://www.dhammadownload.com

ခြေနင်း, ဖိနပ်-စသည်တို့ကို စီးသွားခြင်း၌ အဂါရဝဖြစ်၍ အပြစ်ရှိ၏။ ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်-စသည်တို့ကို စီးလျက် ပူဇော်ရာ၌ အကျိုးလည်း ဖြစ်၏။ ထိုကြောင့် **အကျိုးလည်း ဖြစ်, အပြစ်လည်း ဖြစ်၏**-ဟု မှတ်ရာ၏။

ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်-စသည်တို့ကို စီးအပ်သော အရပ်ဌာန၌ စီးခြင်းကြောင့် အပြစ်မရှိ၊ ရှိခိုးပူဇော်ခြင်းကြောင့် အကျိုးသာ ဖြစ်၏။ ထို့ကြောင့် **အကျိုးသာ ဖြစ်၍ အပြစ် မရောက်**-ဟု မှတ်ရာ၏။

ဆိုအပ်ခဲ့ပြီးသော အဂါရဝ အမှုကို မပြုအပ်သော အရပ်၌ ရထား, မြင်း,ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်-တို့ကိုသာ စီး၍ ရှိခိုးပူဇော် ရိုသေခြင်းကို မပြုသော် **အကျိုး မဖြစ်၊ အပြစ်သာ ရောက်၏**-ဟု မှတ်ရာ၏။

အဂါရဝ မဖြစ်သင့်သော အရပ်၌ ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်-တို့ကို စီးခြင်း, ရှိခိုးပူဇော် ရိုသေခြင်းကို မပြုသော် **အကျိုး မဖြစ်၊ အပြစ်လည်း မရောက်**-ဟု မှတ်ရာ၏။ ၄-ဌာန, ၄-ဝါရပင် ဖြစ်၏။

စေတီ-ဟူရာ၌ တေရသနိပါတ်၊ ၆-ခုမြောက် မဟာကလိင်္ဂတ်တွင် ဟောတော်မူသော အရာသည် **သာရီရိကစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ**-ဟူ၍ ၃-ပါးတည်း။ ထို ၃-ပါးတို့တွင်–

ကိုယ်တော်မှ အစိတ်ဖြစ်သော ဓာတ်တော်တို့သည် **သာရီရိကစေတီ** မည်၏။

ကိုယ်စားတော်စား ရုပ်ပွါးဆင်းတုသည် **ဥဒ္ဒိဿစေတီ** မည်၏။

အသုံးအဆောင်ဖြစ်သော ဗောဓိပင်,ပရိက္ခရာ-စသည်တို့သည် **ပရိဘောဂစေတီ**မည်၏။

မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ။ နိဒါနဝဂ္ဂသံယုတ်၊ ပုဏ္ဏောဝါဒသုတ် အဋ္ဌကထာ၌ ကား- **ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပါဒစေတီ**-ဟူ၍ စေတီ ၅-ပါးကို ပြသည်။ ထို ၅-ပါးတို့တွင်–

ဓာတုစေတီသည် သာရီရစေတီနှင့် တူ၏၊

ပါဒစေတီသည် ဥဒ္ဒိဿစေတီနှင့် တူ၏-ဟု မှတ်ရာ၏။

★★★★★★★

http://www.dhammadownload.com

မန္တလေးမြို့၊ ရွှေနန်းတော်နောက်မျက်နှာ၊ စည်ရှည်တံခါးတော်တွင်းနေ တကာမောင်သာဦး-က နိယတမိစ္ဆာဒိဋ္ဌိအကြောင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက်

[၄၃] "ဘုရားတပည့်တော် စည်ရှည်တံခါးတော်တွင်းနေ တကာ မောင်သာဦး ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသောသူတို့သည် အဘယ်မျှလောက်ကာလ ငရဲ၌ ခံ၍ ငရဲမှ လွတ်သည်-ဟု ကာလအပိုင်းအခြား ရှိ,မရှိကို သိမှတ်ပါရအောင် ကျမ်းဂန်နှင့် အညီ ဖြေဆိုတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒါယကာမောင်သာဦး လျှောက်ချက် မိစ္ဆာဒိဋ္ဌိမှ ကင်းလွတ်ရာသော ကာလအပိုင်းအခြားကို မေးလျှောက်ချက်မှာ–

[၄၃] နိယအမိစ္ဆာဒိဋ္ဌိယူသော ပုဂ္ဂိုလ်သည် အကြင်မျှလောက် ထိုနိယတမိစ္ဆာဒိဋ္ဌိ အယူကို မစွန့်။ ထိုမျှလောက် မစွန့်သော ကာလပတ်လုံး ငရဲမှ မလွတ်၊ အကြင်အခါ နိယတမိစ္ဆာဒိဋ္ဌိအယူကို စွန့်၏။ ထိုအခါ ငရဲမှ လွတ်၏။

ထို့ကြောင့် အဂုံတ္တရအဋ္ဌကထာ၌–

ပဋ္ဌာနန္တရိယကမ္မာနိပိ မဟာသာဝဇ္ဇကမ္မာနိ နာမ၊ သံယဘေဒကမ္မမ္ပိ နိရယေ ကပ္ပဋ္ဌိတိကမေဝ ဟောတိ၊ ဧဝမေတေသံ ပရိစ္ဆေဒေါ အတ္ထိ၊ ကောဋိ ပညာယတိ။ နိယတမိစ္ဆာဒိဋ္ဌိယာ ပန ပရိစ္ဆေဒေါ နတ္ထိ။ သာ ဟိ ဝဋ္ဋသ္မိံ၊ တာယ သမန္နာဂတာသ ဘဝတော ဝုဋ္ဌာနံ နတ္ထိ၊ ကပ္ပဝိနာသေ မဟာဇနေ ဗြဟ္မလောကေ နိဗ္ဗတ္တေပိ နိယတမိစ္ဆာဒိဋ္ဌိကော တတ္ထ အနိဗ္ဗတ္တိတွာ ပိဋ္ဌိစက္ကဝါဠေ နိဗ္ဗတ္တတိ၊ ပိဋ္ဌိစက္ကဝါဠေ စျာယမာနေပိ (ဧသ) အာကာသေ ဧကသ္မိံ ဩကာသေ ပစ္စတိ ဧဝါတိ-

ဟူသော ပါဠိ(အံ၊ဋ္ဌ၊၁။၃၇၁-၂)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပဋ္ဌာနန္တရိယကမ္မာနိပိ၊ ၅-ပါးကုန်သော အာနန္တရိယကံတို့သည်လည်း။ မဟာသာဝဇ္ဇကမ္မာနိ နာမ၊ ကြီးသော အပြစ်ရှိသောကံ မည်ကုန်၏။ သံဃဘေဒကမ္မမ္ပိ၊ သံဃဘေဒကံသည်လည်း။ နိရယေ၊ ငရဲ၌။ ကပ္ပဋ္ဌိတိကမေဝ၊ ၁-ကပ်မျှသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊

http://www.dhammadownload.com

ဤသို့။ ဧတေသံ၊ ထိုအာနန္တရိယကံတို့၏။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ အတ္ထိ၊ ရှိ၏။ ကောဋိ၊ အစွန်းသည်။ ပညာယတိ၊ ထင်၏။

နိယတမိစ္ဆာဒိဋ္ဌိယာ ပန၊ နိယတမိစ္ဆာဒိဋ္ဌိ၏ကား။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ မှန်၏။ သာ၊ ထိုနိယတမိစ္ဆာဒိဋ္ဌိသည်။ ဝဋ္ဋဿ၊ ဝဋ်ဆင်းရဲ၏။ မူလံ၊ အရင်းမည်၏။ တာယ၊ ထိုနိယတမိစ္ဆာဒိဋ္ဌိနှင့်။ သမန္နာဂတဿ၊ ပြည့်စုံသောသူအား။ ဘဝတော၊ ဘဝမှ။ ဝုဋ္ဌာနံ၊ ထွက်မြောက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ကပ္ပဝိနာသေ၊ ကမ္ဘာပျက်သောအခါ၌။ မဟာဇနေ၊ သတ္တဝါအပေါင်းသည်။ ပြဟ္မာလောကေ၊ ပြဟ္မာ့ပြည်၌။ နိဗ္ဗတ္တေပိ၊ ဖြစ်ကြသော်လည်း။ နိယတမိစ္ဆာဒိဋ္ဌိကော၊ နိယတမိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်သည်။ တတ္ထ၊ ထိုပြဟ္မာ့ပြည်၌။ အနိဗ္ဗတ္တိတော၊ မဖြစ်မူ၍။ ပိဋ္ဌိစက္ကဝါဠေ၊ စကြဝဠာတပါး၌။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ပိဋ္ဌိစက္ကဝါဠေ၊ စကြဝဠာတပါးကို။ ဈာယမာနေပိ၊ ကမ္ဘာမီးလောင်သော်လည်း။ (ဧသေ၊ ဤနိယတမိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်သည်။) အာကာသေ၊ ကောင်းကင်၌။ ဧကသ္မိံ၊ သြကာသေ၊ တစ်ခုသော အရပ်၌။ ပစ္စတိ ဧဝ၊ ကျက်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ထို့အတူ နိယတမိစ္ဆဒိဋ္ဌိအယူရှိသော သူတို့ကဲ့သို့သော ပုဂ္ဂိုလ်ကို ရည်၍ ကမ္ဘာမီးလောင်ခဲ့သော် သတ္တဝါအလုံးစုံပင် ပြဟ္မာ့ဘုံသို့ချည်း ရောက်သည် မဟုတ်၊ စကြဝဠာတပါး၌ ပြောင်း၍ ဖြစ်ရကြောင်းကို ပြလို၍ ဒီဃနိကာယ်၊ အဂ္ဂညသုတ်အဋ္ဌကထာတို့၌လည်း-

> **သဗ္ဗေပိ ဒေဝါ ပြဟ္မလောကေ နိဗ္ဗတ္တန္တိ၊ ဣဒဉ္စ ယေဘုယ္ယေန ဝုတ္တံ၊ ကေစိ ပန အပါယသတ္တာ သံဝဋ္ဋမာနလောကမာတုတော အညလောကမာတူသု နိဗ္ဗတ္တန္တိ။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဗ္ဗေပိ ဒေဝါ၊ ခပ်သိမ်းကုန်သော နတ်တို့သည်လည်း။ ပြဟ္မလောကေ၊ ပြဟ္မာ့ပြည်၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ ဣဒဉ္စ ဝစနံ၊ "သဗ္ဗေပိ ဒေဝါ ပြဟ္မလောကေ နိဗ္ဗတ္တန္တိ"-ဟူသော ဤစကားကိုလည်း။ ယေဘုယ္ယေန၊ များသောအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ကေစိ ပန အပါယသတ္တာ၊ အခြို့ကုန်သော အပါယ်သတ္တဝါတို့သည်ကား။ သံဝဋ္ဋမာနလောကမာတုတော၊ ပျက်ဆဲသော လောကမာတ်မှ။ အညလောကမာတူသု၊ တပါးကုန်သော စကြဝဠာတို့၌လည်း။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။

၁၂၃၆-ခု၊ ပြာသိုလဆန်း၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

http://www.dhammadownload.com

အထက်လျှောက်ထားရင်း ဒါယကာမောင်သာဦး-က နိယတမိစ္ဆာဒိဋ္ဌနှင့် ထပ်မံလျှောက်ထားချက်

[၄၄] "ဘုရားတပည့်တော် စည်ရှည်တံခါးတော်တွင်းနေ ဒါယကာ မောင်သာဦး ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သူတို့က နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသောသူတို့သည် အကျွတ်တရားကို မရ။ အချို့သောသူတို့က အကျွတ်တရားကို ရသေး၏။ အချို့သောသူတို့က နိယတမိစ္ဆာ-ဒိဋ္ဌိအယူကို စွန့်လျှင် ရသေး၏။ အချို့သောသူတို့က နိယတမိစ္ဆာဒိဋ္ဌိအယူကို စွန့်နိုင်သည် ဖြစ်ခဲ့အံ့၊ နိယတ-ဟု မဆိုသင့်။ အနိယတမိစ္ဆာဒိဋ္ဌိ-ဟု ဆိုသင့်သည်။ သို့အထွေထွေ အယူဝါဒ ကွဲပြားကြပါသောကြောင့် တိတိကျကျ သိမှတ်ပါရအောင် ထပ်မံဖြေဆိုအမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဒါယကာမောင်သာဦး လျှောက်ထားချက်–

[၄၄] နိယတမိစ္ဆာဒိဋ္ဌိအယူကို ယူသောသူသည် အကျွတ်တရားကို ရဦးမည်, အကျွတ်တရားကို မရ။ အမြဲပင် နိယတဖြစ်သင့်, မဖြစ်သင့်သည်ကို မေးလျှောက်ပြန်သည်မှာ နိယတမိစ္ဆာဒိဋ္ဌိကို ယူသောသူ၏ ကာလအပိုင်းအခြား မရှိကြောင်းကိုကား **"နိယ-တမိစ္ဆာဒိဋ္ဌိယာ ပန ပရိစ္ဆေဒေါ နတ္ထိ"**ဟု အထက် ပဌမအမေးဌ ပြဆိုခဲ့ပြီ။

ထိုသို့ ပြဆိုခဲ့ပြီးသော ပါဠိတို့တွင် **"သာ ဟိ ဝဋ္ဋသ မူလ တာယ သမန္နာဂတသ ဘဝတော ဝုဋ္ဌာနံ နတ္ထိ"**ဟု ပါဠိကို မြင်သဖြင့် နိယတမိစ္ဆာဒိဋ္ဌိအယူကို မစွန့်လျှင် ငရဲမှ မလွတ်၊ ဝဋ်မှ မထွက်မြောက်။ နိယတမိစ္ဆာဒိဋ္ဌိအယူကို စွန့်လျှင် ငရဲမှ လွတ်၍ ဝဋ်မှ ထွက်မြောက်၏-ဟု ထောက်ဆနိုင်းညှိ သိသင့်သည်ဖြစ်၍ မေးလျှောက်ရင်း ပြဿနာနှင့် လျော်စွာထုတ်၍ မယုတ်မလွန် 'အိုးတန် ဆန်ခပ်'-ဆိုသကဲ့သို့သာ ဖြေဆိုလိုက်သည်။ သည်သာ မကသေး။ မိစ္ဆာဒိဋ္ဌိယူသူတို့ကို ဘုရားအရာ, အထောင်ပင် ဖြစ်ငြားသော်လည်း တရားကို သိမြင်အောင် မတတ်နိုင်သောအကြောင်းကို ဓမ္မသင်္ဂဏီအဋ္ဌကထာ၌–

ယာ စ မိစ္ဆာဒိဋ္ဌိ နိယတာတိ အဟေတုကဝါဒ အကိရိယဝါဒ၊ နတ္ထိကဝါဒေသု အညတရံ ဂဟေတ္ဝာ ဌိတံ ပုဂ္ဂလံ ဗုဒ္ဓသတမွိ ဗုဒ္ဓသဟဿမွိ ဗောဓေတုံ န သက္ကောတိ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ယာ စ မိစ္ဆာဒိဋ္ဌိ နိယတာတိ၊ ယာ စ မိစ္ဆာဒိဋ္ဌိနိယတာ-ဟူသည်ကား။ အဟေတုကဝါဒ အကိရိယဝါဒ နတ္ထိကဝါဒေသု၊ အဟေတုကဝါဒ, အကိရိယဝါဒ, နတ္ထိကဝါဒ-ဟူသော အယူ ၃-ပါးတို့တွင်။ အညတရံ၊ တစ်ပါးပါးသော အယူကို။ ဂဟေတွာ၊ ယူ၍။ ဌိတံ ပုဂ္ဂလံ၊ တည်သောပုဂ္ဂိုလ်ကို။ ဗုဒ္ဓသတမ္မိ၊ ဘုရားအရာပင် ဖြစ်ငြားသော်လည်းကောင်း။ ဗုဒ္ဓသဟဿမ္မိ၊ ဘုရား အထောင်ပင် ဖြစ်ငြားသော်လည်းကောင်း။ ဗောဓေတုံ၊ သစ္စာ ၄-ပါး တရားကို သိစိမ့်သောငှာ။ န သက္ကောတိ၊ မတတ်နိုင်။

ဤရှေ့နောက်ပြဆိုခဲ့ပြီးသော ပါဠိအရပ်ရပ်တို့တွင်–

တာယ သမန္နာဂတဿ ဘဝတော ဝုဋ္ဌာနံ နတ္ထိ၊ အညတရံ ဂဟေတွာ ဌိတံ ပုဂ္ဂလံ ဗုဒ္ဓသတမ္မိ ဗုဒ္ဓသဟဿမ္မိ ဗောဓေတုံ န သက္ကောတိ–

ဟူသောပါဠိကို ထောက်၍ အချို့သောသူတို့ကလည်း နိယတမိစ္ဆာဒိဋ္ဌိ ယူသောသူတို့သည် အကျွတ်တရားကို မရနိုင်ပြီ။ အချို့သော သူတို့ကလည်း နိယတသဒ္ဒါကို ထောက်၍ အမြဲဆိုသဖြင့် အကျွတ်တရားကို မရနိုင်ပြီ-ဟု ယူကြ၏။ ထိုသို့ မယူသင့်။ အဘယ်ကြောင့်နည်း ဟူမူကား- ထိုပါဠိတို့တွင် "နတ္ထိ န သက္ကောတိ"ဟု မြစ်ရာ၌ နသဒ္ဒါသည် ပသဇ္ဇပဋိသေဓ၊ ပရိယုဒါသပဋိသေဓ-ဟူ၍ ၂-ပါးအပြား ရှိ၏။ ထို ၂-ပါးတို့တွင် အလုံးစုံ အကြွင်းမရှိ၊ အချင်းခပ်သိမ်းကို မြစ်သော န-သဒ္ဒါသည် ပသဇ္ဇပဋိသေဓ မည်၏။ တစ်စိတ်အကြွင်းကို ထား၍ မြစ်သော န-သဒ္ဒါသည် ပရိယုဒါသပဋိသေဓ မည်၏။ ဤ"နတ္ထိ န သက္ကောတိ"၌ န-သဒ္ဒါသည် အလုံးစုံအကြွင်းမရှိ အချင်းခပ်သိမ်းကို မြစ်သော ပသဇ္ဇ ပဋိသေဓ န-သဒ္ဒါ မဟုတ်၊ ရှေးပါဠိရပ်တို့၌ "တာယ သမန္နာဂတဿ"ဟူသော ပါဌ်ကိုလည်းကောင်း "တံ ဂဟေတွာ ဌိတံ"ဟူသော ပါဌ်ကိုလည်းကောင်း နှလုံးသွင်းသဖြင့် အကြင်မျှလောက်သော ကာလပတ်လုံး နိယတမိစ္ဆာဒိဋ္ဌိအယူကို မစွန့်၊ ထိုမျှလောက်သော ကာလပတ်လုံး အကျွတ်တရားကို မရနိုင်ရာ။ အကြင်အခါ၌ နိယတမိစ္ဆာဒိဋ္ဌိအယူကို စွန့်၏။ ထိုအခါ၌ အကျွတ်တရားကို ရနိုင်ရာ၏, ရသေး၏-ဟု တစ်စိတ်အကြွင်းကို ထား၍ မြစ်သော ပရိယုဒါသ န-သဒ္ဒါ မည်၏။

ထို့ကြောင့် မဇ္ဈိမပဏ္ဏာသ၊ အပဏ္ဏကသုတ်အဋ္ဌကထာ၌ –

ကိ ပန ဧသ ဧတသ္မိ ယေဝ အတ္ထဘာဝေ နိယတော ဟောတိ, ဥဒါဟု အညသ္မိပိ၊ တသ္မိညေဝ နိယတော အာသေဝနဝသေန ပန ဘဝန္တရေပိ တံ တံ ဒိဋ္ဌိ ရောစေတိယေဝ၊ ဧဝရူပဿပိ ဟိ ယေဘုယ္ယေန ဘဝတော ဝုဋ္ဌာနံ နာမ နတ္ထိ–

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ကိ ပန၊ အဘယ်သို့နည်း။ ဧသ သော၊ ဤနိယတမိစ္ဆာဒိဋ္ဌိယူသော ပုဂ္ဂိုလ်သည်။ ဧတသ္မိ ယေဝ အတ္တဘာဝေ၊ ထိုဘဝ၌သာလျှင်။ နိယတော၊ နိယတအယူရှိသည်။ ဟောတိ ကိ၊ ဖြစ်သလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ အညသ္မိံပိ၊ တပါးသော ဘဝ၌လည်း။ တသ္မိံညေဝ၊ ထိုဘဝ၌ကဲ့သို့။ နိယတော၊ နိယတအယူရှိသည်။ ဟောတိ ကိ၊ ဖြစ်သလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ အာသေဝနဝသေန၊ အာသေဝနပစ္စည်း၏ အစွမ်းဖြင့်။ ဘဝန္တရေပိ၊ ဘဝတပါး၌လည်း။ တံ တံ ဒိဋ္ဌိ၊ ထိုထို နိယတမိစ္ဆာဒိဋ္ဌိအယူကို။ ရောစေတိယေဝ၊ နှစ်သက်သည်သာလျှင်တည်း။

"အလျှင်းပင် ဘဝမှ ထွက်မြောက်သောအကြောင်း မရှိပြီလော"မေးဖွယ်ရှိ၍ "ဧဝရူပဿပိ ဟိ"စသော ပါဠ်ကို မိန့်သော်–

ဟိ၊ ထိုစကားကို ဖြေဦးအံ့။ ဧဝရူပဿပိ၊ ဤသို့ သဘောရှိသော သူအားလည်း။ ယေဘုယ္ယေန၊ များသောအားဖြင့်။ ဘဝတော၊ ဘဝမှ။ ဝုဋ္ဌာနံ နာမ၊ ထွက်မြောက်ခြင်း မည်သည်။ နတ္ထိ၊ မရှိ။

ထိုပါဠိတို့၌ ယေဘုယ္ယေန-ဟု ဆိုအပ်သောကြောင့် များသောအားဖြင့်သာ အကျွတ်တရားကို မရနိုင်သေးသောသူ ရှိသည်။ အပွကအားဖြင့် အချို့သူတို့ အကျွတ်တရားကို ရကုန်၏-ဟု မှတ်အပ်၏။

ထို့ကြောင့် တိကပဋ္ဌာန်းပါဠိတော်၊ မိစ္ဆတ္တနိယတတိက်၊ အာရမ္မဏပစ္စည်းတွင်–

> **မိစ္ဆတ္တနိယတော ဓမ္မော အနိယတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော၊ အရိယာ မိစ္ဆတ္တနိယတံ ပဟီနံ ကိလေသံ ပစ္စဝေက္ခန္တိ၊ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ၊ ပုဗ္ဗေ သမုဒါစိတ္ထော ကိလေသေ ဇာနန္တိ၊ နိယတံ ဓမ္မံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။–**

ဟု နိယတမိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်သည် မဂ်,ဖိုလ်ကို ရ၍ မဂ်,ဖိုလ် ရပြီးသည့်နောက် နိယတမိစ္ဆာဒိဋ္ဌိကဲ့ဖြစ်သော ပယ်အပ်ပြီးသော ကိလေသာကို လက္ခဏာရေးသို့ တင်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဝါရကို ဟောတော်မူသည်။

မိစ္ဆတ္တနိယတော၊ မိစ္ဆတ္တနိယတဖြစ်သော။ ဓမ္မော၊ မိစ္ဆာဒိဋ္ဌိ-ဟု ဆိုအပ်သော တရားသည်။ အနိယတဿ၊ အနိယတဖြစ်သော။ ဓမ္မဿ၊ တရားအား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ မိစ္ဆတ္တနိယတံ၊ မိစ္ဆတ္တနိယတဖြစ်သော။ ပဟီနံ၊ ပယ်အပ်ပြီးသော။ ကိလေသံ၊

http://www.dhammadownload.com

ကိလေသာကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ ပုဗ္ဗေ၊ ရှေး၌။ သမုဒါစိတ္ထော ကိလေသေ၊ လေ့ကျက်ခဲ့ဖူးသော ကိလေသာတို့ကို။ ဇာနန္တိ၊ သိကုန်၏။ နိယတံ၊ နိယတဖြစ်သော။ ဓမ္မံ၊ တရားကို။ အနိစ္စတော၊ အနိစ္စ-ဟူ၍။ ဝိပဿန္တိ၊ ရှုကုန်၏။ ဒုက္ခတော၊ ဒုက္ခ-ဟူ၍။ ဝိပဿန္တိ၊ ရှုကုန်၏။ အနတ္တတော၊ အနတ္တ-ဟူ၍။ ဝိပဿန္တိ၊ ရှုကုန်၏။

နိယတမိစ္ဆာဒိဋ္ဌိယူသော ပုဂ္ဂိုလ်သည် နောက်အခါ ကလျာဏမိတ္တ သံသဂ္ဂသပ္ပရိသူပနိဿယကို ရသဖြင့် အယူဟောင်းကို စွန့်၍ အကျွတ်တရားကို ရသေး၏-ဟု မှတ်အပ်၏။ ဤသို့ ဘုရားဟောတော်မူသော ပါဠိတော်ကို နှလုံးသွင်းသဖြင့် နိယတသဒ္ဒါကို ထောက်၍ မြဲသည်ပင် ဆိုသော်လည်း လွတ်ခွင့်လွတ်ရာ ကျွတ်ခွင့်,ကျွတ်ရာ ကာလကွာဝေးအပိုင်း အခြားကို မမြင်နိုင်သေးသောကြောင့်သာ အခွင့်သာသဖြင့် လွတ်ရာ,လွတ်ကြောင်း ရှိသေး၏-ဟု နိယတမိစ္ဆာဒိဋ္ဌိအယူကို ယူမိသောပုဂ္ဂိုလ်တို့ အယူကို စွန့်ပြီးမှ မဂ်,ဖိုလ်ရသောကာလ နိယတဝါဒကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဆင်ခြင်ကြောင်းနှင့် ဟောတော်မူသော **"နိယတဓမ္မံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"**ဟူသော ဒေသနာကို ထောက်၍ "နိယတ မဆိုသင့်"ဟူသော အယူဝါဒကို ဖျောက်ရာ, စွန့်ရာ၏။

၈-တောင်, ၉-တောင်နက်အောင် မြေကို တူး၍စိုက်သော ကျောက်စာတိုင်သည် အရပ် ၄-မျက်နှာမှလာသော လေတို့ဖြင့် မလှုပ်ရှားနိုင်ကြောင်းကို **"ယထိန္ဒခီလော ပထဝိဿိတော သိယာ၊ စတုဒ္ဒိဝါတေဟိ အသမွကမ္ပိယော"**ဟု ဟောတော်မူသော်လည်း ကမ္ဘာပျက်လေ လာသောအခါ ယူဇနာပေါင်း ၈-သောင်း, ၄-ထောင် ၂-ပြန်ဆောင်သော မြင်းမိုရ်တောင်ပင် တစ်တောင်လုံးကျွတ်၍ ပါသေး၏။

"အနမတဂ္ဂေါ'ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတီ"စသည်ဖြင့် ဟောတော်မူရာ သံသရာဘဝ၏ နောက်အစွန်း ရှေးအစကို မဆနိုင်, မမြင်နိုင်သည်ကိုသာ "န ပညာယတိ"ဟု ဆိုရ၏။ အစွန်းအစ မရှိဟု မဆိုရ။ နိဗ္ဗာန်ကိုရလျှင် ဆုံးကြလေသကဲ့သို့ လွတ်ခွင့်လွတ်ရာ, ကျွတ်ခွင့်ကျွတ်ရာ ဝေးကွာကာလ မရမ်းဆနိုင်၍သာ "မိစ္ဆာဓမ္မနိယတ"ဟု ဆိုရလေသည်။ စင်စစ်မုချ သဘာဝကို ကြံဆပြန်လျှင် နိဗ္ဗာန်နှင့်တကွ နာမပညတ်မှ ကြွင်းသမျှသည် အနိစ္စချည်းပင် ဧကန် မှန်ခဲ့၏။ ပရိယတ္တိဒေသနာကို ထင်ကာ,မြင်ကာမျှနှင့် ရမ်းဆ၍ မဆိုသာ။ ရဟန္တာပင် ဖြစ်ငြားသော်လည်း ဘုရားသဗ္ဗညုအရာကို နေရာကျကျ မသိနိုင်ရာ။ ဘဒ္ဒဇိရဟန္တာကို အာနန္ဒာမထေရ်မြတ်က ၅-ရပ်သောပုစ္ဆာကို မေး၍ဖြေလျှင် "ငါ့ရှင် ဖြေဆိုသောအရာသည် သမုဒ္ဒရာ တဘက်၊ နေထွက်နှင့် နေဝင်၊ ကောင်းကင်နှင့် မြေကြီး ခရီးဝေးကွာသကဲ့သို့ သူတကာတို့ သိသာနာဖွယ် ရှိ၏။ အံ့ဖွယ် မရှိလေ"ဟု အရှင်အာနန္ဒာ ဆိုတော်မူသောအရာများကို နှလုံးထားသဖြင့် စဉ်းစားဆင်ခြင် မြော်မြင် နှိုင်းဆ၍ ဆိုရာ၏။

http://www.dhammadownload.com

ဝန်ကို မနိုင်သောသူတို့ ဆောင်ယူခြင်းကြွလျှင် ကွဲရှျက်စီးတတ်သကဲ့သို့ ပရိယတ္တိဒေသနာကို ဟလသောတုဇန အပွသုတပုဂ္ဂိုလ်တို့ ကြံစည်ယူဆလျှင် နေရာမကျဘဲ ချွတ်လွဲဖောက်ပြန်၍ အလွန်,အယုတ် မဟုတ်,မမှန် ရှိတတ်သည်။ နိယတမိစ္ဆာဒိဋ္ဌအယူရှိသောသူတို့ အလျှင်းပင် အကျွတ်တရားကို ရှုမရကို မယူဆနိုင်ကြသဖြင့် ဝိစိကိစ္ဆာတည်းဟူသော သလွှာဖြင့် ဖုံးလွှမ်းအပ်ကုန်သော အမျိုးသားတို့အား အဝိဇ္ဇနွာကာရတည်းဟူသော အမိုက်မှ အလင်းကို ရ၍ ယထာဘူတ နေရာကျကို သိမှတ်ကြစေခြင်းငှာ ၅-ဖြာမာရ်နှိမ်မာရဇိန်၏ နှိုင်းချိန်ဖွယ်ဟော် တရားတော်တည်းဟူသော ရတနာတန်ဆောင် ညှပ်ထောင်၍ လင်းအောင် ပြလိုက်သည်။

၁၂၆၂-ခု၊ ပြာသိုလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိသည်။

★★★★★★★

မန္တလေးမြို့၊ အမရမာနီ၊ သူရဲစျေးရပ်နေ ဒါယကာအဆောင်တော်မြို့ နေမျိုးမင်းလှစည်သူဘွဲ့ခံ ငယ်မည်မောင်သီးက ခင်ပွန်း ၁၀-ပါးအကြောင်းကို သိသာကွဲပြားခြားနားစွာ သိမှတ်ပါရမည်အကြောင်းနှင့် လျှောက်ထားချက်

[၄၅] "ဘုရားတပည့်တော် သူရဲစျေးနေ တကာငသီး လျှောက်ပါသည် ဆရာတော်ဘုရား။

ခင်ပွန်း ၁၀-ပါး-ဟူ၍ ဆရာသခင် အရှင်ဘုရားတို့ ဟောကြားပြသသည့် အရာကို ကြား,သိ,မှတ်ရဖူးသည်ဖြစ်ပါ၍ ခင်ပွန်း ၁၀-ပါး၏ သရုပ်သဏ္ဌာန်ကို နေရာကျကျ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

သူရဲစျေးနေ အဆောင်တော်မြို့ နေမျိုးမင်းလှစည်သူဘွဲ့ခံ မောင်သီးလျှောက်ထားချက်-

[၄၅] ခင်ပွန်း ၁၀-ပါး သရုပ်သဏ္ဌာန်ကို မေးလျှောက်သည်မှာ–

http://www.dhammadownload.com

ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟန္တာ အဂ္ဂသာဝကာ။
မာတာ ပိတု ဂုရု သတ္ထာ၊ ဓမ္မဒေသနာ စ ဒါယကာ။
ဣမေ ဒသ မဟာဂုဏော၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။ ။

[1]ဗုဒ္ဓါ စ၊ ဘုရားတို့လည်းကောင်း။ [2]ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါတို့လည်းကောင်း။ [3]အရဟန္တာ စ၊ ရဟန္တာပုဂ္ဂိုလ်တို့လည်းကောင်း။ [4]အဂ္ဂသာဝကာ၊ အဂ္ဂသာဝကတို့လည်းကောင်း။ [5]မာတာ စ၊ အမိလည်းကောင်း။ [6]ပိတု၊ အဘလည်းကောင်း။ [7]ဂုရု စ၊ အလေးအမြတ်ပြုအပ်သော ဆရာလည်းကောင်း။ [8]သတ္ထာ စ၊ ဆုံးမပေးသော ဆရာလည်းကောင်း။ [9]ဓမ္မ-ဒေသနာ စ၊ တရားဟောပေးသော သူလည်းကောင်း။ [10]ဒါယကာ စ၊ ပေးကမ်းလှူဒါန်းသော ပုဂ္ဂိုလ်လည်းကောင်း။ ဣမေ ဒသ မဟာဂုဏော၊ ဤ ၁၀-ယောက်သော ဂုဏ်ကျေးဇူးကြီးမားပေသောသူတို့ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ အဟံ၊ သည်။ ဝန္ဒာမိ၊ ၏။ **ဤကား ခင်ပွန်း ၁၀-ပါး ရှိခိုးတည်း။**

ဤခင်ပွန်း ၁၀-ပါးကို ဆရာကြီးတို့ စီကုံးရေးသားသည် ဖြစ်ဟန်ရှိ၏။ **ကျမ်းဂန်၌ကား ခင်ပွန်း ၁၀-ပါးဟူ၍ မလာ။** ၁၀-ပါးဟူ၍ မလာသော်လည်း ဤ ၁၀-ပါးကို ခင်ပွန်း မဟုတ်-ဟူ၍လည်း မဆိုရ။ အကယ်၍ ဤ ၁၀-ပါးသာ ခင်ပွန်း ဖြစ်ခဲ့အံ့။ မဟာသာဝက တို့သည် ခင်ပွန်း မဟုတ်-ဟု ဆိုရန်ရှိ၏။ ထို့ကြောင့် ခင်ပွန်းကား ၁၀-ပါး မဟုတ်၊ အများပင်ဟူ၍ မှတ်ရာ၏။

သတ္ထာကနိပါတ်၊ အင်္ဂုတ္တိရ်ပါဠိတော်၌ကား–

[1]ပေးနိုင်ခဲသော ဝတ္ထုကို ပေးခြင်း, [2]ပြုနိုင်ခဲသော အမှုကို ပြုခြင်း,
[3]သည်းခံနိုင်ခဲသော အမှုကို သည်းခံနိုင်ခြ, [4]လျှို့ဝှက်သောအမှုကို လျှို့ဝှက်ခြင်း,
[5]ထင်စွာပြုအပ်သော ဂုဏ်ကို ထင်စွာပြုခြင်း, [6]ဘေးရန်ရှိသောကာလ မစွန့်ခြင်း,
[7]ဥစ္စာမရှိ ကုန်ခန်းခဲ့သော်လည်း မထေမဲ့မြင် မပြုခြင်း၊

ဤအင်္ဂါ ၇-ပါးတွင် ၁-ပါးပါးနှင့် ပြည့်စုံသောသူကို **အဆွေခင်ပွန်းကောင်းပင်** မှတ်ရာ၏-ဟု **"သတ္ထာဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော"**(အံ၊၂။ ၄၂၁)ဟူ၍ ဟောတော်မူသည်။

ဤသို့ ဟောတော်မူရာ၌လည်း ခင်ပွန်း ၇-ယောက်ပင် ဤသတ္ထာကနိပါတ်၊ အင်္ဂုတ္တိရ်ပါဠိတော်၏ အရ၌ အင်္ဂါ ၁-ပါး, ၁-ပါးပင် ပုဂ္ဂိုလ် ၁-ယောက်၊ ၁-ယောက် ဖြစ်သင့်ရကား ဝါရအားဖြင့်ယူသော် ၆၃-ယောက်၊ ၆၃-ဝါရတို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com

၆၃-ယောက်, ၆၃-ဝါရဖြစ်ဟန်ကား– အဂ်ီ ၇-ပါးတို့ကို ၁-ပါး၌–

၁-ပါး, ၁-ပါးသော အဂ်ီ။ ၂-ပါး, ၂-ပါးသော အဂ်ီ။
၃-ပါး, ၃-ပါးသော အဂ်ီ။ ၄-ပါး, ၄-ပါးသော အဂ်ီ။
၅-ပါး, ၅-ပါးသော အဂ်ီ။ ၆-ပါး, ၆-ပါးသော အဂ်ီ။
၇-ပါး, ၇-ပါးသော အဂ်ီ-ဟူ၍ ဧကဝါရ၊
ဒုက ၂၁-ဝါရ၊ တိက ၁၅-ဝါရ၊
စတုက ၁၀-ဝါရ၊ ပဉ္စက ၆-ဝါရ၊
ဆက္က ၃-ဝါရ၊ သတ္တက ၁-ဝါရ

ဖြစ်၍ ၆၃-ယောက်, ၆၃-ဝါရ ဖြစ်၏။

ဧကက ၇-ဝါရ-ဟူသော်ကား– ဒုဒ္ဒဒံ ဒဒါတိ ၁-ဝါရ၊ ဒုက္ကရံ ကရောတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ ၁-ဝါရ။ ဝုယ္ဟမာသ ပရိဝုဟတိ ၁-ဝါရ။
ဝုယ္ဟမာသ နာဝိကရောတိ *(ဝုယ္ဟမာသ အာဝိကရောတိ)* ၁-ဝါရ။
အာပဒါသု န ဝိဇဟတိ ၁-ဝါရ။
ခီဏောန နာတိ မညတိ ၁-ဝါရ။

ဤသို့ ဧကက ၇-ဝါရ ဖြစ်၏။

ဒုက ၂၁-ဝါရ-ဟူသော်ကား– ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ခမံ ခမတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဝုယ္ဟမာသ ပရိဝုယ္ဟတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဝုယ္ဟမာသ နာဝိကရောတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ အာပဒါသု န ဝိဇဟတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ ၁-ဝါရ။
ဒုက္ခရံ ကရောတိ၊ ဝုယ္ဟမာသ ပရိဝုယ္ဟတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဝုယ္ဟမာသ နာဝိကရောတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ အာပဒါသု န ဝိဇဟတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။

http://www.dhammadownload.com

ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ နာဝိကရောတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ၊ အာပဒါသု န ဝိဇဟတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ ၁-ဝါရ။
ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ အာပဒါသု န ဝိဇဟတိ ၁-ဝါရ။
ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဂုယ္ဟမဿ နာဝိကရောတိ၊ အာပဒါသု န ဝိဇဟတိ ၁-ဝါရ။
ဂုယ္ဟမဿ နာဝိကရောတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
အာပဒါသု န ဝိဇဟတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။

ဤသို့ ဒုက ၂၁-ဝါရ ဖြစ်၏။

တိက ၁၅-ဝါရ-ဟူသော်ကား—

ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဂုယ္ဟမဿ နာဝိကရောတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ အာပဒါသု န ဝိဇဟတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ နာဝိကရောတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ အာပဒါသုန ဝိဇဟတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ အာပဒါသု နဝိဇဟတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ၊ အာပဒါသု န ဝိဇဟတိ ၁-ဝါရ။
ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။

http://www.dhammadownload.com

ဂုယ္ဟမဿ နာဝိကရောတိ၊ အာပဒါသု နဝိဇဟတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဤသို့ တိက ၁၅-ဝါရ ဖြစ်၏။

စတုက ၁၀-ဝါရ-ဟူသော်ကား–

ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ နာဝိကရောတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ အာပဒါသု နဝိဇဟတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ အာပဒါသု နဝိဇဟတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ၊ အာပဒါသု နဝိဇဟတိ ၁-ဝါရ။
ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ၊ အာပဒါသု နဝိဇဟတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဤသို့ စတုက ၁၀-ဝါရ ဖြစ်၏။

ပဉ္စက ၆-ဝါရ-ဟူသော်ကား–

ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿ နာဝိကရောတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ အာပဒါသု နဝိဇဟတိ ၁-ဝါရ။
ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။
ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယ္ဟမဿ ပရိဂုယ္ဟတိ၊ ဂုယ္ဟမဿာ နာဝိကရောတိ၊ အာပဒါသု နဝိဇဟတိ ၁-ဝါရ။

http://www.dhammadownload.com

ဒုက္ကရံ် ကရောတိ၊ ဒုက္ခမံ် ခမတိ၊ ဂုယှမဿ ပရိဂုယှတိ၊ ဂုယှမဿ နာဝိကရောတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။

ဒုက္ခမံ် ခမတိ၊ ဂုယှမဿ ပရိဂုယှတိ၊ ဂုယှမဿ နာဝိကရောတိ၊ အာပဒါသု န ဝိဇာတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။

ဤသို့လျှင် ပဉ္စက ၆-ဝါရ ဖြစ်၏။

ဆက္က ၃-ဝါရ-ဟူသော်ကား–

ဒုဒ္ဒဒံ် ဒဒါတိ၊ ဒုက္ကရံ် ကရောတိ၊ ဒုက္ခမံ် ခမတိ၊ ဂုယှမဿ ပရိဂုယှတိ၊ ဂုယှမဿ နာဝိကရောတိ၊ အာပဒါသု န ဝိဇာတိ ၁-ဝါရ။

ဒုဒ္ဒဒံ် ဒဒါတိ၊ ဒုက္ကရံ် ကရောတိ၊ ဒုက္ခမံ် ခမတိ၊ ဂုယှမဿ ပရိဂုယှတိ၊ ဂုယှမဿ နာဝိကရောတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။

ဒုက္ကရံ် ကရောတိ၊ ဒုက္ခမံ် ခမတိ၊ ဂုယှမဿ ပရိဂုယှတိ။ ဂုယှမဿ နာဝိကရောတိ၊ အာပဒါသု န ဝိဇာတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။

ဤသို့ ဆက္က ၃-ဝါရ ဖြစ်၏။

သတ္တက ၁-ဝါရ-ဟူသည်ကား–

ဒုဒ္ဒဒံ် ဒဒါတိ၊ ဒုက္ကရံ် ကရောတိ၊ ဒုက္ခမံ် ခမတိ၊ ဂုယှမဿ ပရိဂုယှတိ၊ ဂုယှမဿ နာဝိကရောတိ၊ အာပဒါသု န ဝိဇာတိ၊ ခီဏောန နာတိမညတိ ၁-ဝါရ။

ဤသို့ ၆၃-ဝါရ၏အရသည် ပုဂ္ဂိုလ် ၆၃-ယောက် ဖြစ်သင့်ရကား ခင်ပွန်း ၆၃-ယောက်ပင် မှတ်ရာ၏။

ဒုဒ္ဒဒံ၊ ပေးနိုင်ခဲသော ဝတ္ထုကို။ ဒဒါတိ၊ ပေး၏။ ဒုက္ကရံ၊ ပြုနိုင်ခဲသော အမှုကို။ ကရောတိ၊ ပြု၏။ ဒုက္ခမံ၊ သည်းခံနိုင်ခဲသော အမှုကို။ ခမတိ၊ သည်းခံ၏။ အဿ၊ ထိုသူ၏။ ဂုယှံ၊ လျှို့ဝှက်အပ်သော အမှုကို။ ပရိဂုယှတိ၊ လျှို့ဝှက်၏။ အဿ၊ ထိုသူ၏။ ဂုယှံ၊ လျှို့ဝှက်အပ်သော အမှုကို။ နာဝိကရောတိ၊ ထင်စွာမပြု၊ (ဂုဏ်ကိုသာ ပြ၏-ဟူလို)။ အာပဒါသု၊ ဘေးရန်တို့သည်။ သန္တေသု၊ ရှိကုန်သော်။ န ဝိဇာတိ၊ မစွန့်။ ခီဏောန၊ ဥစ္စာကုန်ခန်းသဖြင့်။ နာတိမညေတိ၊ မထေမဲ့မြင် မပြု။ ဤသို့ ဝါရအစဉ်ကို ရှု၍ အနက်ပေးလေ။

"ဗောဓိပရိဗိုဇ်သည် ခွေးကို အဆွေခင်ပွန်းဖွဲ့သောကြောင့် သေဘေးမှ လွတ်ကြောင်း"ကို သတ္တကနိပါတ်၊ မဟာဗောဓိဇာတ်တွင် ဟောတော်မူသည့်အရာ၌ တိရစ္ဆာန်နှင့် လူပင်ဖြစ်သော်လည်း ခင်ပွန်း မည်၏။

http://www.dhammadownload.com

ခြင်္သေ့, ဝံလိုဌက်, သိမ်းဌက် ဖို,မ၊ လိပ် သား,အဘ၊ ၆-ဦးသားတို့ မိတ်ဆွေဖွဲ့၍ တစ်ဦးကို တစ်ဦး စောင့်ရှောက်ကြသောကြောင့် 'သိန်းစွန်ကို ယူအံ့'-ဟု သစ်ပင်သို့ မုဆိုးတက်သည်ကို သစ်ပင်ထက်တိုင်ရုံမျှ မရောက်နိုင်။

"ဘုရားလောင်း ဆင်မင်းကို ကျော့ကွင်းမိရာ လိပ်ကိုက်ဖြတ်၍ ချမ်းသာရကြောင်း, လိပ်ကို မုဆိုး ဆောင်ယူသွားပြန်သည်ကိုလည်း ခေါက်ရှာဌက်နှင့် သမင် စောင့်ရှောက်သဖြင့် အသက်ချမ်းသာရကြောင်း"ကို ပကိဏ္ဏကနိပါတ်၊ မဟာဥက္ကုသဇာတ်။ ဒုကနိပါတ်၊ ကုရုဓ်မိဂဇာတ်တော်တို့တွင် ဟောတော်မူသည့်အရာ၌ တိရစ္ဆာန်ချင်းပင် ဖြစ်ငြားသော်လည်း အဆွေခင်ပွန်းပင် မည်၏။

"ဟိမဝန္တာအနီး၊ ကဋ္ဌဝါဟနတိုင်း၊ **ကဋ္ဌဝါဟနမင်းကြီးနှင့် ဗာရာဏသီမင်းကြီး**တို့ အဒိဋ္ဌသဟာယဖြစ်ကြ၍ တစ်ဦးကို တစ်ဦး လက်ဆောင်ပဏ္ဏာ ဆက်သကြသည်"ဟု သုတ္တနိပါတ်၊ ဗာဝရိယသုတ်တွင် ဟောတော်မူသည့်အရာလည်း အဆွေခင်ပွန်းပင်။

"ယူဇနာ ၁၉၂-ယူဇနာ ကွာသော တက္ကသီလတိုင်း၊ **ပက္ကုသာတိမင်းကြီး**နှင့် ရာဇဂြိုဟ်ပြည်၊ **ဗိမ္ဗိသာရမင်းကြီး**တို့ တစ်ဦးကို တစ်ဦး အဒိဋ္ဌသဟာယမိတ်ဆွေ ပြုကြ၍ ဗိမ္ဗိသာရမင်းကြီး ပေးမှာလိုက်သော ဆောင်းပါးကြောင့် ဘုရားရှိရာ ပက္ကုသာတိမင်းကြီး ရောက်လာသည်"ဟု ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ်တွင် ဟောတော်မူသည့်အရာလည်း ခင်ပွန်း မည်၏။

"သီဟိုဠ်ကျွန်း၊ **ဒေဝါနံပိယတိဿမင်းကြီး**နှင့် ဇမ္ဗူဒိပ်ကျွန်းအလုံးကို အစိုးရသော ပါဋလိပုတ်ပြည် **ဓမ္မာသောကမင်းကြီး**တို့ အဒိဋ္ဌသဟာယမိတ်ဖြစ်ကြ၍ အနဝတတ်အိုင်ရေ, လက်ယာရစ် ခရုသင်းများကို ဆက်သကြသည်"ဟု ပါရာဇိကဏ် အဋ္ဌကထာကျမ်းတွင် ပြဆိုသည့်အရာလည်း ခင်ပွန်းပင်။

ဤလောက၌ တိုင်းရှင်, ပြည်ရှင် ဧကရာဇ်မင်းတို့ မဟာမိတ်ဖွဲ့၍ တစ်ဦးကို တစ်ဦး လက်ဆောင်ပဏ္ဏာ ဆက်သ၍ အချင်းချင်း အခွန့်ရှည်စွာ ဆောင်းပါးသဝဏ်စာ ပေးကြသည့်အရာများလည်း ခင်ပွန်းပင်။

ယင်းသို့ဖြစ်၍ ယခင် ၁၀-ပါးမှ ၁-ပါးလည်း များစွာပင် ရှိချေရကား ခင်ပွန်း ၁၀-ပါးသာ မဟုတ်၊ အရာရာသို့ လိုက်၍ များစွာပင် မှတ်ရာ၏။ ခင်ပွန်းဟော မိတ္တ-သဒ္ဒါ၏ အရ သဒ္ဒနယကို ဆင်ခြင်သော် "မိဒတိတိ မိတ္တာ" ဤသို့ ဝစနတ္ထ[illegible]။

မိဒတိ၊ ချစ်မြတ်နိုးတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မိတ္တာ၊ မိတ္တာမည်၏။ **နှစ်သက်ကျွမ်းဝင် ချစ်ခင်လေးမြတ် အပ်သောသူသည် ခင်ပွန်း မည်၏**။

http://www.dhammadownload.com

ထို့ကြောင့် ခင်ပွန်းသည် ၁၀-ပါးသာ မဟုတ်ရာ၊ အများပင် ရှိရာ၏။ မူဂပက္ခ အမည်ရှိသော တေမိဇာတ်တော်တွင် သုနန္ဒာရထားထိန်းကို ဘုရားအလောင်းတော် တေမိမင်း ဆုံးမရာ၌ မိမိကိုယ်ကိုပင် သုနန္ဒာရထားထိန်း မပြစ်မှားသင့်သည်ကို အကြောင်း ပြု၍ ဟောတော်မူသည့်အရာ၌လည်း ခင်ပွန်း ၁၀-ပါးဟူ၍ မလာ။ ခင်ပွန်းကို မပြစ်မှားသ သူတို့၌ အကျိုးရှိရာသည်ကို ဟောတော်မူသည့် ဒေသနာ ၁၀-ဂါထာ-ဟူ၍သာ လာသည်။

လာသောဂါထာကား–

၁။ ဗဟုတဘက္ခော ဘဝတိ၊ ဝိပ္ပမုတ္ထော သကဃရာ။
ဗဟူ နံ ဥပဇီဝန္တိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။

၂။ ယံ ယံ ဇနပဒံ ယာတိ၊ နိဂမေ ရာဇဓာနိယော။
သဗ္ဗတ္ထ ပူဇိတော ဟောတိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။

၃။ နာ'ဿ စောရာ ပသဟန္တိ၊ နာ'တိမညန္တိ ခတ္တိယာ။
သဗ္ဗေ အမိတ္တေ တရတိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။

၄။ အကုဒ္ဓေါ သဃရံ ဧတိ၊ သဘာယံ ပဋိနန္ဒိတော။
ဉာတီနံ ဥတ္တမော ဟောတိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။

၅။ သတ္တတ္တာ သတ္တတော ဟောတိ၊ ဂရုကော ဟောတိ သဂါရဝေါ။
ဝဏ္ဏကိတ္တိဘာတော ဟောတိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။

၆။ ပူဇိတော လဘတေ ပူဇံ၊ ဝန္ဒိတော ပဋိဝန္ဒနံ။
ယသော ကိတ္တိဉ္စ ပပ္ပေါတိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။

၇။ အဂ္ဂိ ယထာ ပဇ္ဇလတိ၊ ဒေဝတာ'ဝ ဝိရောစတိ။
သိရိယာ အဇဟိတော ဟောတိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။

၈။ ဂါဝေါ တဿ ပဇာယန္တိ၊ ခေတ္တေ ဝုတ္တံ ဝိရုဠှတိ။
ဝုတ္ထာနံ ဖလ'မဿနာတိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။ ။

၉။ ဒရိတော ပဋတတော ဝါ၊ ရုက္ခတော ပတိတော နရော။
စုတော ပတိဋ္ဌံ လဘတိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။ ။

၁၀။ ဝိရုဠှမူလသန္ဓာနံ၊ နိဂ္ရောဓမိဝ မာလုတော။
အမိတ္တာ နပ္ပသဟန္တိ၊ ယော မိတ္တာနံ န ဒုဋ္ဌတိ။ ။

http://www.dhammadownload.com

၁။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဇ္ဇတိ၊ မပြစ်မှား။ သော နရော၊ ထိုသူသည်။ သကယရာ၊ မိမိအိမ်မှ။ ဝိပ္ပမုတ္တော၊ လွတ်သည်ရှိသော်။ ဗဟုတဘက္ခော၊ များသော အစာရှိသည်။ ဘဝတိ၊ ဖြစ်၏။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ နံ၊ ထိုခင်ပွန်း မပြစ်မှားသောသူကို။ ဥပဇီဝန္တိ၊ မှီ၍ အသက်မွေးကုန်၏။

၂။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဇ္ဇတိ၊ မပြစ်မှား။ သော နရော၊ ထိုသူသည်။ ယံ ယံ ဇနပဒံ၊ အကြင်အကြင် ဇနပုဒ်သို့လည်းကောင်း။ ယေ ယေ နိဂမေ၊ အကြင်အကြင် နိဂုံးတို့သို့လည်းကောင်း။ ယေ ယေ ရာဇာနိယော၊ အကြင်အကြင် မင်းနေပြည်တို့သို့လည်းကောင်း။ ယာတိ၊ သွားအံ့။ သော နရော၊ ထိုသူကို။ သဒ္ဓဏ္ဍ၊ ခပ်သိမ်းကုန်သော အရပ်တို့၌။ ပူဇိတော၊ ပူဇော်အပ်သည်။ ဟောတိ၊ ဖြစ်၏။

၃။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဇ္ဇတိ၊ မပြစ်မှား။ အဿ နရဿ၊ ထိုသူအား။ စောရာ၊ ခိုးသူတို့သည်။ နပသဟန္တိ၊ မနှိပ်စက်နိုင်ကုန်။ ခတ္တိယာ၊ မင်းတို့သည်။ နာတိမညန္တိ၊ မထေမဲ့မြင် မပြုနိုင်ကုန်။ သဒ္ဓေ၊ ခပ်သိမ်းကုန်သော။ အမိတ္တေ၊ ရန်သူတို့ကို။ တရတိ၊ လွန်နိုင်၏။

၄။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဇ္ဇတိ၊ မပြစ်မှား။ သော နရော၊ ထိုသူသည်။ အကုဒ္ဓေါ၊ အမျက်မထွက်သည်ဖြစ်၍။ သဃရံ၊ မိမိအိမ်သို့။ ဧတိ၊ လာရ၏။ သဘာယံ၊ သဘင်အလယ်၌။ ပဋိနန္ဒိတော၊ နှစ်လိုဝမ်းမြောက်သောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥတိနံ၊ အဆွေအမျိုးတို့ထက်။ ဥတ္တမော၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။

၅။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဇ္ဇတိ၊ မပြစ်မှား။ သော နရော၊ ထိုသူသည်။ သက္ကတ္တာ၊ ပူဇော်သောကြောင့်။ သက္ကတော၊ အတုံ့ပူဇော်သည်။ ဟောတိ၊ ဖြစ်၏။ ဂရုကော၊ အလေးအမြတ် ပြုအပ်သည်ဖြစ်၍။ သဂါရဝေါ၊ သူတပါးတို့ ရှိသေသည်။ ဟောတိ၊ ဖြစ်၏။ ဝဏ္ဏကိတ္တိဘာတော၊ ကျေးဇူးသတင်း ကျော်စောသံဖြင့် တောက်ပသည်။ ဟောတိ၊ ဖြစ်၏။

၆။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နဒုဇ္ဇတိ၊ မပြစ်မှား။ သော နရော၊ ထိုသူသည်။ ပူဇိတော၊ အဆွေခင်ပွန်းတို့အား ပူဇော်သည်ဖြစ်၍။ ပူဇံ၊ ပူဇော်ခြင်းကို။ လဘတေ၊ ရ၏။ ဝန္ဒိတော၊ ဘုရား-အစရှိသော ခင်ပွန်းတို့အား ရှိခိုးသည်ဖြစ်၍။ ပဋိဝန္ဒနံ၊ တဖန် ရှိခိုးခြင်းကို။ လဘတိ၊ ရ၏။ ယသောကိတ္တိဘ္ဂ၊ ကျေးဇူးသတင်းကျော်ဇောခြင်းသို့လည်း။ ပပ္ပေါတိ၊ ရောက်၏။

http://www.dhammadownload.com

၇။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နာ ဒုဇ္ဇတိ၊ မပြစ်မှား။ သော နရော၊ ထိုသူသည်။ ယထာ ယေန ပကာရေန၊ အကြင်သို့သော အပြားအားဖြင့်။ အဂ္ဂိ၊ မီးသည်။ ပဇ္ဇလတိ ဣဝ၊ တောက်ပသကဲ့သို့။ ပဇ္ဇလတိ၊ တောက်ပ၏။ ဒေဝတာ၊ နတ်သားသည်။ ဝိရောစတိ ဣဝ၊ တင့်တယ်သကဲ့သို့။ ဝိရောစတိ၊ တင့်တယ်၏။ သိရိယာ၊ အသရေသည်။ အဇဟိတော၊ မစွန့်အပ်သည်။ ဟောတိ၊ ဖြစ်၏။

၈။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နာ ဒုဇ္ဇတိ၊ မပြစ်မှား။ တဿ နရဿ၊ ထိုသူအား။ ဂါဝေါ၊ နွားတို့သည်။ ပဇာယန္တိ၊ ပွါးကုန်၏။ ခေတ္တေ၊ လယ်၌။ ဝုတ္ထံ၊ ပျိုးသော မျိုးသည်။ ဝိရုဠှတိ၊ ကောင်းစွာ ရောက်စေ၏။ ဝုတ္ထာနံ၊ ပျိုးသော မျိုးတို့၏။ ဖလံ၊ အသီးကို။ အသနာတိ၊ စားရ၏။

၉။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နာ ဒုဇ္ဇတိ၊ မပြစ်မှား။ သော နရော၊ ထိုသူသည်။ ဒရိတော ဝါ၊ ချောက်ကမ်းပါးမှလည်းကောင်း။ ပဗ္ဘတတော ဝါ၊ တောင်မှလည်းကောင်း။ ရုက္ခတော ဝါ၊ သစ်ပင်မှလည်းကောင်း။ ပတိတော၊ ကျသည်ဖြစ်၍။ စုတော၊ စုတေခဲ့သည်ရှိသော်။ ပတိဋ္ဌံ၊ လှဏ္ဍာ,နတ်ရပ် မြတ်သောသုဂတိဘဝ-ဟု ဆိုအပ်သော တည်ရာကို။ လဘတိ၊ ရ၏။

၁၀။ ယော နရော၊ အကြင်သူသည်။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့အား။ နာ ဒုဇ္ဇတိ၊ မပြစ်မှား။ တံ၊ ထိုသူကို။ ဝိရုဠှမူလသန္တာနံ၊ များစွာ ကြီးပွါးသော အမြစ်ရှိသော။ နိဂြောဓံ၊ ပညောင်ပင်ကို။ မာလုတော၊ လေသည်။ နာ ပသဟတိ ဣဝ၊ မနှိပ်စက်နိုင်သကဲ့သို့။ အမိတ္တာ၊ ရန်သူတို့သည်။ နာ ပသဟန္တိ၊ မနှိပ်စက်နိုင်ကုန်။

ဤကား မူဂပက္ခဇာတ်တော်လာ ၁၀-ဂါထာတို့၏ အနက်တည်း။ ဤသို့ မူဂပက္ခမည်သော တေမိဇာတ်တော်တွင် ခင်ပွန်းကို မပြစ်မှားသောသူတို့အား ရရာသော အကျိုးကို ဟောတော်မူသောအရာ ၁၀-ဂါထာ-ဟူ၍သာ ကျမ်းဂန်လာသည်။ **ခင်ပွန်း ၁၀-ပါး-ဟူ၍ ဂါထာစီကုံးလျက် ရှိကြသည်မှာ ဗဟုသုတရှိသူတို့ စီကုံးရေးထားဟန် ရှိ၏။**

အရည်စစ် အဓိပ္ပါယ်မှာ ခင်ပွန်းကို မပြစ်မှားသသူတို့အား ရရာသော အကျိုးကို ဟောတော်မူသော အရာ ၁၀-ဂါထာဟူ၍ ကျမ်းဂန် ရှိသည်။ ခင်ပွန်း ၁၀-ပါးဟူ၍ ကျမ်းဂန် မရှိ။ ဂါထာစီကုံး ရေးသားထားကြသော ပုဂ္ဂိုလ် ၁၀-ယောက်တို့လည်း ခင်ပွန်းပင် မှတ်ရာ၏။ ယင်းသည့် ၁၀-ယောက်မှ တပါးလည်း ခင်ပွန်းရှိသေး၏-ဟု မှတ်ရာ၏။

၁၂၃၆-ခု၊ တပို့တွဲလဆန်း၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** အမိန့်ရှိသည်။

★★★★★★★

http://www.dhammadownload.com

မန္တလေးမြို့မြောက်ပြင်၊ မဏ္ဍလာရာမတိုက်တွင် သီတင်းသုံးနေသော ထားဝယ်မြို့ဇာတိ၊ ရဟန်းတော် ဓ္ဒင်သောဘိတ-က ဝဠုနအရာကို သရုပ်သခ်ျာန္ဒင့်တကွ သိမှတ်ပါရအောင် မ,စပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၄၆] "ဘုရားတပည့်တော် မဏ္ဍလာရာမတိုက်နေ ဓ္ဒင်သောဘိတ လျှောက်ပါသည် ဆရာတော်ဘုရား။

'ဝဠုန'-ဟူ၍ လှည့်ပတ်ခြင်းအပြား များစွာရှိကြောင်းကိုသာ ကြားသိရဖူးသည်ဖြစ်ပါ၍ ထိုဝဠုနတရားတို့၏ သရုပ်သခ်ျာကို အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဝင်းရဟန်းတော် ဓ္ဒင်သောဘိတ လျှောက်ထားချက်–

[၄၆] ဝဠုနအပြားကို မေးလျှောက်သည်မှာ နေတို့အဋ္ဌကထာ၊ ဋီကာ။ ဝိဘင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဓမ္မသင်္ဂဏီအဋ္ဌကထာတို့တွင် လာသော နည်းဥပဒေသကို အကျဉ်းအမြွက်မျှ သိသာရုံ ပြပေအံ့။

၁။ မေတ္တာဃနာမုခေန ရာဂေါ ဝဠွေတိ၊
၂။ ကရုဏာဃနာပဋိရူပေန သောကော ဝဠွေတိ၊
၃။ မုဒိတာဝိဟာရပဋိရူပေန ပဟာသော ဝဠွေတိ၊
၄။ ဥပေက္ခာဝိဟာရပဋိရူပေန ကုသလေသု ဓမ္မေသု နိက္ခိတ္တဓုရတာ(ဆန္ဒတာ) ဝဠွေတိ၊
၅။ သံဝေဂပဋိရူပေန စိတ္တသန္တာပေါ ဝဠွေတိ၊
၆။ ဝီမံသနာပဋိရူပေန အဿဒ္ဓိယံ ဝဠွေတိ၊
၇။ ပါပဂရဟိတာပဋိရူပတာယ ပရဝဇ္ဇနာနုပသိတာ ဝဠွေတိ၊
၈။ နိဂယ္ဘဝါဒိတာပဋိရူပတာယ ဖရုသဝါစာ ဝဠွေတိ၊
၉။ ပိယဝါဒိတာပဋိရူပတာယ စာပုကမျတာ ဝဠွေတိ၊
၁၀။ အာဇီဝပါရိသုဒ္ဓိပဋိရူပတာယ အသံဝိဘာဂသိလတာ ဝဠွေတိ၊

http://www.dhammadownload.com

၁၁။ သံဝိဘာဂသီလတာပဋိရူပတာယ မိစ္ဆာဇီဝေါ ဝဠွေတိ၊
၁၂။ အသံသဂ္ဂဝိဟာရိတာပဋိရူပတာယ အသင်္ဂဟသီလတာ ဝဠွေတိ၊
၁၃။ သင်္ဂဟသီလတာပဋိရူပတာယ အနနုလောမိကဂိဟိသံသဂ္ဂေါ ဝဠွေတိ၊
၁၄။ သစ္စဝါဒိတာပဋိရူပတာယ ပိသုဏဝါစတာ ဝဠွေတိ၊
၁၅။ အပိသုဏဝါစတာပဋိရူပတာယ အနတ္ထကာမတာ ဝဠွေတိ၊
၁၆။ ကုလာနုဒ္ဒယတာပဋိရူပတာယ ကုလမစ္ဆရိယံ ဝဠွေတိ၊
၁၇။ အာဝါသစိရဋ္ဌိတာကာမတာမုခေန အာဝါသမစ္ဆရိယံ ဝဠွေတိ၊
၁၈။ ဓမ္မဘဏ္ဍ(ပရိဗန္ဓ) ပရိဟရဏတာမုခေန ဓမ္မမစ္ဆရိယံ ဝဠွေတိ၊
၁၉။ ဓမ္မဒေသနာဘိရတိမုခေန ဘဿာရာမတာ ဝဠွေတိ၊
၂၀။ ဂဏာနုဂ္ဂဟကာရဏတာမုခေန သံဂဏိကာရာမတာ ဝဠွေတိ၊
၂၁။ ပုညကာမတာပဋိရူပတာယ ကမ္မာရာမတာ ဝဠွေတိ၊
၂၂။ ပဋိကူလသညတာမုခေန ဗျာပါဒေါ ဝဠွေတိ၊
၂၃။ အပ္ပဋိကူလသညတာမုခေန ကာမစ္ဆန္ဒော ဝဠွေတိ၊
၂၄။ သမာဓိမုခေန ထိနမိဒ္ဓံ ဝဠွေတိ၊
၂၅။ ဝိရိယာရမ္ဘမုခေန ဥဒ္ဓစ္စံ ဝဠွေတိ၊
၂၆။ သိက္ခာကာမတာမုခေန ကုက္ကုစ္စံ ဝဠွေတိ၊
၂၇။ ဉာယပက္ခသန္တိရဏမုခေန ဝိစိကိစ္ဆာ ဝဠွေတိ၊
၂၈။ ဣဒ္ဓာနိဋ္ဌသမုပေက္ခနာမုခေန သမ္မောဟော ဝဠွေတိ၊
၂၉။ ဝိမံသာမုခေန ဟေတုပဋိရူပကပရိဂ္ဂဟေန မိစ္ဆာဒိဋ္ဌိ ဝဠွေတိ၊
၃၀။ ဝိရတ္တတာပဋိရူပေန သတ္တေသု အဒယာပန္နတာ ဝဠွေတိ၊
၃၁။ အနုညာတပဋိသေဓနပဋိရူပတာယ ကာမသုခလ္လိကာနုယောဂေါ ဝဠွေတိ၊
၃၂။ သဒ္ဓါလုတာပဋိရူပတာယ အပရိက္ခတာ ဝဠွေတိ၊
၃၃။ အတ္တာဓိပတေယျပဋိရူပေန ဂရူနံ န အနုသာသနိယာ အပဒက္ခိဏဂ္ဂါဟိတာ ဝဠွေတိ၊
၃၄။ ဓမ္မာဓိပတေယျတာပဋိရူပေန သပြဟ္မစာရီသု အဂါရဝေါ ဝဠွေတိ၊
၃၅။ လောကာဓိပတေယျပဋိရူပေန အတ္တနိ စ ဓမ္မေ စ ပရိဘဝေါ ဝဠွေတိ၊

http://www.dhammadownload.com

၃၆။ မိတဘာဏိတာပဋိရူပတာယ အသမ္မောဒနသီလတာ ဝဏ္ဏော၊

၃၇။ သမ္မောဒနသီလတာပဋိရူပတာယ မာယာသာထေယျံ ဝဏ္ဏော၊

သတ္ထာတိသဝဏ္ဏနာဒါ နိဒ္ဒိတာ။ (နေတ္တိအဋ္ဌကထာ။၉၀-၁)

၁။ မေတ္တာယနာမုခေန၊ ချစ်ခြင်းမေတ္တာကို အရင်းပြုသဖြင့်။ ဝါ၊ မေတ္တာအယောင် ဆောင်သဖြင့်။ ရာဂေါ၊ တပ်ခြင်းရာဂသည်။ ဝဏ္ဏော၊ လှည့်ပတ်တတ်၏။

၂။ ကရုဏာယနာပဋိရူပေန၊ သနားခြင်း ကရုဏာနှင့် အသွင်တူသဖြင့်။ သောကော၊ စိုးရိမ်ခြင်း သောကသည်။ ဝဏ္ဏော၊ လှည့်ပတ်တတ်၏။

၃။ မုဒိတာဝိဟာရပဋိရူပေန၊ ဝမ်းမြောက်ခြင်း မုဒိတာဗြဟ္မဝိဟာရနှင့် အသွင်တူသဖြင့်။ ပဟာသော၊ မြူးထူးပျော်ရွှင်ခြင်း ပဟာသတရားသည်။ ဝဏ္ဏော၊ လှည့်ပတ်တတ်၏။

၄။ ဥပေက္ခာဝိဟာရပဋိရူပေန၊ လျစ်လျူခြင်း ဥပေက္ခာဗြဟ္မဝိဟာရတရား အယောင်ဆောင်သဖြင့်။ ကုသလေသု ဓမ္မေသု နိက္ခိတ္တဓုရတာ၊ ကုသိုလ်ကောင်းမှုတို့၌ လုံ့လမပြုဘဲ စိတ်ကို ချ၍ နေခြင်း နိက္ခိတ္တဓုရတရားသည်။ ဝဏ္ဏော၊ လှည့်ပတ်တတ်၏။ (ကုသိုလ်ကောင်းမှုကို အားမထုတ်ချင်သောကြောင့် ငိုက်မျဉ်းပျင်းရိလျက် ဝင့်၌ မွေလျော်ခြင်း ဝဋ္ဌာဘိရတာကြောင့် မေ့မေ့လျော့လျော့ နေပါသည့်အရာကို လျစ်လျူရှုသော ဥပေက္ခာဗြဟ္မဝိဟာရ အားကြိုးလှ၍ မကြောင့်မကြ နေလေဟန် ထင်မှားတတ်၏-ဟူလို။)

၅။ သံဝေဂပဋိရူပေန၊ ဝဋ်ဆင်းရဲ၌ ထိတ်လန့်ခြင်း သံဝေဂတရားနှင့် တူသဖြင့်။ စိတ္တသန္ဆာပေါ၊ စိတ်၏ပူပန်ခြင်း ဒေါသသည်။ ဝဏ္ဏော၊ လှည့်ပတ်တတ်၏။

၆။ ဝီမံနာပဋိရူပေန၊ စုံစမ်းဆင်ခြင်သော ပညာနှင့် တူသဖြင့်။ **အဿဒ္ဓိယံ**၊ သူတပါးတို့ကို မယုံကြည်ခြင်း အဿဒ္ဓိယတရားသည်။ ဝဏ္ဏော၊ လှည့်ပတ်တတ်၏။ (မကြည်ညိုစရာ အပြစ်ကို ရှာကြံ၍ ရှုပါသည့်အရာကို ပညာဖြင့် စူးစမ်းဆင်ခြင်လေဟန်နှင့် မသဒ္ဓါခြင်း အဿဒ္ဓိယကို ဝီမံသ-ဟု ထင်တတ်၏-ဟူလို။)

၇။ ပါပဂရဟိတာပဋိရူပတာယ၊ မကောင်းမှုကို ကဲ့ရဲ့ခြင်း ပါပဂရဟိတာနှင့် တူသဖြင့်။ **ပရဝဇ္ဇာနုပဿိတာ**၊ သူတပါးတို့၏ အပြစ်ကို ရှုလေ့ရှိသည်၏အဖြစ်သည်။ ဝဏ္ဏော၊ လှည့်ပတ်တတ်၏။ (သူတပါးတို့၏ အပြစ်ကို ရှာ၍ ရှုသည်ဟူလို။)

၈။ နိဂ္ဂယ္ဟဝါဒိတာပဋိရူပတာယ၊ သူတပါးတို့ကို နှိပ်နင်းဆုံးမလေယောင် ဆောင်သဖြင့်။ **ဖရုသဝါစာ**၊ ကြမ်းတမ်းစွာ ဆိုတတ်သည်၏အဖြစ်သည်။ ဝဏ္ဏော၊ လှည့်ပတ်တတ်၏။ (မိမိယုတ်မာ၍ သူတပါးတို့အား ကြမ်းတမ်းယုတ်မာ ပြောဆိုတတ်သည်-ဟူလို။)

http://www.dhammadownload.com

၉။ ပိယဝါဒိတာပဋိရူပါယ၊ ချစ်ဖွယ်သောစကားကို ဆိုလေ့ရှိသည့် အယောင်ပြုသဖြင့်။ စာဋုကမျှတာ၊ ဒါယကာတို့အောက် မိမိကိုယ်ကို နှိမ့်ချ၍ ဆိုခြင်း စာဋုကမျှတာသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။

၁၀။ အာဇီဝပါရိသုဒ္ဓိပဋိရူပတာယ၊ အသက်ကို စင်ကြယ်စွာမွေးခြင်း အာဇီဝပါရိသုဒ္ဓိ အယောင်ဆောင်သဖြင့်။ အသံဝိဘာဂသီလတာ၊ မိမိပစ္စည်းကို သူတပါးတို့နှင့် မဆက်ဆံစေလိုသဖြင့် ဝေဖန်ခွဲခြမ်းခြင်းကို မပြုသော အလေ့ရှိသောအဖြစ်သည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။

၁၁။ သံဝိဘာဂသီလတာပဋိရူပတာယ၊ ဝေဖန်ခွဲခြမ်းသော အယောင်ဆောင်သဖြင့်။ မိစ္ဆာဇီဝေါ၊ မိစ္ဆာဇီဝသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။ (ကူလဒူသကအနေသနအနနုလောမိကဂိဟိသံသဂ္ဂ မိစ္ဆာဇီဝအမှုကို ပြုသည့်အရာကို ဝေဖန်ခွဲခြမ်းသော အလေ့ရှိသော နာယကဂုဏ် ၁-ပါးတည်း-ဟု ထင်မှတ်တတ်သည်-ဟူလို။)

၁၂။ အသံသဂ္ဂဝိဟာရိတာပဋိရူပတာယ၊ ဒါယကာတို့နှင့် မဆက်ဆံလေ့ရှိသော သူတော်ကောင်း၏ အယောင်ဆောင်သဖြင့်။ အသဂ်ဟသီလတာ၊ ဒါယကာတို့အား မသင်္ဂြိဟ်, မချီးမြှင့်ခြင်း အလေ့ရှိသည်၏အဖြစ်သည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။

၁၃။ သဂ်ဟတာပဋိရူပတာယ၊ ဒါယကာတို့အား ဝိနည်းတရားနှင့်အညီ အာမိသပဋိသန္ထာရ, ဓမ္မာပဋိသန္ထာရကို ပြုလေ့ရှိယောင် ဆောင်သဖြင့်။ အနနုလောမိကဝီဟိသံသဂ္ဂေါ၊ တရားနှင့် မလျော်သောသူတို့နှင့် ရောနှောခြင်း ဂိဟိသံသဂ္ဂသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။

၁၄။ သစ္စဝါဒိတာပဋိရူပတာယ၊ ဟုတ်မှန်သော စကားကို ဆိုလေ့ရှိယောင် ဆောင်သဖြင့်။ ဝိသုဏ္ဏဝါစတာ၊ ကုန်းတိုက်ခြောခြင်း ပိသုဏဝါစာ၏ အဖြစ်သည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။ (သူတစ်ယောက်၏အပြစ်ကို သူတယောက်၏အထံ၌ ဟုတ်တိုင်းပြော၍ ကုန်းချောသည့်အရာကို ဟုတ်မှန်စွာ ဆိုလေ့ရှိသည်-ဟု ထင်မှတ်တတ်သည်-ဟူလို။)

၁၅။ အပိသုဏဝါစာပဋိရူပတာယ၊ ကုန်းတိုက်သော စကားကို မဆိုလေယောင် ဆောင်သဖြင့်။ အနတ္ထကာမတာ၊ အကျိုးမဲ့ကို အလိုရှိသည်၏အဖြစ်သည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။ (သူတစ်ယောက်က သူတစ်ယောက်၏ အကျိုးမဲ့ကို ပြုမည့်အရာကို ဆိုလျက် ကုန်းတိုက်သော စကားကို မဆိုချင်လေဟန်နှင့် သူတပါး၏ အကျိုးမဲ့ကို အလိုရှိပါသည့်အရာကို အမြင်မှား၍ ချွတ်လွဲတတ်သည်-ဟူလို။)

http://www.dhammadownload.com

၁၆။ ကုလာနုဒ္ဒယတာပဋိရူပတာယ၊ ဒါယကာတို့အား သနားခြင်း ကရုဏာယောင် ဆောင်သဖြင့်။ **ကုလမစ္ဆရိယံ**၊ မိမိဒါယကာအိမ်၌ တပါးသော ရဟန်းတို့ကို မဆက်ဆံစေလိုသဖြင့် ဝန်တိုသော ကုလမစ္ဆရိယသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။ (အလှူခံပုဂ္ဂိုလ်တို့ ထွက်,ဝင်သွားလာများသည်ကို မြင်လျှင် ဒါယကာတို့အား သနားအားနာလေဟန်နှင့် နှလုံးမသာမယာခြင်း မစ္ဆရိယစိတ် ဖြစ်မှန်းမသိ ဖြစ်တတ်သည်-ဟူလို။)

၁၇။ အာဝါသစိရတာမုခေန၊ မိမိကျောင်းအာဝါသကို ကြာမြင့်စွာ တည်စေလိုခြင်း အရင်းပြုသဖြင့်။ **အာဝါသမစ္ဆရိယံ**၊ ကျောင်းအာဝါသ၌ ဝန်တိုခြင်း မစ္ဆရိယသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။ (မိမိကျောင်းအာဝါသ၌ နောင်လာသံဃာတို့ မွေလျော်နှစ်သက်စွာ တည်စေသော-ဟု ဥယျာဉ်သစ်ပင် တိထွင်ပြုစု ကြည့်ရှုစောင့်ရှောက်လေဟန်နှင့် သူတပါးတို့ ဖျက်ဆီးမည်ကို စိုးရိမ်ကြောင့်ကြခြင်း မစ္ဆရိယစိတ် ဖြစ်မှန်းမသိ ဖြစ်သည်-ဟူလို။)

၁၈။ ဓမ္မဘဏ္ဍာပရိဟာရဏတာမုခေန၊ တရားနှင့်စပ်သော ဘဏ္ဍာကို စောင့်ရှောက်ခြင်းကို အရင်းမူသဖြင့်။ **ဓမ္မမစ္ဆရိယံ**၊ ဝန်တိုခြင်း ဓမ္မမစ္ဆရိယသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။

၁၉။ ဓမ္မဒေသနာဘိရတိမုခေန၊ တရားစကား ပြောဟောခြင်း၌ မွေလျော်သည်ကို အရင်းပြုသဖြင့်။ **ဘဿာရာမတာ**၊ စကားပြောခြင်း၌ မွေလျော်ခြင်းသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။ (တရားဟောခြင်းကို အလိုရှိလေဟန်နှင့် စကားပြောခြင်း၌ မွေလျော်သော ဘဿာရာမသည် လှည့်ပတ်တတ်၏-ဟူလို။)

၂၀။ ဂဏာနုဂ္ဂဟကရဏတာမုခေန၊ ဂိုဏ်းသံဃာကို ချီးမြှောက်ခြင်းကို အရင်းပြုသဖြင့်။ **သံဃဏိကာရာမတာ**၊ အပေါင်းအဖော်၌ မွေလျော်သည်၏ အဖြစ်သည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။

၂၁။ ပုဉ္ဉကာမတာပဋိရူပတာယ၊ ကုသိုလ်ကောင်းမှုကို အလိုရှိလေယောင် ဆောင်သဖြင့်။ **ကမ္မာရာမတာ**၊ အမှုကြီး,ငယ်တို့၌ မွေလျော်သည်၏အဖြစ်သည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။ (ပရိယတ်,ပဋိပတ်ကို အားမထုတ်ဘဲ အမှုကြီး,ငယ်ကို ရွက်ဆောင်၍ နေရမှ မွေလျော်ပျော်ပါးသည့်အရာကို ကုသိုလ်ကောင်းမှု၌ လိုလား၍ နေဟန် ထင်မှတ်တတ်သည်-ဟူလို။)

၂၂။ ပဋိကူလသညတာမုခေန၊ ပဋိကူလသညာကမ္မဋ္ဌာန်းကို အရင်းမူသဖြင့်။ **ဗျာပါဒေါ**၊ ဗျာပါဒသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။

၂၃။ အပ္ပဋိကူလသညတာမုခေန၊ မစက်ဆုပ်, မရွံရှာတတ်သော အမှတ်သညာဖြင့်။ **ကာမဆန္ဒော**၊ ကာမဂုဏ်၌တပ်ခြင်း ကာမဆန္ဒရာဂသည်။ ဝဋ္ဌေတိ၊ လှည့်ပတ်တတ်၏။

http://www.dhammadownload.com

(- ခွဲရှာခြင်းသည် ဒေါသကြောင့် ခွဲရှာခြင်း, ပဋိကူလကမ္မဋ္ဌာန်းကြောင့် ခွဲရှာခြင်း-ဟူ၍ ၂-ပါး၊
- မခွဲရှာခြင်းသည် ရာဂကြောင့် မခွဲရှာခြင်း, (အ)ပဋိကူလကမ္မဋ္ဌာန်းကြောင့် မခွဲရှာခြင်း-ဟူ၍ ၂-ပါး၊

မိမိဆံပင်-စသည်၌ကား မခွဲရှာ၊ သူတပါးတို့၏ ဆံပင်-စသည်တို့၌ ခွဲရှာခြင်းသည် ဒေါသကြောင့် ခွဲရှာခြင်း မည်၏။ မိမိ,သူတပါး၊ သေသူ,ရှင်သူ မကွဲမပြား တရားနှင့်အညီ ခွဲရှာခြင်းသည် ပဋိကူလသညာဖြင့်သာ ခွဲရှာသည် မည်၏။ ဆန္ဒရာဂ အားကြီးသောသူသည် ခွဲရှာစက် ဆုပ်သင့်သောအရာ၌ပင် မခွဲရှာနိုင်ဘဲ ရှိတတ်သည်။ ဒေါသအားကြီးသောသူသည် သူတပါးတို့ သာယာနှစ်သက်ကြသောအရာ၌ပင် မသာယာနိုင်ဘဲ ရှိတတ်သည်။ ဤသို့ အထူးမှတ်။)

၂၄။ သမာဓိမုခေန၊ သမာဓိကို အရင်းပြုသဖြင့်။ ထိနမိဒ္ဓ၊ ထိနမိဒ္ဓသည်။ ဝဏ္ဏတိ၊ လှည့်ပတ်တတ်၏။ (ငိုက်မျဉ်းတွေဝေလှ၍ ထိုင်းမှိုင်းမေ့လျော့နေသည့်အရာကို သမာဓိရှိ၍ နေယောင် ထင်တတ်သည်-ဟူလို။)

၂၅။ ဝိရိယာရမ္ဘမုခေန၊ ဝိရိယကို အရင်းမူသဖြင့်။ ဥဒ္ဓစ္စ၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စသည်။ ဝဏ္ဏတိ၊ လှည့်ပတ်တတ်၏။ (ဥဒ္ဓစ္စ၊ ပျံ့လွင့်၍ ထိုမှ,ဤမှ အတည်မကျ ထကြွပြေးသွားများသည်ကို ဝိရိယရှိလေဟန် မှတ်ထင်တတ်သည်-ဟူလို။)

၂၆။ သိက္ခာကာမတာမုခေန၊ သိက္ခာပုဒ်တို့ကို အလိုရှိခြင်းကို အရင်းမူသဖြင့်။ ကုက္ကုစ္စ၊ အလို့လိုရှိခြင်း ကုက္ကုစ္စသည်။ ဝဏ္ဏတိ၊ လှည့်ပတ်တတ်၏။ (စိတ်၏ သက်သာရာကို မရ၊ ဝိနယကုက္ကုစ္စ အားကြီးလှ၍ ဝိပ္ပဋိသာရဖြစ်သည်ကို သိက္ခာကာမ ထင်တတ်သည်-ဟူလို)

၂၇။ ဥဘယပက္ခသန္နိရဏမုခေန၊ သကဝါဒီပက္ခ, ပရဝါဒီပက္ခကို စုံစမ်းခြင်းကို အရင်းပြုသဖြင့်။ ဝိစိကိစ္ဆာ၊ ယုံမှားခြင်း ဝိစိကိစ္ဆာသည်။ ဝဏ္ဏတိ၊ လှည့်ပတ်တတ်၏။ (သူတပါးတို့ အယူချွတ်ယွင်းသည်ကို သိရမှ သကဝါဒ၏ဂုဏ်ကို အထူးထူးမြင်နိုင်မည် နှလုံးထား၍ ကုလား-စသော လူမျိုးတို့ ရေးထားသော စာပေကျမ်းဂန်-စသည်ကို ကြည့်ရှုဆင်ခြင်ဖန်များသဖြင့် ဟုတ်တိုင်းမှန်တိုင်းသော ယထာဘူတ မိမိ၏သကဝါဒ၌ ယုံမှားခြင်း ဝိစိကိစ္ဆာ ဖြစ်လာတတ်၏-ဟူလို။)

၂၈။ ဣဒ္ဓာနိဋ္ဌသမုပေက္ခာမုခေန၊ ဣဒ္ဓာရုံ, အနိဋ္ဌာရုံ ၂-ပါး၌ ညီမျှအောင် လျစ်လျူရှုခြင်းကို အရင်းပြုသဖြင့်။ သမ္မောဟော၊ ဆိုး,ကောင်း ယုတ်,မြတ် မသိတတ်သည်ဖြစ်၍ ဉာဏ်နှင့်ကင်းသော အညာဏုပေက္ခသမ္မောဟတရားသည်။ ဝဏ္ဏတိ၊ လှည့်ပတ်တတ်၏။

၂၉။ ဝိမံသာမုခေန၊ စုံစမ်းခြင်းကို အရင်းပြုသဖြင့်။ ဟေတုပဋိရူပကပရိဂ္ဂဟေန၊ အကြောင်းစစ် မဟုတ်, အကြောင်းနှင့် တူသည်ကို သိမ်းဆည်းမိသဖြင့်။ မိစ္ဆာဒိဋ္ဌိ၊ မှားယွင်း

http://www.dhammadownload.com

သော အယူသည်။ ဝဏ္ဏေတိ၊ လှည့်ပတ်တတ်၏။ (ဤလောကကို ပရမိသွာနတ် ဖန်ဆင်း၍ ဖြစ်သည်-ဟူသော မိစ္ဆာဒိဋ္ဌိစကားကို ကြားဖူးလေရကား စူးစမ်းဆင်ခြင်ဖန်များသဖြင့် အပွသုတ ပုဂ္ဂိုလ်တို့အား ဤမြင်းမိုရ်, စကြဝဠာ, မဟာပထဝီ, သိတာ, သတ္တရဿန်-စသည်တို့သည် တစ်စုံတစ်ယောက် မပြုမပြင် မဖန်ဆင်းဘဲ အလိုအလျောက် မဖြစ်တန်လေရာ။ ပရမိသွာ-စသော တန်ခိုးကြီးသော နတ်တို့ ဖန်ဆင်း၍ဖြစ်သည်-ဟူသော စကားသည် ဟုတ်တန်ရာ၏-ဟု မိစ္ဆာအယူ ဖြစ်တတ်သည်-ဟူလို။)

၃၀။ ဝိရတ္တတာပဋိရူပေန၊ တပ်စွမ်းခြင်း ကင်းလေယောင် ဆောင်သဖြင့်။ သတ္တေသု၊ သတ္တဝါတို့၌။ **အဒယာပန္နတာ**၊ မသနားခြင်းသို့ ရောက်သောအဖြစ်သည်။ ဝဏ္ဏေတိ၊ လှည့်ပတ်တတ်၏။

(နွားမကြီးသည် နွားငယ်ကို မခင်သကဲ့သို့ အကြောင်း,အကျိုး ကျေးဇူး ရှိ,မရှိကို မဆင်ခြင်၊ သတ္တဝါကို ကြင်နာသနားတတ်သည့် ဝါသနာပင် မပါ၊ အညာဏပေက္ခ-ဟူသော အကြောင်းကြောင့် အမှတ်မဲ့ စွန့်ပစ်လျစ်လျူထားပါသည့်အရာကို တဏှာရာဂနှင့် ကင်း၍ တပ်စွမ်းခြင်း မရှိလေဟန်နှင့် **အဒယာပန္နကို ဝိရတ္တထင်မိတတ်သည်**-ဟူလို။ သား,မယား၊ တပည့်သားတို့ကို စွန့်ပစ်ထားခြင်းသည် တပ်စွန်းတွယ်တာခြင်း တဏှာ၏ ခေါင်းပါးခြင်းကြောင့်လည်း ဖြစ်၏။ ကရုဏာတရား ခေါင်းပါး၍ မသနား,မကြင်နာ အဒယာပန္နကြောင့်လည်း ဖြစ်၏။ နွားမကြီးသည် နွားသားငယ်ကို မတွယ်မတာ စွန့်ပစ်၍ မချစ်မခင်သည်ကား ကရုဏာတရား ခေါင်းပါး၊ မသနား,မကြင်နာ အဒယာပန္နကြောင့် ဖြစ်၏။

အချို့သော ပါဒလောလဒိသာဝိစရပုဂ္ဂိုလ်တို့သည် ထိုထို သားမယား, တပည့်သား, ဆွေမျိုးမိတ်သင်္ဂဟတို့ကို စွန့်သွား၍ တပါးအရပ်တို့ ကျလျှင် တပစရိယကို မကြဲ၊ ဆက်ဆံပေါများ သားမယား, တပည့်သား, ပရိသတ်တို့နှင့် ဝန်းပတ်ခြံရံ ဆက်ဆံရောပြွမ်းခြင်းများသည်ကား ကရုဏာတရား ခေါင်းပါး၍ မသနား,မကြင်နာ အဒယာပန္နကြောင့် ဖြစ်၏။ ချစ်ခင်လှစွာသော သားငယ်နှင့် ရေဝယ်မျောသွားသော ယောကျ်ားသည် အလွန်ပင်ပန်းသဖြင့် မိမိသေဘေးကို ကြောက်လှ၍ ချစ်ခင်သနားသော သားငယ်ကို စွန့်ပစ်သကဲ့သို့ သံသရာဘေးကို ကြောက်သဖြင့် ကြင်နာသနား သားမယား, တပည့်သားတို့ကို ငဲ့ကွက်၍ မနေသာ၊ သမထဝိပဿနာကို လွန်စွာ အားထုတ်သည်ကား တပ်စွမ်းခြင်း ကင်းခြင်း ဝိရတ္တမည်၏။

တစ်နည်းကား- ချစ်ခင်လှစွာသော သားငယ်ကို လက်ဝယ်ဆွဲကိုင်လျက် တောမြိုင်အတွင်းတွင် တောဆင်နှင့် တွေ့လေရကား အလန့်တကြား သားငယ်ကို စွန့်ထား၍ ပြေးသွားလေသော မိခင်ကဲ့သို့ ကြောက်မက်ဖွယ်သော ဘေးကြီးလှစွာ သံသရာဝဋ်ဒုက္ခကို မြင်၍ သား, မယား၊ တပည့်သားတို့ကို မငဲ့မကွက် မတွယ်မတာ သမထဝိပဿနာကို လွန်စွာ အားထုတ်သည်ကား တပ်စွမ်းခြင်း ကင်းသော ဝိရတ္တမည်၏။ ဤကို အထူးမှတ်။)

http://www.dhammadownload.com

၃၁။ အနုညာတပဋိသေဝနပဋိရူပတာယ၊ ဘုရား ခွင့်ပြုတော်မူသော အရာကို အထူးပြုသဖြင့်။ **ကာမသုခလ္လိကာနုယောဂေါ်** ကာမဂုဏ်ကို ခံစားခြင်း ကာမသုခလ္လိကာနုယောဂသည်။ ဝဇ္ဈေတိ၊ လှည့်ပတ်တတ်၏။

(ရဟန်းတို့အား ပစ္စည်း ၄-ပါးကို ဘုရားခွင့်ပြုတော်မူသဖြင့် အလိုရှိတိုင်း အပ်သည်-ဟု အနုညာတပဋိသေဝနကို အထူးပြုသဖြင့် လူတို့ကလည်း ငါတို့အား မယားတို့နှင့် ပျော်ပါးမွေ့လျော်ခြင်းကို ဘုရား မမြစ်တော်မူရကား ခွင့်ပြုတော်မူသည့်အရာပင်-ဟု ကာမသုခလ္လိကာနုယောဂ ကာမဂုဏ်၏အပြစ်ကို မရှုမဆင်ခြင်၊ မစင်ဘင်ပုပ်တို့၏ အတွင်းဝယ် မွေလျော်ပျော်ပါးကြသော ပိုးမွှားတိရစ္ဆာန်တို့ကဲ့သို့ ကာမဂုဏ်၌ စိတ်ကို တုံးတုံးချသဖြင့် ဝမ်းသာအားရ ပျော်မြူးကြလျက် အလွန်တရာရူးသော သူသွမ်းတို့၏ပမာ ကာမဂုဏ်မှ ထွက်မြောက်ကြောင်းကို မအောက်မေ့မိ၊ သတိမရ ဝဋ်, ဒုက္ခ-ဟု မထင်မမြင်၊ ပျော်ရွှင်လိုသမျှ နေကောင်းလှတော့သည်-ဟု ဘုဒ္ဓအနုညာတ ဆင်ခြေနှင့် နေမိကြ၍ နေကွမ္မဖ္လာသယကို အနည်းငယ်မျှ မကြဲ ရှိတတ်သည်-ဟူလို။)

၃၂။ သဒ္ဓါလုတာပဋိရူပတာယ၊ သဒ္ဓါတရား အားကြီးယောင် ဆောင်သဖြင့်။ **အပရိက္ခတာ**၊ မစူးစမ်းမဆင်ခြင်သော သမ္မောဟသည်။ ဝဇ္ဈေတိ၊ လှည့်ပတ်တတ်၏။ (သီလဝန္တရဟန်းတို့ကို ကြည်ညိုခြင်းကို အရင်းပြုသဖြင့် မြင်မြင်သမျှကိုသာ ကြည်ညိုရတော့မည်သာ ထင်၍ ဆိုး,ကောင်း ယုတ်,မြတ်ကို မတွေးမဆ သုသီလ, ဒုသီလ တွေကရကို ကြည်ညိုမှား၍ မောဟတရား လှည့်ဖျားသဖြင့် ပစ္စုပ္ပန်,သံသရာအကျိုး ဆုတ်ယုတ်တတ်ချေ၏-ဟူလို။)

၃၃။ အတ္တာဓိပတေယျပဋိရူပေန၊ မိမိကိုယ်ကို အကြီးအမြတ်-ဟု ထင်၍ ပညာရှိယောင်မူသဖြင့်။ ဂရုနံ၊ အလေးအမြတ်ပြုသူ ဆရာတို့၏။ **နာ အနုသာသနီယာ အပဒက္ခိဏဂ္ဂါဟိတာ**၊ အဆုံးအမကို မလိုက်နာခြင်းဖြင့် အလေးအမြတ် မပြုနိုင်ခြင်းသည်။ ဝဇ္ဈေတိ၊ လှည့်ပတ်တတ်၏။ (မိမိ၏ ပညာဖြင့် အရာခပ်သိမ်းကို ပြီးငြိမ်းအောင် စွမ်းနိုင်၍ အကုသိုလ်တရားကို ပယ်ရှားစွန့်ခွါ ကုသိုလ်ကိုသာ ဖြစ်ပွါးစေသည်ကား အတ္တာဓိပတေယျ မည်၏။)

၃၄။ ဓမ္မာဓိပတေယျပဋိရူပေန၊ တရားတော်ကို အရိုအသေ အလေးအမြတ်ပြု၍ နေသည်၏အဖြစ်-ဟု ဆိုအပ်သော ကုသိုလ်ကို မိတ်ဆွေပြုယောင် ဆောင်သဖြင့်။ သဗြဟ္မစာရီသု၊ သီတင်းသုံးဖော်တို့၌။ **အဂါရဝေါ**၊ မရိုသေခြင်းလည်း။ ဝဇ္ဈေတိ၊ လှည့်ပတ်တတ်၏။ (တရားကျမ်းဂန် စာပေသင်အံခြင်း, ဘာဝနာစီးဖြန်းခြင်း-ဟူသော တရား၌ မွေလျော်၍ နေသည်-ဟူသော အမှတ်နှင့် ကံကြီး,ကံငယ် အမှုကိစ္စတို့ကြောင့် အညီအညွတ်စည်းဝေးကြသော သံဃာတို့ကို လေးစားမမူ မလာ,မရောက်၊ မချဉ်းမကပ်နေသဖြင့် သီတင်းသုံးဖော်တို့၌ မရိုသေခြင်းကို ပြုမှန်းမသိ ပြုမိသော အဂါရဝတရား လှည့်ဖြား၍ မာန,အတိမာန,ထမ္ဘ-ဖြစ်တတ်သည် ဟူလို)

http://www.dhammadownload.com

၃၅။ လောကာဓိပတေယျပဋိရူပေန၊ လောကကို အရိုအသေ အလေးအမြတ် ပြုလေယောင် ဆောင်သဖြင့်။ အတ္ထနိ စ၊ မိမိ၌လည်းကောင်း။ ဓမ္မေ စ၊ တရားတော်၌ လည်းကောင်း။ ပရိဘာဝေါ၊ နှိပ်စက်ခြင်းသည်။ ဝဠွေတိ၊ လှည့်ပတ်တတ်၏။ (လောကကို အလေးအမြတ်ပြုခြင်း လွန်သဖြင့် မိမိ၏ချမ်းသာကိုလည်းကောင်း တရားတော်ကိုလည်းကောင်း မငဲ့, မကွက်နိုင်၊ မင်းချင်းယောက်ျားကဲ့သို့ မိမိကိုယ်ကို မငဲ့ဘဲ တရားတော်မှ ဆုတ်ယုတ်ခြင်း ဖြစ်တတ်သည်-ဟူလို။)

၃၆။ မိတဘာဏိတာပဋိရူပတာယ၊ စကားမများစေရ, အတိုင်းအယှဉ်နှင့် ယှဉ်၍ ဆိုလေ့ရှိသောသူ၏ အဖြစ်နှင့်တူသဖြင့်။ အသမ္မောဒနသီလတာ၊ သိတင်းသုံးဖော် အာဂန္တုက ရဟန်းတို့နှင့် ဝမ်းမြောက်ဝမ်းသာ ချိုသောစကားကို မပြောဆိုနိုင်၊ ခိုင်ခဲ့မာမည်းသော အဖြစ်သည်။ ဝဠွေတိ၊ လှည့်ပတ်တတ်၏။

၃၇။ သမ္မောဒနသီလတာပဋိရူပတာယ၊ ဝမ်းမြောက်ဝမ်းသာ ဆိုလေ့ရှိခြင်း သမ္မောဒနတာနှင့် တူသဖြင့်။ မာယာသာထေယျံ၊ အပြစ်ကို ဖုံးလွှမ်းကွယ်ကာလျက် အလွန်ဝါကြွား၍ ပြောဆိုခြင်းတည်း-ဟူသော စဉ်းလဲကောက်ကျစ်ခြင်းသည်။ ဝဠွေတိ၊ လှည့်ပတ်တတ်၏။

(အာဂန္တုရဟန်း သီတင်းသုံးဖော်တို့နှင့် ဝမ်းမြောက်ဝမ်းသာ မေတ္တာရှေ့ထား၍ စကား ပြောဆိုခြင်း ဗုဒ္ဓါစိဏ္ဏာသမ္မောဒနတရားနှင့် တူသဖြင့် ယုံကြည်စလောက် ဝမ်းမြောက်စဖွယ် သွယ်သွယ်ဝိုက်ဝိုက် အားထုတ်၍ အယုတ်အလွန်ကို မဆင်ခြင်၊ အတွင်ပြောဆို၍ သွားသဖြင့် စဉ်းလဲကောက်ကျစ်ခြင်း မာယာသာထေယျ ဖြစ်တတ်သည်-ဟူလို။)

သတ္တတိံသဝဠုနဘေဒါ၊ ၃၇-ပါးသော ဝဠုနအပြားတို့သည်။ နိဋ္ဌိတာ၊ ပြီးကုန်ပြီ။

ဤကား အကျဉ်းအမြွက်မျှသာ။ အကျယ်ကို သိလိုမူ နေတ္တိပါဠိတော်, ၎င်းအဋ္ဌကထာ၊ ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ဋီကာတို့မှာ ကြည့်လေ။ ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ကား တစိတ်တဒေသမျှသာ ပါရှိ၏။ နေတ္တိအဋ္ဌကထာ, ဋီကာတို့၌ကား များစွာကျယ်လွန်း၏။

၁၂၃၆-ခု၊ တပို့တွဲလပြည့်ကျော်၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

သစ်ဆိမ့်မဲ့တိုက်နေ၊ အလုံမြို့လေးမြေရွာဇာတိ၊ ရဟန်းတော် ရှင်ဝိမလ-က ပုဂ္ဂလိက,သံယိကဒါန ၂-ရပ်တွင် အဘယ်ဒါနသည် သာလွန်အကျိုး ဖွံ့ဖြိုးသည် ၁-ရပ်နှင့် ဘတ် ၁၄-ပါးများကို သိမှတ်ပါရအောင် မိန့်ဆို ပြန်ကြားတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၄၇] "ဘုရားတပည့်တော် အလုံမြို့၊ လေးမြေရွာ၊ ရှင်ဝိမလ လျှောက်ပါသည် ဆရာတော်ဘုရား။

ပုဂ္ဂလိကအပြား ၁၄-ပါး, ၇-ပါးသော သံယိက၊ ယင်းဒါနတို့တွင် အဘယ်ဒါန သည်လျှင် အာနိသံသဖလ လွန်ကြူးထူး၍ မြတ်ပါသနည်း။ သံယိကဘတ်-စသော ၇-ပါးပြားသော ဘတ်တို့တွင် အဘယ်သည်လျှင် အာနိသံသဖလ လွန်ကြူးထူး မြတ်ပါသနည်း-ဟု ယုံမှားမကင်း မရှင်းလင်းပါသောကြောင့် ရှင်းလင်းအောင် ဖော်ပြမိန့်ဟတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဂင်းရဟန်းတော် ရှင်ဝိမလ လျှောက်ထားချက်–

[၄၇] (၁) ပုဂ္ဂလိက, သံယိကတို့၏ အကျိုးကြီးမား ကွဲပြားကြသည်ကို မေးလျှောက်သည်မှာ သံယိကဒါနထက် ပုဂ္ဂလိကဒါနသည် သာလွန်ထူးမြတ်၏။ အဘယ်ကြောင့်နည်းဟူမူကား လောက ၃-ပါးတွင် ဘုရားထက် သာလွန်မြတ်သော ပုဂ္ဂိုလ်မည်သည် မရှိ။ ထို့ကြောင့် ပုဂ္ဂလိကဒါနသည် သာလွန်ထူးမြတ်၏။ ထိုစကားၦ အချို့သော ဇာလသောတုဇနအပွဿုတပုဂ္ဂိုလ်တို့ ဤသို့ ဆိုရာ၏။ ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္သုတ်ပါဠိတော်(နှာ-မ၊၃။ ၂၉၆)တွင် မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရားအား သင်္ကန်းအစုံလှူရာ၌–

"သံယေ ဂေါတမိ ဒေဟိ၊ သံယေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံယော စ"ဟု ဘုရား ဆိုတော်မူခြင်းကြောင့် ပုဂ္ဂလိကဒါနထက် သံယိကဒါန မြတ်သည် မဟုတ်ပါလော-ဟု ဆိုရန်ရှိ၏။ "သံယေ ဂေါတမိ ဒေဟိ၊ သံယေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံယော စ"ဟု ဆိုခြင်းကြောင့် ပုဂ္ဂလိကဒါနထက် သံယိကဒါန မြတ်သည် ဟူငြားအံ့။

ဝိနည်းပါဠိတော်တွင် "အကြွင်းဖြစ်သော တင်လဲကို စားကြွင်းစားတို့အား ပေးလော့"ဟု "တေန ဟိ တွံ့ ကစ္စာန ဝိယာသာဒါနံ ဝုဋ္ဌံ ဒေဟိ"(ဝိ၊၃။၃၁၉)ဟု ဘုရား ဆိုတော်

http://www.dhammadownload.com

မူသောကြောင့်လည်းကောင်း ဓမ္မပဒဋ္ဌကထာတွင် "အကြွင်းဖြစ်သော မုန့်ကို စားကြွင်းစားတို့အား ပေးလော့"ဟု "တေန ဟာ'နန္ဒ ဝိဃာသာဒါနံ ပူဝံ ဒေဟိ"(ဝိ။၁၂၂)ဟု ဆိုတော်မူသောကြောင့်လည်းကောင်း စားကြွင်းစားတို့အား ပေးခြင်းသည်လည်း မြတ်သည်ဖြစ်ရာ၏။ ၎င်းပါဠိတော်မြတ် ပါဌ်တို့၏အနက်ကား–

ဂေါတမီ၊ ဂေါတမီ။ သံယေ သံယဿ၊ သံယာအား။ ဒေဟိ၊ လှူလော။ ဂေါတမီ၊ ဂေါတမီ။ သံယေ၊ သံယာကို။ ဒိန္နေ၊ လှူသည်ရှိသော်။ အဟဥ္စေဝ၊ ငါဘုရားကိုလည်းကောင်း။ သံယော စ၊ သံယာကိုလည်းကောင်း။ ပူဇိတော၊ ပူဇော်အပ်သည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ကစ္စာန၊ ကစ္စာန။ တေနဟိ၊ ထိုသို့ သုံးဆောင်၍ မကုန်နိုင်တပြီးကား။ ဝိဃာသာဒါနံ၊ စားကြွင်းစားတို့အား။ ဂုဠံ၊ တင်လဲကို။ ဒေဟိ၊ ပေးလော။ အာနန္ဒ၊ အာနန္ဒ။ တေနဟိ၊ ထိုသို့ သုံးဆောင်၍ မကုန်နိုင်တပြီးကား။ ဝိဃာသာဒါနံ၊ စားကြွင်းစားတို့အား။ ပူဝံ၊ မုန့်ကို။ ဒေဟိ၊ ပေးလော။

ဤသို့လျှင် မြတ်စွာဘုရားသည် ကိုယ်တော်အား ပေးလှူအပ်သော ဝတ္ထုတို့ကို သံယာတော်များ စားကြွင်းစားတို့အား ပေးစေသည်။ လောကဒ္ဓလည်း ဧကရာဇ်မင်းမြတ်, မင်းမူးမတ်-အစရှိသည်တို့သည် မိမိတို့ အထံသို့ ရောက်လာသော လက်ဆောင်ပဏ္ဏာကာရတို့ကို ဆင်ထိန်း, မြင်းထိန်း, ကျေးကျွန်သင်းပင်းတို့အား ပေးကုန်၏။ ထိုဆင်ထိန်း, မြင်းထိန်းစသော ကျေးကျွန်သင်းပင်းတို့သည် ဧကရာဇ်မင်းမြတ်, မင်းမူးမတ်တို့ထက် မြတ်သည်ဖြစ်ရာ၏။ ဤသို့ မဟုတ်ရာ။ ဤလောကမှာတ်၌ ဘုရားထက် မြတ်သော အလှူခံပုဂ္ဂိုလ် မည်သည် မရှိ။ ထိုကြောင့် ဥပရိပဏ္ဏာသ၊ ၄-ခုမြောက်သော ဝိဘင်္ဂဝဂ်၊ ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌–

> **နယိ'မသ္မိ လောကေ ပရသ္မိ ဝါ ပန၊**
> **ဗုဒ္ဓေန သေဋ္ဌော သဒိသော ဝါ ဝိဇ္ဇတိ။**
> **အဟ'မာဟုနေယျာနံ စ အဂ္ဂတံ ဂတော၊** *(ယ'မာဟုနေယျာနမဂ္ဂတံ ဂတော)*
> **ပုညတ္ထိကာနံ ဝိပုလဖလေသိနန္တိ-**
> **ဝစနတော သတ္ထာရာ ဥတ္တရိတရော ဒက္ခိဏေယျော နာမ နတ္ထိ–**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မဇ္ဈ၊၄။၂၂၁)

နယိ'မသ္မိ လောကေ ပရသ္မိ ဝါ ပန ဗုဒ္ဓေန သေဋ္ဌော သဒိသော ဝါ ဝိဇ္ဇတိ အဟ'မာဟုနေယျာနံ စ အဂ္ဂတံ ဂတော ပုညတ္ထိကာနံ ဝိပုလဖလေသိနန္တိ၊ "နယိ'မသ္မိ လောကေ ပရသ္မိ ဝါ ပန ဗုဒ္ဓေန သေဋ္ဌော သဒိသော ဝါ ဝိဇ္ဇတိ အဟ'မာဟုနေယျာနံ စ

http://www.dhammadownload.com

အဂ္ဂတံ ဂတော ပုညတ္ထိကာနံ ဝိပုလဖလေသိနံ"ဟူ၍။ ဝစနတော၊ ဘုရား ဟောတော်မူသောကြောင့်။ သတ္ထာရာ၊ မြတ်စွာဘုရားထက်။ ဥတ္တရိတရော၊ လွန်မြတ်သော။ ဒက္ခိဏေယျော နာမ၊ အလျှူခံမည်သည်။ နတ္ထိ၊ မရှိ။

ပါဠိတော်၏အနက်ကား–

ဣမသ္မိံ လောကေ ဝါ၊ ဤလောကဌ်လည်းကောင်း။ ပရသ္မိံ လောကေ ဝါ၊ တပါးသော လောကဌ်လည်းကောင်း။ ဗုဒ္ဓေန၊ မြတ်စွာဘုရားထက်။ သေဋ္ဌော ဝါ၊ မြတ်သော အလျှူခံသည်လည်းကောင်း။ နု ဝိဇ္ဇတိ၊ မရှိ။ အဟံ၊ ငါဘုရားသည်။ ပုညတ္ထိကာနံ၊ ကောင်းမှုကို အလိုရှိကုန်သောသူတို့၏။ ဝိပုလဖလေသိနံ၊ ပြန့်ပြောသောအကျိုးကို ရှာလေ့ရှိကုန်သောသူတို့၏။ အာဟုနေယျာနံ၊ အဝေးမှ ဆောင်ခဲ့သောအလျှူကို ခံယူထိုက်ကုန်သော ပုဂ္ဂိုလ်တို့တွင်။ ဝါ၊ ပုဂ္ဂိုလ်တို့ထက်။ အဂ္ဂတံ၊ မြတ်သော အဖြစ်သို့။ ဂတော၊ ရောက်တော်မူ၏။

ဤသို့ ပါဠို,အဋ္ဌကထာ လာသောကြောင့် ပုဂ္ဂလိကဒါနသည် သာလွန်ထူးမြတ်၏ဟု မှတ်ရာ၏။ ထိုသို့ ဖြစ်လျက် အဘယ်ကြောင့် မြတ်စွာဘုရားသည် 'ဂေါတမီ၊ သံဃာကို လှူလော'-ဟု ၂-ကြိမ်, ၃-ကြိမ်တိုင် ပယ်တော်မူသနည်းဟူမူကား မိထွေးတော်အား အစဉ်သနားတော်မူသောကြောင့် ပယ်တော်မူသတည်း။ ထိုစကား မှန်၏။ မြတ်စွာဘုရားအား ဤသို့သော အကြံတော်သည် ဖြစ်တော်မူ၏။ "မိထွေးတော်အား ငါဘုရားကို အကြောင်းပြု၍ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာတည်း-ဟူသော စေတနာ ၃-ကြိမ်တို့သည် ဖြစ်ကုန်ပြီ။ သံဃာကို အကြောင်းပြု၍လည်း ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ-တည်းဟူသော စေတနာ ၃-ကြိမ်တို့သည် ဖြစ်စေသတည်း။ ဤသို့ ဖြစ်သည်ရှိသော် မိထွေးတော်အား ၆-ကြိမ်သော စေတနာတို့သည် တပေါင်းတည်းဖြစ်၍ ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွါးများခြင်း, ချမ်းသာခြင်း ဖြစ်လတ္တံ့။" ဤသို့ နှလုံးသွင်းပိုက်တော်မူ၍ ၂-ကြိမ်, ၃-ကြိမ်တိုင် ပယ်တော်မူသတည်း။

ထို့ကြောင့် ဥပရိပဏ္ဏာသ၊ ၄-ခုမြောက်သော ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌–

ကသ္မာ ပန ဘဂဝါ အတ္တနော ဒီယမာနံ ဘိက္ခုသံဃဿ ဒါပေသီတိ မာတရံ အနုကမ္မာယ။ ဧဝံ ကိရ'ဿ အဟောသိ၊ ဣမိဿာ မံ အာရဗ္ဘ ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာတိ တိဿော စေတနာ ဥပ္ပန္နာ၊ ဘိက္ခုသံဃံ ဝိ'ဿာ အာရဗ္ဘ ဥပ္ပဇ္ဇန္တူတိ ဇဝ'မဿာ ဆ စေတနာ ဇကတော ဟုတ္ဝာ ဒီယရတ္တံ ဟိတာယ သုခါယ ပဝတ္တိဿန္တိ–

ဟူသောပါဠို(မ၊၃၊၄၊၂၂၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ကသွာ ပန၊ အဘယ်ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္တနော၊ မိမိအား။ ဒီယမာနံ၊ ကပ်လျှသော သင်္ကန်းအစုံကို။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒါပေသိ၊ လှူစေသနည်း။ ဣတိ ပုစ္ဆာယံ၊ ဤပုစ္ဆာကို မေးသည်ရှိသော်။ မာတရံ၊ မိထွေးတော်ကို။ အနုကမ္မာယ၊ အစဉ်သနားတော်မူသောကြောင့်။ ဒါပေသိ၊ လှူစေတော်မူ၏။ အဿ၊ ထိုမြတ်စွာဘုရားအား။ ဧဝံ၊ ဤသို့သော အကြံတော်သည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ "ဣမိဿာ၊ ဤမိထွေးတော်အား။ မံ၊ ငါဘုရားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပုဗ္ဗစေတနာ၊ ပုဗ္ဗစေတနာလည်းကောင်း။ မုဉ္စစေတနာ၊ မုဉ္စစေတနာလည်းကောင်း။ အပရစေတနာ၊ အပရစေတနာလည်းကောင်း။ ဣတိ၊ ဤသို့။ တိဿော၊ ၃-ပါးကုန်သော။ စေတနာ၊ စေတနာတို့သည်။ ဥပ္ပန္နာ၊ ဖြစ်ကုန်၏။ ဘိက္ခုသံဃံပိ၊ ရဟန်းသံဃာကိုလည်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ အဿာ၊ ထိုမိထွေးတော်ဂေါတမီအား။ တိဿော၊ ၃-ပါးကုန်သော။ စေတနာ၊ စေတနာတို့သည်။ ဥပ္ပဇ္ဇန္တု၊ ဖြစ်စေကုန်သတည်း။ ဣတိ ဧဝံ၊ ဤသို့ ဖြစ်သည်ရှိသော်။ အဿာ၊ ထိုမိထွေးတော်အား။ ဆ စေတနာ၊ ၆-ကြိမ်သော စေတနာတို့သည်။ ဧကတော၊ တပေါင်းတည်း။ ဟုတ္တာ၊ ဖြစ်၍။ ဒီယရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ ဟိတာယ၊ စီးပွါးခြင်းငှာ။ သုခါယ၊ ချမ်းသာခြင်းငှာ။ ပဝတ္တိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။"

မိထွေးတော်ဂေါတမီ၏ အကျိုးစီးပွါးကိုသာ တောင့်တတော်မူသည် မဟုတ်သေး။ နောက်၌ဖြစ်သော အမျိုးသားတို့အား သံဃာ၌ အရိုအသေပြုခြင်းကို ဖြစ်စေခြင်းအကျိုးငှာ **"သံယေ ဂေါတမိ ဒေဟိ၊ သံယေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံယော စ"** ဟု ဆိုတော်မူသတည်း။ မြတ်စွာဘုရားအား ဤသို့သော အကြံတော်သည် ဖြစ်တော်မူ၏။ "ငါဘုရားသည် ရှည်မြင့်စွာ မတည်လတ္တံ့။ ငါဘုရား၏ အဆုံးအမတော်တည်းဟူသော သာသနာသည်ကား ရဟန်းသံဃာ၌ တည်လတ္တံ့။ နောင်ဖြစ်ကုန်သော အမျိုးသားတို့သည် သံဃာ၌ အရိုအသေ ပြုကြစေသတည်း"။

ဤသို့ နှလုံးသွင်းတော်မူ၍ ၃-ကြိမ်တိုင် ပယ်တော်မူ၍ သံယာအား လှူစေတော်မူသတည်း။ ဤသို့ လှူစေတော်မူသဖြင့် "မြတ်စွာဘုရားသည် ကိုယ်တော်အား လှူအပ်သော ပစ္စည်း ၄-ပါးကိုသော်လည်း သံယာအား လှူစေတော်မူသေး၏။ သံယာသည်လည်း အလှူကို ခံထိုက်သည်ပင်တည်း-ဟု နောက်၌ဖြစ်သော အမျိုးသားတို့သည် 'သံယာ၌ အရိုအသေပြု၍ ပစ္စည်း ၄-ပါးတို့ကို လှူအပ်၏'-ဟု အောက်မေ့လတ္တံ့။ သံယာသည်လည်း ပစ္စည်း ၄-ပါးတို့ဖြင့် မငြိုမငြင် မပင်မပန်း၊ ပိဋ္ဌကတ် ၃-ပုံတည်းဟူသော ငါဘုရား၏ စကားတော်ကို သင်ကြား၍ ရဟန်းတရားကို အားထုတ်နိုင်ကြလတ္တံ့။

ဤသို့ ရဟန်းတရားကို အားထုတ်နိုင်ကြသဖြင့် ငါဘုရား၏ အဆုံးအမတော်တည်းဟူသော သာသနာသည် ၅၀၀၀-ရှည်ကြာ ကောင်းမွန်စွာတည်လတ္တံ့"။ ဤသို့ နှလုံး

http://www.dhammadownload.com

သွင်းပိုက်တော်မူ၍ **"သံယေ ဂေါတမိ ဒေဟိ၊ သံယေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံယော စ"**ဟု အကြိမ်ကြိမ်အခါခါ မြတ်စွာဘုရား ပယ်ရှားတော်မူလျက်ကို **"ပဋိဂ္ဂဏှန္တု ဘန္တေ ဘဂဝါ၊ ပဋိဂ္ဂဏှန္တု ဘန္တေ ဘဂဝါ"**ဟု အရှင်အာနန္ဒာ အကြိမ်ကြိမ် လျှောက်ထားသော စကားဖြင့်လည်း ဘုရားနှင့်တူသော အလှူခံမည်သည် မရှိ။ မိထွေးတော် ဂေါတမီအား အကျိုးကြီးမြတ်ခြင်းကို အလိုရှိသောကြောင့်သာ 'သံယာကို လှူလော'-ဟု ဘုရား ဆိုတော်မူလျက်ကို **"အရှင်ဘုရား၊ ခံတော်မူပါ"**ဟု အကြိမ်ကြိမ်လျှောက်သည်-ဟု မှတ်ရာ၏။

အချို့သော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်တို့သည် ဤသို့ ဆိုရာ၏။ **"သံယေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံယော စ"**ဟု ဘုရားဆိုတော်မူသောကြောင့် မြတ်စွာဘုရားလည်း သံယာ၌ အကျိုးဝင်၏-ဟု ဆိုရာ၏။ ထိုဝိတဏ္ဍဝါဒီပုဂ္ဂိုလ်တို့ကိုလည်း ဤသို့ မေးအပ်၏။

"သရဏဂုံကား ဘယ်နှစ်ပါးရှိသနည်း။ မတုန်မလှုပ် သက်ဝင်ကြည်ညိုအပ်သော **အဝေစ္စပသာဒကား ဘယ်နှစ်ပါးရှိသနည်း"**ဟု မေးအပ်၏။ ထိုအခါ ဝိတဏ္ဍပုဂ္ဂိုလ်သည် ဤသို့ ဆိုရာ၏။ ဘုရား၊ တရား၊ သံဃာ-ဟူ၍ သရဏဂုံ ၃-ပါးတည်း။ ဘုရား, တရား, သံဃာ, သီလ-ဟူ၍ မတုန်မလှုပ် သက်ဝင်ကြည်ညိုအပ်သော အဝေစ္စပသာဒ ၄-ပါးတည်း။ ဤသို့ ဆိုရာ၏။

ထိုသို့ ဆိုခဲ့သည်ရှိသော် အကယ်၍ မြတ်စွာဘုရားသည် သံဃာ၌ အကျိုးဝင်ခဲ့အံ့၊ သရဏဂုံ ၃-ပါး မရှိရာ၊ ၂-ပါးသာ ရှိရာ၏။ အဝေစ္စပသာဒလည်း ၄-ပါးမရှိရာ၊ ၃-ပါးသာ ရှိရာ၏။ ဤသို့ သရဏဂုံ ၂-ပါး, အဝေစ္စပသာဒ ၃-ပါးသာ ရှိခဲ့အံ့။ **"အနုဇာနာမိ ဘိက္ခဝေ တီဟိ သရဏေဟိ ပဗ္ဗဇ္ဇံ ဥပသမ္ပဒံ"**ဟု သရဏဂုံ ၃-ပါးဖြင့် ရှင်ပြုခြင်း, ရဟန်းခံခြင်းကို ခွင့်ပြုတော်မူရကား မြတ်စွာဘုရားသည် သံဃပရိယာပန္နဖြစ်၍ သံဃာ၌ အကျိုးဝင်ခဲ့အံ့၊ သရဏဂုံ ၃-ပါး မပြည့်သေးသောကြောင့် ရှင်ရဟန်း မဖြစ်။ ထို့ကြောင့် ဘုရားသခင်သည် သံဃာ၌ အကျိုးဝင်၏-ဟု ဆိုသော ပုဂ္ဂိုလ်သည် ရှင်ရဟန်းလည်း မဟုတ်။ လူလည်း မဟုတ်-ဟု ပယ်အပ်၏။

တစ်ကြောင်းလည်း မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်၌ နေတော်မူလျက်ပင် ရဟန်းသံဃာသည် ဥပုသ်,ပဝါရဏာ-စသော ကံကြီး,ကံငယ်ကို ပြုကြကုန်၏။ အကယ်၍ မြတ်စွာဘုရားသည် သံဃပရိယာပန္နဖြစ်၍ သံဃာ၌ အကျိုးဝင်သည် ဖြစ်အံ့၊ ထိုဥပုသ်, ပဝါရဏာ-စသော ကံတို့သည် ပျက်ရာ၏။

စင်စစ်သော်ကား- ထိုဥပုသ်,ပဝါရဏာ-စသော ကံတို့သည် မပျက်။ ထို့ကြောင့် မြတ်စွာဘုရားသည် သံဃာ၌ အကျိုးဝင်၏-ဟု မဆိုထိုက်, မဆိုအပ်။ အချို့လည်း မြတ်စွာ

http://www.dhammadownload.com

ဘုရားနှင့် တကွဖြစ်သော ဗုဒ္ဓပမုခဉာတောသံယိကဒါနသည် မြတ်၏-ဟု ဆိုကုန်၏။ ထိုစကားဌ ဘုရားအမှူးရှိသောကြောင့် ဗုဒ္ဓပမုခ သံယိကဒါနသည် မြတ်သည် မဟုတ်။ ထို့ကြောင့် ဘုရားအမှူးရှိသော သံယိကဒါနသည် ဘုရား-ဟူသော ပုဂ္ဂလဝိသေသဗုဒ္ဓပမုခကြောင့် မြတ်၏။ ဘုရားလည်း သံဃာဌ မဝင်၊ အသီးပင် ဖြစ်သည်-ဟု မှတ်ရာ၏။ "သံယေဒိန္နံ မဟပ္ဖလံ"၏အရမှာ ဝိထိစိတ် များသောကြောင့် စေတနာ များသည်ကို ယူရမည်။ စေတနာများလျှင် အကျိုးကြီးမား၍ ပုဂ္ဂလိကထက် သာလွန်သည် မဟုတ်ပါလော-ဟူငြားအံ့၊ အရေအတွက်ပင် များသော်လည်း အားကြီးလှသော ဝတ္ထုကို မမီရာ၊ ဘုရားမှ တပါး ပုဂ္ဂိုလ် သံဃာဖြစ်ခဲ့အံ့။ ပုဂ္ဂလိကဒါနထက် သံယိကဒါန မြတ်၏။ ထိုသံယိကဒါနကိုလည်း သံဃာဌ ရှိသေခြင်း သံယစိတ္တိကာရကို ပြုနိုင်သောသူအား သံယိကဒါန ဖြစ်၏။

သံယစိတ္တိကာရကို မပြုနိုင်သောသူအား မဖြစ်။ သံယစိတ္တိကာရကိုလည်း အလွန်ပြုနိုင်ခဲ၏။ ထိုစကာ့သင့်၏။ "သံယိကဖြစ်သော ဒါနကို လှူအံ့"ဟု အလှူဝတ္ထုကို စီရင်ပြီး၍ သံဃာထံသို့ ချဉ်းကပ်၍ 'အရှင်ဘုရားတို့ သံဃာကို ရည်၍ မထေရ် ၁-ပါးကို ပေးတော်မူပါ' ဟု လျှောက်ရာ သာမဏေကို ရ၍ 'ငါ့အား သာမဏေကို ရခဲ့ပြီ'-ဟု နှလုံး မသာယာသောသူအားလည်း သံဃာဌ ရှိသေခြင်း သံယစိတ္တိကာရ မဖြစ်။ မထေရ်ကြီးကို ရ၍ 'ငါ့အား မထေရ်ကြီးကို ရပေ၏'-ဟု ဝမ်းမြောက်သသူအားလည်း သံဃာဌ ရှိသေခြင်း သံယစိတ္တိကာရ မဖြစ်၊ သာမဏေကို ဖြစ်စေ, ပဉ္စင်းကို ဖြစ်စေ, မထေရ်ငယ်ကို ဖြစ်စေ, မထေရ်ကြီးကို ဖြစ်စေ, မိုက်သောရဟန်းကို ဖြစ်စေ, ပညာရှိသော ရဟန်းကို ဖြစ်စေ အမှတ်မရှိ တပါးပါးကို ရ၍ ယုံမှားမရှိ၊ 'သံယိကဒါနကို ငါလှူအံ့'-ဟု သံဃာကို ရှိသေခြင်း သံယစိတ္တိကာရကို ပြုနိုင်သောသူအား သံယိကဒါန ဖြစ်၏။

ထိုကြောင့် ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္သုတ် အဋ္ဌကထာဌ–

> သံယေ စိတ္တီကာရံ သဏ္ဌာနန္တိသ ဟောတိ၊ သံယေ စိတ္တီကာရော နာမ ဒုတ္ထရော ဟောတိ၊ 'သံဃဂတံ ဒက္ခိဏံ ဒဿာမီ'တိ ဒေယျဓမ္မံ ပရိယာဒေတ္ထာ ဝိဟာရံ ဂတ္ထာ 'ဘန္တေ သံယံ ဥဒ္ဒိသ ဧကံ ထေရံ ဒေထာ'တိ၊ အထ သံယတော သာမဏေရံ လဘိတ္ထာ 'သာမဏေရော မေ လဒ္ဓေါ'တိ အညထတ္တံ အာပဇ္ဇတိ၊ တဿ ဒက္ခိဏာ သံဃဂတာ နာ ဟောတိ၊ မဟာထေရံ လဘိတ္ထာပိ 'မဟာထေရော မေ လဒ္ဓေါ'တိ သောမနဿံ ဥပ္ပါဒေန္တဿာပိ နာ ဟောတိ၊ ယော ပန သာမဏေရံ ဝါ ဥပသမ္ပန္နံ ဝါ ဒဟရံ ဝါ ထေရံ ဝါ ဗာလံ ဝါ ပဏ္ဍိတံ ဝါ ယံကိဉ္စိ သံဃတော လဘိတ္ထာ နိဗ္ဗေမတိကော ဟုတ္ထာ 'သံဃဿ ဒေမိတိ' သံယေ စိတ္တီကာရံ ကာတုံ သဏ္ဌာတိ၊ တဿ ဒက္ခိဏာ သံဃဂတာ နာမ ဟောတိ။ –

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မဂ္ဂ၊၄။၂၂၅)

http://www.dhammadownload.com

သံယော၊ သံယာ၌။ စိတ္တိကာရံ၊ ရိုသေခြင်းကို။ ကရောန္တသ၊ ပြုနိုင်သောသူအား။ ဟောတိ၊ ဖြစ်၏။ သံယော၊ သံယာ၌။ စိတ္တိကာရော နာမ၊ ရိုသေခြင်းမည်သည်ကို။ ဒုက္ကရော၊ ပြုနိုင်ခဲ၏။ ဟိ သစ္စံ၊ မှန်၏။ ယော၊ အကြင်သူသည်။ သံယဂတံ၊ သံယာအား ရောက်သော။ ဒက္ခိဏံ၊ အလှူကို။ ဒဿာမိ၊ လှူအံ့။ ဣတိ၊ ဤသို့ ကြံ၍။ ဒေယျဓမ္မံ၊ လှူဖွယ်ဝတ္ထုကို။ ပရိယာဒေတွာ၊ စီရင်၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္ဒာ၊ သွား၍။ "ဘန္တေ၊ သခင်တို့။ သံယံ၊ သံယာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဧကံ ထေရံ၊ မထေရ် ၁-ပါးကို။ ဒေထ၊ ပေးတော်မူပါကုန်။" ဣတိ၊ ဤသို့။ ယာစိ၊ တောင်း၏။

အထ၊ ထိုသို့ တောင်းသောအခါ၌။ သံယတော၊ သံယာမှ။ သာမဏေရံ၊ သာမဏေကို။ လဘိတွာ၊ ရ၍။ 'မေ၊ ငါ့အား။ သာမဏေရော၊ သာမဏေကို။ လဒ္ဓေါ၊ ရခဲ့ပြီ။' ဣတိ၊ ဤသို့။ အညထတ္တံ၊ ဖောက်ပြန်ခြင်းသည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ ဒက္ခိဏာ၊ အလှူသည်။ သံယဂတာ၊ သံယာအား ရောက်သည်။ ဝါ၊ သံယိကဒါနသည်။ နော ဟောတိ၊ မဖြစ်။ မဟာထေရံ၊ မထေရ်ကြီးကို။ လဘိတွာပိ၊ ရ၍လည်း။ 'မေ၊ ငါ့အား။ မဟာထေရော၊ မထေရ်ကြီးကို။ လဒ္ဓေါ၊ ရခဲ့ပြီ'။ ဣတိ၊ ဤသို့။ သောမနဿံ၊ ဝမ်းမြောက်ခြင်းကို။ ဥပ္ပါ-ဒေန္တသာပိ၊ ဖြစ်စေသောသူအားလည်း။ ဝါ၊ သူ၏လည်း။ ဒက္ခိဏာ၊ အလှူသည်။ သံယ-ဂတာ၊ သံယာအား ရောက်သည်။ ဝါ၊ သံယိကအလှူသည်။ နော ဟောတိ၊ မဖြစ်။

ယော ပန၊ အကြင်သူသည်ကား။ သာမဏေရံ ဝါ၊ သာမဏေကိုလည်းကောင်း။ ဥပသမ္ပန္နံ ဝါ၊ ပဉ္စင်းကိုလည်းကောင်း။ ဒဟရံ ဝါ၊ ပဉ္စင်းငယ်ကိုလည်းကောင်း။ ထေရံ ဝါ၊ မထေရ်ကြီးကိုလည်းကောင်း။ ဗာလံ ဝါ၊ မိုက်(ငယ်)သော ရဟန်းကိုလည်းကောင်း။ ပဏ္ဍိတံ ဝါ၊ ပညာရှိသော ရဟန်းကိုလည်းကောင်း။ လဘိတွာ၊ ရ၍။ နိပ္ဖေမတိကော၊ ယုံမှားမရှိသည်။ ဟုတွာ၊ ဖြစ်၍။ "သံယဿ၊ သံယာအား၊ ဒေမိ၊ လှူအံ့"။ ဣတိ၊ ဤသို့။ သံယော၊ သံယာ၌။ စိတ္တိကာရံ၊ ရိုသေခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ၊ သက္ကောတိ၊ တတ်နိုင်၏။ တဿ၊ ထိုသူ၏။ ဒက္ခိဏာ၊ အလှူသည်။ သံယဂတာ နာမ၊ သံယာအား ရောက်သည် မည်သည်။ ဝါ၊ သံယိက အလှူမည်သည်။ ဟောတိ၊ ၏။

ဤသို့ သံယာ၌ ရိုသေခြင်း သံယစိတ္တိကာရကို ပြုနိုင်သောသူအား သံယိကဒါန ဖြစ်၏၊ မပြုနိုင်သောသူအား မဖြစ်။ သံယာ၌ ရိုသေခြင်း သံယစိတ္တိကာရ ဖြစ်ဟန်ကို ဤဆိုလတ္တံ့သော သာဓကဝတ္ထုဖြင့် သိရာ၏။

သမုဒ္ဒရာ၏ တစ်ဖက်၌နေသော ဝိဟာရကုဋုမ္ဗိကမည်သော သူကြွယ်သည် 'သံယိက အလှူကို လှူအံ့'-ဟု သံယာကို ရည်၍ သံယာ၏အထံမှ ရဟန်း ၁-ပါးကို တောင်း လေသော် တစ်ယောက်သော ဒုဿီလရဟန်းကို ရခဲ့လေလျှင် နေရာအရပ်ကို တံမြက်

http://www.dhammadownload.com

တလင်း ရှင်းလင်းသုတ်သင်ပြီးမှ သင့်တင့်လျောက်ပတ်သောနေရာကို ကောင်းစွာ ခင်းလျက် အထက်၌ ဝိတာန်ကြက်၍ ပန်းအနှီးအထုံတို့ဖြင့် ပူဇော်ပြီးမှ ခြေကို ဆေးလျှော်၍ နယ်ဆီဖြင့် ဆုပ်နယ်လိမ်းကျံ၍ မြတ်စွာဘုရားကို ရိုသေသကဲ့သို့ ရိုသေစွာ သံယစိတ္တီကာရကို ပြုလျက် လှူဒါန်းပူဇော်လိုက်၏။ ထိုဒုဿီလရဟန်းလည်း သူကြွေယ်၏အလှူကို ခံရ၍ 'အကျွမ်းဝင်ကြပြီ'ဟု နေလွဲအခါ စေတီကို သုတ်သင်အံ့သောငှာ သူကြွေယ်အိမ်သို့ သွား၍ အပါးဌ ရပ်ပြီးသော် ပေါက်တူးကို အလှူခံလာရာ နေရာမှ မထဘဲ ပေါက်တူးကို ခြေဖြင့် ခတ်၍ ပေးလိုက်၏။

ထိုအခါ လူအပေါင်းတို့က ဤသို့ ဆိုကြကုန်၏။ "နံနက်အခါတွင်ပင် ဤရဟန်းကို ရိုသေစွာ တုပ်ဝပ်လျက် ကပ်လှူပူဇော်ခြင်းကို ပြု၍ ယခုအခါ အလှူခံလာသည်တွင် သခင်သည် ဤအရှင်ရဟန်းကို ရဟန်းကဲ့သို့ မမှတ်။ ပေါက်တူးကို ခြေဖြင့် ခတ်၍ မလျောက်မပတ် ပေးဘိ၏။ ဤအကြောင်းကား အဘယ်နည်း"ဟု မေးကြလေလျှင် "နံနက်အခါက သံယာကို ရည်၍သာ ရိုသေစွာ ငါပြု၏။ ယခုအခါ အဘယ်မှာ ငါပြုတော့အံ့နည်း"ဟု ဆို၏။ ဤကဲ့သို့ **သံယာကို ရိုသေခြင်း သံယစိတ္တီကာရကို ပြုနိုင်သောသူအား အဂၢဇ္ဇိ, ဒုဿီလပင် ဖြစ်လင့်ကစား ရဟန္တာပုဂ္ဂိုလ်ကို လှူသောထက်ပင် သံယိကဒါန မြတ်၏။**

ထို့ကြောင့် ၎င်းဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌–

> **သံယေ စိတ္တီကာရံ ကာတုံ သက္ကောန္တသ္သ ခီဏာသဝေ ဒိန္နဒါနတော ဥဒ္ဓိသိတ္ဝာ ဂဟိတေ ဒုဿီလေ ဒိန္နဒါနံ မဟပ္ဖလမေဝ–**

ဟူသော ပါဠိ(မ၊၃၊၄၊၂၂၆)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သံယေ၊ သံယာ၌။ စိတ္တီကာရံ၊ ရိုသေလေးမြတ် တုပ်ဝပ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကောန္တသ္သ၊ တတ်နိုင်သောသူအား။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်၌။ ဒိန္နဒါနတော၊ လှူသော အလှူထက်။ ဥဒ္ဓိသိတ္ဝာ၊ သံယာကို ရည်၍။ ဂဟိတေ၊ ယူအပ်သော။ ဒုဿီလေ၊ သီလမရှိသော ပုဂ္ဂိုလ်၌။ ဒိန္နဒါနံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလမေဝ၊ အကျိုးကြီးမြတ်သည်သာတည်း။

ထိုကဲ့သို့သော အရာကို ရည်၍ မြတ်စွာဘုရားသည် ၎င်းဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်၌–

> **ဘဝိဿန္တိ ခေါ ပန အာနန္ဒ အနာဂတ'မဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဏာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံယံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါပါ'ဟံ အာနန္ဒ သံယဂတံ ဒက္ခိဏံ အသင်္ခေယျံ အပ္ပမေယျန္တိ ဝဒါမိ။ န တွေ'ဝါ'ဟံ**

http://www.dhammadownload.com

အာနန္ဒ ကေနစိ ပရိယာယေန သံယဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကဒါနံ မဟပ္ဖလတရံ ဝဒါမိ–

ဟူ၍ ဟောတော်မူသည်။ (မ၊၃။၂၉၉)

အာနန္ဒ၊ အာနန္ဒာ။ အနာဂတမဒ္ဓါန်၊ နောင်လာလတ္တံ့သော ကာလ၌။ ဂေါတြဘုနော၊ ရဟန်း၏ အန္တေယ်သာရှိကုန်သော။ ကာသာဝကဏ္ဍာ၊ လည်၌ရောက်သော သင်္ကန်းရှိကုန်သော။ ဒုဿီလာ၊ သီလမရှိကုန်သော။ ပါပဓမ္မာ၊ ယုတ်မာသော အကျင့်ရှိကုန်သော။ ဘိက္ခူ။ ရဟန်းတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တေသု ဒုဿီလေသု၊ ထိုဒုဿီလတို့၌။ သံယံ၊ သံယာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒါနံ၊ အလှူကို။ ဒဒိဿန္တိ၊ လှူကုန်လတ္တံ့။ အာနန္ဒ၊ အာနန္ဒာ။ တဒါပိ၊ ထိုအခါ၌လည်း။ သံယဂတံ၊ သံယာအား ရည်၍လှူသော။ ဒက္ခိဏာ၊ အလှူသည်။ အသခ္ခေယ်၊ မရေတွက်နိုင်။ အပ္ပမေယ်၊ မနှိုင်းယှဉ်အပ်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အာနန္ဒ၊ အာနန္ဒာ၊ ကေနစိ ပရိယာယေန၊ တစ်စုံတစ်ခုသော အကြောင်းဖြင့်။ သံယဂတာယ၊ သံယာအား ရည်၍ လှူသော။ ဒက္ခိဏာ-ယ၊ အလှူထက်။ ပါဋိပုဂ္ဂလိကဒါနံ၊ ပုဂ္ဂိုလ်အသီးပြု၍ လှူအပ်သော ပုဂ္ဂလိကဒါနသည်။ မဟပ္ဖလတရံ၊ အကျိုးကြီးမြတ်၏-ဟူ၍။ အဟံ၊ ငါဘုရားသည်။ နတ္ထေဝ ဝဒါမိ၊ ဟောတော်မမူသည်သာတည်း။

ဤတွင်ရွေ့, သံယိက, ပုဂ္ဂလိကဒါန ၂-ပါးတို့၏ မဟပ္ဖလ,မဟာနိသံသကို ပြဆိုသော စကားတရပ် အပြီးသတ်တည်း။

(၂) "သံယိကဘတ်-စသော ၁၄-ပါးကုန်သော ဘတ်တို့တွင် အဘယ်ဘတ်သည် သာလွန်၍ အကျိုးကြီးမြတ်ပါသနည်း"ဟု လျှောက်မေးသည်မှာ "အနုဇာနာမိ ဘိက္ခဝေ၊ သံယဘတ္တံ"စသည်ဖြင့် ဟောတော်မူသော ပါဠိတော်(၀။၄၊၃၂၂။၀။၃၊၄၀၆-၈)နှင့်အညီ–

၁။ သံယဘတ်၊	၂။ ဥဒ္ဒေသဘတ်၊	၃။ နိမန္တနဘတ်၊
၄။ သလာကဘတ်၊	၅။ ပက္ခိကဘတ်	၆။ ဥပေါသထိကဘတ်၊
၇။ ပါဋိပဒိကဘတ်၊	၈။ အာဂန္တုကဘတ်၊	၉။ ဂမိကဘတ်၊
၁၀။ ဂိလာနဘတ်၊	၁၁။ ဂိလာနုပဋ္ဌာကဘတ်	၁၂။ ဓုရဘတ်၊
၁၃။ ကုဋိဘတ်	၁၄။ ဝါရဘတ် –	

ဟူ၍ ၁၄-ပါးတည်း။ ထို ၁၄-ပါးသော ဘတ်တို့တွင်–

http://www.dhammadownload.com

၁။ အလုံးစုံရောက်သမျှကို လျှူသော ဘတ်သည် သံယဘတ် မည်၏။

၂။ သံယာထံမှ ဤမျှသော ရဟန်းကို ပင့်ဆောင်စေ၍ ထေရာသနမှ စ၍လည်းကောင်း ဝါစဉ်ဖြင့်လည်းကောင်း လျှူသော ဘတ်သည် ဥဒ္ဒေသဘတ် မည်၏။

၃။ ဖိတ်၍ လျှူသော ဘတ်သည် နိမန္တနဘတ် မည်၏။

၄။ စာရေးတံချ၍ လျှူသော ဘတ်သည် သလာကဘတ် မည်၏။

၅။ စတုဒ္ဒသီ, ပဉ္စဒသီ-အစရှိသော လဆန်း, လဆုတ်ပက္ခတို့၌ လျှူသော ဘတ်သည် ပက္ခိကဘတ် မည်၏။

၆။ လခွဲ တစ်ကြိမ် ဥပုသ်ဆောက်တည်၍ ထိုဥပုသ်နေ့၌ လျှူသော ဘတ်သည် ဥပေါသထိကဘတ် မည်၏။

၇။ အထွက် ၁-ရက်နေ့၌ လျှူသော ဘတ်သည် ပါဋိပဒိကဘတ်မည်၏။

၈။ ခရီးသွားသော ရဟန်းတို့အား လျှူသော ဘတ်သည် ဂမိကဘတ် မည်၏။

၉။ ဧည့်သည်တို့အား လျှူသော ဘတ်သည် အာဂန္တုကဘတ် မည်၏။

၁၀။ သူနာရဟန်းတို့ကို လျှူသော ဘတ်သည် ဂိလာနဘတ် မည်၏။

၁၁။ သူနာကို လုပ်ကျွေးသော ရဟန်းကို လျှူသော ဘတ်သည် ဂိလာနုပဋ္ဌာကဘတ် မည်၏။

၁၂။ အမြဲလျှူသော ဘတ်သည် ဓုရဘတ် မည်၏။

၁၃။ သံယိကကျောင်းဆောက်၍ "ထိုကျောင်း၌ နေသော ရဟန်းတို့သည် ငါတို့၏ ဆွမ်းကိုသာ သုံးဆောင်ကြပါကုန်"ဟု လျှူဒါန်းသော ဘတ်သည် ကုဋိဘတ် မည်၏။

၁၄။ စာရေးတံအလှည့်ချ၍ လျှူသောဘတ်သည် ဝါရဘတ်မည်၏။

ဤသို့လျှင် ၁၄-ပါးတို့တည်း။ ထို ၁၄-ပါးတို့တွင် သံယဘတ်၌–

> သံယဘတ္တန္တိ သကလဿ သံယဿ ဒါတဗ္ဗံ ဘတ္တံ၊ တသ္မာ သံယဘတ္တေ ဌိတိကာ နာမ နတ္ထိ၊ တံ ဟိ အာဂတာဂတာနံ ပါပုဏာတိယေဝ၊

ဟု လာသည်။ ဥဒ္ဒေသဘတ်၌–

> သံယတော ဥဒ္ဒိသိတ္ထာ ထေရာသနတော ပဋ္ဌာယ ဂါဟေတဗ္ဗံ၊ ဝဿဂ္ဂေန ဂါဟေတဗ္ဗံ။ ဟု လာသည်။

http://www.dhammadownload.com

နိမန္တနဘတ်၌–

နိမန္တနိကံ ပုဂ္ဂလိကံ စေ၊ သယမေဝ ဣဿရော၊ သံယိကံ ပန ဥဒ္ဒေသဘတ္တေ ဝုတ္တနယေနေဝ ဂါဟေတဗ္ဗံ။

ဟု လာသည်။ **သလာကဘတ်၌** –

ဥဒ္ဒေသဘတ္တေ ဝုတ္တနယေနေဝ ထေရာသနတော ပဋ္ဌာယ သလာကာ ဒါတဗ္ဗာ။

ဟု လာသည်။

ပက္ခိကဘတ်, ဥပေါသထိကဘတ်၊ ပါဠိပဒိကဘတ်တို့၌လည်း "တံ သလာကဘတ္တ ဂတိကမေဝ ဟောတိ"ဟု လာသည်။

အာဂန္တုကဘတ်, ဂမိကဘတ်, ဂိလာနဘတ်, ဂိနာနုပဋ္ဌာကဘတ်တို့၌ကား အထူး မလာ။ အာဂန္တုကရဟန်း များလျှင် အလှည့်ဖြင့်သာ ယူသင့်ကြောင်းကို "ဒ္ဝိတိကာယ ဂါဟေ-တဗ္ဗံ"ဟု လာသည်။

ဓုရဘတ်၌– "တမ္ပိ ဒုဋ္ဌိမံ သံယိကဉ္စ, ပုဂ္ဂလိကဉ္စ"ဟု လာသည်။

ကုဋိဘတ်၌–

သံယဿ အာဝါသံ ကာရေတ္ဝာ တံ သလာကဘတ္တဂတိကမေဝ၊ ပုဂ္ဂလေ ပသီဒိတ္ဝာ တဿ အာဝါသံ ကတ္ဝာ တုမှာကံ ဒေမာတိ ဒိန္နံ၊–

ဟု လာသည်။ (နှာ-၂၆၃-၂၈၁)

ဝါရဘတ်၌ "**ဝါရဘတ္တန္တိ ဝုတ္တေ ပန သလာကဘတ္တဂတိက မေဝ**"ဟု လာသည်။ ယင်းသို့လာသော ဝိနယသင်္ဂဟအဋ္ဌကထာပါဠိ၏အရကို ထောက်ဆန့်ငင်းညှိ ဆင်ခြင်သော် "**အနုဇာနာမိ ဘိက္ခဝေ သံဃဘတ္တံ**"-စသည်ဖြင့် ခွင့်ပြုတော်မူသောအရာ ဖြစ်၍လည်း ကောင်း အမည်နာမ ဝေါဟာရသာ ကွဲပြား၍ ဒါနလက္ခဏာ မကွဲပြားလေရကား ဘုရားမှ တပါးသော ပုဂ္ဂိုလ်သံဃာတို့ကို ရည်ညွှန်းဖိတ်မံ စာရေးတံ ဝတ်အလှည့် ကုဋိဘတ်-စသည် တို့ကို လျှောရ၌ အထက်ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်မြတ် ပါဠိတော်အရ သံယိက ဖြစ်သောအရာသည် သာလွန်ထူးမြတ်၏-ဟု မှတ်ရာ၏။

မဟာအဋ္ဌကထာ၌ကား ဝိဟာရဘတ်, အဋ္ဌကဘတ်, စတုက္ကဘတ်, ဂုဠ္ဠကဘတ်-ဟူ၍ ဘတ် ၄-ပါးလည်း လာသေး၏။ ထို ၄-ပါးကုန်သော ဘတ်တို့တွင် ဝိဟာရဘတ်၌ "တံ သံဃဘတ္တေန သင်္ဃိတံ"ဟု လာ၏။ အဋ္ဌကဘတ်, စတုက္ကဘတ်တို့၌ကား "သလာက ဘတ္တဂတိကာနေဝ"ဟု လာ၏။

http://www.dhammadownload.com

ဤတွင်ရွေ့ သံယဘတ်-စသော ၁၄-ပါးကုန်သော ဘတ်တို့၏ မဟပ္ပလ, မဟာ-နိသံသကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

၁၂၃၆-ခု၊ တပို့တွဲလဆုတ်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

မြောက်ပြင်၊ သူရဲစေ့းအနီးနေ မောင်အိုး-က နေ,လ-တို့၏ သွား,လာ ထွက်,ဝင် မွန်းတည့်ရာဌာန မြင်းမိုရ်, သတ္တရဇ္ဇာန်-စသည်တို့ အချင်းယူဇနာ အဝေးအကွာများကို သိမှတ်ပါရအောင် မိန့်ဆိုမ-စတော်မူပါမည့် အကြောင်းနှင့် လျှောက်ထားချက်

[၄၈] "ဘုရားတပည့်တော် ဘိကြပ်အဆောင်တော်မြဲ၊ ပလိုင်းလက်စွဲ၊ နေမျိုးစည်သူဘွဲ့ခံ၊ တကာငအိုး ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

နေ,လတို့၏ ထွက်ရာ,ဝင်ရာ, မွန်းတည့်ရာဌာန, အချိန်ကာလ, မြင်းမိုရ်, စကြဝဠာ, သီတာ, သတ္တရဇ္ဇာန်ကျွန်းကြီးတို့၏ အချင်းယူဇနာ အဝေးအကွာများကို ကျမ်းဂန်ပါဠို လာရှိသည့်အတိုင်း သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

ဂုဏ်တကာ မောင်အိုး လျှောက်ထားချက်–

လျှောက်ထားချက်အရ ကျမ်းဂန်လာတိုင်း အကျဉ်းအမြွက်မျှ ပြဆိုလိုက်ပေအံ့။

[၄၈](၁) ပါဠိအဋ္ဌကထာဒီသု ဥတုသမတာ အာဂတာ၊ န ပန ဥတုဘေဒေါ။ ဌပေတွာ ဥတုဘေဒံ ဒီဝသဘေဒမတ္ထိ၊ ယထာ ဏ္ဍမဿိ စတ္တဝါဠေ ဥတု-ဘေဒေါ န ဟောတိ၊ တထာ ကောဋိသတသဟဿစတ္တဝါဠေသုပိ ဥတုဘေဒေါ န ဟောတိ။

ဟူ၍ ကျမ်းဂန်လာသောကြောင့် လေးကျွန်း,လေးမျက်နှာတို့၌ပင် ဥတု ညီကြ၏။ ဥတုသာ မဟုတ်၊ နေ့အဖို့မှာ ကွဲပြားကြသည် မရှိ။ ထို့ကြောင့် ဥတုကွဲပြားခြင်း မရှိ။ ဤကျွန်း,

http://www.dhammadownload.com

ဤစကြဝဠာ၌ ဥတုအကွဲအပြား မရှိသကဲ့သို့ ထို့အတူ စကြဝဠာကုဋေ ၁-သိန်းလုံး၌ပင် ဥတုကွဲပြားခြင်း မရှိ မှတ်ရမည်။

ပါဠိအဋ္ဌကထာဒီသု၊ ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းတို့၌။ ဥတုသမတာ၊ ဥတုမျှသည်၏အဖြစ်သည်။ အာဂတာ၊ လာ၏။ ဥတုဘေဒေါ၊ ဥတုကွဲပြားခြင်းသည်ကား။ နာ အာဂတော၊ မလာ။ ဥတုဘေဒံ၊ ဥတုကွဲပြားခြင်းကို။ ဌပေတွာ၊ ထားဦး၍။ ဒိဝသဘေဒမတ္တမ္ပိ၊ နေ့၏ကွဲပြားခြင်းသည်မျှလည်း။ နတ္ထိ၊ မရှိ။ ဣမသ္မိံ စကြဝါဠေ၊ ဤစကြဝဠာ၌။ ဥတုဘေဒေါ၊ ဥတု၏ကွဲပြားခြင်းသည်။ နာ ဟောတိ ယထာ၊ မဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ကောဋိသတသဟဿစက္ကဝါဠေသုပိ၊ ကုဋေ ၁-သိန်းသော စကြဝဠာတို့၌လည်း။ ဥတုဘေဒေါ၊ ဥတု၏ ကွဲပြားခြင်းသည်။ နာ ဟောတိ၊ မဖြစ်။

ဥတု, နေ, လ ညီမျှကြသည်သာ မဟုတ်သေး၊ အာဏာခေတ်-ဟု ဆိုအပ်သော စကြဝဠာကုဋေ ၁-သိန်း၌ကား အဖြစ်အပျက် အလုံးစုံပင် ညီမျှကြ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၂။၄၄)၌–

> **ဧကံ အာဏာခေတ္တံ ဝိနဿတိ၊ တသ္မိံ ဝိနဿန္တေ ဇာတိခေတ္တမ္ပိ ဝိနဿနမေဝ *(ဝိနဋ္ဌမေဝ)* ဟောတိ၊ ဝိနဿန္တမ္ပိ ဧကတောဝ ဝိနဿတိ၊ သဏ္ဌာဟန္တမ္ပိ ဧကတောဝ သဏ္ဌာဟတိ၊–**

ဟူ၍ မိန့်အပ်ပြီ။

ဧကံ အာဏာခေတ္တံ၊ တစ်ခုသော အာဏာခေတ်သည်။ ဝိနဿတိ၊ ပျက်၏။ တသ္မိံ၊ ထိုအာဏာခေတ်သည်။ ဝိနဿန္တေ၊ ပျက်သည်ရှိသော်။ ဇာတိခေတ္တမ္ပိ၊ ဇာတိခေတ်သည်လည်း။ ဝိနဿနမေဝ၊ ပျက်သည်သာလျှင်။ ဟောတိ၊ ၏။ ဝိနဿန္တမ္ပိ၊ ပျက်သည်ရှိသော်လည်း။ ဧကတောဝ၊ တချိန်မပျက် တပြိုင်နက်သာလျှင်။ ဝိနဿတိ၊ ပျက်၏။ သဏ္ဌာဟန္တမ္ပိ၊ တည်သော်လည်း။ ဧကတောဝ၊ တချိန်မပျက် တပြိုင်နက်သာလျှင်။ သဏ္ဌာဟတိ၊ တည်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် စကြဝဠာ ကုဋေ ၁-သိန်းလုံး၌ပင် နေ,လ,နာရီ-အခါကာလ ညီမျှသည်ကိုလည်း သိအပ်၏။

စ-သဒ္ဒါကား ဝါကျာရမ္ဘတည်း။ ဘာဏုမရာဇာမည်သော နေမင်းသည် ကရကဋ္ဌရာသီဖြစ်သော ဝါဆိုလသို့ ပြောင်းသည့်ကာလမှ စ၍ ၁-အံ့သာ, ၁-အံ့သာ၌ ၁၀-နာရီအောက် ၂-ဗီဇနာ ယုတ်၏။

http://www.dhammadownload.com

ဖဝါးကား မုယော ၂-လုံး,၂-လုံး တိုး၏။ အဘယ်ကြောင့်နည်းဟူမူ နေသည် ဒက္ခိဏာယာဉ် အတွင်းစက်မှ ဥတ္တရာယာဉ်၏ အပစက်သို့ ထွက်သွားသောကြောင့်တည်း။ ဤသို့သောနည်းဖြင့် အံ့သာ ၃၀-ပြည့်လျှင် ၁-ဖဝါး တိုး၏။ ၁-နာရီ ယုတ်၏။

ထို့ကြောင့် သရဝဏ္ဏဖြစ်သော သိဟ်ရာသီ၌ (ဝါခေါင်လလည်း-ဟူ) ဖဝါးကား ၁-ဖဝါး, ၁-ဖဝါး ဖြစ်၏။ နာရီကား ၁၇-နာရီ ဖြစ်၏။ ဤနည်းဖြင့် နာရီ တိုး၏။ တိုးခြင်း, ယုတ်ခြင်းကို သိရာ၏။ ဤသို့ ဖြစ်ရကား ၁၂-နာရီအောက် ယုတ်သည် မရှိ။ ၆-ဖဝါးထက် လွန်သည် မရှိ။ ထို့ကြောင့်-

သူရိယော ကတ္တုရာသီ သသင်္ကန္တတော ပဋ္ဌာယ ။လ။ ဒွါဒသနာဠိကတော ဥနာ ဝါ ဆဟိဒတော အဓိကာ ဝါ နံ ဝိဇ္ဇတေဝ—

ဟူသော မိန့်အပ်ပြီ။ အနက်ကား လွယ်၏။

ပေယျာလ-ထားသည်မှာ ပါဠိရှိတိုင်းကို ထုတ်ဖော်၍ရေးလျှင် စာများ၍ ဂန္ထဂရု ဖြစ်မည်။ ထို့ကြောင့် အဓိပ္ပါယ်ကို သိရုံမျှ ကျမ်းဂန်ကို အထောက်အထားပြု၍ ရေးသား အပ်သည်။ လုံးလုံးမျှ မရိပ်မိ, မသိသူတို့မှာ လွယ်သည်, ခက်သည် ဆိုရန် မရှိပြီ။ လျှာမရှိ သူတို့မှာ အရသာကို မသိသကဲ့သို့တည်း။ ဤနည်းကို မှီ၍ မိဿ-စသော ရာသီတို့၌ ဖဝါးနာရီ အတိုး,အယုတ်တို့ကို သိရာ၏။

ထို့ကြောင့် ဣသုဗေဒင်ကျမ်း၌—

ယာမစမ္ဗွ ရူပဉ္စ၊ သုညံ ရူပဉ္စ စမ္ဗကာ၊
ယာမံ ပေတာ စ ပါဏာ စ၊ ရသော ပါဏာ စ ပေတကာ—

ဟူ၍လည်းကောင်း

မကာရေ ဒွါဒသဋ္ဌိတံ၊ ဓနုကုမ္ဘေ စ တေရသ။
ပြိဿမိန္နကေ စုဒ္ဒသ၊ ပန္နရသ အဇေ တူလေ။
ပြိဿကန္နေ စ သောဠသ၊ သတ္တရသ ဝိယေ သိဟေ။
ကတ္တဋေ အဋ္ဌရသာ'တိ၊ ဝုစ္စတေ မန္တဗုဒ္ဓိနာ။ ။ —

ဟူ၍လည်းကောင်း မိန့်အပ်၏။

စိတြာဒီသု၊ တန်ခူး-စသော ၁၂-လတို့၌။ ပါဒါ၊ ဖဝါးတို့သည်။ ယထာက္ကမံ၊ အစဉ် အတိုင်း။ ယာမဉ္စ၊ ၃-ဖဝါးလည်းကောင်း။ စမ္ဗဉ္စ၊ ၂-ဖဝါးလည်းကောင်း။ ရူပဉ္စ၊ ၁-ဖဝါး လည်းကောင်း။ သုညဉ္စ၊ ဖဝါးသုညလည်းကောင်း။ ရူပဉ္စ၊ ၁-ဖဝါးလည်းကောင်း။ စမ္ဗဉ္စ၊

http://www.dhammadownload.com

၂-ဖဝါးလည်းကောင်း။ ယာမဋ္ဌ၊ ၃-ဖဝါးလည်းကောင်း။ ပေတာ စ၊ ၄-ဖဝါးလည်းကောင်း။ ပါဏာ စ၊ ၅-ဖဝါးလည်းကောင်း။ ရသော စ၊ ၆-ဖဝါးလည်းကောင်း။ ပါဏာ စ၊ ၅-ဖဝါးလည်းကောင်း။ ပေတာ စ၊ ၄-ဖဝါးလည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

မကာရေ၊ ပြာသိုလ၌။ ဒွါဒသ၊ ၁၂-ရာသီတို့သည်။ ဌိတံ၊ တည်၏။ ဓနုကုမ္ဘေ၊ နတ်တော်လ, တပို့တွဲလ၌။ တေရသ၊ ၁၃-နာရီတို့တည်း။ ဗြိစ္ဆိမိန္ဒကေ၊ တန်ဆောင်မုန်းလ, တပေါင်းလ၌။ စုဒ္ဒသ၊ ၁၄-နာရီစီတို့တည်း။ အဇေ တူလေ၊ တန်ခူးလ, သီတင်းကျွတ်လ၌။ ပန္နရသ၊ ၁၅-နာရီတို့တည်း။ ပြိဿကန္နေ၊ ကဆုန်လ, တော်သလင်းလ၌။ သောဠသ၊ ၁၆-နာရီစီတို့တည်း။ ပိယေ-သိဟေ၊ နယုန်လ၌။ သတ္တရသ၊ ၁၇-နာရီစီတို့တည်း။ ကက္ကဋေ၊ ဝါဆိုလ၌။ အဋ္ဌာရသ၊ ၁၈-နာရီတို့တည်း။ ဣတိ၊ ဤသို့။ မန္တဗုဒ္ဓိနာ၊ ဗေဒင်ကျမ်းကို သိသော ဆရာသည်။ ဝုစ္စတေ၊ မိန့်အပ်ခဲ့ပြီ။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် နေဗိမာန်သည် တစ်နေ့,တစ်နေ့၌ သွားသော ခရီးကား အကောက်အားဖြင့် ၃-သန်း ရှိ၏။ အဖြောင့်အားဖြင့်ကား ၁,၃၉,၉၃၁-ယူဇနာ၊ ၁-ဂါဝုတ် ရှိ၏။ ထို့ကြောင့်–

တီသသတသဟဿာနိ၊ ယောဇနာနိ ပမာဏတော။
တသ္မာ သော ပရိတော ယာတိ၊ တတ္ထက်'ဝ ဒိနေ ဒိနေ။ ။ –

(သာရတ္ထ၊၁။၂၆၆)ဟူ၍လည်းကောင်း

ဧကသတသဟဿာနိ တီသသဟဿာနိ နဝသဟဿာနိ နဝသတာနိ
ဧကတီသယောဇနာနိ ဧကဂါဝုတံ–

ဟူ၍လည်းကောင်း မိန့်အပ်ပြီ။

ပမာဏတော၊ အကောက်ပမာဏအားဖြင့်။ တီသသတသဟဿာနိ ယောဇနာနိ၊ ယူဇနာ ၃-သန်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုနေဗိမာန်သည်။ တတ္ထက်ဝ၊ ထိုမျှသာလျှင်။ ဒိနေ ဒိနေ၊ နေ့တိုင်း,နေ့တိုင်း။ ပရိတော၊ မြင်းမိုရ်တောင်၏ ထက်ဝန်းကျင်မှ။ ယာတိ၊ သွား၏။

ဥဇုမဂ္ဂေန၊ အဖြောင့်ခရီးဖြင့်။ ဧကသတသဟဿာနိ၊ ၁-သိန်းတို့သည်လည်းကောင်း။ တီသသဟဿာနိ၊ ၃-သောင်းတို့သည်လည်းကောင်း။ နဝသဟဿာနိ၊ ၉-ထောင်တို့သည်လည်းကောင်း။ နဝသတာနိ၊ ၉၀၀-တို့သည်လည်းကောင်း။ ဧကတီသယောဇနာနိ၊ ၃၁-ယူဇနာတို့သည်လည်းကောင်း။ ဧကဂါဝုတံ၊ ၁-ဂါဝုတ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com

သည်ကိုရည်၍ ရှေးပညာရှိတို့လည်း "**ကိန်းယူဇနာ၊ သောင်းသုံးရာဖြင့်၊ ကျယ်စွာလှည့်သွန်း၊ နေ့တိုင်းထွန်း၏**"ဟူ၍လည်းကောင်း "**တစ်သိန်းချင့်ပေါင်း၊ သုံးသောင်းအခေါင်၊ ကိုးထောင်သချှာ၊ ကိုးရာတလှစ်၊ သုံးဆယ့်တစ်နှင့်၊ တွက်စစ်သွန်းသွန်း၊ ဂါဝုတ်စွန်း၏**"ဟူ၍လည်းကောင်း စပ်ဆိုတော်မူသည်။

ဘာနုမရာဇာ-မည်သော တနင်္ဂနွေကြိုဟ်မင်းသည် မိဿရာသီ, တူရာသီ-ဟု ဆိုအပ်သော တန်ခူးလ, သီတင်းကျွတ်လ၌ စကြဝဠာ အဝန်းယူဇနာကို ထက်ဝက်ပြု၍ ၁,၈၀၅,၁၇၅ ယူဇနာအရပ်ကို လင်းစေ၏။ ထိုမျှလောက်သော အရပ်ကို မိုက်စေ၏။ ထို့ကြောင့် နေ့,ည၌ နာရီ ၃၀-စီ ဖြစ်၏။

တထာ ဟိ သူရိယော မေဿတူလေ သင်္ကန္တိကာလေ စတ္တဝါဠသဒ္ဒါဒိ၊ မဏ္ဍလဿုပရိဘာနိ အဒ္ဒါရသသတသဟဿာနိ ပဘဿရာနိ ဧကသတံ ပဘာသတ္ထတိယောဇနာနိ၊ ဧတ္ထ ဌာနေ အာလောကံ ဒဿေတိ၊ တတ္ထကောဝ အန္ဓကာရော ဟောတိ၊ တသ္မာ ဒိဝါ တိသနာဠိကာ၊ တထာ ရတ္တိယဉ္စ–

ဟူ၍ မိန့်အပ်ပြီ။

ကရကဋ္ဌရာသီ-ဟု ဆိုအပ်သော ဝါဆိုလ၌ ၂,၁၆၆,၂၁၀-ယူဇနာအရပ်ကို လင်းစေ၍ ယူဇနာ ၁,၄၄၄,၁၄၀-အရပ်ကို မိုက်စေ၏။ ထို့ကြောင့် နေ့ကို ၃၆-နာရီ၊ ည၌ကို ၂၄-နာရီ ဖြစ်၏။ ထို့ကြောင့် "**မကာရံ သင်္ကန္တိကာလေ ။လ။ သတ္တတိသနာဠိကာ**"ဟူ၍ မိန့်အပ်ပြီ။ ဤနည်းကို မှီ၍ ကြွင်းသောရာသီကို သိရာ၏။ အကြင်အကြင် ရာသီတို့၌ ၁-အံ့သာ, ၁-အံ့သာပြည့်လျှင် နေ့အခါ ၂-ဗီဇနာ, ၂-ဗီဇနာ တိုး၏။ ည၌အခါ ၂-ဗီဇနာ, ၂-ဗီဇနာ ယုတ်၏။ အံ့သာ ၃၀-ပြည့်လျှင် နေ့အခါ ၂-နာရီ, ၂-နာရီ တိုး၏။ ည၌အခါ ၂-နာရီ, ၂-နာရီ ယုတ်၏။

ထို့ကြောင့် ၁-ဗီဇနာ, ၁-ဗီဇနာ၌ ၁,၀၀၂-ယူဇနာ, ၃-ဂါဝုတ်, ဥဿဘ ၄၀-လင်း၏။ ထိုမျှလောက် မိုက်၏။ ၁-နာရီ, ၁-နာရီ၌ကား ၆၀,၁၇၂-ယူဇနာ, ၂-ဂါဝုတ်အရပ်ကို လင်းစေ၏။ ထိုမျှလောက် အရပ်ကို မိုက်စေ၏။

ဤသို့သောနည်းဖြင့် နာရီတို့၏ တိုးသောကာလတို့၌ အလင်း,အမိုက်တို့၏ အတိုး, အယုတ်ကို သိရာ၏။ ထို့ကြောင့်-

ဣမိနာ နယေန သေသရာသီသု ဒဋ္ဌဗ္ဗံ ။လ။ နာဠိကာယ ဟာယနမာသေသု အာလောကူနာနိ စ ဒဋ္ဌဗ္ဗာနိ။

ဟူ၍ မိန့်အပ်ပြီ။

http://www.dhammadownload.com

ဘာနုရာဇာမည်သော တနင်္ဂနွေဖြိုက်နေမင်းသည် မိဿရာသီ, တူရာသီ-ဟု ဆိုအပ်သော တန်ခူးလ, သီတင်းကျွတ်လတို့၌ ဇမ္ဗူဒီပါကျွန်း၌ နေထွက်သောအခါ အရှေ့ကျွန်း၌ မွန်းတည့်၏။ မြောက်ကျွန်း၌ နေဝင်၏။ အနောက်ကျွန်း၌ သန်းခေါင်တည်း။ ဤသို့သောနည်းဖြင့် ထိုတန်ခူးလ, သီတင်းကျွတ်လတို့၌ မွန်းတည့်သော ကာလမှစ၍ နေဝင်သည်တိုင်အောင် ၂-ကျွန်းကို ထွန်း၍ ၂-ကျွန်းကို မိုက်စေ၏။

ထို့ကြောင့် ဋီကာ၌-

> **အတ္ထဝ်မိတေ တတ္ထ န ပညာယတိ၊ အာလောကံ န ဒဿေတိ၊ ဒ္ဒိသု ဧဝ-ဒီပေသု ဧကပဟာရေန အန္ဓကာရံ ဝိဓမန္တိ-**

ဟူ၍ မိန့်အပ်ပြီ။

ပြိဿရာသီ, ကန်ရာသီ-ဟု ဆိုအပ်သော ကဆုန်လ, တော်သလင်းလတို့၌ အရှေ့ကျွန်း၌ မွန်းတည့်မှ ၁-နာရီကပင် တောင်ကျွန်း၌ နေထွက်၏။ အရှေ့ကျွန်း၌ မွန်းတည့်သောအခါ မြောက်ကျွန်း၌ နေဝင်၏။ ဤနည်းဖြင့် ကဆုန်လ, တော်သလင်းလတို့၌ ၃-ကျွန်းထွန်း၍ ၁-ကျွန်း မိုက်သည်ကို ပြအပ်၏။ ထို့ကြောင့်–

> **သူရိယော ဝိသာခါ ဘဒ္ဒသဒ္ဓါတံ ပြိဿကညံ သက်္ကိကာလေ ။လ။ တီသု ဒီပေသု အာလောကံ ဒဿေတိ၊ ဧကဒီပေယေဝ အန္ဓကာရော ဟောတိ။**

ဟူ၍ မိန့်ဆိုအပ်ပြီ။

မေထုန်ရာသီ, သိဟ်ရာသီ-ဟု ဆိုအပ်သော နယုန်, ဝါခေါင်လတို့၌ အရှေ့ကျွန်း၌ မွန်းတည့်မှ ၂-နာရီကပင် တောင်ကျွန်း၌ နေထွက်၏။ အရှေ့ကျွန်း၌ နေမွန်းတည့်သောအခါ မြောက်ကျွန်း၌ နေဝင်၏။ ဤနည်းဖြင့်လည်း ၃-ကျွန်း ထွန်း၍ ၁-ကျွန်းမိုက်သည်ကို ဆိုအပ်၏။ ထို့ကြောင့်–

> **သူရိယော ဇေဋ္ဌသရဝဏ္ဏသဒ္ဓါတံ မေထုနသိဟံ သက်္ကိကာလေ ။လ။ တီသု ဒီပေသု အာလောကံ ဒဿေတိ၊ ဧကဒီပေယေဝ အန္ဓကာရော ဟောတိ-**

ဟူ၍ မိန့်အပ်ပြီ။

ကရကဋ္ဌရာသီ-ဟု ဆိုအပ်သော ဝါဆိုလ၌ အရှေ့ကျွန်း၌ မွန်းတည့်မှ ၃-နာရီကပင် တောင်ကျွန်း၌ နေထွက်၏။ အရှေ့ကျွန်း၌ မွန်းတည့်သောအခါ မြောက်ကျွန်း၌ နေဝင်၏။ ဤနည်းဖြင့်လည်း ၃-ကျွန်းထွန်း၍ ၁-ကျွန်းမိုက်သည်ကို ပြအပ်၏။ ထို့ကြောင့်-

http://www.dhammadownload.com

သူရိယော အာသဠှိသခီါတံ ကတ္တုံ သက်ခ္ခိကာလေ ။လ။ တီသု ဒီပေသု အာလောကံ ဒဿေတိ၊ ဧကဒီပေ ဧကအန္ဓကာရော ဟောတိ-

ဟူ၍ မိန့်အပ်ပြီ။

ဤသို့ဖြစ်၍ ဤကျွန်းမှာ မွန်းတည့်သောအခါ အရှေ့ကျွန်းသူတို့သည် ဝင်ဆဲသော နေဗိမာန်၏ ထက်ဝက်အဖို့ကို မြင်အပ်၏။ အနောက်ကျွန်းသူတို့၏ ထွက်ဆဲဖြစ်သော နေဗိမာန်၏ ထက်ဝက်အဖို့ကို မြင်အပ်၏။ ထို့ကြောင့် ဋီကာ၌-

ဣမသ္မိ ဒီပေ မဇ္ဈန္ဟိကဝေလာယံ ပုဗ္ဗဝိဒေဟဝါသီနံ အတ္ထင်္ဂမနဝေသေန ဥပမုသူရိယမဇ္ဈာလံ ပညာယတိ၊ အပရဂေါယာနဝါသီနံ ဥဂ္ဂမနဝေသေန ဥပမုသူရိယမဇ္ဈာလံ ပညာယတိ-

ဟူ၍ မိန့်အပ်ပြီ။

ဗြိစ္ဆာရာသီ, မိန်ရာသီ-ဟု ဆိုအပ်သော တန်ဆောင်မုန်းလ, တပေါင်းလတို့၌ အရှေ့ကျွန်း၌ မွန်းတည့်သောအခါ မြောက်ကျွန်း၌ နေဝင်၏။ အရှေ့ကျွန်း၌ မွန်းလွဲ၍ ၁-နာရီတိုင်လျှင် တောင်ကျွန်း၌ နေထွက်၏။ ဤနည်းဖြင့်ကား ၁-ကျွန်းကိုသာ ထွန်း၍ ၃-ကျွန်း မိုက်သည်ကို ပြအပ်၏။ ထို့ကြောင့်-

သူရိယော ကတ္ထိကဖဂ္ဂုနမာသသခီါတံ ဗြိစ္ဆမိန္ဒု သက်ခ္ခိကာလေ ။လ။ ဧကဒီပေယေဝ အာလောကံ ဒဿေတိ၊ တီသု ဒီပေသု အန္ဓကာရော ဟောတိ-

ဟူ၍ မိန့်အပ်ပြီ။

ဓနုရာသီ, ကုံရာသီ-ဟု ဆိုအပ်သော နတ်တော်လ, တပို့တွဲလတို့၌ အရှေ့ကျွန်း၌ မွန်းလွဲ၍ ၂-နာရီတိုင်လျှင် တောင်ကျွန်း၌ နေထွက်၏။ ဤနည်းဖြင့်လည်း ၁-ကျွန်းကိုသာ ထွန်း၍ ၃-ကျွန်း မိုက်သည်ကို ပြအပ်၏။ ထို့ကြောင့်-

သူရိယော မိဂသိရမာဃမာသသခီါတံ ဓနုကုမ္ဘံ သက်ခ္ခိကာလေ ။လ။ ဧကဒီပေယေဝ အာလောကံ ဒဿေတိ တီသု ဒီပေသု အန္ဓကာရော ဟောတိ-

ဟူ၍ မိန့်ဆိုအပ်ပြီ။

မကာရရာသီ-ဟု ဆိုအပ်သော ပြာသိုလ၌ အရှေ့ကျွန်း၌ မွန်းတည့်သောအခါ မြောက်ကျွန်း၌ နေဝင်၏။ အရှေ့ကျွန်း၌ မွန်းလွဲ၍ ၃-နာရီတိုင်လျှင် တောင်ကျွန်း၌ နေထွက်၏။ ဤနည်းဖြင့်လည်း ၁-ကျွန်းသာ ထွန်း၍ ၃-ကျွန်း မိုက်သည်ကို ပြအပ်၏။

http://www.dhammadownload.com

ထို့ကြောင့်–

သူရိယော ဖုဿမာသသဒ္ဓီတံ မကာရံ သင်္ကန္တိကာလေ ။လ။ ဧကဒိဝေ-
ယေဝ အာလောကံ ဒဿေတိ၊ တိသု ဒိဝေသု အန္ဓကာရော ဟောတိ–

ဟူ၍ မိန့်အပ်ပြီ။

ဤမွန်းလွဲ ၅-ရာသီ၌ကား မွန်းလွဲပြီး၍ ၁-နာရီ, ၂-နာရီ, ၃-နာရီ အတွင်းတွင်၍သာ ၁-ကျွန်းကိုသာ ထွန်းလင်းနိုင်လောက်သော ပမာဏရှိ၏။ အောက်၌ ပြအပ်ခဲ့ပြီးသော အလင်း, အမိုက်ကိုဆိုသော ယူဇနာသန်္ဘာပမာဏဖြင့် ထောက်ဆ၍ သိရာ၏။ ဤသို့ဖြစ်၍-

ပြိဿရာသီ, မေထုန်ရာသီ, ကရကဋ္ဌရာသီ, သိဟ်ရာသီ, ကန်-ဟု ဆိုအပ်သော ကဆုန်လ, နယုန်လ, ဝါဆိုလ, ဝါခေါင်လ, တော်သလင်းလတို့၌ နေအရောင်သည် ၃-ကျွန်းကိုသာ ထွန်း၍ ၁-ကျွန်းကိုသာ မိုက်စေ၏။

မိဿရာသီ, တူရာသီ-ဟု ဆိုအပ်သော တန်ခူးလ, သီတင်းကျွတ်လတို့၌ ၂-ကျွန်းကို ထွန်း၍ ၂-ကျွန်းကိုသာ မိုက်စေ၏။

ဗြိစ္ဆာရာသီ, ဓနုရာသီ, မကာရရာသီ, ကုမ်ရာသီ, မိန်ရာသီ-ဟု ဆိုအပ်သော တန်ဆောင်မုန်းလ, နတ်တော်လ, ပြာသိုလ, တပိုတ္တွေလ, တပေါင်းလတို့၌ ၁-ကျွန်းကိုသာ ထွန်း၍ ၃-ကျွန်းကို မိုက်စေ၏။ ထို့ကြောင့် ၄-ကျွန်းလုံး၌ပင် ဥတု ကွဲပြားခြင်း မရှိ။

အကျဉ်းအမိပ္ပါယ်ကား–

၁-ကျွန်းကိုသာ ထွန်း၍ ၃-ကျွန်းကို မိုက်စေ၏၊ ၅-လ။

၂-ကျွန်းကို ထွန်း၍ ၂-ကျွန်းကို မိုက်စေ၏၊ ၂-လ။

၃-ကျွန်းကို ထွန်း၍ ၁-ကျွန်းကို မိုက်စေသည်၊ ၅-လ။

ဤသို့လျှင် ၁၂-လဖြစ်၏။ သည်ကိုရည်၍ **မဂ်လာချက်ဗွေချို လင်္ကာ၌** "တစ်ဆယ့်နှစ်ဆင့်ဝယ်၊ အသင့်စဉ်စီ၊ စက်ဝန်းချိသို့၊ တလိနှစ်ခန်း၊ သုံးမည်ကျွန်းကို၊ ပယ်ထွန်းမိုက်မှောင်၊ ခြည်တစ်ထောင်ဖြင့်၊ ပြောင်ပြောင်လင်းထိန်၊ စက်ရဝိန်"ဟု စပ်ဆိုလေသည်။ ဤသို့လျှင် နေ၏ ထွက်ရာ, ဝင်ရာ မွန်းတည့်ရာဌာန, အချိန်ကာလကို ဆိုသဖြင့် လ၏ ထွက်ရာ, ဝင်ရာ မွန်းတည့်ရာဌာန, အချိန်ကာလကို သိရာ၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ဒီဇနာ, နာရီ, အံသာတို့၏ အစွမ်းအားဖြင့် ရက်ပေါင်း ၃၆၅-ရက်, ၁၅-နာရီ, ၂-ပါဒ်, ၁-ဒီဇနာ, ၃-ပြန်ကို ၁-နှစ်-ဟူ၍ ဆိုအပ်၏။ ထို့ကြောင့်–

http://www.dhammadownload.com

ဧကပရိပုဏ္ဏဒိဝသတော ပါဋိပဒဒိဝသံ အာဒိ ကတ္တာ အဟာနိ သမ္ပိဏ္ဏန္တော တီဏိ သတာနိ ပဉ္စသဋ္ဌိ အဟာနိ ပဉ္စဒသနာဠိကာ ဒွိပါဒါ ဧကဝီဇနာ တြိပြန္နာ-စာ'တိ ဗေဒါဟာနိ ဟောန္တိ။ –

ဟူ၍ မိန့်အပ်ပြီ။

ဧကပရိပုဏ္ဏဒိဝသတော၊ ၁-နှစ်ပြည့်မှ။ ပါဋိပဒဒိဝသံ၊ အထွက် ၁-ရက်ကို။ အာဒိ ကတ္တာ၊ အစပြု၍။ အဟာနိ၊ ရက်တို့ကို။ သမ္ပိဏ္ဏန္တော၊ ပေါင်းသည်ရှိသော်။ တီဏိ သတာနိ၊ ၃၀၀-တို့လည်းကောင်း။ ပဉ္စသဋ္ဌိ အဟာနိ၊ ၆၅-ရက်တို့လည်းကောင်း။ ပဉ္စဒသနာဠိကာ၊ ၁၅-နာရီတို့လည်းကောင်း။ ဒွိပါဒါ၊ ၂-ပါဒ်တို့လည်းကောင်း။ ဧကဝီဇနာ၊ ၁-ဝီဇနာလည်းကောင်း။ တြိပြန္နာ၊ ၃-ပြန်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဗေဒါဟာနိ၊ ဗေဒင်ရက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤတွင်ဖွေ့ နေ,လတို့၏ ထွက်ရာ,ဝင်ရာ မွန်းတည့်ရာဌာန, အချိန်ကာလကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

(၂)- မြင်းမိုရ်တောင်နံ့ ၈၄,၀၀၀-ကို တည်၊ ၃-ခုနှင့် မြှောက်၊ မြင်းမိုရ်တောင်ဝန်း ဖြစ်၏။ နှစ်သိန်းငါးသောင်းနှစ်ထောင်(၂,၅၂,၀၀၀)။

- ၎င်းမြင်းမိုရ်တောင်ဝန်းသည်ပင် ယုဂန်တောင် အတွင်းနံ့ ဖြစ်၏။ နှစ်သိန်းငါးသောင်း နှစ်ထောင်(၂,၅၂,၀၀၀)။
- မြင်းမိုရ်တောင်နှင့် ယုဂန်တောင်အကွာ ရှစ်သောင်းလေးထောင်(၈၄,၀၀၀)။
- ၎င်းယုဂန်တောင်အတွင်းနံ့ကို တည်၊ ၃-ခုနှင့် မြှောက်၊ ယုဂန်တောင်အတွင်းဝန်း ဖြစ်၏။ ခုနစ်သိန်းငါးသောင်းခြောက်ထောင် (၇,၅၆,၀၀၀)။
- ၎င်းယုဂန်တောင် အတွင်းနံ့တွင် ယုဂန်တောင်ထု ၂-ဖက် လေးသောင်းနှစ်ထောင် (၄၂,၀၀၀)-ကို ထည့်၊ ယုဂန်တောင် ပြင်နံ့ ဖြစ်၏။ နှစ်သိန်းကိုးသောင်းနှစ်ထောင် (၂,၉၄,၀၀၀)။
- ၎င်းယုဂန်တောင်ပြင်အနံ့ကို ၃-ခုနှင့် မြှောက်၊ ယုဂန်တောင် ပြင်ဝန်း ဖြစ်၏။ ရှစ်သိန်း ရှစ်သောင်းနှစ်ထောင် (၈,၈၂,၀၀၀)။
- ၎င်းယုဂန်တောင်ပြင်နံ့တွင် ယုဂန်တောင်နှင့် ဤသဓရတောင်အကြား ၂-ဖက် ရှစ်သောင်း လေးထောင် (၈၄,၀၀၀)-ကို ထည့်၊ ၃-ခုနှင့် မြှောက်၊ ဤသဓရတောင် အတွင်းနံ့ ဖြစ်၏။ သုံးသိန်းခုနစ်သောင်းရှစ်ထောင် (၃,၇၈,၀၀၀)။

http://www.dhammadownload.com

- မြင်းမိုရ်နှင့် ဤသဓရတောင် အတွင်းနံကို ၃-ခုနှင့် မြှောက်၊ ဤသဓရတောင် အတွင်းဝန်း ဖြစ်၏။ တစ်သန်းတစ်သိန်းသုံးသောင်းလေးထောင် (၁၁,၃၄,၀၀၀)။

- ၎င်းဤသဓရတောင် အတွင်းနံတွင် ဤသဓရတောင်ထု ၂-ဖက် နှစ်သောင်းတစ်ထောင် (၂၁,၀၀၀)-ကို ထည့်၊ ဤသဓရတောင် ပြင်နံ ဖြစ်၏။ သုံးသိန်းကိုးသောင်း ကိုးထောင် (၃,၉၉,၀၀၀)။

- ၎င်းဤသဓရတောင် ပြင်နံကို ၃-ခုနှင့် မြှောက်၊ ဤသဓရတောင် ပြင်ဝန်း ဖြစ်၏။ တစ်သန်းတစ်သိန်းကိုးသောင်းခုနစ်ထောင် (၁၁,၉၇,၀၀၀)။

- *(ဤသဓရတောင်ပြင်နံတွင်)* ဤသဓရတောင်နှင့် ကရဝီကတောင်အကြား ၂-ဖက် လေးသောင်း နှစ်ထောင်(၄၂,၀၀၀)-ကို တည်၊ ကရဝီကတောင် အတွင်းနံ ဖြစ်၏။ လေးသိန်း လေးသောင်း တစ်ထောင် (၄,၄၁,၀၀၀)။

- မြင်းမိုရ်တောင်နှင့် ကရဝီကတောင်အကွာ တစ်သိန်းခုနစ်သောင်းရှစ်ထောင့်ငါးရာ (၁၇၈,၅၀၀)

- ၎င်းကရဝီကတောင်အတွင်းနံကို ၃-ခုနှင့် မြှောက်၊ ကရဝီကတောင်အတွင်းဝန်း ဖြစ်၏။ တစ်သန်းသုံးသိန်းနှစ်သောင်းသုံးထောင် (၁၃,၂၃,၀၀၀)။

- ၎င်းကရဝီကတောင် အတွင်းနံတွင် ကရဝီကတောင်ထု ၂-ဖက် တစ်သောင်းငါးရာ (၁၀,၅၀၀)-ကို ထည့်၊ ကရဝီကတောင် အပြင်နံ ဖြစ်၏။ လေးသိန်းငါးသောင်း တစ်ထောင့်ငါးရာ (၄၅၁,၅၀၀)။

- ၎င်းအပြင်နံကို ၃-ခုနှင့် မြှောက်၊ ကရဝီကတောင်ပြင်ဝန်း ဖြစ်၏။ တစ်သန်းသုံးသိန်းငါးသောင်းလေးထောင့်ငါးရာ (၁၃,၅၄,၅၀၀)။

- ၎င်းကရဝီကတောင်ပြင်နံတွင် ကရဝီကတောင်နှင့် သုဒဿနတောင်အကြား ၂-ဖက် နှစ်သောင်းတစ်ထောင် (၂၁,၀၀၀)-ကို ထည့်၊ သုဒဿနတောင် အတွင်းနံ ဖြစ်၏။ လေးသိန်းခုနစ်သောင်းနှစ်ထောင့်ငါးရာ (၄၇,၂,၅၀၀)။

- မြင်းမိုရ်တောင်နှင့် သုဒဿနတောင်အကွာ တစ်သိန်းကိုးသောင်းလေးထောင့်နှစ်ရာ ငါးဆယ် (၁,၉၄,၂၅၀)။

- ၎င်းသုဒဿနတောင် အတွင်းနံကို ၃-ခုနှင့် မြှောက်၊ သုဒဿနတောင် အတွင်းဝန်း ဖြစ်၏။ တစ်သန်းလေးသိန်းတစ်သောင်းခုနစ်ထောင့်ငါးရာ (၁၄,၁၇,၅၀၀)။

http://www.dhammadownload.com

- ၎င်းသုဒဿနတောင် အတွင်းနံတွင် သုဒဿနတောင်ထု ၂-ဖက် ငါးထောင့်နှစ်ရာ့ငါး (၅,၂၀၅)-ကို ထည့်၊ သုဒဿနတောင် ပြင်နံ ဖြစ်၏။ လေးသိန်းခုနစ်သောင်း ခုနစ်ရာ့ငါးဆယ် (၄,၇၀,၇၅၀)။

- ၎င်းသုဒဿနတောင်ပြင်နံကို ၃-ခုနှင့် မြှောက်၊ သုဒဿနတောင် ပြင်ဝန်း ဖြစ်၏။ တစ်သန်းလေးသိန်းသုံးသောင်းသုံးထောင့်နှစ်ရာ့ငါးဆယ် (၁,၄၃၃,၂၅၀)။

- သုဒဿနတောင်ပြင်နံတွင် သုဒဿတောင်နှင့် နေမိန္ဓရတောင် အကြား ၂-ဖက် တစ်သောင်း ငါးရာ (၁၀,၅၀၀)-ကို ထည့်၊ နေမိန္ဓရတောင် အတွင်းနံ ဖြစ်၏။ လေးသိန်းရှစ်သောင်းရှစ်ထောင်နှစ်ရာ့ငါးဆယ် (၄၈၈,၂၅၀)။

- မြင်းမိုရ်တောင်နှင့် နေမိန္ဓရတောင် အကွာ နှစ်သိန်းနှစ်သောင်းတစ်ရာ့နှစ်ဆယ့်ငါး (၂၂၀,၁၂၅)-ယူဇနာ။

- ၎င်းနေမိန္ဓရတောင် အတွင်းနံကို ၃-ခုနှင့် မြှောက်၊ နေမိန္ဓရတောင် အတွင်းဝန်း ဖြစ်၏။ တစ်သန်းလေးသိန်းခြောက်သောင်းလေးထောင့်ခုနစ်ရာ့ငါးဆယ်(၁၄,၆၄,၇၅၀)။

- ၎င်းနေမိန္ဓရတောင်အတွင်းနံတွင် နေမိန္ဓရတောင်ထု ၂-ဖက် နှစ်ထောင့်ခြောက်ရာ နှစ်ဆယ့်ငါး (၂,၆၂၅)-ယူဇနာကို ထည့်၊ နေမိန္ဓရတောင်ပြင်နံ ဖြစ်၏။ လေးသိန်းကိုးသောင်းနှစ်ရာနှစ်ဆယ့်ငါး (၄,၉၀,၂၂၅)-ယူဇနာ။

- ၎င်းနေမိန္ဓရတောင်ပြင်နံကို ၃-ခုနှင့် မြှောက်၊ နေမိန္ဓရတောင် ပြင်ဝန်း ဖြစ်၏။ တစ်သန်းလေးသိန်းခုနစ်သောင်းနှစ်ထောင်ခြောက်ရာနှစ်ဆယ့်ငါး (၁၄,၇၂,၆၂၅)-ယူဇနာ

- နေမိန္ဓရတောင်ပြင်နံတွင် ၎င်းနေမိန္ဓရတောင်နှင့် ဝိနတကတောင်အကြား ၂-ဖက် ငါးထောင့်နှစ်ရာ့ငါးဆယ် (၅,၂၅၀)-ကို ထည့်၊ ဝိနတကတောင် အတွင်းနံ ဖြစ်၏။ လေးသိန်းကိုးသောင်းခြောက်ထောင်တစ်ရာနှစ်ဆယ့်ငါး (၄,၉၆,၁၂၅)-ယူဇနာ။

- မြင်းမိုရ်တောင်နှင့် ဝိနတကတောင်အကွာ နှစ်သိန်းခြောက်ထောင့်ခြောက်ဆယ့်နှစ် (၂,၀၆,၀၆၂)-ယူဇနာ, ၂-ဂါဝုတ်။

- ၎င်းဝိနတကတောင် အတွင်းနံကို ၃-ခုနှင့် မြှောက်၊ ဝိနတကတောင် အတွင်းဝန်း ဖြစ်၏။ တစ်သန်းလေးသိန်းရှစ်သောင်းရှစ်ထောင်သုံးရာနှစ်ဆယ့်ငါး (၁၄,၈၈,၃၇၅)-ယူဇနာ။

- ၎င်းဝိနတကတောင် အတွင်းနံတွင် ဝိနတကတောင်ထု ၂-ဖက် တစ်ထောင့်သုံးရာ တစ်ဆယ့်နှစ် (၁,၃၁၂)-ယူဇနာ, ၂-ဂါဝုတ်ကို ထည့်၊ ဝိနတကတောင် ပြင်နံ ဖြစ်၏။

http://www.dhammadownload.com

လေးသိန်းကိုးသောင်းခုနစ်ထောင်လေးရာသုံးဆယ့်ခုနစ် (၄,၉၇,၄၃၇)-ယူဇနာ, ၂-ဂါဝုတ်။

- ၎င်းဝိနတကတောင်ပြင်နံကို ၃-ခုနှင့် မြှောက်၊ ဝိနတကတောင် ပြင်ဝန်း ဖြစ်၏။ တစ်သန်းလေးသိန်းကိုးသောင်းနှစ်ထောင်သုံးရာတစ်ဆယ့်နှစ် (၁,၄၉,၂၃၁)-ယူဇနာ, ၂-ဂါဝုတ်။

- ၎င်းဝိနတကတောင်နံတွင် ဝိနတကတောင်နှင့် အဿကဏ်တောင်အကြား ၂-ဖက် နှစ်ထောင့်ခြောက်ရာခုနစ်ဆယ့်ငါး (၂,၆၇၅)-ယူဇနာကို ထည့်၊ အဿကဏ်တောင် အတွင်းနံ ဖြစ်၏။ ငါးသိန်းခြောက်ဆယ့်နှစ် (၅,၀၀,၀၆၂)-ယူဇနာ, ၂-ဂါဝုတ်။

- မြင်းမိုရ်တောင်နှင့် အဿကဏ်တောင်အကွာ နှစ်သိန်းရှစ်ထောင့်သုံးဆယ့်တစ် (၂,၀၈,၀၃၁) -ယူဇနာ, ၁-ဂါဝုတ်။

- ၎င်းအဿကဏ်တောင် အတွင်းနံကို ၃-ခုနှင့် မြှောက်၊ အဿကဏ်တောင် အတွင်းဝန်း ဖြစ်၏။ တစ်သန်းငါးသိန်းရှစ်ဆယ့်နှစ် (၁၅၀၀,၀၈၂)-ယူဇနာ, ၂-ဂါဝုတ်။

- ၎င်းအဿကဏ်တောင် အတွင်းနံတွင် အဿကဏ်တောင်ထု ၂-ဘက်၊ ခြောက်ရာငါးဆယ့်ခြောက် (၆၅၆)-ယူဇနာ, ၁-ဂါဝုတ်ကို ထည့်၊ အဿကဏ်တောင် ပြင်နံ ဖြစ်၏။ ငါးသိန်းသုံးသောင်းခုနစ်ရာတစ်ဆယ့်ရှစ် (၅၃၀,၇၁၈)-ယူဇနာ, ၃-ဂါဝုတ်။

- ၎င်းအဿကဏ်တောင် ပြင်နံကို ၃-ခုနှင့် မြှောက်၊ အဿကဏ်တောင် ပြင်အဝန်း ဖြစ်၏။ တစ်သန်းငါးသိန်းနှစ်ထောင့်တစ်ရာငါးဆယ့်ခြောက် (၁၅,၀၂,၁၅၆)-ယူဇနာ, ၁-ဂါဝုတ်။

- မြင်းမိုရ်တောင်ရပ် ရှစ်သောင်းလေးထောင် (၈၄,၀၀၀)-ကို တည်၊ ၂-ခုနှင့် စား၊ ယုဂန်တောင်အရပ် ဖြစ်၏။

- ၎င်းနည်း ၂-ခုနှင့်ချည်း စား၍ အဿကဏ်တိုင်အောင် အစဉ်အတိုင်း အမြင့်ကို သိအပ်၏။

- မြင်းမိုရ်တောင်နှင့် ယုဂန်တောင်အကြား ရှစ်သောင်းလေးထောင် (၈၄,၀၀၀)-ကို တည်၊ ဒွေးနှင့်ချည်း စား၊ ယုဂန်တောင်နှင့် ဤသဓရတောင်အကြား ဖြစ်၏။

- ၎င်းနည်း ဒွေးနှင့်ချည်း စား၊ အဿကဏ်တိုင်အောင် အစဉ်အတိုင်း အကွာအခြားကို သိအပ်၏။

- ယုဂန်တောင်အရပ်ကို တည်၊ ဒွေးနှင့် စား၊ ယုဂန်တောင်ထု ဖြစ်၏။

http://www.dhammadownload.com

- ၎င်းနည်း အရပ်ကို တည်၍ ဒွေးနှင့်ချည်း စား၍ အဿကဏ်တိုင်အောင် အစဉ်အတိုင်း တောင်ထုကို သိအပ်၏။

- နေမိန္ဓရတောင်ထု တစ်ထောင် သုံးရာ သုံးဆယ့်နှစ် (၁,၃၃၂)-ယူဇနာကို တည်၊ တစ်ရာ ငါးဆယ့်ရှစ် ၁၅၈-ခုနှင့် မြောက်၊ နှစ်သိန်း တစ်သောင်း လေးရာငါးဆယ့်ခြောက် (၂၁,၀,၄၅၆)-ယူဇနာဖြစ်၏။

- ၎င်းနှစ်သိန်းတစ်သောင်းလေးရာငါးဆယ့်ခြောက် (၂,၁၀,၄၅၆)-ယူဇနာတွင် နေမိန္ဓရတောင်နှင့် ဝိနတကတောင်ထု, ဝိနတကတောင်နှင့် အဿကဏ်တောင် အကြား, အဿကဏ်တောင်ထု ယူဇနာ သုံးထောင်ခြောက်ရာကိုး (၃,၆၀၉)-ယူဇနာ, ၁-ဂါဝုတ်, ဥဿဘ ၄၀-ကို ထည့်၊ မြင်းမိုရ်တောင်နှင့် အဿကဏ်တောင် ပြင်စွန်း ဖြစ်၏။ နှစ်သိန်း ရှစ်သောင်း သုံးရာ ငါးဆယ့်ကိုး (၂၈၀၃၅၉)-ယူဇနာ, ၁-ဂါဝုတ်, ဥဿဘ-၄၀။

- ၎င်းတွင် အဿကဏ်တောင်နှင့် ဇမ္ဗူဒီပါကျွန်းအကြား ခြောက်သောင်းခြောက်ထောင် ငါးရာသုံး (၆၆,၅၀၃)ယူဇနာ, ဥဿဘ ၄၀-ကို ထည့်၊ မြင်းမိုရ်နှင့် ဇမ္ဗူဒီပါကျွန်းထိ ယူဇနာ ဖြစ်၏။ နှစ်သိန်းခုနစ်သောင်းလေးထောင် ရှစ်ရာခြောက်ဆယ့်နှစ် (၂၇,၄,၈၆၂)-ယူဇနာ, ၂-ဂါဝုတ်။

- မှန်,မမှန်ကို သိလိုသော် မြင်းမိုရ်နှင့် စကြဝဠာအကြား ငါးသိန်းငါးသောင်းကိုးထောင် ခုနစ်ရာနှစ်ဆယ့်ငါး (၅,၅၉,၇၂၅)-ယူဇနာကို တည်၊ ဒွေးနှင့် စား၊ မြင်းမိုရ်နှင့် ဇမ္ဗူဒီပါကျွန်းလယ်အကွာ ဖြစ်၏။ နှစ်သိန်းခုနစ်သောင်း ကိုးထောင်ရှစ်ရာခြောက် ဆယ့်နှစ် (၂,၇၉,၈၆၂)-ယူဇနာ, ၂-ဂါဝုတ်။

- ၎င်းတွင် ဇမ္ဗူဒီပါထက်ဝက် ယူဇနာ ငါးထောင် (၅,၀၀၀)-ကို နုတ်လျှင် မြင်းမိုရ်နှင့် ဇမ္ဗူဒီပါကျွန်း အကွာ ဖြစ်၏။ နှစ်သိန်း ခုနစ်သောင်း လေးထောင် ရှစ်ရာ ခြောက် ဆယ့်နှစ် (၂,၇၄,၈၆၂)-ယူဇနာ, ၂-ဂါဝုတ်။

- ၎င်းတွင် မြင်းမိုရ်တောင်နှင့် အဿကဏ်တောင် အကွာ နှစ်သိန်းရှစ်ထောင် သုံးရာငါးဆယ့်ကိုး (၂,၀၈,၃၅၉)-ယူဇနာ, ၁-ဂါဝုတ်, ဥဿဘ ၄၀-ကို နုတ်၊ အဿကဏ်တောင်နှင့် ဇမ္ဗူဒီပါကျွန်းအကွာ ဖြစ်၏။ ခြောက်သောင်း ခြောက်ထောင့် ငါးရာသုံး (၆၆,၅၀၃) -ယူဇနာ, ဥဿဘ-၄၀၊

- ဇမ္ဗူဒီပါကျွန်းလယ်မှ စကြဝဠာထိ၊ နှစ်သိန်းခုနစ်သောင်းကိုးထောင် ရှစ်ရာခြောက်ဆယ့်နှစ် (၂,၇၄,၈၆၂)-ယူဇနာ, ၂-ဂါဝုတ် ဖြစ်၏။

http://www.dhammadownload.com

- မြင်းမိုရ်နှင့် စကြဝဠာအကြား ငါးသိန်းငါးသောင်းကိုးထောင် ခုနစ်ရာနှစ်ဆယ့်ငါး (၅,၅၉,၇၂၅)-ယူဇနာကို တည်၊ ဒွေးနှင့် မျှောက်၊ တစ်သန်း တစ်သိန်း တစ်သောင်း ကိုးထောင်လေးရာ့ငါးဆယ် (၁၁,၁၉,၄၅၀)-ဖြစ်၏။

- ၎င်း ၁၁,၁၉,၄၅၀-တွင် မြင်းမိုရ်တောင်ထွတ် ရှစ်သောင်း လေးထောင် (၈၄,၀၀၀)-ကို ထည့်၊ စကြဝဠာအနံ ဖြစ်၏။ တစ်သန်း နှစ်သိန်း သုံးထောင် လေးရာ့ ငါးဆယ် (၁၂,၀၃,၄၅၀)။

- ၎င်းတစ်သန်း နှစ်သိန်း သုံးထောင် လေးရာ့ငါးဆယ် (၁၂,၀၃,၄၅၀)-ကို ၃-ခုနှင့် မျှောက်၊ စကြဝဠာအဝန်း ဖြစ်၏။ သုံးသန်း ခြောက်သိန်း တစ်သောင်း သုံးရာ့ ငါးဆယ် (၃,၆၁၀,၃၅၀)။

- မြင်းမိုရ်နှင့် စကြဝဠာအကြား ငါးသိန်း ငါးသောင်း ကိုးထောင် ခုနစ်ရာ နှစ်ဆယ့်ငါး (၅,၅၉,၇၂၅)-ယူဇနာကို တည်၊ ၃-ခု စား၊ တစ်သန်း ရှစ်သောင်း ခြောက်ထောင် ငါးရာ ခုနစ်ဆယ့်ငါး (၁,၈၆,၅၇၅)-ယူဇနာ ၃-ခု ဖြစ်၏။ ၎င်း ၃-ခုတွင် အတွင်း ၁-ခုပြင် ၁-ခုကို ပယ်၊ အလယ် ၁-ခုတွင် နေ,လတို့၏သွားရာ ဝီထိ ၃-ပါး ဖြစ်၏။ ၎င်းအလယ် ၁-ခု, တစ်သိန်း ရှစ်သောင်း ခြောက်ထောင် ငါးရာ ခုနစ်ဆယ့်ငါး (၁,၈၆,၅၇၅)-ယူဇနာကို တည်၊ ၃-ခုနှင့် စား၊ ခြောက်သောင်း နှစ်ထောင့် တစ်ရာ ကိုးဆယ့်တစ် (၆၂,၁၉၁)-ယူဇနာ, ၂-ဂါဝုတ်, ၅၃-ဥဿဘ, ၆-တာ, ၄-တောင့် ၁-ထွာ, လက် ၄-သစ်, ၃-ခု ဖြစ်၏။ အတွင်း ၁-စု အန္တောဝီထိ၊ အလယ် ၁-စု မဇ္ဈောဝီထိ၊ ပြင် ၁-စု ဗာဟိရဝီထိ ဖြစ်၏။

- မြင်းမိုရ်နှင့် အန္တောဝီထိအဆုံးကား တစ်သိန်းရှစ်သောင်း ခြောက်ထောင် ငါးရာခုနစ်ဆယ့်ငါး (၁,၈၆,၅၇၅)-ယူဇနာ ကွာ၏။ ထို့ကြောင့် မြင်းမိုရ်မှ ကရဝိကတောင်ပြင် သုဒဿနတောင်အတွင်းတွင် အန္တောဝီထိ အဆုံးပြု၍ သွား၏။ ကရဝိကတောင်ပြင် နှစ်ထောင်ခုနစ်ရာရှစ်ဆယ့်ငါး (၂,၇၈၅)-ယူဇနာ၊ သုဒဿနတောင်အတွင်း ခုနစ်ထောင်ခုနစ်ရာခုနစ်ဆယ့်ငါး (၇,၇၇၅)-ယူဇနာတွင် အန္တောဝီထိအဆုံး ပြု၍ သွား၏-ဟူလိုသော်။

- ၎င်း ၂-ရပ်ကို ရောလျှင် ကရဝိကတောင်နှင့် သုဒဿနတောင်အကြား တစ်ထောင့် ငါးရာ (၁,၅၀၀)-ဖြစ်၏။

- စကြဝဠာအနံ တစ်သန်းနှစ်သိန်း သုံးထောင် လေးရာ့ငါးဆယ် (၁,၂၀၃,၄၅၀)-ကို တည်၊ ဒွေးနှင့် စား၊ ခြောက်သိန်း နှစ်ထောင့် ခုနစ်ရာ နှစ်ဆယ့်ငါး (၆,၀၁,၇၂၅)-ယူဇနာဖြစ်၏။

http://www.dhammadownload.com

- ၎င်းခြောက်သိန်းနှစ်ထောင်ခုနစ်ရာနှစ်ဆယ့်ငါး(၆,၀၁,၇၂၅)-ယူဇနာသည် အရှေ့ကျွန်းနှင့် အနောက်ကျွန်း၊ တောင်ကျွန်းနှင့် မြောက်ကျွန်း ထုတ်ချင်းဖီလာ အကွာဖြစ်၏။
- ၎င်းခြောက်သိန်း နှစ်ထောင့် ခုနစ်ရာ့ နှစ်ဆယ့်ငါး (၆,၀၁,၇၂၅)-ယူဇနာကို ၃-ခုနှင့် မြှောက်၊ တစ်သန်း ရှစ်သိန်း ငါးထောင် တစ်ရာ့ခုနစ်ဆယ့်ငါး (၁,၈၀၅,၁၇၅)-ယူဇနာ ဖြစ်၏။
- ၎င်းတစ်သန်း ရှစ်သိန်း ငါးထောင့် တစ်ရာ ခုနစ်ဆယ့်ငါး (၁,၈၀၅,၁၇၅)-ယူဇနာကို ၄-ခု စား၊ လေးသိန်း ငါးသောင်း တစ်ထောင် နှစ်ရာ ကိုးဆယ့်သုံး (၄၅၁,၂၉၃)-ယူဇနာ ဖြစ်၏။
- ၎င်း လေးသန်း ငါးသိန်း တစ်ထောင် နှစ်ရာ ကိုးဆယ့်သုံး (၄,၅၀၁,၂၉၃)-ယူဇနာသည်
  အရှေ့ကျွန်းနှင့် တောင်ကျွန်း၊
  တောင်ကျွန်းနှင့် အနောက်ကျွန်း၊
  အနောက်ကျွန်းနှင့် မြောက်ကျွန်း၊
  မြောက်ကျွန်းနှင့် အရှေ့ကျွန်း အစဉ်အတိုင်း အကွာဖြစ်၏။

ဗာဟိရဝိထိအဆုံးကို အထက်၌ ပြဆိုခဲ့ပြီ။ *(ဤညွှန်းသည့်အတိုင်း တွက်ယူလျှင် ရသည့်အဖြေကို ဤကျမ်း၊ စာမျက်နှာ ၆၂၃-တွင် ရှု။)*

ပုဗ္ဗဝိဒေဟမည်သော အရှေ့ကျွန်းကား ယူဇနာ ၇,၀၀၀-ကျယ်၏။ ကျွန်း၏သဏ္ဌာန်ကား လှည်းစပ်နှင့် တူ၏။ ထိုကျွန်း၌ နေသူတို့၏ မျက်နှာလည်း ကျွန်း၏သဏ္ဌာန်နှင့် တူ၏။ ၎င်းကျွန်းကြီးကို ရံသော ကျွန်းငယ်သူတို့၏ သဏ္ဌာန်လည်း ကျွန်းကြီးသူတို့နှင့် တူ၏။ ကျွန်းဦး ရောက်သော သစ်ပင်ကား ကုက္ကိုပင်တည်း။ အမြင့်ယူဇနာ ၁၀၀-ရှိ၏။ ထိုကျွန်းသူတို့ အသက်ကား ၇၀၀-ရှိ၏။

ဇမ္ဗုဒီပါမည်သော တောင်ကျွန်းကား ယူဇနာ ၁၀,၀၀၀-ကျယ်၏။ ကျွန်းသဏ္ဌာန်ကား လှည်းဦးဆုံနှင့် တူ၏။ ထိုကျွန်း၌ နေသောသူတို့၏ မျက်နှာလည်း ကျွန်း၏သဏ္ဌာန်နှင့် တူ၏။ ကျွန်းကြီးကို ရံသော ကျွန်းငယ်သူတို့၏ သဏ္ဌာန်သည် ကျွန်းကြီးသူတို့နှင့် တူ၏။ ကျွန်းဦးရောက်သော သစ်ပင်ကား သပြေပင်တည်း။ အမြင့် ယူဇနာ ၁၀၀-ရှိ၏။ ထိုကျွန်းသူတို့၏အသက်ကား ၁၀-နှစ်တမ်းမှ စ၍ အသခ္ခေတိုင် အောင်တက်၏။ အသခ္ခေမှသည် ၁၀-နှစ်တိုင်အောင် ဆုတ်၏။

အပရဂေါယာနမည်သော အနောက်ကျွန်းကား ယူဇနာ ၇,၀၀၀-ကျယ်၏။ ကျွန်း၏သဏ္ဌာန်ကား ကြေးမုံနှင့် တူ၏။ ထိုကျွန်း၌ နေသောသူတို့၏ မျက်နှာကား ကျွန်း၏သဏ္ဌာန်

http://www.dhammadownload.com

နှင့် တူ၏။ ကျွန်းကြီးကို ရံသော ကျွန်းငယ်သူတို့ သဏ္ဌာန်လည်း ကျွန်းကြီးသူတို့နှင့် တူ၏။ ကျွန်းဦး၌ ရောက်သောသစ်ပင်ကား ထိန်ပင်တည်း။ အမြင့်ယူဇနာ ၁၀၀-ရှိ၏။ ကျွန်းသူတို့၏အသက်ကား ၅၀၀-ရှည်၏။

ဥတ္တရကုရုမည်သော မြောက်ကျွန်းကား ယူဇနာ ၈,၀၀၀-ကျယ်၏။ ကျွန်း၏သဏ္ဌာန်ကား အင်းပျဉ်နှင့်တူ၏။ ထိုကျွန်း၌ နေသောသူတို့၏ မျက်နှာလည်း ကျွန်း၏သဏ္ဌာန်နှင့်တူ၏။ ကျွန်းကြီးကို ရံသော ကျွန်းငယ်သူတို့သဏ္ဌာန်ကား ကျွန်းကြီးသူတို့နှင့် တူ၏။ ကျွန်းဦး ရောက်သောသစ်ပင်ကား ထန်းပင်တည်း။ အမြင့်ယူဇနာ ၁၀၀-ရှိ၏။ ကျွန်းသူတို့၏ အသက်ကား ၁,၀၀၀-ရှည်၏။ ဤကား ကျွန်းကြီးသူတို့၏ အချင်းယူဇနာ အကွာအဝေး သဏ္ဌာန်ကို ပြသော စကားတည်း။

ခုနစ်ထောင်-ဒွေး၊ ရှစ်ထောင်-ဧး၊ လေးကျွန်း ဝိတ္ထာရ။
လှည်းစပ်,ကြေးမုံ၊ အင်းပျဉ်ပုံ၊ ယူတုံ သဏ္ဌာန။
ထိုကျွန်းနေသူ၊ မျက်နှာမူ၊ ကျွန်းသူ တထေ၀။
ခုနစ်ရာ့ ငါး၊ တစ်ထောင်-ပြား၊ သုံးပါး အာယုပ္ပ၊
ကုက္ကို့, ထိန်, ထန်း၊ ပေါက်စတန်း၊ ၃-ခန်း ကျွန်းဦးက။
အမြင့် တစ်ရာ၊ ယူဇနာ၊ ပမာယွင်းမခွ။
အရှေ့ပြုဇွာ၊ ဝိဒေဟာ၊ ဒီပါကျွန်းက-စ။
လက်ယာလှည့်ထွေ၊ ယူပါလေ၊ သပြေလွှတ်ပါကြ။
ဇမ္ဗူဒီပါ၊ ထိုကျွန်းမှာ၊ သောင်းသာ ဝိတ္ထာရ။
လှည်းဦးဆုံဟန်၊ ကျွန်းသဏ္ဌာန်၊ ဧကန်ယွင်းမခွ။
ထိုကျွန်းနေသူ၊ မျက်နှာမူ၊ ကျွန်းတူ တထေ၀။
ကျွန်းဦး ရောက်လာ၊ သပြေမှာ၊ တစ်ရာ-ယောဇန။
အသက်တမ်းမှာ၊ တိုး,ဆုတ်ကာ၊ ဒသာ'သခ္ခေယျ။

(ဤကား အကျဉ်းမှတ်ရန်။)

၁၂၆၂-ခု၊ တပေါင်းလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအဓိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ရွာပုလဲမိဖုရား-က "ဒွိအဟေတုဿ္ဆေရနှင့်"ဟု အစချီသော အမေးပုစ္ဆာကို အသေအချာ သိမှတ်ပါရအောင် အဖြေဝိသဇ္ဇနာ ပြုတော်မူပါမည့်အကြောင်း လျှောက်ထားချက်

[၄၉] "ဘုရားတပည့်တော် ရွာပုလဲမိဖုရား အကြီးတော်, အကြီးစာရေးတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

တပည့်တော်တို့အရှင် ရွာပုလဲမိဖုရားက 'အောက်ပါအမေးပုစ္ဆာကို ဆရာတော် ဘုရားထံ အဖြေဝိသဇ္ဇနာ ပြုတော်မူရန် ပုစ္ဆာနှင့်တကွ ရေးသားမေးလျှောက်ရမည်' အမိန့်တော်ရှိသည်ကို နာခံပါရမည့်အတိုင်း လျှောက်လွှာရေးသား လျှောက်ပါ သည် ဆရာတော်ဘုရား"။

လျှောက်မေးချက်–

ပုစ္ဆာတေးထပ်

ဒွိအဟေကုဿ္ဆေရနှင့်၊ ဒွေ,သတ္တ တူစုံ။
ဝိသေသ ဇနဘုံမှာ၊ ဧကန်ယုံ ထင်ရှား။
ကျွန်းပါစိ ဆောင်မှန်သည်၊ ထောင်တန်တန် ငါးခွန့် ရှည်လျား။
အဏ္ဏဇ ဒွိခန္ဓေမှာ၊ တိမသွေ မမှား။
မ-လေးစုံ ညီပွါးလို့၊ ဖ ၄-ပါးကိုယ်စီ။
သံသရာ သည်ဝဋ်က၊ ဖဲကင်းလွတ်တော်မူကြလေပြီ။
သခ်ၤတ မသီသည်၊ န-နှစ်လီ ရွှေဘွဲ့နှင့်။
ငြိမ်းရာကွဲ့ တူစုံပျော်၊ ကိန်းအသစ်ခေါ်။
တွေးရှုဆင်ကြံ မြော်သည်၊ ဖြေတော်မူပါဘုရာ့လေး။

ဂုဏ်လျှောက်ထားရင်း ပုစ္ဆာတေးထပ်အရ အဖြေ–

[၄၉] "ဒွိအဟေကုဿ္ဆေရနှင့်"ဟု အစချီသော ကဗျာ၏အရ ပိဏ္ဍာတ္ထအဓိပ္ပါယ်ကား- "ဒွိဟိတ်ဖြစ်သော လူနှင့် အဟိတ်တိရစ္ဆာန် သင့်မြတ်ပေါင်းဖော်ကြရာ အဟိတ်တိရစ္ဆာန် ဝမ်းတွင် အဏ္ဏဇတိဟိတ်ပဋိသန္ဓေ အစုံနေ၍ ဖွားမြင်လတ်သော် မဂ်,ဖိုလ်ရ၍ ပရိနိဗ္ဗာန် ယူကြလေပြီ"ဟူလိုသည်။

http://www.dhammadownload.com

အကျယ်ကား- ပါဠိလိပုတ်ပြည်တွင် တောသားမုဆိုး တစ်ယောက်သည် ကောဏ္ဍအမည်ရှိသော ကိန္နရာမနှင့် ပေါင်းဖော်ကြ၍ ၂-ခုသော ဥတို့ကို ဖွားမြင်လေ၏။ ထိုဥ ၂-ခုတို့ ရင့်မာလတ်သော် ဒါယကာသူငယ် ၂-ယောက်တို့သည် ဖြစ်ကုန်၏။ ထိုသူငယ် ၂-ယောက်တို့တွင် အကြီးကား တိဿ အမည်ရှိ၏။ အငယ်ကား သုမိတ္တ အမည်ရှိ၏။ ထိုညီနောင် ၂-ယောက်တို့သည် ဘ,မိ ၂-ပါးတို့ မတူညီကြသည်၏အဖြစ်ဖြင့် သံသရာ၌ ငြီးငွေ့သောကြောင့် မဟာဝရုဏထေရ်၏အထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်လေပြီ။ ထို့ကြောင့် မဇ္ဈိမနိကာယ်၊ *(မူလပဏ္ဏာသ)*၊ အလဂဒ္ဒသုတ် *(အလဂဒ္ဒူပမသုတ်)*၊ အဋ္ဌကထာ။ ဒီဃနိကာယ်၊ သင်္ဂီတိသုတ်အဋ္ဌကထာ, ၎င်းဋီကာကျမ်းတို့၌–

အဏ္ဏာဇပိ ဟောန္တိ ကောဏ္ဍပုတ္တာ ဒ္ဝေ ဘာတိယတ္ထေရာ ဝိယ–

ဟူ၍ လည်းကောင်း

> **အဏ္ဏာဇပိ ဟောန္တိ ကောဏ္ဍပုတ္တာ ဒ္ဝေ ဘာတိယတ္ထေရာ ဝိယာတိ ဧတ္ထ ပုတ္တေ ကိရ ပါဠလိပုတ္တနဂရတော ဝနေ စရန္တော ဧကော ဝနစရကော ကောဏ္ဍကိန္နရိယာ သဒ္ဒိ သံဝါသံ ကပ္ပေသိ၊ သာ တေန သံဝါသ'မန္ဝာယ ဒ္ဝေ အဏ္ဏာနိ ဝိဇာယန္တိ၊ တတော သမ္ဗတ္တိကာလေ အဏ္ဏကောသံ ပဒါလေတွာ ဒ္ဝေ ဒါရကာ နိက္ခမိံသု၊ တေသု ဇေဋ္ဌော တိဿော နာမ၊ ကဏိဋ္ဌော သုမိတ္တော နာမ၊ တေ ဥဘောပိ မာတာ-ပိတူနံ ဝိသဒိသတ္တေနေဝ သံသာရေ နိဗ္ဗိဒါ မဟာဝရုဏတ္ထေရဿ သန္တိကေ ပဗ္ဗဇိတွာ အရဟတ္တံ ပါပုဏိံသု–**

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူသတည်း။

ကောဏ္ဍပုတ္တာ၊ ကောဏ္ဍကိန္နရီမ၏သား ဖြစ်ကုန်သော။ ဒ္ဝေ ဘာတိယတ္ထေရာ ဝိယ၊ ဒ္ဝေဘာတိယညီနောင် ၂-ယောက်တို့ကဲ့သို့။ အဏ္ဏာဇပိ၊ ဥ၌ ဖြစ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဏ္ဏာဇပိ ဟောန္တိ ကောဏ္ဍပုတ္တာ ဒ္ဝေဘာတိယတ္ထေရာ ဝိယာတိ ဧတ္ထ၊ အဏ္ဏာဇပိ ဟောန္တိ ကောဏ္ဍပုတ္တာ ဒ္ဝေ ဘာတိယတ္ထေရာ ဝိယ-ဟူသော ဤအဋ္ဌကထာပါဠိ၌။ ပုတ္တေ၊ ရှေး၌။ ပါဠလိပုတ္တနဂရတော၊ ပါဠလိပုတ်ပြည်မှ။ ဝနေ၊ တော၌။ စရန္တော၊ ကျင်လည်ကျက်စားသော။ ဧကော၊ တစ်ယောက်သော။ ဝနစရကော၊ တောသွားမုဆိုးသည်။ ကောဏ္ဍကိန္နရိယာ၊ ကောဏ္ဍ-အမည်ရှိသော ကိန္နရီမနှင့်။ သဒ္ဒိ၊ တကွ။ သံဝါသံ၊ ပေါင်းဖော်ခြင်းကို။ ကပ္ပေသိ ကိရ၊ ပြုသတဲ့။ သာ၊ ထိုကောဏ္ဍအမည်ရှိသော ကိန္နရီမသည်။ တေန၊ ထိုမုဆိုးနှင့်။ သံဝါသံ၊ ပေါင်းဖော်ခြင်းကို။ အန္တရာယ၊ စွဲ၍။ ဒ္ဝေ၊ ၂-ခုကုန်သော။ အဏ္ဏာနိ၊ ဥတို့ကို။

http://www.dhammadownload.com

ဝိဇာယန္တိ၊ ဖွားကုန်၏။ တတော၊ ထို့နောက်မှ။ သမ္ဗတ္တိကာလေ၊ အင်္ဂါကြီး၊ငယ်တို့၏ ပြည့်စုံခြင်းသို့ ရောက်သောအခါ၌။ အဏ္ဏကောသံ၊ ဥခွံကို။ ပဒါလေတွာ၊ ခွဲ၍။ ဒွေ၊ ၂-ယောက်ကုန်သော။ ဒါရကာ၊ သူငယ်တို့သည်။ နိက္ခမိံသု၊ ထွက်ကြကုန်၏။ တေသု၊ ထို ၂-ယောက်သော သူငယ်တို့တွင်။ ဇေဋ္ဌော၊ အကြီးသည်။ တိဿော နာမ၊ တိဿ အမည်ရှိ၏။ ကဏိဋ္ဌော၊ အငယ်သည်။ သုမိတ္တော နာမ၊ သုမိတ္တာ အမည်ရှိ၏။ တေ ဥဘောပိ၊ ထိုညီနောင် ၂-ယောက်တို့သည်လည်း။ မာတာပိတူနံ၊ မိဘ ၂-ပါးတို့၏။ ဝိသဒိသတ္တေနေဝ၊ မတူကြသည်၏ အဖြစ်ကြောင့်သာလျှင်။ သံသာရေ၊ သံသရာ၌။ နိဗ္ဗိဒါ၊ ငြီးငွေ့ကြကုန်သည်ဖြစ်၍။ မဟာဝရုဏတ္ထေရဿ၊ မဟာဝရုဏထေရ်၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိတ္တာ၊ ရဟန်းပြုကြကုန်သည်ဖြစ်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိံသု၊ ရောက်ကြလေကုန်ပြီ။

မဟာဝင်္သမ်း၌လည်း ထပ်တူစကား မကွဲမပြားဘဲ–

ပုတ္တေ ပါဋလိပုတ္တမ္မာ၊ ဧကော ဝနစရော ဝနေ။
ကုဏ္ဍကိန္နရိယာ သဒ္ဓိံ၊ သံဝါသံ ကိရ ကပ္ပေသိ။ ။

တေသံ သံဝါသ'မန္ဝာယ၊ သာ ပုတ္တေ ဇနေသိ ဒုဝေ။
တိဿော ဇေဋ္ဌော ကဏိဋ္ဌော တု၊ သုမိတ္တော နာမ နာမတော။ ။

မဟာဝရုဏတ္ထေရဿ၊ ကာလေ ပတ္တေ သန္တိကေ။
အရဟတ္တံ ပါပုဏိံသု၊ ဆဠဘိညဂုဏာ ဥဘော။ ။ –

ဟု လာ၏။

ပုတ္တေ၊ ရှေး၌။ ပါဋလိပုတ္တမ္မာ၊ ပါဋလိပုတ်ပြည်မှ။ ဝနေ၊ တောင်၌။ ဧကော၊ တစ်ယောက်သော။ ဝနစရော၊ တောသွားမုဆိုးသည်။ ကုဏ္ဍကိန္နရိယာ၊ ကုဏ္ဍ-အမည်ရှိကိန္နရီမနှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ ပေါင်းဖော်ခြင်းကို။ ကပ္ပေသိ ကိရ၊ ပြုသတဲ့။ တေသံ၊ ထိုသူ ၂-ယောက်တို့၏။ သံဝါသံ၊ ပေါင်းဖော်ခြင်းကို။ အန္ဝာယ၊ စွဲ၍။ သာ၊ ထိုကိန္နရီမသည်။ ဒုဝေ၊ ၂-ယောက်ကုန်သော။ ပုတ္တေ၊ သားတို့ကို။ ဇနေသိ၊ ဖြစ်စေ၏။ နာမတော၊ အမည်အားဖြင့်။ ဇေဋ္ဌော၊ အကြီးသည်။ တိဿော နာမ၊ တိဿ အမည်ရှိ၏။ ကဏိဋ္ဌော တု၊ အငယ်သည်ကား။ သုမိတ္တော နာမ၊ သုမိတ္တ-အမည်ရှိ၏။ မဟာဝရုဏတ္ထေရဿ၊ မဟာဝရုဏထေရ်၏။ ကာလေ၊ လက်ထက်၌။ သန္တိကေ၊ မဟာဝရုဏထေရ်၏ အထံ၌။ ပဗ္ဗဇိ၊ ရဟန်းပြု၏။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိံသု၊ ရောက်ကြကုန်ပြီ။ ဥဘော၊ တိဿ, သုမိတ္တတွင်မည် ညီနောင် ၂-ယောက်တို့သည်။ ဆဠဘိညဂုဏာ၊ ၆-ပါးသော အဘိညာဉ်ဂုဏ်နှင့် ပြည့်စုံကြပေကုန်၏။

http://www.dhammadownload.com

ကဗျာဝယ် အရည်စစ်အဓိပ္ပါယ်ကား-

ဒ္ဒို-အရကို ဒ္ဒိဟိတ်ဖြစ်သော လူကို ယူ၊

အဟေ-အရကို အဟိတ်ပဋိသန္ဓေနေသော တိရစ္ဆာန် ကိန္နရီမကို ယူ၊

ကုဋ္ဌေရ-ဆိုသောကြောင့် အဟိတ်တိရစ္ဆာန်ဝမ်းတွင် ကိုယ်ဝန်သန္ဓေ ရသည်ကို ယူ။ **နိစ္စမကား** သဒ္ဒါ ဆွတ်ယွင်း၏။ ဒွေသတ္တ-ရှိမူ သတ္တဝါ ၂-ခု ယူရန် ရှိ၏။ **နိစမ္မ**-ရှိခဲ့မူ နိကို ဥပသာရ၊ **စမ္မသဒ္ဒါ**ကို ၂-ခုဟော ကြံသော် သင့်ရာ၏။

"ဝိသေသ ဇနဘုံမှာ၊ ဇောန်ယုံ ထင်ရှား"ဟူရာ၌ မနုဿလူဘုံတွင် ထင်ရှားသော ပုဂ္ဂလဝိသေသ-ဟူလို၏။ **"ကျွန်းပါစီ ဆောင်မှန်သည်"** ဆိုသည်မှာ မိတမလွန်က လက်ပန်းသည်ကြီးကဲ့သို့ ဇမ္ဗူဒီပ်မှ သီဟိုဠ်ကျွန်းသို့ ကူးရောက်သည် ယူရန် ရှိ၏။

"မဟာဝရုဏတ္ထေရဿ၊ ကာလေ ပတ္တဇ္ဈိဿန္တိ တာ"ဟူ၍လည်း မဟာဝင်္သ ရှိ၏။

တာ၊ ထိုတိဿ, သုမိတ္တ နာမတွင်မည် ညီနောင် ၂-ယောက်တို့သည်။ မဟာဝရုဏ-တ္ထေရဿ၊ မဟာဝရုဏထေရ်၏။ ကာလေ၊ လက်ထက်၌။ ပတ္တဇ္ဈိဿန္တိ၊ ရဟန်းပြုကြကုန်လတ္တံ့။ သို့ အနက်ဟော၏။ သို့ပေးလျှင်လည်း **"ပုဗ္ဗေ ပါဠလိပုတ္တမှာ"**-အစရှိသော ဂါထာဥဒါန်းစကားသည် ရှေးဖြစ်ခဲ့က ရဟန္တာအရှင်မြတ်တို့ ဟောသည် ဖြစ်ရာ၏။

ပါစိန-ဆိုသဖြင့် ဇမ္ဗူဒီပ်မှ သီဟိုဠ်ကျွန်းသည် အရှေ့ယွန်းဟန် ရှိ၏။ ပါဠလိပုတ်ပြည်ကား ရာဇဂြိုဟ်နှင့် ဝေသာလီပြည်၏အကြား ဂင်္ဂါမြစ်နားတွင် ဝဿကာရပုဏ္ဏား တည်သော ပြည်တည်း။ **"ထောင်တန်တန်၊ ငါးခွန့်ရှည်လျား"**ဆိုသည်မှာ သာသနာတော် ၅,၀၀၀-ပတ်လုံး ကျော်စောထင်ရှားလတ္တံ့ ဆိုရန်ရှိ၏။ **"အဏ္ဏဇ ဒ္ဒိဒန္ဓေ"**မှာ အထက်စကား ကုန်အောင် ဥဒ္ဒ ၂-ယောက်အစုံဖြစ်သောသူတို့သည် တိဟိတ်ပဋိသန္ဓေနေရကား မင်္ဂ,ဖိုလ်ကို မျက်မှောက်ပြုရ၍ ပရိနိဗ္ဗာန် စံယူတော်မူကြလေပြီ ဟူလို။ **'သခ််တမသီ'**-ဆိုသည်မှာ ကံ, စိတ်, ဥတု, အာဟာရအကြောင်းတရား ပြုပြင်ခြင်း မရှိ။ နိဗ္ဗာန-သဒ္ဒါကို စွဲ၍ **နန္ဒသီ** ဆိုသည် ယူရမည်။

ဒ္ဒို အဟေ ကုဋ္ဌေရတျာဒိပုစ္ဆာယ ကေဝလပရိပုဏ္ဏဝိနိစ္ဆယံ သမတ္ထံ။

၁၂၃၆-ခု၊ တော်သလင်းလဆုတ်၊ ၁၃-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုအဓိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ဒီပဲယင်းမြို့၊ တူမောင်းရွာဇာတိ၊ ပဝတ္တိရတနာပုံရွှေမြို့တော်နေ ဒါယကာမောင်ထင်-က "ဝိဓုရဇာတ်လာ သိန္ဓဝမြင်းပျံသည် စိတ်ထက် လျင်မြန်သည်"ဟု ဆိုသောအရာကို သေချာစွာ လင်းပါတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၅၀] "ဘုရားတပည့်တော် ဒီပဲယင်းမြို့၊ တူမောင်းရွာဇာတိ၊ ပဝတ္တိရတနာပုံရွှေမြို့တော်နေ တကာ ငထင် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

'မနော မနုဿဿ ယထာပိ ဂန္ဓော'-အစရှိသဖြင့် ဟောတော်မူသော ဝိဓုရဇာတ်ပါဠိတော်(ဇာ၊၂။၃၀၉)၏ အရဋ္ဌ မနောမယသိန္ဓဝ နတ်မြင်းပျံသည် စိတ်ထက်ပင် လျင်မြန်ကြောင်းနှင့် ဆရာတော်ဘုရား ဟောတော်မူရာ အချို့သောသူတို့က လူစိတ်ထက်ပင် နတ်မြင်းပျံက လျင်မြန်သည်ဆိုသော စကားကို နေရာကျကျ မမှတ်,မယူနိုင်ကြဖြစ်ပါ၍ နေရာကျကျ မှတ်သားပါရအောင် သဒ္ဒနယ,အတ္ထနယကို သိသာခြားနားကွဲပြားစွာ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"

[ဤကျမ်း၊ ပထမတွဲ၊ တတိယပိုင်း၊ ပုဒ်မ ၅၀-၏ အဖြေကို ဤကျမ်း၊ ပထမတွဲ၊ ပထမပိုင်း၊ ပုဒ်မ-၅၊ စာမျက်နှာ ၄၄-တွင် ၌ရှုနိုင်။]

★ ★ ★ ★ ★ ★ ★

အမရဋ္ဌာနီ၊ သူရဲစွေးရပ်နေ၊ ပန်းထိမ်ဆရာ မောင်ပျားက ဂရုကံ-စသော ၄-ပါးသောကံတို့၏ ဝေဖန်အပ်သောအရာကို သေချာစွာ မှတ်သားပါရအောင် ဖြေကြားတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၅၁] "ဘုရားတပည့်တော် သူရဲစွေးနေ ပန်းထိမ်ဆရာ တကာငယ်များ ၃-ပါးသော ဒွါရပဏာမဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံ-ဟုဆိုအပ်သော အကျိုးပေးသော အစဉ်အားဖြင့် ပိုင်းခြားဝေဖန်အပ်သော ပါကဒါနကံ ၄-ပါးတို့၏ သဘောတရားထူးခြားပုံကို ယုံကြည်စိတ်ချ စွဲမှတ်ပါရအောင် တန္ဆဆောင်ပြီးလျှင် တောင်ယုဂန္ဓရစွန်းဝယ် ငွေလဝန်းတဆောင်းသည် မြူမှောင်ကင်းပ ကောင်းကင်မှလျှင် ထွန်းပ

http://www.dhammadownload.com

လင်းထိန်သကဲ့သို့ အစိန္တေယျ သမ္မုဒ္ဓ၏ နယသာဂရ-တည်းဟူသော ဒေသနာ ရွှေဗျာမိန့်ခွန်းကို ဖော်ညွှန်းထုတ်ဆောင်လျက် မှောင်အဝိဇ္ဇာ တိမ်သလာကို ပယ်ခွါ လှစ်ခွင်း၍ ရှင်းလင်းအောင် ပြတော်မူပါမှ သုတမရ သုတေသန သုတဆည်းဆူ ဝိုလ်လူအများတို့ မှတ်သားပါရမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည်ဘုရား"။

အထက်စကားပါ ပန်းထိမ်ဆရာ ဒါယကာမောင်ပြား လျှောက်ချက်–

[၅၁] ဂရုက်, အာသန္နက်, အာစိဏ္ဏက်, ကဋ္ဌတ္တာက်-ဟု ဆိုအပ်သော ပါကဒါနက် ၄-ပါးတို့၏ အကွဲအပြား အထူးအခြားကို မေးလျှောက်သည်မှာ ဂရုက်-စသော ၄-ပါးသော က်တို့သည် အစဉ်အားဖြင့် အကျိုးကို ပေးသောကြောင့် ပါကဒါနက် မည်၏။ ထို ၄-ပါးတို့တွင် အကြင်သူအား ၄-ပါးသော က်တို့သည် ရှိကုန်အံ့။ ဂရုက် ရှေးဦးစွာ အကျိုးပေး၏။ ဂရုက် မရှိသော် အာသန္နက် အကျိုး ပေး၏။ အာသန္နက် မရှိသော် အာစိဏ္ဏက် အကျိုး ပေး၏။ အာစိဏ္ဏက် မရှိသော် ကဋ္ဌတ္တာက် အကျိုး ပေး၏။ ထို့ကြောင့် ပါကဒါန ဆိုသည်။

ထို ၄-ပါးကုန်သော က်တို့တွင် ဂရုက်-ဟူသော်ကား ကြီးသော အပြစ်ရှိသော, တပါးသောက်တို့သည် တားမြစ်ခြင်းငှာ မတတ်ကောင်းသော က်မည်၏။ ထိုဂရုက်သည် ကုသိုလ် ဂရုက်၊ အကုသိုလ် ဂရုက်အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင် မဟဂ္ဂုတ်က်သည် ကုသိုလ်ဂရုက် မည်၏။ မာတုဃာတက-စသော ၅-ပါးသော အာနန္တရိယက်၊ မိစ္ဆာဒိဋ္ဌိက်တို့သည် အကုသိုလ်ဂရုက် မည်၏။ ထိုဂရုက်တို့သည် တပါးသော ကုသိုလ်,အကုသိုလ်က်ကို မြစ်၍ မိမိသာ မုချအကျိုးပေး၏။ ထို့ကြောင့် ဂရုက် မည်၏။

ဥပမာကား ၁-ပဲခန့်မျှရှိသော သံခဲ, ကျောက်ခဲတို့သည် ရေ၌ တခဏမျှ တန့်ရပ်ခြင်း မရှိ၊ အောက်သို့သာ လျင်စွာ သက်လေသကဲ့သို့ ထို့အတူ ထိုဂရုက်သည် တပါးသော များစွာသော က်ရှိငြားသော်လည်း မိမိသာ ဧကန်မုချ အကျိုးကို ပေး၏။

ထို့ကြောင့် အဂုံတ္တရနိကာယ်အဋ္ဌကထာ၌–

ယထာ ဟိ မာသပွမာဏာဝိ *(သာသပွမာဏာဝိ)* **သက္ခရာ ဝါ အယဂုဠိကာ ဝါ၊ ဥဒကေ ပက္ခိတ္တာဝ** *(ဥဒကရဟဒေ ပက္ခိတ္တာ)* **ဥဒကပိဋ္ဌေ ဥပလဝိတုံ နာ သက္ကောတိ၊ ဟေဋ္ဌာဝ ဝဝိသတိ၊ ဧဝမေဝ ကုသလေပိ အကုသလေပိ ယံ ဂရုကံ၊ တဒေဝ ဂဏှိတ္ဝာ ဂစ္ဆတိ။**

ဟူသော ပါဠိ(အံ၊၆၊၂။၁၀၅)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ဟိ၊ ဥပမာဖြင့် ထင်စွာ ပြဦးအုံ့။ မာသပွမာဏာပိ၊ ၁-ပဲမျှ အတိုင်းအရှည်ရှိသည်လည်းဖြစ်သော။ သက္ခရာ ဝါ၊ ကျောက်ခဲသည်လည်းကောင်း။ အယဂုဠိကာ ဝါ၊ သံခဲသည်လည်းကောင်း။ ဥဒကေ၊ ရေ၌။ ပက္ခိတ္တာဝ၊ ထည့်ချကာမျှဖြင့်သာလျှင်။ ဥဒကပိဋ္ဌေ၊ ရေ၏အပြင်၌။ ဥပလဝိတုံ၊ ပေါ်ခြင်းငှာ။ န သက္ကောတိ၊ မတတ်နိုင်။ ဟေဋ္ဌာဝ၊ အောက်သို့သာလျှင်။ ပဝိသတိ ယထာ၊ ဝင်လေသကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ကုသလေပိ၊ ကုသိုလ်၌လည်းကောင်း။ အကုသလေပိ၊ အကုသိုလ်၌လည်းကောင်း။ ယံ ကမ္မံ၊ အကြင်ကံသည်။ ဂရုကံ၊ လေး၏။ တဒေဝ၊ ထိုဂရုကံသည်သာလျှင်။ ဂဏှိတွာ၊ ယူ၍။ ဝစ္စတိ၊ သွား၏။

အာသန္နကံ-ဟူသော်ကား ရှေးကာလ၌ ပြုအပ်သည်ဖြစ်စေ, *(သေခါနီးကာလ၌ ပြုအပ်သည်ဖြစ်စေ)* သေခါနီးကာလ၌ အောက်မေ့အပ်သော ကံသည် အာသန္နကံ မည်၏။ ထိုအာသန္နကံသည်လည်း ကုသိုလ်အာသန္နကံ, အကုသိုလ်အာသန္နကံအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် **ကုသိုလ်အာသန္နကံ ဖြစ်ဟန်ကား-**

မဓုအင်္ဂဏရွာ၌ ကျည်းတံခါးစောင့်သော ယောကျ်ားသည် နံနက် စောစောကပင် သံမျှားခြိတ်ကို ယူ၍ သွားပြီးလျှင် ငါးတို့ကို သတ်၍ ၃-စု ပြုပြီးသော် ၁-စုဖြင့် ဆန်နှင့်လဲလှယ်၏။ ၁-စုဖြင့် နို့ဓမ်းနှင့် လဲလှယ်၏။ ၁-စုကို ချက်ပြုတ်၍ စား၏။ ဤသို့သောနည်းဖြင့် အနှစ် ၅၀-ကာလပတ်လုံး ပါဏာတိပါတကံကို ပြု၍ အသက်မွေး၏။ သေခါနီးသို့ ရောက်သောကာလ ဂိရိဓိဟာရ၌နေသော စူဠပိဏ္ဍပါတိကတိဿမထေရ်သည် "ဤဒါယကာသည် ငါ-မြင်လျှက်,သိလျှက်နှင့် မပျက်စီးကောင်း"ဟု အိမ်တံခါးသို့ သွား၍ ရပ်၏။ မယားမြင်၍ "ရှင်ရဟန်း ကြွလာကြောင်း"ကို လင်အား ကြားပေ၏။ "ငါကား အနှစ် ၅၀-ကာလပတ်လုံး ဤအရှင်ကို တစ်ခါမျှ မမြင်,မသိပါဘဲ အဘယ်ကျေးဇူးရှိ၍ ရပ်လာသနည်း။ 'ကန်တော့ပါ၏'-ဟု ဆိုချေ" မယားကို စေ၍ ကန်တော့လေလျှင် "ဒါယိကာမ၊ ဒါယကာကား အဘယ်သို့ ရှိသနည်း"မေးရာ "မဏာသန္န သေဝပါးနီး ကြီးစွာဖြစ်၏"ဟု လျှောက်ထားလေလျှင် အပါးသို့ ဝင်တော်မူပြီးမှ သတိရစေ၍ "သီလကို ခံယူပါ" တိုက်တွန်းရာတွင် ဒါယကာက "ကယ်မသနားတော်မူပါ"ဟု လျှောက်သောကာလ သရဏဂုံ ၃-ပါးကို သင်ချ၍ ၅-ပါးသီလကို ခံယူစေရာ ပီပြင်စွာ မဆိုနိုင်လေရကား "သရဏဂုံ ၃-ပါးနှင့်ပင် သင့်အားချမ်းသာကို ရလိမ့်မည်"ဟု မိန့်တော်မူ၍ ကြွတော်မူလေ၏။

ထိုဒါယကာလည်း မကြာမီ စုတိကျ၍ စာတုမဟာရာဇ်နတ်ပြည်တွင် ဖြစ်လေ၏။ နတ်ပြည် သုဂတိဘဝကို ရသောအခါ "ငါကား၊ အဘယ် ပုညကုသိုလ်ကောင်းမှုကြောင့် ဒေဝသမ္ပတ္တိကို ရသနည်း"ဟု ဆင်ခြင်လေလျှင် "အရှင်စူဠပိဏ္ဍပါတိကတိဿရဟန်း မ,စ၍

http://www.dhammadownload.com

ရပေသည်တကား"ဟု နတ်ပြည်မှ သွား၍ အရှင်စူဠပိဏ္ဍပါတိကတိသမထေရ်ကို ရှိခိုးလျက် ရပ်လေလျှင် "သင်ကား အသူနည်း"ဟု မေးရာ "ကျည်းတံခါးစောင့် ဒါယကာတည်း" ဟု လျှောက်သည်တွင် "သင်-ဘယ်အရပ်၌ ဖြစ်သနည်း"ဟု မေးမြန်းသဖြင့် "အရှင်ဘုရား သနားကယ်မတော်မူသော သရဏဂုံကျေးဇူးကြောင့် စာတုမဟာရာဇိနတ်ပြည်တွင် ဖြစ်ရသေးသည်။ အကယ်၍ကား ၅-ပါးသီလကို ကယ်မသနားတော်မူပါလျှင် တာဝတိံသာ၌ ဖြစ်ရလေ၏"ဟု ဆိုသဖြင့် "ဒါယကာသည် ပီပြင်စွာ မဆိုနိုင်လေရကား ငါကြွသွားခဲ့သည်" ဟု မိန့်တော်မူသောအခါ ရိုသေစွာ ရှိခိုးပြီးမှ မိမိနေရာ စာတုမဟာရာဇိနတ်ပြည်သို့ ပြန်လေသည်။ ဤကား ကုသိုလ်အာသန္နကံ ပေးသည်ကို ပြသော သာဓကဝတ္ထုတည်း။

အကုသိုလ်အသန္နကံ ဖြစ်ဟန်ကား ဂင်္ဂါတစ်ဖက်၌နေသော **မဟာဝါဓကာလ**မည်သော ဒါယကာသည် အနှစ် ၃၀-ကာလပတ်လုံး မဂ်,ဖိုလ် ရစေအံ့-ဟု ဒွတ္တိသာကာရကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ပါသည်ကို မဂ်,ဖိုလ်ရခြင်း၏နိမိတ် အယောင်အရိပ်မျှ မထင်ရကား "မြတ်စွာဘုရားသာသနာတော်သည် နိယျာနိက မဟုတ်၊ ဝဋ်ဒုက္ခမှ မထွက်မြောက်"ဟု ဖောက်ပြန်ချွတ်ယွင်း နှလုံးသွင်းအယူဝါဒကြောင့် စုတိစိတ်ကျလေလျှင် ဂင်္ဂါမြစ်ကြီး၌ ၉-ဥသဘရှိသော မိကျောင်းပြိတ္တာသည် ဖြစ်လေရကား တစ်ကြိမ်တစ်ခါမျှ ဝမ်းဝအောင် မစားရ၍ ကစ္ဆက-မည်သော ဆိပ်ကမ်း၌နေရာ ကျောက်တင်၍လာသော လှည်းရော,နွားပါများစွာသော လှည်းကို မျှိစားလေသည်။ ဤကား **အကုသိုလ်အာသန္နကံ** ပေးသည်ကို ပြသော သာဓကဝတ္ထုတည်း။

ထိုအာသန္နကံသည် ဂရုကံ မရှိသော် မိမိအခွင့်ကို ရ၍ သေခါနီးကာလ၌ အကျိုးကို ပေး၏။

ဥပမာကား နွားအပေါင်းတို့ဖြင့် ပြည့်သော နွားခြံ၌ ဆုံးမအပ်သော နွား, အားကြီးသောနွား များစွာရှိကြသော်လည်း အကြင်နွားသည် တံခါးခြံဝတွင် နောက်ကျ၍ အိပ်နေလျက် နံနက်အခါ နွားတကာတို့၏ ရှေးဦးစွာ ထွက်ရသော နွားကဲ့သို့ ကုသိုလ်, အကုသိုလ် များစွာရှိရာ သေခါနီးကာလတွင် ထင်မြင်သော အကြင်ကံသည် ဧကန် အကျိုးကို ပေး၏။

ထို့ကြောင့် အဋ္ဌကထာ၌–

> **ယထာ ပန ဂေါဂဏပရိပုဏ္ဏာသု ဝဇသု ဒ္ဝါရေ ဝိဝဋေ အပရဘာဂေ ဒမ္မဂဝဇလဝဂဝေသု သန္တေသုပိ ယော ဝဇဒ္ဝါရသာ အာသန္နော ဟောတိ အန္တမသော ဒုဗ္ဗလဇရဂ္ဂဝေါပိ။ သော ပထမတရံ နိက္ခမတိ။ ဧဝမေဝ အညေသု ကုသလာကုသလေသု သန္တေသုပိ ယံ မရဏကာလသာ အာသန္နတ္ထာ ဝိပါကံ ဒေတိ။**

ဟူသောပါဠိ(အံ၊၆၊၂၂၁ဝ၇)ကို မိန့်ဆိုလှစ်ဖွင့်တော်မူသတည်း။

http://www.dhammadownload.com

ပန၊ အာသန္နကံ၊ ဖြစ်ဟန်ပုံပြု၊ တန္တုထင်စွာ၊ ဥပမာကား။ ဂေါဂဏာပရိပုဏ္ဏသ၊ နွားအပေါင်းတို့ဖြင့် ပြည့်သော။ ဝဇသ၊ နွားခြံ၏။ ဒွါရေ၊ တံခါးကို။ ဝိဝရေ၊ ဖွင့်ထားသည်ရှိသော်။ အပရဘာဂေ၊ နွားခြံကို ဖွင့်ထားပြီးသော နောက်ကာလ ဝေးသောဒေသ၌။ ဒမ္မဂဝ-ဗလဝဂဝေသု၊ နွားငယ်, နွားကြီးတို့သည်။ သန္တေသုပိ၊ ရှိကြကုန်သော်လည်း။ ယော၊ အကြင် နွားသည်။ ဝဇွါရသ၊ နွားခြံတံခါးနှင့်။ အာသန္နော၊ နီးသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုနွားသည်။ အန္တမသော၊ အယုတ်သဖြင့်။ ဒုဗ္ဘလဇရဂ္ဂါဝေါပိ၊ နွားအိုကြီးပင် ဖြစ်ငြားသော်လည်း။ ပထမတရံ၊ ရှေးဦးစွာ။ နိက္ခမတိ ယထာ၊ ထွက်လေသကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ အညေသု၊ တပါးကုန်သော။ ကုသလာ ကုသလေသု၊ ကုသိုလ်, အကုသိုလ် ဖြစ်ကုန်သော။ ကမ္မေသု၊ ကံတို့သည်။ သန္တေသုပိ၊ ရှိကြကုန်သော်လည်း။ ယံ ကမ္မံ၊ အကြင်ကံသည်။ မရဏကာလသ၊ သေခြင်းကာလနှင့်။ အာသန္နတ္တာ၊ နီးသည်၏အဖြစ်ကြောင့်။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။

အာစိဏ္ဏက်-ဟူသော်ကား အာသေဝနပစ္စည်းကို ရ၍ အခါမပြတ် အောက်မေ့အပ်သော ကံသည် အာစိဏ္ဏကံ မည်၏။ ထိုအာစိဏ္ဏကံသည် ကုသိုလ်အာစိဏ္ဏကံ, အကုသိုလ်အာစိဏ္ဏကံ-ဟူ၍ ၂-ပါးအပြားရှိ၏။ ထိုအာစိဏ္ဏကံသည် ငှက်ဆင်ကြိုးတန်းသကဲ့သို့ ဖြောင့်တန်းစွာ အာသေဝနပစ္စည်းကို ရသဖြင့် စုတိစိတ်ကျအောင် ဆောင်ရွက်နိုင်သဖြင့် အခွင့်ကို ရ၍ မုချအကျိုးကို ပေး၏။

တစ်နည်း ဥပမာကား ၂-ယောက်သော လက်ပမ်းသည်တို့တွင် အားကြီးသော လက်ပမ်းသည်-သည် အားနည်းသော လက်ပမ်းသည်အား အားပါးနည်းအောင် ဦးသွေ့ခ်, ပခုံး, လက်ရုံး, နံတောင်း ထောင်း,ထု,တွန်း,ထိုး လွှမ်းမိုးဖိစီး၍ သွားသကဲ့သို့ အားနည်းသော ကုသိုလ်ကံကို တွန်းလှန်ပယ်ရှား၍ အားကြီးသောကံသည် ဧကန်အကျိုးကို ပေးနိုင်၏။

ထို့ကြောင့် အဂုတ္တရအဋ္ဌကထာ၌–

> **ယထာ ဒ္ဝီသု မလ္လေသု ယုဒ္ဓဘူမိ ဩတိဏ္ဏေသု ယော ဗလဝတရံ၊ သော ဣတရံ ပါတေတွာ ဂစ္ဆတိ၊ ဧဝမေဝ ဣဒံ ဒုဗ္ဗလံ ကမ္မံ အဝတ္ထရိတွာ ဂစ္ဆတိ၊ ယံ အာသေဝနဝသေန ဝါ ဗဟုလံ, မဟာသန္တာပဝသေန ဝါ ဗဟုလံ ဗလဝဝသေန ဗလဝန္တံ ဝိပါကံ ဒေတိ–**

ဟူသော ပါဠိ(အံ၊၃၊၂။၁၀၅။ ထောက် ဝိသဒိသံ)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယုဒ္ဓဘူမိ၊ ထိုးပစ်အံ့သော မြေသို့။ ဩတိဏ္ဏေသု၊ သက်ကြကုန်သော။ ဒ္ဝီသု၊ ၂-ယောက်ကုန်သော။ မလ္လေသု၊ လက်ပမ်းသည်တို့တွင်။ ယော၊ အကြင်လက်ပမ်းသည်-

http://www.dhammadownload.com

သည်။ ဗလဝတရံ၊ အားကြီး၏။ သော၊ ထိုအားကြီးသော လက်ပမ်းသည်သည်။ ဣတရံ၊ အားနည်းသော လက်ပမ်းသည်ကို။ ပါတေတွာ၊ လဲစေ၍။ ဂဒ္ဓတိ ယထာ၊ သွားသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဣဒံ ကမ္မံ၊ ဤအားကြီးသော ကံသည်။ ဒုဗ္ဗလံ၊ အားနည်းသော။ ကမ္မံ၊ ကံကို။ အဝတ္ထရိတွာ၊ လွှမ်းမိုး၍။ ဂဒ္ဓတိ၊ သွား၏။ ယံ ကမ္မံ၊ အကြင်ကံသည်။ အာသေဝနဝသေန ဝါ၊ အာသေဝနပစ္စည်းဖြင့်လည်း။ ဗဟုလံ၊ အားကြီး၏။ မဟာသန္တာ-ပဝသေန ဝါ၊ ပြင်းစွာ ထိတ်လန့်သောအားဖြင့်လည်း။ ဗဟုလံ၊ အားကြီး၏။ ဗလဝဝသေန၊ အားကြီးသည်၏အစွမ်းအားဖြင့်။ ဗလဝန္တံ၊ အားကြီးသော။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။

(ဗဟုလကံ-ဟူသည်နှင့် အာစိဏ္ဏကံ-ဟူသည် အမည်သာ ခြား၏။ ကံကား တစ်ခုတည်းသာတည်း။)

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ(အဖွင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၊ နှာ-၁၇၀)၌ကား-အာသန္နကံ မရှိမှ အာစိဏ္ဏကံ အကျိုးပေးရမည်။

နိဒါနသုတ်အဋ္ဌကထာ၊ အဘိဓမ္မာဝတာရ (ဋီကာ၊ဒု-နှာ-၃၁၈)တို့၌ကား **အာစိဏ္ဏကံ မရှိမှ အာသန္နကံ အကျိုးပေးရမည်-ဟု** ဝါဒသီးခြား ကွဲပြားကြ၏။

သုတ်အဋ္ဌကထာ၏အလိုကား မရဏာသန္န သေခါနီးကာလသို့ ကျအောင် ယူဆောင်သဖြင့် အခွင့်ရ၍ မုချအကျိုးကို ပေးရာ၏။ ကံတပါးတို့ မတားမြစ်နိုင်ရာ။

ဥပမာကား အရှေ့သို့ ညွှတ်ရှိုင်း၍ ကိုင်းသောသစ်ပင်ကို ပြုပြင်သောအားဖြင့် အရပ်တပါးသို့ လှည့်သွားအောင် မကြဲနိုင်သကဲ့သို့ ထို့အတူ အာစိဏ္ဏကံသည်လည်း ဖြစ်လေရကား ကံတပါးတို့ မတားမြစ်နိုင်ရာ။ မိမိသာ ဧကန်မုချ အကျိုးကို ပေးနိုင်ရာ၏- ဟူလိုသတည်း။

အဋ္ဌကထာ ၂-ပါးတို့၏ ဝါဒဝယ် အဓိပ္ပါယ်အရည်စစ်ကား အာစိဏ္ဏကံ၊ အာသန္နကံ ၂-ပါးရှိချင်း တူကြလျှင်

တစ်ဦးက အာစိဏ္ဏကံ ပေးလို၏။

တစ်ဦးက အာသန္နကံ ပေးလို၏ ဆိုသည် ယူရန်ရှိ၏။

ကဋတ္တာကံ-ဟူသည်ကား အမှတ်မရှိသည်ဖြစ်၍ ပြုအပ်သော အပရာပရိယဝေဒနီယကံသည် ကဋတ္တာကံ မည်၏။ ထိုကဋတ္တာကံသည် ဆိုအပ်ပြီးသော ကံ ၃-ပါး မရှိသော် မိမိ အကျိုးပေး၏။ ထိုကဋတ္တာကံသည် သူရူးသည် ပစ်အပ်သော လှံငန်ကဲ့သို့ အမှတ်အမြဲ မရှိ။

http://www.dhammadownload.com

ထို့ကြောင့် အဂုံတ္တရနိကာယ်အဋ္ဌကထာ၌–

ယထာ နာမ ဥမ္မတ္တကေန ခိတ္တဒဏ္ဍံ ယတ္ထ ကတ္ထစိ ဂစ္ဆတိ၊ ဧဝမေဝ တေသံ ဂရုကာဒီနံ အဘာဝေန ယတ္ထ ကတ္ထစိ ဝိပါကံ ဒေတိ–

ဟူသော ပါဠိ(အံ၊၆၊၂၊၁၀၉။ ထောက် ဝိသဒိသံ)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယထာ နာမ၊ ဥပမာမည်သည်ကား။ ဥမ္မတ္တကေန၊ သူရူးသည်။ ခိတ္တဒဏ္ဍံ၊ ပစ်အပ်သော လှံတန်သည်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသော အရပ်သို့။ ဂစ္ဆတိ ယထာ၊ သွား၏သို့။ ဧဝမေဝ၊ ဤအတူလျှင်။ တေသံ ဂရုကာဒီနံ၊ ထိုဂရုကံ-အစရှိသော ကံတို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသော အပရာပရိယဝေဒနီယကံသည်။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။

ဂရုကံ-စသော ၄-ပါးသော ကံတို့တွင် ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ၊ ၃-ပါးတို့ကို ပစ္ဆာပွန်ကံကို ယူအပ်၏။ ကဋတ္တာကံကိုကား အတိတ်ဖြစ်သော အပရာပရိယဝေဒနီယကံကို ယူအပ်၏။

ထို့ကြောင့် မဏိသာရမဉ္ဇူသာဋီကာ(၃၊နှာ-၂၇)၌–

ဇတ္ထ စ ပုရိမကမ္မတ္တယံ ပစ္ဆာပွန္နဘဝသံသိဒ္ဓံ ဥပပဇ္ဇဝေဒနီယံ။ ပစ္ဆိမံ ပန အတီတ-ဘဝသံသိဒ္ဓံ အပရာပရိယဝေဒနီယန္တိ ဒဋ္ဌဗ္ဗံ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စ၊ ဆက်၍ ဆိုဦးအံ့။ ဇတ္ထ၊ ဤ ၄-ပါးကုန်သော ကံတို့တွင်။ ပုရိမကမ္မတ္တယံ၊ ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ-ဟု ဆိုအပ်ကုန်သော ရှေးက ၃-ပါးတို့၏ အပေါင်းသည်။ ပစ္ဆာပွန္နဘဝသံသိဒ္ဓံ၊ ပစ္ဆာပွန်ဘဝဖြင့် ပြီးသော။ ဥပပဇ္ဇဝေဒနီယံ၊ ဥပပဇ္ဇဝေဒနီယကံတည်း။ ပစ္ဆိမံ ပန၊ နောက်ဖြစ်သော ကဋတ္တာကံသည်ကား။ အတီတဘဝသံသိဒ္ဓံ၊ အတိတ်ဘဝဖြင့် ပြီးသော။ အပရာပရိယဝေဒနီယံ၊ အပရာပရိယဝေဒနီယကံတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၁၂၃၆-ခု၊ နယုန်လဆန်း၊ ၃-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

မန္တလေးမြို့ အနောက်ပြင်၊ မေယဂီရိရပ်၊ လွှထောင်တန်းနေ ဒါယကာမောင်ထွန်းလှ-က ဒါနပြုသည့်အရာတွင် ဥစ္စာရှင်နှင့် စေခိုင်းခံရသူ ၂-ဦးတို့တွင် မည်သူက အကျိုးကြီးမြတ်သည်ကို မိန့်တော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၅၂] "ဘုရားတပည့်တော် လွှထောင်ရပ်နေ ဒကာထွန်းလှ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

အကြင်သူသည် ဥစ္စာရှင်ဖြစ်လျက် ကျေးကျွန်, သားမယား, သူတပါးတို့ကိုသာ စေခိုင်း၍ ပေးကမ်းလှူဒါန်းလေ့ ရှိ၏၊ မိမိကိုယ်တိုင် မပြု။ အကြင်သူသည် ဥစ္စာရှင်ပင် မဟုတ်ငြားသော်လည်း စေတနာထက်သန်စွာနှင့် ကိုယ့်ဥစ္စာကဲ့သို့ပင် သဒ္ဓါ-ဗလ၀၊ သက္ကစ္စဖြင့် ဒါနအင်္ဂါပြည့်စုံစွာ ချီးမြှောက်၍ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပါသည်။

ထိုသို့ လှူဒါန်းကြရာ ဥစ္စာရှင်နှင့် စေခိုင်းခံရသူ ၂-ဦးတို့တွင် ဘယ်သူသည် သာလွန်၍ အကျိုးထူးမြတ်မည်ကို ရှမ်းဆရိုး၀ါး၊ မကွဲမပြား ရှိပါသောကြောင့် တရားကျမ်းလာ ဒေသနာတန်ဆောင်ကို ညွှတ်ထွန်းပလျက် သဘောကျကျ သိမှတ်ပါရအောင် ညွှန်ပြထုတ်ဆောင်၍ မိန့်တော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဤဒါယကာ မောင်ထွန်းလှ လျှောက်ချက်–

[၅၂] (၁) "ဥစ္စာရှင်နှင့် စေခိုင်းခံရ၍ ဒါနကို ပြုသူ ၂-ဦးတို့ အကျိုးထူးဖြစ်ဟန်ကို ကျမ်းဂန်နှင့်အညီ သိမှတ်လိုပါသည်"ဟု လျှောက်ထားချက်မှာ သူတော်မဟုတ်၊ သူယုတ်မာတို့ ပေးလှူခြင်း အသပ္ပုရိသဒါန ၅-ပါးရှိသည်။ ၅-ပါးဟူသော်ကား–

- အလေးအမြတ်မပြုဘဲ လှူခြင်း၊ အသက္ကစ္စဒါနလည်း ၁-ပါး
- အရိုအသေမပြုဘဲ လှူခြင်း၊ အစိတ္တီကတဒါနလည်း ၁-ပါး
- ကိုယ်တိုင် မပြု၊ ကျေးကျွန်, သားမယား, သူတပါးတို့ကိုသာ စေခိုင်း၍ လှူခြင်း, အသဟတ္ထဒါနလည်း ၁-ပါး

http://www.dhammadownload.com

- စွန့်ပစ်သကဲ့သို့ မထီမဲ့မြင်ပြု၍ လှူခြင်း၊ အပဝိဒ္ဓဒါနလည်း ၁-ပါး
- လာလတ္တံ့သော အကျိုးကို မတောင့်တဘဲ လှူခြင်း၊ အနာဂမနဒိဋ္ဌကဒါနလည်း ၁-ပါး၊

ဤသို့ ၅-ပါးတည်း။

ထို့ကြောင့် မြတ်စွာဘုရားသည် ပဥ္စကနိပါတ်၊ အင်္ဂုတ္တိရ်၊ ၁၅-ခုမြောက်သော တိကဏ္ဏကိဝင်၊ သတ္တမဝတ္ထု။ မဇ္ဈိမနိကာယ်။ ဥပရိပဏ္ဏာသ၊ စူဠဥပဂ္ဂမသုတ်ပါဠိတော်၌-

ပဠိမာနိ ဘိက္ခဝေ အသပ္ပုရိသဒါနာနိ။ ကတမာနိ ပဉ္စ? အသက္ကစ္စံ ဒါနံ ဒေတိ၊ အစိတ္တီကတံ ဒါနံ ဒေတိ၊ အသဟတ္ထာ ဒါနံ ဒေတိ။ အပဝိဒ္ဓံ ဒါနံ ဒေတိ။ အနာဂမနဒိဋ္ဌကော ဒါနံ ဒေတိ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ အသပ္ပုရိသဒါနာနိ။

(အံ၊ ၂၁၅၁။ မဟာ၇၂။ ထောက် ၀သဒိသံ)ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ အသပ္ပုရိသဒါနာနိ၊ သူတော်မဟုတ် သူယုတ်မာတို့ ပေးလှူခြင်းတို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ပဉ္စ၊ ၅-ပါးတို့ဟူသည်။ ကတမာ၊ အဘယ်သည်တို့နည်းဟူမူကား? အသက္ကစ္စံ၊ အလေးအမြတ် မပြုဘဲ။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ အစိတ္တီကတံ၊ အရိုအသေမပြုဘဲ။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ အသဟတ္ထာ၊ မိမိကိုယ်တိုင် မဟုတ်သဖြင့်။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ အပဝိဒ္ဓံ၊ စွန့်လိုက်သကဲ့သို့။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ အနာဂမနဒိဋ္ဌကော၊ လာလတ္တံ့သောအကျိုးကို မတောင့်တမူ၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ လှူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အသပ္ပုရိသဒါနာနိ၊ သူတော်မဟုတ် သူယုတ်မာတို့ ပေးလှူခြင်းတို့သည်။ ဣမာနိ ခေါ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။

ထို ၅-ပါးကုန်သော အသပ္ပုရိသဒါနတို့တွင် အလေးအမြတ် မပြုဘဲ လှူခြင်းမည်သည်ကား ကောင်းစွာမပြုမူ၍ လှူခြင်းတည်း။ **တစ်နည်းလည်း** အလှူဝတ္ထုကိုလည်းကောင်း အလှူခံပုဂ္ဂိုလ်ကိုလည်းကောင်း အလေးအမြတ် မပြုမူ၍ လှူခြင်းတည်း။ ထို ၂-ပါးတို့တွင် ဆန်ကျိုး, ဆန်ကွဲ-အစရှိသော အပြစ်ရှိသော အာဟာရတို့ကို လှူခြင်းသည် အလှူဝတ္ထုကို အလေးအမြတ် မပြုသည် မည်၏။ နေရာအရပ်ကို တံမြက်လှည်းခြင်း, သုတ်သင်ခြင်း-စသည်ဖြင့် စင်ကြယ်စွာ မပြုဘဲ အမှတ်မဲ့တည်ရာကို ပေး၍ လှူခြင်းသည် ပုဂ္ဂိုလ်ကို အလေးအမြတ် မပြုသည် မည်၏။

ထိုကြောင့် ပဥ္စကနိပါတ်၊ အင်္ဂုတ္တိရ်အဋ္ဌကထာ၊ ဥပရိပဏ္ဏာသအဋ္ဌကထာတို့၌-

'အသက္ကစ္စံ ဒါနံ ဒေတီတိ နဿ ကရိတွာ အသုဠှ ကတွာ ဒေတိ'-ဟူ၍လည်းကောင်း

http://www.dhammadownload.com

အသက္ကစ္စံ ဒါနံ ဒေတီတိ ဒေယျဓမ္မမ္ပိ ပုဂ္ဂလမ္ပိ နဲ့ သက္ကရောတိ၊ ဥတ္တက္ကာလာဒိ-ဒေါသသမန္နာဂတံ အာဟာရံ ဒေန္တော ဒေယျဓမ္မံ နဲ့ သက္ကရောတိ နာမ၊ နိသီဒနဒ္ဌာနံ အသမ္မဇ္ဇိတွာ ယတ္ထ ဝါ တတ္ထ ဝါ နိသီဒါပေတွာ ယံ ဝါ တံ ဝါ အာဓာရကံ ဌပေတွာ ဒေန္တော ပုဂ္ဂလံ နဲ့ သက္ကရောတိ နာမ။

ဟူ၍လည်းကောင်း မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊၆၊၃၇။မ၊၆၊၅၊၅၄။ထောက် ဝိသဒိုက်)

အသက္ကစ္စံ ဒါနံ ဒေတီတိ၊ အသက္ကစ္စံ ဒါနံ ဒေတိ-ဟူသည်ကား။ နဲ့ သက္ကရိတွာ အသုဋ္ဌု *(အသုစီ ကတွာ)* ကတွာ၊ ကောင်းစွာ မပြုမူ၍။ ဒေတိ၊ လှူ၏။

အသက္ကစ္စံ ဒါနံ ဒေတီတိ၊ အသက္ကစ္စံ ဒါနံ ဒေတိ-ဟူသည်ကား။ ဒေယျဓမ္မမ္ပိ၊ အလှူဝတ္ထုကိုလည်းကောင်း။ ပုဂ္ဂလမ္ပိ၊ အလှူခံပုဂ္ဂိုလ်ကိုလည်းကောင်း။ နဲ့ သက္ကရောတိ၊ အလေးအမြတ် မပြု။ ဥတ္တက္ကာလာဒိဒေါသ သမန္နာဂတံ၊ ဆန်ကျိုး, ဆန်ကွဲ-အစရှိသော အပြစ်နှင့်တကွဖြစ်သော။ အာဟာရံ၊ အာဟာရကို။ ဒေန္တော၊ လှူခြင်းသည်။ ဒေယျဓမ္မံ၊ အလှူဝတ္ထုကို။ နဲ့ သက္ကရောတိ နာမ၊ အလေးအမြတ်မပြုသည် မည်၏။ နိသီဒနဒ္ဌာနံ၊ နေရာအရပ်ကို။ အသမ္မဇ္ဇိတွာ၊ တံမြက်မလှည်းမူ၍။ ယတ္ထ ဝါ တတ္ထ ဝါ၊ အမှတ်မဲ့သော အရပ်၌။ နိသီဒါပေတွာ၊ နေစေ၍။ ယံ ဝါ တံ ဝါ၊ အမှတ်မရှိသော။ အာဓာရကံ၊ တည်ရာကို။ ဌပေတွာ၊ ထား၍။ ဒေန္တော၊ လှူခြင်းသည်။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ နဲ့ သက္ကရောတိ နာမ၊ အလေးအမြတ်မပြုသည် မည်၏။

အရိုအသေ မပြုမူ၍ လှူခြင်းသည်ကား အရိုအသေ မပြုဘဲ လှူခြင်းတည်း။ အလှူဝတ္ထုကိုလည်းကောင်း အလှူခံပုဂ္ဂိုလ်ကိုလည်းကောင်း အရိုအသေမပြုဘဲ လှူခြင်းတည်း။ ထို ၂-ပါးတို့တွင် မြိန်မြတ်ကောင်းမွန်စေခြင်းငှာ မပြုမူ၍ လှူခြင်းသည် အလှူဝတ္ထု၌ မရှိမသေပြုသည် မည်၏။ ပုဂ္ဂိုလ်ကို မနှေးချယ်မူ၍ လှူခြင်းသည် ပုဂ္ဂိုလ်၌ မရှိမသေပြုသည် မည်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ(အံ၊၆၊၃။ မ၊၆၊၅၄)၌–

"အစိတ္တီကာရေန အဂါရဝဝသေန ဒေတိ" ဟူ၍လည်းကောင်း

ဟေဋ္ဌာ ဝုတ္တနယေနေဝ ဒေယျဓမ္မေပိ ပုဂ္ဂလေပိ နဲ့ စိတ္တီကာရံ ကတွာ ဒေန္တော အစိတ္တီ ကတွာ ဒေတိ နာမ။

ဟူ၍လည်းကောင်း မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟေဋ္ဌာ၊ အောက်ဖြစ်သော အသက္ကစ္စဒါန၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ ဒေယျဓမ္မေပိ၊ အလှူဝတ္ထု၌လည်းကောင်း။ ပုဂ္ဂလေပိ၊ ပုဂ္ဂိုလ်၌လည်း

http://www.dhammadownload.com

ကောင်း။ စိတ္တိကာရံ၊ ရိုသေခြင်းကို။ နံ ကတွာ၊ မပြုမူ၍။ ဒေန္တော၊ လှူခြင်းသည်။ အစိတ္တိကတွာ ဒေတိ နာမ၊ မရိုမသေပြု၍ လှူခြင်းမည်၏။ ပါဠို ၂-ရပ်, အဓိပ္ပါယ် ၂-ရပ်ထင်၍ ပြသည်မှာ ရှေးပါဠို, ရှေးအဓိပ္ပါယ်ကို ရှေးအဋ္ဌကထာနည်းယူ၊ နောက်ပါဠို, နောက်အဓိပ္ပါယ်ကို နောက်အဋ္ဌကထာ နည်းယူ။ အသက္ကစ္စဒါန၏ အထူးကား မကောင်းသော ဝတ္ထုကို လှူခြင်း, အလှူခံပုဂ္ဂိုလ်ကို မကောင်းသော နေရာ၌ ထား၍ လှူခြင်းသည် **အသက္ကစ္စဒါန** မည်၏။

အလှူဝတ္ထုကို ကောင်းမွန်မြိန်မြတ် နှစ်သက်ဖွယ်ရှိအောင် မပြုဘဲ တော်တော်ငြားငြားပြု၍ လှူခြင်း၊ အလှူခံပုဂ္ဂိုလ်ကို မရွေးမချယ်ဘဲ တွေ့ရှမြင်ရတိုင်း လှူခြင်းသည် **အစိတ္တိကာရဒါန** မည်၏။ ထိုပါဠိတို့၏ အဓိပ္ပါယ်အကျဉ်းကား ကောင်းမွန်မြိန်မြတ် နှစ်သက်အောင် ပြု၍ ကောင်းသောဝတ္ထုကို ကောင်းသောနေရာ၌ ကောင်းသော အလှူခံပုဂ္ဂိုလ်ကို လှူမှ **သက္ကစ္စဒါန, စိတ္တိကာရဒါန** ဖြစ်မည်-ဟူလိုသည်။

မိမိလက်ဖြင့် မလှူခြင်း အသဟတ္ထဒါန မည်သည်ကား မိမိကိုယ်တိုင် မလှူဘဲ ကျွန်, အမှူလုပ်, သား,မယား-စသည်တို့ကို စေခိုင်း၍ လှူခြင်းသည် **အသဟတ္ထဒါန** မည်၏။

ထို့ကြောင့် ဂင်းအဋ္ဌကထာ၌–

သဟတ္ထေန အဒတွာ ဒါသကမ္မကာရာဒီနိ ဒါပေန္တော အသဟတ္ထာ ဒေတိ နာမ-

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟတ္ထေန၊ မိမိလက်ဖြင့်။ ဝါ၊ မိမိကိုယ်တိုင်။ အဒတွာ၊ မလှူမူ၍။ ဒါသကမ္မကာရာဒီနိ၊ ကျွန်,အမှုအလုပ် စသောသူတို့ကို။ ဒါပေန္တော၊ လှူစေသောသူသည်။ အသဟတ္ထာ၊ မိမိ၏လက် မဟုတ်သဖြင့်။ ဒေတိ နာမ၊ လှူသည် မည်၏။

ဒါသကမ္မကာရာဒီနိ၌ အာဒိသဒ္ဒါဖြင့် ကျွန်,အမှုလုပ်မှကြွင်းသော စေခိုင်းကောင်းသမျှကို ယူအပ်၏။ စွန့်ပစ်သကဲ့သို့ လှူခြင်းဟူသည်ကား အလိုမရှိသော ဝတ္ထုကို တောင်ပို့, တွင်း-စသည်တို့သို့ ပစ်ချလိုက်သကဲ့သို့ မနှစ်,မသက် လှူခြင်းတည်း။

ထို့ကြောင့် ဂင်းအဋ္ဌကထာတို့၌ "**ဆဒ္ဒီတုကာမော ဝိယ ဒေန္တော အပဝိဒ္ဓံ ဒေတိ နာမ**"ဟူသော ပါဌ်ကို မိန့်ဆို ဖွင့်လှစ်တော်မူသတည်း။ ဆဒ္ဒီတုကာမော ဝိယ၊ စွန့်ပစ်လိုက်သကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ဒေန္တော၊ လှူခြင်းသည်။ အပဝိဒ္ဓံ၊ ပစ်လိုက်သကဲ့သို့။ ဒေတိ နာမ၊ လှူသည် မည်၏။ ပေတဝတ္ထုတွင် ကြံကို ပစ်၍ ပေးသော ဥစ္ဆုကဒါနပေတဝတ္ထု (ပေတ၊၄။၂၄၀)ကို ထောက်။

http://www.dhammadownload.com

လာလတ္တံ့သော အကျိုးကို မတောင့်တဘဲ လှူခြင်းမည်သည်ကား "နောက်အခါ ငါ့အား ဧကန်မုချ ကောင်းကျိုးကို ရပေလတ္တံ့"ဟု အကျိုးကို မတောင့်တဘဲ ပယ်လွှားလွှား သူတပါး အံ့ဩ၍ ပြောပခိုးမွမ်းသည်ကိုသာ တောင့်တ၍ လှူခြင်းတည်း။ ဝါ၊ ပစ္စည်းဥစ္စာ လွန်စွာ ပေါများသောကြောင့် ထားစရာမရှိ၍ မိမိတို့ ကျောင်း,အိမ်မှာ လွန်စွာထွေးရှုပ်နေစရာ ကျဉ်းသောကြောင့် စိတ်ရှုပ်လှ၍ ပိုသမျှဥစ္စာကို သူတကာအား ရှားပါးသည်ယူကြပါစေ ကြေညာသမျှ သိသမျှတို့ ပြောပခိုးမွမ်းအောင် လှူဒါန်းသော ဒါနသည် **အနာဂမနဒိဋ္ဌကဒါန** မည်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာတို့၌ **"ဖလပါဠိကဿ အဟုတ္ဝာ ဒေန္တော အနာဂမန ဒိဋ္ဌတော နာမ"**ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသည်။ ဖလပါဠိကဿ၊ လာလတ္တံ့သော အကျိုးကို အလိုရှိသည်။ အဟုတ္ဝာ၊ မဖြစ်မူ၍။ ဒေန္တော၊ လှူခြင်းသည်။ အနာဂမနဒိဋ္ဌကော နာမ၊ အနာဂမနဒိဋ္ဌက မည်၏။

ဤသို့ သူတော်မဟုတ် သူယုတ်မာကို ပေးလှူခြင်း အသပ္ပုရိသဒါန ၅-ပါးတည်း။ ဆိုအပ်ခဲ့ပြီးသော အသပ္ပုရိသဒါန ၅-ပါး ပြန်၍ယူသဖြင့်–

- အလေးအမြတ်ပြု၍ ပေးလှူခြင်း **သက္ကစ္စဒါန**၊
- အရှိအသေပြု၍ ပေးလှူခြင်း **စိတ္တီကတဒါန**၊
- မိမိလက်ဖြင့် မိမိကိုယ်တိုင် ပေးလှူခြင်း **သဟတ္ထဒါန**၊
- အခြား မရှိစေဘဲ ဒါနဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို ရွေးရှုသုံးသပ်၍လှူခြင်း **ပဝိဒ္ဓဒါန**၊
- နောင်လာလတ္တံ့, ပေးလတ္တံ့သော လောကီ, လောကုတ္တရာအကျိုးကို တောင့်တ၍ လှူခြင်း အာဂမနဒိဋ္ဌကဒါနအားဖြင့် သူတော်ကောင်းတို့ပေးလှူခြင်း **သက္ကစ္စဒါန** ၅-ပါးတို့ကို သိရာ၏။

ပါဠိတော်(အံ၊၂၁၅။ မဂ္ဂ၊၇၄)၌ကား **"ပဋိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ"** စသည်ဖြင့် သပ္ပုရိသဒါန ၅-ပါးကို ဟောတော်မူ၏။ ပါဠိ,အဋ္ဌကထာ ရှိသမျှကို ထုတ်၍ပြလျှင် ကျယ်လွန်းအံ့။ တခုသော နည်းဥပဒေသကို ထောက်ဆန့်ငင်၍ သိသင့်သောအရာကို ပညာရှိတို့ သိရာ၏။

(၂) ကောသလတိုင်းအတွင်း သေတဗျမည်သော မြို့၌ ပါယာသိရာဇညအမည်ရှိသော မင်းကြီးသည် **အဒ္ဓင်ကုမာရကဿပ** ဟောကြားပြသ ဆုံးမတော်မူလျှင် **သမ္မာဒိဋ္ဌိ** အယူကို ယူ၍ အလှူပေးပါသော်လည်း ဆန်ကွဲထမင်း, ပုံးရည်ဟင်း-စသော ဘောဇဉ်၊

http://www.dhammadownload.com

ကြမ်းတမ်းသော အဝတ်,သင်္ကန်း-စသည်ဖြင့် ယုတ်ညံ့သော အလျှူဝတ္ထုကိုမျှ မိမိကိုယ်တိုင် မလျှူဒါန်းဘဲ ဥတ္ထရမည်သော လုလင်ကိုသာ စေခိုင်း၍ပြုသော အသက္ကစွဒါန, အသဟတ္ထဒါန, အစိတ္တီကတဒါန, အပဝိဒ္ဓဒါနအကျိုးကြောင့် စာတုမဟာရာဇဇနတ်ပြည်ဝယ် တံခါးဝ၌ ကုက္ကိုပင် ရောက်သောကြောင့် သေရီသဏမည်သော ငွေဗိမာန်၌ ဖြစ်လေ၏။

ထိုငွေဗိမာန်ကား အရှင်ဂဝံပတိနတ်သားဖြစ်စဉ်က စံသော ဗိမာန်တည်း။ အရှင်ဂဝံပတိသည် ရှေးလူဖြစ်စဉ်ကာလက နွားကျောင်းသားအပေါင်းတို့၏ အကြီးဖြစ်၍ နွားကျောင်းရာ တောအရပ်၌ ကုက္ကိုပင်ရင်းကို စင်ကြယ်စွာ သုတ်သင်၍ သဲတို့ကို စင်ကြယ်စွာ ဖြန့်ကြဲပြီးသော် ဆွမ်းခံလာသော ရဟန်းတစ်ပါးကို မိမိရသမျှသော ဘောဇဉ်ဖြင့် လှူ၍ ထိုအဖြစ်မှ စုတေသော် ထိုရဟန်းကို လုပ်ကျွေးပြုစုသော စေတနာကြောင့် တံခါးဝတွင် ကုက္ကိုပင်ရောက်သော ငွေဗိမာန်၌ ဖြစ်လေ၏။ ငါတို့ဘုရားဖြစ်တော်မူသောအခါ နတ်ပြည်မှ စုတေ၍ လူပြည်၌ ဖြစ်လေလျှင် မြတ်စွာဘုရား တရားကို နာရ၍ ဂဝံပတိ-ဟူသော အမည်ဖြင့် ရဟန္တာအဖြစ်သို့ ရောက်၏။ ဂဝံပတိမထေရ် နတ်ဖြစ်စဉ် နေဖူးသော ထိုဗိမာန်တွင် ရာဇညမင်းကြီး တစ်ယောက်တည်း နေရသတည်း။

ပါယာသိရာဇညမင်းကြီး ၄-ပါးသော အသပ္ပုရိသဒါနကြောင့် စာတုမဟာရာဇ နတ်ပြည် ငွေဗိမာန်တွင် ဖြစ်ရကြောင်းကို သုတ်မဟာဝါ ပါယာသိရာဇညသုတ်(နှာ-၂၈၁)၌-

> **တေန ခေါ ပန သမယေန ပါယာသိရာဇညော အသက္ကစ္စံ ဒါနံ ဒတွာ အသဟတ္ထာဒါနံ ဒတွာ အစိတ္တီကတံ ဒါနံ ဒတွာ အပဝိဒ္ဓံ ဒါနံ ဒတွာ ကာယဿ ဘေဒါ ပရံ မရဏာ စာတုမဟာရာဇိကာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇီ သုညံ သေရိသကဝိမာနံ–**

ဟူ၍ ဟောတော်မူသည်။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ပါယာသိရာဇညော၊ ပါယာသိရာဇညမင်းကြီးသည်။ အသက္ကစ္စံ၊ မရိုမသေ။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ အသဟတ္ထာ၊ မိမိလက်မဟုတ်သဖြင့်။ ဝါ၊ မိမိကိုယ်တိုင် မဟုတ်သဖြင့်။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ အစိတ္တီကတံ၊ အလှူဝတ္ထု, အလှူခံပုဂ္ဂိုလ်ကို မရိုမသေ။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ အပဝိဒ္ဓံ၊ စွန့်ပစ်လိုက်သကဲ့သို့။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ မရဏာ၊ စုတိချုပ်သော အဆုံး၌။ စာတုမဟာရာဇိကာနံ၊ စာတုမဟာရာဇနတ်ပြည်၌ ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ သဟဗျတံ၊ အပေါင်းအဖော်၏အဖြစ်သို့။ ဥပပဇ္ဇီ၊ ရောက်၏။ သုညံ၊ ဆိတ်သော။ သေရိသကဝိမာနံ၊ တံခါး၌ ကုက္ကိုပင်ရောက်သော သေရိသကဗိမာန်သည်။ ဟောတိ၊ ဖြစ်၏။ တနည်းကား- သုညံ၊ ဆိတ်သော။ သေရိသက-

http://www.dhammadownload.com

ဝိမာန်၊ တံခါးဝ၌ ကုက္ကိုပင်ရောက်သော ဗိမာန်၌။ စာတုမဟာရာဇိကာန်၊ စာတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ကုန်သော။ ဒေဝါန်၊ နတ်တို့၏။ သဟဇ္ဈတ်၊ အပေါင်းအဖော်၏အဖြစ်သို့။ ဥပပန္နိ၊ ရောက်၏။ ဒေဝါန်၊ နတ်တို့နှင့်။ သဟဇ္ဈတ် သဟဘာဝံ၊ အတူတကွ ဖြစ်ခြင်းသို့။ ဥပပန္နိ၊ ရောက်၏။ ဤသို့လည်း ပေး။

ဤသုတ်မဟာဝါ ပါဠိတော်၏အဖွင့် (ဒီ၊၃၊၂၊၄၀၂)၌ကား–

- အသက္ကာစ်၏အရကို "အသက္ကာစ္စန္တိ သဒ္ဓါဝိရဟိတံ အသဒ္ဓဒါန"်ဟု ဖွင့်၏။
- အစိတ္တီကတ၏ အရကို "အစိတ္တီကတန္တိ စိတ္တီကာရဝိရဟိတံ၊ န စိတ္တီကာရမ္မိ ပစ္စုပဋ္ဌာပေတွာ န ပဏီတ စိတ္တံ ကတွာ အဒါသိ"ဟု ဖွင့်၏။
- အပဝိဒ္ဓ၏အရကို "အပဝိဒ္ဓန္တိ ဆဋ္ဌိတံ ပတိတံ ဝိပတိတံ"ဟု ဖွင့်၏။

အသက္ကာစ္စန္တိ၊ အသက္ကာစ်-ဟူသည်ကား။ သဒ္ဓါဝိရဟိတံ၊ သဒ္ဓါတရားမှ ကင်းသော။ အသဒ္ဓဒါန်၊ မသဒ္ဓါသော ဒါနတည်း။ အစိတ္တီကတန္တိ၊ အစိတ္တီကတ်-ဟူသည်ကား။ စိတ္တီကာရဝိရဟိတံ၊ အရိုအသေပြုခြင်းမှ ကင်းသည်တည်း။ စိတ္တီကာရမ္မိ၊ အရိုအသေပြုခြင်းကိုလည်း။ န ပစ္စုပဋ္ဌာပေတွာ၊ မဖြစ်စေမူ၍။ ပဏီတစိတ္တံ၊ မြတ်သော စိတ်ကို။ န ကတွာ၊ မပြုမူ၍။ အဒါသိ၊ လှူ၏။ အပဝိဒ္ဓန္တိ၊ အပဝိဒ္ဓ-ဟူသည်ကား။ ဆဋ္ဌိတံ၊ စွန့်ပစ်အပ်သည်။ ပတိတံ၊ ကျသည်။ ဝိပတိတံ၊ ဖရိုဖရဲကျသည်။

ပါယာသိရာဇညမင်းကြီး၏ အစေကို ခံရ၍ ဒါနဋ္ဌ စီရင်သော ဥတ္တရလုလင်မှာမူကား ၄-ပါးသော သပ္ပုရိသဒါနကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ကြောင်းကို ၎င်းသုတ်-မဟာဝါကျမ်း၌–

ယော ပနေ'တဿ ဒါနေ ဝါဝဥော ဟောတိ ဥတ္တရော နာမ မာဏဝေါ။ သော သက္ကစ္စံ ဒါနံ ဒတွာ သဟတ္ထာ ဒါနံ ဒတွာ စိတ္တီကတံ ဒါနံ ဒတွာ အနုပဒိန္နဒါနံ ဒတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိ သဂ္ဂံ လောကံ ဥပပဇ္ဇတိ ဒေဝါနံ တာဝတိံသာနံ သဟဇ္ဈတံ–

ဟု လာသည်။ (ဒီ၊၂။၂၈၁။ ထောက် ဝိသဒိသံ)

ဥတ္တရော နာမ၊ ဥတ္တရ အမည်ရှိသော။ ယော ပန မာဏဝေါ၊ အကြင်လုလင်သည်ကား။ ဧတဿ၊ ထိုရာဇညမင်းကြီး၏။ ဒါနေ၊ အလှူ၌။ ဝါဝဥော၊ စီရင်သည်။ ဟောတိ၊ ဖြစ်၏။ သော ဥတ္တရမာဏဝေါ၊ ထိုဥတ္တရလုလင်သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ဝါ၊ မိမိကိုယ်တိုင်။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။

http://www.dhammadownload.com

စိတ္တိကတံ၊ အလျှဝတ္ထု, အလျှခံပုဂ္ဂိုလ်ကို အရိုအသေပြုလျက်။ ဒါနံ၊ အလျှကို။ ဒတ္တာ၊ လျှ၍။ အနုပဝိဒ္ဓံ၊ ပစ်စွန့်လိုက်သကဲ့သို့ မဟုတ်ဘဲ။ ဒါနံ၊ အလျှကို။ ဒတ္တာ၊ လျှ၍။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ မရဏာ၊ သေသည့်နောက်၌။ သုဂတိ၊ ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇိ၊ ရောက်လေ၏။ ဒေဝါနံ တာဝတိံသာနံ၊ တာဝတိံသာနတ်တို့၏။ ဝါ၊ နတ်တို့နှင့်။ သဟဗျတံ၊ အပေါင်းအဖော်၏ အဖြစ်သို့။ ဝါ၊ တကွဖြစ်ခြင်းသို့။ ဥပပဇ္ဇိ၊ ရောက်လေ၏။

နွားကျောင်းသားဖြစ်စဉ်က ဆွမ်းခံဝင်သော ရဟန်းကို ဆွမ်းလျှသော စေတနာကြောင့် စာတုမဟာရာဇ်နတ်ပြည်တွင် ကုက္ကိုပင်ရှိသော သေရီသကဒွေဗိမာန်၌ အရှင် ဂဝံပတိရဟန္တာသည် တခါတရံ ဆိတ်ညံသည်ကို အလိုရှိ၍ သေရီသကဒွေဗိမာန်သို့ ဒိဝါဝိဟာရအကျိုးငှာ တန်ခိုးတော်အဘိညာဏ်ဖြင့် နတ်ခွင်သို့ ကြွတော်မူလတ်သတည်း။ ထိုအခါ ပါယာသိနတ်သည် ဂဝံပတိမထေရ်မြတ်သို့ တုပ်ဝပ်ကြည်ညိုလျက် ရိုသေမြတ်နိုး ရှိခိုးချဉ်းကပ် ရပ်၍နေလတ်သတည်း။ ထိုအခါ ရဟန္တာအရှင်မြတ်က ပါယာသိနတ်အား "သင်ကား အဘယ်သူနည်း"ဟု မေးရာ "ပါယာသိမင်းဖြစ်ကြောင်း"ကို လျှောက်လေလျှင် "သင်၏ အလုပ်အကျွေးဖြစ်လျက် သင့်အလျှတွင် စီရင်လျှဒါန်းသော ဥတ္တရလုလင်မှာ အဘယ် အရပ်၌ ဖြစ်လေသနည်း"ဟု မေးသည်တွင် "ဥတ္တရလုလင်မှာ ဥစ္စာရှင် မဟုတ်ဘဲ အားထုတ်သော သက္ကစ္စ, ၄-ပါးသော သပ္ပုရိသဒါနစေတနာကြောင့် တာဝတိံသာနတ်ပြည်တွင် ဖြစ်ကြောင်း, မိမိမှာကား ၄-ပါးသော အသက္ကစ္စ, အသပ္ပုရိသဒါနကြောင့် စာတုမဟာရာဇ်နတ်ပြည်တွင် ဖြစ်ရပါသည်"ဟု လျှောက်ထားလိုက်ကြောင်းကို ၎င်းသုတ်မဟာဝါကျမ်းတွင်-

> **ယော မေ ဘန္တေ ဒါနေ ဝါဝဇော အဟောသိ ဥတ္တရော နာမ မာဏဝေါ၊ သော သက္ကစ္စံ ဒါနံ ဒတ္တွာ သဟတ္ထာ ဒါနံ ဒတ္တွာ စိတ္တိကတံ ဒါနံ ဒတ္တွာ အနုပဝိဒ္ဓံ ဒါနံ ဒတ္တွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပန္နော ဒေဝါနံ တာဝတိံသာနံ သဟဗျတံ။ အဟံ ပန ဘန္တေ အသက္ကစ္စံ ဒါနံ ဒတ္တွာ အသဟတ္ထာ ဒါနံ ဒတ္တွာ အစိတ္တိကတံ ဒါနံ ဒတ္တွာ အပဝိဒ္ဓံ ဒါနံ ဒတ္တွာ ကာယဿ ဘေဒါ ပရံ မရဏာ စာတုမဟာရာဇိကာနံ ဒေဝါနံ သဟဗျတံ ဥပပန္နော သုညံ သေရိသကဝိမာနံ-**

(ဒီ၊၂။၂၈၂)ဟူ၍ လာ၏။

ဘန္တေ၊ အရှင်ဂဝံပတိ။ မေ၊ အကျွန်ုပ်၏။ ဒါနေ၊ ဒါန၌။ ဝါဝဇော၊ စီရင်သော။ ဥတ္တရော နာမ၊ ဥတ္တရ-အမည်ရှိသော။ ယော မာဏဝေါ၊ အကြင်လုလင်သည်။ အဟောသိ၊ ရှိ၏။ သော မာဏဝေါ၊ ထိုလုလင်သည်။ သက္ကစ္စံ၊ အရိုအသေ။ ဒါနံ၊ အလျှကို။ ဒတ္တွာ၊

http://www.dhammadownload.com

လျှ၍။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ဒါနံ၊ အလျှူကို။ ဒတ္တာ၊ လျှ၍။ စိတ္တီကတံ၊ အလျှူဝတ္ထု, အလျှူခံပုဂ္ဂိုလ်ကို အလေးအမြတ်ပြု၍။ ဒါနံ၊ အလျှူကို။ ဒတ္တာ၊ လျှ၍။ အနပဝိဒ္ဓံ၊ ပစ်စွန့်လိုက်သကဲ့သို့ မဟုတ်ဘဲ။ ဒါနံ၊ အလျှူကို။ ဒတ္တာ၊ လျှ၍။ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ် ပျက်သည်မှ။ ပရံ မရဏာ၊ သေသည်၏ နောက်၌။ သုဂတိံ၊ ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဥပပန္နော၊ ရောက်ရလေ၏။ ဒေဝါနံ တာဝတိံသာနံ၊ တာဝတိံသာနတ်တို့၏။ ဝါ၊ နတ်တို့နှင့်။ သဟဗျတံ၊ အပေါင်းအဖော်၏ အဖြစ်သို့။ ဝါ၊ အတူတကွ ဖြစ်ခြင်းသို့။ ဥပပန္နော၊ ရောက်ရလေ၏။

ဘန္တေ၊ အရှင်ဂဝံပတိ။ အဟံ ပန၊ ရာဇာ-ဟု၊ နာမသမုတ်၊ အကျွန်ုပ်သည်ကား။ အသက္ကစ္စံ၊ မရိုမသေ။ ဒါနံ၊ အလျှူကို။ ဒတ္တာ၊ လျှ၍။ အသဟတ္ထာ၊ မိမိလက် မဟုတ်သဖြင့်။ ဒါနံ၊ အလျှူကို။ ဒတ္တာ၊ လျှ၍။ အစိတ္တီကတံ၊ အလျှူဝတ္ထု, အလျှူခံပုဂ္ဂိုလ်ကို အလေးအမြတ် မပြုဘဲ။ ဒါနံ၊ အလျှူကို။ ဒတ္တာ၊ လျှ၍။ အပဝိဒ္ဓံ၊ စွန့်ပစ်လိုက်သကဲ့သို့။ ဒါနံ၊ အလျှူကို။ ဒတ္တာ၊ လျှ၍။ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ် ပျက်သည်မှ။ ပရံ မရဏာ၊ သေသည်၏ နောက်၌။ စာတုမဟာရာဇိကာနံ၊ စာတုမဟာရာဇ်ဖြစ်ကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ ဝါ၊ နတ်တို့နှင့်။ သဟဗျတံ၊ အပေါင်းအဖော်၏အဖြစ်သို့။ ဝါ၊ တကွဖြစ်ခြင်းသို့။ ဥပပန္နော၊ ရောက်ရ၏။ သုညံ၊ ဆိတ်သော။ သေရိသကဝိမာနံ၊ တံခါး၌ရောက်သော ကုက္ကိုပင်ရှိသော သေရိသက၊ နာမမည်ခံ၊ ငွေဗိမာန်၌။ ဥပပန္နော၊ ရောက်လာ၏။

ဥတ္တရလုလင်၏ အကြောင်းကို ပြသော "**သော သက္ကစ္စံ ဒါနံ ဒတ္တာ**"ဟူသော ပုဒ်၌ ဥတ္တရလုလင်မှာ ရိုသေစွာ လျှူ၏-ဟူသည် "အဘယ်သူ၏ ဥစ္စာပေနည်း။ မိမိလုံလ ဥဿာဟဖြင့် ရှာကြံ၍ ရ၊ ပေါများလှသောကြောင့် လျှူရသောဥစ္စာ ဖြစ်ရှာလေသလော"ဟု စောဒနာရန်ရှိ၍ ၎င်းသုတ်မဟာဝါအဋ္ဌကထာ(နှာ-၄၀၃)တွင်–

သော သက္ကစ္စံ ဒါနံ ဒတ္တာတိ သော ပရဿ သန္တကမိဿ ဒါနံ သက္ကစ္စံ ဒတ္တာ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သော သက္ကစ္စံ ဒါနံ ဒတ္တာတိ၊ သော သက္ကစ္စံ ဒါနံ ဒတ္တာ-ဟူသည်ကား။ ဝါ၊ ဥတ္တရလုလင်မှာ ၄-အင်သော သပ္ပုရိသစေတနာဖြင့် ရိုသေစွာ လျှူ၏-ဟူသည်ကား။ သော၊ ထိုဥတ္တရလုလင်သည်။ ပရဿ၊ သူတပါး၏။ သန္တကမိဿ၊ ဥစ္စာလည်းဖြစ်သော။ ဒါနံ၊ အလျှူကို။ သက္ကစ္စံ၊ ရိုသေစွာ။ ဒတ္တာ၊ လျှ၍။

ထိုအခါ အသက္ကစ္စ အသပ္ပုရိသဒါနကြောင့် သေရိသကဗိမာန်တွင် ဆိတ်ညံနိုင်မျှ တစ်ယောက်တည်း နေရ၍ ပျင်းလှသော နတ်သားက လူ့ပြည်သို့ ကြွသွားလျှင် "အရှင်

http://www.dhammadownload.com

ဘုရား၊ တပည့်တော် ဆွေမျိုးများကို 'ကြိုးစားလုံ့လ သက္ကစ္စဖြစ်အောင် ဒါနကို အားထုတ်၍ သုတ်သုတ်မကြာ ငါ့နေရာ ငွေဗိမာန်တွင် လျင်မြန်စွာ လာရောက်စေလို၏'-ဟု အမိန့်ရှိတော်မူပါ"။ ဂဝံပတိအရှင်မြတ်ကို ထပ်မံ၍ လျှောက်ရာတွင် ဆွေညာတကာ တစ်စုတို့ကုသိုလ်ကို ပြုကြ၍ ပါရာသိရာဇညကို နိကန္တိကတဏှာကြောင့် သူနေရာ ငွေဗိမာန်တွင် လျင်မြန်စွာ ဖြစ်ကြကြောင်းကို ၎င်း(*ပါဠိတော်*)အဋ္ဌကထာ(ဒီ၊၂၊၂၈၂။ ဒီ၊ဋ္ဌ၊၂၊၄၀၃)တွင်–

တေန ဟိ ဘန္တေ ဂဝံပတိ မနုဿလောကံ ဂန္ဓာ ဧဝံ အာရောစေဟိ။
ဧဝံ အာရောစေဟိတိ သက္ကစ္စံ ဒါနံ ဒေထာတိအာဒိနာ အာရောစေဟိ။ –

ဟု လာ၏။

ဘန္တေ ဂဝံပတိ၊ အရှင်ဂဝံပတိ။ တေန ဟိ၊ ထိုသို့ ဆိုတပြီးကား။ မနုဿလောကံ၊ လူ့ပြည်သို့။ ဂန္ဓာ၊ သွား၍။ ဧဝံ၊ သို့။ အာရောစေဟိ၊ ကြားပါလေလော။

ဧဝံ အာရောစေဟိတိ၊ ဧဝံ အာရောစေဟိ-ဟူသည်ကား။ သက္ကစ္စံ၊ ရိုသေစွာ။ ဒါနံ၊ အလှူကို။ ဒေထ၊ လှူကြပါကုန်လေလော။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ အာရောစေဟိ၊ ကြားပါလေလော။

ဤအရပ်ရပ် ပါဠိ,အဋ္ဌကထာ လာသည်ကို ထောက်၍ အလှူရှင်နှင့် အစေအခိုင်းခံရသူ လူ ၂-ဦးသားတို့တွင် ဥစ္စာရှင်ပင် ဖြစ်လင့်ကစား ကိုယ်တိုင်အားထုတ်၍ မလုပ်မဆောင်ချေက အသပ္ပုရိသ အသက္ကစ္စဒါန ဖြစ်ချေသောကြောင့် ကြိုးပမ်းပါလည်း ကြိုးပမ်းရာ မရောက်-ဟူသကဲ့သို့ စေခိုင်းလျက် ဥဿာဟထုတ်၍ ကိုယ်ဥစ္စာ မဟုတ်ဘဲ ကိုယ်တိုင်လုပ်ဆောင်သူအောက် ဆုတ်၍ ယုတ်ညံ့သောအကျိုးကို ရကြောင်း၊ မိမိဥစ္စာပင် မဟုတ်သော်လည်း သူတပါး စေခိုင်းခံရလျက် သူတပါးဥစ္စာပင် ဖြစ်လင့်ကစား ကြိုးစားအားထုတ်၍ ကိုယ်တိုင်လုပ်ဆောင်ချေက သပ္ပုရိသ သက္ကစ္စဒါနဖြစ်ချေသောကြောင့် ကြိုးပမ်းပါမှ ကြိုးပမ်းရာ ရောက်၏-ဟူသည် ဥစ္စာရှင် မဟုတ်ဘဲ အားထုတ်၍ ကိုယ်တိုင်လုပ်ဆောင်သူက ဥစ္စာရှင်ထက် လွန်ကြွ၍ ထူးမြတ်သောအကျိုးကို ရကြောင်း၊ ဤအရာတွင် ပုဗ္ဗ,မုဉ္စ, ပရ စေတနာ ၃-တန် ဖြစ်ဟန်ဖြစ်ကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

၁၂၃၆-ခု၊ ပြာသိုလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

http://www.dhammadownload.com

မန္တလေးမြို့မြောက်ပြင်၊ အင်းဝပန်းပဲတန်းနေ ဒကာမ မအို-က သီလာနုဿတိ, စာဂါနုဿတိတို့၌ ဂုဏ်, အင်္ဂါသရုပ်များကို သိသာခြားနား မှတ်သားပါရအောင် ဖြေဆိုတော်မူပါမည့် အကြောင်းနှင့် ထပ်မံလျှောက်ထားချက်

[၅၃] "ဘုရားတပည့်တော်မ အင်းဝပန်းပဲတန်းနေ ဒကာမ မိအို လျှောက်ပါသည် ဆရာတော်ဘုရား။

သီလာနုဿတိ, စာဂါနုဿတိဟူသော တရား ၂-ပါးတို့တွင် သီလာနုဿတိ၌ သီလဂုဏ် ၈-ပါး၊ စာဂါနုဿတိ၌ စာဂဂုဏ် ၆-ပါးကို ဆရာတော်ဘုရား ဟောကြား တော်မူချက် အမြွက်စကား ကြားသိရဖူးသော်လည်း တပည့်တော်မတို့ သန္တာန်ဝယ် ဉာဏ်နည်းသူဖြစ်ကြ၍ အနှစ်သာရ, သုဂတိရ, ဓမ္မဒေသနာကို အဇ္ဈာကောင်းကင် ဟင်းလင်းပြင်ဝယ် အကြင်အက္ခရာ ဂါထာဗန္ဓ ပုဒ်ပဒအပေါင်းသည် ရေးကြောင်း မထင် ကြည့်မမြင်သည့်နှယ် ဆင်ခြင်အောက်မေ့၍လည်း မရ၊ ဘီလူး,ယက္ခ, အာဋာဝက၏ 'ကိ သုခ'အက္ခရာ ဂါထာအဖြေ ကွယ်ပျောက်လေသကဲ့သို့ ၈-ထွေ သော သီလဂုဏ်၊ ၆-စုံသော စာဂါနုဿတိတို့ကို သတိမရ နေရာကျအောင် ယထာဂ္ဂမအစဉ်ဖြင့် မမြင်,မသိ မမှတ်မိပါသောကြောင့် သိသာခြားနား မှတ်သား ပါရအောင် ပြသဟောကြားတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက် ပဲ့ပါသည် ဆရာတော်ဘုရား"။

ဂုဏ်းဒကာမ မအို လျှောက်ထားချက်-

[၅၃](၁) သီလာနုဿတိ, စာဂါနုဿတိ-ဟူသောပုဒ်၌ သီလဂုဏ် ၈-ပါး၊ စာဂဂုဏ် ၆-ပါးတို့ကိုလျှောက်ထားသည်မှာ သီလဂုဏ် ၈-ပါးရှိသည်။ သီလဂုဏ် ၈-ပါးဟူသော်ကား-

- မကျိုးသော အခဏ္ဍဂုဏ်
- မပေါက်သော အစ္ဆိဒ္ဒဂုဏ်
- မကျားသော အကမ္မာသဂုဏ်
- မပြောက်သော အသဗလဂုဏ်
- ကိလေသာမှ တော်လှန်သော ဘုဇိဿဂုဏ်
- ဘုရား-စသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော ဝိညုပ္ပသဋ္ဌဂုဏ်
- တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအပ်သော အပရာမဋ္ဌဂုဏ်

http://www.dhammadownload.com

- ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးတို့ကို ဖြစ်စေတတ်သော သမာဓိသံဝတ္တနိကဂုဏ်၊ (ဤ ၈-ပါးတည်း။)

ထို့ကြောင့် မြတ်စွာဘုရားသည် မဟာဝဂ္ဂသံယုတ်ပါဠိတော်၌—

စတူဟိ ဘိက္ခဝေ အင်္ဂေဟိ *(ဓမ္မေဟိ)* သမန္နာဂတော ဟောတိ အရိယသာဝကော သတ္ထဲ ဒုဂ္ဂတိဘယံ သမတိက္ကန္တော ဟောတိ၊ ကတမေဟိ စတူဟိ? ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ၊ ဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ၊ သံဃေ အဝေစ္စပသာဒေန သမန္နာဂတော ဟောတိ။ အရိယကန္တေဟိ အခဏ္ဍေဟိ အစ္ဆိဒ္ဒေဟိ အကမ္မာသေဟိ အသဗလေဟိ ဘုဇိဿေဟိ ဝိညုပ္ပသတ္ထေဟိ အပရာမဋ္ဌေဟိ သမာဓိသံဝတ္တနိကေဟိ သီလေဟိ သမန္နာဂတော ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ အင်္ဂေဟိ *(ဓမ္မေဟိ)* သမန္နာဂတော အရိယသာဝကော သတ္ထဲ ဒုဂ္ဂတိဘယံ သမတိက္ကန္တော ဟောတိ–

(သံ၊၃။၃၁၇။ ထောက် ဝိသဒိသံ)ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ ၄-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ ဘုရားတပည့်သားသည်။ သတ္ထဲ၊ အလုံးစုံသော။ ဒုဂ္ဂတိဘယံ၊ အပါယ်ဘေးကို။ သမတိက္ကန္တော၊ လွန်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ ကတမေဟိ စတူဟိ အင်္ဂေဟိ၊ အဘယ် ၄-ပါးကုန်သော အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ ဒုဂ္ဂတိဘယံ၊ အပါယ်ဘေးကို။ သမတိက္ကန္တော၊ လွန်နိုင်သည်။ ဟောတိ၊ ဖြစ်သနည်း?

ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ အဝေစ္စပသာဒေန၊ မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မေ၊ တရားတော်၌။ အဝေစ္စပသာဒေန၊ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ သံဃေ၊ သံဃာတော်၌။ အဝေစ္စပသာဒေန၊ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ အရိယကန္တေဟိ၊ အရိယာသူတော်ကောင်းတို့ နှစ်သက်အပ်ကုန်သော။ အခဏ္ဍေဟိ၊ မကျိုးကုန်သော။ အစ္ဆိဒ္ဒေဟိ၊ မပေါက်ကုန်သော။ အကမ္မာသေဟိ၊ မကျားကုန်သော။ အသဗလေဟိ၊ မပြောက်ကုန်သော။ ဘုဇိဿေဟိ၊ ကိလေသာမှ တော်လှန်ကုန်သော။ ဝိညုပ္ပသတ္ထေဟိ၊ ဘုရား-စသော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော။ အပရာမဋ္ဌေဟိ၊ တဏှာ, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအပ်ကုန်သော။ သမာဓိသံဝတ္တနိကေဟိ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးတို့ကို ဖြစ်စေတတ်ကုန်သော။ သီလေဟိ၊ သီလတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ စတူဟိ အင်္ဂေဟိ၊ ဤ ၄-ပါးကုန်သော အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။

http://www.dhammadownload.com

သင့်၊ အလုံးစုံသော။ ဒုဂ္ဂတိဘယ်၊ အပါယ်ဘေးကို။ သမတိက္ကန္တော၊ လွန်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ထိုပါဠိတော်၌–

- အရဟံ-အစ, ဘဂဝါ-အဆုံးရှိသော မြတ်စွာဘုရားဂုဏ်တော်၌ မတုန်မလှုပ်သက်ဝင်ကြည်ညိုခြင်း အဝေစ္စပသာဒ ၁-ပါး,
- 'သွာက္ခာတတာ'-အစ, 'ပစ္စတ္တံ ဝေဒိတဗ္ဗော'-အဆုံးရှိသော ၆-ပါးသော တရားတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း အဝေစ္စပသာဒ ၁-ပါး,
- 'သုပ္ပဋိပန္နံ'-အစ,'ပုညက္ခေတ္တံ လောကဿ'-အဆုံးရှိသော သံဃာတော်ဂုဏ် ၉-ပါး၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း အဝေစ္စပသာဒ ၁-ပါး,
- 'အခဏ္ဍံ'-အစ, 'သမာဓိသံဝတ္တနိက'-အဆုံးရှိသော သီလနှင့် ပြည့်စုံခြင်း သီလသမ္ပန္န ၁-ပါး၊

ဤအဂ်ါ ၄-ပါးနှင့် ပြည့်စုံသောသူသည် အလုံးစုံသော ဒုဂ္ဂတိဘယကို လွန်နိုင်၏။ သောတာပတ္တိမဂ်ဉာဏ်ကို မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းဖြစ်၍ သောတာပတ္တိမဂ်လည်း မည်၏။ သောတာပတ္တိယင်္ဂ ၄-ပါးတို့တွင် ဂုဏ် ၈-ပါးရှိသော သီလနှင့် ပြည့်စုံသည်ကား အဂ်ါ ၁-ပါးပင်တည်း။ ထိုသီလဂုဏ် ၈-ပါးတို့တွင် မကျိုး,မပေါက်၊ မကျား,မပြောက်-ဟူရာ၌ ကျိုးသည်,ပေါက်သည်၊ ကျားသည်,ပြောက်သည်-ဟူသည်ကား–

အကြင်သူ၏ ၅-ပါး, ၈-ပါး, ၁၀-ပါး-အစရှိသော သီလတို့တွင် အမှတ်မရှိ၊ တခုခု၌ အစသိက္ခာပုဒ်, အဆုံးသိက္ခာပုဒ် ပျက်သည်ကား အစ, အဆုံး၌ ပြတ်သော ပုဆိုးကဲ့သို့ ကျိုးသည် မည်၏။

အကြင်သူ၏ ၅-ပါး, ၈-ပါး, ၁၀-ပါး အစရှိသော သီလတို့တွင် အမှတ်မရှိ တစ်ခုခု၌ အလယ်သိက္ခာပုဒ် ပျက်သည်ကား အလယ်၌ ပေါက်သော ပုဆိုးကဲ့သို့ ပေါက်သည် မည်၏။

အကြင်သူ၏ ၅-ပါး, ၈-ပါး, ၁၀-ပါး အစရှိသော သီလတို့တွင် အမှတ်မရှိ တစ်ခုခု၌ ၁-ခုခြား, ၂-ခုခြား ပျက်သည်ကား သဘောမတူသော အဆင်းဖြင့် ကျားသော နွားကဲ့သို့ ကျားသည် မည်၏။

အကြင်သူ၏ ၅-ပါး, ၈-ပါး, ၁၀-ပါး-အစရှိသော သီလတို့တွင် အမှတ်မရှိ ၁-ခု, ၂-ခု, ၃-ခု, ၄-ခု စသည်ဖြင့် ပျက်သည်ကား ဝမ်း၌လည်းကောင်း ကျောရိုးလည်းကောင်း သဘောမတူသော အမည်း, အနီ-စသည်ဖြင့် ပြောက်သောနွားကဲ့သို့ ပြောက်သည် မည်၏။

http://www.dhammadownload.com

ထို့ကြောင့် မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ၌-

> ယဿ ပန သိက္ခာပဒေသု အာဒိမ္ဟိ ဝါ အန္တေ ဝါ သိက္ခာပဒံ ဘိန္နံ ဟောတိ၊ တဿ သီလံ ပရိယန္တေ ဆိန္နသာဋကော ဝိယ **ခဏ္ဍံ** နာမ။ ယဿ ပန မဇ္ဈေ ဘိန္နံ၊ တဿ သီလံ မဇ္ဈေ ဆိဒ္ဒသာဋကော ဝိယ **ဆိဒ္ဒံ** နာမ။ ယဿ ပန အန္တရန္တရာ ဘိန္နံ၊ တဿ သီလံ အန္တရန္တရာ ဝိသဘာဂဝဏ္ဏပိန္ဒ စိတြဂါဝိ ဝိယ **ကမ္ဗာသံ** နာမ၊ ယဿ ပန ပဋိပါဋိယာ ဒွေ တီဏိ ဘိန္နာနိ၊ တဿ သီလံ ပိဋ္ဌိယံ ဝါ ကုစ္ဆိယံ ဝါ ဥဋ္ဌိတေန ဝိသဘာဂဝဏ္ဏေန ကာဠရတ္တာဒီနံ အညတရသရီရဝဏ္ဏဂါဝိ ဝိယ **သဗလံ** နာမ ဟောတိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (သံ၊ဋ္ဌ၊၃၊၃၀၇-၈။ ထောက် ဝိသဒိသံ။ ဝိ၊ဋ္ဌ၊၄၊ ၁၅၄။ ဒီ၊ဋ္ဌ၊၁၂၆။ မ၊ဋ္ဌ၊၂၊၂၉၇။ ဝိသုဒ္ဓိ၊၁၊၄၉၊၂၁၅)

ယဿ၊ အကြင်သူ၏။ သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့တွင်။ အာဒိမ္ဟိ ဝါ၊ အစ၌လည်းကောင်း။ အန္တေ ဝါ၊ အဆုံး၌လည်းကောင်း။ သိက္ခာပဒံ၊ သိက္ခာပုဒ်သည်။ ဘိန္နံ၊ ပျက်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ သီလံ၊ သီလသည်။ ပရိယန္တေ၊ အစွန်း၌။ ဆိန္နသာဋကော ဝိယ၊ ပြတ်သော ပုဆိုးကဲ့သို့။ ခဏ္ဍံ နာမ၊ ကျိုးသည် မည်၏။ ယဿ ပန၊ အကြင်သူ၏ကား။ သီလံ၊ သီလသည်။ မဇ္ဈေ၊ အလယ်၌။ ဘိန္နံ၊ ပျက်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ သီလံ၊ သီလသည်။ မဇ္ဈေ၊ အလယ်၌။ ဆိဒ္ဒသာဋကော ဝိယ၊ ပေါက်သော ပုဆိုးကဲ့သို့။ ဆိဒ္ဒံ နာမ၊ **ပေါက်**သည် မည်၏။ ယဿ ပန၊ အကြင်သူ၏ကား။ သီလံ၊ သီလသည်။ အန္တရန္တရာ၊ အကြားအကြား၌။ ဘိန္နံ၊ ပျက်၏။ တဿ၊ ထိုသူ၏။ သီလံ၊ သီလသည်။ အန္တရန္တရာ၊ အကြားအကြား၌။ ဝိသဘာဂဝဏ္ဏပိန္ဒစိတြဂါဝိ ဝိယ၊ သဘောမတူသော အဆင်းရှိသော အပေါက်တို့ဖြင့် ဆန်းကြယ်သော နွားကဲ့သို့။ ကမ္ဗာသံ နာမ၊ ကျားသည် မည်၏။ ယဿ ပန၊ အကြင်သူ၏ကား။ သီလံ၊ သီလသည်။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ ဒွေ တီဏိ၊ ၂-ခု, ၃-ခုသော သီလတို့သည်။ ဘိန္နံ၊ ပျက်၏။ တဿ၊ ထိုသူ၏။ သီလံ၊ သီလသည်။ ပိဋ္ဌိယံ ဝါ၊ ကျောက်ကုန်း၌လည်းကောင်း။ ကုစ္ဆိယံ ဝါ၊ ဝမ်း၌လည်းကောင်း။ ဥဋ္ဌိတေန၊ ထသော။ ဝိသဘာဂဝဏ္ဏေန၊ သဘောမတူသော အဆင်းဖြင့်။ ကာဠရတ္တာဒီနံ၊ အမည်း,အဖြူ-စသည်တို့တွင်။ အညတရသရီရဝဏ္ဏဂါဝိ ဝိယ၊ အမှတ်မရှိသော ကိုယ်အဆင်းရှိသော နွားကဲ့သို့။ သဗလံ နာမ၊ **ပြောက်**သည် မည်သည်။ ဟောတိ၊ ဖြစ်၏။

အခဏ္ဍ-အစရှိသော သီလ၏ ၈-ပါးသော ဂုဏ်တို့တွင် လောကီသီလ၌ အခဏ္ဍ, အစ္ဆိဒ္ဒ, အကမ္ဗာသ, အသဗလ ဂုဏ် ၄-ပါးကိုသာ ရ၏။ ကြွင်းသော ဂုဏ် ၄-ပါးကို မရ။ လောကုတ္တရာသီလ၌ကား ၈-ပါးသော ဂုဏ်ကို ရ၏။

http://www.dhammadownload.com

- လောကီ, လောကုတ္တရာ ၂-ပါးတို့တွင် အလုံးစုံသော အာသဝေါတရားနှင့် မကင်းသော သီလသည် **လောကီသီလ** မည်၏။

- အာသဝေါတရား ၄-ပါးနှင့် ကင်းသော သီလသည် **လောကုတ္တရာသီလ** မည်၏။

ထို ၂-ပါးတို့တွင် လောကီသီလသည် ဘဝထူးကို ဆောင်တတ်၏။ ဘဝမှ ထွက်မြောက်ခြင်း၏ အဆောက်အဦလည်း ဖြစ်၏။ လောကုတ္တရာသီလသည် ဘဝမှ ထွက်မြောက်ခြင်းကို ဆောင်တတ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁။၁၃)၌–

> **သဗ္ဗမ္ပိ သာသဝံ သီလံ လောကိယံ။ အနာသဝံ လောကုတ္တရံ။ တတ္ထ လောကိယံ ဘဝဝိသေသာဝဟံ ဟောတိ၊ ဘဝနိဿရဏာယ စ သမ္ပာရော ဟောတိ။ လောကုတ္တရံ ဘဝနိဿရဏာ'ဝဟံ ဟောတိ–**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ သာသဝံ၊ အာသဝေါတရား ၄-ပါးနှင့် တကွဖြစ်သော။ သီလံ၊ သီလသည်။ လောကိယံ၊ လောကီသီလ မည်၏။ အနာသဝံ၊ အာသဝေါတရား ၄-ပါးနှင့် ကင်းသော။ သီလံ၊ သီလသည်။ လောကုတ္တရံ၊ လောကုတ္တရာသီလ မည်၏။ တတ္ထ၊ ထို ၂-ပါးတို့တွင်။ လောကိယံ၊ လောကီသီလသည်။ ဘဝဝိသေသာဝဟံ၊ ဘဝအထူးကို ဆောင်တတ်သည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိဿရဏာယ စ၊ ဘဝမှ ထွက်မြောက်ခြင်း၏ လည်း။ သမ္ပာရော၊ အဆောက်အဦသည်။ ဟောတိ၊ ဖြစ်၏။ လောကုတ္တရံ၊ လောကုတ္တရာသီလသည်။ ဘဝနိဿရဏာဝဟံ၊ ဘဝမှ ထွက်မြောက်ခြင်းကို ဆောင်တတ်သည်။ ဟောတိ၊ ဖြစ်၏။

- လာဘ်, အခြွေအရံ, အကျော်အစော, လူ,နတ်ချမ်းသာကို လိုချင်တောင့်တ၍ ဆောက်တည်သော သီလသည် **လောကီသီလ** မည်၏။

- မဂ်, ဖိုလ်, နိဗ္ဗာန်ကို တောင့်တ၍ ဆောက်တည်သော သီလသည် **လောကုတ္တရာသီလ** မည်၏-ဟူလို။

> **အခဏ္ဍ'မဆိဒ္ဒ'မသ-ဗလံ ကမ္မာသံ ဘူဇိသံ။**
> **ဝိညုပ္ပသဋ္ဌ'မပရာ-မဋ္ဌံ သမာဓိသံဝတ္တနံ။**
> **လောကုတ္တရာသီလဿ'ဋ္ဌိ-တရသ စတုအာဒိကာ။** *(ဤကား အကျဉ်းမှတ်ရန် ဂါထာ)*

အခဏ္ဍံ၊ မကျိုးသောဂုဏ်။ အဆိဒ္ဒံ၊ မပေါက်သောဂုဏ်။ အသဗလံ၊ မပြောက်သောဂုဏ်။ အကမ္မာသံ၊ မကျားသောဂုဏ်။ ဘူဇိသံ=ဘုဇိဿံ၊ ကိလေသာမှ တော်လှန်သောဂုဏ်။

http://www.dhammadownload.com

ဝိညုပ္ပသဒ္ဓံ၊ ဘုရား-စသော သူတော်ကောင်းတို့ ခီးမွမ်းအပ်သောဂုဏ်။ အပရာမဋ္ဌံ၊ တဏှာ, ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအပ်သောဂုဏ်။ သမာဓိသံဝတ္တနံ- သမာဓိသံဝတ္တနိကံ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးကို ဖြစ်စေတတ်သော ဂုဏ်။ လောကုတ္တရာသီလဿ၊ လောကုတ္တရာသီလ၏။ အဌ၊ ၈-ပါးသော ဂုဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတရဿ၊ လောကီသီလအား။ အာဒိစတုကာ၊ အစ ၄-ပါးသော ဂုဏ်ကိုသာ ရ၏။

ဤတွင်ဓွေ. ဤသီလဂုဏ် ၈-ပါးကို ပြသော စကားတစ်ရပ် အပြီးသတ်တည်း။

(၂) **စာဂဂုဏ် ၆-ပါးဟူသော်ကား-**

- **အလှူခံပုဂ္ဂိုလ်တို့၌ ကင်းသော မစ္ဆေရ-ရှိသော ဝိဂတမလမစ္ဆေရဂုဏ်,**
- **တွန့်တိုခြင်း မရှိ၊ လွတ်လွတ်စွန့်ကြသော မုတ္တစာဂဂုဏ်,**
- **ဖြန့်သော လက်ရှိသော ပယတပါဏိဂုဏ်,**
- **အလှူခံပုဂ္ဂိုလ်တို့နှင့် အခါခပ်သိမ်းယှဉ်သော ယာစယောဂဂုဏ်,**
- **အလှူဝတ္ထုကို ဝေဖန်ခြင်း၌ မွေလျော်သော ဒါနသံဝိဘာဂရတဂုဏ်,**
- **ပေးလှူစွန့်ကြခြင်း၌ မွေလျော်သော ဝေါဿဂ္ဂရတဂုဏ်၊** *(ဤ ၆-ပါးတည်း။)*

ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်၊ မဟာလိသုတ်(နှာ-၂၃၂)၊ တိကနိပါတ်၊ အင်္ဂုတ္တိုရ ပါဠိတော်(နှာ-၁၃၂)၌-

> **ဝိဂတမလမစ္ဆေရေန စေတသာ အဂါရံ အဇ္ဈာဝသေယျံ၊ မုတ္တစာဂေါ ပယတ-ပါဏိ ယာစယောဂေါ ဒါနသံဝိဘာဂရတော ဝေါဿဂ္ဂရတော။**

ဟု ဟောတော်မူသည်။

ဝိဂတမလမစ္ဆေရေန၊ ကင်းသော မစ္ဆေရရှိသော။ စေတသာ၊ စိတ်ဖြင့်။ အဂါရံ၊ အိမ်၌။ အဇ္ဈာဝသေယျံ၊ နေပါအံ့။ မုတ္တစာဂေါ၊ လွတ်လွတ် စွန့်ကြသည်ဖြစ်၍။ ပယတ-ပါဏိ၊ ဖြန့်သော လက်ရှိသည်ဖြစ်၍။ ယာစယောဂေါ၊ အလှူခံပုဂ္ဂိုလ်တို့နှင့် ယှဉ်သည်ဖြစ်၍။ ဒါနသံဝိဘာဂရတော၊ အလှူဝတ္ထုကို ဝေဖန်ခြင်း၌ မွေလျော်သည်ဖြစ်၍။ ဝေါဿဂ္ဂ-ရတော၊ ပေးလှူစွန့်ကြခြင်းတို့၌ အလွန်မွေလျော်သည်ဖြစ်၍။ အဂါရံ၊ အိမ်၌။ အဇ္ဈာဝသေ-ယျံ၊ နေပါအံ့။

ထို ၆-ပါးသော ဂုဏ်တို့တွင်-

http://www.dhammadownload.com

- ဝန်တိုခြင်း မစ္ဆေရကင်းသော ဝိဂတမလမစ္ဆေရဂုဏ်နှင့် ပြည့်စုံလျှင် တွန့်တိုခြင်း မရှိ၊ လွတ်လွတ် စွန့်ကြဲလိုသော မုတ္တစာဂဂုဏ်နှင့် ပြည့်စုံ၏။
- တွန့်တိုခြင်း မရှိ၊ လွတ်လွတ်စွန့်ကြဲလိုသော မုတ္တစာဂဂုဏ်နှင့် ပြည့်စုံလျှင် ဖြန့်သော လက်ရှိသော ပယတပါဏိဂုဏ်နှင့် ပြည့်စုံ၏။
- ဖြန့်သောလက်ရှိသော ပယတပါဏိဂုဏ်နှင့် ပြည့်စုံလျှင် အလျှူခံပုဂ္ဂိုလ်တို့နှင့် ယှဉ်သော ယာစယောဂဂုဏ်နှင့် ပြည့်စုံ၏။
- အလျှူခံပုဂ္ဂိုလ်နှင့် ယှဉ်သော ယာစယောဂဂုဏ်နှင့် ပြည့်စုံလျှင် အလျှူဝတ္ထုကို ဝေဖန်ခြင်း၌ မွေလျော်သော ဒါနသံဝိဘာဂရတဂုဏ်နှင့် ပြည့်စုံ၏။
- အလျှူဝတ္ထုကို ဝေဖန်သော သံဝိဘာဂရတဂုဏ်နှင့် ပြည့်စုံလျှင် ပေးလှူစွန့်ကြဲခြင်း၌ မွေလျော်သော ဝေါဿဂ္ဂရတဂုဏ်နှင့် ပြည့်စုံ၏။

ထို့ကြောင့် ကင်းသော မစ္ဆေရ-ရှိသော ဝိဂတမလမစ္ဆေရဂုဏ်သည် ရှေးဦးစွာ ရအပ်သော အာဒိလဒ္ဓဂုဏ် မည်၏။ အလျှူဝတ္ထု ပြည့်စုံပေါများပါလျက် အလျှူခံ ဖုန်းတောင်းယာစကာတို့အား အနည်းငယ်မျှ မလှူ၊ မပေးမကမ်းသောသူတို့သည် ပတ္တမြားပွတ်သစ်ကဲ့သို့ မည်းညစ်မတင်၊ စင်ကြယ်သန့်ရှင်း၊ ကောင်းသောအဆင်းရှိသော လက်နှင့် ပြည့်စုံပါသော်လည်း လက်ကို မဖြန့်ဘဲ သေသေချာချာ မြဲစွာဆုပ်၍ ထားသည်နှင့် တူ၏။ အလျှူခံ ဖုန်းတောင်းယာစကာတို့အား နည်း,များ ယုတ်,မြတ်ကို မပြတ် ပေးလှူမှုသာ လက်ကို ဖြန့်ထားသည်နှင့် တူသောကြောင့် ပယတပါဏိပုဂ္ဂိုလ် မည်၏-ဟူလို။

ဝိဂတမလမစ္ဆေရံ၊ စာဂေါ ပယတပါဏိ စ။
ယာစယောဂေါ သံဝိဘာဂ-ရတော ဝေါဿဂ္ဂရတေန။
ဆဒ္ဓိမာ စာဂဂုဏာနိ၊ ပဏ္ဍိတေဟိ ဝိဇာနိယာ။ ။

(ဤကား အကျဉ်းမှတ်ရုန် ဂါထာ)

ဝိဂတမလမစ္ဆေရံ၊ ကင်းသော ဝန်တိုခြင်း မစ္ဆေရ-ရှိသော ဝိဂတမလမစ္ဆေရဂုဏ်လည်းကောင်း။ စာဂေါ၊ လွတ်လွတ်စွန့်ကြဲခြင်း မုတ္တစာဂဂုဏ်လည်းကောင်း။ ပယတပါဏိ၊ ဖြန့်သောလက်ရှိသော ပယတပါဏိဂုဏ်လည်းကောင်း။ ယာစယောဂေါ၊ အလျှူခံတို့နှင့် ယှဉ်သော ယာစယောဂဂုဏ်လည်းကောင်း။ သံဝိဘာဂရတော၊ အလျှူဝတ္ထုကို ဝေဖန်ခြင်း၌ မွေလျော်သော ဒါနသံဝိဘာဂရတဂုဏ်လည်းကောင်း။ ဝေါဿဂ္ဂရတေန၊ ပေးလှူစွန့်ကြဲခြင်း၌ မွေလျော်သော ဝေါဿဂ္ဂရတဂုဏ်နှင့်။ သဟ၊ တကွ။ ဆဒ္ဓိမာ၊ ၆-ပါး အပြားရှိကုန်သော။ စာဂဂုဏာနိ၊ စာဂဂုဏ်တို့ကို။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဝိဇာနိယာ၊ သိအပ်ကုန်၏။

http://www.dhammadownload.com

၁၂၃၇-ခု၊ နယုန်လဆုတ်၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

ကျောက်ဆောက်မြို့နေ ရဟန်းတော်ဦးပညာ-က ပညာဓိက-စသော ဘုရားလောင်း ၃-ပါး၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက-စသော အရှင်တို့ ပါရမီဖြည့်ကျင့်ကြ ရဟန်းများကို အသေအချာ သိမှတ်ပါရအောင် ဖြေဆိုအမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၅၄] "ဘုရားတပည့်တော် ကျောက်ဆောက်မြို့နေ ရှင်ပညာ လျှောက်ပါသည် ဆရာတော်ဘုရား။

ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက၊ ဘုရားလောင်း ၃-ပါးတို့ ပါရမီဖြည့်ဟန် ပစ္စေကဗုဒ္ဓါတို့ ပါရမီဖြည့်ဟန်၊ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက၊ ၃-ပါးတို့ ပါရမီဖြည့်ဟန်ကို ကွဲပြား၍ သိမှတ်ပါရအောင် ပါဠိ, အဋ္ဌကထာ, ဋီကာ, ကျမ်းဂန်တို့နှင့်အညီ ဖြေဆိုအမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ကျောက်ဆောက်မြို့နေ ရဟန်းတော်ရှင်ပညာ လျှောက်ချက်–

[၅၄] ဘုရားလောင်း ၃-ပါး၊ ၃-ပါးသော ပစ္စေကဗုဒ္ဓါ၊ ၃-ဖြာသော သာဝကပါရမီ ဉာဏ်တို့ကို ရလိုကုန်သောသူတို့၏ ပါရမီဖြည့်ဟန်ကို မေးလျှောက်သည်မှာ–

ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက၊ ဘုရားလောင်း ၃-ပါးတို့၏ အမည်သည် ဥဿဋ္ဌိတည်း, ဝိပဿီတည်း, နေယျ-ဟူ၍ ၃-ပါးရှိသည်။ တို ၃-ပါးတို့တွင် ဥဿဋ္ဌိတည်းပုဂ္ဂိုလ်တို့သည် ဘုရားကို ဖူးတွေ့ရ၍ တရားတော် နာရလျှင် ၄-ပါဒ အဆုံးရှိသော ၁-ဂါထာကို ဟောရာ တတိယပါဒ၏ အပြီးအဆုံးသို့ မရောက်မီ အဘိညာဏ် ၆-ပါး, ၄-ပါးသော ပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံစွာ အရဟတ္တဖိုလ်သို့ ရောက်နိုင်သော ပါရမီသမ္ဘာရဥပနိဿယနှင့် ပြည့်စုံ၏။ ထိုသူသည် သဒ္ဓါဓိကဘုရားလောင်း မည်၏။

http://www.dhammadownload.com

ထိုကြောင့် သုတ္တန်ပါတ်၊ ခဂ္ဂဝိသာဏသုတ်အဋ္ဌကထာ၌-

တယော'ပေတေ ကာလပရိစ္ဆေဒယုတ္တာ ဗောဓိသတ္တာ အဘိနီဟာရက္ခဏော ဘဝန္တိ ဥဿဒိုတည္။ ဝိပဋ္ဌိတည္။ နေယျော'တိ။ တေသု ဥဿဒိုတည္။ ဗုဒ္ဓဿ သမ္မုခါ ဝါ စတုပ္ပဒံ ဂါထံ သုဏန္တော ဂါထာယ တတိယပါဒေ အပရိယောသိတေ ယေဝ ဆဟိ အဘိညာဟိ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ အဓိဂန္တုံ သမတ္ထာ-ပနိဿယော ဟောတိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကာလပရိစ္ဆေဒယုတ္တာ၊ ကာလအပိုင်းအခြားနှင့် ယှဉ်ကုန်သော။ တယောပိ၊ ၃-ပါး အပြားရှိသည်လည်း ဖြစ်ကုန်သော။ ဧတေ ဗောဓိသတ္တာ၊ ထိုဘုရားအလောင်းတော်တို့ သည်။ အဘိနီဟာရက္ခဏော၊ ဆုတောင်းသော ခဏ၌။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဥဿဒိုတည္။ ဥဿဒိုတည္။ပုဂ္ဂိုလ်လည်းကောင်း။ ဝိပဋ္ဌိတည္။ ဝိပဋ္ဌိတည္။ပုဂ္ဂိုလ်လည်းကောင်း။ နေယျော၊ နေယျပုဂ္ဂိုလ်လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ ၃-ပါးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထို ၃-ပါးကုန်သော ဘုရားလောင်းတို့တွင်။ ဥဿဒိုတည္။ ဥဿဒိုတည္။ပုဂ္ဂိုလ်သည်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သမ္မုခါဝ၊ မျက်မှောက်၌ပင်လျှင်။ စတုပ္ပဒံ၊ ၄-ပါဒရှိသော။ ဂါထံ၊ ဂါထာကို။ သုဏန္တော၊ နာစဉ်။ ဂါထာယ၊ ဂါထာ၏။ တတိယပါဒေ၊ တတိယပါဒသည်။ အပရိယောသိတေယေဝ၊ မပြီးမီလျှင်ပင်။ ဆဟိ အဘိညာဟိ၊ ၆-ပါးကုန်သော အဘိညာဏ်တို့နှင့်။ ပဋိသမ္ဘိဒါဟိ၊ ၄-ပါးကုန်သော ပဋိသမ္ဘိဒါတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရ-ဟတ္တဖိုလ်သို့။ အဓိဂန္တုံ၊ ရောက်ခြင်းငှာ။ သမတ္ထ'ပနိဿယော၊ စွမ်းနိုင်သော ဥပနိဿယ ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဝိပဋ္ဌိတည္။ပုဂ္ဂိုလ်သည် ဘုရားကို ဖူးတွေ့ရ၍ တရားကို နာရလျှင် ၄-ပါဒရှိသော ဂါထာ၏ အပြီးအဆုံးသို့ မရောက်မီ အဘိညာဏ် ၆-ပါး၊ ၄-ပါးကုန်သော ပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံစွာ အရဟတ္တဖိုလ်သို့ ရောက်နိုင်သော ပါရမီသမ္ဘာရ ဥပနိဿယနှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည် **သဒ္ဓါဓိကဘုရားလောင်း** မည်၏။

နေယျပုဂ္ဂိုလ်သည် ဘုရားကို ဖူးရ၍ တရားကို နာရလျှင် ၄-ပါဒအဆုံးရှိသော ဂါထာကို ဟောပြီး၍ ထိုဂါထာ၏အနက်ကို ဝေဖန်၍ မဆုံးမီ အဘိညာဏ် ၆-ပါး၊ ၄-ပါး သော ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်နိုင်သော ပါရမီသမ္ဘာရ ဥပနိဿယနှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်သည် **ဝီရိယာဓိကဘုရားလောင်း** မည်၏။

ထိုကြောင့် သုတ္တန်ပါတ်၊ ခဂ္ဂဝိသာဏသုတ်အဋ္ဌကထာ၌-

http://www.dhammadownload.com

သစေ သာဝကဗောဓိယံ အဓိမုတ္တော သိယာ။ ဒုတိယော ဘဂဝတော သမ္မုခါ စတုပ္ပဒံ ဂါထံ သုဏန္တော အပရိယောသိတေ ဧဝ ဂါထာယ စတုပ္ပဒေ ဆဟိ အဘိညာဟိ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ အဓိဂန္တ္ဝါ သမတ္ထုပနိဿယော၊ ယဒိ သာဝကဗောဓိယံ အဓိမုတ္တော သိယာ။ ဣတရော ပန သတ္ထာရာ စတုပ္ပဒံ ဂါထံ ဝတ္တာ တဿာ အတ္ထံ ဝိဘာဝေတွာ အပရိယောသိတေ ဆဟိ အဘိညာဟိ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပတ္ဝါ သမတ္ထု'ပနိဿယော ဟောတိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သာဝကဗောဓိယ်၊ သာဝကဗောဓိ၌။ အဓိမုတ္တော၊ စိတ်ကို ဆောက်တည်သည်။ သစေ သိယာ၊ အကယ်၍ ဖြစ်အံ့။ ဒုတိယော၊ ဝိပဉ္စီတည်ဘုရားပုဂ္ဂိုလ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်။ စတုပ္ပဒံ၊ ၄-ပါဒရှိသော။ ဂါထံ၊ ဂါထာကို။ သုဏန္တော၊ နာစဉ်။ ဂါထာယ၊ ဂါထာ၏။ စတုပ္ပဒေ၊ ၄-ပါဒသည်။ အပရိယောသိတေဧဝ၊ မဆုံးမီလျှင်။ ဆဟိ၊ ၆-ပါးကုန်သော။ အဘိညာဟိ၊ အဘိညာဏ်တို့နှင့်။ ပဋိသမ္ဘိဒါဟိ၊ ၄-ပါးကုန်သော။ ပဋိသမ္ဘိဒါတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အဓိဂန္တ္ဝါ၊ ရောက်ခြင်းငှာ။ သမတ္ထုပနိဿယော၊ စွမ်းနိုင်သော ဥပနိဿယရှိသည်။ ဟောတိ၊ ၏။ သာဝကဗောဓိယ်၊ သာဝကဗောဓိ၌။ အဓိမုတ္တော၊ စိတ်ကို ဆောက်တည်သည်။ ယဒိ သိယာ၊ အကယ်၍ ဖြစ်အံ့။ ဣတရော ပန၊ နေယျပုဂ္ဂိုလ်သည်ကား။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ စတုပ္ပဒံ ဂါထံ၊ ၄-ပါဒရှိသော ဂါထာကို။ ဝတ္တာ၊ ဟောပြီး၍။ တဿာ ဂါထာယ၊ ထိုဂါထာ၏။ အတ္ထံ၊ အနက်ကို။ ဝိဘာဝေတွာ၊ ဝေဖန်၍။ အပရိယောသိတေဧဝ၊ မပြီးမီလျှင်။ ဆဟိ အဘိ-ညာဟိ၊ တို့နှင့်။ ပဋိသမ္ဘိဒါဟိ၊ တို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္ဝါ၊ ရောက်ခြင်းငှာ။ သမတ္ထုပနိဿယော၊ စွမ်းနိုင်သော ဥပနိဿယရှိသည်။ ဟောတိ၊ ဖြစ်၏။

ထို ၃-ပါးကုန်သော ဘုရားလောင်းတို့တွင်-

- ပညာဓိကဘုရားလောင်းတို့အား ၄-သင်္ချေနှင့် ကမ္ပာ ၁-သိန်း ပါရမီကို ဖြည့်ရ၏။
- သဒ္ဓါဓိကဘုရားလောင်းတို့အား ၈-သင်္ချေနှင့် ကမ္ပာ ၁-သိန်း ပါရမီကို ဖြည့်ရ၏။
- ဝီရိယာဓိကဘုရားလောင်းတို့အား ၁၆-သင်္ချေနှင့် ကမ္ပာ ၁-သိန်း ပါရမီကို ဖြည့်ရ၏။

ဤသို့ ဘေဒအားဖြင့် ၃-ပါး ပြားကုန်၏။

ထို့ကြောင့် အပဒါန်ကျမ်း, သုတ္တနိပါတ်ကျမ်း ခဂ္ဂဝိသာဏသုတ်အဖွင့် အဋ္ဌကထာ၌ "ဘုရားလောင်းတို့၏ အမည်သည် အဘယ်သို့ ပြားသနည်း။ အဘယ်မျှလောက် ကာလ ပါရမီကို ဖြည့်ရသနည်း"ဟု အရှင်အာနန္ဒာ မေးလျှောက်သည်ကို အကြောင်းပြု၍-

http://www.dhammadownload.com

ဗုဒ္ဓါနံ အာနန္ဒ ဟေဋ္ဌိမပရိစ္ဆေဒေန စတ္တာရိ အသင်္ခ်ေယျာနိ ကပ္ပသတသဟဿာနိ၊ မ၌မပရိစ္ဆေဒေန အဋ္ဌ သင်္ခ်ေယျာနိ ကပ္ပသတသဟဿာနိ၊ ဥပရိမပရိစ္ဆေဒေန သောဠသ အသင်္ခ်ေယျာနိ ကပ္ပသတသဟဿာနိ ဧတေ စ ဘေဒါ ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိကဝသေန ဉာတဗ္ဗာ–

ဟု ဘုရား ဟောတော်မူကြောင်း လာသည်။ (အပ၊၌၊၁၊၁၅၅။ သုတ္တနိ၊၌၊၁၊၄၃)

အာနန္ဒ၊ အာနန္ဒာ။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဟေဋ္ဌိမပရိစ္ဆေဒေန၊ အောက်ဖြစ်သော အပိုင်းအခြားဖြင့်။ စတ္တာရိ အသင်္ခ်ေယျာနိ၊ ၄-အသင်္ခ်ေတို့လည်းကောင်း။ ကပ္ပသတသဟဿာနိ၊ ကမ္ဘာ ၁-သိန်းလည်းကောင်း။ မ၌မပရိစ္ဆေဒေန၊ အလတ်ဖြစ်သော အပိုင်းအခြားဖြင့်။ အဋ္ဌ သင်္ခ်ေယျာနိ၊ ၈-အသင်္ခ်ေတို့လည်းကောင်း။ ကပ္ပသတသဟဿာနိ၊ ကမ္ဘာ ၁-သိန်းလည်းကောင်း။ ဥပရိမပရိစ္ဆေဒေန၊ အထက်ဖြစ်သော အပိုင်းအခြားဖြင့်။ သောဠသ အသင်္ခ်ေယျာနိ၊ ၁၆-အသင်္ခ်ေတို့လည်းကောင်း။ ကပ္ပသတသဟဿာနိ၊ ကမ္ဘာ ၁-သိန်းလည်းကောင်း။ ဧတေ စ ဘေဒါ၊ ထိုသို့သော ပြားခြင်းတို့ကို။ ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိကဝသေန၊ ပညာဓိကဘုရားလောင်း, သဒ္ဓါဓိကဘုရားလောင်း, ဝီရိယာဓိကဘုရားလောင်းတို့၏ အစွမ်းဖြင့်။ ဉာတဗ္ဗာ၊ သိအပ်ကုန်၏။

ထို ၃-ပါးကုန်သော ဘုရားလောင်းတို့တွင်–

- ပညာဓိကဘုရားလောင်းတို့အား ပညာ ထက်၏၊ သဒ္ဓါ နုံ၏၊ ဝီရိယ အလတ်ရှိ၏။
- သဒ္ဓါဓိကဘုရားလောင်းတို့အား သဒ္ဓါ ထက်၏၊ ဝီရိယ နုံ၏၊ ပညာ အလတ်ရှိ၏။
- ဝီရိယာဓိကဘုရားလောင်းတို့အား ဝီရိယ ထက်၏၊ ပညာ နုံ၏၊ သဒ္ဓါ အလတ်ရှိ၏။

ထို့ကြောင့် ၎င်းခဂ္ဂဝိသာဏသုတ်အဋ္ဌကထာ(သုတ္တနိ၊၌၊၁၊၄၃။ အပ၊၌၊၁၊၁၅၅)၌–

ပညာဓိကာနံ ဟိ သဒ္ဓါ မန္ဒာ ဟောတိ၊ ပညာ တိက္ခာ။
သဒ္ဓါဓိကာနံ ပညာ မ၌မာ ဟောတိ၊ သဒ္ဓါ တိက္ခာ (ဗလဝါ)။
ဝီရိယာဓိကာနံ သဒ္ဓါပညာ မန္ဒာ ဟောတိ ဝီရိယံ တိက္ခံ (ဝီရိယံ ဗလဝံ)။ ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူပြန်သတည်း။

ဟိ၊ သင့်စွ။ ပညာဓိကာနံ၊ ပညာဓိကဘုရားလောင်းတို့အား။ သဒ္ဓါ၊ သဒ္ဓါသည်။ မန္ဒာ၊ နုံသည်။ ဟောတိ၊ ၏။ ပညာ၊ ပညာသည်။ တိက္ခာ၊ ထက်၏။ သဒ္ဓါဓိကာနံ၊ သဒ္ဓါဓိကဘုရားလောင်းတို့အား။ ပညာ၊ ပညာသည်။ မ၌မာ၊ အလတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဓါ၊ သဒ္ဓါသည်။ တိက္ခာ၊ ထက်၏။ ဝီရိယာဓိကာနံ၊ ဝီရိယာဓိကဘုရားလောင်းတို့အား။

http://www.dhammadownload.com

သဒ္ဓါပညာ၊ သဒ္ဓါ, ပညာသည်။ မန္ဒာ၊ နံ့သည်။ ဟောတိ၊ ဖြစ်၏။ ဝိရိယံ၊ ဝိရိယသည်။ တိက္ခံ၊ ထက်၏။

အဋ္ဌကထာပါဠိတ်ကား ပညာကို ပဌာနပြု၍ ပြသည်။ ဘုရားလောင်း ၃-မျိုးတို့၌ပင် ပညာကို အမြတ်, အလတ်, အယုတ်၏အစဉ်ဖြင့် မှတ်မူ အကြွင်းကို သိရာ၏။ အဋ္ဌကထာပါဠိ၏အရဏ် မန္ဒ,တိက္ခတို့ကို ပြလျှင် အကြွင်းကို မဇ္ဈိမ-ဟု သိရာ၏။ မဇ္ဈိမ, တိက္ခတို့ကို ပြသဖြင့်လည်း အကြွင်းကို မန္ဒ-ဟု သိရာ၏။

ပညာ,သဒ္ဓါ၊ ဝိရိယာ၊ ဆုံးရာက အစ။
၉-ကွက်မှန်စွာ၊ စဉ်သင့်သာ၊ ချပါလေကုန်ကြ။
အယုတ်,အလတ်၊ အမြတ် ၃-ပါး၊ သို့ထွေပြား၊ ၃-ပါး သမ္ဗုဒ္ဓ။

(ဤကား အကျဉ်းမှတ်ရန်။)

ထိုဘုရား ၃-ပါးတို့သည် ဘုရားဆုကို တောင်းပြီး၍ ဗျာဒိတ်ရပြီးသော် နေ့တိုင်း, နေ့တိုင်း ဝေန္တသရာမင်းကြီး, သိဝိရာဇ်မင်းကြီးတို့ လျှောသော ဒါနတို့ကဲ့သို့သော ဒါနတို့နှင့် တူသောပါရမီကို ဖြည့်ကြားသော်လည်း မိမိတို့ ကာလသို့ မရောက်ဘဲ ဘုရားအဖြစ်သို့ ရောက်သည် မည်သည် မရှိ။

ဥပမာကား ၃-လ, ၄-လ, ၅-လတိုင်မှ မှည့်လတ္တံ့သော ကောက်,စပါးတို့ကို လျင်စွာ ပွင့်စေ, သီးစေ, ရင့်စေခြင်းငှာ နေ့တိုင်း,နေ့တိုင်း လုံ့လပြု၍ ရေသွန်းကြားသော်လည်း မိမိတို့ မှည့်မြဲ အချိန်ကာလသို့ မရောက်သမျှ မမှည့်သကဲ့သို့ မှတ်ရာ၏။

ထို့ကြောင့် အဋ္ဌကထာ(သုတ္တနိ၊၄၊၁။၄၃)၌–

အပွတွာ စတ္ထာရိ အသင်္ခေယျာနိ ကပ္ပသတသဟဿဉ္စ ဒီဝသေ ဒီဝသေ ဝေဿန္တရဒါနသဒိသံ ဒါနံ ဒေန္တောပိ တာဒနုရူပေ သီလာဒိပါရမိဝမွေ အာစိနန္တော-ပိ အန္တရာ ဗုဒ္ဓေါ ဘဝိဿတီ'တိ နေတံ ဌာနံ ဝိဇ္ဇတိ။ ကသ္မာ ဉာဏံ ဂဗ္ဘံ ဂဏှာတိ ဝေပုလ္လံ နာ'ပဇ္ဇတိ၊ ပရိပါကံ နာ ဂစ္ဆတိ။ ယထာ နာမ တိမာသစတု-မာသပဉ္စမာသစ္ဆယေန နိပ္ဖဇ္ဇနကံ သသ်ံ တံ တံ ကာလံ အပွတွာ ဒီဝသေ ဒီဝသေ သဟဿက္ခတ္တုံ ကေဒါယန္တောပိ ဥဒကေန အာသိဉ္စန္တောပိ အန္တရာ ပက္ကေန ဝါ မာသေန ဝါ နိပ္ဖါဒေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။ ဧဝမေဝံ အပွတွာ စတ္ထာရိ အသင်္ခေယျာနိ ။လ။ အန္တရာ ဗုဒ္ဓေါ ဘဝိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ-

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

စတ္တာရိ အသင်္ခေယျာနိ၊ ၄-အသင်္ခေတို့သို့လည်းကောင်း။ ကပ္ပသတသဟဿဉ္စ၊ ကမ္ပာ ၁-သိန်းသို့လည်းကောင်း။ အပ္ပတွာ၊ မရောက်မူ၍။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း, နေ့တိုင်း။ ဝေဿန္တရဒါနသဒိသံ၊ ဝေဿန္တရာမင်းကြီးလှူသော ဒါနနှင့်တူသော။ ဒါနံ၊ အလှူကို။ ဒေန္တောပိ၊ လှူသော်လည်းကောင်း။ တဒုရူပေ၊ ထိုနှင့် လျော်ကုန်သော။ သီလာဒိပါရမီ-ဓမ္မေ၊ သီလ-အစရှိသော ပါရမီတရားတို့ကို။ အာစိနန္တောပိ၊ ဆည်းပူးသော်လည်းကောင်း။ အန္တရာ၊ အကြား၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတေ ဌာနံ၊ ဤအကြောင်းသည်။ နာ ဝိဇ္ဇတိ၊ မရှိ။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဉာဏံ ဂဇ္ဈ၊ ဉာဏ်-တည်းဟူသော တိုက်ကို။ နာ ဂဏှာတိ၊ မယူ။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ နာပဇ္ဇတိ၊ မရောက်။ ပရိပါကံ၊ ဉာဏ်ရင့်ခြင်းသို့။ နာ ဂစ္ဆတိ၊ မရောက်။ ယထာ နာမ၊ ဥပမာမည်သည်ကား။ တိမာသ စတုမာသ ပဉ္စမာသစ္စယေန၊ ၃-လ, ၄-လ, ၅-လ လွန်သဖြင့်။ ဝါ၊ လွန်သော အခါ၌။ နိပ္ပဇ္ဇနကံ သဿံ၊ ရင့်လတ္တံ့သော ကောက်ကို။ တံ တံ ကာလံ၊ ထိုထိုကာလသို့။ အပ္ပတွာ၊ မရောက်မူ၍။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း,နေ့တိုင်း။ သဟဿကွတ္တုံ၊ အကြိမ်-၁,၀၀၀။ ကေဋ္ဌာယန္တောပိ၊ လုံ့လပြုသော်လည်းကောင်း။ ဥဒကေန၊ ရေဖြင့်။ အာသိဉ္စန္တောပိ၊ သွန်းလောင်းသော်လည်းကောင်း။ အန္တရာ၊ အကြား၌။ ပက္ကေန ဝါ၊ လခွဲဖြင့်လည်းကောင်း။ မာသေန ဝါ၊ ၁-လဖြင့်လည်းကောင်း။ နိပ္ပါဒေဿတိ၊ ပြည့်စုံလတ္တံ့။ ဣတိ၊ ဤသို့။ ဧတေ ဌာနံ၊ ဤအကြောင်းသည်။ နာ ဝိဇ္ဇတိ၊ မရှိ။ ဧဝမေဝံ၊ ဤအတူလည်းကောင်းလျှင်။ စတ္တာရိ အသင်္ခေယျာနိ၊ ၄-အသင်္ခေတို့သို့။ အပ္ပတွာ၊ မရောက်မူ၍ ။လ။ အန္တရာ၊ အကြား၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတေ ဌာနံ၊ ဤအကြောင်းသည်။ နာ ဝိဇ္ဇတိ၊ မရှိ။

ပေယျာလ-ထားသည်မှာ "ကပ္ပသတသဟဿဉ္စ"ကစ၍ "အာစိနန္တောပိ"တိုင်အောင် ပြဆိုခဲ့ပြီးဖြစ်၍ ထားလေသည်။ ပြဆိုခဲ့ပြီးသော ဘုရားလောင်းတို့သည် ဗျာဒိတ်ရပြီးသော် ၄-ပါးကုန်သော ဗုဒ္ဓဘူမိတို့ဖြင့် ပါရမီကို ဖြည့်တော်မူရ၏။ ၄-ပါးကုန်သော ဗုဒ္ဓဘူမိ-ဟူသော်ကား ဥဿာဟ, ဥမ္မင်္ဂ်, အဝတ္ထာန, ဟိတစရိယ-ဟူ၍ ၄-ပါးတည်း။

ထို ၄-ပါးတို့တွင်–

- လုံ့လအားထုတ်ခြင်းသည် ဥဿာဟ မည်၏။
- ပညာသည် ဥမ္မင်္ဂ် မည်၏။
- ဆောက်တည်ခြင်းသည် အဝတ္ထာန မည်၏။
- မေတ္တာဘာဝနာသည် ဟိတစရိယ မည်၏။

http://www.dhammadownload.com

ထို့ကြောင့် ၎င်းအဋ္ဌကထာ(သုတ္တနိ၊၄။၁၅၅)၌-

ဥဿာဟော စ ဥမ္မင်္ဂေါ စ အဝတ္ထာနဉ္စ ဟိတစရိယာ စာတိ စတဿော ပုဒ္ဓ-ဘူမိယော ဟောန္တိ။ တာ ဟိ သမန္နာဂတော ဟောတိ။ တတ္ထ-

ဥဿာဟောတိ ဝီရိယံ၊ ဥမ္မင်္ဂေါတိ ပညာ ဝုစ္စတိ။
အဝတ္ထာနံ အဓိဋ္ဌာနံ၊ ဟိတစရိယာ မေတ္တာဘာဝနာတိ ဝေဒိတဗ္ဗာ။ –

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဥဿာဟော စ၊ ဥဿာဟလည်းကောင်း။ ဥမ္မင်္ဂေါ စ၊ ဥမ္မင်္ဂလည်းကောင်း။ အဝတ္ထာနဉ္စ၊ အဝတ္ထာနလည်းကောင်း။ ဟိတစရိယာ စ၊ ဟိတစရိယလည်းကောင်း။ ဣတိ၊ ဤသို့။ စတဿော၊ ၄-ပါးကုန်သော။ ပုဒ္ဓဘူမိယော၊ ပုဒ္ဓဘူမိတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာဟိ၊ ထို ၄-ပါးကုန်သော ပုဒ္ဓဘူမိတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထို ၄-ပါးကုန်သော ပုဒ္ဓဘူမိတို့တွင်။ ဥဿာဟောတိ၊ ဥဿာဟ-ဟူသည်ကား။ ဝီရိယံ၊ လုံ့လအားထုတ်ခြင်းတည်း။ ဥမ္မင်္ဂေါတိ၊ ဥမ္မင်္ဂ-ဟူသည်ကား။ ပညာ၊ ပညာကို။ ဝုစ္စတိ၊ ဆိုအပ်၏။ အဓိဋ္ဌာနံ၊ ဆောက်တည်ခြင်းသည်။ အဝတ္ထာနံ၊ အဝတ္ထာန မည်၏။ မေတ္တာဘာဝနာ၊ မေတ္တာဘာဝနာကို။ ဟိတစရိယာတိ၊ ဟိတစရိယ-ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

စကားအလျဉ်းသင့်သဖြင့် နေရာကျ ပြဆိုရလျှင် အလွန်ကျယ်ဝန့်၊ ဤတွင်ရွေ့ ဘုရားအလောင်း ၃-ပါး ကာလ ၃-ပါးဖြင့် ပါရမီဖြည့်သည်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ပစ္စေကဗုဒ္ဓါတို့သည် ၂-သချေါနှင့် ကမ္ဘာ ၁-သိန်း ပါရမီကို ဖြည့်ရ၏။ ၂-သချေါ အောက် ယုတ်၍ မဖြစ်ကြောင်းကို အောက်၌ပြဆိုသော ဥပမာဖြင့် သိရာ၏။

ထို့ကြောင့် ၎င်းခဂ္ဂဝိသာဏသုတ် အဋ္ဌကထာ(နှာ-၄၅)၌-

ပစ္စေကဗုဒ္ဓါနံ ပန ကိတ္တကံ (ကိံ စိရံ) ပတ္ထနာ ဝဋ္ဋတီတိ ဒွေ အသချေ်ယျာနိ ကပ္ပသတသဟဿဉ္စ။ တတော ဩရံ နု သတ္တာ၊ ပုတ္တေ ဝုတ္တနယေနေဝ စေတ္ထ ကာရဏံ ဝေဒိတဗ္ဗံ။ –

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့အား။ ပတ္ထနာ၊ ဆုတောင်းသည်။ ကိတ္တကံ၊ အဘယ်မျှလောက်သော ကာလသည်။ ဝဋ္ဋတိ၊ သင့်သနည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ ဒွေ

http://www.dhammadownload.com

အသခ္ခေယျာနံ၊ ၂-သခ္ခေတို့သည်လည်းကောင်း။ ကပ္ပသတသဟဿဿ၊ ကမ္ဟာ ၁-သိန်း သည်လည်းကောင်း။ ဝဋ္ဋတိ၊ သင့်၏။ တတော၊ ထို ၂-သခ္ခေနှင့် ကမ္ဟာ ၁-သိန်းအောက်။ သြရံ၊ အယုတ်သည်။ န သက္ကာ၊ မတတ်ကောင်း။ စ၊ ဆိုဖွယ်ရှိသေး၏။ ပုဗ္ဗေ၊ ရှေးဖြစ်သော သမ္မာသမ္ဗောဓိပါရမီဉာဏ်။ ဝုတ္တနယေနေဝ၊ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ ဇာတ္တေ၊ ၌။ ကာရဏာ၊ အကြောင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက-ဟူ၍ ဘုရားလောင်း ၃-ပါး ပြားသကဲ့သို့ ပစ္စေကဗုဒ္ဓါတို့သည်လည်း ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက-ဟူ၍ ၃-ပါး အပြားရှိ၏။ ထိုသို့ ပြားသော်လည်း ပါရမီဖြည့်ရာသော ကာလအားဖြင့်ကား အထူးမရှိ မှတ်ရာ၏။

ထို့ကြောင့် ထေရအဋ္ဌကထာ(၁။၁၁)၌-

> **ယထာ မဟာဗောဓိသတ္တာနံ န ဧဝံ ပစ္စေကဗောဓိသတ္တာနံ။ တေသံ ဟိ သတိပိ ပညာဓိကဘာဝေ ဒ္ဝေ အသခ္ခေယျာနိ ကပ္ပသတသဟဿဉ္စ ဗောဓိသမ္ဘာရသမ္ဘရဏံ ဣစ္ဆိတဗ္ဗံ၊ န တတော သြရံ၊ သဒ္ဓါဓိကဝီရိယာဓိကာပိ ဝုတ္တပရိစ္ဆေဒတော ပရံ ကတိပယေ ဧဝ ကပ္ပေ အတိက္ကမိတွာ ပစ္စေကသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈန္တိ။ န တတိယံ အသခ္ခေယ္ယံ။ –**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မဟာဗောဓိသတ္တာနံ၊ ဘုရားလောင်းတို့အား။ ကာလပရိစ္ဆေဒေန၊ ကာလ အပိုင်းအခြားဖြင့်။ ဥနာဓိကံ၊ အယုတ်,အလွန်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ပစ္စေကဗောဓိသတ္တာနံ၊ ပစ္စေကဗုဒ္ဓါအလောင်းတို့အား။ ကာလပရိစ္ဆေဒေန၊ ကာလအပိုင်းအခြားဖြင့်။ ဥနာဓိကံ၊ အယုတ်,အလွန်သည်။ န ဟောတိ၊ မဖြစ်။ ဟိ၊ ထိုစကား သင့်၏။ တေသံ၊ ထိုပစ္စေကဗုဒ္ဓါတို့အား။ ပညာဓိကဘာဝေ၊ ပညာဓိကပစ္စေကဗုဒ္ဓါ၏ အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ဒ္ဝေ အသခ္ခေယျာနိ၊ ၂-သခ္ခေတို့လည်းကောင်း။ ကပ္ပသတသဟဿဿ၊ ကမ္ဟာ ၁-သိန်းလည်းကောင်း။ ဗောဓိသမ္ဘာရသမ္ဘရဏံ၊ ပစ္စေကဗောဓိဉာဏ်၏ ရင့်ခြင်း, အကြောင်းပါရမီ ပြည့်စုံခြင်းကို။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ တတော၊ ထို ၂-သခ္ခေနှင့် ကမ္ဟာ ၁-သိန်းအောက်။ သြရံ၊ အယုတ်သည်။ န ဝဋ္ဋတိ၊ မသင့်။ သဒ္ဓါဓိက ဝီရိယာဓိကာပိ၊ သဒ္ဓါဓိကပစ္စေကဗုဒ္ဓါ, ဝီရိယာဓိကပစ္စေကဗုဒ္ဓါတို့သည်လည်း။ ဝုတ္တပရိစ္ဆေဒတော၊ ဆိုအပ်ခဲ့ပြီးသော အပိုင်းအခြားထက်။ ပရံ၊ အလွန်။ ကတိပယေ ဧဝ ကပ္ပေ၊ ၂-ကပ်, ၃-ကပ်တို့ကိုသာလျှင်။ အတိက္ကမိတွာ၊ လွန်၍။ ပစ္စေကသမ္ဗောဓိံ၊ ပစ္စေကဗောဓိဉာဏ်ကို။ အဘိသမ္ဗုဇ္ဈန္တိ၊ သိကြကုန်၏။ တတိယံ၊ ၃-ခုမြောက်သော။ အသခ္ခေယ္ယံ၊ အသခ္ခေယျသို့။ န ဥပေတိ၊ မရောက်။

http://www.dhammadownload.com

ဤတွင်ရွှေ့လည်း ပစ္စေကဗုဒ္ဓါ ၃-ပါးတို့ ပါရမီ ဖြည့်ရာသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

သာဝက ၃-ပါးတို့တွင် အဂ္ဂသာဝကပုဂ္ဂိုလ် ၂-ယောက်တို့သည် ၁-သခ္ခေၡနှင့် ကမ္ဘာ ၁-သိန်း ပါရမီဖြည့်ရ၏။ အသီတိမဟာသာဝကတို့သည်လည်းကောင်း မြတ်စွာဘုရား မယ်တော်, ခမည်းတော်, အလုပ်အကျွေး, သားတော်တို့သည်လည်းကောင်း ကမ္ဘာ ၁-သိန်း ပါရမီဖြည့်ရ၏။ ထိုအောက် ယုတ်သည် မရှိရာ။

ထို့ကြောင့် ၎င်းခဂ္ဂဝိသာဏသုတ်အဋ္ဌကထာ (နှာ-၄၆)၌-

> **သာဝကာနံ ပတ္ထနာ ကိတ္တကံ ဝဋ္ဋတိတိ ဒ္ဝိန္နံ အဂ္ဂသာဝကာနံ ဧကံ အသခ္ခေၡယ္ယံ ကပ္ပသတသဟဿဉ္စ။ အသီတိမဟာသာဝကာနံ ကပ္ပသတသဟဿံ။ တထာ ဗုဒ္ဓ မာတာပိတူနံ ဥပဋ္ဌကဿ ပုတ္တဿ စာတိ။ တတော ဩရံ နု သက္ကာ။ ဝုတ္တနယေနေဝ စေတ္ထ ကာရဏံ ဝေဒိတဗ္ဗံ။ –**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သာဝကာနံ၊ သာဝကတို့အား။ ပတ္ထနာ၊ ဆုတောင်းခြင်းသည်။ ကိတ္တကံ၊ အဘယ်မျှလောက်သော ကာလသည်။ ဝဋ္ဋတိ၊ သင့်သနည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ ဒ္ဝိန္နံ အဂ္ဂသာဝကာနံ၊ ၂-ယောက်သော အဂ္ဂသာဝကပုဂ္ဂိုလ်တို့အား။ ဧကံ အသခ္ခေၡယ္ယံ၊ ၁-သခ္ခေၡသည်လည်းကောင်း။ ကပ္ပသတသဟဿဉ္စ၊ ကမ္ဘာ ၁-သိန်းသည်လည်းကောင်း။ အသီတိမဟာသာဝကာနံ၊ အသီတိမဟာသာဝကတို့အား။ ကပ္ပသတသဟဿံ၊ ကမ္ဘာ ၁-သိန်းသည်လည်းကောင်း။ တထာ၊ တူ။ ဗုဒ္ဓမာတာပိတူနံ၊ မြတ်စွာဘုရား မယ်တော်, ခမည်းတော်တို့အားလည်းကောင်း။ ဥပဋ္ဌာကဿ စ၊ အလုပ်အကျွေးအားလည်းကောင်း။ ပုတ္တဿ စ၊ သားတော်အားလည်းကောင်း။ ဝဋ္ဋတိ၊ သင့်၏။ တတော၊ ထိုအောက်။ ဩရံ၊ အယုတ်သည်။ နု သက္ကာ၊ မတတ်ကောင်း။ စ၊ ဆိုဖွယ်အထူးကား။ ဧတ္ထ၊ ဤသာဝကပါရမီ၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်။ ကာရဏံ၊ အကြောင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဝုတ္တနယေနေဝ ကာရဏံ-အရကား ဆိုအပ်ခဲ့ပြီးသော သာဝကပုဂ္ဂိုလ်တို့၌လည်း ဆိုအပ်ခဲ့ပြီးသော ကာလအောက် ယုတ်၍ သာဝကပါရမီဉာဏ်ကို ရခြင်းငှာ အရာမဟုတ်ဟူလို။ ပကတိ သာဝကပုဂ္ဂိုလ်တို့မှာသော်ကား ကာလအပိုင်းအခြား မရှိ၊ မဂ်,ဖိုလ်ကို တောင့်တ၍ အမှတ်မရှိသော ကာလ, ဘဝတို့က ဖြည့်ကျင့်ဆည်းပူးခဲ့သော ဒါရုစီရိယ, ပဉ္စင်္ဂဒါယကာတို့ကဲ့သို့ ပါရမီဒဗ္ဗသမ္ဘာရနှင့် ပြည့်စုံ၏။

http://www.dhammadownload.com

ထို့ကြောင့် ပပဉ္စသူဒနီ-မည်သော မဇ္ဈိမနိကာယ်ကျမ်း၊ သတိပဋ္ဌာနသုတ်အဖွင့် ဋီကာ၌-

ဣတရေသံ အတီတာသု ဇာတီသု ဝိဝဋ္ဋနိဿယဝသေန နိဗ္ဗတ္တိတံ နိဗ္ဗေဓ-ဘာဂိယံ ကုသလံ။ –

ဟူသော ပါဋ္ဌကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဣတရေသံ၊ ပကတိသာဝကပုဂ္ဂိုလ်တို့အား။ အတီတာသု ဇာတီသု၊ လွန်လေပြီးသော ဘဝတို့၌။ ဝိဝဋ္ဋနိဿယဝသေန၊ ဝဋ်မှ ထွက်မြောက်ခြင်းကို မှီသည်၏အစွမ်းအားဖြင့်။ နိဗ္ဗတ္တိတံ၊ ဖြစ်စေအပ်သော။ နိဗ္ဗေဓဘာဂိယံ ကုသလံ၊- **သံသရာဘေး၊ လာမည့်ရေးကို၊ မြော်တွေးထောက်၍၊ ကြောက်လန့်တကြား၊ ဝဋ် ၃-ပါးကို၊ ရှောင်ရှားဖဲကြဉ်၊ ဘေးကြီးထင်၍၊ ဆောလျင်ထုတ်ချောက်၊ လွတ်မြောက်ခြင်းငှာ၊ မဟာကုသလ၊ ဉာဏသမ္ပယုတ်၊ ဇော စိတ္တုပ်ဖြင့်၊ အဟုတ်,အဟတ်၊ ဖိုလ်ရဟတ်ကို၊ မပြတ်တောင့်တ၊ ပြုခဲ့ကြသည်၊ ပုညကြီးထု၊ ကုသိုလ်စုတည်း။**

ထိုစကား၌ အချို့သသူတို့က ဆု ၄-ပါး-ဟူ၍ အများပင် ပြောဟောပြသလေ့ပြုကြ၏။ ဆု ၄-ပါး-ဟူ၍ ကျမ်းဂန်၌ မထင်။ သမ္မာသမ္ဗောဓိဆု, ပစ္စေကဗောဓိဆု, သာဝကဗောဓိဆု-ဟူ၍ ၃-ပါးသာ ရှိသင့်သည်။

ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက-ဟူ၍ **သမ္မာသမ္ဗောဓိဆု ၃-ပါး၊**

ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက-ဟူ၍ **ပစ္စေကဗောဓိဆု ၃-ပါး၊**

အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက-ဟူ၍ **သာဝကဗောဓိဆု ၃-ပါး၊**

ဤသို့ကား ဖြစ်သင့်၏။

ထို့ကြောင့် ဆု ၄-ပါး-ဟူသော စကားသည် ကျမ်းဂန်နှင့် ထောက်ဆ၍ မရ။ ၃-ပါးသော ပါဠိ,အဋ္ဌကထာအားဖြင့် ထင်ရှား၏။ ခုဒ္ဒနိကာယ်အဝင်ဖြစ်သော ခုဒ္ဒကပါဋ္ဌ၊ နိဓိကဏ္ဍသုတ်ပါဠိတော်၌ ပေးလှူခြင်းဒါန၊ ကိုယ်,နှုတ်ကို စောင့်ရှောက်ခြင်း ပဉ္စင်္ဂ်, အဋ္ဌင်္ဂ်-အစရှိသော သီလ၊ အထူးထူးသောအာရုံတို့၌ စိတ်ကို စောင့်ရှောက်ခြင်း သံယမ။

တစ်နည်းလည်း ပါတိမောက္ခသံဝရသီလ-ဟု ဆိုအပ်သော သီလ၊ ဣန္ဒြိယသံဝရသီလ-ဟု ဆိုအပ်သော သံယမ၊ ကိလေသာမှ ငြိမ်းစေ၍ စိတ်ကို ဆုံးမခြင်း ပညာ-ဟု ဆိုအပ်သော ဒမန၊ ဤအင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ကုသိုလ်တည်းဟူသော ရွှေအိုးကို ကြိုးစားအားထုတ်၍ သိမြှုပ်ကြလော။ ယောကျ်ား, မိန်းမ, လူ, ရဟန်း-စသော ပုဂ္ဂိုလ်တို့အား ပဋိသန္ဓိဒါဝိမောက္ခ သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, ဗုဒ္ဓဘူမိ-ဟု ဆိုအပ်သော

http://www.dhammadownload.com

၅-ပါးသော အကျိုးနှင့် ပြည့်စုံရာသောအဖြစ်ကို–

ပဋိသန္ဓိဒါ ဝိမောက္ခာ စ၊ ယာ စ သာဝကပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗ'မေတေန လဗ္ဘတိ။ ။ – (ခုဒ္ဒက၊၁၀)

ဟူ၍ ဟောတော်မူသည်။

ယေ ပဋိသန္ဓိဒါ စ၊ အကြင် ပဋိသန္ဓိဒါတို့သည်လည်းကောင်း။ ယေ ဝိမောက္ခာ စ၊ အကြင် ဝိမောက္ခတို့သည်လည်းကောင်း။ ယာ သာဝကပါရမီ စ၊ အကြင် သာဝကပါရမီသည်လည်းကောင်း။ ယာ ပစ္စေကဗောဓိ စ၊ အကြင် ပစ္စေကဗောဓိဉာဏ်သည်လည်းကောင်း။ ယာ ဗုဒ္ဓဘူမိ စ၊ အကြင် ဗုဒ္ဓဘူမိသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဧတေန၊ ထိုဒါန, သီလ, သံယမ, ဒမန-ဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ၊ ရအပ်၏။

ဤသို့ ကျမ်းဂန်လာသည်ကို ထောက်၍ သမ္မာသမ္ဗောဓိဆု, ပစ္စေကဗောဓိဆု, သာဝကဗောဓိဆု-ဟူ၍ ၃-ပါးသာ ရှိသည်။

သည်ကိုရည်၍ အရှင်သီလဝံသဆရာသည် ပါရမီတော်ခန်း ကဗျာကျမ်း၌ ဆု ၃-ပါးတွင်–

"လျင်လျားတစ်ကိုယ်၊ ကျွတ်ခလို"ဟု ဟူ၍လည်းကောင်း

"သုံးတန်ဆုကြီး၊ ချက်ကုန်ပြီးကို၊ ထဲနီး စိုက်စိုက်၊ ဝမ်းအင်ခြိုက်လျက်၊ ရထိုက်ပတ္ထနာ၊ သုမေဓာ"ဟူ၍လည်းကောင်း စပ်ဆိုတော်မူသည်။

ဤကဗျာစကားတွင် **"သုံးတန်ဆုကြီး"**ဟူရာ၌ ယခင်ပြဆိုခဲ့ပြီးသော သမ္မာသမ္ဗောဓိဆု, ပစ္စေကဗောဓိဆု, သာဝကဗောဓိဆု ၃-ပါးကို ဆိုသည်။ **"သုံးတန်ဆုကြီး၊ ချက်ကုန်ပြီးကို"**ဟူရာ ကဗျာဖြစ်၍သာ အလင်္ကာသို့ လိုက်၍ စပ်သည်။ သုံးတန်သော ဆုကြီးတို့တွင်-ဟု နိဒ္ဓါရဏအနက် ယူရမည်။ ၃-တန်သောဆုကြီးတို့တွင် အချက်အကုန်ဖြင့်ပြီးသော (ဝါ) အကြီးဆုံးဖြစ်သော သမ္မာသမ္ဗောဓိဆုကိုသာ အရှင်သုမေဓာရသေ့ ကြိုက်၍ နှစ်ခြိုက်ပတ္ထနာ ပန်ထွာတောင့်တတော်မူသတည်းဟူလို။ *"၃-တန်ဆုကြီးကား ချက်ကုန်ပြီး"*၌ နိဒ္ဓါရဏ၊ *"ချက်ကုန်ပြီး"*ကား နိဒ္ဓါရဏီယ၊ ဤသို့စပ်လေ။

ဤပြဆိုခဲ့ပြီးသော စကားရပ်တို့ကို အကျယ်သိလိုလျှင် သုတ္တနိပါတ်၊ ခဂ္ဂဝိသာဏသုတ်, အဋ္ဌကထာ။ ၎င်းအပဒါန်အဋ္ဌကထာ၊ ခုဒ္ဒကပါဋ အဋ္ဌကထာ၊ ပပဉ္စသူဒနီ-မည်သော ဋီကာကျမ်းတို့မှာ ကြည့်လေ။

http://www.dhammadownload.com

ဤသို့ ကျမ်းဂန်ကို ညွှန်ပြရခြင်းသည် အဘယ်အကျိုးရှိသနည်းဟူမူကား မြတ်စွာဘုရားသည်သာလျှင် ပိဋကတ် ၃-ပုံတို့၌ အနက်ဖွင့်ခြင်းအစဉ်ကို ဟောတော်မူ၏။ ထိုသို့သောအရာတို့၌ မြတ်စွာဘုရားသည်သာလျှင် ဖြစ်စေတော်မူ၏။ ထိုစကား မှန်၏။ ပြိုးပြွမ်းသော ပကိဏ္ဏကဒေသနာသည်သာလျှင် အဋ္ဌကထာ မည်၏။ များသောအားဖြင့် တပါးကုန်သော အဋ္ဌကထာ, ဋီကာတို့သည်လည်း ရှိရကား ပညာရှိသောသူတို့သည် ကောင်းစွာ မှတ်ယူလွယ်ခြင်း အကျိုးရှိ၏။ ထို့ကြောင့် ကျမ်းဂန်အရာကို အသေအချာ ညွှန်းပြထုတ်ဆောင်အပ်သတည်း။

၁၂၃၇-ခု၊ ဝါဆိုလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

ဟသ်ာတမြို့နေ ရဟန်းတော် ဦးကေသရနှင့် ၄-ဦးသားတို့က *သီလဆောက်တည်ပုံ, *သီလဆောက်တည်ရာ၌ ကာလိက ၃-ပါးတို့ကို နေ့လွဲသောအခါ သုံးဆောင်လျှင် သီလပျက်သည်, မပျက်သည်များကို ကျမ်းဂန်နှင့်အညီ အသေအချာ သိမှတ်ပါရအောင် ဖြေဆိုအမိန့်ရှိတော် မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၅၅] "ဘုရားတပည့်တော် ဟသ်ာတမြို့နေ ရှင်ကေသရ, ရှင်မာလာ၊ ရွှေယင်နာရွာနေ ရှင်ပရမ၊ စလင်းမြို့ ရှင်သုဒဿနတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ၅-ပါးသီလ၊ ၈-ပါးသီလ၊ ၁၀-ပါးသီလတို့ကို အချို့သောသူတို့က ရဟန်းသံဃာ, ဆရာသမား, လူယောကျ်ား, လူမိန်းမတို့ထံ ခံယူဆောက်တည်မှ ရသည်။ အချို့သောသူတို့က နှုတ်မြွက်၍ ခံယူမှ ရသည်-ဟု သဘောရှိသမျှ ကြံဆ၍ ၂-ခွ, ၂-ထွေ ပြောဆိုကြပါသည်။

(၂) အချို့သူကလည်း ယာမကာလိက-စသော ကာလိက ၃-ပါးတို့ကို နေ့လွဲအခါစားလျှင် ၈-ပါးသီလ ပျက်၏။ အချို့သူကလည်း ဝိကာလ ဝတ္ထုမှတပါး ၃-ပါးသော ယာမကာလိကတို့ကို အကြောင်းရှိက သုံးဆောင်ရ၏ ဆိုကြသောစကားကို စွဲ၍ ကွဲကွဲပြားပြား သီးခြားပြောဆိုကြသဖြင့် ဒွိဟမကင်း မရှင်းမလင်း ရှိကြပါသည်။

http://www.dhammadownload.com

ဘီလူးယက္ခအာဠဝက၏ 'ကိ သူဓ'အက္ခရာ ဂါထာပုဒ်ပါဠိကို သုံးလှည့်စိန်ခေါ်ခြွေခွန်းတော်လှစ်ပြ၍ သဒ္ဓိဓ ဝိတ္ထံ၊ မိန့်ထွေသံအကြားတွင် ၄-ပါးသော အမိုက်မှောင်ဝယ် ရွှေတန်ဆောင်တိုင်ကြီးကို တည်းညီး,တရှိန်ရှိန် တထိန်ထိန်,တလက်လက် ပြိုးပြက်ဝင်းပြောင် စိုက်ထောင်ထွန်းလင်း၍ ပျောက်ကင်းယုံမှား တရားရသကို ခံစားရသော ယက္ခအမှူး နတ်ဘီလူးကဲ့သို့ အထူးထူးအခြားခြား ကွဲပြားထွေးရှုပ်လှက် အဟုတ်အမှန် ဧကန်မုချ နေရာကျကို မသိကြ၍ ဝိစိကိစ္ဆာတိမ်အလွှာဖြင့် ကွယ်ကာဖုံးအုပ်ကြသော အမျိုးသားတို့အား အဝိဇ္ဇန္ဓကာရ-တည်းဟူသော အမိုက်မှောင်မှ အလင်းကို ရှုလှက် ဒွိဟဝိုးဝါး ယုံမှားပျောက်ကင်းအောင် လူခပင်းအား ရှင်လင်းဖော်ပြတော်မူပါမည့်အကြောင်းကို ညွှတ်ပျော်းကော်ရော် ရှိခိုးပူဇော်၍ ထိပ်ပေါ်ဟတ္ထ ပဏာမဖြင့် တုပ်ကွရိုကြိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား"။

ဂင်း ၄-ဦးသားတို့ လျှောက်ထားချက်–

[၅၅] (၁) သီလကို ကျင့်သုံးဆောက်တည်ရာ ရဟန်းသံဃာ၊ ဆရာသမား၊ ယောကျ်ား, မိန်းမ၊ လူ, ရဟန်း-စသောသူတို့ထံ ခံမှ ရသည်, နှုတ်မြွက်၍ ခံယူမှ ရသည်ဆိုသောစကားကို လျှောက်ထားသည်မှာ ဣတိဝုတ်(၄။၂၂၃)၊ သုတ္တသင်္ဂဟ၊ အဋ္ဌကထာရ၊ ဝိဘင်္ဂအဋ္ဌကထာ(နှာ-၃၆၈)။ ဥပါသကာလင်္ကာရ-စသော ကျမ်းတို့တွင် လာသော–

သမာဒါနတော အညဿ ဂရုဌာနိယဿ သန္တိကေ တံ အလဘန္တေန သယမေဝ စ ပဋ္ဌသီလာနိ ဇေဋ္ဌံ ပါဠိယေဏ္တံ ဝါ သမာဒိယန္တေန သမာဒိန္နာနိ ဟောန္တိ။

အစရှိသော ပါဠိ,အဋ္ဌကထာစကားကို ခွဲ၍ ကွဲပြားပြောဆိုကြသည်သာ မဟုတ်သေး။ သုတ်-သီလကွန်၊ ကုဋ္ဌဒန္တသုတ်အဋ္ဌကထာတွင်လည်း–

'အဇ္ဇတဂ္ဂေ ဇီဝိတဟေတုပိ ပါဏံ န ဟနာမိ'တိ ဝါ 'ပါဏာတိပါတာ ဝိရမာမိ'တိ ဝါ ဝေရမဏီ သမာဒိယာမိ'တိ ဝါ ဧဝံ သိက္ခာပဒါနိ ဂဏှန္တဿ ဝိရတိ သမာ-ဒါနဝိရတိတိ ဝေဒိတဗ္ဗာ။ (ဒီ၊ဋ္ဌ၊၁။၂၇၂) ဟူ၍ လာသေး၏။

အဇ္ဇတဂ္ဂေ၊ ယနေ့မှစ၍။ ဇီဝိတဟေတုပိ၊ အသက်-ဟူသော အကြောင်းကြောင့် သော်လည်း။ ပါဏံ၊ သတ္တဝါကို။ န ဟနာမိ၊ မသတ်။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝိရမာမိ၊ ကြဉ်၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဝေရမဏီ၊ ပါဏာတိပါတမှ ကြဉ်ခြင်းကို။ သမာဒိယာမိ၊ ဆောက်တည်၏။

http://www.dhammadownload.com

ဣတိ ဝါ။ ဤသို့လည်းကောင်း။ ဧဝံ ဣမိနာ ဝုတ္တနယေန၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဂဏှန္တသ၊ ယူသောသူ၏။ ဝိရတိ၊ ဝိရတိကို။ သမာဒါန-ဝိရတိတိ၊ သမာဒါနဝိရတိ-မည်၏-ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသို့ "ဇီဝိတဟေတုပိ ပါဏံ န ဟနာမိ"ဟူ၍လည်းကောင်း "ပါဏာတိပါတာ ဝိရမာမိ"ဟူ၍လည်းကောင်း "ဝေရမဏီ သမာဒိယာမိ"ဟူ၍လည်းကောင်း သီလဆောက်တည်နည်းကို ပြသည်။ ဤပြဆိုခဲ့ပြီးသော ပါဠိ,အဋ္ဌကထာတို့ အလိုဖြင့် သီလကို ကျင့်ဆောက်တည်သော ယောက်ျား, မိန်းမ-စသော လူတို့သည် ၅-ပါး, ၈-ပါး-စသော သီလကို ကျင့်ဆောက်တည်တတ်လျှင် အလိုရှိသောကာလ ကျင့်ဆောက်တည်အပ်၏။

သီလကို အဘယ်ကဲ့သို့ ကျင့်ဆောက်တည်ရမည် မသိလျှင် ဆောက်တည်နည်းကို သိသသူတို့ထံ ဆောက်တည်ရ၏-ဟု ဆောက်တည်စဉ်နှင့်တကွ သမာဒါန, သီလဖြစ်ဟန်ကို ပြသည်။ ထိုကြောင့်–

- မိမိအလိုလို ဆောက်တည်တတ်၍ ဆောက်တည်လျှင် သမာဒါန ဖြစ်၏။
- မဆောက်တည်တတ်၍ သူတပါးတို့ထံ ဆောက်တည်လျှင်လည်း သမာဒါန ဖြစ်၏။

ပညာရှိသသူတို့ မိမိအလိုလိုပင် ကျင့်ဆောက်တည်ကြောင်းကို–

"သာမံဝိ ပဇ္ဈိတမနုဿာ သမာဒယန္တိ"ဟူ၍လည်းကောင်း

"ဥပါသကေန အတ္ထနာ သမာဒိယန္တေနာပိ သမာဒိန္နာနိ ဟောန္တိ"ဟူ၍လည်းကောင်း

ဝိနည်း, အဋ္ဌကထာ(၁။၂၀၉)၊ ခုဒ္ဒကပါဋအဋ္ဌ-ကထာ(နှာ-၁၈)တို့တွင် လာသည်။

ထိုသို့ မိမိအလိုလို ဆောက်တည်ရာ၌လည်း ကိုယ်ဖြင့် ဆောက်တည်ခြင်း, နှုတ်ဖြင့် ဆောက်တည်ခြင်း, စိတ်ဖြင့် ဆောက်တည်ခြင်း-ဟု ဆိုအပ်ကုန်သော ၃-ပါးကုန်သော ဆောက်တည်ခြင်းတို့တွင် ၁-ပါးပါးဖြင့် ဆောက်တည်အပ်၏။ သမာဒါနသီလစေတနာ ဖြစ်သည်သာ ပဌာနတည်း။ ထိုစကား သင့်၏။

- အကုသိုလ်ကာယကံသည် ကာယဒွါရ, ဝစီဒွါရ-ဟု ဆိုအပ်သော ဒွါရ ၂-ပါးတို့၌ ဖြစ်၏။ မနောဒွါရ၌ မဖြစ်။
- အကုသိုလ်ဝစီကံသည်လည်း ကာယဒွါရ, ဝစီဒွါရ-ဟု ဆိုအပ်သော ဒွါရ ၂-ပါးတို့၌ ဖြစ်၏။ မနောဒွါရ၌ မဖြစ်။
- အကုသိုလ်မနောကံသည်ကား ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ၃-ပါးတို့၌ ဖြစ်၏။

http://www.dhammadownload.com

ထို့အတူ ကုသိုလ် ကာယက်, ဝစီက်, မနောက် ၃-ပါးတို့သည် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ၃-ပါးလုံးပင် ဖြစ်ကုန်၏။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌–

အကုသလံ ဟိ ကာယကမ္မံ ကာယဝစီဒွါရေသု သမုဋ္ဌာတိ၊ န မနောဒွါရေ။ တထာ အကုသလံ ဝစီကမ္မံ၊ အကုသလံ ပန မနောကမ္မံ တီသု ဒွါရေသု သမုဋ္ဌာတိ၊ တထာ ကုသလာနိ ကာယဝစီမနောကမ္မာနိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၁၃၂)

ဟိ သစ္စံ၊ မှန်၏။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ ကာယက်သည်။ ကာယဝစီဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ န သမုဋ္ဌာတိ၊ မဖြစ်။ တထာ၊ ထိုအကုသိုလ်ကာယက်သည် ကာယဒွါရ, ဝစီဒွါရတို့၌သာ ဖြစ်သည်နှင့်အတူ။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ဝစီကမ္မံ၊ ဝစီက်သည်။ ကာယဝစီဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ န သမုဋ္ဌာတိ၊ မဖြစ်။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ မနောကမ္မံ ပန၊ မနောက်သည်ကား။ တီသု ဒွါရေသု၊ ဒွါရ ၃-ပါးတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ တထာ၊ ထိုအကုသိုလ်မနောက်သည် ဒွါရ ၃-ပါး၌ ဖြစ်သည်နှင့်အတူ။ ကုသလာနိ၊ ကုသိုလ်ဖြစ်ကုန်သော။ ကာယဝစီ မနောကမ္မာနိ၊ ကာယက်, ဝစီက်, မနောက်တို့သည်။ တီသု ဒွါရေသု၊ ဒွါရ ၃-ပါးတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

ထိုစကား၌ "ပါဏာတိပါတာ ဝေရမဏိ"အစရှိသည်ကိုမျှ မဆိုတတ်သောသူသည် ပါဏာတိပါတ-အစရှိသည်မှ ကြဉ်လိုသောစိတ်ဖြင့် လက်ဆုပ်ပြခြင်း-စသည်ကို ပြု၍ ဆောက်တည်၏။ ထိုသူအား ကုသိုလ်ကာယက်သည် ကာယဒွါရ၌ ဖြစ်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၁၃၇)၌–

ဣမာနိ သိက္ခာပဒါနိ ဟတ္ထ'မုဒ္ဒါယ ဂဏှာတိ။ တဒါ ကမ္မံ ကာယကမ္မံ။ ဒွါရမ္ပိ ကာယဒွါရမေဝ၊ ဧဝံ ကုသလံ ကာယကမ္မံ ကာယဒွါရေ သမုဋ္ဌာတိ။ –

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဣမာနိ သိက္ခာပဒါနိ၊ ဤ ၃-ပါးကုန်သော သိက္ခာပုဒ်တို့ကို။ ဟတ္ထ'မုဒ္ဒါယ၊ လက်ဆုပ်ပြသဖြင့်။ ဂဏှာတိ၊ ဆောက်တည်၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ က်သည်။ ကာယကမ္မံ၊ ကာယက်မည်၏။ ဒွါရမ္ပိ၊ ဒွါရသည်လည်း။ ကာယဒွါရမေဝ၊ ကာယဒွါရပင်တည်း။ ဧဝံ၊ ဤပြဆိုခဲ့ပြီးသော နည်းဖြင့်။ ကုသလံ ကာယကမ္မံ၊ ကုသိုလ်ကာယက်သည်။ ကာယဒွါရေ၊ ကာယဒွါရ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

http://www.dhammadownload.com

ထို ၃-ပါးကုန်သော သိက္ခာပုဒ်တို့ကိုပင် နှုတ်မြွက်၍ ဆောက်တည်သောအခါ ကုသိုလ်ကာယကံသည် ဝစီဒွါရ၌ ဖြစ်၏။ ထို့ကြောင့် ၎င်းဓမ္မသင်္ဂဏိအဋ္ဌကထာ၌ –

တာနေဝ သိက္ခာပဒါနိ ဝစီဘေဒံ ကတွာ ဂဏှာတိ၊ တဒါ ကမ္မံ ကာယကမ္မံ။ ဒွါရံ ပန ဝစီဒွါရံ ဟောတိ။ ဧဝံ ကုသလံ ကာယကမ္မံ ဝစီဒွါရေ သမုဋ္ဌာတိ။ –

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၁၃၇)

တာနေဝ သိက္ခာပဒါနိ၊ ထို ၃-ပါးကုန်သော သိက္ခာပုဒ်တို့ကိုသာလျှင်။ ဝစီဘေဒံ၊ နှုတ်မြွက်ခြင်းကို။ ကတွာ၊ ပြု၍။ ဂဏှာတိ၊ ဆောက်တည်၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ ကံသည်။ ကာယကမ္မံ၊ ကာယကံတည်း။ ဒွါရံ ပန၊ ဒွါရသည်ကား။ ဝစီဒွါရံ၊ ဝစီဒွါရသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤပြဆိုခဲ့ပြီးသောနည်းဖြင့်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ ကာယကံသည်။ ဝစီဒွါရေ၊ ဝစီဒွါရ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

အကြင်အခါ ထို ၃-ပါးကုန်သော သိက္ခာပုဒ်တို့ကို ပေးသောကာလ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့ကို မလှုပ်ဘဲ စိတ်ဖြင့်သာ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရ-စသည်မှ ကြဉ်၏-ဟု ဆောက်တည်၏။ ထိုအခါ ကုသိုလ်ကာယကံသည် မနောဒွါရ၌ ဖြစ်သည်။ ထို့ကြောင့် ဓမ္မသင်္ဂဏိအဋ္ဌကထာ(နှာ-၁၃၇)၌–

တေသု ပန သိက္ခာပဒေသု ဒိယျမာနေသု ကာယင်္ဂဝါစင်္ဂါနိ အစောပေတွာ မနသာဝ ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသု မိစ္ဆာစာရာ ပဋိဝိရမာမီတိ ဂဏှာတိ။ တဒါ ကမ္မံ ကာယကမ္မံ၊ ဒွါရံ ပန မနောဒွါရံ ဟောတိ၊ ဧဝံ ကုသလံ ကာယကမ္မံ မနောဒွါရေ သမုဋ္ဌာတိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တေသု ပန သိက္ခာပဒေသု၊ ထိုပြဆိုအပ်ခဲ့ပြီးသော သိက္ခာပုဒ်တို့ကို။ ဒိယျမာနေသု၊ ပေးအပ်ကုန်သည်ရှိသော်။ ကာယင်္ဂဝါစင်္ဂါနိ၊ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့ကို။ အစောပေတွာ၊ မလှုပ်ရှားစေမူ၍။ မနသာဝ၊ စိတ်ဖြင့်သာလျှင်။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။ အဒိန္နာ-ဒါနာ၊ အဒိန္နာဒါနမှ။ ကာမေသု မိစ္ဆာစာရာ၊ ကာမေသု မိစ္ဆာစာရမှ။ ပဋိဝိရမာမီတိ၊ ကြဉ်၏-ဟူ၍။ ဂဏှာတိ၊ ဆောက်တည်၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ ကံသည်။ ကာယကမ္မံ၊ ကာယကံတည်း။ ဒွါရံ ပန၊ ဒွါရသည်ကား။ မနောဒွါရံ၊ မနောဒွါရသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ ကာယကံသည်။ မနောဒွါရေ၊ မနောဒွါရ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

http://www.dhammadownload.com

သုရာမေရယသည် ကာမေသု မိစ္ဆာစာရ၌ အန္တောဂဓ ဖြစ်၏။ မုသာဝါဒ-အစ ရှိသော သိက္ခာပုဒ်တို့ကိုလည်း ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ဆောက်တည်သောသူအား ဝစီကံသည် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ၌ ဖြစ်၏။

ထို့ကြောင့် ၎င်းဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၁၃၇)၌–

မုသာဝါဒါ ဝေရမဏီတိအာဒိနိ စတ္တာရိ သိက္ခာပဒါနိ ဝုတ္တနယေနေဝ ကာယာဒီဟိ ဂဏှန္တဿ ကုသလံ ဝစီကမ္မံ တီသု ဒွါရေသု သမုဋ္ဌာတိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မုသာဝါဒါ ဝေရမဏီတိအာဒိနိ၊ မုသာဝါဒါ ဝေရမဏီ-အစရှိကုန်သော။ စတ္တာရိ-သိက္ခာပဒါနိ၊ ၄-ပါးကုန်သော သိက္ခာပုဒ်တို့ကို။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သာလျှင်။ ကာယာဒီဟိ၊ ကိုယ်-စသည်တို့ဖြင့်။ ဂဏှန္တဿ၊ ဆောက်တည်သောသူအား။ ကုသလံ ဝစီကမ္မံ၊ ကုသိုလ်ဝစီကံသည်။ တီသု ဒွါရေသု၊ ဒွါရ ၃-ပါးတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

ဤ၌ စတ္တာရိ သိက္ခာပဒါနိဖြင့် ဝစီသုစရိုက် ၄-ပါးကို ပြသည်။ ၅-ပါးသီလတွင် မုသာဝါဒကိုသာ ဟောတော်မူရကား **ကာယဒုစရိုက် ၃-ပါး၌ ကာမေသု မိစ္ဆာစာရအဝင် သုရာမေရယ,** မုသာဝါဒကို ထည့်၍ ပဉ္စသီလ ၅-ပါး၌ ဖြစ်၏။ ကာယဒုစရိုက်ချင်း တူသော်လည်း ကာမေသု မိစ္ဆာစာရအဝင် သုရာမေရယအပြစ် သာလွန်သောကြောင့် အသီးအခြား မင်္ဂလာ ၁-ပါး ကွဲပြား၍ "မဇ္ဇပါနာ စ သံယမော"ဟု ဟောတော်မူသည်။

ယင်းသည့် သုရာမေရယက်၏ အပြစ်ကြီးကြောင်းကိုလည်း ခုဒ္ဒကပါဋအဋ္ဌကထာ၊ သိက္ခာပဒသုတ်အဖွင့်(နှာ-၁၉)တွင်–

အပိစေတ္ထ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ မဟာသာဝဇ္ဇံ၊ န တထာ ပါဏာတိပါတာဒယော၊ ကသ္မာ မနုဿဘူတဿာပိ ဥမ္မတ္တကဘာဝသံဝတ္တနေန အရိယဓမ္မန္တရာယကရဏတော။–

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အပိ စ၊ ဆိုဖွယ်အထူးကား။ ဧတ္ထ၊ ဤ ၅-ပါးသော ကံတို့တွင်။ သုရာမေရယ-မဇ္ဇပမာဒဋ္ဌာနမေဝ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနသည်သာလျှင်။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီး၏။ တထာ၊ ထိုသုရာမေရယအတူ။ ပါဏာတိပါတာဒယော၊ ပါဏာတိပါတ-စသော ကံတို့သည်။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီးသည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ မနုဿဘူတဿာပိ၊ လူဖြစ်သော သူအားလည်း။ ဥမ္မတ္တကဘာဝသံဝတ္တနေန၊

http://www.dhammadownload.com

ရှူးသောအဖြစ်ကို ပြုသဖြင့်။ အရိယဓမ္မန္တရာယကရဏတော၊ အရိယမဂ်,ဖိုလ်၏အန္တရာယ်ကို ပြုတတ်သောကြောင့်တည်း။

ပါဏာတိပါတ-စသော ကံ ၅-ပါးကို အညီအမျှ ဟောတော်မူပြီးမှ သုရာမေရယ၏ အပြစ်ကြီးကြောင်းကို အဂုံတွရ၊ ပဉ္စကနိပါတ်ပါဠိတော်တွင်လည်း မြတ်စွာဘုရား အကျယ်အားဖြင့် များစွာပင် ဟောတော်မူသေး၏။ ဤအရာ၌ **အချို့သူတို့က သုရာမေရယသည် အပါယဂမနီယ-မဖြစ်ဟု ဆိုကုန်၏။ ထိုစကား မသင့်။** အဘယ့်ကြောင့်နည်းဟူမူကား ပါဏာတိပါတ-စသော ကံ ၄-ပါးသည် အပါယဂမနီယကံချည်းပင် ဖြစ်၏။ ထိုကံတို့ထက်ပင် သုရာမေရယကံအပြစ် သာလွန်၍ မဟာသာဝဇ္ဇဖြစ်လေရကား အပါယဂမနီယအရာကို ကာ ကထာ-ဟု ပါဠိတော်၏အရကို ထောက်ဆန့်ကျင်းချင့် ယူသင့်သောကြောင့် အပါယ-ဂမနီယကံ-ဟု ဧကန်မုချ မှတ်ရာ၏။

ထို့ကြောင့် ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဖွင့် အဋ္ဌကထာ(၁၂၀)၌-

> **မဇ္ဇပါနာ စ သံယမောတိ ပုဗ္ဗေ ဝုတ္ထသုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမ-ဏိယာ ဧတေ အဓိဝစနံ။ ယသ္မာ ပန မဇ္ဇပါယီ အတ္ထံ န ဇာနာတိ။ ဓမ္မံ န ဇာနာတိ။ မာတု အန္တရာယံ ကရောတိ။ ပိတု အန္တရာယံ ကရောတိ။ ဗုဒ္ဓပစ္စေကဗုဒ္ဓတထာ-ဂတသာဝကာနံ အန္တရာယံ ကရောတိ၊ ဒိဋ္ဌဓမ္မေ စ ဂရဟံ သမ္ပရာယေ စ ဒုဂ္ဂတိံ အပရာပရိယေ ဥမ္မာဒဋ္ဌေ ပါပုဏာတိ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မဇ္ဇပါနာ စ သံယမောတိ ဧတံ၊ မဇ္ဇပါနာ စ သံယမော-ဟူသော ဤအမည်သည်။ ပုဗ္ဗေ၊ ရှေးဖြစ်သော သိက္ခာပဒသုတ်၌။ ဝုတ္ထသုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိယာ၊ ဆိုအပ်ခဲ့ပြီးသော သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ၏။ အဓိဝစနံ၊ အမည်တည်း။ ယသ္မာ ပန၊ အကြောင်းကြောင့်ကား။ မဇ္ဇပါယီ၊ သေသောက်သောသူသည်။ အတ္ထံ၊ အကျိုးစီးပွါးကို။ န ဇာနာတိ၊ မသိ။ ဓမ္မံ၊ အကြောင်းကို။ န ဇာနာတိ၊ မသိ။ မာတု အန္တရာယံ၊ အမိ၏ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ပိတု အန္တရာယံ၊ အဖ၏အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ဗုဒ္ဓပစ္စေကဗုဒ္ဓတထာဂတသာဝကာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ဒိဋ္ဌဓမ္မေ စ၊ မျက်မှောက်ဘဝ၌လည်း။ ဂရဟံ၊ ဘုရား အလောင်း သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်းသို့။ သမ္ပရာယေ စ၊ တမလွန်ဘဝ၌လည်း။ ဒုဂ္ဂတိံ၊ အပါယ်လားခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ အပရာပရိယေ၊ သံသရာဘဝ အဆက်ဆက်၌။ ဥမ္မာဒဋ္ဌေ၊ ရူးခြင်းသို့လည်း။ ပါပုဏာတိ၊ ရောက်၏။

http://www.dhammadownload.com

ဤသို့ သုရာမေရယက်၏ အပါယဂမနိယဖြစ်၍ အပြစ်ကြီးကြောင်းကို သိရာ၏။ သိက္ခာပဒသုတ်တွင် သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိအရန္ဒင့် မင်္ဂလသုတ်တွင် မဇ္ဇပါနာ စ သံယမော-အရသည် ဒေသနာတော်အနက် တစ်ချက်တည်းပင် ဟူလို၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ဝိရမိတပ္ပဝတ္ထုမှ ကြဉ်သော ဝိရတိစေတနာသည် သီလမည်ပေရကား မိမိအလိုလိုဖြစ်စေ၊ သူတပါးတို့ထံဖြစ်စေ ကိုယ်, နှုတ်, နှလုံး ၃-ပါး တို့တွင် တစ်ပါးပါးဖြင့် ဆောက်တည်ကျင့်သုံးသော် သီလပြည့်စုံသည်-ဟု မှတ်ရာ၏။

ဤတွင်ရွေ့ သီလကို ကျင့်သုံးဆောက်တည်ရာသော နည်းဥပဒေသကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၂) ယာဝကာလိက ဘောဇဉ်, ခဲဖွယ်မှတပါး ၃-ပါးသော ကာလိကတို့ကို နေ့လွဲအခါ သုံးဆောင်လျှင် ဝိကာလသိက္ခာပုဒ် ပျက်မည်, မပျက်မည်ကို မေးလျှောက်သည်မှာ-

ဝိကာလဘောဇန-ဟူသည် နေ့လွဲအခါ ဘောဇဉ် ၅-ပါး၊ ခဲဖွယ်တို့ကို စားခြင်းတည်း။ "ဝိကာလဘောဇနဿ ဘုဉ္ဇနံ ဝိကာလဘောဇနံ"ဟု ဥတ္တရလောပသတ္တမီတပ္ပုရိသ်သမာသ်ပြု။

တစ်နည်း "ဘောဇနဿ ဘုဉ္ဇနံ ဘောဇနံ"ဟု ဥတ္တရလောပတပ္ပုရိသ်ပြုပြီးမှ "ဝိကာလေ ဘောဇနံ၊ ဝိကာလဘောဇနံ"ဟု ပြု။ နေ့လွဲအခါ ဝိကာလဝတ္ထုကို စားခြင်း ရ၏။

ဝိကာလ-ဟူသည် အရိယာတို့ သုံးဆောင်သော ကာလမှတပါး မြစ်သောကာလကို ဝိကာလ ဆိုသည်။ "အရိယာနံ ပရိဘုတ္တသမယကာလတော အညော ကာလောတိ ဝိကာလော"ဟု ပြု။ နေ့လွဲအခါ ရစေ။

အရိယာ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့သည် နေ့လွဲအခါ ဝိကာလဝတ္ထုကို သုံးဆောင်မှီဝဲခြင်း မရှိ။ မွန်းမတည့်မီသာ သုံးဆောင်မှီဝဲရသောကြောင့် **ဧကာဘတ္တိကပုဂ္ဂိုလ်** မည်၏။ မဆောက်တည်ဘဲ ဥပေါသထအင်္ဂါကို ကောင်းစွာ ကျင့်ကုန်၏။

ထိုကြောင့် ဓမ္မပဒအဋ္ဌကထာ၊ ၄-ခုမြောက်သော ပုပ္ဖဝဂ်၊ ဆတ္တပါဏိဝတ္ထု။ အဂုံတ္တရ၊ တိကနိပါတ်၊ ဝိသာခုပေါသထသုတ်တို့၌-

အနာဂါမိအရိယသာဝကာနံ ဟိ သမာဒါနဝသေန ဥပေါသထကမ္မံ နာမ နတ္ထိ။
မဂ္ဂေနေဝ အဗြဟ္မစရိယဉ္စ ဧကာဘတ္တိကဉ္စေဝ အာဂတံ။ (ဓမ္မ၊၅၊၁၁။၂၄၀)

ဟူ၍လည်းကောင်း

http://www.dhammadownload.com

ယာဝဇီဝံ အရဟန္တော ဧကဘတ္တိကော ရတ္တူပရတော ဝိကာလဘောဇနာ။

ဟူ၍လည်းကောင်း (အံ၊၁။၂၁၂) လာသည်။

ဟိ သစ္စံ၊ မှန်၏။ အနာဂါမိ အရိယသာဝကာနံ၊ အနာဂါမ်, အရိယာပုဂ္ဂိုလ်တို့အား။ သမာဒါနဝသေန၊ ဆောက်တည်သည်၏အစွမ်းဖြင့်။ ဥပေါသထကမ္မံ နာမ၊ ဥပုသ်ကံ မည်သည်။ နတ္ထိ၊ မရှိ။ မဂ္ဂေနေဝ၊ အရိယမဂ်ဖြင့်သာလျှင်။ အပြဟ္မစရိယဉ္စ၊ အပြဟ္မစရိယ သည်လည်းကောင်း။ ဧကဘတ္တိကဉ္စေဝ၊ မွန်းမတည့်မီသာ ဘောဇဉ်ကို သုံးဆောင်ခြင်း ဟူသော ဧကဘတ္တိကလည်းကောင်း။ အာဂတံ၊ လာ၏။

ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်သည်။ ဧကဘတ္တိကော၊ မွန်းမတည့်မီသာ ဘောဇဉ်ကို စားသည်။ ဟောတိ၊ ဖြစ်၏။ ရတ္တိ၊ ညဉ့်အခါ၌။ ဝိကာလ-ဘောဇနာ၊ နေ့လွဲ ညစာ စားခြင်းမှ။ ဥပရတော၊ ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။

ဤကား ဝိကာလအရ ဝိကာလဘောဇနအရကို သိသာအောင် ပြသည်။ အနာ-ထပိဏ်သူဌေးအိမ်တွင် ကဿပမည်သော သူရင်းငှားယောက်ျားကို ခြွင်းချန်၍ တစ်ယောက် မကျန် ဥပုသ်ဆောက်တည်ကြသောကာလ နို့စို့သားငယ်များကို ခံတွင်းဆေးလျှော်စေပြီး လျှင် အာဟာရ မဆာ,မမွတ်ရအောင် စတုမဓုအရသာကို ခံတွင်း၌ ထည့်၍ ဥပုသ်ဆောက် တည်ကြောင်းကို ဓမ္မပဒ၊ ၂-ခုမြောက်သော အပ္ပမာဒဝဂ်၊ သာမာဝတီဝတ္ထုတွင်–

သဗ္ဗေပိ ဥပေါသထိကာဝ ဟောန္တိ။ အန္တမသော ထနပါယိနောပိ ဒါရကေ မုခံ ဝိခါလေတွာ စတုမဓုရံ မုခေ ပက္ခိပေတွာ မဟာသေဋ္ဌိ ဥပေါသထိကေ ကာရေသိ-

ဟု လာသည်။ (ဓမ္မပဒ၊၁။၁၃၁။ ထောက် ဝိသဒိသံ)

သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ ဥပေါသထိကာဝ၊ ဥပုသ်ဆောက်တည်ကြ ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အန္တမသော၊ အယုတ်အားဖြင့်။ ထနပါယိနောပိ၊ နို့စို့သောအရွယ် ရှိသည်လည်းဖြစ်ကုန်သော။ ဒါရကေ၊ သူငယ်တို့ကို။ မုခံ၊ ခံတွင်းကို။ ဝိခါလေတွာ၊ ဆေးလျှော်၍။ စတုမဓုရံ၊ စတုမဓုအရသာကို။ မုခေ၊ ခံတွင်း၌။ ပက္ခိပေတွာ၊ ထည့်စေ၍။ မဟာသေဋ္ဌိ၊ သူဌေးကြီးသည်။ ဥပေါသထိကေ၊ ဥပုသ် ဆောက်တည်စေသည် တို့ကို။ ကာရေသိ၊ ပြုစေ၏။

ဤအဋ္ဌကထာ အလိုအားဖြင့် ယာဝကာလိကဝတ္ထုကို သုံးဆောင်လျှင် ဝိကာလ သိက္ခာပုဒ် ပျက်မည်ကြောင့် စတုမဓုအရသာကို မှီဝဲ၍ ဝိကာလသိက္ခာပုဒ်ကို စောင့်ရှောက် စေသတည်း။ ဝိနည်းဒေသနာတော်တွင်လည်း မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်

http://www.dhammadownload.com

ကျောင်းတော်တွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ ရဟန်းတော်တို့သည် တန်ဆောင်မုန်းလအခါ သာရဒိက-မည်သောအနာ ကပ်ရောက်သောကြောင့် သုံးဆောင်စားသောက်သော ယာဂုဘောဇဉ်တို့သည် ပျို့အန်ကုန်သောကြောင့် ကြုံလှိုလျော့ပါး အားနည်းလျက် အကြောပြိုင်းပြိုင်းထသောကိုယ် ရှိကြသည်ကို မြင်တော်မူ၍ အာနန္ဒာမထေရ်ကို မေးတော်မူလျှင် "သာရဒိက-မည်သောအနာ စွဲကပ်၍ ရဟန်းတို့ သုံးဆောင်သော ယာဂုဘောဇဉ်တို့သည် ပျို့အန်သောကြောင့် ကြုံလှိုလျော့ပါး အားနည်းလျက် အကြောပြိုင်းပြိုင်းထသောကိုယ် ရှိကြကြောင်း"ကို လျှောက်ထားလျှင် "အကြင်အစာသည် *(ဆေးလည်း ဖြစ်ရာ၏။ လူအပေါင်းက)* ဆေး-ဟူ၍လည်း သမုတ်အပ်၏။ လူတို့၌ အာဟာရကိစ္စကိုလည်း ပြီးစေနိုင်၏။ ရုန့်ရင်းသော အာဟာရလည်း မဟုတ်၊ ထိုဆေးကို ငါဘုရား ခွင့်ပြုတော်မူရသော် ကောင်း၏"ဟု ကြံတော်မူပြီးမှ ရဟန်းတို့ကို ခေါ်တော်မူ၍ **"အနုဇာနာမိ ဘိက္ခဝေ ဣမာနိ *(တာနိ)* ပဉ္စ ဘေသဇ္ဇာနိ ကာလေ ပဋိဂ္ဂဟေတွာ ကာလေ ပရိဘုဉ္ဇိတုံ"** ဆေး ၅-ပါးတို့ကို ကာလ၌သာ သုံးဆောင်စေခြင်းငှာ ခွင့်ပြုတော်မူသည်။ (ဝိ၊၃။နှာ-၂၉၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိ ပဉ္စ ဘေသဇ္ဇာနိ၊ ဤဆေး ၅-ပါးတို့ကို။ ကာလေ၊ နံနက်အခါ၌။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ ကာလေ၊ နံနက်အခါ၌။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်စိမ့်သောငှာ။ အဟံ၊ ငါဘုရားသည်။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

ထိုဆေး ၅-ပါးတို့ကို နံနက်အခါသာ သုံးဆောင်ကြရသဖြင့် ရဟန်းတို့သည် ထိုဝေဒနာမှ မလွတ်မငြိမ်းဘဲ ရှိခဲ့ပြန်လေရကား **"အနုဇာနာမိ ဘိက္ခဝေ တာနိ ပဉ္စ ဘေသဇ္ဇာနိ ပဋိဂ္ဂဟေတွာ ကာလေပိ ဝိကာလေပိ ပရိဘုဉ္ဇိတုံ"**ဟု ဆေး၅-ပါးတို့ကို ကာလ, ဝိကာလ ၂-ပါးတို့၌ပင် သုံးဆောင်စေခြင်းငှာ ခွင့်ပြုတော်မူပြန်သတည်း။ (ဝိ၊၃။နှာ-၂၉၁)

ဘိက္ခဝေ၊ ရဟန်းတို့။ တာနိ ပဉ္စ ဘေသဇ္ဇာနိ၊ ထို ၅-ပါးကုန်သော ဆေးတို့ကို။ ပဋိဂ္ဂဟေတွာ၊ အကပ်ခံ၍။ ကာလေပိ၊ နံနက်အခါ၌လည်းကောင်း။ ဝိကာလေပိ၊ ညဉ့်အခါ၌လည်းကောင်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ အဟံ၊ ငါဘုရားသည်။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။

ဤသို့ ခွင့်ပြုတော်မူသော ဝိနည်းမဟာဝါ၊ ဘေသဇ္ဇခန္ဓကပါဠိတော်။ ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ အနာထပိဏ္ဍိက *(သာမာဝတီ)*ဝတ္ထု၌ လာသော သုတ္တန်ဒေသနာနည်းကို ထောက်၍ ဘောဇဉ်ခဲဖွယ်မှ တပါးသော ကာလိက ၃-ပါးတို့ကို အကြောင်းရှိ၍ သုံးဆောင်ရာ၌ ဝိကာလသိက္ခာပုဒ် မျှော်။ အကယ်၍ မွတ်သိပ်ဆာလောင်ခြင်း-ဟူသော အကြောင်းဖြင့်ပင် သုံးဆောင်သည် ဖြစ်လင့်ကစား ယာဝကာလိကဘောဇဉ် မဟုတ်သောကြောင့် ဝိကာလသိက္ခာပုဒ်-ဟု ဆိုအပ်သော ပါတိမောက္ခသံဝရ သီလမပျက်။ အရသာကို ခံစားခြင်း၊

http://www.dhammadownload.com

သုံးဆောင်လိုသော စိတ်ကို မစောင့်ရှောက်ခြင်း-ဟူသော အကြောင်းကြောင့် ကျွန်ုပ်ယသံဝရသီလပျက်၏-ဟု မှတ်ရာ၏။

ဝိကာလဘောဇနသိက္ခာပုဒ် ပျက်သည်-ဆိုသည်မှာ–

ဝိကာလတာ၊ ယာဝကာလိကတာ၊ အဇ္ဈောဟရဏံ ကွမာနေ'တ္ထ တီဏိ အင်္ဂါနိ။

ဟု မာတိကာအဋ္ဌကထာ (နှာ-၂၂၅)တွင် လာသောကြောင့် နေ့လွဲအခါ ယာဝကာလိကဝတ္ထု ကို လည်ချောင်းအာစောက်တဖက်သို့ ရောက်အောင် မျိုမှ ဝိကာလသိက္ခာပုဒ် ပျက်သည်။

ဝိကာလတာ၊ နေ့လွဲသည်၏အဖြစ်။ ယာဝကာလိကတာ၊ ယာဝကာလိကဝတ္ထု၏ အဖြစ်။ အဇ္ဈောဟရဏံ၊ လည်ချောင်းအာစောက်တွင်းသို့ ရောက်အောင် မျိုခြင်း။ ဧတ္ထ၊ ဤဝိကာလဘောဇနသိက္ခာပုဒ်၌။ ကွမာနိ တီဏိ အင်္ဂါနိ၊ ဤ ၃-ပါးကုန်သော အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤတွင်ဖွေ့ ယာဝကာလိကဝတ္ထုမှ တပါးသော ကာလိကဝတ္ထုတို့ကို နေ့လွဲအခါ သုံးဆောင်ရာ၌ ဝိကာလဘောဇနသိက္ခာပုဒ် မပျက်သင့်ကြောင်းကို ပြဆိုသော စကား တစ်ရပ် အပြီးသတ်တည်း။

ဤသိက္ခာပဒဝိနိစ္ဆယကို–

- **ကိစ္ဆဂေါတ္တရသေ့**ကို ပြစ်မှားသော ကုမ္ဘဝတီပြည်၊ ဒဏ္ဍကီမင်းကြီး၏အကြောင်း,
- ခန္ဓိဝါဒီရသေ့ကို ပြစ်မှားသော ဗာရာဏသီကလာဗုမင်းကြီး၏အကြောင်း,
- အရံ ၅၀၀-နှင့်တကွ သာသနာပ ဗာဟိရရသေ့ကြီးကို ပြစ်မှားသော ဒန္တပူရမြို့၊ နာဠိကေရမင်းကြီး၏အကြောင်း,
- သာသနာပ ဗာဟိရရသေ့ကို ပြစ်မှားသော မဟိသကတိုင်း၊ အဇ္ဈနမြို့၊ ကေတကမင်းကြီးတို့၏ အကြောင်းအရာများကို–

ကလိင်္ဂမင်း, အဋ္ဌကမင်း, အမ္ဗရဋ္ဌမင်း၊ ၃-ဦးသားတို့ အကြံချင်း တူကြ၍ "ဘုရားအလောင်းတော် သရဘင်္ဂရင်ရသေ့ထံ လျှောက်ထားကြမည်" စုံညီလာရောက် လျှောက်ထားကြလေလျှင် အရှင်ရသေ့ ဖြေဆိုတော်မူကြောင်းကို စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်တော်တွင် လာသကဲ့သို့ ဤ ၄-မြို့, ၄-ရွာ, ၄-ဌာန, ၄-ဦးသားတို့ လျှောက်ထားသော စကား တူကြ၍ တလုံးတဝ တကိစ္စတည်းဖြင့်သာ ကျမ်းလာပါဠိ ရှိသည်အရ ပရမတ္ထမဉ္ဇုသဘာဝကို ထောက်ဆနှိုင်းညှိ ဆင်ခြင်ဖြေဆိုလိုက်သည်။

http://www.dhammadownload.com

၁၂၃၇-ခု၊ ဝါဆိုလဆန်း ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

၎င်းတတိယပိုင်း၌ လာရှိသော ပုစ္ဆာဝိသဇ္ဇနာတို့ အစဉ်

ပဌမပုစ္ဆာ၌ - ပစ္စယပူဇာ, ပစ္စယဒါနဓမ္မဒါနတို့၏ အကွဲအပြား၊ ကိုယ်တော်စား ရုပ်ပွါးဆင်းတု, ပိဋကတ်စာပေ, ဓမ္မစေတီ ကိုးကွယ်ရေးသား တည်ထားပြုလုပ်သည့်အရာ ဓမ္မဒါနဖြစ်မည်ကို အာမိသဒါန ဖြစ်မည်။

ဒုတိယပုစ္ဆာ၌ - ကိုယ်တော်စား ရုပ်ပွါးဆင်းတု, ပိဋကတ်စာပေ, ကိုးကွယ်ရေးသား တည်ထားသည့်အရာကို ထပ်မံ လျှောက်ထားဖြေဆိုချက်။

တတိယပုစ္ဆာ၌ - အနိစ္စ, ဒုက္ခ, အနတ္တ၊ လက္ခဏာ ၃-ပါးတွင် ဓမ္မသဒ္ဒါ၏အထူး။

စတုတ္ထပုစ္ဆာ၌ - "သဗ္ဗေ ဓမ္မာ အနတ္တာ"ဟူသော ပုဒ်၌ ဓမ္မသဒ္ဒါ၏ အနက်အထူး။

ပဉ္စမပုစ္ဆာ၌ - ကထိန်ခံခြင်း အမေး,အဖြေ။

ဆဋ္ဌမပုစ္ဆာ၌ - ရထား, မြင်း, ဆင်, ဝေါ, ယာဉ်, သန်လျင်း, ခြေနင်း, ဖိနပ်တို့ကို စီးလျက် စေတီ, သံယာတို့ကို ရှိခိုးအပ်သည်, ရှိမခိုးအပ်သည်။

သတ္တမပုစ္ဆာ၌ - နိယတမိစ္ဆာဒိဋ္ဌိကို ယူသောသူတို့ အဘယ်မျှလောက်ကာလ ငရဲ၌ ခံရ၍ အဘယ်မျှလောက်ခံမှ လွတ်မည်, မလွတ်မည်။

အဋ္ဌမပုစ္ဆာ၌ - နိယတမိစ္ဆာဒိဋ္ဌိကို ယူသောပုဂ္ဂိုလ်တို့ အလျဉ်းပင် အကျွတ်တရား ကို ရသင့်, မရသင့်။

နဝမပုစ္ဆာ၌ - ခင်ပွန်း ၁၀-ပါး အကွဲအပြား။

ဒသမပုစ္ဆာ၌ - ဝဋ္ဌန-အပြား။

ဧကာဒသမပုစ္ဆာ၌ - ပုဂ္ဂလိကဒါနအပြား ၁၄-ပါး, ၇-ပါးသော သံယိကဒါနတို့တွင် အဘယ်ဒါနလျှင် အာနိသံသဖလကို လွန်ကြူးထူးမြတ်ပါသနည်း။

http://www.dhammadownload.com

ဒွါဒသမပုစ္ဆာဌ် - နေ့,လတို့၏ ထွက်ရာ,ဝင်ရာ၊ မွန်းတည့်ရာဌာန၊ အချိန်ကာလဖြင့် မိုး,မြေ,စကြဝဠာ, သီဒါ, သတ္တရတ္တန် အရံကျွန်းကြီးတို့၏ အချင်း ယူဇနာ အကွာအဝေး။

တေရသမပုစ္ဆာဌ် - "ဒွိအဟေကုဇ္ဈေရ"ကဗျာ၏ အဖြေ။

စုဒ္ဒသမပုစ္ဆာဌ် - ဝိဓုရဇာတ် နတ်မြင်းပျံ၏အကြောင်း "ယထာပိ ဘိက္ခဝေ"စသော ဂါထာအရ အဖြေ။

ပန္နရသမပုစ္ဆာဌ် - ဂရုက်, အာသန္နက်, အာစိဏ္ဏက်, ကဋ္ဌတ္တက်-ဟူသော ပါကဒါနက် ၄-ပါး၏ ဖြစ်ဟန်။

သောဠသမပုစ္ဆာဌ် - အလှူရှင်နှင့် စေခိုင်းခံရသူ ၂-ဦးသားတို့တွင် အဘယ်သူ သာလွန်၍ အကျိုးကြီးမြတ်သည်။

သတ္တရသမပုစ္ဆာဌ် - သီလဂုဏ် ၈-ပါး, စာဂဂုဏ် ၆-ပါးတို့၏ သရုပ်အဓိပ္ပါယ်။

အဋ္ဌာရသမပုစ္ဆာဌ် - ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ ပါရမီဖြည့်ရသည့် ကာလအပိုင်း အခြား။

ဧကူနဝီသတိမပုစ္ဆာဌ် - အဘယ်သို့ သီလကို ဆောက်တည်ရမည်၊ မိမိအလိုလို ကျင့်သုံး ဆောက်တည်ရာဌာ သမာဒါန ဖြစ်,မဖြစ်။

ယာဝကာလိကဝတ္ထုမှ တပါးကုန်သော ကာလိကဝတ္ထုတို့ကို နေလွဲအခါ သုံးဆောင်သော် ဝိကာလသိက္ခာပုဒ် ပျက်မည်, မပျက်မည်။

ဤသို့လျှင် အရပ်ရပ် လူ,ရှင်,ရဟန်းတို့ မေးလျှောက်ချက်အတိုင်း ယုံမှားကင်းစေရန် ဂန္ထန္တရ-အရှိ နှိုင်းညှိဖြေဆိုတော်မူသည်။

(တတိယပိုင်းတစ်ရပ် အပြီးသတ်။)

★★★★★★★

http://www.dhammadownload.com

လုံးတော်ဆရာတော်

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

ပထမတွဲ၊ ၁။ (စတုတ္ထပိုင်း၊ ၄။)



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရန်ကုန်မြို့နေ ရဟန်းတော် ဦးမုနိန္ဒ-က *စေတီ,ပုထိုး ဝေးသောအရပ်က တစ်စုံတစ်ရာဝတ္ထုကို လှူဒါန်းသော် ဒါနဖြစ်,မဖြစ်၊*ကျောင်းအာရာမ် ပြုလို၍ အပြစ်ရှိ,မရှိ၊ *သုရာမေရယကို ကျူးလွန်ရာ၌ အပြစ်ကြီး, မကြီး၊ *သုရာမေရယကို လျှာဖျား၌ ထိရုံမျှနှင့် သုရာမေရယသိက္ခာပုဒ် ပျက်,မပျက်များကို ခြားနားစွာ ဖြေဆိုပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၅၆] "ဘုရားတပည့်တော် ရန်ကုန်မြို့၊ ဒွင်မုနိန္ဒ လျှောက်ပါသည် ဆရာတော် ဘုရား။

(၁)စေတီ, ပုထိုးနှင့် ဝေးသောအရပ်မှ တစ်စုံတစ်ခုသော ဝတ္ထုတို့ကို လှူဒါန်း ပူဇော်ကြရာ ဒါနဖြစ်မည်, မဖြစ်မည်။ (၂) ကျောင်းအာရာမ်နေရာ ပြုလို၍ ထို အာရာမ်တွင်းရှိသော စေတီတို့ကို ထိုထိုအရပ်သို့ ရွှေ့ပြောင်းသော် သင့်မည်, မသင့်မည်။ (၃) ၅-ပါးသီလတွင် သုရာမေရယသည် သာလွန်၍ အပြစ်ကြီးသည်-ဟု အချို့ပြောဆိုကြပါသည်။ အချို့လည်း မုသာဝါဒ-က သာလွန်၍ အပြစ်ကြီး သည်-ဟု ပြောဆိုကြပါသည်။ ထိုစကားကို အဘယ်သို့ ကွဲပြား၍ မှတ်သားရမည်။

http://www.dhammadownload.com

(၄) ထိုသုရာမေရယသိက္ခာပုဒ်တွင်ပင် သုရာကို အနည်းငယ်မျှ သမန်းမြက်ဖျား-စသည်ဖြင့် ထိတို့၍ သုံးဆောင်ရာ သုရာမေရယသိက္ခာပုဒ် ပျက်မည်, မပျက်မည်၊ *ထိုအနည်းငယ်မျှ အပွကဖြစ်သော သုရာမေရယသည် ကမ္မပထမြောက်၍ အပါယဂမနီယ ဖြစ်လောက်သည်, မဖြစ်လောက်သည်။

ဤသို့ ၄-ရပ်, ၄-ဌာန ကွဲပြားပြောဆိုကြသော စကားကို နေရာကျကျ သိမှတ်ပါရအောင် ပါဠို, အဋ္ဌကထာ, ကျမ်းဂန်တို့နှင့်အညီ အမိန့်ရှိတော်မူပါမှ အများသတ္တဝါ သင်္ကာပျောက်ကင်း ယုံမှားရှင်း၍ ထင်လင်းသိသာနိုင်ပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ရဟန်းတော် ဦးမုနိန္ဒ လျှောက်ချက်–

[၅၆] (၁) *(စက္ကဝါဠမုခဝဋ္ဋိယမ္ပို တိဒသပုရေပိ ဗြဟ္မလောကေပိ ဠိတာဟိ ဒေဝတာဟိ)* **ပဝိဋ္ဌာနိ အန္တလိက္ခာဝ ပတန္တိ**-(ဒီ၊၁၊၂။၁၆၇)ဟု ပါသည်။

စက္ကဝါဠမုခဝဋ္ဋိယမ္ပို၊ စကြဝဠာ၏ အနားရေးဌာနလည်းကောင်း။ တိဒသပုရေပိ၊ တာဝတိံသာနတ်ပြည်ဌာနလည်းကောင်း။/ ဗြဟ္မလောကေပိ၊ ဗြဟ္မာ့ပြည်ဌာနလည်းကောင်း။ ဠိတာ၊ တည်ကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ပဝိဋ္ဌာနိ၊ ဝင်ကုန်သည်ဖြစ်၍။ အန္တလိက္ခာဝ၊ ကောင်းကင်မှလျှင်။ ပတန္တိ၊ ချကုန်၏။

ဝရုဏဝါရုနမည်သော နတ်မင်းသည် ဘုရားလောင်း တုသိတာနတ်ပြည်မှ စုတေ၍ ပဋိသန္ဓေနေ၍ ဘုရားဖြစ်သတည်း-ဟု ကြားကတည်းကပင် ဘုရားလောင်း ပဋိသန္ဓေနေတော်မူသောအခါ, တောထွက်တော်မူသောအခါ, ဘုရားဖြစ်တော်မူသောအခါ, ဓမ္မစကြာတရားကို ဟောတော်မူသောအခါ, ယမိုက်ပြာဋိဟာကို ပြတော်မူသောအခါ, တာဝတိံသာနတ်ပြည်မှ သက်တော်မူသောအခါ, အာယုသင်္ခါရ လွှတ်တော်မူသောအခါ၊ ဤသို့သော အခါတို့ကို လွန်ခဲ့၍ မပူဇော်ရသော် 'ယခု နေ့,ည,မိုးသောက်ထတွင်ပင် အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံယူတော်မူမည်'-ကြား၍ "ဤပန်းကုံးကား ဘုရားနှင့်သာ လျော်ပတ်၏"ဟု ပန်းကုံးမပြီးမီ ဆောလျင်စွာ ယူဆောင်ခဲ့၍ စကြဝဠာ၏အတွင်း၌ အခွင့်မရသောကြောင့် စကြဝဠာအနားရေး၌ပင် ထား၍ ပူဇော်ရကြောင်းကို ၎င်းသုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာတွင်–

အနိဋ္ဌတာဝ မာလာယော ဂဟေတွာ အာဂမ္မ အန္တောစက္ကဝါဠေ ဩကာသံ အလဘမာနာ စက္ကဝါဠမုခဝဋ္ဋိယံ ဩလမ္ဗိတွာ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဒီ၊၁၊၂။၁၆၈။ ထောက် ဝိသဒိသံ)

http://www.dhammadownload.com

အနိဋ္ဌတာဝ၊ မပြီးမီလျှင်။ မာလာယော၊ ပန်းကုံးတို့ကို။ ဂဟေတွာ၊ ယူ၍။ အာဂမ္မ၊ လာလတ်၍။ အန္တေစက္ကဝါဠေ၊ စကြဝဠာတိုက်၏အတွင်း၌။ ဩကာသံ၊ အခွင့်ကို။ အလဘမာနာ၊ မရကုန်သည်ဖြစ်၍။ စက္ကဝါဠမုခဝဋ္ဋိယံ၊ စကြဝဠာအနားရေး၌။ ဩလမ္ဗိတွာ၊ ဆွဲ၍။ ဌပေန္တိ၊ ထားကုန်၏။

သို့အဋ္ဌကထာ ဖွင့်ဆိုရာ "အန္တလိက္ခာဝ ပတန္တိ"ဟူသော ရှေးစကား၌ နတ်တို့တန်ခိုးဖြင့် ပန်းတို့သည် ဘုရားရှိရာ ရှေးရှုရောက်လာကြောင်းကို လာသေး၏။ စက္ကဝါဠမုခဝဋ္ဋိယံ-ဟူသောစကား၌ ဘုရားရှိရာ ရောက်ကြောင်းကို မလာ။ စကြဝဠာ တံတိုင်းပေါ်မှာပင် ထား၍ ပူဇော်ကြောင်းကိုသာ လာသည်။

ဝိမာနဝတ္ထုအဋ္ဌကထာ(နှာ-၁၈၄)တွင်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် တစ်ယောက်သော ဒါယိကာမသည် မြတ်စွာဘုရား ကိုယ်တော်စား တည်ထားသော စေတီတော်ကို ပူဇော်အံ့သောငှာ ၄-ခုသော သပ္ပတ်ခါးပွင့်တို့ကို ယူဆောင်၍ ဆောလျင်စွာ သွားသော် စေတီတော်သို့ မရောက်မီ ခရီးအကြားတွင် နွားမ ဥဒ္ဓေလရကား ဒလိုင်းကြား လဲသွားလျှင် အသက်ကုန်သဖြင့် တာဝတိံသာနတ်ပြည်ဝယ် ကြီးကျယ်ပြန့်ပြောအံ့ဩဖွယ်သော ဗိမာန်နေရာ အရောင်အဝါတို့ဖြင့် တင့်တယ်စမွယ်သော နတ်သမီးကို တာဝတိံသာ နတ်ရွာသေ့၌နင်း သိကြားမင်းသည် ဥယျာဉ်ကစား လှည့်လည်သွားသည်တွင် တွေ့မြင်လတ်သော် "**ကိ ကမ္မ'မကရီ ဘဒ္ဒေ၊ ပုဗ္ဗေ မာနုသကေ ဘဝေ**"စသည်ဖြင့် "လူဖြစ်စဉ်ကာလက အဘယ်ပုည ကုသလကြောင့် ဤမျှကြီးကျယ် အံ့ဩဖွယ်သော နတ်၏စည်းစိမ်ချမ်းသာကို ရရှာသနည်း"ဟု မေးလတ်သည်တွင် စေတီတော်အား သပ္ပတ်ခါးပန်း လှူဒါန်းမည်သွားရာ စေတီတော်သို့ မရောက်မီ ခရီးအကြားတွင် နွားမ ဥဒ္ဓေလရကား ဒလိုင်းကြား လဲသွားလျက် အသက်ကုန်သဖြင့် တာဝတိံသာနတ်ပြည်ဝယ် ကြီးကျယ်ပြန့်ပြောအံ့ဩဖွယ်သော ဤဗိမာန်တွင် နေရကြောင်းကို–

သတ္ထု သရီရ'မုဒ္ဒိဿ၊ ဝိပ္ပသန္နေန စေတသာ။
နာ'ဿ မဂ္ဂ'မဝေက္ခိဿံ၊ တဒဂ်'မနသာ သတီ။ ။

ဟု ဖြေကြားပေ၏။ ထိုစကား၌ စေတီတော်သို့ မရောက်ကြောင်းကို "**ထူပံ အပတ္တမာနသံ**" ဟု ပါဠိတော်တွင် လာရှိသည်။ ဝိမာနဝတ္ထုအဋ္ဌကထာ(နှာ-၁၈၅)၌လည်း–

ထူပံ အပတ္တမာနသန္တိ ထူပံ စေတိယံ အသမ္ပတ္တံ အဇ္ဈာသယံ ပန မနသိ ဘာဝေတိ။ ထူပံ ဥပဂန္တာ ပုဗ္ဗေဟိ ပူဇိဿာမီ'တိ ဥပ္ပန္နမနောရထဿ အသမ္ပဇ္ဇနတာယ ဧဝံ ဝုတ္တံ ထူပံ စေတိယံ ပုဗ္ဗေဟိ ပူဇနစိတ္တံ သိဒ္ဓမေဝ– ဟု လာ၏။

http://www.dhammadownload.com

ဘဒ္ဒေ၊ အဘယ်နတ်သမီး။ ပုဗ္ဗေ မာနုသကေ ဘဝေ၊ ရှေးလူဖြစ်သော ဘဝ၌။ ကိ ကမ္မံ၊ အဘယ်ကောင်းမှုကံကို။ *(အကာရီ၊ ပြုခဲ့ဖူးသနည်း။ သတ္ထုသရီရံ၊ မြတ်စွာဘုရား၏ ကိုယ်တော်စား ဓာတ်တော်ကို။)* ဥဒ္ဒိဿ၊ ရည်၍။ ဝိပ္ပသန္နေန၊ ကြည်ညိုစွာသော။ စေတသာ၊ စိတ်ဖြင့်။ အဿာ၊ ထိုဝေဿော နွားမ၏။ မဂ္ဂံ၊ သွားလာသော ခရီးကို။ အဟံ၊ ငါသည်။ နာအဝေက္ခိဿံ၊ မမြင်,မကြည့်မိ။ တဒဂ်၊ ထိုသရီရစေတီတော်ကို။ မနသာ၊ စိတ်ဖြင့်။ သတိံ၊ သတိကို။ ဥပ္ပါဒေမိ၊ ဖြစ်စေ၏။

သရီရံ-ဟူရာ၌ "ဒမ္ဟော ပဒ္ဓော၊ သမုဒ္ဒေါ မယာ ဒိဋ္ဌော"ကဲ့သို့ အပေါင်းအမည်ကို အစိတ်၌ တင်စား၍ ၁-စိတ်သော ဓာတ်တော်ကိုပင် သရီရ-ဆိုသည်-ယူရမည်။ အစိတ် ဓာတ်တော်ပင် သရီရစေတီ မည်၏။

ဥဒ္ဒိဿကစေတီ, သရီရစေတီ, ပရိဘောဂစေတီ ၃-ပါးရှိကြောင်းကို တေရသက နိပါတ်၊ မဟာကာလိင်္ဂဇာတိဇာတ် (ဇာ၊၅၊၄၂၂။ ဓမ္မ၊၅၊၂၂ ၁၆၃)တွင် ဟောတော်မူသည်။ "သရီရစေတီကို အဘယ်သို့ ကိုးကွယ်ရမည်နည်း"ဟု အရှင်အာနန္ဒာ မေးလျှောက်ရာ(၌) လည်း သရီရစေတီမှာ "ငါဘုရား သက်တော်ထင်ရှားရှိသည်"ဟု မိန့်တော်မူသည်။

ထူပံ၊ သရီရစေတီတော်သို့။ အပတ္တမာနသံ၊ မရောက်သော စိတ်ရှိသည်ဖြစ်၍။ ထူပံ အပတ္ထမာနသန္တိ၊ ထူပံ အပတ္တမာနသံ-ဟူသည်ကား။ ထူပံ စေတီယံ၊ စေတီတော်သို့။ အပတ္တံ၊ မရောက်သေး။ အဇ္ဈာသယံ ပန၊ အလိုကိုကား။ မနသိ၊ စိတ်၌။ ဘာဝေတိ၊ ဖြစ်စေ၏။ ထူပံ သရီရံ၊ စေတီတော်သို့။ ဂန္ဒာ၊ သွား၍။ ပုပ္ဖေဟိ၊ ပန်းတို့ဖြင့်။ ပူဇိဿာမိ၊ ပူဇော်အံ့။ ဣတိ၊ ဤသို့။ ဥပ္ပန္နမနောရထဿ၊ ဖြစ်သော နှလုံးအလို၏။ အသမ္ပတ္တတာယ၊ မပြည့်စုံသည်၏ အဖြစ်ကြောင့်။ ဧဝံ၊ ဤသို့။ ထူပံ အပတ္တမာနသံ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ထူပံ စေတီယံ၊ သရီရစေတီတော်ကို။ ပုပ္ဖေဟိ၊ ပန်းတို့ဖြင့်။ ပူဇနစိတ္တံ၊ ပူဇော်သော စိတ်သည်။ သိဒ္ဓမေဝ၊ ပြီးလေသည်သာတည်း။

ထိုအခါ တာဝတိံသာ နတ်ရွာသေ့၌နင်း သိကြားမင်းကြီးသည် မာတလိနတ်သားကို ခေါ်၍ "ဥယျာဉ်လှည့်သွား ကစားမြူးတူးခြင်းသည် အဘယ်အကျိုးရှိလေအံ့နည်း။ စေတီတော်ကို ပူဇော်အံ့"ဟု စူဠာမဏိစေတီတော်တွင် ၇-ရက်ပတ်လုံး ပူဇော်၍ အရှင်နာရဒ မထေရ် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူလာရာ ထိုအကြောင်းကို သိကြားမင်း လျှောက်ထားလိုက်သောကြောင့် အရှင်နာရဒမထေရ်က သင်္ဂီယနာတင် အရှင်မြတ်တို့ကို ကြား၍ သင်္ဂီယနာ့တင်ရာ ပါဝင်ကြောင်းကို ၎င်းဝိမာန၀တ္ထုအဋ္ဌကထာ(နှာ-၁၈၇)တွင်—

http://www.dhammadownload.com

အထာ'ပရေန သမယေန ဒေဝစာရိကံ ဂတဿ အာယသ္မတော နာရဒတ္ထေရဿ သက္ကော တံ ပဝတ္တိံ ဂါထာဟေဝ ကထေသိ။ ထေရော ဓမ္မသင်္ဂါဟကာနံ အာရောစေသိ။ တေ တထာ နံ သင်္ဂဟံ အာရောပေသုံ။ –

ဟု လာသည်။

အထ ပစ္ဆာ၊ ထိုသို့ စူဠဂါမဏိစေတီတော်ကို ပူဇော်ကြပြီးနောက်မှ။ အပရေန သမယေန၊ တပါးသောအခါ၌။ ဒေဝစာရိကံ၊ နတ်ပြည် ဒေသစာရီသို့။ ဂတဿ၊ ကြွတော်မူလာသော။ အာယသ္မတော နာရဒတ္ထေရဿ၊ အရှင်နာရဒမထေရ်အား။ သက္ကော၊ တာဝတိံသာ နတ်ရွာသေ့ခ်နင်း သိကြားမင်းကြီးသည်။ တံ ပဝတ္တိံ၊ ထိုနတ်သမီးအကြောင်းကို။ ဂါထာဟေဝ၊ ဂါထာတို့ဖြင့်သာလျှင်။ ကထေသိ၊ လျှောက်ကြားပေ၏။ ထေရော၊ အရှင်နာရဒမထေရ်သည်။ ဓမ္မသင်္ဂါဟကာနံ၊ သင်္ဂါယနာတင်ကုန်သော အရှင်မြတ်တို့အား။ နံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြားပေ၏။ တေ၊ ထိုသင်္ဂါယနာတင်သော မထေရ်တို့သည်။ တထာ၊ ထိုအရှင်နာရဒမထေရ် ကြားတော်မူတိုင်းပင်။ နံ၊ ထိုပိတဝိမာနဝတ္ထုကို။ သင်္ဂဟံ၊ သင်္ဂါယနာသို့။ အာရောပေသုံ၊ တင်ကြကုန်၏။

ဤဝိမာနဝတ္ထု ပါဠိအဋ္ဌကထာအရ ပီတဝိမာနဝတ္ထုတွင်လည်း စေတီတော်နှင့် မည်မျှကွာဝေးသည်-ဟု မပါ,မလာ။ စေတီတော်သို့ မရောက်သေးသမျှကို အဝေးပင် မှတ်ရာ၏။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ဝိဿာသဂ္ဂါဟဝိနိစ္ဆယ(နှာ-၇၁)တွင် တစ်စုံတစ်ယောက်သော ရဟန်းက ဝေးသောအရပ်၌ရှိသော ပုဂ္ဂိုလ်ကို ရည်မှတ်၍ တစ်စုံတစ်ယောက်သော ရဟန်း၏လက်၌ သင်္ကန်းကို အပ်နှံပြီးသော် "ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မိ"ဟု ပစ္စုပ္ပန်ကာလဖြင့် လှူလိုက်သည်ကို ဆောင်ယူသွားသော ရဟန်းသည် လမ်းခရီးတွင် ထိုသင်္ကန်းကို စေ့ဆူဥစ္စာ မဟုတ်-ဟူသောအမှတ်ဖြင့် ဝိဿာသဂ္ဂါဟနှင့် ယူရာ ထိုစေ့ဆူဥစ္စာ မဟုတ်သောကြောင့် ဒုဂ္ဂဟိတဖြစ်၏။ **အကြင်ရဟန်းအား စေလိုက်၏။ ထိုရဟန်း၏ ဥစ္စာ-ဟူသော အမှတ်ဖြင့် ယူရာ ထိုရဟန်း၏ ဥစ္စာဖြစ်၍ သုဂဟိတ ဖြစ်၏။**

ဤသို့ ပြဆိုရာ၌ ဝတ္ထုရှင် အလှူခံပုဂ္ဂိုလ် နေရာအရပ်သည် အဝွန့်ရှည်စွာ ယူဇနာ ၁၀၀-ပင် ကွာဝေးသော်လည်း "ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မိ"ဟု ပစ္စုပ္ပန်ကာလဖြင့် လှူရာ ထိုအလှူခံပုဂ္ဂိုလ်၏ ဥစ္စာဖြစ်၍ လမ်းခရီးအကြားတွင် ဆောင်သွားသောသူသည် အလှူခံပုဂ္ဂိုလ်၏ ဥစ္စာကို ယူသည်-မည်ပေရကား ဝေးသောအရပ်၌ရှိသော စေတီတော်တို့ကို ရည်၍ ပန်း, တန်ဆောင်း, ဆီမီး, ထီး, တံခွန်-စသော ဒါနဝတ္ထုတို့ကို လှူဒါန်းကြရာ ဒါနလက္ခဏာအင်္ဂါ မြောက်သဖြင့် သွားသောသူသည် ကုသိုလ်ရ၍ ဒါနဧကန်ဖြစ်ကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

http://www.dhammadownload.com

ဤတွင်ရွှေ့ ဝေးသောအရပ်မှ ဒါနဝတ္ထုတို့ကို လှူဒါန်းပူဇော်ကြရာ ဒါနဖြစ်သင့်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတည်း။

(၂) ကျောင်းအာရာမ်နေရာ ပြုလုပ်၍ ထိုအရပ်တွင်ရှိသော စေတီတို့ကို ထိုထိုအရပ်သို့ ပြောင်းရွှေ့သော် သင့်မည်, မသင့်မည်ကို မေးလျှောက်သည်မှာ ဘုရားရှင်လက်ထက်တော်က ယခုတိုင် ကျောင်းအာရာမ်နေရာ ပြုလုပ်၍ ထိုအရပ်တွင်ရှိသော စေတီတို့ကို ထိုထိုအရပ်သို့ ပြောင်းရွှေ့ကြကြောင်းကို ထုံးဟောင်းပုံစံ ကျမ်းဂန်တို့တွင် မပါ,မလာ, မရှိ။ ဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် အနှစ် ၂၁၈-နှစ်မြောက်၌ ဓမ္မာသောကအမည်ရှိသော မင်းသည် မြတ်စွာဘုရားဓာတ်တော်တို့ကို ဇမ္ဗူဒီပ်ကျွန်းအပြင်တွင် ပြန့်နှံ့ကိုးကွယ်ကြစေလိုသော် ဓာတ်တော်ကို ရှာရာ ရာဇဂြိုဟ်ပြည်တွင် စေတီတော်တို့ကို ဖျက်စေ၍ ဓာတ်တော်တို့ကို မတွေ့ခဲ့လေလျှင် စေတီကို တည်မြဲပကတိ တည်ထားခဲ့ကြောင်းကို သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ(နှာ-၂၀၅)၌–

ရာဇဂဟေ စေတိယံ ဘိန္နာပေတွာ ဓာတုယော အပဿန္တော်ာ ပဋိပါကဋိကံ ကာရေတွာ။ – ဟု လာ၏။

ရာဇဂဟော၊ ရာဇဂြိုဟ်ပြည်၌။ စေတိယံ၊ စေတီတော်ကို။ ဘိန္နာပေတွာ၊ ဖျက်စေ၍။ ဓာတုယော၊ ဓာတ်တို့ကို။ အပဿန္တော်ာ၊ မမြင်မတွေ့သည်ဖြစ်၍။ ပဋိပါဋိကံ၊ ပြကတော့ တည်မြဲတိုင်းကို။ ကာရေတွာ၊ ပြုစေ၍။ ဌပေသိ၊ ထားပေ၏။

ထိုရာဇဂြိုဟ်ပြည် စေတီတော်တို့တွင် မတွေ့ခဲ့သော် ရာမဂ္ဂာ၊ အလ္လကပ္ပတိုင်း၊ ဝေဋ္ဌဒီပတိုင်း၊ ပါဝါပြည်၊ ကုသိနာရုံပြည် စေတီတော်တို့ကို ဖျက်၍ ဓာတ်တော်တို့ကို မရခဲ့သော် တည်မြဲပကတိ တည်ထားခဲ့ကြောင်းကို ၎င်းသုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာတွင်–

သဗ္ဗတ္ထ စေတိယာနိ ဘိန္ဒိတွာ ဓာတုံ အလဘိတွာဝ ပဋိပါကဋိကာနိ ကတွာ။ ဟု လာသည်။

သဗ္ဗတ္ထ၊ ခပ်သိမ်းသော အရပ်၌။ စေတိယာနိ၊ စေတီတော်တို့ကို။ ဘိန္ဒိတွာ၊ ဖျက်၍။ ဓာတုံ၊ ဓာတ်တော်ကို။ အလဘိတွာဝ၊ မရသည် ဖြစ်၍သာလျှင်။ ပဋိပါကဋိကံ၊ ပြကတော့ တည်မြဲတိုင်းတို့ကို။ ကတွာ၊ ပြု၍။ ဌပေသိ၊ ထားပေ၏။

ထိုရာဇဂြိုဟ်ပြည်, ရာမဂ္ဂာ, အလ္လကပ္ပတိုင်း, ပါဝါပြည်, ကုသိနာရုံပြည် စေတီတော်တို့မှာ ရှာ၍မရခဲ့သော် အသက် ၁၂၀-နှစ်ရှိပြီးသော မထေရ်ကြီး၏ထံမှ အစဉ်မပျက်သော

http://www.dhammadownload.com

စကားကို ကြားသိရ၍ ရာဇဂြိုဟ်ပြည်ကြီး၏ အရှေ့တောင်တောင့်အရပ်တွင် တော, ချုံပုတ်ပေါင်းတို့ကို ခုတ်ထွင်၍ ကျောက်စေတီကို တွေ့လေလျှင် ထိုကျောက်စေတီကို ပယ်ဖျက်၍ မြေမှုန့်တို့ကို သုတ်သင်ပြီးမှ အဇာတသတ်မင်းကြီး ဌာပနာခဲ့သော ဓာတ်တော်တို့ကို ယူ၍ မြေမှုန့်တို့ကို ဖို့မြဖို့၍ ထိုကျောက်စေတီကိုလည်း တည်မြဲတိုင်း တည်ထားခဲ့ကြောင်းကို-

ပံသုံ ပက္ခိပိတ္စာ. . . တဿ ဥပရိ ပါသာဏထူပံ ပတိဋ္ဌပေသိ။

ဟု ၎င်းသုတ်မဟာဝါ အဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ်(နှာ-၂၀၅)တွင် လာသည်။

ပံသုံ၊ မြေမှုန့်ကို။ ပက္ခိပိတ္စာ၊ ထည့်၍။ တဿ၊ ထိုမြေမှုန့်၏။ ဥပရိ၊ အထက်၌။ ပါသာဏထူပံ၊ ကျောက်စေတီကို။ ပတိဋ္ဌပေသိ၊ တည်ထားပေ၏။ ဓာတ်တော်ကို ဌာပနာသောအကြောင်းအရာကို ပြဆိုလျှင် အလွန်ကျယ်လွန်းအံ့။

ဤသို့ ကျမ်းဂန်လာသည်နှင့်အညီ ပရမတ္ထဓမ္မသဘာဝကို ထောက်ဆနှိုင်းညှိဆင်ခြင်သော် ဓမ္မာသောကမင်းကြီးမှာ ဓာတ်တော်တို့ကို ထိုထိုမြို့,ရွာတို့တွင် ပြန့်နှံ့သဖြင့် လူ,နတ်တို့ ပူဇော်ဦးညွတ်ကြ၍ သဂ္ဂမောက္ခ ဒွယဘာဂီအကျိုး တိုးပွါးကြီးမြင့်ကြသဖြင့် မြတ်စွာဘုရား ကျေးဇူးတော်,ဂုဏ်တော် ထင်ပေါ်ကျော်စောမည့်အရာကို ကောင်းစွာနှလုံးသွင်းသော ယောနိသော မနသိကာရကြောင့် အနဝဇ္ဇသုက္ကမ္မဖြစ်၍ သင့်မြတ်လှပေသည်။

ကျောင်းအာရာမ် နေရာပြုလို၍ ထိုအရပ်တွင်ရှိသော စေတီတို့ကို ထိုထိုအရပ်သို့ ပြောင်းရွှေ့သည်မှာ မိမိတို့ စေတနာရင်းကပင် မစင်ကြယ်သော အသုဒ္ဓစေတနာ, ဂါရဝ, အဝမည, သာဝဇ္ဇကဏ္ဍာဓမ္မဖြစ်၍ စင်စစ်အကုသိုလ်သာ ဖြစ်၏။ မိစ္ဆာဒိဋ္ဌိအယူရှိသောသူ, သဒ္ဓါတရား အားနည်းသောသူတို့ စေတီတော်တို့၏ အနီးအပါး အိမ်ရာချထား သား,မယား တို့နှင့်တကွ နေထိုင်ကြ၍ အဂါရဝ အပ္ပဋိသဝေအမှုကို မရှိမသေ ပြုကြသောကြောင့်လည်းကောင်း လူအများတို့ စွန့်ထားသော ကျင်ကြီး,ကျင်ငယ် ရွံရှာဖွယ်တို့ဖြင့် မတင့်တယ်မလျောက်ပတ်သောကြောင့်လည်းကောင်း လျောက်ပတ်သင့်တင့်ရာသို့ သဒ္ဓါဗလဝရှိ၍ သတိပညာနှင့် ပြည့်စုံသသူ လူသူတော်ကောင်းတို့ ရွှေ့ပြောင်းတည်ထားသည်မှာ အလွန်သင့်မြတ်ရာသည်ဖြစ်၍ အကျိုးသာ ဖြစ်၏၊ အပြစ် မရှိ။

အကုသိုလ်စေတနာမှသာ အကုသိုလ်အကျိုး ဖြစ်ရာ၏။ ကုသိုလ်စေတနာမှန်က အကုသိုလ် မဖြစ်ရာ။ ကုသိုလ်စေတနာမှ ကုသိုလ်အကျိုး ဖြစ်ရာသည်။ အကုသိုလ်စေတနာမှန်က ကုသိုလ်အကျိုး မဖြစ်ရာ။

ထို့ကြောင့် အဋ္ဌာနသုတ် အင်္ဂုတ္တရပါဠိတော်(အံ၊၁။၃၀-၁)၌—

http://www.dhammadownload.com

အဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကာယသုစရိတဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော နိဗ္ဗတ္တေယျ။ နေ'တံ ဌာနံ ဝိဇ္ဇတိ။

အဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကာယဒုစ္စရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ။ နေ'တံ ဌာနံ ဝိဇ္ဇတိ။ –

အစရှိသည်ဖြင့် ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယသုစရိတဿ၊ ကာယသုစရိုက်၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ။ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြောင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ အဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယသုစရိတဿ၊ ကာယသုစရိုက်၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ။ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြောင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဘိက္ခဝေ၊ တို့။ ကာယဒုစ္စရိတဿ၊ ကာယဒုစရိုက်၏။ ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်သက်အပ်သော။ မနာပေါ။ နှလုံးကို ပွားစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြောင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ အဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာ မဟုတ်။

ဘိက္ခဝေ၊ တို့။ ကာယဒုစ္စရိတဿ၊ ကာယဒုစရိုက်၏။ ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်သက်အပ်သော။ မနာပေါ။ နှလုံးကို ပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြောင်ကြောင့်။ နိဗ္ဗတ္တေယျ၊ ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

ဤတွင်ရွေ့ ကျောင်းအာရာမ်နေရာ ပြုလို၍ ထိုအရပ်တွင်ရှိသော စေတီတို့ကို ထိုထို အရပ်သို့ ပြောင်းရွှေ့သင့်သည်, မပြောင်းရွှေ့သင့်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၃) "၅-ပါးသီလတွင် သုရာမေရယသည် သာလွန်၍ အပြစ်ကြီးသည်-ဟု ပြောဆိုကြပါသည်။ အချို့ကလည်း မုသာဝါဒ သာလွန်၍ အပြစ်ကြီးသည်-ဟု ပြောဆိုကြပါသည်။ ထိုစကားကို အဘယ်သို့ ကွဲပြား၍ မှတ်သားပါရမည်နည်း"ဟု မေးလျှောက်သည်မှာ–

http://www.dhammadownload.com

[ဤကျမ်း၊ ပထမတွဲ၊ စတုတ္ထပိုင်း၊ ပုဒ်မ-၅၆၊ အပိုဒ် ၃-၏ အဖြေကို တတိယတွဲ(လုံးတော်)၊ ဒုတိယပိုင်း၊ ပုဒ်မ ၁၅၁-တွင် ၌ရန်။]

(၄) ထိုသုရာမေရယသိက္ခာပုဒ်တွင်ပင် "သုရာကို အနည်းငယ်မျှ သမန်းမြက်ဖျား စသည်ဖြင့် ထိတို့သုံးဆောင်ရာ သုရာမေရယသိက္ခာပုဒ် ပျက်သည်, မပျက်သည်ကို အနည်းငယ်မျှ အပွကဖြစ်သော သုရာမေရယသည် ကမ္မပထမြောက်၍ အပါယဂမနိယဖြစ်လောက်သည်, မဖြစ်လောက်သည်"အရာကို မေးလျှောက်သည်မှာ–

[ဤကျမ်း၊ ပထမတွဲ၊ စတုတ္ထပိုင်း၊ ပုဒ်မ-၅၆၊ အပိုဒ် ၄-၏ အဖြေကို ဤကျမ်း၊ ပထမတွဲ၊ စတုတ္ထပိုင်း၊ ပုဒ်မ-၆၀၊ အပိုဒ် ၅-တွင် ၌ရန်။]

ဤတွင်ခွေ့, သုရာမေရယကို အနည်းငယ်မျှ သမန်းမြက်ဖျား-စသည်ဖြင့် ထိတို့၍ သုံးဆောင်ရာ သုရာမေရယသိက္ခာပုဒ် ပျက်မည်, မပျက်မည်။ ထိုအနည်းငယ်မျှ အပွကဖြစ်သော သုရာမေရယသည် ကမ္မပထမြောက်၍ အပါယဂမနိယ ဖြစ်,မဖြစ်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

၁၂၃၅-ခု၊ တော်သလင်းလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

မန္တလေးမြို့၊ အနောက်ပြင်အပိုင်၊ အမရဋ္ဌာနီရပ်၊ သူရဲကြီးအောက်ကင်း၊ ဗျည်းတပ်၊ ဒါယကာ မောင်ရွှေအောင်-က ကေသရရာဇာခြင်္သေ့မင်း၏ ရဲစွမ်းလျင်မြန်ခြင်းကို ကွဲပြားခြားနား၍ မိန့်ဆိုတော်မူပါမည့် အကြောင်းနှင့် လျှောက်ထားချက်

[၅၇] "ဘုရားတပည့်တော် သူရဲကြီးအောက်ကင်း ဗျည်းတပ်၊ ဒါယကာ ငရွှေအောင် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

ကေသရရာဇာခြင်္သေ့သည် ဟိမဝန္တာ ရတနာရွှေဂူမှ ထွက်ပြူကွန်မြူးသောအခါ ၃-ယူဇနာ ကြားလောက်အောင် ဟောက်သော အသံနှင့်အတူ ၃-ယူဇနာအရပ်၌ ရှိသော သားကို ဖမ်းစားပြီးကာလ ရွှေဂူဝသို့ ခဏမကြာ ရောက်လာ၍ တဖန် ခြင်္သေ့-အသံကို နာခံမိသေးသည်-ဟု တုတုပပ ပြောဆိုကြသော စကားသည်

http://www.dhammadownload.com

နားနှင့် မတန်၊ သို့ကလောက် အသံကို ဆန်ထုပ်၍ပင် လိုက်လင့်ကစား တောဖျား တောင်လမ်း၊ ချောက်ကမ်းထုံးအိုင်၊ ဂနိုင်အထု၊ အစုစုသော ကန္တာရတို့ဖြင့်၊ ဝိသေသနေရာ၊ ဟိမဝန္တာဆိုသော တောလည်း၊ အံ့သြဖွယ်အတိ၊ ဓိပတိနေရာမို့၊ မြေသာသည်လည်း မဟုတ်ခဲ့၊ တကယ့်သေသ၊ တကယ့်ဌာနမှာ၊ စွာန်ရ၍ ပျံလျှင်ဖြင့်၊ မြန်စရာရှိ၏-ဟု တပည့်တော်တို့ ဉာဏ်အမြင်ဝယ် သို့ထင်လျက် ရှိသော်လည်း မသိ၍သာ ဖြစ်တန်ရာသည်-ဟု ကြံရာလည်း ၁-ချက်၊ စိတ်ဇဝက် ၂-ခွန့်၊ နေရာမကျ၊ ဒုဟဋ္ဌဖြစ်ပါ၍ ဆရာတော်ဘုရား ပိုင်းခြားဝေဖန်၍ ဟုတ်မှန်ရာကို ဟောတော်မူပါလျှင် ဒကာ ငရွေအောင်မှာ မိုက်မှောင်အဝိဇ္ဇာ ကင်းကွာလွင့်ပျောက်၍ လူတစ်ယောက်အခေါ် ခံရအောင် ကျမ်းဂန်နှင့် ညှိပြီးလျှင် တည်ငြိမ်,တရိုန်ရိုန်၊ တထိန်ထိန်,တလက်လက်၊ ပြိုးပြက်ဝင်းပြောင်၊ ဒေသနာတော် တန်ဆောင်ကို စိုက်ထောင်ထွန်းဝင်း၊ လူခပင်းအား၊ အလင်းကို ပြတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွရိုကြိုး၊ ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စကားပါ ဒါယကာမောင်ရွှေအောင် လျှောက်ချက်-

[၅၇] ဟိမဝန္တာ၌ ကေသရရာဇာခြင်္သေ့မင်း၏အကြောင်းကို မေးလျှောက်သည်မှာ ကေသရရာဇာမည်သော ခြင်္သေ့မင်းသည် နူတ်သီးဖျား, အမြီးဖျား, ခြေ ၄-ဘက် အဖျားတို့သည် ခြိပ်ရည်အဆင်းနှင့် တူသောအဆင်း ရှိကုန်၏။ ထိပ်မှစ၍ ကျောက်ကုန်းသို့လည်း ခြိပ်ရေဖြင့် ရေးသားသကဲ့သို့ ၃-ချောင်းသော အရေးတို့သည် ထင်၍ ပေါင်ကြားသို့ ဝင်ပြီး လျှင် လက်ယာရစ် လှည့်၍ တည်ကုန်၏။ ကျောက်ကုန်း၌ကား အဖိုး ၁-သိန်းထိုက်သော ကမ္မလာနီဖြင့် ရံသကဲ့သို့ ဖားဖားကျ၍ ပွရရွှိသော အမွေးတို့ဖြင့် အလွန်တင့်တယ်ကုန်၏။ ထိုမှ ကြွင်းသမျှအရပ်မှာ စင်ကြယ်သော သလေးမုန်ညင်းဆိုင် အဆင်းနှင့် တူသောအဆင်း ရှိ၏။ ထိုကေသရရာဇာမည်သော ခြင်္သေ့သည် မိမိနေရာ ဟိမဝန္တာဝယ် ရွှေဂူ, ငွေဂူ, မြဂူ, မနောသီလာ-မည်သော ဂူတို့တွင် တစ်ခုခုမှ ထွက်လိုလတ်သော် ၄-ပါးသော အကြောင်းတို့တွင် ၁-ပါးပါးသော အကြောင်းတို့ကြောင့် ထွက်၏။ ၄-ပါးသောအကြောင်း ဟူသော်ကား-

- အမိုက်ဖြင့် နှိပ်စက်သည်ဖြစ်၍ အလင်းကို ရလိုသောကြောင့်လည်းကောင်း
- ကျင်ကြီး, ကျင်ငယ်ဖြင့် နှိပ်စက်သည်ဖြစ်၍ ကျင်ကြီး,ကျင်ငယ်ကို စွန့်လိုသောကြောင့်လည်းကောင်း

http://www.dhammadownload.com

- အစာငတ်မွတ်သည်ဖြစ်၍ အစာ စားလိုသောကြောင့်လည်းကောင်း

- မေထုန် မှီဝဲလိုသောကြောင့်လည်းကောင်း–

ဤ ၄-ပါးတို့တွင် ၁-ပါးပါးကြောင့် ထွက်ပြီးသော ရွှေဥ, ငွေဥ, မြဖလ်, မနောသီလာ-ဟူသော အပြင်တို့တွင် အမှတ် မရှိ၊ တပါးပါးသော အပြင်၌ နောက်ခြေ ၂-ဖက်တို့ကို ညီညွတ်စွာ ထား၍ ရှေ့လက် ၂-ဖက်တို့ကို ရှေ့သို့ ဆန့်ပြီးလျှင် နောက်အဖို့ကို ငင်၍ ရှေ့အဖို့ကို ချိုကြွလျှင် ကျောက်ကုန်းကို ညွတ်၍ လည်ကို ဆန့်ပြီးသော် မိုးကြိုးသဲကဲ့သို့သော အသံဖြင့် နှာခေါင်းဖုတို့ကို ပုတ်ခတ်လျက် ကိုယ်၌ရှိသော အညစ်အကြေးတို့ကို ခါသဖြင့် စမ္မယ်၏။

စမ္မယ်ရာအရပ်၌ နွားသူငယ်ကဲ့သို့ ထိုမှ,ဤမှ ပြေးသွားကစား မြူးတူးလတ်၏။ ထိုသို့ ထိုမှ,ဤမှ ပြေးသွားခုန်လွှား ကစားမြူးတူးသော ခြင်္သေ့မင်း၏ လျင်မြန်ခြင်းသည်ကား အားကြီးသော ယောက်ျားသည် အားစွမ်းကုန် ထုတ်ပြီးလျှင် မိုက်လှသော မှော်ကြိုးဝယ် မီးကျီးခဲ, မီးစကို ထိုမှ,ဤမှ လည်လှအောင် မွှေရမ်းသကဲ့သို့ ထင်၏။ ဤသို့ စမ္မယ်ပြီးသော် ကေသရရာဇာမည်သော ခြင်္သေ့မင်းသည် ၃-ကြိမ်တိုင် ခြင်္သေ့မင်းအသံကို ဟောက်၏။ ထိုအသံသည် ၃-ယူဇနာရှိသော အရပ်၌ တပြိုင်နက်သော ပဲ့တင်သံကို ပြု၏။

ထို့ကြောင့် ဟိမဝန္တသုတ်(သီဟသုတ်)၊ သံယုတ်အဋ္ဌကထာ(သံ၊၅၊၂။၂၆၂။ ထောက် ဝိသဒိသံ)၌–

> **ဧဝံ ဝိဇ္ဇိတ္ဘာ တိက္ခတ္ထုံ သီဟနာဒံ နဒတိ။ သော သဒ္ဒေါ သမန္တာ တိယောဇနပဒေသံ ဧကနိန္နာဒံ ကရောတိ။**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧဝံ၊ ဤသို့။ ဝိဇ္ဇိတ္ဘာ၊ ကွန့်မြူးစမ္မယ်၍။ တိက္ခတ္ထုံ၊ ၃-ကြိမ်။ သီဟနာဒံ၊ ခြင်္သေ့မင်း၏ အသံကို။ နဒတိ၊ ဟောက်၏။ သော သဒ္ဒေါ၊ ထိုအသံသည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ တိယောဇနပဒေသံ၊ ၃-ယူဇနာရှိသော အရပ်ကို။ ဧကနိန္နာဒံ၊ တပြိုင်နက်သော ပဲ့တင်သံကို။ ကရောတိ၊ ၏။

ထိုခြင်္သေ့မင်း၏ အသံကို ကြားကုန်သော ၃-ယူဇနာအတွင်း တွင်းခေါင်း, ကြည်း, ရေကို နေမှီကပ်ကြသမျှ သတ္တဝါတို့သည် 'ယခုအခါ ငါတို့ကို ဖမ်းယူသတ်စားလာလတ်မည်' ဟု သေဘေးမှ အလွန်ကြောက်ကြ၍ နက်လှစွာသော တွင်း, ရေသို့ ငုတ်လျှိုးတိုးဝင်၍ ကောင်းကင်၌ ကျက်စားသော ဌက်တို့သည်လည်း အထက်မြင့်ရာသို့ ပျံကြ၍ ရာဇဌာနီ၊ မင်းနေပြည်-စသော ဌာန၌ ကြီးလှစွာသော သရေကြီးလွန်ဖြင့် လွန်စွာ ချည်နှောင်ထား

http://www.dhammadownload.com

သော ဆင်ပြောင်ကြီးတို့သည် ကျင်ကြီး,ကျင်ငယ် ခွံရှာဖွယ် လိမ်းကပ်လျက် ကြီး,လွန်ကို ရုန်းဖြတ်၍ ရောက်တတ်ရာရာ ပြေးသွားလေကြသည်။

ထို့ကြောင့် ၎င်းဟိမဝန္တသုတ်၊ သံယုတ်အဋ္ဌကထာ(၂။၂၆၂)၌—

> **တဿ နိန္နာဒံ သုတ္ဝာ တိယောဇနန္တရဂတာ ဒ္ဝိပဒစတုပ္ပဒဂဏာ သကသကဋ္ဌာနေ ဋ္ဌာတုံ န သက္ကောန္တိ၊ ဣဒါနိ နော အာဂန္ဒာ ဂဏ္ဍိဿတီ'တိ ဘီတာ မဂ္ဂံ ဩလောကေန္တာ ဗိလဝါသိနော အဟိနဂုံလဂေါဓဒယော ဗိလံ ပဝိသန္တိ။ ဥဒကဝါသိနော မစ္ဆကစ္ဆပါဒယော ဥဒကံ ပဝိသန္တိ။ ဝနဝါသိနောပိ ဟတ္ထိ အာသဂေါကဏ္ဏမိဂါဒယော ဝနံ ပဝိသန္တိ။ အာကာသံ ပက္ခိနော ဂမန္တိ, တသန္တိ။ ယေပိ တေ ဂါမနိဂမရာဇဋ္ဌာနေသု ဒဋ္ဌေဟိ စမူမဟာရဇ္ဇူဟိ ဗန္ဓာ နာဂါဒယော တေပိ တာနိ ဗန္ဓာနိ ဆိန္ဒိတ္ဝာ ဘီတာ မုတ္ထကရိသံ စဇမာနာ ယေန ဝါ တေန ဝါ ပလာယန္တိ။**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တဿ၊ ထိုကေသရရာဇာ ခြင်္သေ့မင်း၏။ နိန္နာဒံ၊ ဟောက်သော ပဲ့တင်သံကို။ သုတ္ဝာ၊ ကြား၍။ တိယောဇနန္တရဂတာ၊ ၃-ယူဇနာတွင်း၌ ရှိကုန်သော။ ဒ္ဝိပဒစတုပ္ပဒဂဏာ၊ အခြေ ၂-ခု, အခြေ ၄-ခုရှိကြကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ သက သကဋ္ဌာနေ၊ မိမိ မိမိတို့၏နေရာ၌။ ဋ္ဌာတုံ၊ တည်ခြင်းငှာ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ ဣဒါနိ၊ ယခု။ နော၊ ငါတို့ကို။ အာဂန္ဒာ၊ လာ၍။ ဂဏ္ဍိဿတိ၊ ယူလတ္တံ့။ ဣတိ၊ ဤသို့။ ဘီတာ၊ ကြောက်လန့်ကြကုန်သည်ဖြစ်၍။ မဂ္ဂံ၊ ပြေးရာခရီးကို။ ဩလောကေန္တာ၊ ကြည့်ကုန်လျက်။ ဗိလဝါသိနော၊ တွင်း၌ နေကုန်သော။ အဟိနဂုံလဂေါဓဒယော၊ မြွေ, မြွေပါ, ဖွတ် အစရှိကုန်သော သတ္တဝါတို့သည်။ ဗိလံ၊ အလွန်နက်သော တွင်းသို့။ ပဝိသန္တိ၊ ဝင်ကြကုန်၏။ ဥဒကဝါသိနော၊ ရေ၌ နေကြကုန်သော။ မစ္ဆကစ္ဆပါဒယော၊ ငါး, လိပ်-အစရှိသည်တို့သည်။ ဥဒကံ၊ နက်သော ရေသို့။ ပဝိသန္တိ၊ ဝင်ကြကုန်၏။ ဝနဝါသိနော၊ တောင်၌ နေကုန်သော။ ဟတ္ထိ အာသ ဂေါကဏ္ဏ မိဂါဒယောပိ၊ ဆင်, မြင်း, နွား, ကွဲ, သမင်-အစရှိသည်တို့သည်လည်း။ ဝနံ၊ နက်သော တောသို့။ ပဝိသန္တိ၊ ဝင်ကြကုန်၏။ ပက္ခိနော၊ ငှက်တို့သည်။ အာကာသံ၊ မြင့်ရာ ကောင်းကင်သို့။ ဂမန္တိ၊ ပျံတက်ကြကုန်၏။ တသန္တိ၊ ထိတ်လန့်ကြကုန်၏။ ဂါမနိဂမရာဇဋ္ဌာနေသု၊ ရွာ,နိုင်ုံး, မင်းနေပြည်တော်တို့၌။ ဒဋ္ဌေဟိ၊ မြဲမြံခိုင်ခံ့ကုန်သော။ စမူမဟာရဇ္ဇူဟိ၊ ကြီးစွာသော သားရေလွန်ကြိုးတို့ဖြင့်။ ဗန္ဓာ၊ မြဲစွာ ချည်နှောင်အပ်ကုန်သော။ ယေ ပိ တေ နာဂါဒယော၊ အကြင် ဆင်ပြောင်ကြီး-အစရှိသည်တို့သည်လည်း။ တာနိ ဗန္ဓာနိ၊ ထိုအနှောင်အဖွဲတို့ကို။ ဆိန္ဒိတ္ဝာ၊ ဖြတ်၍။ မုတ္ထကရိသံ၊ ကျင်ငယ်,ကျင်ကြီးကို။ စဇမာနာ၊ စွန့်ကုန်လျက်။ ယေန ဝါ တေန ဝါ၊ အကြင်အမှတ် မရှိ ပြေးမိပြေးရာအရပ်သို့။ ပလာယန္တိ၊ ပြေးကြကုန်၏။

http://www.dhammadownload.com

ထိုကေသရရာဇာခြသ္ရေမင်းသည် စမ္ပယ်ရာကျောက်ဖျာ၌ ရပ်လျက် ခုန်လွှားမြူးတူး သည်ရှိသော် လက်ဝဲသို့လည်းကောင်း လက်ယာသို့လည်းကောင်း ၁-ဥသဘ ရောက်၏။ ၁-ဥသဘ-ဟူသည် တာ ၂၀-တည်း။ တာ ၂၀-သည် အတောင် ၁၄၀-ရှိ၏။ အထက်သို့ ခုန်တက်သော်ကား ၄-ဥသဘ, ၈-ဥသဘ ရောက်၏။ မြေညီရာအရပ်၌ ဖြောင့်ဖြောင့်ခုန် သည်ရှိသော် ဥသဘ-၆၀, ဥသဘ ၈၀-ခုန်နိုင်၏။ ထိုသို့ ခုန်လွှားရာ ကောင်းကင်ခရီးအကြား တွင် သစ်ပင်,တောင်တို့သည် ရှိခဲ့အံ့၊ လက်ဝဲသို့လည်းကောင်း လက်ယာသို့လည်းကောင်း အထက်သို့လည်းကောင်း ၁-ဥသဘ လွဲနိုင်၏။ ၃-ကြိမ်မြောက် ခြသ္ရေမင်း၏အသံကို ဟောက်ပြီးသော် ထိုအသံနှင့်တကွ ၃-ယူဇနာအရပ်သို့ ရောက်၍ ပြန်လာသော် မိမိ၏ နေရာအရပ်မှ မိမိဟောက်လိုက်သော အသံကို နာခံမိသေး၏။

ထိုကြောင့် ဟိမဝန္တာသုတ်၊ သံယုတ်အဋ္ဌကထာ(၂။၂၆၂)၌–

> **သော ပန ဝိဇမ္ဘနဘူမိယံ ဌတွာ ဒက္ခိဏတော ဝါ ဝါမတော ဝါ ဥပ္ပတန္တော ဥသဘမတ္တံ ဥပ္ပတတိ၊ ဥဒ္ဓံ ဥပ္ပတန္တော စတ္တာရိ အဋ္ဌ ဥသဘာနိ ဥပ္ပတတိ၊ သမေ ဌာနေ ဥဂ္ဃဏ္ဟန္တော သောဠသဥသဘမတ္တမ္ပိ ဌာနံ ပတ္ထဒ္ဓတိ၊ ထလာ ဝါ ပတ္ထတာ ဝါ ပတ္ထဒ္ဓန္တော သဋ္ဌိဥသဘမတ္တမ္ပိ အသီတိဥသဘမတ္တမ္ပိ ဌာနံ ပတ္ထဒ္ဓတိ၊ အန္တရာမဂ္ဂေ ရုက္ခံ ဝါ ပတ္ထတံ ဝါ ဒိသွာ ပရိဟရန္တော ဝါမတော ဝါ ဒက္ခိဏတော ဝါ ဥဒ္ဓံ ဝါ ဥသဘမတ္တမ္ပိ အပက္ကမတိ။ တတိယံ သီဟနာဒံ နဒိတွာ တေန သဒ္ဒေါ တိယောဇနေ ဌာနေ ပညာယတိ၊ တိယောဇနံ ဂန္ဒွာ နိဝတ္တိတွာ ဌိတော အတ္တနော နဒဿ အနုနာဒံ သုဏာတိ။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သော ပန၊ ထိုကေသရရာဇာခြသ္ရေမင်းသည်ကား။ ဝိဇမ္ဘနဘူမိယံ၊ စမ္ပယ်သော မြေအရပ်၌။ ဌတွာ၊ ၍။ ဒက္ခိဏတော ဝါ၊ လက်ယာမှလည်းကောင်း။ ဝါမတော ဝါ၊ လက်ဝဲမှလည်းကောင်း။ ဥပ္ပတန္တော၊ ခုန်လွှားသည်ရှိသော်။ ဥသဘမတ္တံ၊ ၁-ဥသဘအရပ်သို့။ ဥပတတိ၊ ခုန်လွှားနိုင်၏။ ဥဒ္ဓံ၊ အထက်သို့။ ဥပ္ပတန္တော၊ ခုန်လွှားသည်ရှိသော်။ စတ္တာရိပိ-ဥသဘာနိ၊ ၄-ဥသဘတို့သို့လည်းကောင်း။ အဋ္ဌပိ ဥသဘာနိ၊ ၈-ဥသဘတို့သို့လည်းကောင်း။ ဥပ္ပတတိ၊ ခုန်လွှားနိုင်၏။ သမေ ဌာနေ၊ ညီညွတ်ရာ မြေအရပ်၌။ ဥဂ္ဃဏ္ဟန္တော၊ ဖြောင့်ဖြောင့်ခုန်သည်ရှိသော်။ သောဠသဥသဘမတ္တမ္ပိ ဌာနံ၊ ၁၆-ဥသဘရှိသော အရပ်သို့လည်း။ ပတ္ထဒ္ဓတိ၊ ခုန်နိုင်၏။ ထလာ ဝါ၊ ကြည်းကုန်းမြင့်ရာ အရပ်မှလည်းကောင်း။ ပတ္ထတာ ဝါ၊ တောင်မှလည်းကောင်း။ ပတ္ထဒ္ဓန္တော၊ ခုန်သည်ရှိသော်။ သဋ္ဌိဥသဘ မတ္တမ္ပိ၊ ဥသဘ ၆၀-ရှိသော အရပ်သို့လည်းကောင်း။ အသီတိဥသဘမတ္တမ္ပိ ဌာနံ၊ ဥသဘ ၈၀-ရှိသော အရပ်သို့

http://www.dhammadownload.com

လည်းကောင်း။ ပက္ခန္ဒတိ၊ ခုန်နိုင်၏။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ရုက္ခံ ဝါ၊ သစ်ပင်ကို လည်းကောင်း။ ပဗ္ဗတံ ဝါ၊ တောင်ကိုလည်းကောင်း။ ဒိသ္ဝာ၊ မြင်၍။ ပရိဟရန္တော၊ လွှဲသည် ရှိသော်။ ဝါမတော ဝါ၊ လက်ဝဲမှလည်းကောင်း။ ဒက္ခိဏတော ဝါ၊ လက်ယာမှလည်းကောင်း။ ဥဒ္ဓံ ဝါ၊ အထက်သို့လည်းကောင်း။ ဥသဘမတ္တမ္မို၊ ၁-ဥသဘမျှလည်း။ အပက္ကမတိ၊ ဖဲနိုင်၏။ တတိယံ၊ ၃-ကြိမ်တိုင်။ သီဟနာဒံ၊ ခြင်္သေ့မင်း၏အသံကို။ နဒိတ္ဝာ၊ ဟောက်၍။ တေန၊ ထိုအသံနှင့်။ သဒ္ဒီ၊ တကွ။ တိယောဇနေ ဌာနေ၊ ၃-ယူဇနာအရပ်၌။ ပညာယတိ၊ ထင်၏။ တိယောဇနံ၊ ၃-ယူဇနာအရပ်သို့။ ဂန္ဒ္ဝာ၊ သွား၍။ နိဝတ္တိတ္ဝာ၊ ပြန်ခဲ့၍။ ဌိတော၊ တည်သော ခြင်္သေ့မင်းသည်။ အတ္တနော၊ မိမိ၏။ နဒဿ၊ ဟောက်သော အသံ၏။ အနုနဒံ၊ ပဲ့တင်သံကို။ သုဏာတိ၊ နာနိုင်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ကေသရရာဇာမည်သော ခြင်္သေ့မင်းသည် ၃-ယူဇနာအရပ်သို့ ရောက်၍ အလိုရှိသော သတ္တဝါကို ဖမ်းယူသတ်စားပြီးမှ ပြန်လာရာ မိမိနေရာ ရတနာရွှေဂူသို့ ရောက်မှ မိမိဟောက်လိုက်သော ပဲ့တင်သံကို နာခံနိုင်ကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။ သည်ကိုရည်၍ ပါရမီတော်ခန်း, ဟတ္ထိပါလ၊ ကဗျာကျမ်းတို့၌–

> တောင်မြင့်သီလာ၊ နေရာဝူထဲ၊ ကိန်းပြီးရဲမှ၊ ထွက်မြဲအာသာ၊ အခါလေးပါး၊ ကြိမ်လတ်ပြားမူ၊ ရွှေဝဠုမှ၊ ထွက်ပြုကွန့်ထူး၊ မြူးပျော်ရာ၌၊ ဘယ်,ညာကြွားကြွား၊ ခုန်ပျံလွှားသော်၊ နွားလားတတွန်၊ လျင်သန်မြန်လျက်၊ တိုင်းမှန်သံတောင်၊ ထောင်လည်းမက၊ စွမ်းထာမဖြင့်၊ ပေါက်ပြသုံးခါ၊ ဟောက်ကြားရာ၌၊ လိုက်နာမိလျှင်း၊ ခြင်္သေ့မင်းသည်-

ဟူ၍လည်းကောင်း

> သုံးယူဇနာ၊ ရပ်ရာကြားလောက်၊ မည်သံဟောက်၍၊ ခြိမ်းခြောက်လန့်ကြား၊ တောဝယ်သားကို၊ ဖမ်းစားရုတ်ရုတ်၊ သွေးသံစုတ်၍၊ တဖြုတ်မည်၊ ပဲ့တင်သံဖြင့်၊ ခုန်ပျံကျဝဲ၊ နေရာမြဲသို့၊ မစဲမီခင်၊ ရောက်ပြန်လျှင်သည်၊ စွမ်းအင်ထက်ကြွ၊ တတ်စွမ်းလှသား၊ သီဟရာဇာ၊ ကေသရာဟု–

ဟူ၍လည်းကောင်း

> မြေညီရာ၌၊ လေးရာတာထောက်၊ စွန်းစွန်းရောက်လျက်၊ ကုန်းမြင့်ထက်က၊ ဆင်းသက် စုတ်စုတ်၊ ပြေးအားထုတ်မူ၊ ဂါဝုတ်တိုင်အောင်၊ ဆောင်သားဇဝန၊ စွမ်းထာမဖြင့်-

ဟူ၍လည်းကောင်း စပ်ဆိုတော်မူကြလေသည်။ ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဟိမဝန္တသုတ်၊ သံယုတ်အဋ္ဌကထာမှာ ကြည့်လေ။

http://www.dhammadownload.com

၁၂၃၇-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

မန္တလေးမြို့မြောက်ပြင်၊ မြကျွန်းဥရုပ်၊ အင်းဝပန်းပဲတန်းနေ ဒါယကာမောင်ပို-က ငရဲကြီး ၈-ထပ်နှင့်တကွ ငရဲငယ်အရုပ်ရုပ်တွင် ငရဲထိန်း,ငရဲသား ရှိမည်,မရှိမည်ကို သိမှတ်ပါရမည့်အကြောင်းနှင့် လျှောက်ထားချက်

[၅၈] "ဘုရားတပည့်တော် ရတနာပုံမြို့တော်၊ အင်းဝပန်းပဲတန်းနေ ဒကာ ငပို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သော သူတို့က ငရဲထိန်း,ငရဲသား-ဟူ၍ မိမိတို့ ကံကြမ္မာအလျောက်သာ ကမ္မကရဏကို ပြုပြင်သည်-ဟု ပြောဆိုကြပါသည်။ အချို့ကလည်း လူတို့မှာကဲ့သို့ ငရဲထိန်း, ငရဲသားရှိသည်-ဟူ၍ ပြောဆိုကြပါသည်။ ထိုထို ဝါဒအသီးသီး, နည်းအထွေထွေ ဆိုကြသဖြင့် မယူမဆနိုင်ကြရှိပါ၍ ငရဲထိန်း,ငရဲသားတို့ ထင်ရှား ရှိ,မရှိကို သိသာခြားနား မှတ်သားပါရအောင် တန္တ္ရဆောင်ပြီးလျှင် တောင်ယုဂန်ပွေစွန်းဝယ်၊ ငွေလဝန်းတန်ဆောင်သည်၊ မြူမှောင်ကင်းပ၊ ကောင်းကင်ဝမှ၊ ထွန်းပလင်းထိန်သကဲ့သို့ အစိန္တေယျ သမ္မာဒွ၏ နယသာဂရ-တည်းဟူသော ဒေသနာရွှေဗျာမိန့်ခွန်းကို ဖော်ညွှန်းထုတ်ဆောင်လျက် မှောင်အဝိဇ္ဇာ၊ တိမ်သလာကို၊ ပယ်ခွါလှစ်ခွင်း၍ ရှင်းလင်းအောင် ပြတော်မူပါမှ သုတဓရ၊ သုတေသန၊ သုတဆည်းပူး၊ ဗိုလ်,လူအများတို့ မှတ်သားပါရမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်လျှောက်ရင်း ဒါယကာမောင်ပိုက ငရဲကြီး,ငရဲငယ်တို့တွင် ငရဲထိန်း, ငရဲသား ရှိ,မရှိကို လျှောက်ထားချက်-

ငရဲထိန်း, ငရဲသားတို့ ရှိ,မရှိကို မေးလျှောက်သည်မှာ- လူတို့ပြည်တွင် မင်းဒဏ် ရာဇဝတ်သင့်သောသူတို့ကို ထိုထို ရာဇဒဏ်ဖြင့် ဖြစ်သင့်သည့်အားလျော်စွာ စီရင်သော

http://www.dhammadownload.com

လက်မရွံ့ထောင်သားတို့သည် ရှိကုန်သကဲ့သို့ ထို့အတူ ငရဲ၌လည်း ငရဲသူတို့ကို မကောင်းမှု အကုသိုလ်ကံ အားလျော်စွာ ယထာရဟ-စီရင်သော ငရဲထိန်း, ငရဲသားတို့လည်း ရှိကြကုန်၏။ ငရဲသူတို့၌ အပြစ် ဖြစ်သင့်, မဖြစ်သင့်ကို ထောက်ချင့်စစ်ဆေး မေးမြန်းစီရင်သော ငရဲမင်းတို့သည်လည်း ရှိကုန်၏။ ထိုငရဲမင်းတို့ကား ဝေမာနိကပြိတ္တာတို့၏ မင်းတည်း။ ထိုပြိတ္တာတို့၏ မင်းသည် တရံတခါ နတ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစား၍ တရံတခါ ငရဲသားတို့အား တရားနှင့်အညီ စိစစ်မေးမြန်း၍ စီရင်၏။ ထိုငရဲမင်းတို့ကား ငရဲတံခါး ၄-မျက်နှာတို့၌ ၁-ယောက်စီ ရှိကြကုန်၏။ ထို့ကြောင့် တိကနိပါတ်၊ အဂုံတ္တရ၊ ဥပရိပဏ္ဏာသ၊ ဒေဝဒူတသုတ်အဋ္ဌကထာ (မ၊၃၊၁၆၄။ အံ၊၁၊၂၊၁၁၈)တို့၌–

> **ဒေဝလောကမနုဿလောကသမ္ပတ္တိယော တိရစ္ဆာနယောနိပေတ္တိဝိသယဒုက္ခာနိ စ ဧကဒေသတော ကထေတွာ နိရယဒုက္ခမေဝ ဝိတ္ထာရေန ကထေတုံ "တမေနံ ဘိက္ခဝေ နိရယပါလာ"တိ အာဒိ'မာဟ။ တတ္ထ ဧကစ္စေ ထေရာ နိရယပါလာ နာမ နတ္ထိ။ ယန္တရူပံ ဝိယ ကမ္မမေဝ ကာရဏံ ကာရေတီတိ ဝဒန္တိ၊ တံ အတ္ထိ နိရယေ နိရယပါလာတိ? အာမန္တာ၊ အတ္ထိ စ ကာရဏီကာတိ အာဒိနာ နယေန အဘိဓမ္မေ ပဋိသေဓိတမေဝ။ ယထာ ဟိ မနုဿလောကေ ကမ္မကာရဏာ ကာရကာ အတ္ထိ၊ ဧဝမေဝ နိရယေ နိရယပါလာ အတ္ထီတိ၊ ယမဿ ရညောတိ ယမရာဇာ နာမ ဝေမာနိကပေတရာဇာ၊ ဧကသ္မိံ ကာလေ ဒီဗ္ဗဝိမာနေ ဒီဗ္ဗကပ္ပရုက္ခဒီဗ္ဗဉ္ဃာနဒီဗ္ဗနာဋကာဒီသဗ္ဗသမ္ပတ္တိ အနုဘဝတိ၊ ဧကသ္မိံ ကာလေ ကမ္မဝိပါကံ ဓမ္မိကော ရာဇာ၊ စတူသု ပန ဒ္ဝါရေသု စတ္တာရော ဇနာ ဟောန္တိ။**

ဟူသော ပါဠိကို မိန့်သတည်း။

ဒေဝလောကမနုဿလောကသမ္ပတ္တိယော စ၊ လူပြည်, နတ်ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာတို့ကိုလည်းကောင်း။ တိရစ္ဆာနယောနိ ပေတ္တိဝိသယဒုက္ခာနိ စ၊ တိရစ္ဆာန်ဘုံ၌ဖြစ်သော ဆင်းရဲ, ပြိတ္တာဘုံ၌ဖြစ်သော ဆင်းရဲတို့ကိုလည်းကောင်း။ ဧကဒေသတော၊ ၁-စိတ်အားဖြင့်။ ကထေတွာ၊ ဟောတော်မူပြီး၍။ နိရယဒုက္ခမေဝ၊ ငရဲ၌ဖြစ်သော ဆင်းရဲကို သာလျှင်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ကထေတုံ၊ ဟောတော်မူခြင်းငှာ။ တမေနံ ဘိက္ခဝေ နိရယပါလာတိ အာဒိ၊ "တမေနံ ဘိက္ခဝေ နိရယပါလာ"-ဤသို့ အစရှိသည်ကို။ အာဟ၊ ဟောတော်မူပြီ။

ပါဠိတော်၏အနက်ကား–

ဘိက္ခဝေ၊ ရဟန်းတို့။ တမေနံ တံ ဧနံ၊ ထိုငရဲသူတို့ကို။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ နာနာဗာဟာသု၊ အထူးထူးသော လက်တို့၌။ ဂဟေတွာ၊ ကိုင်၍။ တတ္ထ၊ တမေနံ

http://www.dhammadownload.com

ဘိက္ခဝေ နိရယပါလာ-အစရှိသော ပါဠိ၌။ ဧကစ္စေ၊ အချို့ကုန်သော။ ထေရာ၊ မထေရ်တို့သည်။ "နိရယပါလာ နာမ၊ ငရဲထိန်းတို့ မည်သည်။ နတ္ထိ နသန္တိ၊ မရှိကုန်။ ယန္တရူပံ ဝိယ၊ ယန္တရားရုပ်ကဲ့သို့။ ကမ္မမေဝ၊ ကံသည်သာလျှင်။ ကာရဏံ၊ အကြောင်းကို။ ကာရေတိ၊ ပြုပြင်စီရင်၏"။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ တံ၊ ထိုမထေရ်တို့၏ စကားကို။ အတ္ထိ နိရယေ နိရယပါလာတိ? အာမန္တာ၊ အတ္ထိ စ ကာရဏိကာတိ အာဒိနာနယေန၊ အတ္ထိ နိရယေ နိရယပါလာတိ? အာမန္တာ၊ "အတ္ထိ စ ကာရဏိကာ"ဤသို့ အစရှိသော နည်းဖြင့်။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။ ပဋိသေဓိတမေဝ၊ မြစ်အပ်ပြီးသလျှင်ကတည်း။

ဤပါဠိတော်အနက်ကား–

နိရယေ၊ ငရဲ၌။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ အတ္ထိ၊ ရှိကုန်သလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသည်ရှိသော်။ အာမန္တာ၊ ရှိကုန်၏။ ကာရဏိကာ စ၊ အမှုကို ပြုကုန်သော သူတို့သည်။ အတ္ထိ ယထာ၊ ရှိကုန်သကဲ့သို့။ ဧဝ မေဝ၊ ဤအတူသာလျှင်။ နိရယေ၊ ငရဲ၌။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ယမဿ ရညောတိ ဧတ္ထ၊ ယမဿ ရညော-ဟူသော ပါဠိတော်၌။ ယမရာဇာ နာမ၊ ယမမင်းမည်သည်ကား။ ဝေမာနိက ပေတရာဇာ၊ ဝေမာနိကပြိတ္တာတို့၏ မင်းတည်း။ ဧကသ္မိံ ကာလေ၊ တရံတဆစ်သောအခါ၌။ ဒိဗ္ဗဝိမာနေ၊ နတ်ဗိမာန်၌။ ဒိဗ္ဗကပ္ပရုက္ခဒိဗ္ဗ-ဥယျာန ဒိဗ္ဗနာဋကာဒိ သဒ္ဒသမ္ပတ္တိ၊ နတ်ပဒေသာ, နတ်ဥယျာဉ်, နတ်ကချေသည်-စသော အလုံးစုံသော စည်းစိမ်ချမ်းသာကို။ အနုဘဝတိ၊ ခံစား၏။ ဧကသ္မိံ ကာလေ၊ တရံတဆစ်သောအခါ၌။ ကမ္မဝိပါကံ၊ ကံ၏ အကျိုးကို။ ဓမ္မိကော ရာဇာ၊ တရားနှင့်အညီ စီရင်သော မင်းသည်။ ဟောတိ၊ ဖြစ်၏။ စတူသု ဒွါရေသု၊ တံခါး ၄-မျက်နှာတို့၌။ စတ္တာရော ရာဇာနော၊ ၄-ယောက်သော ယမမင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တရံရောအခါ ရှင်မောဂ္ဂလ္လာန်မထေရ်မြတ်သည် ဘဂ္ဂတိုင်း၊ သံသုမာရဂိရိပြည်တွင် သားတို့ကို ဘေးမဲ့ပေးရာဖြစ်သော ပဲစင်းငုံတောဌ သီတင်းသုံးနေတော်မူ၍ ကျောင်း၏ အပြင် လွင်တီးခေါင်အရပ်၌ စင်္ကြံကြွသွားတော်မူလတ်သတည်း။ ထိုအခါ မာရ်နတ်သည် အရှင်မောဂ္ဂလာန်၏ ဝမ်းသို့ ဝင်၍ အူမ၏အတွင်း အစာဟောင်းအိမ်ရှိရာအရပ်၌ နေ၏။ ထိုအခါ ပဲဖြင့် ချက်သောထမင်းကို စားသော ဝမ်းကဲ့သို့ ပဲဖြင့် ပြည့်သော ပခြုပ်ကဲ့သို့ ဝမ်းသည် ပြည့်လတ်၍ ကျောက်ညောင်စောင်းကဲ့သို့ ခိုင်ခဲ့လေးလံစွာဖြစ်၍ "စင်္ကြံသွားခြင်းငှာ မလျောက်ပတ်ပြီ"ဟု ကျောင်းတွင်းသို့ ဝင်၍ ခင်းထားအပ်သော ညောင်စောင်းထက်၌ နေပြီးမှ "အဘယ်ကြောင့် ငါ၏ဝမ်းသည် ပဲဖြင့် ချက်ထားသော ထမင်းကို စားသော ဝမ်း

http://www.dhammadownload.com

ကဲ့သို့ *(ဝမ်းသည် ဖြည့်လတ်၍)* ခိုင်ခံ့လေးလံလေသနည်း"ဟု ဆင်ခြင်လတ်သော် မာရ်နတ်ကို မြင်၍ "ဟယ် မာရ်ယုတ်၊ ထွက်လော့။ အဘယ့်ကြောင့် မြတ်စွာဘုရားကို နှိပ်စက်ဘိသနည်း။ မြတ်စွာဘုရား၏ တပည့်သားကို နှိပ်စက်ဘိသနည်း။ သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး ဆင်းရဲခြင်းငှာ မဖြစ်စေလင့်"ဟု။

နိက္ခမ ပါပိမ မာ တထာဂတံ ဝိဟေသေသိ မာ တထာဂတသာဝကံ မာ တေ အဟောသိ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ။ — (မ၊၁။၄၀၈)

အစရှိသည်ဖြင့် ဆိုတော်မူသတည်း။

အကယ်၍ ယမန်နေ့၌ စားအပ်သော အစာအာဟာရတို့ကြောင့်ဖြစ်သော အစာမကြေခြင်းသည်လည်းကောင်း တပါးသော ဆန့်ကျင်ဘက်ဖြစ်သော အပြစ်ဒေါသသည်လည်းကောင်း ရှိခဲ့အံ့၊ "အလုံးစုံသော ရောဂါဘေးရန်တို့သည် ကြေပျက်ပျောက်လွင့်စေသတည်း"ဟု လက်ဖြင့် သုံးသပ်သည်ရှိသော် မာရ်နတ်သည် ကြေမွပျောက်ပျက်ခြင်းသို့ ရောက်ရာ၏။ ထိုသို့ ပြုတော်မမူဘဲ အကြောင်းကို ဆင်ခြင်တော်မူသတည်း။

ပါဠိတော်၏ အနက်ကား—

ပါပိမ၊ မာရ်ယုတ်။ နိက္ခမ၊ ထွက်လော့။ တထာဂတံ၊ မြတ်စွာဘုရားကို။ မာ ဝိဟေသေသိ၊ မနှိပ်စက်လင့်။ တထာဂတသာဝကံ၊ မြတ်စွာဘုရား၏ တပည့်သားကို။ မာ ဝိဟေသေသိ၊ မနှိပ်စက်လင့်။ တေ၊ သင့်အား။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ အဟိတာယ၊ အစီးအပွါး မရှိခြင်းငှာ။ ဒုက္ခာယ၊ ဆင်းရဲခြင်းငှာ။ မာ အဟောသိ၊ မဖြစ်စေလင့်။

"တထာဂတံ မာ ဝိဟေသေသိ"အစရှိသော ပါဠိတော်၏ အဓိပ္ပါယ်ကား သားကို နှိပ်စက်လျှင် မိဘကို နှိပ်စက်သည် မည်၏။ ထို့အတူ ဘုရားတပည့်သား သာဝကကို နှိပ်စက်လျှင် ဘုရားကို နှိပ်စက်သည် မည်၏။ ထို့ကြောင့် "မာ တထာဂတံ ဝိဟေ သေသိ"ဟု ဆိုတော်မူသတည်း။ ထိုအခါ မာရ်နတ်သည် ဤသို့ ကြံပြန်၏။ "ဤရဟန်း သိနိုင်ရာအံ့နည်း" ဟု ကြံအောက်မေ့သည်ကို အရှင်မောဂ္ဂလ္လာန် သိတော်မူပြန်လျှင် "ဟယ် မာရ်ယုတ် ပါပိမ၊ ငါ့ကို သင်-အောက်မေ့ပြန်သည်။ 'ဤရဟန်းသည် ငါ့ကို မသိမမြင်ဘဲ သိလေယောင်ကဲ့သို့ ပါပိမ နိက္ခမ-စသည်ကို ဆိုလိုက်သည်။ ဤရဟန်းကို ထား၍ ဤရဟန်း၏ ဆရာဖြစ်သော သဗ္ဗညုမြတ်စွာဘုရားသော်မှလည်း ငါ့ကို အဆောတလျင် မမြင်မသိနိုင်၍ အဘယ်မှာ ဤရဟန်း သိမြင်နိုင်လေအံ့နည်း'-ဟု သင်-ကြံအောက်မေ့သည်"ဟု ဆိုတော်မူလျှင် "ဤရဟန်းသည် ငါ့ကို သိ၍ပင် ဆိုဘိ၏"ဟု ခံတွင်းမှ ပျံတက်ပြီးလျှင် ကျောင်းပြင်သို့ ထွက်၍

http://www.dhammadownload.com

တံခါးရွက်ကို မှီ၍ နေပြန်၏။ ထိုသို့ နေသည်ကိုလည်း သိမြင်တော်မူပြန်၍ "ယခုအခါသည် စင်စစ် ငါသိ၏။ အူအတွင်းမှ ထွက်၍ တံခါးရွက်ကို မှီလျက် နေပြန်သည်–

> **ဇတ္ထာ'ဝိ ခေါ တာ'ဟံ ပါဝိမ ပဿာမိ၊ မာ တွံ မညိတ္ထ၊ နာ မံ ပဿတီတိ သော တွံ ပါဝိမ ပစ္ဆာဂ္ဂဋေ ဋ္ဌိတောဝ။"** (မ၊၁။၄၀၈)

ဟု ဆိုတော်မူ၏။

ပါဝိမ၊ ဟယ် မာရ်ယုတ်။ ဇတ္ထာပိ၊ ဤနေရာ၌လည်း။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ ပဿာမိ၊ မြင်၏။ မံ၊ ငါ့ကို။ နာ ပဿတီတိ၊ မမြင်-ဟူ၍။ တွံ၊ သင်သည်။ မာ မညိတ္ထ၊ မအောက်မေ့လင့်။ ပါဝိမ၊ ဟယ် မာရ်ယုတ်။ သော တွံ၊ ထိုသင်သည်။ ပစ္ဆာဂ္ဂဋေ၊ တံခါးရွက်၌။ ဋ္ဌိတောဝ၊ တည်၏။

ထိုအခါ အရှင်မောဂ္ဂလ္လာန်သည် ဤသို့ ကြံအောက်မေ့ပြန်၏။ "နတ်တို့သည် လူတို့၏ မကောင်းသော အနှံ့ကို ယူဇနာ ၁၀၀-အရပ်ကပင် မစင်တွင်းကို ဆင်းရအံ့သကဲ့သို့ စက်ဆုပ်ရွံရှာ လွန်စွာဆင်းရဲခြင်း ဖြစ်ဘိသည်။ ဤမာရ်နတ်သည်ကား ကြီးမားသော အာနုဘော်နှင့် ပြည့်စုံသောနတ်ဖြစ်လျက် အူတွင်းဝယ် ဝင်အောင်း၍ အစာဟောင်းအရပ်မှာ နေသည်ကို ထောက်လျှင် အလွန်လျှင် ပြစ်မှားခြင်း အားကြီးစွာ ဖြစ်ရာ၏။ ဤလောကဌ မိဘဆွေမျိုး သားချင်းပေါက်ဖော် စပ်တော်၏-ဟူသော စကားကို ကြားသိလေက တစ်စုံတစ်ယောက်မျှ မေတ္တာနှင့် ကွေကွင်း၍ စိတ်၏နှုးညံ့ခြင်း မဖြစ်ကြသူမည်သည် မရှိရာ။ ငါလည်း ဆွေမျိုးစဉ်ဆက် မပျက်သောစကား အတိတ်ဖြင့် စိတ်ကို နှုးညံ့စေပြီးမှ လွှတ်ရသော်ကောင်း၏"ဟု အောက်မေ့ပြန်၏။

> **ဘူတပုဗ္ဗာ'ဟံ ပါဝိမ ဒုဿီ နာမ မာရော အဟောသိံ။ တဿ မေ ကာဠီ နာမ ဘဂိနီ။ တဿာ တွံ ပုတ္တော ဘာဂိနေယျော အဟောသိ။ တေန ခေါ ပန သမယေန ကကုသန္ဓော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော အဟောသိ။**

အစရှိသည်ကို ဆိုတော်မူသတည်း။ (မ၊၁၊၄၀၈။ မာရတဇနိယသုတ်)

ပါဝိမ၊ ဟယ်မာရ်ယုတ်။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးခဲ့သည်ကား။ အဟံ၊ ငါသည်။ ဒုဿီ နာမ၊ ဒုဿီ-အမည်ရှိသော။ မာရော၊ မာရ်နတ်သည်။ အဟောသိံ၊ ဖြစ်ဖူး၏။ တဿ မေ၊ ထို ငါ၏။ ကာဠီ နာမ၊ ကာဠီ-ဟူသော အမည်ရှိသော။ ဘဂိနီ၊ နှမသည်။ အတ္ထိ၊ ၏။ တွံ၊ သင်ကား။ တဿာ၊ ထိုကာဠီမည်သော နှမ၏။ ပုတ္တော၊ သားဖြစ်သော။ ဘာဂိနေယျော၊ ငါ၏တူသည်။ အဟောသိ၊ ဖြစ်၏။ တေန ခေါ ပန သမယေန၊ ထိုဒုဿီမည်သော မာရ်နတ်ဖြစ်သောအခါ၌။ ကကုသန္ဓော၊ ကကုသန်အမည် ရှိတော်မူသော။ အရဟံ၊ လူ,နတ်

http://www.dhammadownload.com

တို့၏ ပူဇော်ကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောကဋ္ဌ။ ဥပပန္နော၊ ဖြစ်တော်မူသည်။ အဟောသိ၊ ဖြစ်ပြီ။

ထိုကကုသန်မြတ်စွာဘုရားအား ဝိဓုရ, သဋ္ဌိဝ-ဟူ၍ လက်ယာရံ, လက်ဝဲရံ အရှင် ၂-ပါး ရှိတော်မူ၏။ ထို ၂-ပါးတို့တွင် သဋ္ဌိဝမထေရ်သည် တောအရပ်၌ သစ်ပင်ရင်းသို့ ကပ်ပြီးလျှင် သစ်ပင်ကို မှီလျက် သညာဝေဒယိတနိရောဓသမာပတ်ကို ဝင်စားတော်မူ၏။ ထိုအခါ အရပ်ထက်ဝန်းကျင်မှ ရောက်လာကြကုန်သော နွားကျောင်းသား, ဆိတ်ကျောင်းသား, (လယ်သမား), ခရီးသွား, လှည်းသမား, ကုန်သည်, ဧည့်သည်အပေါင်းတို့သည် သဋ္ဌိဝမထေရ်ကို မြင်လေလျှင် "အလွန်ပင် အံ့ဖွယ်သရဲ ရှိစွာ၏။ ထိုင်၍ နေလျက်ပင် အရှင်ဘုရားသည်ကား ဘဝတပါး ပြောင်းသွားပျံလွန်တော်မူခဲ့၏"ဟု နိရောဓသမာပတ်သို့ ဝင်သည်ကို သေသည်ပင် ထင်မှတ်ကြသောကြောင့် တိဏကဋ္ဌ-စသော မြက်, သစ်ခွက်, သစ်ခြောက်တို့ကို ရုံးစုကြ၍ သဋ္ဌိဝမထေရ်၏ အထက်တွင် စုပုံထားပြီးမှ မီးတိုက်၍ ပြန်သွားကြလေသည်။

အရှင်ဘုရားမှာမူကား ရွှေဂူလိုဏ်ခေါင်း၌ ကိန်းအောင်းနေရသကဲ့သို့ သညာ-ဝေဒယိတနိရောဓသမာပတ်ဖြင့် ထိုညဉ့်ကို လွန်လတ်သော် သမာပတ်မှ ထပြီးလျှင် မီးကျီးစု အထက် နင်းလျက် သွားတော်မူ၍ သင်္ကန်း, သပိတ်, ပရိက္ခရာ ကောင်းစွာ ဝတ်ရုံလျက် နံနက်အခါ ဆွမ်းခံရွာသို့ ကောင်းစွာ ဝင်တော်မူပေ၏။ ထိုအခါ နွားကျောင်းသား, ဆိတ်ကျောင်းသား, လယ်သမား, ခရီးသွား, လှည်းသမား, ကုန်သည်, ဧည့်သည် လူအများတို့ ထင်ရှားတွေ့မြင်ကြရလေလျှင် "အလွန်လျှင် အံ့ဖွယ်ရှိစွ၊ ထိုင်၍ နေလျက်ပင် ဤအရှင်သည် ရှင်၍ ကြွလာပြန်ခဲ့သည်"ဟု သူထက်,ငါထက် အားပါးတက်၍ အုတ်ကြွက်ငြာသံ မြို့လုံးညံမျှ ပြောပြန်ကြသည်။

ထိုအခါ ဒုဿီမည်သော မာရ်နတ်သည် မြို့တွင်းသို့ ရောက်လာသော ရဟန်းတို့အား လူအပေါင်းတို့ကို ပူးကပ်၍ ဆဲရေးပုတ်ခတ်ကြလေကုန်ရကား ကကုသန်ဘုရား ကြားသိတော်မူရာတွင် မေတ္တာ-စသော ဗြဟ္မဝိဟာရကို ပွါးများကြစေသဖြင့် ရှိသေစွာ ပေးကမ်းလှူဒါန်း ပူဇော်ကြစေခြင်းငှာ တဖန်ထပ်၍ ပူးကပ်စီရင်ပြန်သတည်း။ ထိုအခါ "အသုဘ, အာဟာရ, ပဋိကူလ, အနိစ္စ, အနဘိရတိသညာကို ကောင်းစွာပွါးများ အားထုတ်ကြ"ဟု ဆုံးမတော်မူပြန်၏။ ကကုသန်မြတ်စွာဘုရားသည် ဝိဓုရမည်သော ရဟန္တာ လက်ယာရံ မထေရ်မြတ်နှင့် ဆွမ်းရပ်ခံ ဝင်တော်မူလတ်သည်ကို ဒုဿီမည်သော မာရ်နတ်သည် အညတရကုမာရဖြစ်သူ လူငယ်ကို ပူး၍ ဝိဓုရအရှင်မြတ်ကို ပုတ်ခတ်ညှဉ်းဆဲ ကျောက်, အုတ်ခဲဖြင့် ခေါင်းတော်ကို ပေါက်ခွဲ၍ ကျောက်,အုတ်ခဲ ပစ်သံကို ကကုသန်ဘုရား ကြားတော်မူလေက နာဂပလောကိတဖြင့် ဝိဓုရအရှင်ကို မြင်တော်မူ၍ "ဒုဿီမည်သော မာရ်နတ်

http://www.dhammadownload.com

သည် အတိုင်းအရှည်ကို မသိ"ဟု ကြည့်တော်မူသောအခါ ထိုအရာမှ စုတိ၍ အဝီစိနိရယ၌ ဝိဓုရမထေရ်မြတ်ကို ပုတ်ခတ်သော အကုသိုလ်ကံကြောင့် ခံရလေသည်။ ထိုအဝီစိ၌ ခံရသော ငရဲ၏အမည်သည်–

- ၆-ပါးသော သမ္မာသ၏ အစွမ်းအားဖြင့် အသီးသီးဖြစ်၍ ခံရသော **ဆဖဿာယတနိကငရဲ,**
- သံတံကျင်တို့ဖြင့် ထိမှ,ဤမှ ရိုက်နှက်သည်ကို ခံရသော **သက်သမာဟတငရဲ,**
- မိမိအလိုလိုပင် ဆင်းရဲဒုက္ခဝေဒနာကို ဖြစ်စေ၍ ခံရသော **ပစ္စတ္တဝေဒနိယငရဲ-**

ဟူ၍ ၃-ပါး ရှိသည်။ ထို ၃-ပါးတို့တွင်–

သက်သမာဟတငရဲ၌ ခံရကား ထိုငရဲ၌ ခံရသော ငရဲသူသတ္တဝါတို့၏ ခန္ဓာကိုယ်သည် ၃-ဂါဝုတ် ပမာဏရှိ၏။ ဒုဿီမာရ်နတ်၏ ခန္ဓာကိုယ်သည်လည်း ထိုအတူ ၃-ဂါဝုတ် ပမာဏရှိ၏။ ထိုငရဲသူ,ငရဲထိန်းတို့သည် ထန်းပင်ပမာဏရှိသော အလျှံတပြောင်ပြောင် တောက်လောင်သော သံတံကျင်တို့ဖြင့် ယူဆောင်ခဲ့၍ ၅-ကိုယ်သော ငရဲထိန်းတို့သည် ရင်ဝမှ စ၍ ခေါင်းဖျားတိုင်အောင် နှက်၍ စီရင်၏။ ထိုသို့ နှက်ကြလေသဖြင့် အနှစ် ၅၀၀-တိုင်လျှင် ခြေဖျားသို့ ရောက်ကြလေကုန်၏။ တဖန် ခြေဖျားမှ ခေါင်းဖျားသို့ ပြန်၍ နှက်ပြန်သည်ရှိသော် အနှစ် ၅၀၀-တိုင်ရောက်လျှင် ရင်ဝသို့ ဆိုက်ရောက်ကြလေကုန်၏။ ဤသို့သောနည်းဖြင့် အကြိမ် ၁၀၀-စေ့လျှင် အနှစ် ၁-သိန်း ပြည့်၏။ အနှစ် ၁-သိန်းပတ်လုံး ကြီးလှစွာသော ဆင်းရဲဒုက္ခဝေဒနာကို ခံရ၏။ ထိုငရဲသူ၏သဏ္ဌာန်သည် ကိုယ်ကား လူနှင့်တူ၏။ ခေါင်းကား ငါးနှင့် တူ၏။ အဘယ်ကြောင့်နည်းဟူမူကား လူ၏ခေါင်းသည် လုံးသောကြောင့် သံတံကျင် အရိုက်အနှက် ခက်၏။ ထို့ကြောင့် သံတံကျင် ရိုက်နှက်လွယ်စေခြင်းငှာ ငါးခေါင်းကဲ့သို့ ရှည်ရှည်ပျားပျား ငါးနှင့်တူစွာ ဖြစ်ရသတည်း။

ရေဝတီဝိမာနဝတ္ထုတွင်လည်း ဗာရာဏသီပြည်တွင် နန္ဒိယလုလင်၏ မယား ရေဝတီမည်သော မိန်းမသည် ရတနာ ၃-ပါးတို့၌ ကြည်ညိုခြင်း မရှိ။ နန္ဒိယလုလင်သည် ရဟန်း,သံဃာ၊ အထီးကျန်သော ဖုန်းတောင်းယာစကာ သတ္တဝါအပေါင်းတို့အား များစွာ ပေးလှူ၍ ဣသိပတနမိဂဒါဝုန်တောဌ် ၄-ခန်းသော တိုက်တို့ဖြင့် တန်ဆာဆင်အပ်သော ၄-ဆောင်သော ဇရပ်တို့ကို ဆောက်လုပ်လှူဒါန်းပြီးမှ ဘုရားအမှူးရှိသော သံဃာအား အလှူကြီးစွာ ပေး၍ ရေစက်သွန်းချ အမျှပေးဝေသောခဏ၌ တာဝတိံသာနတ်ရွာတွင် အနံ့,အလျား ၁၂-ယူဇနာ၊ အစောက်ယူဇနာ ၁၀၀-ရှိသော, ရတနာ ၇-ပါးတို့ဖြင့် ပြီးသော ဗိမာန်သည် ပေါက်လတ်၍ စုတိစိတ်ကျသော နောက်၌ ထိုဗိမာန်တွင် ဖြစ်၏။

http://www.dhammadownload.com

မိန်းမဖြစ်သော ရေဝတီသည် ခပ်သိမ်းသော အလှူမျိုးကို ဖျက်ဆီးတားမြစ်၍ "ရဟန်းဦးပြည်းတို့ကို အကြောင်းပြု၍ ငါ့အား လာဘ်တို့သည် ယုတ်ခဲ့ကုန်၏"ဟု ရဟန်းသံဃာကို ဆဲရေးပြောဆို၏။ ထိုအခါ ဝေဿဝဏ္ဏနတ်မင်းကြီးက ဘီးလူး ၂-ယောက်တို့ကို ခေါ်ပြီးလျှင် "၇-ရက်အတွင်း ရေဝတီမည်သော မိန်းမကို အသက်ရှင်လျက် ဥဿဒရက်ငရဲသို့ ဆွဲငင်၍ ချလတ္တံ့-ဟု ဗာရာဏသီတပြည်လုံး ကြားအောင်သွား၍ ကြွေးကြော်ချေ"ဟု စေလွှတ်လိုက်၏။ ထို့နောက်မှ ဘီလူး ၂-ယောက်တို့သည် အလျှံတပြောင်ပြောင် တောက်သော ဆံမုတ်ဆိတ်ရှိသော, အလွန်ကောက်သော နှာခေါင်းရှိလျက် ပြူးပြူးထွက်သော အစွယ်, ကြောက်မက်ဖွယ် နီသောမျက်လုံးရှိသော ရေအလျဉ်ကဲ့သို့ ပြင်းထန်အမျက် ဟူးဟူးထွက်လျက် ကြောက်မက်ဖွယ်သော အဆင်းအဂီါဖြင့် ဆောလျင်စွာ လာလတ်၍ –

ဥဒ္ဒေဟိ ရေဝတေ သုပါပဓမ္မေ၊ အပါရုတဒ္ဒါရေ အဒါနသီလေ။
နေဿာမ တံ ယတ္ထ ထုနန္တိ ဒုဂ္ဂတာ၊ သပ္ပိတာ နေရယိကာ ဒုခေ။ (ဝိမာန၊၇၃)

ဟူသော စကားကို ဆိုလျက် လက်ရုံး ၁-ဖက်စီ ဆွဲကိုင်ပြီးလျှင် ခရီးဆုံ လမ်းမြောင်ကုန်အောင် လှည့်လည်၍ ဗာရာဏသီ ပြည်လုံးမကြွင်း လူခပင်းအား ထင်ရှားသိမြင်ထင်ထင်ပြလျက် ကောင်းကင်သို့ တက်ပြီးမှ နန္ဒိယနတ်သား၏ ခံစားသော ဖြစ်အင်ကို မြင်စေအောင် ပြခဲ့၍ ဥဿဒငရဲသို့ ဆွဲငင်ယူသွား ငရဲသားတို့ကို ပေးအပ်၍ ဥဿဒငရဲသို့ ချကြောင်းကို –

> **ဥဒ္ဒေဟိ ရေဝတေ သုပါပဓမ္မေတိအာဒီနိ ဝဒန္တာ နာနာဗာဟာသု ဂဟေတွာ မဟာဇနော ပဿတူတိ သကလနဂရေ ဝီထိတော ဝီထိ' ပရိဘ္ဗမေတွာ** *(ပရိဘ္ဗမာပေတွာ)* **အာကာသံ အဗ္ဘုဂ္ဂန္ဒှာ တာဝတိံသဘဝနံ နေတွာ နန္ဒိယဿ ဝိမာနံ သမ္ပတ္တိဉ္စ'-ဿာ ဒဿေတွာ တံ ဝိလပန္တိယေဝ ဥဿဒနိရယသမီပံ ပါပေသုံ။ တံ ယမဿ ပုရိသာ ဥဿဒနိရယေ ခိပိံသု။ –**

ဟု လာ၏။ (ဝိမာန၊၄။၂၀၆)

ဥဒ္ဒေဟိ ရေဝတေ သုပါပဓမ္မေတိအာဒီနိ၊ ဥဒ္ဒေဟိ ရေဝတေ သုပါပဓမ္မေ-ဤသို့ အစရှိသော စကားတို့ကို။ ဝဒန္တာ၊ ဆိုကုန်လျက်။ နာနာဗာဟာသု၊ လက်ရုံး ၁-ဖက်စီတို့၌။ ဂဟေတွာ၊ ကိုင်၍။ မဟာဇနော၊ လူအပေါင်းသည်။ ပဿတု၊ မြင်ကြစေသတည်း။ ဣတိ၊ ဤသို့။ သကလနဂရေ၊ ဗာရာဏသီ ပြည်အလုံး၌။ ဝီထိတော၊ ခရီးတစ်ခုမှ။ ဝီထိ၊ ခရီးတစ်ခုကို။ ပရိဘ္ဗမေတွာ၊ လှည့်လည်၍။ အာကာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္ဒှာ၊ တက်၍။ တာဝတိံသဘဝနံ၊ တာဝတိံသာနတ်ပြည်သို့။ နေတွာ၊ ဆောင်၍။ နန္ဒိယဿ၊ နန္ဒိယလုလင်၏။

http://www.dhammadownload.com

ဝိမာန၌၊ ဗိမာန်ကိုလည်းကောင်း။ သမ္ဗတ္တိ၌၊ စည်းစိမ်ချမ်းသာကိုလည်းကောင်း။ အဿာ၊ ထိုရေဝတီအား။ ဒဿေတွာ၊ ပြ၍။ တံ၊ ထိုရေဝတီကို။ ဝိလပန္တိယေဝ၊ မြည်တမ်းလျက်ပင်လျှင်။ ဥဿဒနိရယသမီပံ၊ ဥဿဒငရဲ၏ အနီး၌။ ပါပေသုံ၊ ရောက်စေကုန်၏။ တံ၊ ထိုရေဝတီကို။ ယမဿ၊ ယမမင်း၏။ ပုရိသာ၊ တမန်ဖြစ်သော ငရဲထိန်းတို့သည်။ ဥဿဒနိရယေ၊ ဥဿဒငရဲ၌။ ခိပိသု၊ ပစ်ချကုန်၏။ ဥဒ္ဒေဟိ ရေဝတေ-အစရှိသည်ကား ဝိမာန၀တ္ထုပါဠိတော်တည်း။

သုပါပမမွေ၊ အလွန်ယုတ်မာသော သဘောရှိသော။ အဒါနသီလေ၊ အလှူပေးခြင်း, သီလသီတင်းဆောက်တည်ခြင်း အလေ့မရှိသော။ ရေဝတေ၊ ရေဝတီ။ ဥဒ္ဒေဟိ၊ ထလော့။ ယတ္ထ၊ အကြင်ငရဲ၌။ ဒုဂ္ဂတာ၊ မကောင်းသဖြင့် ကျကုန်သော။ နေရယိကာ၊ ငရဲသူ သတ္တဝါတို့သည်။ ဒုက္ခေန၊ ဆင်ရဲခြင်းဖြင့်။ သမပ္ပိတာ၊ နှိပ်စက်ကုန်သည်ဖြစ်၍။ ထုနန္တိ၊ ညည်းတွားကြကုန်၏။ ဝါ၊ မြည်တမ်းကြွေးကြော်ကုန်၏။ အပါရုတဒ္ဓါရေ အပါရုတဒ္ဓါရံ၊ ဟင်းလင်းဖွင့်သော တံခါးရှိသော။ တတ္ထ၊ ထိုငရဲသို့။ တံ၊ သင့်ကို။ နေသာမ၊ ဆောင်ကုန်အံ့။

ဤသို့ ရဟန်းသံဃာကို ဆဲရေးပြောဆိုသောကြောင့် နန္ဒိယလုလင်မယား ရေဝတီကို အသက်ရှင်လျက်ပင် ငရဲသို့ ဆွဲငင်ခေါ်သွား ငရဲသားတို့ကို ပေးအပ်သဖြင့် ဥဿဒရက်ငရဲသို့ ဆွဲငင်၍ ချကြောင်းကို ဝိမာန၀တ္ထုပါဠိအဋ္ဌကထာ(၇၃-၆။ ၆၊၂၀၄-၂၁၂)တွင် လာသည်။ ဤသို့ ကျမ်းဂန်လာသောကြောင့် ငရဲပြည်တွင် ငရဲထိန်း, ငရဲသားတို့ ရှိကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

၁၂၃၇-ခု၊ ဝါခေါင်လဆုတ်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

**မန္တလေးမြို့မြောက်ပြင်၊ ကြေးသွန်းရပ်နေ ဒါယကာမောင်စော၊ မောင်တော
တို့က စေတီ,ပုထိုး-စသည်တို့၌ တစ်ဦးတစ်ယောက်သောသူတို့ ညှိထွန်း
ပူဇော်သော ဆီမီး,ဖယောင်းတိုင်တို့ကို ကျောင်း,ကန်-စသော
အဆောက်အအုံတို့ကို စွဲငြိလောင်ကျွမ်းမည့်နှလုံးနှင့် သတ်ငြိမ်းရာ
အပြစ် ရှိ,မရှိကို သိလိုကြောင်းနှင့် လျှောက်ထားချက်**

[၅၉] "ဘုရားတပည့်တော် ရွှေမြို့တော်မြောက်ပြင်၊ ကြေးသွန်းရပ်နေ ဒကာ
ငစော၊ ငတေတို့ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

စေတီတော်တွင် တစ်စုံတစ်ယောက်သောသူတို့ ညှိထွန်းသော ဆီမီး, ဖယောင်း
တိုင်တို့ကို စေတီအိမ်, ကျောင်း, တန်ဆောင်း, ဇရပ်တို့ကို စွဲငြိလောင်ကျွမ်းမည့်
အရာကို နှလုံးသွင်းပိုက်၍ ငြိမ်းသတ်ရာ အချို့သောသူတို့က 'ဗုဒ္ဓသန္တက ဘုရား
ပစ္စည်းဖြစ်ပြီးသည့်အရာကို ဘာသာလျောက်လျား မဟုတ်၊ အငြိမ်းမစဲအပ်။ ငြိမ်းစဲ
သသူတို့မှာ အပြစ်မလွတ်'-ဟု ဆိုကြပါသည်။ အချို့သသူတို့ကလည်း 'စေတီအိမ်,
ကျောင်း, တန်ဆောင်း, ဇရပ်တို့ကို စွဲငြိလောင်ကျွမ်းမည်ကို စိုးရိမ်ကြောင့်ကြသဖြင့်
ငြိမ်းစဲရာ အကျိုးသာ ဖြစ်သင့်သည်၊ အပြစ်မရှိ'-ဟု ဆိုကြပါသည်။ သို့ အထွေထွေ
ဝါဒကွဲပြားး၍ စကားနေရာကျကို ယထာဘူတဖြစ်အောင် စင်စစ် မသိနိုင်ကြ ဖြစ်ပါ
၍ နေရာကျ သိမှတ်ပါရအောင် သာဓကဆောင်ပြီးလျှင် တောင်ယုဂန္ဓာစွန်းဝယ်
ငွေလဝန်းတန်ဆောင်သည် မြူမှောင်ကင်းပ ထွန်းပလင်းထိန်သကဲ့သို့ အစိန္တေယျ
သမ္မာဒွ၏ နယသာဂရတည်းဟူသော ဒေသနာ ရွှေဗျာမိန့်ခွန်းကို ဖော်ညွှန်းထုတ်
ဆောင်လျက် မှောင်အဝိဇ္ဇာ တိမ်သလာကို ပယ်ခွါလှစ်ခွင်း၍ ရှင်းလင်းအောင်
ပြတော်မူပါမှ သုတဓရ သုတေသန သုတဆည်းဆူ ဗိုလ်,လူအများတို့ မှတ်သားပါရ
မည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ ပဏာမဖြင့် တုပ်ကွရိုကျိုး ရှိခိုးအသနား
တော်ခံ လျှောက်ပါသည် ဆရာတော်ဘုရား"။

ဂင်းဒါယကာ မောင်စော, မောင်တေတို့ လျှောက်ချက်–

[၅၉] စေတီတော်တွင် ထွန်းညှိသော ဆီမီးတန်ဆောင်ကို စေတီအိမ်, ကျောင်း,
တန်ဆောင်း, ဇရပ်တို့ကို ညှိစွဲလောင်ကျွမ်းမည်ကို ကြောင့်ကြ၍ ငြိမ်းသတ်ကြသည့်သူတို့
အား အကျိုး,အပြစ် ဖြစ်သင့်, မဖြစ်သင့်သောအရာကို မေးလျှောက်သည်မှာ- တရသက

http://www.dhammadownload.com

နိပါတ်၊ မဟာကာလိင်္ဂဇာတ်တော်တွင် **သရီရစေတီ၊ ဥဒ္ဒိသိကစေတီ၊ ပရိဘောဂစေတီ**-ဟူ၍ စေတီ ၃-ပါးကို ဘုရား ဟောတော်မူသည်။ ထို ၃-ပါးတို့တွင်–

- ကိုယ်တော်၏ အစိတ်ဖြစ်သော ဓာတ်တော်သည် **သရီရစေတီ** မည်၏။
- ကိုယ်တော်စား ရုပ်ပွားဆင်းတုသည် **ဥဒ္ဒိသိကစေတီ** မည်၏။
- ကိုယ်တော်၏အသုံးအဆောင်ဖြစ်သော ဗောဓိပင်, သင်္ကန်း-စသော ပရိက္ခရာသည် **ပရိဘောဂစေတီ** မည်၏။

ဎင်းကာလိင်္ဂဇာတ်၌ပင် အရှင်အာနန္ဒာက သရီရစေတီကို မေးလျှောက်ရာ "သရီရစေတီမှာ ငါဘုရား သင်္ဂေါ်ထင်ရှား ရှိတော်မူသေးသည်"ဟု မိန့်တော်မူသည်။ ထို ၃-ပါးသော စေတီတို့တွင် **ပရိဘောဂစေတီတို့ထက် သရီရစေတီ မြတ်၏**။ ထို့ကြောင့် စေတီအိမ်ကို ဖောက်ခွဲ၍ သွားသော ဗောဓိပင်၏အမြစ်ကို စေတီအိမ် မပျက်စီးစိမ့်သောငှာ ခုတ်ဖြတ်သုတ်သင်အပ်၏။ ဓာတ်တော်နှင့်တကွသော စေတီကိုလည်းကောင်း ဆင်းတုတော်ကိုလည်းကောင်း ထိခိုက်သော ဗောဓိခက်ကို ထိုစေတီဆင်းတုတော်တို့ကို မပျက်စီးစိမ့်သောငှာ ခုတ်ဖြတ်သုတ်သင်အပ်၏။ ထိုဗောဓိပင်၌ ကျီးငှက်-စသည်တို့သည် ခိုမှီပုန်းအောင်း၍ ကျင်းကြီး,ကျင်ငယ် စွန့်ချလတ်သော် ထိုစေတီ,ဆင်းတုတော်တို့ကို စင်ကြယ်သန့်ရှင်းစိမ့်သောငှာ ဗောဓိပင်၏အခက်ကို ခုတ်ဖြတ်သုတ်သင်အပ်၏။ အပြစ် မရှိ။

ထို့ကြောင့် ဥပရိပဏ္ဏာသ၊ ဗဟုဓာတုကသုတ်အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာတို့၌–

> **ပရိဘောဂစေတီယတော ဟိ သရီရစေတီယံ မဟန္တတရံ။ စေတီယဝတ္ထုံ၊ ဘိန္ဒိတွာ ဂစ္ဆန္တံ ဗောဓိမူလမ္ပိ ဆိန္ဒိတွာ ဟရိတုံ ဝဋ္ဋတိ။ သဓာတုကံ ပန ထူပံ ဝါ ပဋိမံ ဝါ ဗာဓေမာနံ ဗောဓိသာခံ ဆိန္ဒိတုံ ဝဋ္ဋတိ။ သစေပိ တတ္ထ နိလီနာ သကုဏာ စေတီယေ ဝစ္စံ ပါတေန္တိ။ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။ –**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ ကြောင့်။ ပရိဘောဂစေတီယတော၊ ပရိဘောဂစေတီထက်။ သရီရစေတီယံ၊ သရီရစေတီသည်။ မဟန္တတရံ၊ ကြီးမြတ်၏။ တသ္မာ၊ ကြောင့်။ စေတီယဝတ္ထုံ၊ စေတီယဝတ္ထုကို။ ဘိန္ဒိတွာ၊ ခွဲ၍။ ဂစ္ဆန္တံ၊ သွားသော။ ဗောဓိမူလမ္ပိ၊ ဗောဓိပင်၏အမြစ်ကိုလည်း။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဟရိတုံ၊ ဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ (စေတီယဝတ္ထုံ၌ ရုပ်ပွါးဆင်းတုတော်ဓာတ် တည်ထားကိန်းဝပ်သော အရပ်ကို ယူ။) သဓာတုကံ၊ ဓာတ်တော်နှင့်တကွသော။ ထူပံ ဝါ၊ စေတီကိုလည်းကောင်း။ ပဋိမံ ဝါ၊ ဆင်းတုတော်ကိုလည်းကောင်း။

http://www.dhammadownload.com

ဗာဓမာနံ၊ ထိခိုက်သော။ ဗောဓိသာခံ၊ ဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ တတ္ထ၊ ထိုဗောဓိပင်၌။ နိလိနာ၊ ပုန်းအောင်းကုန်သော။ သကုဏာ၊ ငှက်တို့သည်။ စေတိယေ၊ စေတီ၌။ ဝစ္စံ၊ ကျင်ကြီးကို။ သစေ ပါတေန္တိ၊ အကယ်၍ ချကုန်အံ့။ တံ၊ ထိုဗောဓိခက်ကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သလျှင်ကတည်း။

ထိုအဋ္ဌကထာပါဠိ၏ အရ၌ သရီရစေတီ, ဥဒ္ဒိဿကစေတီတော်များကို မပျက်စီးစေလိုသောစိတ်ဖြင့် ထိုစေတီကို ထိခိုက်၍ အန္တရာယ်ပြုသော ဗောဓိပင်၏အမြစ်ကို ဖြတ်ရာ၌ စင်စစ် ကုသိုလ်စိတ်ဖြစ်၍ အပြစ်မရှိ။

သီဟိဠ်ကျွန်း၌ အဘယမည်သော ခိုးသူကြီးသည် ခိုးသား ၅၀၀-တို့နှင့်တကွ တစ်ခုသောအရပ်၌ သစ်ခက်မြို့တည်၍ နေလတ်၏။ ထက်ဝန်းကျင် ၃-ယူဇနာအတွင်း နေသော သူတို့သည် ထိတ်လန့်ကြကုန်၏။ အနုရာဓပြည်သို့ သွားသောသူတို့သည် ကဠမ္ဗုမည်သော မြစ်ဆိပ်မှ ကူးသွားကြရကုန်၏။ စေတိယဂိရိအရပ်သို့ သွားသော ခရီးလမ်းတွင် လူတို့အသွားအလာ မရှိ၊ ပြတ်စဲကြကုန်၏။

တစ်နေ့သ၌ အဘယခိုးသူကြီးသည် စေတိယဂိရိကျောင်းတိုက်တွင် စေတိယသန္တက သယီကဥစ္စာများကို လုယူအံ့သောငှာ သွားကြလေလျှင် အာရာမ်စောင့်တို့ မြင်၍ ဒီဃဘာဏကအဘယထေရ်အား အကြောင်းကို ကြားသဖြင့် သယီကဥစ္စာဖြစ်သော ဆီဦးထောပတ်, ပျား, တင်လဲ, စမဲဟင်းလျာတို့နှင့်တကွ ကောင်းမွန်စွာ လုပ်ကျွေးစေသော ပဋိသန္ထာရကို ပြု၏။ ထိုအခါ အဘယခိုးသူကြီးသည် ဒီဃဘာဏကအဘယထေရ်၏ အထံသို့ ချဉ်းကပ်လေ၍ "အကျွန်ုပ်တို့ စေတီ, သံဃာတို့ ဥစ္စာကို လုယူမည် လာသည်။ အရှင်ဘုရား၏ ပဋိသန္ထာရကြောင့် အကျွန်ုပ်တို့ လုယူခြင်းအမှုကို မပြုပါပြီ။ ယနေ့မှစ၍ တိုင်းသူပြည်သားတို့ အလိုရှိသမျှ သွားလာလှုဒါန်းကြပါစေ"ဟု ထိုထိုသော အရပ်ဌာနတို့တွင် မလန့်မကြောက်၊ မခွံ့ကြရအောင် အစောင့်အရှောက်ထား၍ စားကြွင်းစားအရာနှင့် ကောင်းစွာ စောင့်ရှောက်၏။

တစ်နေ့သ၌ ရဟန်းသံဃာတို့က "ဒီဃဘာဏကအဘယထေရ်သည် သံဃသန္တကကို အစိုးတရ အဘယခိုးသူကို ပေးဘိ၏"ဟု ကဲ့ရဲ့ရွှတ်ချ ပြောဆိုကြသောစကားကို ဒီဃဘာဏကအဘယထေရ် ကြား၍ သံဃာတို့ကို စည်းဝေးပြီးမှ "စေတီ,သံဃာတို့၏ ဥစ္စာများကို လုယူမည် လာသောသူတို့အား ဤမျှလောက်သော ပဋိသန္ထာရကို ငါပြုသည်ဖြစ်၍ စေတီ, သံဃာတို့ ဥစ္စာကို မယူမသွား၊ အစောင့်အရှောက်ကို ထားဘိ၏။ ပဋိသန္ထာရကို ပြုသမျှ ဥစ္စာကိုလည်းကောင်း စေတီသံဃာတို့၏ ဥစ္စာကိုလည်းကောင်း အဖိုးပြတ် ဆိုကြပါကုန်"ဟု ဆိုလေလျှင် ပဋိသန္ထာရကိစ္စနှင့် ကုန်ကျသောပစ္စည်းသည် စေတီအိမ်တွင် ခင်းထား

http://www.dhammadownload.com

သော တစ်ခုသောအခင်း၏ အဖိုးကိုမျှ မမီဖြစ်၍ ဒီယဘာဏကအဘယထေရ်သည် ကောင်းသော ပဋိသန္ဓာရ ပြုပေသည်။ သိက္ခာအာပတ်ဖြင့် စောဒနာခြင်း, အောက်မေ့ခြင်း, ဘဏ္ဍာဒေယျ အဝဟာရ-စသော အပြစ်မရှိ-ဟု ဆုံးဖြတ်ကြကြောင်းကို ဝိနယသင်္ဂဟ ပဋိသန္ဓာရဝိနိစ္ဆယတွင်–

> **ထေရေန ကတပဋိသန္ဓာရော သုကတော စောဒေတုံ ဝါ သာရေတုံ ဝါ န လဗ္ဘတိ၊ ဂိဝါ ဝါ အဝဟာရော ဝါ နတ္ထိ'တိ ဧဝံ မဟာနိသံသော ပဋိသန္ဓာရောတိ သလ္လက္ခေတွာ ကတ္တဗ္ဗော ပဏ္ဍိတေန ဘိက္ခုနာ၊ –**

ဟု လာသည်။

ထေရေန၊ မထေရ်သည်။ ကတပဋိသန္ဓာရော၊ ပြုအပ်သော ပဋိသန္ဓာရသည်။ သုကတော၊ ကောင်းသော ပြုခြင်းတည်း။ စောဒေတုံ ဝါ၊ စောဒနာခြင်းငှာလည်းကောင်း။ သာရေတုံ ဝါ၊ အောက်မေ့စေခြင်းငှာလည်းကောင်း။ န လဗ္ဘတိ၊ မရအပ်။ ဂိဝါ ဝါ၊ အစား သည်လည်းကောင်း။ အဝဟာရော ဝါ၊ ခိုးခြင်းသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ဧဝံ၊ ဤသို့။ ပဋိသန္ဓာရော၊ အစေ့အစပ်ကို ပြုခြင်းသည်။ မဟာနိသံသော၊ များသောအကျိုး ရှိ၏။ ဣတိ၊ ဤသို့။ သလ္လက္ခေတွာ၊ မှတ်၍။ ပဏ္ဍိတေန၊ ပညာရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပဋိသန္ဓာရော၊ ပဋိသန္ဓာရကို။ ကတ္တဗ္ဗော၊ ပြုအပ်၏။

ဤအဋ္ဌကထာအလိုအားဖြင့် **များစွာသော စေတီယသန္တက သံယိကဥစ္စာများကို ပျက်စီးကုန်ကျမည့်အရာကို နှလုံးသွင်း၍ စေတီယသန္တက, သံယသန္တကတို့ဖြင့်ပင် ယထာ-ရဟပဋိသန္ဓာရကို ပြုသင့်၏**-ဟု မှတ်ရာ၏။

ဓမ္မပဒအဋ္ဌကထာ(၃တွဲ)၊ ပါပဝဂ်၊ ၈-ခုမြောက်သော ကုက္ကုဋ္ဌ(မိတ္တ)နေသာဒဝတ္ထု (၁၅-၂၀)တွင်လည်း ကုက္ကုဋ္ဌနေသာဒမုဆိုး၏ မယားသည် ငယ်ရွယ်စဉ်ကာလက သောတာ-ပတ္တိမဂ်ကို ရပြီးမှ မုဆိုးနှင့် သင့်မြတ်ကြ၍ ၇-ယောက်သော သားတို့ကို ဖွားမြင်သည့်နောက် တောအရပ်တွင် သားသမင်တို့ကို ထောင်ထားရာ ဘုရား ကြွတော်မူလာ၍ ကုက္ကုဋ္ဌမိတ္တနေ-သာဒမုဆိုးနှင့်တကွ ၇-ယောက်သော ခွေးမ၊ ၇-ယောက်သော သား၊ ပေါင်း ၁-ကျိပ်, ၅-ယောက်တို့ကို တရားဟောပြ၍ မဂ်,ဖိုလ်သို့ ရောက်ကြသည်များကို ဘုရားမိန့်တော်မူ သော စကားကို ရဟန်းတို့ ကြားလေလျှင် "ကုက္ကုဋ္ဌမိတ္တမုဆိုး၏မယားမှာ အဘယ်ကြောင့် မပါ ကြွင်းကျန်ရှာသနည်း"ဟု ထပ်မံလျှောက်ထားကြလျှင် "ငယ်ရွယ်စဉ်ကာလကပင် အရိယမဂ်ကို မျက်မှောက်ပြုလေသည်"ဟု မိန့်တော်မူသော စကားကို ရဟန်းတို့ ကြားလေ လျှင် ယုံမှားကြီးစွာဖြစ်ကြ၍ "ကုက္ကုဋ္ဌမိတ္တမုဆိုး၏ မယားဖြစ်တပြီးကား 'လက်နက်, လှံ, ဓား, လေး, မြား, ပိုက်ကွန်-စသည်တို့ကို ယူဆောင်ခဲ့'-မုဆိုးက စေရာ၌ ပါဏာတိပါတကံ

http://www.dhammadownload.com

ဧကန်စင်စစ် မဖြစ်ပြီလော" တွေးတောရမ်းဆ ပြောဆိုကြသောစကားကို ဘုရား ကြားတော်မူလေလျှင် လက်ဝါးပြင်မှာ အမာမရှိ၊ ပကတိယောက်ျားသည် လက်ဝါးဖြင့် အဆိပ်ကို ယူဆောင်ရာ အမာမရှိလေခြင်းကြောင့် သေခြင်းကိစ္စ မဖြစ်နိုင်သကဲ့သို့ ထို့အတူ အကုသိုလ်စေတနာ မရှိသောသူအား မကောင်းမှုမည်သည် မဖြစ်ရာ-ဟု–

ပါဏိမှိ စေ ဝဏ္ဏော နဲ'ဿ၊ ဟရေယျ ပါဏိနာ ဝိသံ။
နဲ'ဗ္ဗဏ် ဝိသ'မန္ဒေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။ ။ –

ဟူ၍ ဟောတော်မူသည်။ (ဓမ္မ၊၄၊၂။၁၈)

ဘိက္ခဝေ၊ ရဟန်းတို့။ ယဿ၊ အကြင်သူ၏။ ပါဏိမှိ၊ လက်ဝါး၌။ ဝဏ္ဏော၊ အမာသည်။ န စေ အဿ၊ အကယ်၍ မရှိသည်ဖြစ်အံ့။ ပါဏိနာ၊ လက်ဝါးဖြင့်။ ဝိသံ၊ အဆိပ်ကို။ ဟရေယျ၊ ဆောင်ရာ၏။ ဝဏ်၊ အမာသို့။ ဝိသံ၊ အဆိပ်သည်။ န အန္ဒေတိ ကပ်၊ အစဉ် မလိုက်နိုင်သကဲ့သို့။ ဝဃာ၊ ထို့အတူ။ အကုဗ္ဗတော၊ အကုသိုလ်စေတနာ မရှိသောသူအား။ ပါပံ၊ မကောင်းမှုသည်။ နတ္ထိ၊ မရှိ။

ကုက္ကုဋ္ဌမိတ္တနေသာဒမုဆိုးလင်မယား, သားအဖတစ်စုတို့သည် ကဿပမြတ်စွာဘုရားစေတီတော်ကို တိုင်းသူပြည်သားတို့ တည်ထားကြရာ တစ်စုံတစ်ခုကိုမျှ ကုသိုလ်မပြုနိုင်ကြ၍ လင်မယား, သားအဖတစ်စုတို့ ကျွန်ပြု၍ စေတီတော်ကို သုတ်သင်သော ကုသိုလ်ကြောင့် မဂ်ဖိုလ်ရကြောင်းကို ၎င်းအဋ္ဌကထာ(ဓမ္မ။၄၊၂။၁၈-၂၀)တွင် လာသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ပါဠိ,အဋ္ဌကထာတို့ဖြင့် အကုသိုလ်စေတနာမှ အကုသိုလ်အကျိုး ဖြစ်ရာသည်။ ကုသိုလ်စေတနာမှန်က အကုသိုလ်အကျိုး မဖြစ်ရာ၊ ကုသိုလ်၏အကျိုးသာ ဖြစ်ရသည်။ ထိုကြောင့် မြတ်စွာဘုရားသည် အဋ္ဌာနသုတ်ပါဠိတော်၌–

အဋ္ဌာန'မေတံ ဘိက္ခဝေ အနဝကာသော'ယံ ကုသလဿ ကမ္မဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော ဥပဇ္ဈေယျာတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ။

(အံ၊၁။၃၀။ ထောက် ဝိသဒိသံ)ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ၊ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ ဥပဇ္ဈေယျ၊ ဖြစ်ရာ၏။ စေတံ၊ ဤသို့ ဖြစ်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အနဝကာသော၊ အရာမဟုတ်။ ဘိက္ခဝေ၊ တို့။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ အနိဋ္ဌော၊

http://www.dhammadownload.com

အလိုမရှိအပ်သော။ အကန္တော၊ မနှစ်သက်အပ်သော။ အမနာပေါ၊ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်ကြောင့်။ ဥပ္ပဇ္ဇေယ္ယ၊ ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ နံ ဝိဇ္ဇတိ၊ မရှိ။

ဤသို့ ဟောတော်မူသော ပါဠိ,အဋ္ဌကထာ လာသည်ကို ထောက်၍ စေတီတော်တွင် ထွန်းညှိသော ဆီမီး, ဖယောင်းတိုင်-စသည်တို့ကို စေတီအိမ်, ကျောင်း, တန်ဆောင်း, ဇရပ်-စသည်တို့ကို ငြိစွဲလောင်ကျွမ်းသဖြင့် အကျိုးမဲ့ဖြစ်မည်ကို စိုးရိမ်ကြောင့်ကြ၍ ငြိမ်းစဲပါသည်-ဟု လျှောက်ချက်ရှိသည့်အတိုင်း ကဏ္ဍ, သုက္ကာ၊ သာဝဇ္ဇ, အနဝဇ္ဇကို ဆင်ခြင်သော် အနဝဇ္ဇ သုက္ကဓမ္မဖြစ်၍ အပြစ် မရှိ၊ အကျိုးသာ ရှိသည်-ဟု မှတ်ရာ၏။

၁၂၃၇-ခု၊ တော်သလင်းလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

ကြံခင်းမြို့နေ ဝန်စာရေး မောင်တာတေ-က ပကိဏ္ဏကဝိသဇ္ဇနာ-ပါ *ဒါန,သီလ,ဘာဝနာ ဝေးသည်ဆိုသောအကြောင်း, *ယခုလျှူသော ဒါနသည် ဒိဋ္ဌမမွေ အကျိုးပေး,မပေးအကြောင်း, *အလှူရှင်နှင့် ဝေယျာဝစ္စဆောင်ရွက်လှူဒါန်းသူ ၂-ဦး အကျိုးပေးဟန်အကြောင်း, *သုရာမေရယကို တစ်ကြိမ်သောက်မိသည်နှင့် အပါယ်ပဋိသန္ဓေပေး, မပေးများကို ကွဲပြားသေချာသိမှတ်ပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၆၀] "ဘုရားတပည့်တော် ကြံခင်းမြို့နေ ဒကာ ငတာတေ ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) အရှင်ဘုရား ရေးသားထုတ်ပြတော်မူလိုက်သော ပကိဏ္ဏကဝိသဇ္ဇနာစာတွင် ပါသော ဒါန, သီလ, ဘာဝနာ ဝေးသောအကြောင်းဖြစ်သည်-ဟု အရှင်ဘုရား ရေးသားဆုံးဖြတ်တော်မူလိုက်သောအကြောင်းမှာ ပညာနုသူ လူဗာလမှာ မခွဲမခြမ်း မဝေဖန်နိုင်သောကြောင့် ကျမ်းဂန်နှင့်အညီ ဝေဖန်ခွဲခြမ်း ထပ်မံ၍ တပည့်တော်အား ပေးသနားတော်မူလိုက်ပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်လိုက်ပါသည် ဆရာတော်ဘုရား။

http://www.dhammadownload.com

(၂) တကြောင်းမှာလည်း ယခုပေးလျှက်ကြသော ဒါနသည် ဒိဋ္ဌဓမ္မ မျက်မှောက်ဘဝ၌ အကျိုးပေးမည်, မပေးမည်ကိုလည်း သိလိုလှပါသည်။ တကြောင်းမှာလည်း လျှဒါန်းပေးကမ်းသော ဒါယကာသည် မအားမလပ်သောကြောင့် တပါးတခြားသောသူတို့ကို စေလွှတ်၍ လှူဒါန်းသောအလှူသည် မုဉ္စစေတနာ မဖြစ်၊ ပုဗ္ဗ,ပရစေတနာ ၂-တန်သာ ဖြစ်သည်-ဟု အချို့ဆရာတို့ ဟောပြောကြပါသည်။

(၃) ၎င်းတရားစကားသည် ဝိဝါဒကဲ့ပြားလျက် ရှိကြပါသည်။ သို့ဖြစ်၍ အလှူခိုင်းသော ဒါယကာ, ခိုင်း၍လှူသော အခြားဒါယကာ ၂-ယောက်တို့သည် ခိုင်းသူသာ၍ အကျိုးဖွဲ့ဖြိုးမည်၊ သွား၍ လှူသောသူပင် အကျိုးဖွဲ့ဖြိုးမည်။

(၄) ဝတ္ထုနှင့်တကွ အလှူခိုင်းသော ဒါယကာသည် မုဉ္စစေတနာဖြစ်မည်, မဖြစ်မည်ကိုလည်း အသေအချာ ကျမ်းဂန်ပါဠို လာရှိသည်နှင့်အညီ အမိန့်ရှိတော်မူလိုက်ပါမည့်အကြောင်းကို အားကိုး၍ ရိုသေမြတ်နိုး ခြေတော်ကို ရှိခိုးဦးခိုက် လျှောက်လိုက်ပါသည် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

(၅) တရုပ်မှာလည်း သုရာမေရယကို တစ်ကြိမ်တစ်ခါ သောက်စားမိလျှင် ပဋိသန္ဓေအကျိုးကို မပေး၊ ပဝတ္တိအကျိုးကိုသာလျှင် ပေးသည်-ဟု အချို့ဆရာတို့ ဟောပြောပါသည်။ သုရာမေရယကဲ့သည် အပါယ်ပဋိသန္ဓေ ပေးမည်, ပဝတ္တိအကျိုးကိုသာ ပေးမည်ကို အသေအချာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်လိုက်ပါသည် ဆရာတော်ဘုရား"။

အထက်ပါစကားပါ ဒါယကာဝန်စာရေး မောင်တာတေ-က လျှောက်ထားချက်-

[၆၀] (၁) ပကိဏ္ဏကဝိသဇ္ဇနာတွင် ပါသော ဒါန, သီလ, ဘာဝနာပင် ဝေးသော အကြောင်းဖြစ်သည်ကို ထပ်မံ၍ မေးလျှောက်ပြန်သည်မှာ 'ပုဗ္ဗေ ကတပုညဿ'၏အရကို ပုတိ-ဂတ္ထတိဿထေရ်, ပဉ္စသီလသမာဒါနထေရ်တို့၏ ဝတ္ထုကို အထက် ပကိဏ္ဏကဝိသဇ္ဇနာတွင် ပြဆိုခဲ့ပြီ။ ဝေးသောအကြောင်း-ဟူသည်ကား မင်္ဂ,ဖိုလ်ရထိုက်သော ပုဂ္ဂိုလ်တို့အား မင်္ဂ,ဖိုလ်ကို ရခြင်းငှာ စွမ်းနိုင်သော ဝဋ်မှ ထွက်မြောက်ကြောင်း ဝိဝဋ္ဋနိဿိတဖြစ်သော ဒါန,သီလ, ဘာဝနာကို ဆိုသတည်း။ ရှေးဌ ပြုအပ်ခဲ့ဖူးသော ဒါန, သီလ, ဘာဝနာ-ဟု ဆိုအပ်သော ပုဗ္ဗေ ကတပုညရှိသောသူသည် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏ ဖြစ်ထိုက်,ဖြစ်ရာ မရှိမဒေသအရပ်၌ဖြစ်၍ ဘုရား-စသော သူတော်ကောင်းတို့ကို ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ရ၍ တရားတော်ကို ကြားနာရသဖြင့် ယောနိသောမနသိကာရ, အတ္တသမ္မာပဏိဓိ-စသော အဆက်ဆက်သောအကျိုးကို ရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

http://www.dhammadownload.com

ထို့ကြောင့် ပုဗ္ဗေ စ ကတပုညာ, ပဋိရူပဒေသဝါသ, အတ္တသမ္မာပဏိဓိ-တို့သည် ပစ္စုပ္ပန်,သံသရာ၊ လောကီ, လောကုတ္တရာအကျိုးကို ပြီးစေတတ်သောကြောင့် မင်္ဂလာ မည်၏-ဟူ၍-

ပဋိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလ'မုတ္တမံ။ ။ –

ဟူ၍ ဟောတော်မူသည်။

[3]ပဋိရူပဒေသဝါသော စ၊ ပဋိရူပအရပ်၌ ဖြစ်ခြင်းလည်းကောင်း။ [4]ပုဗ္ဗေ စ ကတ-ပုညတာ စ၊ ရှေး၌ ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်းလည်းကောင်း။ [5]အတ္တသမ္မာပဏိဓိ စ၊ စတုပါရိသုဒ္ဓိသီလကို ဖြည့်ခြင်းလည်းကောင်း။ ဧတံ၊ ဤတရား ၃-ပါးသည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ မည်၏။

အတ္တသမ္မာပဏိဓိ၌ သမာ-မ အက္ခရာနှင့်တကွ သမာဓိဘတ်(သမာဓိ)ကဲ့သို့ ရေးသားဖတ်ရွတ်ကြ၏၊ မသင့်။ အတ္တသမ္မာ-ဟု မ-သဒ္ဒိသဒ္ဒေးဘော်နှင့် ရှိမှ သင့်မည်။ ထို ၃-ပါးကုန်သော မင်္ဂလာတို့တွင် ပုဗ္ဗေ စ ကတပုည-ဟု အတိတ်ဘဝတို့၌ ဘုရား, ပစ္စေကဗုဒ္ဓါတို့ထံ၌ ဆည်းပူးခဲ့သော ကုသိုလ်တရားတည်း။ ထိုကုသိုလ်လည်း ဘုရားတပည့် သာဝကတို့ထံ ၄-ပါဒရှိသော ဂါထာကိုမျှ ကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်စေနိုင်၏။

ထို့ကြောင့် ခုဒ္ဒကနိကာယ်ဖြစ်သော ခုဒ္ဒကပါဋ္ဌ(၁၁)၊ သုတ္တနိပါတ်ကျမ်း၊ မင်္ဂလ သုတ်အဖွင့် အဋ္ဌကထာ(၁။၁၇)၌–

ပုဗ္ဗေ ကတပုညတာ နာမ အတီတဇာတိယံ ဗုဒ္ဓပစ္စေကဗုဒ္ဓဒီဇာသဝေ အာရဗ္ဘ ဥပစိတကုသလာ– ဟူ၍လည်းကောင်း

ဗုဒ္ဓါနံ ဗုဒ္ဓသာဝကာနံ သံမုခါ သုတာယ စတုပ္ပဒိကာယ(ဝိ) ဂါထာယ ပရိယော-သာနေ အရဟတ္တံ ပါပေတိ၊ – ဟူ၍လည်းကောင်း

ယော စ မနုဿော ပုဗ္ဗေ ကတာဓိကာရော ဥပ္ပန္နဉာ(ဥဿန္နာ)ကုသလမူလော ဟောတိ၊ သော တေနေဝ ကုသလမူလေန ဒေသနံ(ဝိပဿနံ) ဥပ္ပါဒေတွာ အာသဝက္ခယံ ပါပုဏာတိ။ –

ဟူ၍လည်းကောင်း မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပုဗ္ဗေ ကတပုညတာ နာမ၊ ရှေး၌ ကောင်းမှုရှိသည်၏အဖြစ်သည်။ အတီတဇာတိ-ယံ၊ လွန်လေပြီးသော ဘဝ၌။ ဗုဒ္ဓပစ္စေကဗုဒ္ဓဒီဇာသဝေ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ

http://www.dhammadownload.com

ပုဂ္ဂိုလ်တို့ကို။ အာရဒ္ဓ၊ အကြောင်းပြု၍။ ဥပစိတကုသလတာ၊ ဖြည့်ဆည်းပူးခဲ့သော ကုသိုလ်ရှိသည်၏အဖြစ်။

ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏လည်းကောင်း။ ဗုဒ္ဓသာဝကာနံ၊ မြတ်စွာဘုရား တပည့်သားတော်တို့၏လည်းကောင်း။ သံမုခါ၊ မျက်မှောက်မှ။ သုတာယ၊ ကြားနာရသော။ စတုပ္ပဒိကာယ၊ ၄-ပါဒရှိသော။ ဂါထာယ၊ ဂါထာ၏။ ပရိယောသာနေ၊ အဆုံး၌။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပေတိ၊ ရောက်စေ၏။

ယော စ မနုဿော၊ အကြင်သူသည်လည်း။ ပုဗ္ဗေ၊ ရှေးလွန်လေပြီးသော ဘဝသံသရာ၌။ ကတာဓိကာရော၊ ပြုခဲ့ဖူးသော ဆုတောင်းခြင်းရှိသည်ဖြစ်၍။ ဥပပန္နကုသလမူလော၊ ဖြစ်သော ကုသိုလ်-ဟူသော အကြောင်းရင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ သော နရော၊ ထိုသူသည်။ တေနေဝ ကုသလမူလေန၊ ထိုကုသိုလ်ကြောင့်။ ဒေသနံ၊ ဒေသနာကို။ ဥပပါဒေတွာ၊ ဖြစ်စေ၍။ အာသဝက္ခယံ၊ အာသဝေါတရား ၄-ပါးတို့၏ ကုန်ခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။

ဤကား ရှေးရှေးသော ဘဝတို့၌ ပြုခဲ့ဖူးသော ကောင်းမှုရှိသော ပုဗ္ဗေ ကတပုညမင်္ဂလာ၏ အရတည်း။ ပုဗ္ဗေ ကတပုညမင်္ဂလာနှင့် ပြည့်စုံ၍ မင်္ဂဖိုလ်ကို ရဖူးသော သာဓကကို ထုတ်ဆောင်လို၍ ၎င်းခုဒ္ဒကပါဌ၊ သုတ္တနိပါတ်(ဒုတွဲ)၊ အဋ္ဌကထာတို့၌ပင် **"ယထာ ရာဇာ မဟာကပ္ပိနော အဂ္ဂမဟေသီ စ"**ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ ရာဇာ မဟာကပ္ပိနော ယထာ စ၊ မဟာကပ္ပိနမင်းကြီးကဲ့သို့လည်းကောင်း။ အဂ္ဂမဟေသီ ယထာ စ၊ မဟာကပ္ပိနမင်းကြီး၏မယားဖြစ်သော အနော်ဇာမိဖုရားတို့ အကြောင်းကား–

ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်က မင်္ဂဖိုလ်ကို ရကြောင်း ဆုတောင်းခဲ့၍ **ကဿပမြတ်စွာဘုရား**သာသနာတွင် သံဃာ ၂-သောင်းတို့အား သင်္ကန်း ၂-သောင်း လှူဒါန်းခဲ့ဖူးသော ဒါန၊ ၎င်းနောက် ရက်ကန်းသည်အမျိုး၌ ဖြစ်၍ အိမ်ဈေး ၁,၀၀၀-နှင့်တကွ ပစ္စေကဗုဒ္ဓါ ၁,၀၀၀-တို့အား ကျောင်း,ဆွမ်းပြုစု ကိုးကွယ်ပြီး၍ သင်္ကန်း ၁,၀၀၀-လှူခဲ့ကြသော ဒါနကုသိုလ်ကြောင့် ဘဝများစွာ နတ်ချမ်းသာကို ခံစားပြီးမှ ငါတို့ဘုရား လက်ထက်၊ သာဝတ္ထိပြည်မှ ယူဇနာ ၂၀၀-ဝေးကွာသော **ကုဏ္ဍဓဝတီ**မည်သော ပြည်တွင် အမတ် ၁,၀၀၀-နှင့်တကွ မင်းဖြစ်ကို ရ၍ **မဟာကပ္ပိန** အမည်တွင်သတည်း။

ထိုမဟာကပ္ပိနမင်းကြီးသည် ကုန်သည်တို့၏အထံမှ ဘုရားဖြစ်တော်မူသော အကြောင်းကို ကြားသိရ၍ အမတ် ၁,၀၀၀-နှင့်တကွ **အရဋ္ဌ**(*အပရဏ္ဏာ*)၊ **နိလဝါဟ**(*နီလဝါဟိန်*)၊ **စန္ဒဘာဂ**-မည်သော မြစ် ၃-တန်တို့ကို အစဉ်အတိုင်း ရတနာ ၃-ပါးတို့၏ဂုဏ်ဖြင့် လှေဖောင်

http://www.dhammadownload.com

မရှိ၊ မိမိတို့တွင် ပါသော မြင်းနှင့်တကွ ကူးခဲ့ကြ၍ အစိန္တေယျ လောကသနင်း တရားမင်း မြတ်လည်း ကပ္ပိနမင်းကြီးလာရာ စန္ဒဘာဂမြစ်ကမ်းထိပ်တွင် ပညောင်ပင်မှ ရောင်ခြည်တော်ကို ပြလျက် နေတော်မူရာ ရောက်လာကြ၍ ဓမ္မဒေသနာကို ကောင်းစွာဟောတော်မူသောကာလ ယောတာပတ္တိမဂ်,ဖိုလ်ကို ရကြ၍ ပဗ္ဗဇ္ဇာအဖြစ်ကို တောင်းပန်ကြသည်တွင် "နှေးနှေးဘဝ သံသာရက ကျွဒ္ဓိမယပတ္တစီဝရကို ရထိုက်သော ကုသိုလ်သမ္ဘာရ ရှိကြ၏လော" ဟု ရွှေဉာဏ်တော်ဖြင့် ရှုမြော်သောကာလ နှေးပြဆိုခဲ့ပြီးသည့်အတိုင်း ပါရမီထူး ပြုဖူးကြသည်ကို မြင်တော်မူ၍ ဧဟိဘိက္ခူအဖြစ်သို့ ရောက်ကြကြောင်းကို ဓမ္မပဒ၊ ပဏ္ဍိတဝဂ်အစု၊ ၄-ခုမြောက်သော မဟာကပ္ပိနဝတ္ထုအဋ္ဌကထာ(၁။၃၅၆)၌-

> သတ္ထာ "အာဂမိဿတိ နု ခေါ ကွမေဿ ကုလပုတ္တာနံ ကျွဒ္ဓိမယပတ္တစီဝရ"န္တိ ဥပဓာရေန္တော "ကွမေ ကုလပုတ္တာ ပစ္စေကဗုဒ္ဓသဟဿာနံ စီဝရသဟဿံ အဒံသု၊ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ ဝိသတိဘိက္ခုသဟဿာနမ္ပိ ဝိသတိစီဝရသဟဿာနိပိ အဒံသု။ အနစ္ဆရိယံ ကွမေဿ ကျွဒ္ဓိမယပတ္တစီဝရာဂမန"န္တိ ဉ တွာ ဒက္ခိဏာဟတ္ထံ ပသာရေတွာ "ဧထ ဘိက္ခဝေါ၊ စရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာ"တိ အာဟ၊ တေ တာဝဒေဝ အဋ္ဌပရိက္ခာရဓရာ ဝဿသဋ္ဌိကတ္ထေရာ ဝိယ ဟုတ္ဝာ ဝေဟာသံ အဗ္ဘုဂ္ဂန္ဒှာ ပစ္စောရောဟိတ္ဝာ သတ္ထာရံ ဝန္ဒိတ္ဝာ နိသီဒိသု–

ဟု လာသည်။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ကွမေဿ ကုလပုတ္တာနံ၊ ဤအမျိုးသားတို့အား။ ကျွဒ္ဓိမယပတ္တစီဝရံ၊ တန်ခိုးဖြင့် ပြီးသော သပိတ်,သင်္ကန်းသည်။ အာဂမိဿတိ နု ခေါ၊ ရောက်လတ္တံ့သော။ ကွတိ၊ ဤသို့။ ဥပဓာရေန္တော၊ ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူလတ်သော်။ "ကွမေ ကုလပုတ္တာ၊ ဤအမျိုးသားတို့သည်။ ပစ္စေကဗုဒ္ဓသဟဿာနံ၊ ပစ္စေကဗုဒ္ဓါ ၁,၀၀၀-တို့အား။ စီဝရသဟဿံ၊ သင်္ကန်း ၁,၀၀၀-ကို။ အဒံသု၊ လှူကြကုန်၏။ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ၊ ကဿပမြတ်စွာဘုရား လက်ထက်တော်၌။ ဝိသတိဘိက္ခုသဟဿာနမ္ပိ၊ ၂-သောင်းသော ရဟန်းတို့အားလည်း။ ဝိသတိစီဝရသဟဿာနိပိ၊ ၂-သောင်းသော သင်္ကန်းတို့ကိုလည်း။ အဒံသု၊ လှူကြကုန်၏။ ကွမေဿ၊ ဤသူတို့အား။ ကျွဒ္ဓိမယပတ္တစီဝရာဂမန်၊ တန်ခိုးဖြင့်ပြီးသော သင်္ကန်း,သပိတ် လာရောက်ခြင်းသည်။ အနစ္ဆရိယံ၊ အံ့ဖွယ်မရှိ"။ ကွတိ၊ ဤသို့။ ဉ တွာ၊ ဉာဏ်တော်ဖြင့် သိတော်မူ၍။ ဒက္ခိဏာဟတ္ထံ၊ လက်ယာလက်တော်ကို။ ပသာရေတွာ၊ ဆန့်တော်မူ၍။ "ဘိက္ခဝေါ၊ ရဟန်းတို့။ ဧထ၊ လာကြကုန်။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။

http://www.dhammadownload.com

စရထ၊ ကျင့်ကြကုန်”။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုတော်မူ၏။ တေ၊ ထို ၁,၀၀၀-သော အမျိုးသားတို့သည်။ တာဝဒေဝ၊ ထိုခဏဘဲ့ပင်လျှင်။ အဋ္ဌပရိက္ခာရရဇရာ၊ ၈-ပါးသော ပရိက္ခာရကို ဆောင်ကုန်သည်ဖြစ်၍။ ဝဿသဋ္ဌိကမဟာထေရာ ဝိယ၊ အဝါ ၆၀-ရှိုးသော မထေရ်ကြီးတို့ကဲ့သို့။ ဟုတ္တာ၊ ဖြစ်၍။ ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္ဒှာ၊ ပျံတက်၍။ ပစ္စောရောဟိတ္တာ၊ တဖန်သက်ခဲ့၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတ္တာ၊ ရှိခိုး၍။ နိသီဒိံသု၊ နေကြကုန်၏။

အနော်ဇာမိဖုရားလည်း ၁,၀၀၀-သော အမတ်မယားတို့နှင့်တကွ ရထားစီးလျက် ပြဆိုခဲ့သောအတိုင်း ဘုရားရှိရာ ရောက်လာ၍ အနော်ဇာမိဖုရား အမှူးရှိသော ၁,၀၀၀-သော အမတ်မယားတို့အား တရားဓမ္မဆုံးမ၍ သောတာပတ္တိမဂ်,ဖိုလ်သို့ ရောက်ကြကုန်၏။ မဟာကပ္ပိနအမှူးရှိသော ၁,၀၀၀-သော အမတ်တို့သည်လည်း အနော်ဇာမိဖုရား အမှူးရှိသော ၁,၀၀၀-သော အမတ်မယားတို့အား ဟောကြားသော ဒေသနာဖြင့် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ ထို့ကြောင့် ၎င်းဓမ္မပဒအဋ္ဌကထာ(၁။၃၅၈)၌-

မဟာကပ္ပိနတ္ထေရောပိ တာသံ ဝမိုတဓမ္မဒေသနံ သုဏန္တော သပရိဝါရော သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မဟာကပ္ပိနတ္ထေရောပိ၊ မဟာကပ္ပိနထေရ်သည်လည်း။ တာသံ၊ ထိုအနော်ဇာမိဖုရား-အစရှိသော ၁,၀၀၀-သော အမတ်မယားတို့အား။ ဝမိုတဓမ္မဒေသနံ၊ ပွါးစေအပ်သော တရားတော်ကို။ သုဏန္တော၊ နာစဉ်။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ သဟ ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါ ၄-ပါးတို့နှင့်တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။

အနော်ဇာမိဖုရား အမှူးရှိသော ၁,၀၀၀-သော အမတ်မယားတို့ကိုလည်း သာဝတ္ထိပြည်သို့ လွှတ်တော်မူ၍ ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုစေ၍ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ထို့ကြောင့် ၎င်းဓမ္မပဒအဋ္ဌကထာ(၁။၃၅၈)၌-

သတ္ထာ ပန တာ ဥပါသိကာယော အာဟ “သာဝတ္ထိံ ဂန္ဒှာ ဘိက္ခုနိဥပဿယေ ပဗ္ဗဇိတ္ထာ”တိ။ တာ အနုပုဗ္ဗေန ဇနပဒစာရိကံ စရမာနာ အန္ဓဝနမဂ္ဂေ မဟာဇနေန အဘိဟဋသတ္ထာရသမာနာ ပဒသာဝ ဝိသတိယောဇနသတိကံ မဂ္ဂံ ဂန္ဒှာ ဘိက္ခုနိဥပဿယေ ပဗ္ဗဇိတ္ထာ အရဟတ္တံ ပါပုဏိံသု။ –

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

သတ္တာ၊ မြတ်စွာဘုရားသည်။ တာ ဥပါသိကာယော၊ ထိုဒါယိကာမတို့ကို။ သာဝတ္ထိ၊ သာဝတ္ထိပြည်သို့။ ဂန္ဒာ၊ သွား၍။ ဘိက္ခုနိဉပဿယေ၊ ဘိက္ခုနီမတို့၏ကျောင်း၌။ ပဗ္ဗဇိတ္ထာ၊ ရဟန်းပြုကြလေကုန်။ ဣတိ၊ ဤသို့။ အာဟာ၊ ဆိုတော်မူ၏။ တာ၊ ထိုဒါယိကာမတို့သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဇနပဒစာရိကံ၊ ဇနပုဒ်ဒေသစာရီကို။ စရမာနာ၊ သွားကြကုန်သည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ မဟာဇနေန၊ လူအပေါင်းသည်။ အဘိဟဋ္ဌ-သက္ကာရသမာနာ၊ ဆောင်အပ်သော ပူဇာသက္ကာရရှိကုန်သည်ဖြစ်၍။ ပဒသာဝ၊ ခြေဖြင့်သာလျှင်။ ဝီသတိယောဇနသတိကံ၊ ယူဇနာ ၁၂၀-ရှိသော။ မဂ္ဂံ၊ ခရီးသို့။ ဂန္ဒာ၊ သွား၍။ ဘိက္ခုနိဉပဿယေ၊ ဘိက္ခုနီမတို့ကျောင်း၌။ ပဗ္ဗဇိတ္ဝာ၊ ရဟန်းပြုကြကုန်သည်ဖြစ်၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ်သု၊ ရောက်ကြကုန်၏။

ပဗ္ဗဇဝါဏိဇပုဒ်မှာ ပဗ္ဗဇွဝါဏိဇ-ဟု ဒွေးဘော်နှင့် ရှိတတ်ကြ၏။ မသင့်။ **ဥဂ္ဂါသေန သူဋ္ဌေးသမီး, ခင်ပွန်းတို့သည်** ကဿပမြတ်စွာဘုရားလက်ထက်က ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ သရီရစေတီတော်ကို တည်ထားကိုးကွယ်ကြရာ များစွာသော ပြည်သူ, ပြည်သားတို့ ခဲဖွယ်,ဘောဇဉ်ကို ယာဉ်နှင့်တင်၍ စေတီတော် လုပ်ဆောင်ရာသို့ သွားကြကုန်၏။ ထိုအခါ ဥဂ္ဂါသေန၏ မယားဖြစ်သော ဒါယိကာမသည် ရဟန်းတစ်ပါး ကြွလာသည်ကို မြင်၍ မိမိခင်ပွန်းကို တိုက်တွန်းပြောဆို၍ သပိတ်ကို ယူစေပြီးမှ ခဲဖွယ်,ဘောဇဉ်တို့ကို ပြည့်စေ၍ ၂-ဦးသားတို့ပင်–

တုမ္ဟေဟိ ဒိဋ္ဌမ္မသော ဘာဂီ နော ဘဝေယျ(*ဘာဂိနော ဘဝေယျာမ*)–

ဟု ဆုပန်၍ လျှောလိုက်၏။

တုမ္ဟေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌမ္မသော၀၊ မြင်အပ်သော တရား၏သာလျှင်။ ဘာဂီ၊ အဖို့သည်။ နော၊ ငါတို့အား။ ဘဝေယျ၊ ဖြစ်ရလို၏။

ထိုအခါ ရဟန္တာအရှင်မြတ်က "ဤသူ ၂-ဦးတို့ ဆုထူးပန်ယူကြသည်မှာ နောက်ကာလ ပြည့်စုံကြအံ့လော"ဟု ဉာဏ်ဖြင့် ရှုလေလျှင် စင်စစ်ပင် ပြည့်စုံအံ့-ဟု မြင်တော်မူ၍ ပြုံးတော်မူသည်ကို ဒါယိကာမ မြင်လေလျှင် "ငါတို့အရှင်သည် သဘင်သည် ဖြစ်တန်ရာ၏" ဟု မိမိမယားဆိုသော စကားကို လင်ကြားပြန်၍ "ဟုတ်ဟန်ရှိပါ၏"ဟု ဆိုမိကြသော ဝစီကံကြောင့် နတ်ထံ,နတ်ခွင် ကျင်လည်ကြပြီးမှ ငါတို့ဘုရားလက်ထက် ရာဇဂြိုဟ်ပြည်တွင် ထိုဒါယိကာမသည် ကချေသည်မ ဝမ်းတွင် ပဋိသန္ဓေကို ရ၍ ကချေသည်မ ဖြစ်ရကြောင်း၊ လင်ယောကျ်ားလည်း စကားတုံ့ပြန်ဆိုမိချေ၍ ကချေသည် ဖြစ်ရကြောင်း၊ ရဟန္တာအရှင်မြတ်ကို လျှောက်သော ဒါနကြောင့် မင်,ဖိုလ်ကို ရကြောင်းကို ဓမ္မပဒအဋ္ဌကထာ၊ တဏှာဝဂ်၊ ၆-ခုမြောက်သော ဥဂ္ဂါသေနဝတ္ထု(၂။၃၄၄-၅)တွင်–

http://www.dhammadownload.com

သာ ဣတ္ထီ နဒုဂေဟေ နိဗ္ဗတ္တိ၊ ပုရိသော သေဋ္ဌိဂေဟေ။ သော "ဧဝံ ဘဒ္ဒေ ဘဝိဿတီ"တိ တဿာ ပဋိဝစနဿ ဒိန္နတာယ နဒ္ဒေဟိ သဒ္ဒိ် ဝိစရိ၊ ခီဏာသဝ-ထ္ထေရဿ ဒိန္နပိဏ္ဍပါတံ နိဿာယ အရဟတ္တံ ပါပုဏိ၊ သာပိ နဒုမိတာ "ယာ မေ သာမိကဿ ဂတိ၊ မယ့်ပိ သာ ဧဝံ ဂတိ"တိ ပဗ္ဗဇိတ္ဝာ အရဟတ္တေ ပတိဋ္ဌာတိ။

ဟု လာသည်။

သာ ဣတ္ထီ၊ ထိုမိန်းမသည်။ နဒုဂေဟေ၊ ကချေသည်အိမ်၌။ နိဗ္ဗတ္တိ၊ ဖြစ်လာ၏။ ပုရိသော၊ ယောကျ်ားသည်။ သေဋ္ဌိဂေဟေ၊ သူဌေးအိမ်၌။ နိဗ္ဗတ္တိ၊ ဖြစ်လာ၏။ သော၊ ထို လင်ယောကျ်ားသည်။ ဘဒ္ဒေ၊ ရှင်မ။ ဧဝံ၊ ဤသို့ သင်ဆိုသောအတိုင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ တဿာ၊ ထိုမိန်းမအား။ ပဋိဝစနဿ၊ စကားတုံ့ကို။ ဒိန္နတာယ၊ ပေးသည်၏ အဖြစ်ကြောင့်။ နဒ္ဒေဟိ၊ ကချေသည်တို့နှင့်။ သဒ္ဒိ်၊ တကွ။ ဝိစရိ၊ သွားလာရ၏။ ခီဏာသဝ-ထ္ထေရဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဒိန္နပိဏ္ဍပါတံ၊ လှူသောဆွမ်းကို။ နိဿာယ၊ မှီ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ သာပိ နဒုမိတာ၊ ထိုကချေသည်၏ သမီးသည်လည်း။ မေ၊ ငါ၏။ သာမိကဿ၊ လင်၏။ ယာ ဂတိ၊ အကြင်အလားသည်။ အတ္ထိ၊ ရှိ၏။ မယ့်မို့၊ ငါအားလည်း။ သာ ဧဝ ဂတိ၊ ထိုအလားပင်တည်း။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတ္ဝာ၊ ရဟန်းပြု၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာတိ၊ တည်လေ၏။

ဝစီကမ္မေန-ဟူသော ဟိတ်ကို နဒုဂေဟေ နိဗ္ဗတ္တိမှာ စပ်။ နိဗ္ဗတ္တိ-ဟူသော ပုဒ်များ၌ သြဋ္ဌဇပဌမက္ခရာ ပ-သဒိသဒ္ဒေးဘော်နှင့် နိပ္ပတ္တိ-ဟု ရှိတတ်ကြ၏၊ မသင့်။ နိဗ္ဗတ္တိ-ဟု သြဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒ္ဒေးဘော်နှင့် ရှိမှ သင့်မည်။ နိပုဗ္ဗ ဝတုဓာတ်။ ဥဂ္ဂါသေနဝတ္ထု ကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ အကျယ်ကို သိလိုသူတို့ ဓမ္မပဒအဋ္ဌကထာမှာ ကြည့်လေ။ **ဤကား "ပုဗ္ဗေ ကတပုညတာ"အရ ဒါန၏ ဝေးသောအကြောင်းတည်း။**

မြတ်စွာဘုရား သာဝတ္ထိပြည်တွင် သီတင်းသုံးတော်မူသောအခါ သပ္ပဒါသဌေရ်သည် "သာသနာတော်၌ မမ္မေလျော်နိုင်"ဟု ပင်ပန်းခြင်း ပြင်းစွာဖြစ်၍ တနေ့သ၌ ရဟန်းတို့ ဖမ်းမိသော မြွေကို အိုးဖြင့် ထည့်၍ ဆောင်ရာ သပ္ပဒါသဌေရ် မြင်လေလျှင် "ငါ-အသက်ရှည်သောထက် သေရသော် မြတ်၏"ဟု မြွေထည့်သော အိုး၏အတွင်း မြွေ၏ခံတွင်းသို့ လက်ကို ထည့်သွင်းသော်လည်း မကိုက်လေရကား ရဟန်းတို့ကို ဆံ, မုတ်ဆိတ် ပယ်ရိတ်အံ့သောငှာ လာသော ဆတ္တာသည်ယောကျ်ား၏ ချထားသော သင်ခုန်းကို ယူ၍ တခုသော သစ်ပင်ကို မှီလျက် ထက်လှစွာသော သင်ခုန်းဖြင့် လည်ကို လှီးဖြတ်တော့မည်ရှိစဉ် မိမိသီလကို ဆင်ခြင်လတ်သော် အညစ်အကြေးကင်းသော လဝန်း၏အသွင် စင်ကြယ်သော သီလကို မြင်၍ ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ ဖရဏာပီတိဖြစ်လေရကား ပီတိကို

http://www.dhammadownload.com

ခွါ၍ ဝိပဿနာကို ပွါးသောအခါ ပဋိသန္ဓိဒါပတ္တ အရဟတ္တဖိုလ်သို့ ရောက်လေလျှင် ရဟန်း အပေါင်းတို့က "သပ္ပဒါသထေရ်အား ဤကဲ့သို့ မဂ်,ဖိုလ်၏ ဥပနိဿယရှိလျက် အဘယ်ကြောင့် သာသနာမှ လွန်စွာ ဆန့်ကျင်လေသနည်း၊ အဘယ်ကြောင့် သာသနာမှ လွန်စွာ ဆန့်ကျင်လေသနည်း"ဟု ဘုရားကို မေးလျှောက်ကြသည်တွင် "ကဿပမြတ်စွာဘုရား သာသနာက ရဟန်း ၁-ပါးကို သာသနာမှ ဆန့်ကျင်အောင် ပြုခဲ့ဖူးသော မကောင်းမှုကြောင့် သာသနာမှ ဆန့်ကျင်ရကြောင်း၊ အနှစ် ၂-သောင်း ရဟန်းတရားကို အားထုတ်ခဲ့သော ကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရ၏-ဟု ဟောတော်မူကြောင်း"ကို ဓမ္မပဒ၊ သဟဿဝဂ်၊ ၁၁-ခုမြောက်သော ပုပ္ပဒါသဝတ္ထု(၁။၄၃၆-၇)၌—

> **ဧဝမ်ဿ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ ဧကဿ ဘိက္ခုနော ဥတ္တရုတ္တာပိတတ္တာ ကွဒါနိ အနဘိရတိ ဥပ္ပန္နာ။ တေန တဒါ ဝိသတိဝဿသဟဿာနိ သမဏဓမ္မော ကတော။ သွာယံ ဧတရဟိ အရဟတ္တုပနိဿယော ဇာတော။**

ဟု လာသည်။

ဧဝံ၊ ဤသို့။ အဿ၊ ထိုသပ္ပဒါသထေရ်အား။ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ၊ ကဿပမြတ်စွာဘုရား သာသနာတော်၌။ ဧကဿ၊ တစ်ယောက်သော။ ဘိက္ခုနော၊ ရဟန်း အား။ ဥတ္တရုတ္တာပိတတ္တာ၊ ဆန့်ကျင်အောင် ပြုဖူးသည်၏အဖြစ်ကြောင့်။ ကွဒါနိ၊ ယခုအခါ၌။ အနဘိရတိ၊ မမွေ့လျော်ခြင်းသည်။ ဥပ္ပန္နာ၊ ဖြစ်၏။ တေန၊ ထိုသပ္ပဒါသထေရ်သည်။ တဒါ၊ ထိုကဿပမြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌။ ဝိသတိဝဿသဟဿာနိ၊ အနှစ် ၂-သောင်းတို့ပတ်လုံး။ သမဏဓမ္မော၊ ရဟန်းတရားကို။ ကတော၊ ကျင့်ဆောင်အပ်၏။ သွာယံ သော အယံ သပ္ပဒါသထေရော၊ ထိုသပ္ပဒါသမထေရ်သည်။ ဧတရဟိ၊ ယခုအခါ၌။ အရဟတ္တုပနိဿယော၊ အရဟတ္တဖိုလ်၏ ဥပနိဿယသည်။ ဇာတော၊ ဖြစ်၏။ (သမဏဓမ္မော-အရမ္ဘာ စတုပါရိသုဒ္ဓိသီလ သမထဝိပဿနာကို ယူ။)

မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူ သောအခါ များစွာသောသူတို့သည် သမုဒ္ဒရာတို့ ကူးသွားကြရာ သဘော်ဟပ်လေရကား ငါး,လိပ်တို့၏အစာ ဖြစ်ကြလေကုန်၏။ ထိုသူအပေါင်းတို့တွင် တစ်ယောက်သောသူသည် ထိုဘဝတွင် မဂ်,ဖိုလ်ရထိုက်သော ပါရမီထူးရှိလေရကား တစ်စုံတစ်ခုသော အန္တရာယ်မရှိဘဲ သုပ္ပါဒကမည်သော သဘော်ဆိပ်ကမ်းသို့ ဆိုက်၍ ချမ်းသာရလေ၏။ ဤဘဝ မဂ်,ဖိုလ်ကို ဧကန်မုချ ရလတ္တံ့သူ ဖြစ်အံ့၊ တစ်စုံတစ်ခုသော အန္တရာယ်မျှ မတားမြစ်နိုင်သည်သာ တည်း။ သံကိစ္စသာမဏေရ, သောပါကသာမဏေရ, ဗာကုလမထေရ်တို့ ဝတ္ထုသာဓကကို ထောက်။

http://www.dhammadownload.com

ထိုယောကျ်ားသည် အဝတ်မပါ အချည်းနှီးသောကိုယ်ရှိလေရကား သစ်သားတို့ကို လျှော်ဖြင့် ကျစ်၍ ဝတ်ရုံပြီးမှ စားပုံး, စားခွက် လက်စွဲလျက် တောင်းခံစားသောက်သည်ကို လူတို့ မြင်လျှင် ရဟန္တာပုဂ္ဂိုလ် ထင်မှတ်၍ ဆည်းကပ်လျှုဒါန်းကြသတည်း။ ထိုအခါ ကောင်းသော အဝတ်ပုဆိုးကို ဝတ်ရုံပြန်လျှင် လာဘသက္ကာရ ဆုတ်ယုတ်မည်ကို စိုးရိမ်ကြောင့်ကြ၍ ဝတ်မြဲတိုင်းဖြင့်သာ နေရကား **ဒါရုစီရိယ** တွင်သတည်း။

ထိုအခါ သုဒ္ဓါဝါသဘုံမှ ရှေး-အဆွေခင်ပွန်းဟောင်းဖြစ်ဖူးသော ဗြဟ္မာ လာ၍ "သင့်အား အရဟတ္တမဂ်-ဟူသော တရားသည် အဘယ်မှာ ရှိလေအံ့နည်း။ ဤအရပ်မှ ယူဇနာ ၂၀၀-ကွာသော မြောက်မျက်နှာ ဇနပုဒ်၌ သာဝတ္ထိပြည်သည် ရှိ၏။ ထိုပြည်တွင် ဘုရားရှိတော်မူ၏။ ထိုအရပ်သို့ သွားလေ"ဟု ဆိုသတည်း။

သုဒ္ဓါဝါသဘုံမှ အဆွေခင်ပွန်းကောင်း-ဟူရာ၌ ကဿပမြတ်စွာဘုရား သာသနာတော်က ရဟန်းသာမဏေတို့ ချွတ်ယွင်းဖောက်ပြန်ကြသည်ကို မြင်၍ ရဟန်း ၇-ပါးတို့သည် တခုသော တောင်ထိပ်သို့ တက်၍ တရားကို အားထုတ်ကြရာ မထေရ်ကြီးသည် ၂-ရက် မြောက်သောနေ့၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံလေပြီ။ ဒုတိယထေရ်လည်း ၃-ရက်မြောက်သောနေ့၌ အနာဂါမ်တည်၍ သုဒ္ဓါဝါသဘုံ၌ ဖြစ်လေ၏။ ၅-ယောက်သော ရဟန်းတို့သည် မဂ်,ဖိုလ်ရအောင် မတတ်နိုင်လေရကား ၇-ရက်အတွင်း စုတိကျ၍ နတ်ပြည်၌ ဖြစ်ကြလေ၏။ နတ်ပြည်မှ စုတေ၍ ငါတို့ဘုရားလက်ထက်တွင်–

- ၁-ဦးကား **ပုဏ္ဏသာတိမင်းကြီး**၊
- ၁-ဦးကား **ကုမာရကဿပ**၊
- ၁-ဦးကား **ဒါရုစီရိယ**၊
- ၁-ဦးကား **မလ္လမင်းသား အနုဇဒ္ဓ**၊
- ၁-ဦးကား **သဘိယပရိဗိုဇ်** ဖြစ်လာ၏။

(အနာဂါမ်ဖြစ်သော သုဒ္ဓါဝါသဗြဟ္မာ လာ၍ ဒါရုစီရိယအား ဆုံးမလေသတည်း-ဟူလို။)

ထိုဒါရုစီရိယသည် ယူဇနာ ၂၀၀-ကွာသောခရီးကို ၁-ညဉ့်တည်းပင် ရောက်လာ၍ သာဝတ္ထိပြည်တွင် ဆွမ်းခံဝင်တော်မူသော မြတ်စွာဘုရားကို "**တရားဟောတော်မူပါ**" အကြိမ်များစွာ တောင်းပန်၍ လမ်းခရီးတွင်ပင် "**တသွာတိ'ဟ တေ ဘာဟိရ ဧဝံ သိက္ခိတဗ္ဗံ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ**"အစရှိသော ဒေသနာကို ဟောတော်မူသောကာလ ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးမှ ရဟန်းအဖြစ်ကို တောင်းပန်လေလျှင်

http://www.dhammadownload.com

"သင်္ကန်း, သပိတ်, ပရိက္ခရာ ရှာချေ"စေတော်မူ၍ သွားရာ နွားမ ဝေ့လေရကား အနုပါဒိ-သေသနိဗ္ဗာန် စံယူလေသတည်း။ ထိုနွားမကား နွားမစစ် မဟုတ်၊ ဘီလူးမသည် နွားမယောင် ဆောင်၍ ဝေ့သတ်သတည်း။

ရှေးလွန်လေပြီးသောကာလ သူဌေးသား ၄-ယောက်တို့သည် ပြည့်တန်ဆာမတစ်ယောက်ကို ဥစ္စာပေး၍ မွေလျော်ဖော်ပါးကြပြီးမှ "ငါတို့ဥစ္စာကို ငါတို့ယူ၍ ဤသူမကို သတ်ရသော် ကောင်း၏"ဟု တိုင်ပင်ကြသည်ကို ကြား၍ "ငါကား နောင်ကာလ ဘီလူးမဖြစ်၍ ဤသူတို့ ဇီဝိတိန္ဒြေကို သေအောင် ခွင်းရလို၏"ဟု ကျိန်ဆဲခြင်းကို ပြုလေရကား ထိုသူဌေးသား ၄-ယောက်တို့သည် ငရဲ၌ ခံပြီးမှ–

- ၁-ယောက်ကား ပုဏ္ဏသာတိမင်းကြီး၊
- ၁-ယောက်ကား ဒါရုစီရိယ၊
- ၁-ယောက်ကား တမ္ဗဒါဋ္ဌိကဒိုးသူကြီး၊
- ၁-ယောက်ကား သုပ္ပဗုဒ္ဓကုဋ္ဌမည်သော သူနှူ ဖြစ်လာသတည်း။

ထိုသုပ္ပဗုဒ္ဓကုဋ္ဌသည်လည်း တဂ္ဂရသိခိပစ္စေကဗုဒ္ဓါကို ရွံရှာသည်-ဟု တံထွေးထွေးမိသော အကုသလကမ္မကြောင့် နိရယဒုက္ခကို ခံပြီးမှ ဝိပါကာဝသေသကြောင့် လူနှူဖြစ်ရသတည်း။ ဤဘီလူးမသည် ဤသူ ၄-ဦးသားတို့ကို နွားမယောင် ဆောင်၍ ဝေ့သတ်သည်ကား ဘဝ ၁၀၀-စီ ရှိပြီ။ ထိုဒါရုစီရိယသည် ကဿပမြတ်စွာဘုရား သာသနာ-က ရဟန်းတရားကို အားထုတ်သောကာလ ရဟန်းမည်သည် မိမိရသော ပရိက္ခရာကို မိမိသာသုံးဆောင်၍ သူတပါးတို့အား မပေးမလှူသောကြောင့် 'ဧဟိဘိက္ခု'ရဟန်း မဖြစ်ထိုက်သတည်း။ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၊ သဟဿဝဂ်၊ ၂-ခုမြောက်သော ဒါရုစီရိယဝတ္ထု၌-

> သော ကိရ ဝိသတိဝဿသဟဿာနိ သမဏဓမ္မံ ကရောန္တော ဘိက္ခုနာနာမ အတ္ထနော ပစ္စယေ လဘိတွာ အညံ အနောလောကေတွာ သယမေဝ ပရိဘုဉ္ဇိတုံ ဝဋ္ဋတီ'တိ ဧကဘိက္ခုဿာပိ ပတ္တေန ဝါ စီဝရေန ဝါ သင်္ဃံ နာ အကာသိ။ တေနဿ ကွဒ္ဓိမယပတ္တစီဝရံ နာ ဥပ္ပဇ္ဇိဿတိ'တိ ဥတွာ ဧဟိဘိက္ခု-ဘာဝေန ပဋ္ဌဇ္ဇိ နာ အဒါသိ။

ဟူသော ပါဠိ(ဓမ္မ၊ဋ္ဌ၊၁။၄၁၁-၂)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သော၊ ထိုဒါရုစီရိယသည်။ ဝိသတိဝဿသဟဿာနိ၊ အနှစ် ၂-သောင်းတို့ပတ်လုံး။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တော၊ အားထုတ်သည်ရှိသော်။ ဘိက္ခုနာ နာမ၊ ရဟန်း

http://www.dhammadownload.com

မည်သည်ကား။ အတ္တနော၊ မိမိအား။ ပစ္စယေ၊ ပစ္စည်းတို့ကို။ လဘိတွာ၊ ရ၍။ အည်၊ သူတပါးကို။ အနောလောကေတွာ၊ မကြည့်မူ၍။ သယမေဝ၊ မိမိသည်သာလျှင်။ ပရိဘုဉ်္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဧကဘိက္ခုဿာပိ၊ တစ်ယောက်သော ရဟန်းကိုမျှလည်း။ ပတ္တေန ဝါ၊ သပိတ်ဖြင့်လည်းကောင်း။ စီဝရေန ဝါ၊ သင်္ကန်းဖြင့်လည်းကောင်း။ သင်္ဃဟံ၊ သင်္ဂြိဟ်ခြင်းကို။ န အကာသိ၊ မပြု။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုဒါရုစီရိယအား။ ဣဒ္ဓိမယပတ္တစီဝရံ၊ တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းသည်။ န ဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဥတွာ၊ သိတော်မူ၍။ ဧဟိဘိက္ခုဘာဝေန၊ ဧဟိဘိက္ခုအဖြစ်ဖြင့်။ ပတ္တဇ္ဇ၊ ရဟန်းအဖြစ်ကို။ န အဒါသိ၊ ပေးတော်မမူ။

ဤစကား၌ အချို့လည်း သုဒ္ဓါဒနမင်း၊ ရာဇာမင်း၊ ပုက္ကုသာတိမင်း၊ သန္တတိအမတ်တို့သည် ရှေးဘဝက ပရိက္ခရာ မလျှူဘူးသောကြောင့် ရဟန်းမပြုရသတည်း။ ဒါရုစီရိယမှာ အဝတ်မဝတ်သောကြောင့် အလွတ်ဖြစ်၍ မဆိုသည်-ဟု ပြောဆို၏။ သာရကထာ မည်သော စာငယ်တစ်ခုၨ၌လည်း–

> "သုဒ္ဓါဒန၊ ရာဇာ၊ ဘဝ ကုန်မကြွင်း။
> ပုက္ကုသာတိ၊ သန္တတိ၊ ထွဋ္ဌဘုန်းရှိ၊ မြွေးငြိရမက်ကင်း၊
> ပရိက္ခရာ၊ မလျှူပါ၊ ရှေးခါ ကံအရင်း" –

ဟု ကဗျာရေးသား စီထားလေသည်။

ထိုကဗျာအရတွင် မဟာကပ္ပိနဝတ္ထု၊ ဒါရုစီရိယဝတ္ထုများကို ထောက်၍ "ပရိက္ခရာ မလျှူဘူးသောကြောင့် ရဟန်းမပြုရ"ဆိုသော စကားသင့်သည် ဖြစ်ရာ၏။ ပုက္ကုသာတိမင်းမှာ ရဟန္တာလည်း မဟုတ်သေး။ အနာဂါမ်သာဖြစ်၍ စုတိကျလျှင် ဘဝမဆုံးသေးသောကြောင့် သုဒ္ဓါဝါသဘုံ၌ ဖြစ်လေရကား ကာမဘုံသို့ လာဦးမည့်ပုဂ္ဂိုလ်လည်း မဟုတ်၊ ပရိက္ခရာလည်း မလျှူဘူးသည် မဟုတ်၊ လျှူဖူးသော ပုဂ္ဂိုလ်လည်း မှန်၏။ မှန်သော်လည်း ဘဝမဆုံးသော အနာဂါမ်သာဖြစ်၍ ဧဟိဘိက္ခုအဖြစ်သို့ မထိုက်သတည်း။ အကယ်၍ ဒီဃာသဝပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်အံ့၊ ဧဟိဘိက္ခုအဖြစ်ကို ထိုက်၏-ဟု ယူရမည်။

ထိုကြောင့် ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ်အဋ္ဌကထာ၌–

> **ကသ္မာ ကုလပုတ္တဿ ဣဒ္ဓိမယပတ္တစီဝရံ န နိဗ္ဗတ္တိ၊ ပုဗ္ဗေ အဋ္ဌန္နံ ပရိက္ခရာနံ အဒိန္နတာယ န နိဗ္ဗတ္တန္တိ ဒိန္နဒါနော ကတာဘိနီဟာရော၊ အယဉ္စ ပုန ပဋိသန္ဓိကော၊ တသ္မာ န နိဗ္ဗတ္တန္တိ။** –

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ကသွာ၊ အဘယ့်ကြောင့်။ ကုလပုတ္တသ၊ ပုဏ္ဏသာတိမည်သော အမျိုးသားအား။ ဣဒ္ဓိမယပတ္တစီဝရံ၊ တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းသည်။ နံ နိဗ္ဗတ္တံ၊ မဖြစ်လေသနည်း။ ပုတ္တေ၊ ရှေး၌။ အဋ္ဌန္နံ ပရိက္ခာရာနံ၊ ၈-ပါးသော ပရိက္ခာရာတို့ကို။ အဒိန္နတာယ၊ မလှူဖူးသောကြောင့်။ နံ နိဗ္ဗတ္တံ၊ မဖြစ်လေသလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့မေးသော်။ ဒိန္နဒါနော၊ လှူဖူးသော ပရိက္ခာရာရှိ၏။ ကတာဘိနီဟာရော၊ တောင်းဖူးသော ဆုလည်း ရှိ၏။ အယဉ္စ၊ ဤပုဏ္ဏသာတိမင်းသည်ကား။ ပုန ပဋိသန္ဓိကော၊ တဖန် ပရိသန္ဓေနေဖွယ် ရှိသေး၏။ တသ္မာ၊ ထိုကြောင့်။ ဣဒ္ဓိမယပတ္တစီဝရံ၊ တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းသည်။ နံ နိဗ္ဗတ္တံ၊ မဖြစ်။ ဣတိ၊ ဤသို့ ဖြေအပ်၏။

သာရကထာဆရာသည် "ကသွာ ကုလပုတ္တသ"စသော ဓာတုဝိဘင်္ဂသုတ် အဋ္ဌကထာကို တွေမြင်လေလျှင်။ ကသွာ၊ အဘယ့်ကြောင့်။ ကုလပုတ္တသ၊ ပုဏ္ဏသာတိမည်သော အမျိုးသားအား။ ဣဒ္ဓိမယပတ္တစီဝရံ၊ တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းသည်။ နံ နိဗ္ဗတ္တံ၊ မဖြစ်လေသနည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ ပုတ္တေ၊ ရှေး၌။ အဋ္ဌန္နံ ပရိက္ခာရာနံ၊ ၈-ပါးသော ပရိက္ခာရာတို့ကို။ အဒိန္နတာယ၊ မလှူဖူးသောကြောင့်။ နံ နိဗ္ဗတ္တံ၊ မဖြစ်။ ဣတိ၊ ဤသို့ ဖြေအပ်၏။

ဤသို့ အနက်ယောဇနာ၍ ပုဏ္ဏသာတိမင်းကြီးမှာ ပရိက္ခာရာ မလှူဖူးသောကြောင့် ဧဟိဘိက္ခု ရဟန်းမပြုရ-ဟု ယူမိဟန် ရှိ၏။ ဤသို့ မဆိုသင့်။ အထက် ယောဇနာခဲ့သည့် အတိုင်းသာ ပုစ္ဆာ ၂-ချက်ထား၍ ယောဇနာ သင့်၏။ ၎င်းဓာတုဝိဘင်္ဂသုတ် အဋ္ဌကထာတွင်ပင် ပုဏ္ဏသာတိမင်းကြီးအား တရားဟောတော်မူရာ၌ အရဟတ္တဖိုလ်ကို အဆုံးထား၍ ပြတော်မူပါငြားလည်း မိမိ၏ပါရမီအားလျော်စွာ အနာဂါမိဖိုလ်တွင်သာ တည်ကြောင်းကို အနီးသို့လာသော သားငယ်ကို ဖခင်ဖြစ်သော မင်းကြီးက မိမိ သုံးဆောင်တိုင်းသာ ခဲဖွယ်, ဘောဇဉ်ကို ပေးလင့်ကစား သားငယ်၏ ခံတွင်းနှင့် ဆ၍ မျှရုံသာ ဝင်လေသကဲ့သို့ ဖြစ်သည်ဟု ဥပမာဆောင်၍ ပြ၏။

ယင်းသို့ဖြစ်၍ ပုဏ္ဏသာတိမင်းကြီး ပရိက္ခာရာ မလှူဖူးသောကြောင့် ရဟန်းမပြုရဘဲ ပရိနိဗ္ဗာန်ပင် စံယူတော်မူသည် ထင်မှတ်၍ "**ပုဏ္ဏသာတိ၊ သန္တိ၊ ထွတ်ဘုန်းရှိ၊ မြွေးငြိုရမက်ကင်း။ ပရိက္ခာရာ၊ မလှူပါ၊ ရှေးခါ ကံအရင်း**"ဟု စပ်ဆိုသော သာရကထာကျမ်းစကားကို ကိုးစား၍ ပြောဆိုကြသည်ကား မှားလေစွ။

ထိုသို့ "နွားမတွေ့သော ဒါရုစီရိယ၏အလောင်းကို ညောင်စောင်းဖြင့် တင်ပြီးမှ ဖုတ်ကြည်း၍ စေတီတည်ကြကုန်"ဟု ဘုရားမိန့်တော်မူတိုင်း ရဟန်းတို့ ဖုတ်ကြည်း၍ စေတီတည်ပြီးမှ ဒါရုစီရိယ၏ ဘဝဂတိကို မေးလျောက်ကြရာ—

http://www.dhammadownload.com

ဧတေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဒိဗ္ဗါဘိညာနံ၊ ယဒိဒံ ဒါရုစီရိယော။

ဟု ဧတေဒဂ်ထားတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒိဗ္ဗါဘိညာနံ၊ လျင်မြန်စွာ တရားကို သိလွယ်ကုန်သော။ မမ သာဝကာနံ၊ ငါ၏တပည့်သားဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ ယော အယံ ဒါရုစီရိယော၊ အကြင်ဒါရုစီရိယသည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဧသော ဒါရုစီရိယော၊ ထိုဒါရုစီရိယသည်။ အဂ္ဂံ အဂ္ဂေါ၊ မြတ်၏။ ဤကား "ပုဗ္ဗေ ကတပုညတာ"၏အရ သီလ၏ ဝေးသောအကြောင်းတည်း။

အစိန္တေယျ၊ သုံးလူသေင့်နင်း တရားမင်းမြတ်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း တွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ–

- လယ်ကို သုတ်သင်သောအခါ ၁-ကြိမ်၊ - နို့ရည်ခဲသောအခါ ၁-ကြိမ်၊
- ကောက်ရိတ်သောအခါ ၁-ကြိမ်၊ - ထမင်းချက်သောအခါ ၁-ကြိမ်၊
- ထမင်းခူးသောအခါ ၁-ကြိမ်

ဤသို့ ၅-ကြိမ်သောအခါ၌ ရောက်လာသသူတို့အား မလျှုမပေးဘဲ မစား၊ ပေးလျှုရ မှသာ စားသော အလေ့ရှိသောကြောင့် **ပဉ္စဝဒါယကာ**-အမည်ရှိသော ပုဏ္ဏား၏ ဘောဇဉ်, ခဲဖွယ် သုံးဆောင်စားသောက်သောအခါကို ကြည့်၍ ပုဏ္ဏား, ပုဏ္ဏေးမတို့၏ အနာဂါမိဖိုလ် တိုင်အောင် တည်လတ္တံ့သည်ကို မြင်တော်မူသောကြောင့် အိမ်သို့ ကြွတော်မူ၍ အိမ်တံခါးဝ တွင် ရပ်လေ၏။ ပုဏ္ဏေးမလည်း အိမ်တံခါးကို မျက်နှာပြုလျက်နေရကား ဘုရားကို မြင် လေလျှင် ဤသို့ ကြံအောက်မေ့၏။

"ပုဏ္ဏားသည် ၅-ကြိမ်မြောက် လျှုမှ စား၏။ ယခုအခါ အရှင်ဂေါတမဘုရားသည် အိမ်တံခါးဝ၌ ရပ်လာသည်ကို မြင်လျှင် မလျှုဘဲနေတော့မည်နည်း။ လျှုပြန်သောအခါ ငါအသစ်ချက်ပြုတ်၍ လုပ်ကျွေးပြန်ရတော့မည်" ဤသို့ကြံလျက် ပြင်သို့ ထွက်လာ၍ ယူဇနာပေါင်း ၄၂,၀၀၀-အမြင့်ဆောင်သည့် ယုဂန်တောင်စွန်းဝယ် လဝန်းတန်ဆောင်ကို မမြင်အောင် လက်ဝါးဖြင့် ဆီးတားကွယ်ကာသကဲ့သို့ မြတ်စွာဘုရားကို နောက်ထား၍ ပုဏ္ဏား မမြင်စိမ့်သောငှာ ကွယ်ကာတန့်ရပ်လျက် မျက်နှာထက်ဝက် မျက်စိတခြမ်းဖြင့်သာ မြတ်စွာဘုရား သွား,မသွားကို ကွဲပြားအောင် ကြည့်လေသည်။ မြတ်စွာဘုရားလည်း မကြွ, မသွားဘဲ ရပ်မြဲရပ်တော်မူ၏။ ပုဏ္ဏား ကြားမည်ကို စိုး၍ "ကန်တော့ပါ၏"မဆိုဝံ့သေးသဖြင့် ဖြည်းဖြည်းသာသာ တိုင်းထွာဆင်ခြင်ပြီးမှ အနီးသို့ ကပ်ပြန်၍ အသံနည်းစွာ "ကန်တော့

http://www.dhammadownload.com

ပါ၏"ဟု ဆိုပေရကား "ငါဘုရားသည် ကြွသွားတော် မမူသည်သာတည်း"ဟု လူ ၃-ပါး တို့ ညွှတ်တွားကော်ရော်၊ ပူဇော်လေးမြတ်၊ ကြည်ညိုအပ်သော ဦးခေါင်းတော်ကို လှုပ်တော်မူလျှင် ပုဏ္ဏားမသည် တည်တံ့ခြင်းငှာ မတတ်နိုင်ရကား ကျယ်စွာသော အသံဖြင့် ပြင်းထန်စွာ ရယ်လေသည်။ ထိုခဏတွင် မြတ်စွာဘုရားလည်း အရောင်တော်ကို အိမ်တွင်းသို့ ရှေးရှု လွှတ်တော်မူ၏။ ပုဏ္ဏားလည်း နောက်ဖို တကိုင်းနေလျက် ပုဏ္ဏားမ၏ ရယ်သံကို လည်း ကြား, မြတ်စွာဘုရား၏ ရောင်ခြည်တော်ကိုလည်း မြင်ရမှ မြတ်စွာဘုရားမှန်း သိလေသည်။

ဘုရားတို့မည်သည် ရွာ၌ ဖြစ်စေ, တော၌ ဖြစ်စေ မင်,ဖိုလ်၏အကြောင်း ပါရမီရှိသသူတို့အား ကိုယ်တော်ကို ထင်ရှားမပြဘဲ ကြွသွားတော်မမူ။ ပုဏ္ဏားလည်း ဘုရားကို မြင်သောအခါ၌ "မြတ်စွာဘုရား အိမ်တံခါးဝတွင် ရပ်တော်မူလာသည်ကိုမျှ မသိရ။ ငါ့ကို မကြား၊ သင်ကား အလွန်ဝန်လေးစွာသော အမှုကို ပြုဘိ၏"ဟု ပုဏ္ဏေးမကို မြည်တွန်တောက်တီးလျက် စားပြီးတဝက် ကျန်ထမင်းကို ယူသွား၍ မြတ်စွာဘုရား၏ အနီးသို့ ရောက်လေလျှင် "အကျွန်ုပ်ကား ၅-ကြိမ်လှူပြီးမှ စားသော ပုဏ္ဏားဖြစ်ပါလျက် အရှင်ဘုရားကြွတော်မူလာသည်ကိုမျှ မဆွကပင် မသိရ၍ စားဦးသော ဘောဇဉ်ကို အရှင်ဘုရားအား မလှူရပါ။ စားပြီး,စားကြွင်း ဤထမင်းကို ခံတော်မူပါ"ဟု လျှောက်လေလျှင် ငါဘုရားသည် "စားကြွင်းကို အလိုမရှိ"ဟု ပယ်တော်မမူဘဲ–

> **ဗြာဟ္မဏ အဂ္ဂမ္မိ မယ္ဟမေဝ အနုစ္ဆဝိကံ။ မဂ္ဂေ ဘိန္နိတ္တာ အမုဘုတ္တဘဏ္ဍမ္မိ။ စရိမကဘတ္တပိဏ္ဍောပိ မယ္ဟမေဝ အနုစ္ဆဝိကော။ မယံ ဗြာဟ္မဏ ပရဒတ္တူပဇီဝီ ပေတသဒိသာ။** (ဓမ္မ၊ဌ၊၂။၃၆၈)

ဟု မိန့်တော်မူ၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ အဂ္ဂမ္မိ၊ မစားသေး အဦးဖြစ်သော ထမင်းသည်လည်း။ မယ္ဟမေဝ၊ ငါဘုရားအားသာလျှင်။ အနုစ္ဆဝိကံ၊ လျောက်ပတ်၏။ မဂ္ဂေ၊ အလယ်၌။ ဘိန္နိတ္တာ၊ ခွဲဝေ၍။ အမုဘုတ္တဘတ္တမ္မိ၊ ထက်ဝက်စားပြီးသော ထမင်းခဲသည်လည်း။ မယ္ဟမေဝ၊ ငါဘုရားအားသာလျှင်။ အနုစ္ဆဝိကံ၊ လျောက်ပတ်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ စရိမကဘတ္တပိဏ္ဍောပိ၊ စား၍ မကုန် ကျန်သော ထမင်းခဲသည်လည်း။ မယ္ဟမေဝ၊ ငါဘုရားအားသာလျှင်။ အနုစ္ဆဝိကော၊ လျောက်ပတ်၏။ ဗြာဟ္မဏ၊ **ပဋ္ဌဝ္ဗဒါယကာမည်သော** ပုဏ္ဏား။ မယံ၊ ငါဘုရားတို့သည်။ ပရဒတ္တူပဇီဝီ၊ သူတပါးတို့ ပေးကမ်းစွန့်ကြဲသော အစာအာဟာရကို မှီ၍ အသက်ရှည်ကုန်သော။ ပေတသဒိသာ၊ ပြိတ္တာနှင့် တူကုန်၏။

http://www.dhammadownload.com

ဤသို့ မြတ်စွာဘုရား ဆိုတော်မူသော စကားကို ပုဏ္ဏား ကြားလေလျှင် အလွန်ကြည်ညိုမြတ်နိုးသော စိတ်ရှိသည်ဖြစ်၍ "အလွန်လျှင် အံ့ဖွယ်ရှိစွ။ လေးကျွန်းသေဉ်နင်း စကြာမင်း၏သားကဲ့သို့သော မင်းသားဖြစ်လျက် 'သင်၏စားကြွင်းကို ငါ-အလိုမရှိ'-ဟု ပယ်တော်မမူဘဲ စားကြွင်း ထမင်းကိုမျှ လှူသင့်ကြောင်းနှင့် မိန့်တော်မူပေသည်"ဟု ဝမ်းမြောက်ဝမ်းသာလျက် ပြဿနာ မေးလို၍ "အရှင်ဘုရား၊ ကိုယ်တော်မြတ်၏ တပည့်သားတို့ကို ဘိက္ခု-ဟု အဘယ်ကြောင့် ခေါ်တော်မူသနည်း"ဟု လျှောက်လေလျှင် "ဤပုဏ္ဏားအား အဘယ်သို့သော ဒေသနာသည် လျောက်ပတ်သနည်း"ဟု ဆင်ခြင်တော်မူကြောင်းကို-

ကထံ ရူပါ နု ခေါ ဣမဿ ဓမ္မဒေသနာ သပ္ပါယာတိ ဥပဓာရေန္တော ဣမေ ဒ္ဝေပိ ဇနာ ကဿပဗုဒ္ဓကာလေ နာမရူပန္တိ ဝဒန္တာနံ ကထံ သုဏိ်သု၊ နာမရူပံ ဝိသဇ္ဇေတွာ ဓမ္မံ ဒေသေတုံ နု ဝဋ္ဋတိ။ (ဓမ္မ၊၄၊၂။၃၆၉။ ထောက် ဝိသဇ်သံ)

ဟု ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ၊ ၂၅-ဘိက္ခုဝဂ်၊ ၆-ခုမြောက်သော ပဥ္စဂ္ဂဒါယကဗြာဟ္မဏ ဝတ္ထုတွင် လာသည်။

ဣမဿ၊ ဤပုဏ္ဏားအား။ ကထံရူပါ၊ အဘယ်သို့ သဘောရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ သပ္ပါယာ နု ခေါ်၊ လျောက်ပတ်လေသနည်း။ ဣတိ၊ ဤသို့။ ဥပဓာရေန္တော၊ စုံစမ်းဆင်ခြင်တော်မူလတ်သော်။ ဣမေ ဒ္ဝေပိ ဇနာ၊ ဤပုဏ္ဏားလင်မယား တို့သည်လည်း။ ကဿပဗုဒ္ဓကာလေ၊ ကဿပဘုရားလက်ထက်တော်၌။ နာမရူပန္တိ၊ နာမရူပံ ဟူ၍။ ဝဒန္တာနံ၊ ရွတ်အံ့ကုန်သော ရဟန်းတို့၏။ ကထံ၊ တရားစကားကို။ သုဏိ်သု၊ ကြားနာကြဖူးခဲ့ကုန်၏။ နာမရူပံ၊ နာမ်,ရုပ်ကို။ ဝိသဇ္ဇေတွာ၊ လွှတ်၍။ ဓမ္မံ၊ တရားကို။ ဒေသေတုံ၊ ဟောခြင်းငှာ။ နု ဝဋ္ဋတိ၊ မသင့်။

ဤသို့ ပုဏ္ဏား,ပုဏ္ဏေးမတို့၏ ဥပနိဿယဖြစ်သော ပါရမီကို ဆင်ခြင်တော်မူပြီးမှ–

သဗ္ဗသော နာမရူပဿ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ နံ သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။ ။ –

ဟူသော ဒေသနာကို ဟောတော်မူသည်။ (ဓမ္မ၊၄၊၂။၃၆၉)

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယဿ၊ အကြင်သူအား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ နာမရူပဿ်၊ နာမ်,ရုပ်တရား၌။ မမာယိတံ၊ မြတ်နိုးခြင်းသည်။ နတ္ထိ၊ မရှိ။ အသတာ စ၊ ကုန်ခြင်း, ပျက်ခြင်းကြောင့်။ နံ သောစတိ၊ မစိုးရိမ်။ သော၊ ထိုသူကို။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊ ဘိက္ခု-ဟူ၍။ ဝါ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးဆင်ခြင် ရှုမြင်တတ်သော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

http://www.dhammadownload.com

ဤဒေသနာတော်၏အဆုံး၌ ပုဏ္ဏား,ပုဏ္ဏေးမတို့သည် အနာဂါမိဖိုလ်၌ တည်လေသည်။

စူဠပန္ထကမထေရ်သည် ကောကနဒဂါထာကို ဝါတွင်း ၃-လပတ်လုံး သင်ကြား၍ မရနိုင်သောကြောင့် လူဘောင်သို့ သွားမည်ရှိရာ မြတ်စွာဘုရား သိတော်မူ၍ "စူဠပန္ထကကား အဘယ်တရားသည် မဂ်,ဖိုလ်၏ ဥပနိဿယဖြစ်လေသနည်း"ဟု ဆင်ခြင်တော်မူလျှင် ရှေးသောအခါ မင်းဖြစ်၍ မြို့ကို လှည့်လည်ရာ နဖူးပြင်က ထွက်သော ချွေးကို စင်ကြယ်သော ပုဆိုးဖြင့် သုတ်လေလျှင် အလွန်မည်းညစ်သော အညစ်အကြေးကို မြင်၍ "ဤကိုယ်ကို အမှီပြု၍ ဤသို့ စင်ကြယ်သောပုဆိုးသည် ညစ်နွမ်းလေရကား အနိစ္စသဘောသာတည်း"ဟု နှလုံးသွင်းခဲ့ဖူးသောအဖြစ်ကို သိ၍ ရဇောဟရဏကမ္မဋ္ဌာန်းသာလျှင် စူဠပန္ထကအား အရိယမဂ်,ဖိုလ်၏ ဥပနိဿယတည်း-ဟု မြင်တော်မူကြောင်းကို-

> **သော ကိရ ပုဗ္ဗေ ရာဇာ ဟုတ္ဝာ နဂရံ ပဒက္ခိဏံ ကရောန္တော နလာဋေ သေဒေ မုဉ္စန္တေ ပရိသုဒ္ဓေန သာဋကေန နလာဋံ ပုဉ္ဆိ၊ သာဋကော ကိလိဋ္ဌော အဟောသိ။ သော ဣမံ သရီရံ နိဿာယ ဧဝရူပေါ ပရိသုဒ္ဓေါ သာဋကော ပကတိ ဇဟိတ္ဝာ ကိလိဋ္ဌော ဇာတော'တိ အနိစ္စသညံ ပဋိလဘိ၊ တေန ကာရဏေန'ဿ ရဇောဟရဏမေဝ ပစ္စယော ဇာတော။** (ဓမ္မ၊၄၊၁။၁၅၇)

ဟု ဓမ္မပဒ၊ ၂-အပ္ပမာဒဝဂ်၊ ၃-ခုမြောက်သော စူဠပန္ထကထေရ်ဝတ္ထုတွင် လာသည်။

သော၊ ထိုစူဠပန္ထကမထေရ်သည်။ ပုဗ္ဗေ၊ ရှေး၌။ ရာဇာ၊ မင်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ နဂရံ၊ မြို့ကို။ ပဒက္ခိဏံ၊ လက်ယာရစ်လှည့်သည်ကို။ ကရောန္တော၊ ပြုသည်ရှိသော်။ နလာဋေ၊ နဖူး၌။ သေဒေ၊ ချွေးသည်။ မုဉ္စန္တေ၊ ထွက်သည်ရှိသော်။ ပရိသုဒ္ဓေန၊ စင်ကြယ်သော။ သာဋကေန၊ ပုဆိုးဖြင့်။ ပုဉ္ဆိ၊ သုတ်၏။ သာဋကော၊ ပုဆိုးသည်။ ကိလိဋ္ဌော၊ ညစ်နွမ်းသည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုစူဠပန္ထကအလောင်းဖြစ်သော မင်းသည်။ ဣမံ သရီရံ၊ ဤကိုယ်ကို။ နိဿာယ၊ မှီ၍။ ဧဝရူပေါ၊ ဤသို့သော သဘောရှိသော။ ပရိသုဒ္ဓေါ၊ စင်ကြယ်သော။ သာဋကော၊ ပုဆိုးသည်။ ပကတိ၊ ပြကတ်သော သဘောကို။ ဇဟိတ္ဝာ၊ စွန့်၍။ ကိလိဋ္ဌော၊ ညစ်နွမ်းသည်။ ဇာတော၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အနိစ္စသညံ၊ အနိစ္စသညာကို။ ပဋိလဘိ ကိရ၊ ရဖူးသတဲ့။ တေန ကာရဏေန၊ ထိုသို့သော အကြောင်းကြောင့်။ အဿ၊ ထိုစူဠပန္ထကထေရ်အား။ ရဇောဟရဏမေဝ၊ ရဇောဟရဏကမ္မဋ္ဌာန်းသည်ပင်လျှင်။ ပစ္စယော၊ မဂ်,ဖိုလ်၏အကြောင်းသည်။ ဇာတော၊ ဖြစ်၏။

"ယထာ (ပဒ္မံ) ကောကနဒံ သုဂန္ဓံ"ဟူသော ဂါထာ၌ ကောကနုဒ်-ဟု နှ-မှာ ဥသရနှင့် ရေးသား ဖတ်ရွတ်ကြ၏၊ မသင့်။ ကောကနဒ်-ဟု နှ-မှာ အသရနှင့် ရှိမှသင့်မည်။

http://www.dhammadownload.com

"ကောကာ နဒန္တီ အနေနာတိ ကောကနဒေါ"ဟု ဝစနတ်ပြု။

အနေန၊ ဤကြောကြောင့်။ ကောကာ၊ ခွေးတို့သည်။ နဒန္တီ၊ ဟောင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကောကနဒေါ၊ ကောကနဒမည်၏။

သားတစ်နှင့် တူသောကြောင့် ခွေးတို့မြင်လျှင် ဟောင်ရကား ထိုကြောကို ကောကနဒ ဟူလို။ ကြာနီကို ယူ။ ကောကနဒ-သဒ္ဒါ ခွေး-ဟော၊ ကုက ဝက အာဒါနေ၊ ကောကော၊ ဝကော၊ သဒ္ဒနီတိ။ (ဓာတု။၁၆)

ဤကား "ပုဗ္ဗေ ကတပုညတာ"၏အရ ဘာဝနာ၏ ဝေးသောအကြောင်းတည်း။ ဤပြဆိုခဲ့ပြီးသည်မှတပါး ဤနည်းနှင့် သာဓကဝတ္ထုတို့ကား များစွာရှိ၏။ ရှေးရှေးသော ဘဝတို့က ပြုခဲ့ဖူးသော ဝိဝဋ္ဋနိဿိတနိဗ္ဗေဓဘာဂိယဖြစ်သော ဒါန,သီလ,ဘာဝနာကို မင်္ဂ, ဖိုလ်ရခြင်း၌ ဝေးသောအကြောင်း-ဟု ဆိုသည်။ ထိုဒါန, သီလ, ဘာဝနာ-ဟူသော ပုဗ္ဗေ ကတပုညကြောင့် ပဋိရူပဒေသဝါသအရပ်၌ ဖြစ်၏။ ပဋိရူပဒေသဝါသအရပ်၌ဖြစ်မှ သပ္ပုရိသူပနိဿယကို ရ၏။ သပ္ပုရိသူပနိဿယကို ရမှ သဒ္ဓမ္မဿဝနကို ရ၏။ ဤမှ အထက်ကို မင်္ဂ, ဖိုလ်,နိဗ္ဗာန်တိုင်အောင် အကျိုးဆက်တို့ကို ပကိဏ္ဏကဝိသဇ္ဇနာ၊ ပဌမပရိစ္ဆေဒတွင် ပြဆိုခဲ့ပြီ။

မြတ်စွာဘုရားလည်း "ပုဗ္ဗေ ကတပုည"ရှိသည်တို့ကိုသာ တရားအမြိုက် တိုက်ကျွေးတော်မူ၍ အနုပါဒိသေသနိဗ္ဗာန် စံထိုက်သည်၏အဖြစ်ကို ပြတော်မူကြောင်းကို ဇိနာလင်္ကာရကျမ်းတွင်–

အညေသမ္မိ ပုဗ္ဗေ ကတပုညာနံ ဗဟုန္နံ ဓမ္မံ ဒေသေတွာ နိဗ္ဗာနမဂ္ဂေ ပတိဋ္ဌာပေတွာ သဗ္ဗဒုက္ခတော မောစေတွာ အနုပါဒိသေသပရိနိဗ္ဗာနာရဟေ အကာသိ။

ဟု လာသည်။

အညေသမ္မိ၊ တပါးလည်းဖြစ်ကုန်သော။ ပုဗ္ဗေ ကတပုညာနံ၊ ရှေး၌ ပြုခဲ့ဖူးသော ဒါန, သီလ, ဘာဝနာ-ဟု ဆိုအပ်သော ကောင်းမှုရှိကုန်သော။ ဗဟုန္နံ၊ များစွာကုန်သော ဝေနေယျတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတွာ၊ ဟောတော်မူ၍။ နိဗ္ဗာနမဂ္ဂေ၊ နိဗ္ဗာန်ခရီး၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ သဗ္ဗဒုက္ခတော၊ ခပ်သိမ်းသော ဝဋ်ဆင်းရဲမှ။ မောစေတွာ၊ လွတ်စေ၍။ အနုပါဒိသေသပရိဗ္ဗာနာရဟေ၊ အနုပါဒိသေသနိဗ္ဗာန် စံယူခြင်းငှာ ထိုက်သည်တို့ကို။ အကာသိ၊ ပြုတော်မူ၏။

ပုဗ္ဗေ ကတ-ဟူသော ပုဒ်များ၌ ပုဗ္ဗေ-ဟု သြဠဇဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့် ရှိတတ်ကြ၏၊ မသင့်။ ပုဗ္ဗေ-ဟု သြဠဇတတိယအက္ခရာ ဗ-သဒိသဒွေးဘော်နှင့် ရှိမှ သင့်

http://www.dhammadownload.com

သည်။ ဤတွင်ရွေ့ ဒါန,သီလ,ဘာဝနာ ၃-ပါးတို့၏ မဂ်,ဖိုလ်ရခြင်း၌ ဝေးသောအကြောင်း ဖြစ်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၂) "ယခု ပေးလှူကြသော ဒါနသည် ဒိဋ္ဌဓမ္မ ပစ္စက္ခမျက်မှောက်၌ အကျိုးပေးမည်, မပေးမည်ကို သိလိုပါသည်"ဟု မေးလျှောက်သည်မှာ မြတ်စွာဘုရား ဝေသာလီပြည်ကြီး တွင် သီတင်းသုံးနေတော်မူသောအခါ သီဟအမည်ရှိသော အမတ်စစ်သူကြီးသည် မြတ်စွာ ဘုရား အထံတော်သို့ ချဉ်းကပ်၍ "ယခုပစ္စက္ခ မျက်မှောက်ဘဝ၌ ဒိဋ္ဌဓမ္မိကဒါန၏အကျိုးကို ပညတ်ခြင်းငှာ တတ်ကောင်းရာ၏"ဟု "သက္ကာ နု ခေါ ဘန္တေ ဘဂဝါ ဒိဋ္ဌဓမ္မိကံ (သန္ဒိဋ္ဌိကံ) ဒါနဖလံ ပညာပေတုံ"ဟု နားတော်လျှောက်လေလျှင်-

"သီဟ-အမည်ရှိသော အမတ်စစ်သူကြီး၊ ယခုပစ္စက္ခ မျက်မှောက်ဘဝ၌ ဒိဋ္ဌဓမ္မိက ဖြစ်သော ဒါနအကျိုးကို ပညတ်ခြင်းငှာ တတ်ကောင်းရာ၏"ဟု သက္ကာသီဟ-ဟု မိန့်တော် မူပြီးမှ-

> ဒါယကော သီဟ ဒါနပတိ ဗဟုနော ဇနဿ ဝိယော ဟောတိ မနာပေါ၊ ယမ္ပိ သီဟ ဒါယကော ဒါနပတိ ဗဟုနော ဇနဿ ဝိယော ဟောတိ ဓနာပေါ၊ ဣဒမ္ပိ သန္ဒိဋ္ဌိကံ ဒါနဖလံ။
>
> ပုန စ ပရံ သီဟ ဒါယကံ ဒါနပတိံ သန္တော သပ္ပုရိသာ ဘဇန္တိ၊ ယမ္ပိ သီဟ ဒါယကံ ဒါနပတိံ သန္တော သပ္ပုရိသာ ဘဇန္တိ၊ ဣဒမ္ပိ သံဒိဋ္ဌိကံ ဒါနဖလံ။
>
> ပုန စ ပရံ သီဟ ဒါယကဿ ဒါနပတိနော ကလ္လာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ ယမ္ပိ သီဟ ဒါယကဿ ဒါနပတိနော ကလ္လာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ၊ ဣဒမ္ပိ သန္ဒိဋ္ဌိကံ ဒါနဖလံ။
>
> ပုန စ ပရံ သီဟ ဒါယကော ဒါနပတိ ယဒိ ဒေဝပရိသံ ဥပသင်္ကမတိ၊ ယဒိ ခတ္တိယပရိသံ ဥပသင်္ကမတိ၊ ယဒိ ဗြာဟ္မဏပရိသံ ဥပသင်္ကမတိ၊ ယဒိ ဂဟပတိပရိသံ ဥပသင်္ကမတိ။ ယဒိ သမဏပရိသံ ဥပသင်္ကမတိ၊ ဝိသာရဒေါ ဥပသင်္ကမတိ အမင်္ကုဘူတော။ ယမ္ပိ သီဟ ဒါယကော ဒါနပတိ ယဒိ ဒေဝပရိသံ ဥပသင်္ကမတိ၊ ယဒိ ခတ္တိယပရိသံ ဥပသင်္ကမတိ၊ ယဒိ ဗြာဟ္မဏပရိသံ ဥပသင်္ကမတိ၊ ယဒိ ဂဟပတိပရိသံ ဥပသင်္ကမတိ။ ယဒိ သမဏပရိသံ ဥပသင်္ကမတိ။ ဝိသာရဒေါ ဥပသင်္ကမတိ၊ အမင်္ကုဘူတော၊ ဣဒမ္ပိ သီဟ သန္ဒိဋ္ဌိကံ ဒါနဖလံ။
>
> ပုန စ ပရံ သီဟ ဒါယကော ဒါနပတိ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ ယမ္ပိ သီဟ ဒါယကော ဒါနပတိ ကာယဿ

http://www.dhammadownload.com

ဘေဒါ ပရံ ပရဏာ သုဂတိ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ ဣဒမ္ပိ သမ္မရာယိကံ ဒါနဖလံ။

ဟူ၍ဟောတော်မူသည်။ (အံ၊၂။၃၃။ ထောက် ဝိသဒိသံ)

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ဒါယကော၊ အလှူပေးတတ်သော။ ဒါနပတိ၊ အလှူရှင်ကို။ ဗဟုနော၊ များစွာသော။ ဇနဿ၊ လူအပေါင်းသည်။ ပိယော၊ ချစ်မြတ်နိုးသည်။ မနာပေါ၊ နှစ်လိုသည်။ ဟောတိ၊ ၏။

သီဟ၊ သီဟအမည်ရှိသော၊ အမတ်စစ်သူကြီး။ ဒါယကော၊ အလှူပေးတတ်သော။ ဒါနပတိ၊ အလှူရှင်ကို။ ဗဟုနော၊ များစွာသော။ ဇနဿ၊ လူအပေါင်းသည်။ ပိယော၊ ချစ်မြတ်နိုးသည်။ မနာပေါ၊ နှစ်လိုသည်။ ဟောတိ၊ ဖြစ်၏။ ယမ္ပိ၊ အကြောင်အကျိုးသည်လည်း။ အတ္ထိ၊ ရှိ၏။ ဣဒမ္ပိ၊ ဤအကျိုးသည်လည်း။ သန္ဓိဋ္ဌိက်၊ မျက်မှောက်၌ ဖြစ်သော။ ဒါနဖလံ၊ အလှူ၏အကျိုး မည်၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ပုန စ၊ တဖန်။ ပရံ၊ တပါးတံု။ ဒါယကံ၊ အလှူပေးတတ်သော။ ဒါနပတိ၊ အလှူရှင်ကို။ သန္တော သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ ဘဇန္တိ၊ ဆည်းကပ်ကုန်၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ဒါယက်၊ အလှူပေးတတ်သော။ ဒါနပတိ၊ အလှူရှင်ကို။ သန္တော သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ ဘဇန္တိ၊ ဆည်းကပ်ကုန်၏။ ယမ္ပိ၊ အကြောင်အကျိုးသည်လည်း။ အတ္ထိ၊ ရှိ၏။ ဣဒမ္ပိ၊ ဤအကျိုးသည်လည်း။ သန္ဓိဋ္ဌိက်၊ မျက်မှောက်၌ဖြစ်သော။ ဒါနဖလံ၊ အလှူ၏အကျိုး မည်၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ပုန စ၊ တဖန်လည်း။ ပရံ၊ တပါးတံု။ ဒါယကဿ၊ အလှူပေးတတ်သော။ ဒါနပတိနော၊ အလှူရှင်၏။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့၍တက်၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ဒါယကဿ၊ အလှူပေးတတ်သော။ ဒါနပတိနော၊ အလှူရှင်၏။ ကလျာဏော၊ ကောင်းသော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့၍တက်၏။ ယမ္ပိ ဖလံ၊ အကြောင်အကျိုးသည်လည်း။ အတ္ထိ၊ ရှိ၏။ ဣဒမ္ပိ ဖလံ၊ ဤအကျိုးသည်လည်း။ သန္ဓိဋ္ဌိက်၊ မျက်မှောက်၌ဖြစ်သော။ ဒါနဖလံ၊ အလှူ၏အကျိုး မည်၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ပုန စ၊ တဖန်လည်း။ ပရံ၊ တပါးတံု၊ ဒါယကော၊ အလှူပေးတတ်သော။ ဒါနပတိ၊ အလှူရှင်သည်။ ဒေဝပရိသံ၊ နတ်ပရိသတ်သို့။

http://www.dhammadownload.com

ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ ခတ္တိယပရိသံ၊ မင်းပရိသတ်တို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ ဗြာဟ္မဏပရိသံ၊ ပုဏ္ဏားပရိသတ်သို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ ဂဟပတိပရိသံ၊ သူကြွယ်ပရိသတ်သို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ သမဏပရိသံ၊ ရဟန်းပရိသတ်သို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ ဝိသာရဒေါ၊ ရဲရင့်သည်ဖြစ်၍။ ဝါ၊ ကြောက်လန့်ခြင်း ကင်းသည်ဖြစ်၍။ အမကုံဘူတော၊ မျက်နှာချွင်လန်း ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍။ ဥပသက်မတိ၊ ကပ်ရ၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ဒါယကော၊ အလှူပေးတတ်သော။ ဒါနပတိ၊ အလှူရှင်သည်။ ဒေဝပရိသံ၊ နတ်ပရိသတ်သို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ ဗြာဟ္မဏပရိသံ၊ ပုဏ္ဏားပရိသတ်သို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ ဂဟပတိပရိသံ၊ သူကြွယ်ပရိသတ်သို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ သမဏပရိသံ၊ ရဟန်းပရိသတ်သို့။ ယဒိ ဥပသက်မတိ၊ အကယ်၍ ကပ်အံ့။ ဝိသာရဒေါ၊ ရဲရင့်သည်ဖြစ်၍။ ဝါ၊ ကြောက်ခြင်း ကင်းသည်ဖြစ်၍။ အမကုံဘူတော၊ မျက်နှာချွင်လန်း ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍။ ဥပသက်မတိ၊ ကပ်ရ၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ယမို့ ဖလံ၊ အကြင်အကျိုးသည်လည်း။ အတ္ထိ၊ ရှိ၏။ ဣဒမို့ ဖလံ၊ ဤအကျိုးသည်လည်း။ သန္နိဋ္ဌိတံ၊ မျက်မှောက်၌ ဖြစ်သော။ ဒါနဖလံ၊ အလှူ၏အကျိုး မည်၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ပုန စ၊ တဖန်လည်း။ ပရံ၊ တပါးတံု့။ ဒါယကော၊ အလှူပေးတတ်သော။ ဒါနပတိ၊ အလှူရှင်သည်။ ကာယဿ ဘေဒါ၊ ခန္ဓာပျက်သည်မှ။ ပရံ မရဏာ၊ စုတိချုပ်သော အဆုံး၌။ သုဂတိ၊ ကောင်းမှုကို ပြုလေ့ရှိသော သူတို့၏ လားရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ ကပ်၍ ဖြစ်ရ၏။

သီဟ၊ သီဟ အမည်ရှိသော အမတ်စစ်သူကြီး။ ဒါယကော၊ အလှူပေးတတ်သော။ ဒါနပတိ၊ အလှူရှင်သည်။ ကာယဿ ဘေဒါ၊ ခန္ဓာပျက်သည်မှ။ ပရံ မရဏာ၊ စုတိချုပ်သော အဆုံး၌။ သုဂတိ၊ ကောင်းမှုကို ပြုလေ့ရှိသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ ကပ်၍ ဖြစ်ရ၏။

သီဟ၊ သီဟအမည်ရှိသော အမတ်စစ်သူကြီး။ ဣဒမို့ ဖလံ၊ ဤအကျိုးသည်လည်း၊ သမ္မုခာယိကံ၊ တမလွန်ဘဝ၌ဖြစ်သော။ ဒါနဖလံ၊ အလှူ၏အကျိုး မည်၏။

http://www.dhammadownload.com

အလှူပေးသောသူကို သူခပ်သိမ်းတို့ ချစ်ခင်သည်။ အလှူပေးသောသူတို့၏ အထံသို့ သူတော်ကောင်းတို့ ချဉ်းကပ်သည်။ အလှူပေးသောသူ-ဟူ၍ ကောင်းကြီးသံဖြင့် ကျော်စောသည်။ မင်း, ပုဏ္ဏား, သူကြွယ်-စသော ပရိသတ်တို့၏အလယ်၌ တင့်တယ်သည်ဖြစ်၍ ရဲရင့်စွာ ထိတ်လန့်ကြောက်ရွံ့ခြင်းမှ ကင်းသည်။ ဤသို့ ပစ္စက္ခမျက်မှောက်၌ပင် ဒါနအကျိုး ၄-ပါး ခံစားရကြောင်းကို အဂုံတွာ၊ ပဋ္ဌကနိပါတ်၊ စတုတ္ထ(သုမန)ဝဂ်၊ ၄-ခုမြောက်သော သီဟသေနာပတိဝတ္ထုတွင် ဟောတော်မူသည်။

သတ္တကနိပါတ်၊ အဂုံတွာရုံကျမ်း၌ကား- မြတ်စွာဘုရား ဝေသာလီပြည်ကြီးတွင် သီတင်းသုံးနေတော်မူသောအခါ သီဟအမည်ရှိသော **အမတ်စစ်သူကြီး**သည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ "ယခုပစ္စက္ခ မျက်မှောက်ဘဝ၌ ဒိဋ္ဌဓမ္မိကဖြစ်သော ဒါန၏ အကျိုးကို ပညတ်ခြင်းငှာ တတ်ကောင်းပါမည်လော"ဟု "**ကိ နုခေါ ဘန္တေ သန္ဒိဋ္ဌိကံ ဒါနဖလံ ပညာပေတုံ**"ဟု နားတော်လျှောက်လေလျှင် "သီဟအမည်ရှိသော အမတ်စစ်သူကြီး၊ ယခုပစ္စက္ခမျက်မှောက်ဘဝ၌ သန္ဒိဋ္ဌိကဖြစ်သော ဒါန၏အကျိုးကို ပညတ်ခြင်းငှာ တတ်ကောင်းရာ၏"ဟု သက္ကာသီဟ-ဟု မိန့်တော်မူပြီးမှ "သီဟ၊ သင့်ကိုပင်လျှင် ဤအရာ၌ ငါဘုရားမေးတော်မူအံ့"ဟု "**တေန ဟိ သီဟ တံ'ညေဝေတ္ထ ပဋိပုစ္ဆိဿာမိ**"ဟု ဝန်ခံစေပြီးမှ–

၁။ **တံ ကိ မညသိ သီဟ၊ ဣမ ဒွေ ပုရိသာ ဧကော ပုရိသော အသဒ္ဓါ မစ္ဆရီ ကဒရိယော ပရိဘာသကော၊ ဧကော ပုရိသော သဒ္ဓါ ဒါနပတိ အနုပ္ပဒါနရတော။**

ဟု မိန့်တော်မူ၏။ (အံ၊၂။၄၅၇)

"သီဟ၊ ဤလောက၌ သူတစ်ယောက်ကား သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာဆဲရေးတတ်၏။ သူတစ်ယောက်ကား သဒ္ဓါတရားရှိ၍ အလှူ၌ မွေ့လျော်၏။ ထိုသူ ၂-ယောက်တို့တွင် အဘယ်သူကို ရဟန္တာသခင် အရှင်မြတ်တို့သည် ရှေးဦးစွာ အလွန်သနားခြင်း ဖြစ်အံ့နည်း"ဟု မေးတော်မူရာ "သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်သော သူကို အဘယ်မှာ ရဟန္တာသခင် အရှင်မြတ်ဘုရားတို့ ရှေးဦးစွာ သနားခြင်း ဖြစ်လေအံ့နည်း။ သဒ္ဓါတရားရှိ၍ အလှူပေးခြင်း၌ မွေ့လျော်သောသူကိုသာ ရဟန္တာသခင် အရှင်မြတ်တို့ ရှေးဦးစွာ သနားခြင်းဖြစ်ရာ၏"ဟု လျှောက်ထားလေ၏။

ထို့နောင် "သီဟ၊ ဤလောက၌ သူတစ်ယောက်ကား သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်၏။ သူတစ်ယောက်ကား သဒ္ဓါတရား ရှိ၏၊ အလှူပေးခြင်း၌ မွေ့လျော်၏။ ထိုသူ ၂-ဦးတို့တွင် အဘယ်သူ၏ အထံကို ရှေးဦးစွာ ရဟန္တာအရှင်မြတ်တို့ ဆည်းကပ်ကုန်ရာသနည်း"ဟု–

http://www.dhammadownload.com

၂။ တံ ကိ မညသိ သီဟ၊ ကံ နု ခေါ အရဟန္တော ပဌမံ ဥပသင်္ကမန္တာ ဥပသင်္ကမေယျုံ။ ယော ဝါ သော ပုရိသော အသဒ္ဓေါ မစ္ဆရီ ကဒရိယော ပရိဘာသကော၊ ယော ဝါ သော ပုရိသော သဒ္ဓေါ ဒါနပတိ အနုပ္ပဒါနရတော။ –

စသည်ဖြင့် မေးတော်မူပြန်ရာ၌လည်း–

"သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်သောသူ၏ အထံသို့ အဘယ်မှာ ရှေးဦးစွာ ရဟန္တာသခင် အရှင်မြတ်တို့သည် ကပ်လေ့ဘုံနည်း။ သဒ္ဓါတရား ရှိ၍ အလှူပေးခြင်း၌ မွေ့လျော်သောသူ၏ အထံသို့သာ ရှေးဦးစွာ ရဟန္တာသခင် အရှင်မြတ်တို့ ဆည်းကပ်လေရာ၏"ဟု လျှောက်ပြန်လေ၏။

ထို့နောင် "သီဟ၊ ဤလောက၌ သူတစ်ယောက်ကား သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်၏။ သူတစ်ယောက်ကား သဒ္ဓါတရား ရှိ၍ အလှူပေးခြင်း၌ မွေ့လျော်၏။ ထိုသူ ၂-ယောက်တွင် အဘယ်သူ၏အလှူကို ရှေးဦးစွာ ရဟန္တာသခင် အရှင်သူမြတ်တို့ ခံကုန်ရာသနည်း"ဟု–

၃။ တံ ကိ မညသိ သီဟ၊ ကဿ နု ခေါ အရဟန္တော ပဌမံ ပဋိဂ္ဂဏှန္တာ ပဋိဂ္ဂဏှေယျုံ။ ယော ဝါ သော ပုရိသော အသဒ္ဓေါ မစ္ဆရီ ကဒရိယော ပရိဘာသကော၊ ယော ဝါ သော ပုရိသော သဒ္ဓေါ ဒါနပတိ အနုပ္ပဒါနရတော။

စသည်ဖြင့် မေးပြန်ရာလည်း–

"သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်သောသူ၏ အလှူကို အဘယ်မှာ ရှေးဦးစွာ ရဟန္တာသခင် အရှင်မြတ်တို့ ခံယူကုန်အံ့နည်း။ သဒ္ဓါတရားရှိ၍ အလှူ၌ မွေ့လျော်သောသူ၏ အလှူကိုသာ ရှေးဦးစွာ ရဟန္တာသခင် အရှင်သူမြတ်တို့ ခံယူရာ၏"ဟု လျှောက်ထားပြန်၏။

ထို့နောင် "သီဟ၊ ဤလောကဝ၌ သူတစ်ယောက်ကား သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်၏။ သူတစ်ယောက်ကား သဒ္ဓါရှိ၏၊ အလှူ၌ မွေ့လျော်၏။ ထိုသူ ၂-ယောက်တို့တွင် အဘယ်သူအား ရှေးဦးစွာ ရဟန္တာသခင် အရှင်သူမြတ်တို့ တရားဟောရာသနည်း"ဟု–

၄။ တံ ကိ မညတိ သီဟ ကဿ နု ခေါ အရဟန္တော ပဌမံ ဓမ္မံ ဒေသေန္တာ ဒေသေယျုံ။ ယော ဝါ သော ပုရိသော အသဒ္ဓေါ မစ္ဆရီ ကဒရိယော ပရိဘာသကော၊ ယော ဝါ သော ပုရိသော သဒ္ဓေါ ဒါနပတိ အနုပ္ပဒါနရတော။

စသည်ဖြင့် မေးတော်မူပြန်ရာလည်း–

http://www.dhammadownload.com

"သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်သောသူကို အဘယ်မှာ ရှေးဦးစွာ ရဟန္တာသခင် အရှင်မြတ်တို့ တရားဟောကုန်အံ့နည်း။ သဒ္ဓါတရားရှိ၍ အလှူဒါန မွေလျော်သောသူကိုသာ ရှေးဦးစွာ ရဟန္တာသခင် အရှင်မြတ်တို့ တရားဟောရာ၏"ဟု လျှောက်ထားပြန်လေ၏။

ထို့နောင် "သီဟ၊ ဤလောက၌ သူတစ်ယောက်ကား သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်၏။ သူတစ်ယောက်ကား သဒ္ဓါတရားရှိ၍ အလှူဒါန မွေလျော်၏။ ထိုသူ ၂-ယောက်တို့တွင် အဘယ်သူအား ကောင်းသော ကျော်စောသံသည် နှံ့၍တက်ရာသနည်း"ဟု

၅။ **တံ ကိ မညသိ သီဟ၊ ကဿ နု ခေါ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆေယျ။ ယော ဝါ သော ပုရိသော အသဒ္ဓေါ မစ္ဆရီ ကဒရိယော ပရိဘာသကော။ ယော ဝါ သော ပုရိသော သဒ္ဓေါ ဒါနပတိ အနုပ္ပဒါနရတော။**

စသည်ဖြင့် ဘုရား မေးတော်မူပြန်ရာလည်း -

"သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်သောသူအား အဘယ်မှာ ကောင်းသော ကျော်စောသံသည် နှံ့၍ တက်နိုင်အံ့နည်း။ သဒ္ဓါတရားရှိ၍ အလှူဒါန မွေလျော်သော သူအားသာလျှင် ကောင်းသော ကျော်စောသံသည် နှံ့၍ တက်ရာ၏"ဟု လျှောက်ထားပြန်လေ၏။

ထို့နောင် "သီဟ၊ ဤလောကဌ သူတစ်ယောက်ကား သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်၏။ သူတစ်ယောက်ကား သဒ္ဓါတရားရှိ၍ အလှူဒါန မွေလျော်၏။ ထိုသူ ၂-ယောက်တို့တွင် အဘယ်သူသည် မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ်တို့သို့ ကပ်သည်ရှိသော် မျက်နှာချင်လန်း ဝမ်းမြောက်ဝမ်းသာ ကပ်နိုင်ရာသနည်း"ဟု-

၆။ **တံ ကိ မညသိ သီဟ၊ ကော နု ခေါ ယညဒေဝ ပရိသံ ဥပသင်္ကမေယျ၊ ယဒိ ခတ္တိယပရိသံ၊ ယဒိ ဗြာဟ္မဏပရိသံ၊ ယဒိ ဂဟပတိပရိသံ၊ ယဒိ သမဏပရိသံ ဝိသာရဒေါ ဥပသင်္ကမေယျ အမင်္ကုဘူတော၊ ယော ဝါ သော ပုရိသော အသဒ္ဓေါ မစ္ဆရီ ကဒရိယော ပရိဘာသကော၊ ယော ဝါ သော ပုရိသော သဒ္ဓေါ ဒါနပတိ အနုပ္ပဒါနရတော။** စသည်ဖြင့် မေးတော်မူပြန်ရာလည်း-

"သဒ္ဓါတရားရှိ၍ အလှူဒါန မွေလျော်သောသူသည်သာ မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ်, ရဟန်းပရိသတ်သို့ ကပ်သည်ရှိသော် မျက်နှာချင်လန်း ဝမ်းမြောက်ဝမ်းသာ ကပ်နိုင်ရာ၏"ဟု လျှောက်ထားပြန်လေ၏။

http://www.dhammadownload.com

ထို့နောင် "သီဟ၊ ဤလောကၻ သူတစ်ယောက်ကား သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာလွန်စွာ ဆဲရေးတတ်၏၊ သူတစ်ယောက်ကား သဒ္ဓါတရား ရှိ၏၊ အလျှူၻ မွေလျော်၏၊ ထိုသူ ၂-ယောက်တို့တွင် အဘယ်သူသည် သေသည်၏ အခြားမဲ့ၻ နတ်ရွာသုဂတိ ဘုံဘဝကို ရနိုင်သနည်း"ဟု–

> ၇။ **တံ ကိံ မညသိ သီဟ၊ ကော နု ခေါ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျ၊ ယော ဝါ သော ပုရိသော အသဒ္ဓါ မစ္ဆရီ ကဒရိယော ပရိဘာသကော၊ ယော ဝါ သော ပုရိသော သဒ္ဓါ ဒါနပတိ အနုပ္ပဒါနရတော။**

စသည်ဖြင့် မေးပြန်တော်မူရာလည်း–

"သဒ္ဓါတရား မရှိ၊ ဝန်တိုမိစ္ဆာ လွန်စွာ ဆဲရေးတတ်သောသူသည် အဘယ်မှာသေသည်၏ အခြားမဲ့ၻ နတ်ရွာသုဂတိဘုံဘဝကို ရနိုင်ပါအံ့နည်း။ သဒ္ဓါတရားရှိ၍ အလျှူၻ မွေလျော်သောသူသည်သာ သေသည်၏ အခြားမဲ့ၻ နတ်ရွာသုဂတိဘုံဘဝကို ရနိုင်ရာ၏" ဟု လျှောက်ထားပြန်လေ၏။

ဤသို့ ၇-ခုမြောက်သော အပရာပရိယအကျိုးနှင့်တကွ ဤပစ္စက္ခမျက်မှောက်ဘဝ၌ပင် လျှူဒါန်းသောဒါန၏ သံဒိဋ္ဌိကဒါနအကျိုး ၆-ပါးရကြောင်းကို သတ္ထုကနိပါတ်၊ အင်္ဂုတ္တိရ်၊ ၆-ခုမြောက် အဗျာကတဝဂ်အစု၊ ၄-ခုမြောက်သော သီဟသေနာပတိသုတ်တွင် ဟောတော်မူသည်။

တိကနိပါတ်၊ **မစ္ဆဒါန(မစ္ဆဒ္ဒါန)**ဇာတ်(ဇာ၊၅၊၂။၃၈၁-၂)တွင်လာသော ဘုရားလောင်းပေးဝေသော ပတ္တိဒါနကြောင့် အသပြာထောင်ထုပ်ကို နတ်တို့ ဆောင်ယူ၍ ပေးသော ပတ္တိဒါနအကျိုးသည်လည်း ဒိဋ္ဌဓမ္မပင် မည်၏။

ဒုကနိပါတ်၊ **သီလာနိသံသဇာတ်**(ဇာ၊၅၊၂။၁၀၁-၂)တွင်လာသော ကဿပမြတ်စွာဘုရား သာသနာတော်က သောတာပန်ဒါယကာကြီးနှင့်တကွ နာဝိက(နာဂိတ)မည်သော လေ့သူကြီးကို ဗာရာဏသီပြည်တိုင်အောင် ဘုရားအလောင်းတော် သမုဒ္ဒရာစောင့်နတ် ဆောင်ယူ၍ ရတနာ ၇-ပါးကို များစွာ ခံစားသုံးဆောင်ရသော ပတ္တာနုမောဒနအကျိုးလည်း ဒိဋ္ဌဓမ္မပင် မည်၏။

ဓမ္မပဒအဋ္ဌကထာ(၁။၂၈၂-၃)တွင်လာသော ပသေနဒိကောသလမင်းကြီး ခိုင်းစေ၍ အရုဏဝတီမြေနှင့် ကုမုဒြာကြာကို ရသော ပတ္တိဒါနအကျိုးသည်လည်း ဒိဋ္ဌဓမ္မပင် မည်၏။

http://www.dhammadownload.com

ဓမ္မပဒအဋ္ဌကထာ၊ သာနုသာမဏေရဝတ္ထုတွင်(၂။၃၁၆-၇)လာသော အနန္တရဘာဝ-က အမိဖြစ်ဖူးသော ဘီးလူးမ၏ ထမင်းဦး, ရေဦး, နေရာဦး, တန်ခိုးကြီးသောနတ်တို့ ခရီးလမ်းမှ ဖဲခြင်း, နေရာမှ ထခြင်း-စသော ပတ္တာနုမောဒနအကျိုးလည်း ဒိဋ္ဌဓမ္မပင် မည်၏။ ၎င်းဝတ္ထုတို့ကို အကျယ်သိလိုလျှင် တိကနိပါတ်၊ မစ္ဆဒါနဇာတ်။ ဒုကနိပါတ်၊ သီလာနိသံသဇာတ်၊ ဓမ္မပဒအဋ္ဌကထာ၊ ပသေနဒီကောသလဝတ္ထု(*အညတရပုရိသဝတ္ထု*)။ ၎င်းအဋ္ဌကထာ၊ သာနုသာမဏေရဝတ္ထုတွင်သော်လည်းကောင်း ပကိဏ္ဏကဝိသဇ္ဇနာ၊ ပဋ္ဌမပရိစ္ဆေဒ၊ ၂-ခု မြောက်သော ပတ္တိဒါန ပတ္တာနုမောဒနဝိနိစ္ဆယတွင်သော်လည်းကောင်း ကြည့်လေ။

ဤသို့ ကျမ်းဂန်လာသောကြောင့် ပစ္စက္ခမျက်မှောက်၌ပင် ဒါနအကျိုး ခံစားရကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

ဤတွင်၌မှ, ယခုပေးလှူကြသော ဒါနသည် ဒိဋ္ဌဓမ္မ ပစ္စက္ခမျက်မှောက်၌ပင် အကျိုးခံစားရသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၃) လှူဒါန်းပေးကမ်းသော ဒါယကာသည် မအား,မလပ်သောကြောင့် တပါးတခြား သောသူတို့ကို စေ၍ လှူဒါန်းသောအလှူသည် မူဝစေတနာ၊ ပုဗ္ဗ, ပရစေတနာ ၂-တန်သာ ဖြစ်သည်-ဟု အချို့ဆရာတို့ ပြောဆိုကြပါသည်။ ၎င်းစကားလည်း ဝိဒါဒကွဲပြားလျက် ရှိကြပါသည်။ သို့ဖြစ်၍ ထိုအလှူခိုင်းသော ဒါယကာ, ခိုင်း၍ လှူဒါန်းသော အခြားဒါယကာ ၂-ယောက်တို့သည် ခိုင်းသူ သာ၍ အကျိုးဖွဲ့ဖြိုးမည်။ ဝတ္ထုနှင့်တကွ အလှူခိုင်းသောသူသည် မူဝစေတနာဖြစ်မည်, မဖြစ်မည်ကို မေးလျှောက်သည်မှာ ၂-ကွဲ, ၂-ဌာန စကားကွဲပြားသင့်တော့သည် မဟုတ်။ အမေးတွင် အဖြေပါသော ပုဏ္ဏာဖြစ်၍ ပညာနဲ့သူတို့မှာသာ မနိုင်သော ဝန်ကို ချိုကြွေဆောင်ယူရသကဲ့သို့ တွေးတွေးဆဆ နေရာမကျဘဲ ရှိလေသည်။ ပုဗ္ဗစေတနာ, မူဝစေတနာ, ပရစေတနာ ၃-တန်တွင် ပုဗ္ဗစေတနာ, ပရစေတနာ ဖြစ်က မူဝစေတနာ ဘယ်မှာမဖြစ်ဘဲ ရှိနိုင်တော့အံ့နည်း။

မိမိဥစ္စာကို မိမိကိုယ်တိုင် မလှူလည်း သူတပါးကို စေခိုင်းခြင်းကြောင့် သပ္ပရိသဒါန ၅-ပါးတွင် 'သဟတ္ထာနံ ဒေတိ'-ဟူသော အဂ်ါ ၁-ပါးပျက်၍ အကျိုးကြီးသည်, ညံ့ရာသည်ကိုသာ ဆုံးဖြတ်သင့်သည်။ မိမိဥစ္စာကို မိမိကိုယ်တိုင်ပင် လှူသည်ဖြစ်စေ, သူတပါးကို စေခိုင်း၍ လှူသည်ဖြစ်စေ အလှူဝတ္ထုကို အလှူခံပုဂ္ဂိုလ်သို့ ညွှတ်သော စေတနာပင် မူဝစေတနာဖြစ်ပေရကား ပုဗ္ဗစေတနာ, ပရစေတနာဖြစ်လျှင် အဘယ်မှာ မူဝစေတနာ မဖြစ်ဘဲ ရှိတော့အံ့နည်း။ မူဝစေတနာ မဖြစ်-ဟု ဆိုသောသူ၏ အာဘော်မှာ မိမိကိုယ်တိုင် အလှူခံလက်သို့ မရောက်ခဲ့-ဟု ဆိုဟန်ရှိ၏။ ထိုသို့ မဆိုသင့်ပေ။

http://www.dhammadownload.com

ရှေးပြဆိုအပ်သည့်အတိုင်း သက္ကစ္စဒါန ဖြစ်,မဖြစ်ကို ရွေးချယ်၍ အကျိုးယုတ်,မြတ်ကိုသာ ဆုံးဖြတ်သင့်ပေသည်။ ပုဗ္ဗစေတနာသာ ဖြစ်၍ မုဉ္စစေတနာ, ပရစေတနာ မဖြစ်သည်လည်း ရှိရာ၏။ ပုဗ္ဗစေတနာ, မုဉ္စစေတနာသာဖြစ်၍ ပရစေတနာ မဖြစ်သည်လည်း ရှိရာ၏။ ပုဗ္ဗစေတနာ, ပရစေတနာသာဖြစ်၍ မုဉ္စစေတနာ မဖြစ်သည် မရှိရာ။ မုဉ္စစေတနာသည် သန္နိဋ္ဌာနကံဖြစ်၍ မုချအကျိုးကို ပေးနိုင်လေရကား မုဉ္စစေတနာနှင့် ကင်း၍ ကြွင်းသော စေတနာတို့ အကျိုးဖြစ်ခွင့် မဟုတ်၊ မိမိကိုယ်တိုင်ဖြစ်စေ, သူတပါးကို စေခိုင်း၍ ဖြစ်စေ အလျှဥဝတ္ထုကို အလျှဥခံပုဂ္ဂိုလ်သို့ စွန့်သော စေတနာသည် ဒါန မည်၏။

ထိုကြောင့် သုမင်္လသာမိဋီကာ*(အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ)*၌–

ပရေသံ ပူဇာနုဂ္ဂဟကာမတာယ အတ္တနော ဝိဇ္ဇမာနကဝတ္ထုံ ပရိစ္စဇနဝသပ္ပဝတ္ထာ စေတနာ ဒါနံ နာမ။ (ဋီကာကျော်။၁၇၆)

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပရေသံ၊ သူတပါးတို့အား။ ပူဇာနုဂ္ဂဟကာမတာယ၊ ပူဇော်ခြီးမြှင့်ခြင်းကို အလိုရှိသဖြင့်။ အတ္တနော၊ မိမိ၏။ ဝိဇ္ဇမာနကဝတ္ထုံ၊ ထင်ရှားရှိသောဝတ္ထုကို။ ပရိစ္စဇနဝသပ္ပဝတ္ထာ၊ စွန့်သည်၏ အစွမ်းဖြင့်ဖြစ်သော။ စေတနာ၊ စေတနာသည်။ ဒါနံ နာမ၊ ဒါန မည်၏။

ဒါနဝတ္ထုကို ရှာမှီးခြင်း မလျှုမီ ရှေးအဖို့၌ဖြစ်သော ပုဗ္ဗစေတနာ, ဒါနဝတ္ထုကို လျှုပြီး၍ နောက်အဖို့၌ဖြစ်သော ပရစေတနာတို့သည်လည်း ဤမုဉ္စစေတနာနှင့်အတူ ဒါနပင် မည်၏။ ထို့ကြောင့် ၎င်းသုမင်္လသာမိဋီကာ၌–

ဒါနဝတ္ထုပရိယေသနဝသေန စ ဒိန္နဿ သောမနဿစိတ္တေန အနုဿရဏ-ဝသေန စ ပဝတ္တာ ပုဗ္ဗပစ္ဆာဘာဂစေတနာ ဧတ္ထေဝ သမောဓာနံ ဂစ္ဆန္တီ။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဋီကာကျော်။၁၇၆)

ဒါနဝတ္ထုပရိယေသနဝသေန စ၊ ဒါနဝတ္ထုကို ရှာသည်၏အစွမ်းဖြင့်လည်းကောင်း။ ဒိန္နဿ၊ လျှုပြီးသော ဒါနကို။ သောမနဿစိတ္တေန၊ ဝမ်းမြောက်သော စိတ်ဖြင့်။ အနုဿရဏဝသေန စ၊ အောက်မေ့သည်၏ အစွမ်းဖြင့်လည်းကောင်း။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ပုဗ္ဗပစ္ဆာဘာဂစေတနာ၊ ရှေးအဖို့, နောက်အဖို့၌ ဖြစ်ကုန်သော စေတနာတို့သည်။ ဧတ္ထေဝ၊ ဤဒါနဌပင်လျှင်။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဤဋီကာအလိုအားဖြင့် ပုဗ္ဗစေတနာ, ပရစေတနာတို့သည် ဒါန မည်ပါလိမ့်လော-ဟူ၍သာ ကြံဖွယ်ရှိ၏။ ပုဗ္ဗစေတနာ, ပရစေတနာသာဖြစ်၍ မုဉ္စစေတနာ မဖြစ်-ဟု ကြံဖွယ်

http://www.dhammadownload.com

မရှိ။ ပုဗ္ဗစေတနာ, မုဉ္စစေတနာသာ ဖြစ်၍ ပရစေတနာ မဖြစ်သောကြောင့် အကျိုးယုတ်ညံ့ကြောင်းကိုလည်း ဓမ္မပဒအဋ္ဌကထာ၊ ဒုတွဲ၊ ၂၄-တဏှာဝဂ်၊ ၁၁-ခုမြောက်သော အပုတ္တကသေဋ္ဌိဝတ္ထု(၃၅၄-၅)တွင်–

အပုတ္တကသူဋ္ဌေးသည် ရှေးသောအခါ တဂ္ဂရသိခီပစ္စေကဗုဒ္ဓါကို မြင်လျှင် "အရှင်မြတ်ကို ဆွမ်းလှူဘိ"ဟု ဆို၍ အရပ်တပါးသို့ သွားလေ၏။ မယားလည်း "သခ္ခါကြည်ညိုခြင်းနှင့်တကွ 'လှူဒါန်းကြပါ'-ဟု ငါ့လင်ဆိုသော စကားကို သည်ခါ ကြားရပေတော့သည်"ဟု ဝမ်းမြောက်ဝမ်းသာပင် လှူလိုက်၏။

သူဋ္ဌေးလည်း အရပ်တပါးမှ ပြန်ခဲ့၍ ပစ္စေကဗုဒ္ဓါကို တွေ့ပြန်ရာ 'ဆွမ်းရပါ၏လော'ဟု မေး၍ မယား လှူလိုက်သော ဆွမ်းကို မြင်လေလျှင် ဝမ်းမြောက်ဝမ်းသာမရှိဘဲ "လွန်စွာကောင်းမြတ်သော ဘောဇဉ်ကို ဤအရှင်မြတ် စားပြီးလျှင် အလကား ဆုံးလေသည်သာ။ ငါ၏ကျေးကျွန်တို့ကို ပေးရသဖြင့် အချည်းနှီး မဟုတ်၊ လုပ်မှုဆောင်တာ၌ ပြည့်စုံရာ၏"ဟု နောက်စေတနာ ချို့လေရကား ပြည့်စုံကြွယ်ဝ ရရသမျှသော ပစ္စည်းဥစ္စာကို ရက်ရောစွာ မသုံး, မစားရက် စုံမက်နှမြောခြင်း ဖြစ်ရကြောင်းကို သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေလျော် စံပျော်တော်မူစဉ် ပသေနဒီကောသလမင်းကြီး မေးလျှောက်သည်ကို အကြောင်းပြု၍–

> မဟာရာဇ သေဋ္ဌိ ဂဟပတိ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓံ ပိဏ္ဍာပါတေန ပဋိပါဒေသိ။ တဿ ကမ္မဿ ဝိပါကေန သတ္တက္ခတ္တုံ သုဂတိ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။ တသ္မေဝ ကမ္မဿ ဝိပါကာဝသေသေန ဣမိဿာယေဝ သာဝတ္ထိယာ သတ္တက္ခတ္တုံ သေဋ္ဌိတ္တံ ကာရယိ၊ သော ခေါ မဟာရာဇ သေဋ္ဌိ ဂဟပတိ ဒတ္ဝာ ပစ္ဆာ ဝိပ္ပဋိသာရီ အဟောသိ ပရမေ'တံ ပိဏ္ဍပါတံ ဒါသကမ္မကာရာ ဘုဉ္ဇေယျန္တိ။ တဿာ ဝိပါကေန နံ'သုံ'ဋ္ဌာရာယ ဘတ္တဘောဂါယ စိတ္တံ နမတိ။ နံ'သုံ'ဋ္ဌာရာယ ဝတ္ထဘောဂါယ စိတ္တံ နမတိ။ နံ'သုံ'ဋ္ဌာရာယ ယာနဘောဂါယ စိတ္တံ နမတိ။ နံ'သုံ'ဋ္ဌာရာနံ ပဗ္ဗန္နံ ကာမဂုဏာနံ ဘောဂါယ စိတ္တံ နမတိ။ –

ဟူ၍ ဟောတော်မူကြောင်းကို ၎င်းအဋ္ဌကထာ(ဓမ္မပဒ၊၂။၃၅၄-၅)တွင် လာသည်။

မဟာရာဇ၊ ပသေနဒီကောသလမင်းကြီး။ သေဋ္ဌိ ဂဟပတိ၊ အပုတ္တကသူဋ္ဌေးသည်။ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓံ၊ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါကို။ ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်။ ပဋိပါဒေသိ၊ လှူ၏။ တဿ ကမ္မဿ ဝိပါကေန၊ ထိုဆွမ်းလှူသော အကျိုးကြောင့်။ သတ္တက္ခတ္တုံ၊ ၇-ကြိမ်။ သုဂတိ၊ ကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်သို့။ ဥပပဇ္ဇတိ၊ ကပ်၍ ဖြစ်ရ၏။ တသ္မေဝ ကမ္မဿ ဝိပါကာဝသေသေန၊ ထိုဆွမ်းလှူသော

http://www.dhammadownload.com

ဒါနအကျိုးကြွင်းကြောင့်။ ဣမိသာယေဝ သာဝတ္ထိယာ၊ ဤသာဝတ္ထိပြည်၌ပင်လျှင်။ သတ္တ-ကွတ္တဲ့။ ၇-ကြိမ်။ သေဋ္ဌိတ္တဲ့၊ သူဌေးအဖြစ်ကို။ ကာရယိ၊ ပြု၏။ မဟာရာဇ၊ ပသေနဒိကော-သလမင်းကြီး။ သော ခေါ သေဋ္ဌိ ဂဟပတိ၊ ထိုအပုတ္တကသူဌေးသည်။ ဒတွာ၊ လှူပြီး၍။ ပစ္ဆာ၊ နောက်၌။ ပရမံ၊ မွန်မြတ်သော။ ဇေတံ ပိဏ္ဍာပါတံ၊ ဤဆွမ်းကို။ ဒါသကမ္မကာရာ၊ ကျွန်,အမှုအလုပ်တို့ကို။ ဘုဉ္ဇေယျုံ၊ သုံးဆောင်စေရမူကား။ *(သာဒု၊ ကောင်းလေ၏။)* ဣတိ၊ ဤသို့။ ဝိပ္ပဋိသာရီ၊ နှလုံးမသာယာသည်။ အဟောသိ၊ ဖြစ်၏။ တဿာ၊ ထိုနှလုံးမသာယာခြင်း၏။ ဝိပါကေန၊ အကျိုးကြောင့်။ အဿ၊ ထိုအပုတ္တကသူဌေးအား။ ဥဠာရာယ ဘတ္တ-ဘောဂါယ၊ မွန်မြတ်သော ဘောဇဉ်,ခဲဖွယ်ကို သုံးဆောင်ခြင်းငှာ။ စိတ္တံ၊ စိတ်သည်။ န နမတိ၊ မညွတ်။ အဿ၊ ထိုအပုတ္တကသူဌေးအား။ ဥဠာရာယ ဝတ္ထာဘောဂါယ၊ မွန်မြတ်သော အဝတ်ပုဆိုးကို သုံးဆောင်ခြင်းငှာ။ စိတ္တံ၊ စိတ်သည်။ န နမတိ၊ မညွတ်။ အဿ၊ ထိုအပုတ္တကသူဌေးအား။ ဥဠာရာနံ ပဉ္စန္နံ ကာမဂုဏာနံ ဘောဂါယ၊ မွန်မြတ်သော ကာမဂုဏ် ၅-ပါး တို့ကို သုံးဆောင်ခံစားခြင်းငှာ။ စိတ္တံ၊ စိတ်သည်။ န နမတိ၊ မညွတ်။

ပသေနဒိကောသလမင်းကို ဝမ်းပျဉ်း၌ မြစ်ကဲ့သို့ လက်ယာရစ်လည်၍ တည်သော အရေးအကြောင်းရှိသောကြောင့် "ပသေနဒိ"တွင်သည်-ဟု လူ,ရှင်အများပင် စကားလုပ်၍ အဟုတ်အဟတ် ပြောဆိုကြသည်။ အပွဿုတဗာလတို့ စကားဖြစ်၍ မသင့်။ နဒိ-ဟူသော စကားရိပ်ကို ထောက်၍ ဆိုဟန်ရှိ၏။ နဒိ-သဒ္ဒါရင်း မဟုတ်။ တပါးသော စစ်သည်ကို အောင်၍ မင်းပြုရသောကြောင့် "ပရသေနဇိ"ဟု ရှိရမည်ကို ရ-ကို ချေ၍ ဇ-ကို ဒ-ပြု၊ ပသေနဒိ-ဟု ရှိလေသည်။

ပရသေနံ ဇိနာတီတိ ပရသေနဇိ'တိ ဝတ္တဗ္ဗေ ရ-ကာရဿ လောပံ ဇကာရဿ စ ဒ-ကာရံ ကတ္ဝာ ပသေနဒီတိ ဝုတ္တံ။

ဤအပုတ္တကသေဋ္ဌိဝတ္ထု၌ "ဆွမ်းလှူကြပါ"ဟု စေခိုင်းသည်ပင် ပုဗ္ဗစေတနာ မည်၏။ အလှူခံပုဂ္ဂိုလ်သို့ ညွတ်သောစေတနာပင် မုဉ္စစေတနာ မည်၏။ ထိုကြောင့် ထိုအပုတ္တက သူဌေး၏ ဝတ္ထုတွင်ပင် သူတပါးတို့ကို စေခိုင်းရာ၌ ပုဗ္ဗစေတနာ, မုဉ္စစေတနာဖြစ်ကြောင်း၊ ပုဗ္ဗစေတနာ, မုဉ္စစေတနာကြောင့် နတ်ပြည်၌ ၇-ကြိမ်, လူပြည်၌ ၇-ကြိမ် ပဋိသန္ဓေကို ရကြောင်း၊ ပုဗ္ဗစေတနာ, မုဉ္စစေတနာသာဖြစ်၍ ပရစေတနာ မဖြစ်ကြောင်းကို သိရ၏။ ကောင်းချီးဟော သာဒု-သဒ္ဒါများ၌ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် သာဓု-ဟု ရေးကြ၏၊ မသင့်။ ဒန္တဇတတိယက္ခရာ ဒ-နှင့်ရှိမှ သင့်မည်။ "သာဒိယတိ အသာဒိယတီတိ သာဒု၊ **မဓုရံ**" (မောဂ္ဂလာန်)။ သူတော်ကောင်းဟော သာဓု-သဒ္ဒါမှ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် သင့်မည်။ "သာဓေတိ အတ္ထပရတ္ထန္တိ သာဓု၊ သဇ္ဇနော" (မောဂ္ဂလာန်)။

http://www.dhammadownload.com

ဤသို့လာသော အဋ္ဌကထာပါဠိ၏အရဖြင့် သူတပါးတို့ကို စေခိုင်း၍ ကိုယ်တိုင် မပြုကြားသော်လည်း ပုဗ္ဗ, မုဉ္စ, ပရစေတနာသည် ယထာရဟဖြစ်၏။ ထို့ကြောင့် တစ်ခုသော ရက်ကန်းသားသည် ၂-ထပ်သောချည်ကို ဖြစ်စေသော တန္တနယကဲ့သို့ မေးလျှောက်သော စကား ၂-ခွန်းတို့၏ အရကို တစ်ခုသော နည်းဥပဒေသ ဒေသနာနယကို ထုတ်ဆောင်၍ သိသာအောင် ပြဆိုလိုက်အံ့။

(၄) [ပထမတွဲ၊ စတုတ္ထဝိုင်း၊ ပုဒ်မ-၆၀၊ အဗိုဒ် ၄-အတွက် အဖြေကို ပထမတွဲ၊ တတိယဝိုင်း၊ ပုဒ်မ-၅၂၊ အဗိုဒ် ၂-တွင် ပြန်၍။]

(၅) သုရာမေရယကံကိုလည်း တစ်ကြိမ်တစ်ခါ သောက်စားမိလျှင် အပါယ်ပဋိသန္ဓေ အကျိုးကို မပေး၊ ပဝတ္တိအကျိုးကိုသာ ပေးသည်-ဟု အချို့ဆရာတို့ ဟောပြောကြပါသည်။ "သုရာမေရယကံသည် အပါယ်ပဋိသန္ဓေကို ပေးမည်, မပေးမည်၊ ပဝတ္တိအကျိုးကိုသာ ပေးမည်, မပေးမည်ကို အသေအချာ သိမှတ်လိုပါသည်"ဟု လျှောက်သည်မှာ–

> **သုရာဒီနဉ္စ အညတရံ ဟောတိ၊ မဒနီယံ ပါတုကမျတာစိတ္တဉ္စ ပစ္စုပဋ္ဌိတံ ဟောတိ၊ တဇ္ဇဉ္စ ဝါယာမံ အာပဇ္ဇတိ။ ပိတေ စ ပဝိသတိ၊ ဣမာနိ စတ္တာရိ။**

ဟု သုရာမေရယကံ၏ အင်္ဂါ ၄-ပါးကို ခုဒ္ဒကပါဌအဋ္ဌကထာ၊ သိက္ခာပဒသုတ်အဖွင့်(၂၁)တွင် လာသည်။

သုရာဒီနံ၊ သုရာ ၅-ပါး, မေရယ ၅-ပါးတို့တွင်။ အညတရဉ္စ၊ တစ်ခုခုသည်လည်း။ ဟောတိ၊ ဖြစ်၏။ မဒနီယံ၊ ယစ်မျိုးကို။ ပါတုကမျတာ စိတ္တဉ္စ၊ သောက်ခြင်းငှာ အလိုရှိသော စိတ်သည်လည်း။ ပစ္စုပဋ္ဌိတံ၊ ရှေ့ရှုသည်။ ဟောတိ၊ ဖြစ်၏။ တဇ္ဇဉ္စ ဝါယာမံ၊ ထိုသုရာ-မေရယကို သောက်လိုသဖြင့် လုံ့လပြုခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ပိတေ စ၊ သောက်သောခဏ၌လည်း။ ပဝိသတိ၊ ဝင်၏။ ဣမာနိ စတ္တာရိ၊ ဤအင်္ဂါ ၄-ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

ဤသို့ အင်္ဂါ ၄-ပါးတို့ဖြင့် သောက်အံ့-ဟူသောအလိုဖြင့် ကာယဒွါရ၌ဖြစ်သော သုရာမေရယ-ဟု ဆိုအပ်သော ယစ်မျိုးတို့ကို မျိုသောစေတနာသည် သုရာမေရယမဇ္ဇပမာ-ဒဋ္ဌာန မည်၏။ ထို့ကြောင့် ခုဒ္ဒကပါဌ၊ သိက္ခာပဒသုတ်အဖွင့် အဋ္ဌကထာ(နှာ-၁၇)၌–

> **အဇ္ဈောဟရဏာဓိပ္ပါယေန ကာယဒ္ဒါရပဝတ္ထာ သုရာမေရယမဇ္ဇာနံ အဇ္ဈော-ဟရဏစေတနာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာတိ ဝေဒိတဗ္ဗာ။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

အဇ္ဇောဟရဏာဓိပ္ပါယေန၊ မျိုအံ့-ဟူသောအလိုဖြင့်။ ကာယဒွါရပဝတ္တာ၊ ကာယဒွါရ၌ ဖြစ်သော။ သုရာမေရယမဇ္ဇာနံ၊ သုရာမေရယ-ဟု ဆိုအပ်သော ယစ်မျိုးတို့ကို။ အဇ္ဇောဟရဏာစေတနာ၊ မျိုလိုသော စေတနာကို။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာတိ၊ သုရာ-မေရိယမဇ္ဇပမာဒဋ္ဌာနာ-ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ထိုသုရာမေရယကို အဘယ်မျှလောက် သောက်သော် သိက္ခာပုဒ် ပျက်လောက်၍ ကမ္မပထ မြောက်သဖြင့် အပါယဂမနီယဖြစ်မည်နည်း-ဟူငြားအံ့–

> **အန္တမသော ကုသဂ္ဃနာပိ ပိဝတိ၊ သုရံ ဝါ မေရယံ ဝါ ဗီဇတော ပဋ္ဌာယ ကုသဂ္ဃနာပိ ပိဝတိ၊ ပါစိတ္တိယံ။** (ဝိ၊၄၊၃၂၇။ ထောက် ဝိသဒိသံ)

ဟု ဝိနည်းအဋ္ဌကထာ၊ သုရာပါနသိက္ခာပုဒ်အဖွင့်တွင် သမန်းမြက်ဖျားမျှဖြင့် ပိဝနစေတနာနှင့် သောက်သော် သီလ ပျက်၏။ သုရာမေရယကံလည်း ထိုက်၏။

အန္တမသော၊ အယုတ်သဖြင့်။ ကုသဂ္ဃနာပိ၊ သမန်းမြက်ဖျားမျှဖြင့်လည်း။ ပိဝတိ၊ သောက်အံ့။ သုရံ၊ သုရာ ၅-ပါးကိုလည်းကောင်း။ မေရယံ ဝါ၊ မေရယ ၅-ပါးကိုလည်းကောင်း။ ဗီဇတော၊ မျိုးစေ့မှ။ ပဋ္ဌာယ၊ စ၍။ ကုသဂ္ဃနာပိ၊ သမန်းမြက်ဖျားမျှဖြင့်လည်း။ ပိဝတိ၊ သောက်အံ့။ ပိဝတော၊ သောက်သောရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

ရဟန်းဖြစ်၍ သိက္ခာပုဒ်၏ အရာဖြစ်သောကြောင့်သာ ပါစိတ္တိယံ-ဟု ဆိုသည်။ သီလပျက်ချင်း အတူတူပင်။ ရဟန်းတို့မှာ အင်္ဂါ ၂-ပါး၊ လူ,သာမဏေတို့မှာ အင်္ဂါ ၄-ပါး။ ရဟန်းတို့မှာ အစိတ္ထက၊ လူ,သာမဏေတို့မှာ သစိတ္ထက။ ဤလို အထူးမှတ်။

သုရာ အနည်း, အများဖြစ်၍ အပွသာဝဇ္ဇ၊ မဟာသာဝဇ္ဇကိုသာ ရွေးချယ်သင့်သည်။ သီလပျက်, မပျက်၊ ကံ ထိုက်, မထိုက်ကို ယုံမှား မရှိရာ၊ ကံထိုက်ချေကလည်း အပါယဂမနီယ ဧကန်ဖြစ်၏ မှတ်။

ထို့ကြောင့် ခုဒ္ဒကနိကာယ် အဝင်ဖြစ်သော ခုဒ္ဒကပါဋ္ဌအဋ္ဌကထာ(၁၂၀)၊ သုတ္တ-နိပါတ်အဋ္ဌကထာ(၂။၂၆)တို့၌–

> **မဇ္ဇပါနာ စ သံယမောတိ ပုဗ္ဗေ ဝုတ္တသုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရ-မဏိယာ ဧတံ အဓိဝစနံ။ ယသ္မာ ပန မဇ္ဇပါယီ အတ္ထံ န ဇာနာတိ၊ ဓမ္မံ န ဇာနာတိ၊ မာတု အန္တရာယံ ကရောတိ၊ ပိတု အန္တရာယံ ကရောတိ၊ ဗုဒ္ဓပစ္စေကဗုဒ္ဓ တထာဂတသာဝကာနံ အန္တရာယံ ကရောတိ၊ ဒိဋ္ဌေ ဓမ္မေ စ ဂရဟံ သမ္ပရာယေ စ ဒုဂ္ဂတိ အပရာပရိယေ ဥမ္မာဒဉ္စ ပါပုဏာတိ။**

ဟူသောပါဠိကို မိန့်ဆိုလျစ်ဖွင့်တော်မူသတည်း။

http://www.dhammadownload.com

မဇ္ဈပါနာ စ သံယမောတိ ဧတံ၊ မဇ္ဈပါနာ စ သံယမော-ဟူသော ဤအမည်သည်ကား။ ပုဗ္ဗေ၊ ရှေးဖြစ်သော သိက္ခာပဒသုတ်၌။ ဝုတ္တသုရာမေရယမဇ္ဈပမာဒဋ္ဌာနာ ဝေရမဏိယာ၊ ဆိုအပ်ခဲ့ပြီးသော သုရာမေရယမဇ္ဈပမာဒဋ္ဌာနာ ဝေရမဏိ-၏။ အဓိဝစနံ၊ အမည်တည်း။ ယသ္မာ ပန၊ အကြောင်ကြောင့်လျှင်။ မဇ္ဈပါယိ၊ သေသောက်လေ့ရှိသောသူသည်။ အတ္ထံ၊ အကျိုးစီးပွါးကို။ န ဇာနာတိ၊ မသိ။ ဓမ္မံ၊ အကြောင်းတရားကို။ န ဇာနာတိ၊ မသိ။ မာတု အန္တရာယံ၊ အမိ၏အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ပိတု အန္တရာယံ၊ အဖ၏အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ဗုဒ္ဓပစ္စေကဗုဒ္ဓတထာဂတသာဝကာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ဒိဋ္ဌေ ဓမ္မေ စ၊ မျက်မှောက်ဘဝ၌လည်း။ ဂရဟံ၊ ဘုရား-စသော ပညာရှိတို့ ကဲ့ရဲ့ခြင်းသို့လည်းကောင်း။ သမ္ပရာယေ စ၊ တမလွန်ဘဝ၌လည်း။ ဒုဂ္ဂတိံ၊ အပါယ်လားခြင်းသို့လည်းကောင်း။ အပရာပရိယေ၊ သံသရာဘဝ၌။ ဥမ္မာဒဉ္စ၊ ရူးခြင်းသို့လည်းကောင်း။ ပါပုဏာတိ၊ ရောက်၏။

ဤတွင်ရွေ့ သုရာမေရယကို သမန်းမြက်ဖျားဖြင့် ဝိဝနစိတ်ဖြင့် သောက်ရာ၌ ကမ္မပထမြောက်၍ ပဋိသန္ဓေပဝတ္တိ အကျိုးပေးသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

၁၂၃၇-ခု၊ တော်သလင်းလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

ကြံခင်းမြို့နေ ဒါယကာ မောင်စံပြည့်-က သီချင်းသံကြားမှ စျာန်ရကြောင်း, ရေကို ခိုးခြံသောက်မှ ဘုရားဖြစ်ကြောင်းနှင့်ဆိုသော စကားအဓိပ္ပါယ်ကို ဖြေကြားပါမည့်အကြောင်းနှင့် လျှောက်ထားချက်

| ၆၁ | "ဘုရားတပည့်တော် ကြံခင်းမြို့နေ ဒါယကာ ဇစံပြည့် ခြေတော်ဦးခိုက် လျှောက်ပါသည်ဘုရား။

(၁) သီချင်းသံကို ကြားမှ စျာန်ရကြောင်း၊

(၂) ရေကို ခိုးခြံသောက်မှ ဘုရားဖြစ်ကြောင်းကို ကြားသိရဖူးသည် ဖြစ်ပါ၍ ထိုစကားကို ဆရာတော်ဘုရားမှ သိနိုင်ရာသည်ဖြစ်ပါ၍ ကျမ်းဂန်ပါဠိတွင် ရှိသည်နှင့်

http://www.dhammadownload.com

အညီ အမိန့်ရှိတော်မူပါမည့်အကြောင်း ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

ဂင်းဒါယကာ **မောင်စံပြည့်** လျှောက်ထားချက် အထက်မေးခွန်းပါ စကားကို-

[၆၁] (၁) "**သီချင်းသံကို ကြားမှ စျာန်ရသည်**"ဆိုသော စကားမှာ သီချင်းသံကို ကြား၍ စျာန်ရကြောင်းကို မလာ။ သီဟိုဠ်ကျွန်းတွင် **လယ်စောင့်**သော **ဒါယိကာမ** တစ်ယောက်ဆိုသော ဇရာမရဏာနှင့်စပ်သော သီချင်းသံကို ကြား၍ ခရီးသွားရဟန်း ၆-ကျိပ်တို့ အရဟတ္တဖိုလ်သို့ ရောက်ကြကြောင်းကို ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော သုတ္တနိပါတ် ကျမ်း၊ သုဘာသိတသုတ်၊ အဋ္ဌကထာ(၂။၁၂၄)တွင်-

သီဟဠဒီပေ မဂ္ဂပဿေ သဿံ ရက္ခန္တိယာ ဇာတိဇရာမရဏာပဋိသံယုတ္တံ ဂီတံ ဂါယန္တိယာ သုတ္ဝာ မဂ္ဂံ ဂစ္ဆန္တာ သဋ္ဌိမတ္တာ ဝိပဿကာဘိက္ခူ အရဟတ္တံ ပတ္တာ-

ဟု လာသည်။

သီဟဠဒီပေ၊ သီဟိုဠ်ကျွန်း၌။ မဂ္ဂပဿေ၊ ခရီးအပါး၌။ သဿံ၊ ကောက်ကို။ ရက္ခန္တိ-ယာ၊ စောင့်သော။ ဇာတိဇရာမရဏာပဋိသံယုတ္တံ ဂီတံ၊ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်းနှင့်စပ်သော သီချင်းသံကို။ ဂါယန္တိယာ၊ သီသော မိန်းမ၏။ သဒ္ဒံ၊ အသံကို။ သုတ္ဝာ၊ ကြား၍။ မဂ္ဂံ၊ ခရီးသို့၊ ဂစ္ဆန္တာ၊ သွားကုန်သော။ သဋ္ဌိမတ္တာ၊ ၆-ကျိပ်မျှ အတိုင်းအရှည် ရှိကုန်သော။ ဝိပဿကာဘိက္ခူ။ ဝိပဿကရဟန်းတို့သည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကြကုန်၏။

ဂင်းသီဟိုဠ်ကျွန်းတွင်ပင် တိဿအမည်ရှိသော ဝိပဿနာကို အားထုတ်သော ရဟန်းသည် ပဒုမာကြာအိုင်၏အနီးသို့ သွားရာ ပဒုမာကြာအိုင်၌ ပဒုမာပန်းတို့ကို ချိုး လျက်-

ပါတော ဖုလ္လံ ကောကနဒံ၊ သူရိယာလောကေန ဘိဇ္ဇတေ။
ဧဝံ မနုဿတ္တဂတာ သတ္တာ၊ ဇရာဘိဝေဂေန မိလာယန္တိ။ ။ -

ဟု သီသော မာတုဂါမ၏ သီချင်းသံကို ကြား၍ ရဟန္တာဖြစ်ကြောင်းကို-

တိဿော နာမ အာရဒ္ဓဝိပဿကော ဘိက္ခူ ပဒုမသရသမီပေန ဂစ္ဆန္တော ပဒုမသရေ ပဒုမာနိ ဘဉ္ဇိတွာ။

http://www.dhammadownload.com

"ပါတော ဖုလ္လံ ကောကနဒံ၊ သူရိယာလောကေန ဘိဇ္ဇတေ။
ဧဝံ မနုဿတ္တဂတာ သတ္တာ၊ ဇရာဘိဝေဂေန မိလာယန္တိ"တိ။ ဣမံ ဂိတံ ဂါယန္တိယာ အရဟတ္တံ ပတ္တော။ (သုတ္တနိ၊၄၊၂၁၂၄။ သံ၊၄၊၁၊၂၅၀။ ထောက် ဝိသဒိသံ)

ဟု ၎င်းသုတ္တနိပါတ်ကျမ်း၊ သုဘာသိတသုတ် အဋ္ဌကထာတွင် လာသည်။

အာရဒ္ဓဝိပဿကော၊ အားထုတ်သော ဝိပဿနာရှိသော။ တိဿော နာမ၊ တိဿ အမည်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ပဒုမသရသမီပေန၊ ပဒုမာအိုင်၏အနီးဖြင့်။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ပဒုမသရော၊ ပဒုမာအိုင်၌။ ပဒုမာနိ၊ ပဒုမာတို့ကို။ ဘဉ္ဇိတွာ၊ ချိုး၍။

ပါတော သိယာ ဖုလ္လံ ကောကနဒံ၊ သူရိယာလောကေန ဘိဇ္ဇတေ။
ဧဝံ မနုဿတ္တဂတာ သတ္တာ၊ ဇရာဘိဝေဂေန မိလာယန္တိတိ၊ ပါတော သိယာ ဖုလ္လံ ကောကနဒံ၊ သူရိယာလောကေန ဘိဇ္ဇတေ။ ဧဝံ မနုဿတ္တဂတာ သတ္တာ၊ ဇရာဘိဝေဂေန မိလာယန္တိ-ဟူ၍။ ဣမံ ဂိတံ၊ ဤသီချင်းသံကို။ ဂါယန္တိယာ၊ သီသော။ ဣတ္ထိယာ၊ မိန်းမ၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်လေ၏။

သီချင်းသံဂါထာ၏ ယောဇနာကား ပါတော၊ နံနက်အခါ၌။ ဖုလ္လံ၊ ပွင့်သော။ ကောကနဒံ၊ ကောကနဒ-မည်သော ကြာသည်။ သူရိယာလောကေန၊ နေ၏အရောင်ဖြင့်။ ဘိဇ္ဇတေ ယထာ၊ ဖျက်လေသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ မနုဿတ္တဂတာ၊ လူ၏အဖြစ်သို့ ရောက်ကြကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဇရာဘိဝေဂေန၊ ဇရာ-တည်းဟူသော လျင်သောအဟုန်ဖြင့်။ မိလာယန္တိ၊ ညှိုးနွမ်းကုန်၏။

ကောကနဒ-ဟူသောပုဒ်၌ 'ကောကနုဒ်'ဟု နမှာ ဥသရန္ဒင့် ဖတ်ရှတ်ရေးထား မှတ်သားပြောဆိုကြ၏။ မသင့်။ 'ကောကနဒ်'ဟု နမှာ အသရန္ဒင့် ရှိမှ သင့်မည်။ **"ကောကာ-နဒန္တိ အနေနာတိ ကောကနဒေါ"**ဟု ဝစနတ္ထပြု။ အနေန၊ ဤကြာကြောင့်။ ကောကာ၊ ခွေးတို့သည်။ နဒန္တိ၊ ဟောင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကောကနဒေါ၊ ကောကနဒ မည်၏။

ခွေးတို့ မြင်လျှင် သားတစ်နှင့် တူသောကြောင့် ဟောင်ရကား ထိုကြာကို ကောကနဒ-ဟူလို။ ကြာနီကို ယူ။ ကောကသဒ္ဒါ ခွေးဟော။ "ကုက ဝက အာဒါနေ၊ ကောကာဝကော၊ (သဒ္ဒနီတိ)။"

ငါတို့ မြတ်စွာဘုရား ပွင့်တော်မမူမီ ဒါယကာတစ်ယောက်သည် သား ၇-ယောက်တို့နှင့်တကွ တောမှလာရာ မောင်းထောင်းသောမိန်းမ ဆိုလိုက်သော သီချင်းသံကို ကြား၍ သား ၇-ယောက်နှင့်တကွ ပစ္စေကဗုဒ္ဓါဘုရား ဖြစ်ကြောင်းကို ၎င်းအဋ္ဌကထာတွင်ပင်–

http://www.dhammadownload.com

ဗုဒ္ဓန္တရေ အညတရော ပုရိသော သတ္ထာဟိ ပုတ္ထေဟိ သဒ္ဒိ ဝနာ အာဂမ္မ အညတရာယ ဣတ္ထိယာ မုသလေန တဏ္ဍုလေ ကောဋ္ဋေန္တိယာ ဂီတသဒ္ဒံ သုတ္ဝာ သဟ ပုတ္ထေဟိ ပစ္စေကဗောဓိ ပတ္ထော။

ဟု လာသည်။ (သုတ္တနိ၊၄၊၂၁၂၄။ သံ၊၄၊၁၊၂၅၀)

ဗုဒ္ဓန္တရေ၊ ကဿပ, ဂေါတမဘုရား ၂-ဆူတို့၏အကြား၌။ အညတရော၊ ၁-ယောက်သော။ ပုရိသော၊ ယောကျ်ားသည်။ သတ္ထာဟိ ပုတ္ထေဟိ၊ သား ၇-ယောက်တို့နှင့်။ သဒ္ဒိ၊ တကွ။ ဝနာ၊ တောမှ။ အာဂမ္မ၊ လာလတ်၍။ မုသလေန၊ ကျည်ပွေဖြင့်။ တဏ္ဍုလေ၊ ဆန်တို့ကို။ ကောဋ္ဋေန္တိယာ၊ ထောင်းသော။ အညတရာယ၊ ၁-ယောက်သော။ ဣတ္ထိယာ၊ မိန်းမ၏။ ဂီတသဒ္ဒံ၊ သီချင်းသံကို။ သုတ္ဝာ၊ ကြား၍။ သဟ ပုတ္ထေဟိ၊ သား ၇-ယောက်တို့နှင့် တကွ။ ပစ္စေကဗောဓိ၊ ပစ္စေကဗောဓိဉာဏ်သို့။ ပတ္ထော၊ ရောက်ကြလေ၏။

မောင်းထောင်းသော မိန်းမရွတ်သော သီချင်းသံကား-

ဇရာယ ပရိမဒ္ဒိတံ၊ မိလာတစမ္မနိဿိတံ။
မရဏော ဘိဇ္ဇတိ ဧတံ၊ မစ္ဆိဿ ဃသ'မာမိသံ။
ကိမိနံ အာလယံ ဧတံ၊ နာနာကုဏပပူရိတံ။
အသုစိဘာဇနံ ဧတံ၊ ကဒလိက္ခန္ဓသမံ ဣဒံ။ –

ဟူသည်တည်း။ (သုတ္တနိ၊၄၊၂၁၂၅။ သံ၊၄၊၁၊၂၅၁)

ဧတံ၊ ဤခန္ဓာကိုယ်သည်။ ဇရာယ၊ အိုခြင်းသဘောတရားဖြင့်။ ပရိမဒ္ဒိတံ၊ နှိပ်စက်အပ်၏။ မိလာတစမ္မနိဿိတံ၊ ညှီးနွမ်းသောအရေကို မှီ၏။ ဧတံ၊ ဤခန္ဓာကိုယ်သည်။ မရဏော၊ သေမင်း၏ ခံတွင်း၌။ ဘိဇ္ဇတိ၊ ပျက်စီးတတ်၏။ မစ္ဆိဿ၊ သေမင်း၏။ ဃသမာမိသံ၊ စားရာ အစားအစာနှင့်လည်း တူ၏။ ဧတံ၊ ဤခန္ဓာကိုယ်သည်။ ကိမိနံ၊ ၈၀-သော ပိုးမျိုးတို့၏။ အာလယံ၊ တည်ရာ,နေရာ,သားမွေးရာ, ကျင်ကြီး,ကျင်ငယ်စွန့်ရာ သူနာအိမ်လည်းဖြစ်၏။ ဧတံ၊ ဤခန္ဓာကိုယ်သည်။ နာနာကုဏပပူရိတံ၊ အထူးထူးသော အပုပ်တို့ဖြင့် ပြည့်၏။ ဧတံ၊ ဤခန္ဓာကိုယ်သည်။ အသုစိဘာဇနံ၊ မစင်ထည့်သော အိုးနှင့်လည်း တူ၏။ ဣဒံ၊ ဤခန္ဓာကိုယ်သည်။ ကဒလိက္ခန္ဓသမံ၊ ငှက်ပျောတုံးနှင့်လည်း တူ၏။

ဤတွင်ရွေ့ သီချင်းသံကို ကြားရာ၌ ရဟန္တာဖြစ်ကြောင်း, ပစ္စေကဗုဒ္ဓါဘုရားဖြစ်ကြောင်းကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

http://www.dhammadownload.com

သီဟိုဠ်ကျွန်းတွင် တစ်ဦးသော ရဟန္တာမထေရ်မြတ်သည် မဟာစေတီကိုလည်းကောင်း မဟာဗောဓိကိုလည်းကောင်း ရှိခိုးပူဇော်အံ့သောငှာ နောက်ပါ ရှင်သာမဏေတစ်ပါးနှင့် ကြွသွားတော်မူရာ လူတို့ ညစာသုံးဆောင်ကြသော အချိန်ကာလ ညချမ်းအခါတွင် သာမဏေကို မသိစေဘဲ တစ်ယောက်တည်းသာ ကြွသွားတော်မူလတ်သတည်း။ ထိုအခါ သာမဏေသည် "ငါ၏ ဥပဇ္ဈာယ်ကား အဘယ်သို့ သွားသနည်း"ဟု ဖဝါးခြေစဉ်မပြတ် လိုက်လေသော် မဟာစေတီတွင် မီလေရကား တောင်တံခါးဖြင့် ဝင်၍ စေတီပြင်သို့ ရှေ့စဉ်နောက်ထပ် ချဉ်းကပ်ကြလေ၏။

ရဟန္တာမထေရ်လည်း သာမဏေ လာသည်ကို နှလုံးမသွင်းဘဲ စေတီတော်ကိုသာ ပူဇော်လေးမြတ် ဆည်းကပ်လျက် ပန်းဖြင့် ပူဇော်လိုသောစိတ်ဖြစ်၍ သာမဏေလည်း မိမိရောက်လာသော အဖြစ်ကို ဥပဇ္ဈာယ်ဆရာ သိအောင် ပြုလေရကား "အဘယ်အခါ ရောက်လာသနည်း"ဟု မေး၍ "ဤစေတီကား များစွာသော ဓာတ်တော်တို့၏ ဌာပနာရာဖြစ်၍ ပန်းဖြင့် ပူဇော်ရသော် ကောင်း၏"ဟု ဆိုလျှင် "အရှင်ဘုရား၊ အကျွန်ုပ် ဆောင်ပါအံ့"ဟု လျှောက်ထားပြီးလျှင် ကောင်းကင်ခရီး၊ ဈာန်ယာဉ်စီးလျက်၊ တောကြီးမြို့သာ၊ ဟိမဝါသို့ လျင်မြန်စွာ သွား၍ တောင်တံခါးမုခ်ပေါက်မှ အနောက်တံခါးမုခ်ပေါက်သို့ မရောက်မီအတွင်း အဆင်း,အနံ့တို့ဖြင့် သင်းပျံ့မွှေးကြူသော ပန်းတို့ကို ယူခဲ့၍ ကပ်လှူရလေသည်။

စေတီအပြင်မှ ဖောင်းရစ်သို့ ကျအောင် ပုဆစ်ဒူးနစ်မျှသော ပန်းတို့ကို ကြဖြန့်ပူဇော်သဖြင့် ပန်းပွင့်တို့သည် မကုန်နိုင်ခြင်း၊ မယွင်းမယိုရှိရကား "အရှင်ဘုရား၊ ပန်းထည့်သော ရေစစ်ကိုသာ အောက်သို့ မျက်နှာထား၍ လှုပ်ရှားတော်မူပါ"ဟု လျှောက်၍ အောက်သို့ လှည့်မှ ရှိသမျှပန်းတို့သည် ကုန်ခန်းလေ၍ "ဤသာမဏေသည် တန်ခိုးဣဒ္ဓိပါဒ်ကို အဘယ်မျှကြာအောင် ရွက်ဆောင်နိုင်လိမ့်မည်နည်း"ဟု အဘိညာဉ်ဖြင့် ဆင်ခြင်ရာ မကြာခဏ ဝိသဘာဂကြောင့် ပျက်စီးရမည်ကို မြင်တော်မူလျှင် "ငါ့ရှင် သာမဏေမှာ ဈာနလာဘီ-ဣဒ္ဓိမယသည် နောက်ကာလ ယွင်းပျက်၍ မျက်စိတစ်ဖက်ကန်းသော ရက်ကန်းသည် မိန်းမနှင့် ညားရမည် ဧကန်ပင် ငါမြင်ရသည်"ဟု ဆိုသော ဥပဇ္ဈာစရိယ၏ ဩဝါဒစကားကို ကြားလျက်သာ မနာမယူဘဲ မဟာဗောဓိကို ပူဇော်ပြီးမှ "တိဿမဟာဝိဟာရမှ အဘယ်အရပ်သို့ ကြွတော်မူမည်နည်း"ဟု လျှောက်၍သာ ဥပဇ္ဈာယ်ဆရာနှင့် အတူမပါဘဲ ရွာအဝင်တွင် အဘိညာဉ်ဖြင့် ကောင်းကင်မှ ကျ၍ အတူတကွပင် ဝင်ကြလေလျှင် "ငါ့ရှင်၊ ပုထုဇဉ်တို့၏ ဣဒ္ဓိပါဒ်သည် အနည်းငယ်မျှ ဝိသဘာဂကြောင့် ပျက်စီးတတ်လှချေ၏"ဟု ဆုံးမတော်မူပြန်သတည်း။

http://www.dhammadownload.com

သာမဏေလည်း ဥပဇ္ဈာစရိယ၏ ဩဝါဒသံကို မနာမခံဘဲ ကမ္မမေန္ဒ္ဓဝိဟာရ (ကမ္မ-ပေန္ဒဝိဟာရ)သို့ ရောက်ကြလေလျှင် တစ်ကြိမ်ထပ်မံ၍ ဆုံးမပြန်သော စကားကို နားမတင်ဘဲ ကောင်းကင်ဖြင့် ပျံသွားရာ ကမ္မမေန္ဒ္ဓရွာမှ ပဒုမာကြာအိုင်သို့ ဆင်းသက်သဖြင့် ပဒုမာကြာကို ချိုးယူသော ရက်ကန်းသည်မ၏ ဂီတသဒ္ဒသီချင်းသံကို ကြားလေလျှင် သကာခဲတွင် မှက်, ယင်၏ပမာဏ၊ ကောင်းကင်မှ ကျ၍ ကမ်းစတွင် ရပ်လျက် တည်လေသည်။ ထိုအခါ ခြေဖြင့်သာ လျှင်စွာ သွားလတ်၍ သပိတ်,သင်္ကန်းကို လှမ်းယူစေပြီးမှ ခဏမကြာ ပြန်လာသတည်း။

ဥပဇ္ဈာယ်ဆရာလည်း "သာမဏေကား၊ ငါ့စကားကို နားမထောင်ပြီ"ဟု နှလုံးသွင်း၍သာ ဆွမ်းခံရွာသို့ ကောင်းစွာ ဝင်တော်မူလတ်သတည်း။ ထိုရောအခါ ရက်ကန်းသည်မငယ်နှင့်တကွ ရက်ကန်းသည်ကြီး အထီး,အမ ယောက္ခမလောင်းတို့က "**မကောင်းသည်ဟာ၊ ကြောက်စရာအလွန်၊ ခွံစရာအစု၊ ပုပ္ပွတ္တ၊ မြင်သမျှပင်၊ အနိစ္စနှင့်၊ ဒုက္ခသဘော၊ ချမ်းသာနှင့် မရောဘူး၊ ဤလောကဓာတ်၊ စက်ရဟတ်သည်၊ ဤပစ္စုပ္ပန်ဘဝ၊ ခုနေ့,ညပင် မြင်ရလိမ့်မည်တကား**"ဟု သနားကြင်နာ ကရုဏာရှေ့ထား၍ တရားဓမ္မ ဩဝါဒနှင့် ဆုံးမစကား ပြောကြသည်များကို ပယ်ရှားငြင်းဆန်၊ ပိုးဖလံကဲ့သို့၊ စိတ်မာန်သွင်း၍ အတင်းခုခံလေသည်။ ယင်းသို့ နောက်တွင် ကောင်းကင်ပျံသည်၊ စျာန်ယာဉ်ပျက်သော၊ ကိုလူထွက်မှာ၊ **ပေသကာရ၊** နာမတွင်မည်၊ **ရက်ကန်းသည်မကို** ရ၍ လင်မယား ဖြစ်ကြသတည်း။

တစ်နေ့သ၌ ရက်ကန်းသည်အမှုကို ပြုလုပ်ကြ၍ များလှစွာ အဖော်တစ်စုနှင့် တစ်ခုသောအရပ်သို့ ချဉ်းကပ်ကြရာ သူတကာတို့၏ သားမယားမှာ အာဟာရကိစ္စကို စောစောကပင် ပို့သ၍သွား၊ သူမယားမှာ နေမြင့်လှမှ လာသည်-ဟု မာန်မာနတက် ဒေါသထွက်၍ ရက်ကန်းယောက်ဖိုးတံနှင့် ပစ်လေရကား ချင်း၏မယား မျက်စိတစ်ဖက် ပျက်ရလေသည်။ သည်ကိုရည်၍ မဆွကပင် ဆရာသခင် ကျေးဇူးရှင်သည်-

> **သာမဏေရ တွံ ဣဒါနိ မဟိဒ္ဓိကော၊ ဧဝရူပံ ပန ဣဒ္ဓိံ နာသေတွာ ပစ္ဆိမကာလေ ကာဏပေသိကာယ ဟဘ္ဘေန မဒ္ဒိတံ ကဠိယံ ပိဝိဿတိ။** (အဘိ၊ဋ္ဌ၊၂။၂၃၉-၂၈၀)

ဟု ဆိုတော်မူကြောင်းကို ဝိဘင်းအဋ္ဌကထာ၊ သမ္မပဓာနဝိဘင်္ဂဝဏ္ဏနာတွင် လာသည်။

သာမဏေရ၊ သာမဏေ။ တွံ၊ သင်သည်။ ဣဒါနိ၊ ယခုအခါ၌။ မဟိဒ္ဓိကော၊ တန်ခိုးကြီးပေ၏။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဣဒ္ဓိံ၊ တန်ခိုးကို။ နာသေတွာ၊ ဖျက်ဆီး၍။ ပစ္ဆိမကာလေ၊ နောက်ကာလ၌။ ကာဏပေသိကာယ၊ မျက်စိတစ်ဖက်ကန်းသော **ရက်ကန်း**သည်မ၏။ ဟဘ္ဘေန၊ ဖြင့်။ မဒ္ဒိတံ၊ နယ်အပ်သော။ ကဠိယံ၊ ပဒုံးရည်ကို။ ပိဝိဿတိ၊ သောက်ရလတ္တံ့။

http://www.dhammadownload.com

ဤတွင်ရွေ့. သီချင်းသံကို ကြားရသဖြင့် ဈာန်မှ လျှောကျသော ဝတ္ထုညာပကကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၂) ရေကို ခိုး၍သောက်မှ ဘုရားဖြစ်ကြောင်းကို မေးလျှောက်သည်မှာ- ဟရာဏသီပြည်တွင် ဖြဟ္မဒတ်မင်း မင်းပြုသောအခါ ကာသိတိုင်းတွင် တခုသော ရွာငယ်၌ ဒါယကာ ၂-ယောက်တို့သည် ကိုယ်စီယူဆောင်၍သွားသော ရေဗူးတို့ကို သင့်ရာအရပ်၌ ထား၍ လယ်ထွန်ကြရာ တစ်ယောက်သော်သူသည် ရေငတ်မွတ်သောကြောင့် ရေဗူးရှိရာ ရေသောက်မည် သွားသည်တွင် မိမိ၏ရေဗူးမှ ရေကုန်မည်စိုး၍ တစ်ယောက်သောသူ၏ ရေဗူးမှ ရေကို ခိုးယူ၍ သောက်လေ၏။

ညချမ်းသို့ ရောက်သောအခါ ရေခိုးပြီးသော် "ငါ့အား ယခုနေ့ အဘယ် မကောင်းမှုကို ပြုမိသနည်း"ဟု ဆင်ခြင်သော် ရေကို ခိုးယူ၍ သောက်မိသော အကုသိုလ် မကောင်းမှုကို မြင်လေလျှင် ထိတ်လန့်ခြင်း ပြင်းစွာ ဖြစ်လေရကား ဤအကုသိုလ်တရား ပွါးများသည်ရှိသော် အပါယ်ငရဲသို့ ကျတတ်၏။ ထိုကြောင့် ထိုအကုသိုလ်တရားကို တဖန်အသစ်မဖြစ်စေရအောင် ငါ-နှိပ်စက်အံ့"ဟု ရေကို ခိုးယူမိသော အကုသိုလ်တရားကို အာရုံပြု၍ ဝိပဿနာကို ပွါးသည်ရှိသော် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်၍ မိမိရသော ဂုဏ်ကျေးဇူးတို့ကို အထူးအောက်မေ့ဆင်ခြင်လျက် နေလင့်၏။

ထိုအခါ အဖော်ဖြစ်သော လယ်ထွန်ယောကျ်ားသည် အပါးသို့ ချဉ်းကပ်လေ၍ "အဆွေ၊ အိမ်သို့ ပြန်သွားကြစို့"ဟု ဆိုပေရကား "သင်သာ သွားလေ၊ ငါကား ပြန်ဖွယ်ကိစ္စ မရှိ။ ပစ္စေကဗောဓိဉာဏ်ကို ဧကန် ငါရပြီ"ဟု ဆိုလျှင် "ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သင်ကဲ့သို့ မဟုတ်ပါ။ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် လက် ၂-သစ်ခန့်ရှိသော ဆံပင်ဖြင့် ငါတို့ မြင်ဖူး၏"ဟု ဆိုသောကာလ လက်ဖြင့် ဦးခေါင်းကို သုံးသပ်သောခဏ၌ ဂီဟိလိင်္ဂမနုဿအသွင်သည် အလျှင်းပင် ကွယ်ပျောက်၍ နီလှသော သင်းပိုင်, ခါးဝတ်၊ လျှပ်စစ်နွယ်အဆင်းနှင့်တူသော ကာယဗန္ဓန၊ အလတ္တကပါဠလဝဏ္ဏဥတ္တရာသံဂ၊ မေယဝဏ္ဏသံယာဠိ၊ ပိတုန်းရောင်အဆင်းနှင့်တူသော မြေသပိတ်ကို လွယ်ချိတ်လျက် လက် ၂-သစ်ခန့်ရှိသော ဆံပင်၊ ရဟန်း၏အသွင်ဖြင့် ကောင်းကင်ခရီး ပျံကြွ၍ နန္ဒမူလိဏ်သို့ ရောက်လေသည်။ ယင်းသည်နောက်မှ ဟရာဏသီပြည်သို့ ကြွသွားရာ ဟရာဏသီမင်းကြီးက "ငယ်ရွယ်စဉ်ကပင် ပစ္စေကဗောဓိဉာဏ်သို့ ရောက်တော်မူသည်မှာ ဤလောကဓာတ် စက်ရဟတ် ဝဋ်တရား၌ များစွာသော အာဒီနဝနိဗ္ဗိန္ဒတရားတို့တွင် အဘယ်အာရမ္မဏကမနသိကာရကြောင့် ပစ္စေကဗောဓိဉာဏ်သို့ ဧကန် ရောက်တော်မူသနည်း"ဟု မေးလျှောက်သည်တွင်

http://www.dhammadownload.com

ရေကို ခိုးယူသောက်မိသော အကုသိုလ်ဓမ္မ နိဗ္ဗိန္ဒမနသိကာရကြောင့် ပစ္စေကဗောဓိဉာဏ်ကို ရသည်ဟု-

မိတ္ထော မိတ္ထဿ ပါဏီယံ (ပါနီယံ)၊ အဒိန္နံ ပရိဘုဉ္ဇိဿံ။
တေန ပစ္စာ ဝိစိကိစ္ဆိ (ဝိဇိဂုစ္ဆိ)၊ တံ ပါပံ ပကတံ မယာ။
မာ ပုန အကရိ ပါပံ၊ တသ္မာ ပဗ္ဗဇိတော အဟံ။ ။ -

ဟူသော ဂါထာပါဠိဖြင့် ဖြေဆိုကြောင်းကို သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်တွင် ကိန်းအောင်းမွေလျော် စံပျော်တော်မူသောအခါ ကာမဝိတက်ကို ကြဲသော သာဝတ္ထိပြည်သား ရဟန်း ၅၀၀-တို့ကို အကြောင်းပြု၍ ဟောတော်မူကြောင်းကို ငါးရာငါးဆယ်၊ ဧကာဒသကနိပါတ်၊ ၅-ခုမြောက်သော ပါနီယဇာတ်(ဇာ၊၅၊၁၁၅-၉)တွင် လာသည်။

မိတ္တော၊ အဆွေခင်ပွန်းဖြစ်သော ငါသည်။ မိတ္တဿ၊ အဆွေခင်ပွန်းဖြစ်သော လူ၏။ အဒိန္နံ၊ ဥစ္စာရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော။ ပါဏီယံ (ပါနီယံ)၊ ရေကို။ ပရိဘုဉ္ဇိ-သံ၊ ခိုးယူသုံးဆောင်မိ၏။ တေန၊ ထိုခိုးယူမိသောကြောင့်။ ပစ္စာ၊ နောက်ကာလ၌။ တံ ပါပံ၊ ထိုမကောင်းမှုကံကို။ မယာ၊ ငါသည်။ ပကတံ၊ ပြုမိ၏-ဟု။ ဝိစိကိစ္ဆိ၊ ယုံမှားရှိ၏။ *(ဝိဇိဂုစ္ဆိ၊ စက်ဆုပ်မိပြီ။)* ပုန၊ တဖန်။ ပါပံ၊ မကောင်းမှုကို။ မာ အကရိ၊ နောင်-မပြုပြီ။ တသ္မာ၊ ထို့ကြောင့်။ တံ ပါပံ၊ ထိုမကောင်းမှုကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ အဟံ၊ ငါသည်။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။

ဤတွင်ရွေ့ ရေကို ခိုးယူသုံးဆောင်မိသော မကောင်းမှု သံဝေဂဝတ္ထုပြု၍ ပစ္စေက-ဗုဒ္ဓါဘုရားအဖြစ်သို့ ရောက်သည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

၁၂၃၇-ခု၊ တော်သလင်းလပြည့်ကျော်၊ ၇-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ကြံခင်းမြို့နေ ဒါယကာမောင်စံပြည့်-က ယခုအခါကာလမှာ *အရိမေတ္တေယျဘုရား-စသော အနာဂတ်ကာလ၌ ပွင့်လတ္တံ့သော ဘုရားရှင်တို့ ရုပ်ပွါးတော်အတု ပြု,ဖန်ကိုးကွယ်လျှင် ကုသိုလ်တရား ဖြစ်ပွါးမည်, မဖြစ်ပွါးမည်အကြောင်းနှင့် *သေ ၄-ပါး, ရှင် ၄-ပါး ရှိ,မရှိ အကြောင်း၊ *စက္ခုပသာဒအကြောင်းများကို လျှောက်ထားချက်

[၆၂] "ဘုရားတပည့်တော် ကြံခင်းမြို့နေ ဒကာ မောင်စံပြည့် လျှောက်ပါသည်ဘုရား။

*(၁) ယခုကာလ ဂေါတမဘုရားရှင်၏ လက်ထက်တော်အခါ အနာဂတ်ကာလ၌ ပွင့်လတ္တံ့သော မေတ္တေယျ-စသော ဘုရားရှင်တို့၏ ရုပ်ပွါးတော်, သဏ္ဌာန်တော်များကို တုလုပ်၍ ကိုးကွယ်သင့်မည်, မသင့်မည်၊

ကိုးကွယ်ပူဇော်၍ ကုသိုလ်တရား ဖြစ်ပွါးမည်, မဖြစ်ပွါးမည်၊ ထိုကုသိုလ်တရားသည် လူ, နတ်, နိဗ္ဗာန် ၃-တန်သော အကျိုးကို ပေးစွမ်းနိုင်မည်, မပေးစွမ်းနိုင်မည်၊

ထုလုပ်အပ်သော မေတ္တေယျ-စသော ဘုရားရှင်တို့၏ ရုပ်ပွါးတော်, သဏ္ဌာန်တော်မြတ်တို့အား ထိုဘုရားရှင်တို့၏ အဆင်းတော်, အသံတော်များကို အာရုံပြု၍ ယခုကာလကပင် ကျောင်း, တန်ဆောင်း, ပြာသာဒ်, ဆွမ်း, သင်္ကန်း-စသည်တို့ကို ပေးလှူသော် ဂေါတမမြတ်စွာဘုရားရှင်၏ ရုပ်ပွါးတော်, သဏ္ဌာန်တော်မြတ်တို့အား လှူဒါန်းခြင်းနှင့် အသို့ အကျိုးထူးမည်, မထူးမည်၊

*(၂) သေသူ ၄-အင်, ရှင်သူ ၄-ပါးတို့ ယခုကာလတိုင် ရှိမည်, မရှိမည်။

အရှင်မဟာကဿပမထေရ်၏ အလောင်းတော်ကို အဘယ်အရပ်၌ အဘယ်မင်းတို့ သွတ်သွင်းသိုထားသည်။ အရှင်မဟာကဿပ အလောင်းတော်ကို မေတ္တေယျဘုရားရှင်၏ လက်ထက်၌ သင်္ဂြိဟ်ဖုတ်ကြည်းမည်-ဟု ပြောဆိုကြသော စကားများသည် တရားမမွှခဏ်နှင့် လျော်မည်, မလျော်မည်။

*(၃) **'စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'**-ဟု မဇ္ဈိမာယုက-ပသာဒ စက္ခု ၁-ခုကိုလည်းကောင်း အဘိမုခီဘူတယဋ္ဌနဖြစ်၍ ရှေ့တူရွှထင်သော ရူပါရုံအများကိုလည်းကောင်း စွဲ၍ စက္ခုဝိညာဏ်စိတ် ၁-ခုဖြစ်သည်ကို ဓမ္မသင်္ဂဏီ၌

http://www.dhammadownload.com

ဟောတော်မူသောကြောင့် တစ်ခုတည်းသော စက္ခုဝိညာဏ်ဖြင့် သဲပြင်မြူမှုန် အစု အများကို တပြိုင်နက် ဧကက္ခဏ၌ မြင်၏။ သို့သော်လည်း–

ဝတ္ထုပရိတ္တတာယာတိ ဧတေန အနေကကလာပဂတာနိ ဗဟူနိယေဝ ရူပါယတနာနိ သမုဒိတာနိ သံဟစ္စကာရိတာယ သိဝိကုဋ္ဌမာနညာယေန စက္ခု-ဝိညာဏဿ အာရမ္မဏပစ္စယော။

ဟူသော အနုဋ္ဌီကာ(၁။၇၄)နှင့် အညီ ထမ်းစဉ်ထမ်းသောနည်းဖြင့် မြင်၏-ဟူသော ဆရာတို့စကား မှားမည်, မှန်မည်။

ဤအကြောင်းများကို ယုံမှားသံသယ ရှိကုန်ကြ၍ ဘုရားတပည့်တော်မှ စ၍ ဒါယကာ, ဒါယိကာမအများတို့ကို သနားတော်မူသဖြင့် ပါဠို, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်တို့ဖြင့် ဟုတ်မှန်တိုင်း ညွှန်ကြားဆုံးဖြတ်တော်မူ၍ ဘုရားတပည့်တော်အား သနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

တကာမောင်စံပြည့် လျှောက်ထားချက်–

[၆၂](၁) မေတ္တေယျဘုရား၏ရုပ်ပွါး ကိုယ်စားဆင်းတုတော် ထုလုပ်ကိုးကွယ်သည့်အရာ ကို လျှောက်သည်မှာ- ဘုရားဖြစ်တော်မမူမီကပင် သုမေဓာရသေ့ဖြစ်၍ နိယတဗျာဒိတ် ကို ခံတော်မူသောကာလ ရလတ္တံ့သော ပါရမီဒဠ္ဌသမ္ဘာရကို မြင်တော်မူလျှင်–

ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ။
အပရိမေယ္ယေ ဣတော ကပ္ပေ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။ -
(ဗုဒ္ဓဝံ၊၃၁၁။ အပ၊၅၊၁၂၀။ ဗုဒ္ဓဝံ၊၅၊၁၁၇။ အဘိ၊၅၊၁၊၄၄။ ဇိနာလင်္ကာရဋီကာ၊၁၂၇)

ဟု ဗျာဒိတ်ကြားတော်မူပြီးလျှင် သုမိတ္တာ ကပ်လျှသော ကြာ ၈-လက်တို့ဖြင့် ရလတ္တံ့သော ဗျာဒိတ်၊ သဒ္ဓညုတဉာဏ်တော်ကို ရည်၍ သုမေဓာရှင်ရသေ့ကို ဒီပင်္ကရာမြတ်စွာဘုရား ပူဇော်ခဲ့ကြောင်း၊ ၄-သိန်းသော သံဃာတော်တို့နှင့် နတ်,လူ,ပြဟ္မာ သတ္တဝါအများ, ရမ္မာဝတီ ပြည်သားတို့ များစွာသော ပန်း,နံ့သာတို့ဖြင့် ပူဇော်ကြကြောင်းကို အပဒါန်အဋ္ဌကထာ, ဗုဒ္ဓဝံသအဋ္ဌကထာ, ဓမ္မသင်္ဂဏီအဋ္ဌကထာတို့တွင်–

ဒီပင်္ကရဒသဗလော ဗောဓိသတ္တံ ပသိဒိတွာ အဋ္ဌဟိ ပုပ္ဖမုဋ္ဌိဟိ ပူဇေတွာ ပဒက္ခိဏံ ကတွာ ပက္ကာမိ။ တေပိ စတုသတသဟဿသင်္ခါ ခီဏာသဝါ ဗောဓိ-သတ္တံ ဂန္ဓမာလေဟိ ပူဇေတွာ ပဒက္ခိဏံ ကတွာ ပက္ကမိံသု၊ ဒေဝမနုဿာ ပန တထေဝ ပူဇေတွာ ဝန္ဒိတွာ ပက္ကန္တာ။

http://www.dhammadownload.com

မဟာဇနော တထာဂတဿ ဝစနံ သုတွာ တုဋ္ဌဟဋ္ဌော မာလဂန္ဓဝိလေပနံ အာဒါယ ရမ္မနဂရာ နိက္ခမိတွာ ဗောဓိသတ္တံ ဥပသင်္ကမိတွာ ဂန္ဓမာလာဒီဟိ ပူဇေတွာ ဝန္ဒိတွာ ပဒက္ခိဏံ ကတွာ ရမ္မနဂရံ ပါဝိသိ။ -

ဟု လာသည်။ (အဗဒ္ဓ၊၁၊၂၀၊၂၁။ ဗုဒ္ဓဝံ၊၆၊၁၃၉။ ဇိနာလင်္ကာရဋီကာ၊၁၂၈။ ထောက် ဝိသဒိသံ)

ဒီပင်္ကရဒသဗလော၊ ဒီပင်္ကရာမြတ်စွာဘုရားသည်။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ပသီဒိတွာ၊ ကြည်ညိုး၍။ အဋ္ဌဟိ ပုပ္ဖမုဋ္ဌီဟိ၊ ကြာ ၈-လက်တို့ဖြင့်။ ပူဇေတွာ၊ ပူဇော်ခဲ့၍။ ပဒက္ခိဏံ၊ လက်ယာရစ်လှည့်သည်ကို။ ကတွာ၊ ပြု၍။ ပက္ကာမိ၊ ဖဲတော်မူ၏။ တေပိ စတုသ-တသဟဿသခီ ဒီဏာသဝါ၊ ထို ၄-သိန်းသော သံယာတော်တို့သည်လည်း။ ဗောဓိသတ္တံ၊ ဘုရားလောင်းကို။ ဂန္ဓမာလေဟိ၊ ပန်း,နံ့သာတို့ဖြင့်။ ပူဇေတွာ၊ ပူဇော်ခဲ့၍။ ပဒက္ခိဏံ၊ လက်ယာရစ်လှည့်သည်ကို။ ကတွာ၊ ပြု၍။ ပက္ကမိသု၊ ဖဲကြလေကုန်၏။ ဒေဝမနုဿာ ပန၊ နတ်,လူတို့သည်လည်း။ တထေဝ၊ ထို့အတူသာလျှင်။ ဂန္ဓမာလေဟိ၊ ပန်း,နံ့သာတို့ဖြင့်။ ပူဇေတွာ၊ ပူဇော်ခဲ့၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပက္ကန္တာ၊ ဖဲကြကုန်၏။

မဟာဇနော၊ ရမ္မာဝတီပြည်သူ လူအပေါင်းသည်။ တထာဂတဿ၊ ဒီပင်္ကရာမြတ်စွာဘုရား၏။ ဝစနံ၊ စကားတော်ကို။ သုတွာ၊ ကြား၍။ တုဋ္ဌဟဋ္ဌော၊ ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍။ မာလာဂန္ဓဝိလေပနံ၊ ပန်း,နံ့သာ, နံ့သာပျော်းကို။ အာဒါယ၊ ယူ၍။ ရမ္မနဂရာ၊ ရမ္မာဝတီပြည်မှ။ နိက္ခမိတွာ၊ ထွက်ကြကုန်သည်ဖြစ်၍။ ဗောဓိသတ္တံ၊ ဘုရားလောင်း သုမေဓာရသေ့သို့။ ဝါ၊ ကို။ ဥပသံကမိတွာ၊ ကပ်၍။ ဂန္ဓမာလာဒီဟိ၊ ပန်း,နံ့သာ-စသည်တို့ဖြင့်။ ပူဇေတွာ၊ ပူဇော်၍။ ပဒက္ခိဏံ၊ လက်ယာရစ်လှည့်သည်ကို။ ကတွာ၊ ပြု၍။ ရမ္မနဂရံ၊ ရမ္မာဝတီပြည်သို့။ ပါဝိသိ၊ ဝင်ကြလေ၏။

သည်ကို ရည်၍-

"ဇမ္ဗူလက္ခ်ာ၊ သောင်းဒီပါတွင်၊ ကြေညာနှံ့သိ၊ တိပိဋကာ၊ သာဂရဝယ်၊ ဉာဏတံချူ။ နှိုက်ခဲ့ချူ၍၊ ဗိုလ်လူခပဲ၊ သိနိုင်ခဲသည်၊ အံ့အဲ့နှိုင်းတု၊ စာစောင်ပြု၍၊ သုဂတ္တိရ၊ သာရတ္ထဖြင့်၊ သြဇလေးနက်၊ ဓိပ္ပါယ်ထွက်ကို၊ ပြက်ပြက်ကွင်းကွင်း၊ လူခပင်းအား၊ ရှင်းလင်းသေချာ၊ မိန့်ခဲ့မှာသည်၊ စာမေဒနီ၊ ပါရမီဟု၊ သီလဝံသ၊ ထေရမဟာ၊ ကျမ်းကဗျာတွင်၊ တစ်ရာမက၊ စဲစဲလှသည်၊ ပုံချခတ်နှိပ်၊ မြေတံဆိပ်ထက်၊ ဦးထိပ်အဖျား၊ ရပ်တန့်နားပြီး၊ ဘုန်းကြီးကြင့်နှိုး၊ ရှစ်ဆုပ်ပန်းဖြင့်၊ ကြဖျန်းလက်ယာ၊ လှည့်ခဲ့ပါ၍၊ မြတ်စွာခြေတော်၊ ချီခဲ့သော်လျှင်"

ဟု စပ်ဆိုတော်မူသည်။ ထိုစကားကို ဇိနာလင်္ကာရကျမ်း(ဋီ၊၁၂၀)တွင်-

http://www.dhammadownload.com

လဒ္ဓံ ဗောဓိ သမနုဿရန္တော။
ပူဇေတွာ ယာတေ မုနီ ဒေဝမနုဿေ၊
ဥဌာယ သမ္မသိ ဒသပါရမီ။ - ဟု လာသည်။ (ဥပဇာတိဂါထာ)

လဒ္ဓံ၀၊ ရလတ္တံ့သည်သာလျှင်ဖြစ်သော။ ဗောဓိ၊ သဗ္ဗညုတဉာဏ်တော်ကို။ သမနုဿရန္တော၊ အောက်မေ့လျက်။ ပူဇေတွာ၊ ပူဇော်ခဲ့၍။ မုနိဒေဝမနုဿေ၊ ဘုရား, နတ်,လူတို့သည်။ ယာတေ၊ ကြွတော်မူကြကုန်သော်။ ဥဌာယ၊ ညွှန်ပြောင်းမှထ၍။ ဒသပါရမီ၊ ပါရမီ ၁၀-ပါး မြတ်တရားကို။ သမ္မသိ၊ သုံးသပ်ဆင်ခြင်တော်မူ၏။

ဤသို့ ကျမ်းဂန်လာသည်ထောက်လျှင် ၄-အသင်္ချေနှင့် ကမ္ဘာ ၁-သိန်းထက်ကပင် ရလတ္တံ့သော သဗ္ဗညုတဉာဏ်တော်ကို အာရုံပြု၍ ဘုရား, နတ်, လူပရိသတ်တို့ ပူဇော်ရသည်ဟူရကား နောင်ပွင့်တော်မူလတ္တံ့သော ဘုရားဂုဏ်ကို အာရုံပြု၍ ကိုးကွယ်လေးမြတ်ဆည်းကပ်လှူဒါန်းကြသည့်သူတို့ ဖြူစင်သန့်ရှင်းသော သဘော၊ ယောနိသောမနသိကာရ ဥဇုကဓမ္မ ဖြစ်အံ့၊ စင်စစ် ကုသိုလ်ရ၏။

ကုသိုလ်စေတနာမှန်က ကုသိုလ်သာ ဖြစ်သင့်ကြောင်းကို အထက် ပကိဏ္ဏကဝိသဇ္ဇနာတွင် အရာအရာ၌ ပြဆိုခဲ့ပြီ။ ယခုကာလ ဂေါတမဘုရား၏ ရုပ်ပွါးတော်, ဆင်းတုတော်တို့ကို ကိုးကွယ်လှူဒါန်းသည်နှင့် အဘယ်သို့ ကွဲပြားကြမည် မေးလျှောက်သည်မှာ-

- ရည်ရင်းဝတ္ထုကပင် ဘုရား မုချ-မဟုတ်သေးသည်လည်း တစ်ကြောင်း၊
- ဂေါတမဘုရား၏ ကိုယ်တော်စား ရုပ်ပွါးဆင်းတု-စသော စေတီ ၃-ပါး ထင်ရှားရှိသေးသည်လည်း တစ်ကြောင်း၊
- အကယ်၍တည်း နိယျာနိကဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်း ကောင်းသော နှလုံးသွင်းရှိသည် ဖြစ်ခဲ့အံ့၊ သက်တော်ထင်ရှား ဘုရားနှင့်တူစွာ ချမ်းသာ ၃-တန်ကို ဧကန်မုချရစေနိုင်သော ငါတို့ဂေါတမဘုရား သာသနာသည် သံဝါမဆိတ်၊ မိုးလုံးထိတ်မိ၊ ဇာတိသရဂုဏ်တော်၊ ခဲလှော်ကူးမြောက်၊ မသွားစောက်သည်၊ ကျိနောက်ဝဲဝုတ်၊ သမုဒ္ဒရာ၊ ချာချာရစ်ပတ်၊ ရဟတ်,ယာဉ်,ရထား၊ ဝဋ်တရားမှ၊ လွှားလွှားထုတ်ဆယ်၊ ကယ်တင်ယူအောင်၊ နိဗ္ဗာသောင်သို့၊ ရောက်အောင် ပို့နိုင်ပြီးရကား အဘယ်မှာ ကိုးကွယ်စရာ ရှာဖွယ်ကိစ္စ ရှိလေတော့အံ့နည်း-ဟု ဂန္ထန္တရဗဟုသုတ အရှင်မြတ်တို့ ဆုံးဖြတ်တော်မူရန် ရှိသည်လည်း တစ်ကြောင်း-

ဖြစ်၍ ဘုရားစင်စစ်ဧကန် သဗ္ဗညုတဉာဏ် ကိန်းအောင်းတော်မူသော ကိုယ်တော်မြတ်၏ သရီရဓာတ်စေတီတော်ကို မမိနိုင်ရာ။

http://www.dhammadownload.com

(၂) သူသေ ၄-အင်၊ သူ့၌ ၄-ပါးကို မေးလျှောက်သည်မှာ ထိုစကားသည် သင်္ဂီယနာသုံးတန်တင်၊ ကျမ်းဂန်ပါဠိ, အဋ္ဌကထာ, ဋီကာတို့တွင် မလာ။ ဝစနပရံပရ၊ စကား အဆက်ဆက်ပြောကြသည်မှာ–

- ဝေဘာရတောင်တွင် အခွင်မဟာကဿပထေရ်၊
- သုဘာသာရတောင်တွင် ဥတ္တမထေရ်၊
- ဝေမိဿကတောင်တွင် ဓမ္မထေရ်၊
- မကုဋတောင်မှာ ဥခေရထေရ်–

ဟူ၍ ဤကား သေ ၄-ပါးတည်း။

- တောင်သမုဒ္ဒရာမှာ ဥပဂုတ္တထေရ်၊
- အနောက်သမုဒ္ဒရာမှာ မေခရထေရ်၊
- မြောက်သမုဒ္ဒရာမှာ ဘဒ္ဒထေရ်၊
- အရှေ့သမုဒ္ဒရာမှာ ဓမ္မသာရထေရ်–

ဟူ၍ ဤကား သူ့၌ ၄-ပါးတည်း။

ယခုကာလတိုင် မေးလျှောက်သည်မှာ အထက်ဖြေဆိုသော စကားဖြင့်ပင် သိသာပြီ။ ၎င်းသူသေ ၄-ပါးအဝင် အခွင်မဟာကဿပအလောင်းတော် အဘယ်အရပ်မှာ ရှိသည်ကို မေးလျှောက်သည်မှာ ငါတို့မြန်မာတိုင်းနိုင်ငံတွင် ရတနာပုဉ္ဇရာဇဌာနီ မင်းနေပြည်ကြီးမှ အနောက်မြောက်ထောင့် ခပ်ယွန်း၊ ခရီး ၇-သောင်းကျော်ခန့်ကွာ၊ ကန္ဒီမြို့နယ်အတွင်း ဝေပုလ္လ, ဝေဘာရ, ဂိဇ္ဈကူဋ်-ဟူ၍ တောင် ၃-လုံးတို့တွင် ဝေဘာရတောင် အောက်တွင် အခွင်မဟာကဿပ အလောင်းတော် စံကြောင်းကို အစဉ်စကား ပြောကြားကြ၏။ ငါတို့မြန်မာတိုင်းနိုင်ငံအတွင်း အနီး,အဝေး အရပ်ထက်ဝန်းကျင်တို့မှာ သွားရောက်ကြသည်ကား အလွန်ပင် များ၏။ အဘယ်မင်းတို့ သွင်းထားခဲ့သည် မေးလျှောက်သည်မှာ ကျမ်းလာစကား၊ မဟုတ်လေရကား ကွဲပြား၍ မဆိုသာဖြစ်သည်။ မေတ္တာယျဘုရားရှင်လက်ထက် လက်တော်၌ တင်ထား၍ သင်္ဂြိဟ်မည်ဆိုသော စကားကို ကျမ်းဂန်လာ,မလာ မေးလျှောက်သည်မှာ "အရင်းလဲလျှင် အဖျား ထင်းဖြစ်သည်"ဆိုသကဲ့သို့ အရင်းစကားကပင် ဧကန်မုချ မမှန်ချေက နောက်ကို ထပ်မံ၍ မေးရန်မရှိ။

(၃) "စက္ခုံ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ဟူသော နိဒါနဝဂ္ဂသံယုတ်ပါဠိတော်စကားကို အလျဉ်းသွယ်၍ တစ်ခုတည်းသော စက္ခုဝိညာဏ်ဖြင့် သဲပြင် မြူစုအများကို

http://www.dhammadownload.com

တပြိုင်နက် ဧကက္ခဏ၌ မြင်၏။ သို့သော်လည်း (ဤကျမ်း နှာ-၄၄၈) ဟူသော အာဘော်မှ အထက်ဖြေဆိုလိုက်သော စကားကို သဘောမကျေချမ်း၍ ပြန်လှန် ထပ်မံမေးသည် ယူရန် ရှိ၏။ တစ်ခုတည်းသော စက္ခုဝိညာဏ်ဖြင့် ရူပါရုံအများကို မြင်သည်မဟုတ်။ စက္ခုဝိညာဏ် အများဖြင့်ပင် ရူပါရုံအများကို မြင်သည်။ ရုပ်သက်ခဏငယ် ၅၁-ချက်၊ စိတ်သက် သတ္တရ-သာယုက-ပြည့်မှ ချုပ်သည်။ စိတ္တက္ခဏ လျင်မြန်ကြောင်းကို အထက် ပကိဏ္ဏကဝိသဇ္ဇနာ၊ ဒုတိယပရိစ္ဆေဒတွင် ပြဆိုခဲ့ပြီး *ဝတ္ထုပရိတ္တတာယာတိ-အစရှိသော ပါဠိ၏အရမှာ အမေးတွင် အဖြေပါစကားဖြစ်၍ အသစ်ပြဆိုရန် မရှိပြီ။

ဤတွင်ရွေ့ သေသူ ၄-ပါး၊ ရှင်သူ ၄-ပါး စသော စကားတစ်ရပ် အပြီးသတ်တည်း။

★★★★★★★

ကြံခင်းမြို့နေ ဒါယကာမောင်စံပြည့်-က တိရစ္ဆာန်တို့မှာ ဒုစရိုက် ၁၀-ပါး ဖြစ်သင့်,မဖြစ်သင့်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၆၃] "ဘုရားတပည့်တော် ကြံခင်းမြို့နေ ဒကာ ဇစံပြည့် လျှောက်ပါသည် ဆရာတော်ဘုရား။

တိရစ္ဆာန်တို့မှာ ဒုစရိုက် ၁၀-ပါးဖြစ်သင့်ကြောင်းနှင့် အပြွက်စကား ကြားသိရ ဖူးပါသောကြောင့် ရဟန်း,ရှင်,လူတို့ကို လျှောက်ထားမေးမြန်းပါသော်လည်း နေရာကျ မပြောမဆိုနိုင်ကြရှိသည် ဖြစ်ပါ၍ တိရစ္ဆာန်တို့မှာ ဒုစရိုက် ၁၀-ပါး ဖြစ်သင့်ကြောင်းကို နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စကားပါ ဒါယကာ မောင်စံပြည့် လျှောက်ချက်အတိုင်း–

တိရစ္ဆာန်တို့မှာ ဒုစရိုက် ၁၀-ပါး ဖြစ်သင့်,မဖြစ်သင့်ကို မေးလျှောက်သည်မှာ–

[၆၃](၄၀) ဒုဟေတုကာန'မဟေတုကာနဉ္စ ပနေ'တ္ထ ကိရိယာဇဝနာနိစေဝ အပွနာဇ-ဝနာနိ စ န လဗ္ဘန္တိ။

http://www.dhammadownload.com

(၄၁) တထာ ဉာဏသမ္မယုတ္တဝိပါကာနိ သုဂတိယံ။

(၄၂) ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တ မဟာဝိပါကာနိ စ န လဗ္ဘန္တိ။

ဟူသော အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာပါဠိ(ဝိထိပိုင်း၊ပိုဒ်၄၀-၄၂)နှင့် အညီ ဒုဂ္ဂတိအဟိတ်ဖြစ်သော တိရစ္ဆာန်တို့အား အကုသိုလ်စိတ် ၁၂-ခု၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ ဤ ၃၇-ခုသော စိတ်တို့ကို ရအပ်ကုန်၏။ ထို ၃၇-ခုသော စိတ်တို့တွင် ယှဉ်သော ၅၂-ခုသော စေတသိက်တို့ကိုလည်း သိအပ်ကုန်၏။

အဋ္ဌကထာပါဠိ၏အနက်ကား—

(၄၀) ပန၊ အထူးကို ပြအံ့။ ဧတ္ထ၊ ဤ ၁၂-ယောက်ကုန်သော ပုဂ္ဂိုလ်တို့တွင်။ ဒုဟေတုကာနဉ္စ၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ အဟေတုကာနဉ္စ၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ကိရိယာဇဝနာနိ စ၊ ကိရိယာဇောတို့ကိုလည်းကောင်း။ အပုနာဇဝနာနိ စ၊ အပုနာဖြစ်သော မဟဂ္ဂုတ်လောကုတ္တရာဇောတို့ကိုလည်းကောင်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

(၄၁) တထာ၊ ထိုမှတပါး။ သုဂတိယံ၊ သုဂတိဘုံ၌။ ဉာဏသမ္မယုတ္တဝိပါကာနိ စ၊ ဉာဏသမ္မယုတ်ဝိပါက်စိတ်တို့ကိုလည်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

(၄၂) ဒုဂ္ဂတိယံ ပန၊ ဒုဂ္ဂတိဘုံ၌ကား။ ဉာဏဝိပ္ပယုတ္တမဟာဝိပါကာနိ စ၊ ဉာဏဝိပ္ပယုတ်မဟာဝိပါက်စိတ်တို့ကိုလည်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

ဤသို့ ပရမတ္ထဖြစ်သော စိတ် ၃၇-ခု၊ စေတသိက် ဒွေးပညာသတို့ကို ဒုဂ္ဂတိအဟိတ်ဖြစ်သော တိရစ္ဆာန်တို့၌ ရအပ်ကုန်၏။

- ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-ဟူ၍ **ကာယဒုစရိုက် ၃-ပါး**၊
- မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖလာပ-ဟူ၍ **ဝစီဒုစရိုက် ၄-ပါး**၊
- အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ -ဟူ၍ **မနောဒုစရိုက် ၃-ပါး**

ဤသို့ **ဒုစရိုက် ၁၀-ပါး**ဖြစ်၏။

ထိုဒုစရိုက် ၁၀-ပါးတို့တွင်—

- **ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ**၊ ဤဒုစရိုက် ၃-ပါးတို့သည် **ဒေါသကြောင့်** ဖြစ်ကုန်၏။

http://www.dhammadownload.com

- ကာမေသု မိစ္ဆာစာ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ၊ ဤဒုစရိုက် ၃-ပါးတို့သည် လောဘကြောင့် ဖြစ်ကုန်၏။
- အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ၊ ဤဒုစရိုက် ၄-ပါးတို့သည် လောဘ, ဒေါသ ဟိတ် ၂-ပါးတို့ကြောင့် ဖြစ်ကုန်၏။

ထို့ကြောင့် ၎င်းအဘိဓမ္မတ္ထသင်္ဂဟအမည်ရှိသော လက်သန်းအဋ္ဌကထာ (ဝိထိမုတ် ပိုင်း၊ ပိုဒ် ၅၈-၆၀)၌–

ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါ စ ဒေါသမူလေန ဇာယန္တိ။ ကာမေသု မိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန၊ သေသာနိ စတ္တာရိပိ ဒ္ဩိ မူလေဟိ သမ္ဘဝန္တိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပါဏာတိပါတော စ၊ ပါဏာတိပါတသည်လည်းကောင်း။ ဖရုသဝါစာ စ၊ ဖရုသ-ဝါစာသည်လည်းကောင်း။ ဗျာပါဒေါ စ၊ ဗျာပါဒသည်လည်းကောင်း။ ဒေါသမူလေန၊ ဒေါသမူလကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

ကာမေသု မိစ္ဆာစာရော စ၊ ကာမေသု မိစ္ဆာစာရသည်လည်းကောင်း။ အဘိဇ္ဈာ စ၊ အဘိဇ္ဈာသည်လည်းကောင်း။ မိစ္ဆာဒိဋ္ဌိ စ၊ မိစ္ဆာဒိဋ္ဌိသည်လည်းကောင်း။ လောဘမူလေန၊ လောဘမူလကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိပိ၊ ၄-ပါးကုန်သော ဒုစရိုက်တို့သည်လည်း။ ဒ္ဩိ မူလေဟိ၊ လောဘ, ဒေါသ-ဟူသော မူလ ၂-ပါးတို့ကြောင့်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ဓမ္မသင်္ဂဏီအဋ္ဌကထာတွင် ပါဏာတိပါတကို ကြဲသောသူသည် ပါဏာတိပါတကံ မြောက်လျှင် အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည် စေတနာပကွိကဖြစ်၍ ပါဏာတိပါတကံသို့ ဝင်လေတော့သည်။ ပါဏာတိပါတကံ မမြောက်လျှင်လည်း အဗ္ဗောဟာရိကဖြစ်၍ ကမ္မပထ မခေါ်ဝေါ်လောက်သည်သာတည်း-ဟု–

တေ ဟိ *(ပန စိတ္တေဟိ)* သဟဇာတာ အဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိယော စေတနာ-ပကွိကာ ဝါ အဗ္ဗောဟာရိကာ ဝါ။ –

ဟု လာသည်။ (အဘိ၅၊၁။၁၃၃)

တေဟိ၊ ထိုပါဏာတိပါတ ပယောဂ လုံ့လ ဥဿာဟ ကမ္မပထ-စသည်တို့နှင့်။ သဟဇာတာ၊ တကွဖြစ်ကုန်သော။ အဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိယော၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ

http://www.dhammadownload.com

တို့သည်။ စေတနာပက္ခိကာ ဝါ၊ ကာယက်-ဟူသောအမည်ကို ရကုန်သည်လည်း။ ဟောန္တို့၊ ဖြစ်ကုန်၏။ အတ္ထောဟာရိကာ ဝါ၊ မနောက်-ဟု မခေါ်ဝေါ်လောက်ကုန်သည်လည်း။ ဟောန္တို့၊ ဖြစ်ကုန်၏။

စေတနာပက္ခိကာ ဝါတိ ကာယကမ္မဝေါဟာရလာဘာ၊ အတ္ထောဟာရိကာ ဝါတိ မနောကမ္မဝေါဟာရဝိရဟာ။ –

ဟု ဋီကာ(မူလဋီ၊၁။၇၈) မိန့်၏။

စေတနာပက္ခိကာ ဝါတိ၊ **စေတနာပက္ခိကာ ဝါ**-ဟူသည်ကား။ ကာယကမ္မဝေါဟာရလာဘာ၊ ကာယက်-ဟူသော အမည်ကို ရကုန်၏။ အတ္ထောဟာရိကာ ဝါတိ၊ **အတ္ထောဟာရိကာ ဝါ**-ဟူသည်ကား။ မနောကမ္မဝေါဟာရဝိရဟာ၊ မနောက်-ဟူသော ခေါ်ဝေါ်ခြင်းမှ ကင်းကုန်၏။

ပါဏာတိပါတ၏ အင်္ဂါပယောဂနှင့် တကွဖြစ်သော ဗျာပါဒကို ယူရမည်။ ပါဏာတိပါတ၏ အင်္ဂါပယောဂနှင့် မစပ်ဘဲ ဗျာပါဒ၏ အင်္ဂါလက္ခဏာနှင့်သာ စပ်သောအရာ ဗျာပါဒ ကမ္မပထ အသီး ယူအပ်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌–

မနောကမ္မံ *(မနောဒ္ဝါရေ)* ပန ဝဓကစေတနာယ ဥပ္ပန္နမတ္တာယ ဧဝ ကမ္မပထော *(ကမ္မပထဘေဒေါ)*။ သော စ ခေါ ဗျာပါဒဝသေန၊ န ပါဏာတိပါတဝသေန။

ဟူသောပါဠိ (အဘိ၊ဋ္ဌ၊၁။၁၃၂)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မနောကမ္မံ ပန၊ မနောက်-ဟူသည်ကား။ ဝဓကစေတနာယ၊ သေစေလိုသော စေတနာ၏။ ဥပ္ပန္နမတ္တာယ ဧဝ၊ ဖြစ်ကာမျှဖြင့်သာလျှင်။ ကမ္မပထော၊ ကမ္မပထ မြောက်၏။ သော စ ခေါ၊ ထိုမနောက်သည်လည်း။ ဗျာပါဒဝသေန၊ ဗျာပါဒ၏ အစွမ်းဖြင့်။ ဟောတိ၊ ဖြစ်၏။ ပါဏာတိပါတဝသေန၊ ပါဏာတိပါတ၏အစွမ်းဖြင့်။ န ဟောတိ၊ မဖြစ်။

အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိတို့ကိုလည်း ဤနည်းချည်းမှတ်။ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် မည်သည့်သတ္တဝါမဆို ထိုအကုသိုလ်တရား ရထိုက်သသူအား ၁၀-ပါးကုန်သော ဒုစရိုက်တို့သည် ဖြစ်ကုန်၏။ ဓမ္မပဒအဋ္ဌကထာ၊ ကုလာဝကဇာတ်(ဇာ၊ဋ္ဌ၊၁။၂၂၀-၂)တွင် သုဇာတာမိဖုရား၏ အလောင်းဖြစ်သော ဗျိုင်းမကို သိကြားမင်းက ၅-ပါးသီလကို ခံယူဆောက်တည်စေကြောင်းကိုလည်းကောင်း ဝိနည်းမဟာဝါ၊ မဟာခန္ဓကတွင် လူ၏အယောင်ဆောင်၍ ရဟန်းပြုလာသော နဂါးကို "ငါဘုရားသာသနာတော်တွင် သင်တို့နှင့် မလျော်၊

http://www.dhammadownload.com

နဂါးပြည်သို့ သွား၍ နဂါးတို့ ကျင့်အပ်သော ၅-ပါးသီလ၊ ၈-ပါးသီလတို့ကိုသာ ကျင့်ဆောင်ကြိုးစား အားထုတ်လေ"ဟု ဘုရား မိန့်တော်မူကြောင်းများကိုလည်းကောင်း လာသည်။

ထိုအကြောင်းကို ဓမ္မပဒအဋ္ဌကထာ၊ ကာဠယက္ခိနီဝတ္ထု(၁။၂၉)။ ဝိနည်းအဋ္ဌကထာ၊ မဟာဝါကျမ်းတို့တွင်လာသော ကာလနာဂရာဇဝတ္ထု။ ဧကနိပါတ်၊ ဗကဇာတ်၊ မစ္ဆဇာတ်၊ ကုသနာဠိဇာတ်၊ ဗိဠာရဇာတ်၊ အဂ္ဂိကဘာရဒွါဇဇာတ်၊ မဟာဂေါဓဇာတ်၊ ဝိရောဓဇာတ်၊ ကာကဇာတ်၊ သဠိဝဇာတ်။ ဒုကနိပါတ်၊ သိဂီလဇာတ်၊ ဥရဂဇာတ်၊ ဂုဏဇာတ်၊ သကုဏဂ္ဃိဇာတ်၊ အာဒိစ္စုပဋ္ဌာနဇာတ်၊ တိန္ဒုကဇာတ်၊ စတုမဋ္ဌဇာတ်၊ ခဏ္ဍဇာတ်၊ သုသုမာရဇာတ်၊ ကုမ္ဘီလဇာတ်၊ ဂူထပါဏဇာတ်၊ ဗကဇာတ်၊ သဗ္ဗဒါဌိကဇာတ်။ တိကနိပါတ်၊ ကဏ္ဍဋကဇာတ်၊ ဝမ္ဘကီသူကရဇာတ်၊ ဇမ္ဗုဇာတ်၊ အန္ဓဇာတ်၊ ပက္ခဇာတ်။ စတုကနိပါတ်၊ သသပဏ္ဍိတဇာတ်၊ တိတ္တိရဇာတ်၊ ကာကဝတီဇာတ်၊ ကဏ္ဍိနီဇာတ်၊ သန္ဓိဘေဒနဇာတ်။ ပဉ္စကနိပါတ်၊ ဝဋ္ဋကာရောဟဇာတ်၊ သာလိယဇာတ်၊ တစသာရဇာတ်။ ဆက္ကနိပါတ်၊ ကုက္ကုဋ္ဌဇာတ်၊ ဓမ္မဓဇဇာတ်၊ တုဏ္ဍိလဇာတ်၊ သုဝဏ္ဏကက္ကဋဇာတ်။ သတ္တကနိပါတ်၊ ဒဋ္ဌပုဖ္ဖဇာတ်၊ မဟာကပိဇာတ်၊ ကောဋုသိမ္ဗလိဇာတ်။ နဝကနိပါတ်၊ ပူတိမံသဇာတ်။ ဒသကနိပါတ်၊ စတုပေါသထိယဇာတ်၊ ကုက္ကုဋ္ဌဇာတ်။ တေရသကနိပါတ်၊ ဖန္ဒနဇာတ်။ ပကိဏ္ဏကနိပါတ်၊ ပဉ္စပေါသထိကဇာတ်၊ တစ္ဆသူကရဇာတ်၊ မဟာဝါဏိဇဇာတ်။ ဝိသတိနိပါတ်၊ စမ္မေယျဇာတ်။ မဟာနိပါတ်၊ ဘူရိဒတ်ဇာတ်၊ ဝိဓုရဇာတ် တော်များကို ထောက်ထားနှိုင်းညှိ၍ သိရာ၏။

အထူးကား။ စတုက္ကနိပါတ် သသပဏ္ဍိတဇာတ်တွင် ယုန်နှင့် မြေခွေး၊ ဖျံနှင့် မျောက်တို့ ဥပုသ်စောင့်ကြရာ မြစ်နားသဲပြင်တွင် တွေ့သော, ငါးတဲအုံတွင်တွေ့သော ဖွတ်သေး၊ နို့ဓမ်းများကို ဥစ္စာရှင် ရှိ,မရှိ သိအောင် ကြွေးကြော်၍ ကောက်ယူကြကြောင်း။

တိတ္တိရဇာတ်တွင်လည်း ဘုရားအလောင်း ခါမင်းက "အကျွန်ုပ်၏ ပယောဂကြောင့် ဆွေမျိုးဖြစ်သော ခါအပေါင်းတို့ကို မုဆိုးဖမ်းယူသတ်စားသည့်အရာများသည် အကျွန်ုပ်မှာ ပါဏာတိပါတအကုသိုလ်မှ လွတ်ပါအံ့လော"ဟု ရသေ့ထံ လျှောက်ထားကြောင်းနှင့် လာသည်။

စတုက္ကနိပါတ်၊ ကာကဝတီဇာတ်တွင် ဘရာဏသီမင်းကြီး၏ မိဖုရားကို ဂဠုန်မင်းခိုးယူကြောင်း။ ဧကနိပါတ်၊ ဗကဇာတ်-စသည်တို့၌ ဗျိုင်းသည် ငါးအပေါင်းတို့ကို ယုံကြည်စိမ့်သောဌာ လှည့်ပတ်ဖြားယောင်းကြောင်းများနှင့် လာသည်ဖြစ်၍ ထိုထို ပါဠိ,ဇာတ်နိပါတ်, ဝတ္ထုသာဓကတို့တွင် ယထာရဟ ဒုစ္စရိတဓမ္မကို ထောက်ဆနှိုင်းညှိ၍ သိရာ၏။ ဇာတ်တော်တို့ အတ္ထုပ္ပတ္တိကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

http://www.dhammadownload.com

ဤတွင်ခွေ့. တိရစ္ဆာန်တို့မှာ ဒုစရိုက် ၁၀-ပါး ဖြစ်သင့်ကြောင်းကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

၁၂၃၇-ခု၊ တော်သလင်းလပြည့်ကျော်၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★ ★ ★ ★ ★ ★ ★

ကြံခင်းမြို့နေ ဒါယကာ လေ့သူကြီး မောင်ရှမ်းကလေး-က "မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို ရကြောင်းဖြစ်သော ဥပဒေသကို ညွှန်ပြတော်မူပါ"ဟု လျှောက်ထားချက်

[၆၄] "ဘုရားတပည့်တော် ကြံခင်းမြို့နေ လေ့သူကြီး ဒါယကာ **ရှမ်းကလေး** ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

မင်္ဂ,ဖိုလ်,နိဗ္ဗာန်သို့ ရောက်ကြောင်းကို နှလုံးသွင်းထား မှတ်သားကြည့်ရှုရန် ကျမ်းဂန်အရ နည်းဥပဒေသကို ညွှန်ပြထုတ်ဆောင်၍ သိသာအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စကားပါ ဒါယကာ **မောင်ရှမ်းလေး** လျှောက်ချက်–

[၆၄] "မင်္ဂ,ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း သူတော်ကောင်းတို့ နှလုံးသွင်းထား မှတ်သားရန် ကျမ်းဂန်အရ နည်းဥပဒေသကို ညွှန်ပြထုတ်ဆောင်၍ သိသာအောင် ကယ်မသနားတော်မူပါ"ဟု လျှောက်ချက်အရ ဖော်ပြပေအံ့။

သစ္စာ ၄-ပါး, ၅-ပါးသော ဥယျာဓမ္မတို့ကို အပိတ်အပင် မရှိ၊ အကုန်အစင် ထိုးထွင်း၍ သိမြင်တော်မူသော မြတ်စွာဘုရားသည် ရာဂ, ဒေါသ, မောဟ-အစရှိသော ၁၁-ပါးသော မီးရှိန်ဖြင့် တထိန်ထိန်တောက်လောင်လျက် သံသရာတည်း-ဟူသော ဝဲဂယက်မှာ အိပ်မက်သော်မှ မထင်,မမြင်စဖူးရ၊ ဘဝများစွာ ရာ,ထောင်,သိန်း,သန်းမက မရေတွက်မပိုင်းခြားနိုင်သော ကပ်ကမ္ဘာကာလတို့က အဂတဒိသဖြစ်၍ တရံတဆစ် တဖြစ်တခေါက် မရောက်စဖူးသော အမတမှန်၊ နိဗ္ဗာန်တည်း-ဟူသော မြို့မြတ်သို့ ရောက်စေတတ်သော

http://www.dhammadownload.com

ဝိမုတ္တိရသအားဖြင့် တပါးသောကိစ္စရှိသော လောကုတ္တရာ ချမ်းသာသုခကို ခဏလွယ်ကူ ရယူခြင်းငှာ စွမ်းနိုင်သော အတ္ထဂမ္ဘီရ ဓမ္မဒေသနာတော်မြတ်ကို-

ဧထ တုမ္ဟေ ဘိက္ခဝေ ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခထ။

ဟူ၍ ဟောတော်မူသည်။ (မ၊၃။၁၃၂။ ထောက် ဝိသဒိသံ)

ဘိက္ခဝေ၊ တို့။ ဧထ၊ လာကြကုန်။ ပါဒတလာ၊ ခြေဖဝါးပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားတိုင်အောင်။ ကေသမတ္ထကာ၊ အထက် ဆံဖျားမှ။ အဓော၊ အောက် ခြေဖဝါးတိုင်အောင်။ တစပရိယန္တံ၊ အရေလျှင် အဆုံးရှိသော။ နာနပ္ပကာရဿ၊ အထူးထူးအပြားပြား သော။ အသုစိနော၊ မစင်ဖြင့်။ ပူရံ၊ ပြည့်သော။ ဣမမေဝ ကာယံ၊ ဤ ၁-လံမျှလောက်သော ခန္ဓာကိုယ်ကို။ တုမ္ဟေ၊ သင်-ချစ်သားတို့သည်။ ပစ္စဝေက္ခထ၊ ပညာစက္ခုဖြင့် သေသေ ချာချာ ရှုကြကုန်။

"ဧထ တုမ္ဟေ ဘိက္ခဝေ ဣမမေဝ ကာယံ"အစရှိသည်ဖြင့် ဟောတော်မူသော ပါဠိတော်မြတ် ပါဠိလာသည့်အတိုင်း ဤကာယအစု သမ္မုတိပညတ်ဖြစ်သော အတ္တဘောသည် တစ်စုံတစ်ခုမျှသော ချစ်ခင်လေးမြတ်ဖွယ် တွယ်တာစုံမက် နှစ်သက်စရာ မရှိ။ စံပယ်, စံကား၊ ချရား, စွယ်တော်၊ အကျော်, စမ္ပာ၊ နံ့သာ, ကရမက်-စသော ၄-ပါးသော ဇာတိဂန္ဓ၊ ၁၀-ပါးသော ပဘေဒဂန္ဓ-ဟု ဆိုအပ်သော အခိုးအထုံ၊ အမှုန့်ပန်းပေါင်း-စသော သင်းသင်းလှိုင်လှိုင် ကြိုင်ကြိုင်မွှေးမွှေး အေးအေးပျံ့ပျံ့ ကောင်းသောအနံ့တို့သည်လည်း တရံတခါ တစိုးတစိမျှ မရှိလေရာ။ ပုလဲ,နီလာ၊ သန္ဓာ,ဂေါ်မုတ်၊ ဥဿဖရား၊ ပတ္တမြား, စိန်,ကြောင်-စသော ရတနာအထု အစုအခဲတို့၏ ယိုထွက်စီးဆင်းရာလည်း မဟုတ်၊ စက်ဆုပ်စရာ ခွဲ့,ရှာဖွယ်သာ ကျင်ကြီး, ကျင်ငယ်တို့၏ စီးလာဆင်းသက် အောက်,ထက် အရပ်ရပ်မှ မပြတ် ယိုထွက်အပ်သည်ဖြစ်၍ ပရိသတ် ၄-ပါးတို့၏အလယ်တွင် မတင့်တယ်သောအဖြစ်ကိုသာ ဆောင်တတ်၏။

ထိုသို့ဖြစ်၍ တရံတဆစ်မျှ ချစ်ခင်စုံမက် နှစ်သက်လေးမြတ်စရာ ကြံ၍ မတွေ့,မမြင်ကောင်းသော ဤကာယကို ဣတ္ထိပုရိသသည်၊ ငါ,ငါ၏ကိုယ် ထင်မှတ်သဖြင့် တွယ်တာနှစ်သက်အပ်သောကြောင့် အာဒီနဝကို မထင်,မမြင်နိုင်သတည်း။ စင်စစ်သော်ကား ထိုကာယအစု သမ္မုတိပညတ် အတ္တဘာဝမှ ဖြစ်သမျှအပေါင်းတို့သည် မကောင်းသည်သာ ရွံရှာဖွယ်အစု တစ်ခုခုသော ဝတ္ထုကိုမျှ ရိုသေလေးမြတ် သိမ်းသိမ်းထားအပ်သည် မရှိ၊ ထိကိုင်သုံးသပ်ခြင်းကိုမျှ မပြုဝံ့သည်သာ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည်-

http://www.dhammadownload.com

ဣမသ္မိံ ဘိက္ခဝေ ဗျာမမတ္တေ ကဠေဝရေ သဗ္ဗာကာရေန ဝိစိနန္တော နကောစိ ကိဉ္စိ မုတ္တံ ဝါ မဏိ ဝါ ဝေဠုရိယံ ဝါ အဂဠံ ဝါ စန္ဒနံ ဝါ ကုင်္ကုမံ ဝါ ဝါသစုဏ္ဏာဒိနိ ဝါ နပဿတိ၊ အထ ခေါ ပရမဒုဂန္ဓံ ဇေဂုစ္ဆံ အသုစိယေဝ ပဿတိ။

ဟူ၍ ဟောတော်မူသည်။ (သံ၊၅၊၃။၂၉၇)

ဘိက္ခဝေ၊ တို့။ ဗျာမမတ္တော၊ ၁-လံမျှလောက်ရှိသော။ ဣမသ္မိံ ကဠေဝရေ၊ ဤကိုယ်သမုတ် အကောင်ပုပ်၌။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဝိစိနန္တော၊ ဆင်ခြင်စုံစမ်း ထောက်လှမ်းရှာဖွေသည်ရှိသော်။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ကိဉ္စိ၊ အနည်းငယ်ပမာဏ စိုးစဉ်းမျှသော။ မုတ္တံ ဝါ၊ ပုလဲကိုလည်းကောင်း။ မဏိ ဝါ၊ ပတ္တမြားကိုလည်းကောင်း။ ဝေဠုရိယံ ဝါ၊ ကြောင်မျက်ခွံကိုလည်းကောင်း။ အဂဠံ ဝါ၊ အကျော်စမ္ပာကိုလည်းကောင်း။ စန္ဒနံ ဝါ၊ စန္ဒကူးဖြူကိုလည်းကောင်း။ ကုင်္ကုမံ ဝါ၊ မာလာကျိကျူကိုလည်းကောင်း။ ဝါ၊ စန္ဒကူးနီကိုလည်းကောင်း။ ဝါသစုဏ္ဏာဒိနိ၊ အခိုးအထုံ-စသည်တို့ကိုလည်းကောင်း။ နပဿတိ၊ မမြင်။ အထ ခေါ၊ စင်စစ်သော်ကား။ ပရမဒုဂန္ဓံ၊ လွန်စွာမကောင်းသော အနံ့ရှိသော။ ဇေဂုစ္ဆံ၊ စက်ဆုပ်ခွံရှာဖွယ်သော။ အသုစိယေဝ၊ မစင်ကြွယ်သည်ကိုသာလျှင်။ ဝါ၊ မစင်ကြွယ်သောဝတ္ထု အသုဘကိုသာလျှင်။ ပဿတိ၊ မြင်ရ၏။

"ဣမသ္မိံ ဘိက္ခဝေ ဗျာမမတ္တေ ကဠေဝရေ သဗ္ဗာကာရေန ဝိစိနန္တော" အစရှိသည်ဖြင့် ဟောတော်မူသော ပါဠိတော်မြတ်နှင့်အညီ အထူးထူးသော အခြင်းအရာအားဖြင့် ဖွေရှာထောက်လှမ်း စူးစမ်းဆင်ခြင်သည်ရှိသော် ဤကိုယ်သမုတ် အကောင်ပုပ်သည် ဆဲဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်လိပ်ခြင်း၊ ကုန်းကွကိုင်းညွတ်ခြင်း၊ ပျော့ပျော့နွမ်းရီ၊ မချိမဆန့်မခန့်လက်,ခြေ၊ အရေရုံ့ပိန်၊ တွန့်လိမ်ဖျော့တော့၊ လျော့ပါးဆုတ်ယုတ်၍ အားထုတ်တိုင်းအလိုသို့ မပါ ချမ်းသာသုခ မရှိ ဇရာမမှတည်း-ဟူသော အိုခြင်းတရားဖြင့် လွန်စွာနှိပ်စက်ညှဉ်းပန်းလျက် ညှိုးနွမ်းသောကိုယ်ကို မှီ၍ ဖြစ်၏။ ဇရာ, မရဏ၏အရင်း ပဋိသန္ဓေနှင့်မကင်းသောကြောင့် သေမင်း၏ ခံတွင်းဝ၌ မုချအပြီး ပျက်စီးတတ်လေရကား သေမင်း၏မပြတ် စားသုံးရာ အစာနှင့်လည်း တူ၏။ နှပ်, တံတွေး, ချွဲခမ်း, အန်ဖတ် စက်ဆုပ်အပ်သော ကျင်ကြီး,ကျင်ငယ် ခွံရှာဖွယ်အပေါင်း မကောင်းသောအပုပ်တို့ဖြင့် ပြည့်သည်ဖြစ်၍ မိမိကိုယ်တွင်း၌ ကိန်းအောင်းလျက် ၈၀-သော ပိုးမျိုးတို့၏ မှီရာဆည်းကပ်၊ မပြတ်တည်နေ၊ သေရာ,နာရာ၊ သုသာန်သချိုင်းပမာ၊ သူနာဇရပ်သဖွယ် မတင့်တယ် မလျောက်ပတ်သော အတိဇေဂုစ္ဆ ပဋိကူလ အသုဘသဘော ဌာန်ပျောတုံး, လက်ပံတုံးတို့ကဲ့သို့ အသုံးမကျသဖြင့် ဇရာ, မရဏ-စသော ဘေးဘယ ဝဋ်ဒုက္ခအပေါင်းတို့၏ ညှဉ်းပြောင်းနှိပ်စက် ဖျက်ဆီးရာသာဖြစ်၏။ ထို့ကြောင့်-

http://www.dhammadownload.com

ဇရာယ ပရိမဒ္ဒိတံ ဧတေ၊ မိလာတစမ္မနိဿိတံ။
မရဏော(မရဏောန)ဘိဒ္ဒုတိ ဧတေ၊ မစ္စုဿ ယသ'မာမိသံ။ ။
ကိမိနံ အာလယံ ဧတေ၊ နာနာကုဏပ(နာနာကုဏာပေန) ပူရိတံ။
အသုစိဘာဇနံ ဧတေ၊ ကဒလိက္ခန္ဓသမံ ဣဒံ။ ။
(သံ၊၄၊၁၂၁။ သုတ္တနိ၊၄၊၂၁၂၂။ အံ၊၎၊၃၊၇၇)

ဟု အဖန်တလဲလဲ အမြဲမပြတ် အောက်မေ့ဆင်ခြင်အပ်၏။

ဧတေ၊ ဤခန္ဓာကိုယ်ကို။ ဇရာယ၊ အိုခြင်းသဘောတရားသည်။ ပရိမဒ္ဒိတံ၊ နှိပ်စက်အပ်၏။ ဧတေ၊ ဤခန္ဓာကိုယ်သည်။ မိလာတစမ္မနိဿိတံ၊ ညှိုးနွမ်းသော အရေကို မှီ၏။ ဧတေ၊ ဤခန္ဓာကိုယ်သည်။ မရဏော၊ သေမင်း၏ ခံတွင်း၌။ ဘိဒ္ဒုတိ၊ ပျက်စီးတတ်၏။ ဧတေ၊ ဤခန္ဓာကိုယ်သည်။ မစ္စုဿ၊ သေမင်း၏။ ယသ'မာမိသံ၊ စားရာ အစာလည်း ဖြစ်၏။

ဧတေ၊ ဤခန္ဓာကိုယ်သည်။ ကိမိနံ၊ ၈၀-သော ပိုးမျိုးတို့၏။ အာလယံ၊ တည်ရာနေရာ အိမ်လည်း ဖြစ်၏။ ဧတေ၊ ဤခန္ဓာကိုယ်သည်။ နာနာကုဏပပူရိတံ၊ အထူးထူးသော အပုပ်မျိုးတို့ဖြင့် ပြည့်၏။ ဧတေ၊ ဤခန္ဓာကိုယ်သည်။ အသုစိဘာဇနံ၊ မစင်ထည့်သော အိုးနှင့်လည်း တူ၏။ ဣဒံ၊ ဤခန္ဓာကိုယ်သည်။ ကဒလိက္ခန္ဓသမံ၊ ငှက်ပျောတုံးနှင့်လည်း တူ၏။

"ဇရာယ ပရိမဒ္ဒိတံ ဧတေ မိလာတစမ္မနိဿိတံ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ် ပါဠိနှင့်အညီ အိုမင်းကိုင်းကွ၊ ဇရာဓမ္မဖြင့် နှိပ်စက်တတ်သော သဘာဝကို မုချမလွန်နိုင်လေရကား တနေ့ထက်တနေ့ တရွေ့ရွေ့ ဆွေးမြေ့ဟောင်းမြင်း၍ မတင့်တယ်မလျောက်ပတ် မနှစ်သက်အပ် မမြတ်နိုးရာ။ ရွံရှာစက်ဆုပ်ဖွယ်သာ အနာအပေါင်းတို့၏ စုဝေးဖြစ်ပွါးလာသောအခါ များစွာသော သွေးပြည်အပုပ်တို့ဖြင့် လိမ်းကျံလျက် မိမိကိုယ်မှဖြစ်သော ဝတ္ထုကိုပင် မိမိမနှစ်သက်နိုင်၊ မကိုင်,မသုံးသပ်ချင်အောင် ပုပ်ဟောင်ညှီနံလျက် ပျို့အန်မတတ် ဖြစ်လေရကား မသေသေးဘဲပင် အရှင်လတ်လတ်က မလျောက်ပတ် မတင့်တယ်၊ ရွံရှာဖွယ်အစု မရှုမလှ အသုဘစင်စစ်ဖြစ်၍ ချစ်ခင်မြတ်နိုးဖွယ် မဟုတ်သော အပုပ်အသိုးကို အမြတ်တနိုး ကိုးကွယ်လေ့လျောင်းရာ မှတ်ထင်၍ ချစ်ခင်မြတ်နိုးကြရလေသည်။ တခဏတွင် ရှုချင်စဖွယ် ရေခြယ်သုတ်လိမ်း၍ အစိမ်း, အပြာ, အဝါ, အရွေ့အထွေထွေသော အဆင်းတို့ဖြင့် ဖန်ဆင်းပြုလုပ်သဖြင့် အဟုတ်အဟတ်ပင် မှတ်ထင်ကြရသော ပန်းချီဆေးရုပ်ကဲ့သို့ စက်ဆုပ်ဖွယ်အမျိုး အသိုးအပုပ်ကို အဟုတ်အဟတ် ထင်မှတ်အောင် လှည့်ပတ်ဖြားယောင်းတတ်သော အပေါ်ရေတွင် သညာအမှတ် စွဲကပ်ဖောက်ပြန်၍ အမှန်ကို မသိနိုင်ကြ။

http://www.dhammadownload.com

အဝိဇ္ဇန္ဓကာရတည်းဟူသော အမိုက်မှောင်သည် မမြင်အောင် ပိတ်ဆို့ဆီးတား သောကြောင့် လွန်စွာ စုံမက်နှစ်သက် ချစ်ခင်ကြရလေသည်။ ဇာတိသန္ဓေရေကြည် အစ ကလလမှစ၍ မည်သည့်ကာလ, မည်သည့်ဌာနမရွေး သေဘေးကို ရှုလျက် ပျက်စီးကွဲပြို အလိုသို့ မလိုက်ခြင်းကြောင့် သေခြင်းသာလျှင် အဆုံးရှိ၏။ ထို့ကြောင့် မြတ်စွာဘုရား သခင်သည်–

ပရိဇိဏ္ဏာ'မိဒံ ရူပံ၊ ရောဂနိဓံ ပဘင်္ဂုနံ *(ရောဂနိဋ္ဌံ ပဘင်္ဂုရံ)*။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

ဟူ၍ ဟောတော်မူသည်။ (ဓမ္မပဒ၊၃၅၅။ ဓမ္မ၊၄၊၂။၇၀)

ဣဒံ ရူပံ၊ ဤရုပ်သည်။ ပရိဇိဏ္ဏံ၊ ဟောင်းမြွေတတ်၏။ ရောဂနိဓံ၊ အနာအပေါင်း တို့၏ တည်ရာဖြစ်၏။ ပဘင်္ဂုနံ၊ အပြားအားဖြင့် ပျက်စီးတတ်၏။ ပူတိသန္ဒေဟော၊ အပုပ် အတိပြည့်သော ဤခန္ဓာကိုယ်သည်။ ဘိဇ္ဇတိ၊ ကွဲပြိုပျက်စီးတတ်၏။ ဟိ သစ္စံ၊ ဟုတ်၏ မှန်၏။ ဇီဝိတံ၊ ဇီဝိတိန္ဒြေ-ဟု ဆိုအပ်သော အသက်သည်။ မရဏန္တံ မရဏပရိယောသာနံ၊ သေခြင်းလျှင် အဆုံးရှိ၏။

"ပရိဇိဏ္ဏာမိဒံ ရူပံ၊ ရောဂနိဓံ ပဘင်္ဂုနံ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ် ပါဌ်နှင့်အညီ တရွေ့ရွေ့ ဆွေးမြေ့ဟောင်းမြင်းတတ်သော ဤခန္ဓာကိုယ်သည် စိုစွတ်သော အရေဖြင့် ဖုံးလွှမ်းတတ်သောကြောင့် အန္ဓပုထုဇနပုဂ္ဂိုလ်တို့မှာ ပညာမျက်စိ မရှိသောကြောင့်သာ အဆင်း၌ တပ်သော တဏှာသညာဝိပ္ပလ္လာသကာမဆန္ဒနိဝရဏ မှေးယှက်၍ စက်ဆုပ်ရွံရှာဖွယ်မှန်း မသိ၊ နှစ်သက်မြတ်နိုးဖွယ်အတိ-ဟု ပကတိစက္ခုအမြင် ဖြင့် အထင်မှောင်မှားကြလေသည်။

ဧ-ပါးသော ဒွါရအပေါက်မှ နေ့ညဉ့်မပြတ် တရစပ် ယိုစီးဆင်းသက်၍ ထက်ဝန်းကျင် အရပ်မှ ပုပ်စပ်ညှီနံ ရံတဆစ်မျှ နှစ်သက်မြတ်နိုးဖွယ် မရှိ၊ မွှှာဖွယ်အတိကို ယောနိသော-မနသိကာရ သတိသမ္ပဇည အသမ္မောဟပညာဏစက္ခုဖြင့် ကြည့်ရှုဆင်ခြင်၍ အသုဘဇေ-ဂုစ္ဆပဋိကူလ၊ နိဿတ္တ နိဇ္ဇီဝ၊ အဗျာကတ သုည၊ ဓာတုမတ္တက၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ခယဓမ္မ၊ ဝယဓမ္မ-ကို အခါမပြတ် ဆင်ခြင်သုံးသပ် အောက်မေ့အပ်၏။ ထို့ကြောင့် မြတ်စွာ ဘုရားသည်–

အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒ္ဒါရော မဟာဝဏော။
သမန္တတော ပဂ္ဃရန္တိ *(ပဂ္ဃရတိ)*၊ **အသုစိ***(အသုစိ)***ပူတိဂန္ဓိယော**။ ။

ဟူ၍ ဟောတော်မူသည်။ (မိလိန္ဒ၊၇၈။ ခုဒ္ဒက၊၄၊၁၅။ ဇာ၊၅၊၁၊၁၆၃။ ဝိသုဒ္ဓိ၊၁၊၁၉၀)

http://www.dhammadownload.com

အယံ ကာယော၊ ဤကိုယ်သမုတ် အကောင်ပုပ်သည်။ အလ္လစမ္မပဋိစ္ဆန္နော၊ စိုစွတ်သောအရေဖြင့် ဖုံးလွှမ်းအပ်သော။ နဝဒ္ဒါရော၊ ၉-ခုအပေါက်လည်း ရှိ၏။ မဟာဝဏော၊ ကြီးစွာသော အနာအိုင်းအမာကဲ့သို့ လွန်စွာသိုးပုပ် စက်ဆုပ်ရွံရှာဖွယ်လည်း ဖြစ်၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ အသုစိပူတိဂန္ဓိယော၊ မနှစ်သက်ဖွယ် မစင်ကြယ်သော အနံ့တို့သည်။ ပဗ္ဗရန္တိ၊ ယိုစီးဆင်းသက်ကုန်၏။

"အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒ္ဒါရော မဟာဝဏော"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ် ပါဠိတော်နှင့်အညီ စိုစွတ်သောအရေဖြင့် ဖုံးလွှမ်းလျက် ပျက်စီးကွဲပြို့အလိုသို့ မလိုက်တတ်သော အနတ္တဓမ္မ အနိဿရိယသဘာဝကြောင့် ဇရာဓမ္မဖြင့် နှိပ်စက်ပျက်စီးခြင်းတရားသို့ ရှေ့ရှုလျက် မယွင်းမဖောက် သေခြင်းသို့ ရောက်တတ်လေရကား အကျိုး မရှိ။ နိရတ္ထက ရွာစွန်ပြည်ပ၌ ပစ်စွန့်ကြသော သစ်တုံး, သစ်စကဲ့သို့ ဇီဝိတိန္ဒြေပျက်ကြွေကုန်ဆုံးသဖြင့် အသုံးမကျ သုသာန်တစဝယ် ပစ်ကြလေသဖြင့် မဟာပထဝီမြေ၌ ဧကန်မုချ အိပ်ရလတ္တံ့။

ထို့ကြောင့် မြတ်စွာဘုရားသည်–

အစိရံ ဝတ'ယံ ကာယော၊ ပထဝိ အဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။ ။

ဟူ၍ ဟောတော်မူသည်။ (ခမ္မ၊၁၉။ ခမ္မ၊၄၊၁၀၃)

အစိရံ၊ နေ့,ရက်, နှစ်,လ ဌာနနေရာ အရာမရွေး မဝေးခဲ့မိန်ခါ မကြာမြင့်မီ။ ဆုဒ္ဓေါ၊ အချည်းနှီး။ အပေတဝိညာဏော၊ ကင်းသောဝိညာဏ် ရှိသည်ဖြစ်၍။ နိရတ္ထံ၊ အကျိုးမရှိသော။ ကလိင်္ဂရံဝ၊ သစ်တုံး, သစ်စကဲ့သို့။ ပထဝိ၊ မြေ၌။ အဓိသေဿတိ၊ ဧကန်မုချ အိပ်ရလတ္တံ့။

"အစိရံ ဝတ'ယံ ကာယော၊ ပထဝိ အဓိသေဿတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိနှင့်အညီ–

မြေ၌အိပ်ရ မရဏဓမ္မသို့ မုချတူရှု ရှေးရှုဖြစ်တတ်လေရကား တောအရပ်တွင် ကျင်လည်ကျက်စား၍ တောသား, တောကောင်ကို သေအောင်ပစ်ခတ် ဖမ်းယူသတ်စားတတ်သော တောသွားမုဆိုးသည် အကြင်အကြင် အမှတ်မရှိသော တော, ချုံပုတ်ပေါင်းတွင်းဂူလိုဏ် ထုံးအိုင်အရပ် ချောက်ကမ်းပါး-စသည်တို့တွင် သမင်, စိုင်,ဆတ်-အစရှိသော သတ္တဝါအစု တစ်ခုခုကို ရှေးရှုထင်ထင် တွေ့မြင်လေသော် သစ်ပွင့်,သစ်ရွက်, မြက်သီး-အစရှိသော အစာကို ရှာတုံး,ရှာဆဲ သွားဆဲ,လာဆဲ တွေ့ဆဲ,စားဆဲလည်းဖြစ်သော အကြင်

http://www.dhammadownload.com

သတ္တဝါကို ကောင်းစွာသွားလာ ဖွေရှာစူးစမ်းပါစေဦး-ဟူ၍လည်းကောင်း ငြိမ်သက်ချမ်းသာဝစွာ စားသောက်ပါစေဦး-ဟူ၍လည်းကောင်း

ရေဖြင့် မွတ်သိပ်ခြင်း ပြင်းစွာ နှိပ်စက်သောကြောင့် ထုံးအိုင်, ချောင်းဝ ရေစရှိရာရှာဖွေပတ်နောက် ရေဆိပ်သို့ ရောက်၍ ရေသောက်ဆဲဖြစ်သော အကြင်သတ္တဝါကို ရေရှိရာအရပ်သို့ ချဉ်းကပ်လာရောက် ဝမ်းမြောက်နှစ်သက် မြိန်ရှက်ဝစွာ သောက်ပါရစေဦး-ဟူ၍လည်းကောင်း

ကြီးကြီး, ငယ်ငယ် အရွယ်မရောက် မထောက်မညှာ သနားခြင်းကရုဏာ ကြင်နာချစ်ခင်ခြင်း ကင်းလျက် စဉ်းသွားလက်နက်နှင့် အချက်သင့်ရာ ပစ်ခါယူသွား သတ်စားလေသကဲ့သို့ ထိုအတူလျှင် သုံးဘုံခွင်ဝယ် ကျင်လည်ကျက်စားရသောသတ္တဝါ ဇာတိ, ဇရာ, ဗျာဓိ, မရဏ၊ ဝဋ်ဒုက္ခတွင်းဝယ် မကင်းသမျှ သတ္တဝါအပေါင်းတို့ ကာမဂုဏ် ၅-ပါးကို ကြိုးစားလုံ့လ ဥဿာဟဖြင့် ရှာကြဆဲ,ကြံကြဆဲကာလ လိုအပ်သောအာရုံ ကာမဂုဏ်ကို ရသော်လည်း အနည်းငယ်ကာလ တသက်လျာမျှ တခဏဖြင့် တစ်ည,တစ်ရက်၊ တစ်နံနက်မျှ နှစ်သက်ကြည်လင် ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ ဖွေရှာသိမ့်မှ် သိမ်းဆည်းပျော်ပါးစံစားသုံးဆောင်ပါစေဦး-ဟူ၍လည်းကောင်း

ကြီးကြီး,ငယ်ငယ် အရွယ်မရောက် မထောက်မညှာ မတွယ်တာဘဲ အခါမလင့်ကစဉ့်ကရဲ့ ကွဲကွဲပြားပြား စီးပွါးချမ်းသာ ဥစ္စာမျိုးဆွေ တူနေတူစား သားမယားက ဆွေဝါးပေါက်ဖော် စပ်တော်သမျှအပေါင်း ဆိုး,ကောင်း ယုတ်,မြတ် အမှတ်မထင် ကုန်စင်စွန့်ပစ်သေမင်းညစ်သည် ရန်စစ်မပြိုင် မဖက်နိုင်ကြ၊ ဓနဥစ္စာ မျှားစွာ ပေးပို့၍လည်း လက်မခံ၊ တောင်းပန်ဝန်ချ၍လည်း မဖြစ်၊ ချစ်ခင်စုံမက် နှစ်သက်အောင် ပြောလည်း မရ၊ ခဏချင်း ပင် သေမင်းခွင်သို့ ဝင်ကြရလေသည်ကား တစ်စုံတစ်ယောက်သော သတ္တဝါ၌သာ မဟုတ်၊ ဇာတိတည်းဟူသော ပဋိသန္ဓေနေရခြင်းအကြောင်းနှင့် မကင်းသမျှ နိဗ္ဗာန်ကို မရသရွေ့ ကြုံကြရချေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည်–

ကာမေ ကာမေ'သိတံ ဘူဠ်၊ ကာလာ'ကာလံ'ဗုဓံဂတော။
ကန္တေ ကန္တေသိ မံသာ'သော၊ ဝိဝါ'ဝိဝံ'ဝ လုဒ္ဓကော။

ဟူ၍ ဟောတော်မူသည်။

ကန္တေ၊ ရေ၏အနီး၌။ ကံ ဥဒကံ၊ ရေကို။ ဝိဝံ၊ သောက်ဆဲလည်းဖြစ်သော။ အဝိဝံ၊ မသောက်ရသေးသည်လည်းဖြစ်သော။ (မိဂံ၊ သားသမင်ကို။) မံသာ'သော၊ စမဲဟင်းလျာ

http://www.dhammadownload.com

လွန်စွာစားကြူးသော။ လုဒ္ဒကော၊ မုဆိုးသည်။ (ကလွော၊ လည်၌။) ကန္တေသိ ကျက၊ ထိုးခုတ်ပစ်ခတ် ပိုင်းဖြတ်လေသကဲ့သို့။ (ဧဝံ တထာ၊ ထို့အတူ။) ကာမေ၊ ကာမလောကဌ်။ ကာမေ'သိတံ၊ ကာမဂုဏ် ၅-ပါးကို ပြေးသွားလူးလာ ရှာဖွေဆဲလည်းဖြစ်သော။ ဘုဥ္ဇ၊ ကာမဂုဏ် ချမ်းသာကို ကောင်းစွာခံစားဆဲလည်း ဖြစ်သော။ (ပဇ၊ သတ္တဝါကို။) ကာလာ'ကာလံ၊ အခါဟုတ်သည်, မဟုတ်သည်ကို။ အဗုဓံဂတော၊ မသိတတ်သောအဖြစ်သို့ ရောက်သော။ (အန္ဓကော၊ သေမင်းယုတ်သည်။) ကန္တေသိ၊ ပိုင်းဖြတ်လေ၏။

ကာမေ ကာမေ'သိတံ ဘုဥ္ဇံ၊ ကာလာ'ကာလံ'ဗုဓံဂတော-အစရှိသော ပါဠိတော်မြတ် ပါဠိတော်နှင့်ညီစွာ ချိန်ခါကာလ ဌာနမရွေး သေဘေးတည်းဟူသော မရဏဓမ္မသည် မုချစင်စစ်ဖြစ်တတ်လေရကား ငယ်ရွယ်သည်, ကြီးရင့်သည်-ဟူ၍လည်းကောင်း ယုတ်သည်, မြတ်သည်, သိတတ်လိမ္မာ ပညာရှိသည်-ဟူ၍လည်းကောင်း စပါး,ဆန်,ရေ, ရွှေ,ငွေ,ရတနာ ဥစ္စာကြွယ်ဝ လောက်ငှကုံလုံ ပြည့်စုံပေါများသည်-ဟူ၍လည်းကောင်း ဆိုး,ကောင်းယုတ်,မြတ် မသိတတ်သဖြင့် ခပ်သိမ်းသောသူတို့ကိုပင် ဆောင်ယူဖျက်ဆီးတတ်၏။

ဥပမာကား- အကြင်သစ်ပင်တို့ဝယ် ငယ်ငယ်ကြီးကြီး ရင့်စေပြီး၍ သီးကြလေသမျှ မုချမယွင်း ကြွေကျခြင်း သဘာဝသည် နိစ္စမလွဲ မြဲဘိသကဲ့သို့ ထို့အတူသာ ဖြစ်လာသမျှ သတ္တဝါတို့သည် အခါမရွေး သေဘေးတည်းဟူသော မရဏဓမ္မသည် မုချဧကန် ဖြစ်လတ္တံ့။ နံနက်အခါတွင်သာ ထင်ရှားရှိကြ မြင်ရကုန်သမျှ ညချမ်းသို့ ရောက်လျှင် ကွယ်ပျောက်ပျက်စီးကြလေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည်–

ဒဟရာ စာပိ ဝုမှာ စ၊ ယေ ဇာလာ ယေ စ ပက္ကိတာ။
အမှာ ဧဝေ ဒလိဒ္ဓါ စ၊ သဗ္ဗေ မစ္စုပရာယနာ။

ဖလာနမိဝ ပက္ကာနံ၊ နိစ္စံ ပတနတော ဘယံ၊
ဧဝံ ဇာတာန် မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။

သာယ'မေကေ န ဒိဿန္တိ၊ ပါတော ဒိဋ္ဌာ ဗဟူ ဇနာ။
ပါတော ဧကေ န ဒိဿန္တိ၊ သာယံ ဒိဋ္ဌာ ဗဟူ ဇနာ။ ။

ဟူ၍ ဟောတော်မူသည်။ (ဇာ၊၁။၂၃၇။ ထောက် ဝိသဒိသံ)

ဒဟရာ၊ ငယ်ကုန်သော။ ယေ စ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ ဝုဗှာ၊ ကြီးကုန်သော။ ယေ စ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ ဇာလာ၊ မိုက်ကုန်သော။ ယေ စ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ ပက္ကိတာ၊ ပညာရှိကုန်သော။ ယေ စ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ အမှာ၊ ပေါများပြည့်စုံ

http://www.dhammadownload.com

ကုံလုံကြွယ်ဝကုန်သော။ ယေ စ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ ဒလိဒ္ဒါ။ ငြိုငြင်ပင်ပန်း ဆင်းရဲကုန်သော။ ယေ စ သတ္တာ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မစ္စုပရာယနာ၊ သေခြင်းလျှင်လဲလျောင်းရာ ရှိကုန်၏။

ပက္ကာနံ၊ ရင့်ကုန်ပြီးသော။ ဖလာနံ၊ သစ်သီးတို့အား။ ပတနတော၊ ကြွေကျခြင်းမှ။ ဘယံ၊ ဘေးသည်။ နိစ္စံ၊ အမြဲ။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဇာတာနံ၊ ဖြစ်ကြကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ နိစ္စံ၊ အမြဲ။ မရဏာတော၊ သေခြင်းမှ။ ဘယံ၊ ဘေးသည်။ ဇာယတေ၊ ဖြစ်တတ်၏။

ပါတော၊ နံနက်အခါ၌။ ဒိဋ္ဌာ၊ မြင်အပ်ကုန်သော။ ဧကေ၊ အချို့ကုန်သော။ ဗဟူ ဇနာ၊ များစွာကုန်သော သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတေ၊ ထိုသတ္တဝါတို့သည်။ သာယံ၊ ညချမ်းအခါ၌။ နာ ဒိဿန္တိ၊ မမြင်ကုန်။ သာယံ၊ ညချမ်းအခါ၌။ ဒိဋ္ဌာ၊ မြင်အပ်ကုန်သော။ ဧကေ၊ အချို့ကုန်သော။ ဗဟူ ဇနာ၊ များစွာကုန်သော လူတို့သည်။ ပါတော၊ နံနက်အခါ၌။ နာ ဒိဿန္တိ၊ မထင်ကုန်။

"ဧထ တုမ္ဟေ ဘိက္ခဝေ ဣမေဝ ကာယံ" အစရှိသည်ဖြင့် ဟောတော်မူသော ပါဠိတော် မြတ်ပါဠိနှင့်အညီ ဤခန္ဓာကိုယ်ကို လိုချင်စုံမက် နှစ်သက်မြတ်နိုးကြသောသူတို့အား သာယာနှစ်သက်ခြင်း-ဟူသော အားကြီးစွာသော အသာဒကြောင့် အာဒီနဝကို မထင်၊ အပြစ်ကို မမြင်ဘဲ ချွတ်လွဲဖောက်ပြန်သဖြင့် အသင့်နှလုံးသွင်းခြင်း ယောနိသောမနသိကာရနှင့် ကင်းလေသည်။

စင်စစ်အားဖြင့်သော်ကား များသော အပြစ်အာဒီနဝ ရှိသည်၏အဖြစ်ကြောင့် လွန်စွာညစ်ညမ်း ဆိုးသွမ်းယုတ်မာသော မိန်းမကို ပေါင်းဖော်၍ မွေလျော်ပျော်ပါး မယားပြုလုပ်မိသော ယောကျ်ားသည် အဝတ်တန်ဆာ, အစာအာဟာရတို့ဖြင့် နေ့ညမယုတ် အားထုတ်ဖွေရှာ၍ ကောင်းစွာလုပ်ကျွေး မွေးမြူပြုစုပါသော်လည်း အလိုသို့မကျ၊ အားမရသဖြင့် နေ့ညမယုတ် အားထုတ်ဖွေရှာ ကောင်းစွာလုပ်ကျွေး မွေးမြူပြုစုသော လင်ယောကျ်ားကို သာ မျက်နှာမသာမယာ ချမ်းသာမပေးဘဲ ဆဲရေးငေါက်ငမ်း ကြမ်းတမ်းယုတ်မာ လွန်စွာပြောဆိုခြင်းကို ပြုဘိ၏။

ထိုအခါ နေ့ညမယုတ် အားထုတ်ဖွေရှာ ကောင်းစွာလုပ်ကျွေး မွေးပြုစုသော လင်ယောကျ်ားသည် "ငါကား လုံ့လ,ဝီရိယကို ၂-ဆတက်၍ ထို့ထက် လွန်စွာ ကောင်းစွာလုပ်ကျွေး မွေးမြူပြုစုပါသော်လည်း မျက်နှာမသာ ချမ်းသာမပေးဘဲ ဆဲရေးငေါက်ငမ်း

http://www.dhammadownload.com

ကြမ်းတမ်းယုတ်မာ လွန်စွာ ပြောဆိုခြင်းကိုသာ ပြုခဲ့၏"ဟု သိမြင်လိမ္မာ ပညာရှိသောသူတို့နှင့် ထောက်ဆဆင်ခြင် တိုင်ပင်ဆွေးနွေး၍ ရှေးထက်မက နေ့ညမယုတ် အားထုတ်ဖွေရှာကောင်းစွာလုပ်ကျွေး မွေးမြူပြုစုပြန်ပါသော်လည်း အလိုသို့ မကျ၊ အားမရသဖြင့် နေ့ညမယုတ် အားထုတ်ဖွေရှာ ကောင်းစွာလုပ်ကျွေး မွေးမြူသော လင်ယောကျ်ားကို စွန့်ထားပစ်ပယ်၍ တွယ်တာခြင်း မရှိ၊ မိမိချစ်ခင်သော လင်တပါးနှင့်သာ ပျော်ပါးလေသကဲ့သို့ ထို့အတူ ဤကိုယ်တည်းဟူသော ခန္ဓာကာယကို ရွက်ဆောင်ကြသော သူတို့သည် တစ်နေ့တစ်ရက်မျှ မချွတ်မယွင်းစေရ၊ ဒဏ်ပူစားခြင်း, မျက်နှာသစ်ခြင်း, ကိုယ်,လက် သုတ်သင်ဆေးလျော်ခြင်း, နံ့သာပန်းမန် လိမ်းကျံခြင်း, တန်ဆာဆင်ခြင်း, အလိုရှိသော အစာအာဟာရတို့ကို ကောင်းစွာသုံးဆောင်ခံစားခြင်း, အလိုရှိအပ် နှစ်သက်အပ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ် ၅-ပါးတို့ကို ခံစားနှစ်သက်စေခြင်း-စသည်တို့ဖြင့် ခန္ဓာကိုယ်၏အလိုသို့ လိုက်၍ ကြိုက်နှစ်သက်ရာ ကောင်းစွာ ပြုစုပါလျက် တစ်နေ့,တစ်ရက်မျှ သက်သာရာကို မရဘဲ တစ်စုံတစ်ခုသော ဝေဒနာဖြင့် ပြင်းစွာ ကပ်ရောက်၍ သေလောက်ရုံမျှသောဘေးဖြစ်လေလျှင် ဆွေဉာတကာ၊ ဆရာမိဘ-စသော သူအပေါင်းတို့ ကောင်းစွာကြည့်ရှု ပြုစုကြ၍ ကုမစောင့်ရှောက်ပါသော်လည်း မသက်မသာ အနာတိုးတက်၍ ထို့ထက်လွန်စွာ အနာကိုသိသော ပညာရှိသော ဆေးသမားတို့ကို အပါးတွင် စောင့်ရှောက်စေသဖြင့် နေ့ညမယုတ် အားထုတ်လုံ့လ ဝီရိယနှင့် ကုမကြည့်ရှု ပြုစုသည့်အတွင်း သေခြင်းသဘောသို့ ရောက်လေသည်။

ဤဥပမာ၌ လွန်စွာညစ်ညမ်း ဆိုးသွမ်းယုတ်မာသော မိန်းမကဲ့သို့ ဤခန္ဓာကိုယ်ကို မှတ်ရာ၏။

လွန်စွာညစ်ညမ်း ဆိုးသွမ်းယုတ်မာသော မိန်းမကို ပေါင်းဖော်၍ မွေလျော်ပျော်ပါးမယားပြုမိသော ယောကျ်ားကဲ့သို့ ဤခန္ဓာကို **လွန်စွာနှစ်သက် စုံမက်ချစ်ခင်သောသူတို့နှင့်** တူ၏။ အဝတ်တန်ဆာ အာဟာရတို့ဖြင့် နေ့ညမယုတ် အားထုတ်ဖွေရှာ ကောင်းစွာလုပ်ကျွေး မွေးမြူပြုစုသော လင်ယောကျ်ားကိုသာ မျက်နှာမသာ ချမ်းသာမပေးဘဲ ဆဲရေးငေါက်ငမ်း ကြမ်းတမ်းယုတ်မာ လွန်စွာ ပြောဆိုခြင်းကို ပြုသကဲ့သို့ ဤခန္ဓာကို ကောင်းစွာလုပ်ကျွေး မွေးမြူပြုစုလျက် တစ်စုံတစ်ခုသော ဝေဒနာဖြင့် ပြင်းစွာ ကပ်ရောက်၍ သေလောက်ရုံမျှသော ဘေးဖြစ်လေသည်ကို မှတ်ရာ၏။

ဆွေမျိုးသားချင်း အိမ်နီးချင်းတွင် အကျွမ်းဝင်သောသူတို့နှင့် တိုင်ပင်ဆွေးနွေး၍ ရှေးထက်မက၊ နေ့ညမယုတ်၊ အားထုတ်ဖွေရှာ၊ ကောင်းစွာလုပ်ကျွေး မွေးမြူပြုစုပါသော်လည်း အလိုသို့မကျ အားမရသဖြင့် နေ့ညမယုတ် အားထုတ်ဖွေရှာ ကောင်းစွာလုပ်ကျွေး

http://www.dhammadownload.com

မွေးမြူပြုစုပါသော လင်ကိုသာ မျက်နှာမသာမယာ ချမ်းသာမပေးဘဲ ဆဲရေးငေါက်ငမ်း၊ ကြမ်းတမ်းယုတ်မာ လွန်စွာ ပြောဆိုပြန်သကဲ့သို့ ဆွေညာတကာ၊ ဆရာ,မိဘ-အစရှိသော သူအပေါင်းတို့ ကောင်းစွာ ကြည့်ရှုပြုစု၍ ကုမစောင့်ရှောက်ပါသော်လည်း မသက်,မသာ အနာတိုး၍ ထို့ထက်လွန်စွာ ဖြစ်လာသည်ကို မှတ်ရာ၏။

သိမြင်လိမ္မာ ပညာရှိသူတို့နှင့် ထောက်ဆဆင်ခြင် တိုင်ပင်ဆွေးနွေး ရှေးထက်မက နေ့,ည မယုတ် အားထုတ်ဖွေရှာ ကောင်းစွာ လုပ်ကျွေးမွေးမြူသော လင်ယောကျ်ားကို စွန့်ထားပစ်ပယ်၍ တွယ်တာ မရှိ၊ မိမိချစ်ခင်သော လင်တပါးနှင့်သာ ပျော်ပါးသကဲ့သို့ အနာကို သိသော ဆေးသမားတို့ကို အပါးတွင် စောင့်ရှောက်ရသဖြင့် နေ့,ည မယုတ် အားထုတ်လုံ့လ ဝီရိယနှင့် ကုမကြည့်ရှု၍ ပြုစုသည့်အတွင်း သေခြင်းသဘောသို့ ရောက်လေသည်ကို မှတ်ရာ၏။

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် ကာယဒုစ္စရိတ၊ ဝစီဒုစ္စရိတ၊ မနောဒုစ္စရိတ၊ မိစ္ဆာဇီဝ၊ ပါပိစ္ဆာ၊ ကျွန်ဘဝကတ-စသော သမ္ဘဒ္ဓပဋိကုဋ္ဌ၊ ဝိညူဂရဟ၊ အသပ္ပုရိသပေါင်း မကောင်းသော ပါပဓမ္မတို့၏ တည်ရာဖြစ်၍ ရွာစွန်ပြည်နား စည်းခြံပြင်ပ ရွာတံခါး၀-စသည်တို့၌ ဂဗ္ဘမလဉ္ဆိဒ္ဒေါဒက-စသော များစွာမရေမတွက်နိုင်သော မကောင်းသော အညစ်အကြေးတို့၏ စွန့်ပစ်ရာဖြစ်သော တစည်းအိုင်, ထိုထိုအရပ်ဌာနတို့မှ စီးကျဆင်းသက်သော ရေညွှန်နှင့် တကွဖြစ်၍ ပုဆစ်ဒူး၀နှံးခန့်မျှ နစ်လျက် စက်ဆုပ်ရွံရှာဖွယ်သော အညစ်အကြေးတို့၏ တည်ရာဖြစ်သော ညွှန်အိုင်နှင့်တူသော စန္ဒနီကဩလီဂလ္လူပမပုဂ္ဂိုလ်လည်း မည်၏။

မိမိသည် မကောင်းသော နှလုံးသွင်းခြင်းရှိသဖြင့် မိမိသို့ ချဉ်းကပ်ကြသောသူတို့အား များစွာ အကျိုးမဲ့တို့ကို ဖြစ်စေသဖြင့် ပစ္စုပ္ပန်,သံသရာ၊ လောကီ,လောကုတ္တရာဓမ္မတို့မှ ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်၍ အပါယ် ၄-ပါးလားကြောင်း မကောင်းမှု အကုသိုလ်တရားတို့ကို ပွါးများစေလျက် မကြာမမြင့်မီ အလဇ္ဇီဓမ္မ၊ ဒုဿီလသဘောသို့ သက်၍ အနဝဇ္ဇသုခ-ဝိပါကလက္ခဏာရှိသော ကုသိုလ်ဓမ္မအပေါင်း သူတော်ကောင်းတရား ၃-ပါး ပျက်စီးခြင်း, ကုန်ခန်းခြင်းသို့ ရောက်စေတတ်ရကား ဖုတ်တမြိုက် လတ်တလော အဆောတလျင် သေကြေပျက်စီးခြင်းသို့ ရောက်စေတတ်သော ပြင်းထန်သော အဆိပ်ရှိသော မြွေ၏ဦးခေါင်းနှင့်တူသော သပ္ပသီသူပမပုဂ္ဂိုလ်လည်း မည်၏။

ထို့ကြောင့် သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် မိမိ,သူတပါးတို့၏ အကျိုးစီးပွါးကို များစွာ ပျက်စီးစေလျက် အပါယ် ၄-ပါးသာလျှင် လားရာဂတိရှိသဖြင့် အသက် ၁၀၀-ရှည်ကြာကာလ နေသမျှပတ်လုံး ဆုံးရှုံးပျက်စီးကြောင်း မကောင်းမှုကိုသာ ဖြစ်ပွါးစေရကား

http://www.dhammadownload.com

သီလရှိလျက် တစ်နေ့,တစ်ရက်မျှ နေရသသူတို့၏ အာနိသံသကို ၂၅၆-စိတ် စိတ်၌ ၁-စိတ်ကိုမျှသော်လည်း တုပန္နိုင်းယှဉ်ခြင်းငှာ မထိုက်ခြင်းကြောင့် အလျှင်းပင် မနေအပ်၊ မမြတ်သောပုဂ္ဂိုလ် မည်၏။ ထို့ကြောင့် မြတ်စွာဘုရားသည်–

ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကော'ဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။ -

ဟူ၍ဟောတော်မူသည်။ (ဓမ္မ၂၉။ ဓမ၂၊၄၊၁။၄၃၂)

ဒုဿီလော၊ သီလမရှိသော။ အသမာဟိတော၊ ကိုယ်, နှုတ်,နှလုံး ၃-ပါးကို မစောင့်သော။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဝဿသတံ၊ အနှစ် ၁၀၀-ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။ တဿ ဒုဿီလဿ၊ ထိုသီလမရှိသော ပုဂ္ဂိုလ်၏။ ဝဿသတံ၊ အနှစ် ၁၀၀-ကာလပတ်လုံး။ ဇီဝတော၊ အသက်ရှည်သောထက်။ သီလဝန္တဿ၊ သီလရှိသော။ ဈာယိနော၊ မကောင်းမှုကို ဖုတ်ကြည်းတတ်သောသူ၏။ ဧကာဟံ၊ ၁-ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

သီလမရှိသော ပုဂ္ဂိုလ်သည် မိမိ၏အပသန္တာန်ကို လိမ်းကျံပြုပြင် ဝတ်ဆင်ဖုံးလွှမ်းအပ်သော အမူအရာတို့ဖြင့် သူတကာတို့နှင့် မထူးမခြား မကွဲမပြား မျက်စိအမြင်အားဖြင့် ဤသူကား ဒုဿီလပုဂ္ဂိုလ်-ဟူ၍ မသိနိုင်ရာ။ အတွင်းသန္တာန်၌ ဘုရား-အစရှိသော အရိယာသူတော်ကောင်းတို့သည် မနှစ်သက်အပ်, မမြတ်နိုးအပ်၊ စက်ဆုပ်ရွံရှာအပ်သော, ယုတ်မာသော ပါပိဿ, ဂ္ဂဿပကတ, ဒုစ္စရိတ, အသမာစာရ-စသော အကုသိုလ်တရားအပေါင်း မကောင်းသော အညစ်အကြေးတို့ဖြင့် ပြည့်သည်ဖြစ်၍ မကောင်းသော ကိုယ်အမူအရာ, နှုတ်အမူအရာ ဒုဿီလလက္ခဏာကို မြင်သဖြင့် ဤသူကား ဒုဿီလပုဂ္ဂိုလ်တည်း-ဟု သူတပါးတို့ ထင်ရှားသိနိုင်ရာသည်ဖြစ်၍ အပသန္တာန်အားဖြင့် သူတပါးတို့နှင့် ကွဲပြားထူးခြားခြင်း မရှိ၊ ပကတိကဲ့သို့ ထင်မှတ်သော်လည်း သေပြီး၍ ရှည်ကြာကာလ အဖျက်တသန္တာန်၌ ပုပ်ဆွေးသော ယောက်သွားနှင့် တူသောကြောင့် **ဇာဟီရပရိမဇ္ဇနအန္ဓောပူတိက ကသမ္ဗု-ဇာတပုဂ္ဂိုလ်လည်း** မည်၏။ (အံ၂၊၄၉၅။ ဝိ၄၊၄၁၈။ ဝိ၅၊၄၊၁၂၃)

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် ရေ၏အတွင်း၌ ပုပ်ဆွေးသည်ဖြစ်၍ ထိုအရပ်ဌာန သောင်ကျွန်း-အစရှိသည်တို့သို့ ရောက်ခြင်းငှာ မတတ်နိုင်။ ရေ၏ အတွင်း၌သာလျှင် ပျော်ပျက်ကုန်ခန်းခြင်းသို့ ရောက်လေသော သစ်တုံးကဲ့သို့ လူရွာ,နတ်ရပ် မြတ်သော သုဂတိဘုံသို့ ရောက်ခြင်းငှာလည်းကောင်း ၁၁-ပါးသော မီးတို့၏ ကုန်ငြိမ်းလွတ်ကင်းရာ ဧကာဒသဂ္ဂိနိဗ္ဗုတဌာန အသဒိသအမတမည် နိဗ္ဗာန်ပြည်မြတ်သို့ ကူးခပ်ရောက်စေခြင်း

http://www.dhammadownload.com

ဌာလည်းကောင်း မစွမ်းနိုင်။ အပါယ်ဆင်းရဲတို့၌သာ ရှည်ကြာလေးမြင့် ဖြစ်ရခြင်း သီလ ရှိသော သူတော်ကောင်းတို့နှင့် ပေါင်းဖော်စပ်ယှဉ် ကျွမ်းဝင်ဆက်ဆံခြင်းကို ပြုပါသော်လည်း အပသန္တာန်ကို လိမ်းကျံပြုပြင် ဝတ်ဆင်ဖုံးလွှမ်း၍ မိမိ၏ အဖျက်တသန္တာန်၌ အကုသိုလ် မကောင်းမှု ဒုစ္စရိတပါပမဖွ ကိလေသမလဖြင့် ပြည့်လေရကား အတွင်း၌ ပုပ်ဆွေးသော **အန္တောပူတိကပုဂ္ဂိုလ်လည်း** မည်၏။

သီလမရှိသော ဒုဿီလသည် ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိကုန်သောသူတို့၏ လားရာဖြစ်သော လူ့ရွာ,နတ်ရပ် မြတ်သော သုဂတိဘုံဘဝသို့ ရောက်ခြင်းငှာ သီလနှင့် တူသော အမှီသဟဲ အဖော်သဟဲကောင်းမည်သည် မရှိ၊ သီလနှင့် ကင်း၍ လူ့ရွာ,နတ်ရပ် မြတ်သော သုဂတိဘုံဘဝကို ရခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ သံသရာဘဝ ဝဋ်ဒုက္ခတွင် ကျင်လည်ကြရသမျှ သတ္တဝါအပေါင်းတို့အား သီလ-ဟူသော အမှီတကဲ့ အဖော်သဟဲ ကောင်းနှင့် တူသော ကိုးကွယ်ရာမည်သည် မရှိရကား သီလတည်း-ဟူသော အမှီတကဲ့ အဖော်သဟဲ မရှိသော **အဒုတိယကပုဂ္ဂိုလ်လည်း** မည်၏။

နိရယပေတ အသူရကာယ် အပါယ် ၄-ပါးသာလျှင် မိမိ၏ လားရာဂတိ ရှိလေရကား နတ်ရွာသုဂတိ ဘုံဘဝသို့ သွားရာခရီးကိုလည်း ပိတ်ပင်သည် မည်၏။ ရှေးရှေးသော ဘုရား-အစရှိသော အရိယာသူတော်ကောင်း အပေါင်းတို့သည် သီလ၏ စင်ကြယ်ခြင်း သီလဝိသုဒ္ဓိကို အရင်းပြုသဖြင့် အစဉ်အတိုင်းသော အဝိပ္ပဋိသာရ၊ ပါမောဇ္ဇ၊ ပီတိ၊ သမာဓိ၊ သုခ၊ ယထာဘူတ၊ သမထ ဝိပဿနာ တရားအထူးဖြင့် အရိယမဂ်ဉာဏ်, အရိယဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူကြရသည်ဖြစ်၍ သီလမရှိသောအဖြစ်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်နှင့် မထိုက်ရကား နိဗ္ဗာန်သို့ ဝင်ရောက်သော တံခါးကို ပိတ်ဆို့ဆီးတားသည် မည်သောကြောင့် **ပိဒဟိတဒွါရပုဂ္ဂိုလ်လည်း** မည်၏။

သီလမရှိသော ဒုဿီလသည် "ငါ့အား သီလနှင့် မပြည့်စုံခဲ့တကား။ သီလမရှိသော သူအား အလိုရှိအပ်, တောင့်တအပ်သော လောကီ,လောကုတ္တရာ အကျိုးစီးပွါးတို့သည် ပြီးသည် မည်သည် မရှိ၊ သီလနှင့် ကင်း၍ ချမ်းသာခြင်းအကြောင်း မရှိလေရကား ငါ့အား ပစ္စုပ္ပန်,သံသရာဝယ် ကိုးကွယ်ရာ မရှိခဲ့တကား။ သီလရှိသော ပုဂ္ဂိုလ်သူမြတ်တို့ အလယ်၌ မတင့်တယ်ခဲ့တကား။ ငါ့အား အသက်ရှည်ခြင်းသည် အကျိုးမရှိ၊ သေသော်လည်း ဧကန်မုချ ဒုဂ္ဂတိဘဝသို့ လားရချိမ့်မည်။ အပါယ် ၄-ပါးသာ လားရာဂတိ ငါ့အားရှိ၏"ဟု မိမိကိုယ်ကို မိမိစွပ်စွဲရခြင်း **အတ္တာနုဝါဒဘယသို့**လည်း ရောက်၏။ (အံ၊၁။၄၃၆)

ဤသူသည် ရတနာ ၃-ပါးတို့၏ ဂုဏ်ကို ကြည်ယုံလေးမြတ်သော သဒ္ဓါတရား အကြားအမြင် ပညာနှင့်ပြည့်စုံသည် ဖြစ်ပါလျက် မိမိကိုယ်,နှုတ်ကို စောင့်ရှောက်ထိန်းသိမ်း

http://www.dhammadownload.com

ခြင်း မရှိ၊ ဤသူကား ဤမနုဿတ္တဒုလ္လဘဗုဒ္ဓုပ္ပါဒနဝမခဏကို ရခြင်းသည် မရတော်စွ တကား။ ကောင်းသော ရခြင်း မဟုတ်။ ဤကဲ့သို့ ရခဲလှစွာသော ဗုဒ္ဓုပ္ပါဒ နဝမခဏ၌ မနုဿတ္တဒုလ္လဘ၊ သပ္ပုရိသူပနိဿယ၊ သဒ္ဓမ္မဿဝန-စသော ဥပနိဿယအဆောက်အဦတို့ နှင့် ပြည့်စုံသောကာလ၌ ယောနိသော မနသိကာရ၊ သတိသမ္ပဇည ကင်းသဖြင့် အတ္တသမ္မာ-ပဏိဓိ-ဟု ဆိုအပ်သော စတုပါရိသုဒ္ဓိသီလကို မပြည့်စုံခဲ့သည်ရှိသော် အဘယ်နံရောအခါ သိက္ခာသီလ အာစာရကို လုံ့လကျိုးကုတ် အားထုတ်ရာပေလိမ့်နည်း-ဟု ပညာရှိအပေါင်း သူတော်ကောင်းတို့၏ စွပ်စွဲကဲရဲ့ ပြုပြုထင်ထင် ပြစ်တင်ပြောဆိုခြင်းကို ခံရခြင်း, ပရာနု-ဝါဒဘယသို့လည်း ရောက်၏။ သီလမရှိသော သူတည်း-ဟု လူရပ်,နတ်ခွင် ထင်ပေါ် ကျော်စောခြင်းသို့လည်း ရောက်၏။ (အံ၊၁။၄၃၇)

သီလ မရှိခြင်း-ဟူသော အကြောင်းကြောင့် မစင်ကြယ်, မသန့်ရှင်း၊ အဆင်း ယုတ်ညံ့သော ကိုယ်ရှိသောသူသည် ကြေးမုံပြင်အဝဋ် ရပ်၍ ချဉ်းကပ်ကြည့်ရှုလေလျှင် မစင်မကြယ်, မသန့်မရှင်း အဆင်းယုတ်ညံ့သော ကိုယ်သဏ္ဌာန်၏ ရုပ်ရည်အသွင်ကိုသာ ထင်လာသကဲ့သို့ မိမိ၏ အသုဒ္ဓဘာဝ၊ ကာယဝစီပယောဂ၊ ဒုဿီလအဖြစ် အညစ်အကြေး ကိုသာ မြင်သဖြင့် တွေဝေမိန်းမောခြင်း၊ ထိတ်လန့်ကြောက်ရွံခြင်းနှင့်တကွ သေခြင်းကို ပြုလေရကား မကောင်းမှုကို ကျင့်လေ့ရှိသောသူတို့၏ လားရာ အပါယဂါမိဒုဂ္ဂတိဘဝနိရယ သို့သာ မုချမလွဲ ရောက်ရာ၏။

သီလ မရှိသော ပုဂ္ဂိုလ်သည် ဘုရား-စသော အရိယာသူတော်ကောင်းတို့ စက်ဆုပ် ရွံရှာသဖြင့် ပေါင်းဖော်ယှဉ်တွဲခြင်း၊ အဆွေခင်ပွန်းဖွဲ့ခြင်း၊ အကျွမ်းဝင်ခြင်းငှာ အလိုမရှိ၊ မနှစ်သက် မမြတ်နိုးအပ်သည်ဖြစ်၍ စွန့်ပစ်အပ်သောကြောင့် ရွာသူတို့သည် အလိုမရှိကြ။ အသုံးမကျသည်ဖြစ်၍ သုသာန်တစ ရွာတံခါးဝ တံစည်းအိုင်၊ ညွန်အိုင် အစရှိသော ထိုထိုအရပ်ဌာန၌ စွန့်ပစ်အပ်သော သစ်တို,သစ်စ အမှိုက်တံမြက်ခြေးစုနှင့် တူသောကြောင့် မနုဿကစဝရလည်း မည်၏။

ဘုရား-အစရှိသော အရိယာသူတော်ကောင်းတို့၏ သွားရာလမ်းကြောင်းဖြစ်သော သမထ, ဝိပဿနာ ဘာဝနာတို့ကို သက်ဝင်ခြင်း မရှိ။ မိမိနှင့်လည်း အရာမဟုတ်၊ အကယ်၍ အားထုတ်လုံ့လ ဝီရိယပြုသည် ဖြစ်လင့်ကစား သီလဝိသုဒ္ဓိမရှိသော ပုဂ္ဂိုလ်အား နှလုံးပူပန်ခြင်း, ငြိုငြင်ဆင်းရဲခြင်း, ဝိပ္ပဋိသာရနှင့် မကင်းနိုင်သဖြင့် နှလုံးရွှင်လန်းခြင်း၊ ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်း၊ ကိုယ်,စိတ် ၂-ပါး ငြိမ်းခြင်း၊ ကိုယ်,စိတ် ၂-ပါးချမ်းသာခြင်း-တည်းဟူသော ဥပစာရသမာဓိ, အပ္ပနာသမာဓိ တရား ၂-ပါးကို ရခြင်း၏အကြောင်း မရှိလေရကား ယထာ ဘူတ-ဟု ဆိုအပ်သော ဉဒယဗ္ဗယဉာဏ်-တည်းဟူသော တရုဏဝိပဿနာကို ဖြစ်စေခြင်း၊

http://www.dhammadownload.com

၂-ပါးသော ဝိရာဓ၊ ၂-ပါးသော နိရောဓ ဝေါဿဂ္ဂ ပရိဏာမနှင့် ယှဉ်သော သမ္မာဒိဋ္ဌိ-အစရှိသော မဂ္ဂင် ၈-ပါးတို့ကို ပွါးများအားထုတ်ခြင်းငှာ မစွမ်းနိုင်လေရကား မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လမ်းခရီး၌ မလိမ္မာသော အမဂ္ဂကုသလပုဂ္ဂိုလ်လည်း မည်၏။

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်အား သမာဓိတရား၏ဥပနိဿယကို ဖျက်ဆီးအပ်သည်သာဖြစ်၍ သမာဓိတရားသည် ပျက်စီးခြင်းသို့ ရောက်၏။ သမာဓိတရား မရှိခဲ့သည်ရှိသော် သမာဓိတရား ပျက်ခြင်းသို့ ရောက်သောသူအား နာမရူပပရိစ္ဆေဒဉာဏ်မှ စ၍ ဖြစ်သော နုသောဝိပဿနာဉာဏ်-ဟု ဆိုအပ်သော ယထာဘူတဉာဏ် ဥပနိဿယ အဆောက်အဦတို့ ဖျက်ဆီးအပ်သည်ဖြစ်၍ ယထာဘူတဉာဏ်သည် ပျက်စီးခြင်းသို့ ရောက်၏။ ယထာဘူတဉာဏ် မရှိခဲ့သည်ရှိသော် ဝဋ်ဒုက္ခမှ ငြီးငွေ့တတ်သော နိဗ္ဗိန္ဒဉာဏ်၏ ဥပနိဿယ အဆောက်အဦးတို့ကို ဖျက်ဆီးအပ်သည်ဖြစ်၍ နိဗ္ဗိန္ဒဉာဏ် ပျက်စီးခြင်းသို့ ရောက်၏။ နိဗ္ဗိန္ဒဉာဏ် မရှိခဲ့သည်ရှိသော် အရိယာမဂ်ဉာဏ်၏ ဥပနိဿယ အဆောက်အဦတို့ကို ဖျက်ဆီးတတ်သည်သာဖြစ်၍ အရိယမဂ်ဉာဏ်သည် ပျက်စီးခြင်းသို့ ရောက်၏။

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် မိမိနှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်သော သူတို့အား ဒုဿီလအဖြစ်သို့ ရောက်စေ၍ အပါယ်ဘေး ဝဋ်ဆင်းရဲ ဘေးဘယ ဝဋ်ဒုက္ခ အပေါင်း မကောင်းသော အပြစ်အာဒီနဝတို့ကို ကျရောက်စေတတ်၏။ သီလနှင့် ပြည့်စုံသော လဇ္ဇီကလျာဏအပေါင်း သူတော်ကောင်းတို့သည်လည်း ပေါင်းဖော်ဆက်ဆံခြင်းငှာ အလိုမရှိသည်ဖြစ်၍ စိတ်နှလုံးပူပန်ခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်းကို ဖြစ်စေသဖြင့် ခပ်သိမ်းသောသူ အပေါင်းတို့ပင် နီးနီးစပ်စပ် ချဉ်းကပ်ခြင်းငှာ မထိုက်။ ချဉ်းကပ်ကုန်သော သူတို့၏ အကျိုးမဲ့ပျက်စီးခြင်းကို ပြုတတ်သည်ဖြစ်၍ ချဉ်းကပ်ပေါင်းဖော်ခြင်းငှာ မထိုက်သောကြောင့် အလျှံပြောင်ပြောင်တောက်သော သံကွေခဲနှင့်လည်း တူ၏။ လဇ္ဇီ ကလျာဏ အပေါင်း သူတော်ကောင်းတို့နှင့် နီးနီးစပ်စပ်၊ ချဉ်းကပ်နေထိုင်ခြင်းကို ပြုငြားသော်လည်း မိမိ၏အဖျက်တတ်သန္တာန်၌ သူတော်ကောင်းတရားနှင့် ဝေးလေရကား မနီးမစပ်သည် မည်၏။

ဥပမာကား ချရား, စွယ်တော်, ကံ့ကော်, အကျော်, စမ္မာ, နံ့သာ, ကရမက်-စသော မွေးကြိုင်သော အနံ့ရှိသော ပန်းနံ့သာမျိုးတို့နှင့် ခွေးကောင်ပုပ်, မြွေကောင်ပုပ်, မစင်ဘင်ပုပ်-စသော စက်ဆုပ်ရွံရှာဖွယ်သော မကောင်းသောဝတ္ထု အနံ့မျိုးတို့သည် နီးနီးစပ်စပ် ချဉ်းကပ်ကြသော်လည်း မိမိတို့၏ သဘာဝချင်း၊ အဆင်း,အနံ့-စသည်တို့ဖြင့် မရောမယှက် မဆက်ဆံသည်၏အဖြစ်ကြောင့် အလွန်ဝေးသည် မည်၏-ဟု ဆိုရသကဲ့သို့ ထို့အတူ သူတော်ကောင်းတို့နှင့် နီးနီးစပ်စပ် ချဉ်းကပ်နေထိုင်ခြင်းကို ပြုငြားသော်လည်း မိမိ၏အဖျက်တတ်သန္တာန်၌ ကျင့်ကြံလေ့ကျက်သော တရားသည် သူတော်ကောင်းတို့နှင့် မရောမယှက်

http://www.dhammadownload.com

မဆက်ဆံသည်ဖြစ်၍ ပကတိကိတ္တိသဒ္ဒတည်း-ဟူသော မကောင်းသော ကျော်စောခြင်း သတင်းအနံ့ကိုသာ ဖြစ်စေတတ်ရကား လဇ္ဇီကလျာဏအပေါင်း သူတော်ကောင်းတို့နှင့် အလွန်ဝေးကွာသောသူ ဝိဒူရပုဂ္ဂိုလ်လည်း မည်၏။

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် အလျှံပြောင်ပြောင် တောက်လောင်ခြင်း မရှိ၊ ပြာဖြင့် ဖုံးအပ်သော မီးကျီးသည် တစ်စုံတစ်ယောက်သောသူတို့အား မထောက်မညှာ ကြင်နာသနားခြင်း ကင်းသဖြင့် ချဉ်းကပ်ပေါင်းဖော်သော သူတို့အား ပူပန်ဆင်းရဲခြင်းကို ပြုတတ်သောကြောင့် ကာလရှည်ကြာ ပြာဖြင့် ဖုံးလွှမ်းအပ်သော မီးကျီးစုနှင့်တူသော **ပဋိစ္ဆန္နပါပကပုဂ္ဂိုလ်လည်း** မည်၏။

ထိုသီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် မိမိ၏ သီလမရှိသောအဖြစ်ကို သိသည်ဖြစ်အံ့။ တစ်စုံတစ်ယောက်သော လဇ္ဇီသီလဝန္တကလျာဏပုဂ္ဂိုလ်သူမြတ် အပေါင်းတို့သည် ၁-နာရီ, တခဏဖြင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ခြင်းငှာ အလိုမရှိ၊ ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ခြင်းငှာ မဝံ့၊ ထိတ်လန့်ကြောက်ရွံ့ကြကုန်၏။ ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်မိသော်လည်း ရာ,ထောင်,သိန်း,သန်း-မကသော လဇ္ဇီသီလဝန္တကလျာဏ ပုဂ္ဂိုလ်သူမြတ် အပေါင်း သူတော်ကောင်းဟူသမျှကိုပင် အလဇ္ဇီဒုဿီလအဖြစ်သို့ ရောက်စေ၍ ပစ္စုပ္ပန်, သံသရာ လောကီ,လောကုတ္တရာ အကျိုးစီးပွါး-ဟူသမျှကို အကြွင်းမဲ့ ကုန်ခန်းပျက်စီးခြင်းသို့ ရောက်စေနိုင်သည်၏ အဖြစ်ကြောင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ်ခြင်းကို မပြုအပ်လေရကား ထက်ဝန်းကျင်မှ တောက်လောင်သော မီးရှိသော အိမ်နှင့် တူ၏။

သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် မိမိသန္တာန်၌ သီလမရှိသောအဖြစ်ကို ဆင်ခြင်အောက်မေ့တိုင်း, နှလုံးသွင်းတိုင်း နှလုံးမသာယာခြင်း၊ ပူပန်ခြင်း ပြင်းစွာ ဖြစ်ရလေကား အခါခပ်သိမ်းပင် ကြောင့်ကြစိုးရိမ်ခြင်း မကင်းသော သဘောရှိ၏။ "ငါ၏သန္တာန်၌ဖြစ်သော ဘုရား-အစရှိသော အရိယာသူတော်ကောင်းတို့သည် နှစ်သက်အပ်သော မြတ်သောအကျင့် ပဋိပတ်တရား မရှိခဲ့တကား။ ငါ့အား ကိုးကွယ်ရာနှင့် ကင်းကွာ၍ အဘယ်မှာ ချမ်းသာခြင်း အကြောင်းကို ရနိုင်ပါအံ့နည်း"။ ဤသို့ မိမိ၌ရှိသော အပြစ်အာဒီနဝ ဒုဿီလအဖြစ်ကို မြင်သဖြင့် လူရွာ,နတ်ရပ် မြတ်သော သုဂတိဘုံဘဝသို့ လားရခြင်း၏အကြောင်း ကောင်းသော နိမိတ်အာရုံကို တစ်စုံတစ်ခုသောအကြောင်းဖြင့် မထင်မမြင်နိုင်ရာ၊ မကောင်းသော နိမိတ်အာရုံဖြင့် အပါယ်ဘုံသို့သာ လားရ၏။

ဥပမာကား- မြေ, မှိုက်, ရွှံ့, ညွန်တို့ကြောင့် အလွန်နောက်ကျသော ရေရှိသော ထုံးအိုင်, မြစ်ချောင်း-စသည်တို့၌ ရပ်၍ ကြည့်သောသူသည် မိမိမျက်နှာရိပ်ကို မမြင်နိုင်

http://www.dhammadownload.com

သကဲ့သို့လည်းကောင်း မဲ,နီ,ချိပ်,နွဲ-စသော အထူးထူးသော အဆင်းသဏ္ဌာန်တို့နှင့် ဆက်ဆံရောနှောသော ရေ,လေ၏အဟုန်ကြောင့် အလွန် လှိုင်းပုတ်သဖြင့် လှုပ်ရှားလျက် မငြိမ်မသက်သောရေ၊ အခိုးအလှုံ့နှင့်တကွ ကျိုက်ကျိုက်ဆူသဖြင့် အလွန်ပူသော ရေတို့၌ ကြည့်သဖြင့်လည်း မိမိ၏မျက်နှာရိပ်ကို မထင်မြင်သကဲ့သို့လည်းကောင်း အလွန်နောက်ကျသော အကုသိုလ်ဓမ္မ၊ ဒုဿီလအညစ်အကြေးဖြင့် ထေးဖာလိမ်းကျံလျက် ပူပန်ကြောင့်ကြခြင်း ပြင်းစွာ နှိပ်စက်သောပုဂ္ဂိုလ်အား အဘယ်မှာ လူ့ရွာ,နတ်ရပ် မြတ်သော သုဂတိဘဝသို့ လားရကြောင်း ကောင်းသော နိမိတ်အာရုံကို တစ်စုံတစ်ခုသော အကြောင်းနိမိတ်ဖြင့် ထင်မြင်နိုင်ရာအံ့နည်း။ မကောင်းသော နိမိတ်,အာရုံကြောင့် အပါယ်ဘဝတည်း-ဟူသော အောက်အဖို့သို့သာ လားရာဂတိရှိသောကြောင့် အမောဘာဂဓမနီယပုဂ္ဂိုလ်လည်း မည်၏။

လောက၌ မရှိသောသူသည် အဖိုးအနှုံ့ရတနာ စကြာမင်းတို့ ဝတ်ဆင်, သုံးစားသောတန်ဆာနှင့်တူသော တန်ဆာ, အလင်္ကာရတို့ဖြင့် လှပတင့်တယ်စေခြင်းငှာ ဝတ်ဆင်ပါငြားသော်လည်း ၄-ပါးသော ပရိသတ်တို့၏အလယ်၌ တင့်တယ်ခြင်း မဖြစ်သကဲ့သို့လည်းကောင်း ပြည့်ဖြိုးလှပစွာသော လုံးရပ်သဏ္ဌာန်၊ ကြန်အင်လက္ခဏာ၊ ခြေ,လက်-စသော အင်္ဂါကြီး,ငယ်တို့နှင့် ပြည့်စုံသည်ပင် ဖြစ်လင့်ကစား ၄-ပါးသော ပရိသတ်တို့၌ လူ,နတ်အပေါင်းတို့၏ နှစ်သက်မြတ်နိုးဖွယ် မဖြစ်သကဲ့သို့လည်းကောင်း ထို့အတူ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်တို့သည် အထူးထူးသော အဝတ်တန်ဆာတို့ဖြင့် လှပတင့်တယ်စွာ ဝတ်ဆင်ပါငြားသော်လည်း ဗဟုသုတအကြားအမြင်၌ သိမြင်လိမ္မာ၍ ရာ,ထောင်,သိန်း,သန်း မကသော နည်းနာနိဿယတို့ဖြင့် ဟောကြားဆုံးမသွန်သင်ခြင်းငှာ စွမ်းနိုင်ပါငြားလည်း သူတပါးတို့၏ နွားကို အစားကျောင်းသော နွားကျောင်းသား ယောကျ်ားသည် ၅-ပါးသော နွားနို့အရသာကို ကောင်းစွာ မခံစားရ၍ နွားရှင်ရှိရာသို့ ပို့ဆောင်ပေးအပ်ရသဖြင့် နွားမှဖြစ်သော အရသာကို ကောင်းစွာ မခံစားရဘဲ နွားကိုသာ မပြေး,မပျောက်ရအောင် စောင့်ရှောက်ထိန်းကျောင်းရသကဲ့သို့ လောကုတ္တရာတည်းဟူသော ဝိမုတ္တိရသကို ခံစားသုံးဆောင်ရခြင်း၏ အကြောင်းရင်းမူလဖြစ်သော ၄-ပါးသော စတုပါရိသုဒ္ဓိသီလ မရှိလေရကား ဗဟုသုတရှိကျိုးမနပ်၊ ပရိသတ် ၄-ပါးတို့၏အလယ်၌ မတင့်တယ်ခြင်းကိုသာ ဖြစ်စေတတ်သောကြောင့် ပြတ်သော ဦးခေါင်းရှိသောသူနှင့် တူသော သီသစ္ဆိန္နကပုဂ္ဂိုလ်လည်း မည်၏။

သီလ မရှိသော ဒုဿီလပုဂ္ဂိုလ်ကား ဒွန်းစဏ္ဍားသူငယ်နှင့် တူ၏။ အဘယ်သို့တူသနည်းဟူမူကား ဒွန်းစဏ္ဍားသူငယ်သည် ငယ်သည့်ကာလမှ စ၍ "ငါကား အဘယ်နံရောအခါ လေးကျွန်းသေ၌နင်း၊ စကြာမင်းကြီး၏ စည်းစိမ်ချမ်းသာကို ရပါအံ့နည်း"ဟု တောင့်တသောစိတ်သည် မဖြစ်စဖူး။ မိမိနှင့် အရာလည်း မဟုတ်၊ မိမိ၏အဘမှ အမွေရ

http://www.dhammadownload.com

ဖြစ်သော သူကောင်ဖုတ်သော အမှုဥ်သာ လေ့လာကျွမ်းဝင်သော အလေ့ရှိသကဲ့သို့ ထို့အတူ ဒုဿီလပုဂ္ဂိုလ်သည် "အဘယ်နံရောအခါ ငါကား မြတ်စွာဘုရား၏ အမွေဖြစ်သော လောကုတ္တရာတရားကို ခံစားပါရအံ့နည်း"ဟူသောစိတ် မဖြစ်။ မိမိနှင့်လည်း အရာမဟုတ်၊ မိမိ အမွေရသော ဒုဿီလလက္ခဏာကိုသာ လွန်စွာကြိုးကုတ် အားထုတ်ပြုကျင့်လေ့ရှိရကား ဒွန်းစက္ကားသူငယ်နှင့် တူလေ၏။

သီလနှင့်ပြည့်စုံသော သီလဝန္တကလျာဏပုဂ္ဂိုလ်သည် လေးကျွန်းသေဉ္ဇနင်း စကြာမင်း၏ သားရင်းနှင့် တူ၏။ အဘယ်သို့ တူသနည်းဟူမူကား လေးကျွန်းသေဉ္ဇနင်း စကြာမင်း၏ သားရင်းအစစ် ဖြစ်သောသူသည် အဘယ်နံရောအခါ "ငါကား လေးကျွန်းသေဉ္ဇနင်း စကြာမင်းကြီး၏ အမွေအနှစ်ဖြစ်သော စည်းစိမ်ချမ်းသာကို ရပါအံ့နည်း"ဟု လွန်စွာ တောင့်တ ဥဿာဟဖြင့် နေ့ညမယုတ်၊ အားထုတ်ကြံဆောင်သကဲ့သို့ ထို့အတူ သီလဝန္တ-ကလျာဏပုဂ္ဂိုလ်သည် "ငါကား ဘယ်နံရောအခါ မြတ်စွာဘုရား၏ အမွေဖြစ်သော လောကုတ္တရာချမ်းသာကို ရပါအံ့နည်း"ဟု လွန်စွာ တောင့်တ ဥဿာဟဖြင့် နေ့ညမယုတ် အားထုတ်ကြံဆောင်၏။

ထို့ကြောင့် သီလနှင့် ပြည့်စုံသော သီလဝန္တကလျာဏပုဂ္ဂိုလ်သည် လေးကျွန်းသေဉ္ဇ နင်း စကြာမင်း၏ သားရင်းဖြစ်သောသူနှင့် တူ၏။ လောကဌ် စင်ကြယ်သန့်ရှင်းစွာ သုတ် သင်ပြုပြင်၍ထားသော ကန်ကြီးသည် ခပ်သိမ်းသောသူတို့၏ နှစ်သက်မြတ်နိုးဖွယ်ကို ဖြစ်စေလျက် ဆူးငြောင့်, သစ်ငုတ်, ခလုတ်, တွင်း, ကျင်း-စသော ဘေးရန်အန္တရာယ် မရှိ၊ အထိအခိုက် ကင်းလွတ်၍ ချမ်းမြေ့သာယာစွာ လိုရာအရပ်သို့ ရောက်စေနိုင်၏။

မစင်ကြယ်, မသန့်ရှင်းသဖြင့် သုတ်သင်ပြုပြင်၍ မထားသော လမ်းခရီးသည် ခပ်သိမ်းသောသူတို့၏ နှစ်သက်မြတ်နိုးဖွယ်ကို မဖြစ်စေဘဲ ဆူးငြောင့်, သစ်ငုတ်, ခလုတ်, တွင်း, ကျင်း-စသော ဘေးအန္တရာယ် ပေါများ၍ ထိပါးတိုက်ခိုက်လျက် အကျိုးမဲ့ ပျက်စီးခြင်း ဖြစ်လေသကဲ့သို့ ထို့အတူ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်သည် ကာယဒုစ္စရိတ၊ ဝစီဒုစ္စရိတ၊ မနောဒုစ္စရိတ၊ ပါပိစ္ဆာပကတ၊ ကုဟန၊ လပန-စသော အပါယ်လားကြောင်း မကောင်းမှု အကုသိုလ်တရားတို့ကို ပွါးများစေလျက် အသက်ရှည်သမျှ ကာလပတ်လုံး အကျိုးမဲ့ပျက်စီး ကြောင်းကိုသာ ရှာကြံ လုံ့လဥဿာဟပြုသဖြင့် လူ့ရွာ,နတ်ရပ် မြတ်သော သုဂတိဘုံဘဝသို့ လားရာရောက်ရခြင်းအကြောင်း သူတော်ကောင်းတို့ တရားမရှိလေရကား မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို မဆိုထားဘိ၊ လူ့ရွာ သုဂတိဘုံဘဝသို့ လားရာရောက်ရခြင်းသည် သီလနှင့်ကင်း၍ ရောက်ရခြင်းအကြောင်း မဖြစ်နိုင်သဖြင့် သုတ်သင်အပ်သော သုဂတိဘဝ

http://www.dhammadownload.com

သို့ ရောက်ကြောင်း ကောင်းသောခရီး မရှိသောကြောင့် အဝိသောဓိတအပရာယနပုဂ္ဂိုလ်လည်း မည်၏။

သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အားသာလျှင် သမာဓိတရား၏ ဥပနိဿယအဆောက်အဦတို့သည် ပြည့်စုံခြင်းသို့ ရောက်၏။ သမာဓိတရား၏ ဥပနိဿယအဆောက်အဦတို့သည် ပြည့်စုံခြင်းသို့ ရောက်သည်ရှိသော် သမာဓိတရား၏ ပြည့်စုံခြင်းကြောင့် နာမ-ရူပပရိစ္ဆေဒဉာဏ်မှ စ၍ဖြစ်သော နုသော ဝိပဿနာဉာဏ်-ဟု ဆိုအပ်သော ယထာဘူတဉာဏ်၏ အဆောက်အဦတို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ယထာဘူတဉာဏ်၏ ပြည့်စုံခြင်းကြောင့် ဝဋ်ဆင်းရဲမှ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်၏ ဥပနိဿယအဆောက်အဦတို့သည် ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ *(နိဗ္ဗိန္ဒဉာဏ်၏)* ဥပနိဿယအဆောက်အဦတို့သည် ပြည့်စုံခြင်းကြောင့် အရိယမဂ်ဉာဏ်သို့ ရောက်၏။ အရိယမဂ်ဉာဏ်၏ ပြည့်စုံခြင်းကြောင့် ဝိမုတ္တိဉာဏ်-ဟု ဆိုအပ်သော အရိယဖိုလ်၏ ပြည့်စုံခြင်းသို့ ရောက်၏။

ဥပမာကား- သစ်ပင်သည် အခက်,အရွက်၊ အဖူး,အညွန့်တို့၏ ပြည့်စုံခြင်းသို့ ရောက်ခဲ့သည်ရှိသော် ထိုသစ်ပင်၏ အပွေးတို့သည်လည်း ပြည့်စုံခြင်းသို့ ရောက်၏။ အပွေးသည် ပြည့်စုံခြင်းသို့ ရောက်ခဲ့သည်ရှိသော် အကာသည် ပြည့်စုံခြင်းသို့ ရောက်၏။ အကာသည် ပြည့်စုံခြင်းသို့ ရောက်သည်ရှိသော် အနှစ်သည် ပြည့်စုံခြင်းသို့ ရောက်၏။

ထိုအတူ သီလနှင့်ပြည့်စုံသော သီလဝန္တပုဂ္ဂိုလ်အား အစဉ်အတိုင်း သမာဓိ, ယထာ-ဘူတ, နိဗ္ဗိန္ဒ, အရိယမဂ်ဉာဏ်၊ အရိယဖိုလ်ဉာဏ်၏ ဥပနိဿယအဆောက်အဦတို့သည် ပြည့်စုံခြင်းသို့ ရောက်နိုင်ကုန်၏။

သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ၊ အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယ၊ ပါမောဇ္ဇံ ပီတတ္ထာယ၊ ပီတိ ပဿဒ္ဓတ္ထာယ၊ ပဿဒ္ဓိ သုခတ္ထာယ၊ သုခံ သမာဓတ္ထာယ၊ သမာဓိ ယထာဘူတဉာဏဒဿနတ္ထာယ၊ ယထာဘူတ-ဉာဏဒဿနံ နိဗ္ဗိဒတ္ထာယ၊ နိဗ္ဗိဒါ ဝိရာဂတ္ထာယ၊ ဝိရာဂေါ ဝိမုတ္တတ္ထာယ၊ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနတ္ထာယ၊ ဝိမုတ္တိဉာဏဒဿနံ အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ။

(ဝိ၅၊၂၈၈။ ဝိ၆၊၁၊၇၇။ ဝိ၆၊၄၊၂၀၈။ သာရတ္ထ၊၁၊၁၉၃)

သိက္ခာပဒဿ၊ သိက္ခာပုဒ်တော်ကို။ သိက္ခနံ၊ ကျင့်ခြင်းသည်။ အဝိပ္ပဋိသာရတ္ထာယ၊ နှလုံးရွှင်လန်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ အဝိပ္ပဋိသာရော၊ နှလုံးရွှင်လန်းခြင်းသည်။ ပါမောဇ္ဇ-တ္ထာယ၊ ဝမ်းမြောက်ခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းသည်။ ပီတတ္ထာယ၊ နှစ်သက်ခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ပီတိ၊ နှစ်သက်ခြင်းသည်။ ပဿဒ္ဓတ္ထာယ၊ ကိုယ်,စိတ် ၂-ပါး၏ ငြိမ်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ပဿဒ္ဓိ၊ ကိုယ်,စိတ် ၂-ပါး၏ ငြိမ်းခြင်းသည်။

http://www.dhammadownload.com

သုခတ္ထာယ၊ ကိုယ်,စိတ် ၂-ပါး ချမ်းသာခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ သုခံ၊ ကိုယ်,စိတ် ၂-ပါး၏ ချမ်းသာခြင်းသည်။ သမာဓတ္ထာယ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးကို ရခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ သမာဓိ၊ သမာဓိ ၂-ပါးကို ရခြင်းသည်။ ယထာဘူတဉာဏဒဿနတ္ထာယ၊ ဥဒယဗ္ဗယဉာဏ-ဟု ဆိုအပ်သော တရုဏဝိပဿနာကို ရခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ယထာဘူတဉာဏဒဿနံ၊ ဥဒယဗ္ဗယဉာဏ်-ဟု ဆိုအပ်သော တရုဏဝိပဿနာကို ရခြင်းသည်။ နိဗ္ဗိဒတ္ထာယ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာကို ရခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗိဒါ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာကို ရခြင်းသည်။ ဝိရာဂတ္ထာယ၊ အရိယမဂ်ဉာဏ်ကို ရခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ဝိရာဂေါ၊ အရိယမဂ်ကို ရခြင်းသည်။ ဝိမုတ္တတ္ထာယ၊ အရိယဖိုလ်ဉာဏ်ကို ရခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

ဝိမုတ္တိ၊ အရိယဖိုလ်ကို ရခြင်းသည်။ ဝိမုတ္တိဉာဏဒဿနတ္ထာယ၊ ၁၉-ပါးသော ပစ္စဝေက္ခဏာဉာဏ်ကို ရခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိဉာဏဒဿနံ။ ၁၉-ပါးသော ပစ္စဝေက္ခဏာဉာဏ်ကို ရခြင်းသည်။ အနုပါဒါပရိနိဗ္ဗာနတ္ထာယ၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသပရိနိဗ္ဗာန် စံရခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။

"သိက္ခာ ပဒဿ သိက္ခံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ" အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ် ပါဠ်အပေါင်းတို့တွင် သိက္ခာပဒဿ သိက္ခံ-ဟူသောပါဠ်၌ သီလဝိပတ္တိ, သီလသမ္ပတ္တိတို့၏ အာဒီနဝ အာနိသံသကို သိရာ၏။ အဘယ်သို့ သိရာသနည်း ဟူမူကား သီလနှင့် မပြည့်စုံခြင်းကြောင့် ၅-ပါးသော အပြစ်တို့ကို ရ၏။ ၅-ပါးဟူသော်ကား-

- မေ့လျော့ခြင်းအကြောင်းရှိသော စည်းစိမ်ဥစ္စာ ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်ခြင်း,
- သီလ မရှိသောသူ-ဟူ၍ ယုတ်မာသော, မကောင်းသော အသံဖြင့် ကျော်စောခြင်း,
- သီလမရှိသောသူသည် မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ ရဟန်းပရိသတ်၊ သူကြွယ်ပရိသတ်၊ နတ်ပရိသတ်တို့၏အလယ်၌ ကြောက်ထိတ်လန့်လျက် စိတ်နှလုံးမသာယာမျက်နှာ မချင့်,မလန်းခြင်း,
- ထိတ်လန့်ကြောက်ရွံ့ခြင်းနှင့်တကွ မိန်းမောတွေဝေ၍ သေရခြင်း,
- သေသည်၏ အခြားမဲ့၌ အပါယ်ဝရဲသို့ လားရခြင်း၊

ဤ ၅-ပါးသော အပြစ်တို့ကို ရ၏။ (ဒီ၊ ၂/၇၂-၃။ အံ၊ ၂/၂၁)

ဤသို့ သီလမရှိသောပုဂ္ဂိုလ်၌ သီလနှင့် မပြည့်စုံခြင်းကြောင့် ၅-ပါးသော အာဒီနဝတို့ကို သိရာ၏။ သီလရှိသောပုဂ္ဂိုလ်အား သီလနှင့် ပြည့်စုံခြင်းကြောင့် ၅-ပါးသော

http://www.dhammadownload.com

အာနိသံသတို့ကို ဆိုအပ်ခဲ့ပြီးသော အာဒီနဝမှ ပြန်သောအားဖြင့် သိရာ၏။ **"သိက္ခာပဒဿ-သိက္ခန် အဝိပွဒိသာရတ္ထာယ ဟောတိ"**အစရှိသည်ဖြင့် ဟောတော်မူအပ်သော ဒေသနာမြတ် ပါဠိအပေါင်းတို့တွင် သိက္ခာပဒဿ သိက္ခန်-ဟူသော ပါဠိ၏အရ အဓိသီလသိက္ခာဖြင့် အပါယ် ၄-ပါးဘေးမှ လွန်မြောက်ရခြင်း၏ အကြောင်းကို ပြတော်မူသည်။ သမာဓိ-ဟူသော ပါဠိ၏အရ အဓိစိတ္တသိက္ခာဖြင့် ကာမဘဝမှ လွန်မြောက်ရခြင်းကို ပြတော်မူသည်။ ယထာ-ဘူတဉာဏဒဿန-ဟူသောပါဠိ၏ အရဖြစ်သော အဓိပညာသိက္ခာဖြင့် ဘဝ ၃-ပါး ဘေးမှ လွန်မြောက်ရခြင်း၏အကြောင်းကို ပြတော်မူသတည်း။

တစ်နည်း "သိက္ခာပဒဿ သိက္ခန်"ဟူသောပါဠိ၏ အရဖြစ်သော အဓိသီလသိက္ခာဖြင့် တဒင်္ဂပဟာန်၏ အစွမ်းအားဖြင့် ကိလေသာပယ်ခြင်းကို ပြတော်မူသည်။ သမာဓိ-ဟူသောပါဠိ၏ အရဖြစ်သော အဓိစိတ္တသိက္ခာဖြင့် ဝိက္ခမ္ဘနပဟာန်၏ အစွမ်းအားဖြင့် ကိလေသာပယ်ခြင်းကို ပြတော်မူသည်။

"ယထာဘူတ ဉာဏဒဿနံ"ဟူသောပါဠိ၏ အရဖြစ်သော အဓိပညာသိက္ခာဖြင့် သမုစ္ဆေဒပဟာန်၏ အစွမ်းအားဖြင့် ကိလေသာပယ်ခြင်းကို ပြတော်မူသည်။

"သိက္ခာပဒဿ သိက္ခန် အဝိပွဒိသာရတ္ထာယ ဟောတိ"အစရှိသည်ဖြင့် ဟော တော်မူအပ်သော ပါဠိတော်မြတ် ပါဠိအပေါင်းတို့တွင် သိက္ခာပဒဿ သိက္ခန်-ဟူသောပါဠိ၏ အရဖြစ်သော အဓိသီလသိက္ခာဖြင့် ကိလေသာတို့ကို လွန်ကြူးခြင်းကို ပယ်ခြင်းကို ပြတော်မူသည်။ သမာဓိ-ဟူသော ပုဒ်၏အရဖြစ်သော အဓိစိတ္တသိက္ခာဖြင့် ညစ်ညူးပူပန်ခြင်းကို ပယ်ခြင်းကို ပြတော်မူသည်။

"ယထာဘူတ ဉာဏဒဿနံ"ဟူသော ပုဒ်၏အရ ဖြစ်သော အဓိပညာသိက္ခာဖြင့် အနုသယပယ်ခြင်းကို ပြတော်မူသည်။

တစ်နည်းလည်း အဓိသီလသိက္ခာဖြင့် ဒုစရိုက်တို့ကြောင့် ညစ်ညူးပူပန်ခြင်းမှ စင်ကြယ်ခြင်းကို ပြတော်မူသည်။ အဓိစိတ္တသိက္ခာဖြင့် တဏှာကြောင့် ညစ်ညူးပူပန်ခြင်းမှ စင်ကြယ်ခြင်းကို ပြတော်မူသည်။ အဓိပညာသိက္ခာဖြင့် ဒိဋ္ဌိကြောင့် ညစ်ညူးပူပန်ခြင်းမှ စင်ကြယ်ခြင်းကို ပြတော်မူသည်။

တစ်နည်းလည်း အဓိသီလသိက္ခာဖြင့် သောတာပန်, သကဒါဂါမ်အဖြစ်သို့ ရောက်ခြင်း၏အကြောင်းကို ပြတော်မူသည်။ အဓိစိတ္တသိက္ခာဖြင့် အနာဂါမ်ဖြစ်ခြင်း၏ အကြောင်းကို ပြတော်မူသည်။ အဓိပညာသိက္ခာဖြင့် အရဟတ္တဖိုလ်သို့ရောက်ခြင်း၏ အကြောင်းကို ပြတော်မူသည်။

http://www.dhammadownload.com

"သိက္ခာပဒသဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ"ဟူ၍ ဟော်တော်မူသော ပါဠိမြတ်၌ သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ပါမောဇ္ဇဝိတိသုခသမာဓိယထာဘူတ-စသော အကျိုးတရားအပေါင်းကို ရ၍ သတ္တဝါတို့အား သံသရာ၌ ၂-ခုမြောက်သော အပေါင်းကဲ့သို့ ဖြစ်၍ နစ်မွန်းမျောပါး ရိရှားပင်ပန်းခြင်းကို ဖြစ်စေတတ်သော တဏှာ-ဟူသော အမှေးအယှက်ထုံးကို ဖြေနိုင်ရာ၏။ အဘယ်သို့ ဖြေနိုင်ရာသနည်းဟူမူကား သီလ၌ တည်သဖြင့် တိဟိတ် ပဋိသန္ဓေပဉ္စာဖြင့် ပညာရှိသောပုဂ္ဂိုလ်သည် ကိလေသာကို ပူပန်စေတတ်သော အာတာပီ အာရဒ္ဓဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍ နိပက-ဟု ဆိုအပ်သော သမထ, ဝိပဿနာလျှင် အာရုံရှိသော ပါဋိဟာရိယပညာဖြင့် တဏှာ-တည်းဟူသော အမှေးအယှက်ကို ဖြေနိုင်ရာ၏။

ထို့ကြောင့် မြတ်စွာဘုရားသည်-

> သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
> အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။ –

ဟူ၍ ဟောတော်မူသည်။ (သံ၊၁။၁၃)

သပညော၊ တိဟိတ်ပဋိသန္ဓေပဉ္စာဖြင့် ပညာရှိထသော။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍။ နိပကော၊ သမထဝိပဿနာနှင့် ယှဉ်သော ပါဋိ-ဟာရိယပညာရှိထသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ စိတ္တံ၊ ဝိပဿနာနှင့် ယှဉ်သော စိတ်ကိုလည်းကောင်း။ ပညဉ္စ၊ ဝိပဿနာပညာကိုလည်းကောင်း။ ဘာဝယံ-ဘာဝယန္တော၊ ပွါးသည်ဖြစ်၍။ ဣမံ ဇဋံ၊ ဤတဏှာ-ဟူသော အထုံးအဖွဲ့ အမှေးအယှက်ကို။ ဝိဇဋယေ၊ ဖြေနိုင်ရာ၏။

"သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဋိတော်မြတ် ပါဌ်အပေါင်းတို့တွင် "သိက္ခာပဒဿ သိက္ခနံ"ဟူသောပါဌ်၌ အရိယကန္တ-ဖြစ်၍ ဘုရား-စသော သူတော်ကောင်းတို့ နှစ်သက်မြတ်နိုးအပ်သော သီလသည် ၈-ပါးသော ဂုဏ်နှင့် ပြည့်စုံ၏။

၈-ပါးဟူသော်ကား-

- မကျိုးသော အခဏ္ဍဂုဏ်,
- မပြောက်သော အသဗလဂုဏ်,
- ကိလေသာတို့မှ တော်လှန်သော ဘုဇိဿဂုဏ်,

http://www.dhammadownload.com

- ဘုရား-စသော အရိယာ သူတော်ကောင်းတို့ ချီးမွမ်းအပ်သော ဝိညူပသဋ္ဌဂုဏ်,
- တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအပ်သော အပရာမဋ္ဌဂုဏ်,
- ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးတို့ကို ဖြစ်စေတတ်သော သမာဓိသံဝတ္တနိကဂုဏ်၊

ဤ ၅-ပါးသော ဂုဏ်တို့နှင့် ပြည့်စုံသော သီလသည် နိယျာနိကဖြစ်၍ ဝဋ်မှ ထွက်မြောက်စေတတ်သော ဝိဝဋ္ဋနိဿိတသီလ မည်၏။ ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော ဝဋ္ဋနိဿိတသီလ၌ အခဏ္ဍ, အစ္ဆိဒ္ဒ, အကမ္မာသ, အသဗလ-ဟူသော ၄-ပါးသောဂုဏ်ကို ရ၏။ ထိုကြောင့် နိယျာနိကဖြစ်၍ ဝဋ်မှ ထွက်မြောက်စေတတ်သော ဝိဝဋ္ဋနိဿိတ ဖြစ်ခြင်းငှာ ဘုဇိဿ, ဝိညူပသဋ္ဌ, အပရာမဋ္ဌ, သမာဓိသံဝတ္တနိက-ဟူသော အထက်ဂုဏ် ၄-ပါးတို့ကို ပြည့်စုံစေလျက် ဝိသုဒ္ဓသီလဖြစ်ခြင်းအကျိုးငှာ ကောင်းစွာ စောင့်ရှောက်ရာ၏။ "သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ် ပါဌ်အပေါင်းတို့တွင် သိက္ခာပဒဿ သိက္ခနံ-ဟူသော ပါဌ်၌ အခဏ္ဍ-အစရှိသော ၈-ပါးသောဂုဏ်နှင့် ပြည့်စုံသဖြင့် အရိယကန္တဖြစ်၍ ဘုရား-အစရှိသော အရိယာသူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော နိယျာနိက၊ ဝိဝဋ္ဋနိဿိတ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော သီလကို ကျင့်သုံးဆောက်တည်သဖြင့် ဝိသုဒ္ဓဖြဟ္မစရိယပုဂ္ဂိုလ်၏အဖြစ်ကို ဝန်ခံသောသူတို့အား မာတုဂါမတို့နှင့် ပေါင်းဖော်ခြင်းတည်းဟူသော "ဒွယံ ဒွယံ သမာပတ္တိ"အမှု မေထုနဓမ္မကိုပင် မပြုသော်လည်း မိမိ၏ ကျင့်သုံးဆောက်တည်သော သီလ၏ စင်ကြယ်ခြင်းအကြောင်း မဟုတ်လေရကား ၇-ပါးသော မေထုန်အကျင့်မှ ကင်းစေရာ၏။

၇-ပါးသော မေထုန်အကျင့်-ဟူသော်ကား-

- မာတုဂါမတို့နှင့် ပြုံးရယ်ကစား ပျော်ပါးမြူးထူးခြင်း၊
- မာတုဂါမတို့ကို မျက်ဝါးတည့်တည့် တစိမ့်စိမ့် ကြည့်၍ သာယာခြင်း၊
- မာတုဂါမတို့နှင့် ကိုယ်,လက်-စသော အင်္ဂါ ကြီး,ငယ်၊ ဆံထုံး, လက်ရုံး သုံးသပ် သာယာခြင်း၊
- မာတုဂါမတို့၏ ပြောဆိုရွတ်အံ့, သီချင်းသံ-စသည်တို့ကို သာယာခြင်း၊
- နှေးသောကာလ မာတုဂါမနှင့် ကိုယ်လက်ကိုင်တွယ် ပြုံးရယ်စကား ပျော်ပါးမြူးထူး ခဲ့ဖူးသော မေထုန်ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း၊

http://www.dhammadownload.com

- သူတပါးတို့အား ၅-ပါးသောအာရုံ ကာမဂုဏ်ဖြင့် လုပ်ကျွေးပြုစု၍ နှလုံးနှစ်သက်ရောင့်ရဲကြသည်ကို မြင်သဖြင့် သာယာခြင်း၊
- ဤသို့ ကောင်းစွာ ကျင့်သုံးစောင့်ရှောက် ဆောက်တည်အပ်သော အကျင့်သီလကြောင့် နတ်ရွာသုဂတိ ဘုံဘဝကို ရလို၏-ဟုတောင့်တ၍ ကျင့်သုံးဆောက်တည်ခြင်း၊

ဤ ၇-ပါးသော မေထုနသံယောဂမှ လွတ်ကင်း၍ ဝိဝဋ္ဋနိဿိတ၊ နိယျာနိကဖြစ်စေခြင်းငှာ ကောင်းစွာ ကျင့်သုံးဆောက်တည်ရာ၏။

"သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိ သာရတ္ထာယ ဟောတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ် ပါဌ်အပေါင်းတို့တွင် 'သိက္ခာပဒဿ သိက္ခနံ'-ဟူသော ပါဌ်၌ အခဏ္ဍ-အစရှိသော ၈-ပါးသောဂုဏ်နှင့် ပြည့်စုံသဖြင့်လည်းကောင်း အင်္ဂါပရာမသန-အစရှိသော ၇-ပါးသော မေထုနဓမ္မမှ ကင်းသဖြင့်လည်းကောင်း အရိယကန္တဖြစ်၍ ဘုရား-စသော အရိယာသူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော နိယျာနိကဖြစ်၍ ဝဋ်မှ ထွက်မြောက်ကြောင်း ဝိဝဋ္ဋနိဿိတကို ကျင့်သုံးဆောက်တည်သဖြင့် ဝိသုဒ္ဓပြဟ္မစရိယအဖြစ်ကို ဝန်ခံသောသူသည် ၁၆-ပါးသော စိတ်၏ညစ်ညူးကြောင်းဖြစ်သော စိတ္တုပက္လိေသတရားတို့ကို မဖြစ်စိမ့်သောငှာ အပို့စ္ဆတာ-အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသဖြင့်သာလျှင် စင်ကြယ်သန့်ရှင်း ကိလေသာ-ဟူသော မြူမှုကင်းသော ဝိသုဒ္ဓသီလ ဖြစ်၏။

စိတ်၏ ညစ်ညူးကြောင်းဖြစ်သော စိတ္တုပက္လိေသ-တရား ၁၆-ပါးဟူသော်ကား–

အဘိဇ္ဈာ၊	ဝိသမလောဘ၊	ဗျာပါဒ၊	ကောဓ၊
ဥပနာဟ၊	မက္ခ,ပဠာသ၊	ဣဿာ၊	မစ္ဆရိယ၊
မာယာ၊	သာထေယျ၊	ထမ္ဘ၊	သာရမ္ဘ၊
မာန၊	အတိမာန၊	မဒ၊	ပမာဒ –

ဤ ၁၆-ပါးတည်း။ (ဝိသုဒ္ဓိ၊၁၅၀။ ဝိသုဒ္ဓိ၊ဋီ၊၁၊၈၄။ ထောက် ဝိသဒိသံ)

ထို ၁၆-ပါးတို့တွင် မိမိဥစ္စာ၌ဖြစ်သော ဆန္ဒရာဂသည် အဘိဇ္ဈာ မည်၏။ သူတပါးဥစ္စာ၌ဖြစ်သော ဆန္ဒရာဂသည် ဝိသမလောဘ မည်၏။ တစ်နည်းလည်း မိမိဥစ္စာဖြစ်စေ, သူတပါးဥစ္စာဖြစ်စေ မသင့်တင့်, မလျောက်ပတ်သည်၌ဖြစ်သော ဆန္ဒရာဂသည် ဝိသမလောဘ မည်၏။

http://www.dhammadownload.com

တစ်နည်းလည်း သင့်တင့်လျောက်ပတ်သည် ဖြစ်စေ၊ မသင့်တင့် မလျောက်ပတ်သည်ဖြစ်စေ **"လောဘော ဝိသမံ၊ ဒေါသော ဝိသမံ၊ မောဟော ဝိသမံ"**ဟု ဟောတော်မူသောကြောင့် ကိလေသာမည်သည် မညီ,မညွတ်သောသဘော ရှိသည်သာတည်း။

ထို့ကြောင့် လောဘသည်ပင် လိုချင်တပ်မက်မောတတ်သော ဆန္ဒရာဂကြောင့် **အဘိဇ္ဈာ** မည်၏။ မညီမညွတ်ဖြစ်တတ်သော အနက်ကြောင့် **ဝိသမလောဘ** မည်၏။ ထိုအဘိဇ္ဈာ ဝိသမလောဘ-ဟူရာ၌ သဒ္ဒါအားဖြင့်သာ ထူး၏။ အနက်အားဖြင့် အထူးမရှိ။ ထိုအဘိဇ္ဈာ ဝိသမလောဘ ဖြစ်သည်ရှိသော် ကုသိုလ်စိတ်ကို ဖျက်စီးတတ်၏။ အရောင်အဝါ တောက်ပစေခြင်းငှာ အခွင့်ကို မပေးတတ်။ ထို့ကြောင့် အဘိဇ္ဈာ ဝိသမလောဘသည် စိတ်၏ညစ်ညူးကြောင်း **စိတ္တုပက္ကိလေသ** မည်၏။

"သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ"ဟူ၍ ဟော်တော်မူအပ်သော ပါဠိတော်မြတ်၌ မုချအရဖြစ်သော သီလ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ထုတ်၍ သိအပ်၏။ အဘယ်သို့ သိအပ်သနည်းဟူမူကား-

> **လက္ခဏာဒီသု ဟိ တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ သာမညံ ဝါ လက္ခဏံ နာမ။ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသော နာမ။ ဥပဋ္ဌာနကာရော ဝါ ဖလံ ဝါ ပစ္စုပဋ္ဌာနံ နာမ။ အာသန္နကာရဏံ ပဒဋ္ဌာနံ နာမ။-** (အဘိ၊ဋ္ဌ၊၁။၁၀၅)

ဟူသော ပါဠိနှင့်အညီ လက္ခဏာသည် သဘာဝလက္ခဏာ, သာမညလက္ခဏာအားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင်-

- သဘာဝအားဖြင့် ကာယက်, ဝစီက်တို့ကို ကောင်းစွာ တားမြစ်ခြင်း လက္ခဏာရှိ၏။
- သာမညအားဖြင့် ကုသိုလ်တရားတို့ကို ဖွဲ့စည်းခြင်း လက္ခဏာရှိ၏။

ရသသည် ကိစ္စရသ၊ သမ္ပတ္တိရသအားဖြင့် ၂-ပါးပြား၏။ ထို ၂-ပါးတို့တွင် -

- ကိစ္စရသအားဖြင့် အကုသိုလ်တရားတို့ကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။
- သမ္ပတ္တိအားဖြင့် ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းကိစ္စ ရှိ၏။

ပစ္စုပဋ္ဌာန်သည် ဥပဋ္ဌာနပစ္စုပဋ္ဌာန်, ဖလပစ္စုပဋ္ဌာန်အားဖြင့် ၂-ပါအပြား ရှိ၏။ ထို ၂-ပါးတို့တွင်-

- ဥပဋ္ဌာနပစ္စုပဋ္ဌာန်အားဖြင့် အကုသိုလ်တရားတို့နှင့် ဆန့်ကျင်သောအဖြစ်လျှင် ဉာဏ်အား ရှေ့ရှုထင်၏။

http://www.dhammadownload.com

- ဖလပစ္စုပဋ္ဌာန်အားဖြင့် ဖြူစင်သန့်ရှင်းသော အကျိုးရှိ၏။ မကောင်းမှုမှ ရှက်ခြင်း, မကောင်းမှုမှ လန့်ခြင်း ဟိရီဩတ္တပ္ပတရား ၂-ပါးလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန် ရှိ၏။

တစ်နည်းလည်း အသင့်နှလုံးသွင်းခြင်း ယောနိသောမနသိကာရလျှင် နီးစွာသော ပဒဋ္ဌာန်ရှိ၏။ ဤသို့ သီလ၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို သိရာ၏။

"သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ" အစရှိသည်ဖြင့် ဟောတော် မူအပ်သော ပါဠိတော်မြတ်၌ အတ္ထာနုဂတသဘာဝတ္ထအားဖြင့် ဒဿနတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ, ဝိဘာဝတ္ထ အနုဘာဝတ္ထ-ဟု ဆိုအပ်သော မုချအကြောင်း,အကျိုးတို့ကို သိအပ်၏။

ထို ၅-ပါးတို့တွင် သီလစေတနာသည် မုချ ဒဿနတ္ထ မည်၏။

ထိုသီလစေတနာနှင့် သဟဇာတ-စသော ပစ္စယသတ္တိရှိသော သမ္မယုတ်နာမက္ခန္ဓာ စိတ္တသမုဋ္ဌာန်သည်လည်းကောင်း ထိုသီလ၏ ပကတူပနိဿယ အနန္တရပစ္စယ အစွမ်းဖြင့် အကြောင်းဖြစ်သော ယောနိသော မနသိကာရ, ကရဏာ ပြဋ္ဌာန်းသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် အကြောင်း ဒီပကတ္ထ ဖလူ မည်၏။

ထိုသီလကို အာရုံပြု၍ ရွှင်လန်းခြင်း အဝိပ္ပဋိသာရ၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ-အစရှိသော နောက်နောက်သော စိတ္တုပ္ပါဒ်သည် အကျိုး ပကာသနတ္ထ ကာရဏူ မည်၏။

ထိုသီလစေတနာကြောင့် သုဂတိဘဝ၏ ပြည့်စုံခြင်း ဘဝသမ္ပတ္တိ၊ အလိုရှိအပ်သော စည်းစိမ်ဥစ္စာတို့၏ ပြည့်စုံခြင်း ဘောဂသမ္ပတ္တိသည် တဆင့်အကျိုး ဝိဘာဝတ္ထ ဒုတိယ ကာရဏူ မည်၏။

ထိုသီလကြောင့် ရအပ်သော ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားသည်လည်း ကောင်း နိရောဓသစ္စာဖြင့် ရေတွက်အပ်သော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်-အစရှိသော ၁၁-ပါးသော အပြားရှိသော ပရမတ္ထအားဖြင့် ထင်ရှားရှိသော တိဟိတ်ကလျာဏ ပုထုဇန် ပုဂ္ဂိုလ်သူမြတ်တို့သည် ဂေါတြဘူကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် တို့ဖြင့် မျက်မှောက်ပြုအပ်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာသာဝကတို့သည် မနောဒွါရာ-ဝဇ္ဇန်း-အစရှိသော ၁၁-ပါးသောစိတ်, မဂ်စိတ်, ဖိုလ်စိတ်တို့ဖြင့် အာရုံပြုရာဖြစ်သော တဇ္ဇာပညတ်, ဝိဇ္ဇမာနပညတ်တို့ဖြင့် လောကုတ္တရာ-ဟု သမုတ်အပ်သော ချမ်းသာ တကာတို့ထက် လွန်မြတ်သော ဧကာဒသဂ္ဂိနိဗ္ဗုတဌာန-ဟု ဆိုအပ်သော အသခ်္ခတာတ် နိဗ္ဗာန်တရားမြတ်သည် တဆင့်အကျိုး အနုဘာဝတ္ထ တတိယကာရဏူ မည်၏။

http://www.dhammadownload.com

"သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ်၌ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်သာလျှင် အလိုရှိတိုင်းသော လောကီ, လောကုတ္တရာအကျိုးကို ရ၏။ "သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ"အစရှိသည်ဖြင့် ဟောတော်မူအပ်သော ပါဠိတော်မြတ်အပေါင်းတို့တွင် သိက္ခာ-ပဒဿ သိက္ခနံ-ဟူသောပါဌ်၌ သီလနှင့် ပြည့်စုံသောသူတို့အား အဝိပ္ပဋိသာရ-အစရှိသော အကျိုးတရားတို့ကို ဟောတော်မူသဖြင့် သီလနှင့် ပြည့်စုံသူတို့အား သီလ မရှိသောအဖြစ်ကို ပြရာဖြစ်သော ကဏ္ဍပက္ခဒေသနာနည်းအားဖြင့် သီလနှင့် မပြည့်စုံသည်ကို အကြောင်းပြု၍ အတ္ထာနုဂတသဘာဝတ္ထ-အားဖြင့် ဒဿနတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ, (ဝိဘာဝတ္ထ, အနုဘာ-ဝတ္ထ)-ဟု ဆိုအပ်သော ၅-ပါးကုန်သော မုချအကြောင်း,အကျိုးတို့ကို သိရာ၏။

ထို ၅-ပါးတို့တွင် သီလသိက္ခာမှ ကင်းသော ဒုဿီလအဖြစ်သည် မုချ ဒဿနတ္ထ မည်၏။

ပါဏာတိပါတ-အစရှိသည်ကို လွန်ကျူးခြင်း, မကောင်းမှုမှ မရှက်ခြင်း, မသင့်မတင့် နှလုံးသွင်းခြင်း-ဟု ဆိုအပ်သော အယောနိသော မနသိကာရ-စသော ရှေးရှေး၌ဖြစ်သော သဟဇာတာဒီပစ္စယ သတ္တိရှိသော ပရမတ္ထတရားအပေါင်းသည် အကြောင်း ဒီပကတ္ထဖလူ မည်၏။

ထိုသီလ၏ ပျက်ခြင်း သီလဗျသန သီလဝိပတ္တိကို အကြောင်းပြု၍ နှလုံးမမျှင်လန်း ခြင်း, မျက်နှာမသာမယာခြင်း-ဟု ဆိုအပ်သော ဝိပ္ပဋိသာရ, မကုံဘာဝ-အစရှိသည်-သည် အကျိုး ပကာသနတ္ထ ကာရဏူ မည်၏။

ဒုဿီလအဖြစ်သို့ ရောက်သည်ဖြစ်၍ ဘုရား-စသော သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်း၊ မင်းပုဏ္ဏား, သူကြွယ်-စသော ပရိသတ်တို့၌ ထိတ်လန့်ကြောက်ရွံ့ခြင်း အဝိပ္ပဋိသာရ-စသော အဆက်ဆက်သော အာဒီနဝ, အာနိသံသအပေါင်းသည် တဆင့်အကျိုး ဝိဘာဝတ္ထ ဒုတိယကာရဏူ မည်၏။

အပါယ်ဆင်းရဲ၊ ဝဋ်ဆင်းရဲတို့၌ ကျရောက်ခြင်း ဒုဂ္ဂတိဘယ, ဝဋ္ဋဘယသည် တဆင့် အကျိုး အနုဘာဝတ္ထ တတိယကာရဏူ မည်၏။

ဤသို့ သီလနှင့် မပြည့်စုံသောသူတို့အား သီလနှင့် မပြည့်စုံသူကို အကြောင်းပြု၍ ဒဿနတ္ထ, ဒီပကတ္ထ, ပကာသနတ္ထ, ဝိဘာဝတ္ထ, အနုဘာဝတ္ထ-ဟု ဆိုအပ်သော ၅-ပါးကုန်သော မုချ အကြောင်း,အကျိုးတို့ကို သိရာ၏။

http://www.dhammadownload.com

သုဂတ္တိရ သုနိပုဏသုဒ္ဒသဓမ္မဒေသနာတော် မြတ်ဖြင့် ထပ်မံဆုံးမတော်မူပြန်လိုရှိ၍–

သနာထာ ဘိက္ခဝေ ဘဝထ မာ အနာထာ (သံ၊၃း၂၇၅)

ဟူ၍ ဟောတော်မူသည်။

ထိုပါဠိတော်ပါဌ်ဝယ် အဓိပ္ပါယ်သော်ကား ဒါန,သီလ, သမထ, ဝိပဿနာတည်း-ဟူသော ကိုးကွယ်ရာသည် သံသရာ,ပစ္ဆုပ္ပန် ၂-တန်သော ကာလ၌ စိတ်ချကိုးစား အားတက်စရာဖြစ်၍ ကုသိုလ်တည်း-ဟူသော ကိုးကွယ်ရာကို ရှာကြံလုံ့လ ဥဿာဟဖြင့် နေ့ညကြိုးစားအားထုတ်ကြကုန်။ ကိုးကွယ်ရာ မရှိသောသူသည် ရန်သူကို တွေ့သောကာလ တုတ်, လှံငန်, ဓား, လုံ့, သေနတ် လက်နက်မပါ၍ လွန်စွာထိတ်လန့် ကြောက်ရွံ့စိုးရိမ်ရသကဲ့သို့ ထိတ်လန့်ကြောက်မက်ဖွယ်သော ဘေးကြီး သေခါနီးသောကာလ ဒါန,သီလ,သမထ, ဝိပဿနာ, ဘာဝနာ ကိုးကွယ်ရာ မရှိက စိုးရိမ်ကြောင့်ကြ ထိတ်လန့်ရသဖြင့် များလှစွာသော သစ်ပင်, သစ်ခက်, မြက်, သစ်ရွက်, အမှိုက်, မှော်တိုက်, ရွံ့ညွန်တို့ကြောင့် အလွန်နောက်ကျသော ရေရှိသော ထုံးအိုင်, မြစ်ချောင်းတို့၏ ကမ်းထိပ်၌ ရပ်၍ ကြည့်သောသူသည် တစိုးတစိမ့ မိမိ၏အရိပ်ကို မထင်၊ မမြင်နိုင်လေသကဲ့သို့ လူ,ရွာ,နတ်ရပ် မြတ်သော သုဂတိဘုံဘဝကို ရနိုင်ခြင်း၏အကြောင်း ကောင်းသော နိမိတ်ကို မထင်မမြင်နိုင်ရာ လွန်စွာ ထိတ်လန့်စိုးရိမ်ခြင်း ပြင်းစွာ ဖြစ်ရာ၏။ ထို့ကြောင့် သံသရာ, ပစ္ဆုပ္ပန် ၂-တန်သော ကာလ၌ စိတ်ချကိုးစားစရာ ငါ့မှာ ရှိ၏-ဟု မိမိ၏ ကိုးကွယ်ရာကို လွန်စွာ လုံ့လ,ဥဿာဟ ပြုရာသည်။ သံသရာ, ပစ္ဆုပ္ပန် ၂-တန်သော ကာလ၌ စိတ်ချယုံကြည် ခိုမှီကိုးကွယ်ရာ မရှိကြကုန်သော သူတို့သည် ဤသို့သော သတိသံဝေဂကို ဖြစ်စေကုန်ရာသည်။

လူ ၃-ပါးတို့၏ ဆရာ သမ္မာသမ္ဗုဒ္ဓအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ရထိုက်အပ်သော အရဟတ္တဖိုလ်ကို ယူလိုသဖြင့် လွယ်လင့်တကူ ရယူတော်မူခြင်းငှာ တတ်နိုင်ရာလျက် သံသရာတည်းဟူသော သြဃ၌ နစ်မွန်းကြသော သတ္တဝါ,ဗိုလ်လူကို ဆယ်ယူထုတ်ဆောင် နိဗ္ဗာန်သောင်သို့ ရောက်အောင် ကယ်တင်တော်မူလိုသေးသဖြင့် ၄-အသင်္ချေနှင့် ကမ္ပာ ၁-သိန်းကာလပတ်လုံး ဘဝမခြားဘဲ ဘုရားတကာတို့ ဖြည့်ကျင့်ရာသော ပါရမီဒဿ သမ္ဘာရတို့ကို တဝတည်း ဖြည့်ကျင့်တော်မမူ။ သတ္တဉ္ညုတသမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူသည်မှာလည်း ငါ၏အကျိုးငှာ မဟုတ်ခဲ့တကား။ တပါးကုန်သော ပုဂ္ဂိုလ်သူမြတ် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏အကျိုးငှာသာ ရှိပါသေးသည်-ဟု တွေးမိကြံမိ သတိသံဝေဂကို ရကြသဖြင့် ဒါန,သီလ, သမထ,ဝိပဿနာ သံသရာ,ပစ္ဆုပ္ပန် ၂-တန်သော ကာလ၌ စိတ်ချယုံကြည်၍ ခိုမှီကိုးကွယ်ရာကို လွန်စွာ လုံ့လ,ဥဿာဟ ပြုကြ

http://www.dhammadownload.com

စေခြင်းငှာ "သနာထာ ဘိက္ခဝေ ဘဝထ မာ အနာထာ"ဟု တိုက်တွန်းတော်မူလိုသည်။ ထို့ကြောင့် ဒါန, သီလ, သမထ, ဝိပဿနာ ကိုးကွယ်ရာကို လွန်စွာ အားထုတ်ကြကုန်ရာသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်,သတ္တဝါ၊ ငါ,သူတပါး၊ ယောကျ်ား,မိန်းမ၊ နတ်, သိကြား, ဗြဟ္မာ မဟုတ်၊ နိဿတ္တ နိဇ္ဇီဝ အဗျာကတ သုည အသုဘ ဇေဂုစ္ဆ ပဋိကူလမျှသာ ဖြစ်သော ဤကာယအစု သမ္မုတိပညတ်ကို အဟုတ်အဟတ် ယထာဘူတဉာဏ်အမြင်ဖြင့် ဆင်ခြင်သုံးသပ်ခြင်း, နှလုံးသွင်းခြင်း ယောနိသော မနသိကာရဖြစ်စေသော ပုဂ္ဂိုလ်အား အဘယ်မှာ တွယ်တာနှစ်သက် စုံမက်မြတ်နိုးခြင်း ဖြစ်နိုင်အံ့နည်း။ ခန္ဓာကိုယ်၌ တွယ်တာနှစ်သက် စုံမက်မြတ်နိုးခြင်း မရှိသောပုဂ္ဂိုလ်အား ခန္ဓာကိုယ်၏ တဖန်အသစ်ဖြစ်ခြင်း ဘဝကို တောင့်တလေအံ့နည်း။

ခန္ဓာကိုယ်၏ တဖန်အသစ်ဖြစ်ခြင်း ဘဝကို တောင့်တသော ပုဂ္ဂိုလ်အား ခန္ဓာအာယတနဓာတ်တို့၏ အစဉ်အပြတ်ဖြစ်ခြင်း-ဟု ဆိုအပ်သော သံသရာ၌ မွေလျော်သော စိတ် ဖြစ်နိုင်တော့အံ့နည်း။ ခန္ဓာအာယတနဓာတ်တို့၏ အစဉ်မပြတ်ဖြစ်ခြင်း-ဟု ဆိုအပ်သော သံသရာ၌ မွေလျော်သောစိတ် မဖြစ်သောပုဂ္ဂိုလ်အား သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တသောစိတ် မဖြစ်ဘဲ ရှိနိုင်တော့အံ့နည်း။ စင်စစ် ဝဋ်ဒုက္ခမှ ထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တသောစိတ် ဖြစ်ရာ၏။ ထို့ကြောင့် ပုဂ္ဂလသတ္တမဟုတ်သော ဤကာယအစု သမ္မုတိပညတ်၌ နိဿတ္တ နိဇ္ဇီဝ အဗျာကတ သုည အသုဘ ဇေဂုစ္ဆ ပဋိကူလ-မျှသာဖြစ်သော အကောင်ပုပ်၌ စက်ဆုပ်ရွံရှာဖွယ်-ဟူသော ကာယဂတာသတိပဋ္ဌာန်ကို ကြိုးပမ်းလုံ့လ ဥဿာဟပြု၍ အနုပါဒိသေသ-အသခ်တဓာတ် နိဗ္ဗာန်တရားမြတ်ကို မျက်မှောက်ပြုကြကုန်ရာသည်။

၁၂၃၇-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၀-ရက်နေ့၊ ဒီပယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်္ခမြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် အမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ဝန်းသိုမြို့နေ ဒါယကာ မောင်ရွှေနီ-က ဝိနိစ္ဆယရာသီတွင်ပါသော ဝိသာခါသတို့သမီးကို ဓနဥ္ဇယသူဌေးကြီးက မှာသော ဩဝါဒါနုသာသန ဆုံးမမှာထား စကား ၁၀-ခွန်း-ဟု အမြွက်မျှပါသည်ကို သေချာစွာ သိမှတ်ပါရမည့်အကြောင်းနှင့် လျှောက်ထားချက်

[၆၅] "ဘုရားတပည့်တော် ဝန်းသိုမြို့ဇာတိ၊ ပဝတ္တိမန္တလေးမြို့တော်နေ တကာ ငရွှေနီ ခြေတော်ဦးခိုက် လျှောက်ပါသည်ဘုရား။

ဝိနိစ္ဆယရာသီမည်သော ဓမ္မသတ်ကျမ်း၊ ပဥ္စမပရိစ္ဆေဒတွင် မိဂါရသူဌေးသား ပုဉ္ဉဝမုန(ပုဏ္ဏဝမုန)နှင့် ဓနဥ္ဇယသူဌေးသမီး ဝိသာခါတို့ကို ထိမ်းမြားကြရာ ဓနဥ္ဇယသူဌေးက ဩဝါဒစကား ၁၀-ခွန်းဖြင့် သမီးဝိသာခါကို မှာလိုက်ကြောင်းနှင့် အမြွက်စကား မှာထားခဲ့သည့်အရာကို သရုပ်သန်ှနှင့်တကွ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်း ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စကားပါ ဒါယကာမောင်ရွှေနီ လျှောက်ချက်-

[၆၅] ဓနဥ္ဇယသူဌေးက သမီးဝိသာခါကို ဩဝါဒပေးလိုက်သည့် စကား ၁၀-ခွန်းဆိုသည်မှာ သာဝတ္ထိပြည်မှ ၇-ယူဇနာဝေးသော သာကေတပြည်တွင် ရာဇကြွယ်စီရင်စု၊ ဘဒ္ဒိယမြို့သား မေဏ္ဍကသူဌေးသား ဓနဥ္ဇယသူဌေးသည် သာဝတ္ထိပြည်သား မိဂါရသူဌေးသား ပုဉ္ဉဝမုနနှင့် သမီး-ဝိသာခါကို ဝိဝါဟမင်္ဂလာ ကြီးစွာ ပြုလုပ်အံ့သောငှာ ပသေနဒိကောသလမင်းကြီးနှင့်တကွ မြို့စောင့်, မြို့နေတို့ကို ချန်ခြင်း၍ ကြွင်းကျန်သမျှ၊ မောင်းမမိသံ၊ ခွေးရံမှုးမတ်၊ ရဲပတ်သိမ်းကျုံး၊ မြို့လုံးချီသွားကြ၍ ၄-လတိုင် စားသောက်နေထိုင်ပြီးမှ မင်းကြီးမှစ၍ များစွာသော ပဏ္ဏာကာရတို့ကို ဆက်သပေးကမ်းပြီးသော် သူဌေးကြီး မိဂါရ၏ အနီးတွင် သမီးဝိသာခါကို နေရာတိုက်ခန်းသို့ ခေါ်ပြီးမှ ၁၀-ခွန်းသော ဩဝါဒဖြင့် ဆုံးမလိုက်သည်ကား(ဓမ္မ၊၄၊၁။၂၅၁)-

၁။ အန္ဓော အဂ္ဂိ ဗဟိ န နီဟရိတဗ္ဗော၊ အိမ်တွင်းမီးကို ပြင်ပသို့ မထုတ်အပ်။

၂။ ဗဟိ အဂ္ဂိ အန္ဓော န ပဝိသိတဗ္ဗော၊ ပြင်ပက မီးကို အိမ်တွင်းသို့ မသွင်းအပ်။

၃။ ဒဒန္တဿေဝ ဒါတဗ္ဗံ၊ ပေးသောသူအားသာ ပေးအပ်၏။

http://www.dhammadownload.com

၄။ အဒန္ဓသော ဝ နဒါတဗ္ဗော၊ မပေးသောသူအား မပေးအပ်။

၅။ ဒဒန္ဓသာပိ အဒန္ဓသာပိ ဒါတဗ္ဗံ၊ ပေးသောသူ, မပေးသောသူအားလည်း ပေးအပ်၏။

၆။ သုခံ နိသီဒိတဗ္ဗံ၊ ချမ်းသာစွာ နေအပ်၏။

၇။ သုခံ ဘုဉ္ဇိတဗ္ဗံ၊ ချမ်းသာစွာ စားအပ်၏။

၈။ သုခံ နိပဇ္ဇိတဗ္ဗံ၊ ချမ်းသာစွာ အိပ်အပ်၏။

၉။ အဂ္ဂိ ပရိစာရိတဗ္ဗော၊ မီးကို လုပ်ကျွေးအပ်၏။

၁၀။ အန္ဓောဒေဝတာ နမဿိတဗ္ဗာ၊ အိမ်တွင်းနတ်ကို လေးမြတ်ကော်ရော် ပူဇော်အပ်၏။

ဤသို့ ပြည်သာကေတတွင် အဘ ဓနဥယသူဌေးကြီးက ဝိသာခါကို နေရာတိုက်ခန်းသို့ ခေါ်ပြီးမှ ၁၀-ခွန်းသော ဩဝါဒစကားဖြင့် မှာကြား ဆုံးမလိုက်ပြီးသည့်နောက် သာဝတ္ထိပြည်သို့ ရောက်သောကာလ နိရုဒကမခုပါယာသကို ယောက္ခမ မိဂါရသူဌေးကြီး တစ်ယောက်တည်း သုံးဆောင်သောခဏ၌ အညတြပိဏ္ဍပါတိကမထေရ်မြတ်သည် အပါးသို့ ရပ်လာရာ ယပ်လေပေး၍ ခစားလျက် အပါးတွင်နေရာ ရပ်သောအရှင်ကို မမြင်သကဲ့သို့ပင် မလျှချင်သောသဘောဖြင့် အဓောမုခ၊ မျက်နှာကို ချလျက် အသဒ္ဓိယအပသန္နလက္ခဏာကို ဝိသာခါ မြင်လေလျှင်–

"အရှင်ဘုရား၊ ကန်တော့ပါ၏။ မိဂါရ-မည်သော တပည့်တော်မ၏ ယောက္ခမ သူဌေးကြီးသည် ဟောင်းပြီးသော အစာကိုသာ စားပါသည်"ဟု လက်အုပ်ချီမြှောက်၍ လျှောက်သောကာလ မိဂါရသူဌေးသည် ဒေါသအမျက် ဟူးဟူးထွက်လျက် လက်ကို သိမ်းနုတ်၍ "ဤသူယုတ်မကို အိမ်က ထုတ်လေ။ မထေမဲ့မြင် မင်္ဂလာနေရာ၌ ဤအခါတွင် မစင်ကို စားသည်-ဟု ငါ့အား ပြက်ရယ်ကြည်ဆယ်ဘိသည်"ဟု ဆိုသော် "ကျွန်တော်မသည် သာမည မဟုတ်ခဲ့။ တကယ့်မိဘ ဓနဥယသူဌေး၏သမီး မိဂါရသူဌေးကြီး၏ချွေးမ-ဟု ပြည်ပ,ပြည်တွင်း ဇမ္ဗူချဉ်းအောင် သတင်းကြေညာလျက် မိဂါရသူဌေးချွေးမကို နှင်ထုတ်သည်-ဟု သတင်းပုပ်ဖြစ်ခဲ့လျှင် ပညာရှိဆင်ခြင်သော် သခင်လည်း မကောင်း ရှိရာသည်။

ဤသို့သော သဘောကို တွေးတောထောက်ဆလျက် ကျွန်တော်မ စကားမှားမည်, မှန်မည်ကို ဤသာဝတ္ထိသို့ လာသောကာလ အဘဓနဥယသူဌေးက သူဌေးကြီး ဓ-ယောက်တို့ထံ အပ်နှံလိုက်သော အရာလည်း ရှိပါသည်။ ဤစကားကို ကွဲပြားအောင် သုတ်သင်ပါစေ"ဟု ဆိုသောကာလ "ဤချွေးမသည် ငါ့အား ဟုတ်မှန်စွာ ဆိုပေသည်"ဟု သူဌေးကြီး ဓ-ယောက်တို့ကို ခေါ်စေ၍ သုတ်သင်စေက အနဝဇ္ဇဖြစ်၍ အပြစ်-ဟူသမျှသည် မိဂါရသို့သာ ကျရောက်လေလျှင် ယခင်ရှေးက ဓနဥယ-မည်သော သူဌေးသည် ချွေးမဝိသာခါသို့

http://www.dhammadownload.com

မှာထားလိုက်သော စကားကို ဆက်၍ အမြွက်ဆောင်ပြီးမှ ထိုလက်စကို မဂဂါရသူဌေးက ပြောသည်ကာလ ၁၀-ပါးသော ဩဝါဒကထာ၏ အဓိပ္ပါယ်ကို အကျယ်စကား ပြန်ကြား ဖြေဆိုသည်မှာကား –

၁။ မိဘ,ယောကျ္ဘမတို့၏ အပြစ်အာဒီနဝကို အပဖြစ်သော ကျေးကျွန်ပရိသတ်အား ထင်ရှားပြခြင်းသည် အတွင်းမီး၊ ထိုမီးကို ပြင်ပသို့ ထုတ်သဖြင့် မသင့်တင့်သော ဝိဝါဒအမနာပတို့သည် ဖြစ်တတ်လေရကား အခြားပြင်ပ၌ မိဘ, ယောကျ္ဘမတို့ အပြစ်ကို မဆိုခြင်းသည် အတွင်းမီးကို ပြင်ပသို့ မထုတ်ရာသော "**အန္တောအဂ္ဂိ ဗဟိ န နိ ဟရိတဗ္ဗော**"ဟူသော ပဌမစကား၏ အဓိပ္ပါယ်တည်း။

၂။ ကျေးကျွန်ပရိသတ်တို့၏ အပြစ်အာဒီနဝကို မိဘ,ယောကျ္ဘမတို့အား ထင်ရှားမပြမူ၍ ပြင်ပမီးကို အတွင်းသို့ မသွင်းရာသော "**ဗဟိအဂ္ဂိ အန္တော န ပဝိသိတဗ္ဗော** *(ပဝေသေတဗ္ဗော)*" ဟူသော ဒုတိယစကား အဓိပ္ပါယ်တည်း။

၃။ အကြင် အမှတ်မရှိသော သူတို့သည် တစ်စုံတစ်ခု ဝတ္ထုဘဏ္ဍာ ငှားရမ်းလာပြီးမှ ဥစ္စာရှင်ထံ ပြန်ပေးသောသူကိုသာ နောင်အခါ ထပ်မံ ပေးပြန်အပ်၏-ဟူသည်ကား "**ဒဒန္တဿေဝ ဒါတဗ္ဗံ**"ဟူသော တတိယစကား၏ အဓိပ္ပါယ်တည်း။

၄။ အကြင် အမှတ်မရှိသော သူတို့သည် တစ်စုံတစ်ခုသော ဝတ္ထုဘဏ္ဍာကို ငှားရမ်းလာပြီးမှ ဥစ္စာရှင်သို့ ထပ်မံ မပြန်မပေးသူတို့ကို နောင်ခါ ထပ်၍ မပေး,မငှားအပ်-ဟူသည်ကား "**အဒန္တဿေဝ န ဒါတဗ္ဗံ**"ဟူသော စတုတ္ထစကား၏ အဓိပ္ပါယ်တည်း။

၅။ ဖုန်းတောင်းယာစကာ, ဆွေဉာတိတို့မှာသော်ကား လက်စားမချေ၊ ပေးအပ်၏-ဟူသည်ကား "**ဒဒန္တဿာပိ အဒဒန္တဿာပိ ဒါတဗ္ဗံ**"ဟူသော ပဉ္စမစကား၏ အဓိပ္ပါယ်တည်း။

၆။ လင်သား, မိဘ, ယောကျ္ဘမတို့ လာရောက်လျှင် အဆောတလျင် ထဖွယ်မရှိ၊ ပကတိ နေရာ၌ ငြိမ်ဝပ်စွာ နေခြင်းသည် "**သုခံ နိသိဒိတဗ္ဗံ**"ဟူသော ဆဋ္ဌစကား၏ အဓိပ္ပါယ် တည်း။

၇။ လင်သား, မိဘ, ယောကျ္ဘမတို့ကို လုပ်ကျွေး၍ ရှေးဦးစွာ မစား,မသောက်ခြင်း၊ ကြွင်း ကျန်မှ စားခြင်းသည် "**သုခံ ဘုဉ္ဇိတဗ္ဗံ**"ဟူသော သတ္တမစကား၏ အဓိပ္ပါယ်တည်း။

၈။ လင်သား, မိဘ, ယောကျ္ဘမတို့ကို တုပ်ကွေ့ကော်ရော် ပူဇော်လေးမြတ် ဆည်းကပ်လုပ် ကျွေး အိပ်ရာ,နေရာကို ပေးပြီးမှ နောက်ချန်၍ အိပ်ခြင်းသည် "**သုခံ နိပန္နိတဗ္ဗံ**" ဟူသော အဋ္ဌမစကား၏ အဓိပ္ပါယ်တည်း။

http://www.dhammadownload.com

၉။ လင်သား, မိဘ, ယောကျ့မတို့ကို အဂ်ိဝန္ဒုပမာ လွန်စွာ ပူလောင်တတ်သော မီးပုံကြီး ကဲ့သို့ ရှိသေစွာ အလေးအမြတ် ပြုအပ်သည်ကား "အဂ်ိ ပရိစရိတမ္မော"ဟူသော နဝမစကား၏ အဓိပ္ပါယ်တည်း။

၁၀။ လင်သား, မိဘ, ယောကျ့မတို့ကိုသာ ကောင်းစွာလုပ်ကျွေး မွေးမြူမပြတ် အိမ်တွင်း နတ်ကဲ့သို့ လေးမြတ်ရာ၏-ဟူသည်ကား "အန္ဆော ဒေဝတာ နမဿိတမ္ဘော"ဟူသော ဒသမစကား၏ အဓိပ္ပါယ်တည်း။

ဤကဲ့သို့ သာကေတပြည့်ရှင်၊ ဓနဥယသူဌေးကြီးက သမီးဝိသာခါကို ကောင်းစွာ ဆုံးမလိုက်ကြောင်းကို အဂ်ံဋ္ဌရ၊ ဇကကနိပါတ်၊ အဋ္ဌကထာ။ ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ၈-ခုမြောက် သော ဝိသာခါဝတ္ထု (အံ၊၄၊၁၊၃၁-၃၂။ ဓမ္မ၊၄၊၁၊၂၄၂-၂၆၅)တွင် လာသည်။

၁၂၃၇-ခု၊ နတ်တော်လဆန်း၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

၎င်းပကိဏ္ဏကဝိသဇ္ဇနာကျမ်း စတုတ္ထပိုင်း၌ ပါရှိသော ပဉ္စာကထနအစဉ်

ပဌမပုစ္ဆာ၌ - စေတီ, ဆင်းတုနှင့် ဝေးသောအရပ်မှ တစ်စုံတစ်ခု ဝတ္ထုတို့ကို ပူဇော်လျှူ ဒါန်းရာ၌ ဒါန ဖြစ်မည်, မဖြစ်မည်။

ဒုတိယပုစ္ဆာ၌-ကျောင်းအာရာမ် ပြုလို၍ ထိုအရပ်ရှိ စေတီကို ထိုထိုအရပ်သို့ ရွှေ့ပြောင်း သင့်, မရွှေ့ပြောင်းသင့်။

တတိယပုစ္ဆာ၌- သုရာမေရယ အပြစ်ကြီးသည်, မုသာဝါဒ အပြစ်ကြီးသည် မေးလျှောက် ချက်။

စတုတ္ထပုစ္ဆာ၌- သုရာမေရယကို လျှာဖျား၌ ထိရုံကာမျှနှင့် သုရာမေရယသိက္ခာပုဒ် ပျက်, မပျက်။

ပဉ္စမပုစ္ဆာ၌ - ကေသရရာဇာခြင်္သေ့မင်းအကြောင်း။

ဆဋ္ဌမပုစ္ဆာ၌ - ငရဲပြည်တွင် ငရဲသား၊ ငရဲထိန်း ရှိ,မရှိအကြောင်း။

သတ္တမပုစ္ဆာ၌- စေတီ, ပုထိုးတွင် ပူဇော်သည့် မီးကို တစ်ဦးတစ်ယောက်က အဆောက် အဦတို့ကို မီးစွဲငြိမည်ကို စိုးရိမ်၍ ငြိမ်းစဲသည်ကို အပြစ်ရှိ,မရှိ။

http://www.dhammadownload.com

အဌမပုစ္ဆာ၌ - ပကိဏ္ဏကဝိသဇ္ဇနာတွင်ပါသော ဒါန, သီလ, ဘာဝနာ ဝေးသော အကြောင်း ဖြစ်ဟန်၊

နဝမပုစ္ဆာ၌ - ယခု လှူကြသော ဒါနသည် ဒိဋ္ဌဓမ္မ အကျိုး ပေး,မပေး။

ဒသမပုစ္ဆာ၌ - လှူဒါန်းပေးကမ်းသော ဒါယကာ မအား,မလပ်၍ အခြားသူကို စေခိုင်းရာ၌ မုဉ္စစေတနာ ဖြစ်မည်, မဖြစ်မည်။

ကောဒသမပုစ္ဆာ၌- အလှူခိုင်းသော ဒါယကာနှင့် စေခိုင်း၍ သွားရောက်လှူသော ဒါယကာ ၂-ဦးတို့တွင် မည်သူက အကျိုးကြီးမည်။

ဒွါဒသမပုစ္ဆာ၌ - သုရာမေရယကို တစ်ကြိမ် သောက်မှားရုံမျှနှင့် ကံထိုက်, မထိုက်၊ အပါယ်ပဋိသန္ဓေကို ပေး, မပေး။

တေရသမပုစ္ဆာ၌- သီချင်းသံကို ကြား၍ စျာန်ရကြောင်း။

စုဒ္ဒသမပုစ္ဆာ၌ - ရေကို ခိုးယူ၍ သောက်သောကြောင့် ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း။

ပန္နရသမပုစ္ဆာ၌ - မေထုန်ယျကို ရည်၍ ကိုယ်စားတော်စား ထုလုပ်ကိုးကွယ်ရာ၌ အကျိုးရှိ, မရှိ။

သောဠသမပုစ္ဆာ၌ -သေ ၄-ပါး, ရှင် ၄-ပါးတို့၏အကြောင်း။

သတ္တရသမပုစ္ဆာ၌- ဝတ္ထုပရိတ္တတာယ-စသော စကား မှန်မည်, မမှန်မည်။

အဋ္ဌာရသမပုစ္ဆာ၌- တိရစ္ဆာန်တို့မှာ ဒုစရိုက် ၁၀-ပါး ဖြစ်,မဖြစ်။

ဧကူနဝီသတိမပုစ္ဆာ၌- သူတော်ကောင်းတို့ အသက်ထက်ဆုံး နှလုံးသွင်းထားရန် နည်းဥပဒေသ။

ဝီသတိပုစ္ဆာ၌- ဓနဥယသူဌေးကြီးက သမီးဝိသာခါကို မှာထားလိုက်သော ဩဝါဒ ၁၀-ခွန်း၊

ယင်းသို့လျှင် လူ,ရှင်,ပရိသတ်တို့ မေးလျှောက်ကြသည့်အတိုင်း ယုံမှားသင်္ကာကင်းစိမ့်သောငှာ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုအပ်သော ပြီးပြွမ်းသော ဝိသဇ္ဇနာရှိသည်ဖြစ်၍ ပကိဏ္ဏကဝိသဇ္ဇနာမည်သော ကျမ်း၌ ၂၀-သော ဝိသဇ္ဇနာတို့နှင့် ပြည့်စုံသော **စတုတ္ထပရိစ္ဆေဒကား** ဤတွင်ရွေ့, အပြီးသတ်ပြီ။

★★★★★★★

http://www.dhammadownload.com

လုံးတော်ဆရာတော်

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

ပထမတွဲ၊ ၁။ (ပဉ္စမပိုင်း၊ ၅။)



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မြင်းမူရွာ၊ ဝါဆိုကျောင်းတိုက်နေ ရှင်ဝဏ္ဏ-က *၁၀-ပါးသီလကို လူတို့ စောင့်အပ်,မစောင့်အပ်၊ *၁၀-ပါးသီလကို စောင့်လျှင် မိမိအိမ်၌ ရှိသော ဥစ္စာပစ္စည်းများကို စွန့်အပ်,မစွန့်အပ်၊ *အိမ်၌ရှိသော ွေ့,ငွေကို သာယာသော် ၁၀-ပါးသီလ ပျက်,မပျက်၊ *၁၀-ပါးသီလသည် နိစ္စသီလ ဖြစ်မည်, မဖြစ်မည်ကို လျှောက်ထားချက်

[၆၆] "ဘုရားပည့်တော် မြင်းမူရွာ၊ ဝါဆိုကျောင်းတိုက်နေ ရှင်ဝဏ္ဏ ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား။

မြင်းမူရွာများမှာ–

(၁) ၁၀-ပါးသီလကို လူတို့ စောင့်အပ်,မစောင့်အပ်၊ ၁၀-ပါးသီလကို စောင့်လျှင် မိမိအိမ်၌ရှိသော ွေ့,ငွေကို အကုန်စွန့်ရမည်, မစွန့်ရမည်။ မိမိအိမ်၌ရှိသော ွေ့,ငွေကို သာယာသော် ၁၀-ပါးသီလ ပျက်, မပျက်၊

(၂) ၁၀-ပါးသီလသည် နိစ္စသီလ ဖြစ်သည်,မဖြစ်သည်။ ဤသို့ လူရဟန်းတို့ အယူဝါဒ ကွဲပြားကြပါသည်ဖြစ်၍ အသေအချာ နေရာကျကျ သန့်ရှင်းစွာ ချ၍ သိမှတ်ပါ

http://www.dhammadownload.com

ရအောင် ပါဠို, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမှ အများသတ္တဝါ သင်္ကာပျောက်ကင်း ယုံမှားရှင်းၗ ထင်လင်းစွာ သိသာနိုင်မည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

မြင်းမူရာ၊ ဝါဆိုကျောင်း ရှင်ဝဏ္ဏ လျှောက်ထားချက်–

[၆၆](၁) ၁၀-ပါးသီလ လူတို့ ဆောက်တည်အပ်ကြောင်း ဝိနိစ္ဆယ

အဝိဝါဒကရံ ဗုဒ္ဓံ၊ ဝိဝါဒစ္ဆေဒကံ ကရံ။
နမဿိတ္ဝာ ကရိဿာမိ၊ ဝိဝါဒစ္ဆေဒဒီပကီ။ ။

အဟံ၊ ငါသည်။ အဝိဝါဒကရံ၊ ဝိဝါဒမရှိကုန်သောသူတို့ကိုလည်း ဝိဝါဒ မရှိအောင် ပြုတော်မူတတ်သော။ ဝိဝါဒစ္ဆေဒကံ၊ ဝိဝါဒရှိကုန်သောသူတို့၏ ဝိဝါဒဖြတ်ခြင်းကို။ ကရံ၊ ပြုတော်မူတတ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿိတ္ဝာ နမာမိ၊ ရှိခိုးပါ၏။ နမဿိတ္ဝာ၊ ရှိခိုးပြီး၍။ ဝိဝါဒစ္ဆေဒဒီပကီ၊ ဝိဝါဒစ္ဆေဒဒီပကီမည်သော အဆုံးအဖြတ်ကို။ ကရိဿာမိ၊ ပြုပေအံ့။

ဤဝိဝါဒစ္ဆေဒဒီပကီမည်သော အဆုံးအဖြတ်၌ အချို့သည် ၈-ပါးသီလကို ဥပုသ်နေ့အထူး၌သာ စောင့်ထိန်းအပ်၏။ ကြွင်းသောနေ့၌ မစောင့်ထိန်းအပ်-ဟု အယူရှိကုန်၏။ အချို့လည်း ၁၀-ပါးသီလကို လူတို့ မဆောက်တည်အပ်-ဟု အယူရှိကုန်၏။ အချို့ ၁၀-ပါးသီလကို စောင့်လျှင် မိမိ၌ရှိသော ရွှေ,ငွေကို အကုန်စွန့်အပ်၏-ဟု အယူရှိကြကုန်၏။ အချို့လည်း ၁၀-ပါးသီလကို ခံယူပြီးမှ မိမိ၌ရှိရင်း ရွှေ,ငွေကို ကိုင်ခဲ့သော် ၁၀-ပါးသီလ မပျက်-ဟု အယူရှိကုန်၏။ အချို့လည်း ၁၀-ပါးသီလကို ခံယူပြီးမှ မိမိ၌ ရှိရင်း ရွှေ,ငွေကို သာယာလျှင်ပင် ၁၀-ပါးသီလ ပျက်၏-ဟု အယူရှိကုန်၏။ ထိုထိုဝါဒတို့ကို ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့နှင့် ညီနှိုင်း၍ အမျိုးသားတို့ ယုံမှားခပ်သိမ်း ကင်းငြိမ်းကြစေခြင်းငှာ ဝိဝါဒစ္ဆေဒဒီပကီမည်သော အဆုံးအဖြတ်ကို စီရင်ပေလတ္တံ့။

လူတို့ ကျင့်အပ်သော ဂဟဋ္ဌသီလတို့သည် ပဉ္စင်္သီလ, ဒသင်္သီလ, အဋ္ဌင်္ဂပေါသထသီလ, သုစရိတသီလ-ဟု ဆိုအပ်သော သုစရိုက်တရား ၁၀-ပါး အာဇီဝလျှင် ၈-ခု မြောက်သော အာဇီဝဋ္ဌမကသီလ, ကုသလကမ္မပထ ၁၀-ပါး-စသောအားဖြင့် များသော အပြားရှိ၏။ ထိုများသော အပြားရှိသော သီလတို့ကို လူတို့ ကျင့်အပ်သောကြောင့် ဂဟဋ္ဌသီလ-ဟု ဆိုအပ်၏။

http://www.dhammadownload.com

ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါး၊ အသက်ကို စင်ကြယ်စွာ မွေးမြူခြင်း တည်း-ဟူသော အာဇီဝပါရိသုဒ္ဓိကို ထည့်၍ ၈-ခုမြောက်သော အာဇီဝဋ္ဌမကသီလသည် ဖြစ်၏။ ထိုသီလတို့တွင် ပဉ္စင်္သီလကိုမူကား လူတို့သည် ဆောက်တည်လျှင် အကျိုးရှိ၏။ မဆောက်တည်လျှင် အပြစ်ရှိ၏။ ပဉ္စင်္သီလမရှိသော သူသည် ရှင်လျက်နှင့် သေသည်မည်၏။ မနုဿကစဝရ၊ လူအမှိုက်, သစ်ရွက်, တံမြက်ခြေးစုလည်း မည်၏။ ဦးခေါင်းမရှိသော သူနှင့်လည်း တူ၏။ ထို့ကြောင့် မကျိုးမပေါက် မပြောက်မကျားရအောင် ဆောက်တည်အပ်၏။ စွမ်းနိုင်သည်ရှိသော် အဋ္ဌင်္သီလ, ဒသင်္သီလကိုလည်း ဆောက်တည်အပ်၏။ ဆောက်တည်သောသူတို့အား ထူးသောအကျိုးကို ရ၏။ ထိုအဋ္ဌင်္သီလကို အခါခပ်သိမ်း စောင့်အပ်မည်လော။ **ပကတိစာရိတ္တဥပုသ်နေ့, ပစ္စုဂ္ဂမနဥပုသ်နေ့, အနုဂ္ဂမနဥပုသ်နေ့, ပါဋိဟာရိယဥပုသ်နေ့တို့၌သာ** စောင့်အပ်မည်လောဟူမူ အာစရိယဝိနိစ္ဆယတို့၌ကား စွမ်းနိုင်သည်ရှိသော် အခါခပ်သိမ်းပင် စောင့်အပ်၏။ အပြစ်မရှိ-ဟု ဆုံးဖြတ်တော်မူကုန်၏။

ထိုဆရာမြတ်တို့ အဆုံးအဖြတ်သည် ရာဇသုတ်အဋ္ဌကထာ၊ ရာဇသုတ်ဋီကာ၊ သုတ်မဟာဝါဋီကာ၊ သံယုတ်ဋီကာတို့နှင့် အညီအညွတ်ဆိုသော စကားဖြစ်သောကြောင့် အဋ္ဌကထာ,ဋီကာ အာဂုံအားဖြင့်လည်းကောင်း ကုသိုလ်မည်သည်ကို အခါခပ်သိမ်း ပြုအပ်၏။ အနဝဇ္ဇသုခဝိပါက သဘောဖြစ်၏-ဟူသော ယုတ္တိသဘောအားဖြင့်လည်းကောင်း သင့်မြတ်၏-ဟု မှတ်အပ်၏။ ထိုသို့ အခါခပ်သိမ်း စောင့်ရှောက်ဆောက်တည်အပ်သော အဋ္ဌင်္သီလသည် ဥပုသ်မည်ပါအံ့လော-ဟူမူကား ရာဇသုတ်အဋ္ဌကထာ၊ ရာဇသုတ်ဋီကာ၊ သံယုတ်ဋီကာတို့၌ လာသောအရာကို ထောက်သော် ဆိုအပ်ခဲ့ပြီးသော ပကတိစာရိတ္တ-ဥပုသ်နေ့, ပစ္စုဂ္ဂမနဥပုသ်နေ့, အနုဂ္ဂမနဥပုသ်နေ့မှ တပါးသော ၁-နှစ်ပတ်လုံး အလုံးစုံသော နေ့ရက်တို့၌ စောင့်ရှောက်ဆောက်တည်အပ်သော ဥပုသ်သည် **ပါဋိဟာရိယပက္ခဥပုသ်** မည်၏-ဟု မှတ်ရာ၏။

ရာဇသုတ်အဋ္ဌကထာ၊ ရာဇသုတ်ဋီကာ၊ သံယုတ်ဋီကာတို့၌ လာသော ပါဠိကား ဤသို့တည်း။

> ဥပေါသထံ ဥပဝသန္တီ'တိ မာသဿ အဋ္ဌ ဝါရေ ဥပေါသထင်္ဂါနိ အဓိဋ္ဌဟန္တိ၊ ပဋိမိ အဋ္ဌမိ စာတုဒ္ဒသိ ပန္နရသီတိ ဇဏ္ဏုပက္ခေ စတ္တာရော၊ တထာ ကာဠ ပက္ခေတိ ဝေဒိတဗ္ဗံ။ (အံ၊ဋ္ဌ၊၂။၁၂၂။ ထောက် ဝိသဒိသံ)
>
> **ပဋိဇာဂရောန္တီ'**တိ ပဋိဇာဂရဥပေါသထကမ္မံ နာမ ကရောန္တိ၊ တံ ကရောန္တာ ဧကသ္မိံ အမုမာသေ စတုန္နံ ဥပေါသထဒိဝသာနံ ပစ္စုဂ္ဂမနာနုဂ္ဂမနဝသေန ကရောန္တိ။ ပဋိမိဥပေါသထံ ပစ္စုဂ္ဂစ္ဆန္တာ စတုတ္ထိယံ ဥပေါသထိကာ ဟောန္တိ။ အနုဂစ္ဆန္တာ ဆဋ္ဌိယံ။

http://www.dhammadownload.com

အဋ္ဌမိဉ္စပေါသထံ ပစ္စုဂ္ဂစ္ဆန္တာ သတ္တမိယံ အနုဂစ္ဆန္တာ နဝမိယံ။ စာတုဒ္ဒသိဉ္စပေါသထံ ပစ္စုဂ္ဂစ္ဆန္တာ တေရသိယံ။ ပန္နရသိဉ္စပေါသထံ အနုဂစ္ဆန္တာ ပါဋိပဒေ ဉပေါသထိကာ ဟောန္တိ'တိ။ ဣဒဉ္စ ပါဋိဟာရိယပက္ခံ အကရောန္တသ္သ ဝသေန ဝုတ္တံ။ (ဤကား စတုမဟာရာဇသုတ်အဋ္ဌကထာ။ အံ၊၄၊၂။၁၂၂။ ထောက် ဝိသဒိသံ)

ထိုအဋ္ဌကထာကို ထောက်၍ အကြို,အပိုနှင့်တကွ ဆောက်တည်အပ်သော ပဋိဇာဂရဥပုသ်နေ့ကို သိရာ၏။

ပါဋိဟာရိယပက္ခော နာမ အန္တောဝဿေ တေမာသံ နိဗ္ဗတ္တပေါသထော။ တမ္ပိ အသက္ကောန္တဿ ဒွိန္နံ ပဝါရဏာနံ အန္တရေ ဧကမာသံ နိဗ္ဗတ္တပေါသထော။ တမ္ပိ အသက္ကောန္တဿ ပဌမပဝါရဏာတော ပဋ္ဌာယ ဧကော အမုမာသော ပါဋိဟာရိယ-ပက္ခောယေဝ နာမ။ (ဤသည်လည်း ရာဇသုတ်အဋ္ဌကထာ။ အံ၊၄၊၂။၁၂၃။ထောက် ဝိသဒိသံ)

နိဗ္ဗတ္တပေါသထော သံဝစ္ဆရေတိ ပါဋိဟာရိတဗ္ဗတ္တော ပဝတ္တေတဗ္ဗတော ပါဋိ-ဟာရိယပက္ခော နာမာတိ။ (ဤသည်လည်း ရာဇသုတ်ဋီကာ။အံ၊ဋီ၊၂။၁၁၈။ထောက် ဝိသဒိသံ)

အဋ္ဌင်္သီလမ္ပိ သဗ္ဗဒိဝသေသု သမာဒါတဗ္ဗံ။ (ဤကား မဟာဝါဋီကာ, သံယုတ်ဋီကာ)

ဝဿူပနာယိကာယ ပုရိမဘာဂေ အာသဠှိမာသော, အန္တောဝဿံ တယော မာသာ, ကတ္ထိကမာသောတိ ဣမေ ပဉ္စ မာသာ ပါဋိဟာရိယပက္ခောတိ ဝုစ္စန္တိ။

(ဤကား သုတ္တနိပါတ်အဋ္ဌကထာ။ ဒု၊ နှာ-၁၀၈)

ဤသို့ လာသော ပါဠိ, အဋ္ဌကထာ, ဋီကာ, ပါဠိတို့ကို ထောက်၍ အဋ္ဌင်္သီလကို အမြဲနေ့တိုင်း ဆောက်တည်အပ်သည်၏ အဖြစ်ကိုလည်းကောင်း ထိုသို့ အမြဲနေ့တိုင်း ဆောက်တည်အပ်သော အဋ္ဌင်္သီလ၏ ပါဋိဟာရိယပက္ခဥပုသ် မည်သည်၏အဖြစ်ကြောင့် လည်းကောင်း သိရာ၏။

"ဉပေါသထံ ဥပဝသန္တိ"တိ ဇတ္ထ၊ "ဥပေါသထံ ဥပဝသန္တိ"ဟူသော ဤပါဠိတော်၌ မာသဿ၊ လတိုင်း။ အဋ္ဌဝါရေ၊ ၈-ကြိမ်။ ဥပေါသထဂိါနိ၊ ဥပုသ်အဂိါတို့ကို။ အဓိဋ္ဌဟန္တိ၊ ဆောက်တည်ကုန်၏။ ပဉ္စမီ၊ ၅-ရက်မြောက်သောနေ့။ အဋ္ဌမီ၊ ၈-ရက်မြောက်သောနေ့။ စာတုဒ္ဒသီ၊ ၁၄-ရက်မြောက်သောနေ့။ ပန္နရသီ၊ ၁၅-ရက်မြောက်သောနေ့။ ဣတိ၊ သို့။ ဇုဏ္ဏပက္ခေ၊ လဆန်းပက္ခ၌။ စတ္တာရော၊ ၄-ရက်တို့။ ကာဠပက္ခေ၊ လဆုတ်ပက္ခ၌။ တထာ၊ ထို့အတူ။ စတ္တာရော၊ ၄-ရက်တို့။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

http://www.dhammadownload.com

"ပဋိဇာဂရောန္တီတိ ဇဏ္ဍ၊ ပဋိဇာဂရောန္တိ"ဟူသော ပါဠိတော်၌ ပဋိဇာဂရဉပေါသထ-ကမ္မံ နာမ၊ ပဋိဇာဂရဉပုသ်အမှု မည်သည်ကို။ ကရောန္တိ၊ ပြုကုန်၏။ တံ၊ ထိုပဋိဇာဂရဉပုသ်ကို။ ကရောန္တာ၊ ပြုကုန်သောသူတို့သည်။ ဇကသ္မိံ အမှုမာသေ၊ တခုသော လခွဲ၌။ စတုန္နံ၊ ၄-ပါးကုန်သော။ ဥပေါသထဒိဝသာနံ၊ ဥပုသ်နေ့တို့၏။ ပစ္ဆဋ္ဌ မနာနုဋ္ဌမနဝမေသု၊ အကြိုအပို တို့၏ အစွမ်းအားဖြင့်။ ကရောန္တိ၊ ပြုကုန်၏။ ပဉ္စမီဥပေါသထံ၊ ပဉ္စမီဥပုသ်ကို။ ပစ္စုဂ္ဂန္တ္ဘာ၊ ကြိုကုန်သောသူတို့သည်။ စတုတ္ထိယံ၊ ၄-ရက်မြောက်သောနေ့၌။ ဥပေါသထိကာ၊ ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနုဂစ္ဆန္တာ၊ ပိုကုန်သောသူတို့သည်။ ဆဋ္ဌိယံ၊ ၆-ရက်မြောက်သောနေ့၌။ ဥပေါသထိကာ၊ ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဋ္ဌမီ ဥပေါသထံ၊ အဋ္ဌမီဥပုသ်ကို။ ပစ္စုဂ္ဂန္တ္ဘာ၊ ကြိုကုန်သောသူတို့သည်။ သတ္တမိ-ယံ၊ ၇-ရက်မြောက်သောနေ့၌။ ဥပေါသထိကာ၊ ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အနုဂစ္ဆန္တာ၊ ပိုကုန်သောသူတို့သည်။ နဝမိယံ၊ ၉-ရက်မြောက်သောနေ့၌။ ဥပေါ-သထိကာ၊ ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ စာတုဒ္ဒသီဥပေါသထံ၊ စာတုဒ္ဒသီဥပုသ်ကို။ ပစ္စုဂ္ဂစ္ဆန္တာ၊ ကြိုကုန်သောသူတို့သည်။ တေရသိယံ၊ ၁၃-ရက်မြောက်သောနေ့၌။ ဥပေါသထိကာ၊ ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပန္နရသီဥ-ပေါသထံ၊ ပန္နရသီဥပုသ်ကို။ အနုဂစ္ဆန္တာ၊ ပိုကုန်သောသူတို့သည်။ ပါဠိပဒေ၊ အထွက် ၁-ရက်နေ့၌။ ဥပေါသထိကာ၊ ဥပုသ်ဆောက်တည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣဒဉ္စ၊ ဤဆို အပ်ပြီးသော စကားကိုလည်း။ ပါဠိဟာရိယပက္ခံ၊ ပါဠိဟာရိယဥပုသ်ကို။ အကရောန္တသ၊ မပြုသောသူ၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

ပါဠိဟာရိယပက္ခော နာမ၊ ပါဠိဟာရိယဥပုသ်မည်သည်ကား။ အန္တောဝဿေ၊ ဝါတွင်း၌။ တေမာသံ၊ ဝါတွင်း ၃-လပတ်လုံး။ နိဗဒ္ဓါပေါသထော၊ အမြဲဆောက်တည်အပ်သော ဥပုသ်သည်။ ဟောတိ၊ ဖြစ်၏။

တမ္မိ၊ ထိုဝါတွင်း ၃-လပတ်လုံး ဆောက်တည်ခြင်းကိုလည်း။ အသက္ကောန္တသ၊ မစွမ်းနိုင်သောသူအား။ ဒွိန္နံ ပဝါရဏာနံ၊ ၂-ခုသော ပဝါရဏာနေ့တို့၏။ အန္တရေ၊ အကြား၌။ ဇကမာသံ၊ ၁-လသည်။ နိဗဒ္ဓါပေါသထော၊ အမြဲဆောက်တည်အပ်သော ဥပုသ်သည်။ ဟောတိ၊ ၏။ တမ္မိ၊ ထိုတစ်လပတ်လုံး ဆောက်တည်ခြင်းကိုလည်း။ အသက္ကောန္တသ၊ မစွမ်းနိုင်သောသူအား။ ပဌမပဝါရဏာတော၊ ပဌမပဝါရဏာနေ့မှ။ ပဋ္ဌာယ၊ စ၍။ ဇကော၊ တစ်ခုသော။ အမှုမာသော၊ လခွဲသည်။ ပါဠိဟာရိယပက္ခော နာမ၊ ပါဠိဟာရိယဥပုသ်မည်သည်သာလျှင်။ ဟောတိ၊ ၏။

http://www.dhammadownload.com

နိဗ္ဗုပေါသထော၊ အမြဲမပြတ် ဆောက်တည်အပ်သော ဥပုသ်သည်။ သံဝစ္ဆရေပိ၊ ၁-နှစ်ပတ်လုံးလည်း။ ပါဋိဟာရိတပွတော ပဝတ္တေတပွတော၊ ကျင့်အပ်, ဖြစ်စေအပ်သော ကြောင့်။ ပါဋိဟာရိယပက္ခော နာမ၊ ပါဋိဟာရိယပက္ခာဥပုသ် မည်၏။

ဝဿူပနာယိကာယ၊ ဝါသို့ ကပ်သောနေ့မှ။ ပုရိမဘာဂေ၊ ရှေးအဖို့၌။ အာသဋ္ဌိ-မာသော၊ ဝါဆိုလလည်းကောင်း။ အန္တောဝဿံ၊ ဝါတွင်း၌။ တယော မာသာ၊ ၃-လတို့လည်းကောင်း။ ကတ္တိကမာသော၊ တန်ဆောင်မုန်းလလည်းကောင်း။ ဣတိ ဣမိနာ ပဘေ-ဒေန၊ ဤသို့သော အပြားအားဖြင့်။ ဣမေ ပဉ္စမာသာ၊ ဤ ၅-လတို့ကို။ ပါဋိဟာရိယ ပက္ခောတိ၊ ပါဋိဟာရိယဥပုသ်-ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဤသို့လာသော ပါဠို, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍–

- ၁-လ, ၈-ကြိမ် ဆောက်တည်အပ်သော ဥပုသ်သည် **ပကတိဥပုသ်** မည်၏။
- အကြို, အပိုနှင့်တကွ ၁-လလျှင် ရက်ပေါင်း ၂၀-ဆောက်တည်အပ်သော ဥပုသ်သည် **ပဋိဇာဂရဥပုသ်** မည်၏။
- လ-ခွဲ, ၁-လ, ၃-လ, ၄-လ, ၅-လ, ၁-နှစ်ပတ်လုံး မပြတ် ဆောက်တည်အပ်သော ဥပုသ်သည် **ပါဋိဟာရိယပက္ခဥပုသ်**မည်၏ဟူသော ဥပုသ် ၃-ပါးတို့၏အထူးကို ဆိုသော ကျမ်းစကားကို နှလုံးသွင်း၍ မှတ်ရာ၏။

ထို့ကြောင့် ၈-ပါးသီလကို ဥပုသ်နေ့အထူး၌သာ စောင့်ထိန်းအပ်၏။ ကြွင်းသော နေ့၌ မစောင့်ထိန်းအပ်-ဟူသော ဝါဒ၌ ထိုထိုနေမိဇာတ်ပါဠိတို့၌ အဋ္ဌမီ, ပန္နရသီ, စတုဒ္ဒသီ-စသော နေ့အထူးဖြင့် မှတ်၍သာ ဟောတော်မူသည်။

ငါတို့ဘုရားအလောင်း ယုန်မင်းဖြစ်စဉ်ကာလ၌ လကို ကြည့်၍ နေ့ရက်ကို မှတ်ပြီး လျှင် ဥပုသ်ဆောက်တည်တော်မူကြောင်းကို **'စန္ဒံ ဩလောကေတွာ"**စသည်ဖြင့် ဆိုသည်။

မဟာဇနကမင်းဖြစ်သောအခါလည်း နေ့ရက်ကို မှတ်၍ ဥပုသ်ဆောက်တည်တော်မူကြောင်းကို **"ဝေလံ ပန နိယမေတွာ"**စသည်ဖြင့် ဆိုသည်။

အဂုံတ္တိရ်၊ တိကနိပါတ်၊ ဒေဝဒူတဝဂ်၊ သုတ္တနိပါတ်အဋ္ဌကထာ-စသည်တို့၌–

> **ပဋိဇာဂရောန္တိ**တိ ပဋိဇာဂရဥပေါသထကမ္မံ နာမ ကရောန္တာ ဧကသ္မိံ အမုမာ-သေ စတုန္နံ ဥပေါသထဒိဝသာနံ ပစ္စုဂ္ဂမနာနုဂ္ဂမနဝသေန ကရောန္တိ။ ပဌမိဥပေါ-သထံ ပစ္စုဂ္ဂစ္ဆန္တာ စတုတ္ထိယံ ဥပေါသထိကာ ဟောန္တိ။ အနုဂစ္ဆန္တာ ဆဋ္ဌိယံ။ အဋ္ဌမီ-ဥပေါသထံ ပစ္စုဂ္ဂစ္ဆန္တာ သတ္တမိယံ၊ အနုဂစ္ဆန္တာ နဝမိယံ။ စတုဒ္ဒသီဥပေါသထံ

http://www.dhammadownload.com

ပစ္စုဂ္ဂစ္ဆန္တာ ထေရသိယံ၊ ပန္နရသီဥပေါသထံ အနုဂစ္ဆန္တာ ပါဋိပဒေ ဥပေါသထိကာ ဟောန္တိ။ (အံ၊ဋ္ဌ၊၂။၁၂၂)

ဟူသော အကြိုအပိုစောင့်သော ပဋိဇာဂရဥပုသ်ကိုလည်း နေ့အထူးကိုသာ မှတ်၍ ဆိုသည်။

ပါဋိဟာရိယပက္ခဉ္စာတိ ဇတ္ထု ပန ဝဿူပနာယိကာယ ပုရိမဘာဂေ အာသဋ္ဌိ-မာသော။ အန္တောဝဿံ တယော မာသာ။ ကတ္ထိကမာသောတိ ဣမေ ပဉ္စ မာသာ ပါဋိဟာရိယပက္ခောတိ ဝုစ္စန္တိ၊ အာသဋ္ဌိကတ္တိကဖဂ္ဂုဏမာသာ တယော ဇဝါတိ အပရေ။ ပက္ခုပေါသထဒိဝသာနံ ပုရိမပစ္ဆိမဒိဝသဝသေန ပက္ခေ ပက္ခေ တေရသီ-ပါဋိပဒသတ္တမီနဝမီသင်္ခါတာ စတ္တာရော ဒိဝသာတိ အပရေ၊ ယံ ဂုဗ္ဘတိ၊ တံ ဂဟေတဗ္ဗံ။ – (သုတ္တနိ၊ဋ္ဌ၊၂။၁၀၈)

ဟူ၍ ပါဋိဟာရိယ-ဟူသော ပဋိဇာဂရဥပုသ်ကိုလည်း နေ့အထူးဖြင့် မှတ်၍ ဆိုသည်။ ပါဋိဟာရိယ-ဟူသည်နှင့် ပဋိဇာဂရ-ဟူသည် အမည်သာ ထူး၏။

အဋ္ဌမီဥပေါသထဿ ပစ္စုဂ္ဂမနာနုဂ္ဂမနဝသေန သတ္တမိယဉ္စ နဝမိယဉ္စ စတုဒ္ဒသိပန္နရသိနံ ပစ္စုဂ္ဂမနာနုဂ္ဂမနဝသေန တေရသိယဉ္စ ပါဋိပဒေ စာတိ ဣမေ ဒိဝသာ ပါဋိဟာရိယပက္ခာတိ ဝေဒိတဗ္ဗာ။ – (မ၊ဋ္ဌ၊၃။၂၁၄)

ဟူ၍ မဇ္ဈိမပဏ္ဏာသ, မယဒေဝသုတ်၊ အဋ္ဌကထာ လာသည်နှင့် ယခင်အဂုံတ္တိရ်၊ တိကနိပါတ်, ဒေဝဒူတဝဂ်၊ အဋ္ဌကထာ(အံ၊ဋ္ဌ၊၂။၁၂၂) လာသည်ကို ညှိ။ အဂုံတ္တိရ်၊ တိကနိပါတ်၊ ဒေဝဒူတ ဝဂ်၊ အဋ္ဌကထာ၌လည်း–

ပါဋိဟာရိယပက္ခော နာမ အန္တောဝဿေ တေမာသံ နိဗဒ္ဓုပေါသထော။ တံ အသက္ကောန္တဿ ဒွိန္နံ ပဝါရဏာနံ အန္တရေ ဧကမာသံ နိဗဒ္ဓုပေါသထော။တမ္ပိ အသက္ကောန္တဿ ပဌမပဝါရဏတော ပဋ္ဌာယ ဧကော အမုမာသော ပါဋိဟာရိယပက္ခောယေဝ နာမ။ (အံ၊ဋ္ဌ၊၂။၁၂၃)

ဟူ၍ လာသည်။

ထို့ကြောင့် ဥပုသ်နေ့ရင်း နေ့ကြီးမှတပါး အခြားနေ့၌ စောင့်အပ်သော ဥပုသ်-ဟူသမျှကို ပါဋိဟာရိယဥပုသ်-ဟူ၍လည်း ဆိုသင့်၏-ဟု မှတ်ရာ၏။ ယကွသံယုတ်အဋ္ဌ-ကထာ၌လည်း–

ပါဋိဟာရိယပက္ခဉ္စာတိ မနုဿာ "အဋ္ဌမီဥပေါသထဿ ပစ္စုဂ္ဂမနဉ္စ အနုဂ္ဂမ-နဉ္စ ကရိဿာမာ"တိ သတ္တမိယာပိ နဝမိယာပိ ဥပေါသထင်္ဂါနိ သမာဒိယန္တိ။

http://www.dhammadownload.com

စတုဒ္ဒသီပန္နရသီနံ ပစ္ခဂ္ဂမနာ'နုဂ္ဂမနံ ကရောန္တာ တေရသိယာပိ ပါဋိပဒေပိ သမာဒိယန္တိ။ "ဝဿာဝါသဿ အနုဂ္ဂမနံ ကရိဿာမာ"တိ ဒွိန္နံ ပဝါရဏာနံ အန္တရေ အဒ္ဓမာသေ နိဗဒ္ဓပေါသထိကာ ဘဝန္တိ။ ဣဒံ သန္ဓာယ ဝုတ္တံ ပါဋိဟာရိယပက္ခဉ္စာတိ။

(သံ၊ဋ္ဌ၊၁။ ၂၈၁။ သာနုသုတ်။ သုတ္တနိ၊ဋ္ဌ၊၂။၁၀၈)ဟူ၍ ဆိုအပ်၏။

(ပါဋိဟာရိယပက္ခဉ္စာတိ ဧတ္ထ ပန၊ ပါဋိဟာရိယပက္ခဉ္စ-ဟူသော ဤပါဠိဉ်ဂ်ကား 'ဝဿူပနာယိကာယ'-မှစ၍ 'ဝုစ္စန္တိ'-တိုင်အောင်ကား ရှေးနည်းနှင့် တူ၏။ ဤကျမ်းနှာ ၅၁၁-ကြည့်)

အပရေ၊ အချို့ဆရာတို့သည်။ အာသဠှိကတ္တိကဖဂ္ဂုဏမာသာ၊ ဝါဆို, တန်ဆောင်မုန်း, တပေါင်းလ-ဟု ဆိုအပ်ကုန်သော။ တယော ဧဝ၊ ၃-လတို့သည်သာလျှင်။ ပါဋိဟာရိယပက္ခော၊ ပါဋိဟာရိယပက္ခ မည်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

အပရေ ပန၊ အချို့ဆရာတို့သည်ကား။ ပက္ခ'ပေါသထဒိဝသာနံ၊ လဆန်း, လဆုတ် ပက္ခ ဥပုသ်နေ့တို့၏။ ပုရိမပစ္ဆိမဒိဝသဝသေန၊ ရှေ့ရက်, နောက်ရက်တို့၏ အစွမ်းအားဖြင့်။ ပက္ခေ ပက္ခေ၊ ပက္ခတိုင်း,ပက္ခတိုင်း။ တေရသီပါဋိပဒသတ္တမီနဝမီသခ်ီတာ၊ ၁၃-ရက်, အထွက် ၁-ရက်, ၉-ရက်-ဟု ဆိုအပ်ကုန်သော။ စတ္တာရော ဒိဝသာ၊ ၄-ရက်တို့သည်။ ပါဋိဟာရိယပက္ခော၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ယံ၊ အကြောင်ဝါဒကို။ ရုစ္စတိ၊ နှစ်သက်၏။ တံ၊ နှစ်သက်သော ဝါဒကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

အဒ္ဓမီဥပေါသထဿ၊ အဒ္ဓမီဥပုသ်နေ့ကို။ ပစ္ခဂ္ဂမနာနုဂ္ဂမနဝသေန၊ အကြို,အပို၏ အစွမ်းအားဖြင့်။ သတ္တမိယဉ္စ၊ ၇-ရက်မြောက်သောနေ့၌လည်းကောင်း။ နဝမိယဉ္စ၊ ၉-ရက်မြောက်သောနေ့၌လည်းကောင်း။ စတုဒ္ဒသီပန္နရသီနံ၊ စတုဒ္ဒသီ,ပန္နရသီဥပုသ်နေ့တို့ကို။ ပစ္ခဂ္ဂမနာနုဂ္ဂမနဝသေန၊ အားဖြင့်။ တေရသိယဉ္စ၊ ၁၃-ရက်မြောက်သောနေ့၌လည်းကောင်း။ ပါဋိပဒေ စ၊ အထွက် ၁-ရက်နေ့၌လည်းကောင်း။ ဣတိ ဣမေ ဒိဝသာ၊ ဤရက်တို့ကို။ ပါဋိဟာရိယပက္ခာတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

('ပါဋိဟာရိယပက္ခော နာမ'-က စ၍ 'ပါဋိဟာရိယပက္ခောယေဝ နာမ'-တိုင်အောင် အနက် ရှေးနည်းတူ။ ဤကျမ်း၊ နှာ ၅၁၀-ကြည့်။)

ပါဋိဟာရိယပက္ခဉ္စာတိ ဧတ္ထ၊ ပါဋိဟာရိယပက္ခဉ္စ-ဟူသော ပါဋိတော်၌။ မနုဿာ၊ လူတို့သည်။ အဒ္ဓမီဥပေါသထဿ၊ အဒ္ဓမီဥပုသ်ကို။ ပစ္ခဂ္ဂမနဉ္စ၊ ကြိုခြင်းကိုလည်းကောင်း။ အနုဂ္ဂမနဉ္စ၊ ပိုခြင်းကိုလည်းကောင်း။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ သတ္တမိယာပိ၊ ၇-ရက်မြောက်သော နေ့၌လည်းကောင်း။ နဝမိယာပိ၊ ၉-ရက်မြောက်သော နေ့၌လည်းကောင်း။ ဥပေါသထဂ်ါနိ၊ ဥပုသ်အင်္ဂါတို့ကို။ သမာဒိယန္တိ၊ ဆောက်တည်ကုန်၏။

http://www.dhammadownload.com

စတုဒ္ဒသီပန္နရသီနံ၊ စတုဒ္ဒသီ,ပန္နရသီဥပုသ်တို့ကို။ ပစ္စုဂ္ဂမနာ'နုဂ္ဂမနံ၊ ကြိုခြင်း, ပို့ခြင်းကို။ ကရောန္တာ၊ ပြုလိုကုန်သော သူတို့သည်။ တေရသိယာပိ၊ ၁၃-ရက်မြောက်သော နေ့၌လည်းကောင်း။ ပါဋိပဒေပိ၊ အထွက် ၁-ရက်နေ့၌လည်းကောင်း။ သမာဒိယန္တိ၊ ဆောက်တည်ကုန်၏။ ဝဿာဝါသဿ၊ ဝါဆိုလကို။ အနုဂ္ဂမနံ၊ ပို့ခြင်းကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဒ္ဝိန္နံ ပဝါရဏာနံ၊ ပဝါရဏာ ၂-ရက်တို့၏။ အန္တရေ၊ အကြား၌။ အဒ္ဓမာသေ၊ လ-ခွဲ၌။ နိဗဒ္ဓါ'ပေါသထိကာ၊ အမြဲ ဥပုသ်စောင့်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကို။ သန္ဓာယ၊ ရည်၍။ ပါဋိဟာရိယပက္ခဉ္စာတိ၊ ပါဋိဟာရိယပက္ခ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ပကိဏ္ဏကနိပါတ်၊ သုရုစိဇာတ်အဋ္ဌကထာ(ဇာ၊၁၊၂၈၉။ ဇာ၊ဋ္ဌ၊၃၊၃၂။ ထောက် ဝိသဒိသဲ)၌–

စတုဒ္ဒသီ ပဉ္စဒသီ၊ ယာ စ ပက္ခဿ အဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌင် သုသမာဟိတံ။
ဥပေါသထံ ဥပဝသိ၊ သဒါ သီလေသု သံဝုတာ။ ။

ဧတေန သစ္စဝဇ္ဇေန၊ ပုတ္တော ဥပ္ပဇ္ဇတု ဣသေ။
မုသာ မေ ဘာဏမာနာယ၊ မုဒ္ဓါ ဖလတု သတ္တဓာ။ ။

ဟူသော သုမေဓာမိဖုရား သစ္စာပြုသော ဂါထာတွင် ပါဋိဟာရိယပက္ခဉ္စ-ဟူသော ပါဠိတော် အဖွင့်၌–

ပါဋိဟာရိယပက္ခဉ္စာတိ ပဉ္စမီအဋ္ဌမီစတုဒ္ဒသီပန္နရသီနံ ပစ္စုဂ္ဂမနာ'နုဂ္ဂမနဝသေန စတ္တာရော ဒိဝသာ လဒ္ဓာတိ၊ သဒါတိ နိစ္စကာလံ။ သီလေသူတိ ပဉ္စသု သီလေသု-

ဟု လာ၏။

စတုဒ္ဒသီ၊ ၁၄-ရက်မြောက်သော နေ့၌လည်းကောင်း။ ပဉ္စဒသီ၊ ၁၅-ရက်မြောက်သော နေ့၌လည်းကောင်း။ ပက္ခဿ၊ လဆန်းပက္ခ, လဆုတ်ပက္ခ၏။ ယာ စ အဋ္ဌမီ၊ အကြင် ၈-ရက်မြောက်သော နေ့၌လည်းကောင်း။ ပါဋိဟာရိယပက္ခဉ္စ၊ ပါဋိဟာရိယပက္ခ ဥပုသ်နေ့၌လည်းကောင်း။ ဣသေ၊ ဤဆိုအပ်ခဲ့ပြီးသော နေ့တို့၌။ အဋ္ဌင်၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော သီလကို။ သုသမာဟိတံ၊ ကောင်းစွာ ဆောက်တည်အပ်၏။

ဥပေါသထံ၊ ဥပုသ်ကို။ ဥပဝသိ၊ သုံး၏။ သဒါ၊ အခါမပြတ်။ သီလေသု၊ ၅-ပါးသီလတို့၌။ သံဝုတာ၊ စောင့်ရှောက်အပ်၏။ ဣသေ၊ ရှင်ရသေ့။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ဟုတ်မှန်သော စကားကြောင့်။ မေ၊ ငါ့အား။ ပုတ္တော၊ သားသည်။ ဥပ္ပဇ္ဇတု၊ ဖြစ်စေသတည်း။

http://www.dhammadownload.com

မုသာ၊ မုသားချွတ်ယွင်းသော စကားကို။ ဘဏမာနာယ၊ ဆိုသော။ မေ၊ ငါ့အား။ ဝါ၊ ငါ၏။ မုဒ္ဓါ၊ ထိပ်သည်။ သတ္တမာ၊ ၇-ဖြာ။ ဖလတု၊ ကွဲစေသတည်း။

ပါဠိဟာရိယပက္ခဉ္စာတိ၊ ပါဠိဟာရိယပက္ခဉ္စ-ဟူသည်ကား။ ပဋ္ဌမိ အဌမိ စတုဒ္ဒသိ ပန္နရသီနံ၊ ၅-ရက်, ၈-ရက်, ၁၄-ရက်, ၁၅-ရက်တို့၏။ ဝါ၊ တို့ကို။ ပစ္ဆုဂ္ဂမနာနုဂ္ဂမနဝသေန၊ အကြို, အပိုတို့၏ အစွမ်းအားဖြင့်။ စတ္တာရော ဒိဝသာ၊ ၄-ရက်တို့ကို။ လဇ္ဇတိ၊ ရအပ်၏။ သဒါတိ၊ သဒါ-ဟူသည်ကား။ နိစ္စကာလံ၊ အခါမပြတ်။ သီလေသူတိ၊ သီလေသု-ဟူသည်ကား။ ပဋ္ဌသု သီလေသု၊ ၅-ပါးသော သီလတို့၌။

ဤသို့ ပါဠို,အဋ္ဌကထာတို့၌ နှေ့ရက်ပိုင်းခြား၍သာ လာကုန်၏။ ထိုသို့ပင် လာသည်ဖြစ်စေ မြတ်စွာဘုရားသည် "ဤ ၈-ပါးသော သီလကို ဤနေ့၌သာ စောင့်ထိန်းကြစေ"ဟု ပညတ်တော်မူသောအရာ မဟုတ်။ စင်စစ်သော်မူကား "၈-ပါးသီလကို စောင့်ထိန်းအပ်၏" ဟူ၍သာ ပညတ်တော်မူသည်။ လူတို့ကသာ မိမိတို့ တတ်အားသမျှ အခွင့်ကို မျှော်၍ "ဤနေ့,ဤရက် စောင့်ထိန်းကုန်အံ့"ဟု ပညတ်ကြကုန်၏။

ထို့ကြောင့် ပါဠိဟာရိယဥပုသ်နေ့၌ အသီးသီး အထွေထွေ ရှိကြကုန်၏။ လူတို့ တတ်အားသည်သာ ပမာဏတည်း။ ကုသိုလ်ဟူသမျှကိုလည်း မည်သည့်ကာလ၌ ပြုအပ်၏၊ မည်သည့်ကာလ၌ မပြုအပ်-ဟူ၍ လူတို့အား ဘုရားပညတ်တော်မူသောအရာ မထင်။ ကထိန်သင်္ကန်း-စသည်တို့၌ကား ရဟန်းတို့နှင့် စပ်၍သာ ကာလကို ပိုင်းခြား၍ ပညတ်တော်မူသည်။ 'ကာလေန ဓမ္မသဝနံ'-စသည်တို့၌လည်း လူတို့ တတ်အားသော ကာလကိုသာ ရည်၍ ဟောတော်မူသည်။ တသက်ပတ်လုံး တတ်အားသည်ရှိသော် တရားတော်ကို နာအပ်သည်သာ။ ပြုအပ်သော ကာလ၌ မပြု၊ မပြုအပ်သော ကာလ၌ ပြုခြင်းကြောင့် ကုသိုလ်သည် အကျိုးကို မရှိစေဘဲ မရှိရာ။ ထို့ကြောင့် အမှတ်မရှိသောနေ့၌ပင် ဥပေါသထသီလကို စောင့်အပ်၏-ဟူ၍ ဆုံးဖြတ်ရာ၏။

"ပုဏ္ဏသူဌေး၏သမီး ဥတ္တရာသည် မိမိလင်ဖြစ်သော သူဌေးသားအား 'ဝါတွင်း ၃-လပတ်လုံး ဥပုသ်စောင့်လိုပါသည်'-ဟု တောင်းပန်သော်လည်း အခွင့်ကို မရ၍ ၂-လခွဲလွန်မှ 'ဤလခွဲ၌ ငါကား ဥပုသ်စောင့်မည်'-ကြံပြီးလျှင် သီရိမာမည်သော ပြည့်တန်ဆာမကို အရာထား၍ ဥပုသ်လခွဲ စောင့်၏"ဟု ဧကနိပါတ်၊ အင်္ဂုတ္တိရ်အဋ္ဌကထာ၌ လာသည်လည်း ပါဠိဟာရိယဥပုသ်တည်း။ ပြုအပ်သောကိစ္စကို ပြုခြင်းကြောင့် နိုးကြားသည် မည်၏။ ထို့ကြောင့် ပဋိဇာဂရ မည်၏-ဟု အနက်ကို မှတ်အပ်၏။

ထို့ကြောင့် အင်္ဂုတ္တိရ်၊ ဒေဝဒူတဝဂ်ဋီကာ (စတုမဟာရာဇသုတ်)၌—

http://www.dhammadownload.com

ပုညံ ကရောန္တော ဟိ သတ္တာ ဇာဂရောန္တီ နာမ ကတ္တဗ္ဗကိစ္စပသုတတ္တာ။ ဣတရေ-သု ပန သုပန္တီ နာမ၊ သဟိတပရဟိတဝိမုတ္တတ္တာ–

ဟူ၍ မိန့်တော်မူအပ်သတည်း။ (အံ၊ဥ၊၂။၁၁၇)

ဟိ၊ သင့်စွ။ ပုညံ၊ ကောင်းမှုကို။ ကရောန္တာ၊ ပြုကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဇာဂရောန္တီ နာမ၊ နိုးသည် မည်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ကတ္တဗ္ဗကိစ္စ-ပသုတတ္တာ၊ ပြုအပ်သောကိစ္စ၌ လေ့ကျက်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ဣတရေသု ပန၊ ဤမှ တပါးသော လူတို့၌ကား။ ဝါ၊ ဤမှ တပါးသော ကာလတို့၌ကား။ သုပန္တီ နာမ၊ အိပ်သည် မည်ကုန်၏။ ကသ္မာ၊ ကား။ သဟိတပရဟိတဝိမုတ္တတ္တာ၊ မိမိ အကျိုးစီးပွါး, သူတပါး အကျိုးစီးပွါးမှ လွတ်သည်၏အဖြစ်ကြောင့်တည်း။ (အဖန်တလဲလဲ ဖြစ်စေအပ်သော ကြောင့် ပါဠိဟာရိယ မည်၏-ဟု အနက်သဘောကို မှတ်အပ်၏။) ထို့ကြောင့် –

သံဝစ္ဆရေပိ ပဋိဟာရိတဗ္ဗတော ပဝတ္တေတဗ္ဗတော ပါဋိဟာရိယပက္ခော နာမ။

ဟု ဋီကာ၌ မိန့်သတည်း။ (အံ၊ဥ၊၂။၁၁၈)

ပန္နရသီ-စသော ဥပုသ်သည် ပဋိဇာဂရ ပါဋိဟာရိယ မည်သင့်ပါမည်, မမည်သင့်ပါ မည်လော-ဟူငြားအံ့။ **'ဂစ္ဆတီတိ ဂေါ'**-စသည်တို့၌ကဲ့သို့ အထင်ရှိဋ္ဌိ ဖြစ်သင့်ရကား မမည် သင့်-ဟူပေ။

သံဝစ္ဆရေပိ၊ ၁-နှစ်ပတ်လုံးလည်း။ ပဋိဟာရိတဗ္ဗတော ပဝတ္တေတဗ္ဗတော၊ ဖြစ်စေ အပ်သောကြောင့်။ ပါဋိဟာရိယပက္ခော နာမ၊ ပါဋိဟာရိယပက္ခဥပုသ် မည်၏။

စတုဒ္ဒသီဥပုသ်၌ အပိုကို မရသကဲ့သို့ ပန္နရသီဥပုသ်၌လည်း အကြို မရသင့်။ အဘယ်ကြောင့်နည်းဟူမူကား နေ့-မရှိသောကြောင့်တည်း။ ထို့ကြောင့် ဎင်းဋီကာ၌–

စတုဒ္ဒသီဥပေါသထဿ အနုဂ္ဂမနံ ဝိယ ပန္နရသီဥပေါသထဿ ပစ္ဆုဂ္ဂမနံ န လဘတိ၊ ဒိဝသာ'ဘာဝတော။

(အံ၊ဥ၊၂။၁၁၇)ဟူ၍ မိန့်အပ်၏။

စတုဒ္ဒသီဥပေါသထဿ၊ စတုဒ္ဒသီဥပုသ်၌။ အနုဂ္ဂမနံ၊ အပိုကို။ န လဘတိ ဝိယ၊ မရသကဲ့သို့။ ပန္နရသီဥပေါသထဿ၊ ပန္နရသီဥပုသ်၌။ ပစ္ဆုဂ္ဂမနံ၊ အကြိုကို။ န လဘတိ၊ မရ။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဒိဝသာ'ဘာဝတော၊ နေ့-မရှိသောကြောင့်တည်း။

ဤတွင်ရှေ့ ၈-ပါးသီလကို ဥပုသ်နေ့အထူး၌သာ စောင့်ထိန်းအပ်၏။ ကြွင်းသော နေ့တို့၌ မစောင့်ထိန်းအပ်-ဟု အယူရှိသောသူတို့၏ ဝိဝါဒဝိနိစ္ဆယ ပြီး၏။

http://www.dhammadownload.com

၁၀-ပါးသီလကို လူတို့ မဆောက်တည်အပ်-ဟူသော၀ါဒ၌ အဘိဓာနပ္ပဒီပိကာ ဋီကာ(နှာ-၂၉၁-၂)ပါဠိကို ရှေးဦးစွာ ဆောင်၍ ပြအံ့။

သော ဟိ ဂိဟီနံ တီသု သရဏေသု ပဉ္စသု သီလေသု ဒသသု သီလေသု မာတာပိတုဋ္ဌာနေ ဓမ္မိကသမဏာပြာဟ္မဏူပဋ္ဌာနေတိ ဧဝံ'မာဒီသု ကလျာဏ-ဓမ္မေသု နိယောဇနေန ဗဟူပကာရော၊ တသ္မိ မိစ္ဆာပဋိပန္နော ဂိဟိ ဘိက္ခုသံယံ အက္ကောသိတွာ နိရယာဒီသု နိဗ္ဗတ္တတိ။ တသ္မာ သောပိ ပုရိမနယေနေဝ အနု-ဒဟနဋ္ဌေန ဒက္ခိဏေယျဂ္ဂိတိ ဝုတ္တော။ ကဋ္ဌတော နိဗ္ဗတ္တော ပါကတိကောဝ ကဋ္ဌဂ္ဂိ နာမာတိ ဝုတ္တော။ (အံ၊ဋ္ဌ၊၃။၁၆၅-၆)

ဟိ ဝိတ္ထာရေမိ၊ အကျယ်ဆိုဦးအံ့။ သော၊ ထိုရဟန်းသံယာသည်။ ဂိဟီနံ၊ လူတို့ အား။ တီသု၊ ၃-ပါးကုန်သော။ သရဏေသု၊ သရဏဂုံတို့၌လည်းကောင်း။ ပဉ္စသု၊ ၅-ပါး ကုန်သော။ သီလေသု၊ သီလတို့၌လည်းကောင်း။ ဒသသု၊ ကုန်သော။ သီလေသု၊ တို့၌လည်း ကောင်း။ မာတာပိတုဋ္ဌာနေ၊ မိဘတို့၏အရာ၌လည်းကောင်း။ ဓမ္မိကသမဏာပြာဟ္မဏူပဋ္ဌာ-နေ၊ တရားနှင့် လျော်သော ရဟန်း,ပုဏ္ဏားတို့ကို ဆည်းကပ်ခြင်း၌လည်းကောင်း။ ဣတိ၊ ဤသို့။ ဧဝမာဒီသု၊ ဤသို့ အစရှိုကုန်သော။ ကလျာဏဓမ္မေသု၊ ကောင်းသော တရားတို့၌။ နိယောဇနေန၊ တိုက်တွန်းသဖြင့်။ ဝါ၊ တည်စေသဖြင့်။ ဗဟူပကာရော၊ များသော ကျေးဇူး ရှိ၏။ တသ္မိ၊ ထိုရဟန်းသံယာ၌။ မိစ္ဆာ၊ မှားသောအားဖြင့်။ ပဋိပန္နော၊ ကျင့်သော။ ဂိဟိ၊ လူသည်။ ဘိက္ခုသံယံ၊ ရဟန်းသံယာကို။ အက္ကောသိတွာ၊ ဆဲရေး၍။ (ပရိဘာသိတွာ-ဟူ၍ လည်း အချို့မှာ ရှိကြ၏။ ပရိဘာသိတွာ၊ မြည်တွန်တောက်တီး၍။) နိရယာဒီသု၊ ငရဲ-စသည်တို့ ၌။ ယသ္မာ၊ ကြောင့်။ နိဗ္ဗတ္တတိ၊ ၏။ တသ္မာ၊ ကြောင့်။ သောပိ၊ ထိုရဟန်းသံယာကိုလည်း။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ အနုဒဟနဋ္ဌေန၊ လောင်တတ်သော အနက် ကြောင့်။ ဒက္ခိဏေယျဂ္ဂိတိ၊ ဒက္ခိဏေယျဂ္ဂိ-ဟူ၍။ ဝုတ္တော၊ ၏။ ကဋ္ဌတော၊ ထင်းမှ။ နိဗ္ဗတ္တော၊ ဖြစ်သော။ ပါကတိကောဝ၊ ပကတိသော မီးသည်သာ။ ကဋ္ဌဂ္ဂိ နာမ၊ ကဋ္ဌဂ္ဂိ-မည်၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်၏။

'ဂိဟီနံ တီသု သရဏေသု ပဉ္စသု သီလေသု ဒသသု သီလေသု'-စသော စကားဖြင့် **လူတို့အား ၁၀-ပါးသီလကို စောင့်အပ်၏**-ဟူသော အနက်သဘောသည် အလွန်ထင်ရှား၏။ ဤမှတပါးသော သာဓက မရှိပြီလော-ဟူငြားအံ့။

ဣမာနိ ပန ဒသ သိက္ခာပဒါနိ ဂဟဋ္ဌာနံ သာဓာရဏာနိ။

ဟူ၍လည်းကောင်း

http://www.dhammadownload.com

ဧဟေယေဝ ဗုဒ္ဓသာသနံ အနုယုဉ္ဇာတိ နိစ္စသီလန္တိ ယ'မာဒိဘေဒံ ပဉ္စင်္ဂ ဒသင်္ဂ တဒနုရူပဉ္စ သမာဓိဘာဝနံ အနုယုဉ္ဇ။ ဧတံ ဥပါသကေန ပုဗ္ဗဘာဂေ အနုယုဉ္ဇိတဗ္ဗံ ဗုဒ္ဓသာသနံ နာမ။ (သာရတ္ထ၊၃။၂၉၈။ ထောက် ဝိသဒိသံ)

ဟူ၍လည်းကောင်း သာရတ္ထဒီပနီဋီကာ၌ မိန့်သတည်း။

ဤမာနိ ဒသ သိက္ခာပဒါနိ၊ ဤ ၁၀-ပါးကုန်သော သိက္ခာပုဒ်တို့သည်။ ဂဟဋ္ဌာန်၊ လူတို့အား။ သာဓာရဏာနိ၊ ဆက်ဆံကုန်၏။ **ဤကား သာရတ္ထဒီပနီဋီကာအနက်။**

ဧဟေယေဝ ဗုဒ္ဓသာသနံ အနုယုဉ္ဇာတိ၊ **ဧဟေယေဝ ဗုဒ္ဓသာသနံ အနုယုဉ္ဇ**-ဟူသည်ကား။ နိစ္စသီလန္တိ၊ နိစ္စသီလ-ဟူ၍။ အာဒိဘေဒံ၊ အစ၌ ဝေဖန်အပ်သော။ ယံ ပဉ္စင်္ဂ၊ အကြောင် ၅-ပါးသီလလည်းကောင်း။ ယံ ဒသင်္ဂ၊ အကြောင် ၁၀-ပါးသီလလည်းကောင်း။ တဒနုရူပံ၊ ထို ၁၀-ပါးသော သီလအားလျော်သော။ သမာဓိဘာဝနံ၊ သမာဓိဘာဝနာကို။ ယံ အနုယုဉ္ဇ၊ အကြောင်လုံ့လပြုခြင်းသည်လည်းကောင်း။ ဧတံ၊ ထို ၅-ပါးသော သီလ, ၁၀-ပါးသော သီလ, သမာဓိဘာဝနာသည်။ ဥပါသကေန၊ ဥပါသကာသည်။ ပုဗ္ဗဘာဂေ၊ ရှေးအဖို၌။ အနုယုဉ္ဇိတဗ္ဗံ၊ လုံ့လပြုအပ်သော။ ဗုဒ္ဓသာသနံ နာမ၊ ဘုရားအဆုံးအမတော် မည်၏။

သာဓကပါဠိ၏ အနက်ကား- ဧဟေယေဝ၊ အိမ်၌သာလျှင်။ ဗုဒ္ဓသာသနံ၊ ဘုရားအဆုံးအမတော်ကို။ အနုယုဉ္ဇ၊ လုံ့လပြုလော့။

ဤဋီကာသာဓကဖြင့် ငါတို့ မယုံကြည်နိုင်-ဟူငြားအံ့။

ဥပါသကဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ။ သတိ ဥဿာဟေ ဒသ ဥပေါသထင်္ဂဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလံ။

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁။၁၅),

သိက္ခာတိ ဥပါသကဥပါသိကာဟိ သိက္ခိတဗ္ဗသိက္ခာ၊ သာပိ ပဉ္စသီလဒသသီလဝသေန ဝဋ္ဋတိ။

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ(နှာ-၃၂၉),

သီလဝန္တော်တိ ဥပါသကတ္တေ ပတိဋ္ဌာယ ပဉ္စဟိပိ ဒသဟိပိ သီလေဟိ သမန္နာဂတာ။

ဟူသော သဂါထာဝဂ္ဂ၊ သက္ကသံယုတ်အဋ္ဌကထာ(နှာ-၃၂၂),

ဂိဟိနောပိ ပဉ္စသီလံ ဒသသီလံ ပစ္စဝေက္ခန္တဿ—

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ သုတ်မဟာဝါ-စသည်တို့၌ မိန့်သတည်း။

http://www.dhammadownload.com

ဥပါသကဥပါသိကာနံ၊ ဒါယကာယောကျ်ားနှင့်, ဒါယိကာမိန်းမတို့အား။ နိစ္စသီလ-ဝသေန၊ နိစ္စသီလ၏ အစွမ်းအားဖြင့်။ ပဋ္ဌသိက္ခာပဒါနိ၊ ၅-ပါးသော သိက္ခာပုဒ်တို့လည်းကောင်း။ ဥဿာဟေ၊ စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ ဒသ၊ ၁၀-ပါးသော သိက္ခာပုဒ်တို့လည်းကောင်း။ ဥပေါသထင်္ဂသေန၊ ဥပေါသထအင်္ဂါ၏ အစွမ်းအားဖြင့်။ အဋ္ဌ၊ ၈-ပါးသော သိက္ခာပုဒ်တို့လည်းကောင်း။ ဣဒံ၊ ဤ ၅-ပါးသီလ, ၁၀-ပါးသီလ, ၈-ပါးသီလသည်။ ဂဟဋ္ဌသီလံ၊ လူတို့သီလ မည်၏။

သိက္ခာတိ၊ ဟူသည်ကား။ ဥပါသကဥပါသိကာဟိ၊ ဒါယကာယောကျ်ား, ဒါယိကာမိန်းမတို့သည်။ သိက္ခိတဗ္ဗသိက္ခာ၊ ကျင့်အပ်သော သိက္ခာတည်း။ သာပိ၊ ထိုသိက္ခာသည်လည်း။ ပဋ္ဌသီလဒသသီလဝသေန၊ ၅-ပါးသီလ, ၁၀-ပါးသီလ၏ အစွမ်းအားဖြင့်။ ဝဋ္ဋတိ၊ အပ်၏။

သီလဝန္တောတိ၊ သီလဝန္တော-ဟူသည်ကား။ ဥပါသကတ္တေ၊ ဥပါသကာ၏အဖြစ်၌။ ပတိဋ္ဌာယ၊ တည်၍။ ပဋ္ဌဟိပိ၊ ၅-ပါးလည်းဖြစ်ကုန်သော။ ဒသဟိပိ၊ ၁၀-ပါးလည်းဖြစ်ကုန်သော။ သီလေဟိ၊ သီလတို့နှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။

ပဋ္ဌသီလံ၊ ၅-ပါးသောသီလကိုလည်းကောင်း။ ဒသသီလံ၊ ၁၀-ပါးသော သီလကိုလည်းကောင်း။ ပစ္စဝေက္ခန္တသ၊ ဆင်ခြင်သော။ ဂိဟိနော၊ လူအား။ ဤသို့ အနက်ယောဇနာအပ်၏။

ဤ ၅-ပါးသီလ, ၁၀-ပါးသီလတို့ကား သာသနာတော်ပဋ္ဌလည်း ရှိကုန်၏။ သာသနာတော်ပဋ္ဌ သာမဏေတို့သည် မရှိကုန်။ ထို့ကြောင့် လူတို့ စောင့်ထိန်းရကြောင်းကို သိအပ်၏။ သာသနာတော်ပဋ္ဌ ၅-ပါးသီလ, ၁၀-ပါးသီလ ရှိကြောင်းကိုလည်း ပါရာဇိကဏ် အဋ္ဌကထာ-စသည်တို့၌–

> ပဋ္ဌဂ်ဒသဂ်သီလံ တာဝ သီလ မေဝ။ တံ ဟိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ။ ဥပ္ပန္နေ ဗုဒ္ဓေ တသ္မိ သီလေ ဗုဒ္ဓါပိ သာဝကာပိ မဟာဇနံ သမာဒပေန္တိ။ အနုပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါ စ ကမ္မဝါဒိနော စ ခမ္မိကာ သမဏ-ဗြာဟ္မဏာ စတ္တာဝတ္တိ စ မဟာရာဇာနော မဟာဗောဓိသတ္တာ စ သမာဒပေန္တိ၊ သာမံပိ ပဏ္ဍိတာ သမဏဗြာဟ္မဏာ သမာဒိယန္တိ စေဝ (စေ တံ) ကုသလံ ခမ္မံ ပူရေတွာ ဒေဝေသု စ မနုဿေသု စ သမ္ပတ္တိ အနုဘဝန္တိ။ (ဝိ၊ဋ္ဌ၊၁။ ၂၀၉)

ဟု လာ၏။

http://www.dhammadownload.com

ပဋ္ဌာဒသဂ်သီလံ၊ ၅-ပါးသီလ, ၁၀-ပါးသီလသည်။ တာဝ၊ ရှေးဦးစွာ။ သီလမေဝ၊ သီလသည်သာလျှင်တည်း။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထို ၅-ပါးသီလ, ၁၀-ပါးသီလသည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ဥပပ္ပန္နေပိ၊ ဖြစ်တော်မူသော်လည်းကောင်း။ အနုပ္ပန္နေပိ၊ ဖြစ်တော်မမူသော်လည်းကောင်း။ လောကေ၊ လောကဋ္ဌ။ ပဝတ္တတိ၊ ဖြစ်၏။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ဥပပ္ပန္နေ၊ ဖြစ်တော်မူသည်ရှိသော်။ တသ္မိံ သီလေ၊ ထို ၅-ပါးသီလ, ၁၀-ပါးသီလ၌။ ဗုဒ္ဓါ ပိ၊ မြတ်စွာဘုရားတို့သည်လည်းကောင်း။ သာဝကာ ပိ၊ ဘုရားတပည့်သားတော်တို့သည်လည်းကောင်း။ မဟာဇနံ၊ လူအများအပေါင်းကို။ သမာဒပေန္တိ၊ ဆောက်တည်စေကုန်၏။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ အနုပ္ပန္နေ၊ ဖြစ်တော်မမူသည်ရှိသော်။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း။ ကမ္မဝါဒိနော၊ ကမ္မဝါဒီ အယူရှိကုန်သော။ ဓမ္မိကာ၊ တရားကို စောင့်ကုန်သော။ သမဏဗြာဟ္မဏာ စ၊ ရဟန်းပုဏ္ဏားတို့သည်လည်းကောင်း။ စက္ကဝတ္တိ-မဟာရာဇာနော စ၊ စကြာမင်းတို့သည်လည်းကောင်း။ မဟာဗောဓိသတ္တာ စ၊ ဘုရားလောင်းတို့သည်လည်းကောင်း။ မဟာဇနံ၊ လူအများအပေါင်းကို။ သမာဒပေန္တိ၊ ဆောက်တည်စေကုန်၏။ ပဏ္ဍိတာ၊ ပညာရှိကုန်သော။ သမဏ ဗြာဟ္မဏာ၊ ရဟန်း, ပုဏ္ဏားတို့သည်။ သာမံ ပိ၊ ကိုယ်တိုင်လည်း။ သမာဒိယန္တိ၊ ဆောက်တည်ကြကုန်၏။ တေသံ၊ ထိုသူအပေါင်းတို့အား။ ကုသလဓမ္မံ၊ ကုသိုလ်တရားကို။ ပူရေတွာ၊ ပြည့်စေ၍။ ဒေဝေသု စ၊ နတ်တို့၌လည်းကောင်း။ မနုဿေသု စ၊ လူပြည်တို့၌လည်းကောင်း။ သမ္ပတ္တိံ၊ စည်းစိမ်ချမ်းသာကို။ အနုဘဝန္တိ၊ ခံစားကုန်၏။

ဤသို့ အဋ္ဌကထာ လာသောကြောင့် သာသနာ၌ပင် ၅-ပါးသီလရှိရကား လူတို့သီလ-ဟု ဧကန်မုချ မှတ်ရာ၏။ ထိုသို့ အဋ္ဌကထာလာသည်ပင် ဖြစ်စေ အဋ္ဌကထာသာဓကထက် ပါဠိတော်သာဓကကို ယုံကြည်လေးမြတ် မှတ်သားအပ်သည် မဟုတ်လော-ဟူငြားအံ့။

သရဏဂမနေ ကိဠိ၊ နိဝေသေသိ တထာဂတော။
ကိဠိ ပဋ္ဌသု သီလေသု၊ သီလေ ဒသဝိဓေ ပရံ။ ။ (အပ၊၂။၃၂၁)

ဟူသော ဗုဒ္ဓဝံသပါဠိတော်၌ လာ၏။ ထိုပါဠိတော်၏ အနက်ကား–

ကိဠိ၊ အချို့သော ဒါယကာကို။ သရဏဂမနေ၊ သရဏဂုံ ဆောက်တည်ရာ၌။ တထာဂတော၊ မြတ်စွာဘုရားသည်။ နိဝေသေသိ၊ တိုက်တွန်းတော်မူ၏။ ဝါ၊ ထားတော်မူ၏။ ကိဠိ၊ ကို။ ပဋ္ဌသု၊ ၅-ပါးကုန်သော။ သီလေသု၊ သီလတို့၌။ တထာဂတော၊ သည်။ နိဝေသေသိ၊ ၏။ ပရံ၊ အချို့သောသူကို။ ဒသဝိဓေ၊ ၁၀-ပါးအပြားရှိသော။ သီလေ၊ သီလ၌။ နိဝေသေသိ၊ ၏။

http://www.dhammadownload.com

ဤသို့ ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့၌ ၁၀-ပါးသီလကို လူတို့ စောင့်ထိန်းအပ်ကြောင်းကို များစွာမိန့်ရကား ယုံမှားမရှိ၊ မှတ်အပ်သည်သာ။ ဤမှ တပါးကုန်သော ကျမ်းတို့၌ လာသည်လည်း များစွာရှိ၏။ အမျိုးသားတို့ မှတ်သားယုံကြည်လောက်ပြီဖြစ်၍ မဆောင်ပြီ။

အရှင်ရာဟုလာအလောင်းသည် ဖုဿဘုရား၏ ဝေမာတိကညီတော်ဖြစ်၍ ပစ္စန္တရစ်ကို ငြိမ်းစေရာတွင် အဘမင်းကြီး ဆုပေးလတ်သည်ရှိသော် ဘုရားသခင်အား လုပ်ကျွေးရခြင်း-ဟူသော ဆုကို ယူ၍ လုပ်ကျွေးကြရာ "**သဗ္ဗေပိ ဧကစိတ္တာ ဟုတ္ဝာ ဒသသီလာနိ သမာဒါယ**"(အံ၊၃၊၁။၂၀၁)ဟူ၍ လာသည်။

သဗ္ဗေပိ၊ အလုံးစုံသောသူတို့သည်လည်း။ **ဧကစိတ္တာ**၊ တူသော စိတ်ရှိကြကုန်သည်။ **ဟုတ္ဝာ**၊ ၍။ **ဒသသီလာနိ**၊ ၁၀-ပါးသော သီလတို့ကို။ **သမာဒါယ**၊ ဆောက်တည်၍။

ဂင်းအတူ **ခုဒ္ဒကာနန္ဒာအလောင်း**သည် ပဒုမုတ္တရဘုရား၏ ညီတော် သုမနမင်းသားဖြစ်၍ ရှေးနည်းအတိုင်း ဆုယူ၍ လုပ်ကျွေးရာ–

အဟံ ဣမံ တေမာသံ ဒွေ သာဋကေ နိဝါသေတွာ ဒသသီလာနိ သမာဒိယိတွာ ဣဓေဝ ဝသိဿာမိ၊ – (အံ၊၃၊၁။၂၂၇) ဟူ၍ လာသည်။

အဟံ၊ ငါသည်။ **တေမာသံ**၊ ဝါတွင်း ၃-လပတ်လုံး။ **ဒွေ သာဋကေ**၊ ၂-ထည်သော အဝတ်တို့ကို။ **နိဝါသေတွာ**၊ ဝတ်၍။ **ဒသသီလာနိ**၊ ၁၀-ပါးသော သီလတို့ကို။ **သမာဒိယိတွာ**၊ ကောင်းစွာ ဆောက်တည်၍။ **ဣဓေဝ**၊ ဤအရပ်၌ပင်လျှင်။ **ဝသိဿာမိ**၊ နေတော့အံ့။

ကုဏ္ဍလကေသီ(ကေသာ)ထေရီမသည်လည်း ပဒုမုတ္တရဘုရားလက်ထက် ကိကီမင်း၏နှမတော် ဖြစ်သောအခါ၌–

ဝိသတိဝဿသဟဿာနိ ဒသသီလာနိ သမာဒါယ ကောမာရိကဗြဟ္မစရိယံ စရတိ

ဟူ၍ လာသည်။ (အံ၊၃၊၁။၂၈၃)

ဝိသတိဝဿသဟဿာနိ၊ အနှစ် ၂-သောင်းတို့ပတ်လုံး။ **ဒသသီလာနိ**၊ ၁၀-ပါးသောသီလတို့ကို။ **သမာဒါယ**၊ ဆောက်တည်၍။ **ကောမာရိကဗြဟ္မစရိယံ**၊ ကောမာရိကဗြဟ္မစရိယ၊ ကို။ **စရတိ**၊ ကျင့်၏။

ဤ၌ ၁၀-ပါးသီလကို သာမဏေအဖြစ်ဖြင့် စောင့်ထိန်းသည်-ဟူငြားအံ့။ ပဗ္ဇိတ္တာ-စသည်ဖြင့် လာရာ၏။ ပရိဝိဇရဟန်း-စသည် ဖြစ်ခဲ့အံ့၊ 'ပရိဗ္ဗာဇကာ ဟုတ္ဝာ'-စသည်ဖြင့် လာရာ၏။ အထက်အာနန္ဒာအလောင်း, ရာဟုလာအလောင်း မင်းသားတို့မှာလည်း ဤကဲ့သို့

http://www.dhammadownload.com

မလာ။ "ဒွေ သာဋ္ဌကာနိ နိဝါသေတွာ ဒသသီလာနိ သမာဒါယ"ဟူ၍သာ လာသည်။ ဥရုဝေလ-စသော ညီနောင် ၃-ယောက်တို့ အလောင်းဖြစ်သော ဖုဿဘုရား ညီတော်မင်းသားတို့ ဝတ္ထုမှာကား—

> ဒသသီလာနိ ဂဟေတွာ ဒွေ ကာသာယာနိ နိဝါသေတွာ သတ္ထာရာ သဟဝါသံ ဝသိဿာမာတိ။

ဟူ၍လည်းကောင်း

> ဒသသီလာနိ သမာဒါယ ကာသာယာနိ နိဝါသေတွာ ဝိဟာရေယေဝ ဝသိသု။

ဟူ၍လည်းကောင်း လာ၏။

ဒသသီလာနိ၊ ၁၀-ပါးသော သီလတို့ကို။ ဂဟေတွာ၊ ယူ၍။ ဒွေ ကာသာယာနိ၊ ၂-ထည်သော ဖန်ရည်စွန်းသော အဝတ်တို့ကို။ နိဝါသေတွာ၊ ဝတ်၍။ သတ္ထာရာ၊ မြတ်စွာဘုရားနှင့်။ သဟဝါသံ၊ တကွနေခြင်းကို။ ဝသိဿာမ၊ နေကုန်အံ့။

ဒသသီလာနိ၊ ၁၀-ပါးသော သီလတို့ကို။ သမာဒါယ၊ ဆောက်တည်၍။ ကာသာယာနိ၊ ဖန်ရည်စွန်းသော အဝတ်တို့ကို။ နိဝါသေတွာ၊ ဝတ်၍။ ဝိဟာရေယေဝ၊ ကျောင်း၌သာလျှင်။ ဝသိသု၊ နေကြကုန်၏။

ဤဝတ္ထုမှာ အထက်ပါဠိကဲ့သို့ 'သာဋ္ဌကာနိ'-ဟူ၍လည်းကောင်း 'ဒသသီလာနိ'-ဟူ၍လည်းကောင်း သာမည မလာ။ 'ကာသာယာနိ နိဝါသေတွာ ဝိဟာရေယေဝ ဝသိသု'-ဟု အထူးလာရကား ပရိဗိုဇ်တို့အသွင်ကို ယူသည် ဖြစ်ရာ၏။ သာဋ္ဌကာနိ-အရမှာ အဝတ်သာမည ဖြစ်၍ လူအဖြစ်နှင့်ပင် ယူသည်ဖြစ်ရာ၏-ဟု ရှေ့,နောက် စကားတို့၌ သာမည ဝိသေသတို့ကို ထောက်ဆ၍ ယူရန် ရှိ၏။ ရသေ့ပရိဗိုဇ်တို့သည် ရဟန်းအသွင်ကို ယူ၍ ရဟန်းကဲ့သို့ပင် သင်္ကန်းဝတ်ရုံကြောင်းကို ဝိသတိနိပါတ်၊ မာတင်္ဂဇာတ်၌—

> သမဏပဋိဇ္ဈံ ပဋိဇာနာ (ရတ္တ) ဒုပट္ဋံ နိဝါသေတွာ ကာယဗန္ဓနံ ဗန္ဓိတွာ ပံသုကူလိကသံဃာဋိံ ပါရုပိတွာ မတ္ထိကာပတ္တံ အာဒါယ အာကာသေန ဂန္ဒှာ။

ဟု လာသည်။ (ဇာ၊၅၊၄။၃၃၇၊၃၈၀)

သမဏပဋိဇ္ဈံ၊ ရဟန်းအသွင်ရှိသော သမဏပဋိဇ္ဈအဖြစ်ကို။ ပဋိဇာတွာ၊ ရဟန်းပြု၍။ ဒုပဋ္ဋံ၊ ၂-ထပ်သော သင်းပိုင်ကို။ နိဝါသေတွာ၊ ဝတ်၍။ ကာယဗန္ဓနံ၊ ခါးပန်းကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ ပံသုကူလိကသံဃာဋိံ၊ ပုဆိုးသင်္ကန်းကို။ ပါရုပိတွာ၊ ရုံ၍။ မတ္ထိကာပတ္တံ၊ မြေသပိတ်ကို။ အာဒါယ၊ ယူ၍။ အာကာသေန၊ ကောင်းကင်ဖြင့်။ ဂန္ဒှာ၊ သွား၍။

http://www.dhammadownload.com

သမဏာပဋ္ဌဲ့ ပဋ္ဌဇိတွာတိ ပရိဗ္ဗာဇကဝေသံ။ (ဋီကာ)

သမဏာပဋ္ဌဲ့ ပဋ္ဌဇိတွာတိ၊ **သမဏာပဋ္ဌဲ့ ပဋ္ဌဇိတွာ**-ဟူသည်ကား။ ပရိဗ္ဗာဇကဝေသံ၊ ပရိဗိုဇ်တို့ အသွင်ကို။ ဂဟေတွာ၊ ယူ၍။ ပါရာဇိကဏ်ပါဠိတော်, ကယဝိက္ကယသိက္ခာပုဒ်၌လည်း ပရိဗိုဇ်တို့ သက်နှံးကို ဝတ်ရုံကြောင်းနှင့်–

အထ ခေါ သော ပရိဗ္ဗာဇကော တံ သံဃာဋိ ပါရုပိတွာ ပရိဗ္ဗာဇကာရာမံ အဂမာသိ။

ဟု လာသည်။ (ဝိ၊၁။၃၅၀)

အထ ခေါ၊ ထိုအခါ၌။ သော ပရိဗ္ဗာဇကော၊ **အရှင်ဥပနန္ဒနှင့်** သက်နှံးလဲလှယ်ကြသော ထိုပရိဗိုဇ်သည်။ တံ သဃ်ာဋိ၊ အရှင်ဥပနန္ဒနှင့် လဲလှယ်သော ထိုသက်နှံးကို။ ပါရုပိတွာ၊ ရုံ၍။ ပရိဗ္ဗာဇကာရာမံ၊ ပရိဗိုဇ်တို့ အာရာမ်သို့။ အဂမာသိ၊ သွားလေ၏။

ဝိနည်း၊ ပါစိတ်ပါဠိတော်(နှာ-၁၅၈)၌ သာကေတပြည်မှ သာဝတ္ထိပြည်သို့ ရဟန်းတို့နှင့် ပရိဗိုဇ်တို့သည် အတူသွားကြသောကာလ လမ်းခရီးတွင် ခိုးသူ လုယူသောကြောင့် ရဟန်းတို့ သက်နှံးနှင့် ပရိဗိုဇ်တို့ ဝတ်သော အဝတ်သည် မကွဲမပြားရှိကြ၍ ကပ္ပဗိန္နူ ထိုးမှတ်စိမ့်သောဌာ–

နဝံ ပန ဘိက္ခုနာ စိဝရလာဘေန တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏာနံ အညတရံ ဒုဗ္ဗဏ္ဏ-ကရဏံ အာဒါတဗ္ဗံ။

စသည်ဖြင့် သိက္ခာပုဒ် ပညတ်တော်မူကြောင်းကို လာသည်။ (ဤကား ပရိဗိုဇ်တို့၏ အသွင်အမူအရာကို ပြဆိုသော စကားချပ် အမှာတည်း။)

ငါးရာ့ငါးဆယ်၊ ဆက္ကနိပါတ်၊ တုဏ္ဍိလဇာတ်တွင် စူဠတုဏ္ဍိလကို ဘုရားအလောင်း မဟာတုဏ္ဍိလ ဆုံးမသော **"ဓမ္မော ရဟဒေါ အကဒ္ဒမော"**ဟူသော ဂါထာ၏အဖွင့် အဋ္ဌ-ကထာ၌–

တတ္ထ ဓမ္မောတိ ပဉ္စသီလအဋ္ဌသီလဒသသီလာနိ တီဏိ သုစရိတာနိ သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ အမတမဟာနိဗ္ဗာနန္တော *(အမတမဟာနိဗ္ဗာနန္တိ)* သဗ္ဗောပေ'သော ဓမ္မော နာမ။

ဟူ၍ လာ၏။ (ဇာ၊ဋ္ဌ၊၃။၂၇၂)

တတ္ထ တိသဲ ပါဠိယံ၊ ထို"ဓမ္မော ရဟဒေါ"အစရှိသော ပါဠိတော်၌။ ဓမ္မောတိ၊ **ဓမ္မော**-ဟူသည်ကား။ ပဉ္စသီလ အဋ္ဌသီလ ဒသသီလာနိ၊ ၅-ပါးသော သီလ, ၈-ပါးသော သီလ, ၁၀-ပါးသော သီလတို့လည်းကောင်း။ တီဏိ သုစရိတာနိ၊ ၃-ပါးသော သုစရိုက်တို့

http://www.dhammadownload.com

လည်းကောင်း။ သတ္တတိသ ဗောဓိပက္ခိယဓမ္မာ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့လည်း ကောင်း။ အမတမဟာနိဗ္ဗာနန္တော၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော။ သဗ္ဗောပိ၊ အလုံးစုံ လည်းဖြစ်သော။ ဧသ ဧသော၊ ဤတရားအပေါင်းသည်။ ဓမ္မော နာမ၊ ဓမ္မမည်၏။ ယင်းသို့ လာသော ပါဠို, အဋ္ဌကထာ, ဋီကာပါဠိတွင်—

"တံ ဟိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ"ဟူသော အဋ္ဌကထာ (၀ိ၊ဋ္ဌ၊၁။ ၂၀၉)ပါဠိဖြင့်လည်းကောင်း

တတ္ထ ဓမ္မောတိ ပဋ္ဌသီလ အဋ္ဌသီလ ဒသသီလာနိ"ဟူသော ဆက္ကနိပါတ်၊ တုဏ္ဍိလ ဇာတ်ဖြင့်လည်းကောင်း သာသနာပဋ္ဌ ၁၀-ပါးသော သီလရှိသော သာဓကကို ပြသည်။

"ဧဟေယေဝ ဗုဒ္ဓသာသနံ အနုယုဉ္ဇ"ဟူသော ပါဠိဖြင့် လူတို့ အလိုရှိရာ အရပ် ဌာန၌ တခဏ၌ဖြစ်စေ, နေ့ရက်အပိုင်းအခြားဖြင့်ပင် ဖြစ်စေ အလိုရှိတိုင်း ဆောက်တည် သင့်ကြောင်း ပြသည်။ သာသနာပဋ္ဌ ၁၀-ပါးသီလရှိသည်ကို ဆိုသဖြင့် လူတို့သီလ ဟုတ်, မဟုတ်ကို တွေးတောယုံမှားဖွယ် မရှိ။ လူတို့ စောင့်ရှောက်ဆောက်တည်သော သီလပင် တည်း-ဟု ဇာတ်ဆ သန္နိဋ္ဌာန်ချ၍ သိမှတ်ရမည်။

ဤသို့ ပါဠို, အဋ္ဌကထာ, ဋီကာ ကျမ်းအစောင်စောင်တို့၌ပင် ၁၀-ပါးသီလသည် လူတို့သီလဖြစ်ကြောင်းကို လာသည်။ စာသိပေမြင် အရှင်မြတ်တို့က အလွန်စောင့်ရှောက် နိုင်ခဲ့သော ဇာတရူပသိက္ခာပုဒ်နှင့်တကွသော ၁၀-ပါးသီလကို တစ်နေ့,တစ်ည၊ တခဏမျှ စောင့်ရှောက်ရသဖြင့် အကျိုးကြီးပွါး များမြတ်သည်ဖြစ်၍ စောင့်ရှောက်စေချင်သည် ဖြစ် သောကြောင့် ဆုံးမသြဝါဒ ပေးကြသည်ကိုလည်း အလွယ်တကူ မနာယူ၊ လူသာမည အပွသုတပုဂ္ဂိုလ်တို့ကပင် ဆန့်ကျင်ဘက်ပြောဆို၍ မြတ်စွာဘုရား အာဏာတော်စက်ကို ပုတ်ခတ်လျက် သာသနာတော်၏ ရန်သူသဖွယ် ဖြစ်ကြလေသည်။

မြေ၌ လက်,ခြေတို့ကို ထောက်၍ အဝတ်မဝတ်ဘဲ မြေ၌ ပုံစုံ၍ထားသော ဘောဇဉ် တို့ကို ဟပ်၍ စားသဖြင့် ခွေးကဲ့သို့ ကုက္ကုရဝတအကျင့်ကို ကျင့်သော **စတုကုဏ္ဍိကကောရ-** ခိတ္တိယမည်သော မိစ္ဆာဒိဋ္ဌိတက္ကတွန်းကို မြင်လျှင် ခိုးမွမ်းသောစကားကို ဆိုသဖြင့် ဘုရား သဗ္ဗညု အကြိမ်ကြိမ်ဆုံးမ၍ မရနိုင်သော ဝေသာလီတိုင်းသား သုနက္ခတ္တရဟန်းကဲ့သို့ မိမိတို့ အကျိုးစီးပွါးနှင့် စပ်၍ ပြောဆိုဆုံးမသည့်အရာကို သာ၍ ဝမ်းမြောက်ဝမ်းသာ ယုံကြည်လေးမြတ် မှတ်သားရမည်ကို မယုံမကြည်နိုင်ကြရှိသည်မှာ မိမိတို့ ရှေးရှေးသော ပရဲပရ ဘဝအဆက်ဆက်တို့က ပြုခဲ့ဖူးသော အကုသိုလ်တရား နှိပ်စက်သည်လည်း တစ်ကြောင်း၊

http://www.dhammadownload.com

ဘုရားဟောတော်မူသော ကျမ်းဂန်ပါဠိရှိတိုင်းကို မတွေ့မသိ မသင်မကြားမိကြသည်လည်း တစ်ကြောင်း၊

ကျမ်းဂန်အရာ လိမ္မာကျွမ်းကျင်သော ဆရာကြီး,ဆရာမြတ်တို့ထံမှ နည်းကောင်းဥပဒေသကို အဟုတ်အဟတ် မရသူ ဖြစ်ကြသည်လည်း တစ်ကြောင်း၊

သို့အကြောင်းများကြောင့် စာသိပေမြင် အရှင်မြတ်တို့ စကားကို ကြားလျက်နှင့် မမှတ်သား, မယုံကြည်နိုင်ဘဲ ရှိကြလေသည်။

- များသောအယူကို ယူမိခြင်း သန္ဓိဋ္ဌိပရာမာသိ,
- ထိုမှားသောအယူကို ပြင်းစွာစွဲလမ်းခြင်း အာဒါနဂ္ဂါဟီ,
- ထိုစွဲလမ်း၍ ယူမိသောအယူကို မစွန့်နိုင်ခြင်း ဒုပ္ပဋိနိဿဂ္ဂီ၊

ဤတရား ၃-ပါးတို့သည် သတ္တဝါတို့၏ ပစ္စုပ္ပန်,သံသရာ လောကီ,လောကုတ္တရာ အကျိုးမဲ့ကို ပြု၍ ဖျက်ဆီးတတ်သည်။ မိမိတို့ စွန့်ပယ်နိုင်ခဲသည်။ ပြောဆိုရေရွတ်မိသော စကားကိုလည်း ပညာရှိသသူတို့ နှလုံးသွင်းထားကြကုန်။

ဤတွင်ရွှေ့ ၁၀-ပါးသီလကို လူတို့ မဆောက်တည်အပ်-ဟု အယူရှိကုန်သော သူတို့၏ ဝိဝါဒဝိနိစ္ဆယ ပြီး၏။

(၂) ၁၀-ပါး သီလနှင့် လူတို့ပိုင်သော ရွှေ,ငွေ

၁၀-ပါးသီလကို ခံယူစောင့်ရှောက်လျှင် မိမိ၌ရှိသော ရွှေ,ငွေကို အကုန်စွန့်အပ်၏ ဟူသော ဝါဒ၌ **၁၀-ပါးသီလကို မစောင့်မရှောက်မိက မိမိတို့ သိမ်းဆည်းအပ်သော လူတို့၏ ရှိဟောင်းဖြစ်သော ရွှေ,ငွေကို ဇာတရူပရဇတပဋိဂ္ဂဟဏ မဆို၊ ၁၀-ပါးသီလကို ဆောက်တည်ပြီးမှ အသစ်ခံယူသိမ်းဆည်းသော ရွှေ,ငွေကိုသာ ဇာတရူပရဇာတပဋိဂ္ဂဟဏ ဆိုသည်။**

ထို့ကြောင့် ၁၀-ပါးသီလကို ခံယူဆောက်တည်ပြီးမှ ရွှေ,ငွေတို့ကို စိတ်ဖြင့် သာယာလျက်, ခံလိုသောစိတ်ရှိသည်ဖြစ်လျက် ကိုယ်,နှုတ်ဖြင့် ဤရွှေ,ငွေသည် မအပ်-ဟု ပယ်သော်လည်း အပ်၏၊ အပြစ်မရှိ။ ကိုယ်,နှုတ်တို့ဖြင့် မပယ်သော်လည်း ရွှေ,ငွေသည် မအပ်-ဟု မသာယာသော် အပ်၏၊ အပြစ်မရှိ။ ရွှေ,ငွေကို စိတ်ဖြင့်သာ သာယာသော်လည်း ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီ-ဟု သီလကို ဆောက်တည်ခံယူသောအားဖြင့် ပယ်ပြီး ဖြစ်သောကြောင့် မစွန့်သင့်ပြီ။ သီလ ဆောက်တည်သောအခါ ပယ်၏-ဟူသော စကားဖြင့်ပင်

http://www.dhammadownload.com

ပြီး၏-ဟု မှတ်ရာ၏။ ထို့ကြောင့် မာတိကာအဋ္ဌကထာ၌–

> သစေ ပန စိတ္ထေန သာဒိယတိ။ ဂဏ္ဌိတုကာမော ဟောတိ။ ကာယေန ဝါ ဝါစာယ ဝါ နံ'ယိဒံ ကပ္ပတိ'တိ ပဋိက္ခိပတိ၊ ကာယဝါစာဟိ အပဋိက္ခိပိတ္တာ သုဒ္ဓစိတ္တော ဟုတ္တာ နယိဒံ *(အမှာက်)* ကပ္ပတီတိ န သာဒိယတိ၊ ဝဋ္ဋတိ။

ဟူသော ပါဠိ (ကခ်။၆၊၁၀၇၅)ကို မိန့်သော်–

> စိတ္တေန၊ စိတ်ဖြင့်။ သစေ ပန သာဒိယတိ၊ အကယ်၍ သာယာငြားအံ့။ ဂဏ္ဌိ-တုကာမော၊ ခံလိုသည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်လျှင်မူလည်း။ ကာယေန ဝါ၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ ဝါ၊ နှုတ်ဖြင့်လည်းကောင်း။ ဣဒံ၊ ဤရွှေ့ငွေသည်။ နံ ကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ ပဋိက္ခိပတိ၊ ပယ်အံ့။ ဝဋ္ဋတိ၊ အပ်၏။ ကာယဝါစာဟိ၊ ကိုယ်, နှုတ်တို့ဖြင့်။ အပဋိက္ခိပိတ္တာ၊ မပယ်မူ၍။ သုဒ္ဓစိတ္တော၊ စင်ကြယ်သော စိတ်ရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ဣဒံ၊ ဤရွှေ့ငွေသည်။ အမှာက်၊ ငါတို့အား။ နံ ကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ နံ သာဒိယတိ၊ မသာယာအံ့။ ဝဋ္ဋတိ၊ အပ်၏။

အောက်၌ ပြဆိုခဲ့ပြီးသော–

> ဧဟေယျေဝ ဗုဒ္ဓသာသနံ အနုယုဉ္ဇာတိ နိစ္စသီလန္တိ ယ'မာဒိဘေဒံ ပဉ္စင်္ဂ ဒသင်္ဂ တဒနုရူပံ သမာဓိဘာဝနံ အနုယုဉ္ဇ၊ ဧဝံ ဥပါသကေန ပုတ္ထဘာဂေ အနုယုဉ်္ဇိတဗ္ဗံ ဗုဒ္ဓသာသနံ နာမ။

ဟူသော ဋီကာပါဠိတို့ဖြင့် –

အိမ်၌ပင်လျှင် ၁၀-ပါးသီလကို ကျင့်အပ်၏-ဟူရကား မိမိ၌ရှိသော ရွှေ့ငွေကို အကုန်စွန့်ရမည်-ဟူသော စကားမသင့်။ ၁၀-ပါးသီလကို စောင့်သောသူတို့ မိမိအိမ်၌ ရှိသော ရွှေ့ငွေကို သာယာသော် ၁၀-ပါးသီလ ပျက်၏, မပျက်-ဆိုရာ၌ သာရတ္ထဒီပနီဋီကာ၊ ဇာတရူပရဇတသိက္ခာပုဒ်အဖွင့်တွင်–

> ကာယေန ပဋိဂ္ဂဟဏံ ဥဂ္ဂဟဏံ၊ ဝါစာယ ပဋိဂ္ဂဟဏံ ဥဂ္ဂဟာပနံ၊ မနသာ ပဋိဂ္ဂဟဏံ သာဒိယနံ။ တိဝိဓမ္ပိ ပဋိဂ္ဂဟဏံ သာမညနိဒ္ဒေသေန ဧကသေသန-ယေန ဝါ ဂဟေတ္ဝာ ပဋိဂ္ဂဟဏာတိ ဝုတ္တံ။ တသ္မာ နေဝ ဥဂ္ဂဟေတုံ န ဥဂ္ဂဟာ-ပေတုံ။ န ဥပနိက္ခိတ္တံ ဝါ သာဒိယိတုံ ဝဋ္ဋတိ *(ဂဝေသိတဗ္ဗံ)*။

ဟု လာသည်။

http://www.dhammadownload.com

ကာယေန၊ ကိုယ်ဖြင့်။ ပဋိဂ္ဂဟဏံ၊ ခံခြင်းသည်။ ဥဂ္ဂဟဏံ၊ ဥဂ္ဂဟဏာမည်၏။ ဝါစာယ၊ နှုတ်ဖြင့်။ ပဋိဂ္ဂဟဏံ၊ ခံခြင်းသည်။ ဥဂ္ဂဟာပနံ၊ ဥဂ္ဂဟာပနမည်၏။ မနသာ၊ စိတ်ဖြင့်။ ပဋိဂ္ဂဟဏံ၊ ခံခြင်းသည်။ သာဒိယနံ၊ သာဒိယနမည်၏။ တိဝိဓမ္ပိ၊ ၃-ပါးအပြားရှိသည်လည်းဖြစ်သော။ ပဋိဂ္ဂဟဏံ၊ ခံခြင်းကို။ သာမညနိဒ္ဒေသေန ဝါ၊ သာမညနိဒ္ဒေသနည်းဖြင့်လည်းကောင်း။ ဧကေသေသနယေန ဝါ၊ ဧကေသေသနည်းဖြင့်လည်းကောင်း။ ဂဟေတွာ၊ ယူ၍။ ပဋိဂ္ဂဟဏာတိ၊ **ပဋိဂ္ဂဟဏာ**-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဥဂ္ဂဟေတုံ၊ မိမိခံခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဥဂ္ဂဟာပေတုံ၊ သူတပါးကို ခံစိမ့်သောငှာ။ နေဝ ဝဋ္ဋတိ၊ မအပ်။ ဥပနိက္ခိတ္တံ ဝါ၊ အနီး၌ ထားသည်ကိုလည်း။ သာဒိယိတုံ၊ သာယာခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။

ဤသို့ ပြဆိုအပ်သော ပါဠိ၏အရဖြင့် သမာဒိန္နစေတနာဖြစ်ပြီးမှ နောက်ဖြစ်ဆဲဖြစ်သော ရွှေ့ငွေကို ကိုယ်ဖြင့် ခံခြင်း, နှုတ်ဖြင့် ခံခြင်း, စိတ်ဖြင့် ခံခြင်းမှ ကြဉ်ရှောင်အပ်၏။ **"ဇာတရူပရဇတပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမီ"**ဟု ပစ္စုပ္ပန်ကာလ၌ သက်သော ဝိဘတ်ဖြင့် ဟောတော်မူရသော အရကိုလည်း ထောက်ရှုဆင်ခြင်အပ်၏။

သမာဒိန္နစေတနာမဖြစ်မီ မိမိ၌ရှိရင်း ရွှေ့ငွေကို သာယာခြင်းကြောင့် သီလ ပျက်, မပျက်ကို ဆင်ခြင်သော်ကား "မနသာ ပဋိဂ္ဂဟဏံ သာဒိယနံ"ဟု သမာဒိန္နစေတနာဖြစ်ပြီးမှ နောက်၌ စိတ်ဖြင့် ခံသည့်အရာကိုသာ သာဒိယန-ဟု ပြဆိုရကား သမာဒိန္နစေတနာမဖြစ်။ မိမိ၌ ရှိရင်း ရွှေ့ငွေကို သာယာကာမျှဖြင့် သီလမပျက်။ မနိန္ဒြေကို မစောင့်ခြင်းကြောင့် အကုသိုလ်လောဘဇော ဖြစ်ကာမျှသာ မှတ်ရမည်။

မိမိ၌ရှိသော ရွှေ့ငွေကို ဝတ်ဆင်ကိုင်ခံခြင်းကို ပြုရာ၌လည်း "ဇာတရူပရဇတ-ပဋိဂ္ဂဟဏာ ဝေရမဏီ"ဟု ဆောက်တည်ခံယူပြီး ဖြစ်သောကြောင့် သီလပျက်သည်-ဟု မှတ်ရာ၏။

အချို့လည်း ၁၀-ပါးသီလကို ဆောက်တည်ပြီးမှ မိမိ၌ရှိသော ရွှေ့ငွေကို သာယာလျှင် သီလပျက်၏-ဟု အယူရှိကြ၏။ ထိုစကား မသင့်။ အဘယ့်ကြောင့်နည်းဟူမူ စိတ်ဖြင့် သာယာသော်လည်း ကိုယ်,နှုတ်ဖြင့် ပယ်ပြီး ဖြစ်သောကြောင့်တည်း။

အချို့လည်း ၁၀-ပါးသီလကို စောင့်လိုလျှင် ၁-လခွဲ၊ ၁-လ-စသည်ဖြင့်သာ အိမ်ရာကို စွန့်၍ ဆောက်တည်မှ ရသည်-ဟု အယူရှိကုန်သည်။ အချို့လည်း ရသေ့ပရိဗိုဇ်ကဲ့သို့ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်၍ ကျင့်မှ ရသည်-ဟု အယူရှိကြကုန်သည်။ ထိုသို့ အယူရှိငြားသော်လည်း အောက်၌ ပြဆိုအပ်ခဲ့ပြီးသော—

http://www.dhammadownload.com

"ပဠုဒ်ဒသဂ်သီလံ တာဝ သီလံ နာမ" အစရှိသော ပါရာဇိကဏ်အဋ္ဌကထာ။

ဥပါသကဥပါသကီနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ ဿတိ ဝါ ဥဿာဟေန ဒသ ဥပေါသထင်ဝသေန အဋ္ဌာတိ၊ ဣဒံ ဂဟဋ္ဌသီလံ နာမ။

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(၁။၁၅)။

သိက္ခာတိ ဥပါသကဥပါသိကာဟိ သိက္ခိတဗ္ဗသိက္ခာ။ သာပိ ပဉ္စသီလ ဒသသီလ-ဝသေန ဝဋ္ဋတိ။

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ(နှာ-၃၂၉)။

ဣမာနိ ပန ဒသသိက္ခာပဒါနိ ဂဟဋ္ဌာနံ သာမာဏေရာနံ၊ –

ဟူသော သာရတ္ထဒီပနီဋီကာ၊

ဂေဟေယေဝ ဗုဒ္ဓသာသနံ အနုယုဉ္ဇာတိ နိစ္စသီလန္တိ ယ'မာဒိဘေဒံ ပဉ္စဂ်ဉ္စ ဒသဂ်ဉ္စ တဒနုရူပဉ္စ သမာဓိဘာဝနံ အနုယုဉ္ဇ။ ဧဝံ ဥပါသကေန ပုတ္တဘာဂေ အနုယုဉ္ဇိတဗ္ဗံ။

ဟူသော သာရတ္ထဒီပနီဋီကာ(၃။၂၉၈)၊ အာနန္ဒထေရဝတ္ထုတွင် လာသော–

အဟံ ဣမံ တေမာသံ ဒွေ သာဋကာနိ နိဝါသေတွာ ဒသသီလာနိ သမာဒိယိတွာ ဣဒ္ဓေဝ ဝသိဿာမိ။ (အံ၊ဋ္ဌ၊၁။၂၂၇)

ဟူသော အဋ္ဌကထာပါဠိ။ ကုဏ္ဍလကေသီ(ကေသာ)ထေရီမဝတ္ထုတွင် လာသော–

ဝိသတိဝဿသဟဿာနိ ဒသ သီလာနိ သမာဒါယ ကောမာရိကဗြဟ္မစရိယံ စရတိ။ (အံ၊ဋ္ဌ၊၁။၂၈၃)

ဟူသော ထေရီအဋ္ဌကထာပါဠိ၊

သစေ ပန စိတ္တေန တံ သာဒိယတိ။ ဂဏ္ဌိတုကာမော ဟောတိ။

အစရှိသော မာတိကာအဋ္ဌကထာပါဠိ (က၁။ဋ္ဌ၊၁၇၅)။

သရဏဂမနေ ကိဠိ၊ နိဝေသေသိ တထာဂတော။
ကိဠိ ပဉ္စသု သီလေသု၊ သီလေ ဒသဝိဓေ ပရံ။ ။ (အပ၊၂။၃၂၁)

ဟူသော ဗုဒ္ဓဝင်ပါဠိတော်။

ဤအဋ္ဌကထာ, ဋီကာ, ပါဠိတော်တို့၏ ရှေ့,နောက်စကားကို ထောက်ထားနှိုင်းညှိ ဆင်ခြင်သဖြင့် နှစ်, လ, နေ့, ရက်, ကာလ, ပုဂ္ဂိုလ် အပိုင်းအခြား မရှိ။ ရွှေ့ငွေကို စွန့်သည်သာ

http://www.dhammadownload.com

ပမာဏဖြစ်၍ ဂဟဋ္ဌသီလ ဧကန်မှန်ရကား ၁၀-ပါးသီလကို စောင့်လိုလျှင် လခွဲ, ၁-လ စသည်ဖြင့်သာ အိမ်ရာကို စွန့်၍ ဆောက်တည်ရသည်။ ရသေ့ပရိဗိုဇ်ကဲ့သို့ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်၍ကျင့်မှ ရသည်-ဟူသော စကားသည် မသင့်။ အချို့လည်း ၁၀-ပါးသီလသည် လူတို့မှာ နိစ္စသီလ ဖြစ်သည်-ဟု အယူရှိကုန်သည်။ ထိုစကား၌ ပဋ္ဌာန်း, အဋ္ဌကထာတွင်–

> သီလံ သမာဒိယိတ္ထာတိ ပဉ္စင်္ဂဒသင်္ဂါဒိဝသေန နိစ္စသီလံ ဂဏှိတ္ထာ၊ ဣမိနာ သမာဒါန-ဝိရတိယေဝ ဒဿိတာ။ သမ္ပတ္တဝိရတိသမုဒ္ဆေဒဝိရတိယော ပန လောကေ သီလန္တိ အပါကဋ္ဌတ္ထာ နာ ဝုတ္ထာ။

(အဘိ၊ဋ္ဌ၊၃။၄၃၅)ဟူ၍ လာသည်။

သီလံ သမာဒိယိတ္ထာတိ၊ သီလံသမာဒိယိတ္ထာ-ဟူသည်ကား။ ပဉ္စင်္ဂဒသင်္ဂါဒိဝသေန၊ ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ-အစရှိသည်တို့၏ အစွမ်းအားဖြင့်။ နိစ္စသီလံ၊ နိစ္စသီလကို။ ဂဏှိတ္ထာ၊ ဆောက်တည်ခဲ့ယူ၍။ ဣမိနာ၊ ဤ"သီလံ သမာဒိယိတ္ထာ"ဟူသော ပါဠိဖြင့်။ သမာဒါန-ဝိရတိယေဝ၊ သမာဒါနဝိရတိကိုသာလျှင်။ ဒဿိတာ၊ ပြတော်မူအပ်၏။ သမ္ပတ္တဝိရတိ-သမုဒ္ဆေဒဝိရတိယော ပန၊ သမ္ပတ္တဝိရတိ သမုဒ္ဆေဒဝိရတိ-တို့ကိုကား။ လောကေ၊ လောက၌။ သီလန္တိ၊ သီလ-ဟူ၍။ အပါကဋ္ဌတ္ထာ၊ မထင်ရှားသည်၏အဖြစ်ကြောင့်။ နာ ဝုတ္ထာ၊ ဟောတော်မမူအပ်ကုန်။

ဤအဋ္ဌကထာပါဠိ၌–

> **ပဉ္စသီလသည် လူတို့၏ နိစ္စသီလ မည်၏။**
> **ဒသင်္ဂသီလသည် သာမဏေတို့၏ နိစ္စသီလ မည်၏။**

ဒသင်္ဂါဒိ၌ အာဒိဝန်ကား ရဟန်းတို့၏ စတုပါရိသုဒ္ဓိသီလ, ဝတ္တသီလကို ယူအပ်၏။ ထန်းတပင်မြို့၊ ဗောဓိဆရာတော်လည်း ဤသို့ ဆုံးဖြတ်တော်မူ၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၁၅)၌လည်း–

> ဥပါသကဥပသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ၊ သတိ ဝါ ဥဿာဟေ။

ဟူ၍ ၅-ပါးသီလကိုသာ နိစ္စသီလ-ဟု လာသည်။

ပကိဏ္ဏကနိပါတ်၊ ၆-ခုမြောက်သော သုရုစိဇာတ်တွင် "ဥပေါသထံ ဥပဝသာမိ၊ သဒါ သီလေသု သံဝုတာ"(ဇာ၁၀။၂၈၉)ဟူသော သုမေဓာမိဖုရား၏ သစ္စာပြုဂါထာအဖွင့် အဋ္ဌကထာ(ဇာ၊ဋ္ဌ၊၄။၃၂၁)၌လည်း "သဒါတိ နိစ္စံကာလံ။ သီလေသူတိ ပဉ္စသီလေသု"ဟူ၍

http://www.dhammadownload.com

၅-ပါးသီလကိုသာ နိစ္စသီလ-ဟု လာသည်။ သဘာဝကို ထောက်လျှင် ၅-ပါးသီလသာ နိစ္စသီလ မည်ရာ၏။

အဘယ်ကြောင့်နည်းဟူမူ ၅-ပါးသီလကို ၁-နေ့, ၁-နာရီမျှ မစောင့်ဘဲ မနေရာ၊ ၅-ပါးသီလပျက်လျှင် ဒုဿီလ ဧကန်ဖြစ်၏။ ထိုသို့ဖြစ်၍ ၅-ပါးသီလကို ၁-နေ့, ၁-ရက်မျှ မပျက်စေရ၊ အသက်ထက်ဆုံး စောင့်အပ်၏။ ထို့ကြောင့် ၅-ပါးသီလသည် လူတို့မှာ နိစ္စသီလ မည်၏။ ၁၀-ပါးသီလကို မစောင့်ရာ၌ အပြစ်မရှိ၊ စောင့်လျှင် အကျိုးရှိ၏။ ထို့ကြောင့် ၁၀-ပါးသီလကို အသက်ထက်ဆုံးပင် စောင့်သော်လည်း နိစ္စသီလ မမည်။ အပြစ်မရှိ-ဆိုရာ၌ ဝိကာလမှ အထက် ၅-ခုသာ မှတ်လေ။

ထို့ကြောင့် ဒသင်္သီလသည် သာမဏေတို့ နိစ္စသီလ မည်၏-ဟူသော အဆုံး အဖြတ်သည် **အလွန်သင့်မြတ်သော အဆုံးအဖြတ်**ပင်တည်း-ဟု မှတ်ရာ၏။ အချို့လည်း ခုဒ္ဒကပါဌအဋ္ဌကထာ၊ သာဓာရဏာပရိစ္ဆေဒ(၁၄)တွင်–

> **သဗ္ဗပစ္ဆိမဝဇ္ဇာနိ သဗ္ဗာနိပိ သာမဏေရေဟိ သာဓာရဏာနိ၊ ပစ္ဆိမံ ပန သာမဏေ-ရာန'မေဝ ဝိသေသဘူတံ။**

ဟူသော ပါဠိကို မြင်၍ ၁၀-ပါးသော သီလသည် သာမဏေတို့ သီလသာ ဖြစ်၏။ ဂဟဋ္ဌသီလ မဟုတ်-ဆိုသည်-ဟု အယူရှိကြကုန်၏။ ထိုစကား၌ အဋ္ဌကထာဆရာသည် ၁၀-ပါးသီလမှာ သီလသာမညဖြစ်၍ ဥပေါသထလည်း မမည်၊ ၁၀-ပါးသီလကို ဂဟဋ္ဌသီလ မဟုတ်-ဟူ၍ လည်း မဆိုသင့်,မဆိုရာ။ ဝိသေသဘူတံ၏ အရကို ၁၀-ပါးသီလသည် သာမဏေတို့မှာ နိစ္စသီလ၏အဖြစ်ဖြင့် ဝိသေသဖြစ်၏-ဟု ပြသည် ယူသင့်၏။

ယူသင့်ကြောင်းကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သမ္မောအဋ္ဌကထာ၊ အဂုံတ္တိုရ်အဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ပါရာဇိကဏ်အဋ္ဌကထာ၊ သုပ္ပါထေယျအဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာတို့ ကျမ်းကြီးအစောင်စောင်တို့၌ပင် ၁၀-ပါးသီလကို ဂဟဋ္ဌသီလ-ဟု ပြဆိုခဲ့ပြီးဖြစ်လျက် ဤခုဒ္ဒကပါဌအဋ္ဌကထာကျမ်းတွင်မှ အရှင်မဟာ-ဗုဒ္ဓဃောသဆရာ ချွတ်ယွင်းဖောက်ပြန်၍ မဆိုတန်လေရာ-ဟု အဋ္ဌကထာဆရာမြတ်တို့ကို လေးမြတ်ယုံကြည်သောအားဖြင့်လည်းကောင်း ၁၀-ပါးသီလကို ဂဟဋ္ဌသီလ-မဟုတ်ဟု ခုဒ္ဒကပါဌအဋ္ဌကထာဆရာ ဆိုသည်-ဟု မယူသင့်။ သာမဏေတို့မှာ နိစ္စသီလဖြစ်သည်ကို သာ ဝိသေသဘူတံ ဆိုသည်-ဟု မှတ်ရာ၏။

တစ်နည်းလည်း ၁၀-ပါးသီလကို လူတို့မှာ စောင့်ရှောက်နိုင်ခဲ့သော အရာဖြစ်၍ သာ သာမဏေတို့အား အထူးဖြစ်သည်ကို ဝိသေသဘူတံ-ဟု ပြသည်။ လူတို့သီလ

http://www.dhammadownload.com

မဟုတ်သော အရာကို မပြု။ ထို့ကြောင့် ဥပါသကာလက််ာရကျမ်း၌–

ဇာတရူပရဇတပဋိဂ္ဂဟဏာဝိရမဏံ ဂိဟီနံ ဘာရိယ'န္တိ သိက္ခာပဒသုတ္တအဋ္ဌကထာ-ယံ "ပစ္ဆိမံ ပန သာမဏေရာနမေဝ ဝိသေသဘူတ"န္တိ ဝုတ္တံ။

ဟု ပြသည်။

ဇာတရူပရဇတပဋိဂ္ဂဟဏာဝိရမဏံ၊ ရွှေ,ငွေကို ကိုယ်ဖြင့် ခံခြင်း, နှုတ်ဖြင့် ခံခြင်း, စိတ်ဖြင့် ခံခြင်းမှ ကြဉ်ခြင်းသည်။ ဂိဟီနံ၊ လူတို့အား။ ဘာရိယံ၊ ဝန်လေးစွာ၏။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ သိက္ခာပဒသုတ္တအဋ္ဌကထာယံ၊ သိက္ခာပဒသုတ္တအဋ္ဌ-ကထာ၌။ ပစ္ဆိမံ ပန သာမဏေရာနမေဝ ဝိသေသဘူတန္တိ၊ ပစ္ဆိမံ ပန သာမဏေရာ နမေဝ ဝိသေသဘူတံ-ဟူ၍။ ဝုတ္တံ၊ မိန့်အပ်ပြီ။

လောက၌ ဝန်ကို မနှိုင်သောသူတို့ ဆောင်ယူချီကြွလျှင် ကွဲရှုပျက်စီးတက်သကဲ့သို့ အပွသုတပုဂ္ဂိုလ်တို့ ကြံစည်ယူဆလျှင် နေရာမကျဘဲ ချွတ်လဲဖောက်ပြန်၍ အလွန်အယုတ် ရှိတတ်သည်။ ပိဋကတ်ဒေသနာတော်မြတ်သည် နယသာဂရဖြစ်၍ သုနိပုဏ၊ သုဂမ္ဘီရ၊ သုဒုဒ္ဒသသဘောရှိ၏။ ထို့ကြောင့် ကျမ်းဂန်အသိအမြင်နည်းသော အပွသုတပုဂ္ဂိုလ်တို့မှာ စဉ်းစားမရှိ၊ သတိမမူဘဲ အလွယ်တကူ မဆိုရာ။ ဆိုမှားရှိခဲ့က မိမိတို့အယူဝါဒကို စွန့်ရမည့် အရာသည် အလွန်ဝန်လေးစွာဖြစ်၍ မိမိအသရေကို စောင့်လျက် အရှက်ကိုသာ ငဲ့တတ်၏။

ဥပမာကား- သေဝပါးနီး၊ သက်ကြီးရွိုက်တငင် ပင်ပန်းကြီးစွာ နာသော ဂိလာနကို ကုသသော သမားဆရာသည် သူနာ၏မူလလက္ခဏာ အင်္ဂါပျက်ယွင်းသည်ကို မြင်လျှင် 'မည်သည့်အချိန်တွင်ပင် သေအံ့'-ဟု ဆုံးဖြတ်သောအခါ ဆရာယောက််ား တစ်ယောက်သော သမားက ကြိုးစားအားထုတ်၍ 'ကျွန်ုပ်မစ ချမ်းသာရအောင် ကုသပါမည်'ဆိုလေလျှင် 'မည်သည့်အချိန်တွင်ပင် သေအံ့'ဟု ဆုံးဖြတ်မိသော သမားဆရာက 'သေပါလေသော်ကောင်း၏'-ဟု မိမိဆိုခဲ့သော စကားဖြင့် သူတပါး ချီးမွမ်းရာမည်ကိုသာ တောင့်တလျက် တစ်ယောက်အသက်ကို ငဲ့ကွက်ခြင်း မေတ္တာ,ကရုဏာနှင့် ကင်း၍ သေခြင်းကိုသာ တောင့်တသော ဆရာယောက််ား ထိုသမားကဲ့သို့ အမှားကို ဆိုမိလျက်နှင့်ပင် အမှန်ဖြစ်ချင်တတ်၏။

ထို့ကြောင့် ကျမ်းဂန် အသိအမြင် နည်းသော အပွသုတပုဂ္ဂိုလ်တို့မှာ စဉ်းစားမရှိ၊ သတိမမူဘဲ အလွယ်တကူ မဆိုရာ။ ဆင်ခြင်စဉ်းစား ထောက်ထားနှိုင်းညှိ၍ ဆိုရာ၏။ "ပဉ္စင်္ဂသင်္ဂဟသီလံ တာဝ သီလံ နာမ"အစရှိသော အဋ္ဌကထာ, ဋီကာ, ပါဠိတော်အနက်ကို အောက်၌ ဆိုအပ်ပြီ။

http://www.dhammadownload.com

ဤတွင်ရွေ့ ၁၀-ပါး သီလကို စောင့်လိုလျှင် မိမိ၌ရှိသော ရွှေငွေကို အကုန်စွန့်အပ်၏-ဟု အယူရှိသောသူတို့၏ ဝိဝါဒဝိနိစ္ဆယ ပြီး၏။

ထိုစကားကို အကျယ်သိလိုလျှင် ရာဇသုတ်အဋ္ဌကထာ၊ ရာဇသုတ်ဋီကာ။ အင်္ဂုတ္တရတိကနိပါတ်၊ ဒေဝဒူတဝဂ်အဋ္ဌကထာ။ ပကိဏ္ဏကနိပါတ်၊ သုရုစိဇာတ်အဋ္ဌကထာ။ ပါရာဇိကဏ်ပါဠိတော်၊ ဌင်းအဋ္ဌကထာ။ ပါစိတ်ပါဠိတော်၊ ဌင်းအဋ္ဌကထာ။ အဘိဓာနပ္ပဒီပိကာဋီကာ။ သာရတ္ထဒီဂနိဋီကာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ သမ္မောဟဝိနောဒနီအဋ္ဌကထာ။ ခုဒ္ဒကပါဋအဋ္ဌကထာ။ သုတ်ပါထေယျအဋ္ဌကထာ။ ဗုဒ္ဓဝင်ပါဠိတော်၊ ဌင်းအဋ္ဌကထာ။ အပဒါန်အဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ။ ဝိသတိနိပါတ်၊ မာတင်္ဂဇာတ်အဋ္ဌကထာ။ ဆက္ကနိပါတ်၊ တုဏ္ဍိလဇာတ်အဋ္ဌကထာ။ မာထိကာအဋ္ဌကထာ။ ပဋ္ဌာန်းအဋ္ဌကထာတို့မှာ ကြည့်လေ။

၁၂၃၆-ခု၊ ကဆုန်လဆန်း၊ ၅-ရက်၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

မန္တလေးမြို့မြောက်ပြင်၊ အင်းဝပန်းပဲတန်းနေ ဒါယကာ မောင်မိုး-က ပုညကိရိယာ ၁၀-ပါးတို့တွင် ပတ္တိဒါနနှင့် ပတ္တာနုမောဒန-ဟု ဆိုအပ်သော ပုညကိရိယာ ၂-ပါးတို့ အကျိုးထူးပေးဟန်ကို သိလိုပါကြောင်းနှင့် လျှောက်ထားချက်

[၆၇] "ဘုရားတပည့်တော် မန္တလေးမြို့မြောက်ပြင်၊ မြကျွန်းမြေဌရပ်၊ ရတနာပူရ၊ အင်းဝပန်းပဲတန်းနေ ဒကာငမိုး ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

ပုညကိရိယာ ဝတ္ထု ၁၀-ပါးတို့တွင် မိမိပြုသော ကောင်းမှုကို သူတပါးတို့အား ပေးဝေခြင်းပတ္တိဒါန, သူတပါးတို့ ပေးဝေသော ကုသိုလ်ကို သာဓုခေါ်ခြင်း ပတ္တာနုမောဒန၊ ဤပုညကိရိယာ ၂-ပါးတို့၏ အကျိုးထူးပေးဟန်ကို ကျမ်းဂန်နှင့်အညီ အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက်လျှောက်ပါသည် ဆရာတော်ဘုရား"။

http://www.dhammadownload.com

ဒါယကာမောင်မိုး လျှောက်ထားချက်–

ပတ္ထိဒါန, ပတ္တာနုမောဒါန ပုညကိရိယာတရား ၂-ပါးတို့၏ အကျိုးထူးဟန်ကို မေးလျှောက်သောအရာမှာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံယူခါနီးဝယ် ရာဇဂြိုဟ်ပြည်ကြီးမှ စ၍ အစဉ်သဖြင့် ဒေသစာရီ လှည့်လည်ကြွသွားတော်မူရာ ပါဋလိဂါမသို့ ရောက်လျှင် ပါဋလိဂါမဋ္ဌနေကုန်သော အမျိုးသားတို့သည် များစွာသော ပူဇာသက္ကာရတို့ဖြင့် လှူဒါန်း ပူဇော်ကြသည်တွင် မိမိတို့ပြုသော ကုသိုလ်ပုညကို ထိုဒေသအရပ်၌ရှိသော နတ်တို့အား အမျှပေးစေသဖြင့် နတ်တို့ စောင့်ရှောက်မ-စ အကျိုးထူးရာသည်။

ယသ္မိ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိ ယော။
သီလဝန္တေ'တ္ထ ဘောဇေတ္ဝာ၊ သညတေ ဗြဟ္မစာရယော။ ။

ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏ'မာဒိသေ။
ဘာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။ ။

တတော နံ အနုကမ္ပေန္တိ၊ မာတာ ပုတ္တံ'ဝ ဩရသံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။ ။ (ဒီ၊၂။၇၅)

ဟူ၍ ဟောတော်မူကြောင်းကို သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်တွင် လာသည်။

ယသ္မိ ပဒေသေ၊ အကြင်အရပ်၌။ ပဏ္ဍိတဇာတိယော၊ ပညာရှိသော အမျိုးသားတို့သည်။ ဝါသံ၊ နေခြင်းကို။ ကပ္ပေန္တိ၊ ပြုကုန်၏။ ဧတ္ထ၊ ဤအရပ်၌။ သီလဝန္တေ၊ သီလရှိကုန်သော။ သညတေ၊ ကိုယ်,နှုတ်,နှလုံး ၃-ပါးကို စောင့်ကုန်သော။ ဗြဟ္မစာရယော၊ မြတ်သော အကျင့်ကို ကျင့်ကုန်သောသူတို့ကို။ ဘောဇေတ္ဝာ၊ ဆွမ်းကျွေး၍။

တတ္ထ၊ ထိုအရပ်၌။ ယာ ဒေဝတာ၊ အကြင်နတ်တို့သည်။ အာသုံ၊ ရှိသည်ဖြစ်ကုန်၏။ တာသံ ဒေဝတာနံ၊ ထိုနတ်တို့အား။ ဒက္ခိဏံ၊ အလှူ၏အဖို့ကို။ အာဒိသေ၊ ပေးဝေရာ၏။ ပူဇိတာ၊ လူတို့သည် အမျှပေးဝေသောအားဖြင့် ပူဇော်အပ်ကုန်၏။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ နံ၊ ထိုသူကို။ ပူဇယန္တိ၊ အတုံ့ ပူဇော်ကုန်၏။ မာနိတာ၊ လူတို့သည် အမျှပေးဝေသောအားဖြင့် မြတ်နိုးအပ်ကုန်သော။ တာ ဒေဝတာ၊ ထိုနတ်တို့သည်။ နံ၊ ထိုသူကို။ မာနယန္တိ၊ အတုံ့ မြတ်နိုးကုန်၏။

တတော၊ ထိုသို့ ပူဇော်မြတ်နိုးသောကြောင့်။ မာတာ၊ မိခင်သည်။ ဩရသံ၊ မိမိ၏ရင်၌ဖြစ်သော။ ပုတ္တံ၊ သားကို။ အနုကမ္ပေန္တိ ဣဝ၊ အစဉ်စောင့်ရှောက်သကဲ့သို့။ နံ၊ ထိုအမျှပေးဝေသောအားဖြင့် ပူဇော်မြတ်နိုးသောသူကို။ အနုကမ္ပေန္တိ၊ အစဉ် စောင့်ရှောက်ကုန်၏။

http://www.dhammadownload.com

ဒေဝတာ'နုကမ္ပိတော၊ နတ်တို့သည် အစဉ် စောင့်ရှောက်အပ်သော။ ပေါသော၊ ယောကျ်ား သည်။ သဒါ၊ အခါခပ်သိမ်း။ ဘဒြာနိ၊ ကောင်းမြတ်သည်တို့ကို။ ပဿတိ၊ မြင်၏။

ထိုပတ္တိဒါန, ပတ္တာနုမောဒါန အကျိုးပေးဟန်ကို တိကနိပါတ်၊ မဒ္ဒဒ္ဒါနဇာတ်။ ဒုက-နိပါတ်၊ သီလာနိသံသဇာတ်။ ဓမ္မပဒအဋ္ဌကထာ၊ ပသေနဒီကောသလဝတ္ထု။ ဝိဘင်းအဋ္ဌ-ကထာ။ အင်္ဂုတ္တရနိပါတ်၊ ဒေဝဒူတအဋ္ဌကထာ။ သီဟိဠ်ကျွန်း၌ မဟာစေတီကို ပန်းပူဇော်သော အမတ်ကြီးတို့ဝတ္ထု။ ဓမ္မပဒအဋ္ဌကထာ၊ သာနုသာမဏေရဝတ္ထု။ ခုဒ္ဒကပါဋအဋ္ဌကထာ၊ တိရောကုဋ္ဋသုတ်တို့ဖြင့် သိရာ၏။

အကျယ်ကား ဗာရာဏသီပြည်တွင် ဖြတ္တဒတ်မင်း မင်းပြုသောအခါ ငါတို့ဘုရား အလောင်းတော်သည် သူကြွယ်အမျိုး၌ဖြစ်၍ မိဘတို့ သေလွန်သည့်နောက် ညီငယ်နှင့် တကွ ရေကြောင်းခရီးဖြင့် ကုန်သွယ်ကြရာ တစ်ခုသောရွာမှ အသပြာ ၁,၀၀၀-ရ၍ ပြန်လာကြသော် တစ်ခုသောအရပ်၌ လှေကို ဆိုက်ထား၍ ထမင်းစားကြရာ ဘုရားအလောင်းတော်သည် ကြွင်းကျန်သော ထမင်းတို့ကို ငါး,လိပ်တို့အား ကောင်းစွာကျွေးမွေး၍ ပေးလှူသော ဒါန၏ အာနိသင်ကို ဂဂ်ိုမြစ်တွင် စောင့်ရှောက်သော နတ်တို့အား အမျှပေးဝေလျှင် မြစ်တွင်းစောင့်သောနတ်အား ပတ္တာနုမောဒန ကုသိုလ်ပလဝကြောင့် ခဏချင်းပင် နတ်တွင်ဖြစ်သော စည်းစိမ်ချမ်းသာဖြင့် လွန်စွာတိုးပွါးလေရကား "ငါ့အား ဘယ်သူ၏ ပတ္တိဒါနကို အနုမောဒနာပြု၍ ဒေဝသမ္ဗတ္တိ ပြည့်စုံလာသနည်း"ဟု ဆင်ခြင်သည်တွင် အကြောင်းကို မြင်လေ၏။ ထိုအခါ ဘုရားအလောင်းသည် ပတ္တိဒါနကို ပြုပြီးလျှင် သဲပြင်တွင် အိပ်လတ်၏။

ညီငယ်ကား စဉ်းလဲသောအကြံကို ကြံပြီးမှ အသပြာ ၁,၀၀၀-ထုပ်နှင့်တူစွာ အိုးခြမ်းကို ထုပ်၍ ဂဂ်ိုမြစ်လယ်သို့ ကူးသွားသောအခါ အသပြာထုပ် ရေသို့ ကျလေဟန် အိုးခြမ်းထုပ်ကို ရေသို့ ချမည် အကြံဖြင့် ချသည်ကို အသပြာထောင်ထုပ်ကို ချမိလေ၏။ 'အသပြာထောင်ထုပ်သည် ရေသို့ ကျလေ၏'-ဟူသောစကားကို အစ်ကိုအား ကြားပေရကား 'အဘယ်မှာ တတ်နိုင်တော့အံ့နည်း'-ဟု ဆို၏။

ထိုအခါ ဂဂ်ိုစောင့်နတ်သည် ဤသို့ ကြံအောက်မေ့ပြန်၏။ "ဤသူ၏ ပတ္တိဒါနကို အနုမောဒနာပြုရ၍ ကျက်သရေ စည်းစိမ်ချမ်းသာ ငါ့မှာ တိုးပွါး၍ ရှိရပေသည်။ ဤသူ၏ ဥစ္စာကို ကောင်းစွာ စောင့်ရှောက်၍ မပျောက်စေရအောင် စောင့်မ-သင့်ပေ၏"ဟု မိမိ၏ အာနုဘာဝဖြင့် ကြီးလှစွာသော ငါးကို မျိုစေ၏။ ညီငယ်ဖြစ်သော ခိုးသူယောကျ်ားလည်း 'ငါ့အား အသပြာထောင်ထုပ်ကို ရခဲ့ပြီ'-ဟု ရွှင်ကြည်လေလျှင် အိုးခြမ်းကို မြင်သောခဏ၌ ဒေါမနဿဒုက္ခ ကြီးစွာဖြစ်ရာရလေသည်။

http://www.dhammadownload.com

ထိုအခါ တံငါယောကျ်ားတို့ ငါးပစ်သောကွန်တွင် ဒေဝတာနုဘာဝကြောင့် အသပြာ ထောင်ထုပ်နှင့် တကွသော ငါးသည် ဝင်ရလေ၏။ တံငါတို့လည်း ထိုငါးကြီးကို ယူဆောင်ပြီး လျှင် ဗာရာဏသီပြည်တွင်းသို့ ဝင်၍ "ဤငါး ၁-ကောင်ကို ၁၀၀၀-နှင့် ၇-မာသကဖြင့် ဝယ်ယူကြကုန်"ဟု ဟစ်ကြော်သောကာလ တစ်စုံတစ်ယောက်မျှ ဝယ်ကြမည်ကို မဆိုထား ဘိ၊ ၁,၀၀၀-တန်သောငါးကို မကြားစဖူး-ဟု တိုင်းသူပြည်သား လူအများတို့ပင် ဆိုကြလေ ရကား ဘုရားလောင်းရှိရာသို့ ရောက်မှ ၇-မာသကနှင့် ရောင်းကြလေသည်။

ဘုရားလောင်းလည်း ဝယ်ပြီးသော ငါးကို မယားအား ပေးအပ်၍ ဝမ်းကို ခွဲသော ကာလ အသပြာထောင်ထုပ်ကို ရလေလျှင် ကောင်းကင်မှ မထင်ရှားသောကိုယ်ဖြင့် "ငါကား ဂင်္ဂါမြစ်စောင့်တည်း။ သင်၏ ပတ္တိဒါနကုသိုလ်ကို ရ၍ ငါ-စောင့်မသည်၊ ဤအသပြာ ဤ ဥစ္စာကို သင်သာ ယူလော"ဟု ညီငယ်၏ စဉ်းလဲသောအဖြစ်ကို ကြား၍ ကွယ်လေသည်။ ယင်းသို့ ဂင်္ဂါစောင့်နတ်က ဆိုသည် ဖြစ်လင့်ကစား ညီအငယ်နှင့် ၁,၀၀၀-သော ဥစ္စာကို ၅၀၀-စီ ဝေယူကြသတည်း။ ဤကား တိကနိပါတ် (ဇာ၊၄၊၂၃၃-၄)တွင် လာသော ပတ္တိဒါန, ပတ္တာနုမောဒန အကျိုးတည်း။

ကဿပမြတ်စွာဘုရား သာသနာတော်တွင် သောတာပန်, အရိယာသာဝကဖြစ် သော ဒါယကာကြီး တစ်ယောက်သည် နဟာပိတ-မည်သော သူကြွယ်ယောကျ်ားနှင့်တကွ တခုသော လှေကို စီးကြလေသော် ၇-ရက်အတွင်းသို့ ရောက်လျှင် သမုဒ္ဒရာအပြင်ဝယ် လှေသင်္ဘောပျက်လေရကား တစ်ခုသောပျဉ်ပြားဖြင့် မျောသွားကြလေလျှင် ၁-ခုသောကျွန်း တွင် ဆိုက်လေ၏။

ထိုအခါ နဟာပိတမည်သော သူကြွယ်မှာ တောဌက်တိရစ္ဆာန်တို့ကိုသာ သတ်စား ၍ အကုသိုလ်တရား ဖြစ်ပွားလေ၏။ အရိယာပုဂ္ဂိုလ် သူမြတ်မှာသော်ကား "ငါ့အား ရတနာ ၃-ပါးမှတပါး အခြားကိုးကွယ်ရာ မည်သည်မရှိပြီ"ဟု ရတနာ ၃-ပါး၏ ဂုဏ်ကို အာရုံပြု၍ အမြတ်တနိုး ကိုးကွယ်လေ၏။ ထိုအခါ သမုဒ္ဒရာအတွင်း၌နေသော နဂါးကြီးသည် မိမိ၏ ကိုယ်ကို ရတနာ ၇-ပါးတို့ဖြင့် ပြီးသော ကြိုးရွက်တန်ဆာတို့ဖြင့် စုံလင်စွာ ရတနာ ၇-ပါး တို့ဖြင့် ပြီးသော လှေကြီးကို ဖန်ဆင်းပြီးမှ ကမ်းတွင် ဆိုက်ထားလေ၏။ ထိုအခါ သမုဒ္ဒရာ စောင့်နတ်သည် လှေသူကြီးအဟန် ဖန်ဆင်းပြီးမှ လှေပေါ်တွင် တည်လျက် "ဇမ္ဗူဒီပါကျွန်း သို့ လိုက်လိုသောသူတို့သည် လာကြကုန်"ဟု ကြွေးကြော်လေလျှင် အရိယာသာဝက ဖြစ်သော ဒါယကာကြီးက 'အကျွန်ုပ် လိုက်ပါအံ့'-ဟု ဆိုသဖြင့် 'လိုက်လိုလျှင် ဆောလျင်စွာ လာလော့'-ဟု ဆိုသောခဏ၌ နဟာပိတကို ခေါ်သည်တွင် "သင်သာ ဤလှေတွင် စီးပါ။ နဟာပိတကဲ့သို့ လူယုတ်မာကို ငါမတင်လို"-ဆိုပြန်သဖြင့် မိမိပြုသော ဒါန, သီလ, ဘာဝနာ

http://www.dhammadownload.com

ကုသိုလ်စေတနာကို နဟာပိတအား ပေးဝေမှ နဟာပိတက သာဓု-သာဓု အနုမောဒနာ ပြုရာ 'စီးပါတော့'-ဟု အခွင့်ရမှ လိုက်ရလေသည်။ ၂-ဦးသော ဒါယကာတို့ကို ဗာရာဏသီ ပြည်သို့ ရောက်အောင် တင်ဆောင်၍ ရတနာ ၇-ပါးတို့ကို သိုထားစေပြီးမှ သူတော် ကောင်းတို့နှင့် ပေါင်းဖော်ရသဖြင့် ချမ်းသာသုခရကြောင်းကို ဆုံးမပြန်လို၍ –

ပဿ သဒ္ဓါယ သီလဿ၊ စာဂဿ စ ဂ္ဂဒံ (အယံ) ဖလံ။
နာဂေါ နာဝါယ ဝဏ္ဏေန၊ သဒ္ဓံ ဝဟတု'ပါသကံ။ ။

သဒ္ဓိရေဝ သမာသေထ၊ သဒ္ဓိ ကုဗ္ဗေထ သန္ထဝံ။
သတံ ဟိ သန္နိဝါသေန၊ သောတ္ထိ ဝဒ္ဓတိ နာပိတော။ ။ –

ဟူသော ၂-ဂါထာဖြင့် ရွတ်၏။

သဒ္ဓါယ၊ သဒ္ဓါတရား၏လည်းကောင်း။ သီလဿ၊ သီလ၏လည်းကောင်း။ စာဂဿ၊ စွန့်ခြင်း၏လည်းကောင်း။ ဂ္ဂဒံ ဖလံ၊ ဤအကျိုးကို။ ပဿ၊ ရှုကြပါလော။ နာဂေါ၊ နဂါးသည်။ နာဝါယ၊ လှေ၏။ ဝဏ္ဏေန၊ အသွင်ဖြင့်။ သဒ္ဓံ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသက်၊ ဒါယကာကို။ ဝဟတိ၊ ရွက်ဆောင်၏။

သဒ္ဓိရေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဖော်ကုန်ရာ၏။ သဒ္ဓိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဖော်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ ဟိ သစ္စံ၊ မှန်၏။ သတံ၊ သူတော်ကောင်းတို့နှင့်။ သန္နိဝါသေန၊ ပေါင်းဖော်ခြင်းကြောင့်။ နာပိ-တော၊ နာပိတမည်သော လှေသူကြီးသည်။ ဝါ၊ နာပိတမည်သော သူမိုက်ကြီးသည်။ သောတ္ထိ၊ ချမ်းသာခြင်းသို့။ ဝဒ္ဓတိ၊ ရောက်သေး၏။ ဤကား ဒုကနိပါတ်လာ ပတ္တာနုမောဒနအကျိုး တည်း။ (ဇာ၊၅၊၂။၁၀၁-၃)

သာဝတ္ထိပြည်တွင် ပသေနဒီကောသလမည်သော မင်းသည် ၁-ခုသော သဘင်နေ့ ၌ ပုဏ္ဏာရီကမည်သော ဆင်ထက်သို့ တက်စီးပြီးမှ တင့်တယ်လှစွာ ရာဇာနုဘာဝဖြင့် သာဝတ္ထိပြည်သို့ လှည့်လည်ရာ များစွာသော ပြည်သူအပေါင်းတို့သည် သောင်းသောင်း အုတ်အာ လွန်စွာ တိုးဝှေ့ကြ၍ သုကတကလျာဏဒါနသီလစေတနာကြောင့် များစွာသော ခဲ, အုတ်, ကျောက်တို့ဖြင့် ပုတ်ခတ်ရိုက်နှက်သော်လည်း ပြေးလျက်ပင် နောက်သို့ ပြန်၍ ကြည့်ပြန်လေ၏။

ထိုအခါ ဆင်းရဲလှသော ယောကျ်ား၏ မယားသည် ဘုံ ၇-ဆင့်ရှိသော ပြာသာဒ်၏ အတွင်း လေသာပြူတင်းမှ ကြည့်လတ်၍ ပြာသာဒ်တွင်းသို့ ဝင်သွားသည်ကို တိမ်တိုက် ကြား၏အတွင်း လမင်းဝင်သကဲ့သို့ ထင်လေရကား အားကြီးစွာသော ကိလေသာ ဗလဝ-

http://www.dhammadownload.com

ပဋိဗဒ္ဓကြောင့် ဆင်ကျောက်ကုန်းမှ ကျအံ့သကဲ့သို့ ထင်၍ ဆောလျင်အမြန် နန်းတော်သို့ ပြန်ပြီးလျှင် "လင်မဲ့,လင်ရှိကို သိအောင် မေးချေ"။ တစ်ယောက်သော အမတ်ကို စေ၍ မေးလေရကား လင်ရှိမယား-ဟု ထင်ရှားသိတော်မူလတ်သော် ထိုယောကျ်ားကို ခေါ်၍ ရှေ့တော်သို့ သွင်းရောက်ကာလ "ငါ့ကို နေ့ညမပြတ် ဆည်းကပ်ခစား၍ အပါးတွင် နေ"ဟု မိန့်တော်မူသဖြင့် အခွင့်မရသဖြင့် တစ်ခုသော အကြောင်းကိစ္စဖြင့် အပြစ်ဒေါသ ကိုယ်တွင်းထား၍ မယားကို ယူအံ့သောငှာ "ဤသာဝတ္ထိပြည်မှ အဓွန့်ဝေးကွာ ယူဇနာတွင် ကုမုဒ္ဒရာကြာပန်းနှင့်တကွ အရုဏာဝတီမြေကို ယူဆောင်ပြီးမှ ညချမ်းအခါ ရေချိုးမှီ ရောက်လာစေ"ဟု စေတော်မူလျှင် မသေဝံ့, မရှင်ဝံ့၊ ကြောက်လန့်တကြား အိမ်သို့ သွား၍ မယားချက်ပြုတ်သော ထမင်းအိုးကို အခိုးအငွေ့နှင့် တကွပင် သွားရင်းမှ နပ်စေ၊ ခူးယူလေ၍ ပြေးပေရကား တစ်ခုသော မြစ်နားတွင် ထမင်းကို စား၍ ခရီးသွားယောကျ်ားနှင့် ငါးတို့ကို ပေးလျှပြီးမှ အရာ,အထောင်သော ဒါနာနိသံသပတ္တိဒါနကို အမျှပေးဝေရကား မြစ်နားတွင် စောင့်ရှောက်သောနဂါး ထိုအသံကို ကြားလေလျှင် သူအိုအသွင်ဖြင့် ဆောလျင်စွာ လာ၍ "ငါ့အား ဤကုသိုလ်ဒါနကို အမျှပေးဝေပါလော"ဟု ဆို၍ ၃-ကြိမ်တိုင်အောင် အမျှပေးဝေရာ သာဓုအနုမောဒနာခေါ်၍ ကုမုဒ္ဒရာကြာနှင့်တကွ အရုဏာဝတီမြေကို ပေးဝေ၏။

ဤဝတ္ထုအဆုံး နိဂုံးတိုင်အောင် ပြဆိုရလျှင် ကျယ်လွန်းအံ့။ အကျယ်ကို သိလိုသော သူတို့ ဓမ္မပဒအဋ္ဌကထာ၊ ဗာလဝဂ်၊ ရှေးဦးစွာသော ပဿေနဒီကောသလဝတ္ထု (အညတရ-ပုရိသဝတ္ထု)မှာ ကြည့်လေ။ ဤကား ဓမ္မပဒအဋ္ဌကထာ(၁။၂၈၂-၂၉၂) ပတ္တိဒါနအကျိုးတည်း။

သီဟိုဠ်ကျွန်းတွင် တစ်ယောက်သော အမတ်ကြီးသည် မဟာစေတီတော်ကို ၁-ကုမ္ဘသော ပန်းဖြင့် ပူဇော်၍ ထိုကုသိုလ်၏အကျိုးကို ငရဲမင်းတို့အား အမျှပေးဝေ၏။ ထို အမတ်ကြီးသည် စုတိကျသောအခါ ငရဲပြည်သို့ ရောက်လေလျှင် ငရဲမင်းက "လူပြည်တွင် သင်သည် အဘယ်ကုသိုလ်ကို ပြုဖူးသနည်း"ဟု မေးရာ "သတိမရ၍ အကျွန်ုပ် မမှတ်မိပါ"ဟု ဆိုလေလျှင် "မဟာစေတီတွင် ၁-ကုမ္ဘသော ပန်းကို ပူဇော်သောကာလ ငါ့ကို သင်အမျှပေးဝေ၏"ဟု ဆိုသောအခါမှ သတိရ၍ ဤကုသိုလ်ဒါနကြောင့် ဒေဝဂတိသို့ ရောက်လေ၏။

ဤကား ဝိဘင်းအဋ္ဌကထာ။ အဂုံတ္တရ၊ တိကနိပါတ်၊ ဒေဝဒူတသုတ် အဋ္ဌကထာတို့တွင် လာသော ပတ္တိဒါနအကျိုးတည်း။ (အံ။၁၊၂၁၂။ မ၊၃၊၄၊၁၆၆)

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်တွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောအခါ တစ်ယောက်သော ဒါယိကာမကြီး၏ သားဖြစ်သော သာနုအမည်ရှိသော သာမဏေသည် ငယ်ရွယ်စဉ်ကာလကပင် သီလသီတင်း ဝတ်ကြီး,ဝတ်ငယ်တို့နှင့် ပြည့်စုံ၏။

http://www.dhammadownload.com

နဝင်းနေ့ကြိမ်သောအခါ ရေအိုးစင်တို့၌ ရေလောင်းခြင်း၊ တရားဟောနေရာ၌ ကောင်းစွာ သုတ်သင်ခြင်း၊ တရားနာ ကြွေးကြော်ခြင်းတို့ကို ပြု၏။

တနေ့သ၌ တရားဟော နေရာကို သုတ်သင်၍နေရာ သာနုသာမဏေ၏ စွမ်းပကား အားရှိသည်ကို သိ၍ "ငါ့ရှင် သာနုသာမဏေ၊ တရားဟောပါလျှင် ငါတို့ နာလိုကုန်၏" ဟု ဆိုသဖြင့် တရားဟောပလွင်သို့ တက်၍ ရဟန်းတို့အား တရားဒေသနာ ကောင်းစွာ ဟောကြားပြီးသော် "ငါ ယခု ဓမ္မဒေသနာ ကောင်းစွာ ဟောကြားရသော ကုသိုလ်၏အဖို့ကို ငါ၏ မိခင်,ဖခင်တို့အား အမျှပေးဝေ၏"ဟု ပတ္တိဒါနကို ပြုလေ၏။

သာဝတ္ထိပြည်တွင်း၌နေသော မိခင်,ဖခင်တို့အား မကြားမသိနိုင်ကြ။ လွန်လေပြီးသော အနန္တရဘဝတွင် မိခင်,ဖခင်ဖြစ်ခဲ့ဖူးသော ဘီလူးမသည် များစွာသော ဘီလူးပရိသတ်နှင့်အစည်းဝေးနှင့်တကွ တရားတော်နာရာ ပါလေရကား "သား-သာနုသာမဏော အမျှပေးဝေသော အသံကို ကြား၍ "ငါ့သား သာနုသာမဏော ပေးဝေသော ကုသိုလ်အဖို့ကို သာဓု-သာဓု"ဟု အနုမောဒနာ ပြုပေ၏။

သီလရှိသောပုဂ္ဂိုလ်တို့ မည်သည်ကို ခပ်သိမ်းသော လူ,နတ်,ဗြဟ္မာ သတ္တဝါ-ဟူသမျှပင် ချစ်ခင်လေးမြတ်ကုန်၏။ သာနုသာမဏော၌ ရှိသေရှက်ကြောက်ခြင်းနှင့်တကွ မိုးပုံကြီးပမာ ဗြဟ္မာကြီးကဲ့သို့ ထင်မှတ်ကြကုန်၏။ သာနုသာမဏောအား ရှိသေခြင်းကို အကြောင်းပြု၍ "သာနုမာတာ သာနုမာတာ"ဟု နေရာဦး, ထမင်းဦးပေး၍ အဝေးမှ လာသည်ကို မြင်လျှင် ဖဲကြဉ်ရှောင်ကွင်း နေရာမှ ထခြင်းကို ပြု၍ သာနုမာတာ-မည်သော ဘီလူးကို ရှိသေကြကုန်၏။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၊ ၂၃-ခုမြောက်သော နာဂဝဂ်အစု၊ ၅-ခုမြောက်သော သာနုသာမဏောရဝတ္ထု (၂။၃၁၆-၃၂၀)တွင်—

ဓမ္မသဝနယက္ခသမာဂမာဒီသု 'သာနုမာတာ သာနုမာတာ'တိ ယက္ခိနိယာ အဂ္ဂါ'သနံ အဂ္ဂေါ'ဒကံ အဂ္ဂပိဏ္ဍံ ဒေန္တိ၊ မဟေသက္ခာပိ ယက္ခာ တံ ဒိသွာ မဂ္ဂါ သြက္ကမန္တိ အာသနာ စ ဝုဋ္ဌဟန္တိ။ –

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဓမ္မသဝနယက္ခသမာဂမာဒီသု၊ တရားသဘင် ဘီလူးအစည်းအဝေးတို့၌။ 'သာနုမာတာ သာနုမာတာ'တိ၊ သာနုမာတာ, သာနုမာတာ-ဟူ၍။ ဝါ၊ သာနုမိခင်, သာနုမိခင်-ဟူ၍။ ယက္ခိနိယာ၊ ဘီလူးမအား။ အဂ္ဂါသနံ၊ နေရာဦးကိုလည်းကောင်း။ အဂ္ဂေါဒကံ၊ ရေဦးကိုလည်းကောင်း။ အဂ္ဂပိဏ္ဍံ၊ ထမင်းဦးကိုလည်းကောင်း။ ဒေန္တိ၊ ပေးကြကုန်၏။ မဟေ-

http://www.dhammadownload.com

သက္ခာ၊ တန်ခိုးကြီးကုန်သော။ ယက္ခာပိ၊ ဘီလူးတို့သည်လည်း။ တံ၊ ထိုဘီလူးမကို။ ဒိသွာ၊ မြင်၍။ မဂ္ဂါ၊ ခရီးမှ။ သြက္ကမန္တိ၊ ဖဲကြကုန်၏။ အာသနာ စ၊ နေရာမှလည်း။ ဝုဋ္ဌဟန္တိ၊ ထကြကုန်၏။

သာနုသာမဏေရဝတ္ထုကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ အကျယ်ကို သိလိုသောသူတို့ အဋ္ဌကထာမှာ ကြည့်လေ။ ဤကား ဓမ္မပဒအဋ္ဌကထာ၌ လာသော ပတ္ထာနုမောဒနအကျိုးတည်း။

ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ၉၂-ကမ္ဘာထက်၌ ဖုဿဘုရား ဖြစ်တော်မူသောအခါ ဖုဿဘုရား ညီတော် ၃-ယောက်တို့သည် ခမည်းတော် ဇယသေနမင်းကြီး ကဲ့မှ ရအပ်သော ဆုထူး,ဆုမြတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားကို လုပ်ကျွေးကြရာ သံယာ၏ အဦးကို ယူစားကြသောသူတို့သည် ဤဘဒ္ဒကပ်ကမ္ဘာတွင် ကဿပမြတ်စွာဘုရား၏ လက်ထက် ပြိတ္တာအမျိုး၌ဖြစ်၍ တပါးသောသူတို့ ဆွေမျိုးဖြစ်သော ပြိတ္တာကို ရည်၍ အလှူ၊ ပးကြသဖြင့် ရေစက်သွန်းချ အမျှပေးဝေသောခဏ၌ သာဓု အနုမောဒနာခေါ်၍ ပြိတ္တာအဖြစ်မှ လွတ်ကြသည်ကို မြင်လေလျှင် ကဿပမြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ –

"အကျွန်ုပ်တို့အား အဘယ်အခါမှ ပြိတ္တာအဖြစ်မှ လွတ်ရပါအံ့နည်း"ဟု မေးလျှောက်ကြလေလျှင် "နောင်-ဂေါတမမြတ်စွာဘုရား ဖြစ်တော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ၉၂-ကမ္ဘာထက်က သင်တို့၏ ဆွေမျိုးပင်တည်း။ ထိုဗိမ္ဗိသာရမင်းကြီးသည် အလှူပေး၍ သင်တို့အား ပေးဝေလတ္တံ့၊ ထိုအခါ ရလတ္တံ့"ဟု မိန့်တော်မူသောအတိုင်း ငါတို့ဂေါတမ ဖြစ်တော်မူလာလျှင် ရာဇဂြိုဟ်ပြည်တွင် ဗိမ္ဗိသာရမင်းကြီးသည် ၉၂-ကမ္ဘာထက်က ဆွေမျိုးဖြစ်ဖူးသော ပြိတ္တာတို့ကို ရည်၍ ဆွမ်း,သင်္ကန်း, အိပ်ရာ,နေရာတို့ကို မြတ်စွာဘုရားနှင့်တကွသော သံယာတော်တို့အား လှူဒါန်းပြီးမှ ရေစက်သွန်းချ အမျှပေးဝေသောခဏ၌ သာဓုအနုမောဒနာ ခေါ်ကြသဖြင့် ထိုပြိတ္တာတို့သည် ပြိတ္တာအဖြစ်မှ လွတ်၍ နတ်နှင့်တူသော စည်းစိမ်ချမ်းသာကို ရလေ၏။

ဤကား ခုဒ္ဒကပါဌအဋ္ဌကထာ၊ တိရောကုဋ္ဌသုတ် (နှာ-၁၆၈-၁၈၂)တွင် လာသော ပတ္ထိဒါနအကျိုး တည်း။

၁၂၃၇-ခု၊ နတ်တော်လဆုတ်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

မန္တလေးမြို့မြောက်ပြင်၊ မြကျွန်းမြေဌေးရပ်၊ အင်းဝပန်းပဲတန်းနေ ဒါယကာ မောင်မိုး-က တာဝတိံသာတွင် အဘိဓမ္မာကိုသာ ဟောလေသလော၊ ၎င်းမှ တပါးသုတ္တန်ကို ဟောသေးသလော, မဟောလေလော-ဟု စောကြောမြွက်ဆို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၆၈] "ဘုရားတပည့်တော် ရတနာပူရ၊ အင်းဝပန်းပဲတန်းနေ ဒါယကာ ငမိုး ခြေတော်ဦးခိုက် လျှောက်ပါသည်ဘုရား။

မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္မဝတ္ထယိ။ –

ဟူသော ဓမ္မသင်္ဂဏီအဋ္ဌကထာပါဠိ (နှာ-၁)လာသည်နှင့်အညီ တာဝတိံသာနတ်ပြည်တွင် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဏာကမွှလာ ကျောက်နေရာထက် ဝါတွင်း ၃-လပတ်လုံး အဘိဓမ္မာဒေသနာကို နတ်အပေါင်းတို့အား ဟောကြားတော်မူကြောင်းကိုသာ လာရှိသည်ဖြစ်၍ အဘိဓမ္မာ ဒေသနာမှတပါး အခြားသုတ္တန်ဒေသနာကို မြတ်စွာဘုရားသည် နတ်တို့အား မဟောလေပြီလော-ဟု တွေးတောယုံမှား ရှိကြပါသည်။

ယင်းသို့ပင် ရှိသော်လည်း မိမိတို့သန္တာန်ဝယ် ဉာဏ်နည်းသူဖြစ်ကြ၍ နေရာကျ မသိနိုင်ပါသောကြောင့် ကျမ်းဂန်နှင့်အညီ နေရာကျသိမှတ်ပါရအောင် မ-စတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စကားပါ ဒါယကာမောင်မိုး လျှောက်ထားချက်–

[၆၈] တာဝတိံသာနတ်ပြည်တွင် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဏာကမွှလာ ကျောက်နေရာတွင် အဘိဓမ္မာဒေသနာတော်မှတပါး အခြားသုတ္တန်ဒေသနာကို မြတ်စွာဘုရား ဟောသည်, မဟောသည်ကို မေးလျှောက်သည်မှာ သာဝတ္ထိပြည်တွင် ယမိုက်ပြာဇိဟာကို ပြပြီး၍ တာဝတိံသာနတ်ပြည်၊ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော *(ပဏ္ဏာကမွှလာ)* ကျောက်ဖျာထက် နေတော်မူရာ မယ်တော်ဖြစ်ခဲ့ဖူးသော သန္ဓာသီတနတ်သားလည်း ထိုတုသိတာနတ်ပြည်မှ လာ၍ လက်ယာနံပါးတွင် ခစား၍ နေလတ်၏။

http://www.dhammadownload.com

ဘုရားသာသနာတော်တွင် အနုရုဒ္ဓါမထေရ်မြတ်ကို ၁-ယောက်ချို့, ၁-ဇွန်းမျှ လျှဒါန်းသော ဣန္ဒနန္ဒကနတ်သားလည်း လက်ယာနံပါးတွင် နေလတ်၏။ သာသနာပ အနှစ် ၁-သောင်းကြာအောင် ၁၂-ယူဇနာအရပ်တွင် ခုံလောက်ချင်း ထိစပ်၍ မပြတ် ချက်ပြုတ် လုပ်ကျွေးသော အကံ့ရနတ်သားသည် လက်ဝဲနံပါးက နေရာ ဘုန်းကြီးသောနတ်တို့ လာ၍ ၁၂-ယူဇနာတိုင် ဆုတ်ရှား၍ သွားရလေသည်ကား မြက်ပင်များသော လယ်၌ စိုက်ပျိုးသော ကောက်ပင်၏ပမာ ရာဂ, ဒေါသ, မောဟ, ဣန္ဒာ, တဏှာတို့ဖြင့် လွန်စွာ အားကြီးသော ပုဉ္ဇဂ္ဂါဟတို့၌ လျှဒါန်းသော ဒါန၏အကျိုးသည် မဖွံ့ဖြိုးဘဲ အကျိုးနည်းပါး ကြောင်းကို ပြတော်မူလို၍–

တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။ (ခမ္မ၊၆၄-၅။ ခမ္မ၊၄၊၂၁၄၄)

အစရှိသော ၅-ဂါထာ(၄-ဂါထာ)ကို ဟောတော်မူကြောင်းကို ခမ္မပဒအဋ္ဌကထာ၊ ဗုဒ္ဓဝဂ်အစု၊ ၂-ခုမြောက်သော ဒေဝဝေရောဟနဝတ္ထုတွင် လာသည်။

ခေတ္တာနိ၊ လယ်တို့သည်။ တိဏဒေါသာနိ၊ မြက်-ဟူသော အပြစ် ရှိကုန်၏။ အယံ ပဇာ၊ ဤသတ္တဝါသည်။ ရာဂဒေါသာ၊ ရာဂဟူသော အပြစ်ရှိ၏။ တသ္မာ၊ ကြောင့်။ ဝိတ-ရာဂေသု၊ ရာဂ ကင်းသောသူတို့၌။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီး မြတ်သည်။ ဟောတိ၊ ဖြစ်၏။

နောက် ၎င်းဂါထာတို့၌လည်း ရာဂဒေါသ၏အရင်၌ "**ဒေါသဒေါသာ၊ မောဟ ဒေါသာ။ ဣန္ဒာဒေါသာ၊ တဏှာဒေါသာ**"ဟူ၍ ပါဠိလှယ်၍ ရွတ်ရာသည်။ ဒေါသဒေါသာ၊ ဒေါသဟူသော အပြစ်ရှိ၏။ မောဟဒေါသာ၊ မောဟ-ဟူသော အပြစ်ရှိ၏။ ဣန္ဒာဒေါသာ၊ ဣန္ဒာ-ဟူသော အပြစ်ရှိ၏။ တဏှာဒေါသာ၊ တဏှာ-ဟူသော အပြစ်ရှိ၏။ ဤသို့ အနက်ပေး။

တသ္မာ ဝိတရာဂေသု၏အရလည်း "**ဝိတဒေါသေသု၊ ဝိတမောဟေသု ဝိဂတိစ္ဆေ-သု ဝိတတဏှေသု**"ပါဠိ လဲလှယ်၍ ရွတ်ရာ၏။ ဝိတဒေါသေသု၊ ဒေါသကင်းသောသူတို့၌။ ဝိတမောဟေသု၊ မောဟကင်းသောသူတို့၌။ ဝိဂတိစ္ဆေသု၊ ဣန္ဒာကင်းသောသူတို့၌။ ဝါ၊ လိုချင်ခြင်း ကင်းသောသူတို့၌။ ဝိတတဏှေသု၊ တဏှာကင်းသောသူတို့၌။ ဤသို့ အနက်ပေး။

ပါဠိ,အဋ္ဌကထာရှိတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။ ဤကား တာဝတိံသာတွင် အဘိဓမ္မာကို ဟောတော်မမူမီ သုတ္တန်ဒေသနာကို ဟောတော်မူသော သာဓကဝတ္ထုတည်း။ "ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ"အစရှိသော အဘိဓမ္မာဒေသနာကို ဟောတော်မူရာ

http://www.dhammadownload.com

အဘိဓမ္မာဒေသနာသည် လွန်စွာခက်ခဲ နက်နဲသိမ်မွေသောကြောင့် ၃-ပါးသောလက္ခဏာကိုဆောင်သော ရုပ်,နာမ်တို့၏ အပိုင်းအခြားရှိသော အဘိဓမ္မာဒေသနာကို ကောင်းစွာထိုးထွင်း၍ မသိနိုင်သော နတ်တို့အား ထိတ်လန့်ခြင်း သံဝေဂရှိခဲ့ရကား အကြားအကြား၌ ချပ်၍ ဘဒ္ဒေကရတ္တသုတ်ကို ဟောတော်မူ၏။

ထို့ကြောင့် ဥပရိပဏ္ဏာသ၊ ဘဒ္ဒေကရတ္တသုတ်အဋ္ဌကထာ၌–

မာတရံ ကာယသက္ခိ ကတ္တာ အဘိဓမ္မကထံ ကထေန္တော ဂမ္ဘီရံ နိပုဏံ တိလက္ခဏာဟတံ ရူပါရူပပရိစ္ဆေဒံ တံ ပဋိဝိဇ္ဈိတုံ အသက္ကောန္တော ဒေဝတာနံ သံဝေဂနံ နတ္ထိ။ အန္တရန္တရာ ဘဒ္ဒေကရတ္တဿ ဥဒ္ဒေသဉ္စ ဝိဘင်္ဂဉ္စ အဒေသိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မ၊၃၊၄။၁၇၄။ ထောက် ဝိသဒိသံ)

မာတရံ၊ မယ်တော်ဖြစ်သော နတ်သားကို။ ကာယသက္ခိ ကတ္တာ၊ ကိုယ်သက်သေပြု၍။ အဘိဓမ္မကထံ၊ အဘိဓမ္မာဒေသနာကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။ ဂမ္ဘီရံ၊ နက်နဲသော။ နိပုဏံ၊ သိမ်မွေသော။ တိလက္ခဏာဟတံ၊ ၃-ပါးသော လက္ခဏာကို ဆောင်သော။ ရူပါရူပပရိစ္ဆေဒံ၊ ရုပ်, နာမ်တရားကို ပိုင်းခြားသော။ တံ၊ ထိုအဘိဓမ္မာဒေသနာကို။ ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ဒေဝတာနံ၊ နတ်တို့အား။ သံဝေဂနံ၊ ထိတ်လန့်ခြင်း၏ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ အန္တရန္တရာ၊ အကြားအကြား၌။ ဘဒ္ဒေကရတ္တဿ၊ ဘဒ္ဒေကရတ္တသုတ်၏။ ဥဒ္ဒေသဉ္စ၊ ဥဒ္ဒေသကိုလည်းကောင်း။ ဝိဘင်္ဂဉ္စ၊ ဝေဖန်ခြင်းကိုလည်းကောင်း။ အဒေသိ၊ ဟောတော်မူ၏။

ဟောတော်မူသော ဘဒ္ဒေကရတ္တသုတ်ကား–

၁။ အတီတံ နာ'န္ဝါဂမေယ္ယ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယ'ဒတီတံ ပဟီနံ တံ၊ အပတ္တဉ္စ အနာဂတံ။ ။

၂။ ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသင်္ကုပ္ပံ၊ တံ ဝိဒ္ဒါ မနုဗြူဟယေ။ ။

၃။ အဇ္ဇေဝ ကိစ္စ'မာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။ ။

၄။ ဧဝံ ဝိဟာရိ အာတာပိ၊ အဟောရတ္တ'မတန္ဒိတံ။
တံ ဝေ ဘဒ္ဒေကရတ္တော'တိ၊ သန္တော အာစိက္ခတေ မုနိ။ ။

ဟူသည်တည်း။ (မ၊၃။၂၂၆-၂၄၃)

http://www.dhammadownload.com

၁။ အတီတံ နာ'နွာဂမေယျ၊ နာ ပဋိကခေံ် အနာဂတံ်။
ယ'ဒတီတံ ပဟီနံ် တံ်၊ အပတ္တဏ္ဍ အနာဂတံ်။ ။

၁။ ယံ်၊ အကြင် ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ အတီတံ်၊ အတိတ်ကာလ၌ ဖြစ်၏။ တံ်၊ ထိုအတိတ်ကာလ၌ဖြစ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားကို။ ပဟီနံ်၊ ပယ်အပ်ပြီ။ ယံ်၊ အကြင် ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ အနာဂတံ်၊ အနာဂတ်ကာလ၌ ဖြစ်၏။ တံ်၊ ထိုအနာဂတ်ကာလ၌ ဖြစ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားသည်။ အပတ္တံ်၊ မလာ,မရောက်သေး။ တသ္မာ၊ ထို့ကြောင့်။ အတီတံ်၊ အတိတ်ကာလ၌ဖြစ်သော ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားကို။ နာ'နွာဂမေယျ၊ တဏှာဒိဋ္ဌိဖြင့် အလိုသို့ မလိုက်ရာ။ အနာဂတံ်၊ အနာဂတ်ကာလ၌ဖြစ်သော ရုပ်,နာမ်တရား ခန္ဓာ ၅-ပါးကို။ နာ ပဋိကခေံ်၊ တဏှာဒိဋ္ဌိဖြင့် မတောင့်တရာ။

၂။ ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံ်ဟီရံ် အသံ်ကုပ္ပံ်၊ တံ် ဝိဒွါ မနုဗြူဟယေ။ ။

၂။ ယော ဝိဒွါ၊ အကြင် ပညာရှိသည်။ ပစ္စုပ္ပန္နံ်၊ ဖြစ်ဆဲဖြစ်သော။ ဓမ္မံ်၊ ခန္ဓာ ၅-ပါး ရုပ်,နာမ်တရားကို။ တတ္ထ တတ္ထ၊ ထိုထိုသို့သော တောအစရှိသောအရပ်, ထိုထိုသို့သော ကာလ ဓာတ္တယတို့၌။ ဝိပဿတိ၊ အနိစ္စာနုပဿနာ-စသော ၇-ပါးသော အနုပဿနာတို့ဖြင့် ရှု၏။ အသံ်ဟီရံ် ရာဂ-အစရှိသည်တို့သည် မဆွဲမငင်နိုင်သော။ အသံ်ကုပ္ပံ် ရာဂ-အစရှိသည်တို့သည် မဖျက်ဆီးနိုင်သော။ တံ်၊ ထိုဝိပဿနာကို။ ဝိဒွါ၊ ပညာရှိသည်။ အနုဗြူဟယေ၊ ပွါးရာ၏။

၃။ အဇ္ဇေဝ ကိစ္စ'မာတပ္ပံ်၊ ကော ဇညာ မရဏံ် သုဝေ။
နာ ဟိ နော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။ ။

၃။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ အာတာပံ်၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လကို။ ကိစ္စံ ကာတဗ္ဗံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်။ မရဏံ်၊ သေခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်အံ့နည်း။ ဟိ သစ္စံ၊ မှန်၏။ မဟာသေနေန၊ ၉၆-ပါးသော ဝေဒနာ, ၃၂-ပါးသော ကံကြမ္မာ, ၂၅-ပါးသော ဘေး, ၁၆-ပါးသော ဥပဒ္ဒဝေါ, ၁၀-ပါးသော ဒဏ်, ၈-ပါးသော အပြစ်-အစရှိသော စစ်သည်အပေါင်းလည်း ရှိထသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ဂရံ၊ ချိန်းချက်ခြင်းသည်။ နာ အတ္ထိ၊ မရှိ။

၄။ ဧဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တ'မတန္ဒိတံ်။
တံ် ဝေ ဘဒ္ဒေကရတ္တော'တိ၊ သန္တော အာစိက္ခတေ မုနိ။ ။

http://www.dhammadownload.com

၄။ ဧဝံ၊ ဤသို့။ အာတာပီ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသည် ဖြစ်၍။ ဝိဟာရီ၊ နေလေ့ရှိသော။ အဟောရတ္တံ၊ နေ့ညဉ့်ပတ်လုံး။ အတန္ဒိတံ၊ မပျင်းမရိသော။ တံ၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ ဘဒ္ဒေကရတ္တောတိ၊ ကောင်းသော ညဉ့်ရှိသော ပုဂ္ဂိုလ်-ဟူ၍။ သန္တော၊ ငြိမ်သက်သောဣန္ဒြေရှိတော်မူသော။ မုနိ၊ မြတ်စွာဘုရားသည်။ အာစိက္ခတေ၊ ဟောကြားတော်မူ၏။

'အဇ္ဇေဝ ကိစ္စံ'-ဂါထာ၌ "အဇ္ဇေဝ ကိစ္စံ ကာတဗ္ဗံ"ဟု ပါဠိရေးသား မှတ်သားလေ့ကျက် ဆောင်ရွက်သင်အံ့ကြ၏၊ မသင့်။ "အဇ္ဇေဝ ကိစ္စံ အာတပံ"ဟု ရှိမှသင့်မည်။ 'အာတပံ'-ဟု ရှိမှ သင့်မည်။ 'အာတပံ'-ကား ကံ၊ 'ကိစ္စံ'-ကား ကိရိယာတည်း။

ဤကား အဘိဓမ္မတ္ထဒေသနာတော်၏ အကြားအကြား၌ ချပ်၍ ဘဒ္ဒေကရတ္တသုတ်ကို ဟောတော်မူသော သာဓကဝတ္ထုတည်း။

ဤပါဠိ,အဋ္ဌကထာ လာသောကြောင့် တာဝတိံသာဝယ် အဘိဓမ္မာကို ဟောတော်မမူမီ 'တိဏာဒေါသာနိ ခေတ္တာနိ' အစရှိသော အကုံရသုတ်၊ အဘိဓမ္မာဒေသနာတော်၏ အကြားအကြား၌ ချပ်၍ "အဇ္ဇေဝ ကိစ္စံ အာတပံ"အစရှိသော ဘဒ္ဒေကရတ္တသုတ်ကို ဟောတော်မူကြောင်းကို ကောင်းကောင်းသန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

၁၂၃၇-ခု၊ တပို့တွဲလဆုတ်၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေလိုက်သည်။

★★★★★★★

http://www.dhammadownload.com

သူရဲရဲဈေးနေ တကာမောင်ဘိုးမောင်-က ဘုရား,ရဟန္တာတို့ ပရိနိဗ္ဗာန်စံယူတော်မူသောအခါ မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇောတို့ အဘယ်ကို အာရုံပြုသည်၊ စုတိစိတ်သည် အဘယ်ကို အာရုံပြုသည်များကို လျှောက်ထားချက်

[၆၉] "ဘုရားတပည့်တော် သူရဲရဲဈေးနေ တတာ ဒဘိုးမောင် ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

ဘုရား,ရဟန္တာတို့ ပရိနိဗ္ဗာန်စံယူတော်မူသောအခါ–

(၁) မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇောစိတ်တို့သည် အဘယ်ကို အာရုံပြုသည်၊

(၂) စုတိစိတ်သည် အဘယ်ကို အာရုံပြုသည်ကို အသေအချာ မသိပါသောကြောင့် သေချာစွာ သိမှတ်ပါရအောင် ကျမ်းဂန်ဒုံအညီ အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

သူရဲရဲဈေးနေ တကာမောင်ဘိုးမောင် လျှောက်ချက်–

[၆၉] (၁) အထက်ပါစကားအရ ဘုရား, ရဟန္တာအရှင်မြတ်တို့ ပရိနိဗ္ဗာန်စံယူတော်မူသောအခါ မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇောစိတ်တို့သည် အဘယ်ကို အာရုံပြုသည်ကို မေးလျှောက်သည်မှာ ၁-ခု, ၁-ခုသော ဘဝင်တိတို့၌ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့အား ပရိနိဗ္ဗာန်ပြုသောကာလ၌ ဖြစ်သော ဝီထိစိတ်တို့တွင် စုတိကို လွှတ်၍ မနောဒွါရာဝဇ္ဇန်း, မရဏာသန္နကိရိယာဇောတို့သည် နာမ်,ရုပ်လက္ခဏာပညတ်ကို အာရုံပြုကုန်၏။ ထိုအာရုံသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟူသော အမည်မရှိ။ အဘယ်ကြောင့်နည်းဟူမူ ဘုရား, ရဟန္တာပုဂ္ဂိုလ်တို့သည် တစ်စုံတစ်ခုသော ဘဝင်တိတို့၌ ဖြစ်လတ္တံ့သောပုဂ္ဂိုလ် မဟုတ်သောကြောင့်တည်း။

ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဋီကာကျမ်း(နှာ-၁၈၈၊ပိုဒ်-၉၀)၌–

ကတ္ထစိ ပန အနုပ္ပဇ္ဇမာနဿ ခီဏာသဝဿ ယတော'ပဋိတံ နာမရူပဓမ္မာဒိကမေဝ စုတိပရိယောသာနာနံ ဂေါစရဘာဝံ ဝစ္ဆတိ။ န ကမ္မကမ္မနိမိတ္တာဒယော။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ကတ္ထစိ၊ တစ်စုံတစ်ခုသော ဘဝဂတိ၌။ အနုပ္ပဇ္ဇမာနသ၊ မဖြစ်လတ္တံ့သော။ ခီဏာသဝသ၊ ရဟန္တာပုဂ္ဂိုလ်အား။ ယတော'ပဋိတံ၊ အကြောင်းသို့သော အခြင်းအရာအားဖြင့် ထင်သော။ နာမရူပဓမ္မာဒိကမေဝ၊ နာမ်,ရုပ်တရား-အစရှိသော အာရုံသည်သာလျှင်။ စုတိပရိယောသာနာနံ၊ စုတိလျှင် အဆုံးရှိကုန်သော မနောဒွါရိကဝီထိစိတ်တို့၏။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ကမ္မကမ္မနိမိတ္တာဒယော၊ ကံ, ကမ္မနိမိတ်-အစရှိသော အာရုံတို့သည်။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။

ထိုဦးကာပါဠိတို့တွင် နာမရူပဓမ္မာဒိကမေဝ၌ အာဒိဝန်ကား လက္ခဏပညတ်ကို ယူအပ်၏။ စုတိပရိယောသာနာနံ၏ အရကိုလည်း မနောဒွါရိက ဝီထိစိတ်ကိုသာ ယူအပ်၏။

ထို့ကြောင့် ၎င်းဦးကာ၏အဖွင့်ဖြစ်သော မဏိသာရမဉ္ဇူသာမည်သော ဋီကာကျမ်း(၃၊၈၆)၌-

နာမရူပဓမ္မာဒိကမေဝါတိ အာဒိသဒ္ဒေန လက္ခဏပညတ္တိယော သင်္ဂဟိတာ။

ဟူ၍လည်းကောင်း

စုတိပရိယောသာနာနံ ဝီထိစိတ္တာနံ ဂေါစရဘာဝံ ဂစ္ဆတိ။ စုတိပရိယောသာနာနန္တိ ဧတ္ထ မနောဒွါရိကဝီထိစိတ္တာနိ ဧဝါ'မိပ္ပေတာနိ။

ဟူ၍လည်းကောင်း မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

နာမရူပဓမ္မာဒိကမေဝါတိ ဧတ္ထ၊ နာမရူပဓမ္မာဒိကမေဝ-ဟူသော ပါဠိ၌။ အာဒိသဒ္ဒေန၊ အာဒိ-သဒ္ဒါဖြင့်။ လက္ခဏပညတ္တိယော၊ လက္ခဏပညတ်တို့ကို။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ စုတိပရိယောသာနာနံ၊ စုတိလျှင် အဆုံးရှိကုန်သော။ ဝီထိစိတ္တာနံ၊ ဝီထိစိတ်တို့၏။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ စုတိပရိယောသာနာနန္တိ ဧတ္ထ၊ စုတိပရိယောသာနာနံ-ဟူသော ပါဠိ၌။ မနောဒွါရိက ဝီထိစိတ္တာနိ ဧဝ၊ မနောဒွါရိက ဝီထိစိတ်တို့ကိုသာလျှင်။ အဓိပ္ပေတာနိ၊ အလိုရှိအပ်ကုန်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ဘုရား,ရဟန္တာတို့ မရဏာသန္နဝီထိ၌ စုတိစိတ်၏ ရှေ့၊ မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇောတို့သည် ကံ, ကမ္မနိမိတ်ဟု မခေါ်ဝေါ်အပ်သော နာမ်ရုပ်လက္ခဏာပညတ်ကိုသာ အာရုံပြုသည်-ဟု မှတ်ရာ၏။

ဤတွင်ရွေ့, ဘုရား, ရဟန္တာတို့ မရဏာသန္နဝီထိ၌ စုတိစိတ်၏ ရှေ့၊ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောတို့သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု ခေါ်ဝေါ်အပ်သော နာမ်ရုပ်လက္ခဏာ ပညတ်ကိုသာ အာရုံပြုသည်ကိုဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

http://www.dhammadownload.com

(၂) စုတိစိတ်သည် အဘယ်ကို အာရုံပြုသည်ကို အသေအချာ [illegible]နှတ်လိုပါသည်-ဟု မေးလျှောက်သည်မှာ စုတိစိတ်သည် ပစ္စုပ္ပန်ဘဝ၌ ရှေးဦးစွာဖြစ်သော ပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြု၏။ ခပ်သိမ်းသော သတ္တဝါတို့အား တစ်ခုသောဘဝ၌ ပဋိသန္ဓေစိတ်သည်လည်းကောင်း ဘဝင်စိတ်သည်လည်းကောင်း စုတိစိတ်သည်လည်းကောင်း တူသောအာရုံရှိသည်သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် (အဘိဓမ္မတ္ထသင်္ဂဟအမည်ရှိသော လက်သန်းအဋ္ဌကထာ ဂါထာ-၄၉)၌–

ပဋိသန္ဓိဘဝင်္ဂ၊ တထာ စဝနမာနသံ။
ဧက'မေဝ တထေ'ဝေ'က၊ ဝိသယဘ္ဘေ'ကဇာတိယံ။ ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧကဇာတိယံ၊ တစ်ခုတည်းသော ဘဝ၌။ ပဋိသန္ဓိ စ၊ ပဋိသန္ဓေစိတ်သည်လည်းကောင်း။ ဘဝင်္ဂ၊ ဘဝင်စိတ်သည်လည်းကောင်း။ တထာ၊ ထိုမှတပါး။ စဝနမာနသ၌၊ စုတိစိတ်သည်လည်းကောင်း။ ဧကမေဝ၊ ဘုမ္မိ, ဇာတိ, သမ္မယုတ္တမ္မေ, သခ်ီရအားဖြင့် တူသည်သာလျှင်။ ဟောတိ၊ ၏။ တထေဝ၊ ထို့အတူလည်းကောင်းလျှင်။ ဧကဝိသယ၌၊ တူသော အာရုံရှိသည်လည်း။ ဟောတိ၊ ၏။

ဤသို့ အဋ္ဌကထာလာသောကြောင့် ဘုရား, ရဟန္တာတို့နှင့်တကွ ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေဘဝင်စုတိစိတ်သည်လည်းကောင်း ထိုပဋိသန္ဓေဘဝင်စုတိစိတ်တို့၏ အာရုံသည်လည်းကောင်း တူသည်သာတည်း။ ထို့ကြောင့် ဘုရား, ရဟန္တာတို့၏ စုတိစိတ်သည် ပဋိသန္ဓေစိတ်၏အာရုံနှင့်တူသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ ပစ္ဆိမဘဝိကဖြစ်သော ဘုရားလောင်းတော်တို့သည် ပဌမမဟာဝိပါက်စိတ်ဖြင့်သာလျှင် အဆုံးစွန်ဘဝ ပဋိသန္ဓေကို ယူကုန်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(အဘိ၊၄၊၁။၃၀၇)၌–

သဗ္ဗေပိ သဗ္ဗညုဗောဓိသတ္တာ ပစ္ဆိမပဋိသန္ဓိဂ္ဂဟဏေ ပဌမေန သောမနဿ-သဟဂတတိဟေတုကအသင်္ခါရိကမဟာဝိပါကစိတ္တေန ပဋိသန္ဓိ ဂဏှန္တိ။ –

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သဗ္ဗညုဗောဓိသတ္တာ၊ သဗ္ဗညုဘုရား အလောင်းတော်တို့သည်။ ပစ္ဆိမပဋိသန္ဓိဂ္ဂဟဏေ၊ အဆုံးစွန် ပဋိသန္ဓေကို ယူတော်မူသော အခါ၌။ ပဌမေန၊ ရှေးဦးစွာသော။ သောမနဿသဟဂတတိဟေတုကအသင်္ခါရိက-

http://www.dhammadownload.com

မဟာဝိပါကစိတ္တေန၊ သောမနဿသဟဂုတ်, တိဟိတ်အသင်္ခါရိကစိတ်ဖြင့်။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ ဂဏ္ဌန္တိ၊ ယူတော်မူကုန်၏။

မဟာဝိပါက် ဉာဏသမ္ပယုတ် တိဟိတ် ပဌမအသင်္ခါရိကစိတ်သည် ပစ္ဆိမဘဝိက ဘုရားလောင်းတို့၏ ပဋိသန္ဓေစိတ်ဖြစ်ရကား ထိုမဟာဝိပါက် ဉာဏသမ္ပယုတ် တိဟိတ်ပဌမ အသင်္ခါရိကစိတ်သည်ပင် စုတိစိတ် ဖြစ်၏။ ထိုစုတိစိတ်သည် ပရိတ္တာရမ္မဏ ဧကန် သာတည်း။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၃၀၆)၊ အဘိဓမ္မတ္ထသင်္ဂဟအမည်ရှိသော လက်သန်းအဋ္ဌကထာ(၇ဏ္ဍ-၆၃)တို့၌–

"ဧကန္တပရိတ္တာရမ္မဏာနိ ကာမာဝစရမဟာဝိပါကာနိ"ဟူ၍လည်းကောင်း

"ပဋ္ဌဝိသ ပရိတ္တမိ့"ဟူ၍လည်းကောင်း မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကာမာဝစရမဟာဝိပါကာနိ၊ ကာမာဝစရမဟာဝိပါက်စိတ်တို့သည်။ ဧကန္တပရိတ္တာ-ရမ္မဏာနိ၊ စင်စစ် ကာမတရားကိုသာ အာရုံပြုကုန်၏။ ပဋ္ဌဝိသ၊ မနောဒ္ဓါရာဝဇ္ဇန်း ကြဉ်သော အဟိတ်စိတ် ၁၇-ခု, မဟာဝိပါက်စိတ် ၈-ခုအားဖြင့် ၂၅-ခုသော စိတ်တို့သည်။ ပရိတ္တမိ့၊ ကာမအာရုံ၌သာလျှင်။ ဟောန္တိ၊ ကုန်၏။

ပါဠိ ၁-ရပ်ကို အဋ္ဌကထာ ၁-ရပ်နှင့် စပ်၍ ယူ။ ဤသို့ အဋ္ဌကထာလာသောကြောင့် မြတ်စွာဘုရား သန္တာန်တော်၌ဖြစ်သော စုတိစိတ်တော်သည် ပဌမ မဟာဝိပါက်စိတ်ဖြစ်၍ မဟဂ္ဂုတ် လောကုတ္တရာ နိဗ္ဗာန် ပညတ်ကို အာရုံမပြု၊ ကဲ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါး တို့တွင် ဂတိနိမိတ်ကိုသာ အာရုံပြု၏။ တုသိတာနတ်ပြည်မှ စုတိခါနီးကာလ၌ ကြည့်ခြင်း ၅-ပါးတို့ကို ကြည့်တော်မူပြီးမှ ပဋိသန္ဓေယူတော်မူကြောင်းကို **"ကာလဒီပဒေသကုလ-ဇနေတ္တီအာယုပရိစ္ဆေဒဝသေန ပဋ္ဌဝိလောကနံ နာမ ဝိလောကေသိ"**-အစရှိသည်ဖြင့် အပဒါန်အဋ္ဌကထာ(၃၊နှာ-၅၉)။ ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၇၆)။ သုတ်မဟာဝါ(ဒီ၊ဋ္ဌ၊၂။၂၁)-စသော ကျမ်းတို့၌ လာသောကြောင့် ပဋိသန္ဓေစိတ်သည် ဂတိနိမိတ်ကို အာရုံပြုရကား စုတိစိတ်သော်လည်း ဂတိနိမိတ်ကိုသာ အာရုံပြုသည်-ဟု မှတ်ရာ၏။ ပဋ္ဌဝိလောကနကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။

အချို့သူတို့ကား "လောကသာမိ၊ မာရဇိကား၊ တြိအာရုံ၊ မြဲမကြုံရှင့်၊ ဘုံနိဗ္ဗာန်ထဲ၊ အာရုံစွဲ၏၊ မှတ်ကုန်လှည့်လော့"ဟု ကျည်းကန်ရှင် နန္ဒဓဇ စပ်ဆိုသော ကဗျာစကား, **"အနေဇော သန္တိ'မာရဗ္ဘ၊ ယံ ကာလ'မကရီ မုနီ"**(ဒီ၊၂။၁၂၉)အစရှိသည်ဖြင့် ပရိနိဗ္ဗာန်စံယူ

http://www.dhammadownload.com

တော်မူသည်နှင့်တကွပင် အရှင်အနုရုဒ္ဓါသည် သံသာလှစ်ဖွင့် ကျူးရင့်တော်မူသော ဥဒါန်း ဂါထာများကို စွဲ၍ မြတ်စွာဘုရား စုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံပြုသည်-ဟု အစဉ် စကား ပြောကြားသည်များသည် မှားလေစွ။

အဘယ့်ကြောင့်နည်းဟူမူကား ပရမတ္ထသဘာဝဖြစ်သော အာရုံအာရမ္မဏိက ပစ္စည်းပစ္စယုပ္ပန္နမမ္မတို့ကို သဘောကျ မသိမရိပ်မိသေးသဖြင့် အတွေးအထင်နှင့်သာ ဆိုသော စကားဖြစ်သောကြောင့်တည်း။ ထို့ကြောင့် မြတ်စွာဘုရား၏ စုတိစိတ်တော်သည် နိဗ္ဗာန်ကို အာရုံပြုသည်-ဟု မသိ၍ ဆိုသောစကားကို ယောင်မှားမမှတ်ရာ။ ပရမတ္ထသဘာဝ အာရုံ အာရမ္မဏိက ပစ္စည်းပစ္စယုပ္ပန္နမမ္မတို့ကို မုချကြံမိ၊ ဇောန္တ မသိသဖြင့် ဂတိနိမိတ်ကိုသာ အာရုံပြုတော်မူကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။

သည်စကားကို ရည်၍ "တိပိဋကာ၊ ဂန္ဓိရ-ဟု၊ နယဒေသနာ၊ မဟာအဏ္ဏဝ၊ သာဂရဝယ်၊ ညွှန်ပြသေချာ၊ မိန့်ခဲ့မှာသည်၊ ဂါထာပုဒ်ပါဠိ၊ ရွှေကျမ်းမြတ်၌၊ ဖွင့်လွှတ်သမွန်၊ ဓိပ္ပါယ်မှန်ကို၊ ဇောန်တိတိ၊ ဉာဏ်မျက်စိဖြင့်၊ ပါဠိသရုပ်၊ ပါဠကုဋ္ဌကို၊ ဖွေထုတ်နှိုက်နဲ့၊ လွန်ခက်ခဲသည်၊ ခဲစိတ်ဝေဖန်၊ ဟုတ်တိုင်းကြံလျက်၊ ဂန္ထန္တရ၊ ဓိပ္ပါယ်ရကို၊ ထောက်ဆနှိုင်းညှိ၊ ပညာရှိကား၊ စုတိတော်စိတ်၊ အတိတ်နှင်နှင်၊ သုံးပါးတွင်မူ၊ ထင်၏တစ်၊ ဂတိနိမိတ်၊ တိဟိတ်သန္ဓေ၊ ယူနေသောခါ၊ တုသိတာမှ၊ ပဋ္ဌာလောကန၊ ကြည့်ပြီးမှလျှင်၊ ဘဝပြောင်းလှာ၊ ဤကြောင်းချာကို၊ ပညာရှိတွေ၊ ကြံမိစေလော့၊ သန္ဓေဘဝင်၊ သုံးအင်စုတိ၊ တူဘိအာရုံ၊ ပြုတုံမချွတ်၊ ပရမတ်သည်၊ ဟောမှတ် ဇောန်သာ တမုံ"ဟု စပ်ဆိုတော်မူသည်။

ဤတွင်ရွေ့ ဘုရား,ရဟန္တာတို့ စုတိစိတ်သည် ကံ,ကမ္မနိမိတ်, ဂတိနိမိတ်၊ ၃-ပါး တို့တွင် ၁-ပါးပါးကိုသာ အာရုံပြုသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

၁၂၃၇-ခု၊ ပြာသိုလပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

ရဟန်းတော် ဦးကေသရ-က အရပ်ကို ရည်၍ ပို့သော မေတ္တာပွါးရာ "ပုရတ္ထိမာယ, ဒက္ခိဏာယ"ဟူ၍လည်းကောင်း အချို့မှာ "ပုရတ္ထိမာယ, ပစ္ဆိမာယ"ဟူ၍လည်းကောင်း "ပုရတ္ထိမာယ ဒိသာယ, ပုရတ္ထိမာယ-အနုဒိသာယ"ဟူ၍လည်းကောင်း ၃-မျိုး ကွဲပြားကြသည်ကို နေရာကျ သိမှတ်ပါရအောင် အဓိန့်ရှိပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၇၀] "တပည့်တော် ရှင်ကေသရ လျှောက်ပါသည် ဆရာတော်ဘုရား။

အရပ်ကို ရည်၍ မေတ္တာပွါးရာ အချို့သူတို့ 'ပုရတ္ထိမသို့ ဒိသာဘာဂေ ဒက္ခိဏသို့ ဒိသာဘာဂေ'-အစရှိသော အာဋ္ဌာနာဠိယသုတ်ပါဠိတော်ကို ထောက်၍ 'ပုရတ္ထိမာယ ဒိသာယ'-ကစ၍ 'ဒက္ခိဏာယ ဒိသာယ'-စသည် အစဉ်အတိုင်း ပို့ရမည်။ အချို့သူတို့က 'ပုရတ္ထိမာယ ဒိသာယ'-ကစ၍ 'ပစ္ဆိမာယ ဒိသာယ'-စသည် ဖီလာအရပ် ကြက်ခြေခတ် ထောင့်သန်း၍ ပို့ရမည်။

အချို့ကလည်း သီမသမ္ဘူတိကမ္မဝါ ရွတ်ဖတ်ရာ၌ကဲ့သို့ 'ပုရတ္ထိမာယ ဒိသာယ ပုရတ္ထိမာယ အနုဒိသာယ'-စသည်ဖြင့် အစဉ်အတိုင်း ပို့ရမည်။ သို့ ဝါဒအသီးသီး, နည်းအထွေထွေ ဆိုကြလေသဖြင့် နေရာကျ မသိပါသောကြောင့် နေရာကျ သိမှတ်ပါရအောင် သာဓကဆောင်ပြီးလျှင်-

တောင်ယုဂန္ဓရစွန်းဝယ်၊ ငွေလဝန်းတန်ဆောင်သည်၊ မြူမှောင်ကင်းပ ကောင်းကင်ဝမှ၊ ထွန်းပလင်းထိန်သကဲ့သို့ အစိန္တေယျသမ္ဘုဒ္ဓ၏ နယသာဂရတည်း ဟူသော ဒေသနာ၊ ရွှေဗျာမိန့်ခွန်းကို ဖော်ညွှန်းထုတ်ဆောင်လျက် သိသာအောင် ပြတော်မူပါမည့်အကြောင်းကို လျှောက်ထားပါသည် ဆရာတော်ဘုရား"။

အထက်စကားပါ ရဟန်းတော် ဦးကေသရလျှောက်ချက်-

[၇၀] မေတ္တာပို့ရသော ဒေသအရပ်ဌာနကို မေးလျှောက်သည်မှာ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေလျော် စံပျော်တော်မူကာ-

မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိတာယ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကာဒသ အာနိသံသာ ပါဋိကင်္ခီ။

http://www.dhammadownload.com

အစရှိသည်ဖြင့် မေတ္တာ၏အကျိုး ၁၁-ပါးကို ဟောတော်မူပြီးမှ–

အတ္ထိ အနောဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ၊ အတ္ထိ ဩဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ၊ အတ္ထိ ဒိသာဖရဏာ မေတ္တာစေတောဝိမုတ္တိ–

ဟု အနောဒိသမေတ္တာ, ဩဒိသမေတ္တာ, ဒိသာဖရဏာမေတ္တာကို သာမည ဟောတော်မူသည်။ ထိုသာမညကို ဝိသေသအားဖြင့် ဟောတော်မူပြန်လို၍–

ကတိဟာ'ကာရေဟိ အနောဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ၊ ကတိဟာ'-ကာရေဟိ ဩဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ၊ ကတိဟာ ကာရေဟိ ဒိသာဖရဏာ မေတ္တာစေတောဝိမုတ္တိ။ ဟု ပုစ္ဆာကို ထားပြီးမှ–

ပဋ္ဌာဟာ'ကာရေဟိ အနောဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ။ သတ္တာ-ဟာ'ကာရေဟိ ဩဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ၊ ဒသာဟာ'ကာရေဟိ ဒိသာဖရဏာ မေတ္တာစေတောဝိမုတ္တိ၊

ဟု ဝိသဇ္ဇနာကို ထား၍ အနောဒိသမေတ္တာ ၅-ပါး၊ ဩဒိသမေတ္တာ ၇-ပါး၊ ဒိသာဖရဏာမေတ္တာ ၁၀-ပါးကို ပြတော်မူသည်။ ယင်းသည့် ဝိသဇ္ဇနာ ပုဒ် ၃-ခုတို့ကို အသီးသီးပုစ္ဆာပြု၍ ရှေးဦးစွာ–

ကတမေဟိ ပဋ္ဌာဟာ'ကာရေဟိ အနောဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ။ သဗ္ဗေ သတ္တာ အဝေရာ, အဗျာပဇ္ဇာ, အနီဃာ, သုခီ အတ္တာနံ ပရိဟရန္တု။ သဗ္ဗေ ပါဏာ ။လ။ ပရိဟရန္တု။ သဗ္ဗေ ဘူတာ ။လ။ ပရိဟရန္တု။ သဗ္ဗေ ပုဂ္ဂလာ ။လ။ ပရိဟရန္တု။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ။လ။ ပရိဟရန္တု။

ဟု အနောဒိသမေတ္တာ ၅-ပါးတို့၏ သရုပ်ကို ပြ၍ ဟောတော်မူသည်။ ထို့နောင်–

ကတမေဟိ သတ္တာဟာ'ကာရေဟိ ဩဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ။ သဗ္ဗာ ဣတ္ထိယော အဝေရာ, အဗျာပဇ္ဇာ, အနီဃာ, သုခီ အတ္တာနံ ပရိဟရန္တု။ သဗ္ဗေ ပုရိသာ ။လ။ ပရိဟရန္တု။ သဗ္ဗေ အရိယာ ။လ။ ပရိဟရန္တု။ သဗ္ဗေ အနရိယာ ။လ။ ပရိဟရန္တု။ သဗ္ဗေ ဒေဝါ ။လ။ ပရိဟရန္တု။ သဗ္ဗေ မနုဿာ ။လ။ ပရိဟရန္တု။ သဗ္ဗေ ဝိနိပါတိကာ ။လ။ ပရိဟရန္တု။

ဟု ဩဒိသမေတ္တာ ၇-ပါးတို့၏ သရုပ်ကို ပြ၍ ဟောတော်မူသည်။ ထို့နောင်–

ကတမေဟိ ဒသာဟာ'ကာရေဟိ အနောဒိသော ဖရဏာ မေတ္တာစေတော-ဝိမုတ္တိ။ သဗ္ဗေ သတ္တာ ပုရတ္ထိမာယ ဒိသာယ *(သဗ္ဗေ ပုရတ္ထိမာယ ဒိသာယ သတ္တာ)*

http://www.dhammadownload.com

အဝေရာ, အဗျာပဇ္ဈာ, အနီဃာ, သုခီ အတ္တာနံ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ပစ္ဆိမာယ ဒိသာယ ။လ။ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ဥတ္တရာယ ဒိသာယ ။လ။ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ဒက္ခိဏာယ ဒိသာယ ။လ။ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ပုရတ္ထိမာယ အနုဒိသာယ ။လ။ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ပစ္ဆိမာယ အနုဒိသာယ ။လ။ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ဥတ္တရာယ အနုဒိသာယ ။လ။ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ဒက္ခိဏာယ အနုဒိသာယ ။လ။ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ဟေဋ္ဌိမာယ ဒိသာယ ။လ။ ပရိဟရန္တူ။ သဗ္ဗေ သတ္တာ ဥပရိမာယ ဒိသာယ ။လ။ ပရိဟရန္တူ။

ဟု အနောဒိသဒိသဖရဏာမေတ္တာ(ဒိသာ ဖရဏာ မေတ္တာ ၁၀-ပါး၏ သရုပ်)ကို ပြု၍ ဟောတော်မူသည်။ ထို့နောင်–

ကတမေဟိ ဒသဟာ'ကာရေဟိ ဩဒိသော ဖရဏာ မေတ္တာစေတောဝိမုတ္တိ၊ သဗ္ဗာ ဣတ္ထိယော ။လ။ ပရိဟရန္တူ။ –

ဟု ဩဒိသဒိသာဖရဏာမေတ္တာကို ၎င်းနည်းတူ ပြု၍ ဟောတော်မူသည်။

ထိုသို့ ဟောတော်မူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်(နှာ-၃၁၃-၅)ကို ထောက်လျှင် ပုရတ္ထိမာယ ဒိသာယ, ပစ္ဆိမာယ ဒိသာယ-စသည်ဖြင့် ဖီလာအရပ်ကို မှတ်၍ ပို့သောအရာသည် ကျမ်းလာပါဠို ရှိသည်နှင့် ညီပေသည်။

ပုရတ္ထိမာယ ဒိသာယ-ကစ၍ ဒက္ခိဏာယ ဒိသာယ-စသော အစဉ်ဖြင့်လည်းကောင်း ပုရတ္ထိမာယ ဒိသာယ-က စ၍ ပုရတ္ထိမာယ အနု ဒိသာယ-စသော အစဉ်ဖြင့်လည်းကောင်း ပို့ရမည်-ဆိုသောသူတို့၏ စကားသည် မိမိတို့ ဆရာစဉ်ဆက် လေ့ကျက်ကြသော အရာဌာန, ထုံးသာဓကကိုသာ မှီ၍ နည်းဥပဒေသအရ မမှန်၊ ကျမ်းဂန်နှင့် မညီလေရကား "ပြောင်ပင် ပြောင်သော်လည်း အရောင်ချင်း မမျှ၊ ထုံးပင် မှန်သော်လည်း စံမရ" ဆိုသကဲ့သို့ ကျမ်းဂန်အရာကို မလိမ္မာ,မရိပ်မိ မသိ၍သာ ဆိုရှာပလေသည် မှတ်ရမည်။

ဤသို့ ကျမ်းဂန်လာသောကြောင့် ယခင်လျှောက်ထားရာ စာပါသော မေတ္တာပို့နည်း ၃-ပါးတို့တွင် ပုရတ္ထိမာယ ဒိသာယ, ပစ္ဆိမာယ ဒိသာယ, ဥတ္တရာယ ဒိသာယ, ဒက္ခိဏာယ ဒိသာယ-စသည်ဖြင့် ဖီလာအရပ် ကြက်ခြေခတ် ထောင့်သန်း ပို့ရမည်ဆိုသော စကားသာ ကျမ်းဂန်နှင့် ညီလျော်ကြောင်းကို ကောင်းကောင်း သိနိုင်ဘွယ် မှတ်ရမည်။

၁၂၃၇-ခု၊ တပိုတွဲလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

မြန်အောင်မြို့နေ ရဟန်းတော် ရှင်ဝရ-က ဘုရားသခင်ကိုယ်တော်မှ ဖြစ်သော ကျင်ကြီး,ကျင်ငယ်တို့သည် ရွံရှာဖွယ်အစု ဒုဂ္ဂန္ဓ၊ ဇေဂုစ္ဆပင် ဖြစ်မည်၊ သို့မဟုတ် မစက်ဆုပ်အပ် မြတ်နိုးဖွယ် ပန်းနံ့သာကဲ့သို့ မွှေးကြိုင်သောအနံ့ပင် ရှိမည်ကို လျှောက်ထားချက်

[၇၁] "ဘုရားတပည့်တော် မြန်အောင်မြို့နေ ရဟန်းရှင်ဝရ လျှောက်ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရား ကိုယ်တော်မှဖြစ်သော ကျင်ကြီး,ကျင်ငယ်တို့သည် ရွံရှာဖွယ် အပေါင်း မကောင်းသောအစု ဒုဂ္ဂန္ဓ ဇေဂုစ္ဆပင် ဖြစ်မည်။ ယင်းသို့မဟုတ် မစက် ဆုပ်အပ် မြတ်နိုးဖွယ်သာ နံ့သာပန်းမာလ်ကဲ့သို့ မွှေးကြိုင်သင်းပျံ့ ကောင်းသော အနံ့ပင် ရှိမည်ကို မသိပိုးဝါး၊ မကွဲပြားပါသောကြောင့် ကွဲပြားမှုချ၊ ဇကန္တ သိမှတ် ပါရအောင် နေရာကျ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာ တော်ဘုရား"။

ရဟန်းတော် ရှင်ဝရ လျှောက်ချက်–

မြတ်စွာဘုရား သန္တာန်တော်မှ ဖြစ်သော ကျင်ကြီး,ကျင်ငယ်သည် ရွံရှာဖွယ်အစု ဒုဂ္ဂန္ဓပင် ဖြစ်မည်။ သုဂန္ဓပင်ဖြစ်မည်ကို မေးလျှောက်သည်မှာ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတွင် ကိန်းအောင်းမွေလျော် စံပျော်တော်မူသောအခါ သာဝတ္ထိပြည်သား ဝတ္ထလိအမည်ရှိသော ရဟန်းသည် မြတ်စွာဘုရားကိုယ်တော်၏ ပြည့်စုံခြင်း, အသရေတော် ၏ ပြည့်စုံခြင်းတို့၌ ရှု၍ မရောင့်ရဲနိုင်လေရကား ပွါးများအားထုတ်သော ကမ္မဋ္ဌာန်းကို ပယ်ရှားလျက် မြတ်စွာဘုရားကိုသာ ခစားမပြတ် ဆည်းကပ်၍နေရာ ဝတ္ထလိ မထေရ်၏ ပါရမီဒဗ္ဗသမ္ဘာရ ဉာဏပရိပါကကို မြင်တော်မူလျှင်–

> **ကိ တေ ဝတ္ထလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝတ္ထလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။** (ဓမ္မ၊၄၊၂။၃၃၀)

ဟု ဘုရားဟောတော်မူကြောင်းကို ဓမ္မပဒ၊ ဘိက္ခုဝဂ်အစု၊ ၁၁-ခုမြောက်သော ဝတ္ထလိထေရ ဝတ္ထုတွင် လာသည်။

http://www.dhammadownload.com

ဝက္ကလိ၊ ဝက္ကလိ။ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ဤငါဘုရား၏ အကောင်ပုပ်ကို မြင်ရသဖြင့်။ တေ၊ သင့်အား။ ကိ၊ အဘယ်အကျိုး ရှိလေအံ့နည်း။ ဝက္ကလိ၊ ဝက္ကလိ။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ ငါဘုရား ဟောတော်မူအပ်သော သစ္စာ ၄-ပါးတရားကို။ ပဿတိ၊ မြင်၏။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်ရသည် မည်၏။

ဤစကား၌ "ပုတိကာယေန"ဟူသည် မြတ်စွာဘုရားသည် ရွှေအဆင်းနှင့်တူသော အဆင်းပင် ရှိသော်လည်း အမြဲပင် မပြတ်၊ မစင်ကြယ်သော ဝတ္ထုဖြင့် ယိုစီးတတ်သော ကြောင့် ပူတိကာယ-ဟု ဆိုတော်မူသည်။

ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ်၊ စတုတ္ထဝဂ်အစု၊ ၅-ခုမြောက်သော ဝက္ကလိထေရ သံယုတ်အဋ္ဌကထာ၌–

ပူတိကာယေနာတိ အတ္တနော သုဝဏ္ဏဝဏ္ဏမ္ပိ ကာယံ ဘဂဝါ ဓုဝပ္ပရဏဇ္ဇေန ဇဝ'မာဟ။

ဟူသောပါဠိ (သံ၅၊၂။၂၈၈)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပူတိကာယေနာတိ၊ ပူတိကာယေန-ဟူသည်ကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္တနော၊ မိမိ၏။ ကာယံ၊ ကိုယ်တော်သည်။ သုဝဏ္ဏဝဏ္ဏမ္ပိ၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော်လည်း။ ဓုဝပ္ပရဏဇ္ဇေန၊ အမြဲပင်မပြတ် မစင်ကြယ်သော ဝတ္ထုဖြင့် ယိုစီးတတ်သောကြောင့်။ ဇဝံ၊ ဤသို့။ ပူတိကာယေန၊ ပူတိကာယေနဟူ၍။ အာဟ၊ ဆိုတော်မူ၏။

ကလိသဒ္ဒါ အညစ်ကြေးဟောသော် ကိုယ်၌ မကောင်းသော မှည့်မည်း, ဝက်ခြံ-စသော အညစ်အကြေး ကင်းသဖြင့် သန့်ရှင်းစင်ကြယ်၍ တင့်တယ်လှပသော ကိုယ်ရှိသောကြောင့် **အတ္တလိ-ဆိုလိုလျက် ဝ-အက္ခရာ လာ၍ ဝတ္ထလိ-ဟု ရှိလေသည်။**

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်တော်မူရာ ဝမ်းသွန်သောအနာ ကပ်ရောက်လေလျှင် တာဝတိံသာ၊ နတ်ရွာသေ၌နင်း၊ သိကြားမင်းသည် ၃-ဂါဝုတ်ရှိသောကိုယ်ကို ပယ်ရှားလျက် မထင်ရှားသောသူ၏ အသွင်ဖြင့် ချဉ်းကပ်၍ မြတ်စွာဘုရား ခြေ,လက်တော်ကို ဆုပ်နယ်သောကာလ "အဘယ်သူနည်း"ဟု ဘုရားမေးတော်မူရာ "တာဝတိံသာ၊ နတ်ရွာသေ၌နင်း၊ သိကြားမင်းဖြစ်ကြောင်း, ကိုယ်တော်ကို လုပ်ကျွေးပြုစု ကြည့်ရှုမည်-လာပါကြောင်း"ကို လျှောက်သည်တွင် "သိကြားမင်း၊ လူတို့ အနှံ့သည် ယူဇနာ ၁၀၀-မှ စ၍ လည်၌ အကောင်ပုပ်ကို ဆွဲဘိသကဲ့သို့ နတ်တို့ ထင်၏။ သင်-သိကြားမင်း သွားလေ။ ငါဘုရားမှာ ကောင်းစွာ ကြည့်ရှုပြုစုမည့်ရဟန်း ရှိ၏"ဟု မိန့်တော်မူသော်လည်း "အရှင်ဘုရားတို့၏ သီလအနံ့သည် ယူဇနာပေါင်း ၈၄,၀၀၀- အမြင့်

http://www.dhammadownload.com

ဆောင်သော တောင်မြင်းမိုရ်ထိပ်ဖျားကပင် စမွယ်,စကား၊ ချယား,စွယ်တော်၊ ကံ့ကော်အနုံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင် လှိုင်တော်မူသောကြောင့်သာ လာခဲ့၍ ကောင်းစွာ လုပ်ကျွေးပါအံ့" ဟု ကိုယ်တော်၏ ကျင်ကြီး,ကျင်ငယ်၊ ရွံရှာဖွယ်စွန့်သော အိုးကို လက်ညှိုးဖျားမှ သူတပါးကို မထိမကိုင်စေဘဲလျက် ဦးခေါင်းဖြင့် ရွက်၍ မရက်မစက်၊ စုံမက်မြတ်နိုးစွာ နံ့သာအိုးကဲ့သို့ ဆောင်ယူကြောင်းကို ဓမ္မပဒ၊ သုခဝဂ်အစု၊ ၈-ခုမြောက်သော သက္ကဝတ္ထုတွင်-

> **သော သတ္ထု သရီရဝဠဉ္ဇနဘာဇနံ အညဿ ဟတ္ထေနာပိ ဖုသိတုံ အဒတ္တွာ သီသေယေဝ ဌပေတ္တွာ နီဟရန္တော မုခသင်္ကော်စနမတ္တမ္ပိ န အကာသိ၊ ဂန္ဓဘာဇနံ ပရိဟရန္တော ဝိယ အဟောသိ-**

ဟု လာသည်။

သော၊ ထိုတာဝတိံသာ နတ်ရွာသေ့ဌံနင်း သိကြားမင်းသည်။ သတ္ထု သရီရဝဠဉ္ဇန-ဘာဇနံ၊ မြတ်စွာဘုရား ကိုယ်တော်မှဖြစ်သော ကျင်ကြီး,ကျင်ငယ် အညစ်အကြေးစွန့်သော အိုးကို။ အညဿ၊ သူတပါးအား။ ဟတ္ထေနာပိ၊ လက်ဖြင့်လည်း။ ဖုသိတုံ၊ ထိခြင်းငှာ။ အဒတ္တွာ၊ မပေးမူ၍။ သီသေယေဝ၊ ဦးခေါင်း၌သာလျှင်။ ဌပေတ္တွာ၊ ထား၍။ နီဟရန္တော၊ ဆောင်လျက်။ မုခစင်္ကော်စနမတ္တမ္ပိ၊ မျက်နှာရှုံ့ခြင်းကိုမျှလည်း။ န အကာသိ၊ မပြု။ ဂန္ဓဘာဇနံ၊ နံ့သာထည့်သောအိုးကို။ ပရိဟရန္တော ဝိယ၊ ဆောင်သကဲ့သို့။ အဟောသိ၊ ဖြစ်၏။

ဤသို့ မြတ်စွာဘုရား၏ ရွံရှာဖွယ် အညစ်အကြေးကို ဆေးလျှော်သုတ်သင် သန့်စင်ပြီးမှ တာဝတိံသာ၊ နတ်ရွာသေ့ဌံနင်း၊ သိကြားမင်း ပြန်သွားသည့်နောက် ဤအရာဝယ် "အံ့ဖွယ်ရှိစွတကား။ သိကြားမင်းဖြစ်လျက် မျက်နှာရှုံ့ခြင်းကိုမျှ မပြု၊ ကြည့်ရှုသုတ်သင် သန့်ရှင်းစင်လျက် ဦးခေါင်းထက်တင်ထား၍ မြတ်စွာဘုရား ကျင်ကြီး,ကျင်ငယ် ရွံ့ရှာဖွယ်ဖြစ်သောအိုးကို ပန်းအိုးကဲ့သို့ ဆောင်ယူပေသည်" ဟု ရဟန်းတို့ ခို်းမွမ်းကြကြောင်းကိုလည်း အဋ္ဌကထာတွင်-

> **အဟော သတ္ထရိ သတ္ထဿ သိနေဟော၊ ဧဝရူပံ နာမ ဒိဋ္ဌသမ္ဗတ္တိံ ပဟာယ မုခစင်္ကော်စနမတ္တမ္ပိ အကတွာ ဂန္ဓဘာဇနံ နီဟရန္တော ဝိယ သတ္ထု သရီရဝဠဉ္ဇန-ဘာဇနံ သီသေန နီဟရန္တော ဥပဋ္ဌာန'မကာသိ။**

ဟု လာသည်။ (ဓမ္မ၊၄၊၂။၁၇၅)

သတ္ထရိ၊ မြတ်စွာဘုရား၌။ သတ္ထဿ၊ သိကြားမင်း၏။ သိနေဟော၊ ချစ်ခြင်းသည်။ အဟော၊ အံ့ဖွယ်ရှိလေစွ။ ဧဝရူပံ နာမ ဒိဋ္ဌသမ္ဗတ္တိံ၊ ဤသို့ ကြီးကျယ်အံ့ဖွယ်သော တာဝတိံသာ နတ်ချမ်းသာကို။ ပဟာယ၊ စွန့်၍။ မုခစင်္ကော်စနမတ္တမ္ပိ၊ မျက်နှာရှုံ့ခြင်းကိုမျှ

http://www.dhammadownload.com

လည်း။ အကတွာ၊ မပြုမူ၍။ ဂန္ဓဘာဇနံ ဝိယ၊ နံ့သာထည့်သော အိုးကဲ့သို့။ သတ္တု သရီရ-ဝဋ္ဋနဘာဇနံ၊ မြတ်စွာဘုရား၏ *(ကိုယ်တော်မှ)* အညစ်အကြေးဖြစ်သော ခွံရှာဖွယ် ကျင်ကြီး, ကျင်ငယ်ထည့်သော အိုးကို။ သီသေန၊ ဦးခေါင်းဖြင့်။ နီဟရန္တော၊ ဆောင်လျက်။ ဥပဋ္ဌာနံ၊ လုပ်ကျွေးခြင်းကို။ အကာသိ၊ ပြု၏။

ဤသို့ တာဝတိံသာ နတ်ရွာသေ၌နှင်း သိကြားမင်း စကားကို ရဟန်းများ ပြောကြရာ ငါဘုရား၌ သိကြားမင်း၏ ကြည်ညိုခြင်း စကားအကြောင်းသည် ၄-ပါးသော ပရိသတ် နတ်လူခပင်းဝယ် အံ့ဖွယ်မရှိလေ။ ငါဘုရားသည် သိကြားနတ်မင်းအား သိကြားအိုအဖြစ်မှ သိကြားသစ်ပြုလျက် အရိယာမဂ်ကို လက်ကိုင်ပေးတော်မူသည့်အရာကိုသာ လွန်စွာ အံ့သြသင့်သည်-ဟု ဟောတော်မူကြောင်းကိုလည်းကောင်း

> **အနစ္ဆရိယ'မေတံ၊ သတ္ထာ ဒေဝရာဇာ မယိ သိနေဟံ ကရောတိ၊ အယံ သတ္ထာ ဟိ ဒေဝရာဇာ ဇရသက္ကဘာဝံ ဝိဇဟိတွာ သောတာပန္နော ဟုတွာ တရုဏာသက္က-ဘာဝံ ပတ္ထော။**

ဟု လာသည်။ (ဓမ္မ၊၄၊၂။၁၇၅)

သတ္ထာ ဒေဝရာဇာ၊ သိကြားမင်းသည်။ မယိ၊ ငါဘုရား၌။ သိနေဟံ၊ ချစ်ခြင်းကို။ ကရောတိ၊ ပြု၏။ ဧတံ၊ ဤသို့ ပြုခြင်းသည်။ အနစ္ဆရိယံ၊ အံ့ဖွယ်မရှိ၊ ဟိ သစ္စံ၊ မှန်၏။ အယံ သတ္ထာ ဒေဝရာဇာ၊ ဤသိကြားနတ်မင်းသည်။ ဇရသက္ကဘာဝံ၊ သိကြားအို၏ အဖြစ်ကို။ ဝိဇဟိတွာ၊ စွန့်၍။ သောတာပန္နော၊ သောတာပန်သည်။ ဟုတွာ၊ ၍။ တရုဏာသက္က-ဘာဝံ၊ သိကြားပျိုအဖြစ်သို့။ ပတ္ထော၊ ရောက်၏။

ဤသို့ ကျမ်းလာသည်နှင့်အညီ ဝက္ကလိထေရဝတ္ထုတွင်လည်း ပူတိကာယေန-ဟု ဆိုအပ်သောကြောင့်လည်းကောင်း ဤသက္ကဝတ္ထုတွင် "မုခစင်္ကော်စနမတ္တမ္မိ နံ အကာသိ" ဟု ၂-ကြိမ်တိုင်ပင် ဆိုသောကြောင့်လည်းကောင်း ဂန္ဓဘာဇနံ ဝိယ-ဟူသော ပါဠိ၏အရဗျတိရေကနည်းအားဖြင့်လည်းကောင်း "အဟော အစ္ဆရိယံ၊ အနစ္ဆရိယ'မေတံ"ဟူသော ပါဠိ၏အရ အနုမာနအားဖြင့်လည်းကောင်း မြတ်စွာဘုရား၏ အညစ်အကြေးဖြစ်သော ကျင်ကြီး, ကျင်ငယ်သည် ခွံရှာဖွယ်အစု ဒုဂ္ဂန္ဓဖြစ်ကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

၁၂၃၇-ခု၊ နတ်တော်လဆုတ်၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

လျှောက်ထားရသည်မှာ "မသိလျှင်မေး၊ မစင်ဆေး"ဟု အခွင့်တော်ပေးသောကြောင့် ရပ်ဝေးသားတကာတို့ ဝိဝါဒအများကို ကွဲပြားအောင် ဟောတော်မူပါမည့်အကြောင်း ဒကာငမိုး-က လျှောက်ထားချက်

[၇၂] (၁) စတုတ္ထသတ္တာဟ ရတနာယရတွင် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူသောကာလ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည် ယခုတိုင်ပင် ပျံသွားသည်ကို မေးလျှောက်သည်မှာ ထိုရောင်ခြည်တော်တို့လည်း အစဉ်အတိုင်း နတ်ပြည်, ဗြဟ္မာ့ပြည်တို့ကို ထွင်းဖောက်၍ အရှေ့ပ ၄-ဘုံမှ အထက်အဇ္ဍာ အာကာသကောင်းကင်သို့ ပြေးဝင်ပျံသွားကြောင်း, ဖီလာအားဖြင့်လည်း အဆုံးမရှိသော လောကဓာတ်သို့ ပျံသွားကြောင်းကိုသာ လာသည်။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌–

> **စတ္တာရော အာရုပ္ပေ ဝိနိဝိဈိတ္တာ အဇ္ဈာကာသံ ပက္ခန္ဒိသု၊ တိရိယဘာဂေဟိ အနန္တာ လောကဓာတုယော ပက္ခန္ဒိသု။**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၁၅)

စတ္တာရော အာရုပ္ပေ၊ အရူပ ၄-ဘုံတို့ကို။ ဝိနိဝိဈိတ္တာ၊ ထွင်းဖောက်၍။ အဇ္ဈာကာသံ၊ အထက်ကောင်းကင် ဟင်းလင်ပြင်သို့။ ပက္ခန္ဒိသု၊ ပြေးဝင်ကုန်၏။ တိရိယဘာဂေဟိ၊ ဖီလာအဖို့တို့ဖြင့်။ အနန္တာ လောကဓာတုယော၊ အဆုံးမရှိသော လောကဓာတ်တို့သို့။ ပက္ခန္ဒိသု၊ ပြေးဝင်ကုန်၏။

ဤအဋ္ဌကထာ၌ အဆုံးမရှိသော အဇ္ဈာကာသကောင်းကင်သို့ ပြေးဝင်ပျံသွားကြောင်းကိုသာ လာသည်။ ခုဇ္ဈတ္တရာဝတ္ထု, *(မဇ္ဈရိယ)*ကောသိယသေဋ္ဌိဝတ္ထုများမှာကဲ့သို့ ယခုထက်တိုင် ပျံသွားကြောင်းကို ယာဝဇ္ဇတနာ-စသည်ဖြင့် မလာ။ ကဿပမြတ်စွာဘုရားသာသနာအလွန်တွင် **ခုဇ္ဈတ္တရာ**မည်သော ဒါယိကာမလောင်းသည် ဘရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ပစ္စေကဗုဒ္ဓါ ၈-ပါးတို့ကို လှူလိုက်သော ဆင်စွယ်လက်ကောက် ၈-ကွင်းတို့သည် ဆွေးမြေ့ဟောင်းမြင်းခြင်း မရှိ၊ ယခုတိုင်ပင် ရှိကြောင်းကို "**အဇ္ဈာပိ** *(အဇ္ဇတနာပိ)* **တာနိ ဝလယာနိ အရောဂါနေဝ**"ဟု ဓမ္မပဒအဋ္ဌကထာ၊ ၂-ခုမြောက်သော အပ္ပမာဒဝဂ်၊ ရှေးဦးစွာသော သာမာဝတီဝတ္ထုအဝင်၊ ခုဇ္ဈတ္တရာဝတ္ထုတွင် လာသည်။

အဇ္ဈာပိ၊ ယခုလည်း။ တာနိ ဝလယာနိ၊ ထိုလက်ကောက်တို့သည်။ အရောဂါနေဝ၊ ဆွေးမြေ့ဟောင်းမြင်းခြင်း မရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဓမ္မ၊ဋ္ဌ၊၁။၁၄၄)

http://www.dhammadownload.com

ရာဇဂြိုဟ်ပြည်နှင့် မနီးမဝေးသောအရပ်၌ သက္ကရ(သက္ကာရ)မည်သော နိဂုံးတွင် ကောသီယမည်သောသူဌေး လျှူသော ၁-ယောက်စာချက် ကျော်အပ်သော ဆန်ကွဲမုန့်သည် သံယာတော်အများ စားကြွင်းစားတို့ပင် သုံးစား၍ မကုန်နိုင်ခြင်း, ယိုယွင်းစားယူသော နေရာပင် မရှိ၊ ပကတိကဲ့သို့သာ ရှိလေရကား မြတ်စွာဘုရားကို လျှောက်ထားသည်တွင် "ဇေတဝန်ကျောင်း တံခါးဝတွင် စွန့်ပစ်ကြကုန်"ဟု မိန့်တော်မူသော မြတ်စွာဘုရား၏ စကားဖြင့် ဇေတဝန်ကျောင်းတံခါး၏ မနီးမဝေးသောအရပ်၌ စွန့်ပစ်ကြ၍ ယခုကာလတိုင် 'မုန့်စွန့်သော တွင်း'ဟူ၍ အထင်အရှားရှိကြောင်းကို "ယာဝ'ဇ္ဇတနာပိ တံ ဌာနံ ကပလ္လက-ပူဝပဿာရန္တေဝ ပညာယတိ"ဟု ဓမ္မပဒအဋ္ဌကထာ၊ ပ-တွဲ၊ ၄-ခုမြောက်သော ပုပ္ပဝဂ်အစု၊ ၅-ခုမြောက်သော မစ္ဆရိယကောသ်ယဝတ္ထု (ဓမ္မ၊ဋ္ဌ၊၁။ ၂၃၆)တွင် လာသည်။

ယာဝ'ဇ္ဇတနာပိ၊ ယခုထက်တိုင်လည်း။ တံ ဌာနံ၊ ထိုအရပ်သည်။ ကပလ္လကပူဝ-ပဿာရန္တေဝ၊ မုန့်စွန့်သော ချောက်တွင်း-ဟူ၍သာလျှင်။ ပညာယတိ၊ ထင်၏။

ဤသို့ အဋ္ဌကထာစကားနှင့် နှီးနှော၍ သဘောယူတို့ကို ဆင်ခြင်လျှင် သဒ္ဒါရတနား ပင်ဖြစ်၍ အလိုအလျောက် ကွယ်ပျောက်ပျက်စီးလေတော့သည်သာ-ဟု ယူရန်ရှိ၏။

ဤတွင်ရွေ့, ရတနာယရစတုတ္ထသတ္ထာဟတွင် ကိုယ်မှ ထွက်သော ရောင်ခြည်တော်တို့သည် ယခုတိုင် ပျံသွားသည်, မသွားသည်ကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၂) ထိုရောင်ခြည်တော်တို့သည် သက်တော်ထင်ရှား ဘုရားကဲ့သို့ ဓာတုပရိနိဗ္ဗာန် စံယူတော်မူသောအခါ တန်ခိုးပြာဋိဟာ ပြ, မပြ၊ *လူတို့ ကျွတ်,မကျွတ်ကို မေးလျှောက်သည်မှာ ရောင်ခြည်တော်တို့သည် ဓာတုပရိနိဗ္ဗာန် စံယူတော်မူသောကာလ အတူတကွပင် ပါသည်ကို ကျမ်းဂန်၌ မလာ။

"ကိုယ်တော်မှ အစိတ်ဖြစ်သော ဓာတ်တော်တို့သည် ထိုထိုအရပ်တို့၌ ပူဇာသက္ကာရကို မရကုန်သည်ရှိသော် မြတ်စွာဘုရား ဓိဋ္ဌာန်တော်မူသည့်အတိုင်း ပူဇာသက္ကာရကို ရရာအရပ်သို့ ပြောင်းကြကုန်လတ္တံ့။ အလုံးစုံသော အရပ်တို့၌ပင် ပူဇာသက္ကာရကို မရခဲ့သည်ရှိသော် သီဟိုဠ်ကျွန်း၊ **မဟာစေတီကြီး**သို့ ရောက်ကုန်လတ္တံ့။ မဟာစေတီကြီးမှ နာဂဒီပကျွန်း၊ ရာဇရတနာစေတီသို့ ပြောင်းရွှေ့ကြကုန်လတ္တံ့။ ရာဇရတနစေတီမှသည် မဟာဗောဓိမဏ္ဍိုင်သို့ ရောက်ကြကုန်လတ္တံ့။ လူပြည်, နတ်ပြည်, ဗြဟ္မာပြည်တို့၌ရှိသော ဓာတ်တော်တို့သည် တစ်စုံတစ်ခုမျှ မကြွင်းမကျန်ဘဲ မဟာဗောဓိမဏ္ဍိုင်၌ ဘုရားနှင့် အလုံးစုံတူသော အသွင်သဏ္ဌာန်တော်ကို ပြု၍ ပရိနိဗ္ဗာန်စံယူတော်မူလတ္တံ့"။

http://www.dhammadownload.com

*ထိုကာလ လူတို့သည် မလာမရောက်နိုင်ပြီ။ စကြဝဠာတစ်သောင်းမှ နတ်အပေါင်းတို့ ညီညာ၍ ပူဇာသက္ကာရ ပြုကြောင်းကိုသာ လာသည်။ လူ,နတ်တို့ ကျွတ်ကြကြောင်းကို မလာ၊ ဤသည့်ကာလ လူ,နတ်တို့ အများအပြားပင် ကျွတ်ကြလေဦးမည်-ဆိုသည်မှာလည်း လူ,နတ်တို့ ကျွတ်ရာကာလကို မသိ၍သာ ဆိုမိခြင်းသာ ဖြစ်သည်။ ဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက်-

- ပဋိသမ္ဘိဒါပဘေဒပတ္တရဟန္တာခေတ်-၁၀၀၀၊
- သုက္ခဝိပဿကရဟန္တာခေတ်-၁၀၀၀၊ - အနာဂါမ်ခေတ်-၁၀၀၀၊
- သကဒါဂါမ်ခေတ်-၁၀၀၀၊ - သောတာပန်ခေတ်-၁၀၀၀၊

ဤသို့ သာသနာ ၅,၀၀၀-တည်လတ္တံ့-ဟု ဝိနည်းစူဠဝါအဋ္ဌကထာ။ ဒီဃနိကာယ် သုတ်ပါထေယျ၊ သံပသာဒနီယသုတ်အဋ္ဌကထာ(နှာ-၈၃)။ နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ(နှာ၊ ၁၈၆-၇)။ အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ(ပ-တွဲ၊နှာ-၆၇)။ သမ္မောဟဝိနောဒနီအဋ္ဌကထာကျမ်း (နှာ၊၄၁၂-၃)တို့၌ လာသည်ဖြစ်၍ သာသနာတော် အနှစ် ၅၀၀၀-စေ့သည့်နောက် လူ,နတ်တို့ ကျွတ်ရာကာလ မရှိ၊ ဓာတုပရိနိဗ္ဗာန် စံယူတော်မူသည်မှာလည်း သာသနာတော် ၅,၀၀၀-ကုန်မှ စံယူတော်မူကြောင်းကို "သာသနဩသဂ္ဂနကာလေ"ဟူ၍လည်းကောင်း "အဇ္ဇ ဒသဗလော ပရိနိဗ္ဗာယတိ၊ အဇ္ဇ သာသနံ ဩသက္ကတိ ပစ္ဆိမဒဿနံ၊ ဣတော ပဋ္ဌာယ အန္ဓကာရံ ဘဝိဿတိ"ဟုလည်းကောင်း အဋ္ဌကထာတို့၌ပင် လာရကား လူ,နတ်တို့ ကျွတ်ရာကာလ မရှိ-ဟု သိရာ၏။ ၎င်းပါဠိတို့ အနက်ကိုလည်း အထက်၌ ဖော်ပြဆိုလတ္တံ့။

ထို့ကြောင့် အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ။ ဝိဘင်္ဂအဋ္ဌကထာ၊ ဉာဏဝိဘင်္ဂဏန္ဒနာ။ ဒီဃနိကာယ်၊ သံပသာဒနီယသုတ်အဋ္ဌကထာ၊ ၎င်းမဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။ မဇ္ဈိမနိကာယ်၊ *(ဥပရိပဏ္ဏာသ)* ဗဟုဓာတုကသုတ်အဋ္ဌကထာတို့၌-

> ဓာတုပရိနိဗ္ဗာန် အနာဂတေ ဘဝိဿတိ။ ကထံ *(တဿော)* တတ္ထ တတ္ထ သက္ကာရသမ္မာနံ အလဘမာနာ ဓာတုယော ဗုဒ္ဓါ'ဓိဋ္ဌာနဗလေန သက္ကာရသမ္မာနံ လဘဒ္ဓာနံ ဂစ္ဆိဿန္တိ၊ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ သဗ္ဗဒ္ဓါနေသု သက္ကာရသမ္မာနော န ဟောတိ။
>
> သာသနဿ ပန ဩသက္ကနကာလေ ဣမသ္မိံ တမ္ဗပဏ္ဏိဒီပေ ဓာတုယော သန္နိပတိတ္ဝာ မဟာစေတိယံ ဂမိဿန္တိ။ မဟာစေတိယတော နာဂဒီပေ ရာဇာယတနစေတိယံ၊ တတော ဗောဓိမဏ္ဍံ *(မဟာဗောဓိပလ္လင််)* ဂမိဿန္တိ၊ နာဂဘဝနတောပိ ဒေဝလောကတောပိ ဗြဟ္မလောကတောပိ ဓာတုယော မဟာဗောဓိမဏ္ဍမေဝ *(ပလ္လင််မေဝ)* ဂမိဿန္တိ၊ သာသပမတ္တာပိ ဓာတုယော န အန္တရာ နသီဿန္တိ။

http://www.dhammadownload.com

၈၀ သဗ္ဗဓာတုယော မဟာဗောဓိမဏ္ဍော *(ပလ္လင်)* သန္နိပတိတွာ ဗုဒ္ဓဝေသံ *(ဗုဒ္ဓရူပံ)* ဂဟေတွာ ဗောဓိမဏ္ဍေ ပလ္လင်္ကေန နိသီဒိတွာ ဗုဒ္ဓသရီရသိရိ ဒဿိဿန္တိ၊ ဒွတ္တိသမဟာပုရိသလက္ခဏာနိ အသီတိအနုဗျဉ္ဇနာနိ ဗျာမပ္ပဘာ'တိ သဗ္ဗံ ပရိပုဏ္ဏ-မေဝ ဟောတိ။ တတော ယမကပါဋိဟာရိယဒိဝသေ ဝိယ ပါဋိဟာရိယကိရိယံ ကရိဿန္တိ။ ဆဗ္ဗဏ္ဏဗုဒ္ဓရသ္မိယော ဝိဿဇ္ဇိဿန္တိ။ တာ ဒသသဟဿိလောကဓာတုံ ဖရိဿန္တိ။ တံ ဌာနံ *(တဒါ)* မနုဿဘူတသတ္တော *(တတ္ထ)* ဂတော နာမ နတ္ထိ။

ဒသသဟဿစက္ကဝါဠေ ပန ဒေဝတာ သဗ္ဗာဝ သန္နိပတိတွာ "အဇ္ဇ ဒသဗ-လော ပရိနိဗ္ဗာယတိ။ အဇ္ဇ သာသနံ ဩသက္ကတိ၊ ပစ္ဆိမဒဿနံ ဣဒံ အမှာကံ၊ ဣတော ဒါနိ ပဋ္ဌာယ အန္ဓကာရံ ဘဝိဿတီ"တိ။ ဒသဗလဿ ပရိနိဗ္ဗာနဒိဝ-သတော မဟန္တတရံ ကာရုညံ ကရိဿန္တိ။ ဌပေတွာ အနာဂါမိနော ခီဏာသဝေ အဝသေသာ သကဘာဝေန သန္ဓာရေတုံ န သက္ခိဿန္တိ၊ အယံ ဓာတုသရီရတော တေဇော သမုဋ္ဌာယ တံ သရီရံ အပဏ္ဏတ္တိကဘာဝံ ဂမေတိ၊ ဓာတုသရီရတော သမုဋ္ဌိတာ ဇာလာ ယာဝ ဗြဟ္မလောကာ ဥဂ္ဂစ္ဆိဿတိ၊ သာသပမတ္တာယပိ ဓာတုယာ သတိ ဧကဇာလာ ဘဝိဿတိ၊ ဓာတူသု ပရိယာဒါနံ ဂတာသု ပစ္ဆိဇ္ဇိဿတိ၊ ဧဝံ မဟန္တံ အာနုဘာဝံ ဒသ္သေတွာ ဓာတုယော အန္တရဓာယိဿန္တိ၊ တဒါ သန္နိပတိတ-ဒေဝသံယော ဗုဒ္ဓါနံ ပရိနိဗ္ဗာနဒိဝသေ ဝိယ ဒိဗ္ဗဂန္ဓမာလာတူရိယာဒီဟိ သက္ကာရံ ကရိတွာ တိက္ခတ္တုံ၊ ပဒက္ခိဏံ ကတွာဝ ဝန္ဒိတွာ အနာဂတေ ဥပ္ပဇ္ဇနကဗုဒ္ဓံ ပဿိတုံ လဘိဿာမ ဘဂဝါ'တိ ဝတွာ သကသကဋ္ဌာနမေဝ ဂစ္ဆိဿန္တိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋ္ဌ၊၁၊၇၀၊၇၁။ အဘိ၊ဋ္ဌ၊၂၄၁၃-၄။ ဒီ၊ဋ္ဌ၊၃၊၈၃-၄။ မ၊ဋ္ဌ၊၄၊၈၁-၂။ ထောက် ဝိသဒိသဲ)

ဓာတုပရိနိဗ္ဗာန်၊ ဓာတုပရိနိဗ္ဗာန် စံယူတော်မူခြင်းသည်။ အနာဂတေ၊ အနာဂတ် ကာလ၌။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ကထံ ဘဝိဿတိ၊ အဘယ်သို့ ဖြစ်လတ္တံ့နည်းဟူမူကား။ တတ္ထ တတ္ထ၊ ထိုထိုသို့သော အရပ်၌။ သက္ကာရသမ္မာန်၊ ပူဇော်သက္ကာရကို။ အလဘမာနာ၊ မရကုန်သည်ဖြစ်၍။ ဓာတုယော၊ ဓာတ်တော်တို့သည်။ ဗုဒ္ဓါဓိဋ္ဌာနဗလေန၊ မြတ်စွာဘုရား ဓိဋ္ဌာန်တော်မူသည်၏ အစွမ်းအားဖြင့်။ သက္ကာရသမ္မာန်၊ ပူဇာသက္ကာရကို။ လဘဋ္ဌာန်၊ ရရာအရပ်သို့။ ဂစ္ဆိဿန္တိ၊ ရွှေ့ပြောင်းကြကုန်လတ္တံ့။ ကာလေ၊ ကာလသည်။ ဂစ္ဆန္တေ ဂစ္ဆန္တေ၊ တရွေ့ရွေ့ဆုတ်လတ်သော်။ သဗ္ဗဋ္ဌာနေသု၊ ခပ်သိမ်းကုန်သော အရပ်တို့၌။ သက္ကာရသမ္မာ-နော၊ ပူဇာသက္ကာရကို ရသည်။ န ဟောတိ၊ မဖြစ်။

http://www.dhammadownload.com

သာသနဿ၊ သာသနာတော်၏။ သြသက္ကနကာလေ ပန၊ ဆုတ်ယုတ်သောအခါ၌ ကား။ ကျမသို့ တမွှပဏ္ဍိဒိပေ၊ ဤသိန်းယိုင်ကျွန်း၌။ ဓာတုယော၊ ဓာတ်တော်တို့သည်။ သန္နိပတိတ္တာ၊ စည်းဝေး၍။ မဟာစေတိယံ၊ **မဟာစေတီကြီးသို့**။ ဂမိဿန္တိ၊ ရောက်ကြကုန်လတ္တံ့။ မဟာစေတိယတော၊ မဟာစေတီကြီးမှ။ နာဂဒီပေ၊ **နာဂဒီပမည်သော ကျွန်း၌**။ ရာဇာယတနစေတိယံ၊ **ရာဇာယတနစေတီသို့**။ ဂမိဿန္တိ၊ ရောက်ကြကုန်လတ္တံ့။ တတော၊ ထိုရာဇာယတနစေတီမှ။ မဟာဗောဓိမဏ္ဍံ၊ **မဟာဗောဓိမဏ္ဍိုင်သို့**။ ဂမိဿန္တိ၊ ရောက်ကြကုန်လတ္တံ့။ နာဂဘဝနတောပိ၊ နဂါးပြည်မှလည်းကောင်း။ ဒေဝလောကတောပိ၊ နတ်ပြည်မှလည်းကောင်း။ ဗြဟ္မလောကတောပိ၊ ဗြဟ္မာ့ပြည်မှလည်းကောင်း။ ဓာတုယော၊ ဓာတ်တို့သည်။ မဟာဗောဓိမဏ္ဍမေဝ၊ မဟာဗောဓိမဏ္ဍိုင်သို့သာလျှင်။ ဂမိဿန္တိ၊ ရောက်ကြကုန်လတ္တံ့။ သာသပမတ္တာ၊ မုန်ညင်းစေ့မျှလောက်ကုန်သော။ ဓာတုယော၊ ဓာတ်တို့သည်။ အန္တရာ၊ အကြား၌။ န နသိဿန္တိ၊ မပျောက်မပျက်ကုန်လတ္တံ့။

ဇဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့်။ သဗ္ဗဓာတုယော၊ ဓာတ်တော်အားလုံးတို့သည်။ မဟာဗောဓိမဏ္ဍေ၊ မဟာဗောဓိမဏ္ဍိုင်၌။ သန္နိပတိတ္တာ၊ စည်းဝေး၍။ ဗုဒ္ဓဝေသံ၊ ဘုရားအသွင်ကို။ ဂဟေတ္တာ၊ ယူ၍။ ဗောဓိမဏ္ဍေ၊ ဗောဓိမဏ္ဍိုင်၌။ ပလ္လင်္ကေန၊ ထက်ဝယ်ဖြင့်။ နိသီဒိတ္တာ၊ ၍။ ဗုဒ္ဓသရီရသိရိံ၊ မြတ်စွာဘုရား၏ ကိုယ်တော်မှ ဖြစ်သော အသရေတော်ကို။ ဒဿိဿန္တိ၊ ပြကုန်လတ္တံ့။

ဒွတ္တိံသမဟာပုရိသလက္ခဏာနိ၊ ၃၂-ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးတို့သည်လည်းကောင်း။ အသီတိအနုဗျဉ္ဇနာနိ၊ ၈၀-သော လက္ခဏာငယ်တို့သည်လည်းကောင်း။ ဗျာမပ္ပဘာ၊ ၁-လံမျှလောက်သော ရောင်ခြည်တော်တို့သည်လည်းကောင်း။ ဣတိ သဗ္ဗံ၊ ဤအလုံးစုံသည်။ ပရိပုဏ္ဏမေဝ၊ ပြည်စုံသည်သာလျှင်။ ဟောတိ၊ ၏။ တတော၊ ထို့နောင်မှ။ ယမကပါဋိဟာရိယဒိဝသေ ဝိယ၊ သာဝတ္ထိပြည်တွင် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့၌ကဲ့သို့။ ပါဋိဟာရိယကိရိယံ၊ တန်ခိုးပြာဋိဟာ ပြတော်မူခြင်းကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ ဆဗ္ဗဏ္ဏဗုဒ္ဓရသ္မိယော၊ မြတ်စွာဘုရား၏ ၆-ပါးသောအဆင်းနှင့် ပြည့်စုံသော ရောင်ခြည်တော်တို့ကို။ ဝိဿဇ္ဇိဿန္တိ၊ လွှတ်ကုန်လတ္တံ့။ တာ၊ ထိုရောင်ခြည်တော်တို့သည်။ ဒသသဟဿိလောကဓာတုံ၊ တစ်သောင်းသော လောကဓာတ်ကို။ ဖရိဿန္တိ၊ နှံ့ကုန်လတ္တံ့။ တံ ဌာနံ၊ ထိုအရပ်သို့။ မနုဿဘူတသတ္တော၊ လူဖြစ်သော သတ္တဝါသည်။ ဂတော နာမ၊ ရောက်သည် မည်သည်။ နတ္ထိ၊ မရှိ။

ဒသသဟဿစက္ကဝါဠေ ပန၊ ၁-သောင်းသော စကြဝဠာတိုက်၌ကား။ သဗ္ဗာဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ သန္နိပတိတ္တာ၊ **စည်းဝေးကုန်သည်**

http://www.dhammadownload.com

ဖြစ်၍။ အဇ္ဈ၊ ယနေ့။ ဒသဗလော၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန်ပြုခဲ့၏။ အဇ္ဈ၊ ယနေ့။ သာသနံ၊ မြတ်စွာဘုရား သာသနာတော်သည်။ သြသက္ကတိ၊ ဆုတ်ခွဲ၏။ ကွဒ်၊ ဤယခု တွေ့မြင်ရခြင်းသည်။ အမှာကံ၊ ငါတို့အား။ ပစ္ဆိမဒဿနံ၊ အဆုံးစွန် တွေ့မြင်ရခြင်းတည်း။ ဒါနိ၊ ယခု။ ကွတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ အန္ဓကာရံ၊ အမိုက်တိုက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ကွတိ၊ သို့။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနဒိဝသတော၊ ပရိနိဗ္ဗာန်ယူသော နေ့ထက်။ မဟန္တတရံ၊ ကဲလွန်သော။ ကာရုညံ၊ သနားခြင်းကို။ ကရိဿန္တိ၊ ပြုကြကုန်လတ္တံ့။ အနာဂါမိနော၊ အနာဂါမ်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ တံ သရီရံ၊ ထိုသရီရဓာတ်တော်ကို။ အပဏ္ဏတ္တိကဘာဝံ၊ သရီရဓာတ်တော်-ဟု မခေါ်ဝေါ်ရသည်၏ အဖြစ်သို့။ ဂမေတိ၊ ရောက်စေ၏။ ဓာတုသရီရတော၊ ဓာတ်တော်-ဟူသော သရီရစေတီတော်မှ။ သမုဋ္ဌိတာ၊ ကောင်းစွာဖြစ်သော။ ဇာလာ၊ မီးလျှံသည်။ ယာဝ ပြဟ္မလောကာ၊ ပြဟ္မာ့ပြည်တိုင်အောင်။ ဥဂ္ဂစ္ဆိဿတိ၊ တက်လတ္တံ့။ သာသပမတ္ထာယပိ၊ မုနဉ်းစေ့မျှလည်းဖြစ်သော။ ဓာတုယာ၊ ဓာတ်တော်သည်။ သတိ၊ ရှိသော်။ ဧကဇာလာ၊ မီးလျှံတစ်ခုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဓာတူသု၊ ဓာတ်တော်တို့သည်။ ပရိယာဒါနံ၊ ကုန်ခြင်းသို့။ ဂတာသု၊ ရောက်သည်ရှိသော်။ ပစ္ဆိဇ္ဇိဿတိ၊ ပြတ်လတ္တံ့။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ မဟန္တံ၊ ကြီးစွာသော အာနုဘော်ကို။ ဒဿေတွာ၊ ပြ၍။ ဓာတုယော၊ ဓာတ်တော်တို့သည်။ အန္တရဓာယိဿန္တိ၊ ကွယ်ပျောက်ကုန်လတ္တံ့။

တဒါ၊ ထိုအခါ၌။ သန္နိပတိတဒေဝသံဃော၊ စည်းဝေးရောက်လာကြသော နတ်အပေါင်းသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ပရိနိဗ္ဗာနဒိဝသေ ဝိယ၊ ပရိနိဗ္ဗာန် ပြုတော်မူသောနေ့၌ကဲ့သို့။ ဒိဗ္ဗဂန္ဓမာလာ တူရိယာဒီဟိ၊ ပန်း,နံ့သာ,နံ့သာပျောင်း, နတ်စောင်းတူရိယာစသည်တို့ဖြင့်။ သက္ကာရံ၊ ပူဇော်ခြင်းကို။ ကရိတွာ၊ ပြု၍။ တိက္ခတ္တုံ၊ ၃-ကြိမ်။ ပဒက္ခိဏံ ကတွာဝ၊ လက်ယာရစ် လှည့်၍ သာလျှင်။ ဝန္ဒိတွာ၊ ရှိခိုး၍။ "ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ အနာဂတေ၊ နောင်ကာလ၌။ ဥပ္ပဇ္ဇနကဗုဒ္ဓံ၊ ဖြစ်လတ္တံ့သော ဘုရားကို။ ပဿိတုံ၊ ဖူးမြင်ခြင်းငှာ။ လဘိဿာမ၊ ရပါလိုကုန်၏။" ကွတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သကသကဋ္ဌာနမေဝ၊ မိမိ,မိမိတို့နေရာ နတ်ရွာသို့သာလျှင်။ ဂစ္ဆိဿန္တိ၊ သွားကြကုန်လတ္တံ့။

ပါဠိဟာရိယသဒ္ဒါကို ထောက်၍ ပြာဋိဟာကို သင်္ကရိုင်္ဒဘာသာ ရောလျက် ပ-အက္ခရာမှာ ရ-ရစ်၍ မုဒ္ဓဇ ဋ္ဌ-မှာ ဏ္ဍသရနှင့် ဟ-သတ်၍ ရေးရမည်။ ထိုအဋ္ဌကထာတို့တွင် အဂုံတ္တရနိကာယ်အဋ္ဌကထာ၌သာ ဘုရားနှင့်တူသော အသွင်တော်ကို ယူကြောင်းကို "ဗုဒ္ဓဝေသံ ဂဟေတွာ"ဟု လာသည်။ ကြွင်းသော အဋ္ဌကထာတို့၌ကား ခပ်သိမ်းသော

http://www.dhammadownload.com

ဓာတ်တော်တို့သည် ဗောဓိပလ္လင်၌ စုရုံးပြီးလျှင် ရွှေတုံးကဲ့သို့ ဖြစ်၍ ရောင်ခြည်တော်ကို လွှတ်လတ္တံ့-ဟု–

သဗ္ဗဓာတုယော ဗောဓိပလ္လင်္ကေ ရာသိဘူတာ သုဝဏ္ဏက္ခန္ဓော ဝိယ ဇကဋ္ဌနာ ဟုတ္ဝာ ဆဗ္ဗဏ္ဏရသ္မိယော ဝိဿဇ္ဇိဿန္တိ။

စသည်ဖြင့် လာသည်။ (ဒီ၊ဋ္ဌ၊၃။၈၃)

သဗ္ဗဓာတုယော၊ ခပ်သိမ်းသော ဓာတ်တော်တို့သည်။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပလ္လင်၌။ ရာသိဘူတာ၊ အစုပြုကုန်၍။ သုဝဏ္ဏက္ခန္ဓော ဝိယ၊ ရွှေတုံးကြီးကဲ့သို့။ ဇကဋ္ဌနာ ဟုတ္ဝာ၊ တခဲနက်ဖြစ်၍။ ဆဗ္ဗဏ္ဏရသ္မိယော၊ ၆-သွယ်သော ရောင်ခြည်တို့ကို။ ဝိဿဇ္ဇိဿန္တိ၊ လွှတ်ကုန်လတ္တံ့။

ဤသို့ အဋ္ဌကထာကြီး အစောင်စောင်တို့၌ပင် ဓာတ်တော်ကို စုရုံး၍ ဓာတုပရိနိဗ္ဗာန်စံတော်မူကြောင်းကိုသာ လာသည်။ စတုတ္ထသတ္တာဟ ရတနာဃရ၌ လွှတ်တော်မူသော ရောင်ခြည်တော်တို့သည် ဓာတုပရိနိဗ္ဗာန်စံတော်မူရာ အတူပါကြောင်းကို မလာ။

ငါးဆယ့်ငါးထွေ ပုစ္ဆာဖြေတွင် "ဆယ်ရပ်လည်သည်၊ ရောင်ခြည်တော်မြတ်၊ ရှုပဓာတ်ကား၊ ဆုံးလတ် သာသနာ၊ ကွယ်သောခါမှ၊ ဓာတုပရိနိဗ္ဗာန်၊ မကြွင်းကျန်တည်း"ဟု ကျည်းကန်၊ ၅၄င်နန္ဒဓေ စပ်ဆိုသော ကဗျာစကားကို စွဲ၍ ပြောဆိုကြသော စကားမျှသာ ဖြစ်သည်။ ဆိုလိုသောပုဂ္ဂိုလ်၏ သဘောမျှသာ-ဟု ယူရန်ရှိ၏။ အကယ်၍ စတုတ္ထရတနာဃရ၌ ထွက်သော ရောင်ခြည်တော်တို့သည် ဓာတုပရိနိဗ္ဗာန် စံယူတော်မူရာ ပါသည် ဖြစ်ခဲ့အံ့။

ရတနာဃရသတ္ထာဟေ သရီရတော နိက္ခန္တာ ဆဗ္ဗဏ္ဏရသ္မိယောဝိ ဓာတုပရိနိဗ္ဗာနကာလေယေဝ သဟ ဓာတူဟိ ပရိနိဗ္ဗာယိဿန္တိ။

ဟု အဋ္ဌကထာ လာရာ၏။

ထိုသို့ မလာသောကြောင့် ဆိုလိုသော ပုဂ္ဂိုလ်၏ သဘောသာတည်း-ဟု မှတ်ရာ၏။ ဤသို့ အဋ္ဌကထာများစွာ လာသည်တွင် သုတ်မဟာဝါအဋ္ဌကထာ(နှာ-၁၉၆)၌ မိန့်မှာဟောပြခဲ့ပါပြီ။ ရကို အစ,အဆုံး သိမ်းရုံးပေါင်းစု အကျဉ်းပြု၍ ဗိုလ်ထုဥဿုံ အကုန်မကြွင်း လူခပင်းအား မှတ်သားရုံမျှ ဝစနာလင်္ကာရဖြင့် ပြလိုက်အံ့။

ကိုယ်တော်လိုလျောင်း၊ ဓာတ်တော်ပေါင်းတွင်၊ ၄-ချောင်းစွယ်တော်၅၊ ညှပ်ရိုးတော်လောင်း၊ ၂-ချောင်းမှတထူး၂ နဖူးသင်းကျစ်ခေါ်သား၊ ပေပေါ်မှာ တင်၍ထား. . . ။

http://www.dhammadownload.com

တူကိုင်လက်စွဲ၊ ရိုက်နှက်ပင် ခွဲသော်လည်း၊ စိုင်မကွဲ မပြားဘူး. . . ။ ၇-ပါးသီးခြား၊ ဤဓာတ်များ ဝင်းတထိန်ထိန်၊ ရောင်မမှိန်သည်၊ အသမ္ဘိန္နမှတ်တော့. . . ။ ကိုယ်တော်မြတ်၏ အလုံးတွင်၊ ခုနစ်ပါးမှ၊ ကြွင်းသမျှမူ၊ သမ္ဘိန္နဝင်ရှင့်. . . ။

ရွှေရုပ်သည် အကြီးဆုံး၊ ညဉ့်ကိုလည်း ထောက်၊ နေ့ကိုလည်း ထောက်သည်၊ ပဲနောက်မျှ အလုံးတည်း. . . ။ ဆန်ကျိုးထုံး ပမာဏ၊ ချယားစေ့နှယ်၊ ဆင်းတင့်တယ်သည်၊ အလယ်ဓာတ်လဟု. . . ။ မုန်ညင်းမျှ ပုံနှိုင်းဆွယ်၊ အဆင်းပုလဲ၊ ဖြူရောင်ရွဲသည်၊ သေးဖွဲဓာတ်တော်တို့ အောက်ငယ်ရှင့်. . . ။ အသွယ်သွယ်သည်၊ သမ္ဘိန္နအားလုံးကို၊ တချက်ချင်းတွက်စစ်လျှင်၊ ၈-စရွတ်ပင် ရ၏. . . ။

[၁]အထက်က လက်ယာစွယ်၊ [၂]ညာ့ပ်ရိုးတော် လက်ယာ၊ ဝတီသာ-ဟု၊ စူဠာမဏိဝယ်တည်း. . . ။

[၂]အောက်တသွယ် စွယ်လက်ယာ၊ နဂါးတို့ပြည်၊ ကိုးကွယ်သည်-ဟု၊ မှတ်ရ မည်ကျမ်းလာရှင့်. . . ။

[၃]၁-ချောင်းမှာ စွယ်လက်ဝဲ၊ တကျွန်းသီဟိုဠ်၊ ပွါးကုသိုလ်နှင့်၊ ကြည်ညိုကိုးကွယ်မြဲတည်း. . . ။

[၄]ပြည်သင်းကွဲမှာ, စွယ်တချောင်း၊ တာဝတိံသာ၊ မြတ်စူဠာက၊ လက်ယာညာ့ပ်ရိုးတော်ပြောင်း၍. . . ။ ပျော်ကိန်းအောင်း သီဟိုဠ်ပြည်၊ ဒေဝါနံပိယတိဿမင်းကြီးက ယူ၊ ကိုးကွယ်တော်မူသည်၊ ထူပါရုံဘုရား၌ ပေတည်း. . . ။

လက်ဝဲနေ ရွှေ[၅]ညာ့ပ်ရိုး ၊ သီဟိုဠ်ကျွန်းခွင်၊ ကျော်စောထင်သည်။ မဟိယင်္ဂဏ၌ကိုးရှင့်. . . ။ ထက်မြင်းမိုရ်ပြဟ္မာပြည်၊ ဝင်းလျှံတောက်မြူး၊ ရောင်မဖူးသည်။ နဖူး[၆]သင်းကျစ်တည်၏. . . ။ မြဲယုံကြည်သညာထား၊ မွေးတော်,ဆံတော်၊ သွားတော်လေးဆယ်၊ ကိုးကွယ်စရာ၊ စကြဝဠာ၊ ပရဲပရာ၌, နတ်တကာအများတို့၊ ဆောင်ယူသွားကြသည်၊ တချောင်းစီရှင်ပင်ကိုယ်စား၊ ရည်မှတ်သား၍၊ ညွတ်တွားပူဇော်ညီရှင့်. . . ။ ယခုဤသာသနာ၊ တရားအရောင်၊ ဝင်းဝင်းပြောင်သည်၊ ငါးထောင်စေ့သောခါ၌. . . ။ ဓာတ်တကာသည် မွေဓာတု၊ သီဟိုဠ်ကျွန်းမှာ၊ ပြန်ကြွလာသည်၊ မဟာစေတီကြီးသို့ စုအံ့. . . ။ ကြီး,ငယ်နုဓာတ် ၁-ဆူ၊ ခရီးလမ်းဆက်၊ ပျာဖိုဌက်ကဲ့သို့၊ ပျောက်ပျက်တော်မမူဘဲ. . . ။ နာဂ-ဟူသည်၊ ကျွန်းသာစည်၊ ရာဇာယတနာ၊ စေတီယာသို့၊ နောက်ကာလ ရောက်မည်တည်း . . . ။

ယင်းကသည် ခွါလေပြောင်း၊ ဗောဓိရိပ်မြိုင်၊ ညောင်မင္ကျိုင်သို့၊ အစိုင်ထွေသာပေါင်း၍. . . ။ မြေထဲအောက် နဂါးရွာ၊ အမြတ်တနိုး၊ ကိုယ်စီကိုးကြသည်၊ ထက်မိုးပြည်

http://www.dhammadownload.com

ပြဟ္မာက. . . ၊ ဓာတ်များစွာသည် လာကြအုံး. . . ။ လက္ခဏာကြီး၊ငယ်၊ ရောင်ခြောက်သွယ် နှင့်၊ တကယ်ပင် ဘုရားပုံသို့. . . ။ မီးအစုံ သည်ရေတကွ ၊ ယမိုက်အလျှာ၊ ပြာဋ္ဌိဟာကို၊ ထိုအခါ ဓာတ်တော်ပြသော်. . . ။ သောင်းခေတ္တာစကြဝဠာ၊ လူကံမစပ်၊ ပြဟ္မာရပ်သည်၊ နတ်ရပ်က ဖူးရောက်လာအုံ. . . ။ ရောသည်ခါ ခက်ခဲပြီ၊ အနာဂါမ်လွတ်၊ စိုးရိမ်ညှတ်သော ကြောင့်၊ လွမ်းဆွတ်လက်အုပ်ချီ၍. . . ။

အုံးစီစီ ဆူကြွက်ကြွက် ၊ ကိုယ်တော်မြတ်စွာ၊ ကုသိနာဝယ်၊ ခေမာစံသောထက်ပင်။ လွန်စုံမက်သည် ယူတဆို. . . ။ သုံးလူမှန်ကင်း၊ ထိုထိပ်ခေါင်နင်းသည်၊ နေမင်းဝင်ပြိုကို-ဟု. . . ။ မျက်ရည်ယို ငိုသည်နှင့်၊ ဓာတ်စုရာသီ၊ ကိုယ်တော်ဆီက၊ စုံညီမီးလျှံ ပွင့်၍. . . ။ ထက်မိုးမြင့် ဗြဟ္မာခွင်၊ တက်လေထုတ်ချင်း၊ ဓာတ်ခပင်းသည်၊ မုန်ညင်းမျှ မထင်ဘူး. . . ။ လောင်ကျွမ်းစဉ်သည် အစသတ်၊ ကွယ်ခြင်းငါးဖြာ၊ သာသနာသည်၊ မြတ်ကာလ ခေတ်ပြတ်အံ့. . . ။ အနာဂတ်ကို၊ မှတ်ပြဘိ ရွှေကျမ်းက၊ မိန့်မြွက်ဆိုသည်၊ လွန်ဉီစချင်ဖွယ် ရှိ၏. . . ။

ဤတွင်ရွေ့ ထိုရောင်ခြည်တို့သည် သက်တော်ထင်ရှား ဘုရားကဲ့သို့ ဓာတုပရိနိဗ္ဗာန် ယူသောအခါ တန်ခိုးပြာဋိဟာ ပြ,မပြ၊ လူ,နတ်တို့ ကျွတ်,မကျွတ်ကို ပြဆိုသော စကား တစ်ရပ် အပြီးသတ်တည်း။

(၃) ရဟန္တာမတို့ ပရိနိဗ္ဗာန်ယူသောအခါ လိင်ပြန်သည်, မပြန်သည်ကို မေးလျှောက်သည်မှာ အာယတနယမိုက်ဋီကာတွင် ကေစိဝါဒကို ပြသော –

> **ပစ္ဆိမဘဝိကာ ခီဏာသဝါ ပရိနိဗ္ဗုတကိစ္စာ ဥပါသိကာ မဟာပရိနိဗ္ဗာနပုရံ ပဝိသိဿာမာ'တိ ပရိနိဗ္ဗာနမဉ္စေ ဌိတကာလေ အတ္တနော လိင်္ဂဿ ဟီနတာယ တေန ပရိနိဗ္ဗာယိတု'မသက္ကုဏေယျဘာဝတော တံ ပရိဝတ္တေတွာ ပုရိသလိင်္ဂေနေဝ ပရိနိဗ္ဗာယန္တိ။ ပုရိသလိင်္ဂဿေဝ ဥတ္တမဘာဝတော။** *(ပရိယေသိတဋ္ဌ)*

ဟူသောပါဠိကို ဆောင်၍ ပြသော နိရုတ္တိသာရမဉ္ဇူသာ-မည်သော ဥတ်ဋီကာတွင် လာသော ပါဠိအရကို စွဲ၍ အချို့သူတို့က တစိတ်တဒေသ စကား အစွန်အဖျားကို ကြားလိုက်, သိလိုက်, မှတ်လိုက် တွေ့လိုက်ကြဖူးသည်နှင့် အဆင့်ဆင့်စကား ပွါးများ၍ –

မြတ်စွာဘုရား ကတ္ထုဠာမြစ်သို့ ရောက်သောကာလ နွားငယ်ဖြစ်စဉ်က ဝိပါကဝဋ်တော် ဆိုက်ရောက်၍ ရေနောက်ကိုပင် သောက်တော်မူရသည်-ဟု ပြောမှားကြသော စကား,

မိခင်ရင်သား၊ သားမြတ်ဖျားတွင်၊ စွန်းငြားအရက်၊ မိခင်နို့ကို စို့သည်တွက်ကြောင့် ဝိပါက်တော် ကြွင်းကျန်၍ မောဂ္ဂလ္လာန်ထေရ်သခင် အရှင်ရဟန္တာကြီးကို ငရဲမီးလိုက်သည်-ဟု တုတုပပ ပြောမှားကြသောစကား,

http://www.dhammadownload.com

ဘုရားအလောင်းတော် ပဋိသန္ဓေယူခိုက် စေတီတိုက်နှင့်တူသော အမိဝမ်းရေကို မြင်၍ သုဒ္ဓါဒနမင်းကြီးပင် ရှိခိုးလေယောင် ယုတ္တိဆောင်၍ စာစောင်,စာငယ်များတွင် ရေးထား၍ ပြောမှားကြသော စကားကဲ့သို့ပင် ယခင် ပရိနိဗ္ဗာန်စကားမှာလည်း မှား၍ လက်စမဆုံးနိုင်ပင် ရှိခဲ့မှ်မည်။ ယင်းသည် ကေစိဝါဒစကားရပ် ဋီကာပါဠိ၏ အတ္ထယောဇနာ မြန်မာဘာသာကား–

ပစ္ဆိမဘဝိကာ၊ ပစ္ဆိမဘဝိကဖြစ်ကုန်သော။ ပရိနိဋ္ဌိတကိစ္စာ၊ ပြီးပြီးသော အရဟတ္တ-ဖိုလ်ကိစ္စရှိကုန်သော။ ခီဏာသဝါ၊ ရဟန္တာဖြစ်ကုန်သော။ ဥပါသိကာ၊ ဒါယိကာမတို့သည်။ ပရိနိဗ္ဗာနပူရံ၊ ပရိနိဗ္ဗာန် ရွှေပြည်မြတ်သို့။ ပဝိသိဿာမ၊ ဝင်ကုန်အံ့။ ဣတိ၊ ဤသို့။ ပရိနိဗ္ဗာန-မဉ္စေ၊ ပရိနိဗ္ဗာန်ယူအံ့သော ညောင်စောင်း၌။ ဌိတကာလေ၊ တည်သောကာလ၌။ အတ္တနော၊ မိမိ၏။ လိင်္ဂဿ၊ ဣတ္ထိလိင်္ဂ၏။ ဟိနတာယ၊ ယုတ်သည်၏ အဖြစ်ကြောင့်။ တေန၊ ထိုဣတ္ထိလိင်ဖြင့်။ ပရိနိဗ္ဗာယိတုံ၊ ပရိနိဗ္ဗာန်ပြုအံ့သောငှာ။ အသက္ကုဏေယျဘာဝတော၊ မတတ်ကောင်းသည်၏ အဖြစ်ကြောင့်။ တံ၊ ထိုဣတ္ထိလိင်ကို။ ပရိဝတ္တေတွာ၊ ပြန်၍။ ပုရိသလိင်္ဂေ-နေဝ၊ ယောကျ်ားအသွင်ဖြင့်သာလျှင်။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန် ပြုရကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပုရိသလိင်္ဂသ္မေဝ၊ ယောကျ်ားအသွင်၏သာလျှင်။ ဥတ္တမဘာဝတော၊ မြတ်သည်၏အဖြစ်ကြောင့်တည်း။

ထိုကေစိစကားကို ပယ်ရှားစွန့်ပစ်၍ ပစ္ဆိမဘဝိကရဟန္တာမသည် ဣတ္ထိလိင် ဣတ္ထိဘာဝ၊ မိန်းမ၏အသွင်ဖြင့်ပင် နိဗ္ဗာန်ခွင်သို့ ဝင်ကြောင်းများကို ၎င်းစကားအဆက်၊ ဝါကျာ-ရမ္ဘ၊ ဝိတ္ထာရဝေဝုစ် စုဒ်စောဒနာကို များစွာ ကျယ်ပွါး၍ စကားပြီးဆုံး နိဂုံးသို့ ရောက်ကာလ-

> **တသ္မာ ပစ္ဆိမဘဝိကာ ဣတ္ထိယော ဧတေနေဝ ဣတ္ထိဘာဝေန ပရိနိဗ္ဗာယန္တီတိ ဒဋ္ဌဗ္ဗံ။ ဧဝဉ္စ ကတ္ဝာ ဣန္ဒြိယယမကေ နိရောဓဝါရေ "ယဿ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ တဿ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတီတိ။ ဣတ္ထိနံ ပရိနိဗ္ဗာယန္တီနံ။ ယာ စ ရူပါဝစရံ ဥပပဇ္ဇိတ္ဝာ ပရိနိဗ္ဗာယိဿန္တိ။ ယာ စ ဣတ္ထိယော ကတိစိ ဘဝေ ဒဿေတ္ဝာ ပရိနိဗ္ဗာ-ယိဿန္တိ။ တာသံ စဝန္တီနံ။ တာသံ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ နော စ တာသံ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတီ"တိ ဝုတ္တံ။**

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ ယင်းသည့် သမာနဝါဒသာဓကပါဠိ၏ အတ္ထယောဇနာ မြန်မာဘာသာကား–

တသ္မာ၊ ထို့ကြောင့်။ ပစ္ဆိမဘဝိကာ၊ ပစ္ဆိမဘဝိက ဖြစ်ကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။ ဧတေနေဝ ဣတ္ထိဘာဝေန၊ ထိုမိန်းမ၏အဖြစ်ဖြင့်သာလျှင်။ ပရိနိဗ္ဗာယန္တီ၊ ပရိနိဗ္ဗာန်ယူကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧဝဉ္စ ကတ္ဝာ၊ ဤသို့ နှလုံးသွင်း၍။

http://www.dhammadownload.com

ကျန်ဖြယယမကေ၊ ကျန်ဖြယယမိုက်ကျမ်း၌။ နိရောဓဝါရေ၊ နိရောဓဝါရ၌။ "ယဿ ကတ္ထိန်ဖြယ် နိရုဇ္ဈတိ ။လ။ နိရုဇ္ဈိဿတီ"တိ။ ယဿ ကတ္ထိန်ဖြယ် ။လ။ နိရုဇ္ဈိဿတိ-ဟူ၍။ ဝုတ္တံ၊ ဘုရား ဟောတော်မူအပ်ပြီ။

ပါဠိတော်၏အနက်ကား- ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ကတ္ထိန်ဖြယ်၊ ကတ္ထိန်ဖြေသည်။ နိရုဇ္ဈတိ၊ ချုပ်ဆဲ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရိသိန်ဖြယ်၊ ပုရိသိဖြေသည်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့လော။ ကွတိ ပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။ သတိ၊ ရှိသော်။ ပရိနိဗ္ဗာယန်ဖြန်၊ ပရိနိဗ္ဗာန်ပြုဆဲဖြစ်ကုန်သော။ ကတ္ထိန်၊ မိန်းမတို့အားလည်းကောင်း။ ယာ စ ကတ္ထိယော၊ အကြင်မိန်းမတို့သည်။ ရူပါဝစရံ၊ ရူပါဝစရဘုံသို့။ ဥပပဇ္ဇိတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ စဝန္တိန်၊ စုတိဆဲဖြစ်ကုန်သော။ တာသံ ကတ္ထိန်၊ ထိုမိန်းမတို့အား လည်းကောင်း။ ယာ စ ကတ္ထိယော၊ အကြင်မိန်းမတို့သည်။ ရူပါဝစရံ၊ ရူပါဝစရဘုံသို့။ ဥပပဇ္ဇိတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ စဝန္တိန်၊ စုတိဆဲဖြစ်ကုန်သော။ တာသံ ကတ္ထိန်၊ တို့အားလည်းကောင်း။ တာသံ ကတ္ထိန်၊ ထိုမိန်းမတို့အား။ ကတ္ထိန်ဖြယ်၊ ကတ္ထိန်ဖြေသည်။ နိရုဇ္ဈတိ၊ ချုပ်ဆဲ။ တာသံ ကတ္ထိန်၊ ထိုမိန်းမတို့အား။ ပုရိသိန်ဖြယ်၊ ပုရိသိဖြေသည်။ နော စ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့ မဟုတ်။ ကွတိ၊ ဤသို့ ဖြေတော်မူ၏။

ဂင်းဇီကာဆရာ၏ သာဓက နိရောဓဝါရ၊ ကျန်ဖြယယမိုက်ပါဠိတော်၏ အရဏ် အရညစ်စ် အဓိပ္ပါယ်ကား- အကြင်ပုဂ္ဂိုလ်အား ကတ္ထိန်ဖြေ ချုပ်ဆဲ, ထိုပုဂ္ဂိုလ်အား ပုရိသိဖြေ နောင်ချုပ်လတ္တံ့။ ချုပ်ရာကာလ ရှိဦးမည်လော-ဟူသော အမေးတော်၏ အဖြေတွင် ပရိ-နိဗ္ဗာန်ပြုဆဲသော မိန်းမ၊ ရူပဘုံ၌ဖြစ်၍ နောင်ကာမဘုံသို့ မလားဘဲ ထိုရူပဘုံ၌ပင် ပရိနိဗ္ဗာန် ပြုလတ္တံ့ဖြစ်၍ ကာမဘုံ၌ စုတိကျဆဲသော မိန်းမ၊ ဤဘဝမှ နောင် ၂-ဘဝ, ၃-ဘဝ-စသည် ဖြစ်သော်လည်း ယောကျ်ားမဖြစ်ဘဲ မိန်းမချည်းသာဖြစ်၍ မိန်းမအဖြစ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့ဖြစ်၍ စုတိကျဆဲဖြစ်သော မိန်းမ၊ ထိုမိန်းမ ၃-ယောက်တို့အား ကတ္ထိန်ဖြေ ချုပ်ဆဲ, ပုရိသိဖြေ နောင်ချုပ်လတ္တံ့။ ချုပ်ရာကာလ မရှိ-ဟု ဖြေတော်မူရကား <u>မိန်းမတို့သည် မိန်းမ အဖြစ်နှင့်ပင် ပရိနိဗ္ဗာန်ပြုသည်-ဟု မှတ်</u>။

> **ကတ္ထိန် ပရိနိဗ္ဗာယန်ဖြန်၊ ယာ စ ကတ္ထိယော ကတိစိဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ။ တာသံ စဝန္တိန်၊ တာသံ ကတ္ထိန်ဖြယ် နိရုဇ္ဈတိ၊ နော စ တာသံ ပုရိသိန်ဖြယ် နိရုဇ္ဈိဿတိ။**

ဟူသော ပါဠိတော်မြတ်ကို ကြုပ်ကြုပ်နှလုံးသွင်းရာ၏။ သို့ ပါဠို, အဋ္ဌကထာ, ဋီကာတို့၏ ရှေ့,နောက်စကားကို မစဉ်စားမိ, နေရာကျကို မသိဘဲ တွေမိတွေရာနှင့်သာ လူလိမ္မာလုပ်၍ လက်ဆုပ်,လက်ကိုင် အနိုင်အထက် ပြောဆိုကြသောစကား ပြန့်ပွါး၍ ကြားသိသည်တို့

http://www.dhammadownload.com

ကလည်း နေရာကျကို မတွေးမထောက်, မမေးမလျှောက်ဘဲ ဝမ်းမြောက်ဝမ်းသာ မှားပါသည်အရာကို အမှန်သာ ထင်မှတ်၍ ထပ်ကာထပ်ကာ ပြောကြ၍ အမှားလက်စ မသတ်နိုင်ရှိလေသည်။

ဥပမာကား ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်းသုတ်အဋ္ဌကထာ(နှာ-၂၁၅)တွင်–

> **ကသ္မာ ကုလပုတ္တဿ ဣဒ္ဓိမယပတ္တစီဝရံ န နိဗ္ဗတ္တိ။ ပုဗ္ဗေ အဋ္ဌန္နံ ပရိက္ခာရာနံ အဒိန္နတာယ န နိဗ္ဗတ္တန္တိ၊ ဒိန္နဒါနော ကတာဘိနီဟာရော။ အယဉ္စ ပုနပဋိသန္ဓိကော၊ တသ္မာ န နိဗ္ဗတ္တန္တိ။**

ဟူသောပါဠိကို တွေ့မြင်လေလျှင်–

ကသ္မာ၊ အဘယ်ကြောင့်။ ကုလပုတ္တဿ၊ ပုဏ္ဏားသာတိမင်းကြီးအား။ ဣဒ္ဓိမယ-ပတ္တစီဝရံ၊ တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းသည်။ န နိဗ္ဗတ္တိ၊ မဖြစ်လေသနည်း။ ပုဗ္ဗေ၊ ရှေ့၌။ အဋ္ဌန္နံ၊ ၈-ပါးကုန်သော။ ပရိက္ခာရာနံ၊ ပရိက္ခာရာတို့ကို။ အဒိန္နတာယ၊ မလှူဖူးသောကြောင့်။ န နိဗ္ဗတ္တိ၊ မဖြစ်လေသလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ အမေးသည်။ သတိ၊ ရှိသော်။ ဒိန္နဒါနော၊ လှူဖူးသော ပရိက္ခာရာလည်း ရှိ၏။ ကတာဘိနီဟာရော၊ ပြုခဲ့ဖူးသော ဆုတောင်းခြင်းလည်း ရှိ၏။ အယဉ္စ၊ ဤပုဏ္ဏားသာတိမည်သော မင်းသည်ကား။ ပုန ပဋိသန္ဓိကော၊ တဖန် ပဋိသန္ဓေနေဖွယ် ရှိသေး၏။ တသ္မာ၊ ထို့ကြောင့်။ ဣဒ္ဓိမယပတ္တစီဝရံ၊ တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းသည်။ န နိဗ္ဗတ္တိ၊ မဖြစ်။ ဣတိ၊ ဤသို့ ဖြေအပ်၏။

ဤသို့ ပုစ္ဆာ ၂-ရပ်ထား၍ အနက်ယောဇနာရမည်ကို ပါဠိရှေ့,နောက် စကားကို မထောက်မထား, မဆင်ခြင်မိ၊ ရှေးဠီလည်း ပုဏ္ဏားသာတိမင်းကြီးအား မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ကို အဆုံးထား၍ ဟောပါကြားလည်း မိမိ၏အပါးသို့ ရောက်လာသော သားငယ်ကို ဖခင်-မင်းကြီးက မိမိသို့ ဆောင်သော ခဲဖွယ်,ဘောဇဉ်ကို ပေးသည်ပင် ဖြစ်လင့်ကစား သားငယ်၏ခံတွင်းနှင့် ဆ၍ မျှရုံသာ ဝင်လေသကဲ့သို့ အနာဂါမိဖိုလ်၌သာ တည်လေသည်။ ဥပမာဆောင်၍ပြသော စကားလည်း ပါသေးသည်ပင်။ ယင်းသို့ဖြစ်၍ အဋ္ဌကထာစကား၏အရ အဓိပ္ပါယ်အကျမှာ ပုဏ္ဏားသာတိမင်းကြီးသည် ပစ္ဆိမဘဝိကပုဂ္ဂိုလ် မဟုတ်သေးသောကြောင့် အနာဂါမိဖိုလ်တွင်သာ တည်၍ စုတိစိတ်ကျလေရကား သုဒ္ဓါဝါသဘုံ၌ ဖြစ်လေသည်။ အကယ်၍ ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်အံ့။ ဣဒ္ဓိမယပတ္တစီဝရကို ရ၍ ဧဟိဘိက္ခုရဟန်း ဖြစ်ထိုက်၏။ ဤသို့ နေရာကျ ယူရမည်ကို–

> **ကသ္မာ ကုလပုတ္တဿ ဣဒ္ဓိမယပတ္တစီဝရံ န နိဗ္ဗတ္တိ၊ ပုဗ္ဗေ အဋ္ဌန္နံ ပရိက္ခာရာနံ အဒိန္နတာယ န နိဗ္ဗတ္တန္တိ။**

http://www.dhammadownload.com

ဤ၌မျှသာ ယူပြီးလျှင် ပုဏ္ဏဝိသဇ္ဇနာ အစုံပြု၍–

ကသ္မာ၊ အဘယ်ကြောင့်။ ကုလပုတ္တသ၊ ပုဂ္ဂလာတိမည်သော အမျိုးသားအား။ ဣဒ္ဓိမယပတ္တစီဝရံ၊ တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းသည်။ န ဒိဋ္ဌတ္တာ၊ မဖြစ်လေသနည်း။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ ပုဋ္ဌေ၊ ရှေ့၌။ အဌန္နံ ပရိက္ခရာနံ၊ ၈-ပါးသော ပရိက္ခရာတို့ကို။ အဒိန္နတာယ၊ မလှူဖူးသောကြောင့်။ နဒိဋ္ဌတ္တာ၊ မဖြစ်။ ဣတိ၊ ဤသို့ ဖြေအပ်၏။

ဤသို့ အနက်ယောဇနာဖြစ်၍ ပုဂ္ဂလာတိမင်းကြီးသည် ပရိက္ခရာ မလှူဖူးသောကြောင့် ရဟန်းမပြုရသည် ထင်မှတ်၍ ၄, ၅-အင်္ဂါခန်စ် သာရကဏာမည်သော စာစောင်ကို ထုတ်ဆောင်ရေးသားသော ဆရာသည်-

သုဒ္ဓါဒန၊ ရာဇညေ၊ ဘဝကုန်မကြွင်း။
ပုဂ္ဂလာတိ၊ သန္တတိ၊ ထွတ်ဘုန်းရှိ၊ မြွေးငြိရမက်ကင်း။
ပရိက္ခရာ၊ မလှူပါ။ ရှေးခါ ကံအရင်း-

ဟု ကဗျာရေးသား စီထား၍ မှားပါသည့်အရာကို ပညာနည်းသူ၊ လူဗာလအပွသုတ ပုဂ္ဂိုလ်များက စကားလုပ်၍ အဟုတ်အဟတ် ထင်မှတ် ပြောဆို ကြသကဲ့သို့ ရှိ၏။

ထိုစကား၌ "မင်္ဂလမြတ်စွာဘုရားလက်ထက် မင်္ဂလမြတ်စွာဘုရား ညီတော် ဝေမာတိကဖြစ်သော အာနန္ဒာမည်သော လုလင်နှင့်တကွ ဘုရားထံသို့ ရောက်လာသော ကုဋေ ၉၀၀-မျှလောက်သော ပရိသတ်တို့အား တရားဟောတော်မူပြီး၍ ရှေးပါရမီကို ကြည့်တော်မူလျှင် ရဟန်းပြုထိုက်သည်ကို မြင်၍ 'ဧထ ဘိက္ခဝေါ'-ဟု ခေါ်တော်မူလျှင် ဧဟိဘိက္ခူရဟန်း ဖြစ်ကြကြောင်း၊ (ဗုဒ္ဓဝံ၊၅။၁၇၇-၈)

မဟာကပ္ပိနဝတ္ထုတွင် မဟာကပ္ပိနမင်းကြီးနှင့်တကွ ၁၀၀၀-သော အမတ်တို့သည် ကဿပမြတ်စွာဘုရားလက်ထက် ရဟန်း ၂-သောင်းတို့အား သင်္ကန်း ၂-သောင်း လှူခဲ့ဖူးသောကြောင့်လည်းကောင်း နောက် ပစ္စေကဗုဒ္ဓါ ၁,၀၀၀-တို့အား သင်္ကန်း ၁,၀၀၀-လှူခဲ့ကြဖူးသောကြောင့်လည်းကောင်း ဧဟိဘိက္ခူရဟန်း ဖြစ်ကြကြောင်း၊ (ဓမ္မ၊၄၊၁။၃၅၆)

ဒါရုစီရိယမည်သော ပုဂ္ဂိုလ်မှာ ကဿပမြတ်စွာဘုရားလက်ထက်တော်က ရဟန်းတရားကို အားထုတ်ခဲ့ပါသော်လည်း တစ်စုံတစ်ယောက်သောသူကိုမျှ သပိတ်,သင်္ကန်း မလှူခဲ့ဖူးသောကြောင့် ဧဟိဘိက္ခူ ရဟန်းအဖြစ်ကို မရဘဲ ပရိနိဗ္ဗာန်စံယူလေသည်"(ဓမ္မ၊၄၊၁။ ၄၁၁-၂)ဟု ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာတို့၌လာသော ဝတ္ထုသာဓကကို ထောက်၍ "သုဒ္ဓါဒနမင်း, ရာဇညမင်း, သန္တတိအမတ်တို့မှာ ပရိက္ခရာ မလှူဖူးသောကြောင့်

http://www.dhammadownload.com

ရဟန်းမပြုရဆိုသော စကားသင့်တန်စေ။ ပုက္ကုသာတိမင်းကြီးမှာကား လှူခဲ့ဖူးသော ကုသိုလ်ထူးရှိလျက် ပစ္ဆိမဘဝိကပုဂ္ဂိုလ် မဟုတ်၍သာ ရဟန်း မပြုရ” ဤသို့ မှတ်ရာ၏။ (မဋ္ဌ၊၄။၂၁)

သဗ္ဗေပိ သဗ္ဗညုဗောဓိသတ္တာ ပစ္ဆိမပဋိသန္ဓိဂ္ဂဟဏော ပဌမေန သောမနဿ-သဟဂတတိဟေတုကအသင်္ခါရိကမဟာဝိပါကစိတ္တေန ပဋိသန္ဓိံ ဂဏှန္တိ။

(အဘိ၊၄၊၁။၃၀၇)

ဟု ပစ္ဆိမဘဝိက ဘုရားအလောင်းတို့သည် သောမနဿသဟဂုတ် ဉာဏသမ္မယုတ်တိဟိတ် ပဌမအသင်္ခါရိကစိတ်တို့ဖြင့် ပဋိသန္ဓေယူတော်မူကြောင်းကို ဆိုတော်မူသော ဓမ္မသင်္ဂဏီ အဋ္ဌကထာပါဠ် “ကာလ-ဒီပ-ဒေသ-ကုလ-ဇနေတ္တိအာယုပရိစ္ဆေဒဝသေန ပဉ္စဝိလောကနံ နာမ ဝိလောကေသိ”ဟု ကြည့်ခြင်း ၅-ပါးကို ကြည့်တော်မူပြီးမှ စုတိစိတ်ကျသည်ကို ပြသောငှင်းဓမ္မသင်္ဂဏီအဋ္ဌကထာပါဠ်(နှာ-၃၆) **“ဧကန္တပရိတ္တာရမ္မဏာနိ ကာမာဝစရမဟာဝိပါကာနိ”**ဟု ကာမာဝစရမဟာဝိပါက်စိတ်တို့သည် စင်စစ် ပရိတ္တတရားကိုသာ အာရုံပြုသည်-ဟု ပြဆိုသော ငှင်းဓမ္မသင်္ဂဏီအဋ္ဌကထာပါဠ်(နှာ-၃၀၆) ‘**ပဉ္စဝိဿ ပရိတ္တမ်ိ**’ဟု ၂၅-ပါးကုန်သော စိတ်တို့သည် စင်စစ်ပရိတ္တတရားကိုသာ အာရုံပြု၏-ဟု ပြဆိုသော အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာပါဠ်(ဂါထာ-၆၃)။ သို့ အဋ္ဌကထာအရပ်ရပ် လာသည်ကို ထောက်၍ မြတ်စွာဘုရား၏ စုတိတော်စိတ်သည် နိဗ္ဗာန်ကို အာရုံမပြု။ ပရိတ္တာရမ္မဏ ဧကန်ဖြစ်၍ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် ဂတိနိမိတ်ကိုသာ အာရုံပြုသည်-ဟု အာရုံအာရမ္မဏိက ပစ္စည်းပစ္စယုပ္ပန် မဆန့်ကျင်အောင် ပရမတ္ထဓမ္မကို နေရာကျကျ ကြံဆ၍ ယူရပါမည်ကို ပရိနိဗ္ဗာန်စံတော်မူသည်နှင့်တကွ **“အနေဇော သန္တိ’မာရပ္ပ၊ ဃံ ကာလ’မကာရီ မုနိ”**ဟု အရှင်အနုရုဒ္ဓါသည် သံသာလှစ်ဖွင့် ကျူးရင့်တော်မူသော ဥဒါန်းဂါထာ(ဒီ၊၂။၁၂၉)ကို စွဲ၍ မြတ်စွာဘုရား စုတိတော်စိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည် ထင်မှတ်၍ “လောကသာမိ၊ မာရဇိကား၊ တြိအာရုံ၊ မြဲမကြုံရှင့်၊ ဘုံနိဗ္ဗာန်ထဲ၊ အာရုံစွဲ၏၊ မှတ်ကုန်လှည့်လော့”ဟု ကျည်းကန်၊ ရှင်နန္ဒဓဇ စပ်ဆိုသော ကဗျာစကား အမှားကို အမှန်ထင်၍ ယခုတိုင်ပင် ပြောကြသကဲ့သို့ ရှိ၏။

သဗ္ဗေပိ သဗ္ဗညုဗောဓိသတ္တာ၊ ခပ်သိမ်းကုန်သော ဘုရားအလောင်းတော်တို့သည်။ ပစ္ဆိမ ပဋိသန္ဓိဂ္ဂဟဏေန၊ တုသိတာနတ်ပြည်မှ ပစ္ဆိမဘဝိက ပဋိသန္ဓေကို ယူတော်မူသော အခါ၌။ ပဌမေန၊ ရှေးဦးစွာသော။ သောမနဿ သဟဂတတိဟေတုက အသင်္ခါရိက မဟာဝိပါကစိတ္တေန၊ သောမနဿသဟဂုတ်ဉာဏသမ္မယုတ် တိဟိတ် အသင်္ခါရိက မဟာ-ဝိပါက်စိတ်ဖြင့်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဏှန္တိ၊ ယူတော်မူကြကုန်၏။ ကာလ, ဒီပ, ဒေသ, ဇနေတ္တိအာယုပရိစ္ဆေဒဝသေန၊ ဘုရားဖြစ်ရာကာလကို ကြည့်ခြင်း, ကျွန်းကို ကြည့်ခြင်း,

http://www.dhammadownload.com

အရပ်ကို ကြည့်ခြင်း, အမျိုးကို ကြည့်ခြင်း, အမိအသက်၏ အပိုင်းအခြားကို ကြည့်ခြင်း၏ အစွမ်းအားဖြင့်။ ပဋ္ဌဝိလောကနံ နာမ၊ ၅-ပါးသောကြည့်ခြင်း မည်သည်ကို။ ဝိလောကေသိ၊ ကြည့်တော်မူ၏။

ကာမာဝစရ မဟာဝိပါကာနိ၊ ကာမာဝစရ မဟာဝိပါက်စိတ်တို့သည်။ ဧကန္တ-ပရိတ္တာရမ္မဏာနိ၊ စင်စစ် ကာမတရားကိုသာ အာရုံပြုကုန်၏။ ပဋ္ဌဝီသ၊ မနောဒွါရာဝဇ္ဇန်း ကြဉ်သော အဟိတ်စိတ် ၁၇-ခု, မဟာဝိပါက် စိတ် ၈-ခုအားဖြင့် ၂၅-ပါးကုန်သော စိတ်တို့ သည်။ ပရိတ္တာမို့၊ ကာမအာရုံ၌။ ဘဝေ၊ ၏။

ဤသို့-စသည်ဖြင့် မှတ်သားမိသမျှ ပြဆိုရန် အမှာကား များစွာပင် ရှိခဲ့၏။ ယခု မေးလျှောက်သော စကားမှာလည်း အဋ္ဌကထာ, ဋီကာတို့၏ ရှေ့နောက်ကို မထောက်မချင့် မသင့်တင့်သော ယူခြင်းဖြင့်သာ ယူမှားလေရကား "ပစ္ဆိမဘဝိကာခီဏာသဝါ။လ။ ပုရိသလိင်္ဂ ဿေဝ ဥတ္တမဘာဝတော"ဟူသော ကေစိဝါဒကို သဘောကြံ(ကျ)မိ၍ ပါဠို,အဋ္ဌကထာတို့၏ ရှေ့,နောက်ကို မထောက်မဆ တစွန်းတစကိုသာ မှတ်သား၍ ပြောမှားကြလေသည်။ ဓမ္မပဒအဋ္ဌကထာ၊ ၂၄-ခုမြောက်သော တဏှာဝဂ်၌ ၅-ခုမြောက်သော ခေမာမိဖုရား၏ ဝတ္ထုတွင် မြတ်စွာဘုရား တရားဟောတော်မူ၍ ခေမာမိဖုရား အရဟတ္တဖိုလ်၌ တည်လျှင် "ဒကာဝိမွိသာရမင်း၊ ခေမာမိဖုရားသည် ရဟန်းပြုခြင်းငှာလည်းကောင်း ပရိနိဗ္ဗာန်ပြုခြင်း ငှာလည်းကောင်း ထိုက်၏"ဟု မိန့်တော်မူကြောင်းကို-

> **သတ္ထာပိ ရာဇာနံ အာဟ မဟာရာဇ ခေမာယ ပဗ္ဗဇိတုံ ဝါ ပရိနိဗ္ဗာယိတုံ ဝါ ဝဋ္ဋတိ။** (ဓမ္မ၊ဋ္ဌ၊ ၂။၃၀)

ဟူ၍ လာသည်။

သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ ရာဇာနံ၊ ဝိမွိသာရမင်းကြီးကို။ အာဟ၊ မိန့်တော်မူ၏။ မဟာရာဇ၊ ဝိမွိသာရမင်းကြီး။ ခေမာယ၊ ခေမာမိဖုရားသည်။ ပဗ္ဗဇိတုံ ဝါ၊ ရဟန်းပြုခြင်းငှာလည်းကောင်း။ ပရိနိဗ္ဗာယိတုံ ဝါ၊ ပရိနိဗ္ဗာန်ပြုခြင်းငှာလည်းကောင်း။ ဝဋ္ဋတိ၊ သင့်၏။

ဤပါဠိတော်၌ ခေမာမိဖုရား အရဟတ္တဖိုလ်သို့ ရောက်လျှင် လူ၏အသွင်သည် အလွန်ယုတ်သောကြောင့် အရဟတ္တဖိုလ်နှင့် မတန်၊ ရဟန်း၏အသွင်သာ အရဟတ္တဖိုလ်နှင့် တန်ရကား သုဒ္ဓါဒနမင်း, ရာဇညမင်း, သန္တတိအမတ်, ဒါရုစီရိယတို့ကဲ့သို့ ရဟန်း မပြုထိုက် သသူတို့မှာ ပရိနိဗ္ဗာန် ပြုကြကုန်၏။ ရဟန်းအဖြစ်ကို ထိုက်သသူမှာ ရဟန်းပြုကုန်၏။ ခေမာမိဖုရားမှာ ရဟန်းပြုထိုက်ရကား ရဟန်းမိန်းမအထံ၌ ရဟန်းအဖြစ်ကို ရသတည်း။

http://www.dhammadownload.com

ဤအရာ၌ ဂိဟိလိင်္ဂသည် ဟီနဖြစ်၍ အရဟတ္တဖိုလ်နှင့် မတန်၊ ပဗ္ဗဇ္ဇလိင်္ဂသည် တားမြစ်သည်ဖြစ်၍ အရဟတ္တဖိုလ်နှင့် တန်သောကြောင့် ရဟန်းပြုရကြောင်းကိုသာ လာသည်။ ဣတ္ထိလိင်္ဂသည် ဟီနဖြစ်၍ အရဟတ္တဖိုလ်, နိဗ္ဗာန်နှင့် မတန်ကြောင်းကို မလာ။ ထို့ကြောင့် ဂိဟိလိင်္ဂနှင့် ပဗ္ဗဇ္ဇလိင်္ဂကိုသာ ဟီနဥဣတ္ထဒုအဖြစ်ဖြင့် ထူးသည်ကိုသာ မှတ်ရာ၏။

ထို့ကြောင့် ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော ဝိဘင်္ဂအဋ္ဌကထာ၊ ဓမ္မဟဒယဝိဘင်္ဂ-ဝဏ္ဏနာ(နှာ-၅၀၅)၌-

> **သောတာပန္နာဒယော ယာဝဇီဝံ တိဋ္ဌန္တိ၊ ခီဏာသဝါ ပန ပရိနိဗ္ဗာယန္တိ ဝါ ပဗ္ဗဇန္တိ ဝါ။ ကသ္မာ အရဟတ္တံ နာမ သေဋ္ဌဂုဏော၊ ဂိဟိလိင်္ဂီ ဟီနံ၊ တံ ဟီနတာယ ဥတ္တမဂုဏော ဓာရေတုံ န သက္ကောတိ။ တသ္မာ ပရိနိဗ္ဗာတုကာမာ ဝါ ပဗ္ဗဇိတုကာမာ ဝါ ဟောန္တိ၊**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သောတာပန္နာဒယော၊ သောတာပန်-အစရှိသည်တို့သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ခီဏာသဝါ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ပရိနိဗ္ဗာယန္တိ ဝါ၊ ပရိနိဗ္ဗာန်သော်လည်း ပြုရကုန်၏။ ပဗ္ဗဇန္တိ ဝါ၊ ရဟန်းသော်လည်း ပြုရကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အရဟတ္တံ နာမ၊ အရဟတ္တဖိုလ် မည်သည်။ သေဋ္ဌဂုဏော၊ မြတ်သော ဂုဏ်ရှိ၏။ ဂိဟိလိင်္ဂီ၊ လူ၏အသွင်သည်။ ဟီနံ၊ ယုတ်၏။ တံ၊ ထိုသို့ လူ၏အသွင်သည်။ ဟီနတာယ၊ ယုတ်သည့်အဖြစ်ကြောင့်။ ဥတ္တမဂုဏော၊ မြတ်သော ဂုဏ်ကို။ ဓာရေတုံ၊ ဆောင်ခြင်းငှာ။ န သက္ကောတိ၊ မတတ်နိုင်။ တသ္မာ၊ ထို့ကြောင့်။ ပရိနိဗ္ဗာတုကာမာ ဝါ၊ ပရိနိဗ္ဗာန်သော်လည်း ပြုလိုကုန်သည်။ ပဗ္ဗဇိတုကာမာ ဝါ၊ ရဟန်းသော်လည်း ပြုလိုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကား "**ခေမာ, ဥပ္ပလဝဏ္ဏာ၊ မိန်းမမွန်-ဟု၊ နိဗ္ဗာန်လည်း ရ၊ ရဟန်းမ-ဟု**" ဟူသော **ပါရမီဆရာ** ကဗျာစကားကို အလျင်းသွယ်၍ အကျယ်ပြဆိုလိုက်သည်။ အထက် ဣန္ဒြိယယမိုက်ပါဠိတော်၊ နိရောဓဝါရဖြင့် သိသာပြီ။ ဓမ္မပဒအဋ္ဌကထာ၊ တဏှာဝဂ်၊ ၂-ခု မြောက်သော ဂူထသူကရ(*ပေါတိကာ*)ဝတ္ထု၌ ကကုသန်မြတ်စွာဘုရားလက်ထက် မိန်းမ, ၎င်းနောက် ကြက်မဖြစ်၍ ဇရပ်အနီးအပါးတွင်နေရာ ကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်း၏ အသံကို အာရုံပြု၍ စုတိကျလျှင် ရာဇဂြိုဟ်ပြည်တွင် မင်းသမီးဖြစ်၍ ပရိဝိဇရဟန်း ပြုပြီးသော် ပုလု(၉)ဝကကမ္မဋ္ဌာန်း စီးဖြန်းဆင်ခြင်ရကား ပဌမဈာန်ကို ရ၍ ပြဟ္မာ့ပြည်၌ ဖြစ်၏၊ ပြဟ္မာ့ပြည်မှ ရာဇဂြိုဟ်ပြည်တွင် သူဌေးသမီး ၁-ကြိမ်၊ ၎င်းနောက် ရာဇဂြိုဟ်ပြည်တွင်

http://www.dhammadownload.com

ဝက်မ ၁-ကြိမ်၊ ထိုဝက်မဖြစ်သောအခါ ဘုရားမြင်တော်မူ၍ ပြုံးတော်မူရာ အာနန္ဒာ လျှောက်သောကြောင့် အတိတ်ကာလ ကကုသန်မြတ်စွာဘုရား၏ လက်ထက်မှ စ၍ ဖြစ်ရာ ဘဝကို မိန့်တော်မူသည်။ ၎င်းနောက်-

- သုဝဏ္ဏာဘုမ္မိတိုင်း၌ မင်းသမီး ဖြစ်၏။ ၎င်းနောက်-
- ဓနဝါသိအရပ်၌ သာမညမိန်းမ၊ ၎င်းနောက်-
- သုပ္ပါရက သင်္ဘောဆိပ်၌ မြင်းကုန်သည်သမီး၊ ၎င်းနောက်-
- ကာဝိယသင်္ဘောဆိပ်၌ လှေသူကြီးသမီး၊ ၎င်းနောက်-
- အနုရာဓပြည်၌ မင်းသမီး၊ ၎င်းနောက်-
- ၎င်းပြည်တောင် မနီးမဝေးသောအရပ် ပေါက္ကန္ဒရာ(ဘောက္ကန္ဒရာ)၌ သုမနသူဌေးသမီး သုမနာ၊

ဤစကား၌ သထုံပြည်ကို သုဝဏ္ဏာဘုမ္မိ-ဟု လာသည်။ အနုရာဓပြည်၊ ပေါက္ကန္ဒရာကား သီဟိုဠ်ကျွန်းတည်း။ နောက် ပေါက္ကန္ဒရာ ပျက်ပြား၍ ပုဏ္ဏာမည်သောရွာတွင် နေရာ ဒုဋ္ဌဂါမဏီမည်သော မင်းကြီး၏ အမတ်ဖြစ်သော လကုဏ္ဌကဘဒ္ဒိယ(အတိမ္ဗ၏)၏ မယား ဖြစ်သတည်း။ ထိုအခါ ကောဋုပဿတ မဟာဝိဟာရ၌နေသော ရဟန္တာ အနုရုဒ္ဓါမထေရ်မြတ် ထိုအရပ်သို့ ဆွမ်းခံလာရာ ထိုအမတ်ကြီး၏မယား သုမနာကို မြင်လျှင် "ငါ့ရှင်တို့၊ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်တွင် ဆွမ်းရပ်ခံဝင်တော်မူရာ ပြုံးတော်မူကြောင်းကို အာနန္ဒာ လျှောက်လျှင် ကကုသန်ဘုရား လက်ထက်တော်မှစ၍ အတ္ထာပတ္တိနှင့်တကွ ဟောကြားတော်မူသော ဝက်မကား ဤဒါယကာမပင်တည်း"ဟု နောက်ပါ ရဟန်းတို့အား မိန့်တော်မူသော စကားကို ကြားသည်နှင့်တကွ ဇာတိဿရဉာဏ်အမြင်ဖြင့် ဆင်ခြင်သော် ဆိုအပ်ခဲ့ပြီးသော ၁၂-ဘဝကို မြင်၍ "သံသရာဘဝ၌ ကျင်လည်ရသော အရာသည် အဇ္ဈာကာသ ကောင်းကင်ဝ၌ ထိုမှ,ဤမှ အတည်မကျသဖြင့် ပစ်လွှတ်အပ်သော ဝတ္ထုဘဏ္ဍာကဲ့သို့ လွန်စွာ ထိတ်လန့်အပ်၏"ဟု ကြောက်ရွံ့ခြင်းဖြင့် ပြင်းစွာ ဖြစ်လေရကား ပဋ္ဌဗလ(က)ထေရီ ဘိက္ခုနီမထံ ရဟန်းပြု၍ တိဿမဟာဝိဟာရကျောင်းတိုက်၌ သတိပဋ္ဌာန်တရားကို နာ၍ အရဟတ္တဖိုလ်သို့ ရောက်လေလျှင် ပရိနိဗ္ဗာန်ပြုအံ့သောနေ့၌ စည်းဝေးရောက်လာသော ပရိသတ်တို့အား ဆိုအပ်ခဲ့ပြီးသော အလုံးစုံသော တရားစကားကို ပြန်ကြားပြီးမှ မဏ္ဍလာရာမတိုက်နေ ဓမ္မပဒဘာဏကာ မဟာတိဿမထေရ်နှင့် တရားပြောဟောကြ၍ အနုပါဒိသေသ နိဗ္ဗာန်စံယူကြောင်းကို-

http://www.dhammadownload.com

သပ္ပေပိ အပ္ပမာဒေန သမ္မာဒေထာတိ ဝတ္တာ စတသ္သော ပရိသာ သံဝေဇေတ္ဝာ ပရိနိဗ္ဗာတိ- (ဓမ္မ၊၆၊၂။၃၃၅။ ထောက် ဝိသဒိသံ)

ဟု လာသည်။

သပ္ပေပိ၊ အလုံးစုံသော ပရိသတ်အပေါင်းတို့ကိုလည်း။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိပညာတရားနှင့်။ သမ္မာဒေထ၊ ပြည့်စုံကြစေကုန်။ ဣတိ၊ သို့။ ဝတ္တာ၊ ၍။ စတသ္သော ပရိသာ၊ ၄-ပါးကုန်သော ပရိသတ်တို့ကို။ သံဝေဇေတ္ဝာ၊ ထိတ်လန့်စေ၍။ ပရိနိဗ္ဗာတိ၊ ပရိနိဗ္ဗာန်ပြု၏။

ဤဂူထသူကရဝတ္ထုတွင်လည်း မိန်းမအဖြစ်ဖြင့်ပင် ပရိနိဗ္ဗာန် ပြုကြောင်းကို လာသည်။ လိင်ပြန်ရကြောင်းကို မလာ။ ဤသို့ ပြဆိုခဲ့ပြီးသော ပါဠို, အဋ္ဌကထာ, ဋီကာအရပ်ရပ် လာသည်တို့တွင် ဣန္ဒြိယယမက၊ နိရောဓဝါရ၊ ဒေသနာတော်အရကို ထောက်ဆလျှင် ပစ္ဆိမဘဝိကပရိနိဗ္ဗာန် ရဟန္တာမသည် ပုရိသလိင်သို့ ပြန်ခြင်းမရှိ။ မိမိ၏ ဣတ္ထိလိင် မိန်းမသဏ္ဌာန်ဖြင့် ပရိနိဗ္ဗာန်ယူကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန်ချ မှတ်ရမည်။

ဤတွင်ရွေ့. ရဟန္တာမတို့ ပရိနိဗ္ဗာန်ယူသောအခါ လိင်ပြန်သည်, မပြန်သည်ကို ပြဆိုရာသော စကားတစ်ရပ် အပြီးသတ်တည်း။

(၄) ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသညသတ်, ပစ္စန္တရာဇ်, မိစ္ဆာဒိဋ္ဌိ, ဝိကလိင်, အနုပ္ပန္နပုဗ္ဗ၊ ဤ ၈-ဌာနတို့ကို အဘယ်ကြောင့် ရပ်ပြစ် ၈-ပါးဆိုသည်ကို မေးလျှောက်သည်မှာ အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ်၊ ၃-ခုမြောက်သော ဂဟပတိဝဂ်၌ ၉-ခုမြောက်သော ခဏသမယသုတ် *(အင်္ဂုတ္တရသုတ်)*ဒေသနာတွင် မြတ်စွာဘုရားသည် "ချစ်သားတို့၊ ခဏကိစ္စ ခဏကိစ္စ-ဟူ၍ ပညာမရှိ မသိမလိမ္မာသော ပုဂ္ဂိုလ်တို့ ဆိုကြကုန်၏။ ထိုသို့ ဆိုကြငြားသော်လည်း ပညာမရှိ မသိမလိမ္မာသော ပုထုဇဉ်တို့သည် ခဏကိုလည်းကောင်း သမယကိုလည်းကောင်း ဝေဖန်ခွဲခြမ်း၍ မသိကြကုန်"ဟု-

ခဏကိစ္စော လောကော ခဏကိစ္စော လောကောတိ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ဘာသတိ၊ နော စ ခေါ ဇာနာတိ ခဏံ ဝါ အက္ခဏံ ဝါ။

(အံ၊၃၊၆၀-၆၂။ ဒီ၊၃၊၂၄၈-၉)ဟု မိန့်တော်မူပြီးမှ—

'အဋ္ဌမေ ဘိက္ခဝေ အက္ခဏာ အသမယာ ဗြဟ္မစရိယဝါသာယ'-ဟု မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ မအပ်လေရကား အရိယာမဂ်,ဖိုလ်နှင့် မထိုက်မတန်သော ၈-ပါးသော အခဏ,အသမယတို့ကို ဟောတော်မူသည်။

http://www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့။ ခဏကိစ္စော လောကော ခဏကိစ္စော လောကောတိ၊ "ခဏကိစ္စော လောကော ခဏကိစ္စော လောကော"ဟူ၍။ အဿုတဝါ၊ အာဂမသုတ, အဓိဂမသုတ ၂-ပါးမရှိသော။ ပုထုဇ္ဇနော၊ ပုထုဇန်ပုဂ္ဂိုလ်သည်။ ဘာသတိ၊ ပြောဆို၏။ ခဏံ ဝါ၊ ခဏကိုလည်း။ အခဏံ ဝါ၊ အခဏကိုလည်း။ နော စ ခေါ ဇာနာတိ၊ သိလည်း မသိ။ ဘိက္ခဝေ၊ ရဟန်းတို့။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်နှင့် ယှဉ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အက္ခဏာ၊ ခဏ မဟုတ်သည်တို့ကား။ အသမယာ၊ သမယ မဟုတ်သည်တို့ကား။ ဣမေ အဋ္ဌ၊ ဤ ၈-ပါးတို့တည်း။

ပါဠို, အဋ္ဌကထာ, ဋီကာကျမ်းတို့ကို သိကျွမ်းလိမ့်မာသည်ကား အာဂမသုတ, မဂ်ဉာဏ်ဖြင့် သိသည်ကား အဓိဂမသုတ၊ ၈-ပါးသော အက္ခဏတို့၏ သရုပ်ကို ပြတော်မူလို၍ ကတမေ အဋ္ဌ-ဟူသော ပုစ္ဆာကို ထားပြီးမှ–

၁။ **ဣဓ ဘိက္ခဝေ တထာဂတော စ လောကေ ဥပ္ပန္နော ဟောတိ အရဟံ။လ။ ဘဂဝါ၊ ဓမ္မော စ ဒေသိယတိ ဩပသမိကော ပရိနိဗ္ဗာနိကော၊ သမ္မောဓဂါမိ သုဂတပ္ပဝေဒိတော။ အယဉ္စ ပုဂ္ဂလော နိရယံ ဥပပန္နော ဟောတိ။ အယံ ဘိက္ခဝေ ပဋမော အက္ခဏော အသမယော ပြဟ္မစရိယဝါသာယ။**

ဟူ၍ ပဋမအက္ခဏကို ဟောတော်မူသည်။

၁။ အဋ္ဌ၊ ၈-ပါးကုန်သော။ အက္ခဏာ အသမယာ၊ တို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ အရဟံ၊ လူ, နတ်, ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံထိုက်သော။လ။ ဘဂဝါ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ ဣဓ လောကေ၊ ဤလောက၌။ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏။ သြပသမိကော၊ ကိလေသာကို ငြိမ်းစေတတ်သော။ ပရိနိဗ္ဗာယိကော၊ ပရိနိဗ္ဗာန်စံခြင်းကို ပြုတတ်သော။ သမ္မောဓဂါမိ၊ ၄-ပါးသော မဂ်ဉာဏ်ကို သိခြင်းသို့ ရောက်စေတော်မူသော။ သုဂတပ္ပဝေဒိတော၊ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားတော်မူသော။ ဓမ္မော စ၊ သစ္စာ ၄-ပါး တရားကိုလည်း။ ဒေသိယတိ၊ ဟောတော်မူ၏။ အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်လည်း။ နိရယံ၊ ငရဲ၌။ ဥပပန္နော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အရိယမဂ်-ဟူဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အနရဟော၊ မထိုက်သော။ ပဋမော၊ ရှေးဦးစွာသော။ အက္ခဏော၊ အက္ခဏ မည်၏။ အသမယော၊ အသမယ မည်၏။

http://www.dhammadownload.com

ဤကား ရှေးဦးစွာသော ပဌမအက္ခရာ နိရုဃတည်း။ ဤမှ နောက်၌ "ပုန စ ပရံ ဘိက္ခဝေ တထာဂတော စ လောကေ ဥပ္ပန္နော ဟောတိ"မှ စ၍ သုဂတပ္ပဝေဒိတော-တိုင်အောင် ပါဠိအနက်တို့ကို နည်းတူမှတ်၍-

၂။ **အယဉ္စ ပုဂ္ဂလော တိရစ္ဆာနယောနိယံ ဥပပန္နော ဟောတိ၊ အယံ ဘိက္ခဝေ ဒုတိယော အက္ခရော အသမယော ပြဟ္ဖစရိယဝါသာယ။**

ဟူ၍ ဟောတော်မူသော ၂-ခုမြောက်သော တိရစ္ဆာနယောနိ ဒုတိယအက္ခရာ။

၃။ **အယဉ္စ ပုဂ္ဂလော ပေတ္တိဝိသယံ ဥပပန္နော ဟောတိ၊ အယံ ဘိက္ခဝေ တတိယော အက္ခရော အသမယော ပြဟ္ဖစရိယဝါသာယ။**

ဟူ၍ ဟောတော်မူသော ၃-ခုမြောက်သော ပေတ္တိဝိသယ တတိယအက္ခရာ။

၄။ **အယဉ္စ ပုဂ္ဂလော အညတရံ ဒီဃာယုကံ *(ဒေဝနိကာယံ)* ဥပပန္နော ဟောတိ၊ အယံ ဘိက္ခဝေ စတုတ္ထော အက္ခရော အသမယော ပြဟ္ဖစရိယဝါသာယ။**

ဟူ၍ ဟောတော်မူသော ၄-ခုမြောက်သော အညသတ္တဒေဝနိကာယ စတုတ္ထအက္ခရာ။

၅။ **အယဉ္စ ပုဂ္ဂလော ပစ္စန္တိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ အဝိညာတာ-ရေသု မိလက္ခူသု *(မိလက္ခေသု)*၊ အယံ ဘိက္ခဝေ ပဉ္စမော အက္ခရော အသမ-ယော ပြဟ္ဖစရိယဝါသာယ။**

ဟူ၍ ဟောတော်မူသော ၅-ခုမြောက်သော ပစ္စန္တိမလက္ခူဒေသ ပဉ္စမအက္ခရာ။

၆။ **အယဉ္စ ပုဂ္ဂလော မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ။ သော စ ဟောတိ မိစ္ဆာဒိဋ္ဌိကော ဝိပရီတဒဿနော ။လ။ အယံ ဘိက္ခဝေ ဆဋ္ဌော အက္ခရော အသမယော ပြဟ္ဖစရိယဝါသာယ။**

ဟူ၍ ဟောတော်မူသော ၆-ခုမြောက်သော မိစ္ဆာဒိဋ္ဌိက ဆဋ္ဌအက္ခရာ။

၇။ **အယဉ္စ ပုဂ္ဂလော မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ။ သော စ ဟောတိ ဒုပ္ပညော ဇဋ္ဍော ဧဠမူဂေါ အပ္ပဋိဗလော သုဘာသိတဒုဇ္ဇာသိတသ အတ္ထသ မညာတုံ၊ အယံ ဘိက္ခဝေ သတ္တမော အက္ခရော အသမယော ပြဟ္ဖ-စရိယဝါသာယ၊ (အံ၊၃။၆၁)**

ဟူ၍ ဟောတော်မူသော ၇-ခုမြောက်သော ဇဋ္ဍမူဂ သတ္တမအခရာ။

၈။ **ပုန စပရံ ဘိက္ခဝေ တထာဂတော စ လောကေ အနုပ္ပန္နော ဟောတိ အရဟံ ။လ။ ဘဂဝါ၊ ဓမ္မော စ နဒေသိယတိ၊ ဩပသမိကော ပရိနိဗ္ဗာယိကော**

http://www.dhammadownload.com

သမ္မောဓေါမိ သုဂတပုဗ္ဗဝေဒိတော။ အယဉ္စ ပုဂ္ဂလော မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ ပညဝါ အဇဋ္ဌော အနေဠမူဠေါ၊ ပဋိဗလော သုဘာသိတ ဒုဗ္ဘာသိတသ္သ အတ္ထဿ မညာတုံ။ အယံ ဘိက္ခဝေ အဋ္ဌမော အက္ခဏော အသမယော ပြဟ္မစရိယဝါသာယ၊

ဟူ၍ ဟောတော်မူသော စ-ခုမြောက်သော အနုပုန္နပုဒ္ဒ အဋ္ဌမအက္ခဏ၊

ဤသို့ စ-ခုသော အခဏာတို့၏ သရုပ်ကို ပြတော်မူပြီးမှ "**ဣမေ ခေါ ဘိက္ခဝေ အဋ္ဌက္ခဏာ အသမယာ ပြဟ္မစရိယဝါသာယ**"ဟူ၍ ဟောတော်မူသည်။

၂။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကေ၊ လောက၌။ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏ ။လ။ ဓမ္မော စ၊ သစ္စာ ၄-ပါးတရားကိုလည်း။ ဒေသိယတိ၊ ဟောတော်မူ၏။ အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်ကား။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်အမျိုး၌။ ဥပပန္နော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌမက မဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ ဒုတိယော၊ ၂-ကြိမ်မြောက်သော။ အက္ခဏော၊ ခဏ မဟုတ်။ အသမယော၊ အသမယ မဟုတ်။

တစ်နည်းကား ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်း သုံးခြင်းငှာ။ အနရဟော၊ မထိုက်သော။ ဒုတိယော၊ ၂-ခုမြောက်သော။ အက္ခဏော၊ အက္ခဏ မည်၏။ အသမယော၊ အသမယ မည်၏။

၃။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကေ၊ လောက၌။ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏ ။လ။ ဓမ္မော စ၊ သစ္စာ ၄-ပါး တရားကိုလည်း။ ဒေသိယတိ၊ ဟောတော်မူ၏။ အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်ကား။ ပေတ္တိဝိသယံ၊ ပြိတ္တာဘုံ၌။ ဥပပန္နော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အနရဟော၊ မထိုက်သော။ တတိယော၊ ၃-ခုမြောက်သော။ အက္ခဏော၊ ခဏ မဟုတ်။ အသမယော၊ သမယ မဟုတ်။

တစ်နည်းကား ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းငှာ။ အနရဟော၊ မထိုက်သော။ တတိယော၊ ၃-ခုမြောက်သော။ အက္ခဏော၊ အက္ခဏ မည်၏။ အသမယော၊ အသမယ မည်၏။

http://www.dhammadownload.com

၄။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကေ၊ လောက၌။ ဥပပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏ ။လ။ ဓမ္မော စ၊ သစ္စာ ၄-ပါး တရားကိုလည်း။ ဒေသိယတိ၊ ဟောတော်မူ၏။ အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်ကား။ အညတရံ၊ အမှတ်မရှိသော။ ဒီဃာယုကံ၊ ယှဉ်သော အသက်ရှိသော။ ဒေဝနိကာယံ၊ အသညသတ် အရူပဘုံ၌။ ဥပပန္နော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ စတုတ္ထော၊ ၄-ခုမြောက်သော။ အက္ခဏော၊ ခဏ မဟုတ်။ အသမယော၊ သမယ မဟုတ်။

တစ်နည်းကား ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အနရဟော၊ မထိုက်သော။ စတုတ္ထော၊ ၄-ခုမြောက်သော။ အက္ခဏော၊ အခဏ မည်၏။ အသမယော၊ အသမယ မည်၏။

ဤစတုတ္ထအက္ခဏ၌ 'ဒီဃာယုကံ ဒေဝနိကာယံ'-အရကို "အညတရံ ဒီဃာယုကံ ဒေဝနိကာယ'န္တိ ဣဒံ အသညံ ဒေဝနိကာယံ သန္ဓာယ ဝုတ္တံ"ဟု အဋ္ဌကထာ မိန့်မှာဖွင့်လှစ်တော်မူသတည်း။

အညတရံ ဒီဃာယုကံ ဒေဝနိကာယ'န္တိ ဣဒံ၊ အညတရံ ဒီဃာယုကံ ဒေဝနိကာယံ ဟူသော ဤစကားကို။ အသညံ ဒေဝနိကာယံ၊ အသညသတ်ဘုံ၌ ဖြစ်ခြင်းကို။ သန္ဓာယ၊ ရည်၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ (အံ၊၆၊၃၊၂၂၄)

၅။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကေ၊ လောက၌။ ဥပပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏ ။လ။ ဓမ္မော စ၊ သစ္စာ ၄-ပါးတရားကိုလည်း။ ဒေသိယတိ၊ ဟောတော်မူ၏။ အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်ကား။ ပစ္စန္တိမေသု၊ ပစ္စန္တရုဒ်ဖြစ်ကုန်သော။ ဇနပဒေသု၊ ဇနပုဒ်တို့၌။ အဝိညာတာရေသု၊ တရားကို အလွန် မသိ,မမြင်နိုင်ကုန်သော။ မိလက္ခူသု၊ ချင်းရိုင်း, ကရင်ရိုင်း-စသော တောင်သူလူမျိုးတို့၌။ ပစ္စာဇာတော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ ပဉ္စမော၊ ၅-ခုမြောက်သော။ အက္ခဏော၊ ခဏ မဟုတ်။ အသမယော၊ သမယ မဟုတ်။

တစ်နည်းကား ပြဟ္မစရိယဝါသယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းငှာ။ အနရဟော၊ မထိုက်သော။ ပဉ္စမော၊ ၅-ခုမြောက်သော။ အက္ခဏော၊ အက္ခဏ မည်၏။ အသမယော၊ အသမယ မည်၏။

http://www.dhammadownload.com

၆။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ့။ ဘိက္ခဝေ၊ ရဟန်းတို့၊ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကေ၊ လောကၠ၌၊ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏ ။လ။ ဓမ္မော စ၊ သစ္စာ ၄-ပါး တရားကိုလည်း။ ဒေသိယတိ၊ ဟောတော်မူ၏။ အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်ကား။ မဇ္ဈိမေသု၊ မဇ္ဈိမဒေသ၌ ဖြစ်ကုန်သော။ ဇနပဒေသု၊ ဇနပုဒ်တို့၌။ ပစ္စာဇာတော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သော စ၊ ထိုပုဂ္ဂိုလ်သည်လည်း။ မိဆ္ဆာဒိဋ္ဌိကော၊ "နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ"အစရှိသော မိစ္ဆာဒိဋ္ဌိအယူရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ ဆဋ္ဌော၊ ၆-ခုမြောက်သော။ အက္ခဏော၊ ခဏ မဟုတ်။ အသမယော၊ သမယ မဟုတ်။

တစ်နည်းကား ပြဟ္မစရိယဝါသာယ၊ အဋ္ဌကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အနရဟော၊ မထိုက်သော။ ဆဋ္ဌော၊ ၆-ခုမြောက်သော။ အခဏော၊ အက္ခဏ မည်၏။ အသမယော၊ အသမယ မည်၏။

၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ့။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကေ၊ လောကၠ၌၊ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏ ။လ။ ဓမ္မော စ၊ သစ္စာ ၄-ပါးတရားကိုလည်း။ ဒေသိယတိ၊ ဟောတော်မူ၏။ အယဉ္စ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်ကား။ မဇ္ဈိမေသု၊ မဇ္ဈိမဒေသ၌ ဖြစ်ကုန်သော။ ဇနပဒေသု၊ ဇနပုဒ်တို့၌။ ပစ္စာဇာတော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သော စ၊ ထိုပုဂ္ဂိုလ်သည်ကား။ ဒုပ္ပညော၊ ပညာ မရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇဠော၊ ပဋိသန္ဓေအားဖြင့် ချို့သည်။ ဟောတိ၊ ဖြစ်၏။ ဧဠမူဂေါ၊ မျက်စိကန်းခြင်း, နာပင်းခြင်း, အဆွဲ, အ-အ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သုဘာသိတဒုဗ္ဘာသိတဿ၊ ကောင်း,မကောင်းသဖြင့် ဆိုအပ်သော စကား၏။ အတ္ထဿ၊ အနက်ကို။ အညာတုံ၊ သိခြင်းငှာ။ အပ္ပဋိဗလော၊ မစွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ သတ္တမော၊ ၇-ခုသော။ အက္ခဏော၊ ခဏ မဟုတ်။ အသမယော၊ သမယ မဟုတ်။

တစ်နည်းကား ပြဟ္မစရိယဝါသာယ၊ အဋ္ဌကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အနရဟော၊ မထိုက်သော။ သတ္တမော၊ ၇-ခုမြောက်သော။ အက္ခဏော၊ အက္ခဏ မည်၏။ အသမယော၊ အသမယ မည်၏။

၈။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ့။ ဘိက္ခဝေ၊ တို့။ အရဟံ၊ လူ,နတ်တို့၏ ပူဇော်သက္ကာရကို ခံတော်မူထိုက်သော ။လ။ ဘဂဝါ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူ

http://www.dhammadownload.com

သော။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကော၊ လောကဋ္ဌ။ အနုပ္ပန္နော၊ ဖြစ်တော်မမူသည်။ ဟောတိ၊ ဖြစ်၏။ ဩပသမိကော၊ ကိလေသာကို ငြိမ်းစေတတ်သော။ ပရိနိဗ္ဗာယိကော၊ ကိလေသ ပရိနိဗ္ဗာန်စံခြင်းကို ပြုတတ်သော။ သမ္မောဓဂါမိ၊ ၄-ပါးသော မဂ်ဉာဏ်ကို သိခြင်းသို့ ရောက်စေတော်မူသော။ သုဂတပဝေဒိတော၊ မြတ်စွာဘုရား ကိုယ်တိုင် ဟောကြားတော်မူသော။ ဓမ္မော စ၊ သစ္စာ ၄-ပါးတရားကိုလည်း။ နဒေသိယတိ၊ ဟောတော်မမူ။ အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်ကား။ မဇ္ဈိမေသု၊ မဇ္ဈိမဒေသ၌ ဖြစ်ကုန်သော။ ဇနပဒေသု၊ ဇနပုဒ်တို့၌။ ပစ္စာဇာတော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ အဇဋ္ဌော၊ ပဋိသန္ဓေအားဖြင့် မချို့သည်။ ဟောတိ၊ ဖြစ်၏။ အနေဠမူဂေါ၊ မျက်စိကန်း, နားပင်း, အဆွံ့, အ-အ မဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သုဘာသိတဒုဗ္ဘာသိတဿ၊ ကောင်း,မကောင်း သဖြင့် ဆိုအပ်သော။ အတ္ထဿ၊ အနက်ကို။ အညာတုံ၊ သိခြင်းငှာ။ ပဋိဗလော၊ စွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အဋ္ဌမော၊ ၈-ခုမြောက်သော။ အက္ခဏော၊ ခဏ မဟုတ်။ အသမယော၊ သမယ မဟုတ်။

တစ်နည်းကား ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အနရဟော၊ မထိုက်သော။ အဋ္ဌမော၊ ၈-ခုမြောက်သော။ အက္ခဏော၊ အက္ခဏ မည်၏။ အသမယော၊ အသမယ မည်၏။

ဘိက္ခဝေ၊ တို့။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အက္ခဏော၊ ခဏ မဟုတ်သည်တို့သည်။ အသမယော၊ သမယ မဟုတ်သည်တို့သည်။ ကွမေ ခေါ အဋ္ဌ၊ ဤ ၈-ပါးတို့တည်း။

ဤပါဠိတော်(အံ၊၃။အက္ခဏ-သုတ်)အရ၌–

၁။ ငရဲ၌ ဖြစ်သောသူ၊ ၅။ တိရစ္ဆာန်ဘုံ၌ ဖြစ်သောသူ၊

၃။ ပြိတ္တာဘုံ၌ ဖြစ်သောသူ၊ ၄။ အသညသတ်ဘုံ၌ ဖြစ်သောသူ၊

၅။ ပစ္စန္တရစ်အရပ်၌ တရားကို မသိနိုင်သော ချင်းရိုင်း, ကရင်ရိုင်း-စသည် ဖြစ်သောသူ၊

၆။ မဇ္ဈိမဒေသ၌ မိစ္ဆာဒိဋ္ဌိ ဖြစ်သောသူ၊

၇။ မဇ္ဈိမဒေသ၌ ပဋိသန္ဓေအားဖြင့် ချို့၍ မျက်စိကန်း, နားပင်း, အဆွံ့, အ-အ ဖြစ်သောသူ။

ဤသို့ ဘုရားဖြစ်တော်မူသောအခါ၌ပင် တရားတော်ကို မနာထိုက်, မသိထိုက် သော အက္ခဏ ၇-ပါး၊

http://www.dhammadownload.com

၈။ ဘုရားမဖြစ်သော ကာလမှာ မဇ္ဈိမဒေသ၌ ပညာရှိလူကောင်းဖြစ်၍ တရားတော်ကို မနာထိုက်,မသိထိုက်သော အက္ခဏ ၁-ပါး။

ဤသို့ အက္ခဏ ၈-ပါးကို ဟောတော်မူသည်။ ဤအက္ခဏ ၈-ပါးကိုပင် အရပ်ပြစ် ၈-ပါးခေါ်ကြသည်-ဟု ယူရန်ရှိ၏။ ဤသို့ တရားတော်ကို မနာထိုက်, မသိထိုက်သော အခဏ ၈-ပါးကို ပြတော်မူပြီး၍ တရားတော်ကို နာထိုက်, သိထိုက်သော ၉-ခုမြောက်သော ဗုဒ္ဓုပ္ပါဒ ပြဟ္မစရိယဝါသ နဝမခဏကို ပြတော်မူလို၍–

ဧကော၀ ဘိက္ခဝေ ခဏော စ သမယော စ ပြဟ္မစရိယဝါသာယ။ ကတမော ဧကော? ဣဓ ဘိက္ခဝေ တထာဂတော စ လောကေ ဥပ္ပန္နော ဟောတိ အရဟံ ။လ။ ဘဂ၀ါ။ ဓမ္မော စ ဒေသိယတိ ဩပသမိကော ပရိနိဗ္ဗာယိကော သမ္မောဓဂါမိ သုဂတပ္ပဝေဒိတော။ အယဉ္စ ပုဂ္ဂလော မဇ္ဈိမေသု ဇနပဒေသု ပစ္စာဇာတော ဟောတိ၊ သော စ ဟောတိ ပညဝါ။ အဇဋ္ဌော အနေဠမူဠေါ၊ ပဋိဗလော သုဘာသိတဒုဗ္ဘာသိတဿ အတ္ထဿ မညာတုံ။ အယံ ဘိက္ခဝေ ဧကော၀ ခဏော စ၊ သမယော စ ပြဟ္မစရိယဝါသာယ။ (အံ၊၃။၆၁)

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ ဧကော၀၊ ၁-ခုသာလျှင်ဖြစ်သော။ ခဏော စ၊ ခဏသည်လည်းကောင်း။ သမယော စ၊ သမယသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

တနည်းကား ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အရဟော၊ ထိုက်သော။ ခဏော စ၊ ခဏသည်လည်းကောင်း။ သမယော စ၊ သမယသည်လည်းကောင်း။ ဧကော၀၊ ၁-ခုသာတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧကော၊ ပြဟ္မစရိယဝါသခဏ-ဟူသည်။ ကတမော၊ အဘယ်နည်း? ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ လောကေ၊ ဤလောက၌။ အရဟံ၊ လူ,နတ်တို့၏ ပူဇော်သက္ကာရကို ခံတော်မူထိုက်သော ။လ။ ဘဂ၀ါ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ တထာဂတော စ၊ မြတ်စွာဘုရားသည်လည်း။ လောကေ၊ လောက၌။ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏။ ဩပသမိကော၊ ကိလေသာကို ငြိမ်းစေတတ်သော။ ပရိနိဗ္ဗာယိကော၊ ကိလေသာပရိနိဗ္ဗာန်စံတော်မူခြင်းကို ပြုတတ်သော။ သမ္မောဓဂါမိ၊ ၄-ပါးသော မဂ်ဉာဏ်ကို သိခြင်းသို့ ရောက်စေတတ်သော။ သုဂတပ္ပဝေဒိတော၊ မြတ်စွာဘုရား ကိုယ်တိုင် ဟောကြားတော်မူသော။ ဓမ္မော စ၊ သစ္စာ ၄-ပါး တရားကိုလည်း။ ဒေသိယတိ၊ ဟောတော်မူ၏။

http://www.dhammadownload.com

အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်ကား။ မဇ္ဈိမေသု၊ မဇ္ဈိမဒေသ ဖြစ်ကုန်သော။ ဇနပဒေသု၊ ဇနပုဒ်တို့၌။ ပစ္စာဇာတော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သော စ၊ ထိုသူသည်လည်း။ ပညဝါ၊ တိဟိတ်ပဋိသန္ဓေ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ အဇဋ္ဌော၊ ပဋိသန္ဓေအားဖြင့် မချို့သည်။ ဟောတိ၊ ဖြစ်၏။ အနေဠမူဂေါ၊ မျက်စိကန်း, နားပင်း, အဆွံ့, အ-အ မဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ သုဘာသိတဒုဗ္ဘာသိတဿ၊ ကောင်း,မကောင်းသဖြင့် ဆိုသော။ အတ္ထဿ၊ အနက်ကို။ အညာတုံ၊ သိခြင်းငှာ။ ပဋိဗလော၊ စွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသည်လျှင်။ ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ ဧကော၀၊ ၁-ခုသာလျှင် ဖြစ်သော။ ခဏော စ၊ ခဏသည်လည်းကောင်း။ သမယော စ၊ သမယသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

တစ်နည်းကား ပြဟ္မစရိယဝါသာယ၊ အဋ္ဌင်္ဂိကမဂ်-ဟု ဆိုအပ်သော မြတ်သော သီတင်းသုံးခြင်းဖြင့် နေခြင်းငှာ။ အရဟော၊ ထိုက်သော။ ခဏော စ၊ ခဏသည်လည်းကောင်း။ သမယော စ၊ သမယသည်လည်းကောင်း။ ဧကော၀၊ ၁-ခုသည်သာလျှင်တည်း။ စတုတ္ထအက္ခဏ၌ "ဒီဃာယုကံ အညတရံ ဒေဝနိကာယံ"၏အရ၌ အရူပဘုံကိုလည်း သွင်းယူအပ်၏။ ကျမ်းပြုဆရာသခင် အရှင်မြတ်တို့ပင် ဤသို့ ယူတော်မူကြ၏။

ဆဋ္ဌအက္ခဏ၌-

> နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ နတ္ထိ အယံ လောကော၊ နတ္ထိ ပရော လောကော၊ နတ္ထိ မာတာ၊ နတ္ထိ ပိတာ၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ သယံ အဘိညာယ သစ္ဆိကတွာ ပဝေဒေန္တိ။

ဟူသော မိစ္ဆာဒိဋ္ဌိအယူမျိုးကို မှတ်ရာ၏။ (အံ၊၃။၆၀)

သတ္တမအက္ခဏ၌ 'ဒုပညော ဇဋ္ဌော'၏အရကို သုဂတိအဟိတ် ပဋိသန္ဓေနေသည်ကို ယူအပ်၏။ အဋ္ဌမအက္ခဏ၌ ပညဝါ အဇဋ္ဌော၏အရကို တိဟိတ်ပဋိသန္ဓေ နေသည်ကို ယူအပ်၏။ အချို့ကား ဤခဏအရာ၌ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသညသတ်, အရူပ, ဝိကိလိန္ဒြိယ, မိစ္ဆာဒိဋ္ဌိ, ပစ္စန္တရုစ်-ဟူ၍ ၈-ဌာနယူကြ၏။ ပြောဆိုလေ့လည်း ပြုကြ၏။ ထိုသို့ မယူသင့်။

"ဒီဃာယုကံ အညတရံ ဒေဝနိကာယံ"ဟု ပါဠိတော်ရှိရကား အသညသတ်, အရူပတို့ကို ၁-ဌာန ယူအပ်၏။ ဘုရားဖြစ်တော်မူပါလျက် မဂ်,ဖိုလ် မရထိုက်သည့် အက္ခဏ ၇-ပါး၊ ၎င်း ၇-ပါးတို့တွင် "ဘုရားဖြစ်တော်မမူသောအခါမှာ မဇ္ဈိမဒေသ၌ တိဟိတ်ပဋိသန္ဓေ

http://www.dhammadownload.com

နေသော ပုဂ္ဂိုလ်”ဟု ဆိုအပ်သော အက္ခဏ ၁-ခုကို ထည့်၍ အက္ခဏ ၈-ပါး ယူရမည်။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသညသတ်, အရူပ, ဝိယလိန္ဒြိယ, ပစ္စန္တရာဇ်, မိစ္ဆာဒိဋ္ဌိ, ဤ၈-ပါး တို့ကို အရပ်ပြစ် ၈-ပါး-ဟု ယူကြသည်။ တောင်တွင်းပုဂ္ဂိုလ်ကျော် စီရင်ရေးထားသော သုတဝန္ဒနာမည်သော စာစောင်ကျမ်းငယ်တွင် ပါသော–

တိအပါယော အသညာ စ၊ အရူပေါ ဝိကလိန္ဒြိယံ။
ပစ္စန္တော နိယတဒိဋ္ဌိ၊ အဋ္ဌက္ခဏဝိမုတ္တိကံ။
ခဏာတိခဏသမ္ဘတ္တံ၊ ဓမ္မရာဇံ အဟံ နမေ။ ။

ဟူသော ဂါထာကို စွဲ၍ ပြောဆိုကြသည် ယူရန် ရှိ၏။

တိအပါယော၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ-ဟူသော အပါယ်ဘုံလည်းကောင်း။ အသညာ စ၊ အသညသတ်ဘုံလည်းကောင်း။ အရူပေါ စ၊ အရူပဘုံလည်းကောင်း။ ဝိကလိန္ဒြိယံ၊ ပဋိသန္ဓေအားဖြင့် ချို့၍ ကန်းခြင်း, နားပင်းခြင်း-ဟု ဆိုအပ်သော ဝိကလိန္ဒြိယပုဂ္ဂိုလ်လည်း ကောင်း။ ပစ္စန္တော၊ ပစ္စန္တရစ်အရပ်၌ ဖြစ်သောသူလည်းကောင်း။ နိယတဒိဋ္ဌိ၊ နိယတမိစ္ဆာဒိဋ္ဌိ လည်းကောင်း။ အဋ္ဌက္ခဏဝိမုတ္တိကံ၊ ၈-ပါးသော ခဏမှ လွတ်တော်မူသော။ ခဏာတိ ခဏသမ္ဘတ္တံ၊ အဋ္ဌက္ခဏတို့ကို လွန်သော ပဋ္ဌပ္ပါဒနဝမခဏသို့ ရောက်တော်မူသော။ ဓမ္မရာဇံ၊ တရားမင်းမြတ်ကို။ အဟံ၊ ငါသည်။ နမေ နမာမိ၊ ရှိခိုးပါ၏။ ဤသုတဝန္ဒနာတွင် ပါသော အဋ္ဌက္ခဏအရေအတွက် ပါဠိတော်နှင့်မညီ ဆန့်ကျင်လေရကား အဆင့်ဆင့် မှတ်သားကြားသိဖူးသော သောတာဝါဒနဖြင့်သာ စီကုံးရေးသားလိုက်ဟန် ရှိ၏။

ပါဠိတော်နှင့်အညီ ဂါထာစီကုံးလိုသော်ကား–

တိအပါယော ဒီဃာယုကော၊ မဇ္ဈိမေ ဝိကလိန္ဒြိယော။
ထထာ ဒိဋ္ဌိ စ ပစ္စန္တော၊ ဗုဒ္ဓသုညေ တိဟေတုကော။
ဣမေ အဋ္ဌက္ခဏာ ဝုတ္တာ၊ ဗုဒ္ဓေနာ'ဒိစ္စဗန္ဓုနာ။ ။

ဟု စီကုံးရာ၏။

တိအပါယော၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ-ဟူသော အပါယ် ၃-ဘုံလည်းကောင်း။ ဒီဃာယုကော၊ အသက်ရှည်သော အသညသတ်, အရူပဘုံတို့၌ဖြစ်ခြင်းလည်းကောင်း။ မဇ္ဈိမေ၊ မဇ္ဈိမဒေသ၌။ ဝိကလိန္ဒြိယော၊ ပဋိသန္ဓေအားဖြင့် ချို့၍ မျက်စိကန်း, နားပင်း-ဟု ဆိုအပ်သော ဝိကလိန္ဒြိယပုဂ္ဂိုလ်လည်းကောင်း။ တထာ၊ ထို့အတူ။ မဇ္ဈိမေ၊ မဇ္ဈိမဒေသ၌။ မိစ္ဆာဒိဋ္ဌိ စ၊ မိစ္ဆာဒိဋ္ဌိ ယူသောသူလည်းကောင်း။ ပစ္စန္တော စ၊ ချင်းရိုင်း, ကရင်ရိုင်း-စသော ပစ္စန္တရစ်အရပ်၌ ဖြစ်သောသူလည်းကောင်း။ ဗုဒ္ဓသုညေ၊ ဘုရားဖြစ်တော်မမူသော။ မဇ္ဈိမေ၊

http://www.dhammadownload.com

မဇ္ဈိမဒေသ၌။ တိဟေတုကော၊ တိဟိတ်ပဋိသန္ဓေနေသောသူလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ အဋ္ဌကဝဂ်ာ၊ ဤ ၈-ပါးသော ခဏာတို့ကို။ အာဒိစ္စပန္ဓနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ အဂ်ုတ္တရနိကာယေ၊ အင်္ဂုတ္တရနိပါတ်၊ အဂ်ုတ္တရနိကာယ်ကျမ်း၌။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

(၉-ခုမြောက်သော ဗုဒ္ဓုပ္ပါဒနဝမခဏာ၌ ပဋိရူပဒေသဝါသ, သပ္ပုရိသူပနိဿယ, အတ္တသမ္မာပဏိဓိ, ပုဗ္ဗေ ကတပုညတာ၊ ဤ ၄-ပါးသော စတုစက္ကသမ္ပတ္တိနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓုပ္ပါဒကာလကို နဝမခဏ-ဟု ယူအပ်၏။)

ထို့ကြောင့် အင်္ဂသာလိနီမည်သော ဓမ္မသင်္ဂဏီအင်္ဂကထာ ကာမာဝစရစိတ်အဖွင့် **"ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ"** ဟူသော ပါဠိတော်အရ သမယနိဒ္ဒေသ၌–

> **ဧကောဝ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယာတိ ဧဝံ ဝုတ္တော ပန နဝမော ခဏော စ ဧကောဝ ခဏော ဝေဒိတဗ္ဗော၊ ယာနိ ဝါ ပနေ'တာနိ စတ္တာရိ'မာနိ ဘိက္ခဝေ စတ္တာနိ။ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ စတုစက္ကံ ပဝတ္တတိတိ ဧတ္ထ ပဋိရူပဒေသဝါသော သပ္ပုရိသူပနိဿယော အတ္တသမ္မာပဏိဓိ ပုဗ္ဗေ ကတပုညတာတိ စတ္တာရိ စတ္တာနိ ဝုတ္တာနိ၊ တာနိ ဧကဿ် ကတ္တာ ဩကာသဒ္ဒေန "ခဏော"တိ ဝေဒိတဗ္ဗော–** (အဘိ၅၊၁။၁၀၀)

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧကောဝ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယာတိ၊ "ဧကောဝ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ"ဟူ၍။ ဧဝံ၊ သို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အင်္ဂုတ္တရေ၊ အင်္ဂုတ္တရ, အင်္ဂကနိပါတ်၌။ ဝုတ္တော၊ ဟောတော်မူအပ်သော။ နဝမော၊ ၉-ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဧကောဝ၊ ၁-ခုသာလျှင်ဖြစ်သော။ ခဏော၊ ဗုဒ္ဓုပ္ပါဒခဏကို။ ခဏောတိ၊ ခဏ-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဝါ၊ ကား။ "စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ၊ စတုစက္ကံ ပဝတ္တတိတိ ဧတ္ထ ပါဌေ၊ "စတ္တာရိမာနိ ဘိက္ခဝေ စက္ကာနိ၊ ယေဟိ သမန္နာဂတာနံ ဒေဝမနုဿာနံ၊ စတုစက္ကံ ပဝတ္တတိတိ"ဟူသော အင်္ဂုတ္တရ၊ စတုက္ကနိပါတ်ပါဠိတော်၌။ ပဋိရူပဒေသဝါသော စ၊ သင့်အပ်လျောက်ပတ်သောအရပ်၌ နေခြင်းလည်းကောင်း။ သပ္ပုရိသူပနိဿယော စ၊ ဘုရား-စသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်းလည်းကောင်း။ အတ္တသမ္မာပဏိဓိ စ၊ မိမိစိတ်ကို ကောင်းစွာ ဆောက်တည်ခြင်းလည်းကောင်း။ ဝါ၊ စတုပါရိသုဒ္ဓိသီလထို့ ကျင့်ခြင်းလည်းကောင်း။ ပုဗ္ဗေ ကတပုညတာ စ၊ ရှေး၌ ပြုခဲ့ဖူးသော ကောင်းမှုရှိသောသူ၏ အဖြစ်လည်း

http://www.dhammadownload.com

ကောင်း။ ဣတိ၊ သို့။ စတ္တာရိ ၄-ပါးကုန်သော။ ယာနိ စတ္တာနိ၊ အကြောင်စက်တို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တာနိ စတ္တာရိ စတ္တာနိ၊ ထို ၄-ပါးသော စက်တို့ကို။ ဧကဿ် ကတ္တာ၊ တပေါင်းတည်းပြု၍။ ဩကာသဒ္ဒေန၊ ကုသိုလ်ဖြစ်ခြင်း အခွင့်-ဟူသော အနက်ကြောင့်။ ခဏောတိ၊ ခဏ-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

"အတ္တသမ္မာပဏိဓိ"ပုဒ်များ၌ "အတ္တသ္မာ ဟုတ္မာ"ဟု သ္မာ-ဝိဘတ်ကဲ့သို့ သ-နှင့် မ-ကို တပေါင်းတည်း ရေးသားတတ်ကြ၏။ မသင့်။ မဂ်လသုတ်ဒေသနာတွင် ဂါထာလည်း ပျက်၊ အနက်လည်း ချွတ်ယွင်း၍ "အတ္တသမ္မာ၊ မိမိစိတ်ကို။ ပဏိဓိ စ၊ ဆောက်တည်ရခြင်း လည်းကောင်း"ဟု အချို့ အနက်ပေးကြ၏၊ မသင့်။ "အတ္တံ၊ မိမိစိတ်ကို။ သမ္မာပဏိဓိ စ၊ ကောင်းစွာ ဆောက်တည်ရခြင်းလည်းကောင်း။ တစ်နည်း အတ္တသမ္မာပဏိဓိ စ၊ စတုပါရိ-သုဒ္ဓိသီလကို ဖြည့်ရခြင်းလည်းကောင်း။" ဤသို့ အနက်ပေးမှ အဋ္ဌကထာနှင့် ညီကြ၍ ဂါထာဗန္ဓလည်း သင့်သည်။ ထို့ကြောင့် **အတ္တသမ္မာ-ဟု သ-နောင် မ-အက္ခရာ ၂-ဆင့် ရှိရမည်။**

- ရှေး၌ ပြုခဲ့ဖူးသော ကောင်းမှုရှိသော 'ပုဗ္ဗေ ကတပုညာ'-ရှိမှ ပဋိရူပဒေသအရပ်၌ ဖြစ်သည်။
- ပဋိရူပဒေသအရပ်၌ဖြစ်မှ သူတော်ကောင်းတို့ကို မှီဝဲခြင်း သပ္ပုရိသူပနိဿယနှင့် ပြည့်စုံသည်။
- သူတော်ကောင်းတို့ကို မှီဝဲခြင်း သပ္ပုရိသူပနိဿယနှင့် ပြည့်စုံမှ သူတော်ကောင်း တရားကို ကြားနာရခြင်း သဒ္ဓမ္မဿဝနနှင့် ပြည့်စုံသည်။
- သဒ္ဓမ္မဿဝနနှင့် ပြည့်စုံမှ အသင့်နှလုံးသွင်းခြင်း ယောနိသော မနသိကာရနှင့် ပြည့်စုံသည်။
- ယောနိသောမနသိကာရနှင့် ပြည့်စုံမှ စတုပါရိသုဒ္ဓိသီလကို ဖြည့်ခြင်း အတ္တသမ္မာ-ပဏိဓိနှင့် ပြည့်စုံသည်။
- အတ္တသမ္မာပဏိဓိနှင့် ပြည့်စုံမှ လွန်စွာ အားထုတ်ခြင်း အာတာပီ အာရဒ္ဓဝီရိယနှင့် ပြည့်စုံသည်။
- အာတာပီ အာရဒ္ဓဝီရိယနှင့် ပြည့်စုံမှ သမထ, ဝိပဿနာဉာဏ်-ဟု ဆိုအပ်သော ပါဋိဟာရိယပညာနှင့် ပြည့်စုံသည်။
- ပါဋိဟာရိယပညာနှင့် ပြည့်စုံမှ သမထကမ္မဋ္ဌာန်းကို အားထုတ်ခြင်း သမထနှင့် ပြည့်စုံသည်။

http://www.dhammadownload.com

- သမထနှင့် ပြည့်စုံမှ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ခြင်း ဝိပဿနာနှင့် ပြည့်စုံသည်။
- ဝိပဿနာနှင့် ပြည့်စုံမှ မဂ်,ဖိုလ်ကို ရသည်။

ထို ၈-ပါးကုန်သော အက္ခဏတို့၏ ဗုဒ္ဓုပ္ပါဒနဝမခဏ မဟုတ်သောကြောင့် ပြဟ္မစရိယဝါသ အရိယမဂ်နှင့် မဆိုင်သောအရာ သာဓကဝတ္ထုကို ပြအံ့။

မြတ်စွာဘုရားသည် ဗာရာဏသီပြည်ကြီးကို အမှီပြု၍ သီရိသကအမည်ရှိသော ကုက္ကိုပင်ရင်းတွင် သီတင်းသုံးနေတော်မူသောအခါ ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းငယ်ဖြစ်၍ ဂင်္ဂါမြစ်တွင် လှေဖြင့် သွားရာ ပြိန်းမြက်ကို ဆွဲကိုင်မိ၍ လှေ၏အဟုန်ဖြင့် ပြတ်သွားသည်ကို အာပတ်သင့်သည် ထင်မှတ်၍ စုတိစိတ်ကျခါနီးတွင် ကုက္ကုစ္စဖြစ်လေရကား ဂင်္ဂါမြစ်တွင် တစ်ခုသော သစ်ဖြင့် ပြုအပ်သော နက်သော လှေပမာဏရှိသော နဂါးမင်းဖြစ်၍ မိမိ၏ အဟိတ်တိရစ္ဆာန်မျိုး၌ ဖြစ်ရသည်ကို နှလုံးမသာမယာ "ငါကား ဘုရားဖြစ်ရာကာလ ဒုလ္လဘအခါနှင့် ဝေးကွာခဲ့၏။ "ဘုရားဖြစ်တော်မူသော အကြောင်းကို သိရစေတော့"ဟု မိမိ၏ပါးပျဉ်းကို ကြီးစွာ ဖန်ဆင်းပြီးလျှင် သမီးဖြစ်သော နဂါးမကို ပါးပျဉ်ထက် နေစေပြီးမှ "ငါ၏ ပစ္ဆာပြဿနာကို ဖြေဆိုနိုင်သူ ရှိမူကား သမီးနှင့်တကွ နဂါး၏ စည်းစိမ်ချမ်းသာကို ငါပေးအံ့"ဟု။

ကီသု အဓိပတိ ရာဇာ၊ ကီသု ရာဇာ ရဇိဿရော (ရဇ္ဇိဿရော)။
ကထံသု ဝိရဇော ဟောတိ၊ ကထံ ဗာလောတိ ဝုစ္စတိ။ ။ (ဓမ္မ၊၄၊၂။၁၅၀)

ဟူသော ဂါထာကို သီချင်းသံ ပြုလျက် ကစေ၏။ သီချင်းသံ ဂါထာ၏ အနက်ကား-

- ကီသု၊ အဘယ်ကြောင့်။ အဓိပတိ၊ အစိုးရသော။ ရာဇာ၊ မင်းမည်သနည်း?
- ကီသု၊ အသို့လျှင်။ ရာဇာ၊ မင်းသည်။ ရဇိဿရော၊ ကိလေသာ-ဟူသော မြူကို အစိုးရသနည်း?
- ကထံသု၊ အသို့လျှင်။ ဝိရဇော၊ ကိလေသာ-ဟူသော မြူကင်းသည်။ ဟောတိ၊ ဖြစ်သနည်း?
- ကထံ၊ အဘယ်သို့သော သူကို။ ဗာလောတိ၊ သူမိုက်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သနည်း?

ဤဂါထာကို လခွဲ ၁-ကြိမ် သီ၍ က-သဖြင့် ဇမ္ဗူဒီပါကျွန်းအလုံးမှ စုရုံးညွတ်ခရောက်လာကြ၍ "နဂါးမကို ယူဆောင်မည်"ဟု သီချင်းစကားသံ အတုံ့ပြန်ကြသည်များကို ပယ်ရှား၍ ဘုရား ၁-ဆူအကြားကာလ ကုန်လေသည်။ ထိုအခါ ငါတို့ ဂေါတမဘုရား ဖြစ်တော်မူ၍ ကယ်ယူတင်ဆောင် နိဗ္ဗူသောင်သို့ ရောက်အောင် ပို့ထိုက်သော ဝေနေယျ

http://www.dhammadownload.com

ကို ဉာဏလတွင် ထင်တော်မူလေလျှင် ယခင်ပြဆိုခဲ့သော ကုက္ကိုပင်ရင်း၌ သီတင်းသုံးနေတော်မူရာ ဇမ္ဗူဒီပါကျွန်းအခွင့်မှ နဂါးမ ရှိရာသို့ လာကြသည့် လူအပေါင်းတို့တွင် ဥတ္တရမည်သော လုလင်ကို မြင်တော်မူရာ-

ဆဒ္ဒါရာမိပတိ ရာဇာ၊ ရဇ္ဇမာနော ရဇိဿရော။
အရဇ္ဇံ ဝိရဇော ဟောတိ၊ ရဇ္ဇံ ဟလော'တိ ဝုစ္စတိ။ ။—(ဓမ္မပဒ၊ ၂။၁၅၀)

ဟု ပဋိဂီတဝစန = နဂါးမထံ ဖြေဆိုရန်ဂါထာကို ကောင်းစွာ ဟောပြ၍ ဥတ္တရလုလင်ကိုလည်း မင်္ဂ, ဖိုလ်၏ကိစ္စ ပြည့်စုံစေပြီးမှ နဂါးမရှိရာ ဂါထာအဖြေ စေလွှတ်တော်မူလတ်သတည်း။

ပဋိဂီတဝစနဂါထာ၏ အနက်ကား-

ဆဒ္ဒါရာမိပတိ၊ ဒ္ဝါရ ၆-ပါးကို အစိုးရသောသူသည်။ ရာဇာ၊ မင်းမည်၏။ ရဇ္ဇမာနော၊ အာရုံ ၆-ပါး၌ တပ်သောသူသည်။ ရဇိဿရော၊ ကိလေသာ-ဟူသော မြူကို အစိုးရ၏။ အရဇ္ဇံ အရဇ္ဇန္တော၊ အာရုံ ၆-ပါးတို့၌ မတပ်သောသူသည်။ ဝိရဇော၊ ကိလေသာ-ဟူသော မြူကင်းသည်။ ဟောတိ၊ ဖြစ်၏။ ရဇ္ဇံ ရဇ္ဇန္တော၊ အာရုံ ၆-ပါးတို့၌ တပ်သောသူကို။ ဟလောတိ၊ သူမိုက်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥတ္တရမည်သော သောတာပန်ဒါယကာသည် ဂါထာကို ဆောင်သွား၍ အခြားမရှိစေဘဲ တခဲနက် ဧစ္ဆပ်သော ပရိသတ်ဗိုလ်ထုအကြား ပုဆစ်ဒူးဖြင့်သာ ချဉ်းကပ်၍ ရပ်လျက် က-သော နဂါးမ၏ ယခင်ပြဆိုသော သီချင်းသံဂါထာကို ကောင်းစွာ ဖြေကြားလေလျှင်-

ကေန'ဿု ဝုယ္ဟတိ ဟလော၊ ကထံ နုဒတိ ပဇ္ဇိတော၊
ယောဂက္ခေမော ကထံ ဟောတိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။-(ဓမ္မပဒ၊ ၂။၁၅၁)

ဟူသော အစဉ်မပျက် ဂါထာ၏အနက်ကို ဆက်၍ မေးပြန်သတည်း။

ဂင်းဒုတိယဂါထာ၏ အနက်ကား-

ကေန၊ အဘယ်ဖြင့်။ ဟလော၊ သူမိုက်သည်။ ဝုယ္ဟတိ မျောသနည်း။ (အဿုကား နိပါတ်မျှသာ။) ကထံ၊ အသို့လျှင်။ ဝုယ္ဟန္တံ၊ မျောသော။ ဟလံ၊ သူမိုက်ကို။ ပဇ္ဇိတော၊ ပညာရှိသည်။ နုဒတိ၊ ထုတ်ဆယ်သနည်း။ ကထံ၊ အသို့လျှင်။ ယောဂက္ခေမောပိ၊ ယောဂ၏ ကုန်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်သနည်း။ မေ၊ ငါအား။ ပုစ္ဆိတော၊ မေးအပ်သော ဥတ္တရလုလင်သည်။ တံ၊ ထိုအဖြေစကားကို။ အက္ခာဟိ၊ ကြားပေလော့။

ယင်းသို့တဖန် ထပ်မံ၍ မေးပြန်သော ဂါထာကို မြတ်စွာဘုရား သင်ကြားဆုံးမတော်မူလိုက်သည့်အတိုင်း ဆုတ်ဆိုင်းမနေ ဖြေလိုရကား-

http://www.dhammadownload.com

ဩဃယေန ဝုယ္ဘတိ ဗာလော၊ ယောဂါ နုဒတိ ပဏ္ဍိတော။
သဗ္ဗယောဂဝိသံယုတ္တော၊ ယောဂက္ခေမော'တိ(ယောဂက္ခေမီတိ) ဝုစ္စတိ။ ။

ဟူသော ဒုတိယ ဂီတိကဂါထာကို ကောင်းစွာ ရွတ်လတ်သတည်း။ (ဓမ္မ၊၄၊၂။၁၅၁)

ဩဃယေန၊ ကာမောဃ-အစရှိသော ၄-ပါးသော ဩဃ အကျွတ်-ဟု စီးကျသွင်သွင် ရေအလျဉ်ဖြင့်။ ဗာလော၊ သူမိုက်သည်။ ဝုယ္ဘတိ၊ မျောဘီ။ ယောဂါ သမ္မပ္ပဓာနသခ်ါတေန ယောဂေန၊ ၄-ပါးသော သမ္မပ္ပဓာန လုံ့လ-ဟု ဆိုအပ်သော ယောဂဖြင့်။ ပဏ္ဍိတော၊ ပညာရှိသည်။ တံ ဗာလံ၊ ထိုသူမိုက်ကို။ နုဒတိ၊ ထုတ်ဆယ်၏။ သဗ္ဗယောဂဝိသံယုတ္တော၊ ကာမ, ယောဂ-စသော ၄-ပါးသော ယောဂနှင့် မယှဉ်သောသူကို။ ယောဂက္ခေမောတိ၊ ယောဂ ကုန်ခန်းသောသူ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဧရကပတ္တမည်သော **နဂါး**သည် ဥတ္တရလုလင် ဖြေဆိုသောစကားကို ကြားသည်နှင့် တကွ "လောက ၃-ပါး၌ ဘုရားစစ်စစ် ဖြစ်တော်မူသည် မှန်ပြီ"ဟု သိချင်းသံအရ ပဋိဂိတ-ဝစနဂါထာ ဒေသနာဂမ္ဘီရကို ထောက်၍ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရား အားကြီးစွာ ဖြစ်လတ်၍ ရေကို ပုတ်ခတ်လေရကား ကြီးမားစွာသော လှိုင်း-ဟု ရေပွက်, ဂယက်တံပိုး တို့ဖြင့် လွှမ်းမိုးဖိစီး၍ မြစ်ကြီးဂင်္ဂါ၏ ထိုမှာဘက်, ဤမှာဘက်ကမ်းတို့သည် ပရမ်းပတာ ကွဲအာပြုကျ၍ ထိုမှ,ဤမှ ၁-ဥသဘအတွင်း ချဉ်းကပ်ရောက်လာကြ၍ ရေဝယ်လျှောကျ နစ်မွန်းကြသူ လူခပင်းကို ပါမျှဉ်းတည်းဟူသော လှေဖောင်ဖြင့် ယူဆောင်တင်ပို့ ကြည်းသို့ ရောက်စေပြီးမှ ဥတ္တရအထံသို့ ချဉ်းကပ်၍ "တရားမင်း သုံးလူနတ်သည် အဘယ်တွင် ကိန်းဝပ်နေတော်မူသနည်း"ဟု မေးလျှောက်လေလျှင် ရှေးပြဆိုခဲ့သော နေရပ်ဌာနကို ညွှန်ပြသဖြင့် **ဧရကပတ္တ**နဂါးမင်းနှင့်တကွ လူအများတို့ သွားရောက်ကြ၍ တရားဟောပြ ဆုံးမတော်မူရာ ၈၄,၀၀၀-သော သတ္တဝါအများသည် အကျွတ်တရား ရကြ၍ **ဧရကပတ္တ**သည် မင်,ဖိုလ်ရထိုက်သော ပါရမီရှိလျက် ဂတိပျက်လေသဖြင့် နဝမက္ခဏမှ လွတ်ကြောင်းကို ဓမ္မပဒအဋ္ဌကထာ၊ ၁၄-ခုမြောက်သော ဗုဒ္ဓဝဂ်အစု၊ ၃-ခုမြောက်သော **ဧရကပတ္တ**နာဂ-ရာဇဝတ္ထု၌–

နာဂရာဇာပိ တံ ဒိဝသံ သောတာပတ္တိဖလံ လဘေယျ တိရစ္ဆာနဂတတ္တာ ပန နာ'လတ္ထ၊

ဟူသောပါဠိကို မိန့်ဆို ဖွင့်လှစ်တော်မူသတည်း။ (ဓမ္မ၊၄၊၂။၁၄၉-၁၅၂)

နာဂရာဇာပိ၊ **ဧရကပတ္တ**နဂါးမင်းသည်လည်း။ တံ ဒိဝသံ၊ ထိုနေ့၌။ သောတာပတ္တိ-ဖလံ၊ သောတာပတ္တိဖိုလ်ကို။ လဘေယျ၊ ရသင့်၏။ ပန၊ ထိုသို့ ရသင့်သော်လည်း။ တိရစ္ဆာန-ဂတတ္တာ၊ တိရစ္ဆာန်အမျိုးဌ ဖြစ်သည်၏အဖြစ်ကြောင့်။ နာ'လတ္ထ၊ မရသတည်း။

http://www.dhammadownload.com

ဝိနည်းမဟာဝ၊ မဟာခန္ဓက (ဝိ၊၃။၁၀၊၁၁)တွင် "သဟမွတိပြဟ္မာ တောင်းပန်သည်ကို အကြောင်းပြု၍ အဘယ်သူအား တရားနှေးဦးစွာ ဟောရအံ့နည်း။ အဘယ်သူ တရားကို လျင်မြန်စွာ သိနိုင်အံ့နည်း"ဟု ကြည့်တော်မူလျှင် "အာဠာရသည် ပညာရှိ၏၊ လိမ္မာ၏၊ အရာဌာနကို သိ၏၊ ၈-ပါးသော သမာပတ်ဖြင့် ခွါအပ်သည်ဖြစ်၍ ငြိမ်းဆဲသော ကိလေသာ ရှိ၏။ ထိုအာဠာရသည် တရားကို လျင်စွာ သိနိုင်ရာ၏'ဟု ကြည့်တော်မူလျှင် ထိုအာဠာရသည် သေ၍ ၇-ရက်မြောက်သဖြင့် အာကိဉ္စညာယတနဘုံ၌ ဖြစ်သည်ကို မြင်တော်မူလျှင် "ဆုံးပါးခြင်း ကြီးလေစွ။ အကယ်၍ ဤတရားကို နာရမူကား ဧကန် မဂ်,ဖိုလ်ကို ရရာ၏။ အကွဇာ၌ ကြိမ်ကြိုက်လေရကား ၇-ရက်အတွင်း ရလတ္တံ့သော မဂ်,ဖိုလ်မှ ယုတ်ခဲ့၏"ဟု ဘုရား မိန့်တော်မူကြောင်းကို–

> **မဟာဇာနိယော ခေါ အာဠာရော ကာလာမော၊ သစေ ဟိ သော ဣမံ ဓမ္မံ သုဏေယျ၊ ခိပ္ပမေဝ အာဇာနေယျ–**

ဟု လာသည်။

ကာလာမော၊ ကာလာမအမျိုး၌ဖြစ်သော။ အာဠာရော၊ **အာဠာရသည်**။ မဟာဇာနိယော၊ ဆုံးပါးခြင်း ကြီးလေစွ။ သော၊ ထိုအာဠာရသည်။ ဣမံ ဓမ္မံ၊ ဤတရားကို။ သုဏေယျ၊ ကြားနာရမူကား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ အာဇာနေယျ၊ သိရာ၏။

ဤသို့ ပါဠိတော်၌ "မဟာဇာနိယော"၏အရကို–

> သတ္တဒိဝသန္တရေ ပတ္တဗ္ဗမဂ္ဂဖလတော ပရိဟီနတ္တာ မဟာ ဇာနိ အဿာတိ **မဟာဇာနိယော**၊ အက္ခဏော နိဗ္ဗတ္တတ္တာ –(ဝိ၊ဋ္ဌ၊၃။၂၄၅)

ဟု အဋ္ဌကထာဆရာ မိန့်မှာ ဖွင့်ပြတော်မူသတည်း။

မဟာဇာနိယောတိ၊ **မဟာဇာနိယော**-ဟူသည်ကား။ သတ္တဒိဝသန္တရေ၊ ၇-ရက်အတွင်း၌။ ပတ္တဗ္ဗမဂ္ဂဖလတော၊ ရအပ်သော မဂ်,ဖိုလ်တရားမှ။ ပရိဟီနတ္တာ၊ ယုတ်သည်၏အဖြစ်ကြောင့်။ အဿ၊ ထိုအာဠာရအား။ မဟာ၊ ကြီးစွာသော။ ဇာနိ၊ ချုံးခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုအာဠာရသည်။ မဟာဇာနိယော၊ မဟာဇာနိယမည်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အက္ခဏော၊ ဒီဃာယုကအက္ခဏ၌။ နိဗ္ဗတ္တတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။

ထို့နောင် ဥဒကကို ကြည့်တော်မူပြန်ရာ ယမန်နေ့ကပင် ဥဒကသေ၍ နေဝသညာနာသညာယတနဘုံ၌ ဖြစ်သည်ကို မြင်တော်မူလျှင် "ဆုံးပါးခြင်း ကြီးလေစွ၊ အကယ်၍

http://www.dhammadownload.com

ဤတရားကို နာရမူကား ဧကန် မဂ်,ဖိုလ် ရရာ၏။ အကွဏ်၌ ကြိမ်ကြိုက်လေရကား ၂-ရက် အတွင်း ရလတ္တံ့သော မဂ်,ဖိုလ်မှ ယုတ်ခဲ့၏"ဟု ဘုရား မိန့်တော်မူကြောင်းကို–

မဟာဇာနိယော ခေါ ဥဒကော ရာမပုတ္တော၊ သစေ ဟိ သော ဣမံ ဓမ္မံ သုဏေယျ။ ခိပ္ပမေဝ အာဇာနေယျ –

ဟု လာသည်။

ရာမပုတ္တော၊ ရာမမင်း၏ သားဖြစ်သော်။ ဥဒကော၊ ဥဒကသည်။ မဟာဇာနိယော၊ ဆုံးပါးခြင်း ကြီးလေစွ။ သစေ၊ အကယ်၍။ သော၊ ထိုဥဒကသည်။ ဣမံ ဓမ္မံ၊ ဤတရားကို။ သုဏေယျ၊ နာရမူကား။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ အာဇာနေယျ၊ သိရာ၏။

(၅) ဤစတုတ္ထပုဏ္ဏာ၌ "စတုတ္ထအကွဏ်တွင် ပါဝင်သော အဋ္ဌပတို့ကို မဂ်,ဖိုလ်ရပုဂ္ဂိုလ် ဖြစ်ပါလျက် အဘယ့်ကြောင့် အရပ်ပြစ် ၈-ပါးတွင် သွင်းလေသနည်း"ဟူသော အမေးဌ "**သက္ခရကထလမ္ပိ မစ္ဆဂုမ္ဗမ္ပိ တိဠန္တမ္ပိ စရန္တမ္ပိ ပဿတိ**"ဟူသော ယထာလာဘနည်းဌ ကျောက်စစ်အိုးခြမ်း, ငါး,လိပ်တို့ ရပ်သည်, သွားသည်ကို မြင်၏-ဟု ရသင့်သည့်အား လျော်စွာသာ ယူရသကဲ့သို့ မဂ်,ဖိုလ်ရပြီးသော ပုဂ္ဂိုလ်တို့ကို ခွဲခြားချန်၍ ကြွင်းကျန်သော ပုထုဇန်တို့ကိုသာ အကွဏ အသမယဌ သွင်း၍ ယူအပ်၏။

ဥပမာကား ဓမ္မပဒအဋ္ဌကထာ၊ ၁၀-ခုမြောက်သော ဒဏ္ဍဝဂ်၊ ရှေးဦးစွာသော ဆဗ္ဗဂ္ဂိ ရဟန်းတို့ကို အကြောင်းပြု၍ "သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော"ဟူ၍ "သူခပ်သိမ်းတို့ပင် သေဘေးမှ ကြောက်ကြကုန်၏"ဟု ဟောတော်မူသော ပါဠို (ဓမ္မ၊၃၊၂။ ဓမ္မ၊ဋ္ဌ၊၂။၃၁)အရတွင် လောကဌ ဧကရာဇ်မင်းမြတ်က "မြို့နေလူတို့ စည်းဝေးရမည်" စည်လည်ကြွေးကြော်သော်လည်း မှူးတော်,မတ်တော်မှတပါး အခြားသူကိုသာ ယူရသည် နှင့်တူစွာ ဆင်အာဇာနည်, မြင်းအာဇာနည်, နွားအာဇာနည်, ရဟန္တာ၊ ဤ ၄-ဦးတို့ကို ခွဲခြားချန်၍ ကြွင်းကျန်သမျှ သူကိုသာ ယူရသကဲ့သို့ ထိုအတူ ဒီဃာယုကအကွဏဌာန အရှုပ ဘုံ၌ဖြစ်သော သတ္တဝါသည် မဂ်,ဖိုလ်ရရာကာလ ဗုဒ္ဓဖွါဒနဝမခဏမှ လွတ်သည်-ဟု ဟောတော်မူခြားသော်လည်း မဂ်,ဖိုလ်ရပြီးသော ပုဂ္ဂိုလ်တို့ကို ခွဲခြားချန်၍ ကြွင်းကျန်သမျှ ပုထုဇန်ပုဂ္ဂိုလ်တို့ကိုသာ ရည်၍ ဆိုသည်-မှတ်ရမည်။

ရဟန္တာပုဂ္ဂိုလ်တို့ သေခြင်းကို မကြောက်သည်မှာ သက္ကာယဒိဋ္ဌိ ကင်းပြီးဖြစ်၍ "မသေသော သတ္တဝါမည်သည် မရှိ"ဟု နှလုံးသွင်းပိုက်တော်မူခြင်းကြောင့် သေခြင်းကို မကြောက်လေသတည်း။ ဆင်အာဇာနည်, မြင်းအာဇာနည်, နွားအာဇာနည်တို့မှာ သက္ကာယ

http://www.dhammadownload.com

ဒိဋ္ဌကို လွန်၍ "မိမိတို့ကို ပြိုင်ဘက်ပြုနိုင်မည်သူ မရှိ"ဟု နှလုံးသွင်းခြင်းကြောင့် သေခြင်းကို မကြောက်လေသတည်း။

ရှေး၌ ပြဆိုခဲ့သော "သက္ခရကထလမို့ မစ္ဆဂုမ္ဗမို့ တိဋ္ဌန္တမို့ စရန္တမို့ ပဿတိ"ဟူသော ပါဠိသည် မူလပဏ္ဏာသ၊ မဟာအဿပုရသုတ် ပါဠိတော်(မ၊၁။၃၄၇)တည်း။ အရိယာပုဂ္ဂိုလ်တို့ အရိယာမဂ်ဉာဏ်ဖြင့် သစ္စာ ၄-ပါးတို့ကို သိမြင်ရာ၌ ဥပမာဆောင်၍ ဟောတော်မူသော ပါဠိတည်း။

ဤတွင်ရွေ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသညသတ်, (အရူပ), ပစ္စန္တရစ်, မိစ္ဆာဒိဋ္ဌိ, ဝိကလိန္ဒြိယ, အနုပ္ပန္နပုဗ္ဗုပ္ပါဒတိဟေတုက၊ ဤ ၈-ပါးသော ဌာနတို့၏ အကွဲအမည်ကြောင်း, ဘုံအရူပ အကွဲ၌ ယထာလာဘ ယူသင့်ကြောင်းကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ဤပုစ္ဆာ ၃-ရပ်ဝယ် အကျဉ်းအဓိပ္ပါယ်ကား *စတုတ္ထရတနာဃရ၌ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည် ယခုတိုင် မသွား၊ ထိုရောင်ခြည်တော်တို့သည် ဓာတုပရိနိဗ္ဗာန် စံယူတော်မူရာ သက်တော်ထင်ရှား ဘုရားကဲ့သို့ ပြာဋိဟာ မပြ။ ဓာတုပရိနိဗ္ဗာန် စံယူတော်မူရာ လူ,နတ်တို့ မကျွတ်၊ *ရဟန္တာမိန်းမတို့ နိဗ္ဗာန်ယူရာ ဣတ္ထိလိင်မှ ပုရိသလိင်သို့ မပြန်၊ *ရပ်ပြစ် ၈-ပါးမှာ အသညသတ်နှင့် အရူပကို တစ်ခုသာယူ၍ ဘုရားရှိမှ မဖျိမဒေသ၌ တိဟိတ်ပဋိသန္ဓေနေသူကို ထည့်၍ ၈-ပါးယူ အရူပဘုံကို ရပ်ပြစ် ၈-ပါး၌ သွင်းသည်မှာ ယထာလာဘနည်း။ ဤသို့ အကျဉ်းမှတ်။

အကျယ်ကို လိုသူတို့မှာ ဓမ္မသင်္ဂဏီအဋ္ဌကထာ။ အဂ်ုတ္တရနိယာယ်အဋ္ဌကထာ။ ဝိဘင်းအဋ္ဌကထာ၊ ဉာဏဝိဘင်္ဂဝဏ္ဏနာ၊ ၎င်းအဋ္ဌကထာ၊ ဓမ္မဟဒယဝိဘင်္ဂဝဏ္ဏနာ။ ဒီဃနိကာယသံပသာဒနီယသုတ်အဋ္ဌကထာ၊ သုတ်မဟာဝါ၊ ပရိနိဗ္ဗာနသုတ်အဋ္ဌကထာ။ မဇ္ဈိမနိကာယ်၊ ဗာဟုဓာတုကသုတ်အဋ္ဌကထာ။ အာယတနယမိုက်ဦးကာ။ နိရုတ္တိသာရမဉ္ဇူသာမည်သောဥာတ်ဦးကာ။ ဣန္ဒြိယယမိုက်ပါဠိတော်၊ ၎င်းအဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ၊ မဟာကပ္ပိနဝတ္ထု၊ သန္တိမဟာမတ္တဝတ္ထု၊ ဒါရုစီရိယဝတ္ထု၊ ခေမာအဂ္ဂမဟေသီဝတ္ထု၊ ဂူထသူကရဝတ္ထု၊ ဧရကပတ္တနာဂရာဇဝတ္ထု၊ ခုဇ္ဇုတ္တရာဝတ္ထု၊ ကောသိယသေဋ္ဌိဝတ္ထု။ ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်းသုတ်အဋ္ဌကထာ။ အဋ္ဌကနိပါတ်၊ အဂ်ုတ္တိရ်ပါဠိတော်။ ၎င်းအဋ္ဌကထာ၊ ဝိနည်းမဟာဝါပါဠိတော်၊ ၎င်းအဋ္ဌကထာ။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ။ သုမင်္ဂလသာမိဦးကာ။ မဏိသာရမဉ္ဇူသာဋီကာတို့မှာ ကြည့်လေ။

★★★★★★★

http://www.dhammadownload.com

မြေတူးမြို့အောက်တိုက်၊ မှန်ကြိုင်းရွာနေ ရဟန်းတော် ဦးဝိစိတ္တ-က အောက်စကားပါ ဂါထာ ၁၂-တို့ကို အနက်အဓိပ္ပါယ်နှင့်တကွ သိလိုပါကြောင်းနှင့် လျှောက်ထားချက်

[၇၃] "ဘုရားတပည့်တော် မြေတူးမြို့အောက်တိုက်၊ မှန်ကြိုင်းရွာ၊ ရှင်ဝိစိတ္တ လျှောက်ပါသည် ဆရာတော်ဘုရား။

ဣစ္ဆန္တော သာသပဂတ္တေ-အစရှိသော ၁၂-ဂါထာတို့၏ အနက်သဘောကို နေရာက္ခ မကြဲဆနိုင်ဖြစ်ပါ၍ အသေအချာဆောင်ရွက် လေ့ကျက်မှတ်သားပါ ရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော် ဘုရား"။

၁။ ဣစ္ဆန္တော သာသပဂတ္တေ၊ စက််မတိ ဣတောစိ'တော။
ဣစ္ဆန္တော စဏ္ဍဝါဠမှိ၊ အတ္ထဘာဝေန ဆာဒယိ။ ။

၂။ ဣစ္ဆန္တော ဒသစတ္တေသု၊ သဟသေသု စက််မန္တော။
ပါဒရိယံ အကာသယိ၊ နာနာဓမ္မ'မဒေသယိ။ ။

၃။ ဣစ္ဆန္တော အသာဓရဏံ၊ အနန္တဗုဒ္ဓနိမ္မိတံ။
(တံ ဌာနံ စက််မန္တောဝိ) စက််မန္တောဝိ ခဏေန၊ မောစေသိ ဗန္ဓနာ ဗဟုံ။ ။

၄။ ဣစ္ဆန္တော ယာဝ ဘဝဂ္ဂံ၊ သမိဒ္ဓိတံ ဗာဟုံ ယထာ။
စက််မတိ သယိဒ္ဓိနာ၊ ဗုဒ္ဓတေဇေန သံယုတံ။ ။

၅။ ဣစ္ဆန္တော ယုဂန္ဓရေန၊ ဂဠံ သမံ သုရစန်ဒံ။
ဇေတဝနေ သယနတော၊ ဟတ္ထပါဒေန အာမသိ။ ။

၆။ ဣစ္ဆန္တော မိတဝဏ္ဏော စ၊ သမ္ဗုဒ္ဓေါ'ကာသိ ဣဒ္ဓိတံ။
လောကဇေဋ္ဌံ စဏ္ဍဝါဠံ၊ အနန္တဘူမ ဆာဒယိ။ ။

၇။ ဗုဒ္ဓေါ သမ္ဗုခါ အသူရာ၊ နလာဋေ အတ္ထကာယတံ့။
န ပဿတိ ဌပိတံ ဗုဒ္ဓံ၊ အစိန္တေယျံ အပွမေယျံ။ ။

၈။ နိလ္လယေ ဒေဝသူရေန၊ သမွန္တော ဒသဣဒ္ဓိယာ။
ဘဂဝါ ဒေဝသူရဿ၊ စက္ခုစမွမှိ နိလ္လယိ။ ။

http://www.dhammadownload.com

၉။ သက္ကာနံ ကောလိယာနဋ္ဌ၊ မာနမဒ္ဒါန'မာသယံ။
အန္တရေ မဗ္ဗေ ဂန္ဓာန၊ နိသီဒတိ နိလီယတိ။ ။

၁၀။ စရိတ္တာ ဒုက္ကရစရိယံ၊ ဆဋ္ဌဿာနိ ဂတော ဒိဝေ။
နိဂြောဓသမိဝေ ပတ္တေ၊ ကျွန္ဒိမဿ အဒဿနံ။ ။

၁၁။ တိဋ္ဌတု စတုစိန္တိယေ၊ ဝိကုဗ္ဗနိ'ဒ္ဓိ မာဝိတော။
သဟ ပရိက္ခာရေဟိ စ၊ သာသပန္တေ စရတိ စ။ ။

၁၂။ အန္တောဂတ္ထေ ကျွတောစိ'တော၊ ကျွန္ဒိဝဏ္ဏောဝ သာသပေါ။
အတ္ထဘာဝေန ဆာဒယာ၊ ဧတေ မေ ဇယမင်္ဂလံ။ ။

ရဟန်းတော် ဦးဝိစိတ္တ လျှောက်ထားချက်–

"ကျွန္ဆန္တော သာသပဂတ္ထော"အစရှိသော ၁၂-ဂါထာတို့၏ အနက်သဘောကို မေးလျှောက်သည်မှာ ကျမ်းဂန်အထောက်အထား သင့်ရာနှိုင်းညှိဆင်ခြင်၍ သဒ္ဒယုတ္တိ, အတ္ထယုတ္တိရှိသည်အားလျော်စွာ ရေးသားလိုက်ခဲ့။

၁။ ကျွန္ဆန္တော သာသပဂတ္ထော၊ စင်္ကမတိ ကျွတောစိ'တော။
ကျွန္ဆန္တော စင္ကဝါဋမှိ၊ အတ္ထဘာဝေန ဆာဒယိ။

၁။ (အနန္တဂုဏောဟိ၊ အဆုံးမရှိသော ဘုရားကျေးဇူးတော်တို့နှင့်။ သမွန္နော၊ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။) ကျွန္ဆန္တော၊ အလိုရှိသည်ဖြစ်ခဲ့။ သာသပဂတ္ထော၊ မုန်ညင်းစေ့အတွင်း၌။ ကျွတောစိ'တော၊ ထိုမှ,ဤမှ။ စင်္ကမတိ၊ ကြွတော်မူနိုင်၏။ ကျွန္ဆန္တော၊ အလိုရှိသည်ဖြစ်ခဲ့။ စင္ကဝါဋမှိ၊ စကြဝဠာတိုက်အလုံး၌။ ဝါ၊ စကြဝဠာတိုက်အလုံးကို။ အတ္တ-ဘာဝေန၊ ကိုယ်တော်ဖြင့်။ ဆာဒယိ၊ ဖုံးလွှမ်းတော်မူနိုင်၏။

၂။ ကျွန္ဆန္တော ဒသစက္ကေသု၊ သဟဿေသု စင်္ကမန္တော။
ပါဒရိယံ အကာသယိ၊ နာနာဓမ္မ'မဒေသယိ။

ကျွန္ဆန္တော၊ အလိုတော်ရှိသည်ဖြစ်ခဲ့။ ဒသစက္ကေသု သဟဿေသု၊ တစ်သောင်းသော စကြဝဠာတိုက်တို့၌။ ဝါ၊ တိုက်တို့ကို။ စင်္ကမန္တော၊ ကြွတော်မူလျက်။ ပါဒရိယံ၊ ခြေတော်ဖြင့် ဖုံးလွှမ်းခြင်းကို။ အကာသယိ၊ ပြုတော်မူပြီ။ နာနာဓမ္မံ၊ အထူးထူးသော တရားကို။ အဒေသယိ၊ ဟောတော်မူပြီ။

http://www.dhammadownload.com

၃။ ဣစ္ဆန္တော အသာဓာရဏာ၊ အနန္တပုဒ္ဓနိမ္မိတံ။
(တံဌာနံ စက်မန္တောဝိ)၊ မောစေသိ ဗန္ဓနာ ဗဟုံ။

ဣစ္ဆန္တော၊ အလိုတော်ရှိသည် ဖြစ်အံ့။ အသာဓာရဏာ၊ ပစ္စေကဗုဒ္ဓါ သာဝကာတို့နှင့် မဆက်ဆံသော။ အနန္တပုဒ္ဓနိမ္မိတံ၊ အတိုင်းမသိသော ဘုရားကို ဖန်ဆင်းတော်မူခြင်းကို။ ကတ္တာ၊ ပြုတော်မူ၍။ (နာနာဓမ္မံ၊ အထူးထူသော တရားကို။ အဒေသယိ၊ ဟော်တော်မူပြီ။) ဣစ္ဆန္တော၊ အလိုတော်ရှိသည် ဖြစ်အံ့။ တံဌာနံ၊ ထိုထိုသို့သော အရပ်သို့။ စက်မန္တောဝိ၊ ကြွတော်မူ၍လည်း။ ခဏေန၊ ခဏချင်းဖြင့်။ ဗဟုံ၊ များစွာသော သတ္တဝါအပေါင်းကို။ ဗန္ဓနာ၊ ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ။ မောစေသိ၊ လွတ်စေတော်မူပြီ။

၄။ ဣစ္ဆန္တော ယာဝ ဘဝဂ္ဂံ၊ သမိဒ္ဓိတံ ဗာဟုံ ယထာ။
စက်မတိ သယိဒ္ဓိနာ၊ ဗုဒ္ဓတေဇေန သံယုတံ။ ။

ဣစ္ဆန္တော၊ အလိုတော်ရှိသည်ဖြစ်အံ့။ ယာဝ ဘဝဂ္ဂံ၊ အထက် ဘဝဂ်တိုင်အောင်။ သမိဒ္ဓိတံ၊ ကွေးသော။ ဗာဟုံ၊ လက်ရုံးကို။ (ပသာရေတိ ယထာ၊ ဆန့်သကဲ့သို့။) သယိဒ္ဓိနာ၊ ကိုယ်တော်၏တန်ခိုးဖြင့်။ စက်မတိ၊ ကြွတော်မူနိုင်၏။ (အသာဓာရဏာ၊ ပစ္စေကဗုဒ္ဓါ သာဝကာတို့နှင့် မဆက်ဆံသော။ အနန္တဂုဏသမ္ပန္နံ၊ အတိုင်းမသိသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော။) ဗုဒ္ဓတေဇေန၊ ဘုရားတန်ခိုးတော်နှင့်။ သံယုတံ၊ ယှဉ်တော်မူသော မြတ်စွာဘုရားကို။ (နမာမိ၊ ရှိခိုးပါ၏။)

၅။ ဣစ္ဆန္တော ယုဂန္ဓရေန၊ ဂဏ္ဍံ သမံ သူရစန္ဒံ။
ဇေတဝနေ သယနတော၊ ဟတ္ထပါဒေန အာမသိ။ ။

(အနန္တပုဒ္ဓဂုဏောဟိ၊ အဆုံးမရှိသော ဘုရားကျေးဇူးတော်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။) ဣစ္ဆန္တော၊ အလိုတော်ရှိသည်ဖြစ်အံ့။ ယုဂန္ဓရေန၊ ယုဂန္ဓိရ် တောင်နှင့်။ သမံ၊ အမျှ။ ဂဏ္ဍံ၊ သွားသော။ သူရစန္ဒံ၊ နေ,လကို။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ သယနတော၊ လျောင်းတော်မူလျက်။ ဟတ္ထပါဒေန၊ ခြေဖဝါး, လက်ဖဝါးတော်ဖြင့်။ အာမသိ၊ သုံးသပ်တော်မူနိုင်၏။

၆။ ဣစ္ဆန္တော မိတဝဏ္ဏော စ၊ သမ္မုဒ္ဒေါ'ကာသိ ဣစ္ဆိတံ။
လောကဇေဋ္ဌ စက္ကဝါဠံ၊ အနန္တဘူမ ဆာဒယိ။ ။

ဣစ္ဆန္တော၊ အလိုတော်ရှိသည်ဖြစ်အံ့။ မိတဝဏ္ဏော၊ ဖန်ဆင်းအပ်သော အဆင်းရှိတော်မူသော။ သမ္မုဒ္ဒေါ၊ မြတ်စွာဘုရားသည်။ ဣစ္ဆိတံ၊ အလိုတော်ရှိတိုင်း။ အကာသိ၊

http://www.dhammadownload.com

ပြုတော်မူနိုင်၏။ အနန္တဘူမံ၊ အဆုံးမရှိသော မြေနှင့်တကွသော။ စက္ကဝါဠံ၊ စကြဝဠာတိုက် အလုံးကို။ အတ္တဘာဝေန၊ ကိုယ်တော်၏ အတ္တဘောဖြင့်။ ဆာဒယိ၊ ဖုံးလွှမ်းတော်မူနိုင်၏။ လောကဇေဋ္ဌ၊ လူတို့ထက် မြတ်တော်မူသော ထိုမြတ်စွာဘုရားကို။ (နမာမိ၊ ရှိခိုးပါ၏။)

၇။ ဗုဒ္ဓေါ သမ္မုခါ အသုရာ၊ နလာဋေ့ အတ္တကာယတံ။
နာ ပဿတိ ဌပိတံ ဗုဒ္ဓံ၊ အစိန္တေယျံ အပွမေယျံ။ ။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အသုရာ-အသုရဿ၊ အသူရာနတ်၏။ နလာဋေ့၊ နဖူး၌။ ဌပိတံ၊ ထားအပ်သော။ အတ္တကာယတံ၊ ကိုယ်တော်၏ အဖြစ်ကို။ အသုရော၊ အသူရာသည်။ သမ္မုခါ၊ မျက်မှောက်၌။ နာ ပဿတိ၊ မမြင်။ အစိန္တေယျံ၊ မကြံအပ်, မကြံစည်နိုင်သော။ အပွမေယျံ၊ မနှိုင်းယှဉ်အပ်သော။ (ဗုဒ္ဓတေဇေန၊ ဘုရားတန်ခိုးတော်နှင့်။ သံယုတ်၊ ယှဉ်တော်မူသော။) ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ (နမာမိ၊ ရှိခိုးပါ၏။) ('အတ္တကာယိတံ'ဝယ် အတ္တ-၌ "ဘာဝတ္ထိက နိဒ္ဒေသ၊ ဌပိတံ"၌ မုဒ္ဓဇဌဒန္တဇ-ထ ၂-ချက်သင့်။ ဌပ ထပ ဌပနေ၊ ဌပေတွာ ထပေတွာ၊ သဒ္ဒနီတိ။)

၈။ နိလ္လယေ ဒေဝသူရေန၊ သမ္ပန္နော ဒသက္ကဒ္ဓိယာ။
ဘဂဝါ ဒေဝသူရဿ၊ စက္ခုစမ္ပမ္ဟိ နိလ္လယိ။ ။

ဒသက္ကဒ္ဓိယာ၊ တန်ခိုး ၁၀-ပါးနှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဒေဝသူရေန၊ နတ်အသူရာနှင့်။ သဟ၊ တကွ။ နိလ္လယေ၊ ပုန်းတော်မူသည်ရှိသော်။ ဒေဝသူရဿ၊ နတ်အသူရာ၏။ စက္ခုစမ္ပမ္ဟိ၊ မျက်မှောင်ကြား၌။ နိလ္လယိ၊ ပုန်း(နိုင်)တော်မူ၏။

၉။ သက္ကာနံ ကောလိယာနဉ္စ၊ မာနမဒ္ဒါန'မာသယံ။
အန္တရေ မဿွေ ဂန္ဒာန၊ နိသိဒတိ နိလီယတိ။ ။

မာနမဒ္ဒါနံ၊ မာန်ရစ်ကြကုန်သော။ သက္ကာနံ၊ သာကီဝင်မင်းတို့၏လည်းကောင်း။ ကောလိယာနဉ္စ၊ ကောလိယမင်းတို့၏လည်းကောင်း။ အာသယံ၊ အလိုတော်ကို။ (ဇာနန္တော၊ သိတော်မူရကား။) အန္တရေ၊ ၂-ဦးသားတို့၏အကြားဖြစ်သော။ မဿွေ၊ ရောဟိနီ-ဟု၊ နဒီအံ့ဖွယ်၊ ထိုမြစ်လယ်သို့။ ဂန္ဒာန၊ ကြွတော်မူ၍။ (ဥဘိန္နံ၊ ၂-ဦးတို့၏။ ကလဟံ၊ ငြင်းခုံခြင်းကို။ ဝူပသမေတုံ၊ ငြိမ်းစိမ့်သောငှာ။) နိသိဒတိ စ၊ ကိုယ်တိုင်ဖြေ၍ ဓမ္မတရား ဟောကြားဆုံးမတော်မူလတ်သတည်း။ နိလီယတိ စ၊ ကိုယ်ထင်မပေါ်၊ တန်ခိုးတော်ဖြင့်၊ မြွက်ဖော်ပိုင်းခြား၊ မြတ်တရားကို ဟောကြားဆုံးမတော်မူလတ်သတည်း။

http://www.dhammadownload.com

၁၀။ **စရိတ္တာ ဒုက္ကရစရိယံ၊ ဆဗ္ဗဿာနိ ဂတေ ဒိဝေ။**
နိဂ္ဂြောဓသမီပေ ပတ္တေ၊ ဂ္ဂဒ္ဒိမဿ အဒဿနံ။

(အနုပါယေ၊ ရဂုံချိုင့်ဝှမ်း၊ သာထူးဆန်းသည်၊ ပန်းမျိုးစုံစွာ၊ နတ်တကာတို့၊ ဒိသာအလုံး၊ ရပ်ပတ်ကုံးမှ၊ စုရုံးညွတ်ခ၊ နုဝိယ-ဟု၊ ကြည်စွသာမော၊ ဆိုသည့်တောင်၌။) ဆဗ္ဗဿာနိ၊ ၆-နှစ်တို့ပတ်လုံး။ ဒုက္ကရစရိယံ၊ လူ,နတ်ခပဲ၊ ကျင့်နိုင်ခဲသည်၊ အံ့အဲစလောက်၊ ချီးမြှောက် မကုန်၊ ဂုဏ်အနန္တ၊ ဝိသေသဟု၊ ဒုက္ကရပဋိပတ်၊ အကျင့်မြတ်ကို။ စရိတ္တာ၊ ငြိုငြင်ပင်ပန်း၊ နွမ်းနွမ်းလျလျ၊ လုံ့လကြိုးကုတ်၊ အားထုတ်ကျင့်ဆောင်တော်မူ၍။ (ပရိယောသာန်၊ ဆုံးခြင်းသို့။) ဂတေ ဒိဝေ၊ ရောက်တော်မူသောနေ့၌။ နိဂ္ဂြောဓသမီပေ၊ ဆိတ်ကျောင်းသားတို့၊ သွားလာရောက်ကြ၊ နိဂ္ဂြောဓ-ဟု၊ ရှုတ္မမည်တွင်၊ ပညောင်ပင်သို့။ ပတ္တေ၊ ခရီးကွန့်ထောက်၊ ရောက်တော်မူလတ်သော်။ ဂ္ဂဒ္ဒိမဿ၊ တန်ခိုးကြီးသော နတ်ကို။ အဒဿနံ၊ မမြင်ခြင်းကို။ (အကာသိ၊ ပြုတော်မူပြီ။)

(ဤ၌ "ဂ္ဂဒ္ဒိမာ ဝိယ ဒဿနံ"ဟု ရှိမူလည်း သင့်သည်ပင်။ ဂ္ဂဒ္ဒိမာ၊ တန်ခိုးကြီးသော။ ဒေဝတာ ဝိယ၊ နတ်ကဲ့သို့။ အဒဿနံ၊ မတွေ့မြင်ခြင်းကို။ အကာသိ၊ ပြုတော်မူပြီ။ ဤသို့ အနက်ပေးလေ။

စရိတ္တာ ဒုက္ကရစရိယံ၌ စရိယသဒ္ဒါနှင့် ယှဉ်၍ အက္ခရာတစ်လုံး လွန်မြဲ၊ အရဟ ကိရိယ၊ စရိယ, ဝါသ၊ ရှိလေရာ၊ အက္ခရာလွန်မြဲ။ "န သော ကာသဝ'မရဟတိ၊ နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဒါနဉ္စ ဓမ္မစရိယာ စ၊ ပတိရူပဒေသဝါသော" စသောပုဒ်များကို ထောက်။ "ဒုက္ခေန ကိစ္ဆေန ကာတဗ္ဗန္တိ ဒုက္ကရံ၊ ဒုက္ကရဉ္စ တံ စရိယာ စာတိ ဒုက္ကရစရိယာ"ဟု ဣသဒိသဒွေးဘော် နောင် 'ရ'အက္ခရာနှင့် ရှိရမည်ကို သဒ္ဒနယ, အတ္ထနယကို မကျွမ်းကြ၍ ဒုက္ခစရိယာ-ဟု များစွာ ပြောဆိုမှတ်သား ရေးထားကြ၏၊ မသင့်။)

၁၁။ **တိဋ္ဌတု စတုစိန္တိယေ၊ ဝိကုဗ္ဗနိ'ဒ္ဓိ မာပိတော။**
သဟ ပရိက္ခာရေဟိ စ၊ သာသပန္တေ စရတိ စ။ ။

စတုစိန္တိယေ၊ ၄-ပါးကုန်သော အစိန္တေယျတို့ကို။ တိဋ္ဌတု၊ ထားဘိဉီး။ ဝိကုဗ္ဗနိဒ္ဓိ၊ ဝိကုဗ္ဗနက္ကဒ္ဓိကို။ မာပိတော၊ ဖန်ဆင်းတော်မူ၍။ သဟ ပရိက္ခာရေဟိ၊ ပရိက္ခရာ ၈-ပါးတို့နှင့်တကွ။ သာသပန္တေ၊ မုန်ညင်းစေ့အတွင်း၌။ စရတိ၊ သွားလည်း သွားတော်မူ(နိုင်)၏။ စ၊ ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းကိုလည်း ပြုတော်မူ(နိုင်)၏။

၁၂။ **အန္တောဂတ္တေ ဂ္ဂတောစိ'တော၊ ဂ္ဂဒ္ဒိဝဏ္ဏော၀ သာသပေါ။**
အတ္ထဘာဝေန ဆာဒိယာ၊ ဧတေ မေ ဇယမင်္ဂလံ။ ။

အန္တောဂတ္တေ၊ မုန်ညင်းစေ့အတွင်း၌။ ဂ္ဂတောစိ'တော၊ ထိုမှ,ဤမှ။ စင်္ကမန္တေ၊ စင်္ကြံကြွတော်မူခြင်းသည်။ ဂ္ဂဒ္ဒိဝဏ္ဏော၀၊ တန်ခိုးဖန်ဆင်းခြင်းမျှသာတည်း။ သော သာသပေါ၊

http://www.dhammadownload.com

ထိုမုန်ညင်းစေ့ကို။ မဟန္တော၊ ကြီးအောင် ဖန်ဆင်းတော်မူသည်။ နှ၊ မဟုတ်။ (ဤ၌ "ဣန္ဒိဝဏ္ဏော နှ သာသပေါ"ဟု ရှိသော်လည်း သင့်၏။ ဣန္ဒိဝဏ္ဏော၊ ကိုယ်တော်ကို ငယ်အောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူသည်၊ နှ၊ မဟုတ်။ သာသပေါ၊ မုန်ညင်းစေ့ကို။ မဟန္တော၊ ကြီးအောင် ဖန်ဆင်းတော်မူသည်။ နှ၊ မဟုတ်။ ဤသို့ အနက်ပေးသင့်၏။)

အတ္ထဘာဝေန ဆာဒိယာ၊ ကိုယ်တော်၏အဖြစ်ဖြင့် စကြဝဠာတိုက်အလုံးကို ဖုံးလွှမ်းတော်မူခြင်း အစရှိကုန်သော။ ဇတော၊ ထိုဘုရားကျေးဇူးတော် တို့သည်။ မေ၊ ငါအား၊ ဇယမင်္ဂလံ၊ အောင်ကြောင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေ သတည်း။

၁၂၃၇-ခု၊ တပို့တွဲလဆုတ်၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်ိမြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

မန္တလေးမြို့၊ သဘော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာနေ၊ ရဟန်းတော် ဦးကိတ္တ-က ပဋ္ဌာန်, အဋ္ဌာန်, ဒသာန်တို့ကို ဥပေါသထ အမည်ရသည်ကို သိမှတ်ရန် လျှောက်ထားချက်

[၇၄] "ပဋ္ဌာန်သီလ, အဋ္ဌာန်သီလ, ဒသာန်သီလတို့တွင် အဋ္ဌာန်သီလကိုသာ ဥပေါသထ-ဟု ခေါ်ဝေါ်ပညတ်ကြပါသည်။ ပဋ္ဌာန်, ဒသာန်သီလတို့ကို ဥပေါသထ-ဟု မခေါ်ဝေါ်ကြရာ၌ အဋ္ဌာန်သီလသည်သာ အဘယ့်ကြောင့် ဥပေါသထအမည်ကို ရသည်ဟု နေရာကျ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စကားပါ ရဟန်းတော် ဦးကိတ္တိ လျှောက်ချက်–

[၇၄] အဋ္ဌာန်သီလ၏ ဥပေါသထ-ဟူသော အမည်ထူးကို မေးလျှောက်သည်မှာ–

မြတ်စွာဘုရား သစ္စာ ၄-ပါးကို သိတော်မူပြီး၍ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ သောတာပတ္တိဖိုလ်ကို ရရာပါသော ဝိသာခမည်သော သူဌေးကြီး သည် မြတ်စွာဘုရားထံမှ တရားတော်ကို နာရ၍ အနာဂါမိဖိုလ်၌ တည်၍

http://www.dhammadownload.com

အိမ်သို့ ပြန်လတ်သော် အခါတပါးသော နေ့တို့၌ ရွှင်မြူးပြုံးရယ်ခြင်းကို ပြု၍ ထိုမှ,ဤမှ ကြည့်လျက် သွား၏။

ထိုနေ့ကား ဤသို့ မဟုတ်၊ ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသည်ဖြစ်၍ လာသောအမူအရာကို ဓမ္မဒိန္နမည်သော သူဌေးကတော်က လေသာပြူတင်းမှ မြင်ရလေလျှင် "အမူအရာ လာချက် ထူးလှ၏။ အကြောင်းအသို့ ရှိလိမ့်မည်နည်း"ဟု စောင်းတန်းဦး၌ ရပ်လျက် လက်ကို ဆွဲကိုင်လတ်သော် အထိအကိုင်မခံဘဲ လက်ကို သိမ်းရုပ်၍ ထားလတ်၏။ ထိုအခါ ဓမ္မဒိန္နသူဌေးကတော်က "နံနက်စာ စားကြသောအခါမှ သိရလတ္တံ့"ဟု ကြံအောက်မေ့၏။

သူဌေးလည်း ရှေးအခါ ဓမ္မဒိန္နာနှင့်အတူတကွ စားကြသည်ကို ထိုနေ့မှာ ဓမ္မဒိန္နမပါဘဲ ယောဂါဝစရ ရဟန်းကြီးကဲ့သို့ တစ်ယောက်တည်းသာ စားရလေရကား "ညချမ်းသောအခါ အိပ်နေရာတွင် ငါသိရလတ္တံ့"ဟု ကြံအောက်မေ့ပြန်၍ "ထိုညမှာ အိပ်ရာတိုက်ခန်း တပါးသို့ သွား၍ အိပ်နေလေလျှင် သူဌေးကြီးမှာ ကြိုက်ချစ်နှစ်သက် စုံမက်နှစ်သက်သောသူကိုသော်လည်း တွေ့မြင်ခဲ့သလော။ တစ်စုံတစ်ယောက်သောသူတို့ ကုန်းတိုက်ကုန်းချော ပြောဆို၍ ရှိလေသလော။ တစ်စုံတစ်ခုသော အပြစ်အာဒီနဝပင် ငါ့မှာ ရှိခဲ့လေသလော"ဟု ဒေါမနဿဖြစ်၍ ၂-ရက်မြောက်သောနေ့တွင် ချဉ်းကပ်၍ မေးသည်တွင် "ယခင်ဆိုခဲ့သမျှ ၃-ကိစ္စတွင် တစ်ခုခုမျှ မရှိကြောင်း"ကို ပြန်ပြောလေလျှင် "ရှင်သူဌေးသည် ရှေးအခါကမူ(လို) အတူတကွ မြွက်ဟသံချို့ မပြောဆိုပါသောကြောင့် အလိုကို မသိရ"ဟု ဆိုသောကာလ ဤလောကုတ္တရာတရားသည် အလေးအမြတ် ပြုအပ်လှ၏။ သူတပါးတို့အား ထင်ရှား မပြခဲ့။ အကယ်၍ သူဌေးမအား ဟုတ်မှန်တိုင်း မကြားပေရကား နှလုံးကွဲပြတ်၍ ဤအရပ်တွင်ပင် သေလေရာ၏။

ထို့ကြောင့် သူဌေးမအား ကရုဏာတရားကို ရှေ့ထားသဖြင့် "မြတ်စွာဘုရားထံမှ လောကုတ္တရာတရားကို ရခဲ့ပေသည်ဖြစ်၍ ဤသို့ သဘောရှိသော လောကီလူတို့ အမူအရာနှင့် မအပ်ပြီ"ဟု ဝိသာခသူဌေးက ဆိုကြောင်းကို–

> "အယံ လောကုတ္တရဓမ္မော နာမ ဂရုဘာဝနီယော န ပကာသေတဗ္ဗော။ သစေ ခေါ ပနာ'ဟံ န ကထေဿာမိ၊ အယံ ဟဒယံ ဖာလေတ္ဝာ ဧတ္ထေဝ ကာလံ ကရေယျာ"တိ၊ တဿာ'နုဂ္ဂဟာယ ကထေသိ၊ ဓမ္မဒိန္နေ အဟံ သတ္ထု ဓမ္မဒေသနံ သုတ္ဝာ လောကုတ္တရဓမ္မံ နာမ အဓိဂတော၊ တံ အဓိဂတဿ ဧဝရူပါ လောကိယကိရိယာ န ဝဋ္ဋတိ။ - (မ၊ဋ္ဌ၊၂။၂၅၆။ ထောက်ဝိသဒိသံ)

http://www.dhammadownload.com

ဟု မူလပဏ္ဏာသ၊ အဆုံးစွန်သော စူဠယမကဝဂ်အစု၊ ၄-ခုမြောက်သော စူဠဝေဒလ္လအဖွင့် အဌကထာတွင် လာသတည်း။

အယံ လောကုတ္တရမဂ္ဂော နာမ၊ ဤလောကုတ္တရာတရားမည်သည်ကား။ ဂရုဘာဝနိယော၊ အလေးအမြတ် ပြုအပ်ပေ၏။ နံ ပကာသေတဗ္ဗော၊ ထင်ရှား မပြအပ်။ သစေ၊ အကယ်၍။ အဟံ၊ ငါသည်။ နံ ကထေဿာမိ၊ မပြောဆိုချေအံ့။ အယံ၊ ဤဓမ္မဒိန္နာသည်။ ဟဒယံ ဖာလေတွာ၊ နှလုံးကွဲ၍။ ဇတ္ထေ၀၊ ဤအရပ်၌ပင်လျှင်။ ကာလံ ကရေယျ၊ သေရာ၏။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ တဿာ၊ ထိုဓမ္မဒိန္နာအား။ အနုဂ္ဂဟာယ၊ ချီးမြှင့်ခြင်းငှာ။ ကထေသိ၊ ဆိုပေ၏။ ဓမ္မဒိန္နေ၊ ဓမ္မဒိန္နာ။ အဟံ၊ ငါသည်။ သတ္ထု ဓမ္မဒေသနံ၊ မြတ်စွာဘုရား၏ တရားတော်ကို။ သုတွာ၊ ကြားနာရ၍။ လောကုတ္တရဓမ္မံ နာမ၊ လောကုတ္တရာတရားမည်သည်ကို။ အဓိဂတော၊ ရခဲ့ပြီ။ တံ၊ ထိုလောကုတ္တရာတရားကို။ အဓိဂတဿ၊ ရသောသူအား။ ဇဝရူပါ၊ ဤသို့ သဘောရှိသော။ လောကိယကိရိယာ၊ လောကီလူတို့၏ အမူအရာသည်။ နံ ဝဋ္ဋတိ၊ မအပ်။

ထိုသို့ အကြောင်းစကား ပြန်ကြားပြောဆိုပြီးမှ "ဓမ္မဒိန္နာကို ယုံကြည်စိမ့်သောဌာသင်၏အမွေဖြစ်သော ရွှေ, ငွေ,ဘဏ္ဍာ ဥစ္စာကုဋ္ဌေ-၄၀၊ ငါ၏ဥစ္စာဖြစ်သော ရွှေ,ငွေ, ဘဏ္ဍာ ဥစ္စာကုဋ္ဌေ-၄၀၊ ဤ ၈၀-သော ရွှေ, ငွေ, ဘဏ္ဍာတို့ကို သင်ယူ၍ ငါ၏ဘ,မိ(အမိ)၊ အစ်မ,နှမ အရာ၌ တည်၍ ငါ့ကို လုပ်ကျွေးပါလော့။ ယင်းသို့မဟုတ် ဤဥစ္စာတို့ကို ယူ၍ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးသော အမျိုးအိမ်သို့သော်လည်း သွားလိုလျှင် သွားရာ၏။ ထိုသို့တမူသူတစ်ဦးနှင့် အတူကျွမ်းဝင် မနေချင်လည်း ရှင်မကို နှမ, သမီးရာနှင့် ငါလုပ်ကျွေးအံ့"ဟု စကားအလုံးစုံ အကုန်မကျန် ပြန်ဆိုခွင့်ပေးသတည်း။

ထို့ကြောင့် ၎င်းမူလပဏ္ဏာသ၊ အဆုံးစွန်သော စူဠယမကဝဂ်၊ ၄-ခုမြောက်သော စူဠဝေဒလ္လသုတ်အဌကထာ(မ၊၃၊၂။ ၂၅၆။ထောက် ဝိသဒိသံ)တွင်–

> ယဒိ တွံ ဣစ္ဆသိ၊ တဝ စတ္တာလီသကောဋိယော မမ စတ္တာလီသကောဋိယော'တိ အသီတိကောဋိဓနံ အတ္ထိ၊ ဇေဋ္ဌ ဣဿရာ ဟုတ္ဝာ မမ မာတုဋ္ဌာနေ ဝါ ဘဂိနိဋ္ဌာနေ ဝါ ဌပေတွာ ဝသ၊ တယာ ဒိန္နေန ဘတ္တပိဏ္ဍမတ္တေန အဟံ ယာပေဿာမိ၊ အထေဝံ နံ ကရောသိ၊ ဣမေ ဘောဂေ ဂဟေတွာ ကုလဂေဟံ ဂစ္ဆ၊ အထာပိ တေ ဗဟိဒ္ဓါ ပတ္ထနာ နတ္ထိ၊ အဟံ တံ ဘဂိနိဋ္ဌာနေ ဝါ ဓိတုဋ္ဌာနေ ဝါ ဌပေတွာ ပေါသေဿာမိ–

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

http://www.dhammadownload.com

ဓမ္မဒိန္နေ၊ ဓမ္မဒိန္နာ။ တွဲ၊ သင်သည်။ ယဒိ ဣဿိသိ၊ အကယ်၍ အလိုရှိအံ့။ တဝ၊ သင်၏။ စတ္တာသိသကောဋိယော၊ ကုဋေ ၄၀-သော ဥစ္စာတို့လည်းကောင်း။ မမ၊ ငါ၏။ စတ္တာလီသကောဋိယော၊ ကုဋေ ၄၀-သော ဥစ္စာတို့လည်းကောင်း။ ဣတိ၊ ဤသို့။ အသီတိ-ကောဋိဓနံ၊ ကုဋေ ၈၀-သောဥစ္စာသည်။ အတ္ထိ၊ ၏။ ဇတ္ထ၊ ဤ ၈၀-သောဥစ္စာ၌။ ဣဿရာ ဟုတ္တာ၊ အစိုးရသည်ဖြစ်၍။ မမ၊ ငါ၏။ မာတိဌာနေ ဝါ၊ အမိ၏အရာ၌လည်းကောင်း။ ဘဂိနိဌာနေ ဝါ၊ နှမ၏အရာ၌လည်းကောင်း။ ဌပေတွာ၊ တည်၍။ ဝသ၊ နေလော့။ တယာ-ဒိန္နေန၊ သင်ပေးသော။ ဘတ္တပိဏ္ဍမတ္တေန၊ ထမင်းမျှဖြင့်။ အဟံ၊ ငါသည်။ ယာပေဿာမိ၊ မျှတအံ့။ အထ၊ ထိုမှတပါး။ ဧဝံ နာ ကရောသိ၊ ဤသို့ မပြုလိုသေးသည် ဖြစ်အံ့။ ဝါ၊ ဤသို့ မနေလိုသေးသည် ဖြစ်အံ့။ ဣမေ ဘောဂေ၊ ဤကုဋေ ၈၀-သော ဥစ္စာတို့ကို။ ဂဟေတွာ၊ ယူ၍။ ကုလဂေဟံ၊ ကြိုက်ရာ အမျိုးအိမ်သို့။ ဂစ္ဆ၊ သွားလော့။ အထာပိ၊ ထိုမှတပါးလည်း။ တေ၊ သင့်အား။ ဟတ္ထိဒ္ဓါ၊ အပ၌။ ပတ္ထနာ၊ တောင့်တသော အရာသည်။ နတ္ထိ၊ မရှိခဲ့အံ့။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ ဘဂိနိဌာနေ ဝါ၊ နှမ၏အရာ၌လည်းကောင်း။ မိတုဌာနေ ဝါ၊ သမီး၏အရာ၌လည်းကောင်း။ ဌပေတွာ၊ ထား၍။ ပေါသေဿာမိ၊ လုပ်ကျွေးအံ့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

(ဤသို့ စကားဥဿုံ အကုန်အပ်နှင်းသော ကာလမှ ဓမ္မဒိန္နာသည် စိတ်ချယုံကြည်လေသည်။ ဘဂိနိ-ဟူသောပုဒ်၌ ဂိ-မှာ ဤဒီဃနှင့် နိ-မှာ၊ ဣရဿနှင့် ဘဂိနိ-ဟု ရှိတတ်,တွေ့တတ် ဖတ်ရွတ်ပြောဆို ကြ၏၊ မသင့်။ ဘဂိနိ-ဟု၊ ဂိ-မှာ ဣရဿနှင့်၊ နိ-မှာ ဤဒီဃနှင့် ရှိမှ သင့်မည်။ ပတိဘိက္ခုရာဇိကာရန္တေဟိ ဣနိ။ ကစ္စညိုးသုတ်၊ ဝိတု၊ ဓိတုပုဒ်များ၌လည်း ဝိတု ဓိတု-ဟု ဝိဓိ တို့မှာ ဤဒီဃနှင့် ရှိတတ်ကြ၏၊ မသင့်။ ဝိ ဓိ-ဟု ဣရဿနှင့် ရှိမှသင့်မည်။ ပါဒိတော ရိတု-ကစ္စညိုးသုတ်။)

ဤပြဆိုခဲ့ပြီးသော မူလပဏ္ဏာသ၊ စူဠဝေဒလ္လသုတ် အလိုအားဖြင့် အနာဂါမ်ပုဂ္ဂိုလ်တို့ ရွှေ့ငွေ့-စသော ဘဏ္ဍာကာရိယ ဇာတရူပဝတ္ထုတို့ကို သိမ်းသိမ်းဆည်းကြောင်းကို သိရာ၏။ ထို့ကြောင့် ဇာတရူပရဇတပဋိဂ္ဂဟဏမှ ကြဉ်သည့်အရာကို အရိယာတို့ အလေ့မဟုတ်။ တိကနိပါတ်၊ အင်္ဂုတ္တိရ် ၁၀-ခုမြောက်သော ဝိသာခုပေါသထသုတ်တွင် ရဟန္တာတို့သည် 'ပါဏာတိပါတာ'-အစ၊ 'ဥစ္စာသယန'-အဆုံးရှိသော အင်္ဂါ ၈-ပါးတို့ကို အသက်ထက်ဆုံးပင် ကောင်းစွာ စောင့်ရှောက်ကြောင်းကို—

ယာဝဇီဝံ အရဟန္တော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတာ နိဟိတဒဏ္ဍာ နိဟိတသတ္ထာ လဇ္ဇီ ဒယာပန္နာ သဗ္ဗပါဏဘူတာနုကမ္ပိနော ဝိဟရန္တိ၊ အဟံ ပ'ဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော၊ သဗ္ဗပါဏ-ဘူတာနုကမ္ပီ ဝိဟရာမိ၊ ဣမိနာပိ အင်္ဂေန အရဟတံ အနုကရောမိ။ ဥပေါသ-

http://www.dhammadownload.com

ထော စ မေ ဥပဝုဋ္ဌော ဘဝိဿတိ ။လ။ ယာဝဇီဝံ အရဟန္တော ဥစ္စာသယန-မဟာသယနံ ပဟာယ ဥစ္စာသယနမဟာသယနာ ပဋိဝိရတာ နီစေ သေယျံ ကပ္ပေန္တိ မဉ္ဉေ ဝါ တိဏသန္ထာရကေ ဝါ။ အဟံ ပ'ဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ဥစ္စာသယနမဟာသယနံ ပဟာယ ဥစ္စာသယနမဟာသယနာ ပဋိဝိရတော နီစေ သေယျံ ကပ္ပေမိ မဉ္ဉေ ဝါ တိဏသန္ထာရကေ ဝါ ဣမိနာပိ အင်္ဂေန အရဟတံ အနုကရောမိ၊ ဥပေါသထော စ မေ ဥပဝုဋ္ဌော(ဝုတ္ထော) ဘဝိဿတိ။

ဟု ဟောတော်မူသည်။ (အံ၊၁။၂၁၁-၃)

ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ပါဏာတိပါတံ၊ ပါဏာတိပါတကို။ ပဟာယ၊ ပယ်၍။ ပါဏာတိပါတာ ပဋိဝိရတာ၊ ပါဏာတိပါတမှ ကြဉ်သည်ဖြစ်၍။ နိဟိတဒဏ္ဍာ၊ ချအပ်သောဒဏ်ရှိကုန်သည်ဖြစ်၍။ နိဟိတသတ္ထာ၊ ချအပ်သော လက်နက်ရှိကုန်သည်ဖြစ်၍။ လဇ္ဇီ၊ မကောင်းမှုမှ ရှက်ကုန်သည်ဖြစ်၍။ ဒယာပန္နာ၊ သနားခြင်းသို့ ရောက်ကုန်သည်ဖြစ်၍။ သဗ္ဗပါဏဘူတာနုကမ္ပိနော၊ ခပ်သိမ်းသော သတ္တဝါတို့ကို အစဉ်သနားကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ အဟံပိ၊ ငါသည်လည်း။ အဇ္ဇ၊ ယခု။ ဣမဉ္စ ရတ္တိံ၊ ဤညဉ့်ပတ်လုံး။ ဣမဉ္စ ဒိဝသံ၊ ဤနေ့ပတ်လုံး။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ ကြဉ်သည်ဖြစ်၍။ နိဟိတဒဏ္ဍော၊ ချအပ်သော ဒဏ်ရှိသည်ဖြစ်၍။ နိဟိတသတ္ထော၊ ချအပ်သော လက်နက်ရှိသည်ဖြစ်၍။ လဇ္ဇီ၊ မကောင်းမှုမှ ရှက်သည်ဖြစ်၍။ ဒယာပန္နော၊ သနားခြင်းသို့ ရောက်သည်ဖြစ်၍။ သဗ္ဗပါဏဘူတာနုကမ္ပီ၊ ခပ်သိမ်းသော သတ္တဝါတို့ကို သနားသည်ဖြစ်၍။ ဝိဟရာမိ၊ နေအံ့။ ဣမိနာပိ အင်္ဂေန၊ ဤပါဏာတိပါတမှ ကြဉ်သော အင်္ဂါတစ်ပါးဖြင့်လည်း။ အရဟတံ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့ကို။ အနုကရောမိ၊ အတု လိုက်၍ ကျင့်အံ့။ မေ၊ ငါသည်။ ဥပေါသထော၊ ဥပုသ်ကို။ ဥပဝုဋ္ဌော၊ သုံးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ (ဤတွင် ပေယျာလထားသည်မှာ "ယာဝဇီဝံ အရဟန္တော အဒိန္နာဒါနံ ပဟာယ"စသည်ဖြင့် မာလာဂန္ဓသိက္ခာ ပုဒ်ကျအောင် ပါဠိဒေသနာစဉ် နည်းတူဖြစ်၍ ထားသည်။)

ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ဥစ္စာသယန-မဟာသယနံ၊ မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်းကို။ ပဟာယ၊ ပယ်၍။ ဥစ္စာ-သယန မဟာသယနာ ပဋိဝိရတာ၊ မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်းမှ ကြဉ်ကုန် သည်ဖြစ်၍။ မဉ္ဉေ ဝါ၊ ညောင်စောင်း၌လည်းကောင်း။ တိဏသန္ထာရကေ ဝါ၊ မြက်အခင်း၌ လည်းကောင်း။ နီစေ၊ နိမ့်သောနေရာ၌လည်းကောင်း။ သေယျံ၊ အိပ်ခြင်းကို။ ကပ္ပေန္တိ၊ ပြုကုန်၏။ အဟံ ပိ၊ ငါသည်လည်း။ အဇ္ဇ၊ ယခု။ ဣမဉ္စ ရတ္တိံ၊ ဤညဉ့်ပတ်လုံး။ ဣမဉ္စ ဒိဝသံ၊ ဤနေ့ပတ်လုံး။ ဥစ္စာသယနမဟာသယနံ၊ မြင့်သောနေရာ, မြတ်သောနေရာ၌

http://www.dhammadownload.com

နေခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ဥစ္စာသယနမဟာသယနာ ပဋိဝိရတော၊ မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်းမှ ကြဉ်သည်ဖြစ်၍။ မဥ္စေ ဝါ၊ ညောင်စောင်း၌လည်းကောင်း။ တိဏသန္ထာရကေ ဝါ၊ မြက်အခင်း၌လည်းကောင်း။ နိစေ၊ နိမ့်သောနေရာ၌လည်းကောင်း။ သေယျံ၊ အိပ်ခြင်းကို။ ကပ္ပေမိ၊ ပြုအံ့။ ဣမိနာပိ အင်္ဂေန၊ ဤဥစ္စာသယန မဟာသယနမှ ကြဉ်ခြင်း-ဟူသော အင်္ဂါ ၁-ပါးဖြင့်လည်း။ အရဟတံ၊ ရဟန္တာပုဂ္ဂိုလ်တို့ကို။ အနုကရောမိ၊ အတုလိုက်၍ ကျင့်အံ့။ မေ၊ ငါသည်။ ဥပေါသထော စ၊ ဥပုသ်ကိုလည်း။ ဥပဝုဋ္ဌော၊ သုံးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဤသို့ ကျမ်းအလာ ဒေသနာအရကို ထောက်ဆန့်ကျင်းညီဆင်ခြင်လျှင် လူပုဂ္ဂိုလ်လျှင် ဖြစ်လင့်ကစား သဘာဝအားဖြင့် 'ပါဏာတိပါတ'-အစ 'ဥစ္စာသယန'-အဆုံးရှိသော အင်္ဂါ စ-ပါးကို 'အနာဂါမ်, ရဟန္တာ'ဟု ဆိုအပ်သော အရိယာပုဂ္ဂိုလ်တို့မှာ ယာဇီဝံပင် ကြဉ်ရှောင်ကြသော အဓလေ့ဖြစ်ရကား အရိယာတို့ အလေ့သို့ ကပ်၍ ကျင့်သုံးဆောက်တည်အပ်သောကြောင့် အင်္ဂဏ်သီလသည် ဥပေါသထ မည်၏။ ဇာတရူပရဇတမှ ကြဉ်သည်ကို အရိယာတို့ သဘာဝ အဓလေ့-ဟု မလာ၊ အင်္ဂဏ်သီလကိုသာ လာသည်။

"ဥပဝသိတဗ္ဗောတိ ဥပေါသထော"ဟူ၍လည်းကောင်း

"ဥပဂန္တာ ဝသိတဗ္ဗောတိ ဥပေါသထော"ဟူ၍လည်းကောင်း ဝစနတ်ပြု။ အင်္ဂဏ်သီလကို ရစေ။

ဤသို့ ပါဠို, အဋ္ဌကထာလာသောကြောင့် ဥပသမ္ပဒအဖြစ်သို့ ရောက်သည်နှင့်တကွ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ခြင်းကိစ္စ ပြီးလေသကဲ့သို့ ထို့အတူ အနာဂါမ်, ရဟန္တာ-ဟု ဆိုအပ်သော အရိယာပုဂ္ဂိုလ်တို့သည် မင်္ဂ,ဖိုလ်ရသည်နှင့်တကွ ဤအင်္ဂဏ်သီလကို စောင့်ရှောက်ခြင်းကိစ္စ ပြီးလေရကား အနာဂါမ်,ရဟန္တာ-ဟု ဆိုအပ်သော အရိယာပုဂ္ဂိုလ်တို့ အလေ့သို့ ကပ်၍ နေအပ်သော အနက်သဘော၊ ထိုအနာဂါမ်,ရဟန္တာ-ဟု ဆိုအပ်သော အရိယာပုဂ္ဂိုလ်တို့၏ အလေ့သို့ အတုလိုက်၍ ကျင့်အပ်သော အနက်သဘောကြောင့် ဥပေါသထ-ဟူသော အမည်ထူး ရကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။

၁၂၃၇-ခု၊ တပေါင်းလဆန်း၊ ၉-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုလိုက်သည်။

★★★★★★★

http://www.dhammadownload.com

စည်ရှည်တံခါးတွင်းနေ ဒကာ မောင်သာဦး-က ယုဂ် ၄-ပါးတို့၏ အမည်နာမ, ကာလအပိုင်းအခြားကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၇၅] "ဘုရားတပည့်တော် စည်ရှည်တံခါးတော်တွင်းနေ ဒကာ သောဦးခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

လောကဌ် ယုဂ် ၄-ပါးတို့၏ အမည်နာမ, သရုပ်မူလ, နှစ်အပိုင်းအခြားများကို သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်အဆိုပါ ဒါယကာ မောင်သာဦးလျှောက်ချက်–

ယုဂ် ၄-ပါးတို့၏ အမည်ကာလ, အပိုင်းအခြား ဖြစ်ပုံများကို မေးလျှောက်သည်မှာ ယုဂ်အပြား ၄-ပါးရှိသည်။ ၄-ပါးဟူသော်ကား ကတယုဂ်, တေတာ(တြေတာ)ယုဂ်, ဒွါပရယုဂ်, ကလိယုဂ်-ဟူ၍ ၄-ပါးတည်း။ ထို ၄-ပါးတို့တွင် ရှေးဦးစွာ–

ကတယုဂ်သည် နှစ်အရေအတွက်အားဖြင့် တစ်သန်းခုနစ်သိန်းနှစ်သောင်း, ရှစ်ထောင်(၁၇၂၈,၀၀၀) ကြာ၏။ ကတယုဂ်ဆန်းသောကာလ လူတို့သည် အခြေ ၄-ချောင်းထောက်၍ နေသကဲ့သို့ သစ္စာမှန်ကန်ခြင်း, သူကျေးဇူးကို သိခြင်း, အမိ,အဘ အသက်အရွယ်ကြီးသော သူတို့ကို ရိုသေခြင်း-စသည်ဖြင့် တရားကို စောင့်ကြကုန်၏။

တေတာ(တြေတာ)ယုဂ်သည် နှစ်အရေအတွက်အားဖြင့် တစ်သန်းနှစ်သိန်းကိုးသောင်းခြောက်ထောင်(၁၂၉၆,၀၀၀) ကြာ၏။ တြေတာယုဂ်ဆန်းသောကာလ လူတို့သည် အခြေ ၃-ချောင်းထောက်၍ နေသကဲ့သို့ သစ္စာ မှန်ကန်သည်။ သူကျေးဇူးကို သိခြင်း, အမိအဘ အသက်ကြီးသော သူတို့ကို ရိုသေခြင်း-စသည်ဖြင့် တရားကို စောင့်သောသူကား ၃-စုသာ ရှိ၏။ တရားကို မစောင့်သောသူ ၁-စု ရှိ၏။

ဒွါပရယုဂ်သည် နှစ်အရေအတွက်အားဖြင့် ရှစ်သိန်းခြောက်သောင်းလေးထောင်(၈၆၄,၀၀၀) ကြာ၏။ ထိုဒွါပရယုဂ်ဆန်းသောကာလ လူတို့သည် အခြေ ၂-ချောင်းထောက်၍ နေဘိသကဲ့သို့ သစ္စာမှန်ကန်ခြင်း, သူကျေးဇူးကိုသိခြင်း-စသည်ဖြင့် တရားကို စောင့်သောသူ ၂-စု၊ မစောင့်သူ ၂-စု ရှိကုန်၏။

http://www.dhammadownload.com

ကလိယုဂ်သည် နှစ်အရေအတွက်အားဖြင့် လေးသိန်းသုံးသောင်းနှစ်ထောင် (၄,၃၂,၀၀၀) ကြာ၏။ ထိုကလိယုဂ်ဆန်းသောကာလ လူတို့သည် အခြေ ၁-ချောင်းထောက် ၍ နေဘိသကဲ့သို့ သစ္စာစောင့်ခြင်း, သူကျေးဇူးကို သိခြင်း-စသည်ဖြင့် တရားကို စောင့်သော သူ ၁-စုသာ ရှိ၏။ တရားကို မစောင့်သောသူကား ၃-စု ရှိ၏။

ထိုယုဂ် ၄-ခုအပေါင်းအားဖြင့် လေးသန်းသုံးသိန်းနှစ်သောင်း (၄၃,၂၀,၀၀၀) ကြာ၏။ ထိုယုဂ် ၄-ခုတို့သည် အလှည့်အလည်အားဖြင့် ဆန်းတုံ့,တက်တုံ အကြိမ် ၁,၀၀၀-ရှိသောကာလ လူတို့(၏)ဟာယနကပ် ကုန်၏။ ထိုအတူ ဆန်းတုံ့,တက်တုံအားဖြင့် အကြိမ် ၁,၀၀၀- စေ့သောကာလ လူတို့၏ ဝမ္မုနကပ် ကုန်ပြန်၏။

ထို့ကြောင့် အဘိဓာနပ္ပဒီပိကာမည်သော ဋီကာကျမ်း(နှာ ၆၇-၈)၌–

သုညံသုညံခံ နာဂါ၊ ကရမုနိသသိနော။
မာန'မာ ဒေါယုဂဿ၊ တေတာယ(တြေတာယ) ခံခံသုညံ။

ရသနဝသူရိယာ၊ ဝဿသင်္ခ်ာ ပသိဒ္ဓါ။
သုညံသုညံခံ ဝေဒါ၊ ရသဘုဇဂမိတိ။

ဒွါပရေ ဝဿသင်္ခ်ာ၊ သုညာကာသံခံနေတ္တာ။
ဂုဏလနိဓယော၊ ဝဿ သင်္ခ်ာ ကလိသော်တိ။

ဝိဇ္ဇော စေသ ဝိသတိဝဿသဟဿာဓိကာနိ တိစတ္တာရိသာနိ ဝိသတိ-ဝိဿသဟဿာနိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အာဒေါယုဂဿ၊ အစဖြစ်သော ကတယုဂ်၏။ မာနံ၊ အတိုင်းအရှည် ပမာဏသည်။ သုညံသုညံခံ နာဂါ ကရမုနိသသိနော၊ တစ်သန်းခုနစ်သိန်းနှစ်သောင်းရှစ်ထောင် (၁၇,၂၈,၀၀၀)ကုန်သော။ ဝဿသင်္ခ်ာ၊ နှစ်အရေအတွက်တို့သည်။ ပသိဒ္ဓါ၊ ပြီးကုန်၏။

တြေတာယ၊ တြေတာယုဂ်၏။ ခံခံသုညံ ရသနဝစန္ဒသူရိယာ၊ တစ်သန်း နှစ်သိန်းကိုးသောင်းခြောက်ထောင် (၁၂,၉၆,၀၀၀)ကုန်သော။ ဝဿသင်္ခ်ာ၊ နှစ်အရေအတွက်တို့သည်။ ပသိဒ္ဓါ၊ ပြီးကုန်၏။

ဒွါပရေ၊ ဒွါပရယုဂ်၌။ သုညံသုညံခံ ဝေဒါရသဘုဇဂမိတိ၊ ရှစ်သိန်း ခြောက်သောင်းလေးထောင် (၈,၆၄,၀၀၀)ဟု ဆိုအပ်ကုန်သော။ ဝဿသင်္ခ်ာ၊ နှစ်အရေအတွက်တို့သည်။ ပသိဒ္ဓါ၊ ပြီးကုန်၏။

http://www.dhammadownload.com

ကလိသ၊ ကလိယုဂ်၏။ သုညာ'ကာသံခံ နေတ္တဂုဏာဇလနိဓယော၊ လေးသိန်း သုံးသောင်းနှစ်ထောင် (၄,၃၂,၀၀၀)ကုန်သော။ ဝဿသင်္ချာ၊ နှစ်အရေအတွက်တို့သည်။ ပသိဒ္ဓါ၊ ပြီးကုန်၏။

ဣတိ၊ ဤသို့။ ဧသ ဧသော စတုယုဂေါ၊ ထို ၄-ပါးသောယုဂ်ကို။ ပိဏ္ဍော၊ ပေါင်းသည်ရှိသော်။ ဝိသတိဝဿသဟဿာဓိကာနိ၊ အနှစ် ၂-သောင်း အလွန်ရှိကုန်သော။ တိစတ္တာရိသာနိ၊ လေးသန်း သုံးသိန်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုယုဂ် ၄-ခုတို့၏အကြောင်းကို အမရကောသ၊ သူရိယသိဒ္ဓန္တ၊ ဗျို့ဟဒ်၊ ရာဇမတ္တဏ်ကျမ်းတို့၌လည်း လာ၏။

၁၂၃၇-ခု၊ တပေါင်းလဆန်း၊ ၇-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

စည်ရှည်တံခါးတော်တွင်းနေ ဒါယကာ မောင်သာဦး-က တစ်ကျိပ်ကိုးယောက် အပျိုစင်-ဟု အစခံသော ပုစ္ဆာပြဿနာကို ဝိသဇ္ဇနာပြုပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၇၆] "ဘုရားတပည့်တော် မန္တလေးရတနာပုံရွှေမြို့တော် နောက်မျက်နှာ၊ စည်ရှည်တံခါးတော်တွင်းနေ ဒကာ သောဦး ခြေတော်ဦးခိုက် လျှောက်ပါသည်ဘုရား။

- တစ်ကျိပ်ကိုးယောက် အပျိုစင်။
- နဒီကို ရေကစား,သွားသည့်ဖြစ်အင်။
- တစ်ယောက်ပင် ရေတွင်သေခဲ့။
- အိမ်ပြန်မှာ နှစ်ကျိပ်ပွါးသည်လို့၊
  စကားကို ပိုမပြောပါဘူး၊ ကျမ်းဟောသတဲ့-

ဟူသော ကဗျာစကား၏အရကို နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

http://www.dhammadownload.com

အထက်စကားပါ ဒါယကာ မောင်သာဦး လျှောက်ချက်—

'တစ်ကျိပ်ကိုးယောက် အပျိုစင်'-ဟူသော ကဗျာအရကို မေးလျှောက်သည်မှာ ဤစကား၌ အချို့လည်း ပဋိသန္ဓေအခါ ဥဒ္ဓစ္စစေတနာကြဉ်သော ကုသိုလ်,အကုသိုလ် (စေတနာ)၁၉-ခုတို့သည် ဖြစ်ကုန်၏။ ပဝတ္တိကာလမှ ဥဒ္ဓစ္စစေတနာကို ရပြန်သောကြောင့် ၂၀-ဖြစ်၍ ၂-ကျိပ်ဆိုသည်-ဟု ဖြေဆိုကြကုန်၏၊ ထိုစကား မသင့်။

အဘယ့်ကြောင့်နည်းဟူမူ ဥဒ္ဓစ္စစေတနာကြဉ်သော စေတနာ ၁၉-ခုတို့သည် ပဋိသန္ဓေအခါ ဖြစ်သည် မှန်စေ၊ ၁၉-ခု အနက်တွင် ၁-ခုယုတ်ခဲ့လျှင် ၁၈-ခုဖြစ်မှ ၁၉-ခုတွင် ၁-ယောက်ကို မိကျောင်း ဖမ်းယူလေသည်ဆိုသော စကားနှင့် ညီကြမည်။ ၁၉-တွင် ၁-ယောက်ကို ယူလျှင် ၁၈-ကျန်၊ အိမ်ပြန်ကို ၂-ခုလောင်းမှ ၂-ကျိပ် ဖြစ်ရပါမည်ကို ဖြေဆိုသောသူ၏ စကားအရမှာ ဥဒ္ဓစ္စသည် စ-ရင်းကပင် မပါခဲ့။ ဥဒ္ဓစ္စပြင် မည်သည့် စေတနာ ပဋိသန္ဓေအခါယုတ်၍ ပဝတ္တိမှသည် စေတနာတိုးသည်-ဟူ၍လည်း ကျမ်းဂန် မလာလေရကား မိမိစကားကို မိမိ ဖြေမိ,ဖြေရာ စာမှ ဖြစ်စေဆိုသောကြောင့် မသင့်။

ထိုသို့ ဖြေဆိုသည်မှာလည်း–

ဇော်ဌာ'ကုသလကမ္မ'မုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ၊ ပဝတ္ထိယံ ပန သဗ္ဗမ္ပိ ဒ္ဝါဒသဝိဓံ ဟောတိ– (ဝိထိမုတ်၊ ပိဋ်-၆၉)

ဟူသော အဘိဓမ္မတ္ထသင်္ဂြိဟ်ပါဠိကို ထောက်၍ ဆိုဟန် ရှိ၏။

ဇော်ဌာ၊ ဤအကုသိုလ်စေတနာတို့တွင်။ ဥဒ္ဓစ္စရဟိတ်၊ ဥဒ္ဓစ္စစေတနာသည် ကြဉ်အပ်သော။ အကုသလကမ္မံ၊ အကုသိုလ်ကံ ၁၁-ခုသည်။ အပါယဘူမိယံ၊ အပါယ်ဘုံ၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဇနေတိ၊ ဖြစ်စေ၏။ ပဝတ္တိယံ ပန၊ ပဝတ္တိအခါ၌ကား။ သဗ္ဗမ္ပိ၊ အလုံးစုံလည်း ဖြစ်သော။ အကုသလကမ္မံ၊ အကုသိုလ်ကံသည်။ ဒ္ဝါဒသဝိဓံ၊ ၁၂-ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ပညာရှိတို့ ဆင်ခြင်ရာ၏။ အချို့လည်း ပဋိသန္ဓေအခါ ဇာတိရုပ်နှင့် တကွသော ကမ္မဇရုပ် ၁၉-ခုဖြစ်ကြ၍ ပဝတ္တိအခါ ဇာတိရုပ်ကို မရ။ ဇာတိရုပ် ၁-ခုသည်ပင် ဥပစယ သန္တတိ-ဟူသော အမည် ၂-ပါးဖြင့် ဖြစ်သည်ကို ထောက်၍ တစ်ကျိပ်ကိုးယောက် သွားသကဲ့သို့ ဇာတိနှင့်တကွ ပဋိသန္ဓေရုပ် ၁၉-ခု ဖြစ်သည်ကို ရည်၍ တစ်ကျိပ်ကိုးယောက်၊ ပဝတ္တိအခါ ဇာတိ မပါသည်ကို ရည်၍ ၁-ယောက်ကို မိကျောင်း ဖမ်းယူလေ၍ ရေတွင်းသေသည်နှင့် တူ၏။ ဇာတိရုပ် ၁-ခုသည်ပင် 'ဥပစယ သန္တတိ'-ဟူသော အမည် ၂-ပါး

http://www.dhammadownload.com

ဖြစ်လေရကား အိမ်ပြန်ကို ၂-ကျိပ်ပွါးသည်နှင့် တူ၏-ဟု ဖြေဆိုကုန်၏။ ထိုသို့ ဖြေဆိုသည်လည်း–

"ဇာတိရူပမေဝ ဥပစယသန္တတိနာမေန ပဝုစ္စတိ"ဟူသော အဘိမွတ္ထာသင်္ဂြိဟ် ပါဠိ(ရူပ်ပိုင်း၊ ပိုဒ်-၁၆)ကို ထောက်၍ ဖြေဆိုသည် ယူရန်ရှိ၏။

ဇာတိရူပမေဝ၊ ဇာတိရူပ် တစ်ခုကိုပင်လျှင်။ ဥပစယသန္တတိနာမေန၊ ဥပစယသန္တတိ-ဟူသော အမည် ၂-ပါးဖြင့်။ ပဝုစ္စတိ၊ မိန့်ဆိုအပ်၏။

ထိုသို့ ဖြေဆိုရာ၌လည်း အမေးဟုတ်လျှင် အဖြေသင့်၏။ အမေး မဟုတ်လျှင် အဖြေမသင့်သေး။ အဘယ့်ကြောင့် ဆိုသနည်းဟူမူ ပရမတ္ထသဘာဝကို ကြံဆ၍ မေးသည် ဖြစ်လျှင် အဖြေသင့်၏။ ထိုသို့ မဟုတ်ပါက အဖြေမသင့်သေး။ ဝဇီရသင်္ဂဟမည်သော ကျမ်းတွင် ပဟေဠိဂါထာ-ဟူ၍ ရှိသည်။

ပဟေဠိဂါထာကား–

ကော့'နဝိသတိ နာရီ၊ နဟနာယ နဒီ ဂတာ။
တာသွေ့'ကံ ကုမ္ဘိလော ဂဏှိ၊ ဝိသတိ ယရ'မာဂတာ။ ။

ဟူသည်တည်း။

ဇကော့'နဝိသတိ နာရီ၊ ၁၉-ယောက်သော မိန်းမတို့သည်။ နဟနာယ၊ ရေချိုးအံ့သော ငှာ။ နဒီ၊ မြစ်သို့။ ဂတာ၊ သွားကြလေကုန်၏။ တာသု၊ ထို ၁၉-ယောက်ကုန်သော မိန်းမတို့တွင်။ **ဇ**ကံ၊ ၁-ယောက်ကို။ ကုမ္ဘိလော၊ မိကျောင်းသည်။ ဂဏှိ၊ ဖမ်းယူလေ၏။ ဝိသတိ နာရီ၊ ၂-ကျိပ်သော မိန်းမတို့သည်။ ယရံ၊ အိမ်သို့။ အာဂတာ၊ ပြန်လာကြကုန်၏။

၁၂၃၇-ခု၊ တန်ခူးလဆန်း၊ ၁-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

http://www.dhammadownload.com

မန္တလေးမြို့၊ သင်္ဘောဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ကျောင်းနေရဟန်းတော် ဦးကိတ္တိ-က တိရစ္ဆာန်ကို ရှာကြံသော်လည်း မရ, မရှာကြံသော်လည်း ရရှိသည်၊ ထိုသူ ၂-ဦးတို့၏ ထိုက်သက်ရာ ကံကို အမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၇၇] "ဘုရားတပည့်တော် သင်္ဘောတော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းခွင်ကိတ္တိ လျှောက်ပါသည် ဆရာတော်ဘုရား။

ယခု လောကတွင် အချို့လည်း တောကောင်, တောသား, ပျား,ငါး-အစရှိသော သတ္တဝါတို့ကို ရှာကြံလုံ့လ ဥဿာဟပြု၍ ရပါသည်။ အချို့လည်း ရှာကြံလုံ့လ ဥဿာဟပြု၍ မတွေ့မရ၊ ထိုသို့ တွေ့ကြ,ရကြ၊ မရ,မတွေ့ကြသူတို့တွင် ရှာကြံလုံ့လ ဥဿာဟပြု၍ ရသူမှာ ကုသိုလ်အကျိုးပင် ဖြစ်သင့်မည်၊ အကုသိုလ်အကျိုးပင် ဖြစ်သင့်မည်။

ရှာကြံလုံ့လ ဥဿာဟပြု၍ မရသူမှာလည်း ကုသိုလ်အကျိုးပင် ဖြစ်မည်၊ အကုသိုလ်အကျိုးပင် ဖြစ်သင့်မည်ကို မယူမဆနိုင်ကြရှိသည် ဖြစ်ပါ၍ ဝါဒအသီးသီး နည်းအထွေထွေ ဆိုကြလေသဖြင့် နေရာကျ ဇကန္တ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်ပါစကားပါ ဦးကိတ္တိ လျှောက်ချက်–

တောကောင်, တောသား, ပျား, ငါး-အစရှိသော သတ္တဝါတို့ကို ရှာကြံလုံ့လ ဥဿာဟပြု၍ ရသည့်အရာကို ကုသိုလ်အကျိုး ဖြစ်မည်၊ အကုသိုလ်အကျိုး ဖြစ်မည်ကို မေးလျှောက်သည်မှာ ဗာရာဏသီ ပြည်စွန်,ပြည်ပ၌ အိမ်ခြေ ၁,၀၀၀-ရှိသော တံငါတို့ရွာရှိ၏။ ထိုရွာတွင် ငါတို့ဘုရားလက်ထက် လောကတိဿမည်သော မထေရ်၏ အလောင်းဖြစ်သော မိတ္တဝိန္ဒကမည်သောသူ ပဋိသန္ဓေယူလေလျှင် မိတ္တဝိန္ဒကပဋိသန္ဓေ ယူသနေ့မှစ၍ ၁,၀၀၀-သော တံငါသည်တို့သည် ပိုက်ကွန်လက်စွဲကြကုန်လျက် မြစ်တစ်ဖက်ဆည်ကန်သို့ သွား၍ ငါး,လိပ်တို့ကို ဖမ်းဆီးထောင်ယူကြသော်လည်း အနည်းငယ်မျှ ခုဒ္ဒကမစ္ဆာကိုမျှ မရကြဘဲ ရှိလေ၍ အိမ်ခြေ ၁,၀၀၀-သား လူအများတို့လည်း စီးပွါးချမ်းသာမှ လွန်စွာယုတ်ကြ၍ မိတ္တဝိန္ဒက ပဋိသန္ဓေယူနေသည့်အတွင်းတွင် မင်းဒဏ်, ရာဇဝတ် ၇-ကြိမ်

http://www.dhammadownload.com

ရွာလုံးကျွတ် သင့်ပြီးမှ မီး ၇-ကြိမ် လောင်ကျွမ်းပျက်စီး၍ ဆင်းရဲကြီးစွာ ဖြစ်ကြကြောင်းကို သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောကာလ လောသကတိဿ၏ ရှေးအတိတ်ကာလ အကုသလကမ္မဗလဝဖြစ်ကြောင်း ဇာတ်ဟောင်းကို ဟော်ပြ၍–

> **တဿ ပဒ္မိသန္ဓိဂ္ဂဟဏဒိဝသေ တံ ကုလသဟဿံ ဇာလဟတ္ထံ နဒိယဥ္စ တဉ္စာကာဒီသု စ မစ္ဆေ ပရိယေသန္တံ ဧကံ ခုဒ္ဒကမစ္ဆမ္ပိ နာလတ္ထ၊ တတော ပဋ္ဌာယ ကေဝဋ္ဋာ ပရိဟာယန္တိယေဝ။ တသ္မိံ ဟိ ကုစ္ဆိဂတေယေဝ နေသံ ဂါမော သတ္တဝါရေ အဂ္ဂိနာ ဒဍ္ဎော၊ သတ္တဝါရေ ရာဇဒ္ဝါကော၊ ဧဝံ အနုက္ကမေန ဒုဂ္ဂတာ ဇာတာ–**

ဟူ၍ ဧကနိပါတ်ကျမ်း၊ ၅-ခုမြောက်သော အတ္ထကာမဝဂ်၊ ရှေးဦးစွာသော လောသ-ကတိဿ(ဇာတက)ဝတ္ထု(ဇာ၊၁၊၁။၂၅၂)တွင် ဟောတော်မူသည်။

တဿ၊ ထိုမိတ္တဝိန္ဒက၏။ ပဒ္မိသန္ဓိဂ္ဂဟဏဒိဝသေ၊ ပဒ္မိသန္ဓေယျသောနေ့၌။ တံ ကုလသဟဿံ၊ ထိုအိမ်ခြေ ၁,၀၀၀-ရှိသော တံငါသည် အမျိုးသည်။ ဇာလဟတ္ထံ၊ ပိုက်ကွန် လက်စွဲလျက်။ နဒိယဉ္စ၊ မြစ်၌လည်းကောင်း။ တဉ္စာကာဒီသု စ၊ တစ်ဖက်ဆည်ကန် စသည်တို့၌လည်းကောင်း။ မစ္ဆေ၊ ငါးတို့ကို။ ပရိယေသန္တံ၊ ရှာသည်ရှိသော်။ ဧကံ၊ တစ်ခု သော။ ခုဒ္ဒကမစ္ဆမ္ပိ၊ ငယ်သော ငါးကိုမျှလည်း။ နာလတ္ထ၊ မရ။ တတော ပဋ္ဌာယ၊ ထိုမိတ္ထ-ဝိန္ဒက ပဒ္မိသန္ဓေယျသည့်နေ့မှစ၍။ ကေဝဋ္ဋာ၊ တံငါတို့သည်။ ပရိဟာယန္တိယေဝ၊ ဆုတ်ယုတ် ကြကုန်သလျှင်ကတည်း။ ဟိ သစ္စံ၊ မှန်၏။ တသ္မိံ၊ ထိုမိတ္ထဝိန္ဒကသည်။ ကုစ္ဆိဂတေယေဝ၊ ပဒ္မိသန္ဓေယျနေ ကိန်းအောင်းသော ကာလ၌ပင်လျှင်။ နေသံ၊ ထိုတံငါသည်တို့၏။ ဂါမော၊ ရွာကို။ သတ္တဝါရေ၊ ၇-ကြိမ်။ အဂ္ဂိနာ၊ မီးသည်။ ဒဍ္ဎော၊ လောင်ကျွမ်း၏။ သတ္တဝါရေ၊ ၇-ကြိမ်။ ရာဇဒ္ဝါကော၊ မင်းဒဏ်ရာဇဝတ် သင့်၏။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ဒုဂ္ဂတာ၊ ဆင်းရဲကြကုန်သည်။ ဇာတာ၊ ဖြစ်ကုန်၏။

ဤဒေသနာတော်မြတ် ဇာတ်တော်၏အရှေ့ “အကုသိုလ်ကံကြောင့် ရွာကြဲဥဿာ-ဟ ပြုကြငြားသော်လည်း ငါးကို မရ”ဟု ဟောတော်မူပေရကား တောကောင်, တောသား, ပျား, ငါး-စသော သတ္တဝါတို့ကို ရွာကြဲလုံ့လ ဥဿာဟဖြင့် ရကြသောသူအပေါင်းမှာ–

ရှေးအကြောင်း ကုသိုလ်-ဟု ဧကန်မုချ သိရာ၏။ သတ္တဝါတို့ အလိုရှိအပ်, တောင့်တ အပ်သော ဆန္ဒကို ရသည့်အရာသည် ကုသိုလ်၏ အကျိုးသာတည်း။ အလိုရှိအပ်, တောင့်တအပ်သော ဆန္ဒကို မရသည့်အရာမှာ အကုသိုလ်၏ အကျိုးသာတည်း။

http://www.dhammadownload.com

ထို့ကြောင့် မြတ်စွာဘုရားသည် အဌာနသုတ်ပါဠိတော်၌–

အဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ကုသလဿ ကမ္မဿ အနိဋ္ဌော အကန္တော အမနာပေါ ဝိပါကော ဥပ္ပဇ္ဇေယျာတိ၊ နေ'တံ ဌာနံ ဝိဇ္ဇတိ။

အဌာန'မေတံ ဘိက္ခဝေ အနဝကာသော၊ ယံ အကုသလဿ ကမ္မဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော ဥပ္ပဇ္ဇေယျာတိ၊ နေတံ ဌာနံ ဝိဇ္ဇတိ။

(အံ၊၁၊၃၀၊၃၁။ထောက် ဝိသဒိသံ)ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်လိုအပ်သော။ အမနာပေါ၊ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ အဌာနံ၊ အကြောင်း မဟုတ်။ အနဝကာသော၊ အရာ မဟုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုသလဿ၊ ကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ အနိဋ္ဌော၊ အလိုမရှိအပ်သော။ အကန္တော၊ မနှစ်လိုအပ်သော။ အမနာပေါ၊ နှလုံးကို မပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ နံ ဝိဇ္ဇတိ၊ မရှိ။

ဘိက္ခဝေ၊ ရဟန်းတို့။ အကုသလဿ၊ အကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်လိုအပ်သော။ မနာပေါ၊ နှလုံးကို ပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ အဌာနံ၊ အကြောင်း မဟုတ်။ အနဝကာသော၊ အရာ မဟုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ အကုသလဿ၊ အကုသိုလ်ဖြစ်သော။ ကမ္မဿ၊ ကံ၏။ ဣဋ္ဌော၊ အလိုရှိအပ်သော။ ကန္တော၊ နှစ်လိုအပ်သော။ မနာပေါ၊ နှလုံးကို ပွါးစေတတ်သော။ ဝိပါကော၊ အကျိုးသည်။ ယံ ယေန ကာရဏေန၊ အကြင်အကြောင်းကြောင့်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ နံ ဝိဇ္ဇတိ၊ မရှိ။

ဤသို့ ကျမ်းဂန်လာသောကြောင့် တောကောင်, တောသား, ပျား,ငါး,တိရစ္ဆာန်စသည်တို့ကို ရှာကြံလွဲလ ဥဿာဟပြု၍ ရသောအရာသည် ကုသိုလ်၏အကျိုးပင် ဖြစ်သည်ဟု ဧကန်မုချ မှတ်ရာ၏။

http://www.dhammadownload.com

၁၂၃၇-ခု၊ တန်ခူးလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

တောင်တွင်းကြီးမြို့၊ ရဟန်းတော် ဦးဝိလာသ-က ဖားကို မြွေခဲရာ ဖြေဖြန်သင့်, မဖြေဖြန်သင့်ကို သိမှတ်ပါရအောင် အမိန့်ရှိတော် မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၇၈] "ဘုရားတပည့်တော် တောင်တွင်းကြီးမြို့၊ ရဟန်း ဒွင်ဝိလာသ လျှောက်ပါသည် ဆရာတော်ဘုရား။

ယခုလောကဌ ဖားကို မြွေကိုက်လျှင် အစာဖြန်အပ်, မဖြန်အပ်သည်-ဟူလူ,ရှင်အများ တိုင်းသားပြည်သူတို့ပင် ပြောဆိုကြပါသည့်အရာသည် အလွန်ပင်များပါသည်။ ထိုသို့များသည့်အရာမှာ ထိုသူတို့ ဆိုတိုင်းပင် မဖြန်အပ်၊ ဖြန်သော် အပြစ်ရှိမည်၊ အကျိုးပင် ရှိမည်ကို နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စကားပါ ရဟန်းတော်ဦးဝိလာသ လျှောက်ထားချက်—

'ဖားကို မြွေကိုက်လျှင် မဖြန်အပ်'-ဆိုသော သူတို့၏ စကားကို စွဲ၍ ဖြန်သော် အပြစ် ရှိမည်၊ အကျိုးပင် ရှိမည်ကို မေးလျှောက်သည်မှာ မဖြန်အပ်-ဟု ဆိုသောသူသည် လူဘုံ,လူဘဝ မနုဿတ္တဒုလ္လဘကို ကံကော်၍ ရပါသော်လည်း ရှေးရှေးသော အတိတ်ဘဝ ကာလတို့က ဖြည့်ဆည်းပူးခဲ့သော ပညာပါရမီ အားနည်းလျှင် ကုသိုလ်ဓမ္မ, အကုသိုလ်ဓမ္မကိုမျှ နေရာကျ မသိမရိပ်မိ မကွဲပြား၊ သူတပါးတို့ကို သနားကြင်နာသော ကရုဏာမေတ္တာတရား အားနည်းလျှ၍ အကျိုး,အပြစ်ကိုမျှ မသိသောကြောင့် ဆိုမိ,ဆိုရာ မလိမ္မာ၍ ဆိုရှာပလေသည်။ ထိုသို့ ဆိုရှာသော သူတို့သည် ဖားကို မြွေကိုက်သည်ကိုသာ မြင်လျှင် မဖြန်မမောင်းဘဲ တိမ်းလွဲရှောင်ရှား အကုသိုလ်တရားဖြစ်သဖြင့် အပြစ်ရောက်ဦးမည် ထင်မှား၍ တရားစောင့်လေဟန်၊ သတ္တဝါကံကို ချ၍ နေကြသည်များလည်း မှားပါသည့်အရာကို လိမ္မာသည်ထင်၍ ဖြန်ကြသူများကိုပင် တရားဆုံးမလိုက်သေးသည်။

http://www.dhammadownload.com

မိမိတို့ အမိ, အဘ, နှမ, ညီသား, ဆွေဝါး,ပေါက်ဖော် စပ်တော်သူများကို ကျားရဲ-စသည် လိုက်၍ ကိုက်ခဲလျှင် မဖြန်ကြနှင့် သတ္တဝါကံ-ဟု၊ ကံကိုသာချ၍ နေကောင်းပင် နေကြချိမ့်မည်။ နေလည်း နေစရာ ကောင်းကြပေသည်။ အဘယ့်ကြောင့်နည်းဟူမူ မြွေကိုက်သော ဖားသာ သူ့အစာ ဖြစ်ကောင်းသည် မဟုတ်၊ ကျားရဲ-စသည်ကိုက်သော မိမိတို့ သားမယားလည်း မြွေကိုက်သော ဖားကဲ့သို့ ကျား၏အစာပင် ဖြစ်ချေသည်။ ထို့ကြောင့် မဖြန်ကြနှင့် သတ္တဝါတို့ကံ-ဟု ကံကိုသာ ချ၍ နေကြစရာ ကောင်းပေသည်။ ဤသို့ဖြစ်၍ အလွန်တရာ မိုက်လှစွာသော အတိရေကဗာလ တရားထုံးစကားကို နာယူ၍ သူတော်ကောင်းတို့က မမှတ်ရာ။

မြတ်စွာဘုရားဒေသနာတွင် ဗာရာဏသီပြည်၌ ဗြာဟ္မဒတ်မင်း မင်းပြုသောအခါ ကြီးစွာသောသဘင်ကို ပြုရာ လူသာမက ဂဠုန်, နဂါးမှ စ၍ ကြည့်ကြလေလျှင် လူ၏ အသွင်ဖြင့် သဘင်သို့ ချဉ်းကပ်လျက် ရပ်၍ ကြည့်ကြသော ဂဠုန်, နဂါး ၂-ဦးသားတို့တွင် လူသားပင် မှတ်ထင်မိသည်နှင့် ဂဠုန်၏ပခုံးထက် နဂါးလက် တင်မိလျှင် လှည့်၍ကြည့်ရာတွင်မှ ဧကန်မုချ ဂဠုန်မှန်း သိရ၍ သေဘေးကို ကြောက်လှသောကြောင့် ပြည်မှ ထွက်သွား၍ မြစ်နားသို့ ရောက်သည်တွင် ဆောလျင်သော အဟုန်ဖြင့် ဂဠုန်လည်း လိုက်လေ၏။

ထိုအခါ ငါတို့ဘုရားအလောင်းတော် ရသေ့ဖြစ်၍ ထိုမြစ်တွင် ရေချိုးသည့်အခိုက် ကုန်း၌ ချထားသော လျှော်တေသက်နှံးကို မြင်လေလျှင် ဤအရှင်မြတ်ကို မှီကပ်ခိုကိုးမှသာ ငါအသက် ချမ်းသာမည်။ ဤအရှင်ကိုသာ ကိုးကွယ်ရာ ထင်မှတ်လေ၍ လျှော်တေသက်နှံး၏အတွင်းသို့ ပတ္တမြားကဲ့သို့ ဖန်ဆင်း၍ နဂါးမင်း ဝင်တိုးပုန်းလျှိုး ခိုနေလတ်သတည်း။

ဂဠုန်မင်းကား သက်နှံးကြားသို့ နဂါး တိုးဝင်လတ်သည်ကို တပ်အပ်တွေ့မြင်လေသော်လည်း လျှော်တေသက်နှံး ရဟန်းတို့ ပရိက္ခရာကို လွန်စွာ လေးစားခန့်ညား ကြောက်ရွံ့၍ မဖမ်းမယူဝံ့ ရှိလေရကား "အရှင်ဘုရား၊ နဂါးသည် ဤလျှော်တေသက်နှံးတွင် တိုးဝင်ခိုနေသည် မှန်ပြီ၊ ဤသက်နှံးကို ပယ်ရှားလျှင် နဂါးကိုသာ ဖမ်းကာယူသွား ငါ-စားလို၏" လျှောက်သည်တွင် "သင်အား ဤသို့ ရိုသေလေးမြတ်သော ကုသိုလ်ကံကြောင့် နတ်ထံသို့ ကပ်သဖြင့် နတ်၏အစာကို ဆောလျင်စွာ စားရာ၏။ နဂါးတည်းဟူသော ဤအစာ ပါဏာတိပါတ အကုသိုလ်တရားကို ပယ်ရှားရာ၏"ဟု ဆုံးမလျက် ရေမှ တက်သွား၍ ဂဠုန်,နဂါး ၂-ဦးသားတို့ကို တရားဆုံးမ၍ သမဂ္ဂသမ္မောဒါနဖြစ်ကြကြောင်းကို ၅၅၀-ဒုကနိပါတ်၊ ရှေးဦးစွာသော ဒဠ္ဍဝဂ်အစု၊ ၄-ခုမြောက်သော ဥရဂဇာတ်တွင်—

ဗောမိသတ္ထော ဥဒကေ ဋ္ဌိတော အနုမောဒနံ ကတ္တာ ဥတ္တရိတ္တာ ဝတ္ထလံ
နိဝါသေတ္တာ တေ ဥဘောပိ ဂဟေတ္တာ အဿမံ ဂန္ဒာ မေတ္တာဘာဝနာယ ဝဏ္ဏံ

http://www.dhammadownload.com

ကထေတွာ ဒွေပိ ဇနေ သမဂ္ဂေ အကာသိ။ တေ တတော ပဌာယ သမဂ္ဂါ သမ္မောဒမာနာ သုခံ သံဝါသံ ဝသိံသု။ (ဇာ၊၄၊၂။၁၃)

ဟူ၍ ဟောတော်မူသည်။

ဗောဓိသတ္တော၊ ဘုရားလောင်းတော်သည်။ ဥဒကေ၊ ရေ၌။ ဋ္ဌိတော၊ တည်လျက်။ အနုမောဒနံ၊ ဝမ်းမြောက်ခြင်းကို။ ဝါ၊ တရားဆုံးမခြင်းကို။ ကတွာ၊ ပြု၍။ ဥတ္တရိတွာ၊ ရေမှတက်၍။ ဝက္ကလံ၊ လျှော်တေသင်္ကန်းကို။ နိဝါသေတွာ၊ ဝတ်၍။ တေ ဥဘောပိ၊ ထိုဂဠုန်, နဂါး ၂-ဦးသားတို့ကိုလည်း။ ဂဟေတွာ၊ ခေါ်၍။ အဿမံ၊ သခ်ိမ်းသို့။ ဂန္ဒာ၊ သွား၍။ မေတ္တာဘာဝနာယ၊ မေတ္တာဘာဝနာ၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ကထေတွာ၊ ဆို၍။ ဒွေပိ ဇနေ၊ ၂-ယောက်သောသူတို့ကို။ သမဂ္ဂေ၊ အညီအညွတ်ဖြစ်ကြသည်တို့ကို။ အကာသိ၊ ပြု၏။

(တေ၊ ထိုဂဠုန်, နဂါးတို့သည်။ တတော ပဌာယ၊ ထိုအခါမှ စ၍။ သမဂ္ဂါ၊ ညီညွတ်ကြကုန်၍။ သမ္မောဒမာနာ၊ ဝမ်းမြောက်ကြကုန်လျက်။ သုခံ သံဝါသံ၊ ချမ်းသာစွာ နေရခြင်းကို။ ဝသိံသု၊ ပြု၍ နေကြကုန်၏။)

ဤသို့ ရှေးသူတော်ကောင်းတို့ ထုံးဟောင်းသာဓကမှာ နဂါးကိုသာ ချမ်းသာစေလျက် "ပါဏာတိပါတာကို သင်-မပြုအပ်"ဟု ဂဠုန်ကို ဆုံးမ၍ လွတ်ကြောင်းကိုသာ လာသည်။ "သူ့အစာ မှန်ချေသည်။ သေသော်လည်း ငါမဖြန်"ဟု လျစ်လျူရှု၍ ဥပေက္ခာနေကြောင်းကို မလာ။

- ၎င်းဒုကနိပါတ်၊ **ကုရုဓ်မိဂဇာတ်**တွင်လည်း မုဆိုးထောင်ထားသော ညွှတ်ကျော့ကွင်းတွင် ဘုရားအလောင်း ဆတ်မင်းကို မိလေလျှင် အဆွေဖြစ်သော လိပ်က သားရေလွန်ကြိုးကို ကိုက်ဖြတ်၍ ဆတ်မင်း လွတ်ကြောင်း၊
- လိပ်ကို မုဆိုး ဆောင်ယူသွားရာလည်း ဘုရားလောင်း ဆင်မင်း၏ မာယာကာရကြောင့် သေဘေးမှ လွတ်ပြန်ကြောင်း၊ (ဇာ၊၄၊၂။၁၄၀-၁)
- ဒုကနိပါတ်၊ **မစ္ဆဇာတ်**တွင်လည်း တံစို့ဖြင့် ကင်မည်ပြုသော ငါးကို ဘုရားလောင်း ဆုံးမ၍ လွတ်ကြောင်း၊ (ဇာ၊၄၊၂။၁၆၃)
- ဧကနိပါတ်၊ **နိဂ္ရောဓ(မိဂ)ဇာတ်**တွင် သမင်မကိုယ်စား ဘုရားအလောင်း အသေခံ၍ လွတ်ကြောင်း၊ (ဇာ၊၄၊၁။၁၆၆-၈)
- သတ္တကနိပါတ်၊ **သုတနုဇာတ်**တွင်လည်း ၁-နွေ ၁-ယောက် လူသားကို စားသော ဘီလူးအား သုတနုလုလင်က တရားဆုံးမ၍ ဇီဝိတဒါနကို ပြုကြောင်း၊(ဇာ၊၄၊၃။၃၀၇-၃၁၀)

http://www.dhammadownload.com

ဤသို့ ဘုရားအလောင်း သူတော်ကောင်း-စသော သူတို့မှာ "သူ၏အစာ ဖြစ်ပေသည်"ဟု မဆိုကြ။ ဇီဝိတဒါန ကုသိုလ်ဓမ္မဖြစ်အောင်ကိုသာ နှလုံးထား၍ သူတပါးအတွက် နှင့် ကိုယ့်အသက်ကိုပင် စွန့်ကြပေသေးသည်။

ဤဇမ္ဗူဒီပ်ကျွန်း၌ သဒ္ဓါတရားနှင့် ပြည့်စုံသော ၁-ယောက်သော မင်းသည် ခါသား ကို စားလိုသောစိတ် ဖြစ်လတ်၍ "အကယ်၍ ငါသည် ခါသားကို စားလိုသည်"ဟု ပြောဆို ချေအံ့၊ ၁-ယူဇနာမျှလောက်သော အရပ်၏ အတွင်း၌ရှိသော ခါတို့ကို ဖမ်းယူသတ်ပုတ်၍ ပေးကြကုန်လတ္တံ့။ ခါအပေါင်းတို့ ချမ်းသာရာ မရကုန်လတ္တံ့"ဟု ဆင်ခြင်မိသဖြင့် စားလိုသော အာသာဆန္ဒကို သည်းခံ၍ နေသဖြင့် ၃-နှစ် လွန်လေသည်။

ထိုအခါ အာသာဆန္ဒကြောင့် နားမှ ပြည်ယိုထွက်လေရကား သည်းခံခြင်းငှာ မတတ်နိုင်သောကြောင့် "ငါ၏တိုင်းနိုင်ငံအတွင်း သီလကို ကောင်းစွာ စောင့်သောသူ ရှိပါအံ့လော"ဟု မေးလေလျှင် "တိသဿအမည်ရှိသော အမတ်သည် သီလကို မကျိုးမပေါက် စေရေ၊ လုံခြုံစွာ စောင့်ရှောက်ပါကြောင်းနှင့်" တင်လျှောက်ကြသည်တွင် ထိုတိသဿအမတ် ကို ခေါ်စေ၍ မေးမြန်းပြီးမှ မိမိအိမ်သို့ ပြန်စေ၏။

အသက်ရှိသော ကြက် ၁-ခုကို ဆောင်ယူစေ၍ "ဤကြက်ကို ကောင်းစွာ ချက်ပြုတ် ၍ ပို့လာစေရမည်"ဟု တိသဿအမတ်ထံ စေလိုက်၏။ ထိုအခါ "ငါကား ပါဏာတိပါတ အမှုကို မပြုပါ"ဟု ဆိုလေရကား မင်းအား အကြောင်းကို ပြန်လေလျှင် ၁-ကြိမ်ပင် ထပ်၍ စေပြန်၏။ စေသူလည်း "သီလမည်သည်ကို တစ်ကြိမ်တစ်ဖန် ထပ်မံ စောင့်ရှောက်ရန် ကာလ ရှိပါ၏။ မင်းအမျက်ထွက်သဖြင့် သင်၏ အသက်ကိုသော်လည်း သတ်ရာသည်"ဟု ပြောဆိုသောကာလ "ဤလောကတွင် တစ်ခုသော ခန္ဓာကိုယ်ကို ရလျှင် တစ်ကြိမ်သေရမြဲ ဧကန် မှန်ပေရကား ပါဏာတိပါတအမှုကို ငါ-မပြုပြီ"ဟု ပယ်လိုက်၏။

ထိုစကားကို မင်းအား လျှောက်လေလျှင် တစ်ကြိမ်ပင် ထပ်မံစေပြန်သတည်း။ ဤသို့ ၃-ကြိမ်မြောက် စေသည်ကိုမျှလည်း အခွင့်မရ၍ သူသတ်တို့ကို အမှတ်သညာ ကောင်းစွာ ပေးပြီးမှ "တိသဿအမတ်ကို သတ်လေ"ဟု စေတော်မူသတည်း။

ထိုအခါ သူသတ်ယောက်ျားတို့သည် ယခင်ကြက်နှင့်တကွ တိသဿအမတ်ကို သူသတ်တို့ နေရာသို့ ဆောင်၍ ခြိမ်းခြောက်ကြလေလျှင် ထိုကြက်ကို မိမိရင်ခွင်ထက် တင်ထားပြီးမှ "ချစ်သား၊ ငါ၏အသက်ကို သင့်အား ပေး၍ သင်၏အသက်ကို ငါ-ယူ၏။ ဘေးမရှိသည်ဖြစ်၍ ချမ်းသာစွာ သွားလေတော့"ဟု လွှတ်လိုက်ကြောင်းကို–

http://www.dhammadownload.com

တာတ မမ ဇီဝိတံ တုယ္ဟံ ဒေမိ၊ တဝ ဇီဝိတံ အဟံ ဂဏှာမိ၊ တွံ နိဋ္ဌယော ဂစ္ဆာဟီ'တိ ဝိဿဇ္ဇေသိ။ –

ဟု သဉ္စာယတနသံယုတ် အဋ္ဌကထာ(သံ၊၄၊၃။၆၉၊၇၀) တွင် လာသည်။

တာတ၊ ချစ်သား။ မမ၊ ငါ၏။ ဇီဝိတံ၊ အသက်ကို။ တုယ္ဟံ၊ သင်အား။ ဒေမိ၊ ပေး၏။ တဝ၊ သင်၏။ ဇီဝိတံ၊ အသက်ကို။ အဟံ ဂဏှာမိ၊ ငါယူ၏။ တွံ၊ သင်သည်။ နိဋ္ဌယော၊ ဘေးမရှိသည်ဖြစ်၍။ ဂစ္ဆာဟိ၊ သွားလေတော့။ ဣတိ၊ ဤသို့ ဆိုး၍။ ဝိဿဇ္ဇေသိ၊ လွှတ်လိုက်၏။

ဤသို့ သူတော်ကောင်းတို့မှာ သူတပါးအတွက်နှင့် ကိုယ်အသက်ကိုပင် စွန့်ကြပေသေးသည်။ ဤဝတ္ထုဌာန်းကား အမတ်အား ပါဏာတိပါတအမှုကို ဧကန်ပြု,မပြုကို သိရအောင် သီလ ရှိ,မရှိကိုသာ စုံစမ်းသတည်း။ စုံစမ်းပြီးမှ ဓမ္မိယလဒ္ဓဖြစ်သော ခါသားကို ရှာစေ၍ သုံးဆောင်စေသတည်း။

ဒီဃလဂိကမည်သော မြို့၌ပုဏ္ဏား ၂-ယောက်တို့သည် ရသေ့ပြုကြ၍ ၄၈-နှစ်တို့ပတ်လုံး တပစရိယကို ပြုကြကုန်၏။ ထို ၂-ယောက်သော ပုဏ္ဏားတို့တွင် ၁-ယောက်ကား လူထွက်၍ စည်းစိမ်ဥစ္စာ ပွါးများသဖြင့် သားငယ် ၁-ယောက် ရလေ၏။ အဖော်ရသေ့ကား အရပ်တပါးသို့ သွား၍ ပြန်လာရာ ထိုပုဏ္ဏားလင်မယား သားအဖ ၃-ယောက်တို့သည် ရသေ့ထံသို့ သွား၍ ရှိခိုးကြလေကုန်၏။

ဘမိတို့ ရှိခိုးသောအခါ၌ "ဒီဃာယုကာ ဟောထ"ဟု ဆို၏။ "ရှင်ရသေ့၊ အကျွန်ုပ်တို့ ရှိခိုးကြသောအခါ 'ဒီဃာယုကာ ဟောထ'-ဟု ဆိုတော်မူ၏။ သားငယ်ကို ရှိခိုးစေရာ အဘယ်ကြောင့် ဆိုတော်မမူပါသနည်း"ဟု မေးလေလျှင် "ဤသူငယ်အား အသက်အန္တရာယ် ရှိ၏။ ၇-ရက်သာလျှင် အသက်ရှည်ရလတ္တံ့"ဟု ဆိုပေရကား "အသက်၏အန္တရာယ်ကို တားမြစ်နိုင်သောအကြောင်းကို သိပါသလော"ဟု မေးရာ "ငါကား အသက်၏အန္တရာယ်ကို တားမြစ်ခြင်း၏အကြောင်းကို မသိ၊ အရှင်ဂေါတမဘုရားသာလျှင် သိတော်မူ၏။ ဘုရားထံသို့ သွား၍ မေးလျှောက်လေ"ဟု စေသတည်း။

"အရှင်ဂေါတမထံသို့ သွားသဖြင့် ပုဏ္ဏားတို့ အကျင့်ယုတ်ရာသည် မဟုတ်လော"ဟု ဆိုလျှင် "အကယ်၍ကား သင်၏သားကို ချစ်မြတ်နိုးပါသည် ဖြစ်အံ့။ အကျင့်မှ ယုတ်ရာသည် မဟုတ်၊ ဘေးကို ပယ်နိုင်,တားမြစ်နိုင်သော အကြောင်းကို မေးလေ"ဟု စေသတည်း။ ထိုအခါ ပုဏ္ဏားလင်မယားတို့ သားငယ်နှင့်တကွ ဘုရားအထံသို့ ရောက်ကြ၍ မိဘ ၂-ပါးတို့ ရှိခိုးကြရာ "ဒီဃာယုကာ ဟောထ"ဟု ဘုရား ဆိုတော်မူ၍ သားငယ်ကို ရှိခိုးစေရာ

http://www.dhammadownload.com

ဆိတ်ဆိတ် နေတော်မူပြန်ရကား ရှေးနည်း ဘုရားကို လျှောက်ထား၍ ဘုရားလည်း ရှေးနည်းအတူ မိန့်တော်မူသတည်း။

ဤစကား၌ ထိုရသေ့ပုဏ္ဏားသည် ဘုရားသဗ္ဗညုတ၏ ဉာဏ်ကို မရဘဲ မိမိ၏ မန္တာန်ဖြင့် သဗ္ဗညုတဉာဏ်ကဲ့သို့ သိမြင်နိုင်၏။ အန္တရာယ်တားမြစ်ခြင်း၏ အကြောင်းကိုကား မသိနိုင်ဘဲ ရှိလေသတည်း။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၊ ၈-ခုမြောက်သော သဟဿဝဂ်အစု၊ ၈-ခုမြောက်သော ဒီဃာယုက(အာယုဝမုန)ကုမာရဝတ္ထု၌–

> **သော ကိရ ဗြာဟ္မဏော သဗ္ဗညုတညာဏံ အပ္ပဋိဝိဇ္ဈိတွာဝ အတ္ထနော မန္တံ သဗ္ဗညုတညာဏေန သံသန္ဒေသိ၊ ပဒီဗာဟနုပါယံ ပန နံ ဇာနာတိ–** (ဓမ္မ၊ဋ္ဌ၊၁။၄၂၃)

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သော ဗြာဟ္မဏော၊ ထိုရသေ့ပုဏ္ဏားသည်။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်ကို။ အပ္ပဋိဝိဇ္ဈိတွာဝ၊ ထိုးထွင်း၍ မသိဘဲလျှင်။ အတ္တနော၊ မိမိ၏။ မန္တံ၊ မန္တန်သည်။ သဗ္ဗညုတညာဏေန၊ သဗ္ဗညုတဉာဏ်နှင့်။ သံသန္ဒေသိ၊ နှီးနှော၏။ ပဒီဗာဟနုပါယံ ပန၊ အသက်၏ အန္တရာယ်ကို တားမြစ်ခြင်း၏ အကြောင်းကိုကား။ နံ ဇာနာတိ၊ မသိ။

ထိုအခါ ပုဏ္ဏားက "အသက်၏အန္တရာယ်ကို တားမြစ်ခြင်း၏အကြောင်းကို ပြုတော်မူပါ"ဟု လျှောက်လေလျှင် "တကာပုဏ္ဏား၏အိမ်တွင် မဏ္ဍပ်ဆောက်လုပ်ပြီးမှ ၈-ခု၊ ၁၆-ခုသော နေရာတို့ကို ခင်းထားပြီး၍ ငါဘုရား တပည့်သားတို့ကို အခြား မရှိစေရ။ ၇-ရက်ပတ်လုံး ပရိတ်တော်ကို ရွတ်စေရသဖြင့် အသက်၏အန္တရာယ်ကို တားမြစ်နိုင်ရာ၏"ဟု မိန့်တော်မူလျှင် "မဏ္ဍပ်ကိုမူကား အကျွန်ုပ် ပြုနိုင်ရာ၏။ တပည့်သားတော်တို့ကို အဘယ်သို့ ပြုရပါအံ့နည်း"ဟု လျှောက်ပြန်သည်တွင် "ငါဘုရား စေလွှတ်တော်မူမည်"ဟု မိန့်တော်မူ၍ သူငယ်ကို အင်းပျဉ်၌ အိပ်နေစေပြီးမှ ပရိတ်ရွတ်ကြကုန်၏။

၇-ရက်မြောက်သော နေ့၌ကား ဘုရားကိုယ်တိုင် ကြွတော်မူပေ၏။ ထိုအခါ စကြဝဠာတံတိုင်း၏အတွင်း၌ နတ်တို့ စည်ဝေးရောက်လာကြကုန်၏။ **အဝရုဒ္ဓမည်သော** ဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီးထံ ၁၂-နှစ် ခစား၍ "၇-ရက်အတွင်း ဤသူငယ်ကို ရလျှင် ယူလေတော့"ဟူသော ဆုကို ရ၍ လုံ့လဥဿာဟပြုသတည်း။ တန်ခိုးကြီးသော နတ်တို့ လာရောက်ကြရာ အဝရုဒ္ဓဘီလူး ဆုတ်ရှား၍ သွားရသဖြင့် ဘုရားနှင့် ၁၂-ယူဇနာ ဝေးကွာလေရကား စားယူခြင်းငှာ မတတ်နိုင်ဘဲ ရှိလေသတည်း။

http://www.dhammadownload.com

ပုဏ္ဏားလင်မယား ၂-ယောက်တို့ ၈-ရက်မြောက်သောနေ့၌ သားငယ်ကို ယူသွား၍ မြတ်စွာဘုရားကို ရှိခိုးစေရာ "ဒီဃာယုကော ဟောဟိ"ဟု ဆိုတော်မူ၍ "အဘယ်မျှ အသက်ရှည်ပါအံ့နည်း"ဟု မေးလျှောက်ပြန်လျှင် "၁၂၀-ရှည်လတ္တံ့"ဟု မိန့်တော်မူပေ၏။

ထိုအခါမှ စ၍ ဒီဃာယုကကုမာရ-ဟု အမည်တွင်လေသတည်း။ ထိုဒီဃာယုက-ကုမာရသတို့သားသည် ၅၀၀-သော အရံနှင့်တကွ သွားလာသည်ကို ရဟန်းတို့ မြင်၍ တရားသဘင်၌ ပြောဆိုကြရာ မြတ်စွာဘုရား လာတော်မူ၍ "ချစ်သား ရဟန်းတို့၊ အသက်ရှည်သည်သာ မဟုတ်သေး။ အသက်အရွယ်,ဂုဏ်ဖြင့် ကြီးသသူတို့ကို ရိုသေလေးမြတ်သော သူအား ၄-ပါးသော တရားတို့သည် ပွါးကုန်ရာ၏"ဟု-

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ ။-(ဓမ္မ၊၄၊၁။၄၂၅)

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ နိစ္စံ၊ အမြဲ။ အဘိဝါဒနသီလိဿ၊ ရှိခိုးခြင်း အလေ့ရှိသော သူအား။ အာယု၊ အသက်ရှည်ခြင်းလည်းကောင်း။ ဝဏ္ဏော၊ အဆင်းလှခြင်းလည်းကောင်း။ သုခံ၊ ချမ်းသာခြင်းလည်းကောင်း။ ဗလံ၊ ခွန်အားကြီးခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ စတ္တာရော ဓမ္မာ၊ ဤ ၄-ပါးသော တရားတို့သည်။ ဝဍ္ဎန္တိ၊ ပွါးကုန်၏။

လူတို့သည် ယနေ့ပြုသော သာမဏေ, ယနေ့ပြုသော ရဟန်း ထိုရဟန်းသာမဏေတို့သည် မိမိတို့ထက် ဝုဍ္ဎတရဖြစ်သောသူတို့အား အရိုအသေပြုခြင်း, ရှိခိုးခြင်းကြောင့် ပြဆိုခဲ့ပြီးသော ၄-ပါးကုန်သော တရားတို့သည် ပွါးများကုန်၏။ အသက် ၅၀-ရှည်လတ္တံ့သော သူအား ၂၅-နှစ်အရွယ် အန္တရာယ်ဖြစ်ရာ၏။ ထိုသူသည် ဝုဍ္ဎတရဖြစ်သော သူတို့ကို ရိုသေမြတ်နိုး ရှိခိုးခြင်းကြောင့် အသက်ရှည်ရာ၏။ အသက်ရှည်သောသူအား ဝဏ္ဏ, သုခ, ဗလ-ဟူသော တရား ၃-ပါးတို့သည် ပြည့်စုံရာ၏။

ဤဒီဃာယုကကုမာရဝတ္ထု၌ ဝေဿဝဏ္ဏနတ်သား အပိုင်စားပေး၍ အဝရုဒ္ဓဘီလူး၏ အစာမှန်လျက် အသက်၏အန္တရာယ်ကို ပယ်ရှား၍ မြတ်စွာဘုရား တားမြစ်တော်မူသတည်း။ ဓမ္မသင်္ဂဏီအဋ္ဌကထာ(ဓမ္မ၊၄၊၁။၄၂၃-၅)တွင်လည်း အာရမ္မဏဒါန ၆-ပါးတွင် ဓမ္မဒါနအဝင်ဖြစ်သော ဇီဝိတဒါနကို ပြုရာ-

ဇာလံ ဖာလေတိ၊ ကုမိနံ ဝိဒ္ဓံသာပေတိ။ သကုဏာပဉ္ဇရံ ဘိန္ဒိသာပေတိ၊ ဗန္ဓနမောက္ခံ ကာရေတိ၊ မာယာတဘောဂီ စရာပေတိ၊ အညာနိပိ ဇီဝိတပရိတ္တာဏာနိ ဒေဝူပါနိ ကမ္မာနိ ကရောတိ။ (အဘိ၄၊၁။၁၂၂။ ထောက် ဝိသဒိသံ) ဟူ၍ လာသည်။

http://www.dhammadownload.com

ဇာလံ၊ ကွန်ကို။ ဖာလေတိ၊ ဆုတ်ဖျက်စေ၏။ ကုမိန်၊ မြူးကို။ ဝိဒ္ဒံသာပေတိ၊ ဖျက်ဆီးစေ၏။ သကုဏပဠုံ၊ ငှက်ထားသော ချိုင့်ကို။ ဘိသာပေတိ၊ ဖျက်ဆီးစေ၏။ ဗန္ဓနမောက္ခံ၊ အနှောင်အဖွဲ့မှ လွတ်ခြင်းကို။ ကာရေတိ၊ ပြုစေ၏။ မာယာတဘောရီ၊ မသတ်ကြကုန်လင့်-ဟူသော စည်ကို။ စရာပေတိ၊ လည်စေ၏။ ဇိဝိတပရိတ္တာနတ္ထံ၊ အသက်၏ အရံအတားကို ပြုခြင်းငှာ။ အညာနိပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဧဝရူပါနိ၊ ဤသို့ သဘောရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ကရောတိ၊ ပြု၏။

ဤသို့ ကရုဏာပြဟ္မစိုရိရတရား အားကြီးသည့် လူသူတော်ကောင်းတို့မှာ သူတပါး တို့၏အကျိုးငှာ နေရာရှာ၍ပင် ပြုကြပေသည်။ ဤသို့ ကုသိုလ်ဖြစ်ရာဖြစ်ကြောင်း သူတော်ကောင်းတို့ အလေ့ဘာဝ ပရမတ္ထဖြစ်ဟန်ကို မကြံ့,မသိ မရိပ်မိကြ၍ အစရှေးဦး ပကတ်ကူးက မိုက်လှ၍ ဆိုသောသူ၏ စကားကို မလိမ္မာသူတို့ ကြားသဖြင့် မှား၍ လက်စ မသိမ်းကြရှိလေသည်။ သိက္ခာပုဒ်တော်နှင့် စပ်လျဉ်းသောအရာ ဝိနည်းဒေသနာတော်၌ကား—

သပ္ပေန ဂိဠိတံ မဏ္ဍုကိကာ ဟတ္ထေန အပရာမာသေတွာ ဒဏ္ဍကေန ပိဋ္ဌန္တေတွာ မောစာပေတုံ ဝဋ္ဋတိ။

ဟူ၍လာသည်။

သပ္ပေန၊ မြွေသည်။ ဂိဠိတံ၊ မြိုအပ်သော။ မဏ္ဍုကိကာ၊ ဖားမကို။ ဟတ္ထေန၊ လက်နှင့်။ အပရာမာသေတွာ၊ မထိစေမူ၍။ ဒဏ္ဍကေန၊ ဒုတ်,လှံတံဖြင့်။ ပိဋ္ဌန္တေတွာ၊ ညှပ်၍။ မောစာ-ပေတုံ၊ လွတ်စေခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ အနာပတ္တိ၊ အာပတ်မသင့်။

ဤဝိနည်းဒေသနာတော်ဝယ် အရည်စစ်အဓိပ္ပါယ်ကား ကရုဏာပြဟ္မစိုရိရကို ရှေ့ထား၍ ကုသိုလ်တရားကို လိုလားကြသည့် လူသူတော်ကောင်းတို့မှာကား ဖားကို မြွေကိုက်သည်ကို တွေ့မြင်လျှင် ပစ်၍ လွှတ်ကြ၏။

ရဟန်းတို့မှာသော်ကား မိန်းမ-ဟူက တိရစ္ဆာန်မကိုသော်လည်း မထိ, မကိုင်အပ်သောကြောင့် ဒုက္ကဋ်အာပတ်မှ လွတ်စေခြင်းငှာ မြွေခဲသော ဖားသည် ဖားမဖြစ်ခဲ့မူ "ဒုတ်, လှံတံ-စသည်ဖြင့် ဖမ်းယူဖိညှပ် လွှတ်အပ်သည်သာ လွှတ်ကြပါ"ဟူလို၏။ အကုသိုလ်စေတနာမှ အကုသိုလ် ဖြစ်ရာသည်။ ကုသိုလ်စေတနာမှန်က အကုသိုလ်အပြစ် မဖြစ်ရာသည်၊ ကုသိုလ်သာ ဖြစ်ကြောင်းကို ၎င်းပကိဏ္ဏကဝိသဇ္ဇနာတွင် အရာရာ၌ မျှားစွာပြဆိုခဲ့ပြီ။

ဤသို့ သုတ်,ဝိနည်း,အဘိဓမ္မာကျမ်းလာ စကားကို ထောက်ထား၍ ဖားကို မြွေကိုက်လျှင် မဖြန် မယူသောသူတို့၏ စကားကို ပယ်ရှားလျက် ကြီးစားလုံ့လ ဥဿာဟပြုပြီးလျှင်

http://www.dhammadownload.com

ကရဏာဗြဟ္မစိုရ်ရတရားကို ရှေ့ထား၍ လွတ်သင့်,လွတ်အပ်ကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

၁၂၃၇-ခု၊ တန်ခူးလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုလိုက်သည်။

★★★★★★★

မန္တလေးမြို့မြောက်ပြင်၊ အင်းဝပန်းပဲတန်းနေ ဒါယိကာမ မသိုင်း-က ဆု ၄-ပါး တောင်းခြင်းနှင့် ဆု ၄-ပါး သညာအမည်များကို သိမှတ်ပါရမည့်အကြောင်းကို လျှောက်ထားချက်

[၇၉] "အင်းဝပန်းပဲတန်းနေ တကာမ မိသိုင်း ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

အချို့သောသူတို့က ဆု ၄-ပါးတွင် ၁-ပါးပါးကို တောင်းရမည် ပြောဆိုကြပါသည်။ ဆု ၄-ပါးတို့၏ အမည်သညာကို နေရာကျကျ သိမှတ်ရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

ဒါယိကာမ မိသိုင်း လျှောက်ချက်–

ဆု ၄-ပါးကို မေးလျှောက်သည်မှာ ဆု ၄-ပါး-ဟူ၍ ကျမ်းဂန်၌ မထင်၊ သမ္မာ-သမ္ဗောဓိဆု၊ **ပစ္စေကဗုဒ္ဓါဆု၊ သာဝကဆု-ဟူ၍** ၃-ပါးသာ ရှိသည်။ ထိုစကား၌ အချို့သူတို့က ဆု ၄-ပါး-ဟူ၍ အများပင် ပြောဟောပြသင်လေ့ ပြုကြ၏။ ဆု ၄-ပါး-ဟူ၍ ကျမ်းဂန်၌ မထင်။ သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗုဒ္ဓါဆု၊ သာဝကဆု-ဟူ၍ ၃-ပါးသာ ရှိသည်။

- ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက-ဟူ၍ **သမ္မာသမ္ဗောဓိဆု** ၃-ပါး၊
- ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက-ဟူ၍ **ပစ္စေကဗုဒ္ဓါဆု** ၃-ပါး၊
- အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက-ဟူ၍ **သာဝကဆု** ၃-ပါး

ဤသို့ကား ဖြစ်သင့်၏။

http://www.dhammadownload.com

ထို့ကြောင့် ဆု ၄-ပါး-ဟူသော စကားသည် ကျမ်းဂန်နှင့် ထောက်ဆ ၍ မရ။ ၃-ပါးသာ ပါဦ, အဋ္ဌကထာအားဖြင့် ထင်ရှား၏။ ခုဒ္ဒကနိကာယ် အဝင်ဖြစ်သော ခုဒ္ဒကပါဋ်၊ နိဓိကဏ္ဍသုတ်ပါဠိတော်၌ –(ခုဒ္ဒက။၉၊၁၀)

- ပေးလှူခြင်း ဒါန၊

- ကိုယ်,နှုတ်စောင့်ခြင်း ပဉ္စင်္, အဋ္ဌင် အစရှိသော သီလ၊

- အထူးထူးသောအာရုံတို့၌ စိတ်ကို စောင့်ရှောက်ခြင်း သံယမ၊

တစ်နည်းလည်း–

- ပါတိမောက္ခသံဝရသီလ-ဟု ဆိုအပ်သော သီလ၊

- ဣန္ဒြိယသံဝရသီလ-ဟု ဆိုအပ်သော သံယမ၊

- ကိလေသာမှ ငြိမ်းစေ၍ စိတ်ကို ဆုံးမခြင်း-ဟု ဆိုအပ်သော ဒမန၊

ဤအဂ်ိ ၄-ပါးနှင့် ပြည့်စုံသော ကုသိုလ်တည်း-ဟူသော ရွှေအိုးကို ကြိုးစားအားထုတ်၍ သိုမြှုပ်ကြသော ယောဂျား, မိန်းမ, လူ, ရဟန်း-စသော ပုဂ္ဂိုလ်တို့အား ပဋိသမ္ဘိဒါဝိမောက္ခသာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ ဗုဒ္ဓဘူမိ-ဟု ဆိုအပ်သော အကျိုးနှင့် ပြည့်စုံရသော အဖြစ်ကို–

ပဋိသမ္ဘိဒါ ဝိမောက္ခာ၊ ယာ စ သာဝကပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗ'မေတေန လဗ္ဘတိ။(ခုဒ္ဒက။၁၀။ခုဒ္ဒက၊ဋ္ဌ။၁၉၆)

ဟူ၍ ဟောတော်မူသည်။

ယာ ပဋိသမ္ဘိဒါ စ၊ အကြင် ပဋိသမ္ဘိဒါတို့သည်လည်းကောင်း။

ယာ ဝိမောက္ခာ စ၊ အကြင် ဝိမောက္ခတို့သည်လည်းကောင်း။

ယာ သာဝကပါရမီ၊ အကြင် သာဝကပါရမီသည်လည်းကောင်း။

ယာ ပစ္စေကဗောဓိ၊ အကြင် ပစ္စေကဗောဓိသည်လည်းကောင်း။

ယာ ဗုဒ္ဓဘူမိ၊ အကြင် ဗုဒ္ဓဘူမိသည်လည်းကောင်း။

အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဧတေန၊ ထိုဒါန, သီလ, သံယမ, ဒမန-ဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ၊ ရအပ်၏။ ဝါ၊ ရနိုင်၏။

ဤသို့ ကျမ်းဂန်လာသည်ကို ထောက်၍ သမ္မောဓိဆု၊ ပစ္စေကဗောဓိဆု၊ သာဝကဆု ဟူ၍ ၃-ပါးသာ ရှိသည်။

http://www.dhammadownload.com

သည်ကိုရည်၍ ရှင်သီလဝံသဆရာသည် ပါရမီတော်ခန်း၊ ကဗျာကျမ်း၌ ဆု ၃-ပါးတွင်–

"သုံးတန်ဆုကြီး၊ ချက်ကုန်ပြီးကို၊ ထဲနီးစိုက်စိုက်၊
နှစ်အင်ခြိုက်လျက်၊ ရထိုက်ပတ္ထနာ၊ သုမေဓာ"

ဟူ၍ စပ်ဆိုတော်မူသည်။

ဤကဗျာစကားတို့တွင် 'သုံးတန်ဆုကြီး'ဟူရာ၌ ယခင် ပြဆိုခဲ့သော သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ သာဝကဆု ၃-ပါးကို ဆိုသည်။ "သုံးတန်ဆုကြီး ချက်ကုန်ပြီးကို" ဟူရာ၌ ကဗျာဖြစ်၍သာ အလင်္ကာရသို့ လိုက်၍ စပ်သည်။ သုံးတန်သော ဆုကြီးတို့တွင်-ဟု နိဒ္ဓါရဏာ အနက်ယူရမည်။ သုံးတန်သော ဆုကြီးတို့တွင် အချက်အကုန်ဖြင့် ပြီးသော, ဝါ၊ အကြီးဆုံးဖြစ်သော သမ္မာသမ္ဗောဓိဆုကိုသာ အရှင်သုမေဓာရသေ့ ကြိုက်၍ နှစ်ခြိုက်-ပတ္ထနာ ပန်ထွာတောင့်တတော်မူသတည်း-ဟူလို။

သုံးတန်ဆုကြီးကား နိဒ္ဓါရဏာ၊ ချက်ကုန်ပြီးကား နိဒ္ဓါရဏာမိယ။ ဤသို့ စပ်လေ။ ဤသို့ ကျမ်းဂန်လာသောကြောင့် –

သမ္မာသမ္ဗောဓိဆု, ပစ္စေကဗုဒ္ဓါဆု, သာဝကဆု-ဟူ၍ သာမညအားဖြင့် ၃-ပါး။

သမ္မာသမ္ဗောဓိဆု ၃-ပါး၊ ပစ္စေကဗုဒ္ဓါဆု ၃-ပါး၊ သာဝကဆု ၃-ပါး-ဟူ၍ ဝိသေသအားဖြင့် ၉-ပါးရှိကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

၁၂၃၇-ခု၊ တန်ခူးလဆန်း၊ ၃-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ ပထမတွဲ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

** ဤကျမ်း၊ ပထမတွဲ(လုံးတော်) နောက်ပိုင်းပါ မေတ္တာစာများကို ဤအတွဲ၌ စာမျက်နှာများနေသဖြင့် ဒုတိယတွဲ(လုံးတော်) အဆုံးသို့ ပို့ထားပါသည်။*

http://www.dhammadownload.com

ဤပကိဏ္ဏကဝိသဇ္ဇနာ(ပထမတွဲ)ကျမ်းကြီးကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်
စိုက်ထူကာ ပညာသံဝတ္ထနီကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယကို
အမှူးထား၍

ဒေါက်တာထွန်းအောင်ကျော်

ဇနီး ဒေါ်ချိုချိုဝိုင်

သား - ကိုထွန်းကျော်ကျော်

ကိုအဲလွှစ်(စ်) + သမီး - မယဉ်မေသန်း

၁၆-ရပ်ကွက် (ဘောက်ထော်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

မိသားစု ကောင်းမှု

http://www.dhammadownload.com

ဤကျမ်း၊ ပထမတွဲ (လုံးတော်)၊ တတိယပိုင်း၊ ပုဒ်မ [၄၈]၊ အပိုဒ်-၂၊ စာမျက်နှာ ၃၃၅—၃၄၁-မှ

"စကြဝဠာတည်ဟန်၊ သီတာ ၇-တန်၊ သတ္တရတ္တန် တောင်စဉ် ၇-ထပ် အကွာအဝေး"
ဆိုင်ရာကို ဒုတိယတွဲ (လုံးတော်)၊ ပုဒ်မ [၉၇]တွင်
အကျယ်လှမ်းရှုရန်။

http://www.dhammadownload.com